# တိပိဋကပကိဏ္ဏကဒီပနီကျမ်း

မိုးနံ့ကုန်းဆရာတော်

ပိဋကတ္တယကောဝိဒ၊ သိက္ခာကာမ၊ လဇ္ဇီပေသလ၊
ဝိနယဓရ၊ ဂဏပါပေါက္ခ၊ သာသနာဘာရဝဟ၊
စသည်လုံလောက်၊ မုန့်သောက်မာတင်၊
အာဇာနည်ဝင်ဖြစ်တော်မူသော
ပေါ့ဗိဋ္ဌာတော၏ အရှည်ဝါသီ
မိုးနံ့ကုန်းဆရာတော် ဘုရားကြီးသည်
အသီးသီးသောအမေးပုစ္ဆာ ပြဿနာတို့ကို
ကောင်းစွာဖြေထွင် စီရင်ဆုံးဖြတ်
ရေးသားစီရင်တော်မူအပ်သော

# မိုးနံ့ကုန်းအဆုံးအဖြတ်

# တိပိဋကပကိဏ္ဏကဒီပနီကျမ်း

ပါဠိဆရာ—ဦးဝင်းမောင် တည်းဖြတ်၍
ကြီးကြပ်ရိုက်နှိပ်သည်။

စတုတ္ထအကြိမ်ရိုက်

၁၃၃၁-ခု၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်မှ ပဌမဝါဆိုလ
အမှတ် ၅၂-၂၅ လမ်း
[illegible] - ရန်ကုန်မြို့

အုပ်ရေ-၁၅၀၀-တို

စာမျက်နှာပေါင်း ၆၂၄– ၇၈- ဖေါင်
ဘာသာရေးဆိုင်ရာခွင့်ပြုအမှတ် (၂၉၈၅)

ရန်ကုန်မြို့၊ အမှတ်/၅၂-၂၅-လမ်း၊ စာဆိုတန်း
ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်နှင့် စာပေတိုက်—မှ
ဦးအေးဆာ ပုံနှိပ်ထုတ်ဝေသည်။
မှတ်ပုံတင်အမှတ် (၀၁၆၉) (၀၂၄၂) (မြ)

(စိရံ တိဋ္ဌတု သဒ္ဓမ္မော)

# နိဒါန်း

ဝိနယော နာမ သာသနဿ မူလံ-အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။ ။ကျမ်းရှိအရ၊ မြတ်ဗုဒ္ဓ၏၊ သုံးဝသာသနာ၊ လွန်စွာပြန့်ပွါး၊ ထွန်းကားစည်ပင် စေခြင်းကို၊ အရင်းပြုပြီးခါ၊ ထိုထို မြို့ရွာဒေသ၊ ဂိုဏ်းဂဏတို့မှ၊ ကိစ္စအလျောက်၊ ပေါ်ပေါက်ဖြစ်ထွန်းလာသောအမေးပုစ္ဆာ၊ ပြဿနာတို့နှင့်တကွ၊ တိပိဋက၊ အဝဝတို့၌၊ ဂူဠှတလီ၊ ဂမ္ဘီရဋ္ဌ၊ နောတ်လွှာဟု၊ ခဲစွကတ်သတ်၊ ဓိပ္ပါယတ်တို့ကို၊ မဆုံးဖြတ်နိုင်၊ ညှက်မပိုင်၍၊ ကြမှိုင်တွေပြား၊ ဝိဝါဒများသဖြင့်၊ လျှောက်ထားလေရာ အဖြာဖြာသော ပုစ္ဆာ ပြဿနာ တို့ကို၊ စုကာပေါင်းစည်း၊ တအုပ်ထည်းဖြင့်၊ ဝိနည်းက စ၊ ဘိဓမ္မ နှင့်၊ သုတ္တန္တပါ၊ အရာရာဝယ်၊ လွန်စွာတည်းဖြ၍၊ ဆုံးဖြတ်သိမြင် နိုင်ကြပါစေခြင်းငှါ၊ ကရုဏာသည်၊ လွန်စွာ တိုက်တွန်း၊ ပြည့်ဝန်းနှုန်းဆော်လာရကား၊ ဇာဂရာဘိဇေ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။ ။ပဏ္ဍိတာဘိ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု။ ။ကေတုဘိဓမ္မာလင်္ကာရသိရိပဝရမဟာဓမ္မ ရာဇာဓိရာဇ ဂုရု။ ။လွှတ်တု ခတ်နှိပ်၊ တံဆိပ်ဝင်းလျှံ၊ ခံယူရရှိတော်မူကုန်သော ဒက္ခိဏာရာမ ပဌမဆရာတော် ဘုရားကြီး၊ ၎င်းတိုက်ဒုတိယဆရာတော်ဘုရားကြီး၊ မဟာဓမ္မိကာ ရာမ၊ စလင်း ဆရာတော်ဘုရားကြီးတို့၏၊ ယံနှီးမပြတ်၊ လွန်ကပ်ရပ်လျက်၊ ရအပ်သော လဒ္ဓေါပဒေသရှိသော၊ ပိဋကတ္တယကောဝိဒ၊ သိက္ခာကာမ၊ လဇ္ဇီပေသလ၊ ဝိနယကုက္ကုစ္စက၊ အာရညိက၊ သာသနဘာရဝဟ၊ ဂန္ထကာရ၊ စသည် လောက်လုံ၊ ကျေးဇူးဂုဏ် တို့နှင့်၊ ပြည့်စုံတော်မူပေသော၊ **မိုးနံ့ကုန်း ဆရာတော်ဘုရားကြီး** သည် အခါကာလ၊ ခါသမယကပင်၊ စီရင် ဆုံးဖြတ်၊ ရေးသားတော် မူအပ် ခဲ့သော **တိပိဋကပကိဏ္ဏကဒီပနီ**၊ သညီကြိုင်လျှမ်း၍အဆုံးအဖြတ်ကျမ်းကို၊ ရဟန်းရှင်လူ၊ ခပ်သိမ်းသူတို့၊ လွယ်ကူခက်၊ ကြည့်ရှုပူဇော်နိုင်ကြပါရန်၊ ရည်သန်ရိုးရင်း၊ နှလုံးသွင်းလျက်၊ ရန်ကုန်မြို့တွင်း အလယ်၊ တင့်တယ်ဆောက်စိုက်၊ ကျွန်ုပ်တို့ **ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်**

## နိဒါန်း

တိုက်က၊ သိုက်မြိုက် ဝေဆာ၊ အက္ခရာ ပဒ၊ ကျနသေသပ်စွာ၊ တည်းပြင်သုတ်သင်ပြင်ဆင်လျက်၊ နှစ်သက်အံ့ချီး၊ ရှုမညီးအောင်၊ စက်တင်ပုံနှိပ်လှပ်ဆောင်ပါသဖြင့်အောင်မြင်ခြင်းသို့ရောက်သည် ဖြစ်ပါကြောင်း။

---

### စတုတ္ထအကြိမ်မြောက် ပုံနှိပ်ရခြင်းနှင့် ပြည်ကြီးမဏ္ဍိုင်၏ ဆန္ဒ-ပါရမီ

ဗုဒ္ဓသာသနာတော်ကို အစဉ်သဖြင့် အားပေး ချီးမြှောက် လိုသော ဆန္ဒရှိခြင်းနှင့်သုံးပါးသရဏဂုံကိုယ်လုံးထုံကြသည့်ပြင် သာသနာသုံးရပ်တွင်အရင်းမူလဖြစ်သော ပရိယတ်သာသနာကို ပရိယတ်ဝန်ဆောင်သာသနာ့ဥဩဇာဥဒ်ခံ ရဟန်းတော်များနှင့် အစဉ်တွဲဘက်၍ ရှည်မြင့်စွာသော ကာလကပင် ချီးမြှောက် ပြုစုခဲ့ကြသဖြင့် ဥပါသကာဂုဏ်အင်စုံလင်ပြည့်ကြွယ်လှသော ရန်ကုန်မြို့ မူလကျောင်းဒါယကာ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်ရှင်တို့အား ရည်စူးလျက် သားများဖြစ်သူ ဦးတင်စိုးနှင့် ဦးအေးဟို့က သာသနာရေး စိတ်ဓာတ် အပြည့်အဝ ထားရှိ၍ မွန်မြတ်လှသော ကျောင်းဒါယကာရှင် မိုးနံကုန်း ဆရာတော်ဘုရားကြီး၏လက်ရာ ကျမ်းစာများ မပျောက်ပျက် မတိမ်ကောစေခြင်းငှါ၍တိပိဋကပကိဏ္ဏကဒီပနီ ကျမ်းကြီးသည် ၁၂၉၀-ခု၊ နှစ်မှစ၍ နှစ်ပေါင်း အတော်ကြာ တိမ်မြုပ်ကွယ်ပျောက်နေခဲ့ရပါသောကြောင့် မမ္မဓိဋ္ဌာန်ကျကျ တွေးခေါ်မြော်မြင်လျက်ကျမ်းစာကြီးဖြစ်မြောက်ရေးကိစ္စတွင် ဝိသမလောဘကိုသတ်၍ မဖြစ် မနေ ဆောင်ရွက်လိုသောအာသာဆန္ဒသည် ပြင်းပြစွာ ပေါ်ပေါက်လာခဲ့ပါသောကြောင့် ကြိုးစားအားထုတ်ပြီး ဖေါ်ထုတ်ခဲ့ပါကြောင်း။

### ကျောင်းဒါယကာတင် ကန်တော့လျက်ပင်

အထူးအားဖြင့် ကျောင်းဒါယကာတော်ရှင် မိုးနံကုန်းဆရာတော်ဘုရားကြီးအားပုံနှိပ်တိုက်ပိုင်ရှင်နှင့်တကွ ၎င်းကျမ်းစာကြီးကို ပုံနှိပ်ရာတွင် အပြီးတိုင်ပါဝင်သက်ဆိုင်ပါသော တပည့် ငယ်သားအပေါင်းတို့က ဆရာတော် ဘုရားကြီး၏ဂုဏ်ကျေးဇူးတော်ကို အထပ်ထပ်အခါခါ တင်ရှိပြီး လက်စုံမိုး၍ ရှိခိုးခြင်း ပြုလိုက် ပါသတည်း။

ပြည်ကြီးမဏ္ဍိုင်
၁၃၃၁ ခု၊ ပဌမဝါဆိုလ

# တိပိဋကပက်ကျွကဒီပနီကျမ်း

## မာတိကာ

| စာစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|


ပဏာမဂါထာပါဌ်အနက် — — — ၁

**၁–သံဃိကကဏ္ဍ**

၁– သံဃိကဘောဒိနိစ္ဆယကို ပြခြင်း– — — ၃

၂– စာရေးတံလူရာဝယ် သံဃိကရေစက်ချရမည်၊ ပုဂ္ဂလိကရေစက်ချရမည်ကို ဆုံးဖြတ်ခြင်း— — — ၃၃

၃– စာရေးတံလူရာ၌အတိုးများစွာထိုက်သည်ကို ရသောရဟန်း-သာမဏေတို့သည် ၁၂-တောင် ဟတ္ထပါသ်၌တည်သော တပါးသော-ရဟန်းသာမဏေတို့အား ဝေဘန်ရမည်၊ မဝေဘန်ရမည် အဆုံးအဖြတ်— — ၃ဂ

၄– ရဟန်းလေးပါးရှိလျှင် အလှူပွဲလေးခု စီရင်၍ ပင့်သောအခါ၊သံဃာကုန်ပင့်ရာ၌၊ သံဃိက မြောက်-မမြောက် အဆုံးအဖြတ် — — — — ၃၉

၅– စာရေးတံလူရာ၌၊ ရဟန်းသာမဏေနှစ်ပါးကို ရရာတွင်၊ ရဟန်းကိုသာ၍လှူသော် စာရေးတံမြောက်, မမြောက် အဆုံးအဖြတ် — — — — ၄၀

၆– ရဟန်းသည် ပဏ္ဍိတဖြစ်၍ သံဃိကလှူစေ၏။ဒါယကာသည် ဒုပ္ပညဖြစ်၍ ပုဂ္ဂိုလ်ကိုအာရုံပြု၍လှူရာ၌ သံဃိကမြောက်-မမြောက် အဆုံးအဖြတ် — — ၄၀

၇– ဒါယကာသည်၊ ပဏ္ဍိတဖြစ်၍ သံဃာကိုအာရုံပြု၍ လှူ၏။ ရဟန်းသည် ဒုပ္ပညဖြစ်၍ ပုဂ္ဂလိက ရေစက် ချရာ၌၊ သံဃိက မြောက်-မမြောက်အဆုံးအဖြတ်— — ၄၀

ဂ– အပင့်ဒါယကာသည် ဒုပ္ပညဖြစ်၍၊ပုဂ္ဂလိကပင့်သည်၊လှူသောဒါယကာတို့သည် ပဏ္ဍိတဖြစ်၍ သံဃိက လှူကြရာ၌ သံဃိက-မြောက်- မမြောက်အဆုံးအဖြတ် — ၄၁

| စာစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၉— | ပင့်၍ငင်း၊ တပါးတည်းနေရာ၌ငင်း၊ မိမိသို့ညွှတ်သော ပစ္စည်းကို အကျိုးများစေခြင်းငှါ သံဃာအားလှူစေရာ၌၊ သံဃိက မြောက်- မမြောက်၊ မြောက်လျှင် ငင်းပစ္စည်းကို အဓိဋ္ဌာန် တင်ယူရာ၌ အပြစ်ရှိ- မရှိ အဆုံးအဖြတ် — — — | ၄၂ |
| ၁၀— | ကျောင်းရေစက်ချရာဝယ်၊ ဒါယကာသည်သံဃိက ရေစက်ချလိုသည်ကို သိ၍၊ သံဃိက ဟူသည် အလွန်ဝန်လေးသည်ဆို၍၊ ပုဂ္ဂလိက ရေစက်ချစေရာ၌၊ အပြစ်ရှိ မရှိ-အဆုံးအဖြတ် — — — | ၄၃ |
| ၁၁— | ကျောင်းကို ရေစက်ချရာ၊ သံဃိက ရေစက် ချရမည်လော၊ ပုဂ္ဂလိကရေစက်ချရမည်လောဟု၊ ဒါယကာကို မေးရာ၊ သံဃိက-ပုဂ္ဂလိကကိုမသိပါ၊ ကုသိုလ်အများရသည်ကို ချလိုပါသည်ဟုလျှောက်သည်ကို၊ သံဃိကဟူ ကဝန်လေးပါသည်ဟု ဆို၍၊ ပုဂ္ဂလိက ရေစက်ချရာ၌၊ အပြစ်ရှိ-မရှိ အဆုံးအဖြတ် — — | ၄၃ |
| ၁၂— | သံဃာ အများတောင်းရာ၊ မိမိ ကျောင်းတွင် သံဃာ မလောက်၍၊ တကျောင်းနှစ်ကျောင်း စသည်ကိုကျော်၍ မိမိ နှစ်သက်ရာ တိုက်တပါး၌ သံဃာ သာမညကို တောင်းသော် အပြစ်ရှိ- မရှိအဆုံးအဖြတ်— — | ၄၄ |
| ၁၃ | ကထိန်ခင်းရာ၌၊ ကမ္မဝါစာချွတ်ယွင်း၊ ကထိန် ခံသော ရဟန်း၏ အင်္ဂါရှစ်ပါးနှင့် မပြည့်စုံခြင်းကြောင့်၊ကထိန် မမြောက်ခဲ့သော်- သင်္ကန်းသည်၊ ပုဂ္ဂလိကဖြစ်မည်၊ သံဃိကဖြစ်မည်၊ သံဃိက ဖြစ်လျှင် ပုရိဝါမှ ထသော တိုက်ဟွင်း ရဟန်း တို့ကို ပန်သင့်- မပန်သင့် အဆုံးအဖြတ် — — — | ၄၄ |
| ၁၄— | ရွှေငွေဖြင့်တန်းဆာဆင်အပ်သောကျောင်းကို၊ပုဂ္ဂလိက ခံအပ်-မခံအပ် အဆုံးအဖြတ် — — | ၄၅ |
| ၁၅— | သမ္မုခိဘူတ-စာကုဒ္ဒိသာသံဃိက၊ ဂရုပရိက္ခာရဝေဘန်ပုံ အဆုံးအဖြတ်— — — | ၄၇ |

| စာစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| | **၂–ကထိနက္ခန္ဓာ** | |
| ၁၆– | ကထိနဝိနိစ္ဆယကိုပြခြင်း — — | ၅၅ |
| ၁၇– | ကထိန်ကိုနုတ်၍ တဘန်ခင်းအပ်-မခင်းအပ် ဝိနိစ္ဆယ — | ၈၉ |
| ၁၈– | သံဃိကသင်္ကန်းကို သကသန္တကအဓိဋ္ဌာန်၍ ယူသည်ကို ပြခြင်း ဝိနိစ္ဆယ — — | ၉၄ |
| ၁၉– | ကထိန်ခင်းရာတိုက်၌ တိုက်တပါးရဟန်းတို့အား၊ တိုက်ရှင်ရဟန်းတို့ကပေးလျှင် အပြစ်မရှိကြောင်းဝိနိစ္ဆယ — | ၉၇ |
| ၂၀– | မြန်မာဘာသာဖြင့်ပန်ခြင်းငှါအပ်ကြောင်းဝိနိစ္ဆယ — | ၁၀၁ |
| ၂၁– | အပလောကေတွာ-စသော ဝိမတိဋီကာ၏ အဓိပ္ပါယ်ကို ပြခြင်းဝိနိစ္ဆယ — — | ၁၀၁ |
| ၂၂– | သဟုဗ္ဘာရဝိနိစ္ဆယ — — | ၁၀၃ |
| ၂၃– | နိဋ္ဌာနန္တိက-စသော ၄-ပါးတို့၏ တိုက်ပ၌ နုတ်ခြင်းကို ပြရာ ဝိနိစ္ဆယ — — | ၁၀၄ |
| ၂၄– | ကထိန်သင်္ကန်းကို မပေးမီ- တိုက်တွင်းသံဃာကို ပန်၍၊ တိုက်တပါးပုဂ္ဂိုလ်တို့အား-ပေးကောင်း, မပေးကောင်း ဝိနိစ္ဆယ — — | ၁၀၄ |
| ၂၅– | ကထိန်အမေး — — | ၁၀၄ |
| ၂၆– | ကထိန်အဖြေ — — | ၁၀၇ |
| ၂၇– | ကထိန်တရား — — | ၁၁၀ |
| | **၃–စီဝရက္ခန္ဓာ** | |
| ၂၈– | ဝိနည်းတိစီဝရိက်-ဓုတင်တိစီဝရိက် အဆုံးအဖြတ် — | ၁၁၀ |
| ၂၉– | သုံးထည်ကို ပရိက္ခာရစောဠ၊ အကြွင်းကို ဝိကပ္ပနာ တိုက်ရိုက် လာကြောင်း ဝိနိစ္ဆယ — — | ၁၂၄ |
| ၃၀– | ပါကဋဖြစ်စေရန်၊ကိုးထည်သောသင်္ကန်းကို ဟောတော်မူရာ အဆုံးအဖြတ် — — | ၁၃၄ |

| စာစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၃၁— | သင်္ကန်း ကိုးထည်ချုပ်လုပ်စီရင်နည်းအဆုံးအဖြတ် — | ၁၅၈ |
| ၃၂— | ယခုကာလ၊ စက်ဖြင့်ချုပ်သော သင်္ကန်း၊ အပ်-မအပ် ဆုံးအဖြတ် — — | ၁၆၁ |

## ၄-သီမကဏ္ဍ

| စာစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၃၃— | သိမ်အဆုံးအဖြတ် — — | ၁၆၄ |
| ၃၄— | သီမသမ္ဘေဒဝိနိစ္ဆယ — — | ၁၆၆ |
| ၃၅— | သီမသမ္ဘေဒ ပဉ္စကပုစ္ဆာ-ဝိသဇ္ဇနာ — — | ၁၇၉ |
| ၃၆— | မြို့တိုင်ရှင်ရွာသူကြီး ဂါမဘောဇက ဖြစ်-မဖြစ်၊မြို့တိုင် အတွင်းရွာနေသည့်ဂါမဘောဇကဖြစ်မဖြစ်အဆုံးအဖြတ် | ၁၈၄ |
| ၃၇— | ဝတ္ထုကံမြေ၊ ဝိသုံဂါမဖြစ်-မဖြစ် အဆုံးအဖြတ် — | ၁၈၆ |
| ၃၈— | သိမ်အမိန့်ခံရာ၊ အနာဂတ၊ အနေကန္တိကပေးခြင်း အပ်-မအပ်၊ အဆုံးအဖြတ် = — | ၁၈၇ |

## ၅-မဇ္ဈတ္တကကဏ္ဍ

| စာစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၃၉— | သာမဏေတို့ ဝန်ညီဖြစ်သောနှစ်ဘက်ဝန်ကိုထမ်းခြင်း၌ အပ်- မအပ် ဝိနိစ္ဆယ — — | ၁၉၀ |
| ၄၀— | ဗုဒ္ဓဝစန၊ မဂဓဘာသာကို သံယုတ်ပင့်ရစ်၊ အောက်မြစ် ရှေ့ဆီးသံကဲ့သို့၊စိုးစဉ်းရွတ်ဆိုရာ၌ အပြစ်မရှိကြောင်းကို ပြဆိုရာ ဝိနိစ္ဆယ — — | ၁၉၁ |
| ၄၁— | သာမဏေ တို့အား၊ သရဏဂုံကို ခံယူခြင်းဖြင့်၊ သီလ ပြည့်စုံကြောင်းကိုပြဆိုရာဝိနိစ္ဆယ = — | ၁၉၂ |
| ၄၂— | သရဏဒါနအရာ၌ သမ္ဗန္ဓ-ဝိစ္ဆေဒကိုပြဆိုရာဝိနိစ္ဆယ — | ၁၉၆ |
| ၄၃— | ကာပနေတ္ထ-စသော ဝဇိရဗုဒ္ဓိဋီကာ၏အဓိပ္ပါယ်ကို ပြဆို ရာ ဝိနိစ္ဆယ — — | ၁၉၉ |
| ၄၄— | ဉာဏ်၌ ဒုရုစ္စာရဏဖြစ်က၊ ကံပျက်ကြောင်းကို ပြဆိုရာ ဝိနိစ္ဆယ — — | ၂၀၀ |

| စာစဉ် | အကြောင်းအရာ | နံပါတ် |
| --- | --- | --- |
| ၄၅— | လေးယောက်စသောသံဃာသည်၊ ကမ္မဝါစာဘတ်ခြင်း ငါ့အပ်,မအပ်ကို ပြဆိုရာ ဝိနိစ္ဆယ — — | ၂၀၃ |
| ၄၆— | ဥပဇ္ဈာယ်တပါး၊ ပဥ္စင်းလောင်း ၂-ပါး ၃-ပါး ပြုရာ ကမ္မဝါစာ ဘတ်ပုံကို ပြဆိုရာ ဝိနိစ္ဆယ — — | ၂၆၆ |
| ၄၇— | ဥဘတောသုဒ္ဓိက ဝိနိစ္ဆယ — — | ၂၁၀ |
| ၄၈— | ကျနသေချာစွာ ကမ္မဝါစာနိသျ — — | ၂၁၁ |


## ၆-ကမ္မကဏ္ဍ


| | | |
| --- | --- | --- |
| ၄၉— | ဥပုသ်ပြုခြင်း ဝိနိစ္ဆယ — -- | ၂၂၁ |
| ၅၀— | ပတ္တနိကုဇ္ဇန ဝိနိစ္ဆယ — — | ၂၂၇ |
| ၅၁— | ဥက္ခိတ္တကရဟန်း-ပါရိဝါသိကရဟန်းစသည်တို့ကို ဟတ္ထပါသ်၌ထား၍ ကံပြုရာ၌ ပျက်-မပျက် ဝိနိစ္ဆယ — | ၂၃၆ |
| ၅၂— | သံဝါသ သမ္ဘောဂ ဝိနိစ္ဆယ — — | ၂၄၀ |
| ၅၃— | အာယတိံ သံဝရမရှိဘဲ၊ ဒေသနာ ကြားရာ၌ သမထ ဝိနိစ္ဆယ — — | ၂၅၆ |
| ၅၄— | ပဌမ ပါရာဇိကသည်၊ ယေဘုယျကိရိယ သမုဋ္ဌာန်- စသော ဝိနိစ္ဆယ — — | ၂၅၈ |
| ၅၅— | သိတင်းသည်တို့ ခေါင်းလောင်း၊ ကြေးစည်တီးခေါက်ခြင်း အပ်-မအပ် ဝိနိစ္ဆယ — — | ၂၆၄ |
| ၅၆— | ဗုဒ္ဓ-ဓမ္မ-ဒေဝတာသန္တကကို ထေယျစိတ်ဖြင့်ခိုးရာ ပါရာဇိက ကျ-မကျ ဝိနိစ္ဆယ | ၂၆၆ |
| ၅၇— | အာပတ္တိ သရူပါဒိ ဝိနိစ္ဆယ | ၂၆၈ |
| ၅၈— | ဂိဟိဘူမိ၌ တည်သောသူသည် ရဟန်းအဖြစ်သို့ ရောက်-မရောက် ဝိနိစ္ဆယ | ၂၇၅ |
| ၅၉— | အဂ္ဃသမောဓာန ဝိနိစ္ဆယ | ၂၇၈ |

| ခုစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၆၀— | ဒေဝသိကံ အာရောစေတဗ္ဗ-အရ၊ နေ့စဉ် ကြားသော် ဝတ်ပျက်-မပျက် ဝိနိစ္ဆယ — — | ၂၀၃ |
| ၆၁— | ရဟန်း ခေါက်အပ်သော တုံးခေါက်သံကို ကြားရာ၌ ဝတ်ပျက်- မပျက် ဝိနိစ္ဆယ — — | ၂၀၆ |

၇-သေနာသနက္ခန္ဓာ

| ခုစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၆၂— | ကပ္ပိယ-အကပ္ပိယကုဋိ ဝိနိစ္ဆယ — — | ၂၀၉ |
| ၆၃— | ဝိဿာသဂ္ဂါဟ ဝိနိစ္ဆယ — — | ၂၉၇ |
| ၆၄— | ဒွိသန္တက ဝိနိစ္ဆယ — — | ၃၀၃ |
| ၆၅— | သန္နိဓိ-ဒုဒ္ဒေါတပတ္တ ဝိနိစ္ဆယ — — | ၃၀၇ |
| ၆၆— | ရွှေစာတိုက်၊ ရွှေစာတင်၊ ရွှေအုပ်၊ ရွှေညောင်စောင်း၊ ခေါင်းလောင်း ကြေးစည်ရေစက်ချပုံ ဝိနိစ္ဆယ — | ၃၁၆ |

၈-ခုဒ္ဒကဝတ္ထုက္ခန္ဓာ

| ခုစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၆၇— | ကြေးဝါ-ကြေးဖြူစသော ခွက်အထူးကို ပဋ္ဋလိက အဖြစ်ဖြင့် ခံ၍သုံးဆောင်ခြင်းငှါအပ်, မအပ် ဝိနိစ္ဆယ — | ၃၂၁ |
| ၆၈— | ထည့်၍စားရာခွက် အသုံးအဖြတ် — — | ၃၂၉ |
| ၆၉— | တခွက်ထည်း၌ စားခြင်းကိုပြခြင်း ဝိနိစ္ဆယ— — | ၃၃၁ |
| ၇၀— | မခံအပ်, မကိုင်အပ်သောဝတ္ထုကိုပြခြင်း ဝိနိစ္ဆယ — | ၃၃၃ |
| ၇၁— | မခံအပ်သည်ဖြစ်၍၊ကိုင်အပ်သည်ကိုပြခြင်း ဝိနိစ္ဆယ — | ၃၄၄ |
| ၇၂— | မခံအပ်သည်ဖြစ်၍၊ မကိုင်အပ်သည်ကိုပြခြင်း ဝိနိစ္ဆယ | ၃၄၉ |
| ၇၃— | ခံအပ် ကိုင်အပ်သော ဝတ္ထုကိုပြခြင်း ဝိနိစ္ဆယ — | ၃၅၃ |

၉-ပဉ္စသတိကက္ခန္ဓာ

| ခုစဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၇၄— | ဟရေးနာ့တိုင်း၊ စဒသင်တိုင်း ကုသိုလ်ဖြစ်,မဖြစ်ကို ဆုံးဖြတ်ရာ သတုပ္ပါဒစာထမ်း — — | ၃၅၆ |
| ၇၅— | ဗြဟ္မဝိဟာရဝိနိစ္ဆယ — — | ၃၆၉ |

| စာစဉ် | အကြောင်းအရာ | နံပါတ် |
| --- | --- | --- |
| ၇၆— | မိစ္ဆာဇီဝ အဆုံးအဖြတ် — — | ၄၀၆ |
| ၇၇— | လောဟကုမ္ဘီ ငရဲသည်၊ အဝီစိငရဲ၌ အပါဒ်ဝင် ဖြစ်ကြောင်း အဆုံးအဖြတ် — — | ၄၁၀ |
| ၇၈— | အခမ္မိကဒါန ဝိနိစ္ဆယ — — | ၄၂၃ |
| ၇၉— | ဝိဝဋ္ဋနိဿိတကုသိုလ်-ပဝတ္တိ, ပဋိသန္ဓေ အကျိုးကို ပေး-မပေး အဆုံးအဖြတ် — — | ၄၂၇ |
| ၈၀— | မနောကံသည် ဒွါရသုံးပါး၌ဖြစ်ကြောင်း အဆုံးအဖြတ် | ၄၂၉ |
| ၈၁— | တဏှာ၏ကုသိုလ်မည်ကြောင်း အဆုံးအဖြတ် — | ၄၃၄ |
| ၈၂— | သူ့အသက်ကိုသတ်လျက်၊ဉာဏ်ဟုဆိုသည်ကိုပြကြောင်း အဆုံးအဖြတ် — — | ၄၃၇ |
| ၈၃— | ဒုစရိုက်ကိုပြုသောအခါ၊ သိခြင်းအဆုံးအဖြတ် — | ၄၃၉ |
| ၈၄— | ခိုးသူလက်သို့ရောက်ပြီးသော ပစ္စည်းကို ခိုးသူအားလှူရာ၌ ဒါနမြောက်ကြောင်း ဝိနိစ္ဆယ — — | ၄၄၀ |
| ၈၅— | တဆူသောဘုရားရှင်သည်၊ တဆူသောဘုရားအား ရှိခိုးထိုက်- ရှိမခိုးထိုက် ဝိနိစ္ဆယ — — | ၄၄၃ |
| ၈၆— | သစ္စတက္ကသရူပဝိနိစ္ဆယ — — | ၄၅၂ |
| ၈၇— | သတ္တာဒိပဉ္စက သရူပ ဝိနိစ္ဆယ — — | ၄၅၈ |
| ၈၈— | နစ္စာဒိသိက္ခာပဒဘေဒါဘေဒရက္ခန ဝိနိစ္ဆယ — | ၄၆၄ |
| ၈၉— | သီလဆောက်တည်သောအခါ၊ဝိရတီဖြစ်-မဖြစ်ဝိနိစ္ဆယ | ၄၆၅ |
| ၉၀— | အကုသလ-ပုဗ္ဗာပရစေတနာဒါန ဝိနိစ္ဆယ — — | ၄၆၈ |
| ၉၁— | စေတိယဒါန ဝိနိစ္ဆယ — — | ၄၇၄ |
| ၉၂— | အတီတေ သမ္ဗုဒ္ဓေ, အစရှိသောပါဌ်၏ ဝိနိစ္ဆယ — | ၄၀၀ |
| ၉၃— | ပရိနိဗ္ဗာန်စံပြီးသော နာမ်ဝိသေသ, ရုပ်ဝိသေသ ရှိ,မရှိ ဝိနိစ္ဆယ — — | ၄၀၀ |
| ၉၄— | နိဗ္ဗာန်သည် ထာဝရမည်ကြောင်း ဝိနိစ္ဆယ— — | ၄၈၆ |
| ၉၅— | နိဗ္ဗာန်သည် နဂရမည်ကြောင်း ဝိနိစ္ဆယ — — | ၄၉၀ |

| စဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၉၆— | ဘုရား·ပစ္စေကဗုဒ္ဓါတို့၏ မဿုပမာဏဝိနိစ္ဆယ | ၄၉၂ |
| ၉၇— | အာနန္တရိယ ဖြစ်သော အပရာပရိယ ဝေဒနီယကံ မရှိကြောင်း ဝိနိစ္ဆယ | ၄၉၅ |
| ၉၈— | လက္ခဏာရေး သုံးပါးကိုသိမှ၊ မဂ်ဖိုလ်ကို ရကြောင်း ဝိနိစ္ဆယ | ၄၉၇ |
| ၉၉— | ပဌမံဂါထာ၏ အနက် အဓိပ္ပါယ် | ၅၀၁ |
| ၁၀၀— | ကာမေသုမိစ္ဆာစာရကမ္မ ပိနိစ္ဆယ | ၅၀၃ |
| ၁၀၁— | ဝိကာလဘောဇနသိက္ခာပဒ ဝိနိစ္ဆယ | ၅၀၄ |
| ၁၀၂— | ယုံမှားခြင်း-၁၆-ပါး ဝိနိစ္ဆယ | ၅၀၆ |
| ၁၀၃— | တဒင်္ဂမင်္ဂ အဆုံးအဖြတ် | ၅၀၈ |
| ၁၀၄— | အာဒိဗြဟ္မစရိယက သီလာဒိသရူပ ဝိနိစ္ဆယ | ၅၁၄ |
| ၁၀၅— | အာပတ္တိကမ္မတော အာနန္တရိယကမ္မ ဗလဝဝိ နိစ္ဆယ | ၅၂၁ |
| ၁၀၆— | သမာဒါနက္ခဏ ဝိရတိဘာဝါဘာဝဝိနိစ္ဆယ | ၅၂၂ |
| ၁၀၇— | ဝိကာလဘောဇနာဒိ သိက္ခာပဒ ဝိရတိ ဘာဝါဘာဝ ဝိနိစ္ဆယ | ၅၂၉ |
| ၁၀၈— | နို့စို့သားငယ်တို့ သီလစောင့်ကြောင်းဝိနိစ္ဆယ | ၅၃၁ |
| ၁၀၉— | ယုန်,ဖျံ,စသည်တို့ဥပုသ်စောင့်ရာ၌၊ဝိရတိရ-မရဝိနိစ္ဆယ | ၅၃၃ |
| ၁၁၀— | ကေသိက္ခာပဒ ပုဗ္ဗစေတနာ ဝိနိစ္ဆယ | ၅၃၄ |
| ၁၁၁— | ပရိယတ္တိဒါနာဒိ အာရမ္မဏဘေဒ ဝိနိစ္ဆယ | ၅၃၆ |
| ၁၁၂— | သဒ္ဓံပဌမစိတ္တေန,စသော ဂါထာ၏အနက် အဓိပ္ပါယ် | ၅၃၇ |
| ၁၁၃— | ဗြဟ္မာကိုးယောက် အဆုံးအဖြတ် | ၅၄၀ |
| ၁၁၄— | သက္ကာယဒိဋ္ဌိ အပါယပဋိသန္ဓိဒါန ဝိနိစ္ဆယ | ၅၄၁ |
| ၁၁၅— | သုရာပါန-သုရာပါနကမ္မ-ဝိရတိကမ္မ ဝိနိစ္ဆယ | ၅၄၃ |
| ၁၁၆— | သောဠသပုစ္ဆာဝိသဇ္ဇနာ | ၅၄၈ |
| ၁၁၇— | တပါးသောလောကဓာတ်၌ဘုရားပွင့်ကြောင်း ဝိနိစ္ဆယ | ၅၉၆ |
| ၁၁၈— | ပစ္စုပ္ပန်-အနာဂတ် ဿာဘူပနိဿယ ဖစ္စည်း အဆုံးအဖြတ် | ၆၀၄ |
| ၁၁၉— | နိဂုံး ဂါထာပါဠိအနက် | ၆၀၈ |

# တိပိဋကပဋ္ဌာနဒီပနီကျမ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ။

**ပဏာမဂါထာ**

အနန္တကရုဏာံ နာထံ၊ နိယျာနိကံ နတွာ ဓမ္မံ။
သုဒေသကံ သုတံ ဓမ္မံ၊ သံဃဉ္စ ဥဒ္ဒဘာ-မလံ။
(ဒုတိယ-မကာရ-ဝိပုလဂါထာ)
မဟာသူရေ မဟာခီရေ၊ မဟာပါဏောဟိ ပူဇိတေ။
မဟာလဒ္ဓေ မဟာဉာဏေ၊ မမာ-စရိယုဟံ နမေ။
တဟိံ တဟိံ တောဟိတေဟိ၊ သဗ္ဗေသု အဘိယာစိတော။
ကရိဿာ-ဟံ ဂုဠ္ဌတ္ထေသု၊ ပကိဏ္ဏကာ-တ္ထ-ဒီပနိံ။
(ပထမ-ရကာရ-ဝိပုလဂါထာ)

အဟံ၊ ပရမတ္ထ၊ ပစ္စခန္ဓာ၊ စွဲ၍သာလျှင်၊ ငါ-ဂုဏ်သမုတ် အကျွန်ုပ်သည်။ အနန္တ ကရုဏာံ၊ အနန္တဘောသိကာယိကံ၊ ဒုက္ခစေတသိ၊ ငြိရှိကျမ်းထွက်၊ ကိုယ်အသက်ကို၊ ငဲ့ကွက်မညှာ၊ ဝေနေယျာအား၊ သနားလွန်စွာ၊ ကရုဏာဉာဏ်၊ ထက်သန်လွန်

ငြား၊ ထင်ရှား ရှိတော်မူထသော။ နာထစ္ဆ၊ သတ္တဝါဟူ၊ ဗိုလ်သူများစွာ၊ ဝေနေယျာကို၊ ခေမာအမတ၊ နိဗ္ဗာနသို့၊ ပို့ဆောင်ပေတတ်၊ ဘုရားမြတ်ကိုလည်း။ ဝါ၊ လူသုံးပါးကို၊ တရားနှင့်စပ်၊ တောင်းပန်လတ်ငြား၊ မြတ်စွာဘုရားကိုလည်း။ နတွာ- နမာမိ။ ဒူးဝန်းနှစ်ချက်၊ လက်နှစ်ဘက်ကို၊ မြေသက်ထိခိုက်၊ ဦးဖြင့်တိုက်ငြား၊ တည်ငါးပါးဖြင့်၊ တက်ပွါးသဒ္ဓါ၊ ရှိခိုးပါ၏။ နတွာ၊ ဒူးဝန်းနှစ်ချက်၊ လက်နှစ်ဘက်ကို၊ မြေထက်ထိခိုက်၊ ဦးဖြင့်တိုက်ငြား၊ တည်ငါးပါးဖြင့်၊ တက်ပွါးညွတ်နူး၊ ရှိခိုးဦး၍။ နိယျာနိကံ၊ ကျင့်သူတို့အား၊ မလားနိရယ၊ ဒုက္ခဝဋ္ဋမှောင်၊ နရက်ချောင်မှ၊ ထုတ်ဆောင်တော်မူတတ်ထသော။ ဓမ္မဥ္စ၊ ပရိယတ်, ဆို။ မဂ်,ဖိုလ်, နိဗ္ဗာန်၊ ဆယ်တန်တွင်မှတ်၊ တရားမြတ်ကိုလည်း။ နတွာ— နမာမိ၊ ၏။ နတွာ၊ ၍။ ။သုတံ၊ ဘုရားထံမှ၊ သဏ္ဍစ္စသာ၊ သင်ယူနာအပ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ သုဒေသကံ၊ လာဘသက္ကာ၊ ယှဉ်ခါမဘက်၊ သက်သက်စေတနာ၊ နာသူတို့အား၊ စီးပွါးအကျိုး၊ တိုးတက်စေသား၊ စိတ်ဥ္ဇထား၍၊ ဟောကြားတော်မူတတ်ထသော။ ဥဒ္ဒိတာမလံ၊ ထားသန့်လျက်လား၊ မဂ်လေးပါးဖြင့်၊ ပယ်ရှားခွါထုတ်၊ နုတ်တော်မူထ၊ ရာဂဒေါသ၊ မောဟရှုပ်ထွေး၊ အညစ်ကြေးလည်း ရှိတော်မူထသော၊ သံဃဥ္စ၊ အယူသီလ၊ တူမျှသဖြင့်၊ တကွပေါင်းအပ်၊ ဗျူပွတ်အလို၊ မဂ်ဖိုလ်တည်ငြား၊ ရှစ်ပါးသချာ၊ အရိယာခေါ်၊ သဃ်ာတော်ကိုလည်း။ နတွာ-နမာမိ၊ ၏။ နတွာ၊ ၍။ ။မဟာသူရေ၊ သတ္တိ, ဗျတ္တိ၊ ရုပ်ရှိအမြဲ၊ ရဲရင့်ခြင်းလည်း ရှိကုန်ထသော။ ပဟာဝီဒျေ၊ မယိမ်းမရိုင်၊ ကျောက်စာတိုင်ကဲ့သို့၊ မြဲမြံခိုင်ဖြိုး၊ ကြီးမြတ်သော သမာဓိလည်း ရှိတော်မူကုန်ထသော။ မဟာပါဏေဟိ၊ ဗိုလ်ပါသောင်းသောင်း၊ များလူပေါင်းတို့သည်။ ပူဇိတေ၊ ကြည်ညိုလေးမြတ်၊ ပူဇော်တော်မူအပ်ကုန်ထသော။ မဟာဉာဏေ၊ အလျင်ခဏ၊ ရှုခါမျှဖြင့်၊ စူးရှသက်ဝင်၊ သိမြင်နိုင်တတ်၊ ကြီးမြတ်သော ဉာဏ်ပညာလည်း ရှိကုန်ထသော။ မဟာလဇ္ဇေ၊ မြတ်ကုန်သော၊ ဇာဂရာဘိဓဇ သီရိ

**ပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု။ ။ပဏ္ဍိတာဘိ သီရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု။ ။ကေတုဘိဓမ္မာလင်္ကာရ သီရိပဝရ အတုလ မဟာဓမ္မရာဇာဓိ ရာဇဂုရု။**

လွှတ်တုခတ်နိုပ်၊ တံဆိပ်ဝင်းလျှံ၊ ခံတော်မူကုန်ထသော။ မမ၊ ဇယန္တဟူ၊ ဘွဲ့ယူသမုတ်၊ အကျွန်ုပ်၏။ အာစရိယေ၊ ဒက္ခိဏာရာမ၊ ပထမဆရာတော် ဘုရားကြီး။ ၎င်းတိုက် ဒုတိယ ဆရာတော်ဘုရားကြီး။ မဟာဓမ္မိကာရာမ၊ စလင်း ဆရာတော်ဘုရားဟု ဆိုအပ်ကုန်သော၊ ပ-ဒု-တ-မှတ်၊ ဆရာမြတ်တို့ကိုလည်း။ အဟံ၊ ပညာသိပ္ပ၊ နည်းနယကို၊ နိစ္စမလပ်၊ ကပ်၍ယူငြား၊ တပည့်သားဟုတ်၊ အကျွန်ုပ်သည်။ နမေ-နမာမိ၊ ဒူးဝန်းနှစ်ချက်။ လက်နှစ်ဘက်ကို၊ မြေသက်ထိခိုက်၊ ဦးဖြင့်တိုက်ငြား၊ တည်ငါးပါးဖြင့်၊ တက်ပွါးသဒ္ဓါ၊ ရှိခိုးပါ၏။ ။နတွာ၊ ဒူးဝန်းနှစ်ချက်၊ လက်နှစ်ဘက်ကို၊ မြေထက်ထိခိုက်၊ ဦးဖြင့်တိုက်ငြား၊ တည်ငါးပါး

ဖြင့်၊ တက်ပွါးညွတ်နူး၊ ရှိခိုးဦးရှိ၍။ သဗ္ဗသု၊ ကြွင်းမဲ့ဥဿုံ။ အလုံးစုံသော၊ ခက်ရာကိုကောက်၊ မေးလျှောက်အပ်စွာ၊ ပုစ္ဆာဟူသမျှတို့၌။ တဟိ တဟိ၊ ထိုထိုမြို့ရွာ၊ ထိုထိုကျောင်းတိုက်ကြီးများ၌။ ဝသန္တေဟိ၊ နေထိုင်ကြကုန်သော။ တေဟိတေဟိ၊ ထိုထိုပြောထူ၊ ရှင်လူရဟန်းတို့သည်။ အဘိယာစိတော၊ ရှေးရှု ဂါရဝေ၊ မသွေခညောင်း၊ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောငါသည်။ ဂူဠှတ္တေသု၊ သုံးပုံပိဋကတ်၊ ပရိယတ်ဝယ်၊ ဝှက်ကွယ်သောအရာတို့၌။ ပကိဏ္ဏကတ္ထဒီပနိ၊ ပြိုးပြွမ်းယူကောက်၊ မေးလျှောက်လိုချက်၊ ထိုအနက်ကို၊ မခက်ဆုံးဖြတ်၊ ပြတတ်သည်၏ အဖြစ်ကြောင့်။ **တိပိဋကပကိဏ္ဏကဒီပနီ**၊ အမည်တွင်မှန်း၊ ဤသည့်ကျမ်းကို။ ကရိဿံ-ကရိဿာမိ၊ လျှောက်လာသူက၊ စ၍နောက်သား၊ အကျိုးများအောင်၊ ရေးသားပြုပြင်၊ စီရင်ဆုံးဖြတ်ပေအံ့။

---

## ၁—သံဃိကကဏ္ဍ

ငါတို့ကျေးဇူးရှင် မိုးနံကုန်းဆရာတော် ဘုရားကြီးသည်၊ ထိုထို ပုဂ္ဂိုလ်တို့ လျှောက်ထားရင်းဖြစ်သော အဘိယာစက စကားရပ်များကို လျှောက်ထား ရင်းအတိုင်း ရှေ့ထား၍၊ ဝိနိစ္ဆယ ရေးသားတော်မူပါဟု လျှောက်ထားအပ်ပါ သော်လည်း၊ ၎င်းစကားရပ်တွေကို ထည့်သွင်း၍ရေးသားရခြင်းသည်၊ ခဲတံကုန် ၍-စက္ကူဖြုန်းသည်၊ အသုံးလည်းမကျဟု၊ အမိန့်တော်ရှိပြီးလျှင်၊ ၎င်းအဘိယာစက စကားရပ်မှ လိုရင်းအရ ပုစ္ဆာမျှကိုသာထုတ်ပြ၍၊ ဝိနိစ္ဆယ ရေးသားတော်မူသည်။ ထို့ကြောင့် ဝိနိစ္ဆယ ဟူသမျှတို့၌ လိုရင်းပုစ္ဆာသာပါ၍၊ အဘိယာစက စကား ရပ်များ မပါဘဲရှိသည်။ သို့သော်လည်း ရှေးဦးအစဖြစ်သော သံဃိကဘေဒါဒိ ပဥှာ ဝိနိစ္ဆယသည်၊ အလွန်ခဲခက်လှသောကြောင့် ၎င်း၌လာသော ပုစ္ဆာ များကို သေချာစွာ ထုတ်ပြရေးသားအပ်၏။

(၁) သံဃိကသည် အဘယ်မျှအပြားရှိပါသနည်း။ သံဃိက အပြားကိုလည်း သိလိုပါသည်။

(၂) စာရေးတံလူရာဝယ်၊ သံဃိက ရေစက်ချရမည်၊ ပုဂ္ဂလိက ရေစက်ချရ မည်ကိုလည်း သိလိုပါသည်။

(၃) စာရေးတံလူရာ၌၊ အချို့ကား အဘိုးများစွာထိုက်သည်ကို ရပါသည်။ အချို့ကား အဘိုးအနည်းငယ်ထိုက်သည်ကို ရပါသည်။ အဘိုးများစွာ ထိုက်သည်ကို ရသောရဟန်း, သာမဏေတို့သည်၊ တဆဲ့နှစ်တောင် ဟတ္ထပါသ်၌ တည်သော တပါးသော ရဟန်း, သာမဏေ တို့အား ဝေဘန်ရမည်, မဝေဘန်ရမည်ကိုလည်း သိလိုပါသည်။

(၄) ရဟန်းလေးပါးရှိလျှင်၊ အလှူပွဲလေးခုစီရင်၍၊ ပင့်သောအခါ သံဃာကုန်ပင့်ရာ၌၊ သံဃိကမြောက်,မမြောက်ကိုလည်း သိလိုပါသည်။

(၅) စာရေးတံလှူရာဝယ်၊ ရဟန်း, သာမဏေနှစ်ပါးကို ရရာတွင်၊ ရဟန်းကိုသာ၍လှူသော်၊ စာရေးတံ မြောက်,မမြောက်ကိုလည်း သိလိုပါသည်။

(၆) ရဟန်းသည် ပဏ္ဍိတဖြစ်၍ သံဃိက လှူစေ၏။ ဒါယကာသည် ဒုပ္ပညဖြစ်၍ ပုဂ္ဂိုလ်ကိုအာရုံပြု၍လှူ၏။ သံဃိက မြောက်, မမြောက်ကို သိလိုပါသည်။

(၇) ဒါယကာသည် ပဏ္ဍိတဖြစ်၍ သံဃာကိုအာရုံပြု၍လှူ၏။ ရဟန်းသည် ဒုပ္ပညဖြစ်၍၊ ပုဂ္ဂလိက ရေစက်ချ၏။ သံဃိက မြောက်, မမြောက်ကို သိလိုပါသည်။

(၈) အပင့် ဒါယကာသည် ဒုပ္ပည ဖြစ်၍၊ ပုဂ္ဂလိက ပင့်သည်။ လှူသော ဒါယကာတို့သည် ပဏ္ဍိတ ဖြစ်ကြ၍၊ သံဃိက လှူကြသည်။ သံဃိက မြောက်, မမြောက်ကိုလည်း သိလိုပါသည်။

(၉) ပင့်၍ ရင်း၊ တပါးတည်းနေရာ၌ ရင်း၊ မိမိသို့ ညွှတ်သော ပစ္စည်းကို၊ အကျိုးများစေခြင်းငှါ၊ သံဃာအား လှူစေရာ၌၊ သံဃိက မြောက်, မမြောက်ကို သိလိုပါသည်။

(၁၀) ကျောင်း ရေစက်ချရာဝယ်၊ ဒါယကာသည် သံဃိကရေစက်ချလိုသည်ကိုသိ၍၊ သံဃိက ဟူသည် အလွန် ဝန်လေးသည် ဟု ဆို၍၊ ပုဂ္ဂလိက ရေစက်ချစေရာ၌၊ အပြစ်ရှိ, မရှိကိုလည်း သိလိုပါသည်။

(၁၁) ကျောင်းကို ရေစက်ချရာ၊ သံဃိက ရေစက်ချရ မည်လော၊ ပုဂ္ဂလိက ရေစက်ချရမည်လော ဟု ဒါယကာကိုမေးရာ၊ သံဃိက - ပုဂ္ဂလိက ကို မသိပါ။ ကုသိုလ် အများရသည်ကို ချလိုပါသည် ဟုလျှောက်သည်ကို၊ သံဃိက ဟူက ဝန်လေးပါသည်ဟုဆို၍၊ ပုဂ္ဂလိကရေစက်ချရာ၌၊ အပြစ်ရှိမည်, မရှိမည်ကိုလည်း သိလိုပါသည်။

(၁၂) သံဃာအများကို တောင်းရာ၊ မိမိကျောင်းတွင် သံဃာ မလောက်၍၊ တကျောင်း, နှစ်ကျောင်း စသည်ကို ကျော်၍၊ မိမိနှစ်သက်ရာ၊ တိုက်တပါး၌ သံဃာ သာမညကို တောင်းသော်၊ အပြစ်ရှိမည်, မရှိမည်ကိုလည်း သိလိုပါသည်။

(၁၃) ကထိန်ခင်းရာ၌၊ ကမ္မဝါစာ ချွတ်ယွင်းခြင်း၊ ကထိန်ခံသော ရဟန်း၏ အင်္ဂါ ရှစ်ပါးနှင့် မပြည့်စုံခြင်းကြောင့်၊ ကထိန် မမြောက် ခဲ့သော်၊ သင်္ကန်းသည် ပုဂ္ဂလိက ဖြစ်မည်၊ သံဃိက ဖြစ်မည် ကိုလည်း သိလိုပါသည်။

ဤကား၊ ရှာသာကျောင်းပုဂ္ဂိုလ်၊ ဂျိကျအင်းကျောင်း ပုဂ္ဂိုလ်သူမြတ်တို့က ရှိသေစွာလျှောက်တောင်းပန်အပ်သော ပုစ္ဆာစကားရပ်စုတည်း။

---

(၁) သံဃိက အပြားကို သိလိုပါသည် လျှောက်ထားရာ၌။ ။ပါဠိ အဋ္ဌကထာတို့၌ သံဃိကအပြားသည် များစွာလာပြားသော်လည်း၊ ယူသင့်ရာ ပေါင်းသော လက္ခဏာအားဖြင့်၊ သံဃိကသည် စာတုဒ္ဒိသာ သံဃိက မျိုး၊ သမ္မုခီဘူတ သံဃိကမျိုး၊ ဝဿံဝုဋ္ဌ သံဃိကမျိုး၊ အာရာမိက သံဃိက မျိုး ဟူ၍ လေးပါးရှိသည်၊ ထိုလေးပါးတို့တွင် ဥပရိပဏ္ဏာသ ဒက္ခိဏ ဝိဘင်္ဂသုတ်၌။

သတ္တခေါပနိမာနန္ဒ သံဃဂတာ ဒက္ခိဏာ၊ ကတမာ သတ္တ၊ ဗုဒ္ဓပ္ပမုခေ ဥဘတောသံဃေ ဒါနံ ဒေတိ၊ အယံ ပဌမာ သံဃဂတာ ဒက္ခိဏာ။ တထာဂတေ ပရိနိဗ္ဗုတေ ဥဘတောသံဃေ ဒါနံ ဒေတိ၊ အယံ ဒုတိယာ သံဃဂတာ ဒက္ခိဏာ။ ဘိက္ခုသံဃေ ဒါနံ ဒေတိ၊ အယံ တတိယာ သံဃဂတာ ဒက္ခိဏာ။ ဘိက္ခုနိသံဃေ ဒါနံ ဒေတိ၊ အယံ စတုတ္ထီ သံဃဂတာ ဒက္ခိဏာ။ တွေကာ မေ ဘိက္ခု ဘိက္ခုနိယောစ သံဃတော ဥဒ္ဒိဿထာတိ ဒါနံ ဒေတိ၊ အယံ ပဥ္စမီ သံဃဂတာ ဒက္ခိဏာ။ တွေကာ မေ ဘိက္ခု သံဃတော ဥဒ္ဒိဿထာတိ ဒါနံ ဒေတိ၊ အယံ ဆဋ္ဌီ သံဃဂတာ ဒက္ခိဏာ။ တွေကာ မေ ဘိက္ခုနိယော သံဃတော ဥဒ္ဒိဿထာတိ ဒါနံ ဒေတိ၊ အယံ သတ္တမီ သံဃဂတာ ဒက္ခိဏာ။—

ဟူ၍လာသော လှူအပ်သော သံဃိက ခုနစ်ပါးတို့သည်၊ ရောက်လာ မရောက်လာသော သံဃာတို့နှင့် ဆက်ဆံရကား၊ စတုဒ္ဒိသာ သံဃိကမည်၏။

အာနန္ဒ၊ အာနန္ဒာ။ ခေါပန၊ စင်စစ်သော်ကား။ သံဃဂတာ၊ သံဃာ၌ ရောက်ကုန်သော။ ဒက္ခိဏာ၊ အလှူတို့သည်။ ဣမာသတ္တ၊ ဤ ခုနစ်ပါးတို့တည်း။ ကတမာသတ္တ၊ အဘယ် ခုနစ်ပါးတို့နည်း ဟူမူကား။ ဗုဒ္ဓပ္ပမုခေ, ဗုဒ္ဓပ္ပမုခသ၊ မြတ်စွာဘုရား အမှူးရှိသော။ ဥဘတောသံဃေ, ဥဘတောသံဃဿ၊ အလုံးစုံသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ တည်းဟူသော ဥဘတောသံဃာအား။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ အယံ ဒက္ခိဏာ၊ ဤမြတ်စွာဘုရား အမှူးရှိသော ဥဘတော သံဃာအား လှူအပ်သော အလှူသည်။ ပဌမာ၊ ရှေးဦးစွာသော။ သံဃဂတာ၊ သံဃာ၌ရောက်သော။ ဒက္ခိဏာ၊ အလှူမည်၏။ ။တထာဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံတော်မူပြီးသည်ရှိသော်။ ဥဘတော သံဃေ, ဥဘတော သံဃဿ၊ အလုံးစုံသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ တည်းဟူသော ဥဘတောသံဃာအား။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ အယံ ဒက္ခိဏာ၊ ဤမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည်ရှိသော်၊ အလုံးစုံသော ရဟန်း ယောကျ်ား, ရဟန်း မိန်းမ တည်း ဟူသော ဥဘတော သံဃာအား

လှူအပ်သော အလှူသည်။ ဒုတိယာ၊ နှစ်ခုမြောက်သော။ သံဃဂတာ၊ သံဃာ၌ ရောက်သော။ ဒက္ခိဏာ၊ အလှူမည်၏။ ။ဘိက္ခုသံဃေ, ဘိက္ခုသံဃဿ၊ အလုံးစုံသော ရဟန်းသံဃာအား။ ဒါနံ၊ အလှူကို၊ ဒေတိ၊ ပေးလှူ၏။ အယံ ဒက္ခိဏာ၊ ဤအလုံးစုံသော ဘိက္ခုသံဃာအား လှူအပ်သော အလှူသည်။ တတိယာ၊ သုံးခုမြောက်သော။ ဒက္ခိဏာ၊ အလှူမည်၏။ ။ ဘိက္ခုနိသံဃေ, ဘိက္ခုနိသံဃဿ၊ အလုံးစုံသောဘိက္ခုနီမသံဃာအား။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ အယံ ဒက္ခိဏာ၊ ဤအလုံးစုံသော ဘိက္ခုနီမ သံဃာအား လှူအပ်သော အလှူသည်။ စတုတ္ထီ၊ လေးခုမြောက်သော။ သံဃဂတာ၊ သံဃာ၌ရောက်သော။ ဒက္ခိဏာ၊ အလှူမည်၏။ ။တွေကာ၊ ဤမျှလောက် အရေအတွက်ရှိကုန်သော။ ဘိက္ခူစ၊ ရဟန်း ယောကျ်ားတို့ကိုငင်း။ ဘိက္ခုနိယောစ၊ ရဟန်းမိန်းမ တို့ကိုငင်း။ မေ၊ အကျွန်ုပ်အား။ ဥဒ္ဒိဿထ၊ ညွှန်းတော်မူပါကုန်လော။ ဣတိ၊ ဤသို့။ သံဃံ၊ သံဃာကို။ ယာစိတွာ၊ တောင်း၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ အယံဒက္ခိဏာ၊ ဤသံဃာမှညွှန်း၍ ပေးတော်မူပါဟု သံဃထံ၌ တောင်း၍ တစိတ် တဘို့သော ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့ကိုသာ လှူအပ်သော အလှူသည်။ ပဉ္စမီ၊ ငါးခုမြောက်သော။ သံဃဂတာ၊ သံဃာ၌ရောက်သော။ ဒက္ခိဏာ၊ အလှူမည်၏။ ။ မေ၊ အကျွန်ုပ်အား။ တွေကာ၊ ဤမျှလောက် အရေအတွက်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းယောကျ်ားတို့ကို။ သံဃတော၊ သံဃာမှ။ ဥဒ္ဒိဿထ၊ ညွှန်းတော်မူပါကုန်လော။ ဣတိ၊ ဤသို့။ သံဃံ၊ သံဃာကို။ ယာစိတွာ၊ တောင်း၍။ ဒေတိ၊ လှူ၏။ အယံဒက္ခိဏာ၊ ဤသံဃာမှညွှန်း၍ ပေးတော်မူပါဟု၊ သံဃာထံ၌ တောင်း၍၊ တစိတ် တဘို့သော ရဟန်းယောကျ်ား သံဃာအား လှူအပ်သော အလှူ သည်။ ဆဋ္ဌီ၊ ခြောက်ခုမြောက်သော။ သံဃဂတာ၊ သံဃာ၌ရောက်သော။ ဒက္ခိဏာ၊ အလှူမည်၏။ ။မေ၊ အကျွန်ုပ်အား။ တွေကာ၊ ဤမျှလောက် အရေ အတွက် ရှိကုန်သော။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့ကို။ သံဃတော၊ သံဃာမှ။ ဥဒ္ဒိဿထ၊ ညွှန်းတော်မူပါကုန်လော။ ဣတိ၊ ဤသို့။ သံဃံ၊ သံဃာကို။ ယာစိတွာ၊ တောင်း၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ အယံဒက္ခိဏာ၊ ဤသံဃာမှညွှန်း၍ ပေးတော်မူပါဟု၊ သံဃထံ၌ တောင်း၍ တစိတ်တဘို့သော ရဟန်းမိန်းမတို့ကိုသာ လှူအပ်သော အလှူသည်။ သတ္တမီ၊ ခုနစ်ခုမြောက်သော။ သံဃဂတာ၊ သံဃာ၌ ရောက်သော။ ဒက္ခိဏာ၊ အလှူမည်၏။ ဣမာသတ္တ၊ ဤခုနစ်ပါးတို့တည်း။ (ဤကား အနက်)

ဤပါဠိတော်၌ အလုံးစုံသောသံဃာဟူ၍ အနက်သမ္ဗန်သည်မှာ၊ သံဃာတတ်ဖြစ်၍ တိုက်လုံးကုန် ပင့်သည်ကိုရည်၍ သမ္ဗန်သည်။ (ငင်းဘတ်တို့၏ အထူးကား၊ နောက်၌ထင်ရှားလတ္တံ့)။ ။ဤခုနစ်ပါးတို့တွင် ဗုဒ္ဓပ္ပမုခ ဥဘတော သံဃာ၌၊ ဗုဒ္ဓပ္ပမုခ ဥဘတောသံဃာ, ဗုဒ္ဓပ္ပမုခ ဘိက္ခုနီသံဃာ နှစ်ပါးတို့ကိုလည်း သွင်း၍၊ ဘုရားဟောတော်မူသည်ဟုမှတ်၊ ဝိနည်းမဟာဝါ၌၊ သာမညအားဖြင့် သံဃဿ

ဒေမ-ဟူ၍ရင်း၊ စူဠဝါ၌၊ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ, ဟူ၍ရင်း လာသော လှူခြင်းသည်လည်း၊ ရောက်,မရောက် သံဃာတို့နှင့် ဆက်ဆံရကား၊ စာတုဒ္ဒိသာ သံဃိကပင်မည်၏။ ။အာဂတာ နာဂတဿ၊ ဤအရပ်သို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သော သံဃာ၊ ဤအရပ်သို့ ရောက်ပြီး, ရောက်ဆဲ,ရောက်လတ္တံ့ မဟုတ်သော သံဃာဖြစ်၍ဖြစ်သော။ ဝါ၊ ရဟန်းအဖြစ်သို့ ရောက်ပြီး, ရောက်ဆဲ ဖြစ်သော သံဃာ၊ ရဟန်းအဖြစ်သို့ ရောက်လတ္တံ့သော သံဃာ ဖြစ်၍ ဖြစ်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာ တို့၌ သွားလာနေထိုင်သော။ သံဃဿ၊ သံဃာအား။ ဒေမ၊ လှူပါကုန်၏။ ။(ဤကား အနက်)

ယင်းတွင်၊ ရှေးအနက် အလိုအားဖြင့်၊ ဣဒံ ဌာနံ အာဂစ္ဆိ, အာဂစ္ဆတိ, အာဂစ္ဆိဿတိ,တိ အာဂတော၊ နာဂစ္ဆိ, နာဂစ္ဆတိ, နာဂစ္ဆိဿတိ,တိ အနာဂတော။ အာဂတောစ အနာဂတောစ, အာဂတာနာဂတော။ ။ဟုပြု။ ရှေးပုဒ်ဖြင့် သာသနာ ငါးထောင်အတွင်း၌၊ ဤအရပ်သို့ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သော သံဃာကိုယူ။ နောက်ပုဒ်ဖြင့် သာသနာငါးထောင် အတွင်း၌၊ ဤအရပ်သို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ မဟုတ်သော အညာတကောဏ္ဍညမထေရ်, အရှင်သာရိပုတ္တရာမထေရ်, အစရှိသောသံဃာကိုယူ။ (ငါတို့အလို)။ ။နောက်အနက်အလိုအားဖြင့်။ ။ဘိက္ခုဘာဝံ အာဂစ္ဆိ, အာဂစ္ဆတီ,တိ အာဂတော၊ နာဂစ္ဆိ, နာဂစ္ဆတီ,တိ အနာဂတော၊ အာဂမိဿတီတိ အတ္ထော။ အာဂတောစ အနာဂတောစ, အာဂတာနာဂတော။ ။ဟုပြု။ ရှေးပုဒ်ဖြင့်၊ အညာတကောဏ္ဍညမထေရ်, အစရှိသော ရဟန်းအဖြစ်သို့ရောက်ပြီး, ရောက်ဆဲသော သံဃာကိုယူ။ နောက်ပုဒ်ဖြင့် ရဟန်းအဖြစ်သို့ ရောက်လတ္တံ့သော သံဃာကိုယူ။ ။(ဤကား ဆရာတို့အလို)။ ။ယော သံဃော၊ အကြင်သံဃာသည်။ ဣဒံဌာနံ၊ ဤအရပ်သို့။ အာဂစ္ဆိ၊ ရောက်ဘူးပြီ။ အာဂစ္ဆတိ၊ ရောက်ဆဲ။ အာဂစ္ဆိဿတိ၊ ရောက်လတ္တံ့။ ဣတိတသ္မာ၊ ထိုသို့ ဤအရပ်သို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သော သတ္တိကြောင့်။ သောသံဃော၊ ထိုသံဃာသည်။ အာဂတော၊ အာဂတမည်၏။ ယောသံဃော၊ အကြင်သံဃာသည်။ ဣဒံဌာနံ၊ ဤအရပ်သို့။ နာဂစ္ဆိ၊ ရောက်ပြီးမဟုတ်။ နာဂစ္ဆတိ၊ ရောက်ဆဲမဟုတ်။ နာဂစ္ဆိဿတိ၊ ရောက်လတ္တံ့ မဟုတ်။ ဣတိတသ္မာ၊ ထိုသို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့မဟုတ်သော သတ္တိကြောင့်။ သောသံဃော၊ ထိုသံဃာသည်။ အနာဂတော၊ အနာဂတမည်၏။ အာဂတောစ၊ ဤအရပ်သို့ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သောသံဃာလည်း။ အနာဂတောစ၊ ဤအရပ်သို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ မဟုတ်သော သံဃာလည်း။ အာဂတာနာဂတော၊ ဤအရပ်သို့ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့သောသံဃာ။ ဤအရပ်သို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ မဟုတ်သောသံဃာ။ ။(ဤကား ရှေးဝိကပ် အနက်)

ယောသံဃော၊ အကြင်သံဃာသည်။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်သို့။ အာဂစ္ဆိ၊ ရောက်ပြီ။ အာဂစ္ဆတိ၊ ရောက်ဆဲ။ ဣတိတသ္မာ၊ ထိုသို့ရဟန်း အဖြစ်သို့ ရောက်ပြီး, ရောက်ဆဲသောသတ္တိကြောင့်။ သောသံဃော၊ ထိုသံဃာသည်။ အာဂတော၊ အာဂတမည်၏။ ယောသံဃော၊ အကြင်သံဃာသည်။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်သို့။ နာဂစ္ဆိ၊ ရောက်ပြီးမဟုတ်။ နာဂစ္ဆတိ၊ ရောက်ဆဲမဟုတ်။ ဣတိ တသ္မာ၊ ထိုသို့ရဟန်းအဖြစ်သို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သောသတ္တိကြောင့်။ သောသံဃော၊ ထိုသံဃာသည်။ အနာဂတော၊ အနာဂတမည်၏။ အာဂမိဿတိ၊ ရဟန်းအဖြစ်သို့ရောက်လတ္တံ့။ ။ဤတိ၊ ဤသည်ကား၊ အတ္ထော၊အနက်။ ။ အာဂတောစ၊ ရဟန်းအဖြစ်သို့ရောက်ပြီး, ရောက်ဆဲသောသံဃာလည်း။ အနာဂတောစ၊ ရဟန်းအဖြစ်သို့ ရောက်ပြီး, ရောက်ဆဲမဟုတ်၊ ရောက်လတ္တံ့သော သံဃာလည်း။ အာဂတာနာဂတော၊ ရဟန်းအဖြစ်သို့ ရောက်ပြီး, ရောက်ဆဲသောသံဃာ၊ ရဟန်းအဖြစ်သို့ ရောက်ပြီး, ရောက်ဆဲမဟုတ်၊ ရောက်လတ္တံ့သော သံဃာ။ ။(ဤကား နောက်ဝိကပ် အနက်)

ဤနောက်ဝိကပ်ကို ဥပ္ပန္နာဝမ္မာ အနုပ္ပန္နာဝမ္မာကဲ့သို့ကြံ။ ဥပ္ပန္နာဝမ္မာဟူသော ပါဌ်ဖြင့် အတိတ်တရား၊ ပစ္စုပ္ပန်တရားတို့ကိုယူသော အနုဋီကာ၌လာသော ကေစိဝါဒ၊ ဥပ္ပန္နာဝမ္မာဟူသောပုဒ်၌၊ ကာလ၏ အစွမ်းဖြင့် မဝင်သော်လည်း၊ တရားကိုယ်အားဖြင့် ဝင်သည်ဖြစ်၍၊ အတိတ်တရားအကြွင်းမရှိ ဟူသောအဋ္ဌကထာတို့ကိုထောက်၍ ၎င်းစကားကို ဆိုအပ်၏။ ။တနည်းကား အာဂစ္ဆတီတိ အာဂတော။ ဝိဇ္ဇတီတိ အတ္ထော၊ နအာဂတော အနာဂတော။ နဝိဇ္ဇတီတိ အတ္ထော။ ။ယော သံဃော၊အကြင်သံဃာသည်။ အာဂစ္ဆတိ၊ ရောက်၏။ဣတိတသ္မာ၊ကြောင့်။ သော သံဃော၊ ထိုသံဃာသည်။ အာဂတော၊ အာဂတမည်၏။ ဝိဇ္ဇတိ၊ ရှိ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အဓိပ္ပါယ်တည်း။ ။အာဂတော၊ ရောက်သည်။န၊ မဟုတ်။ အနာဂတော၊ ရောက်သည်မဟုတ်။ နဝိဇ္ဇတိ၊ မရှိ။ ဣတိအယံ၊ဤသည်ကား။ အတ္ထော၊ အဓိပ္ပါယ်တည်း။

ဤ၌အာဂတောဟူသောပါဌ်ဖြင့်၊ထိုအရပ်၌ရှိသောသံဃာကိုယူ။ အနာဂတောဟူသောပါဌ်ဖြင့်၊ ထိုအရပ်၌မရှိသော ကာလသုံးပါးတို့၌၎င်း၊ ခပ်သိမ်းသောအရပ်တို့၌၎င်း၊ တည်သော အပိုင်း အခြားမရှိသော အညာတကောဏ္ဍညမထေရ်အစ၊ ကာသာဝကဏ္ဌဆုံးရှိသော သံဃာကိုယူ။ ရှေး၌ပြအပ်ပြီးသော ဝစနတ္ထတို့နှင့် သဒ္ဒါအနက်အားဖြင့်သာထူးသည်။ အဓိပ္ပါယ်အားဖြင့် အထူးမရှိပြီ။ ဤ၌ရောက်, မရောက်သော သံဃာကိုယူသင့်ကြောင်းကို—

'တာနိစီဝရာနိ,အာဒါယ သာဝတ္ထိံ ဂန္တွာတိ ဧတ္ထ တာနိစီဝရာနိ ဂဟေတွာဂနေ သံဃိကာနေဝ ဟောန္တိ၊ ဘိက္ခုဟိ ဒိန္နမတ္တမေဝတ္ထ ပမာဏံ။ တသ္မာ သစေ ကောစိ

ပဋိပထံ အာဂစ္ဆန္တာ ကုဟိံ အာဝုသော ဂစ္ဆသီတိ ပုစ္ဆိတွာ တမတ္ထံ သုတွာ ကိံ အာဝုသော မယံ သံဃော နပ္ပဟောမာတိ တတ္ထေဝ ဘာဇေတွာ ဂဏှန္တိ သုဂ္ဂဟိတာနိ။ သစေပိ သေမဂ္ဂါ ဩက္ကမိတွာ ကိဉ္စိ ဝိဟာရံ ဝါ အာသနသာလံ ဝါ ပိဏ္ဍာယ စရန္တော ဂေဟံ ဂေဟမေဝ ဝါ ပဝိသတိ။ တတြာပိ နံ ဘိက္ခူ ဒိသွာ တမတ္ထံ ပုစ္ဆိတွာ ဘာဇေတွာ ဂဏှန္တိ သုဂ္ဂဟိတာနေဝ။ ဟူသော စိဝရက္ခန္ဓက အဋ္ဌကထာကိုထောက်၍ သိအပ်၏။

တာနိစိဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တ္ဝာတိစ္တေ၊ တာနိစီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တာဟူသော ပါဠိရှိရပ်၌။ တာနိစီဝရာနိ၊ ထိုသင်္ကန်းတို့သည်။ ဂတဂတဋ္ဌာနေ၊ ရောက်ရာ ရောက်ရာအရပ်၌။ သံဃိကာနေဝ၊ သံဃာ၏ ဥစ္စာတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တွေ့ကြုံသံဃိကသင်္ကန်းကို အရပ် တပါးသို့ဆောင်၍ သွားရာ၌။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဒိဋ္ဌမတ္တမေဝ၊ မြင်ရုံ မျှသာလျှင်။ ပမာဏံ၊ ပမာဏသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ကေစိ၊ အချို့ကုန်သော။ ပဋိပထံ၊ ခရီးရင်ဆိုင်သို့။ အာဂစ္ဆန္တာ၊ လာကြကုန် သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်။ တွံ၊ ငါ့ရှင်သည်။ ကုဟိံ၊ အဘယ်အရပ်သို့။ ဂစ္ဆသိ၊ သွားမည်နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးပြီး၍။ တမတ္ထံ၊ ထိုသံဃိကဖြစ်၍ မဝေဘန်ရသေးသော အကြောင်းကို။ သုတွာ၊ ကြားသည်ရှိသော်။ အာဝုသော၊ ငါ့ရှင်။ မယံ၊ ငါတို့သည်။ သံဃော၊ သံဃာ သည်။ နပ္ပဟောမ၊ မလောက်ကုန်သလော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ ဘာဇေတွာ၊ ဝေဘန်၍။ သစေဂဏှန္တိ၊ အကယ်၍ ယူကြကုန်အံ့။ စေသတိ၊ ဤသို့ယူကြကုန်သည်ရှိသော်။ သုဂ္ဂဟိတာနိ၊ ကောင်းစွာ ယူအပ်သည်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေသော ဘိက္ခု၊ ထိုသင်္ကန်းကို ဆောင်ယူခဲ့သော ရဟန်းသည်။ မဂ္ဂါ၊ ခရီးလမ်းမှ။ ဩက္ကမိတွာ၊ ဘဲ၍။ ကိဉ္စိ၊ တစုံတခုသော။ ဝိဟာရံ ဝါ၊ ကျောင်းသို့ရင်း။ အာသနသာလံ ဝါ၊ ဆွမ်းစား စရပ်သို့ရင်း။ သစေ ပဝိသတိ၊ အကယ်၍ ဝင်သည်ဖြစ်အံ့။ ပိဏ္ဍာယ၊ ဆွမ်းခံခြင်း အလို့ငှါ။ စရန္တော၊ လှည့်လည်သည် ရှိသော်။ ဂေဟံ၊ တအိမ်သော။ ဂေဟ မေဝ ဝါ၊ အိမ်သို့သာလျှင်လည်း။ သစေ ပဝိသတိ၊ အကယ်၍ ဝင်ငြားအံ့။ စေသတိ၊ ဤသို့ ဝင်သည်ရှိသော်။ တတြာပိ၊ ထိုသို့ဝင်ရာအရပ်၌လည်း။ နံ ဘိက္ခုံ၊ ထိုရဟန်းကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဒိသွာ၊ မြင်ကြကုန်သည်ရှိသော်။ တမတ္ထံ၊ ထိုသံဃိကသင်္ကန်း၏ အကြောင်းကို။ ပုစ္ဆိတွာ၊ မေးကြကုန်၍။ ဘာဇေတွာ၊ ဝေဘန်၍။ ဂဏှန္တိ၊ ယူကြကုန်၏။ သုဂ္ဂဟိတာနေဝ၊ ကောင်းစွာ ယူအပ်ကုန် သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ (ဤကားအနက်)

ထိုစကားသင့်စွ။ ထိုသင်္ကန်းတို့သည် ရောက်ရာ ရောက်ရာအရပ်၌ သံဃိက ဖြစ်ကုန်၏ စသည်ကိုဆိုသော အဋ္ဌကထာ ဆရာသည်၊ လှူစဉ်အခါ ရောက်ရှိသော

သံဃာ၏သာ သန္တက မဟုတ်၊ မရောက်သော သံဃာ၏လည်း သန္တက ဖြစ်ကြောင်းကို ပြတော်မူ၏။ ၊ကာလ သုံးပါးတို့၌ တည်သော သံဃာကိုယူသင့်ကြောင်းကို။ ။အနာဂတော ကာသာဝကဏ္ဍ သံဃဿ ဒိန္န ဒက္ခိဏာ ပန ကော သောဓေတိ၊ သာရိပုတ္တ မောဂ္ဂလာနာဒယော အသီတိ မဟာထေရာ သောဓေန္တိ။ အပိစ ထေရာ စိရပရိနိဗ္ဗုတာ။ ထေရေ အာဒိံ ကတွာ ယာဝဇ္ဇ ဓရမာနာ ခီဏာသဝါ သောဓေန္တိယေဝ။ ။ဟူသော ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ သာကေကိုဋ်း။ ။နံနက်အခါ၌ သံဃာအားလှူအပ်သော မဝေဘာန်အပ်သေးသော ဝတ္ထုတို့ကို ညချမ်းအခါ ရဟန်း အဖြစ်သို့ရောက်သော သံဃာအား ဝေဘာန်အပ်သော ယုတ္တိကိုဋ်းထောက်၍ သိရာ၏။

အနာဂတေ၊ လာလတ္တံ့သောအခါ အနာဂတ်ကာလ၌။ ကာသာဝကဏ္ဍ သံဃဿ၊ သင်္ကန်းကို လည်ဝယ်ရောက်၍ ရဟန်းတို့၏ အသွင်မျှလောက်ကိုသာ ပြတတ်သော ကာသာဝကဏ္ဍသံဃာအား။ ဒိန္န ဒက္ခိဏာ ပန၊ လှူအပ်သော အလှူကိုကား။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ သောဓေတိ၊ သုတ်သင်လေသနည်း။ သာရိပုတ္တ မောဂ္ဂလာနာဒယော၊ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန် အစရှိကုန်သော။ အသီတိ မဟာထေရာ၊ ရှစ်ကျိပ်သော မဟာထေရ်တို့သည်။ သောဓေန္တိ၊ သုတ်သင်ကုန်၏။ အပိစ၊ တနည်းသော်ကား။ ထေရာ၊ မထေရ်တို့သည်။ စိရပရိနိဗ္ဗုတာ၊ ပရိနိဗ္ဗာန်စံ၍ ကြာမြင့်လှလေကုန်ပြီ။ ထေရေ၊ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန် အစရှိကုန်သော မထေရ်တို့ကို။ အာဒိံ ကတွာ၊ အစပြု၍။ ယာဝဇ္ဇ၊ ယနေ့ထက်တိုင်။ ဓရမာနာ၊ ထင်ရှားရှိတော်မူကုန်သော။ ခီဏာသဝါ၊ ရဟန္တာသခင် အရှင်မြတ်တို့သည်။ သောဓေန္တိယေဝ၊ သုတ်သင်ကုန်သည်သာလျှင်တည်း။ ။ (ဤကားအနက်)

ထိုစကားသင့်စွ။ အရှင်သာရိပုတ္တရာ အစရှိသော မထေရ်တို့သည် သုတ်သင်ကုန်၏ ဆိုသော အဋ္ဌကထာဆရာသည်။ ။သံဃေ ဥဒ္ဒိဿ ဒိန္နံ၊ ။ဟူသောပါဠိတော်၌ ရည်၍ လှူအပ်၏ဟူသည် အရှင်သာရိပုတ္တရာ အစရှိသော ကာလသုံးပါးတို့၌တည်သော သံဃာတော်အား လှူခြင်းပင်တည်းဟု ပြတော်မူ၏။ အရပ်လေးမျက်နှာတို့၌ တည်သောသံဃာကို ယူသင့်ကြောင်းကို—

အဘိယောဂေပိ စေတ္ထ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခူနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ မဟန္တမ္ပိ ခုဒ္ဒကံပိ အဘိယုဉ္ဇတော အဘိယောဂေါ န ရုဟတိ။ အစ္ဆိန္ဒိတွာ ဂဏှိတုံပိ န သက္ကောတိ။ တသ္မာ သဗ္ဗေသံ ဓုရနိက္ခေပါ ဘာဝတော။ န ဟေတ္ထ သဗ္ဗေ စာတုဒ္ဒိသာ ဘိက္ခူ ဓုရနိက္ခေပံ ကရောန္တိ။ ဒီဃဘာဏကာဒိဘေဒဿ ပန ဂဏဿ ဝါ ဧကပုဂ္ဂလဿ ဝါ သန္တကံ အဘိယုဉ္ဇိတွာ

ဂဏှန္တော သင်္ကေတိ၊ တော ဓုရံ နိက္ခိပါပေတုံ။ ။ဟူသော ဒုတိယ ပါရာဇိက အဘွင့် အဋ္ဌကထာကို ထောက်၍သိရာ၏။

ထွေ၊ ဤဝိဟာရ အဋ္ဌကထာ၌။ အဘိယောဂေပိ၊ တရားဆိုသော်လည်း။ ဝါ၊တရားတွေ့သော်လည်း။ စာတုဒ္ဒိသံ၊ အရပ် လေးမျက်နှာတို့၌ သွားလာနေ ထိုင်သော။သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိန္နံ၊ လှူအပ်သော။ မဟန္တံပိ၊ ကြီးသည်လည်းဖြစ်သော။ ခုဒ္ဒကမ္ပိ၊ ငယ်သည်လည်း ဖြစ်သော။ ဝိဟာရံဝါ၊ ကျောင်းတိုက်ကြီးကိုရင်း။ ပရိဝေဏံဝါ၊ ကျောင်း တိုက်ကြီး၏အတွင်း၌ တံတိုင်းမျဉ်းတားစသည်တို့ဖြင့် ကာရံလျက် ဆောက်လုပ် အပ်သော ပရိဝုဏ်ကိုရင်း။အာဝါသံဝါ၊ အသီးအခြား ဆောက်လုပ်အပ်သော ကျောင်းကိုရင်း။ဝါ၊ တည်းခိုးရာ စရပ်ကိုရင်း။ ။(ဝိဟာရန္တိ မဟာဝိဟာရံ၊ ပရိဝေဏန္တိ မဟာဝိဟာရဿ အဗ္ဘန္တရေ ပါကာရ ပရိက္ခိတ္တဋ္ဌာနံ။ အာဝါသန္တိ ဧကံ အာဝသထံ။ ။ဟူသော သာရတ္ထဋီကာနှင့်အညီ ယောဇနာသည်)။ ။ အဘိယုဉ္ဇတော၊ တရားဆိုသော ရဟန်း၏။ ဝါ၊ တရားတွေ့သော ရဟန်း၏။ အဘိယောဂေါ၊ တရားဆိုခြင်းသည်။ ဝါ၊ တရားတွေ့ခြင်းသည်။ နရုဟတိ၊ တရားဆိုရာသို့မရောက်။ ဝါ၊ တရားတွေ့ရာသို့ မရောက်။ အစ္ဆိန္ဒိတွာ၊ အနိုင့် အထက်လုယက်၍။ ဂဏှိတုမ္ပိ၊ ယူခြင်း ငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်။ ကသ္မာ၊ အဘယ့်ကြောင့်။ အဘိယောဂေါ၊ တရားဆိုခြင်းသည်။ နရုဟတိ၊ မရောက်လေသနည်း။ အစ္ဆိန္ဒိတွာ၊ အနိုင့်အထက်လုယက်၍။ဂဏှိတုမ္ပိ၊ ယူခြင်း ငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်လေသနည်း၊ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သဗ္ဗေသံ၊ အလုံးစုံ ကုန်သော ရဟန်းတို့၏။ ဓုရနိက္ခေ ပါဘာဝတော၊ ဝန်ချခြင်း၏ မရှိခြင်းကြောင့်။ အဘိယောဂေါ၊ တရားဆိုခြင်း သည်။ နရုဟတိ၊ မရောက်။ အစ္ဆိန္ဒိတွာ၊ အနိုင့်အထက်လုယက်၍။ ဂဏှိတုမ္ပိ၊ ယူ ခြင်းငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်။ဣတိအယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဝါ၊ ဟိဝိတ္ထာရေမိ၊ ထိုစကား ကို အကျယ်တဝင့် ဘွင့်၍ဆိုဦးအံ့။ ထွေ၊ ဤစာတုဒ္ဒိသာ သံဃိကအရာ၌။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ စာတုဒ္ဒိသာ၊ အရပ်လေးမျက်နှာတို့၌ သွားလာ နေထိုင် ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓုရနိက္ခေပံ၊ ငါတို့မရကုန်ဟု-ဝန်ချခြင်းကို။ နကရေယျုံ၊ မပြုနိုင်ကြကုန်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တနည်းကား— ဣတိတသ္မာ၊ ထိုသို့အလုံးစုံသော ရဟန်းတို့သည် ဝန်ကိုချခြင်းငှါ မတတ် ကောင်းလေသောကြောင့်။ အဘိယောဂေါ၊ တရားဆိုခြင်းသည်။ ဝါ၊ တရား တွေ့ခြင်းသည်။ နရုဟတိ၊ မရောက်။ အစ္ဆိန္ဒိတွာ၊ အနိုင့်အထက် လုယက်၍။ ဂဏှိတုမ္ပိ၊ ယူခြင်းငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်။ ။"ဟောတုနေဝ်မှ၊

ဟိနှင့်ပြ၊ ချွဲမှုသင့်မည်၊ ဝိတ္ထာပြီ”။ ။ဟူသော နိယံနှင့်အညီ။ ။ဟိတ်ကျယ် အတိုင်း အနက်သမ္ဗန်သည်။(စကားချပ်)။ ။ပန၊တတ်ကောင်းသည်ကိုဆိုဦးအံ့။ ဒိဃဘာဏကာ ဒိဘောဒဿ၊ ဒီဃဘာဏက စသည့် အပြားရှိသော။ ဂဏာဿဝါ၊ ဂိုဏ်း၏ရင်း။ ကေ့ပုဂ္ဂလဿဝါ၊ တယောက်သော ပုဂ္ဂိုလ်၏ရင်း။ သန္တကံ၊ ဥစ္စာကို။ အဘိယုဥ္စတွာ၊ တရားဆို၍။ ဂဏှန္တော၊ ယူသည်ရှိသော်။ တော၊ ထိုဂိုဏ်း-ပုဂ္ဂိုလ်တို့ကို။ ခုရံ၊ ဝန်ကို။ နိက္ခိပါပေတုံ၊ ချစေခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ။ (ဤကားအနက်)

ယိုစကားသင့်စွ။ အရပ်လေးမျက်နှာတို့၌ သွားလာ နေထိုင်သော သံဃာကို ရည်၍ ရဟန်းတို့အား လှူအပ်သော ကျောင်းအစရှိသည်ကို တရားဆင်ခြင်း သည့်မရောက်, စသည်ကိုဆိုသော အဋ္ဌကထာဆရာသည်၊ စာတုဒ္ဒိသာ သံဃာကို ရည်၍ လှူခြင်းဟူသည် ရည်ရွယ်သမဟုတ်။ ၎င်းသံဃာအား သန္တကမြောက် လှူခြင်းပင်တည်းဟု ပြတော်မူ၏။ အပိုင်းအခြား မရှိသော သံဃာ ဟူသည် ကို။ ။ဘိက္ခုသံဃေတိ အပရိစ္ဆိန္နက မဟာဘိက္ခု သံဃေ။ ဘိက္ခုနိ သံဃေပိ ဧသေဝ နယော။ ။ဟူသော ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာကိုရင်း။ ။တွေကာ မေ ဘိက္ခူ ဥဒ္ဒိဿထာတိ ဧဝံ ပရိစ္ဆေဒဿ အကရဏေန ဥပစာရသီမ ပရိယာ ပန္နာနံ ခေတ္တ ပရိယာပန္နာနံဝါ ဝသေန အပရိစ္ဆိန္နက မဟာဘိက္ခု သံဃေ။ ။ ဟူသော ၎င်း၏အဘိနဝဋီကာကိုရင်း ထောက်၍သိအပ်၏။

ဘိက္ခုသံဃေတိ၊ ဘိက္ခုသံဃေ ဟူသည်ကား။ အပရိစ္ဆိန္နက မဟာဘိက္ခု သံဃေ၊ ဥပစာသိမ်၏အစွမ်း, ဂါမခေတ် စသည်တို့၏အစွမ်းဖြင့် အပိုင်း အခြား မရှိသော များစွာသော ရဟန်းအပေါင်းအား။ ဘိက္ခုနိသံဃေပိ၊ ဘိက္ခုနီမ သံဃာ၌လည်း။ ဧသေဝ နယော၊ ဤနည်းကဲ့သို့သောနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ် အပ်၏။ ။(ဤကား ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၏ အနက်)။ ။မေ၊ အကျွန်ုပ်အား။ ဝါ၊ အကျွန်ုပ်ဘို့။ တွေကာ၊ ဤမျှ အရေအတွက် ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဥဒ္ဒိဿထ၊ ညွှန်းတော်မူပါကုန်လော။ ဧဝံ၊ ဤသို့။ ပရိစ္ဆေဒဿ၊ ပိုင်းခြားခြင်းကို။ အကရဏေန၊ မပြုခြင်းကြောင့်။ သီမပရိယာ ပန္နာနံဝါ၊ ဥပစာရသိမ်၌ အကျုံးဝင်ကုန်သော ရဟန်းတို့၏ရင်း။ ခေတ္တ ပရိယာ ပန္နာနံဝါ၊ ဂါမခေတ်စသည်တို့၌ အကျုံးဝင်ကုန်သော ရဟန်းတို့၏ ရင်း။ ဝသေန၊ အစွမ်းဖြင့်။ အပရိစ္ဆိန္နက မဟာဘိက္ခုသံဃေ၊ အရေအတွက် အပိုင်းအခြား မရှိသော ရဟန်းအပေါင်းအား။ ။(ဤကား ၎င်း၏ အဘိနဝ ဋီကာ၏ အနက်)

သံဃေ တုံ့ ဂေါတမီ ဒေဟိအရ- သံဃာနှင့် ခုနစ်ပါးသော ဌာနတို့၌၊ သံဃာသည်အထူးမရှိ၊ စာတုဒ္ဒိသာ သံဃာချည်းပင်တည်း။ ထို့ကြောင့် ၎င်း

အဋ္ဌကထာ၌။ ။သတ္တခေါ ပနိမာတိ ကသ္မာ အာရဘိ၊ သံဃေ တုံ့ ဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာတိ ဟိ ဝုတ္တံ။ တတ္ထ သတ္တသု ဌာနေသု ဒိန္နဒါနံ သံဃေ ဒိန္နံနာမ ဟောတီတိ ဒဿေတုံ ဣမံဒေသနံ အာရဘိ။ ။ဟု မိန့်အပ်၏။

သတ္တခေါပနိမာတိ၊ သတ္တခေါပနိမာ အစရှိသော။ ဒေသနံ၊ ဒေသနာတော်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာရဘိ၊ အားထုတ်တော်မူလေသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ သံဃေ တုံ့ ဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာတိ၊ သံဃေ တုံ့ ဂေါတမိ ဒေဟိ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ သတ္တသု ဌာနေသု၊ ထိုခုနစ်ပါးသော ဌာန တို့တွင်။ ဒိန္နဒါနံ၊ လှူအပ်သော အလှူသည်။ သံဃေ၊ သံဃာအား။ ဒိန္နံနာမ၊ လှူအပ်သော အလှူမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣဒံအတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ ဣမံဒေသနံ၊ သတ္တခေါပနိမာနန္တိ, အစရှိသော ဤဒေသနာတော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာရဘိ၊ အားထုတ်တော်မူ၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ။(ဤကား အနက်)

ရင်း၊ သံဃာအား လှူအပ်သော ပစ္စည်းကို လဟုဘဏ်ဖြစ်အံ့၊ ပုဂ္ဂလိက မြောက်စေဘန်၍၊ ဂရုဘဏ်ဖြစ်အံ့၊ မဝေဘဏ်မူ၍ ထိုက်သည်အားလျော်စွာ သုံးဆောင်အပ်၏။ ။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌—

ပစ္ဆိမာယ ဇနတာယ သံဃေ စိတ္တီကာရ ဇနနတ္ထဉ္စာပိ ဝေမာဟ၊ ဝေံကိရဿ အဟောသိ၊ အဟံ နစိရဋ္ဌိတိကော။ မယှံ ပန သာသနံ ဘိက္ခုသံဃေ ပတိဋ္ဌဟိဿတိ၊ ပစ္ဆိမဇနတာ သံဃေ စိတ္တီကာရံ ဇနေတူတိ ယာဝတတိယံ ပဋိဗာဟိတွာ သံဃဿ ဒါပေသိ၊ ဝေံကိရ သတ္ထာ အတ္တနော ဒိယမာနံပိ သံဃဿ ဒါပေတိ၊ သံဃောနာမ ဒက္ခိဏေယျောတိ ပစ္ဆိမဇနတာ သံဃေ စိတ္တီကာရံ ဥပ္ပါဒေတွာ စတ္တာရောပစ္စယေ ဒါတဗ္ဗံ မညိဿတိ၊ သံဃော စတူဟိ ပစ္စယေဟိ အကိလမန္တော ဗုဒ္ဓဝစနံ ဥဂ္ဂဟေတွာ သမဏဓမ္မံ ကရိဿတိ၊ ဧဝံ မမ သာသနံ ပဉ္စဝဿ သဟဿာနိ ဌဿတီတိ။ ။ဟု မိန့်အပ်၏။

စ၊ သည်သာမကသေး။ ပစ္ဆိမာယ၊ နောက်၌ဖြစ်သော။ ဇနတာယ၊ လူအပေါင်း၏။ သံဃေ၊ သံဃာအား။ စိတ္တီကာရ ဇနနတ္ထဉ္စာပိ၊ ရိုသေခြင်းကို ဖြစ်စေ ခြင်းငှါတည်း။ ဝေံ၊ ဤသို့ သံဃေဒိန္နံ မဟပ္ဖလံ, ဟူ၍။ အာဟ၊

ဟောတော်မူ၏။ အဿ၊ ထိုမြတ်စွာဘုရားအား။ ဧဝံ သော ပရိဝိတက္ကော၊ ဤသို့သော အကြံသည်။ အဟောသိ ကိရ၊ ဖြစ်တော်မူသတတ်။ ကိံ ကော ပရိဝိတက္ကော၊ အဘယ်သို့အကြံသည်။ အဟောသိ၊ ဖြစ်လေသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အဟံ၊ ငါဘုရားသည်။ စိရဋ္ဌိတိကော၊ ရှည်မြင့်စွာသော ကာလပတ်လုံး တည်သည်။ နဘဝိဿာမိ၊ မဖြစ်နိုင်လတ္တံ့။ ပန၊ စင်စစ်သော်ကား။ မယှံ၊ ငါဘုရား၏။ သာသနံ၊ သာသနာတော်သည်။ ဘိက္ခုသံဃေ၊ ရဟန်း သံဃာတော် အပေါင်း၌။ ပတိဋ္ဌဟိဿတိ၊ တည်လတ္တံ့။ ပစ္ဆိမာ-ပစ္ဆိမာယ၊ နောက်၌ဖြစ်သော။ ဇနတာ ဇနတာယ၊ လူအပေါင်း၏။ သံဃေ၊ သံဃာအား။ စိတ္တိကာရံ၊ ရိုသေခြင်းကို။ ဇနေတုံ၊ဖြစ်စေသတည်း။ ဣတိ မနသိ ကရိတွာ၊ ဤသို့နှလုံးပိုက်တော်မူ၍။ ယာဝ တတိယံ၊ သုံးကြိမ်တိုင်အောင်။ ပဋိဗာဟိတွာ၊ ပယ်တော်မူပြီး၍။ သံဃဿ၊ သံဃာတော်အား။ ဒါပေသိ၊ လှူစေတော်မူ၏။ ဧဝံ၊ ဤသို့၊ သတ္ထာ၊ မြတ်စွာဘုရားသည်။ အတ္တနော၊ ကိုယ်တော်ဘုရားအား။ ဒိယျမာနံပိ၊ လှူအပ်သော သင်္ကန်းတော်ကိုလည်း။သံဃဿ၊ သံဃာတော်အား။ ဒါပေသိ ကိရ၊ လှူစေတော် မူသတဲ့။ သံဃေသာ နာမ၊ သံဃာတော် မည်သည်။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံခြင်းငှါထိုက်၏။ ဣတိ၊ ဤသို့။ ပစ္ဆိမဇနတာ၊ နောက်၌ဖြစ်သော လူအပေါင်းသည်။ သံဃေ၊ သံဃာအား။ စိတ္တိကာရံ၊ ရိုသေခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ စတ္တာရော၊ လေးပါးကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ဒါတဗ္ဗံ၊ ပေးလှူ ထိုက်သည်ကို။ မညိဿတိ၊ မှတ်ထင်လတ္တံ့။ မညိတွာ၊ မှတ်ထင်၍။ ဒိဿတိ၊ ပေးလှူလတ္တံ့။ ဧဝံ၊ ဤသို့ပေးလှူသည်ရှိသော်။ (ထည့်)။ သံဃော၊ သံဃာတော်သည်။ စတူဟိ၊ လေးပါးကုန်သော။ ပစ္စယေဟိ၊ပစ္စည်းတို့ဖြင့်။ အကိလမန္တော၊ မငြိုမငြင် မပင်မပန်းသည်။ ဟုတွာ၊ ဖြစ်၍။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကားတော်ကို။ ဥဂ္ဂဟေတွာ၊ သင်ယူပြီး၍။ သမဏဓမ္မံ ရဟန်းတို့၏ တရားကို။ ကရိဿတိ၊ အားထုတ်ခြင်းကို ပြုနိုင်လတ္တံ့။ ဧဝံ၊ ဤသို့ပြုနိုင်သည်ရှိသော်။ မမ၊ ငါဘုရား၏။ သာသနံ၊ သာသနာတော်သည်။ ပဉ္စဝဿ သဟဿာနိ၊ အနှစ်ငါးထောင်တို့ ပတ်လုံး။ ဌဿတိ၊ တည်နိုင်လတ္တံ့။ ဣတိဧသော ပရိဝိတက္ကော၊ ဤသို့သော အကြံတော်သည်။ အဟောသိ ကိရ၊ ဖြစ်တော်မူသတတ်။ ဣတိအယံ၊ ဤသည်ကား။ ပဋိဟာရော၊ အဖြေတည်း။ ။(ဤကားအနက်)

သံဃေ ဒိန္နံ မဟပ္ဖလံ ဌ်-'သံဃာတော်အား ရိုသေခြင်းကို ပြုစွမ်းနိုင်သော ဒါယကာ၏ ရဟန္တာပုဂ္ဂိုလ်အား လှူအပ်သည်ထက်၊ သံဃာမှညွှန်း၍ လှူအပ်သော ဒုဿီလပုဂ္ဂိုလ်အား သံဃာတော်ကို ရည်၍လှူခြင်းသည်၊ အထူး အကျိုးရှိသည်သာတည်း။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

သံဃတော ဥဒ္ဒိသိတွာ ဂဟိတသမဏော ပုထုဇ္ဇနောပိ ပါဋိပုဂ္ဂလိကော သောတာပန္နော၊ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ပုထုဇ္ဇနသမဏော ဒိန္နံ မဟပ္ဖလတရံ၊ ဥဒ္ဒိသိတွာ ဂဟိတော သောတာပန္နော ပါဋိပုဂ္ဂလိကော သကဒါဂါမိတိ အာဒီသုပိ ဧသေဝ နယော၊ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿဟိ ခီဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိသိတွာ ဂဟိတေ ဒုဿီလေပိ မဟပ္ဖလတရမေဝ။ ။ဟု မိန့်အပ်ပြီ။

သံဃတော၊ သံဃာမှ။ ဥဒ္ဒိသိတွာ၊ ရည်ညွှန်း၍။ ဂဟိတသမဏော၊ ယူအပ်သော ရဟန်းသည်။ ပုထုဇ္ဇနောပိ၊ ပုထုဇဉ်သည်။ ဟောတု၊ ဖြစ်စေ။ ပါဋိပုဂ္ဂလိကော၊ အသီးအခြား တပါးသာ ရွေးကောက်၍ ပင့်အပ်သော ပုဂ္ဂိုလ်သည်။ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ ဟောတု၊ မုချအစစ် ဖြစ်လေဦး။ တေသု၊ သံဃာမှ ရည်ညွှန်း၍ရအပ်သော ပုထုဇဉ်ပုဂ္ဂိုလ်၊ အသီး အခြားတပါးသာ ရွေးကောက်၍ ပင့်အပ်သော သောတာပန်ပုဂ္ဂိုလ် နှစ်ယောက် တို့တွင်။ (ထည့်) သံဃေ၊ သံဃာအား။ စိတ္တီကာရံ၊ ရိုသေခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တဿ၊ စွမ်းနိုင်သောသူ၏။ ဝါ၊ စွမ်းနိုင်သောသူအား။ ပုထုဇ္ဇနသမဏေ၊ ပုထုဇဉ် ဖြစ်သောရဟန်း၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလတရံ၊ များသောအကျိုးရှိသည်ထက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥဒ္ဒိသိတွာ၊ သံဃာမှ ရည်ညွှန်း၍။ ဂဟိတော၊ ယူအပ်သော ပုဂ္ဂိုလ်သည်။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်သည်။ ဟောတု၊ဖြစ်စေ။ ပါဋိပုဂ္ဂလိကော၊ အသီးအခြား တပါးသာပင့်၍ ယူအပ်သော ပုဂ္ဂိုလ်သည်။ သကဒါဂါမီ၊ သကဒါဂါမ် ပုဂ္ဂိုလ်သည်။ ဟောတု၊ ဖြစ်စေ။ ဣတိ အာဒီသုပိ၊ ဤသို့ အစရှိသည် တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင် နည်းရှိ၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ သံဃေ၊ သံဃာအား။ စိတ္တီကာရံ၊ ရိုသေခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တဿ၊ တတ်နိုင်သောသူ၏။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်၌။ ဒိန္နဒါနတော၊ ပေးလှူအပ်သော အလှူထက်။ ဥဒ္ဒိသိတွာ၊ သံဃာမှရည်ညွှန်း၍။ ဂဟိတေ၊ ယူအပ်သော။ ဒုဿီလေပိ၊ သီလမရှိသော ဒုဿီလ ပုဂ္ဂိုလ်အားလည်း။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလ တရမေဝ၊ များသောအကျိုးရှိသည်ထက် ရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)

ဝေဘန်သောအခါ သမ္မုခီဘူတသံဃာ ဟူသော တပါး,နှစ်ပါး, စသော ဂိုဏ်းသည် ဝေဘန်အပ်၏။ ။ထို့ကြောင့် စီဝရက္ခန္ဓက ပါဠိတော်၌။ ။ယံတတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊တံသမ္မုခီဘူတေန သံဃေန ဘာဇေတဗ္ဗံ။ ဟူ၍ရင်း။ ။ သံဃဿ ဒေတိ၊ သမ္မုခီဘူတေန သံဃေန ဘာဇေတဗ္ဗံ။ ဟူ၍၎င်း ဟောတော်မူအပ်၏။

တတ္ထ၊ ထိုဂရုဘဏ်, လဟုဘဏ်ပစ္စည်းတို့တွင်။ ယံလဟုဘဏ္ဍံ၊ အကြင်လဟုဘဏ်ပစ္စည်းသည်။ ယံလဟုပရိက္ခာရံ၊ အကြင်လဟုပရိက္ခရာသည်။ အတ္ထိ၊ရှိ၏။ တံ၊ ထိုလဟုဘဏ္ဍာ လဟုပရိက္ခရာကို။ သမ္မုခီဘူတေန၊ မျက်မှောက်၌ ဖြစ်သော။ သံဃေန၊ သံဃာသည်။ ဘာဇေတဗ္ဗံ၊ ဝေဘန်အပ်၏။ ။ယံ၊ အကြင်လဟုဘဏ္ဍာ,လဟုပရိက္ခရာကို။ သံဃဿ၊ သံဃာအား။ ဒေတိ၊လှူအံ့။ သမ္မုခီဘူတေန၊ မျက်မှောက်၌ ဖြစ်သော။ သံဃေန၊ သံဃာသည်။ ဘာဇေတဗ္ဗံ၊ ဝေဘန်အပ်၏၊ ။(ဤကား အနက်)။ ။၎င်းလဟုဘဏ်ပစ္စည်းကို ဝေဘန်၍မယူအပ်မီ စာတုဒ္ဒိသာသံဃိက၊ ဝေဘန်၍ ယူအပ်ပြီးသည် ရှိသော်— ဂဏိက၊ ပုဂ္ဂလိက ဟုမှတ်ရာ၏။

စာတုဒ္ဒိသာသံဃိက ဖြစ်ကြောင်းကို တိုက်ရှိ သံဃာ စွန့်ပစ် အပ်သော ကျောင်း၌ သစ်သီးကြီး,ငယ်ကို ခိုး၍ စားသော ရဟန်းအား ပါရာဇိကသင့်ကြောင်းကိုပြသော။ ။ဆဍ္ဍိတဝိဟာရေ ဖလာဖလံ ထေယျ စိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ၊ ကသ္မာ အာဂတာ နာဂတာနံ သန္တကတ္တာ၊ ဂဏသန္တကေပန ပုဂ္ဂလိကေစ ဥဿာဟ မတ္တမေဝ ပမာဏံ။ ။ဟူသော ဒုတိယ ပါရာဇိက အဘင့် အဋ္ဌကထာကို၎င်း။ ။တပါးတည်းရှိသော ကျောင်း၌၊ ဤသံဃိကသင်္ကန်းတို့သည် ငါ့အား ရောက်ကုန်၏ဟု ဆောက်တည်၍ ယူလျှင်၊ သုဂ္ဂဟိတဖြစ်ကြောင်း၊ ဤကျောင်း၌ ငါတယောက်သာ ရှိသည်၊ ငါ၏ သာလျှင်သင်္ကန်း တို့တည်းဟု ဆောက်တည်၍ ယူလျှင် မိမိ၏သာ သန္တကမဟုတ်၊ စာတုဒ္ဒိသာ သံဃိက ဖြစ်၍ ဒုဂ္ဂဟိတဖြစ်ကြောင်းကိုပြသော—

အဓိဋ္ဌာတုန္တိ ဧတ္ထ အဓိဋ္ဌဟန္တေန ဝတ္တံဇာနိတဗ္ဗံ၊ တေန ဘိက္ခုနာ ဃဏ္ဍိံ ပဟရိတွာ ကာလံ ဃောသေတွာ ထောကံ အာဂမေတွာ သစေ ဃဏ္ဍိသညာယဝါ ကာလသညာယဝါ ဘိက္ခူ အာဂစ္ဆန္တိ။ တေဟိ သဒ္ဓိံ ဘာဇေတဗ္ဗာနိ။ နောစေ အာဂစ္ဆန္တိ။ မယှိမာနိ ပါပုဏန္တီတိ အဓိဋ္ဌာတဗ္ဗာနိ။ ဧဝံ အဓိဋ္ဌိတေ သဗ္ဗာနိ တဿေဝ ဟောန္တိ။ သစေပန ဃဏ္ဍိံ ပဟရိတွာဝါ အပဟရိတွာဝါ ကာလံ ဃောသေတွာဝါ အဃောသေတွာဝါ အဟမေဝတ္ထ မယှမေဝ ဣမာနိ စီဝရာနီတိ ဂဏှာတိ၊ ဒုဂ္ဂဟိတာနိ ဟောန္တိ။ အထ အညော ဣဓ နတ္ထိ၊ မယှံ ဧတာနိ ပါပုဏန္တီတိ ဂဏှာတိ၊ သုဂ္ဂဟိတာနိ။ ။ဟူသော စီဝရက္ခန္ဓက အဋ္ဌကထာကို ၎င်း ကောက်၍သိအပ်၏။

ဆဍ္ဍိတဝိဟာရေ၊ တိုက်ရှိသံဃာသည် စွန့်ပစ်အပ်သော ကျောင်း၌။ ဖလာဖလံ၊ သစ်သီးကြီး,ငယ်ကို။ ထေယျစိတ္တေန၊ ခိုးဝှက်လိုသော စိတ်ဖြင့်။ ပရိဘုဉ္ဇတော၊သုံးဆောင်သော ရဟန်းအား။ ပါရာဇိကံ၊ သာသနာတော်မှ ရှုံးခြင်းသို့

ရောက်သည်။ ဟောခတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အာ
ဂတာနာဂတာနံ၊ ဤကျောင်းတိုက်သို့ ရောက်,မရောက်သော သံဃာတို့၏။ သန္တ
ကတ္တာ၊ ဥစ္စာ၏ အဖြစ်ကြောင့်တည်း။ ပန၊ ဆက်၍ဆိုဦးအံ့။ ဂဏသန္တကေစ၊
ဂိုဏ်း၏ ဥစ္စာ၌၎င်း။ ပုဂ္ဂလိကေစ၊ ပုဂ္ဂိုလ်၏ ဥစ္စာ၌၎င်း။ ဥဿာဟ မတ္တမေဝ၊
သိမ်းယူခြင်းငှါ အားထုတ်ခြင်း၏ ရှိခြင်း, မရှိခြင်း မျှသာလျှင်။ ပမာဏံ၊
ပမာဏတည်း။ ။(ဤကား ရှေးပါရာဇိကာ၏ အဋ္ဌကထာ၏အနက်)

အဓိဋ္ဌာတုန္တိ ဧတ္ထ၊ အဓိဋ္ဌာတုံဟူသော ဤပါဌ်၌။ အဓိဋ္ဌဟာနန္တိ၊ ဆောက်
တည်ခြင်းကို ပြုသော ရဟန်းသည်။ ဝတ္တံ၊ ဝတ်တရားကို။ ဇာနိတဗ္ဗံ၊ သိအပ်
၏။ တေနဘိက္ခုနာ၊ ထိုအဓိဋ္ဌာန်ဆောက်တည်သော ရဟန်းသည်။ ဃဏ္ဋိံ၊
ခေါင်းလောင်းကျောက်စည်ကို။ ပဟာရိတွာ၊ ထိုးခေါက်၍။ ကာလံ၊ အခါကို။
ဃောသေတွာ၊ ကြွေးကြော်၍။ ထောကံ၊ အတံငယ်။ အာဂမေတွာ၊ငံ့လင့်၍။
ဃဏ္ဋိသညာယဝါ၊ ခေါင်းလောင်းသံ, ကျောက်စည်သံ ဟူသော အမှတ်ဖြင့်
၎င်း။ ကာလ သညာယဝါ၊ ကြွေးကြော်သော အခါဟူသော အမှတ်ဖြင့်၎င်း။
ဘိက္ခူ၊ ရဟန်းတို့သည်။ သစေ အာဂစ္ဆန္တိ၊ အကယ်၍ လာကုန်အံ့။ တေဟိ
ဘိက္ခူဟိ၊ ထိုလာသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဘာဇေတဗ္ဗာနိ၊ ဝေဘန်
အပ်ကုန်၏။ နောစေ အာဂစ္ဆန္တိ၊ အကယ်၍ မလာကုန်အံ့။ ဣမာနိ စီဝရာနိ၊ ဤ
သင်္ကန်းတို့သည်။ မယှံ၊ ငါ့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ အဓိ
ဋ္ဌာတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ ဧဝံ၊ ဤသို့။ အဓိဋ္ဌိတေ၊ ဆောက်တည်
အပ်ပြီးသည်ရှိသော်။ သဗ္ဗာနိ စီဝရာနိ၊ အလုံးစုံသောသင်္ကန်းတို့သည်။တဲဿေဝ
ဘိက္ခုနော၊ ထိုရဟန်း၏ သာလျှင်။ သန္တကာနိ၊ ဥစ္စာ တို့သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။ ပန၊ ရသည်မှ တပါး၊ မရသည်ကို ဆိုဦးအံ့။ ဃဏ္ဋိံ၊ ခေါင်း
လောင်းကျောက်စည်ကို။ ပဟာရိတွာဝါ၊ ထိုးခေါက်၍၎င်း။ အပဟာရိတွာဝါ၊
မထိုး မခေါက်မူ၍၎င်း။ ကာလံ၊ အခါကို။ ဃောသေတွာဝါ၊ ကြွေးကြော်၍
၎င်း။ အဃောသေတွာဝါ၊ မကြွေးကြော်မူ၍၎င်း။ထေ၊ ဤအရပ်၌။ အဟံ၊ငါ
တယောက်ထည်းသည်။ အတ္ထိ၊ ရှိ၏။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်း တို့သည်။
မယှံမေဝ၊ ငါ၏သာလျှင်။ စီဝရာနိ၊ သင်္ကန်းတို့တည်း။ ဣတိ မနသိကရိတွာ၊ဤ
သို့နှလုံးပိုက်၍။ သစေဂဏှာတိ၊ အကယ်၍ယူအံ့။ဧဝံသတိ၊ ဤသို့ယူသည်ရှိသော်။
ဒုဂ္ဂဟိတာနိ၊ မကောင်းသဖြင့် ယူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမ၊
ဤအရပ်၌။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သော သူသည်။
အထနတ္ထိ၊ အကယ်၍ မရှိသည် ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ မရှိသည် ရှိသော်။
တေနိ စီဝရာနိ၊ထိုသင်္ကန်းတို့သည်။ မယှံ၊ ငါ့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။
ဣတိမနသိကရိတွာ၊ ဤသို့ နှလုံးပိုက်၍။ ဂဏှာတိ၊ ယူငြားအံ့။ သုဂ္ဂဟိတာနိ၊

ကောင်းစွာ ယူအပ်သည်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကား စီဝရက္ခန္ဓက အဋ္ဌကထာ၏ အနက်တည်း။)

အချို့ကား ·သမ္မုခီဘူတ သံဃိက, အာရာမ သံဃိကဟူ၍ ဆိုကြကုန်၏။ အလျဉ်းပင် မသင့်ဟု မှတ်ရာ၏။ ။ဂရုဘဏ်ဖြစ်က ဝေဘန် သင့်ကြောင်းကို။ ။ယံ တတ္ထဂရုဘဏ္ဍံ ဂရုးရိက္ခာရံ၊ တံ အာဂတာ နာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ။ ။ဟူသော ၎င်းခန္ဓက ပါဠိတော်ကို ထောက်၍ သိအပ်၏။ ။တတ္ထ၊ ထိုဘဏ္ဍာ တို့တွင်။ ယံဂရုဘဏ္ဍံ၊ အကြင်အလေးပြုအပ်သော ဘဏ္ဍာသည်။ ယံဂရု ပရိက္ခာရံ၊ အကြင်အလေး ပြုအပ်သော ပရိက္ခရာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအလေးပြုအပ်သော ဘဏ္ဍာ ပရိက္ခရာကို။ အာဂတာ နာဂတဿ၊ ဤအရပ်သို့ ရောက်, မရောက် သေးသော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော။ သံဃဿ၊ သံဃာ ၏။ သန္တကံ၊ ဥစ္စာသည်။ ဟုတွာ၊ ဖြစ်ခြင်းကြောင့်။ ကဿစိ၊ တစုံတယောက် သော သူအား။ အဝိဿဇ္ဇိကံ၊ မစွန့်ထိုက်သည်။ အဝေဘင်္ဂိကံ၊ မဝေဘန် ထိုက်သည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော် မူ၏။ ။(ဤသို့သမွန်)။ ။ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌။ ။ပါဠိယံ အဝိ ဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာ နာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတွာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော။ ။ဟု မိန့်အပ်ပြီ။ ။ပါဠိယံ၊ ပါဠိတော်၌။ အဝိဿဇ္ဇိကံ၊ အဝေ ဘင်္ဂိကန္တိ၊ အဝိဿဇ္ဇိကံ, အဝေဘင်္ဂိကံ ဟူသည်ကား။ အာဂတာ နာဂတဿ၊ ဤအရပ်သို့ ရောက် မရောက်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော။ သံဃဿေဝ၊ သံဃာ၏သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟုတွာ၊ ဖြစ်ခြင်းကြောင့်။ ကဿစိ၊ တစုံတယောက်သောသူအား။ အဝိဿဇ္ဇိကံ၊ မစွန့်ထိုက်သည်။ အဝေဘင်္ဂိကံ၊ မဝေဘန် ထိုက်သည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။(ဤကားအနက်)

၎င်းပစ္စည်းကို တိုက်တပါးသံဃာ၏ဥစ္စာဖြစ်သော်လည်း ကျောင်းကိုပြုပြင် စီရင်ခြင်း၊ တရားဟောပြဆုံးမခြင်းဖြင့် ကျေးဇူးပြု စိမ့်သောငှါ၊ တိုက်တာကို ညွှန်း၍ သံဃာကို လှူအပ်ရကား တိုက်ပဉ္စနေလျက် သုံးဆောင်သေ ရဟန်းအား အစားပေးထိုက်၏။ ။ထို့ကြောင့် ဒုတိယ ပါရာဇိက အဘင့် အဋ္ဌကထာ၌။ ။ဗဟိဥပစာရသီမာယ နိသိဒိတွာ ဣဿရဝတာယ ပရိဘုဉ္ဇတော ဂီဝါ။ ။ဟု မိန့်အပ်၏။ ။ဗဟိ ဥပစာရ သီမာယ၊ ဥပစာရသိမ်ပ၌။ နိသီဒိတွာ၊ နေ၍။ ဣဿရ ဝတာယ၊ အစိုးရသည်၏ အဖြစ်ဖြင့်။ ပရိဘုဉ္ဇတော၊ သုံးဆောင်သော

ရဟန်းအား။ ဂိဝါ၊ မြိထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ။ (ဤကားအနက်) [ကျောင်းကိုပြုပြင်စီရင်ခြင်းငှါ တိုက်တာကိုညွှန်း၍လှူအပ်၏ဟူရာ၌၊အကြောင်းကား နောက်၌ ထင်ရှားလတ္တံ့]။ ။ဘိက္ခုဿ ဘိက္ခဝေ ကာလကံတေ သံဃော သာမိ ပတ္တစီဝရေ၊ စသည်ဖြင့် မိန့်အပ်သည်ဖြစ်၍၊ အလုံးစုံသော သံဃာတို့နှင့် ဆက်ဆံရကား၊ မတကသက်န်းသည်လည်း၊ စာတုဒ္ဒိသာ သံဃိကပင်။ ။ကထိန်မခင်းသော် သီတင်းကျွတ်လပြည့်ကျော် တရက်ကစ၍၊ တန်ဆောင်မုန်းလပြည့်တိုင် တလကိုရင်း၊ ခင်းသော် တပေါင်း လပြည့်တိုင် ငါးလကိုရင်း သင်္ကန်း ကာလဟုမှတ်။ ။ကထိန်မခင်းသော် တန်ဆောင်မုန်းလပြည့်ကျော် တရက်ကစ၍ သီတင်းကျွတ်လပြည့်တိုင် တဆဲ့တလကိုရင်း၊ ခင်းသော်တပေါင်းလပြည့်ကျော် တရက်ကစ၍ သီတင်းကျွတ်လပြည့်တိုင် ခုနစ်လကိုရင်း အကာလဟုမှတ်။ ယင်းတွင် အကာလ အခါ၌၊ သံဃဿ ဒေမ ဟုဆို၍ လှူအပ်သော သင်္ကန်းကို ရောက်လာတိုင်းသော သမ္မုခိဘူတ သံဃာသည် ဝေဘန်၍ ယူအပ်၏။ ။ထို့ကြောင့် မဟာဝါ စီဝရက္ခန္ဓက၌—

တေနခေါပန သမယေန အညတရော ဘိက္ခု ဥတုကာလံ ဧကော ဝသတိ။ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ အဒံသု။ အထခေါ တဿ ဘိက္ခုနော ဧတဒဟောသိ၊ ဘဂဝါ ပညတ္တံ စတုဝဂ္ဂေါ ပစ္ဆိမော သံဃောတိ၊ အဟဉ္စမှိ ဧကကော၊ ဣမေစမနုဿာ သံဃဿ ဒေမာတိ စီဝရာနိ အဒံသု။ ယံနူနာဟံ ဣမာနိ သံဃိကာနိ စီဝရာနိ သာဝတ္ထိံ ဟရေယျန္တိ။ အထခေါ သောဘိက္ခု တာနိစီဝရာနိ သာဝတ္ထိံ ဂန္တွာ ဘိက္ခူနံ ဧတမတ္ထံ အာရောစေသိ၊ ဘိက္ခူ ဘဂဝတော အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ သမ္မုခိဘူတေန သံဃေန ဘာဇေတုံ၊ ဣဓပန ဘိက္ခဝေ ဘိက္ခု ဥတုကာလံ ဧကော ဝသတိ။ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တေန ဘိက္ခုနာ တာနိစီဝရာနိ အဓိဋ္ဌာတုံ မယှိမာနိစီဝရာနီတိ၊ တဿ စေ ဘိက္ခဝေ ဘိက္ခုနော တံစီဝရံ အနဓိဋ္ဌိတေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမကော ဒါတဗ္ဗော ဘာဂေါ၊ တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံစီဝရံ အဘာဇိယမာနေ အပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမကော ဒါတဗ္ဗော ဘာဂေါ၊ တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံစီဝရံ ဘာဇိယမာနေ ပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ နကာမာ ဒါတဗ္ဗော ဘာဂေါတိ။ ။ဟု ဟောတော်မူအပ်၏။

တေနခေါပန သမယေန၊ ထိုအခါ၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ဥတုကာလံ၊ ဆောင်းဥတု၊ နွေဥတု ကာလပတ်လုံး။ ဧကော၊ တယောက်ထည်းထည်း။ ဝသတိ၊ နေ၏။ တတ္ထ၊ ထိုကျောင်းတိုက်၌။ မနုဿာ၊

လူတို့သည်။ သံဃာ၊ သံဃာတော်အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့
ဆို၍။ စီဝရာနိ၊ သင်္ကန်းတို့ကို။ အဒံသု၊ လှူကြကုန်၏။ အထခေါ၊ ထိုအခါ၌။
တဿဘိက္ခုနော၊ ထိုရဟန်းအား။ တေံခေသော ပရိဝိတက္ကော၊ ဤသို့သော
အကြံသည်။ အဟောသိ၊ ဖြစ်၏။ ကိံကော ပရိဝိတက္ကော၊ အဘယ်သို့သော
အကြံသည်။ အဟောသိ၊ ဖြစ်လေသနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားရှင်သည်။
စတုဝဂ္ဂေါ၊ လေးပါးသော ရဟန်းတို့၏ အစုသည်။ ပစ္ဆိမော၊ အနည်းဆုံး
အယုတ်ဆုံးဖြစ်သော။ သံဃော၊ သံဃာမည်၏။ ဣတိ၊ ဤသို့။ ပညတ္တံ။ ပညတ်
တော်မူအပ်ပြီ။ အဟဉ္စ၊ ငါသည်လည်း။ ကေကော၊ တယောက် အထည်း
တည်းသာ။ အမှိ၊ ဖြစ်ခဲ့၏။ ဣမေစ မနုဿာ၊ ဤလူတို့သည်လည်း။ သံဃာ၊
သံဃာတော်အား။ မေဒ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့ဆို၍။ စီဝရာနိ၊ သင်္ကန်း
တို့ကို။ အဒံသု၊ လှူကြကုန်၏။ အဟံ၊ ငါသည်။ သံဃိကာနိ၊ သံဃာ၏ဥစ္စာ
ဖြစ်ကုန်သော။ စီဝရာနိ၊ သင်္ကန်းတို့ကို။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဟရေယျံ၊
ဆောင်ရမူကား။ ယံနူန၊ ကောင်းလေစွ။ ဣတိသော ပရိဝိတက္ကော၊ ဤသို့
သော အကြံသည်။ အဟောသိ၊ ဖြစ်၏။ အထခေါ၊ ထိုအခါ၌။ သောဘိက္ခု၊
ထိုရဟန်းသည်။ တာနိစီဝရာနိ၊ ထိုသင်္ကန်းတို့ကို။ အာဒါယ၊ ယူ၍။ သာဝတ္ထိံ၊
သာဝတ္ထိပြည်သို့။ ဂန္တွာ၊ သွားလေ၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဧတမတ္ထံ၊
ထိုအကြောင်းကို။ အာရောစေသိ၊ ကြားလေ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဂ
ဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊
နားတော် လျှောက်ကြားကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မုခိဘူတေန၊
မျက်မှောက်၌ရှိသော။ သံဃေန၊ သံဃာသည်။ ဘာဇေတုံ၊ ဝေဘန်ခြင်းငှါ။
အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ပန၊ ဆက်၍ တဘန် ဟောတော်မူပြန်
ဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။
ဥတုကာလံ၊ ဆောင်းကာလ- နွေကာလပတ်လုံး။ ကေကော၊ တယောက်
အထည်းတည်း။ ဝသတိ၊ နေ၏။ တတ္ထ၊ ထိုကျောင်းတိုက်၌။ မနုဿာ၊
လူတို့သည်။ သံဃာ၊ သံဃာအား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့
ဆို၍။ စီဝရာနိ၊ သင်္ကန်းတို့ကို။ ဒေန္တိ၊ လှူကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။
တေနဘိက္ခုနာ၊ ထိုရဟန်းသည်။ တာနိစီဝရာနိ၊ ထိုသင်္ကန်းတို့ကို။ ဣမာနိ
စီဝရာနိ၊ ဤသင်္ကန်းတို့သည်။ မယှံ၊ ငါ၏။ စီဝရာနိ၊ သင်္ကန်းတို့တည်း။
ဣတိ၊ ဤသို့။ အဓိဋ္ဌာတုံ၊ ဆောက်တည်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရား
ခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တဿဘိက္ခုနော၊ ထိုရဟန်း၏။ ဝါ၊
ထိုရဟန်းသည်။ တံစီဝရံ၊ ထိုသင်္ကန်းကို။ အနဓိဋ္ဌိတေ၊ မဆောက်တည်
အပ်သေးမီ။ အညော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ စေ ဂစ္ဆတိ၊
အကယ်၍လာအံ့။ ဧံသတိ၊ ဤသို့လာသည်ရှိသော်။ သမကော၊ မျှသော။

ဘာဂေါ၊ အဘို့ကို။ ဒါတဗ္ဗော။ ပေးအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ တံစီဝရံ၊ ထိုသင်္ကန်းကို။ အဘာဇိယမာနေ၊ မဝေဘန်အပ်ခဲ့သေးမီ။ ကုသေ၊ ကမ္ဗည်းတံကို။ အပါတိတေ၊ မချအပ်သေးမီ။ အညော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ စေ အာဂစ္ဆတိ၊ အကယ်၍ လာအံ့။ သမကော၊ မျှသော။ ဘာဂေါ၊ အဘို့ကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။တေဟိဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ တံစီဝရံ၊ထိုသင်္ကန်းကို။ ဘာဇိယမာနေ၊ ဝေဘန်အပ်ပြီးသည်ရှိသော်။ ကုသေ၊ ကမ္ဗည်းတံကို။ ပါတိတေ၊ ချအပ်ပြီးသည်ရှိသော်။ အညော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ စေအာဂစ္ဆတိ၊ အကယ်၍လာအံ့။ အကာမာ၊ အလိုမတူသည်ရှိသော်။ ဝါ၊ မပေးလိုသည်ရှိသော်။ ဘာဂေါ၊ အဘို့ကို။ နဒါတဗ္ဗော၊ မပေးအပ်။ ဣတိ၊ ဤသို့၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ။(ဤကား အနက်)

အကာလအခါ၌ မတက သင်္ကန်းကိုလည်း လာရောက်တိုင်းသော သမ္မုခိဘူတ သံဃာသည် ဝေဘန်အပ်၏။ ။ထို့ကြောင့် ၎င်းခန္ဓက၌။ ။ဘိက္ခုသာ ဘိက္ခဝေ ကာလံကတေ သံဃော သာမိ ပတ္တစီဝရေ။ အပိစ ဂိလာနုပဋ္ဌကာ ဗဟုပကာရာ။ အနုဇာနာမိ ဘိက္ခဝေ သံဃေန တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌကာနံ ဒါတုံ။ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံသမ္မုခိဘူတေန သံဃေန ဘာဇေတုံ။ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ။ ။ဟု ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုဿ ဘိက္ခုသို့၊ ရဟန်းသည်။ ကာလံကတေ၊ သေသည်ရှိသော်။ ပတ္တစီဝရေ၊ သပိတ်သင်္ကန်း၌။ သံဃော၊ သံဃာတော်သည်။ သာမိ၊ အစိုးရ၏။အပိ၊ စင်စစ်သော်ကား။ ဂိလာနုပဋ္ဌကာ၊ သူနာကို လုပ်ကျွေးသော ရဟန်းတို့သည်။ ဗဟုပကာရာ၊ များသောကျေးဇူးရှိကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃေန၊ သံဃာသည်။ တိစီ ဝရဉ္စ၊ သုံးထည်သော သင်္ကန်းကိုရင်း။ ပတ္တဉ္စ၊ သပိတ်ကိုရင်း။ ဂိလာနုပဋ္ဌကာနံ၊ သူနာကိုလုပ်ကျွေးကုန်သော ရဟန်းတို့အား။ ဒါတုံ၊ ဥတ္တိဒုတိယ ကမ္မဝါစာနှင့်သော်ရင်း၊ ပန်ကြားချေသော်ရင်း ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ တတ္ထ၊ ထိုသေသော ရဟန်း၏ ပစ္စည်းတို့တွင်၊ ယံ လဟုဘဏ္ဍဉ္စ၊ အကြင်အလေးမပြုထိုက်သော။ ဝါ၊ အလေးမပြုစလောက်သော လဟုဘဏ္ဍာသည်ရင်း။ ယံလဟုပရိက္ခာရဉ္စ၊ အကြင် အလေးမပြုထိုက်သော။ ဝါ၊ အလေးမပြုစလောက်သော ပရိက္ခရာသည်ရင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအလေးမပြုထိုက်သော။ ဝါ၊ အလေးမပြုစလောက်သော လဟုဘဏ္ဍာ, လဟုပရိက္ခရာကို။ သမ္မုခိဘူတေန၊ မျက်မှောက်၌ ဖြစ်သော။

သံဃေန၊ သံဃာသည်။ ဘာဇေတုံ၊ ဝေဘန်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ တတ္ထ၊ ထိုသေသောရဟန်း၏ ပစ္စည်းတို့တွင်။ ယံ၊ ဂရုဘဏ္ဍ၊ အကြင်အလေးပြုထိုက်သောဘဏ္ဍာသည်ရှင်း၊ ယံ၊ ဂရုပရိက္ခာရဥ္စ၊ အကြင်အလေးပြုထိုက်သော ပရိက္ခရာသည်ရှင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအလေးပြုထိုက်သော ဂရုဘဏ္ဍာ-ဂရုပရိက္ခရာသည်။ ဝါ၊ ကို။ အာဂတာနာဂတဿ၊ ဤအရပ်သို့ ရောက်,မရောက်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော။ သံဃဿ၊ သံဃာ၏။ သန္တကံ၊ ဥစ္စာသည်။ ဟုတွာ၊ ဖြစ်ခြင်းကြောင့်။ ကဿစိ၊ တစုံ တယောက်သောသူအား။ ။(ထည့်)။ ။အဝိသဇ္ဇိကံ၊ မစွန့်ထိုက်သည်။ အဝေဘင်္ဂိကံ၊ မဝေဘန်ထိုက်သည်။ ဘဇိတုံ၊ ဖြစ်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။(ဤကား အနက်)

သက်န်းကာလ၌ သံဃာဒေမဟု ဆို၍ရင်း၊ ဋ္ဌဒံကထိနစီဝရံ သံဃဿ ဒေမ၊ ဟု ဆို၍ရင်း လှူအပ်သော သက်န်းကို စာတုဒ္ဒိသသံဃိက ဖြစ်သော်လည်း-ဝါမှ ထသော ရဟန်းတို့အား ကျောင်းကို တံမျက်လှည်းခြင်း အစရှိသည်ဖြင့် ကျေးဇူးများသည်ဖြစ်၍ ဘုရားအထူးခွင့်ပြုတော် မူအပ်ရကား၊ ဝါမှထသော ရဟန်းတို့သာ ဝေဘန်အပ်၏။ ။ထို့ကြောင့် ခန္ဓက၌ပင်—

တေနခေါပန သမယေန အညတရော ဘိက္ခု ကောဝ ဝဿံ ဝသတိ။ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ အဒံသု၊ အထခေါ တဿဘိက္ခုနော ဧတဒဟောသိ၊ ဘဂဝတာ ပညတ္တံ စတုဝဂ္ဂေါ ပစ္ဆိမော သံဃောတိ။ အဟဉ္စမှိ ဧကကော၊ ဣမေစမနုဿာ စီဝရ အဒံသု။ ယံနူနာဟံ ဣမာနိ သံဃိကာနိ သာဝတ္ထိံ ဟရေယျန္တိ။ အထခေါ သောဘိက္ခု တာနိ စီဝရာနိ သာဝတ္ထိံ ဂန္တွာ ဘဂဝတော ဧတမတ္ထံ အာရောစေသိ။ တုယှေဝ ဘိက္ခု တာနိစီဝရာနိ အညတ္ထ ဂဟေတွာ ဂတာနိပိ ပါပုဏန္တိ၊ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ။ ၂'။ ဟု ဟောတော်မူအပ်ပြီ။

ဘေနခေါ ပန သမယေန၊ ထိုအခါ၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ဧကော၊ တယောက်အထည်းတည်း။ ဝဿံ၊ မိုဃ်းလပတ်လုံး။ ဝသတိ၊ နေ၏။ တတ္ထ၊ ထိုကျောင်းတိုက်၌။ မနုဿာ၊ လူတို့သည်။ သံဃဿ၊ သံဃာ အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့ဆို၍။ စီဝရာနိ၊ သက်န်းတို့ကို။ အဒံသု၊ ပေးလှူကြကုန်၏။ အထခေါ၊ ထိုအခါ၌။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဧတံသော ပရိဝိတက္ကော၊ ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်၏။ ကိံ၊ ကော ပရိဝိတက္ကော၊ အဘယ်သို့သော အကြံသည်။ အဟောသိ၊ ဖြစ်လေသနည်း။ ဘဂဝတာ၊ မြတ်စွာ ဘုရားရှင်သည်။ စတုဝဂ္ဂေါ ၊လေးပါးသော ရဟန်းတို့၏ အပေါင်းသည်။ ပစ္ဆိမော၊ အနည်းဆုံး အယုတ်ဆုံးဖြစ်သော ။သံဃော၊ သံဃာ မည်၏။ ဣတိ၊ ဤသို့။ ပညတ္တံ၊ ပညတ်တော်မူအပ်ပြီ။ ဣမေစ မနုဿာ၊ ဤလူတို့သည်

လည်း။ သံဃာသို့၊ သံဃာတော်အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့ဆို၍။ စီဝရာနိ၊ သင်္ကန်းတို့ကို။ အဒံသု၊ လှူကြကုန်၏။ အဟံ၊ ငါသည်။ သံဃိကာနိ၊ သံဃာ၏ဥစ္စာဖြစ်ကုန်သော။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဟရေယျံ၊ ဆောင်ရပါမူကား။ ယံနူန၊ ကောင်းလေစွ။ ဣတိ သော ပရိဒိတက္ကော၊ ဤသို့သော အကြံသည်။ အဟောသိ၊ဖြစ်၏။ အထခေါ၊ ထိုအခါ၌။ သောဘိက္ခု၊ ထိုရဟန်းသည်။ တာနိစီဝရာနိ၊ ထိုသင်္ကန်း တို့ကို။ အာဒါယ၊ ယူ၍။သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဂန္တွာ၊ သွား၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ထိုအကြောင်းကို။အာရောစေသိ၊ကြားလျှောက်လေ၏။ ဘိက္ခု၊ ရဟန်း။ ကထိနသ္မ၊ ကထိန်ကို။ ယာဝဥဗ္ဘာရာယ၊နုတ်သည်တိုင်အောင်။ တာနိစီဝရာနိ၊ ထိုသင်္ကန်းတို့ကို။ ဝါ၊ ထိုသင်္ကန်းတို့သည်။ အညတ္ထ၊ တပါးသော အရပ်သို့။ ဂဟေတွာ၊ ယူ၍။ ဂတာနိပိ၊ သွားကုန်သော်လည်း။ တုယှဝ၊ သင့်အားသာလျှင်။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ။(ဤကား အနက်)။ ။ ဤပါဠိဖြင့်၊ တယောက်ထည်းတည်းနေသော်လည်း၊ သံဃိက မြောက်ကြောင်း တိုက်ရိုက် ပြတော်မူသည်။ အများကိုရည်၍ လှူအပ် ရကား တပါးမျှပင် မရှိသော်လည်း သံဃိက မြောက်သည်။ ရင်းပစ္စည်းကို ရဟန်းခိုးလျှင် ပါရာဇိကသို့ ရောက်သည်မှတ်။

ဤ၌ကျေးဇူးများ သည်ဖြစ်၍ ဘုရားအထူးခွင့်ပြုတော်မူအပ်ကြောင်းကို။ ။ အန္တရာ မုတ္တကေ အယံ ဝိနိစ္ဆယော။ ကေသွိံ ဝိဟာရေ မဟာလာဘံ သေနာသနံ ဟောတိ၊ သေနာသနသာမိကာ ဝဿူပဂတံ ဘိက္ခုံ သဗ္ဗပစ္စယေဟိ သက္ကစ္စံ ဥပဋ္ဌဟိတွာ ပဝါရေတွာ ဂမနကာလေ ဗဟုသမဏပရိက္ခာရံ ဒေန္တိ၊ မဟာထေရာ ဒူရတောပိ အာဂန္တွာ ဝဿူပနာယိကဒိဝသေ တံဂဟေတွာ ဖါသုံ ဝသိတွာ ဝုဋ္ဌဝဿာ လာဘံ ဂဏှိတွာ ပက္ကမန္တိ၊ အာဝါသိကာ မယံ ထွေပ္ပန္နံ လာဘံ နလဘာမ၊ နိစ္စံ အာဂန္တုကာ မဟာထေရာဝ လဘန္တိ၊ တေယေဝ အာဂန္တွာ ဇဂ္ဂိဿန္တိတိ ပလုဇ္ဇန္တုမ္ပိ နဩလောကေန္တိ၊ ဘဂဝါ တဿ ပဋိဇဂ္ဂနတ္ထံ အပရဇ္ဈုဂတာယ ပဝါရဏာယ အာယတိံ ဝဿာဝါသတ္ထာယ အန္တရာ မုတ္တကော ဂါဟေတဗ္ဗောတိ အာဟ။ ။ဟူသော ဖသနာ သုနက္ခန္ဓက အဋ္ဌကထာကိုထောက်၍ သိသင့်လှ၏။

အန္တရာ မုတ္တကေ၊ အန္တရာမုတ္တက၌။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်တည်း။ ကေသွိံ၊ တပါးသော။ဝိဟာရေ၊ ကျောင်းတိုက်၌။ မဟာလာဘံ၊ များသောလာဘ်ရှိသော။ သေနာသနံ၊ ကျောင်းသည်။ဟောတိ၊ ရှိသည် ဖြစ်၏။ သေနာသန သာမိကာ၊ ကျောင်းရှင် ဒါယကာတို့သည်။

ဝဿူပဂတာ၊ ဝါကပ်သော။ ဘိက္ခူ၊ ရဟန်းကို။ သဗ္ဗပစ္စယေဟိ၊ အလုံးစုံသော ပစ္စည်းတို့ဖြင့်။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပဋ္ဌဟိတွာ၊ လုပ်ကျွေးကြကုန်ပြီး၍။ ပဝါရေတွာ၊ ပဝါရဏာပြုကြကုန်ပြီး၍။ ဂမနကာလေ၊ သွားသောကာလ၌။ ဗဟုံ၊ များစွာသော။ သမဏပရိက္ခာရံ၊ ရဟန်းတို့၏ ပရိက္ခရာကို။ ဒေန္တိ၊ လှူကြကုန်၏။ မဟာထေရာ၊ မထေရ်ကြီးတို့သည်။ ဒူရတောပိ၊ ဝေးသောအရပ်မှလည်း။ အာဂန္တွာ၊ လာကြကုန်၍။ ဝဿူပနာယိက ဒိဝသေ၊ ဝါဆိုသောနေ့၌။ တံ ဝိဟာရံ၊ ထိုကျောင်းကို။ ဂဟေတွာ၊ ခံယူကြကုန်၍။ ဖါသုံ၊ ချမ်းသာစွာ။ ဝသိတွာ၊ နေကြကုန်၍။ ဝုဋ္ဌဝဿာ၊ ဝါကျွတ်ကုန်သည်ရှိသော်။ လာဘံ၊ လာဘ်ကို။ ဂဏ္ဍိတွာ၊ ယူကြကုန်၍။ ပက္ကမန္တိ၊ ဖဲသွားကြကုန်၏။ အာဝါသိကာ၊ ကျောင်းနေဖြစ်ကုန်သော ရဟန်းတို့သည်။ တွေ၊ ဤကျောင်းတိုက်၌။ ဥပ္ပန္နံ၊ ဖြစ်သော။ လာဘံ၊ လာဘ်ကို။ မယံ၊ ငါတို့သည်။ နလဘာမ၊ မရကြကုန်။ နိစ္စံ၊ အမြဲ။ အာဂန္တုက မဟာထေရာဝ၊ အာဂန္တုက ဖြစ်သော မထေရ်ကြီးတို့သည်သာလျှင်။ လဘန္တိ၊ ရကုန်၏။ တေယေဝ၊ ထိုအာဂန္တုကဖြစ်သော မထေရ်ကြီးတို့သည်သာလျှင်။ အာဂန္တွာ၊ လာကြကုန်၍။ ဇဂ္ဂိဿန္တိ၊ သုတ်သင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ဆိုကြကုန်၍။ ပလုဇ္ဇန္တမ္ပိ၊ ကျိုးပျက်သည်ကိုလည်း။ နသြလောကေန္တိ၊ မော်၍မျှ မကြည့်ကြကုန်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုကျောင်းကို။ ပဋိဇဂ္ဂနတ္ထံ၊ သုတ်သင်ခြင်းငှါ။ ပဝါရဏာယ၊ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့သည်။ အပရဇ္ဇုဂတာယ၊ လာပြီး၍ တရက်ရှိလတ်သော်။ (တနည်းကား)။ အပရဇ္ဇုဂတာယ-ပဝါရဏာယ၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့၌။ အာယတိံ၊ လာလတ္တံ့သောနှစ်၌။ ဝဿဝါသတ္ထာယ၊ ဝါကပ်ခြင်းအကျိုးငှါ။ အန္တရာမုတ္တကော၊ ကြားလွတ် ကျောင်းခံခြင်းကို။ ဂါဟေတဗ္ဗော၊ ယူစေအပ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ။(ဤကားသနက်)။ ။{သံဃိကလာဘ်များကို တိုက်တပါး ကနေ၍ မခံအပ်ဟုပယ်သော အရာဟူသမျှ၌၊ ပြအပ်ပြီးသော အကြောင်းကို ကြည့်မှတ်လေ။}

သက်န်းကာလ၌ မတကသံဃိကသက်န်းသည် ငါ့အားရောက်၏ဟု အဓိဋ္ဌာန် ခြင်းကိုမပြုမူ၍၊ ၎င်းတိုက်တွင်းသို့ ရောက်လာသော မတက သက်န်းကိုလည်း ဝါမှထသော ရဟန်းတို့သာရ၏။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌၊ သစေပိ မတကစီဝရံ အဝိဘဇ္ဇိတွာ တံဝိဟာရံ ပဝိသန္တိ၊ သဗ္ဗံ တဿေဝ ဘိက္ခုနော ဟောတိ။ ။ဟုမိန့်အပ်ပြီ။ ။မတကစီဝရံ၊ သေသောရဟန်း၏ သက်န်းကို။ အဝိဘဇ္ဇိတွာ၊ မဝေဘန်မူ၍။ တံဝိဟာရံ၊ ထိုရဟန်းတပါးတည်းသာ နေသော ကျောင်းသို့။ သစေ ပဝိသန္တိ၊ အကယ်၍ဝင်လာကုန်သည်ဖြစ်အံ့။ သဗ္ဗံ၊ အလုံးစုံ

သော သက်န်းသည်။ တဿေဝ ဘိက္ခုနော၊ ထိုငါမှသဒသော ရဟန်းအားသာလျှင်။ ဟောတိ၊ ဖြစ်၏။

တံဝိဟာရံ ပဝိသန္တိ ဟူသောပါဠိဖြင့်၊ သက်န်းကာလ၌သော်လည်း၊ တိုက်ပ၌မတကသက်န်း,သံဃာအား လှူအပ်သော သက်န်းတို့ကို ရောက်လာတိုင်းသော သံဃာသည် ဝေဘန်၍ယူအပ်သည်ကိုပြတော်မူ၏။ ဣဒံ ဘာထိနစီဝရံ သံဃဿ ဒေမ ဟုဆို၍ လှူအပ်သောသက်န်းကို တိုက်ပ၌ဖြစ်သော်လည်း ဝေဘန်၍ မယူကောင်း။ တိုက်တွင်းသို့ ဆောင်၍ ကထိန်ခင်းရာ၏။ ။အ-ကာလ အခါ၌ သံဃဿ ဒေမ ဟုဆို၍ လှူအပ်သော သက်န်းတို့ကို တယောက်ထည်းသော ရဟန်းသည်၊ ဤအရပ်၌ ငါသည်သာလျှင်ရှိ၏။ ဤသက်န်းတို့သည် ငါ၏ သက်န်းတို့တည်းဟု ယူအံ့၊ ဒုက္ကဋိတဖြစ်၍ သံဃိကဖြစ်၍ မစွန့်ရကား၊ တွေ့မြင်တိုင်းသော ရဟန်းတို့သည်၊ ၎င်းသက်န်းကို ဝေဘန်၍ ယူထိုက်၏၊ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။အဟမေဝတ္ထ မယှံမေဝ ဣမာနိ စီဝရာနီတိ ဂဏှာတိ၊ ဒုက္ကဋိတာနိ ဟောန္တိ။ ။ဟုမိန့်အပ်ပြီ။ ။ဧတ္ထ၊ ဤအရပ်၌။ အဟမေဝ၊ ငါသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣမာနိ၊ ဤသက်န်းတို့သည်။ မယှံမေဝ၊ ငါ၏သာလျှင်။ စီဝရာနိ၊ သက်န်းတို့တည်း။ ဣတိ မနသိ ကရိတွာ၊ ဤသို့နှလုံးပိုက်၍။ ဂဏှာတိ၊ ယူအံ့။ ဒုက္ကဋိတာနိ၊ မကောင်းသဖြင့် ယူအပ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။(ဤကား အနက်)

မတက သက်န်းကိုယူရာ၌ နည်းတူပင်မှတ်ရာ၏။ ခေါင်းလောင်းထိုး၍၎င်း၊ သက်န်း ဝေဘန်သောအခါတည်းဟု ကြွေးကြော်၍၎င်း၊ အတန်ကြာငံ့လင့်၍ ထိုခေါင်းလောင်းသံဖြင့် လာသောရဟန်းတို့နှင့် ဝေဘန်၍ယူသော်၎င်း၊ မလာသော် ဤသက်န်းတို့သည် ငါ့အားရောက်ကုန်၏ဟု အဓိဋ္ဌာန်၍ ယူသော်၎င်း သုဂ္ဂဟိတဖြစ်၍၊နောင်အခါ တပါးသော ရဟန်းတို့ တွေ့မြင်သော်လည်း ဝေဘန်၍ မယူထိုက်ကုန်။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။*တေနဟိဘိက္ခုနာ ဃဏ္ဍိံ ပဟရိတွာ ကာလံ ဃောသေတွာ ထောကံ အာဂမေတွာ တေဟိ သဒ္ဓိံ ဘာဇေတဗ္ဗာနိ။နောစေ အာဂစ္ဆန္တိ၊ မယှိမာနိစီဝရာနိ ပါပုဏန္တီတိ အဓိဋ္ဌာတဗ္ဗာနိ။ ဧဝံအဓိဋ္ဌိတေ သဗ္ဗာနိ တဿေဝ ဟောန္တိ။ ။ဟုမိန့်အပ်ပြီ။ ။{၎င်း၏အနက်ကို အောက်ကရေးခဲ့ပြီ။ * ။မကတသက်န်းကိုလည်း နည်းတူပင် မှတ်ရာ၏။}

၎င်းအကာလ အခါ၌၊ ၎င်းသက်န်းတို့ကိုပင် နှစ်ယောက်, သုံးယောက်သော ရဟန်းတို့သည် ဝေဘန်၍ယူအပ်၏။ မဝေဘန်ဘဲယူသော် ဒုက္ကဋိတဖြစ်၍ ရောက်ရာ, ရောက်ရာ သံဃိကပင် ဖြစ်၍နေကုန်၏။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။ကေသုဉ္စိ ဝိဟာရေ ဒွေ ဘိက္ခူ ဟောန္တိ၊ ဒံသာတ္တာနံ သံဃဿ ဒေမာတိ ဒေန္တိ ပါဠေက္ကံ ဘာဇေတဗ္ဗာနိ။ သစေ သဗ္ဗာနေဝ

အမှာကံ ပါပုဏန္တိတိ ဂဟေတွာ ဂစ္ဆန္တိ၊ ဒုပါပိတာနိစေဝ ဒုဂ္ဂဟိတာနိစ၊ တေန ဂတာဂတဋ္ဌာနေ သံဃိကာ နေဝ ဟောန္တိ။ ။ဟုမိန့်အပ်ပြီ။ ။ကေသွံ၊ တတိုက်သော။ ဝိဟာရေ၊ ကျောင်းတိုက်၌။ ဒသ၊ တကျိပ်ကုန်သော။ ဘိက္ခူ၊ ရဟန်း တို့သည်။ ဟောန္တိ၊ ရှိသည် ဖြစ်ကုန်၏။ ဒသ၊ ဆယ်ထည်ကုန်သော။ ဝတ္ထာနိ၊ ပုဆိုးတို့ကို။ သံဃဿ၊ သံဃာအား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့ဆို၍။ ဒေန္တိ၊ လှူကုန်၏။ ပါဠေက္တံ၊ အသီးအသီး။ ဘာဇေတဗ္ဗာနိ၊ ဝေဘန်အပ်ကုန်၏။ သဗ္ဗာနေဝ၊ အလုံးစုံသောသင်္ကန်းတို့သည်သာလျှင်၊ အမှာကံ၊ ငါတို့သို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ-မနသိကတွာ၊ ဤသို့နှလုံးပိုက်ကြကုန်၍။ ဂဟေတွာ၊ ယူကြကုန်၍။ သစေ ဂစ္ဆန္တိ၊ အကယ်၍ သွားကြကုန်အံ့။ ဒုပါပိတာနိစေဝ၊ မကောင်းသဖြင့် ရောက်စေအပ်ကုန်သည်ရှင်း။ ဒုဂ္ဂဟိတာနိစ၊ မကောင်းသဖြင့်ယူအပ်ကုန်သည်ရှင်း၊ ဟောန္တိ၊ ဖြစ်ကုန်၏။ တေန၊ ထို့ကြောင့်။ ဂတ ဂတဋ္ဌာနေ၊ ရောက်ရာရောက်ရာအရပ်၌။ သံဃိကာနေဝ၊ သံဃာ၏ဥစ္စာတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကား အနက်)

သံဃိက သင်္ကန်းတို့သည်၊ ငါတို့အား ရောက်ကုန်၏ဟု မယူမူ၍၊ ဤအရပ်၌ ငါတို့သာရှိကုန်၏၊ ဤသင်္ကန်းတို့သည် ငါတို့၏ သင်္ကန်းတည်းဟုယူမူ၊ ဝေဘန်၍ ယူသော်လည်း၊ ဒုဂ္ဂဟိတပင် ဖြစ်သည်ဟု မှတ်ရမည်။ မဘက သင်္ကန်းလည်း နည်းတူပင်။ အလုံးစုံ မဝေဘန်သော်လည်း၊ တယောက်သောရဟန်း အဘို့ကို ဖြတ်၍ရှင်း၊ နံ့နှင်းစသည်ဖြင့် သား၍ရှင်း ဤသင်္ကန်းသည် သင့်အား ရောက်၏ ဟုပေးပြီး၍၊ ကြွင်းသော သင်္ကန်းတို့သည်၊ ငါတို့အားရောက်ကုန်၏ဟု ယူသော် သုဂ္ဂဟိတ ဖြစ်၏။ ။ထို့ကြောင့်ရှင်းအဋ္ဌကထာ၌—

ကေံပန ဥဒ္ဒရိတွာ ဣဒံတုမှာကံ ပါပုဏာတီတိ သံဃဋ္ဌရဿ ဒတွာ သေသာနိ အမှာကံ ပါပုဏန္တီတိ ဂဟေတုံ ဝဋ္ဋတိ၊ ဧကမေဝ ဝတ္ထံ သံဃဿ ဒေမာတိ အာဟရန္တိ။ အဘာဇေတွာဝ အမှာကံ ပါပုဏန္တီတိ ဂဏှန္တိ ဒုပ္ပါပိတဥ္စေဝ ဒုဂ္ဂဟိတဥ္စ။ သတ္ထကေနပန ဟလိဒ္ဒိ အာဒိနာဝါ လေခံ ကတွာ ဧကံ ကောဋ္ဌာသံ ဣမံ ဌာနံ တုမှာကံ ပါပုဏာတီတိ သံဃဋ္ဌရဿ ပါပေတွာ သေသံ အမှာကံ ပါပုဏာတီတိ ဂဟေတုံ ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။

ပန၊ မအစ်သည်မှ တပါး အပ်သည်ကို ဆိုဦးအံ့။ ဧကံ စီဝရံ၊ တထည်သော သင်္ကန်းကို။ ဥဒ္ဒရိတွာ၊ နုတ်ယူ၍။ ဣဒံစီဝရံ၊ ဤသင်္ကန်းသည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ သံဃတ္ထေရဿ၊ သံဃထေရ်အား။ ဒတွာ၊ ပေးပြီး၍။ သေသာနိ၊ ကြွင်းသောသင်္ကန်းတို့သည်။ ဝါ၊ ကြွင်းသောသင်္ကန်းတို့ကို၊ အမှာကံ၊ ငါတို့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိမနသိကရိတွာ၊ ဤသို့နှလုံးပိုက်၍။ ဂဟေတုံ၊ ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

ကေမေဝ၊ တထည်သာလျှင်ဖြစ်သော။ ဝတ္ထုံ၊ ပုဆိုးကို။ သံဃဿ၊ သံဃာတော်အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ အာဟရန္တိ၊ ဆောင်ယူခဲ့ကုန်၏။ တံဝတ္ထုံ၊ ထိုပုဆိုးကို။ အဘာဇေတွာ၊ မဝေဘန်မူ၍သာလျှင်။ အမှာကံ၊ ငါတို့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုကြကုန်၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဂဏှန္တိ၊ ယူကြကုန်၏။ ဝံဂဟိတေ၊ ဤသို့ယူအပ်ကုန်သည်ရှိသော်။ ဒုပ္ပါဝိတဥ္စဝ၊ မကောင်းသဖြင့် ရောက်စေအပ်သည်ရင်း။ ဒုဂ္ဂဟိတဥ္စ၊ မကောင်းသဖြင့် ယူအပ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ပန၊ မအပ်သည်မှ တပါး၊ အပ်သည်ကိုဆိုအံ့။ သတ္တကေနဝါ၊ ဓားငယ်ဖြင့်ရင်း။ ဟလိဒ္ဒိအာဒိနာဝါ၊ နံနှင်းစသည်ဖြင့်ရင်း။ လေခံ၊ မှတ်သားကြောင်း ဖြစ်သောအရေးကို။ ကတွာ၊ ပြု၍။ ဧကံ၊ တခုသော။ ကောဋ္ဌာသံ၊ အစုကို။ ဣမံဌာနံ၊ ဤ အရပ်သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သံဃတ္ထေရဿ၊ သံဃထေရ်အား။ ပါပေတွာ၊ ရောက်စေ၍။ သေသံ၊ ကြွင်းသော အစုအံ့တို့သည်။ အမှာကံ၊ ငါတို့အား။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ပါပေတွာ၊ ရောက်စေ၍။ ဂဟေတုံ၊ ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကား အနက်)

အဝတ်၌ရှိသော ပန်းပွင့်ပြောက် အခေါက်ချိုးစသည်ဖြင့် အပိုင်းအခြားပြု၍ ပေးခြင်းငှါမအပ်။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌။ ။ယံဝတ္ထသေဝ ပုပ္ဖဝါဝလိဝါ ကေန ပရိစ္ဆေဒံ ကာတုံ နဝဋ္ဋတိ။ ။ဟူ၍ မိန့်အပ်ပြီ။ ။ ဝတ္ထသေဝ၊ အဝတ်၏သာလျှင်။ ယံပုပ္ဖံဝါ၊ အကြင်ပန်းပွင့်ပြောက်သည်ရင်း။ ယာဝလိဝါ၊ အကြင် အတွန့်အခေါက် ချိုးသည်ရင်း၊ အတ္ထိ၊ ရှိ၏။ တေန၊ ထိုပန်းပွင့်ပြောက်, အခေါက်အချိုးအတွန့်ဖြင့်။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကား အနက်)

သင်္ကန်းကာလ၌ စာတုဒ္ဒိသာသံဃိက ဖြစ်သော်လည်း၊ တိုက်တွင်းသို့ပင့်၍ သံဃဿ ဒေမ ဆို၍ လှူအပ်သောသင်္ကန်းကိုရင်း၊ တိုက်တွင်းသို့ မဝေဘန်ဘဲ ရောက်လာသော မတကသင်္ကန်းကိုရင်း ထပေါက်သော ရဟန်းသည်၊ ဤ အရပ်၌ ငါသာရှိသည်။ ဤသင်္ကန်းတို့သည် ငါ၏သင်္ကန်းတည်းဟု ယူသော်ရင်း၊နှစ်ယောက်, သုံးယောက်သော ရဟန်းတို့သည် မဝေဘန်ဘဲ ယူသော်ရင်း ကာလသင်္ကန်းဖြစ်၍ ဝါမှုထသော တိုက်တွင်းရဟန်းတို့အားသာ ခွင့်ပြုတော်မူအပ် ၏ကား သုဂ္ဂဟိတဖြစ်သည်။ ရောက်ရာ၌ သံဃိကမဖြစ်။ ။[သာကေကို တုယော့ဝ ဘိက္ခု တာနိစီဝရာနိ၊ စသည်ဖြင့်ပြအပ်ခဲ့ပြီ။ ။တိုက်ပဥ္စဖြစ်မူ အကာလသင်္ကန်းနည်းပင် ယူရမည်]။ ။သံဃဘတ်, ဥဒ္ဒေသဘတ်, သံဃနိမန္တနဘတ်, သလာကဘတ်, ပက္ခိကဘတ်, ဥပေါသထိယဘတ်, ပါဋိပဒိကဘတ်, ဤခုနစ်မျိုး

တို့သည်လည်း ရောက်လာတိုင်းသော ရဟန်းတို့နှင့်ဆက်ဆံရကား စာတုဒ္ဒိသာ သံဃိကမျိုးပင်။

ထိုခုနစ်ပါးတို့တွင် တဦးသော ဒါယကာသည်ရင်း၊ နှစ်ဦး သုံးဦး စသော ဒါယကာတို့သည်ရင်း၊ ပစ္စည်းကို ပေါင်းစုချက်ပြုတ်၍ရင်း သံဃာကုန်ပင့်၍ လှူအပ်သောဘတ်သည် သံဃဘတ်မည်၏။ ဤသံဃဘတ်၌ သံဃာကုန်ပင့်ရကား ထေရ်စဉ်ချဘွယ် မရှိ။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။တတ္ထ သံဃဘတ္တေ ဌိတိကာနာမ နတ္ထိ။ တသ္မာ အမှာကံ အဇ္ဇ ဒသဒ္ဒါဒသဒိဝသာ ဘူဋ္ဌုန္တာနံ ဂ္ဂဒါနိ အညတော ဘိက္ခူ အာနေထာတိ ဝေမ္မိ ဝတ္တုံ နလဗ္ဘတိ။ တပ္ပိအာဂတာ ဂတာနံ ပါပုဏာတိယေဝ။ ဥဒ္ဒေသ ဘတ္တာဒီသုပန အယံနယော။ ။ဟုမိန့်အပ်၏။ ။တတ္ထ၊ ထိုခုနစ်ပါးသော ဘတ်တို့တွင်။ သံဃဘတ္တေ၊ သံဃာ ကုန်ပင့်၍ လှူအပ်သော သံဃဘတ်၌။ ဌိတိကာနာမ၊ ထေရ်စဉ်မည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ထေရ်စဉ်မရှိလေသောကြောင့်။ ဘူဋ္ဌုန္တာနံ၊ သံဃ ဘတ်ကို စားကုန်သော။ အမှာကံ၊ ငါတို့အား။အဇ္ဇ၊ ယနေ့။ ဒသဒိဝသာဝ ါ၊ ဆယ်ရက်အရေအတွက် ရှိကုန်သည်ရင်း။ ဒ္ဒါဒသဒိဝသာဝ ါ၊ တဆဲ့နှစ်ရက် အရေအတွက် ရှိကုန်သည်ရင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဂ္ဂဒါနိ၊ ယခုအခါ၌။ အညတော၊တပါးသောအရပ်မှ။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာနေထ၊ ပင့်ဆောင် ကြကုန်လော။ ဣတိဝေမ္မိ၊ ဤသို့လည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နလဗ္ဘတိ၊ မရအပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တံသံဃဘတ္တံ၊ ထိုသံဃာအားလုံးကို သိမ်းကျုံး၍ လှူဒါန်းအပ်သော သံဃဘတ်သည်။ အာဂတာ ဂတာနံ ရောက်လာတိုင်း ရောက်လာတိုင်း ကုန်သော ရဟန်းတို့အား။ ပါပုဏာတိယေဝ၊ ရောက်သည် သာလျှင်တည်း။ ပန၊ သည်သာ မကသေး။ ဥဒ္ဒေသ ဘတ္တာဒီသု၊ ဥဒ္ဒေသဘတ်အစရှိသည်တို့၌။ အယံနယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ။(ဤကား အနက်)

တယောက်သော ဒါယကာသည်ရင်း၊ နှစ်ယောက် သုံးယောက် စသော ဒါယကာတို့သည်ရင်း ပေါင်း၍ရင်း၊ အသီးအသီးရင်း၊ ဤမျှသော ရဟန်းတို့ကို သံဃာမှ ညွှန်းတော်မူပါဟု တောင်း၍ လှူအပ်သော မြဲသော ဘတ်သည် ဥဒ္ဒေသဘတ်မည်၏။ သံဃာမှ ညွှန်းတော်မူပါဟု မဆိုမူ၍၊ ဤမျှသော ရဟန်းတို့ကို ပေးပါဟု တောင်း၍ လှူအပ်သော မြဲသော ဘတ်သည် သံဃနိမန္တန ဘတ်မည်၏။ ယနေ့မှစ၍ ဤမျှသော ရဟန်းတို့သည်၊ အကျွန်ုပ်၏ သလာက ဘတ်ကို ခံတော်မူပါဟု အမြဲ လှူအပ်သော ဘတ်သည် သလာက ဘတ်မည်၏။ အမှူ၌လေ့ကျက်ကုန်သော ပုတို့သည် ဥပုသ်ကိုမှတ်မိ စေခြင်းငှါ၊ လဆန်း ငါးရက်၊ ရှစ်ရက်၊ တဆဲ့လေးရက်၊ တဆဲ့ငါးရက်၊ လပြည့်ကျော် ငါးရက်၊

ရှစ်ရက်-တဆဲ့လေးရက်-တဆဲ့ငါးရက် နေ့တို့၌သာ အမြဲလှူအပ်သော ဘတ်သည် ပက္ခိကဘတ် မည်၏။ ။သခွဲဘိုင်း၌သာ ဥပုသ်ဆောက်တည်၍၊ မိမိတို့ စားရန် ထမင်းမှခွဲ၍ အမြဲလှူအပ်သော ဘတ်သည် ဥပေါသထိက ဘတ်မည်၏။ ဥပုသ်နေ့၌ လှူသူများသည်။ အထွက် တရက်နေ့၌ လှူသူ ရှားသည်။ အထွက် တရက်နေ့၌ လှူခြင်းသည်၊ တော်သောအခါ၌ လှူသကဲ့သို့ အကျိုးကြီးသည် ဟူ၍ရှင်း၊ ဥပုသ်ပြုခြင်းဖြင့် စင်ကြယ်သော ရဟန်းတို့အား လှူခြင်းသည်အကျိုး ကြီးသည်ဟူ၍ရှင်း ကြံ၍၊ အထွက်တရက်နေ့၌သာ အမြဲ လှူအပ်သော ဘတ်သည် ပါဋိပဒိကဘတ်မည်၏။ ယင်းခုနစ်မျိုးတို့တွင် ဥဒ္ဒေသဘတ်, နိမန္တနဘတ် နှစ်မျိုးကို လှူလိုသော အခါ၌သာ ပင့်၍ပင့်၍ လှူအပ်သော မမြဲသော ဘတ်ဖြစ်ရကား တိုက်ဘွင်းဘိုက်ပဉ္စပင် ဩွန်းကောင်း၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ယတ္ထကတ္ထစိ သရိတွာ ဂါဟေတဗ္ဗမေဝ။ အဂါဟေတုံ နဝဋ္ဋတိ၊ နဟိ တော် ဒုတိယ ဒိဝသေ လဗ္ဘတိ။ ဟု မိန့်အပ်ပြီ။ ။ယတ္ထ ကတ္ထစိ၊ တိုက်တွင်း တိုက်ပဖြစ်သော အမှတ်မရှိသော အရပ်၌။ သရိတွာ၊ ဒါယကာ ပင့်လိုက်သည် ကို အမှတ်ရသည်ရှိသော်။ တံ၊ ထိုဥဒ္ဒေသ ဘတ်ကို။ ဂါဟေ တဗ္ဗမေဝ၊ ယူစေ အပ်သည်သာလျှင်တည်း။ အဂါဟေတုံ၊ မယူစေခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တော်၊ထိုဥဒ္ဒေသ ဘတ်ကို။ ဒုတိယ ဒိဝသေ၊ နှစ် ရက် မြောက်သော နေ့၌။ နလဗ္ဘတိ၊ မရအပ်။ ။(ဤကား အနက်)

သလာကဘတ် စသော လေးမျိုးသော ဘတ်ကို ယနေ့မှ စ၍ သလာက ဘတ်ကို ခံတော်မူပါ၊ ပက္ခိကဘတ်ကို ခံတော်မူပါ၊ ဥပေါသထိကဘတ်ကို ခံတော် မူပါ။ ပါဋိပဒိကဘတ်ကို ခံတော်မူပါဟု တကြိမ်တည်းပင့်၍ အမြဲ လှူအပ်သော ဘတ်ဖြစ်၍၊ ကျောင်းတိုက်ကိုသာရည်၍ လှူအပ်ရကား၊ တိုက် တွင်း၌သာ ဩွန်းကောင်း၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။အဇ္ဇပဋ္ဌာယ အမှာကံ သလာကဘတ္တံ ဂဏှထာတိ ပုန ပဋ္ဌပေန္တိ။ အန္တောဂါမေ အဂါဟေ တွာ ဝိဟာရံ အာနေတွာဝ ဂါဟေတဗ္ဗံ။ ဣဒံဟိ သလာကဘတ္တံနာမ ဥဒ္ဒေသ ဘတ္တသဒိသံ နဟောတိ၊ ဝိဟာရမေဝ သန္ဓာယ ဒီယတိ။ တသ္မာ ဗဟိဥပစာရေ ဂါဟေတုံ နဝဋ္ဋတိ။ ဟု မိန့်အပ်ပြီ။ ။အဇ္ဇ၊ ယနေ့ကို၊ ပဋ္ဌာယ၊ အစပြု၍။ အမှာကံ၊ ငါတို့၏။ သလာကဘတ္တံ၊ သလာကဘတ်ကို။ ဂဏှထ၊ ခံတော်မူကြ ပါကုန်။ ဣတိ၊ ဤသို့၊ ဝတွာ၊ လျှောက်ထား၍။ ပုန၊ တဖန်။ ပဋ္ဌပေန္တိ၊ ဖြစ်စေ ကုန်အံ့။ ဝေံသတိ၊ ဤသို့ဖြစ်စေသည်ရှိသော်။ အန္တောဂါမေ၊ ရွာတွင်း၌။ အဂါ ဟေတွာ၊ မယူစေမူ၍။ ဝိဟာရံ၊ ကျောင်းသို့။ အာနေတွာဝ၊ ဆောင်၍သာလျှင်။ ဂါဟေတဗ္ဗံ၊ ယူစေအပ်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဣဒံသလာက ဘတ္တံ နာမ၊ ဤသလာကဘတ် မည်သည်။ ဥဒ္ဒေသ ဘတ္တသဒိသံ၊ ဥဒ္ဒေသဘတ် နှင့် တူသည်။ နဟောတိ၊ မဖြစ်။ ဝိဟာရမေဝ၊ ကျောင်းတိုက်ကိုသာလျှင်။ သန္ဓာယ၊

ရည်၍။ ဒီယတိ၊ လှူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဗဟိဥပစာ ေရ၊ ဥပစာသိမ်ပဉ္စ။ ဂါဟေတုံ၊ ယူစေခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကား အနက်)

ယနေ့မှစ၍၊ ဤမျှသော ရဟန်းတို့ကို သံဃာမှညွှန်း၍ ပေးတော်မူပါဟု တောင်း၍ အမြဲလှူအပ်သော ဥဒ္ဒေသဘတ်၊ ယနေ့မှစ၍ ဤမျှသောရဟန်းတို့ကို ပေးပါဟုတောင်း၍ အမြဲလှူအပ်သော ဥဒ္ဒေသဘတ်၊ ယနေ့မှစ၍ ဤမျှသော ရဟန်းတို့ကို ပေးပါဟုတောင်း၍ အမြဲလှူအပ်သော နိမန္တနဘတ်တို့သည် အမြဲလှူအပ်ရကား သလာကဘတ်နှင့် အလားတူကုန်၏။ တိုက်တွင်း၌သာ ညွှန်းကောင်း၏။ ယခုကာလ၌ကဲ့သို့ တရက်တည်းသာ လှူအပ်သော သလာကဘတ်သည် မမြဲရကား၊ ဥဒ္ဒေသဘတ်၊ နိမန္တနဘတ်နှင့် အလားတူ၏။ တိုက်တွင်း၊ တိုက်ပ၌ပင် ညွှန်းကောင်း၏။ ။{ခုနစ်ပါးသော ဘတ်တို့၏ အတူးကို ယခင်ပြခဲ့သည့်အတိုင်း သတိပြု၍မှတ်}။ ။ဤအတူ ရောက်လာတိုင်းသော သံဃာတို့သည် ဝေဘန်၍ ယူအပ်သော ပစ္စည်းကို စာတုဒ္ဒိသာ သံဃိကမျိုးဟု မှတ်ရမည်။ ။စာတုဒ္ဒိသာ သံဃိကမျိုးပြီး၏။

ယံတတ္ထ လဟုဘဏ္ဍံ၊ တံသမ္မုခိဘူတေန သံဃေန ဘာဇေတဗ္ဗံ၊ ဟူသည်နှင့်အညီ၊ လှူစဉ်မျက်မှောက်၌ရှိသော သံဃာတို့သာ ဝေဘန်၍ ယူအပ်သော သမ္မုခိဘူတဿ သံဃဿ ဒေမ ဟုဆို၍ လှူအပ်သော ပစ္စည်းသည် သမ္မုခိဘူတ သံဃိကမျိုးမည်၏။ ။ရင်းပစ္စည်းကို နောက်မှရောက်လာသော ရဟန်းတို့သည် မရအပ်။ ဤရဟန်းသာဟု ပိုင်းခြားခြင်း မရှိရကား၊ တပါးတည်းပင် ရှိသော်လည်း သမ္မုခိဘူတဿ သံဃဿ မေဒ ဟုဆို၍ လှူသော် သမ္မုခိဘူတ သံဃိကမြောက်၏။ တပါးမျှမရှိဘဲလျက် ဤကဲ့သို့ လှူသော် သမ္မုခိဘူတ သံဃိကမဖြစ်။ စာတုဒ္ဒိသာ သံဃိကဖြစ်သည်ဟု မှတ်ရမည်။ ခဏ္ဍသိမ်၌ တစုံတခုသော ကိစ္စဖြင့် စည်းဝေးသော သံဃာကိုမြင်၍၊ ဤသိမ်၌တည်သော သံဃာအား လှူပါ၏ဟု လှူအပ်သော ပစ္စည်းသည်လည်း၊ လှူစဉ် ရင်းသိမ်တွင်း၌တည်သော သံဃာသာ ဝေဘန်အပ်ရကား သမ္မုခိဘူတ သံဃိကမျိုးပင်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ခဏ္ဍသီမာယ ကေနစိကမ္မေန သန္နိပတိတံ သံဃံ ဒိသွာ ဧတ္ထေဝ သီမာယ သံဃဿ ဒေမီတိ ဝုတ္တေ ယာဝတိကာ ဘိက္ခူ အန္တော ခဏ္ဍသီမဂတာ။ တေဟိ ဘာဇေတဗ္ဗံ။ တေသံယေဝဟိ တံ ပါပုဏာတိ။ ။ဟု မိန့်အပ်ပြီ။ ။ခဏ္ဍသီမာယ၊ ခဏ္ဍသိမ်၌။ ကေနစိကမ္မေန၊ တစုံတခုသောအကြောင်းကြောင့်။ သန္နိပတိတံ၊ အညီအညွတ် စည်းဝေးသော။ သံဃံ၊ သံဃာတော်ကို။ ဒိသွာ၊ မြင်၍။ ဧတ္ထေဝသီမာယ၊ ဤခဏ္ဍသိမ်၌သာလျှင်။ ဌိတဿ၊ ယခုတည်နေသော။ သံဃဿ၊ သံဃာတော်အား။ ဒေမိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ လျှောက်ဆိုအပ်သည်ရှိသော်။ ယာဝတိကာ၊ အကြင်မျှလောက် အရေအတွက် ရှိကုန်သော။ ဘိက္ခူ၊

ရဟန်းတို့သည်။ အနန္တ ခဏ္ဍသီမ ဂတာ၊ ခဏ္ဍသိမ်တွင်း၌ တည်နေကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဟိ၊ ထိုခဏ္ဍသိမ်တွင်း၌ တည်ကုန်သောရဟန်းတို့သည်။ ဘာဇေတဗ္ဗံ၊ ဝေဘန်အပ်၏။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ တေသံဃေဝ၊ ထို ခဏ္ဍသိမ်တွင်း၌ တည်သော ရဟန်းတို့ အားသာလျှင်။ တံ၊ ထိုသင်္ကန်းစသော ဝတ္ထုသည်။ ပါပုဏာတိ၊ ရောက်၏။ ။(ဤကားအနက်)။ ။ဤအတူ လူစဉ် မျက်မှောက်၌ ရှိသော သံဃာသာ ဝေဘန်အပ်သော ပစ္စည်းကို သမ္မုခီဘူတ သံဃိက မျိုးဟု မှတ်ရမည်။ ဤကဲ့သို့ မျက်မှောက်၌ရှိသော သံဃာအားလှူအပ် သောပစ္စည်းကို သံဃိကဟူ၍ ခေါ်ခြင်းသည်၊ အမည်မျှသာဖြစ်သည်။ စင်စစ် အားဖြင့်ကား ဂဏိက ပစ္စည်းဟူ၍ မှတ်ရမည်။ ။သမ္မုခီဘူတ သံဃိက မျိုး ပြီး၏။

ဝဿံ ဝုဋ္ဌသံဃဿ ဒေမ ဟုဆို၍ လှူအပ်သော ပစ္စည်းသည်၊ လူစဉ် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခေတ္တသွားသည်ဖြစ်စေ၊ အလျင်သွားသည်ဖြစ်စေ၊ ဝါမှုထသော သံဃာသာ ဝေဘန်၍ယူအပ်ရကား၊ ဝဿံဝုဋ္ဌ သံဃိကမျိုးမည် ၏။ ။တိုက်တွင်းသို့ဝင်၍ ဤကဲ့သို့ဆို၍လှူအပ်သောပစ္စည်းကို ထိုတိုက်၌ ဝါမှု ထသော ရဟန်းတို့သာ ဝေဘန်အပ်၏။ ဝါကျိုးသောရဟန်း, တပါးတိုက်က ရဟန်းတို့သည် မဝေဘန်အပ်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဝဿံဝုဋ္ဌ သံဃဿ ဒေတီတိ ဝိဟာရံ ပဝိသိတွာ ဣမာနိစီဝရာနိ ဝဿံဝုဋ္ဌသံဃဿ ဒမ္မီတိ ဒေန္တိ၊ ပ။ ယတ္တကာ ဝဿစ္ဆေဒံ အကတွာ ပုရိမဝဿံဝုဋ္ဌာ၊ တေဟိ ဘာဇေတဗ္ဗံ။ အညေသံ နပါပုဏာတိ။ ဒိသာပက္ကန္တဿာပိ သတိ ဂါဟကေ ယာဝ ကထိနဿ ဥဗ္ဘာရာ ဒါတဗ္ဗံ။ ။ဟုမိန့်အပ်ပြီ။ ။ဝဿံဝုဋ္ဌသံဃဿ ဒေတီတိ၊ ဝဿံဝုဋ္ဌ သံဃဿ ဒေတိ ဟူသည်ကား။ ဝိဟာရံ၊ကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ ဝဿံဝုဋ္ဌသံဃဿ၊ ဝါမှုထသောသံဃာအား။ ဒမ္မိ၊လှူ ပါ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဒေန္တိ၊ လှူကုန်၏။ ပ။ ဧဝံသတိ၊ ဤသို့ လှူသည် ရှိသော်။ ယတ္တကာ၊ အကြင်မျှလောက် အရေအတွက် ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝဿစ္ဆေဒံ၊ ဝါပြတ်ခြင်းကို။ အကတွာ၊မပြုမူ၍။ ပုရိမဝဿံဝုဋ္ဌာ၊ ပုရိမဝါမှု ထကုန်၏။ တေဟိ၊ ထိုပုရိမဝါမှု ထသော ရဟန်းတို့သည်။ ဘာဇေတဗ္ဗံ၊ ဝေဘန်အပ်၏။ အညေသံ၊တပါးသော ရဟန်းတို့အား။ နပါပုဏာတိ၊ မရောက်။ ကထိနဿ၊ ကထိန်ကို။ ယာဝဥဗ္ဘာရာ၊ နုတ်သည့် တိုင်အောင်။ ဒွေတ္တိရေ၊ ဤအတွင်း၌။ ဒိန္နံ၊ လှူအပ်သော ဝဿံ ဝုဋ္ဌသင်္ကန်းကို။ (ထည့်) ဒိသာ ပက္ကန္တဿာပိ၊ အရပ်တပါးသို့ ဖဲသွားသော ရဟန်း၏လည်း။ ဘာဂံ၊ အဘို့ကို။ ဂါဟကေ၊ ခံယူတတ်သောပုဂ္ဂိုလ်သည်။သတိ၊ ရှိသော်။ဒါတဗ္ဗံ၊ ပေးအပ်၏။ ။ (ဤကား အနက်)

ကထိန်မခင်းသော် ဆောင်းကာလ၌ ဤကဲ့သို့ ဆို၍ လှူအပ်သော ပစ္စည်းကို ပစ္ဆိမ ဝါမှထသော ရဟန်းတို့သည်လည်း ဝေဘန်အပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ အနတ္ထတေ ပန ကထိနေ အန္တောဟေမန္တေ ဝေဠ ဝတ္ထာ ဒိန္နံ ပစ္ဆိမဝဿံ ဝုဋ္ဌာနံပိ ပါပုဏာတီတိ လက္ခဏညူ ဝဒန္တိ။ ။ဟုမိန့်အပ်ပြီ။ ။ ပန၊ ဆက်၍ဆိုဦးအံ့။ ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်း အပ်သည်ရှိသော်။ အန္တောဟေမန္တေ၊ ဆောင်းလ၏အတွင်း၌။ ဝေဠ၊ ဤသို့လျှင်။ ဝတ္ထာ၊ ဝဿံဝုဋ္ဌသံဃဿ ဒေမိ၊ ဟုဆို၍။ ဒိန္နံ၊ လှူအပ်သော သင်္ကန်းသည်။ ပစ္ဆိမဝဿံဝုဋ္ဌာနံပိ၊ ပစ္ဆိမ ဝါမှထကုန်သော ရဟန်းတို့ အားလည်း။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ လက္ခဏညူ၊ သံဃိက၏ လက္ခဏာကို သိကုန်သော ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။(ဤကားအနက်)

တိုက်ပ၌ ဤကဲ့သို့ ဆို၍ လှူအပ်သော ပစ္စည်းကို၊ ဝါမှထသော ရောက်လာတိုင်းသော ရဟန်းတို့သည် ဝေဘန်အပ်၏။ ဝါပြုတ်သော ရဟန်းတို့သည် မဝေဘန်အပ်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။သစေပန ဗဟိဥပစာရသီမာယံ ဌိတော ဝဿံဝုဋ္ဌသံဃဿ ဒမ္မီတိ ဝဒတိ။ သမ္ပတ္တာနံ သဗ္ဗေသံ ပါပုဏာတိ။ ။ ဟုမိန့်အပ်ပြီ။ ။ပန၊ တိုက်တွင်း၌ လှူအပ်သော သင်္ကန်းမှ တပါး၊ တိုက်ပ၌ လှူအပ်သောသင်္ကန်းကိုဆိုဦးအံ့။ ဗဟိ ဥပစာရ သီမာယံ၊ ဥပစာသိမ်ပ၌။ ဌိတော၊ တည်လျက်။ ဝဿံဝုဋ္ဌသံဃဿ၊ ဝါမှထသော သံဃာအား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ဧဝံသတိ၊ ဤသို့ ဆိုသည် ရှိသော်။ သမ္ပတ္တာနံ၊ ရောက်လာတိုင်းကုန်သော။ သဗ္ဗေသံ၊ အလုံးစုံသော ဝါကျွတ်ကုန်သော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။ (ဤကားအနက်)။ ။ဝါမှ ထခြင်းဖြင့် မှတ်အပ်သကဲ့သို့၊ ငါ၏ယာဂုကို သောက်သော သံဃာအား လှူပါ၏ဟု ယာဂုစသည်ဖြင့်မှတ်အပ်သော လှူစဉ်၊ ရှိ,မရှိသော ရဟန်း,ခေတ္တသွား အလျင်သွားသော ရဟန်းတို့အား ဝေဘန်ထိုက်သော ပစ္စည်းကို ဝဿံဝုဋ္ဌသံဃိကမျိုးဟု မှတ်ရမည်။ ။ဤ၌ ယာဂုစသည်ဖြင့် မှတ်၍ လှူအပ်သော သံဃာဟူသည်၊ စင်စစ်အားဖြင့် သမ္မုခိဘူတ သံဃာကဲ့သို့ ဂိုဏ်းပင်တည်း။ ဝေဘန်ပုံ ထူးသောကြောင့် ဝဿံဝုဋ္ဌသံဃိကမျိုးဟု ဆိုအပ်သတည်း။ ဝဿံဝုဋ္ဌ သံဃိက မျိုးပြီး၏။

ယတ္ထ သံဃဿ ဓုဝကာရာ ကရိယန္တိ၊ တတ္ထ ဒေတိ။ ။စီဝရက္ခန္ဓက ပါဠိတော်။ ။ယတ္ထ၊ အကြင်,ကျောင်းတိုက်၌။ သံဃဿ၊ သံဃာအား။ ဓုဝကာရာ၊ မြဲသော အလှူဝတ် ကုသိုလ်တို့ကို။ ကရိယန္တိ၊ ပြုအပ်ကုန်၏။ တတ္ထ၊ ထိုကျောင်းတိုက်၌။ သံဃဿ၊ အား။ ဒေတိ၊ ၏။ ။(ဤကားအနက်)။ ။ငင်းပါဠိဖြင့် လှူစဉ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ။ ထိုကျောင်းတိုက်၌ နေခြင်း မပြတ်သေးသော ရဟန်းတို့သည် ဝေဘန် ထိုက်သော အာရာမိက သံဃိက

မျိုးကို ပြတော်မူ၏။ ။ထို့ကြောင့် ၎င်းပစ္စည်းကို ထိုကိုက်၌ နေခြင်းပြတ်သောရဟန်း, တိုက်တပါးက အာဂန္တုက ရဟန်းတို့သည် မဝေဘန်အပ်။ ဤအတူ၊ ဣခဝိဟာရေ သံဃဿ ဒေမ၊ ဣခဝိဟာရေ ဝသန္တဿ ဒေမ,ဟူ၍ လှူအပ်သော ထိုကျောင်းတိုက်၌ နေသော ရဟန်းတို့သာ ဝေဘန်အပ်သောပစ္စည်းကို **အာရာမိက သံဃိက**မျိုးဟု မှတ်ရမည်။ ။ဤသို့ သံဃိကမျိုးလေးပါးပြားသည်ကို မှတ်ရမည်။

ထိုလေးပါး တို့တွင်။ ။အာရာမိက သံဃိကသည်၊ မျက်မှောက် တိုက်တွင်း၌ တည်ဆဲ ဖြစ်သော ရဟန်းအပေါင်းကိုသာ အာရုံပြု၍ လှူအပ်သော မျက်မှောက် အာရာမိက သံဃိက၊ အဆက်ဆက် ပစ္စုပ္ပန်, အတိတ်, အနာဂတ် သုံးသပ်သော ကာလ၌ တည်သော ရောက်ပြီး, ရောက်ဆဲ, ရောက်သတ္တံ့သော သံဃာကို အာရုံပြု၍ လှူအပ်သော အဆက်ဆက် အာရာမိက သံဃိက ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်၊ မျက်မှောက် အာရာမိက သံဃိကသည် သမ္မုခိဘူတနှင့် တူ၏။ အဆက်ဆက် အာရာမိက သည့်ရင်း၊ ဝဿံဝုဋ္ဌ သသ်ရင်း၊ စာတုဒ္ဒိသာ သံဃိကနှင့် တူ၏။ ထိုစကား သင့်စွ၊ စဉ်းငယ် ထူးသည်ကိုရှင်း၊ စဉ်းငယ် တူသည်ကိုရှင်းစွဲ၍ လေးပါး ဆိုသည်။ ရသင့်တိုင်း ပြားသော် ထို့ထက်များ၏။ ပေါင်းသော် စာတုဒ္ဒိသာ သမ္မုခိဘူတနှစ်ပါးသာရှိ၏။ ။ဤပြုအပ်ပြီးသော ဝေဘန်ခြင်းကား အကျဉ်း မျှသာ။ သက်နိုး ဝေဘန်ဟန် အကျယ်ကိုလိုမူ။ ။မဟာဝါဝါစီဝရက္ခန္ဓကဲ အဋ္ဌကထာမှာယူ၊ ။ဆွမ်းစသော ပစ္စည်းသုံးပါးဝေဘန်ဟန် အကျယ်ကိုလိုမူ။ ။စူဠဝါ သေနာသနက္ခန္ဓက အဋ္ဌကထာမှာ ယူလေ၊။ ။**အာရာမိက** သံဃိကမျိုးပြီး၏။

သံဃိက ဘေဒ ဝိနိစ္ဆယပြီး၏။

---

(၂) စာရေးတံလှူဆာဝယ် သံဃိက ရေစက်ချရမည်။ ပုဂ္ဂလိက ရေစက် ချရမည်ကို သိလိုပါသည် လျှောက်ထားရာ၌၊—

စာရေးတံ လှူသော ဒါယကာသည်၊ အစွမ်းအလျောက် သံဃိက စာရေးတံ လှူလိုပါသည်။ ဤမျှသော ရဟန်းတို့ကို သံဃာမှ ပေးတော်မူပါဟု တောင်းသည်။ ထိုအခါ၊ ၎င်းဆွမ်းသည် သံဃပရိဏတ သံဃသန္တက ဖြစ်သည်။ ၎င်းဆွမ်းကို မထေရ်သည် ထေရ်စဉ်အတိုင်း ရဟန်းတို့အား ညွှန်းသည်။ ရဟန်းတို့သည် သံဃာပေးသောဆွမ်းကိုလိုက်၍ စားသည်။ ဒါယကာတို့ ဆွမ်းကို စားသည်မဟုတ်။ ယခုကာလ၌ သက်နိုးကပ်သော အခါ ပုဂ္ဂလိကလှူပြီး၍၊ နောင်မဏ္ဍပ်ကွင်း၌လည်း ရှေးအတူ၊ ပုဂ္ဂလိကထပ်မံ၍ ရေစက်ချပြန်သကဲ့သို့၊ ထို့အတူ

လှူဆဲခဏ၌ ထပ်မံ၍ ရေစက်ချပြန်လျှင်၊ ရှေးသံဃာတောင်းစဉ်အခါ မိမိတို့ သံဃပရိဏတ- သံဃသန္တကပြုသကဲ့သို့ပင် သံဃဿ ဒေမဆို၍ ရေစက်ချရမည်။ သံဃပရိဏာဘ- သံဃသန္တက ဖြစ်၍ ပုဂ္ဂလိက ရေစက်မချသင့်ပြီ။ ။ရှေးအခါ မဇ္ဈိမဒေသ သီဟဠကျွန်းများနေသူ လူပညာရှိတို့သည်၊ တောင်းစဉ်လည်း သံဃ ပရိဏတ-သံဃသန္တက ပြုကြကုန်သည်။ လှူစဉ်လည်း သံဃာအားပင် လှူကြကုန်သည်။ ။ထိုကြောင့် သုတ္တသင်္ဂဟ အဋ္ဌကထာ၌—

ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တီတိဧတ္တ ဒုဿီလော သံဃန္တိ နဝုတ္တော။ သံဃောတိ ဒုဿီလောနာမ နတ္ထိ။ ဒုဿီလာပန ဥပါသကာ၊ တေသု ဒုဿီလေသု ဘိက္ခူ သံဃံ ဥဒ္ဒိဿ သံဃဿ ဒေမာတိ ဒါနံ ဒဿန္တိ။ သံဃဂတာ ဒက္ခိဏာနာမ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟောတိ။ သံဃေပန စိတ္တီကာရော ဒုက္ကရော ဟောတိ။ သံဃ ဂတံဟိ ဒက္ခိဏံ ဒဿာမီတိ ဝိဟာရံ ဂန္တွာ ဘန္တေ သံဃတော ဥဒ္ဒိသိတွာ ဧကံ ဒေထာတိ ဝဒတိ။ အထ သံဃ တော သာမဏေရံဝါ ထေရံဝါ လဘိတွာ သာမဏေရော မေ လဒ္ဓေါတိ အည တတ္တံ အာပဇ္ဇတိ။ထေရော မေ လဒ္ဓေါတိ သောမနဿံ ဥပ္ပါဒေတိ၊ တဿ ဒက္ခိ ဏာ သံဃဂတာ နဟောတိ။ ယောပန သာမဏေရာဒီသု ယံကိဉ္စိ သံဃတော လဘိတွာ နိဗ္ဗိကာရော ဟုတွာ သံဃဿ ဒေမီတိ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောတိ။ ဒက္ခိဏာ သံဃဂတာ ဟောတိ။ ပရသမုဒ္ဒ ဝါသိနော ကိရ ဧဝံ ကရောန္တိ။ တတ္ထဟိ ဧကော ဝိဟာရ သာမိ ကုဋုမ္ဗိကော သံဃ ဂတံ ဒက္ခိဏံ ဒဿာမီတိ သံဃတော ဥဒ္ဒိသိတွာ ဧကံဘိက္ခုံ ယာစိ။ သော ဧကံ ဒုဿီလံ ဘိက္ခုံ လဘိတွာ နိသီ ဒနဋ္ဌာနံ သြပုဉ္ဆာပေတွာ အာသနံ ပညပေတွာ ဥပရိဝိတာနံ ဗန္ဓိတွာ ဂန္ဓဓူမပုပ္ဖေဟိ ပူဇေတွာ ပါဒေ ဓောဝိတွာ မက္ခေတွာ ဗုဒ္ဓဿ နိပစ္စာ ကာရံ ကရောန္တောဝိယ သံဃေ စိတ္တီကာရေန ဒေယျဓမ္မံ အဒါသိ။ သောဘိက္ခု ပစ္ဆာဘတ္တံ ဝိဟာရဇဂ္ဂနတ္ထာယ ကုဒါလံ ဒေထာတိ ဃရဒွါရံ အာဂတော။ ဥပါသကော နိသိန္နောဝ ကုဒါလံ ပါဒေန ခိပိတွာ ဂဏှာတိ အဒါသိ။ တမေနံ မနုဿာ အာဟံသု။ တုမှေဟိ ပါတော တဿ ကတသက္ကာရော ဝတ္တုံ နသက္ကာ။ ဣဒါနိ ဥပစာရမတ္တံပိ နတ္ထိ။ ကိံနာမေတန္တိ။ ဥပါသကော သံဃဿ သော အယျာ သက္ကာရော နတေဿာတိ အာဟ။ ။ဟုမိန့်အပ်ပြီ။

ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ တိဧတ္တ၊ ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ ဟူသော ပါဌ်၌။ ဒုဿီလော၊ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်ကို။ သံဃန္တိ၊ သံဃာဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နဝုတ္တော၊ ဟောတော်မမူအပ်။ ဟိသစ္စံ၊ ထိုစကားသည် မမှားကေန်၊ စင်စစ်မှန်၏။ ဒုဿီလောနာမ၊ ဒုဿီလ မည်သော။ ဝါ၊ သီလမရှိသည် မည်သော။ သံဃော၊ သံဃာသည်။

နတ္ထိ၊ မရှိ။ ပန၊ လိုရင်းအရ၊ အဓိပ္ပါယတ္ထကို ဆက်၍ဆိုဦးအံ့။ ဒုဿီလာ၊ ဒုဿီလ ပုဂ္ဂိုလ်တို့ ဟူကုန်သည်။ ဥပါသကာ၊ ဥပါသကာ တို့တည်း။ ဝါ၊ ရဟန်းတို့ သီလကားမရှိ၊ ဖန်ရည်စွန်းသောသင်္ကန်းကိုဆောင်ခြင်းဖြင့် ရဟန်းတို့၏အသွင်၊ ရဟန်းတို့၏ အန္တယ်မျှကိုသာ ပြတတ်သော ရတနာသုံးပါးကို ဆည်းကပ် ကိုး ကွယ်တတ်သော လူတို့တည်း။ တေသုဒုဿီလေသု ထိုလူဖြစ်ကုန်သော ဒုဿီလ ပုဂ္ဂိုလ်တို့၌။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ သံဃဿ၊ သံဃာအား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဒါနံ၊ အလှူကို။ ဒဿန္တိ၊ ပေးလှူ ကုန်၏။ သံဃဂတာ၊ သံဃာ၌ရောက်သော။ ဒက္ခိဏာနာမ၊ အလှူမည်သည်။ သံဃေ၊သံဃာအား။စိတ္တိကာရံ၊ ရိုသေခြင်းကို။ကာတုံ၊ပြုခြင်းငှါ။သက္ကောန္တဿ၊ တတ်နိုင်သော ပုဂ္ဂိုလ်အား။ ဟောတိ၊ ဖြစ်၏။ ပန၊ စင်စစ်ကေန်၊ အမှန် သော်ကား။ သံဃေ၊ သံဃာအား၊ စိတ္တိကာရော၊ ရိုသေခြင်းသည်။ ဒုက္ကရော၊ ပြုခြင်းငှါခဲယဉ်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိ·ဝိတ္ထာရေမိ၊ သံဃာအားရိုသေခြင်း ကို ပြုရာ၌ ခဲယဉ်းပုံကိုအကျယ်ချဲ့၍ဆိုဦးအံ့။ သံဃဂတံ၊ သံဃာ၌ ရောက်သော။ ဒက္ခိဏံ၊ အလှူကို။ ဒဿာမိ၊ လှူအံ့။ ဣတိမနသိကတွာ၊ဤသို့နှလုံးပိုက်၍။ ဝိဟာ ရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃတော၊ သံဃာ မှ။ ဥဒ္ဒိသိတွာ၊ ညွှန်း၍။ ဧကံ၊ တပါးသော။ ဘိက္ခုံ၊ ရဟန်းကို။ ဒေထ၊ပေးပါ ကုန်လော။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ဧဝံ၊ ဤသို့။ ဂုဏ္ဍေ၊ ဆိုအပ်သည် ရှိသော်။ သံဃတော၊ သံဃာမှ။ သာမဏေရံဝါ၊ သာမဏေကိုငှင်း။ ထေရံဝါ၊ မထေရ်ကြီးကိုငှင်း။ လဘိတွာ လဘတိ၊ ရ၏။ လဘိတွာ၊ ရခြင်းကြောင့်။ မေ၊ ငါ့အား။ သာမဏေရော၊ သာမဏေကို။ လဒ္ဓေါ၊ ရအပ်၏။ ဣတိ၊ ဤသို့။အညထတ္တံ၊ အကြည်ညိုပျက်သည်၏အဖြစ်သို့။ အထ အာပဇ္ဇတိ၊ အကယ်၍ ရောက် သည်ဖြစ်အံ့။ မေ၊ ငါ့အား။ ထေရော၊ မထေရ်ကြီးကို။ လဒ္ဓေါ၊ ရအပ်၏။ ဣတိ၊ ဤသို့။ သောမနဿံ၊ ဝမ်းမြောက်ခြင်းကို။ အထ ဥပ္ပါဒေတိ၊ အကယ်၍ ဖြစ်စေ သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ သာမဏေကိုရ၍ အကြည်ညိုပျက်ခြင်း၊ မထေရ် ကြီးကိုရ၍ အထူးသဖြင့် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်သည်ရှိသော်။ တဿ၊ ထိုဒါယကာ၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ၊ သံဃာ၌ ရောက်သည်။ နဟောတိ၊ မဖြစ်နိုင်။ ပန၊ သံဃာ၌ မရောက်သည်မှုတပါး၊ သံဃာ၌ ရောက် သည်ကိုဆိုဦးအံ့။ ယော၊ အကြင်ဒါယကာသည်။ သာမဏေဆာဒီသု၊ သာမဏေ စသည်တို့တွင်။ ယံကိဥ္စိ၊ အမှတ်မရှိ တစုံတယောက်သောပုဂ္ဂိုလ်ကို။ သံဃတော၊ သံဃာမှ။ လဘိတွာ၊ ရ၍။ ဝါ၊ ရသည်ရှိသော်။ နိဗ္ဗိကာရော၊ ဖောက်ပြန် ခြင်းမရှိသည်။ ဟုတွာ၊ ဖြစ်၍။ သံဃဿ။ သံဃာအား။ ဒေမိ၊ လှူအံ့။ ဣတိ၊ ဤသို့။ သံဃေ၊ သံဃာအား။ စိတ္တိကာရံ၊ ရိုသေခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ တဿ၊ ထိုသံဃာအား ရိုသေခြင်းကို ပြုနိုင်သော

ဒါယကာ၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ၊ သံဃာ၌ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ကိရ၊ အဆင့်စကား ကြားဘူးသည်ကား။ ပရသမုဒ္ဒ ဝါသိနော၊ သမုဒြာ၏ ထိုမှာဘက်ဖြစ်သော သီဟိုဠ်ကျွန်း၌ နေလေ့ရှိကုန်သော လူတို့သည်။ ဧဝံ၊ ဤသို့။ ကရောန္တိ၊ ပြုကြကုန်သတဲ့။ ဟိ-ဝိတ္ထာရေမိ၊ ထိုစကားကို အကျယ်ချဲ့၍ ဆိုဦးအံ့။ တတ္ထ၊ ထိုသီဟိုဠ်ကျွန်း၌။ ဝိဟာရသာမိကုဋုမ္ဗိကော၊ ကျောင်းရှင်ဒါယကာသည်။ သံဃဂတံ၊ သံဃာ၌ရောက်သော။ဒက္ခိဏံ၊ အလှူကို။ ဒဿာမိ၊ လှူအံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သံဃတောသံဃာမှ။ ဥဒ္ဒိသိတွာ၊ ညွှန်း၍။ ဒေထ၊ ပေးပါကုန်လော။ ဣတိ၊ ဤသို့။ ဧကံ၊ တပါးသော။ ဘိက္ခုံ၊ ရဟန်းကို။ ယာစိ၊ တောင်း၏။ သော၊ ထိုဒါယကာသည်။ဧကံ၊ တပါးသော။ ဒုဿီလံ၊ သီလမရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ လဘိတွာ၊ ရသည်ရှိသော်။ နိသီဒနဋ္ဌာနံ၊ ထိုင်နေရာအရပ်ကို။ သြပုဉ္ဇာပေတွာ၊ ပြေပြစ်ချောမောစွာ လိမ်းကျံစေ၍။ အာသနံ၊ နေရာကို။ ပညပေတွာ၊ ခင်း၍။ ဥပရိ၊ အထက်၌။ ဝိတာနံ၊ ဗိတာန်ကို။ဝါ မျက်နာကြက်ကို။ဗန္ဓိတွာ၊ ဘွဲ့၍။ဂန္ဓပုပ္ဖဟိ နံ့သာပန်းမလ်တို့ဖြင့်။ ပူဇေတွာ၊ ပူဇော်ပြီး၍။ ပါဒေ၊ ခြေတို့ကို။ မက္ခာလေတွာ၊ ဆေးပြီး၍။ မက္ခေတွာ၊ ခြေနယ်ဆီတို့ဖြင့် သုတ်လိမ်းပြီး၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိပစ္စာကာရံ၊ ရိုသေခြင်းကို။ ကရောန္တောဝိယ၊ ပြုဘိသကဲ့သို့။ သံဃေ၊ သံဃာအား။ စိတ္တီကာရေန၊ ရိုသေခြင်းဖြင့်။ ဒေယျဓမ္မံ၊ လှူဘွယ်ဝတ္ထုကို။ အဒါသိ၊ လှူ၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ ပစ္ဆာဘတ္တံ၊ နေလွဲသောအခါ၌။ ဝိဟာရဇဂ္ဂနတ္ထာယ၊ ကျောင်းကို သုတ်သင်ခြင်းငှါ။ ကုဒါလံ၊ ပေါက်တူးကို။ ဒေထ၊ ပေးကြပါကုန်ဦးလော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဃရဒွါရံ၊အိမ်တံခါးသို့။ အာဂတော၊ ရောက်လာ၏။ ဥပါသကော၊ ဒါယကာသည်။ နိသိန္နောဝ၊ ထိုင်လျက်သာလျှင်။ ကုဒါလံ၊ ပေါက်တူးကို။ ပါဒေန၊ ခြေဖြင့်။ ခိပိတွာ၊ မြှောက်ကော်၍။ ဂဏှ၊ ယူလော့။ ဣတိ၊ ဤသို့။ ဝတွာ ဆို၍။ အဒါသိ၊ ပေးလိုက်၏။ တမေနံ၊ ထိုဒါယကာကို။ မနုဿာ၊ လူတို့သည်။ အာဟံသု၊ ဆိုကြကုန်၏။ ကိံ အာဟံသု၊ အဘယ်သို့ဆိုကြကုန်သနည်းဟူမူကား။ တုမှေဟိ၊ သင်တို့သည်။ ပါတော၊ နံနက်အခါ၌။ ဧတဿ၊ ထိုရဟန်းအား။ ကတသက္ကာရော၊ ပြုအပ်သော ရိုသေခြင်းသည်။ ဝတ္တုံပိ၊ ပြောဆို၍ ဆုံးခြင်းငှါလည်း။ နသက္ကာ၊ မတတ်နိုင်ရာ။ဣဒါနိ၊ ယခုအခါ၌။ဥပစာရမတ္တမ္ပိ၊ အနီးသို့ကပ်ခြင်းငှါမျှလည်း။ နတ္ထိ၊ မရှိ။ ဧတံကမ္မံ၊ ထိုအမှုသည်။ ကိံ နာမ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကြကုန်၏။ အထ၊ ထိုအခါ၌။ ဥပါသကော၊ ဒါယကာသည်။ အယျာ၊ အမောင်တို့။ ပါတော၊ နံနက်အခါ၌။ ကတော၊ ပြုအပ်သော။ သောသက္ကာရော၊ ထိုရိုသေခြင်းသည်။ သံဃဿ၊ သံဃာအား။ ကတော၊ ပြုအပ်သော။ သက္ကာရော၊ ရိုသေခြင်းတည်း။ ဧတဿ၊ ထိုဒုဿီလ ပုဂ္ဂိုလ်အား။

ကဓေတာ၊ ပြုအပ်သော။ သက္ကာရော၊ ရှိသေခြင်းသည်။ နတ္ထိ၊ မရှိ။ဣတိ၊ဤသို့။ အာဟ၊ ဆို၏။ ။(ဤကား အနက်)

ဤအဋ္ဌကထာ၌။ ။တေသု ဒုဿီလေသု ဘိက္ခုသံဃံ ဥဒ္ဒိဿ သံဃဿ ဒေမာတိဒါနံ ဒဿန္တိ-ဟူသော ပါဌ်။ သာမဏေရာဒီသု ယံကိဉ္စိ သံဃတော လဘိတွာ နိမ္ဗိကာရော ဟုတွာ သံဃဿ ဒေမိတိ-ဟူသောပါဌ်တို့ဖြင့်၊ သံဃဿ မေဒဟုဆို၍ ရေစက်ချရမည် လှူရမည်ကို တိုက်ရိုက်ပြတော်မူသည်။ ။ဒက္ခိဏာ ဝိဘင်္ဂသုတ်ဋီကာ၌လည်း။ ။သံဃာအားလှူသင့်ကြောင်းကို။ ။သံဃေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿာတိ သုပ္ပဋိပန္နတာဒိဂုဏေ အာဝဇ္ဇိတွာ သံဃ ဂတေန ပသာ ဒေန သံဃသမ္မုခါဝိယ တသ္မိံ ပုဂ္ဂလေ ဂါရဝ ဝသေန ဒေန္တဿ ပုထုဇ္ဇန သာမဏေ ဒိန္နံ မဟပ္ဖလတရံ။ သံဃတော ဥဒ္ဒိသိတွာ ဂဟိတတ္တာ သံဃဿ ဒေမိတိယေဝ ဒိန္နတ္တာ စ။ ။ဟု မိန့်အပ်ပြီ။ ။သံဃေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿာတိ။သံဃေစိတ္တိကာရံကာတုံသက္ကောန္တဿဟူသည်ကား။ သံဃဿ၊ သံဃာတော်၏။သုပ္ပဋိပန္နတာဒိဂုဏေ၊ကောင်းသောအကျင့်ရှိသည်၏ အဖြစ်တည်း ဟူသောဂုဏ်တို့ကို။ အာဝဇ္ဇိတွာ၊ ဆင်ခြင်၍။ သံဃဂတေန၊ သံဃာကိုအာရုံပြု၍ ဖြစ်သော။ ပသာဒေန၊ ကြည်ညို ခြင်းဖြင့်၊ သံဃသမ္မုခါဝိယ၊ အရှင်သာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလာန်အစရှိသော အရိယာသံဃာတော်အပေါင်း၏ ရှေ့မှောက်၌ကဲ့သို့။ တသ္မိံ ပုဂ္ဂလေ၊ ထိုအလှူခံပုဂ္ဂိုလ်၌။ ဂါရဝ ဝသေန၊ ရိုသေ သည့်အစွမ်းဖြင့်။ ဒေန္တဿ၊ ပေးလှူသောပုဂ္ဂိုလ်၏။ ပုထုဇ္ဇနသာမဏေ၊ ပုထုဇဉ် ဖြစ်သော ရဟန်း၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလ တရံ၊ များစွာမြတ် ပွါးတိုး၊အကျိုးရှိသည်ထက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘဲ့ကြောင့်။ မဟပ္ဖလ တရံ၊ များမြတ်ပွါးတိုး၊ အကျိုးရှိသည်ထက်ရှိသည်။ ဟောတိ၊ ဖြစ်လေ သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သံဃတော၊ သံဃာမှ။ ဥဒ္ဒိသိတွာ၊ညွှန်း၍။ ဂဟိတတ္တာစ၊ ယူအပ်သည်၏ အဖြစ်ကြောင့်ရင်း။ သံဃဿ၊ သံဃာအား။ ဒေမိ၊ လှူအံ့။ ဣတိဧဝ၊ ဤသို့သာလျှင်။ ဒိန္နတာစ၊ လှူအပ်သည်၏အဖြစ်ကြောင့်ရင်း။ မဟပ္ဖလ တရံ၊ များမြတ်ပွါးတိုး၊ အကျိုး ရှိသည်ထက် ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ကား။ ပရိဟာရော၊ အဖြေ တည်း။ ။(ဤကား အနက်)။ ။ထို့ကြောင့် တောင်းသောအခါလည်းသံဃာ၊ လှူသောအခါလည်း သံဃာချည်းပင်ဟု မှတ်ရမည်။

အကယ်၍ ပုဂ္ဂလိကရေစက်ချမိအံ့၊ သံဃာညွှန်းသော ပုဂ္ဂိုလ်ဖြစ်၍ ပရိဏာဘ သိက္ခာပုဒ်ဖြင့်၊ အာပတ် မသင့်သော်လည်း၊ အရှင်သာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလာန်စသော သံဃာတော်မြတ်၌ ကြည်ညိုရိုသေခြင်း စိတ္တိကာရ မရှိသည် ဖြစ်၍၊ ဒါယကာ၏ ဒါနစေတနာသည် အနည်းငယ်မျှသာ အကျိုးရှိတော့

သည်။ ။ဘဝိဿန္တိခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝ ကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ။ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျန္တိ ဝဒါမိ။ ။ဟူ၍ ဟောတော်မူအပ်သော အသင်္ချေယျ အပ္ပမေယျ အကျိုးမရှိတော့ပြီ။ ။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အနာဂတမဒ္ဓါနံ၊ နောင်သောအခါ၌။ ဂေါတြဘုနော၊ ရဟန်း၏ အသွင် အနွယ် အမည်မျှကိုသာ ပြတတ်ကုန်သော။ ကာသာဝကဏ္ဌာ၊ လည်၌ရစ်သောသင်္ကန်းစ, ရှိကုန်သော။ ဒုဿီလာ၊ ကုန်သော။ ပါပဓမ္မာ၊ ယုတ်သောအကျင့်ရှိကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ခေါပန၊စင်စစ်။ ဘဝိဿန္တိ၊ ရှိသည်ဖြစ်ကုန်လတ္တံ့။ တေသု ဒုဿီလေသု၊ တို့၌။ ဝါ၊ တို့အား။ သံဃံ၊ အရိယာစသော သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒဿန္တိ၊ သံဃာ ဒေမ ဟုဆို၍ လှူကုန်လတ္တံ့။ အာနန္ဒ၊ အာနန္ဒာ။ တဒါပိ၊ ထိုဒုဿီလတို့အား အရိယာစသော သံဃာကိုရည်၍ လှူပါ၏ဟု ဆို၍လှူသော အခါ၌လည်း။ သံဃဂတံ၊ သံဃာတော်၌ဖြစ်သော။ ဒက္ခိဏံ၊ ဒါနစေတနာကို။ အသင်္ချေယျံ၊ မရေတွက်နိုင်သော အကျိုးရှိ၏ဟူ၍။ အပ္ပမေယျံ၊ မနိုင်းရှည့်နိုင်သော အကျိုး ရှိ၏ဟူ၍။ အဟံ၊ သည်။ ဝဒါမိ၊ ၏။ ။(ဤကားအနက်)

အဓိပ္ပါယ်ကား၊ လောက၌ နတ်တင်သောအခါ နတ်ပွဲကို သစ်ပင်ရင်း၌ ချသော်လည်း၊ သစ်ပင်ကို အာရုံမပြု၊ နတ်ကိုသာ အာရုံပြုသကဲ့သို့၊ ထို့အတူ သစ်ပင်နှင့်တူသော၊ ဒုဿီလ ပုဂ္ဂိုလ်ထံ၌ အလှူဝတ္ထုကို ချသော်လည်း၊ ကိုယ့်အသက်ကို စွန့်၍ သူတပါးအသက်ကို စောင့်ရှောက်ခြင်းစသော ကျေးဇူးနှင့်ပြည့်စုံသော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အစရှိသော အရိယာ သံဃာကို ရည်၍ လှူခြင်းသည်၊ အသင်္ချေယျ, အပ္ပမေယျ အကျိုးရှိသည်။ ပုဂ္ဂလိက ဖြစ်မူ၊ ၎င်းအကျိုးကို မရဟူလိုသတည်း။ ။ထို့ကြောင့် စာရေးတံ လှူရာ၌ ဂရုဘာဏ်ပါမူ၊ ကျောင်းသို့ဆောင်ခဲ့၍ သံဃသန္တက အဖြစ်ဖြင့် သုံးဆောင်ရာ၏။

(၃) စာရေးတံ လှူရာ၌ အချို့ကား အဘိုးများစွာ ထိုက်သည်ကို ရပါသည်။ အချို့ကား အဘိုးအနည်းငယ်ထိုက်သည်ကို ရပါသည်။ အဘိုးများစွာထိုက်သည်ကိုရသောရဟန်း သာမဏေတို့သည်၊ တဆဲ့နှစ်တောင်ဟတ္ထပါသ်၌ တည်သော တပါးသော ရဟန်း သာမဏေတို့အား ဝေဘန်ရမည်, မဝေဘန် ရမည်ကို မေးရာ၌။ ။သံဃာမှ မျက်နှာကြီးငယ် မရွယ်မထောက်၊ ကျရောက် ညွှန်ပြ ဝေဘန်၍ရသော စာရေးတံ ဖြစ်၍၊ အဘိုးတသိန်း ထိုက်သည်ကိုပင် ရသည် ဖြစ်စေ၊ တပါးသောပုဂ္ဂိုလ်အား ဝေဘန်ဘွယ်မရှိ၊ မိမိချည်းပင် သုံးဆောင်ရ တော့သည်။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။ကောစိ အာသနသာလတော အဋ္ဌ ဥဒ္ဒေသပတ္တေ အာဟရာပေတွာ သတ္တပတ္တေ ပဏီတဘောဇနာနံ ဇကံ ဥဒ္ဒ

ကဿ ပူရေတွာ အာသနသာလံ ပဟိဏာတိ။ ဂဟေတွာ အာဂတာ ကိဉ္စိ အဝတွာ ဘိက္ခူနံ ဟတ္ထေသု ပတိဋ္ဌာပေတွာ ပက္ကမန္တိ။ ယေန ယံလဒ္ဓံ တဿေဝ တံ ဟောတိ။ ယေနပန ဥဒကံ လဒ္ဓံ။ တဿ အတိက္ကန္တံပိ ဋ္ဌိတိကံ ဌပေတွာ အညံ ဥဒ္ဒေသဘတ္တံ ဂါဟေတဗ္ဗံ။ တဥ္စ လူခံဝါ ဟောတု ပဏီတံဝါတိ စီဝရပရိဝါရံဝါ ဤဒိသော ဟိဿ ပုညဝိသေသော။ ။ဟု မိန့်အပ်ပြီ။

ကောစိ၊ တစုံတယောက်သော ဒါယကာသည်။ အာသန သာလတော၊ ဆွမ်းစားစရပ်မှ။ အဋ္ဌ၊ ရှစ်လုံးကုန်သော။ ဥဒ္ဒေသပတ္တေ၊ သံဃာမှ ညွှန်၍ပေး အပ်သော သပိတ်တို့ကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ သတ္တာပတ္တေ၊ ခုနစ်လုံး သော သပိတ်တို့ကို။ ပဏီတ ဘောဇနာနံ၊ မွန်မြတ်သော ဘောဇဉ် တို့ဖြင့်။ ဧကံ၊ တလုံးသော သပိတ်ကို။ ဥဒကဿ၊ ရေဖြင့်။ ပူရေတွာ ပြည့်စေ၍။ အာသန သာလံ၊ ဆွမ်းစာစရပ်သို့။ ပဟိဏာတိ၊ စေလွှတ်၏။ ဂဟေတွာ၊ ယူပြီး၍။ အာ ဂတာ၊ လာကုန်သော ဒါယကာတို့သည်။ ကိဉ္စိဝစနံ၊ တစုံတခုသော စကား ကို။ အဝတွာ၊ မလျှောက်မထားခဲ့မူ၍၊ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဟတ္ထေသု၊ လက် တို့၌။ ပတိဋ္ဌာပေတွာ၊ ထားခဲ့၍။ ပက္ကမန္တိ၊ ဘဲသွားကြကုန်၏။ ယေန၊ အကြင် ပုဂ္ဂိုလ်သည်။ ယံပတ္တံ၊ အကြင် ပဏီတ ဘောဇဉ်နှင့် တကွ ဖြစ်သော သပိတ် ကို။ လဒ္ဓံ၊ ရအပ်၏။ တံ ထိုသပိတ်၌ ပါသော ပဏီတဘောဇဉ်သည်။ တဿ၊ ထိုရသော ရဟန်းအား သာလျှင်။ ဟောတိ၊ ဖြစ်၏။ ယေနပန၊ အကြင် ပုဂ္ဂိုလ်သည်ကား။ ဥဒကံ၊ ရေကို။ လဒ္ဓံ၊ ရအပ်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဋ္ဌိတိ ကံ၊ ထေရ်စဉ်သည်။ အတိက္ကန္တံပိ၊ လွန်သော်လည်း။ တံ၊ ထို ထေရ်စဉ်ကို။ ဌ ပေတွာ၊ တန့်ရပ်စေ၍၊ အညံ၊ တပါးသော။ ဥဒ္ဒေသ ဘတ္တံ၊ ဥဒ္ဒေသဘတ်ကို။ ဂါဟေတဗ္ဗံ၊ ယူစေအပ်၏။ တဥ္စ၊ ထိုယူစေ အပ်သော ဥဒ္ဒေသ ဘတ်သည် လည်း။ လူခံဝါ၊ ကြမ်းထမ်းသည်ဗင်း။ ပဏီတံဝါ၊ မွန်မြတ်သည်ဗင်း။ တိစီဝရ ပရိဝါရံဝါ၊ သင်္ကန်း သုံးထည် အခြံ အရံ ရှိသည်ဗင်း။ ဟောတု ဖြစ်စေ။ တဿေဝ၊ ထိုရသော မထေရ်အား သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ ထို စကားသည် မှန်၏။ အဿ၊ ထိုအလှူခံ ပုဂ္ဂိုလ်၏။ ပုညဝိသေသော၊ ဘုန်းကံ အထူးသည်။ ဤဒိသော၊ ဤသို့ သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ (ဤကားအနက်)

(၄) ၊ ရဟန်းလေးပါးရှိလျှင်၊ အလှူပွဲလေးခုစီရှင်၍ ပင့်သောအခါ သံဃာ ကုန်ပင့်ရာ၌၊ သံဃိကမမြောက်, မမြောက်ကို သိလိုပါသည် လျှောက် ထားရာ ၌။ ။အသုဘရှုဖြစ်အံ့၊ ပင့်သည့် ဒါယကာ မလိမ္မာ၍ သံဃာကုန် ပင့်ခြင်း လည်းရှိသည်။ ရဟန်းကို ရည်သော်လည်း၊ သံဃာ အများကို လို၍ ပင့်ခြင်း လည်းရှိသည်။ သို့ဖြစ်၍ ဆွမ်းဝတ်တည်ရာ ကျောင်းအား လှူပါ၏ ဟု ဒါယ

ကာဆိုရာ၌၊ ဆွမ်း၀တ်တည့်ရာ ကျောင်းများစွာရှိလျှင်၊ ဒါယကာကို မေး၍၊ ဒါယကာဆိုတိုင်း ပေးအပ်၏ ဟု အဋ္ဌကထာ၌ ဆိုသကဲ့သို့၊ ဤ၌လည်း ဒါယကာကိုမေး၍ ဒါယကာဆိုတိုင်းမှတ်ရမည်။ အသုဘရှုမှ တပါးသော အရာတို့၌မူကား ဒါယကာမလိမ္မာ၍ သံဃာကုန် ပင့်ခြင်းဖြစ်သည်။ ရည်သည့် အတိုင်း ပုဂ္ဂလိကဟု မှတ်ရမည်။

(၅) စာရေးတံလူရာ၌ ရဟန်းသာမဏေ နှစ်ပါးကို ရရာတွင်၊ ရဟန်းကို သာ၍ လှူသော် စာရေးတံမြောက်, ပမြောက်ကို မေးရာ၌။ ။သံဃိက ဟူက ဒါယကာစိစစ် ရွေးချယ်ဘွယ်မရှိဘဲလျက်ပင် ရွေးချယ်၍လှူရကား မမြောက်ဟု မှတ်ရမည်။

(၆) ရဟန်းသည် ပဏ္ဍိတဖြစ်၍ သံဃိကလှူစေ၏။ ဒါယကာသည် ဒုပ္ပည ဖြစ်၍ ပုဂ္ဂိုလ်ကိုအာရုံပြု၍လှူ၏။ သံဃိကမြောက်, မမြောက်ကို လျှောက်ထားရာ၌။ ။ရဟန်းက သံဃိက ရေစက်ချသည်ကို ဒါယကာသည် လိုက်၍ပင် ဆိုသော်လည်း၊ အရိယာစသော သံဃာတော်အများကို ကြည်ညို နှလုံးသွင်းခြင်းကိုမပြုမူ၍ ပုဂ္ဂိုလ်ကိုအာရုံပြု၍လှူသော်၊ သံဃိက မမြောက်ဟုမှတ်ရမည်။ ။ ထို့ကြောင့် သုတ္တသင်္ဂဟ အဋ္ဌကထာ၌။ ။သံဃဂတာ ဒက္ခိဏာနာမ သံဃေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿ ဟောတိ။ ။ဟူ၍ လာသည်ကိုရင်း။ ။ ယဒိပနဘိက္ခုနာ ဥယျောဇိတောပိ ဒုပ္ပညော ဒါယကော တဿ ဝစနံ အနာဒိယိတွာ ပုဂ္ဂလဿေဝ ဒေတိ၊ တဿ သာဒက္ခိဏာ ပုဂ္ဂလဂတာ ဟောတိ။ ။ ဟူသော ဝိနယာလင်္ကာရ ဋီကာလာသည်ကိုရင်းထောက်၍ သိအပ်၏။

သံဃဂတာ၊ သံဃာ၌ရောက်သော။ ဒက္ခိဏာနာမ၊ အလှူမည်သည်ကား။ သံဃေ၊ သံဃာအား။ စိတ္တိကာရံ၊ ရိုသေ ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တဿ၊ တတ်နိုင်သောသူအား။ ဟောတိ၊ ဖြစ်၏။ ။(ဤကား သုတ္တသင်္ဂဟ အဋ္ဌကထာ၏ အနက်)။ ။ဘိက္ခုနာ၊ ရဟန်းသည်။ ဥယျောဇိတောပိ၊ တိုက်တွန်းအပ်ပါသော်လည်း။ ဒုပ္ပညော၊ ပညာနည်းလှသည်ဖြစ်၍။ ဒါယကော၊ အလှူပေးဒါယကာသည်။ တဿ၊ ထိုရဟန်း၏။ ဝစနံ၊ စကားကို။ အနာဒိယိတွာ၊ မနာမယူမူ၍။ ပုဂ္ဂလဿေဝ၊ ပုဂ္ဂိုလ် အားသာလျှင်။ ယဒိပနဒေတိ၊ အကယ်၍လှူအံ့။ တဿ၊ ထိုဒုပ္ပညဒါယကာ၏။ သာဒက္ခိဏာ၊ ထိုအလှူသည်။ ပုဂ္ဂလဂတာ၊ ပုဂ္ဂိုလ်၌ရောက်သည်။ ဟောတိ၊ ၏။ ။(ဤကား ဝိနယာလင်္ကာရ ဋီကာ၏ အနက်)

(၇) ဒါယကာသည် ပဏ္ဍိတဖြစ်၍၊ သံဃာကိုအာရုံပြု၍လှူ၏။ ရဟန်းသည် ဒုပ္ပည ဖြစ်၍ ပုဂ္ဂလိကရေစက်ချ၏။ သံဃိကမြောက်,မမြောက်ကို လျှောက်ထား

(ဖြည်ကြီးမဆွေ၊ ၆)

ရာ၌။ ။ရဟန်းက ပုဂ္ဂလိက ရေစက်ချသည်ကို လိုက်၍ပင် ဆိုသော်လည်း၊ သံဃာကိုကြည်ညို နှလုံးသွင်းလျက် ဒါယကာလှူအံ့၊ ရဟန်းဖြစ်အံ့၊ နှုတ်ပြဋ္ဌာန်းသည်။ လှူဖြစ်အံ့၊ စိတ်ပြဋ္ဌာန်းသည်။ ထို့ကြောင့်၊ သံဃိကမြောက်၏၊ သံဃာမှ ညွှန်း၍ ရသော ပစ္စည်း ဖြစ်ရကား၊ ရဟန်းအားလည်း အပြစ်မရှိဟု မှတ်ရမည်။ ။ဤအတူပင် ၄ပ္ပည်ဖြစ်သော ရဟန်း သာမဏေတို့သည်၊ ဤသံဃိက ပစ္စည်းသည်၊ ငါ့အားရောက်သည်ဟု အဓိဋ္ဌာန်ခြင်းကို မပြုဘဲ၊ ပုဂ္ဂလိက ကဲ့သို့ အမှတ်မဲ့ ယူသွားစားသောက် ငြားသော်လည်း၊ သံဃာမှညွှန်း၍ရရကား အပြစ်မရှိ။ ဤသံဃိက ပစ္စည်းသည် ငါ့အားရောက်သည်ဟု အဓိဋ္ဌာန်ရမည် ဆိုသည်မှာ၊ သံဃာမညွှန်းဘဲ တွေ့ရှိသော သံဃိကပစ္စည်းကိုသာ ဆိုသည်ဟုမှတ်ရမည်။

(ဂ) အပင့်ဒါယကာ သည် ၄ပ္ပည်ဖြစ်၍ပုဂ္ဂလိကပင့်သည်။လှူသောဒါယကာတို့သည် ပဏ္ဍိတဖြစ်၍ သံဃိကလှူကြသည်။ သံဃိကမြောက်, မမြောက်မေးရာ၌။ ။လှူသောဒါယကာတို့သည် အပင့်အစေခိုင်းစဉ်ကပင် ရွေးချယ်ခြင်းမရှိ၊ သံဃာကိုအပင့်စေခိုင်း၍ လှူစဉ်လည်း သံဃာကိုပင် အာရုံပြု၍လှူသော်၊ အပင့်ဒါယကာပင် ပုဂ္ဂလိကပင့်သော်လည်း သံဃိကမြောက်၏။ ထိုသို့မဟုတ် အပင့်စေခိုင်းစဉ် ပုဂ္ဂလိက စေခိုင်း၍၊ လှူစဉ်အခါ သံဃိကလှူသော် စိတ်မစင်ကြယ်လျှင် သံဃိကမမြောက်၊ စင်ကြယ်လျှင်မြောက်၏ဟု မှတ်ရမည်။ ၊သံဃာအများကို ကြည်ညိုနှလုံးသွင်းခြင်းကို မပြုမူ၍၊ မိမိတို့ရသော ရဟန်း သာမဏေတို့ကိုသာ အာရုံပြုခြင်း၊ သာမဏေကို ရလျှင် အကြည်ညိုပျက်ခြင်း၊ မထေရ်ကြီးကို ရလျှင် ဝမ်းမြောက်ခြင်း၊ သံဃာတော်၏ ဂုဏ်၌ ယုံမှားရှိခြင်း၊ ဤလေးပါးသော အကြောင်းတို့ကြောင့် စာရေးတံ သံဃိကဒါန ပျက်စီးသည်။ သံဃာတော်၏ ဂုဏ်ကျေးဇူးကို မသိခြင်းသည်၊ စာရေတံ သံဃိကဒါန ညိုးနွမ်းခြင်း၏ အကြောင်းဖြစ်သည်။ ထို့ကြောင့် သံဃာတော်၏ ဂုဏ်ကျေးဇူးကို အထူးသိအောင် အားထုတ် သင့်လှလေသည်။ ။နိဗ္ဗမတိကော ဟုတ္ဝာ သံဃဿ စိတ္တိကာရံ ကာတုံ သက္ကောတိ။ ။ဟူသော အဋ္ဌကထာ၌ ယုံမှား ကင်းရမည်ကို ဆိုသည်မှာ၊ စာရေးတံရဟန်း၌ ယုံမှားကင်းရမည်ကို ဆိုသည်မဟုတ်။ အရိယာစသော သံဃာတော်သည် အသက်ကို စွန့်၍သီလတော်ကို စောင့်ရှောက်ခြင်းစသော ဝဋ္ဋကင်းကြောင်း ဂုဏ်ကျေးဇူး ရှိသည် စင်စစ်မှန်၏ ဟု၊ သံဃာတော်၌သာ ယုံမှားကင်းစေရမည်ဟု ဆိုသည်။ ။သံဃေပန စိတ္တိကာရော ဒုက္ကရော ဟောတိ၊ စသည်ကိုထောက်၍ သိအပ်၏။

ဋ္ဌင်းအဋ္ဌကထာ၌၊ သံဃာတော်၌ အရိအခဲသေ ပြုနိုင် ခြင်းသည် ခဲယဉ်းသည် ဆိုသည်မှာ၊ မြေကြီးသည် မိမိ၏ အထက်၌ တံတွေး, နှပ်, ကျင်ကြီး, ကျင်ငယ် တို့ကို စွန့်ချသော်လည်း အမျက်ထွက်ခြင်း မရှိသကဲ့သို့၊ ထိုအတူ

အရှင်သာရိပုတ္တရာ အစရှိသော သံဃာတော်သည် မိမိကို မရှိသေခြင်း၊ ဆဲရေးခြင်း တံတွေး, နှပ်, ကျင်ငယ်,ကျင်ကြီးတို့ဖြင့် ပစ်ခြင်း,ရိုက်နှက်ခြင်း စသည်ကို ပြုငြားသော်လည်း အမျက် မထွက်မူ၍၊ လူသာမန်တို့ ပြုနိုင်ခဲသော သည်းခံခြင်းကို ပြုနိုင်ပေသည်။ ပြုနိုင်ခဲသော အသက်ကို သော်လည်း စွန့်၍ သီလကို စောင့်ရှောက်ခြင်းကို ပြုနိုင်ပေသည်။ ဩော် အံ့ဘွယ်ရှိသော အရှင်ကောင်းတို့ပေတည်းဟု အရှင်သာရိပုတ္တရာ အစရှိသော သံဃာတော် မြတ်၌ ကြည်ညိုသော စိတ်ကိုဖြစ်စေ၍၊ မင်းသည် သူဌေး တယောက်၏ကျွန်ကို ရာထူး အာဏာ ပေးအပ် ခန့်ထားသည် ရှိသော်၊ သူဌေးသည် မိမိကျွန်၌ ရိုသေ ထိုက်သော ဂုဏ်မရှိ ငြားသော်လည်း မင်း၏ အာဏာ မျက်နှာကို ထောက်ထား ကြောက်ရွံ့သောစိတ်ဖြင့်၊ မင်းကဲ့သို့ပင် ကျွန်၏ အထံ၌၊ ရိုသေခြင်းကို ပြုသကဲ့သို့၊ ထို့အတူ အရှင် သာရိပုတ္တရာ အစရှိသော သံဃာတော်မှ ညွှန်း၍ ရအပ်သော အရှင်သာရိပုတ္တရာ အစရှိသော သံဃာတော်မြတ်တို့၏ ကိုယ်စား ဖြစ်သော သီလမရှိသော ရဟန်းကိုသော်လည်း ရအပ်သည် ရှိသော်၊ ထိုရဟန်း၌ ရိုသေထိုက်သော ဂုဏ်မရှိသော်လည်း၊ အရှင်သာရိပုတ္တရာ အစရှိသော သံဃာတော်မှ ညွှန်း၍ရအပ်သော အရှင်သာရိပုတ္တရာ အစရှိသော သံဃာတော် မြတ်တို့၏ ကိုယ်စား ပေတည်းဟု အရှင်သာရိပုတ္တရာ အစရှိသော သံဃာတော် မြတ်ကို ထောက်၍ ကြောက်ရွံ့ကြည်ညိုသော စိတ်ဖြင့်၊ ထိုသံဃာတော်မြတ်တို့ကဲ့သို့ပင် မိမိရသော ရဟန်းထံ၌ ရိုသေခြင်းကို ပြုနိုင်ခြင်းသည် အလွန်ပင် ခဲယဉ်းသည် ဆိုလိုသည်ဟု မှတ်ရမည်။

(၉) ပင့်၍ရင်း၊ တပါးတည်း နေရာ၌ရင်း၊ မိမိသို့ညွှတ်သော ပစ္စည်းကို အကျိုးများ စေခြင်းငှါ သံဃာအား လှူစေရာ၌ သံဃိကမြောက် မမြောက်၊ မြောက်လျှင်ရင်းပစ္စည်းကို အမိဋ္ဌာန်တင်၍ ယူရာ၌ အပြစ်ရှိမရှိကို လျှောက်ထားရာ၌။ ။ဒါယကာသည် သံဃာကို ညွှတ်သော စိတ်ဖြင့် လှူနိုင်လျှင် သံဃိကမြောက်၏။ ။ရင်းပစ္စည်းကို သံဃ ပစ္စည်းသည် ငါ့အားရောက်၏ဟု အများရှိလျှင်လည်း ဝေဘန်၍ ယူလိုသော စင်ကြယ်သော စိတ်ဖြင့် ယူလျှင် အပြစ်မရှိ။ ။ထိုကြောင့် ဘုရားမြတ်စွာသည်။ ။သံဃေ တွံ့ ဂေါတမိ ဒေဟိ၊ သံဃေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ။ ။ဟု ဟောတော်မူအပ်ပြီ။ ။ဂေါတမိ၊ မိထွေးတော် ဂေါတမီ။ တွံ၊ သင့်မိထွေးတော့် ဂေါတမီသည်။ သံဃေ၊ သံဃာအား။ ဒေဟိ၊ လှူပါလေ။ သံဃေ၊ သံဃာအား၊ ဒိန္နေ၊ လှူအပ်သည် ရှိသော်။ အဟဉ္စေဝ၊ ငါဘုရား သည်ရင်း။ သံဃော စ၊ သံဃာတော်သည် ရင်း။ ပူဇိတော၊ ပူဇော် အပ်သည်။ ဘဝိဿာမိ၊ ဖြစ်ပါလတ္တံ့။ ။(ဤကားအနက်)

မိမိသို့ ညွတ်သော ပစ္စည်းကို အကျိုးများစေခြင်းငှါ အချားနှင့် နေရာဝယ်၊ သံဃာကို မလှူစေနိုင်ခြင်းသည်ပင် မစင်ကြယ်သော စိတ်ဟုမှတ်။ ။ တိုက်တွင်းရှိ သံဃာကုန် တကျောင်း, နှစ်ကျောင်း စသည်ပင့်ရာ၌ သံဃိကရေစက် ချရမည်၊ ပုဂ္ဂလိကရေစက်ချရမည်ကို သိလိုပါသည်ဟု လျှောက်ထားရာ၌။ ။သံဃိကလှူလိုပါသည်ဟု အထူလျှောက်ထားသည်မှတပါး၊ များသောအားဖြင့် ဒေသအလိုက် ဒါယကာတို့သည် အာရာမ်တွင်းရှိ သံဃာကို နှလုံးသွင်းကြသည်။ ထို့ကြောင့် အာရာမိက သံဃိကရေစက်ချရမည်။ အသုဘာရှုသံဃာကုန်ပင့်ရာ၌လည်း၊ ဤအတူပင် အာရာမိက သံဃိကဖြစ်၍၊ ဌေ့သည် ရဟန်းတို့ကို မဝေဘာန်အပ်ဟုမှတ်ရမည်။

(၁၀) ကျောင်းရေစက်ချရာဝယ်၊ ဒါယကာသည် သံဃိက ရေစက်ချလိုသည်ကိုသိ၍၊ သံဃိကဟူသည် အလွန်ဝန်လေးသည်ဆို၍ ပုဂ္ဂလိက ရေစက်ချစေရာ၌၊ အပြစ်ရှိမည် မရှိမည်ကို သိလိုပါသည်လျှောက်ထားရာ၌။ ။သံဃာသို့ ညွတ်ခြင်းသည် စိတ်ဖြင့်ညွတ်ခြင်း၊ နှုတ်ဖြင့်ညွတ်ခြင်းဟု နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် စိတ်ဖြင့်သံဃာအားလှူအံ့၊ သံဃိက ရေစက်ချအံ့ဟု ကြံခြင်းသည် စိတ်ဖြင့်ညွတ်ခြင်းမည်၏။ နှုတ်ဖြင့်သံဃာအားလှူအံ့၊ သံဃိကရေစက်ချအံ့ဟု မြွက်ခြင်းသည် နှုတ်ဖြင့်ညွတ်ခြင်းမည်၏။ ထိုနှစ်ပါးတို့တွင် စိတ်ဖြင့် သံဃာသို့ညွတ်သည်ကို သိလျက် မိမိအားရင်း၊ သူတပါးအားရင်း ညွတ်စေ လှူစေ,ရေစက်ချစေရာ၌ အာပတ်မရှိ။ မိမိ၏မဟိစ္ဆဖြစ်ခြင်း၊ ဒါနဲ၏ အကျိုးနည်းခြင်းအပြစ်သာရှိသည်။ နှုတ်ဖြင့်သံဃာသို့ညွတ်သည်ကိုသိလျက်၊ မိမိအားညွတ်စေ,လှူစေ,ရေစက်ချစေရာ၌ နိဿဂ္ဂိပါစိတ်အာပတ်သင့်ကြောင်း၊ သူတပါးအားညွတ်စေ,လှူစေ, ရေစက်ချစေရာ၌ သုဒ္ဓပါစိတ် အာပတ်သင့်ကြောင်း၊ ပရိဏတ သိက္ခာပုဒ်တို့ဖြင့် အလွန်ထင်ရှားသည်။ ထို့ကြောင့် နှုတ်ဖြင့် သံဃာသို့ ညွတ်သည်ကို သိလျက်၊ ပုဂ္ဂလိကရေစက် မချကောင်းဟု မှတ်ရမည်။

(၁၁) ကျောင်းကိုရေစက်ချရာ သံဃိကရေစက်ချမည်လော၊ ပုဂ္ဂလိကရေစက်ချမည်လောဟု ဒါယကာကိုမေးရာ၊ သံဃိက·ပုဂ္ဂလိကကို မသိပါ။ ကုသိုလ် အများ ရသည်ကို ချလိုပါသည်ဟု လျှောက်သည်ကို၊ သံဃိကဟူကဝန်လေးပါသည်ဟုဆို၍ ပုဂ္ဂလိကရေစက်ချရာ၌၊ အပြစ်ရှိမည်၊ မရှိမည်ကို သိလိုပါသည်ဟု လျှောက်ထားရာ၌။ ။ကုသိုလ်အများရသည်ကို ချလိုပါသည်ဟု ဆိုခြင်းသည်၊ သံဃိကဟူက ကုသိုလ်အများရ·ရကား သံဃိကလှူလိုပါသည်ဟု အနက်အားဖြင့် ဆိုရာရောက်သော်လည်း၊ ထိုဒါယကာသည် သံဃိက,ပုဂ္ဂလိကကို မသိသည်ဖြစ်၍၊ သံဃာ၌ရင်း၊ ပုဂ္ဂိုလ်၌ရင်း၊ စိတ်အားဖြင့်ရင်း၊ နှုတ်အားဖြင့်ရင်း ညွတ်ခြင်းကို မပြုနိုင်။ စင်စစ်မူကား ပုဏ္ဏာစကားမျိုးကိုသာ ဆိုသည်။

ထိုကြောင့် ဤသို့ဆိုသော ဒါယကာကို ပုဂ္ဂလိကချစေရာ၌။ ဒါနစ၏အကျိုးနည်းခြင်း မိမိ၏မဟိစ္ဆဖြစ်ခြင်းသာအပြစ်၊ အာပတ်ကား သင့်ရန်မရှိ။ ယခင်နည်း ရဟန်းက မေးသည်ကိုသိ၍ သံဃိကချလိုပါသည်ဟု လျှောက်သည်ကို ပုဂ္ဂလိက ချစေရာ၌မူကား၊ ပရိဏာတသိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်ဟု မှတ်ရမည်။ ထို့ကြောင့် ပရိဏာတသိက္ခာပုဒ်၌။ ။ပရိဏာတံနာမ ဒဿာမ ကရိဿာမာတိ ဝါစာဘိန္နာ ဟောတိ။ ။ဟုမိန့်အပ်ပြီ။ ။ပရိဏာတံနာမ၊ ပရိဏာတမည်သည် ကား။ ဒဿာမ၊ လှူကုန်အံ့။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့။ ဝါစာ၊ စကားကို။ ဝါ၊ စကားသည်။ ဘိန္နာ၊ မြွက်ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ (ဤကား အနက်)

(၁၂) သံဃာအများတောင်းရာ၊ မိမိကျောင်းတွင် သံဃာမလောက်၍ ဟကျောင်းနှစ်ကျောင်း စသည်တို့ကို ကျော်၍ မိမိနှစ်သက်ရာ တိုက်တပါး၌ သံဃာသာမညကိုတောင်းသော် အပြစ်ရှိမည်၊မရှိမည်ကို သိလိုပါသည် လျှောက် ထားရာ၌။ ။သံဃလာဘ်ဟူက တိုက်တွင်း၌လှူအံ့၊ တိုက်ပြင်းသို့ရောက်သော ရဟန်းအပဥ္စလှူအံ့၊ တဆဲ့နှစ်တောင် ဟတ္ထပါသ်သို့ ရောက်လာသော ရဟန်း တို့အားသာ ထိုက်သည်။ ယင်းသို့ ထိုက်သောရဟန်းအား မပေးလျှင်သာ အာပတ်သင့်သည်။ တပါးတိုက် ရဟန်း၊ ဟတ္ထပါသ်သို့ မရောက်လာသော ရဟန်းတို့သည်၊ မထိုက်သော ရဟန်းချည်းပင်ဖြစ်သည်။ ထို့ကြောင့် ကျောင်း ကို ကျော်၍ပင့်ရာ၌ အာပတ်မသင့်ငြားသော်လည်း၊ မဟိစ္ဆဖြစ်ခြင်း၊ ဝေယျာ ဝစ္စ ကသိုလ်၏ အကျိုးနည်းခြင်း အပြစ်ရှိသည်ဖြစ်၍ ကျော်၍ပင့်ခြင်းကို မပြုသင့်ဟု မှတ်ရမည်။

(၁၃) ကထိန်ခင်းရာ၌ ကမ္မဝါစာ ချတ်ယွင်း ကထိန်ခံသော ရဟန်း၏ အင်္ဂါ ရှစ်ပါးနှင့် မပြည့်စုံခြင်းကြောင့် ကထိန် မပြောက်ခဲ့သော် သင်္ကန်း သည် ပုဂ္ဂလိကဖြစ်မည်။ သံဃိကဖြစ်မည်။ သံဃိကဖြစ်လျှင် ပုရိမဝါမှုထသော တိုက်တွင်းရဟန်းတို့ကို ပန့်သင့်မပန့်သင့်သည်ကို သိလိုပါသည် လျှောက်ထား ရာ၌။ ။ကထိန်ပြောက်သည်ဖြစ်စေ၊ မပြောက်သည်ဖြစ်စေ။ ဣဒံကထိနစီဝရံ သံဃဿဒေမ ဆို၍လှူကတည်းကပင် သံဃိကဖြစ်ဘော့သည်။ကထိန်ပြောက်ခြင်း၊ မပြောက်ခြင်းသည် သံဃိကဖြစ်ရာ၌ပမာဏမဟုတ်။ သံဃဿ ဒေမဆို၍ လှူခြင်း သာ ပမာဏဖြစ်သည်ဟု မှတ်ရမည်။ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့် ကျော်တရက်ကစ၍ တန်ဆောင်မုန်းလပြည့်တိုင် စီဝရမာသ တလအတွင်း၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်တိုင် ငါးလအတွင်း၌ သံဃဿ ဒေမ၊ ဆို၍ လှူသောသင်္ကန်းကို ဝါမှုထသော အာရာမ်ရှင်ရဟန်းတို့သာ ထိုက်သည်။ ထို့ ကြောင့်. တိုက်ရှင်ရဟန်းတို့ မပေးမှ အပ်သည်ဟုမှတ်ရမည်။ [သာဓကကိုမူကား

အောက်၌ပြအပ်ခဲ့ပြီ}။ ။သံဃိကအရာ၌ မှာထား ဆုံးဖြတ်ခဲ့ပြီးသည်အတိုင်း စေ့စေ့ငုငု၊ ကြည့်ရှုမှတ်သား၍ မမှားအောင်သတိပြုကြရမည်။ တပည့် ရှာသာ ကျောင်းပုဂ္ဂိုလ် ဦးဇောဘ၊ ဂျိုကျအင်းကျောင်းပုဂ္ဂိုလ် ဦးကေသရတို့။

သံဃိကဘေဒါဒိပဉ္စာဝိနိစ္ဆယကား ဤတွင်ပြီးသတည်း။

---

ရွှေငွေတို့ဖြင့် တန်းဆာဆင်အပ်သော ကျော င်းကို ပုဂ္ဂလိကခံအပ်-မခံအပ်ကို သိလိုပါသည်လျှောက်ထားရာ၌၊ အဆုံးအဖြတ်ကို ဤသို့မှတ်ရာ၏။

ကျောင်းဟူသည် သပိတ်စသော ဘဏ္ဍာတို့ကဲ့သို့ ဆောင်၍ သုံးဆောင်အပ်သော ဘဏ္ဍာမျိုး မဟုတ်သည်ဖြစ်၍။ ။အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒ ပရိဘောဂံ။ ။ဟု ရွှေ,ငွေဖြင့်တန်းဆာ ဆင်အပ်သော၊ ကျောင်းစသည်ကို မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်၏။ ။ထို့ကြောင့် ရွှေငွေဖြင့် တန်းဆာဆင်အပ်သော ကျောင်းစသည် ဂိုဏ်း,ပုဂ္ဂိုလ်တို့အားလည်း ခံခြင်းငှါ အပ်၏ဟု ဆရာတို့ ဆိုကုန်၏။ ။ယထာအနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒ ပရိဘောဂန္တိဝစနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသနပရိဘောဂ ဝသေန နိယမိတံ သုဝဏ္ဏာဃဋာဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတွာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတိ။ ဧဝမိဒံ ဘူမတ္ထရဏ ဝသေန၊ ပရိဘုဉ္ဇိယမာနမ္ပိ အတ္တနော သန္တကံ ကတွာ တံတံဝိဟာရံ ဟရိတွာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတိ တိဒဿနတ္ထံ ပဒိဟရဏေယေဝ ပဋိက္ခေပေါ ဝေဒိတဗ္ဗောတိ ဧုတ္တံ။ ။(ဘူတဂါမဝဂ်၊ စတုတ္ထသိက္ခာပုဒ်အဘွင့် တေရသကဏ်ဋီကာ)

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒ ပရိဘောဂန္တိ၊ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံပါသာဒ ပရိဘောဂံ-ဟူ၍။ ဝစနတော၊ မြတ်စွာဘုရား ဟောတော်မူသောကြောင့်။ ပုဂ္ဂလိကေပိ၊ ပုဂ္ဂိုလ်၏ ဥစ္စာလည်းဖြစ်သော။ သေနာသနေ၊ ကျောင်း၌။ သေနာသန ပရိဘောဂ ဝသေန၊ ကျောင်းအသုံးအဆောင်၏ အစွမ်းဖြင့်။ နိယမိတံ၊ မှတ်ထားအပ်သော။ သုဝဏ္ဏဃဋာဒိကံ၊ ရွှေအိုးစသည် သည်။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋမာနမ္ပိ၊ အပ်သော်လည်း။ ကေဝလံ၊ သက်သက်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ကတွာ၊ ပြု၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ နဝဋ္ဋတိယထာ၊ မအပ်သကဲ့သို့။ ဧဝံတထာ ထို့အတူ၊ ဣဒံ၊ ဤ ခြသေ့ရေ,ကျားရေ စသည်သည်။ ဘူမတ္ထရဏဝသေန၊ မြေအခင်း၏ အစွမ်းဖြင့်။ ပရိဘုဉ္ဇိယမာနမ္ပိ၊ သုံးဆောင်အပ်သော်လည်း။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ကတွာ၊ ပြု၍။ တံတံဝိဟာရံ၊ ထိုထိုကျောင်းသို့။ ဟရိတွာ၊ ဆောင်ယူ၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ၊ နဝဋ္ဋတိ၊ မအပ်။ ဣတိဣမမတ္ထံအတ္ထာယ၊ ဤသို့သောအနက်ကို။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ ပရိဟရဏေယေဝ ပဋိက္ခေ

ပေါ ဝေဒိတဗ္ဗောတိ၊ ဝေဒိတဗ္ဗော-ဟူ၍။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ ။(ဤကား အနက်)

ဋီကာ၌။ ။ပုဂ္ဂလိကောပိ သေနာသနေ။ ။ဟူသောပါဌ်ဖြင့်၊ သေနာသနပရိဘောဂ၏ အစွမ်းဖြင့် မှတ်အပ်သော။ ရွှေအိုးစသည်သည်၊ ဒါယကာတို့ နှလုံးသွင်းအားလျော်စွာ ပုဂ္ဂလိက သော်လည်း အပ်ကြောင်းကို ပြတော်မူ၏။ အချို့ကား ဤ၌ သံဃိကပင်ဟု ဆိုကုန်၏။ ။သံဃိကေပန သေနာသနေ။ ။ဟုမဆိုမူ၍။ ။ပုဂ္ဂလိကေပိ သေနာသနေ။ ။ဟုဆိုအပ်ရကား ထိုစကားမသင့်။ ဤသို့ကျောင်းကို မဆိုထားဘိ ကျောင်းနှင့်စပ်သော ရွှေအိုးစသည်သည်လည်း ပုဂ္ဂလိကအပ်ကြောင်းလာသော တေရသကဏ်ဋီကာနှင့် ညီညွတ်ရကား ဆရာတို့ စကားသည် ယုတ္တတရဖြစ်၏ဟု မှတ်ရာ၏။

ဝိမတိဝိနောဒနီဋီကာ သေနာသနက္ခန္ဓက အဘင့်၌။ ။သုဝဏ္ဏ ရဇတာဒိ ဝိစိတြာနီတိ သံဃိကသေနာသနံ သန္ဓာယ ဝုတ္တံ၊ ပုဂ္ဂလိကံပန သုဝဏ္ဏာဒိဝိစိတြံ ဘိက္ခုဿ သမ္ပဋိစ္ဆိတုမေဝ နဝဋ္ဋတိ၊ နကေနစိပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗန္တိ ဝုတ္တတ္တာ၊ တေနေဝ အဋ္ဌကထာယံ သံဃိကဝိဟာရေဝါ ပုဂ္ဂလိကဝိဟာရေဝါတိ နဝုတ္တံ၊ ဂေါဏကာဒိ အကပ္ပိယဘဏ္ဍာဝိသယေ ဝေ ဝုတ္တံ၊ ကေ ဘိက္ခုဿပိ တေသံ ဂဟဏေ ဒေါသာဘာဝါ။ ။ဟူ၍၊ တစုံတခုသော ပရိယာယ်အကြောင်း၊ဖြင့်၊ ရွှေငွေကိုမသာရအပ်ဟု ဟောတော်မူသောကြောင့် ငှင်းရွှေငွေဖြင့် တန်းဆာဆင်အပ်သော ကျောင်းအသုံးအဆောင်ကို ပူသော အရာ၌ သံဃိကဝိဟာရေဝါဟု အဋ္ဌကထာ၌ မဆိုမူ၍၊ ပုဂ္ဂိုလ်အားလည်း ခံခြင်းငှါအပ်သော ဂေါဏက စသောအခင်းကိုပြသောအရာ၌သာ။ ။သံဃိကဝိဟာရေဝါ ပုဂ္ဂလိက ဝိဟာရေဝါ။ ။ဟု အဋ္ဌကထာ၌ ဆိုအပ်သောကြောင့် ရွှေငွေဖြင့် ဆန်းကြယ်သော ကျောင်းအသုံးအဆောင်သည် သံဃာအပ်၏။ ပုဂ္ဂိုလ်မအပ်ဟု ဆိုတော်မူ၏။ ။နကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ။ ။ဟု ဟောတော်မူအပ်သောကြောင့်၊ ပုဂ္ဂိုလ်မအပ်သည်ဖြစ်လျှင် ငှင်းဒေသနာတော်ဖြင့် ပုဂ္ဂိုလ်အားသာမအပ်ကြောင်းကို ပြတော်မူသည်မဟုတ်၊ သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်-သုံးဦးတို့ပင် မအပ်သည်ကို ပြတော်မူသောကြောင့် ထိုရွှေငွေဖြင့် ဆန်းကြယ်သော ကျောင်းအသုံးအဆောင်သည် သံဃာအားလည်း မအပ်ဖြစ်ရာသောကြောင့်ငှင်း၊ ယခင်ကျောင်းအသုံးအဆောင်ကို ခံခြင်းငှါ မအပ်သောအရာ၌၊ သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်တို့အား ကွဲပြားမရှိ အထူးမဆို၊ ထူးမူ ဆိုရာ၏။ ဟူ၍လည်း သိသင့်သောကြောင့်ငှင်း၊ လျှဉ်းပါးဘွယ်မရှိ၍မဆိုခြင်း၊ လျှဉ်းပါးဘွယ်ပင်ရှိသော်လည်း၊ နယဂ္ဂါဟဖြင့်သိသင့်၍ မဆိုခြင်းလည်း ရှိသောကြောင့်ငှင်း ဟိုဋီကာစကားကို ပညာရှိတို့ဆင်ခြင်၍ယူအပ်၏။

**သုဝဏ္ဏရဇတာဒီ** ဝိစိတြာနိတိ-ဣဒံဝစနံ၊ သုဝဏ္ဏရဇတာဒိ စိတြာနိ-ဟူသော ဤစကားကို။ သံဃိက သေနာသနံ၊ သံဃာ၏ ဥစ္စာဖြစ်သော ကျောင်းကို။ သန္ဓာယ၊ ရည်၍။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ နကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗန္တိ၊ သာဒိတဗ္ဗံ၊ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ သုဝဏ္ဏရဇတာဒိဝိစိတြံ၊ ရွှေငွေစသည်တို့ဖြင့် ဆန်းကြယ်သော။ ပုဂ္ဂလိကံပန၊ ပုဂ္ဂလိက ကျောင်းကိုကား။ ဝါ၊ ကျောင်းသည်ကား။ ဘိက္ခုဿ၊ ရဟန်းအား။ သမ္ပဋိစ္ဆိတုမေဝ၊ ခံခြင်းငှါသာလျှင်။ နဝဋ္ဋတိ၊ မအပ်။ တေနေဝ၊ ထိုကြောင့် သာလျှင်။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ သံဃိက ဝိဟာရေဝါ ပုဂ္ဂလိကဝိဟာရေဝါတိ၊ ဝိဟာရေဝါ-ဟူ၍။ နဝုတ္တံ၊ ဆိုတော်မမူအပ်။ ဂေါနကာဒိ အကပ္ပိယဘဏ္ဍဝိသယေဝ၊ ဂေါနကာ အစရှိသော အကပ္ပိယဘဏ္ဍာ၏ အရာ၌သာလျှင်။ သံဃိကဝိဟာရေဝါ ပုဂ္ဂလိက ဝိဟာရေဝါတိ၊ ဝိဟာရေဝါ-ဟူ၍။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဇေ ဘိက္ခုဿပိ တစ်ဦးဘယောက်သော ရဟန်းအားသည်း။ တေသံ၊ ထိုဂေါနကာ စသောအခင်းတို့ကို။ ဂဟဏေ၊ ခံယူခြင်း၌။ ဒေါသာဘာဝေါ၊ အပြစ်၏မရှိခြင်း ကြောင့်တည်း။ ။(ဤကား အနက်)

ရွှေငွေဖြင့်-တန်းဆာ ဆင်အပ်သောကျောင်း ပုဂ္ဂလိက အပ်သည်ကိုပြခြင်း ဝိနိစ္ဆယပြီး၏။

---

ကျောင်းကို သမ္မုခိဘူတ သံဃာအားလှူရာ၌၊ ထိုသမ္မုခိဘူတ သံဃာသည်၊ တယောက်သော ပုဂ္ဂိုလ်အား၊ အပိုင်ပေးအပ်- မပေးအပ် သည်ကိုရင်း၊ ဤ ဂရုပရိက္ခရာကို မိမိနေရာ၌ ထိုထိုကျောင်းသို့ ဆောင်၍၊ ဂရုပရိက္ခရာ အဖြစ်ဖြင့် သုံးဆောင်စေခြင်းငှါ. သမ္မုခိဘူတသံဃာအားလှူပါ၏ဟူ၍ဒါယကာတို့လှူရာ၌၊ လှူသည့်အတိုင်း သုံးဆောင် ခြင်းငှါ၊ အပ်, မအပ်ကိုရင်း သိလို ပါသည်ဟု လျှောက်ထားရာ၌' အဆုံးအဖြတ်ကို ဤသို့သိမှတ်ရာ၏။

အပသောကနက်စသည်နှင့်စပ်သောအရာ၌၊လေးပါးစသောရဟန်းအပေါင်း တို့သည် သံဃာမည်၏။ နှစ်ပါး,သုံးပါးသည် ဂိုဏ်းမည်၏။ ပစ္စည်းနှင့်စပ်သော အရာ၌၊ အဘိယုဉ္ဇန- ဂ္ဂဃရဝတ- တာဝကာလိက၏ အစွမ်းအားဖြင့်၊ သံဃ ပစ္စည်းကို ယူရာ၌ တောင်း၍ မရသော်လည်း၊ အလုံးစုံ ဝန်ချခြင်းငှါ မတတ် စကောင်းသော ပစ္စုပ္ပန်-အတိတ်-အနာဂတ်-အရပ်ဋလေးမျက်နှာတို့၌ တည်သော အရေအတွက် အပိုင်းအခြား မရှိသော ရဟန်းအပေါင်းသည် သံဃာမည်၏။ ။ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ၌။ ။အဘိယောဂေပိစေတ္ထ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခုနံ ဒိန္နံ ဝိဟာရံ ပရိဝေဏံ ဝါ, အာဝါသံ ဝါ မဟန္တမ္ပိ

ခုဒ္ဒကမ္ပိ အဘိယုဥ္ဇတော အဘိယောဂေ ါ နရုဟတိ။ အစ္ဆိန္ဒိတွာ ဂဏှိတုမ္ပိ နသက္ကောတိ။ ကသ္မာ သဗ္ဗေသံ ဓုရနိက္ခေပါဘာဝတော။ နဟေတ္ထ သဗ္ဗေ စာတုဒ္ဒိသာ ဘိက္ခူ ဓုရနိက္ခေပံ ကရောန္တီတိ။ ။ဟု မိန့်အပ်၏။ ။နှစ်ပါး-သုံးပါး တဆယ်-တရာစသော အရေအတွက်အပိုင်းအခြားရှိသောအလုံးစုံဝန်ချစကောင်းသော ရဟန်းအပေါင်းသည် ဂိုဏ်းမည်၏။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။ဒီဃဘာဏကာဒိဘေဒဿပန ဂဏဿ ဧကပုဂ္ဂလဿဝါ သန္တကံ အဘိယုဥ္ဇိတွာ ဂဏှန္တော သက္ကောတိ ဓုရံ နိက္ခိပါပေတုံ။ ။ဟုမိန့်အပ်၏။ ။၎င်းအဋ္ဌကထာပါဠိတို့၏ အနက်ကို အောက်(၁၀)နံပါတ်မှာကြည့်။

ထိုနှစ်ပါးတို့တွင် အလုံးစုံပေးခြင်းငှါမစွမ်းနိုင်သော စာတုဒ္ဒိသာ သံဃာ၏ ဥစ္စာဖြစ်သော ဂရုပရိက္ခာရကိုသာလျှင်၊ သံဃာ- ဂိုဏ်း- ပုဂ္ဂိုလ် တို့သည်၊ တစုံတယောက်သော သူအား မစွန့်အပ်။ စွန့်သော်လည်း စွန့်အပ်သည်မမည်။ မိမိတို့ဝေဘန်၍လည်း မယူအပ်။ ဝေဘန်သော်လည်း ဝေဘန်အပ်သည်မမည်။ အဘယ့်ကြောင့် နည်းဟူမူ၊ မျက်မှောက်၌တည်သော ရဟန်းတို့သည် စွန့်အပ် ဝေဘန်အပ်သော်လည်း၊ ကြွင်းသော အရေအတွက် အပိုင်းအခြားမရှိသော ရဟန်းတို့သည်၊ မစွန့်အပ် မဝေဘန် အပ်သောကြောင့်တည်း။ ။ထို့ကြောင့် မဟာဝါပါဠိတော်၌။ ။ယံတတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံအာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ။ ။ဟူ၍၎င်း။ ။*ဝိမတိ ဝိနောဒနီဋီကာ၌။ ။ပါဠိယံ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာ နာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတွာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော။ ။ဟူ၍၎င်း မိန့်အပ်၏။ ။*၎င်းဋီကာ၌။ ။အာဂတနာဂတဿ၊ ကျောင်းတိုက်သို့ ရောက်မရောက်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌သွားလာနေထိုင်သော။ သံဃဿဝ၊ ၏သာလျှင်။ သန္တကံ၊ သန္တကဿ၊ ဥစ္စာ၏။ ဟုတွာ ဘာဝတော၊ ဖြစ်ခြင်းကြောင့်။ (ဟုသမ္ဗန်)။ ။၎င်း ပါဠိတော် ဋီကာပါဠိတို့၏ အနက်ကို အပြည့်အစုံကိုလိုလျှင် (၁၈) နံပါတ်မှာ ကြည့်လေ}။ ။သံဃဿဝ၌ ဧဝ သဒ္ဒါဖြင့်၊ ဂဏ သန္တက ဝေဘန်အပ်ကြောင်းကိုပြ၏။

သမ္မုခီဘူတေန သံဃေန ဘာဇေတုံ။ ။ဟူသော ပါဠိတော်၌ သမ္မုခီဘူတေနသဒ္ဒါဖြင့် အာရာမ်ပဌ်တည်သော၊ အရေအတွက် အပိုင်းအခြားမရှိသော ရဟန်းအပေါင်းကို ပယ်တော်မူအပ်လေသောကြောင့် တိုက်တွင်းရှိ ရဟန်းအပေါင်းတို့တွင် သောတာပန်- သကဒါဂါမ်သည်သာ၊ တိဿ-ဖုဿ သည်သာ ဖေဘန်အပ်၏။ ဟု ရွေးချယ်ခြင်း မရှိသည်ကိုသာစွဲ၍ သံဃေနဟု ဟောတော်မူအပ်သည်။ စင်စစ်သော်ကား ဤ၌သံဃာဟူသည် နှစ်ပါးသုံးပါး

တရာ-တဆယ်စသော အရေအတွက် အပိုင်းအခြားရှိသော ဂိုဏ်းပင်တည်းဟု မှုချတပ်တပ် သိအပ်ပါလျက် စာတုဒ္ဒိသာ သံဃာနှင့် တူလေယောင်၊ သံဃာဟူသောနာမ-လေသကိုစွဲ၍ လိမ့်လဲယုံမှားခြင်းကိုမပြုအပ်။ ထို့ကြောင့် သမ္မုခိဘူတသံဃာဟူသည်၊ အဘိဥ္စန-ဣဿရဝတတာ၁ဝ ကာလိကာ၏ အစွမ်းဖြင့် ယူရာ၌ ဝန်ချစကောင်းသော နှစ်ပါး-သုံးပါး-တရာ-တဆယ်စသော အရေအတွက်အပိုင်းအခြားရှိသော ဂိုဏ်းပင်တည်းဟု သန္နိဋ္ဌာန်ကျ သက်ဝင်ယုံကြည် မှတ်သားအပ်၏။ ။ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ၌။ ။ဆင္ဃိက ဝိဟာရေပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ။ ကသ္မာ၊ အာဂတာနာဂတာနံ သန္တကတ္တာ၊ ဂဏသန္တကေပန ပုဂ္ဂလိကေစ ဥဿာဘာမတ္တာဒမဝ ပမာဏံ၊ ။ဟုမိန့်အပ်၏။ ။၎င်း၏ အနက်ကိုလိုလျှင် (၁၆)နံပါတ်မှာ ကြည့်လေ။

ထို့ကြောင့် သမ္မုခိဘူတသံဃာအားလှူရာ၌ သံဃာအစစ်မဟုတ်။ဝေါဟာရ သံဃာသာဖြစ်သော နှစ်ပါး-သုံးပါး- တရာ- တဆယ်စသော ဂဏမည်သော ရဟန်းတို့သည် မိမိတို့ ညီညွတ်ကြကုန်သည် ဖြစ်အံ့၊ ပုဂ္ဂိုလ်သည် မိမိဥစ္စာဖြစ်သော ကျောင်းစသော ဂရုဘဏ်ကိုဆရာကို အလိုရှိတိုင်း ပြုခြင်းငှါ အပ်သကဲ့သို့ ထို့အတူ ကျောင်းအိပ်ရာ နေရာစသော ဂရုဘဏ်ကိုဆရာကို မိမိတို့ အလိုရှိတိုင်းပင် ပြုခြင်းငှါအပ်၏။ တယောက်သောပုဂ္ဂိုလ်အားပေးလျှင် ပုဂ္ဂလိကဖြစ်၏။ မိမိတို့ အသီးသီးဝေဘန်၍ ယူလျှင်လည်း အသီးသီး ပုဂ္ဂလိကဖြစ်၏–ဟု နိဿံသယ မှတ်အပ်၏။ စာတုဒ္ဒိသာ သံဃိက လှူဒါန်းရာ၌ကား ဒါယကာတို့သည် ဤ တိုက်တွင်သာ သေနာသန ပရိဘောဂမှတ်၍ လှူအပ်သော ဂရုဘဏ်ဖြစ်အံ့၊ တိုက်တပါးသို့ဆောင်၍ မသုံးဆောင်အပ်။ ။ထို့ကြောင့် စူဠဝါပါဠိတော် သေနာသနက္ခန္ဓက၌။ ။နဘိက္ခဝေ အညတြ ပရိဘောဂေ ါ အညတြ ပရိဘုဉ္ဇိတဗ္ဗော။ ယော ပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ။ ။ဟုဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ တို့။ အညတြ၊ တပါးသောကျောင်း၌။ ပရိဘောဂေ ါ၊ သုံးဆောင်စိမ့်သောငှါ လှူအပ်သော သံဃိကအသုံးအဆောင်ကို၊ အညတြ၊ တပါးသော ကျောင်း၌။ နပရိဘုဉ္ဇိတဗ္ဗော၊ မသုံးဆောင်အပ်၊ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)

တိုက်တွင်း၌၎င်း၊ တိုက်ပ၌၎င်း ဘိုထိုတိုက်မှုပင်၍ စာတုဒ္ဒိသာ သံဃိက လှူရာ၌ လာဘ်မျှသည်ဖြစ်အံ့၊ ဒါယကာကို မေးစစ်ဘွယ်မရှိ။ မိမိတို့ ကျောင်းသို့ ဆောင်၍ သံဃိက ပရိဘောဂအဖြစ်ဖြင့် သုံးဆောင်အပ်၏။ ။ထို့ကြောင့် မဟာဝါစိဝရက္ခန္ဓက အဘွင့်အဋ္ဌကထာ၌။ ။ယဒိပန မဒ္ဓါဝါ ပိဋ္ဌကာံဂါ

ဧကမေဝ ဟောတိ၊ တံပုစ္ဆိတွာ ယဿဝါ ဝိဟာရဿ ဧကဝိဟာရေပိ ယဿ သေနာသနဿ သော ဝိစာရေတိ။ တတ္ထ ဒါတဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။ မဉ္စောဝါ၊ ညောင်စောင်းသည်၎င်း။ ပီဌံဝါ၊ အင်းပျဉ်သည်၎င်း။ ဧကမေဝ၊ တခုတည်းသာလျှင်။ ယဒိဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ တံ၊ ထိုလှူသောဒါယကာကို။ ပုစ္ဆိတွာ၊ မေး၍။ ယဿဝါ ဝိဟာရဿ၊ အကြင်ကျောင်းတိုက်ကို၎င်း။ ဧကဝိဟာရေပိ၊ တတိုက်ထည်း၌ပင် သော်လည်း။ ယဿဝါ သေနာသနဿ၊ အကြင်ကျောင်းကို၎င်း။ သော၊ ထိုဒါယကာသည်၊ ဝိစာရေတိ၊ စီစစ်၏။ တတ္ထ၊ ထိုဒါယကာစီစစ်ရာကျောင်း၌။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ။(ဤကားအနက်)

လှူဒါန်းပြီး၍ ဒါယကာသွားသော်၎င်း၊ အရှင်ဘုရားတို့စီစစ်ပါဟုလျှောက်ထားသော်၎င်း မိမိဘို့ပင်စီစစ်အပ်၏။ စီစစ်ဟန်ကား မရှိချင်းတူလျှင် မထေရ်ကြီးအား အချို့၌ရှိလျှင် မရှိသောပုဂ္ဂိုလ်အား အထူးတောင်းလျှင်လည်း တောင်းသော ပုဂ္ဂိုလ်အား သံဃိကပရိဘောဂအဖြစ်ဖြင့် သုံးဆောင်ပါဟု ပေးအပ်၏။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။အထ မယှံ ဓုဝကာရေ ဒေထာတိ ဝတွာ အဝိစာရေတွာဝ ဂစ္ဆတိ။ သံဃဿပိ ဝိစာရေတုံ ဝဋ္ဋတိ၊ ဧဝံပန ဝိစာရေတဗ္ဗံ။ သံဃထေရဿ ဝသနဋ္ဌာနေ ဒေထာတိ ဝတ္တဗ္ဗံ၊ သစေ တဿ သေနာသနံ ပရိပုဏ္ဏံ ဟောတိ။ ယတ္ထ နဟောတိ။ တတ္ထ ဒါတဗ္ဗံ၊ သစေ ကောစိဘိက္ခု မယှံ ဝသနဋ္ဌာနေ သေနာသနပရိဘောဂဘဏ္ဍံ နတ္ထီတိ ဝဒတိ၊ တတ္ထ ဒါတဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။ဒါယကော၊ သည်၊ မယှံ၊အကျွန်ုပ်၏။ ဓုဝကာရေ၊ ဝတ်တည်ရာကျောင်း၌။ ဒေထ၊ ပေးကြပါကုန်။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။အဝိစာရေတွာဝ၊ မစီစစ်မူ၍ သာလျှင်။ အထဂစ္ဆတိ၊ အကယ်၍ သွားသည် ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့သွားသည် ရှိသော်။ သံဃဿပိ၊ သံဃာ သည်လည်း။ဝိစာရေတုံ၊ စီစစ်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံပန၊ ဤသို့ကား။ဝိစာရေတဗ္ဗံ၊ စီစစ်အပ်၏။ သံဃထေရဿ၊ သံဃထေရ်၏။ ဝသနဋ္ဌာနေ၊ နေရာကျောင်းသို့။ ဒေထ၊ ပေးလိုက်ကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ တဿ၊ ထိုမထေရ်ကြီးအား။ သေနာသနံ၊ ကျောင်းအသုံးအဆောင်သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ ယတ္ထ၊ အကြင်ကျောင်း၌။ နဟောတိ၊ ကျောင်းအသုံးအဆောင် ရှိသည်မဖြစ်။ တတ္ထ ထိုကျောင်း၌။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ကောစိ၊တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ မယှံ၊ အကျွန်ုပ်၏။ ဝသန ဋ္ဌာနေ၊ နေရာအရပ်၌။ သေနာသနပရိဘောဂဘဏ္ဍံ၊ ကျောင်းအသုံးအဆောင်ဖြစ်သော ဥစ္စာသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ သစေဝဒတိ၊ အကယ်၍ဆိုသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ ဆိုသည်

ရှိသော်။ တတ္ထ၊ ထိုတောင်းသောရဟန်း၏ ကျောင်းတိုက်၌။ဒါတဗ္ဗံ၊ သုံးဆောင်စိမ့်သောငှါ ပေးအပ်၏။ ။(ဤကားအနက်)

ဤအဋ္ဌကထာ၌၊ ဓုဝကာ ရဟူသော ပါဠိဖြင့် ပြအပ်သော၊ တဦးသော ဒါယကာ၏ အမြဲအလှူဝတ်တည်ရာ များစွာသောကျောင်းတို့နှင့်၊ ယခု အခါ ပင့်ဆောင်အပ်သော များစွာသောရဟန်းတို့သည် အတူတူပင်ဟုမှတ်အပ်၏။ ။ သမ္မုခိဘူတ- စာတုဒ္ဒိသာသံဃိက၊ ဂရုပရိက္ခာရ ဝေဘန်ပုံ အဆုံး အဖြတ်ကား ဤတွင်ပြီး၏။ ။သံဃိက ကဏ္ဍပြီး၏။

## ၂-ကထိန ကဏ္ဍ

(၁) ကထိနဝိနိစ္ဆယ။
(၂) ကထိန်ကို နုတ်၍ တဘန်-ခင်းအပ်-မခင်းအပ် ဝိနိစ္ဆယ။
(၃) သံဃိက သင်္ကန်းကို- သကသန္တက အဓိဋ္ဌာန်၍ ယူသည်ကို ပြခြင်း ဝိနိစ္ဆယ။
(၄) ကထိန်ခင်းရာ တိုက်၌- တိုက်တပါးရဟန်းတို့အား၊ တိုက်ရှင်ရဟန်းတို့ကပေးလျှင် အပြစ်မရှိကြောင်း ဝိနိစ္ဆယ။
(၅) မြန်မာဘာသာဖြင့်-ပန်ခြင်းငှါအပ်ကြောင်း ဝိနိစ္ဆယ။
(၆) အပလောကေတွာ စသော- ဝိမတိ ဋီကာ၏ အဓိပ္ပါယ်ကို- ပြခြင်း ဝိနိစ္ဆယ။
(၇) သဟဗ္ဗာရ ဝိနိစ္ဆယ။
(၈) နိဋ္ဌာနန္တိက စသော ၄-ပါးတို့၏ တိုက်ပ၌- နုတ်ခြင်းကို ပြရာ ဝိနိစ္ဆယ။
(၉) ကထိန်သင်္ကန်းကို မပေးမိ တိုက်တွင်းသဃ်ာကို ပန်၍ တိုက်တပါး ပုဂ္ဂိုလ်တို့အား ပေးကောင်း မပေးကောင်း ဝိနိစ္ဆယ။
(၁၀) သာမဏေတို့ ဝန်ညီဖြစ်သော နှစ်ဘက်ဝန်ကိုထမ်းခြင်းငှါအပ်,မအပ် ဝိနိစ္ဆယ။
(၁၁) ဗုဒ္ဓဝစန မဂဓဘာသာက သံယုဂ် ပင့်ရစ်၊ အောက်မြစ် ရှေ့ဆိး သံကဲ့သို့၊ စိုးစဉ်း ရွတ်ဆိုရာ၌ အပြစ် မရှိကြောင်းကို ပြဆိုရာ ဝိနိစ္ဆယ။
(၁၂) သာမဏေတို့အား သရဏဂုံ ကို ခံယူခြင်းဖြင့် သိလပြည့်စုံကြောင်းကို ပြဆိုရာ ဝိနိစ္ဆယ။
(၁၃) သရဏဒါန အရာ၌ သမ္မုဋ္ဌ ဝိနိစ္ဆယ။

(၁၄) ကာပနေတ္တ ·စသော ဝဇီရဗုဒ္ဓိ ဋီကာ၏ အဓိပ္ပါယ်ကို ပြဆိုရာ ဝိနိစ္ဆယ။
(၁၅) ဉာတ်၌ ဒုရုစ္စာရဏဖြစ်က ကံပျက်ကြောင်းကို ပြဆိုရာ ဝိနိစ္ဆယ။
(၁၆) လေးယောက်စသော သံဃာသည်၊ ကမ္မဝါစာ ဘတ်ခြင်းငှါ အပ်, မအပ်ကိုပြဆိုရာ ဝိနိစ္ဆယ။
(၁၇) ဥပဇ္ဈာယ်တပါး ပဥ္စင်းလောင်း ၂-ပါး ၃-ပါးပြုရာ ကမ္မဝါစာဘတ်ပုံကိုပြဆိုရာ ဝိနိစ္ဆယ။
(၁၈) ဥဘတော သုဒ္ဓိက ဝိနိစ္ဆယ။
(၁၉) ကျန သေချာစွာ ကမ္မဝါစာ နိသျ။

---

(၁) "ကထိန်အဆုံးအဖြတ်ကို သိလိုပါသည်" လျှောက်ထားရာ၌၊ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

ပုရိမ ဝါမှ ထသော ရဟန်း၊ ငါးယောက်အစုရှိသော သဃ်၁၊ စီဝရမာသ တရားနှင့် ညီသော အားဖြင့် ဖြစ်သော သက်နိုး၊အစ·ခင်းသော ရဟန်း၏ ဉ္စမာ ယ သံဃာငှိယာ ကထိနံ အတ္ထရာမိ၊ ဟူသော ဝစီဘေဒ အနုမောဒနာပြုသော ရဟန်းတို့၏။ ။အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။ ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃဿ-သံဃေန၊ သံဃာတော်သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်ပြီ။ ကထိနတ္ထာရော၊ ကထိန်ခင်းခြင်းသည်။ ဓမ္မိကော၊ တရားနှင့်လျော်ပေ၏။ အနုမောဒါမ၊ ဝမ်းမြောက်ပါကုန်၏။ ။ဤ မြွက်ဆိုအပ်သော ဝစီဘေဒ၊ အဆုံးရှိသော အင်္ဂါတို့၏ အပေါင်းဟုဆိုအပ်သော သမူဟပညတ်သည်၊ တနည်းကား၊အင်္ဂါတို့၏အပေါင်း ဟု ဆိုအပ်သော ရုပ်-နာမ်-ပညတ်တို့၏ အပေါင်းဖြစ်သော သမူဟပညတ်သည်၊ အကြောင်းဖြစ်၍ အနာမန္တစာရ- အသမာဒါနစာရ- ဂဏဘောဇန- ယာဝဒတ္ထ စီဝရ·တတြုပ္ပါဒစီဝရ တည်းဟူသော အကျိုးတို့ကို ပြီးစေခြင်းဟု ဆိုအပ်သော မြဲမြံသော အနက်သဘောကြောင့် ကထိန်မည်၏။ ။ထို့ကြောင့် ဝိနယာလင်္ကာရ ဋီကာ၌။ ။ကတ္ထ ကထိနန္တိ ကတမံ ကထိနံ၊ သမူဟပညတ္တိ၊ နဟိ ပရမတ္ထတော ကထိနံနာမ ကောစိဓမ္မော အတ္ထိ၊ ပရိမဝဿံဝုဋ္ဌာ ဘိက္ခူ၊ အနူနပဉ္စဝဂ္ဂသံဃော စီဝရမာသော ဓမ္မေနသမေန် ဥပ္ပန္နစီဝရန္တိအာဒိသု နာမရူပေသု သမုပ္ပဇ္ဇမာနေသု ကထိနံ နာမ ဟောတိ၊ တေသံ နာမရူပဓမ္မာနံ သမူဟာသမဝါယ သင်္ခါတံ- သမူဟ ပညတ္တိမတ္တမေဝ ကထိနံ။ ။ဟူ၍ရှင်း။ ။*ဝဇိရဗုဒ္ဓိဋီကာစသည်တို့၌။ ။ကထိနန္တိ ပဉ္စာနိသံသေ အန္တော ကရဏသမတ္ထတာယ ထိရန္တိ အတ္ထော။ ။ဟူ၍ရှင်း မိန့်အပ်၏။

တတ္ထဝစနေ၊ ထိုကထိနံ-အစရှိသော စကားရပ်၌။ ကထိနန္တိ၊ ကထိနံ ဟူသည် ကား။ ကတမံ၊အဘယ်တရားသည်။ ကထိနံ၊ ကထိန်မည်သနည်း (တနည်းကား) ကထိနံ၊ ကထိန်မည်သောတရားသည်။ ကတမံ၊အဘယ်နည်း။ ဣတိအယံ၊ဤသည် ကား။ ပုစ္ဆာ၊ အမေးတည်း (ထည့်)။ သမူဟပညတ္တိ၊ ပုရိမ ဝါမှထသော ရဟန်း ငါးယောက်အစရှိသောသံဃာ- တရားနှင့်ညီစွာဖြစ်သော သင်္ကန်းအစ၊ အနုမောဒနာပြုသော ရဟန်းတို့၏။ ။အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။ ။ဟူသော ဝစီဘေဒအဆုံးရှိသော အင်္ဂါတို့၏ အပေါင်းဟု ဆိုအပ်သော သမူဟ ပညတ်တည်း။ ဝါ၊ အင်္ဂါတို့၏ အပေါင်းဟု ဆိုအပ်သော ရုပ်,နာမ်တရားတို့၏အပေါင်းဖြစ်သောသမူဟပညတ်သည်။ကထိနံ၊ ကထိန်မည်သည်။ ဟောတိ၊ ဖြစ်၏။ (တနည်းကား)။ သမူဟပညတ္တိ၊ အင်္ဂါ အပေါင်းဟု ဆိုအပ်သော ရုပ်•နမ် ပညတ်တို့၏ အပေါင်းဖြစ်သော သမူဟ ပညတ်တည်း။ ဝါ၊ အင်္ဂါတို့၏အပေါင်းဟု ဆိုအပ်သော ရုပ်,နာမ်- ပညတ်တို့၏ အပေါင်းဖြစ်သော သမူဟပညတ်သည်။ ကထိနံ၊ ကထိန်မည်သည်။ ဟောတိ၊၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ကထိနံနာမ၊ ကထိန်မည်သည်ကား။ ပရမတ္ထတော၊ မုချဆတ်ဆတ် ပရမတ္ထအားဖြင့်။ ဧကော၊ တပါးသော။ ဓမ္မော၊ တရားသည်။ နတ္ထိ၊ မရှိ။ ပုရိမဝဿံဝုဋ္ဌာ၊ ပုရိမ်ဝါမှ ထကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ရင်း။ အနူနပဉ္စဝဂ္ဂသံဃော၊ မယုတ်သောငါးပါး အစုရှိသော ရဟန်းတို့၏ အပေါင်း ရင်း။ စီဝရမာသော၊ ကထိန်းခင်းရာ စီဝရမာသရင်း။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီညွတ်သဖြင့်။ ဥပ္ပန္နစီဝရံ၊ ဖြစ်သောသင်္ကန်းရင်း။ ဣတိအာဒီသု၊ ဤသို့အစ ကုန်သော။ နာမရူပေသု၊ နာမ် ရုပ်တရားတို့သည်။ သမုပ္ပဇ္ဇမာနေသု၊ ကောင်းစွာ ဖြစ်ကုန်သည်ရှိသော်။ ကထိနံနာမ၊ ကထိန်မည်သည်။ ဟောတိ၊ ဖြစ်၏။ တေသံ နာမရူပဓမ္မာနံ၊ ထိုနာမ်-ရုပ်တရား တို့၏။ သမူဟ သမဝါယသင်္ခါတံ၊ အပေါင်း ဖြစ်သော ပညတ်တို့၏အပေါင်းဟုဆိုအပ်သော။ သမူဟပညတ္တိမတ္တမေဝ၊ သမူဟ ပညတ် မျှသာလျှင်။ ကထိနံ၊ ကထိန်မည်သည်။ ဟောတိ၊ ၏။ ။(ဤကား ဝိနယာလင်္ကာရဋီကာ၏ အနက်တည်း။)

ကထိနန္တိဧတ္ထ၊ ကထိနံဟူသော ဤပါဌ်၌။ ဝါ၊ ပါဌ်၏။ ပဉ္စာနိသံသေ၊ အနာမန္တစာရ- အသမာဒါနစာရ- ဂဏဘောဇန- ယာဝဒတ္ထစီဝရ- တတြုပ္ပါဒ စီဝရ- တည်းဟူသော ငါးပါးသော အကျိုးတို့ကို။ အန္တောကရဏ သမတ္ထဘာဝယ၊ အတွင်း၌ပြုခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကြောင့်။ ထိရံ၊ မြဲမြံခိုင်ခံ့၏။ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။(ဤကား ဝဇိရဗုဒ္ဓိဋီကာ၏အနက်)

ထိုကထိန်၊ ကထိန်အလို့ငှါ နတ်-လူ-သီဟင်းသုံးဘော် ငါးယောက်တို့တွင်၊ တယောက် ယောက်သောသူသည်၊ ဆောင်အပ်သောသင်္ကန်း သုံးထည်တို့တွင်၊

တထည်ထည်သော သင်္ကန်းသည်သာ- ကထိန စီဝရမည်၏။ သုံးထည်လုံးသည် ကထိန စီဝရ မမည်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထုံ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။ ။သူရိယုဂ္ဂမနသမယေ၊ နေထွက်သောအခါ၌။ တိဏ္ဏံ၊ သုံးထည်ကုန်သော။ စီဝရာနံ၊ သင်္ကန်းတို့တွင်။ အညတရပ္ပဟောနကံ၊ တထည်ထည်လောက်ရုံသော။ ဝတ္ထုံ၊ အဝတ်အထည် ဖြစ်သော။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ဒေမာတိ၊ ပေးလှူအံ့ဟူ၍။ ဒါတုံ၊ လှူခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ။(ဤကားအနက်)

ထို့ကြောင့် သုံးထည်လုံးကို ဆောင်၍လာသည်ဖြစ်အံ့၊ ဒုဂုဏ်သင်္ကန်းကိုသာ လှူသော အခါ၌ရင်း၊ ခင်းထိုက်သော ရဟန်းအား ပေးရာ၌ရင်း လှူစေ-ပေးစေ ရာ၏၊ ။ကျန်ရှိ သင်းပိုင်တို့ကိုကား အာနိသင် သင်္ကန်း၏ အဖြစ်ဖြင့် လှူစေရာ၏။ ။ထို့ကြောင့် ဝိနယာလင်္ကာရ ဋီကာ၌။ ။တတ္ထ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသန္တိ ဣမိနာ ကော အတ္ထောတိ? ... စီဝရမေဝ ကထိနစီဝရံနာမ၊ တတော အညံ တေန သဒ္ဓိံ အာဘတံ သဗ္ဗံ စီဝရံ ကထိနာနိသံသစီဝရံနာမာတိ ဒဿေတိ။ ။ဟုမိန့်အပ်၏။ ။တတ္ထ၊ ထို ဝေဝံ အတ္ထတော ပန ကထိနေစသော ပါဌ်၌။ သမတိန္ဒိပိဋ္ဌေန၊ ကောင်းစွာအကျုံးဝင်သော။ သစေ ကထိန စီဝရေန သဒ္ဓိံ အာဘတံ အာနိသံ သန္တိ ဣမိနာ၊ အာနိသံ သံ ဟူသော ဤပါဌ်ဖြင့်။ ကော၊ တထည်သော။ အတ္ထတ စီဝရမေဝ၊ ခင်းအပ်သော သင်္ကန်းသည်သာလျှင်။ ကထိနစီဝရံနာမ၊ ကထိန် သင်္ကန်း မည်သည်။ ဟောတိ၊ ၏။ တတော၊ ထိုကထိန်သင်္ကန်းမှ။ အညံ၊ တပါးသော။ တေန၊ ထိုကထိန်သင်္ကန်းနှင့်။ သဒ္ဓိံ၊ တကွ။ အာဘတံ၊ ဆောင်အပ်သော။ သဗ္ဗံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ စီဝရံ၊ သင်္ကန်းသည်။ ကထိနာ နိသံသစီဝရံနာမ၊ ကထိန်၏အာနိသင်ဖြစ်သော သင်္ကန်းမည်သည်။ ဟောတိ၊ ၏။ ဣတိဣမံအတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတိ၊ ပြတော်မူ၏။ ။(ဤကားအနက်)

မချုပ်သေးသော ပုဆိုးကိုလည်း၊ နဝ စီဝရာနိ စသော အရာတို့၌၊ စီဝရဟူ၍ရင်း၊ ချုပ်ပြီးသင်္ကန်းကိုလည်း သစေ တံကထိန ဒုဿံ နိဋ္ဌိတ ပရိကမ္မမေဝ ဟောတိ-စသည်တို့၌၊ ဒုဿ ဟူ၍ရင်း ဆိုခြင်းကြောင့်၊ လှူသော အခါ၊ ပေးသောအခါတို့၌ပင် သင်္ကန်းလျှာ ပုဆိုးကို ကထိန စီဝရ ဟူ၍၊ ပြီးပြီးသော သင်္ကန်းကို ကထိန ဒုဿဟူ၍ ဆိုသော်လည်း အပြစ်မရှိ၊ အပ်သည် ချည်းပင်၊ ရင်းကထိန် သင်္ကန်းသည် ချုပ်ဆိုးပြီး ဖြစ်အံ့၊ အပ်သည်သာတည်း။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဝေဝံဒိဝ်နွေပန ကထိနေ သစေ တံ ကထိနဒုဿံ နိဋ္ဌိတ ပရိကမ္မမေဝ ဟောတိ၊ ဣစ္စေတံ ကုသလံ။ ။ဟုမိန့်အပ်၏။ ။ပန၊ ဆက်၍

ဆိုဦးအံ့။ ဝေဲဠမိနာ ယထာဝုတ္တနယေန၊ ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ကထိနေ၊ ကထိန်သက်န်းကို။ ဒိန္နေ၊ ပေးလှူအပ်သည်ရှိသော်။ တံကထိန ဒုဿံ၊ ထိုကထိန်လျာ ပုဆိုးသည်။ နိဋ္ဌိတ ပရိကမ္မမေဝ၊ ချုပ်ဆိုးခြင်းစသော ပြီးပြီးသော ပရိကံ ရှိသည်သာလျှင်၊ သစေဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့၊ ဠစ္စေတံ ဋ္ဌတိတေ၊ ထိုပြီးပြီးသော ပရိကံ ရှိခြင်းသည်၊ ကုသလံ-သုန္ဒရံ၊ ကောင်း၏။ ။(ဤကားအနက်)

သင်္ကန်းလျာ ပုဆိုးဖြစ်အံ့၊ ကထိန် ဒါယကာအား ပြုရသော ဝတ်ရှိ၏ ဟု ပြောကြားရာ၏။ ထိုသို့ပြောခြင်းကြောင့်၊ ထိုကထိန် ဒါယကာသည်၊ ထိုပြုရသောဝတ်ကို မသိခြင်းကြောင့် မေးသည်ရှိသော်၊ သုံးထည်သော သင်္ကန်းတို့တွင်၊ လှူလိုသော သင်္ကန်းကို လှူရာ၏။ ဤမျှသော အပ်ချည်အစ ချုပ်သော ရဟန်းတို့၏ ဆွမ်းအဆုံး ရှိသော အလုံးစုံကို ပြောကြား ကောင်း၏။ မမေးသော် မပြောကြားကောင်း။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ကထိန ဒါယကဿ ဝတ္တံ အတ္ထိ။ သစေ သော တံ အဇာနန္တော ပုစ္ဆတိ။ ။စသော စကားကို မိန့်အပ်၏။ ။ကထိန ဒါယကဿ၊ ကထိန်သက်န်းကို လှူဒါန်းသော ဒါယကာအား။ ဝတ္တံ၊ ဝတ်တရားသည်။ အတ္ထိ၊ ရှိ၏။ သောဒါယကော၊ ထိုကထိန်သက်န်းကို လှူဒါန်းသော ဒါယကာသည်။ တံဝတ္တံ၊ ထိုမိမိကျင့်ရသော ဝတ်တရားကို။ အဇာနန္တော၊ မသိသည်ဖြစ်၍၊ သစေပုစ္ဆတိ၊ အကယ်၍ မေးသည်ဖြစ်အံ့။ ။(ဤကားအနက်)

ဒါန ဝတ္တကို လှူရာ၌ာနသည် သံဃ-ဂဏ- ပုဂ္ဂလဟူ၍ သုံးပါးရှိ၏။ ထိုတွင်၊ သေနာသနက္ခန္ဓက၌။ ။တေနဟိ ဂဟပတိ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ။ ။ဟူ၍ ၎င်း။ ။ဒုတိယ ပါရာဇိကအဘင်္ဂ အဋ္ဌကထာ၌။ ။အတိယောဂေပိ စေတ္ထ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခူနံ ဒိန္နံ ဝိဟာရံဝါ ပရိဝေဏံဝါ အာဝါသံဝါ မဟန္တံပိ ခုဒ္ဒကံပိ အတိယုဥ္တော အတိယောဂေါ နရုဟတိ။ အစ္ဆိန္ဒိတွာ ဂဏှိတုံပိ နသက္ကောတိ။ ကသ္မာ၊ သဗ္ဗေသံ ဓုရနိက္ခေပါဘာဝတော။ နဟေတ္ထ သဗ္ဗေ စာတုဒ္ဒိသာ ဘိက္ခူ ဓုရနိက္ခေပံ ကရောန္တိ။ ။ဟူ၍၎င်း။ ။ဤသို့ စသည်ဖြင့် လာသော ကာလ သုံးပါးတို့၌ တည်သော အရေအတွက် အပိုင်းအခြားမရှိသော ရဟန်းအပေါင်းသည် သံဃာမည်၏။ ။ဂဟပတိ၊ သူဌေးကြီး။ တေနဟိ၊ ထိုသို့ ကျောင်းကို လှူသည် ဖြစ်လျှင်။အာဂတာနာဂတဿ၊ ဤအရပ်သို့ရောက်, မရောက်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော၊ သံဃဿ၊အညာတ ကောဏ္ဍည မထေရ် အစရှိသော သာသနာ ငါးထောင် အတွင်း၌ တည်

သော သင်္ဃာတော် အပေါင်းအား။ ပတိဋ္ဌာပေဟိ၊ တည်ထားလေလော့။ ။ (ဤကား ခန္ဓကပါဠိအနက်)

စ၊ ဆက်၍ ဆိုဦးအံ့။ တွေ၊ ဤကျောင်းအာရာမ်စသည်ကို တရားဆင်ရာ၌။ အဘိယောဂေပိ၊ တရားဆင်သော်လည်း။ ဝါ၊ တရားတွေ့သော်လည်း။ စာတုဒ္ဒိသံ၊ အရပ် လေးမျက်နှာ၌ တည်နေသော။ သံဃံ၊ သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိန္နံ၊ ပေးလှူအပ်ပြီးသော။ မဟန္တံပိ၊ ကြီးသည်လည်း ဖြစ်သော။ ခုဒ္ဒကံပိ၊ ငယ်သည်လည်း ဖြစ်သော။ ဝိဟာရံဝါ၊ ကျောင်းတိုက်ကိုရင်း။ ပရိဝေဏံဝါ၊ ပရိဝုဏ်ကိုရင်း။ အာဝါသံဝါ၊ တည်းခိုရာ စရပ်ကို ၎င်း။ အဘိယုဉ္ဇတော၊ တရားဆွေသောရဟန်း၏။အဘိယောဂေါ၊ တရားဆင်ခြင်း အမှုသည်။ နရုဟတိ၊ တရားတွေ့ရာသို့ မရောက်နိုင်။အဘိနိဒ္ဒိတ္ဆာ၊ အနိုင့်အထက် လုယက်၍။ ဂဏှိတုံပိ၊ ယူခြင်းငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်။ ကသ္မာ၊ အဘဲ့ကြောင့်။ နသက္ကောတိ၊ မစွမ်းနိုင်လေသနည်း ဟူမူကား။ သဗ္ဗေသံ၊ အလုံးစုံကုန်သော အရပ်လေးမျက်နှာ၌ တည်နေကုန်သော ရဟန်းတို့၏။ ဓုရနိက္ခေပါဘာဝတော၊ ဝန်ချခြင်း၏ မရှိခြင်းကြောင့်။ နသက္ကောတိ၊ မစွမ်းနိုင်။ ဟိသစ္စံ၊ ထိုစကား ၊ ၎ည်မှန်၏။ တွေ၊ ဤကျောင်းစသည်ကို တရားတွေ့ရာ၌။ သဗ္ဗေ၊ အလုံးစုံကုန်သော၊ စာတုဒ္ဒိသာ၊ အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်ကုန်သော။ဘိက္ခူ၊ ရဟန်းတို့သည်။ ဓုရနိက္ခေပံ၊ဝန်ချခြင်းကို။ နကရောန္တိ၊ မပြုနိုင်ကုန်။ ။(ဤကား ပါရာဇိကဏ် အဋ္ဌကထာပါဠိ၏ အနက်)

ဤတွင် ကာလသုံးပါးတို့၌တည်သော ဟူသည်ကို။ ။အနာဂတေကာသာဝကဏ္ဍသံဃာ ဒိန္နံဒက္ခိဏာပန ကော သာမေတိ၊ သာရိပုတ္တာ မောဂ္ဂလနာဒယော အသီတိမဟာထေရာ သောမေန္တိ။ အပိစထေရာ စိရပရိနိဗ္ဗုတာ။ ထေရေ အာဒိံ ကတွာ ယာဝဇ္ဇဓရမာနာ ခီဏာသဝါ သောမေန္တိ ယေဝ။ ။ဟူသော ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာ သာဓကကိုရင်း၊ နံနက်အခါ လှူ၍ မဝေဘန် အပ်သေးသော သင်္ကန်းစသည်ကို ညချမ်းအခါ ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့အား ဝေဘန်အပ်သော ယုတ္တိကိုရင်း ထောက်၍သိရာ၏။

အနာဂတေ၊ လာလတ္တံ့သော.။ာလ၌။ ကာသာဝ ကဏ္ဍသံဃာ၊သင်္ကန်းကို လည်၌ရောက်၍ ရဟန်း၏အသွင်မျှလောက်ကိုသာ ပြဘတ်သော ကာသာဝကဏ္ဍသံဃာအား။ ဒိန္နံဒက္ခိဏံ၊ပန၊ ပေးလှူအပ်သော အလှူကိုကား။ကော၊အဘယ် သူသည်။ သောမေတိ၊ များမြတ်သောအကျိုးကို ဖြစ်စေသောအားဖြင့် သုတ်သင်လေသနည်း။ သာရိပုတ္တာ မောဂ္ဂလာနာဒယော၊ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်အစရှိကုန်သော။ အသီတိ မဟာထေရာ၊ ရှစ်ကျိပ်ကုန်သော မဟာထေရ်တို့သည်။ သောဓေန္တိ၊ များမြတ်ပွါးတိုး အကျိုးကို ဖြစ်စေတတ်

(ဖြည့်ကြီး-မ-၂၂၊ ၆)

သဖြင့် သုတ်သင်ကုန်၏။ အပိစ၊ တနည်းသော်ကား။ ထေရာ၊ အရှင် သာရိပုတ္တရာ,အရှင်မဟာမောဂ္ဂလာန် အစရှိကုန်သော မထေရ်မြတ်တို့သည်။ စိရပရိနိဗ္ဗုတာ၊ ပရိနိဗ္ဗာန်စံ၍ ကြာမြင့်လှလေကုန်ပြီ။ ထေရာ၊ အရှင်သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလာန် အစရှိကုန်သော မထေရ်မြတ်တို့ကို။ အာဒိံ ကတွာ၊ အစပြု၍ ယာဝဇ္ဇ၊ ယနေ့ထက်တိုင်။ ဓရမာနာ၊ ထင်ရှားရှိတော်မူကုန်သော။ ခီဏာသဝါ၊ ရဟန္တာသခင် အရှင်မြတ်တို့သည်။ သောဓေန္တိယေဝ၊ များမြတ်ပွါးတိုး၊ အကျိုးကို ဖြစ်စေသောအားဖြင့် သုတ်သင်ကုန်၏။ ။(ဤကား အနက်)

ဝင်းပါရာဇိကအဘွင့်၌ပင်။ ။ဒီဃဘာဏကာဒိဘေဒဿ ပန ဂဏဿ ဧကပုဂ္ဂလဿဝါ သန္တကံ အဘိယုဉ္ဇိတွာ ဂဏှန္တော် သင်္ကေတတိ ဘေဒုရံ နိက္ခိပါပေတုံ။ ။ဤသို့စသည်ဖြင့် လာသော တပါး, နှစ်ပါးစသည်ဖြင့် ရေတွက်ပိုင်းခြားကောင်းသော ရဟန်းအပေါင်းသည် ဂဏမည်၏။ သမ္မုခီဘူတေန သံဃေန ဘာဇေတဗ္ဗံ,စသည်ဖြင့်လာသော သမ္မုခီဘူတ သံဃာ ဟူသည်လည်း ဂဏပင် မည်၏။ ။ပန၊ ဗျတ္တိရိက်ကို ဆိုဦးအံ့။ ဒီဃဘာဏကာဒိ ဘေဒဿ၊ ဒီဃနိကာယ်ကိုဆောင်သော ပုဂ္ဂိုလ်စသည် အပြားရှိသော။ ဂဏဿ ဝါ၊ ဂိုဏ်း၏ရင်း။ ဧကပုဂ္ဂလဿဝါ၊ တယောက်သောပုဂ္ဂိုလ်၏ရင်း။ သန္တကံ၊ ဥစ္စာကို အဘိယုဉ္ဇိတွာ၊ တရားဆို၍။ ဝါ၊ တရားတွေ၍။ ဂဏှန္တော၊ ယူသည်ရှိသော်။ တော၊ ထိုဂိုဏ်းပုဂ္ဂိုလ်တို့ကို။ ဓုရံ၊ ဝန်ကို။ နိက္ခိပါပေတုံ၊ ချစေခြင်းငှါ။ သင်္ကေတတိ၊ စွမ်းနိုင်၏။ ။(ဤကား အနက်)

တယောက်သောရဟန်းသည် ပုဂ္ဂိုလ်မည်၏။ ။ထိုတွင် ဤကထိန်အရာ သံဃဿဟူရာ၌ စာတုဒ္ဒိသာ သံဃာကိုသာ အလိုရှိအပ်၏။ ဂဏပုဂ္ဂလတို့ကို အလို မရှိအပ်။ ။ထိုကြောင့် ကထိနက္ခန္ဓက အဋ္ဌကထာ၌။ ။*ကထိနံ ပန ကေန အတ္ထရိတဗ္ဗံ၊ ယဿ သံဃော ကထိနံ စီဝရံ ဒေတိ။ ။ဟူ၍ရင်း။ ။*ဂရုဘဏ္ဍံ နဘာဇေတဗ္ဗံ။ ။ဟူ၍ရင်း။ ။ဝိနယာ လင်္ကာရ ဋီကာ၌။ ။*ယောစတတ္ထ စီဝရပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ စီဝရဿေဝ အတ္ထတ ကထိနာနံ ဘိက္ခူနံ သန္တကဘာဝဿ ဘဂဝတာ ဝုတ္တတ္တာ စီဝရတော အညာနိ သံဃံ ဥဒ္ဒိဿ ဒိန္နာနိ ပိဏ္ဍပါတာဒီနိ ဝတ္ထူနိ ဥပစာရသီမံ ပဝိဋ္ဌဿ အာဂတာနာဂတဿ သံဃဿ သန္တကံ ဟောတိ။ ။ဟူ၍ရင်း။ *ဝေမတ္တမသ္မိံ ကာလေ ယေဘုယျေန ပုဂ္ဂလဿဝ ဒိန္နတ္တာ ပုဂ္ဂလိကဘူတံ စီဝရံ ညတ္တိ ကမ္မဝါစာရဟံ နဟောတိ။ သံဃိက မေဝ ညတ္တိကမ္မဝါစာရဟံ ဟောတိ။ တဒေဝ ပဉ္စာနိသံသာ ကာရဏံ ဟောတိ။ တသ္မာ ပဏ္ဍိတော ပုဂ္ဂလော ဥပါသကာ သံဃဿ ဒေထ၊ သံဃေ ဒိန္နံ မဟပ္ဖလံ ဟောတီတိ အာဒိနာ နိယောဇေတွာ ဒါပေတဗ္ဗံ။ သဃံဝါ သမ္ပဋိစ္ဆိတွာ ဒုံ့ဿဿ

ပရိစ္စဇိတဗ္ဗံ။ ဧဝံ ပရိစ္စဇိတတ္တာ သံဃိကဘူတံ စီဝရံ ဉာတ္တိကမ္မဝါစာရဟာဠ္ဌ ဟောတိ ပဋ္ဌာနိသံသနိပ္ဖါဒကဥ္စ။ ဧဝံ နိယောဇနဥ္စ သံဃေ တံ ဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဥ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာတိ ဘဂဝတာ ဝုတ္တဝစနံ အနုဂတံ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ။ဟူ၍ရင်း မိန့်အပ်၏။

ပန၊ ပုစ္ဆာကိုဆိုဦးအံ့။ ကထိနံ၊ ကထိန်ကို။ကေန၊ အဘယ်သူသည်၊ အတ္ထရိတဗ္ဗံ၊ ခင်းအပ်လေသနည်း။ ဉာတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ယဿ၊ အကြင်ကထိန်ကိုခံခြင်းငှါ ထိုက်သော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ရဟန်းအား။ သံဃော၊ သံဃာတော်သည်။ ကထိန စီဝရံ၊ ကထိန် သင်္ကန်းကို။ ဒေတိ၊ ဉာတ္တိဒုတိယကမ္မဝါစာဖြင့်ပေး၏။ တေန၊ ထိုသံဃာသည် ဉာတ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်သော ရဟန်းသည်။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ။(ဤကား ကထိနက္ခန္ဓကအဋ္ဌကထာ၏အနက်)

ယောစတတ္ထ စီဝရုပ္ပါဒေါ ဿော် နေသံ ဘဝိဿတီတိ၊ ယော စတတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ ဟူ၍။ စီဝရသော၀၊ သင်္ကန်းကိုသာလျှင်။ အတ္တတ ကထိနာနံ၊ ခင်းအပ်သော ကထိန်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တက ဘာဝဿ၊ ဥစ္စာ၏အဖြစ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ စီဝရတော၊ သင်္ကန်းမှ။ အညာနိ၊ တပါးကုန်သော။ သံဃံ၊ သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒိန္နာနိ၊ ပေးလှူ အပ်ကုန်သော။ ပိဏ္ဍပါတာဒီနိ၊ ဆွမ်းအစရှိကုန်သော။ ဝတ္ထူနိ၊ ဝတ္ထုတို့သည်။ ဥပစာရသီမံ၊ ဥပစာရသိမ်တွင်းသို့။ ပဝိဋ္ဌဿ၊ ဝင်သော။ အာဂတာနာဂတဿ၊ ဥပစာသိမ်တွင်းသို့ ရောက်မရောက်သော။ သံဃဿ၊ သံဃာတော်၏။ သန္တကာ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ ။ဧဝံ၊ ဤသို့။ ဣမသ္မိံ ကာလေ၊ ဤယခုအခါ ငါတို့သက်ထက်၌။ ယေဘုယျေန၊ များသောအားဖြင့်။ ပုဂ္ဂလဿေဝ၊ ပုဂ္ဂိုလ် ကိုသာလျှင်။ ဒိန္နတ္တာ၊ ပေးအပ်သည်၏အဖြစ်ကြောင့်။ ပုဂ္ဂလိကဘူတံ၊ ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်၍ဖြစ်သော။ စီဝရံ၊ သင်္ကန်းသည်။ ဉာတ္တိကမ္မဝါစာရဟံ၊ ဉာတ်ကမ္မ ဝါစာဖြင့် ပေးခြင်းငှါထိုက်သည်။ နဟောတိ၊ မဖြစ်။ သံဃိကမေဝ၊ သံဃာ၏ ဥစ္စာဖြစ်သော သင်္ကန်းသည်သာလျှင်။ ဉာတ္တိကမ္မဝါစာရဟံ၊ ဉာတ်ကမ္မဝါစာဖြင့် ပေးခြင်းငှါထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တဒေဝ၊ ထိုသံဃိကဖြစ်၍ ဉာတ်ကမ္မ ဝါစာဖြင့် ပေးခြင်းငှါ ထိုက်သော သင်္ကန်းသည်သာလျှင်။ ပဋ္ဌာနိသံသုကာရဏံ၊ ငါးပါးသော အာနိသင်၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ပဏ္ဍိတော၊ ပညာရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥပါသကာ၊ ဒါယကာတို့။ သံဃေ-သံဃဿ၊ သံဃာတော်အား။ ဒေထ၊ လှူကြကုန်လော။ သံဃေ-သံဃဿ၊ သံဃာတော်အား။ ဒိန္နံ၊ လှူအပ်သောအလှူသည်။ မဟပ္ဖလံ၊

များသောအကျိုးရှိသည်။ဟောတိ၊ ဖြစ်၏။ ဉာတိအာဒိနာ၊ဤသို့အစရှိသည်ဖြင့်။ နိယောဇေတွာ၊ တိုက်တွန်း၍။ ဒါပေတဗ္ဗံ၊ လှူစေအပ်၏။ သယံဝါ၊ မိမိကိုယ်တိုင်မူလည်း။ သမ္ပဋိစ္ဆိတွာ၊ အလှူခံပြီး၍။ သံဃဿ၊ သံဃာတော်အား။ ပရိစ္စဇိတဗ္ဗံ၊ စွန့်အပ်၏။ ဝေံ၊ ဤသို့။ ပရိစ္စဇိတတ္တာ၊ စွန့်အပ်သည်၏အဖြစ်ကြောင့်။ သံဃိကဘူတံ၊ သံဃာ၏ ဥစ္စာဖြစ်၍ ဖြစ်သော။ စီဝရံ၊ သင်္ကန်းသည်။ ဉာတ္တိကမ္မဝါစာရဟဿ၊ ဉာတ်ကမ္မဝါစာဖြင့် ပေးခြင်းငှါ ထိုက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ပဉ္စာနိသံသ နိပ္ဖါဒကဉ္စ၊ ငါးပါးသော အကျိုးကို ဖြစ်စေတတ်သည်လည်း။ ဟောတိ၊ ၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဝေံ၊ ဤသို့။ နိယောဇနံ၊ တိုက်တွန်း ခြင်းသည်။ သံဃေ ဒဒ ဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာတိ၊ သံဃေ ဒဒ ဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ,ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဂေါတမီဝစနံ၊ ဟောတော်မူအပ်သော စကားတော်သို့။ အနုဂတံ၊ အစဉ်လျှောက်၍ ဖြစ်သည်။ ဟောတိ၊ ၏။ ဉာတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။(ဤကား ဝိနယာလင်္ကာရဋီကာအနက်)

ထိုပါဠိတို့တွင်၊ ယဿ သံဃော ကထိနစီဝရံ ဒေတိ၊ ဟူသော ပါဠိဖြင့် တပါးသာရှိသောကျောင်း၌ တိုက်တပါးသံဃာသည် ကထိန်သင်္ကန်းကို ကထိန်ခင်းသော ရဟန်းအား ပေးသည်ကိုပြသော အဋ္ဌကထာ ဆရာသည်၊ ၎င်းကထိန်သင်္ကန်းသည်၊ တိုက်တပါး သံဃာ၏ ထည်းသန္တကဖြစ်ကြောင်း ပြတော်မူ၏။ ထိုသို့ပြခြင်းဖြင့် ကထိန်သင်္ကန်းသည် စာတုဒ္ဒိသာ သံဃိကဖြစ်ကြောင်း ပြတော်မူ၏။ ဂရုဘဏ္ဍံ နဘာဇေတဗ္ဗံ၊ ဟူသောပါဠိဖြင့်လည်း ကထိန်သင်္ကန်းနှင့် စပ်၍ လှူအပ်သော ဖျာ, သင်ဖြူးစသော ဂရုဘဏ်ကို မဝေဘန်အပ်ကြောင်း ပြသော အဋ္ဌကထာ ဆရာသည် ဂရုဘဏ်နှင့်တကွ လှူအပ်သော သင်္ကန်းသည်လည်း စာတုဒ္ဒိသာ သံဃိကဖြစ်ကြောင်းကိုပင် ပြတော်မူ၏။ *ထို စကားသင့်စွ၊ ဖျာ, သင်ဖြူးစသော ဘဏ္ဍာသည် ဂိုဏ်းပုဂ္ဂိုလ်တို့၏ သန္တကဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့သည် အလိုရှိတိုင်း ဝေဘန်အပ်, ပေးအပ်, စွန့်အပ်၏။ စာတုဒ္ဒိသာ သံဃိကဖြစ်သော်သာ မဝေဘန်အပ်၊ မပေးအပ်၊ မစွန့်အပ်။ သို့ဖြစ်၍ မဝေဘန်အပ်ဟုဆိုက စာတုဒ္ဒိသာ သံဃိကဟုသိအပ်၏။ ။ထို့ကြောင့် ဝိမတိ ဋီကာ၌။ ။ပါဠိယံ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာ နာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတွာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမိတိ အတ္ထော။ ။ ဟု မိန့်အပ်၏။

ပါဠိယံ၊ ပါဠိတော်၌။ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ၊ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံဟူသည်ကား။ အာဂတာနာဂတဿ၊ ဤအရပ်သို့ ရောက်, မရောက်သော။

စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော။ သံဃဿဝ၊ သံဃာတော်၏ သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်း ကြောင့်။ ကဿစိ၊ တစုံတယောက်သောသူအား။ အဝိသဇ္ဇိကံ၊ မစွန့်ထိုက်သည်။ အဝေဘင်္ဂိကံ၊ မဝေဘန် ထိုက်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဣတိအယံ၊ ဤသည် ကား။ အတ္ထော၊ အနက်တည်း။ ။(ဤကား အနက်)

ယောစ တတ္ထ စီဝရပ္ပါဒေါ, စသောပါဠ်တို့ဖြင့်၊ တိုက်တပါး သံဃာ၏ သန္တကဖြစ်သော်လည်း အသီးတိုက်နေပုဂ္ဂိုလ်တို့အား ဘုရားခွင့်ပြုတော် မူအပ်သည်ဖြစ်၍ သက်နီးသာ ရောက်လာတိုင်းသော သံဃာ၏ သန္တက မဟုတ် ကြောင်း၊ သက်နီးမှကြွင်းသော ဆွမ်းဆန်, ဆီ,စသော ဝတ္ထုပ္ပဟူသမျှသည် ရောက်လာတိုင်းသော သံဃာ၏ သန္တကဖြစ်ကြောင်း ပြတော်မူသော ဋီကာ ဆရာသည် ၎င်းဆွမ်းစသည်နှင့်တကွ လှူအပ်သောသက်နီးသည် စာတုဒ္ဒိသာ သံဃိကဖြစ်ကြောင်း ပြတော်မူ၏။ ။ဧဝံ ဣမသ္မိံ ကာလေ ယော့ယေ့န ပုဂ္ဂလဿဝ ဒိန္နတ္တာ ပုဂ္ဂလိကဘူတံ စီဝရံ ဉာတ္တိကမ္မဝါစာရဟံ နဟောတိ၊ စသောပါဠ်ဖြင့် ဂိုဏ်း, ပုဂ္ဂိုလ်၏ သန္တကဖြစ်သော သက်နီးသည်၊ ဉာတ်ကမ္မဝါ စာဖြင့် ပေးခြင်းငှါမထိုက်ကြောင်း၊ သံဃသန္တကဖြစ်သော သက်နီးသည် ဉာတ်ကမ္မဝါစာဖြင့် ပေးခြင်းငှါထိုက်ကြောင်း၊ အာနိသင်ငါးပါးတို့ကိုလည်း ပြီးစေတတ်ကြောင်း၊ သံဃာအားလှူအပ်သော သက်နီးသည်သာ မဟပ္ဖလ ဖြစ်၏ဟု ပြောကြား၍၊ ဒါယကာတို့ကို သံဃိကမြောက်အောင် လှူဒါန်းစေ ခြင်းငှါ တိုက်တွန်းသင့်ကြောင်း၊ ဒါယကာလှူခြင်းငှါမသိလျှင် မိမိကခံ၍ သံဃာအား စွန့်လှူသင့်ကြောင်း၊ ၎င်းသံဃာအား စွန့်လှူခြင်းသည်သာ သံဃေ ဂေါတမီ ဒေဟိ,စသော စကားတော်နှင့် လျော်ကြောင်း ပြတော် မူသော ဋီကာဆရာသည် ၎င်းကထိန်သက်နီးသည် စာတုဒ္ဒိသာ သံဃိက ဖြစ် ကြောင်းကိုပင် ပြတော်မူ၏။

သည်သာမကသေး၊ ပါရာဇိကဏ် အဋ္ဌကထာ၌လည်း။ ။မဟာပစ္စရိယံ ပန သင်္ခေပ အဋ္ဌကထာယဉ္စ အဝိသေသေန ဝုတ္တံ၊ ဆန္ဒိတ ဝိဟာရေ ပန ဖလာ ဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ၊ ကသ္မာ၊ အာဂတာနာဂတာနံ သန္တကတ္တာတိ။ ။ဟူ၍လာ၏။ ။*ပန၊ ဝါဒတပါးကိုဆိုဦးအံ့။ မဟာပစ္စရိ ယဉ္စ၊ မဟာပစ္စရိက်အဋ္ဌကထာ၌၎င်း။ သင်္ခေပအဋ္ဌကထာယဉ္စ၊ သင်္ခေပအဋ္ဌ ကထာ၌၎င်း။ အဝိသေသေန၊ ပြန်လာအံ့ဟု ဥဿာဟရှိကြောင်း၊ မရှိကြောင်း ကို အထူးမပြ၊ သာမညအားဖြင့်သာလျှင်။ ဆန္ဒိတဝိဟာရေပန၊ ရဟန်းသည် စွန့်ပစ်အပ်သော ကျောင်း၌ကား။ ဖလာဖလံ၊ သစ်သီးကြီး,ငယ်ကို။ ထေယျ

စိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ပရိဘုဥ္ဇတော၊ သုံးဆောင်သော ရဟန်းအား။ ပါရာဇိကံ၊ သာသနာတော်မှ ရှုံးခြင်းသို့ရောက်သည်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ပါရာဇိကံ၊ သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်လေသနည်း၊ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အာဂတာနာဂတာနံ၊ ဤကျောင်းတိုက်သို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ ကုန်သော ရဟန်းသံဃာတို့၏။ သန္တကတ္တာ၊ ဥစ္စာ၏ အဖြစ်ကြောင့်။ ပါရာဇိကံ၊ သည်။ ဟောတိ၊ ၏။ ဣတိအယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ။ (ဤကား အနက်)

ဤအဋ္ဌကထာ၌ သံဃာသည် စွန့်ပစ်အပ်သော ကျောင်းသာမည ဖြစ်ပါလျက် လှူပုံကို အထူးမပြဘဲ။ ။အာဂတာ နာဂတာနံ သန္တကတ္တာ။ ။ဟု အစိုးရ ဥစ္စာရှင် သံဃာကိုသာ အထူးထုတ်၍ ပြခြင်းဖြင့်။ ။အာဂတာ နာဂတာ စာတုဒ္ဒိသဿ သံဃဿ ဒေမ။ ။ဟု အထူးဝိသေသအားဖြင့်ဆို၍ လှူသော်ငြားလည်း။ ။သံဃဿ ဒေမ။ ။ဟုသာမညအားဖြင့်ဆို၍ လှူသော်ငြား အထူးအခြားမရှိ။ စာတုဒ္ဒိသာ အာဂတာနာဂတသံဃိက ဖြစ်ကြောင်းပြတော်မူသည်။ ။ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌၊ ။အာဂတာ နာဂတာနံ သန္တကတ္တာတိ စာတုဒ္ဒိသဿ သံဃဿ ဒေမီတိ ဒိန္နတ္တာ ဝုတ္တံ၊ ဧဝံ အဝတွာ သံဃဿ ဒေမီတိ ဒိန္နမ္ပိ တာဒိသမေဝ။ ။ဟု မိန့်အပ်၏။

စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌၊ သွားလာ နေထိုင်သော။ သံဃဿ၊ သံဃာတော်အား။ ဒေမိ၊ လှူဒါန်းပါ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဒိန္နတ္တာ၊ လှူအပ်သည်၏ အဖြစ်ကြောင့်။ အာဂတာ နာဂတာနံ၊ သန္တကတ္တာတိ၊ အာဂတာ နာဂတာနံ သန္တကတ္တာ ဟူ၍။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ ဧဝံ၊ ဤသို့။ အဝတွာ၊ မဆိုမူ၍။ သံဃဿ ဒေမီတိ၊ သံဃဿ ဒေမိ ဟူ၍။ ဝတွာ၊ ဆို၍။ ဒိန္နမ္ပိ၊ လှူအပ်သော်လည်း။ တာဒိသမေဝ၊ ထိုစာတုဒ္ဒိသဿ သံဃဿ ဒေမိ၊ ဟူ၍ အထူးဝိသေသ အားဖြင့် ဆိုသည်နှင့် တူသော သဘောရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ဤသို့ သံဃဿ ဒေမ ဆို၍ လှူခြင်းကြောင့်၊ စာတုဒ္ဒိသာ သံဃိက ဖြစ်ခဲ့ပါလျှင် တိုက်တပါး၌နေသော ပုဂ္ဂိုလ်တို့သည်၊ အဘယ့်ကြောင့်၊ သံဃလာဘ်ကို အတို့ ဘာဂခံ၍ မယူရပါသနည်းဟူမူ။ ။ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီဘူတေန ဘာဇေတုံ။ ။ဟူ၍ ဟောတော်မူအပ်သော မြတ်စွာဘုရား စကားတော်ကြောင့်သာ သန္တကရှင်ဖြစ်ပါလျက်၊ တိုက်တပါးကနေ၍၊ အတို့ ဘာဂကို မခံရသည်ဟူပေ။ ။ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌၊ ။ဘာဇာပိ ဟိ ဗဟိ ဌိတော လာဘံ နလဘတီ ဘာဂဝတော ဝဇ္ဇနေနာတိ ဝေဒိတဗ္ဗံ။ ။ဟု

မိန္နအပ်၏။ ။ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တထာပိ၊ ထိုသို့ သံဃဿ ဒေမိ၊ ဟုဆို၍လှူက၊ စာတုဒ္ဒိသာ အာဂတာနာဂတ သံဃိက ဖြစ်သော်လည်း။ ဗဟိ၊ ဥပစာသိမ်ပ၌။ ဌိတော၊ တည်သော ပုဂ္ဂိုလ်သည်။ လာဘံ၊ သံဃာလာဘ်ကို။ နလဘတိ၊မရ။ ကသ္မာ၊ အဘယ့်ကြောင့်။ နလဘတိ၊ မရလေသနည်း။ ဉတ္တိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊အမေးတည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနေနနုယံ တတ္ထ လဟုဘတ္တံ လဟုပရိက္ခာရံ၊ တံ သမ္မုခိဘူတေန ဘာဇေတုံ- ဟူ၍ဟောတော်မူအပ်သော စကားတော်ကြောင့်။နလဘတိ မရ။ ဉတ္တိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ။(ဤကားအနက်)

ဤသို့ ပြဆိုခဲ့ပြီးသော ပါရာဇိကဏ် အဋ္ဌကထာ၊ ဝဇိရဗုဒ္ဓိ ဋီကာ တို့ကို ထောက်၍လည်း။ ။ဣမံကထိနစီဝရံ သံဃဿ ဒေမ။ ။ဟု ဆို၍ လှူအပ်သော ကထိန် သင်္ကန်း၏ စာတုဒ္ဒိသာ သံဃိက အဖြစ်သည် အလွန်ပင် ထင်ရှားလှ၏။ ဤသို့ပါဠိ, အဋ္ဌကထာ, ဋီကာ တို့၌ပင်၊ အစုံအညီ လာသော ကြောင့်၊ ၎င်းကထိန်အရာ၌၊ အာရာမိက၊ ဂဏိကပင် ဖြစ်လေသလော၊ ပုဂ္ဂလိကပင် ဖြစ်လေသလောဟု၊ တွေးတော ဒွိဟ-သံသယကို မဖြစ်စေဘဲ၊ စာတုဒ္ဒိသာ-အာဂတာ နာဂတ-သံဃိက ဖြစ်ကြောင်း ကိုသာ သက်ဝင်၍ ယုံကြည် အပ်၏။ ။ထို့ကြောင့်။ ။မယံ ဘန္တေ ဣမံကထိနစီဝရံ သံဃဿ ဒေမ။ ။ဟု ပါဠိကို သုံးခေါက်ဆို၍၊ စာတုဒ္ဒိသာ သံဃိက ဖြစ်သည့် အတိုင်း၊ သိကြားနား လည်စေခြင်းငှါ။ ။ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမံ ကထိနစီဝရံ၊ ဤကထိန်သင်္ကန်းကို။ သံဃဿ၊ ဤကျောင်းသို့ ရောက်, မရောက် သော အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော။ အညာတ ကောဏ္ဍည မထေရ်, အရှင် သာရိပုတ္တရာမထေရ်, အရှင်မဟာ မောဂ္ဂလာန် မထေရ် အစ ရှိသော သာသနာ ငါးထောင်အတွင်း၌ တည်သော သံဃာတော်မြတ်အား။ ဒေမ၊ ကပ်လှူပါကုန်၏ အရှင်ဘုရား။ ။ဤသို့အနက်ကို တခေါက်ဆို၍ သံဃာ မျက်မှောက်၌ ထား၍ လှူစေရာ၏။ ပုဂ္ဂလိက ဖြစ်တတ်ရကား၊ ရဟန်းလက်၌ ထား၍ မလှူစေရာ။

ကထိန်သင်္ကန်းနှင့် တကွ ဆောင်အပ်သော အာနိသင် သင်္ကန်း တို့ကို၊ ကထိန်ခံသော ရဟန်းအားပင် ဒါယကာတို့သည် လှူကုန်အံ့၊ ကထိန် ခံသော ရဟန်း၏ သန္တကပင် ဖြစ်ကုန်၏။ ထိုသို့မလှူဘဲ၊ သံဃရှေ့၌ထား၍မတုန်မှလှူပ် နေကုန်အံ့၊ ကထိန်သင်္ကန်း ကဲ့သို့ပင် စာတုဒ္ဒိသာ သံဃိက ဖြစ်၏။ သံဃာ သည် အစိုးရ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဧဝံ အတ္ထတေပန ကထိနေ သစေ ကထိန စီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာတိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော၊ အထ

**ဝိစာရေတ္ဗာ** ဝ ဒတ္ဗာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော အနိဿရော။ ။ဟုမိန့်အပ်၏။ ။ ပန၊ဆက်၍ဆိုဦးအံ့။ ဧဝံ၊ဤသို့။ကထိနေ၊ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်ပြီးသည် ရှိသော်။ ကထိနစီဝရေန၊ ကထိန်သင်္ကန်းနှင့်။သဒ္ဓိံ ၊ တကွ။ အာဘတံ၊ဆောင်ယူခဲ့အပ်သော။ အာနိသံသံ၊ အာနိသင် သင်္ကန်းကို။ ဒါယကာ၊ အလှူရှင် ဒါယကာတို့သည်။ ယေန၊ အကြင်ရဟန်းသည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ကထိနံ၊ ကထိန်သင်္ကန်းကို။ ဂဟိတံ၊ ခံယူအပ်၏။ တဿေဝ၊ ထိုရဟန်း အားသာလျှင်။ ဒေမ၊ ပေးလှူပါကုန်၏။ ဣတိ၊ ဤသို့။ ဝတ္ဗာ၊ ဆိုကြကုန်၍။ သဒ္ဓေ ဒေန္တိ၊ အကယ်၍၊ လှူကြကုန်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ လှူကြကုန်သည် ရှိသော်။ ဘိက္ခုသံဃော၊ ရဟန်း သံဃာသည်။ အနိဿရော၊ အစိုးမရသည်။ ဟောတိ၊ ၏။ အဝိစာရေတ္ဗာဝ၊ မစိစစ်မူ၍သာလျှင်။ ဒတ္ဗာ၊ လှူကြကုန်၍။ အထဂစ္ဆန္တိ၊ အကယ်၍ သွားကြကုန်အံ့။ဧဝံဂစ္ဆန္တေသု၊ ဤသို့ သွားကြကုန်သည် ရှိသော်။ ဘိက္ခုသံဃော၊ သည်။ ဣဿရော၊ အစိုးရ၏။ ။(ဤကားအနက်)

သို့သံဃာ အစိုးရသော်လည်း၊ အထူးသဒ္ဓါတရား ပြန့်ပွါး- သိကြား- နားလည်စေခြင်းငှါ၊ ထိုအာနိသင်သင်္ကန်းတို့ကို။ ။မယံ ဘန္တေ ဣမာနိ ကထိနစီဝရဿ အာနိသံသ စီဝရာနိ သံဃဿ ဒေမ။ ။ဟု ပါဠိသုံးခေါက် ဆို၍။ ။ ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ အကျွန်ုပ်တို့သည်။ ကထိန စီဝရဿ၊ ကထိန်သင်္ကန်း၏။ ဣမာနိ အာနိသံသ စီဝရာနိ၊ အာနိသင် ဖြစ်သော ဤသင်္ကန်းတို့ကို။ သံဃဿ၊ ဤကျောင်းတိုက်သို့ ရောက်, မရောက်သော အရပ် လေးမျက်နှာတို့၌၊ သွားလာ နေထိုင်သော၊ အညာတ ကောဏ္ဍညမထေရ်, အရှင် သာရိပုတ္တရာမထေရ်, အရှင်မဟာမောဂ္ဂလာန် မထေရ် အစရှိသော သာသနာ ငါးထောင် အတွင်း၌တည်သော သံဃာတော်မြတ်အား။ ဒေမ၊ ကပ်လှူပါ ကုန်၏- အရှင်ဘုရား။ ။ဤသို့အနက်ကို တခေါက်ဆို၍ ရေစက်ချ ကနည်း လှူစေရာ၏။ ဤ၌ခင်းလိုရင်း တိုက်တွင်းသို့ ဝင်၍ ပြအပ်ခဲ့သည့် အတိုင်းဆို၍ လှူခြင်းသာ အပ်သည်မဟုတ်။ တိုက်ပ၌ရင်း၊ တခုသောတိုက်တွင်း၌ ရင်း တည်၍ ခင်းလိုသော တိုက်အများကို ရည်၍ ပြအပ်ခဲ့သည့် အတိုင်းဆို၍ လှူခြင်း ငှါလည်း အပ်၏။ ငင်းလှူအပ်ပြီးသော သင်္ကန်းတို့ကို ရည်သန်ရာ တိုက်သို့ ဆောင်၍ ခင်းရာ၏။ နီးရာတိုက်၌ မခင်းအပ်။ အံထောက်ကား၊ သံဃာအား လှူအပ်သော ဥယျာဉ်တို့ကို စာတုဒ္ဒိသာ သံဃိက ဖြစ်ခဲ့သော် နီးရာ တိုက်၌ မဝေဘန်မူ၍ ရည်သန်ရင်းတိုက်သို့သာ ဆောင်၍ ဝေဘန်အပ် သကဲ့သို့တည်း။ တိုက်ပ၌ တည်၍ မရည်သန်ဘဲလှူအံ့၊ တွေ့သော ရဟန်းက တိုက်သို့ ဆောင်၍ ခင်းရာ၏။ တိုက်အများ ရဟန်းတို့တွေ့အံ့၊ လာဘ်နည်းရာ တိုက်သို့ဆောင်၍ ခင်းရာ၏။ လာဘ်မျှအံ့၊ မထေရ်ကြီးတိုက်သို့ဆောင်၍ ခင်းရာ၏။

ဤအရာ၌ အချို့ကား၊ ကထိန်သင်္ကန်းကိုသာ သံဃိက လှူစေကုန်၏။ အာနိသင် သင်္ကန်းတို့ကို ဒါယကာတို့ ပင့်ဆောင်အပ်သော တိုက်ပ ပုဂ္ဂိုလ်တို့နှင့် တကွ တိုက်တွင်း ပုဂ္ဂိုလ်တို့အား ပုဂ္ဂလိက လှူစေကုန်၏။ အချို့ကား တိုက်တွင်း ပုဂ္ဂိုလ်အား၊ အာနိသင်နှင့် တကွ ကထိန်သင်္ကန်းကို သံဃိက လှူစေကုန်၏။ တိုက်ပ ပုဂ္ဂိုလ်တို့အား၊ ပုဂ္ဂလိက လှူစေကုန်၏။ သံဃာသို့ ညွတ်သော လာဘ်ကို ပုဂ္ဂိုလ်သို့၊ ပုဂ္ဂိုလ်သို့ ညွတ်သော လာဘ်ကို သံဃာသို့ မညွတ်စေ ကောင်း ရကား၊ ဤအရာကို ဆိုလတ္တံ့သော နည်းဖြင့် စိစစ်ရာ၏။ရှေးအခါ၌၊ ကထိန်သင်္ကန်းကို တိုက်တပါးသံဃာကို မပင့်ဆောင်ဘဲ၊ တိုက်ထည်းသို့ ဝင်၍၊ စာတုဒ္ဒိသာ သံဃာအားသာ လှူကြကုန်၏။ ။ဤသို့ လှူအပ်သော ကထိန ဒါန၏ မဟပ္ဖလ အဖြစ်ကို ကြားသိကုန်သော၊ ယခုအခါ ဒါယကာတို့သည်၊ ရှေးအခါ၌ကဲ့သို့ မဟပ္ဖလ ဘာဝကို တောင့်တ၍ပင် လှူဒါန်းခြင်းကို အလို ရှိကုန်၏။ သို့လှူဒါန်း လိုကုန်သော်လည်း၊ သင်္ကန်းအခါ၌ သံဃာအား လှူအပ် သော သင်္ကန်းကို တိုက်တပါး ရဟန်းတို့ မရဟု- နားမလည် ရကား၊ လှူ ဒါန်းသောအခါ သံဃာ ဖြစ်၍ပင် ယခင်သင်္ကန်းကို ရလတ္တံ့ဟု တိုက်တပါး ပုဂ္ဂိုလ်တို့ကို ပင့်ဆောင်ကုန်၏။ ။*ဥပမာကား၊ ဒွေဘာတိကဝတ္ထု၌၊ ဒါယကာ တို့သည်သင်္ကန်းအခါ၌ သံဃာအားလှူအပ်သောသင်္ကန်းကို တိုက်တပါးရဟန်းတို့ မရဟု နားမလည်ရကား၊ တိုက်တပါးမှရောက်လာသော ဆွေမျိုးမထေရ်တို့အား ရလတ္တံ့ဟု ရိုးစုပြောကြား၍၊ များစွာသော ဆွမ်းနှင့်တကွသော သင်္ကန်းတို့ကို စာတုဒ္ဒိသာ သံဃာအား လှူကုန် သကဲ့သို့တည်း။ ။ဤဝတ္ထု၌၊ တိုက်နေရဟန်း တို့သည်၊ ထိုက်သက်သော ဘာဂကို ယူကုန်လတ္တံ့လောဟု- ပေးခြင်းကြောင့်၊ အာဂန္တုက ရဟန်းတို့သည်၊ ကာလသင်္ကန်းဖြစ်၍ မထိုက်ရကား ပယ်ကုန်၏။ တိုက်နေ ရဟန်းတို့က မိမိသန္တက အဖြစ်ကို ပြောကြား၍ လှူမှု ခံကုန်ရာ၏။ ထို့ကြောင့် ယခုအခါ၌လည်း၊ ရှေးအခါ၌ကဲ့သို့ပင် သံဃာသို့ညွတ်သောလာဘ် တည်းဟု- အာနိသင်နှင့်တကွ ကထိန်သင်္ကန်းကို မှတ်ယူရာ၏။ ။ထို့ကြောင့် ယခင်ပြဆိုခဲ့သည့်အတိုင်းသံဃာကိုလှူစေပြီးမှ တိုက်တွင်းရဟန်းတို့က ရအပ်သော မိမိသင်္ကန်းတို့ကို တိုက်ပပုဂ္ဂိုလ်တို့အား လှူကုန်ရာ၏။ သို့ ကာလသင်္ကန်းကို တိုက် တပါး ပုဂ္ဂိုလ်တို့အားလှူရာ၌၊ ဒါယကာတို့ ပင့်ဆောင်ရင်း ရှိသောကြောင့်၎င်း၊ သဘာဂ ဝိသာသိက ရဟန်းချင်း ဖြစ်သောကြောင့်၎င်း၊ အပြစ်မရှိဟု မှတ် ရာ၏။ ဝေဠုပန ဘိက္ခုဝ ကထိနံ အတ္ထရိတဗ္ဗံ၊ ဟူရာ၌၊ ဂိုဏ်းအစွမ်းဖြင့် ငါး ယောက်-ငါးယောက်ထက် လွန်သော ရဟန်းတို့သာ ကထိန်ခင်းခြင်း ငှါသာ ရကြောင်း၊ ဝါမှထသည် အစွမ်းဖြင့် ပုရိမဝါမှ ထသော ရဟန်းတို့သာရကြောင်း၊ ဝါပြတ်သောရဟန်း၊ ပစ္ဆိမဝါကပ်သောရဟန်း၊ တပါးသော ကျောင်း၌ ဝါမှ ထသော ရဟန်းတို့ မရကြောင်း၊ ၎င်းရဟန်းတို့ ဂိုဏ်းပြည့်သာ ဖြစ်ကြောင်း၊

အာနိသင်ကို မရကြောင်း ပုရိမဝါသား လေးယောက်· သုံးယောက်· နှစ်ယောက်ဖြစ်အံ့၊ ၎င်းရဟန်းတို့ကို ဂိုဏ်းပြည့်ပြု၍ ခင်းသင့်ကြောင်း အဋ္ဌကထာ၌ထင်ရှားလှ၏။ ဤတွင် တပါးသော ကျောင်းဟူရာ၌ တတိုက်ဘည်း ဖြစ်စေ ကာမူ နာနူပစာရဖြစ်သော ကျောင်းကိုလည်း ယူအပ်ကြောင်း ဝဇိရ ဗုဒ္ဓိ၌ လာ၏။ နောက်မှထင်ရှားလတ္တံ့။

ဤမျှသာမဟုတ်၊ ပုရိမဝါ၌ ဝါကပ်သော ပြည့်သော အသက် ရှိသော သာမဏေသည် ပစ္ဆိမဝါ၌ ရဟန်းခံအံ့၊ ဂိုဏ်းပြည့်သည်း ဖြစ်၏၊ အာနိသင်ကိုလည်းရ၏။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ဧကော ပရိပုဏ္ဏဝီသတိဝဿော သာမဏေရော၊ သောစေ ပစ္ဆိမိကာယ ဥပသမ္ပဇ္ဇတိ။ ဂဏပူရကောစေဝ ဟောတိ။ အာနိသံသဉ္စ လဘတိ။ ။ဟူ၍ရင်း။ ။*ဝဇိရဗုဒ္ဓိဋီကာ၌။ ။ပစ္ဆိမိကာယ ဥပသမ္ပန္နော ပဌမပဝါရဏာယ ပဝါရေတုမ္ပိ လဘတိတိ သဝဿိကော စဟောတိ၊ အာနိသံသဉ္စ လဘတိ။ ။ဟူ၍ရင်းမိန့်အပ်၏။ ။*ဧကော၊ တယောက်သော။ ပရိပုဏ္ဏဝီသတိဝဿော၊ ပြည့်စုံသော အသက်နှစ်ဆယ်ရှိသော။ သာမဏေရော၊ သာမဏေသည်။ အတ္ထိ၊ ရှိ၏။ သောသာမဏေရော၊ ထိုသာမဏေသည်။ ပစ္ဆိမိကာယ၊ ပစ္ဆိမဝါ၌။ သစေဥပသမ္ပဇ္ဇတိ၊ အကယ်၍ ရဟန်းခံသည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ရဟန်းခံသည် ရှိသော်။ ဂဏပူရကောစ၊ ဂိုဏ်းပြည့်သည်သည်း။ ဟောတိ၊ ဖြစ်၏။ အာနိသံသဉ္စ၊ အာနိသင်ငါးပါး ကိုသည်း။ လဘတိ၊ ရ၏။ ။(ဤကား အဋ္ဌကထာ၏ အနက်)။ ။ပစ္ဆိမိကာယ၊ ပစ္ဆိမဝါ၌၊ ဥပသမ္ပန္နော၊ ပဉ္စင်းခံသော ပုဂ္ဂိုလ်သည်း ပဌမပဝါရဏာယ၊ ပဌမပဝါရဏာနေ့၌။ ပဝါရေတုံပိ၊ ပဝါရဏာ ပြုခြင်းငှါလည်း။ လဘတိ၊ ရ၏။ ဣတိဘသ္မာ၊ ထိုကြောင့်။ သဝဿိကောစ၊ ဝါလပတ်လုံးမပြတ်သော နေခြင်းရှိသည်သည်း။ ဟောတိ၊ ဖြစ်၏။ အာနိသံသဉ္စ၊ အာနိသင်ငါးပါးကိုလည်း။ လဘတိ၊ ရ၏။ ။(ဤကား ဝဇိရဗုဒ္ဓိဋီကာအနက်)

"အဓိပ္ပါယ်ကား" ပဝါရဏာပြုခြင်းငှါ ရခြင်းကြောင့် မပြတ်သောနေခြင်းရှိ၏။ မပြတ်သောနေခြင်းရှိခြင်းကြောင့် အာနိသင်ကိုရ၏ ဟူလိုသည်။ ထိုစကားသင့်စွ၊ ဝါပြတ်သောရဟန်း အာနိသင်မရ။ ဤတွင်စာအများ၌ ဣတိသည်းမပါ၊ အဝဿိကောဟု အ,နှင့်လည်းရှိ၏။ ဝါလည်းမရဟု အနက်သမ္ဗန်၍ ပဌမဝါ၌ ရဟန်းမဟုတ်ရကား၊ ရက်,လဟူသော ဝါလည်းမရဟု အဓိပ္ပါယ် ယူကြကုန်၏။ ပါဠ်ပျက်, အနက်ပျက်, အဓိပ္ပါယ်ပျက်ဟု မှတ်ရာ၏။ ပစ္ဆိမိကာယ ဥပသမ္ပန္နော စသော စကားကို ဒုတိယဝါဆို၍ ဒုတိယ ပဝါရဏာနေ့၌ ပဝါရဏာ ပြုရမည်လောဟု တွေးတော ယုံမှားဘွယ် ရှိရာ ဆိုသည်။ ယုတ်သော အပိုင်းအခြားအားဖြင့် ပဌမ ဝါဆိုသော သာမဏေသည် • ပဌမပဝါရဏာနေ့၌ ရဟန်းခံသော်လည်း ပစ္ဆိမဝါ၌ ရဟန်းခံသော သာမဏေနှင့် ဝါရခြင်းအားဖြင့် ထူး

ခြားခြင်းမရှိရကား ထိုနေ့၌ပင် ပဝါရဏာ ပြုခြင်းငှါရ၏။ အာနိသင် ကိုလည်း ရ၏ဟု မှတ်ရာ၏။ ဤသို့ အဋ္ဌကထာ ဆရာသည် သာမဏေတို့အား ဝါကပ် ခြင်းကို ခွင့်ပြုတော်မူခြင်းကြောင့် သာမဏေတို့သည်လည်း ကထိန်အာနိသင် ကိုလည်း ရကုန်၏။ ။ထို့ကြောင့် ၎င်းဋီကာ၌။ ။ဣတိ သာမဏေရာနံ ဝဿူပဂမနံ အနုညာတံ ဟောတီတိ သာမဏေရာ ကထိနာနိသံသံ လဘန္တီတိ ဝဒန္တိ။ ။ဟု မိန့်အပ်၏။

ဣတိ၊ ဤသို့။ သာမဏေရာနံ၊ သာမဏေတို့အား။ ဝဿူပဂမနံ၊ ဝါကပ် ခြင်းသည်။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ သာမဏေ တို့အားလည်း ဝါကပ်ခြင်းကို ခွင့်ပြုတော် မူအပ်လေသော ကြောင့်။ သာမဏေရာ၊ သာမဏေတို့သည်။ ကထိနာနိသံသံ၊ ကထိန်၏ အာနိ သင်ကို။ လဘန္တိ၊ ရကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။(ဤကား အနက်)

ဒါယကာတို့ ကျောင်းသို့လာ၍ ကထိန်လျာ ပုဆိုးကို ချုပ်စေရာ၌ သံဃာ သည် ကထိန်ခင်းထိုက်သော ရဟန်းအားမပေးဘဲ သိမ်းဆည်း၍ ထားခြင်း ဟူသော နိစယ သန္နိဓိ တရားဖြင့် ယုံမှားဘွယ်ရှိသည် မဟုတ်လော ဟူငြား အံ့၊ လှူဒါန်း ပြီးသည်ကိုသာ သံဃာက မပေးဘဲ ထားက နိစယသန္နိဓိ ဖြစ် သောကြောင့်၎င်း၊ ၎င်းကထိန်လျာကို သံဃာအား မလှူသေး သောကြောင့် ၎င်း ယုံမှားဘွယ်မရှိ မှတ်ရာ၏။ ။ထိုကြောင့် ဝိနယာလင်္ကာရဋီကာ၌။ ။ ဒါယကာ ဟတ္ထတော သာဋကံ လဒ္ဓဒိဝသေ ယေဝ သံဃေန အတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ၊ ဧဝံ အဒေန္တာ နိစယ သန္နိဓိ ဟောတိ။ ။ဟု မိန့် အပ်၏။

ဒါယကဿ၊ ဒါယကာ၏။ ဟတ္ထတော၊ လက်မှ။ သာဋကံ၊ ကထိန်လျာ ပုဆိုးကို။ လဒ္ဓဒိဝသေယေဝ၊ ရအပ်သောနေ့၌ သာလျှင်။ သံဃေန၊ သံဃာ သည်။ အတ္ထာရကဿ၊ ကထိန် ခင်းလတ္တံ့သော။ ဘိက္ခုနော၊ ရဟန်းအား။ ဒါ တဗ္ဗံ၊ ပေးအပ်၏။ ဧဝံ၊ ဤသို့။ အဒေန္တာ၊ မပေးသည်ရှိသော်။ နိစယသန္နိဓိ၊ သိုမှီးခြင်းဟူသော နိစယသန္နိဓိသည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)

ရဟန်းသည် မိမိနေရာ တိုက်ဖြစ်အံ့၊ ကထိန် သင်္ကန်းကို လှူခြင်းငှါသာ အပ်၏။ အာနိသင်ကိုရသော အရာ၌ ပါဝင်ခြင်းကြောင့် မိတ ဆွေမျိုး တို့ကို လှူစေခြင်းငှါ မအပ်။ တိုက်တပါးဖြစ်အံ့၊ အာနိသင်ကိုရသော အရာ၌ မပါဝင် ခြင်းကြောင့် မိတဆွေမျိုး တို့ကိုလည်း လှူစေခြင်းငှါ အပ်၏ဟု မှတ်ယူသင့် သည်။ ။[အမှာကံ ခန္တိ ဝိမံသိတွာ ဂဟေတဗ္ဗံ]။ ။၎င်းသံဃာအားလှူအပ်

သော ကထိန်သင်္ကန်းကို၊ တူသော ဥပစာရှိသော ကျောင်း၌ နေသော တိစီဝရိက်ကို ဆောင်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရိန္နမ်းသော သင်္ကန်းရှိသော မထေရ်ကြီးအား ဥပစာရ သိမ်တွင်း၌ ခဏ္ဍသိမ်ရှိသော်ငင်း။ ခဏ္ဍသိမ်၌၊ မရှိသော် အပ၌ဖြစ်သော ခဏ္ဍဥဒကုက္ခေပ သိမ်စသည် တို့၌၊ သံဃာသည် ပေးအပ်၏။ ပေးအပ်ပြီးသော သင်္ကန်းကိုဆောင်၍၊ ဝါမှထရာ ဥပစာရ သိမ်တွင်း၌သာ ခင်းအပ်၏။ ထိုစကားသင့်စွ၊ ဥပုသ်ပြုသော အခါ၌၊ ခင်းစရာ သင်္ကန်းမရှိသော်၊ မခင်းဘဲပင် ပြုခြင်းငှါအပ်သကဲ့သို့၊ အခင်းရှိခဲ့သော် မခင်းဘဲ ပြုခြင်းငှါ မအပ်သကဲ့သို့၊ ထို့အတူ၊ သင်္ကန်း သင်္ကန်းမရှိသော်၊ တိစီဝရိက်ကို မဆောင်သော ရဟန်းအား ပေးခြင်းငှါ အပ်၏။ အယုတ် အားဖြင့်၊ သင်းပိုင်မျှသော်လည်းရှိလျက်၊ မဆောင်သော ရဟန်းအား ပေးခြင်းငှါမအပ်။ ။ထို့ကြောင့် ပရိဝါ ပါဠိတော်၌။ ။တိစီဝရိက် ဆောင်သည်ကိုပြတတ်သော။ ။*ပစ္စုဒ္ဓါရော ကတီဟိ ဓမ္မေဟိ သင်္ဂဟိတော၊ ပစ္စုဒ္ဓါရော၊ တီဟိ ဓမ္မေဟိ သင်္ဂဟိတော၊ သံဃာဋိယာ ဥတ္တရာသင်္ဂေန အန္တရဝါသကေန။ ။စသော စကားကိုရင်း။ ။ဝိနယာ လင်္ကာရ ဋီကာ၌။ ။*ဝိနယ တေစီဝရိကောပန ယဒါ တိစီဝရေန ဝိပ္ပဝသတိ၊ ... မောဟောတိ၊ တဒါတထာ အဓိဋ္ဌဟိတွာ ဓာရေတိ၊ ယဒါပန ပရိက္ခာရစောဠ ... ဓိဋ္ဌာနေန ဓာရေတုကာမော ဟောတိ၊ တဒါ တထာ အဓိဋ္ဌဟိတွာ ဓါရေတိ တသ္မာ တိစီဝရာဓိဋ္ဌာနသာ ဒုပ္ပရိဟာရတ္တာ သဗ္ဗံ ဓာရေတုံ အသက္ကောန္တော ဟုတွာ ပရိက္ခာရစောဠဝသေန ဓာရေန္တောပိ တံပစ္စုဒ္ဓရိတွာ အာသန္နေ ကာလေ တိစီဝရာ ဓိဋ္ဌာနေန အဓိဋ္ဌဟန္တောပိ ကထိနံ အတ္ထရိတုံ လဘတိယေဝါတိ ဒဋ္ဌဗ္ဗံ။ ။ဟူသော စကားကိုရင်း မိန့်အပ်၏။

ပစ္စုဒ္ဓါရော၊ အဓိဋ္ဌာန်ကို တဘန်နုတ်ခြင်းကို။ ကတီဟိ၊ အဘယ်မျှလောက် အပြားရှိကုန်သော။ ဓမ္မေဟိ၊ တရားတို့ဖြင့်။ သင်္ဂဟိတော၊ သင်္ဂြိုဟ် ရေတွက် အပ်သနည်း။ ပစ္စုဒ္ဓါရော၊ အဓိဋ္ဌာန်ကို တဘန်နုတ်ခြင်းကို။ သံဃာဋိယာစ၊ ဒုကုဋ်ဖြင့်ရင်း။ ဝါ၊ ဒုကုဋ်ကိုအဓိဋ္ဌာန်ချခြင်းဖြင့်ရင်း။ ဥတ္တရာသင်္ဂေနစ၊ ကိုယ်ဝတ်ဖြင့်ရင်း။ ဝါ၊ ကိုယ်ဝတ်ကို အဓိဋ္ဌာန် ချခြင်းဖြင့်ရင်း။ အန္တရဝါသကေနစ၊ သင်းပိုင်ဖြင့်ရင်း။ ဝါ၊ သင်းပိုင်ကို အဓိဋ္ဌာန်ချခြင်းဖြင့်ရင်း။ ဣတိ၊ ဤသို့။ တီဟိ၊သုံးပါးကုန်သော။ဓမ္မေဟိ၊ အဓိဋ္ဌာန်ချခြင်းတည်းဟူသော တရားတို့ဖြင့်။ သင်္ဂဟိတော၊ သင်္ဂြိုဟ်ရေတွက်အပ်၏။ ။(ဤကား ပါဠိတော်၏အနက်)

ပန၊ ဆက်၍ဆိုဦးအံ့။ ဝိနယ တေစီဝရိကော၊ ဝိနည်းတိစီဝရိက်ကို ဆောင်သော ရဟန်းသည်။ ယဒါ၊ အကြင်အခါ၌။ တိစီဝရေန ဓိဋ္ဌာနေန၊ သုံးထည်သော သင်္ကန်းကို၊ ပိမိတို့အမည်အားဖြင့် အဓိဋ္ဌာန်တင်ခြင်းဟု ဆိုအပ်သော တိစီဝရိက်

အခိဋ္ဌာန်ဖြင့်။ အဓိဋ္ဌဟိတွာ၊ အဓိဋ္ဌာန်တင်၍။ ဝါ၊ ဆောက်တည်၍။ မာရေ တုကာမော၊ ဆောင်ခြင်းငှါအလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တထာ တေန တိစီဝရာဓိဋ္ဌာန ဝိဓာနေန၊ ထိုတိစီဝရိက် အဓိဋ္ဌာန် အစီအရင် ဖြင့်။ အဓိ ဟိတွာ၊ အဓိဋ္ဌာန်တင်၍။ ဝါ၊ ဆောက်တည်၍။ မာရေတိ၊ဆောင်၏။ ယဒါပန၊ အကြင်အခါ၌ကား။ ပရိက္ခာရ စောဠာဓိဋ္ဌာနေန၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်ဖြင့်။ မာရေတုကာမော၊ ဆောင်ခြင်းငှါ အလိုရှိသည်။ ဟောတိ၊၏။ တဒါ၊ ထိုအခါ၌။ တထာတေန ပရိက္ခာရ စောဠာဓိဋ္ဌာနဝိဓာနေန၊ထိုပရိက္ခာရ စောဠ အဓိဋ္ဌာန် အစီအရင်ဖြင့်။ အဓိဋ္ဌဟိတွာ၊ အဓိဋ္ဌာန်တင်၍။ ဝါ၊ ဆောက် တည်၍။မာရေတိ၊ဆောင်၏။တသ္မာ၊ထို့ကြောင့်။ တိစီဝရာဓိဋ္ဌာနသ၊တိစီဝရိက် အဓိဋ္ဌာန်၏။ ဒုပ္ပရိဟာရတ္တာ၊ ဆောင်နိုင်ခဲသည်၏ အဖြစ်ကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ မာရေတုံ၊ ဆောင်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်။ ဟုတွာ၊ဖြစ်၍၊ပရိက္ခာရ စောဠဝသေန၊ပရိက္ခာရစောဠ၏အစွမ်းဖြင့်။မာရေန္တော၊ ပိ၊ဆောင်သောသူသည်လည်း။ ဟံ၊ ထိုပရိက္ခာရ စောဠအဓိဋ္ဌာန်ကို။ ပစ္စုဒ္ဓရိတွာ၊ ပစ္စုဒ္ဓိုရ်ပြု၍။ ဝါ၊ တဘာန်နုတ်၍။ ဖာသုသမ္ဘေ၊ ကထိန်ခင်းခါနီးသော။ကာလေ၊ အခါ၌။ တိစီဝရာဓိဋ္ဌာနေန၊ တိစီဝရိက်အဓိဋ္ဌာန်ဖြင့်။ အဓိဋ္ဌဟန္တော ပိ၊ အဓိဋ္ဌာန်တင်သောရဟန်းသည်လည်း။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်း ငှါ။ လဘတိယေဝ၊ ရသည် သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအားသာ ပေးအပ်ကြောင်းကို။ ။ ကတမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ၊ ပုဗ္ဗကရဏံ ဇာနာတိ၊ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ။ ဣမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ ။ဟူသော ပရိဝါပါဠိကို ထောက်၍ သိရာ၏။ ။*ကတမေဟိ အဋ္ဌဟိအင်္ဂေဟိ၊ အဘယ်ရှစ်ပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ၊ ဘဗ္ဗော၊ ထိုက်လေ သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ပုဗ္ဗကရဏံ၊ ပုဗ္ဗကရဏ ခုနစ်ပါးကို။ ဇာနာတိ၊ သိ၏။ ပစ္စုဒ္ဓါရံ၊ ပစ္စုဒ္ဓိုရ်သုံးပါးကို။ ဇာနာတိ၊ သိ၏။ အဓိဋ္ဌာနံ၊အဓိဋ္ဌာန်သုံးပါးကို။ ဇာနာတိ သိ၏။အတ္ထာရံ၊ ခင်းခြင်းကို။ ဇာနာတိ၊ သိ၏။မာတိကံ၊ မာတိကာရှစ်ပါးကို။ ဇာနာတိ၊ သိ၏။ ပလိဗောဓံ၊ ပလိဗောဓ ၂-ပါးကို။ ဇာနာတိ၊ သိ၏၊ ဥဒ္ဓါရံ၊ အန္တရုဗ္ဘာရနှင့်တကွ ကထိန်နုတ်ခြင်းအပြား မာတိကာရှစ်ပါးကို။ဇာနာတိ၊ သိ၏။ အာနိသံသံ၊ အာနိသင် ၅-ပါးကို။ ဇာနာ တိ၊ သိ၏။ဣမေဟိ အဋ္ဌဟိအင်္ဂေဟိ၊ ဤရှစ်ပါးသောအင်္ဂါတို့နှင့်။သမန္နာဂတော၊

ပြည့်စုံသော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ ဘဗ္ဗော၊ ထိုက်သည်။ ဟောတိ၊ ၏။

ဤ၌ ပုဗ္ဗကရဏကို သိခြင်းဟူသည်ကား ရှင်းပါဠိ၌ ဓောဝနေန, စသည်ဖြင့်လာသော သင်္ကန်းလျှော်ဖွပ်ခြင်း၊ ဖွပ်ပြီးသည်ကို ငါးခဏ်း,အိမ်ဝန်း, အိမ်ဝက်,စသည်ဖြင့် စိစစ်ခြင်း၊ စီစစ်ပြီးသည်ကိုဖြတ်ခြင်း၊ ဖြတ်ပြီးသည်ကို တည်းစပ်ဖွဲ့ခြင်း၊တည်းစပ်ဖွဲ့ပြီးသည်ကိုချုပ်ခြင်း၊ ချုပ်ပြီးသည်ကိုဆိုးခြင်း၊ ဆိုးပြီးသည်ကို ကပ္ပဗိန္ဒုထိုးခြင်း၊ ဤခုနစ်ပါးကို သိခြင်းတည်း။ ။ပစ္စုဒ္ဓိုရ်ကို သိခြင်းဟူသည်ကား" ရှင်းပါဠိ၌ ပစ္စုဒ္ဓါရော တီတိ ဝမ္မေဟိ စသည်ဖြင့်လာသော ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ၊ ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ-ဟူသော ပစ္စုဒ္ဓိုရ်သုံးပါးကို သိခြင်းတည်း။ ။"အဓိဋ္ဌာန်ကို သိခြင်းဟူသည်ကား" ရှင်းပါဠိ၌ အဓိဋ္ဌာနံ တီဟိစမ္မေဟိ သင်္ဂဟိတံ၊ စသည်ဖြင့်လာသော ဣမံသံဃာဋိံ အဓိဋ္ဌာမိ၊ ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊ ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ-ဟူသော အဓိဋ္ဌာန်သုံးပါးကို သိခြင်းတည်း။ ။အတ္ထာရ ဧ ဇာနာတိ ဟူသည်ကား ရှင်းပါဠိ၌ အတ္ထာရော ဧကေန ဝမ္မေန သင်္ဂဟိတော ဝစီဘေဒေန၊ ဟူ၍လာသော ဝိနယာလင်္ကာရဋီကာ၌။ ။အတ္ထာရော တီဟိဝမ္မေဟိ သင်္ဂဟိတော စသည်ဖြင့်လာသော ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ၊ ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ၊ ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ-ဟူသော ဝစီဘေဒအားဖြင့် တပါးသာဖြစ်သော သင်္ကန်းအားဖြင့် သုံးပါးပြားသော ကထိန်ခင်းခြင်းကို သိခြင်းတည်း။ ။မာတိကာကို သိခြင်းဟူသည်ကား—

(၁) ချုပ်ပြီးသော သင်္ကန်းကိုယူ၍ ဤတိုက်၌ မနေပြီဟု သွားသောရဟန်း၏ ဥပစာရသိမ်မှဘဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။

(၂) မချုပ်သေးသော သင်္ကန်းကို ယူ၍ တိုက်ပသို့ သွားသော နေရင်းတိုက်ပသို့မပြန်အံ့၊ ဤ၌သာချုပ်အံ့ဟု တိုက်ပ၌ သင်္ကန်းချုပ်သောရဟန်း၏ သင်္ကန်းပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။

(၃) မချုပ်သေးသော သင်္ကန်းကိုယူ၍ တိုက်ပသို့သွားသော နေရင်းတိုက်သို့လည်း မပြန်အံ့၊ ဤသင်္ကန်းကိုလည်း မချုပ်အံ့ဟု ဆောက်တည်သောရဟန်း၏ ဆောက်တည်ခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။

(၄) မချုပ်သေးသော သင်္ကန်းကိုယူ၍ တိုက်ပသို့သွားသော် နေရင်းတိုက်သို့မပြန်အံ့၊ ဤ၌သာ ချုပ်အံ့ဟု သင်္ကန်းကို ချုပ်သော် ချုပ်စဉ်ပျက်စီးသော သင်္ကန်းရှိသော ရဟန်း၏ သင်္ကန်း ပျက်စီး ခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။

(၅) မချုပ်သေးသော သက်န်းကိုယူ၍ တိုက်ပသို့သွားသော နေရင်းတိုက်သို့ ပြန်အံ့ဟု အပဋ္ဌချုပ်၍ သင်္ကန်းပြီးသောအခါ နေရင်းတိုက်၌၊ကထိန် နုတ်အပ်ပြီဟု ကြားသောရဟန်း၏ ကြားခြင်းအဆုံးရှိသော ကထိန် နုတ်ခြင်း။

(၆) မချုပ်သေးသော မလောက်သော သင်္ကန်းကိုယူ၍ တိုက်ပသို့သွားသော နေရင်းတိုက်သို့မပြန်အံ့၊ ဤ၌ ရနိုးသော သင်္ကန်းရှိသောအိမ်၌ သင်္ကန်း ကိုတောင်း၍ ချုပ်အံ့ဟု၊ ရနိုးခြင်းရှိသော အိမ်သို့ကပ်၍ သင်္ကန်းကို တောင်းသော် မရ၍ အာသာပြတ်သော ရဟန်း၏ အာသာပြတ်ခြင်း လျှင်အဆုံးရှိသောနုတ်ခြင်း။

(၇) မချုပ်သေးသော သင်္ကန်းကိုယူ၍ တိုက်ပသို့ သွားသော သင်္ကန်းကို ချုပ်ပြီး၍- နေရင်းတိုက်သို့- ပြန်အံ့ဟု ကြံလျက် တိုက်ပ၌ သင်္ကန်း ကာလကို လွန်သော ရဟန်း၏ တိုက်ပ၌ ကထိန်ကာလလွန်ခြင်း အဆုံး ရှိသော ကထိန်နုတ်ခြင်း။

(၈) မချုပ်သေးသော သင်္ကန်းကိုယူ၍ တိုက်ပသို့သွား၍ သင်္ကန်းချုပ်ပြီး၍ နေရင်းတိုက်သို့ပြန်လာ၍ တိုက်တွင်းရဟန်းတို့၏ ကထိန်နုတ်ခြင်းကို မှီသောရဟန်းတို့၏ တိုက်တွင်းရဟန်းတို့နှင့် တကွ ကထိန်နုတ်ခြင်း။

ဤသို့အားဖြင့် ရှစ်ပါးသော ကထိန်နုတ်ခြင်း မာတိကာကို သိခြင်းတည်း။

"ပလိဗောဓကိုသိခြင်းဟူသည်ကား" စီဝရပလိဗောဓ အာဝါသပလိဗောဓ၊ ဤနှစ်ပါးကိုသိခြင်းတည်း။ ။"နုတ်ခြင်းကိုသိခြင်းဟူသည်ကား" အကာလ သင်္ကန်း လှူလိုပါသည်ဟု ဒါယကာတို့ တောင်းပန်သောအခါ ဘိက္ခုနီဝိဘင်း နဂ္ဂဝဂ်၌လာသော ကမ္မဝါစာဖြင့်နုတ်ခြင်း၊ အန္တရုဗ္ဘာရကိုသိခြင်းတည်း။ တိုက် ပသို့ မသွားဘဲ တိုက်ထဲ၌သာ သံဃာနှင့်တကွ ကထိန်နုတ်အံ့ဟု ကမ္မသန္နိဋ္ဌာနကို ပြု၍ နုတ်သောရဟန်း၏ ကထိန်နုတ်ခြင်းသည် အန္တရုဗ္ဘာရ မည်၏။ တိုက်ပသို့ သွား၍ သင်္ကန်းချုပ်ပြီး၍ ပြန်လာသောအခါ သံဃာနှင့်တကွ ကထိန်နုတ်အံ့ဟု ကမ္မသန္နိဋ္ဌာနကို မပြုရ။ နုတ်ခြင်းမျိုးသာ မှီသောရဟန်း၏ ကထိန်နုတ်ခြင်းသည် သဟုဗ္ဘာရမည်၏။ ။ထိုကြောင့် ဝိနိစ္ဆယဋီကာ၌။ ။ပဟိသီမံ ဂန္တွာ အာဂတဿ ဝသေန သဟုဗ္ဘာရော။ ပဟိသီမံ အဂတာနံ ဝသေန အန္တရုဗ္ဘာရောတိ ဧကောယေဝ ဥဗ္ဘာရော ဒွိဓာ ဝုတ္တော။ ။ဟု မိန့်အပ်၏။ ။ပဟိသီမံ၊ သိမ် ပသို့။ ဂန္တွာ၊ သွား၍။ အာဂတဿ၊ ပြန်လာသော ပုဂ္ဂိုလ်၏။ ဝသေန၊ အစွမ်း ဖြင့်။ သဟုဗ္ဘာရော၊ သိမ်တွင်း၌ နေရစ်သော ရဟန်းတို့နှင့်တကွ နုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပဟိသီမံ၊ သိမ်ပသို့။ အဂတာနံ၊ မသွားကုန်သောရဟန်းတို့၏။ ဝသေန၊ အစွမ်းဖြင့်။ အန္တရုဗ္ဘာရော၊ စီဝရမာသ၏ အဆုံးဖြစ်သော တပေါင်း

လပြည့်သို့ မရောက်မီအကြားၐ နုတ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ကောဝ၊ တပါးသာလျှင် ဖြစ်သော။ ဥဗ္ဘာရော၊ ကထိန်နုတ်ခြင်းကို။ ဒွိဓာ၊ နှစ်ပါးအပြားအားဖြင့်။ စုတ္တော၊ ဟောတော်မူအပ်၏။ ။(ဤကားအနက်)

သံဃာနှင့်တကွ ကမ္မသန္နိဋ္ဌာနကို ပြုရခြင်းကြောင့် အန္တရုဗ္ဘာရကို သံဃာနှင့် စပ်၏ဟု ပရိဝါ၌ဆို၏။ ဤကဲ့သို့ မပြုရခြင်းကြောင့် သဟုဗ္ဘာရကို သံဃာနှင့် မစပ်ဟု ၎င်း၌ဆို၏။ ထိုကြောင့်၊ ကမ္မသန္နိဋ္ဌာနကို သံဃာကပြုရာ၌ အင်္ဂါတခုဟု မှတ်ရာ၏။ သို့ဖြစ်၍ တိုက်တွင်းသို့ ပြန်လာ၍ သံဃာနှင့်တကွ၊ ကထိန်နုတ်မြဲ ဟု ကမ္မသန္နိဋ္ဌာနကိုပြု၍ နုတ်လျှင် သဟုဗ္ဘာရလည်း သံဃာနှင့်စပ်ရာ၏ဟုမှတ်ရာ၏။ {ဤသို့ထောက်ဆ၍ ယူရသောအရာ မာတိကာ ရှစ်ပါး၌ အများပင်ရှိသေး၏။ မခဲလှ ထောက်ဆ၍ ယူကြလေ။}

အာနိသင်ကိုသိခြင်းဟူသည်ကား-

(၁) ကထိန်ခင်းသော ရဟန်းတို့အား ပင့်ဘိတ်အပ်သော ဆွမ်းရှိလျက် ထင်ရှားရှိသောရဟန်းကိုမပန်မူ၍ ရွာတွင်းသို့ဝင်သော်လည်း၊ အနာမန္တစာရသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း။

(၂) တိစီဝရိက် သင်္ကန်းနှင့် ညဉ့်ကင်း၍ နေသော်လည်း ဒုတိယကထိန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း။

(၃) ထမင်းကို ခံပါလေဟု ဘိတ်အပ်လျက် တမြိုင်နက်လေးပါး စသော ဂိုဏ်းကို ပြု၍ခံသော်လည်း ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း။

(၄) အဓိဋ္ဌာန် မတင်အပ်သော သင်္ကန်းကို ဆယ်ရက်ထက်အလွန် ဆောင်သော်လည်း၊ ပဌမ ကထိန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း။

(၅) သံဃသန္တက သင်္ကန်းဟူသမျှကိုရခြင်း။

အကျိုးငါးပါးကိုသိခြင်းတည်း။

၎င်းအင်္ဂါရှစ်ပါးတို့ကို မိမိသိလျှင် မိမိပင်ခင်းရာ၏။မသိလျှင် သိသောရဟန်းတို့ကို ပင့်ဆောင်သင်ကြား၍ ခင်းရာ၏။ မပင့်မဆောင် မသင်မကြားဘဲ ခင်းခြင်းငှါမအပ်။ ။ထိုကြောင့် ဝိနယာလင်္ကာရ ဋီကာ၌။ ။သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ နဟောန္တိ အာဒိနာ အတ္ထ ဓမ္မ ကောဝိဒေ ဘိက္ခူ ကထိနတ္ထာရမရဟာတိ ဝိယနဝိနိစ္ဆယေ အာဂတတ္တာ သယမ္ပေ အတ္ထ ဓမ္မကုသလော သယမေဝ အတ္ထရိတဗ္ဗံ။ နောစေ အညေ အတ္ထဓမ္မေ ကုသလေ ပရိယေသိတွာ နေတဗ္ဗာ။ ဝေံ အကတွာ ကထိနံ အတ္ထရိတုံ နဝဋ္ဋတီတိ ဒဿေတိ။ ။ဟု မိန့်အပ်၏။

ပုရိမိကာယ၊ပုရိမဝါသို့။ ဥပဂတာ၊ ကပ်ကုန်သော။ ဘိက္ခူ၊ရဟန်းတို့သည်။ ကထိနတ္ထာရ ကုသလာ၊ ကထိန်ခင်းခြင်း အစီအရင်၌ လိမ္မာကုန်သည်။ သစေ နဟောန္တိ၊ အကယ်၍ မဖြစ်ကုန်အံ့။ ဉာတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ အတ္ထဓမ္မကောဝိဒေ၊ ကထိန်ခင်းရာ အကျိုးအကြောင်း၌ လိမ္မာသော ပညာရှိသော။ ဝါ၊ အဋ္ဌကထာ, ပါဠိတို့၌ လိမ္မာသော ပညာရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းငှါ။ အရဟတိ၊ ထိုက်၏။ ဉာတိ၊ ဤသို့။ ဝိနယဝိနိစ္ဆယေ၊ဝိနယဝိနိစ္ဆယကျမ်း၌။ အာဂတတ္တာ၊ လာသည်၏အဖြစ်ကြောင့်။ သယံ၊ မိမိသည်။ အတ္ထဓမ္မကုသလော၊ ကထိန်ခင်းရာအကျိုးအကြောင်း၌ လိမ္မာသော ပညာရှိသည်။ ဝါ၊ အဋ္ဌကထာ, ပါဠိတို့၌ လိမ္မာသော ပညာရှိသည်။ စေဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသန္တေသု၊ ဤသို့ ဖြစ်ကုန်သည်ရှိသော်။ သယမေဝ၊ မိမိတို့ကိုယ်တိုင်ပင်လျှင်။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ သယံ၊ မိမိသည်။ အတ္ထဓမ္မ ကုသလော၊ ကထိန်ခင်းရာ အကျိုးအကြောင်း၌ လိမ္မာသော ပညာရှိသည်။ ဝါ၊ အဋ္ဌကထာပါဠိတို့၌ လိမ္မာသော ပညာရှိသည်။ နောစေဟောတိ၊ အကယ်၍ မဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ အညေ၊ တပါးကုန်သော။ အတ္ထဓမ္မကုသလေ၊ ကထိန်းခင်းရာအကျိုးအကြောင်း၌ လိမ္မာကုန်သော ပညာရှိကုန်သော ရဟန်းတို့ကို။ ဝါ၊ အဋ္ဌကထာပါဠိတို့၌ လိမ္မာကုန်သော ပညာရှိသော ရဟန်းတို့ကို။ ပရိယေသိတွာ၊ ရှာမှီး၍။ နေတဗ္ဗာ၊ ပင့်ဆောင်အပ်ကုန်၏။ ဧဝံ၊ ဤသို့။ အကတွာ၊ မပြုမူ၍။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဣတိဣမံအတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတိ၊ ပြတော်မူ၏။

ဥပစာရသိမ်တွင်း၌ ခဏ္ဍသိမ်ရှိအံ့၊ ထိုသိမ်၌ပေး၍ မရှိအံ့၊ တိုက်ပခဏ္ဍသိမ်, ဥဒကုက္ခေပသိမ်တို့၌ပေး၍၊ ဝါမှသရာ ဥပစာရ တိုက်တွင်းသို့ ပြန်၍ ခင်းသင့် ကြောင်းကို။ ။အန္တော ဥပစာရသီမာယ ပန ဗဒ္ဓသီမာယ သတိ တံဗဒ္ဓသီမံ အဝတ္ထရိတွာပိ ဥပစာရသီမာယ ဂမနတော သာ ဗဒ္ဓသီမာ ကမ္မဝါစာ ဘဏ နာရဟာစ ဟောတိ၊ ကထိနတ္ထာရာရဟာစာတိ ဝေဒိတဗ္ဗာ။ ။ဟူ၍ရှင်း။ ။ အန္တော ဥပစာရသီမာယံ ဗဒ္ဓသီမာယ အဝိဇ္ဇမာနာယ ကထံ ကရိဿန္တီတိ အန္တော ဥပစာရသီမာယံ ဗဒ္ဓသီမာယ အဝိဇ္ဇမာနာယ ဗဟိဥပစာရ သီမာယံ ဝိဇ္ဇမာနဗဒ္ဓသီမံဝါ ဥဒကုက္ခေပ လဘာနဋ္ဌာနံဝါ ဂန္တွာ ကမ္မဝါစံ ဝါစာပေတွာ ပုန ဝိဟာရံ အာဂန္တွာ ဝဿူပနာယိက ခေတ္တဘူတာယံ ဥပစာရသီမာယံ ဌတွာ ကထိနံ အတ္ထရိတဗ္ဗန္တိ ဒဋ္ဌဗ္ဗံ။ ။ဟူ၍ရှင်း။ ။လာသော ဝိနယာလင်္ကာရဋီကာ ကို ထောက်၍ သိရာ၏။

ပန၊ဆက်၍ဆိုဦးအံ့။ ဥပစာရသီမာယ၊ ဥပစာရသိမ်၏။ အန္တော၊ အတွင်း၌။ ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်သည်။ သတိ၊ ရှိလသော်။ တံဗဒ္ဓသီမံ၊ ထိုဗဒ္ဓသိမ်ကို။ အာဝတ္တရိတွာပိ၊ လွှမ်း၍လည်း။ ဥပစာရသီမာယ၊ ဥပစာရသိမ်၏။ ဂမနဘော၊ သွားခြင်းကြောင့်။ သာဗဒ္ဓသီမာ၊ ထိုဗဒ္ဓသိမ်သည်။ ကမ္မဝါစာဘာဏနာရဟာစ၊ ကမ္မဝါစာဘတ်ခြင်းငှါ ထိုက်သည်ရင်း။ ကထိနတ္ထာရာရဟာစ၊ ကထိန်ခင်းခြင်းငှါထိုက်သည်ရင်း။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ၏။ ။အန္တော ဥပစာရသီမာယံ၊ ဥပစာရသိမ်၏ အတွင်း၌။ ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်သည်။ အဝိဇ္ဇမာနာယ၊ မရှိသည်ရှိသော်။ ကထံ ကရိဿန္တိ၊ အဘယ်မှာလျှင် ကထိန်ကမ္မဝါ ဘတ်ရွတ်ခြင်းကို ပြုနိုင်ကုန်အံ့နည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အန္တော ဥပစာရ သီမာယံ၊ ဥပစာရသိမ်တွင်း၌။ ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်သည်။ အဝိဇ္ဇမာနာယ၊ မရှိ သည်ရှိသော်။ ဗဟိ ဥပစာရသီမာယံ၊ ဥပစာရသိမ်ပ၌။ ဝိဇ္ဇမာနဗဒ္ဓသီမံဝါ၊ ထင် ရှား ရှိသော ဗဒ္ဓသိမ်သို့ရင်း။ ဥဒကုက္ခေပလဘာနဋ္ဌာနံဝါ၊ ဥဒကုက္ခေပသိမ်ရရာ အရပ်သို့ရင်း။ ဂန္တွာ၊ သွား၍။ ကမ္မဝါစံ၊ကမ္မဝါစာကို။ ဝါစာပေတွာ၊ ဘတ်စေ၍။ ပုန၊တဖန်။ ဝိဟာရံ၊ ကျောင်းသို့။ အာဂန္တွာ၊ ပြန်လာ၍။ ဝဿူပနာယိကာ ခေတ္တ ဘူတာယံ၊ ဝါကပ်ရာ ခေတ်ဖြစ်၍ ဖြစ်သော။ ဥပစာရသီမာယံ၊ ဥပစာရ သိမ်၌။ ဌတွာ၊ တည်၍။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ။{တူသော ဥပစာရှိသောကျောင်း၌ နေသော ဟူရာ၌ ကျောင်း၏ဥပစာရ,နာနူပစာရအဖြစ်ကို နောင်၌ပြလတ္တံ့။ ။}

စီဝရပဋိဂ္ဂါဟက သမ္မုတိ စသော အရာတို့၌ သမုတ်အပ်သော ရဟန်း, သမုတ် အပ်သော ဘဏ္ဍာအိမ် စသည်တို့ကို ဝတ္ထုဖြစ်၍၊ သံဃာ့ မျက်မှောက် ၌ထား၍ သမုတ်မှသာ အပ်သကဲ့သို့ ဤကထိန် သင်္ကန်းကိုလည်း။ ၊ဝတ္ထု ဝိပန္နံ ဟောတီတိ အကပ္ပိယဒုဿံ ဟောတိ။ ။ဝတ္ထုဝိပန္နံ ဟောတီတိ၊ ဟူ သည်ကား။ အကပ္ပိယဒုဿံ၊ မအပ်သော ကထိန်လျှာ ပုဆိုးသည်။ ဟောတိ၊ ဖြစ်၏။ ။ဤသို့ လာသော ပရိဝါအဋ္ဌကထာနှင့် အညီ၊ ဝတ္ထုဖြစ်၍ မျက် မှောက်၌ထား၍ ပေးမှသာလျှင်အပ်၏။ အပ၌ ထား၍ ပေးသော် မအပ်။ ထို စကားသင့်စွ၊ အယံနာဇဂေါ၊ အယံတိဿော, စသည်၌၊ ဣမသဒ္ဒါဖြင့် ညွှန်ပြအပ် သော ပဋ္ဋင်းလောင်း စသည်သည် ဝတ္ထုဖြစ်၍ မျက်မှောက်ရှိမှ အပ်သကဲ့သို့ ဣမသဒ္ဒါဖြင့် ညွှန်းပြအပ်သော ကထိန် သင်္ကန်းသည်သည်း မျက်မှောက် ရှိမှ သာ အပ်၏ဟု မှတ်ရာ၏။ ထိုကထိန် သင်္ကန်းကို ခံသော ရဟန်း သည်ကား၊ ကထိန ဒါယကကံ၏ စတုဝဂ် သံဃာသည် ပြုအပ်ခံသောကံ ဖြစ်သောကြောင့် ဂဏပူရက၊ ကမ္မပတ္တလည်းမဟုတ်၊ ကထိန်သင်္ကန်းကဲ့သို့ ဝတ္ထု ဖြစ်သော ကမ္မ ပတ္တလည်း မဟုတ်ရကား၊ အပ၌ တည်သော်လည်း အပ်၏ဟု မှတ်ရာ၏။ ။ ဝဇီရဗုဒ္ဓိဋီကာ၌ကား။ ။*တတြစေ ဘိက္ခဝေ ယွာယံ စတုဝဂ္ဂေါ ဘိက္ခုသံဃော

ဌပေတွာ တိဏိကမ္မာနိ ဥပသမ္ပဒံ ပဝါရဏံ အဗ္ဘာနန္တိ စမ္မယျက္ခန္ဓကေ ဝုတ္တတ္တာ နပဥ္စဝဂ္ဂ ကရဏီယန္တိ ဂဟောဘဗ္ဗံ၊ တသ္မာ ယဿ သံဃော ကထိန ဒုဿံ ဒေတိ၊ တံ ဟတ္ထပါသေ အကတွာပိ ဗဟိသီမာယ ဌိတဿပိ ဒါတုံ ဝဋ္ဋ တီတိ ဒေန္တိ။ ။ဟူ၍ အပဋ္ဌ တည်သော်လည်းအပ်ကြောင်းတဝါဒ။ ။*တံ ဟတ္ထပါသေ ကတွာဝ ဒါတဗ္ဗံ၊ ကသ္မာ၊ တဿ ကမ္မပတ္တတ္တာတိ ဝုတ္တံ။ ။ဟူ၍ သံဃာ မျက်မှောက်ရှိမှ အပ်ကြောင်း တဝါဒ။ ။ဤသို့ နှစ်ဝါဒပင် လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တတြ၊ ထိုသံဃာတို့တွင်။ စတုဝဂ္ဂေါ၊ လေးပါးသော ရဟန်းတို့၏ အစုဖြစ်သော။ ယွာယံ ယောအယံ သံဃော၊ အကြင် သံဃာ သည်။ အတ္ထိ၊ ရှိ၏။ သောအယံ သံဃော၊ ထိုလေးပါးသော ရဟန်းတို့၏ အစု ဖြစ်သော သံဃာသည်။ ဥပသမ္ပဒံ၊ ဥပသမ္ပဒကံရင်း။ ပဝါရဏံ၊ ပဝါရဏာကံ ရင်း။အဗ္ဘာနံ၊ အဗ္ဘာနကံရင်း။ ဣတိ၊ ဤသို့။ တိဏိကမ္မာနိ၊ သုံးပါးသောကံတို့ ကို။ ဌပေတွာ၊ ထား၍။သေသကမ္မံ၊ ကြွင်းသောကံကို။ကာတုံ၊ ပြုခြင်းငှါ။ဝဋ္ဋတိ၊ အပ်၏။(ထည့်)။ ဣတိ၊ဤသို့။စမ္မေယျက္ခန္ဓကေ၊ စမ္မေယျခန္ဓကဠ်၌။ဝုတ္တတ္တာ၊ ဟော တော်မူအပ်သည်၏ အဖြစ်ကြောင့်။တံကမ္မံ၊ ထိုကထိန်ကံကို။ ပဉ္စဝဂ္ဂ ကရဏီယန္တိ၊ ငါးပါး အစုရှိသော ရဟန်းတို့သည်ပြုအပ်သော ကံဟူ၍။ နဂဟေတဗ္ဗံ၊ မယူအပ်။ တသ္မာ၊ထို့ကြောင့်။ ယဿ၊ အကြင်ရဟန်းအား။ သံဃော၊ သံဃာတော်သည်။ ကထိနဒုဿံ၊ ကထိန်လျှာ ပုဆိုးကို။ ဒေတိ၊ ပေး၏။ တံဘိက္ခုံ၊ ထိုရဟန်းကို။ဟတ္ထ ပါသေ၊ ဟတ္ထပါသ်၌။ အကတွာပိ၊ မပြုမူ၍လည်း။ ဗဟိသီမာယ၊ သိမ်ပ၌။ ဌိတဿပိ၊ တည်သောရဟန်းအားလည်း။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။တံ၊ထိုကထိန် သင်္ကန်းကိုခံသော ရဟန်း ကို။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ ကတွာ၊ တည်သည်ကိုပြု၍။ ဒါတဗ္ဗံ၊ ပေးအပ် ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တဿဘိက္ခုဿ၊ ထိုကထိန်သင်္ကန်း ကိုခံသော ရဟန်း၏။ ကမ္မပတ္တတ္တာ၊ ကမ္မပတ္တ၏ အဖြစ်ကြောင့် တည်း။ ဝါ၊ ကထိန်သင်္ကန်းကိုခံရာ-ကံပြုသော အရာသို့-ရောက်သည် အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤကားအနက်)

စတုဝဂ္ဂကရဏီယေ ကမ္မေ စတ္တာရော ဘိက္ခူ ပကတတ္တာ၊ တေ ကမ္မပတ္တာ ဟောန္တိ။ ။ဟူ၍ ဟောတော်မူ အပ်သော ပါဠိတော်နှင့် အညီ၊ ကထိန် သင်္ကန်းကို ခံသော ရဟန်းသည် လေးပါးသော ရဟန်းမှ အလွတ်ဖြစ်၍ ကမ္မ ပတ္တစင်စစ်မဟုတ်၊မဟုတ်သောကြောင့် နောက်နည်းကို သမ္မာန်လိုက်သည်။ ။ ထိုတွင် ကထိန်ခံသော ရဟန်းသည် ပြုအပ်ခဲ့ ပြီးသော နည်းဖြင့် ကမ္မပတ္တ မဟုတ်ရကား ဒုတိယ ဝါဒကို ဆင်ခြင်အပ်၏။ ။ကထိန်ခံသောရဟန်းသည်

ယုတ်သော အပိုင်းအခြား အားဖြင့် ငါးပိုင်း ငါးစပ် ခေါ်ဖြင့်ဖြတ်၍ မြောင်း တလုပ်ကိုအပ်ဖြင့်ပြု၍ ချုပ်အပ်သော သင်္ကန်းဖြင့်သာ ခင်းအပ်၏။ ငါးပိုင်း ငါးစပ် ခေါ်ဖြင့် မဖြတ်အပ်သော သင်္ကန်းဖြင့် မခင်းအပ်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ အညတြ ပဉ္စကေန ဝါ အတိရေကပဉ္စကေန ဝါတိ ပဉ္စ ဝါ အတိရေကာနိ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာဒီနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ၊ ဧဝံ့ သမဏ္ဍလိကတံ ဟောတိ၊ တံ ဌပေတွာ အစ္ဆိန္နေန အစ္ဆိန္နကေန ဝါ ဒွိတိစတုခဏ္ဍေန ဝါ န ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။

အညတြပဉ္စကေန ဝါ အတိရေက ပဉ္စကေန ဝါတိ၊ ဟူသည်ကား။ ပဉ္စ ဝါ၊ ငါးပိုင်းလည်း ဖြစ်ကုန်သော။ အတိရေကာနိ ဝါ၊ ငါးပိုင်းထက် အလွန်လည်း ဖြစ်ကုန်သော။ ခဏ္ဍာနိ၊ အပိုင်းအဖြတ် တို့ကို။ ကတွာ၊ ပြု၍။ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာဒီနိ၊ အိမ်ဝန်းကြီး, အိမ်ဝန်းငယ် စသည်တို့ကို။ ဒဿေတွာ၊ ချုပ်ရိုး ကိုပြ၍။ ကတေနေဝ၊ ပြုအပ်သောသင်္ကန်းဖြင့်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ ဧဝံ ဤသို့ ငါးပိုင်း ငါးစပ်ဖြတ်၍ ကွင်းသောအိမ် ဝန်ကြီး, အိမ်ဝန်းငယ်စသည်ကို ချုပ်ရိုးကြောင်းကိုပြ၍ ချုပ်သည် ရှိသော်။ သမဏ္ဍလိကတံ၊ အိမ်ဝန်းကြီး, အိမ်ဝန်းငယ်နှင့် တကွ ပြုအပ်သည် မည်သည်။ ဟောတိ၊ ၏။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ ဌပေတွာ၊ ထား၍။ အစ္ဆိန္နေန၊ တပါးသော အစ္ဆိန္နကေန ဝါ၊ မဖြတ်အပ်သော သင်္ကန်းဖြင့်ငင်း။ ဒွိတိစတုခဏ္ဍေန ဝါ၊ ၂-စပ် ၃-စပ်ဖြတ်အပ်သော သင်္ကန်းဖြင့်ငင်း။ (ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်း ခြင်းငှါ။ (ထည့်) န ဝဋ္ဋတိ၊ မအပ်။

အညစ်အကြေး လိမ်းကျံသောသင်္ကန်း၊ ရက်ကန်းသည် အိမ်မှ ဆောင်အပ် တိုင်းသောဖျင်ကဲ့သို့ ကော်ထူသောသင်္ကန်းဖြင့်လည်း မခင်းအပ်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။တန္တဝါယ ဂေဟတော ဟိ အာဘတသန္တာနေနေဝ ခလိမက္ခိ တသာဋကော န ဝဋ္ဋတိ။ မလိနသာဋကောပိ န ဝဋ္ဋတိ။ ။ဟု မိန့်အပ်၏။ ။ ဟိ စ္စံ၊ ထိုစကားသည်မှန်၏။ တန္တဝါယ ဂေဟတော၊ ရက်ကန်းသည်အိမ်မှ။ အာဘတသန္တာနေနေဝ၊ ဆောင်အပ်သော အစဉ်ဖြင့်သာလျှင်။ ခလိမက္ခိတ သာဋကော၊ ခဇီရည်ဖြင့် လိမ်းကျံသောပုဆိုးသည်။ န ဝဋ္ဋတိ၊ မအပ်။ မလိနသာ ဋကောပိ၊ အညစ်အကြေးဖြင့် လိမ်းကျံအပ်သော ပုဆိုးသည်လည်း။ န ဝဋ္ဋတိ၊ မအပ်။ ။ဤကားအနက်။ ။ထို့ကြောင့် စဉ်းငယ်ကော်ပါရုံမျှသာဖြင့် သာရုပ္ပ ဖြစ်လောက်သော သင်္ကန်းဖြစ်မှုအပ်၏။

ဋင်းကထိန် သင်္ကန်းကို မခင်းအပ်မီ တပါးသော ကထိန် သင်္ကန်းကို ဆောင် ခဲ့အံ့၊ များစွာသော အာနိသင်သင်္ကန်းတို့ကိုလှူအံ့၊ များသောအာနိသင်သင်္ကန်း ကိုလှူသောသူ၏ဥစ္စာဖြစ်သော သင်္ကန်းဖြင့်သာလျှင် ခင်းအပ်၏။ အနည်းငယ်

အာနိသင်လှူသော ဒါယကာကို မည်သူ၏ သက်န်းဖြင့်မဆို ကထိန်ခင်းခြင်း မည်သည်ကား သင်္ဃာအားသာ ငါးပါးသောအကျိုးကို ရခြင်းအထူးဖြစ်သည်။ ဒါယကာတို့မှာ သင်္ဃာအားလှူအပ်သည်ချည်းဖြစ်သောကြောင့် အသခင်္ချေယျ,အပ္ပမေယျ အကျိုးကို ရသည်ချည်းဖြစ်၍ စင်စစ်အကျိုးအားဖြင့် ထူးခြားခြင်းမရှိ စသည်ဖြင့်ဆုံးမ၍ ဟောပြသိစေအပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ သစေ တသ္မိံ အနုတ္တတေယေဝ အညံ့ ကထိန သာဋကံ အာဟရတိ။ အညာနိစ ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ။ ယော အာနိသံသံ ဗဟုံ ဒေတိ။ တဿ သန္တကေနေဝ အတ္ထရိတဗ္ဗံ။ ဣတရော တထာတထာ သြဝဒိတွာ သညာပေတဗ္ဗော ။ ။ဟု မိန့်အပ်၏။

တသ္မိံ၊ ထိုသင်္ကန်းကို။ အနုတ္တတေယေဝ၊ မခင်းအပ် သေးမီသာလျှင်။ အညံ၊ တပါးသော။ ကထိန သာဋကံ၊ ကထိန်လျှာ ပုဆိုးကို။ အာဟရတိ၊ ဆောင်လာပြန်၏။ အညာနိ၊ တပါးကုန်သော။ ဗဟူနိ၊ များစွာကုန်သော။ ကထိနာနိသံသဝတ္ထာနိစ၊ ကထိန်၏အာနိသင်ဖြစ်သော ပုဆိုးတို့ကိုလည်း။ ဒေတိ၊ လှူ၏။ ယော၊ အကြင်ဒါယကာသည်။ အာနိသံသံ၊ အာနိသင် သင်္ကန်းကို။ ဗဟုံ၊ များစွာ။ ဒေတိ၊ ပေး၏။ တဿ၊ ထိုဒါယကာ၏။ သန္တကေနေဝ၊ ဥစ္စာဖြစ်သောသင်္ကန်းဖြင့်သာလျှင်။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဣတရော၊ တပါးသော နည်းသောအာနိသင်သင်္ကန်းကို လှူသောဒါယကာကို။ တထာတထာ၊ ထိုထို အကြောင်းဖြင့်။ သြဝဒိတွာ၊ ဆုံးမ၍။ သညာပေတဗ္ဗော၊ ကောင်းစွာ သိစေအပ်၏။ ။(ဤကား အနက်)

သစေ တသ္မိံ အနုတ္တတေယေဝ အညံ ကထိန သာဋကံ အာဟရတိ ဟူသော ပါဠ်ဖြင့် ကထိန်သင်္ကန်းဆို၍ လှူရလျှင် နှစ်သက်လှပါပြီ။ မခင်းရလျှင် ရှိပါစေ ဟု လျှောက်ထားလျှင် အများပင် ကထိန်ဆို၍ လှူသည်ကို ခံအပ်ကြောင်း သိအပ်၏။ အာနိသံသံ ဗဟုံ ဒေတိ ဟူသောပါဠ်ဖြင့် ဗဟူနိ ကထိနာနိသံသ ဝတ္ထာနိ ဟုဆိုရကား အရေအတွက်များသော သင်္ကန်းတို့ကို ယူအပ်၏။ အဘိုးများစွာထိုက်သော သင်္ကန်းကို မယူအပ်။ ။ထို့ကြောင့် ဝိနယာလင်္ကာရ ဋီကာ၌လည်း။ ။တေန ဉာယတိ ဝတ္ထမေဝ ဣမ အာနိသံသော၊ နအဂ္ဃော၊ ကထိနသာဋကေန သဒ္ဓိံ အာဘတာနံ အညသာဋကာနံ ဗဟုလဝသေန အတ္ထရိတဗ္ဗော။ န ကထိနသာဋကဿ မဟဂ္ဃဝသေနာတိ။ ။ဟုမိန့်အပ်၏။

တေန၊ ထိုအာနိသံသံ ဗဟုံ ဒေတိ-ဟူသောပါဠ်ဖြင့်။ ဝတ္ထမေဝ၊ သင်္ကန်း သည်လျှင်။ ဣမ၊ ဤကထိန်သင်္ကန်းကို လှူဒါန်းသောအရာ၌။ အာနိသံသော၊ အာနိသင်မည်၏။ အဂ္ဃော၊ ကထိန်သင်္ကန်း၏ အဘိုးသည်။ နအာနိသံသော၊ အာနိသင်မမည်။ ကထိန သာဋကေန၊ ကထိန်လျှာပုဆိုးနှင့်။ ဝါ၊ ကထိန် သင်္ကန်း

နှင့်။ သဒ္ဓိံ၊ တကူ။ အာဘာဘာနံ၊ ဆောင်ယူခဲ့အပ်ကုန်သော။ အညသာဋကာနံ၊ တပါးသောပုဆိုးတို့၏။ ဝါ၊ တပါးသောသင်္ကန်းတို့၏။ ဗဟုလဝသေန၊ များသည်၏ အစွမ်းဖြင့်။ အတ္ထရိတဗ္ဗာ၊ ခင်းအပ်၏။ ကထိနသာဋကဿ၊ ကထိန်လျာ ပုဆိုး၏။ ဝါ၊ ကထိန်သင်္ကန်း၏။ မဟဂ္ဃဝသေန၊ အဘိုးအများ ထိုက်သည်၏အစွမ်းဖြင့်။ နအတ္ထရိတဗ္ဗာ၊ မခင်းအပ်။ ။(ဤကား အနက်)

ဤကဲ့သို့ ဟောပြ၍ ဒါယကာက နှစ်သက်သော်ငြား၊ မနှစ်သက်သော် မည်ကဲ့သို့ ပြုရမည်ဟု ကျမ်းဂန်တို့၌မလာ။ သို့မလာသော်လည်း သံဃာ၌ ပြစ်တင်ကဲ့ရဲ့ရန်ရှိရကား တိုက်တပါး၌ ခင်းလိုလျှင် ခင်းလော့ဟု ပြန်၍ပေး ခြင်းသာ သင့်လျော်မည်ဟု ငါတို့ထင်၏။ ။ယော အာနိသံသံ ဗဟုံ ဒေတိ။ တဿ သန္တကေနေဝ အတ္ထရိတဗ္ဗံ။ ဣတရော တထာတထာ ဩဝဒိတွာ သညာပေတဗ္ဗော။ ။ဟူသောပါဠိဖြင့် အာနိသင်များစွာလှူသော ဒါယကာ၏ သင်္ကန်းဖြင့်သာ ခင်းသင့်ကြောင်း၊ အနည်းငယ်သော အာနိသင် လှူသော ဒါယကာ၏သင်္ကန်းဖြင့် မခင်းသင့်ကြောင်း၊ ၎င်းဒါယကာကို ကျေနပ်အောင် သာ တရားဟောသင့်ကြောင်း ပြသော အဋ္ဌကထာဆရာသည် နှစ်ခါနုတ်၍ မခင်းသင့်ကြောင်းပြတော်မူ၏။ ထိုစကားမှန်၏။ ထပ်မံ၍ ခင်းကောင်းသည် ဖြစ် ငြားအံ့၊ တရားဟောရမည်ဟု အကြိတ်အခဲစွဲလမ်း၍ မဆိုတန်၊ တဘန် နုတ်၍ ခင်းအပ်၏ဟု ခွင့်ပြုရှင်လန်းစေရာ၏။ ။အဋ္ဌကထာ ဆရာသာမဟုတ်၊ အကာလ သင်္ကန်းလှူလိုပါသည် ကထိန်နုတ်တော်မူပါဟု တောင်းပန်ခြင်းကြောင့် ကထိန် နုတ်ခြင်းကို ခွင့်ပြုတော်မူသော မြတ်စွာဘုရားသည်လည်း ကထိန် နုတ်သည် ရှိသော်၊ အကာလဖြစ်သင့်သော တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှစ၍၊ တပေါင်းလပြည့်တိုင် လေးလ၌သာ ကထိန်နုတ်သင့်ကြောင်း၊ ကထိန်နုတ်သော် လည်း အကာလမဖြစ်သင့်သော သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင် စီဝရမာသကာလအတွင်း၌ ကထိန်မနုတ် သင့်ကြောင်း ပြတော်မူ၏။ သို့ပြတော်မူခြင်းဖြင့် အလျဉ်းနုတ်၍ မခင်းသင့်ကြောင်း ကိုပင် ပြတော်မူ၏ဟု မှတ်ရာ၏။

၎င်း ကထိန်ခံသော ရဟန်းသည် ဒုဂုဋ်ဖြင့်ခင်းအံ့၊ ဒုဂုဋ်ဟောင်းကို ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ- ဟု အဓိဋ္ဌာန်ချ၍ ဗိန္ဒုထိုးပြီးသော ဒုဂုဋ်သစ်ကို ဣမံ သံဃာဋိံ အဓိဋ္ဌာမိ- ဟုအဓိဋ္ဌာန်တင်၍ တင်ပြီး ဒုဂုဋ်သစ်ကို လက်ဖြင့်ကိုင်၍ အယုတ်အားဖြင့် လေးပါးသော သံဃာတော်၏ မျက်မှောက်၌ ကြားလောက် အောင်၊ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ- ဟု သုံးခေါက်ဆို၍ ခင်းရာ၏။ ကိုယ်ဝတ်ဖြင့်ခင်းအံ့၊ ဣမိနာ ဥတ္တရာသင်္ဂေန၊ သင်းပိုင်ဖြင့်ခင်းအံ့၊ ဣမိနာ အန္တရ ဝါသကေန ကထိနံ အတ္ထရာမိ-ဟု ဆို၍ခင်းရာ၏။ အကြွင်းကား ရှေးနည်းနှင့်

တူ၏။ ဤ၌သက်နံ့ကိုပေးခြင်းငှါသာ သင်္ဃာကိုလိုအပ်၏။ ပေးပြီးသောသက်နံ့ ကိုကား တပါးတည်းရှိသော်လည်း ယခင်နည်းဆို၍ ခင်းကောင်း၏ဟု အချို ဆို၏။ သိကြားနားလည့်အောင်နှုတ်မြွက်၍ ခင်းခြင်း အနုမောဒနာ ပြုခြင်းကို ပြုအပ်၏ဟု ပရိဝါ၌လာရကား နားထောင်သူ သင်္ဃာမျက်မှောက်၌သာ အပ်၏ ဟု မှတ်ရာ၏။ သို့ခင်းပြီးသောရဟန်းသည် သံဃာ၏မျက်မှောက်၌ နှစ်ယောက်, သုံးယောက်စသော ရဟန်းတို့ကို အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ ဟု သုံးကြိမ်ဆို၍ တိုက်တွန်းရာ၏။ ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃဿ-သံဃေန၊ သံဃာတော်သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်ပြီ။ ကထိနတ္ထာရော၊ ကထိန် ခင်းခြင်းသည်။ ဓမ္မိကော၊ တရားနှင့်လျော်ပါ၏။ တုမှေ၊ အရှင်ဘုရား တို့သည်။ အနုမောဒထ၊ ဝမ်း မြောက်တော် မူကြပါကုန်လော။ ။နောက်ဖြစ်သောပါဠိ၌ကား အနုမောဒါဟိ၊ ဝမ်းမြောက် ပါလော။ ။အနုမောဒါမ၊ ဝမ်းမြောက် ပါကုန်၏။ ။အနု မောဒါမိ၊ ဝမ်မြောက်ပါ၏။ ။ဟူ၍ အနက်သမ္ဗန်။ ။အကြွင်းလွယ်၏။ ။ တယောက်သောရဟန်းကို။ ။အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော အနု မောဒါဟိ· ဟု သုံးကြိမ်ဆို၍ တိုက်တွန်းရာ၏။ သို့ တိုက်တွန်း အပ်သော နှစ်ယောက်,သုံးယောက်သော ရဟန်းတို့သည်လည်း သံဃာ၏ မျက်မှောက်၌ အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ-ဟုသုံးကြိမ်ဆို၍ အနုမောဒနာ ပြုရာ၏။ တယောက်သော ရဟန်းသည် အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမိ-ဟုသုံးကြိမ် ဆို၍ အနုမောဒနာ ပြုရာ၏။ တိုက်တွန်းသောရဟန်း၊ အနုမောဒနာ ပြုသော ရဟန်းတို့သည် မထေရ်ကြီးဖြစ်အံ့၊ အာဝုသော· ဟုဆိုလေ။

တတိုက်ထည်း ဖြစ်သော်လည်း တူသော ဥပစာရှိသော ကျောင်း၌ ပုရိမ ဝါမှထသော ရဟန်းတို့သည်သာ အနုမောဒနာ ပြုခြင်းငှါရ၏။ ဝါပြတ်သော ရဟန်း၊ ပစ္ဆိမဝါကပ်သောရဟန်း၊ မတူသော ဥပစာရှိသောကျောင်း၌ ပုရိမ ဝါမှထသော ရဟန်းတို့သည် အနုမောဒနာပြုခြင်းငှါ မရကုန်။ ။ထို့ကြောင့် ဝိနယာလင်္ကာရ ဋီကာ၌ ဣမေသု ပန သံဃ ပုဂ္ဂလေသု ယေ တသ္မိံ ဝိဟာရေ ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမပဝါရဏာယ ပဝါရိတာ၊ တေယေဝ အနု မောဒိတုံ လဘန္တိ၊ ဆိန္နဝဿာဝါ ပစ္ဆိမိကာယ ဥပဂတာဝါ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝါ နလဘန္တိ· ဟုမိန့်အပ်၏။

ဣမေသုပန သံဃပုဂ္ဂလေသု၊ ဤသံဃာ ပုဂ္ဂိုလ်တို့တွင်ကား။ ယေဘိက္ခူ၊ အကြင် ရဟန်းတို့သည်။ တသ္မိံဝိဟာရေ၊ ထိုကထိန်ခင်းရာ ကျောင်းတိုက်၌။ ပုရိမိကာယ၊ ပုရိမဝါ၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ ကပ်ကြကုန်၍။ ပဌမ ပဝါ

ရဏာယ၊ သိတင်းကျွတ်လပြည့် ပဌမပဝါရဏာနေ့၌။ ပဝါရိတာ၊ ပဝါရဏာ ပြုကြကုန်၏။ တေယေဝဘိက္ခူ၊ ထိုရဟန်း တို့သည်သာလျှင်။ အနုမောဒိတုံ၊ အနုမောဒနာပြုခြင်းငှါ။လဘန္တိ၊ ရကုန်၏။ဆိန္နဝဿာဝါ၊ ဝါပြတ်သောရဟန်း တို့သည်၎င်း။ ပစ္ဆိမိကာယ၊ ပစ္ဆိမဝါ၌။ ဥပဂတာဝါ၊ ဝါကပ်ကုန်သောရဟန်း တို့သည်၎င်း။ အညသ္မိံ၊တပါးသော။ ဝိဟာရေ၊ကျောင်းတိုက်၌။ ဝုတ္ထာဿာဝါ၊ ဝါကျွတ်ကုန်သော ရဟန်းတို့သည်၎င်း။ ဝါ၊ သုံးအပ်သော ဝါရှိကုန်သော ရဟန်းတို့သည်၎င်း။ နလဘန္တိ၊ အနုမောဒနာ ပြုခြင်းငှါမရကုန်။ ။(ဤကား အနက်)

လိင်ကျသော သာမဏေ၊ လိင်ပြန်သော သာမဏေ တို့သည်လည်း အနုမောဒနာ ပြုခြင်းငှါ မရကုန်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိ ဋီကာ၌ ဝဿံဝုတ္ထ သာမဏေရော ပဉ္စသု သိက္ခာပဒေသု ကေ့ံ အတိက္ကမိတွာ ပုန ဂဟိတော လာဘံ နလဘတိ။ အန္တိမ ဝတ္ထုံ အာပန္နောနာမ ဟောတိတိ ဝဒန္တိ ဟု မိန့်အပ်၏။ ။*ဝဿံဝုတ္ထ သာမဏေရော၊ ဝါလပတ်လုံး နေပြီးသော သာမဏေသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ သိက္ခာပဒေသု၊ ပါဏာတိပါတ အစရှိကုန်သော အောက်သိက္ခာပုဒ်တို့၌။ ကေံ၊ တပါးပါးသော သိက္ခာပုဒ်ကို။ အတိက္ကမိတွာ၊ လွန်ကျူးပြီး၍။ ပုန၊ တဖန်။ ဂဟိတော၊ခံယူပြန်သည်ရှိသော်။ လာဘံ၊ ကထိန်အာနိသင်ဖြစ်သော လာဘ်ကို။ နလဘတိ၊ မရ။ အန္တိမဝတ္ထုံ၊ ပါရာဇိက ဝတ္ထုသို့။ အာပန္နောနာမ၊ ရောက်သည်မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ပုရိမဝါမှ ထသော ကထိန်လှူသော ရဟန်းသည် ခင်းခြင်း အနုမောဒနာ ပြုခြင်းကို ရမရ ကျမ်းဂန်တို့၌ တိုက်ရိုက် မလာသော်လည်း၊ ကထိန်ခင်းသော အရာ၌ အနိမိတ္တကတေန အဘူတံ ဟောတိ ကထိနံ၊ အပရိ ကထာကတေန အတ္ထတံ ဟောတိ ကထိနံ။ (ကထိနက္ခန္ဓက ပါဠိတော်) ။ကထိန်နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊ မာဘရမ္ပိ ဝိညာပေတုံ နဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏ သဒိသမေဝ ဝဋ္ဋတိ။ ။(၎င်း အဋ္ဌကထာ) ဤသို့ သာ လာသည်။ ။ အနိမိတ္တကတေန၊ အကြောင်းအရိပ် နိမိတ်ကို မပြုဘဲ ရအပ်သောသင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ၏၊ အပရိ ကထာ ကတေန၊ သင်္ကန်းရကြောင်း ထက်ဝန်းကျင်မှ လှည့်ပတ် ဖြားယောင်း၍ ပြောဆိုခြင်းကို မပြုဘဲ ရအပ်သောသင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်သည်။အတ္ထတံ၊ သည်။ ဟောတိ ၏။ ။(ဤကား ပါဠိတော်၏ အနက်)။ ။ကထိနံ နာမ၊ ကထိန်မည်သည်ကား။ အတိ ဥက္ကဋ္ဌံ၊ အလွန်မြတ်၏။ မာတရမ္ပိ အမိကိုသော် လည်း။ ဝိညာပေတုံ၊ သိစေခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ အာကာသတော၊ ကောင်း

ကာင်မှု။ ဩတိဏ္ဏသဒိသမေဝ၊ ကျသည်နှင့်တူသော သက်နီးသည်သာလျှင်။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အဋ္ဌကထာ၏ အနက်)

ဤသို့ ကြောင်းရိပ်မသင် စင်ကြယ်စွာဖြစ်မှ အပ်ကြောင်း၊ ပါဠိ၊ အဋ္ဌကထာတို့၌ လာသောကြောင့်ရင်း၊ သင်္ဃာများသောကျောင်း၌ အာနိသင် အလို့ငှါ သင်္ဃာပေးသည်ကို ခံ၍ ခင်းသောအရာ အနုမောဒနာပြုသော အရာ၊ တပါးတည်းရှိသော တိုက်၌ မိမိပင်လှူ၍ ကထိန်သက်နီးကို ခံ၍ ခင်း၍ ခင်းသော အရာများသည် စိတ်ထားစင်ကြယ်စွာ ဖြစ်နိုင်ရန်မရှိသောကြောင့်ရင်း၊ ကထိန်လှူသော ရဟန်းသည်ပင် သက်နီးကိုခံ၍ ခင်းခြင်းအနုမောဒနာ ပြုခြင်းကို မရဟုမှတ်ယူသင့် သည်။ ။အမှာကံ ခန္တိ၊ ဝိမံသိတွာ ဂဟေဘဗ္ဗံ။ ။အမှာကံ၊ ငါတို့၏။ခန္တိ၊နှစ်သက်ခြင်းတည်း။ ဝါ၊အလိုဘည်း။ ဝိမံသိတွာ၊ စူးစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

ပုရိမ ဝါမှ ထသော်လည်း အနုမောဒနာ မပြုသော ရဟန်းသည် အာနိသင်ငါးပါးကို မရ။ ။ထို့ကြောင့် ဝိနယာလင်္ကာရ ဋီကာ၌ အနနုမောဒန္တာပိ အာနိသံသံ န လဘန္တိ ဟု မိန့်အပ်၏။ ။အန နုမောဒန္တာပိ၊ အနုမောဒနာ မပြုကုန်သော ရဟန်းတို့သည်လည်း။ အာနိသံသံ၊ အာနိသင်ကို။ နလဘန္တိ၊ မရကုန်။ ။(ဤကားအနက်)။ ။ဤ၌ တိုက်တွင်းရှိ ရဟန်းတို့ကို လှူလျှင် လှူစဉ်ကပင် တိုက်ရှင် ရဟန်းတို့၏ သန္တက ဖြစ်ခြင်းကြောင့် အနုမောဒနာ မပြုသေးသော်လည်း မပေးဘဲ မနေအပ်။ စာတုဒ္ဒိသာ သင်္ဃာကိုလျှင်၊ လှူစဉ်ကလျှင် တိုက်ရှင်ရဟန်းတို့၏သန္တက မဖြစ်သေး၊ အနုမောဒနာပြုမှ သာလျှင်ဖြစ်ရကား အနုမောဒနာမပြုသော ရဟန်းအား မပေးငြားသော်သည်း အပြစ်မရှိ။ ထို့ကြောင့် အနုမောဒနာ မပြုသော ရဟန်းသည် သက်နီး အာနိသင်ကို မရဟုပြသော ဋီကာ ဆရာသည်လည်း ကထိန်သက်နီး၏ စာတုဒ္ဒိသာ သံဃိကအဖြစ်ကို ပြတော်မူ၏။

တူသော ဥပစာရှိသော တသိမ်တည်း၌ များသော ကျောင်းရှိကုန်အံ့၊ တခုသောကျောင်း၌ ပေါင်း၍ခင်းအပ်၏။ အသီးအသီးခင်းခြင်းငှါ မအပ်။ ။ထို့ကြောင့် အဋ္ဌကထာ၌၊ သစေ ပန ဧကသီမာယံ ဗဟူဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ ဟုမိန့်အပ်၏။ ။ပန၊ ဆက်ဦးအံ့။ ဧကသီမာယံ၊ တသိမ်တည်း၌။ဗဟူ၊ များစွာကုန်သော။ ဝိဟာရာ၊ ကျောင်းတို့သည်။ သစေ ဟောန္တိ၊ အကယ်၍ ရှိသည်ဖြစ်ကုန်အံ့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ သန္နိပါတေတွာ၊ စည်းဝေး စေပြီး၍။ ဧကတ္ထ၊ တပေါင်းတည်း။ ကထိနံ၊

ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဝိသုံဝိသုံ၊အသီးအသီး။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။နဝဋ္ဋတိ၊ မအပ်။

တသိမ်တည်းဖြစ်သော်လည်း အသီးအသီး ဥပစာရှိကုန်သည် ဖြစ်ကုန်အံ့။ တခုတည်းသော ကျောင်း၌ ပေါင်း၍ ခင်းခြင်း- သက်န်းလာဘ်ကို ယူခြင်းငှါ မအပ်။ အသီးအသီးခင်း၍ အသီးအသီးသက်န်းလာဘ်ကို ယူရာ၏။ ။ဝဇိရဗုဒ္ဓိဋီကာ၌၊ ဝုတ္တဥ္စေတံ ဒေဝ ဘိက္ခဝေ တဿ မေဃပုရိသဿ ကောဓိပ္ပါယန္တိ။ ဣဒဥ္စ ဝစနံ ဒွိသုပိအာဝါသေသု တဿကထိနတ္ထာရဿ သိဒ္ဓိံ ဒီပေတိတိ အဝိရောဓော ဣစ္စိတဗ္ဗော အပ္ပဋိသိဒ္ဓတ္တာ။ တသ္မာ ဂေဟာသိမသ္မိံ ဝါ နာနာသီမသ္မိံ ဝါ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ အဓိပ္ပါယော ဝေဒိတဗ္ဗော။ ။ဟုမိန့်အပ်၏။ ။ဒေဝ ဘိက္ခဝေ တဿ မေဃပုရိသဿ ကောဓိပ္ပါယန္တိ၊ ဒေဝ ဘိက္ခဝေ။ ပ။ ကောဓိပ္ပါယံ-ဟူသော၊ တော်ဝစနံ၊ ထိုစကားကို။ ဘာဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဣဒံဝစနံ၊ ဒေဝ ဘိက္ခဝေ-စသော ဤစကားတော်သည်။ ဒွိသုပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ အာဝါသေသု၊ကျောင်းတို့၌။ တဿ ကထိနတ္ထာရဿ၊ ထိုကထိန်ခင်းခြင်း၏။ သိဒ္ဓိံ၊ ပြီးခြင်းကို။ ဒီပေတိ၊ ပြ၏။ ဣတိ၊ ဤသို့။ အပ္ပဋိသိဒ္ဓတ္တာ၊ မမြစ်အပ်သည်၏အဖြစ်ကြောင့်။ အဝိရောဓော၊ မဆန့်ကျင်သော အနက်ကိုသာလျှင်။ ဣစ္စိတဗ္ဗော၊ အလိုရှိအပ်၏။တသ္မာ၊ ထိုကြောင့်။ ဂေဟာသိမသ္မိံ ဝါ၊ တသိမ်ဘည်း၌ရင်း။ နာနာသီမသ္မိံ ဝါ၊ အထူးထူးသော သိမ်၌ရင်း။ နာနူပစာရေ၊ အသီးအသီးသော ဥပစာရှိသော။ အညသ္မိံ၊ တပါးသော။ ဝိဟာရေ၊ ကျောင်း၌။ ဝုတ္ထဝဿာပိ၊ ဝါကျွတ်ကုန်သော ရဟန်းတို့သည်လည်း။ နလဘန္တိ၊ မရကုန်။ ဣတိအယံ အဓိပ္ပါယော၊ဤသို့သော အဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤ၌ကျောင်းတို့သည် ဂေဟာသိမကျောင်း-နာနာသိမကျောင်းဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် တခုသောကျောင်း နှစ်ခုသောကျောင်း စသည်တို့၏ အကြားအကြား၌ အတွင်းမျဉ်းတား အခြားမရှိသော်ရင်း၊ တခုခုသောမျဉ်းတားအခြားရှိသော်ရင်း၊ အပမျဉ်းတား အကြားမလပ် စပ်၍တည်ခြင်းရှိသော ကျောင်းတိုက်သည်ရင်း၊ အရံမရှိက ခဲဘကျအတွင်း၌တည်သော ကျောင်းတို့သည်ရင်း ဂေကသိမကျောင်းတို့မည်ကုန်၏။ နှစ်ခု, သုံးခုစသောကျောင်းစသည်တို့၏အကြားအကြား၌ မျဉ်းတားနှစ်ခုနှစ်ခုစီခြားခြင်းဖြင့် အလျဉ်းမအပ်သော မျဉ်းတားရှိသော ကျောင်းတို့သည်ရင်း၊ အရံမရှိက ခဲဘကျကိုလွန်၍ တည်သော ကျောင်းတို့သည်ရင်း နာနာသိမကျောင်းတို့မည်ကုန်၏။ ရင်းနာနာသိမကျောင်းမှာ ဥစ္စာရှင်တယောက်ထည်း ဖြစ်ငြားသော်လည်း၊ ခြားသော ဥပစာ

ရှိ၏ဟုမှတ်ရာ၏။ ကေသီမကျောင်းတို့သည် ကူပစာရကျောင်း၊ နာနူပစာရကျောင်းဟူ၍ နှစ်ခုရှိကုန်၏။ ထိုဘွင် နှစ်ခု သုံးခုစသော ကျောင်းတို့၏ အကြားအကြား၌ မျဉ်းတားအခြားမရှိသည်ဖြစ်စေ၊ တခုဘခုသော မျဉ်းတား အခြားရှိသည့်ဖြစ်စေ၊ တကျောင်းမှ တကျောင်းသို့ ပေါင်း၍ အကြောင်း ကိစ္စရှိက တကွမိမိကျောင်းနှင့်မခြား အားထုတ်၍ အလုပ်ကိစ္စ တူမျှခြင်းရှိသော ကျောင်းတို့သည် ကူပစာရဖြစ်သော ကျောင်းတို့မည်ကုန်၏။ ထိုစကားသင့်စွ၊ တကျောင်းမှ တကျောင်း၌ လာဘ်ကိုသာယူကြ၍ ကိစ္စကို အားမထုတ်ချေလျှင် ကျောင်းနေရဟန်းတို့က လာဘ်ကိုယူကြသော ရဟန်းတို့ လာ၍ လုပ်လတ္တံ့ဟု၊ ပျက်စီး၍ ကျသော်လည်း မေ့၍မျှ မကြည့်ဘဲနေရကား၊ တပါးကျောင်းက လာဘ်ကိုမယူစေဘဲ၊ အလုပ်ကိစ္စ၍ ပညတ်တော်မူခြင်းကြောင့် ကိစ္စရှိက တကွအားထုတ်၍ အလုပ်တူခြင်းသည်သာ လာဘ်ရကြောင်းဖြစ်၍ စင်စစ်ကူပစာရ ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ တံတိုင်းမျဉ်းတား အခြားမရှိခြင်းသည် ကူပစာရဖြစ်သောအရာ၌ ပမာဏမဟုတ်။ ဥပမာကား တံတိုင်းပင်ခြားသော်လည်း ဖြစ်ပွါးသောကိစ္စကို တကွအားထုတ်၍ အလုပ်တူခြင်းကြောင့် ကူပစာရဖြစ်သော မန္တလေးမြို့ ကျောင်းတိုက်တို့ကဲ့သို့တည်း။ တကျောင်းနှစ်ကျောင်း စသည်တို့၏ အကြားအကြား၌ မျဉ်းတား အခြားမရှိသည်ဖြစ်စေ၊ အခြားမရှိအမှတ်မျှသာ ရှိသည်ဖြစ်စေ၊ တကျောင်းမှ တကျောင်းသို့ပေါင်း၍ အကြောင်းကိစ္စရှိက တကွအားမထုတ်၍ အလုပ်မတူသော ကျောင်းတို့သည် နာနူပစာရ ဖြစ်သော ကျောင်းတို့ မည်ကုန်၏။ ထိုစကားသင့်စွ၊ ပြအပ်ခဲ့ပြီးသောနည်းဖြင့် ကိစ္စရှိက တကွအားမထုတ်၍ အလုပ်မတူခြင်းသည်သာ လာဘ်မရကြောင်းဖြစ်၍ စင်စစ် နာနူပစာရ ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ တံတိုင်းမျဉ်းတား အခြားရှိခြင်းသည် နာနူပစာရဖြစ်သော အရာ၌ ပမာဏမဟုတ်။ ဥပမာကား တံတိုင်းမျဉ်းတား အခြားမရှိသော်လည်း ဖြစ်ပွါးသောကိစ္စကို တကွအားမထုတ်၍ အလုပ်မတူခြင်းကြောင့် နာနူပစာရ ဖြစ်သော ယခုအခါ အရပ်ကြီး၌ တံတိုင်းမျဉ်းတား ကြား၌မပြတ် စပ်၍တည်သော ကျောင်းတို့ကဲ့သို့တည်း။ ထိုစကားသင့်စွ၊ ၎င်းကျောင်းတို့သည် အလုပ်မတူ၍ လာဘ်ယူကဲ့ပြားခြင်းဖြင့် ခြားသောဥပစာရရှိခြင်းကြောင့် ပေါင်း၍ ကထိန်ခင်းခြင်းငှါမအပ်။ အသီးသီးခင်းရာ၏။ ။တေရသကဏ္ဍ်ဋ္ဌကထာ၌ ဝိသုံဝိသုံ ပါကာရာဒီဟိ ပရိစ္ဆိန္နာ ဥပစာရာ တေသန္တိ နာနူပစာရာ။ ။တေသံ၊ ထိုကျောင်းတို့အား။ ဝိသုံဝိသုံ၊ အသီးအသီး။ ပါကာရာဒီဟိ၊ တံတိုင်းစသည်တို့ဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်သော။ ဥပစာရာ၊ ဥပစာရသည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေဝိဟာရာ၊ ထိုကျောင်းတို့သည်။ နာနူပစာရာ၊ နာနူပစာရမည်ကုန်၏။

ဟူသောစကားကို များသောအားဖြင့် တံတိုင်းစသည်ခြားလျှင် အလုပ်ကွဲပြား-လာဘ်ကွဲပြားတတ်သော ကျောင်းတို့ကို ရည်၍ဆိုအပ်၏။ တံတိုင်းစသည် ခြားသောကျောင်းဟူက နာနူပစာရ, မခြားသောကျောင်းဟူက ဧကူပစာရချည်းပင် မမှတ်သင့်။ အလုပ်ကွဲပြား၍ လာဘ်ခြားသည် ဟူရာ၌ တတိုက်ထည်း ဖြစ်ငြားသော်လည်း ခြားသော ဥပစာ ရှိသော ကျောင်း၌ နေသော ရဟန်းတို့သည်၊ ဝါဆို လပြည့်ကျော် တရက်ကစ၍ ကထိန်ခင်းလျှင် တပေါင်းလပြည့်တိုင်ရှစ်လ၊ မခင်းလျှင် တန်ဆောင်မုန်းလပြည့်တိုင် လေးလအတွင်း၌ သင်္ဃာအား လှူအပ်သော လာဘ်ကိုသာ မရအပ်။ ကြွင်းသော- ဆန်- ဆီ စသော အာမိသ၊ ဆေးစသော အလုံးစုံသော ဘဏ္ဍာကိုကား ဝေဘန်ရာသို့ ရောက်လာ တောင်းလာသော်၊ ဥပစာခြားရာ, မခြားရာ တိုက်တွင်းရှိသော အလုံးစုံသော ကျောင်းတို့၌ နေသောရဟန်းတို့သည် ရအပ်၏။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ဣဒဥ္စ နာနာလာဘေဟိ နာနူပစာရေဟိ ဧကသီမဝိဟာရေဟိ ကထိတံ၊ နာနာသီမဝိဟာရေ ပန သေနာသနဂ္ဂါဟော ပဋိပဿမ္ဘတိ၊ တသ္မာ တတ္ထ စီဝရပဋိဝိသော နပါပုဏာတိ၊သေသံ ပန အာမိသ ဘေသဇ္ဇာဒိသဗ္ဗံ သဗ္ဗတ္ထ အန္တောသီမဂတဿ ပါပုဏာတိ။ ။ဟုမိန့်အပ်၏။ ။ဣဒဉ္စဝစနံ၊ ဒေဝဘိက္ခဝေ တဿမေဝဿပုရိသဿ ဇောဓိပွါယံ ဟူသော စကားတော်ကိုလည်း။ နာနာလာဘေဟိ၊ အသီးအသီးသော လာဘ်ရှိခြင်းတို့ကြောင့်။ နာနူပစာရေဟိ၊ အသီးအသီးသော ဥပစာ ရှိကုန်သော။ ဧကသီမ ဝိဟာရေဟိ၊ တူသောသိမ် ရှိသော ကျောင်းတို့ဖြင့်။ ဝါ၊ တခုတည်းသော ဝါဆိုလာဘ် အပိုင်းအခြား ရှိသော ကျောင်းတို့ဖြင့်။ ကထိတံ၊ ဟောတော်မူအပ်၏။ နာနာသီမဝိဟာရေပန၊ အသီးအသီးသော သိမ်ရှိသော ကျောင်း၌ကား။ သေနာသနဂ္ဂါဟော၊ ကျောင်းခံခြင်းသည်။ ပဋိပဿမ္ဘတိ၊ ငြိမ်း၏။ တသ္မာ၊ ထိုကြောင့်။ တတ္ထ၊ ထိုကထိန်ခင်းရာကျောင်း၌။ စီဝရပဋိဝိသော၊ သင်္ကန်းအဘို့သည်။ နပါပုဏာတိ၊မရောက်။ ပန၊ ရကောင်းသည်ကို ဆိုဦးအံ့။ သေသံ၊ သင်္ကန်းမှကြွင်းသော။ အာမိသဘေသဇ္ဇာဒိသဗ္ဗံ၊ အာမိသဖြစ်သော ဆေးအစရှိသော အလုံးစုံသည်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်တို့၌။ အန္တောသီမဂတဿ၊ သိမ်တွင်း၌ တည်သော ရဟန်းအပေါင်းအား။ ပါပုဏာတိ၊ ရောက်၏။

အာနိသင်သင်္ကန်းတို့ကို ဤသို့ဝေဘန်ရာ၏။ ဒုဂုဏ်ဖြင့် ခင်းသော ရဟန်း၏ ကြွင်းသော သင်္ကန်းတို့သည်လည်း ရိန္နမ်းကုန်သည်ဖြစ်အံ့၊ ထိုသင်္ကန်းတို့၏လည်း အလို ငှါ သင်္ဃာကိုပန်၍ ပေးအပ်ကုန်၏။ ကထိန်ခင်းသော ရဟန်းအား ပေးအပ်သော သင်္ကန်းတို့မှ ကြွင်းသောသင်္ကန်းတို့တွင် ယခုအခါ ဝါဆိုသင်္ကန်းကို ပေးရာ ထေရ်စဉ်မရှိခြင်းကြောင့် မထေရ်ကြီးမှဂ၍ တထည်တထည်သောသင်္ကန်းကိုရင်း၊ပုဆိုးကိုရင်းပေးအပ်၏။မကုန်ကြွင်းကျန်သေးသည်ရှိသော်တဘန်မထေရ်

ကြီးမှစ၍ ပေးအပ်၏။ မလောက်သည်ရှိသော် ကျရောက်ရာ ထေရ်စဉ်ကိုမှတ်၍ နောက်ထပ်ရပြန်သော သံဃိကသင်္ကန်းကိုပေးရာ၏။ သီဘင်းငယ်ကို ပေးသော အခါ၌လည်း မထေရ်ကြီးလာသည်ဖြစ်အံ့၊ အရှင်ဘုရားတို့၏ ထေရ်စဉ် လွန်ပြီ ဟူ၍ မဆိုအပ်။ ထေရ်စဉ်ကို တန့်ရပ်၍ မထေရ်ကြီးအား ပေးပြီးမှ ထေရ်စဉ်၌ ပေးရာ၏။ ဒုတိယအဘို့ကို မထေရ်ကြီးတို့အားပေးပြီးမှ လာသော မထေရ်ကြီး တို့အား ပဌမအဘို့ကိုမပေးအပ်။ ဒုတိယအဘို့ကိုသာ ပေးအပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။အထ ဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ။ဘိက္ခုသံဃော အနိဿရော။ တသ္မာ သစေ ကထိနတ္ထာရကာယ ေသသစီဝရာနိပိ ဒုဗ္ဗလာနိ ဟောန္တိ။ သံဃေန အပလောကေတွာ တေသံပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ၊ ကမ္မဝါစာပန ဧကာ ယေဝ ဟောတိ။ အဝသေသ ကထိနာနိသံသေ ဗလဝ ဝတ္ထာနိ ဝဿာဝါ သိကာ ဌိတိကာယ ဒါတဗ္ဗာနိ။ ဌိတိကာယ အဘာဝေန ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ။ ။ဟူ၍ရှင်း။ ။ဝိနယာ လင်္ကာရဋီကာ၌။ ။ဌိတိ ကာယ အဘာဝေ သတိ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနီတိ ဝစနတော တသ္မိံ ဝဿေ ဝဿာဝါသိကစီဝရာနံ အနုပ္ပန္နတ္တာ ဝါ ဥပ္ပန္နမာနေသုပိ ဌိတိ ကာယ အဂ္ဂါဟာပနတော ဝါ ဝဿာဝါသိက ဌိတိကာယ အဘာဝေ သတိ လဒ္ဓဗ္ဗကထိနာနိသံသေ တဿံ ဥပစာရသီမာယံ သမ္မုဘိက္ခု ပရိုပါဠိယာ နိသီဒါ ပေတွာ ထေရာသနတော ပဋ္ဌာယ ဌိတိကံ ကတွာ ဧကေကဿ ဘိက္ခုနော ဧကေကံ စီဝရံဝါ သာဋကံဝါ ဒါတဗ္ဗံ။ သံဃနဝကဿ ဒါနကာလေပိ မဟာ ထေရာ အာဂစ္ဆန္တိ။ ဘန္တေ တုမှာကံ ဌိတိကာ အတိက္ကန္တာတိ နဝတ္တဗ္ဗာ။ ဌိတိကံ ဌပေတွာ တေသံ ဒတွာ ပစ္ဆာ ဌိတိကာယ ဒါတဗ္ဗံ။ ဒုတိယဘာဂေ ပန ထေရာ သနံ အာရုဠှေ ပဌမဘာဂေါ ပစ္ဆာ အာဂတာနံ န ပါပုဏာတိ။ ဒုတိယ ဘာဂတော ဝဿဂ္ဂေန ဒါတဗ္ဗော။ ။ဟူ၍ရှင်း မိန့်အပ်၏။

အဝိစာရေတွာဝ၊ မစီစစ်မူ၍ သာလျှင်။ ဒတွာ၊ လှူပြီး၍။ အထဂစ္ဆန္တိ၊ အကယ်၍ သွားကုန်အံ့။ ဘိက္ခုသံဃော၊ ရဟန်း သံဃာသည်။ အနိဿရော၊ အစိုးမရသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ ကထိနတ္ထာရကာယ၊ ကထိန် ခင်းသော ရဟန်းအား။ သေသ စီဝရာနိပိ၊ ကထိန်သင်္ကန်းမှ ကြွင်းသော သင်္ကန်း တို့သည်လည်း။ ဒုဗ္ဗလာနိ၊ အားနည်း ကုန်သည်။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ သံဃေန၊ သံဃာသည်။ အပ လောကေတွာ၊ ပန်ကြား၍။ တေသံပိ၊ ထိုအားနည်းသော သင်္ကန်းတို့၏လည်း။ အတ္ထာယ၊ အကျိုးငှါ။ ဝတ္ထာနိ၊ အဝတ်တို့ကို။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ကမ္မဝါစာပန၊ ကမ္မဝါစာ သည်ကား။ ဧကာယေဝ၊ တထည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ အဝသေသ ကထိနာနိသံသေ၊ ကြွင်းသောကထိန် အာနိသင်

သင်္ကန်းအပေါင်း၌။ ဗလဝ ဝေတ္တာနိ၊ ထူထဲ ကောင်းမွန်သော သင်္ကန်းတို့ကို။ ဝဿာဝါသိကာ ဋ္ဌိတိကာယ၊ ဝါဆိုသင်္ကန်းကိုခံသော ထေရ်စဉ်ဖြင့်။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ။(ဤကား အဋ္ဌကထာ၏ အနက်)

ဋ္ဌိတိကာယ၊ ထေရ်စဉ်သည်။ အဘာဝေ၊ မရှိခြင်းသည်။ သတိ၊ ရှိသော်။ ထေရာသနတော၊ မထေရ်ကြီးနေရာမှ။ ပဋ္ဌာယ၊ စ၍။ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ဣတိဝစနတော၊ ဤအဋ္ဌကထာ၌ ကဲ့သို့ ဆိုသောကြောင့်။ တသ္မိံ ဝဿော၊ ထိုဝါ၌။ ဝဿာဝါသိကစီဝရာနံ၊ ဝါဆို သင်္ကန်းတို့၏။ အနုပ္ပန္နတောဝါ၊ မဖြစ်သောကြောင့်ရင်း။ ဥပ္ပန္နမာနေသုပိ၊ ဖြစ်ကုန်သော်လည်း။ ဋ္ဌိတိကာယ၊ ထေရ်စဉ်ကို။ အဂ္ဂါဟာပနတောဝါ၊ မယူစေခြင်းကြောင့်ရင်း။ ဝဿာဝါသိကဋ္ဌိတိကာယ၊ ဝါဆိုသင်္ကန်းကို ခံသော ထေရ်စဉ်၏။ အဘာဝေ၊ မရှိခြင်းသည်။ သတိ၊ ရှိလသော်။ လဒ္ဓဗ္ဗ ကထိနာနိသံသေ၊ ရသင့် ရထိုက်သော ကထိန်၏အာနိသင် ရှိကုန်သော၊ တဿံဥပစာရ သီမာယံ၊ ထိုဥပစာရ သိမ်တွင်း၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ နိသီဒါပေတွာ၊ နေစေပြီး၍။ ထေရာသနတော၊ မထေရ်ကြီးနေရာမှ။ ပဋ္ဌာယ၊ စ၍။ ဋ္ဌိတိကံ၊ ထေရ်စဉ်ကို။ ကတွာ၊ ပြု၍။ ဧကေကဿ၊ တပါးတပါးသော။ ဘိက္ခုနော၊ ရဟန်းအား။ဧကေကံ၊ တထည်တထည်သော။ စီဝရံဝါ၊ သင်္ကန်းကိုရင်း။ ဧကေကံ၊ တထည်တထည်သော။ သာဋကံဝါ၊ပုဆိုးကိုရင်း။ ဒါတဗ္ဗံ၊ ပေးအပ်၏။ သံဃနဝကဿ၊ သံဃထေရ် အငယ်အား။ ဒါနကာလေပိ၊ ပေးသောအခါ၌လည်း။ မဟာထေရာ၊ မထေရ်ကြီး တို့သည်။ အာဂန္တွာ၊ လာကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့၊ တုမှာကံ၊ အရှင်ဘုရားတို့၏၊ ဋ္ဌိတိကာ၊ ထေရ်စဉ်တို့သည်။ အတိက္ကန္တာ၊ လွန်ကုန်ပြီ။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ ဋ္ဌိတိကံ၊ ထေရ်စဉ်ကို။ ဌပေတွာ၊ တန့်ရပ်၍။ တေသံ၊ ထိုမထေရ် ကြီးတို့အား။ ဒတွာ၊ ပေးပြီး၍။ ပစ္ဆာ၊ နောက်မှ။ ဋ္ဌိတိကာယ၊ ထေရ်စဉ်ဖြင့်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ပန၊ မရကောင်းသည်ကို ဆိုဦးအံ့။ ဒုတိယဘာဂေ၊ နောက်ထပ်ဝေဘန်သော ဒုတိယ အဘို့သည်။ ထေရာသနံ၊ မထေရ်ကြီးနေရာသို့။ အာရုဠှေ၊ သက်သည်ရှိသော်၊ ပဌမဘာဂေ ၊ ရှေးဝေဘန်အပ်သော အဘို့သည်၊ ပစ္ဆာ၊ နောက်မှ။ အာဂတာနံ၊ ရောက်လာကုန်သော မထေရ်တို့အား။ နပါပုဏာတိ၊ မရောက်။ ဒုတိယဘာဂတော၊ နောက်ထပ် ဝေဘန်အပ်သော ဒုတိယ အဘို့မှ။ ပဋ္ဌာယ၊ စ၍။ ဝဿဂ္ဂေန၊ ဝါစဉ်အားဖြင့်။ဒါတဗ္ဗာ ပေးအပ်၏။ ။(ဤကား ဝိနယာ လင်္ကာရ ဋီကာ၏ အနက်)

အာနိသင် သင်္ကန်းတို့တွင် ကောင်းသောသင်္ကန်း, ကောင်းသော ပုဆိုးတို့ကို မထေရ်ကြီးအား ပေးအပ်၏။ မလောက်၍ ပဌမ ကြွင်းကျန်သော နဝက

ရဟန်းတို့ အလှည့်ရောက်သောအခါ နောက်လာ သင်္ကန်း ကောင်းသည် ဖြစ်အံ့၊ အရှင်ဘုရားတို့ ဤသင်္ကန်းကို အကယ်၍ ယူလိုကြအံ့၊ ပဌမ ညံ့သော သင်္ကန်းကို စွန့်၍ ယူတော်မူကြ ပါလောဟု ပေး၍ မထေရ်ကြီးတို့ ကောင်းသည်ကိုယူ၍ စွန့်အပ်သော ညံ့သော သင်္ကန်းကို သီတင်းငယ် ရဟန်း တို့အားပေးအပ်၏။ ဤသို့ မထေရ်ကြီးတို့ နှစ်သက်ပါလျှင် ကောင်းရာ လဲလှယ်၍ လဲလှယ်၍ယူ။ အကြွင်းကို သီတင်းငယ်ရဟန်းတို့အား ပေးရာ၏။ မထေရ်ကြီးတို့နှင့် အမျှ နဝကရဟန်း သင်္ကန်းကို ရပြီးသော အခါ နောက်လာ သင်္ကန်းကို မထေရ်ကြီး နေရာကစ၍ ပေးအပ်၏။ ။ထိုကြောင့် ဝိနယာ လင်္ကာရဋီကာ၌။ ။တေသု ပန ဝရံ ဝရံ ဝုဍ္ဍသ ဒါတဗ္ဗံ။ ကထံ ဝိညာယတီတိ စေ။ ပစ္ဆိမဝဿုပနာယိကဒိဝသေ ပန သစေ ကာလံ ဃောသေတွာ သဗ္ဗံ ပတိတေ သံဃေ ကောစိ ဒသဟတ္ထံ ဝတ္ထံ အာဟရိတွာ ဝဿာဝါသိကံ ဒေတိ၊ အာဂန္တုကော စေ ဘိက္ခု သံဃတ္ထေရော ဟောတိ။ တဿ ဒါတဗ္ဗံ။ နဝကော စေ ဟောတိ၊ သမ္မတေန ဘိက္ခုနာ သံဃတ္ထေရော ဝတ္တဗ္ဗော။ သစေ ဘန္တေ ဣစ္ဆထ ပဌမဘာဂံ မုဉ္စိတွာ ဣမံ ဝတ္ထံ ဂဏှထာတိ။ အမုဉ္စန္တဿ န ဒါတဗ္ဗံ။ သစေ ပန ပုဗ္ဗေ ဂါဟိတံ မုဉ္စိတွာ ဂဏှာတိ။ တေနေဝ ဥပါယေန ဒုတိယတ္ထေရတော ပဋ္ဌာယ ပရိဝတ္တေတွာ ပတ္တဋ္ဌာနေ အာဂန္တုကဿ ဒါတဗ္ဗံ။ သစေ ပဌမ ဝဿူပဂတာ ဒွေ တီဏိ စတ္တာရိ ပဉ္စဝါ ဝတ္ထာနိ အလတ္ထုံ၊ လဒ္ဓံလဒ္ဓံ တေနေဝ ဥပါယေန ဝိဿဇ္ဇေတွာ ယာဝ အာဂန္တုကဿ သမကံ ဟောတိ။ တာဝ ဒါတဗ္ဗံ၊ တေန ပန သမကေ လဒ္ဓေ အဝသိဋ္ဌော အနုဘာဂေါ ထေရာသနေ ဒါတဗ္ဗောတိ သေနာသနက္ခန္ဓကဋ္ဌကထာယံ ဝစနတော ဝိညာယတိ။ ။ဟုမိန့်အပ်၏။

ပန၊ ပေးပုံ ပေးနည်းကိုဆက်၍ ဆိုဦးအံ့။ တေသု၊ ထိုသင်္ကန်းတို့တွင်။ ဝရံဝရံ၊ ကောင်းရာကောင်းရာသော သင်္ကန်းကို။ ဝုဍ္ဍဿ၊ သီတင်းကြီးအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣမံအတ္ထံ၊ ဤအနက်ကို။ ကထံကေနကာရဏေန၊ အဘယ်အကြောင်းဖြင့်။ ဝိညာယတိ၊ သိအပ်လေသနည်း။ ဣတိစေ၊ ဤသို့မေးငြားအံ့။ ပစ္ဆိမဝဿူပနာယိက ဒိဝသေ ပန၊ ဒုတိယဝါဆို နေ့၌ကား။ ကာလံ၊ အခါကို။ ဃောသေတွာ၊ ကြွေးကြော်ပြီး၍။ သံဃေ၊ သံဃာသည်။ သန္နိပတိတေ၊ အညီအညွတ် စည်းဝေးပြီးသည် ရှိသော်။ ကောစိ၊ တစုံတယောက်သော ဒါယကာသည်။ ဒသဟတ္ထံ၊ ဆယ်တောင် အလျားရှည်သော။ ဝတ္ထံ၊ အဝတ်ကို။ အာဟရိတွာ၊ ဆောင်၍။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ကတွာ၊ ပြု၍။ သစေဒေတိ၊ အကယ်၍လှူအံ့။ အာဂန္တုကော၊ ဧည့်သည်ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ သံဃတ္ထေရော၊ သံဃာ့ ထေရ်သည်။ သစေ ဟောတိ၊ အကယ်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ တဿ၊ ထိုအာဂန္တုကရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။

နဝကော၊ သိတင်းငယ်သည်။ စေပေါတိ၊ အကယ်၍ဖြစ်အံ့။ ဝေသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သမ္မတေန၊ သမ္မုတိရသော။ ဘိက္ခုနာ ရဟန်းသည်။ သံဃတ္ထေရော၊ သံဃာ့ထေရ်ကို။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ကိံ ဝတ္တဗ္ဗော၊ အဘယ်သို့ဆိုအပ်သနည်းဟူမူကား။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ သစေဣစ္ဆထ၊ အကယ်၍ အလိုရှိကုန်သည်ဖြစ်အံ့။ ဝေံဣစ္ဆန္တေသု၊ ဤသို့အလိုရှိကုန်သည်ရှိသော်။ ပဌမဘာဂံ၊ ပဌမအဘို့ကို။ မုဥ္စိတွာ၊ စွန့်ကြကုန်၍။ ဂဏှထ၊ ခံတော်မူကြပါကုန်။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဝေံဝုတ္တေပိ၊ ဤသို့လျှောက်ဆိုအပ်သော်လည်း။ အမုဥ္စန္တဿ၊ ပဌမအဘို့ကို မစွန့်သည်ရှိသော်။ ဝါ၊ မစွန့်သောမထေရ်ကြီးအား။ နဒါတဗ္ဗံ၊ မပေးအပ်။ ပန၊ အန္တယကို ဆိုဦးအံ့။ ပုဗ္ဗေ၊ ရှေး၌။ ဂါဟိတံ၊ ခံယူအပ်ပြီးသောအဘို့ကို။ မုဥ္စိတွာ၊ စွန့်၍။ သစေဂဏှတိ၊ အကယ်၍ယူအံ့။ ဝေံဂဏှန္တေသု၊ ဤသို့ ယူကုန်သည်ရှိသော်။ ဧတေနေဝဥပါယေန၊ ဤသို့သောနည်းအားဖြင့်။ ဒုတိယတ္ထေရတော၊ ဒုတိယထေရ်မှ။ ပဋ္ဌာယ၊ စ၍။ ပရိဝတ္တေတွာ၊ ဖသယ်၍။ ပတ္တဋ္ဌာနေ၊ ရောက်သောနေရာ၌။ အာဂန္တုကဿ၊ ညွှံ့သည်ရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ပဌမဝဿူပဂတာ၊ ပဌမဝါကပ်ကုန်သော ရဟန်းတို့သည်။ ဒွေဝါဝတ္တာနိ၊ နှစ်ထည်သော ပုဆိုးတို့ကိုရင်း။ တိဏိဝါဝတ္တာနိ၊ သုံးထည်သောပုဆိုးတို့ကိုရင်း။ စတ္တာရိဝါဝတ္တာနိ၊ လေးထည်သောပုဆိုးတို့ကိုရင်း။ ပဉ္စဝါဝတ္တာနိ၊ ငါးထည်သောပုဆိုးတို့ကိုရင်း။ သစေအလတ္ထုံ၊ အကယ်၍ ရကုန်သည်ဖြစ်အံ့။ ဝေံလဘန္တေသု၊ ဤသို့ရကုန်သည်ရှိသော်။ လဒ္ဓံလဒ္ဓံ၊ ရတိုင်းရတိုင်းသော ပုဆိုးကို။ ဧတေနေဝ ဥပါယေန၊ ဤသို့သော နည်းအားဖြင့်။ ဝိဿဇ္ဇေတွာ၊ စွန့်စေ၍။ ယာဝ၊ အကြင်မျှလောက်။ ဒိယမာနေ၊ ပေးအပ်သည်ရှိသော်။ အာဂန္တုကဿ၊ ညွှံ့သည် ရဟန်းအား။ သမကံ၊ မျှသည်။ ဟောတိ၊ ၏။ တာဝ၊ ထိုမျှလောက်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ တေန၊ ထိုအာဂန္တုက ရဟန်းသည်။ သမကော၊ အမျှကို။ လဒ္ဓေ၊ ရအပ်သည်ရှိသော်။ အဝသိဋ္ဌော၊ ကြွင်းသော။ အနုဘာဂေါ၊ နောက်ထပ်အဘို့ကို။ ထေရာသနေ၊ မထေရ်ကြီးနေရာ၌။ ဒါတဗ္ဗော၊ ပေးအပ်၏။ ဣတိ၊ ဤသို့။ သေနာသနက္ခန္ဓကဋ္ဌကထာယံ၊ သေနာသနက္ခန္ဓကအဋ္ဌကထာ၌။ ဝစနတော၊ ဆိုခြင်းကြောင့်။ ဝိညာယတိ၊ သိအပ်၏။ ။(ဤကား အနက်)

ပိတ်အုပ်ဖြစ်က အမျှ အသုံးကျလောက်အောင် ဖြတ်၍ ဝေဘန်ရာ၏။ မလောက်လျှင် လေရုံစဉ်ကို မှတ်ထားရာ၏။ သို့မဟုတ် လော်လီမှုခံဘွယ် အတွက်နှင့် ဖျက်ဆီး၍မပစ်ရာ၊ သံဃာအသား မကောင်းရာသော် သုံးဆောင်ဘွယ်ဖြင့် လဲလှယ်၍ သုံးသင့်၏။ ယခုအခါ ဆိုးကောင်းမျှ မလောက်သဖြင့် စာရေးတံချ၍ ယူကြကုန်၏။ ဘဏ္ဍာအိမ်၌ထားသောသင်္ကန်း၌သာ စာရေးတံချ၍ အဘိုး

မျှသည်ကို ပြုသင့်သောကြောင့်ရှင်း၊ ဤကထိန်သင်္ကန်းအရာ၌ စာရေးတံချ၍ အတိုးမျှခြင်းကို မပြုသင့်သောကြောင့်ရှင်း သင့်ရိပ်မထင်ဟု ဝိနယာလင်္ကာရဋီကာ၌ဆိုအပ်၏။ ။ထို့ကြောင့် ရှင်းဋီကာ၌။ ။တေန ဉာယတိ ဘဏ္ဍာဂါရေ စီဝရေ အဂ္ဃသမတံ ဣစ္ဆိတဗ္ဗံ၊ ကုသပါတောစ ကာတဗ္ဗောတိ၊ ဣမသ္မိံပန ကထိနာနိသံသ စီဝရဘာဇနေ အဂ္ဃသမတံ နဣစ္ဆိတဗ္ဗံ၊ ကုသပါတောစ နကာတဗ္ဗော။ ။ဟုမိန့်အပ်၏၊ ။တေန၊ ထို့ကြောင့်။ ဘဏ္ဍာဂါရေ စီဝရေ၊ ဘဏ္ဍာတိုက်၌ထားအပ်သော သင်္ကန်း၌။ အဂ္ဃသမတံ၊ အတိုးမျှသည်၏အဖြစ်ကို။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ကုသပါတော၊ ကမ္မည်းတံချခြင်းကိုလည်း။ ကာတဗ္ဗော။ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဉာယတိ၊ သိအပ်၏။ ပန၊ မအပ်သည်ကိုဆိုဦးအံ့။ ဣမသ္မိံ ကထိနာနိသံသ စီဝရဘာဇနေ၊ ဤကထိန်၏အာနိသင်သင်္ကန်းကို ဝေဘန်ရာ၌။ အဂ္ဃသမတံ၊ အတိုးမျှသည်၏အဖြစ်ကို။ နဣစ္ဆိတဗ္ဗံ၊ အလိုမရှိအပ်။ ကုသပါတောစ၊ ကမ္မည်းတံချခြင်းကိုလည်း။ နကာတဗ္ဗော၊ မပြုအပ်။ ။(ဤကား အနက်)

ထို့ကြောင့် ယခုအခါ ပညာရှိသူတော်ကောင်းတို့သည် ပေါင်းစု၍ထားအပ်သော ဘဏ္ဍာတိုက်သင်္ကန်းမှ ကြွင်းသမျှကာလသင်္ကန်းဖြစ်စေ၊ အကာလသင်္ကန်းဖြစ်စေ၊ ကောင်းသော သင်္ကန်းဟူ မျှကို မဒေထရ်ကြီး နေရာကစ၍ လောက်သမျှပေးရာ၏။ ကြွင်းကျန်သောအခါ ဝါစဉ်ကို မှတ်၍ နောက်ထပ်ရသောအခါပေးရာ၏။ မရသော်ရှင်း၊ အာဂန္တုကချည်းဖြစ်ကြ၍ တကွ ပေါင်းဆုံရန် အခွင့်မရှိသော် ရှင်းလောက်မျှပေးခြင်းဖြင့် ကြေးပြီး ဖြတ်ရာ၏။ ။ကောင်းသောသင်္ကန်း မလောက်သော သင်္ကန်းတို့မှာ ဝါကြီးသော ပုဂ္ဂိုလ်တို့နှင့်သာ စပ်ရကား၊ ရှင်းတို့က နှစ်သက်ကြလျှင် စာရေးတံချသော်လည်း အပြစ်မရှိ။ တဘန်ချလိုက ရပြီးပုဂ္ဂိုလ်ကိုချန်၍ ချရာ၏ဟု ငါတို့ထင်၏၊ ဆင်ခြင်။ ။ဘဏ္ဍာတိုက်၌ထားအပ်သော အကာလသင်္ကန်းကို သံဃာ့ကိစ္စကို အားမထုတ်သော သာမဏေတို့အား ရဟန်းတို့၏ထက်ဝက်သော အဘို့၊ အားထုတ်သော သာမဏေတို့အား မျှသောအဘို့ကို ပေးအပ်၏။ ကာလသင်္ကန်းကိုကား အားထုတ်သည်ဖြစ်စေ၊ မထုတ်သည်ဖြစ်စေ မျှသော အဘို့ကိုပေးအပ်၏။ ။ထိုကြောင့် စီဝရက္ခန္ဓက အဋ္ဌကထာ၌။ ။သာမဏေရာနံ ဥပဍ္ဎပဋိဝိသန္တိဧတ္ထ ယေ သာမဏေရာ အတ္တိဿရာ ဘိက္ခုသံဃဿ ဖ-တ္တဗ္ဗကမ္မံ န ကရောန္တိ။ ဥဒ္ဒေသပရိပုစ္ဆာသု ယုတ္တာ၊ အာစရိယုပဇ္ဈာယာနံ ယေဝ ဝတ္တပဋိဝတ္တံ ကရောန္တိ။ အညေသံ နကရောန္တိ။ ဧတေသံယေဝ ဥပဍ္ဎဘာဂေါ ဒါတဗ္ဗော။ ယေ ပန ပုရေဘတ္တဉ္စ ပစ္ဆာဘတ္တဉ္စ ဘိက္ခုသံဃဿေဝ ကတ္တဗ္ဗကိစ္စံ ကရောန္တိ။ တေသံ သမဘာဂေါ ဒါတဗ္ဗော။ ဣဒဉ္စ ပိဋ္ဌိသမယေ ဥပ္ပန္နေန ဘဏ္ဍာဂါရေ ဌပိတေန အကာလ စီဝရေနေဝ ကထိတံ။ ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ။ ။ဟုမိန့်အပ်၏။

(မြည်ကြီးမည် ၂၄)

**သာမဏေရာနံ** ဥပစ္စပင်္ဂိဝိသန္တိတွေ၊ သာမဏေရာနံ ဥပစ္စပဋ္ဌိဝိသံ-ဟူသော ပါဠိ၌။ ယေသာမဏေရာ၊ အကြင်သာမဏေတို့သည်။ အတ္တိဿရာ၊ မိမိကိုယ်ကို မိမိ အစိုးရကုန်သည်ဖြစ်၍။ ဘိက္ခု သံဃဿ၊ ရဟန်း သံဃာ၏။ ကတ္တဗ္ဗကမ္မံ၊ ပြုထိုက်သောအမှုကို။ နကရောန္တိ၊ မပြု ကြကုန်။ ဥဒ္ဒေသ ပရိပုစ္ဆာသု၊ ပါဠိ သင်ခြင်း-အဋ္ဌကထာကို မေးခြင်းတို့၌။ ယုတ္တာ၊ ယှဉ်ကုန်သည်ဖြစ်၍။ အာစရိယုပဇ္ဈာယာနံယေဝ၊ ဆရာ ဥပဇ္ဈာယ်တို့၏ သာလျှင်။ ဝတ္တ-ပ္ပဋိဝတ္တံ၊ ဝတ်ကြီး, ဝတ်ငယ်ကို။ ကရောန္တိ၊ ပြုကြကုန်၏။ အညေသံ၊ တပါးသော ရဟန်းတို့၏။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီး,ဝတ်ငယ်ကို။ နကရောန္တိ၊ မပြုကြကုန်။ တေသံယေဝ၊ ထိုသာမဏေ တို့အား သာလျှင်။ ဥပစ္စဘာဂေ၊ ထက်ဝက်သော အဘို့ကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ ယေပန၊ အကြင်သာမဏေ တို့သည်ကား။ ပုရေဘတ္တမ္ပိ၊ နံနက်အခါ ပတ်လုံးငင်း။ ပစ္ဆာဘတ္တမ္ပိ၊ နေလွဲအခါ ပတ်လုံးငင်း။ ဘိက္ခုသံဃဿယေဝ၊ ရဟန်းသံဃာ၏ သာလျှင်။ ကတ္တဗ္ဗကိစ္စံ၊ ပြုဘွယ်ကိစ္စ ဟူသမျှကို။ ကရောန္တိ၊ ပြုကြကုန်၏။ တေသံ၊ ထိုသာပဏေတို့အား။ သမဘာဂေါ၊ ရဟန်း တို့နှင့်မျှသောအဘို့ကို။ ဒါတဗ္ဗော၊ပေးအပ်၏။ ဣဒဉ္စ ဝစနံ၊ ဤစကားကိုလည်း။ ပိဋ္ဌိသမယေ၊ပိဋ္ဌိသမယ၌။ ဥပ္ပန္နေန၊ ဖြစ်သော။ ဘဏ္ဍာဂါရေ၊ ဘဏ္ဍာတိုက်၌။ ဌပိတေန၊ထားအပ်သော။အကာလစီဝရေနေဝ၊အကာလသင်္ကန်းဖြင့်သာလျှင်။ ကထိတံ၊ ဆိုအပ်၏။ ကာလစီဝရံပန၊ ကာလသင်္ကန်းကား။ သဗ္ဗကမေဝ၊ ရဟန်း တို့နှင့်အမျှကိုသာလျှင်။ ဒါတဗ္ဗံ၊ ပေးအပ်၏။

ဘဏ္ဍာတိုက်၌ ထားအပ်သော အကာလ သင်္ကန်းဟူ၍ ဆိုခြင်းကြောင့် ရောက်ရောက်သမျှ ဝေဘန်၍ ယူကြသော အကာလသင်္ကန်းဖြစ်မူ ရဟန်းတို့နှင့် အမျှပင် ဝေဘန်အပ်၏။ သင်္ကန်းဝေ ဘန်ခြင်းအကျယ်ကိုလိုမူ ဝိနယာလင်္ကာရ ဋီကာမှ ယူအပ်၏။

လျှောက်ထားအပ်သည်ဖြစ်၍ ရေးသားဆုံးဖြတ်အပ်သော- ကထိန ဝိနိစ္ဆယကား ဤတွင်ပြီး၏။

---

(၂) ကထိန်ကိုနုတ်၍ တဘန်ခင်းကောင်း, မခင်းကောင်းကို သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

ကထိန်ကိုရဟန်းတို့အလိုအလျောက် အကာလ ဖြစ်လို၍ငင်း၊ ကထိန်ခင်းလို ပါသည်ဟု ဒါယကာတို့ လျှောက်ထားသည်ကို စွဲ၍ငင်း၊ တဘန် ခင်းလို၍ငင်း မနုတ်အပ်။ တိုက်တပါးမှလာသော ရဟန်းတို့အားလည်း လာဘ်မျှစေခြင်းငှါ အကာလသံဃိက သင်္ကန်းကိုလှူလိုပါသည် ကထိန်ကိုနုတ်တော်မူပါဟု ဒါယကာ တို့ လျှောက်ထား သော်သာလျှင် နုတ်အပ်၏။ ။ထို့ကြောင့် ဘိက္ခုနီဝိဘင်း ပါဠိတော်၌။ ။တေန ခေါပန သမယေန အညာတရေန ဥပါသကေန သံဃံ

ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ။ သော တဿ ဝိဟာရဿ မဟေ ဥဘတော သံဃဿ အကာလစီဝရံ ဒါတုကာမော ဟောတိ။ တေန ခေါ ပန သမယေန ဥဘတောသံဃဿ ကထိနံ အတ္ထတံ ဟောတိ။ အထခေါ သော ဥပါသကော သံဃံ ဥပသင်္ကမိတွာ ကထိနုဒ္ဓါရံ ယာစိ။ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အထခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံကထံကတွာ ဘိက္ခူ အာမန္တေသိ။ *အနုဇာနာမိ ဘိက္ခဝေ ကထိနံ ဥဒ္ဓရိတုံ။ ။ဟု ဟောတော်မူ၏။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အညတရေန၊ အမည်အားဖြင့် မထင်ရှားသော။ ဝါ၊တယောက်သော။ ဥပါသကေန၊ ဒါယကာသည်။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဝိဟာရော၊ ကျောင်းသည်။ ကာရာပိတော၊ ဆောက်လုပ်စေအပ်သည်။ ဟောတိ၊ ၏။ သော ဥပါသကော၊ ထိုဒါယကာသည်။ တဿ ဝိဟာရဿ၊ ထိုကျောင်းအား။ ဝါ၊ ထိုကျောင်းကို။ မဟေ၊ ပူဇော်ရာ၌။ ဝါ၊ သံဃာကိုအာရုံပြု၍ လှူဒါန်းပူဇော်ရာ၌။ ဥဘတောသံဃဿ၊ ဥဘတောသံဃာအား။ အကာလစီဝရံ၊ အကာလသင်္ကန်းကို။ ဒါတုကာမော၊ ပေးလှူခြင်းငှါ အလိုရှိသည်။ ဟောတိ၊ ၏။ တေနခေါ ပန သမယေန၊ ထိုအခါ၌။ ဥဘတောသံဃဿ၊ ဥဘတော သံဃာအား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ၏။ အထခေါ၊ ထိုအခါ၌။ သော ဥပါသကော၊ ထိုဒါယကာသည်။ သံဃံ၊ သံဃာတော်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ကထိနုဒ္ဓါရံ၊ ကထန်ကိုနုတ်ခြင်းကို။ ယာစိ၊ တောင်းပန်၏။ အထခေါ၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ဘဂဝတော၊မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ထိုအကြောင်းကို။အာရောစေသုံ၊ နားတော် လျှောက်ကြကုန်၏။ အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတသ္မိံ နိဒါနေ၊ ထိုအကြောင်း၌။ ဧတသ္မိံ ပကရဏေ၊ ထိုအရာ၌။ ဓမ္မိံ ကထံ၊ တရားစကားကို။ ကတွာ၊ ပြုတော်မူပြီး၍။ ဘိက္ခူ၊ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူပြီ။ ကိံ အာမန္တေသိ၊ အဘယ်သို့ မိန့်တော်မူလေသနည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ကထိနံ၊ ကထိန်ကို။ ဥဒ္ဓရိတုံ၊ နုတ်ခြင်းငှါ။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊ မိန့်တော်မူပြီ။ ။ (ဤကားအနက်)

အကာလ သင်္ကန်း၏ လှူလိုပါသည်ဟု ဒါယကာတို့ လျှောက်ထား သော် ခင်းခြင်း အရင်းရှိသော လာဘ်ထက် နုတ်ခြင်း အရင်းရှိသော လာဘ်များ သော်သာလျှင်ဖြစ်၊ အကာလ သင်္ကန်း လှူလိုပါသည်ဟု လျှောက်ထားသော ဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ရှောက်ခြင်းငှါ လာဘ်မျှသော်သာလျှင် ဖြစ်၊ နုတ်အပ်၏။ ခင်းခြင်း အရင်းရှိသော လာဘ်အောက် နုတ်ခြင်းအရင်းရှိ

သော လာဘ် ယုတ်မူ မနုတ်အပ်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ကထိနုဒ္ဒါရံ နုဒသန္တိတိ ကီဒိသော ကထိနုဒ္ဒါရော ဒါတဗ္ဗော။ ကီဒိသော နုဒါတဗ္ဗော။ ယဿ အတ္ထာရမူလကော အာနိသံသော မဟာ။ ဥဗ္ဘာရမူလကော အပ္ပေါ၊ ဝေရူပေါ နုဒါတဗ္ဗော။ ယဿ ဥဗ္ဘာရမူလကော အာနိသံသော မဟာ။ အတ္ထာရမူလကော အပ္ပေါ၊ ဝေရူပေါ ဒါတဗ္ဗော။ သမာနာနိသံသောပိ သဒ္ဓါပရိပါလနတ္ထံ ဒါတဗ္ဗောဝ။ ။ဟုမိန့်အပ်ပြီ။

ကထိနုဒ္ဒါရံ နုဒသန္တိတိ ဣတ္ထ၊ ကထိနုဒ္ဒါရံ နုဒသန္တိ-ဟူသောပါဠိ၌။ ကီဒိသော၊ အဘယ်သို့သဘောရှိသော။ကထိနုဒ္ဒါရော၊ ကထိနုတ်ခြင်းကို။ဒါတဗ္ဗော၊ ပေးအပ်သနည်း။ ကီဒိသော၊ အဘယ်သို့ သဘောရှိသော။ ကထိနုဒ္ဒါရော၊ ကထိန်နုတ်ခြင်းကို။ နုဒါတဗ္ဗော၊ မပေးအပ်လေသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ယဿ ကထိနဿ၊ အကြင်ကထိန်အား။ အတ္ထာရမူလကော၊ ခင်းခြင်းလျှင် အရင်းရှိသော။ အာနိသံသော၊ အကျိုးသည်။ မဟာ၊များသည်။ဟောတိ၊ ၏။ ဥဗ္ဘာရမူလကော၊ နုတ်ခြင်းလျှင်အရင်းရှိသော။ အာနိသံသော၊ အကျိုးသည်။ အပ္ပေါ၊ နည်းသည်။ ဟောတိ၊ ၏။ ဝေရူပေါ၊ ဤသို့နည်းသော အာနိသင်ရှိခြင်း သဘောရှိသော။ ကထိနုဒ္ဒါရော၊ ကထိန်နုတ်ခြင်းကို။ နုဒါတဗ္ဗော၊ မပေးအပ်။ ယဿ ကထိနဿ၊ အကြင် ကထိန်အား။ဥဗ္ဘာရမူလကော၊နုတ်ခြင်းလျှင် အရင်းရှိသော။ အာနိသံသော၊ အကျိုးသည်။မဟာ၊များသည်။ဟောတိ၊၏။ အတ္ထာရမူလကော၊ ခင်ခြင်းလျှင် အရင်းရှိသော။အာနိသံသော၊ အကျိုးသည်။ အပ္ပေါ၊ နည်းသည်။ ဟောတိ၊ ၏။ ဝေရူပေါ၊ ဤသို့များသော အာနိသင်ရှိခြင်း သဘောရှိသော။ ကထိနုဒ္ဒါရော၊ ကထိန်နုတ်ခြင်းကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သမာနာနိသံသောပိ၊ ခင်းခြင်းနှင့်မျှသော အကျိုးရှိသော ကထိန်နုတ်ခြင်းကိုလည်း။ သဒ္ဓါပရိပါလနတ္ထံ၊ သဒ္ဓါတရားကို စောင့်ရှောက်ခြင်းငှါ။ ဒါတဗ္ဗောဝ၊ ပေးအပ်သည် သာလျှင်တည်း။ ဣတိအယံ။ဤသည်ကား။ ပရိဟာရော။။အဖြေတည်း။ ။(ဤကားအနက်)

ရင်းပြဆို အပ်ခဲ့ပြီးသော ပါဠိ-အဋ္ဌကထာတို့ကို ထောက်၍ အကာလ သင်္ကန်းလှူလိုပါသည်။ ကထိန် နုတ်တော်မူပါဟု၊ ဒါယကာတို့ တောင်းပန်သည်ကိုစွဲ၍ အကာလ သင်္ကန်းဖြစ်စေခြင်းငှါသာ နုတ်အပ်ကြောင်း၊ တဘန်ခင်းခြင်းငှါ မနုတ်အပ်ကြောင်းသိအပ်၏။ ။ဤမျှသာမဟုတ်သေး၊ ရှေးဦးစွာ လှူအပ်သော လာဘ်နည်းသော ကထိန်သင်္ကန်းကို မခင်းမူ၍ လာဘ်များသော ဒုတိယ ရောက်လာသော သင်္ကန်းကိုသာ ခင်းအပ်၏။ ရှေးဦးစွာလှူသော ဒါယကာကို၊ ညာတ်သင်္ကန်းပြု၍၊ ခင်းအပ်သော သင်္ကန်း မပြုစေခြင်းငှါ တရားဟောအပ်၏ ဟူ၍သာ လာသော၊ ရှေးဦးစွာ လှူသော သင်္ကန်းကို ခင်းပြီးမှ

နိုတ်၍၊ ဒုတိယ သက်န်းကို ခင်းအပ်၏ ဟူ၍ မလာသော ရှေးဦးစွာ လှူအပ်သော သက်န်းနှင့် ဒုတိယ ရောက်လာသော သက်န်း လာဘ်မျှ သော်ငြင်း၊ လာဘ်ယုတ်သော်ငြင်း၊ လာဘ်များသော်လည်း ခင်းပြီးဖြစ် သော်ငြင်း၊ တရား ဟော၍ ပယ်အပ်၏ ဟူသော ဆဋ္ဌမိပ္ပါယ်ကို ပြသော။ ။သစေ တသ္မိံ အနတ္ထတေယေဝ အညော ကထိနသာဋကံ အာဟရတိ။ အညာနိစ ပဟူနိ ကထိနာနိ သံသဝတ္တာနိ ဒေတိ။ ယော အာနိသံသံ ဗဟုံ ဒေတိ။ တဿ သန္တကေန အတ္ထရိတဗ္ဗံ။ ဣတရော တထာတထာ ဩဝဒိတွာ သညာပေတဗ္ဗော။ ။ ဟူသော အဋ္ဌကထာကို ထောက်၍လည်း တဘန်မခင်းသင့်ကြောင်းကို သိအပ်၏။

တသ္မိံ၊ ထိုရှေးဦးစွာ ဆောင်ယူခဲ့အပ်သော ကထိန်သက်န်းကို။ အနတ္ထတေယေဝ၊ မခင်းအပ်သေးမီသာလျှင်။ အညော၊ တပါးသော ဒါယကာသည်။ ကထိနသာဋကံ၊ ကထိန်လျာ ပုဆိုးကို။ သစေ အာဟရတိ၊ အကယ်၍ ဆောင်ယူခဲ့သည်ဖြစ်အံ့။အညာနိ၊ တပါးကုန်သော။ပဟူနိ၊ များစွာကုန်သော။ ကထိနာနိ သံသ ဝတ္တာနိစ၊ ကထိန်၏အာနိသင်ဖြစ်ကုန်သောပုဆိုးတို့ကိုလည်း။ သစေဒေတိ၊ အကယ်၍ လှူသည်ဖြစ်ငြားအံ့။ ဝေ ဿတိ၊ ဤသို့ ဖြစ်သည် ရှိသော်။ ယော၊ အကြင်ဒါယကာသည်။အာနိသံသံ၊ အာနိသင်သက်န်းကိုး ဗဟုံ၊ များစွာ။ ဒေတိ၊ လှူ၏။ တဿ၊ ထိုအာနိသင် သက်န်းကို များစွာလှူသော ဒါယကာ၏။ သန္တကေန၊ ဥစ္စာဖြင့်။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဣတရော၊ နည်းသော အာနိသင် သက်န်းကိုလှူသော ဒါယကာကို။ တထာတထာ၊ ထိုထိုသို့သောအကြောင်းဖြင့်။ ဩဝဒိတွာ၊ ကျေနပ်ချောမောအောင် တရားဟောပြ ဆိုဆုံးမ၍။ သညာပေတဗ္ဗော၊ သိစေအပ်၏။ ။(ဤကားအနက်)

ထိုစကားသင့်စွ၊ အကယ်၍ နုတ်၍ ခင်းကောင်းသည်ဖြစ်အံ့၊ ပဌမသက်န်းကို မခင်းမီရောက်လာသော လာဘ်များသော သက်န်းကိုသာ ခင်း၍ ဒါယကာကို တရားဟောအပ်၏ ဟူသော ပဌမ ဒါယကာ၏ သဒ္ဓါ တရားပျက်ဘွယ်ရာ၊ အကျဉ်းအကြပ်အကတ်ကျသောစကားကို ဘွင့်ဆိုဘွယ်မရှိ။ ပဌမ သက်န်းကို ခင်းပြီးသည်ဖြစ်စေ၊ မခင်းသေးသည်ဖြစ်စေ၊ ဒုတိယ သက်န်းလာဘ်များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ အများဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ခြင်းငှါ နုတ်၍ နုတ်၍ခင်းအပ်၏ဟူသော ချောင်ချိခွင့်သာ ဒါယကာတို့ သဒ္ဓါတရားပျက်ဘွယ်မရှိသော စကားကိုသာ ဘွင့်ဆိုသင့်သည်။ ယင်းသို့ကား မဆိုမဆိုခြင်းကြောင့် နုတ်၍မခင်းအပ်၊ ခင်းသော်မအပ်သည်ကိုပြုရာ၏ အာနိသင် ငါးပါးကို မရပြီဟုမှတ်အပ်၏။

ပယ်အပ်၏ဟူရာ၌ တရားနှင့် မညီသည်ဖြစ်၍ ပယ်ရကား သံဃာ့လာဘ်ကို ပယ်ခြင်းကြောင့် ပယ်သောရဟန်းအား အပြစ်မရှိ။ ။ထို့ကြောင့် ရာဇသိက္ခာ

ပုဒ် အဋ္ဌကထာ၌။ ။သစေ ကောစိ ဗဟုံ ဟိရညသုဝဏ္ဏံ အာနေတွာ ဣဒံ သံဃဿ ဒမ္မိ စတ္တာရော ပစ္စယေ ပရိဘုဉ္ဇထာတိ ဝဒတိ၊တဉ္စေ သံဃော သမ္ပဋိစ္ဆတိ။ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ အာပတ္တိ။ တတြ စေ ဧကော ဘိက္ခု နယိဒံ ကပ္ပတီတိ ပဋိက္ခိပတိ၊ ဥပါသကောစ ယဒိ နကပ္ပတိ။ မယှံမေဝ ဘဝိဿတီတိ ဂစ္ဆတိ။ သော ဘိက္ခု တယာ သံဃဿ လာဘန္တရာယော ကတောတိ နကေနစိ ကိဉ္စိ ဝတ္တဗ္ဗော၊ ယော ဟိ တံ စောဒေတိ။ သွေဝ သာပတ္တိကော ဟောတိ။ ။ဟု မိန့်အပ်၏။

ကောစိ၊ တစုံတယောက်သော ဒါယကာသည်။ ဗဟုံ၊ များစွာသော။ ဟိရညသုဝဏ္ဏံ၊ ရွှေငွေကို။ အာနေတွာ၊ ဆောင်ယူခဲ့၍။ ဣဒံဟိရညသုဝဏ္ဏံ၊ဤရွှေငွေကို။ သံဃဿ၊ သံဃာတော်အား။ ဒမ္မိ၊ လှူပါ၏။ စတ္တာရော၊ လေးပါးကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပရိဘုဉ္ဇထ၊ သုံးဆောင်တော်မူကြပါကုန်လော။ ဣတိ၊ ဤသို့။ သစေဝဒတိ၊ အကယ်၍ဆိုအံ့။ ဝေသတိ၊ ဤသို့ဆိုသည်ရှိသော်။ သံဃော၊ သံဃာတော်သည်။ တံ၊ ထိုရွှေငွေကို။ စေသမ္ပဋိစ္ဆတိ၊ အကယ်၍ ခံသည်ဖြစ်အံ့။ ဝေသတိ၊ ဤသို့ခံသည်ရှိသော်။ ပဋိဂ္ဂဟဏေပိ၊ ခံသောအခါ၌ရင်း။ ပရိဘောဂေပိ၊ သုံးဆောင်သောအခါ၌ရင်း။ အာပတ္တိ၊ အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏။ တတြ၊ ထိုရဟန်း သံဃာအပေါင်းတို့တွင်။ ဧကော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ဣဒံ၊ ဤရွှေငွေသည်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ ဤသို့။ စေပဋိက္ခိပတိ၊ အကယ်၍ပယ်အံ့။ဝေသတိ၊ ဤသို့ပယ်သည်ရှိသော်။ ဥပါသကော စ၊ ဒါယကာသည်လည်း။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ယဒိနကပ္ပတိ၊အကယ်၍ မအပ်သည်ဖြစ်ငြားအံ့။ ဝေသတိ၊ ဤသို့မအပ်သည်ရှိသော်။ ဣဒံ၊ ဤရွှေငွေသည်။ မယှံမေဝ၊ အကျွန်ုပ်အားသာလျှင်။ ဝါ၊ အကျွန်ုပ်၏သာ။ သန္တကံ၊ ဥစ္စာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဂဟေတွာ၊ ယူ၍။ ဂစ္ဆတိ၊ သွား၏။ သောဘိက္ခု၊ ထိုပယ်သောရဟန်းကို။ တယာ၊ သင်သည်။ သံဃဿ၊ သံဃာတော်၏။ လာဘန္တရာယော၊ လာဘ်၏အန္တရာယ်ကို။ ကတော၊ ပြုအပ်၏။ ဣတိ၊ဤသို့။ကေနစိ၊ တစုံတယောက်သောပုဂ္ဂိုလ်သည်။ ကိဉ္စိ၊ တစုံတခုကိုမျှ။ နဝတ္တဗ္ဗော၊ မဆိုအပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ တံဘိက္ခုံ၊ ထိုပယ်သောရဟန်းကို။စောဒေတိ၊ စောဒနာ၏။ သွေဝ၊ ထိုစောဒနာသော ရဟန်းသည်သာလျှင်။ သာပတ္တိကော၊ •အာပတ်သင့်ခြင်းရှိသည်။ ဟောတိ၊ ၏။ ၊ (ဤကား အနက်)

လျှောက်ထားအပ်သည်ဖြစ်၍ ရေးသားအပ်သော ကထိန်ကိုနှုတ်၍-
တဘန်ခင်းယိုက် မခင်းထိုက်ကို ပြဆိုကြောင်းဖြစ်သော
ဝိနိစ္ဆယကား ဤတွင် ရွှေ့ပြီး၏။

(၃) ကထိန်ခင်းရာတိုက်၌ တပါးတည်းသော ရဟန်းသည် သာရိပုတ္တ၏ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ- ဟုဆို၍ လှူအပ်သော သင်္ကန်းကို ငါသာရှိသည်။ ငါ၏သင်္ကန်းတည်းဟုယူလျှင် သုဂ္ဂဟိတဖြစ်-မဖြစ်ကို၎င်း၊နှစ်ပါးသုံးပါးစသော ရဟန်းတို့သည် တိုက်တပါးပုဂ္ဂိုလ်တို့အား ပန်၍ပေးလျှင် နဘိက္ခဝေ အညတြ ဝဿံဝုဋ္ဌေန အတြစီဝရဘာဇေါ သာဒိတဗ္ဗော၊ ယော သာဒိယေယျ အာပတ္တိ ဒုက္ကဋဿ။ ။ဟူသော သိက္ခာပုဒ်ဖြင့် အပြစ်ရှိ-မရှိ။ ။ပန်သော် အဋ္ဌကထာ လာတိုင်း- မာဂဓ ဘာသာနှင့်လည်း ပန်သင့်သည် မပန်သင့်သည်။ သို့မဟုတ်၊ မြန်မာဘာသာနှင့်လည်း ပန်သင့်သည် မပန်သင့်သည်။ ။အပလောကေတွာတိ ဣဒံ အညေသံ ဝဿံဝုဋ္ဌဘိက္ခူနံ အဒတွာ ဒါတုကာ ကာမေဟိ-ကတ္တာဗ္ဗကိစ္စဝိမိဒဿနံ။ ။ဟူသော ကထိနက္ခန္ဓက အဘင့် ဝိမတိဋီကာ၌ အညေသံအရ မည်သည့်ရဟန်းဖြစ်သည်များကို၎င်း သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

သာရိပုတ္တ၏ ဣမံကထိနစီဝရံ သံဃဿ ဒေမ-ဟုဆို၍ လှူအပ်သော သင်္ကန်းကို တပါးတည်းရှိသော ရဟန်းသည် ဤတိုက်၌ ငါသာရှိသည်။ ငါ၏သင်္ကန်းတည်းဟူ၍ မခင်းမီ၎င်း၊ ခင်းပြီးမှ၎င်း ယူလျှင် ကာလသင်္ကန်းဖြစ်၍ သုဂ္ဂဟိတ ဖြစ်၏။ မခင်းမီယူလျှင် တန်ဆောင်းမုန်းလပြည့်တိုင် တလအတွင်း အသမာဒါန စာရအာနိသင်။ တန်ဆောင်မုန်းလပြည့်ကျော်တရက်မှသည်၊ တပေါင်းလပြည့် တိုင် လေးလအတွင်း ငါးပါးသော အာနိသင်တို့ကိုကား မရဟုမှတ်ရမည်။ ထိုစကားသင့်စွ၊ အကာလသင်္ကန်းကို မိမိမှတပါးသော သံဃာဟူသော အစိုးရ ခြင်းကြောင့် သံဃာအစိုးရသည် အဖြစ်မှလွတ်၍ မိမိသန္တကဖြစ်ခြင်းငှါ အဓိဋ္ဌာန် ရသည်။ ကာလသင်္ကန်းကိုကား အန္တရာမုတ္တက ကျောင်းခံခြင်း၌ကဲ့သို့ ဝါမှတ သော ရဟန်းတို့အား တမြက်ဟလင်း သုတ်သင်ခြင်းစသည်ဖြင့် ကျေးဇူးများ သည်ဖြစ်၍ အသီးခွင့်ပြုတော် မူအပ် သောကြောင့် တိုက်တပါးသို့ ရောက် သော်လည်း တပါးသော သံဃာဟူသော အစိုးရမရှိ၊ မိမိ၏သန္တကသာဖြစ်၍ အထူးအဓိဋ္ဌာန်ဘွယ်မရှိ။ သံဃိကမြောက် ဆွမ်းကြီးလောင်းရာ၌ကဲ့သို့ လှူသည် ၏ အခြားမဲ့၌ ဝါမှတသော ရဟန်းတို့၏ သန္တကသာဖြစ်၏။ ။ထိုကြောင့် စီဝရက္ခန္ဓက ပါဠိတော်၌။ ။တုယှေဝ ဘိက္ခု တာနိ စီဝရာနိ ယာဝ ကထိ နဿုဗ္ဘာရာယ။ ။ဟူ၍၎င်း။ ။စီဝရက္ခန္ဓကအဋ္ဌကထာ၌။ ။တုယှေဝဘိက္ခု တာနိစီဝရာနီတိ အညတ္ထ ဂဟေတွာ ဂတာနိပိ တုယှေဝ၊ နတေသံ အညော ကောစိ ဣဿရောတိ။ ။ဟူ၍၎င်း။ ။သစေ အတိတ ဝဿံဝုဋ္ဌာနံ ဒမ္မီတိ ဝဒတိ၊ တံ အနန္တောပဿံ ဝုဋ္ဌာနမေဝ ပါပုဏာတိ။ ဒိသာပက္ကန္တာနံပိ သဘာဂါ ဂဏှိတုံ လဘန္တိ။ ပ။ သစေ ဝဒတိ ဣတော မေ ဘန္တေ ဘတိယော ဝဿော

**ဝဿံဝါသိယံ နုဒိန္နံ၊ တံ ဒမ္မိတိ တသ္မိံ** အန္တော ဝဿေ ဝဿံဝုဋ္ဌဘိက္ခူနံ ပါပုဏာတိ။ သစေ တေ ဒိသာပက္ကန္တာ၊ ဝိဃာသိကော ဂဏှာတိ၊ ဒါတဗ္ဗံ။ အသ ကောသယေဝ အဝသိဋ္ဌော။ သေသာကာလက်တာ။ သဗ္ဗံ တေသယေဝ ပါပု ဏာတိ၊ သစေ ကောပိ နတ္ထိ။ သံဃိကံ ဟောတိ။ သမ္မုခီဘူတေဟိ ဘာဇေ တဗ္ဗံ။ ။ဟူ၍မိန့်အပ်၏။

ဘိက္ခု၊ ရဟန်း။ ကထိနဿ၊ ကထိန်ကို။ ယာဝ ဥဗ္ဘာရာယ၊ နုတ်သည့် တိုင် အောင်။ တာနိစိဝရာနိ၊ ထို သင်္ကန်းတို့သည်။ တုယှေဝ၊ သင်၏ သာလျှင်။ သန္တကာနိ၊ ဥစ္စာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ (ဤကား ပါဠိတော် အနက်)။ ။တုယှေဝ ဘိက္ခု တာနိ စီဝရာနီတိ၊ ဟူသည်ကား။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂဟေတွာ၊ ယူ၍။ ဂတာနိပိ၊ သွားကုန် သော်လည်း။ တုယှေဝ၊ သင်၏သာလျှင်။ သန္တကာနိ၊ ဥစ္စာတို့သည်။ဟောန္တိ၊ ကုန်၏။ တေသံ၊ ထိုသင်္ကန်းတို့ကို။ အညော၊ သင်မှတပါးသော။ ဣဿရော၊ အစိုးရသောပုဂ္ဂိုလ် သည်။ နအတ္ထိ၊ မရှိ။ ။(ဤကား ရှေးအဋ္ဌကထာပါဌ်၏အနက်)။ ။အတိဘာ ဝဿံ ဝုဋ္ဌာနံ၊ လွန်လေပြီးသော ဝါမှုထကုန်သော ရဟန်းတို့အား။ ဒမ္မိ၊ လှူ ပါ၏။ ဣတိ၊ ဤသို့။ သစေဝဒတိ၊ အကယ်၍ဆိုအံ့။ ဧဝံသတိ၊ ဤသို့ဆိုသည် ရှိသော်။ တံစီဝရံ၊ ထိုသင်္ကန်းသည်။ အန္တောဝဿံ၊ ဝါလပတ်လုံး။ ဝုဋ္ဌာနမေဝ၊ နေကုန်သော ရဟန်းတို့အားသာလျှင်။ ပါပုဏာတိ၊ ရောက်၏။ ဒိသာပက္ကန္တာ နံပိ၊ အရပ်တပါးသို့ ဘဲသွားကုန်သော ရဟန်းတို့၏လည်း။ ဘာဂံ၊ အဘို့ကို။ သဘာဂါ၊ သဘောတူကုန်သော ရဟန်းတို့သည်။ ဂဏှိတုံ၊ ယူခြင်းငှါ။ လဘန္တိ၊ ရကုန်၏။ ပ။ ဘန္တေ၊ အရှင်ဘုရားတို့။ ဣတော၊ ဤနှစ်မှ။ တတိယေ၊ သုံးနှစ် တို့၏ ပြည့်ကြောင်းဖြစ်သော။ ဝဿေ၊ နှစ်၌။ မေမယာ၊ အကျွန်ုပ်သည်။ ဝဿံ ဝါသိယံ၊ ဝါဆိုသင်္ကန်းကို။ နုဒိန္နံ၊ မလှူအပ်ခဲ့ရပါ။ တံ၊ ထိုဝါဆိုသင်္ကန်းကို။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ သစေဝဒတိ၊ အကယ်၍ဆိုအံ့။ ဧဝံသတိ၊ ဤသို့ ဆိုသည်ရှိသော်။ တံစီဝရံ၊ ထိုသင်္ကန်းသည်။ တသ္မိံ၊ ထိုသုံးနှစ်တို့၏ပြည့်ကြောင်း ဖြစ်သောနှစ်၌။ အန္တောဝဿေ၊ ဝါတွင်း၌။ ဝဿံ၊ ဝါလပတ်လုံး။ ဝုဋ္ဌဘိက္ခူနံ နေကုန်သော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။ တေဘိက္ခူ၊ ထိုရဟန်း တို့သည်။ ဒိသာပက္ကန္တာ၊ အရပ်တပါးသို့ဘဲသွားကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ဧဝံသန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ ဝိဃာသိကော၊ အကျွမ်းဝင်သောရဟန်းသည်။ သစေဂဏှာတိ၊ အကယ်၍ယူငြားအံ့။ ဧဝံသတိ၊ ဤသို့ယူသည်ရှိသော်။ တဿ၊ ထိုယူသောရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ကောဝ၊ တပါးတည်းသာလျှင်။ အဝသိဋ္ဌော၊ ကြွင်းကျန်တော့သည်။ အထ ဟောတိ၊ အကယ်၍ဖြစ်အံ့။ သေသာ၊ ကြွင်းသော ရဟန်းတို့သည်။ ကာလက်တာ၊ သေကုန်သည်။ အထ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ ဧဝံ သန္တေသု၊ ဤသို့

ဖြစ်ကုန်သည်ရှိသော်။ သဗ္ဗံ၊ အလုံးစုံသောသက်နိုးသည်။ ကေသော၀၊ တပါး
သော ရဟန်းအားသာလျှင်။ ပါပုဏာတိ၊ ရောက်၏။ ကောပိ၊ တပါးသော
ရဟန်းမျှလည်း။ သစေနတ္ထိ၊ အကယ်၍မရှိတော့သည်ဖြစ်အံ့။ ၀ေ့ံသတိ၊ ဤသို့
မရှိသည်ရှိသော်။ သံဃိကံ၊ သံဃိကသည်။ ဟောတိ၊ ၏။ သမ္မုခိဘူတေဟိ၊
မျက်မှောက်၌ဖြစ်ကုန်သော ရဟန်းတို့သည်။ ဘာဇေတဗ္ဗံ၊ ဝေဘန်အပ်၏။ ။
(ဤကား နောက်အဋ္ဌကထာပါဠ်၏ အနက်)

ထိုစကားသင့်စွ၊ တပါးသောသံဃာအစိုးရရှိ၍သာ၊ မိမိသန္တက ဖြစ်စေခြင်း
ငှါ အဓိဋ္ဌာန်ရသည် ဖြစ်၍ တပါးသော အစိုးရမရှိသည်ကို ပြသော၊ အညတြ
ဂဟေတ္ဗာ- စသောပါဠ်ဖြင့် အထူးအဓိဋ္ဌာန်ဘွယ်မရှိ၊ လူသည်၏ အခြားမဲ့၌
လျှင် ၀ါမှုထသောရဟန်းတို့၏ သန္တက ဖြစ်ကြောင်းကို ပြတော်မူသည်။ ။
ဣမ ာိက္ခဝေ ဘိက္ခု ဘိက္ခုဿ ဟတ္ထေ စီဝရံ ပဟိဏာဘိ။ ဣဒံ စီဝရံ ဣတ္ထန္နာမဿ
ဒေဟီတိ သော အန္တရာမဂ္ဂေ ယော ပဟိဏတိ၊ သုဂ္ဂဟိတံ၊ ယဿ ပဟီယတိ၊
တဿ ဝိဿာသာ ဂဏှာတိ ဒုဂ္ဂ ဂိတံ၊ ။ဟူသော ပါဠ်နှင့်အညီ ဥစ္စာရှင်မှန်မှ
ဝိဿာသဂ္ဂါဟ ယူခြင်း မြောက်သောကြောင့် ၀ါမှုထ၍ အရပ်တပါးသို့ ဘဲ
သွားသော ရဟန်းတို့၏ သက်နိုးကို သဘာဂ ဝိဿာသိက ရဟန်းတို့သည်၊
အကျွမ်းဝင်၍ ယူခြင်းကို ပြသော သစေ အတီတ ဝဿံဝုဋ္ဌာနံ-စသောပါဠ်ဖြင့်
လူသည်၏ အခြားမဲ့၌ မျက်မှောက်ရှိ၍၊ သိသောရဟန်းတို့၏ သန္တကဖြစ်သည်ကို
ဆိုဘွယ်မရှိ၊ မျက်မှောက်၌မရှိ၊မသိသော ရဟန်းတို့၏လည်း သန္တကဖြစ်ကြောင်း
ကို ပြတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းတပါးသည်။
ဘိက္ခုနော၊ ရဟန်းတပါး၏။ ဟတ္ထေ၊ လက်၌။ စီဝရံ၊ သက်နိုးကို။ ဒတွာ၊
ပေး၍။ ပဟိဏာတိ၊ ပို့စေ၏။ ကိံ၊ အဘယ်သို့။ ပဟိဏာတိ၊ ပို့စေသနည်းဟူမူကား။
ဣမံစီဝရံ၊ ဤသက်နိုးကို။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော။ ဘိက္ခုနော၊
ရဟန်းအား။ ဒေဟိ၊ ပေးလိုက်ပါလော။ ဣတိ၊ ဤသို့။ ၀တွာ၊ မှာလိုက်၍။
ပဟိဏာတိ၊ ပို့စေ၏။ သောဘိက္ခု၊ ထိုစေခိုင်းအပ်သောရဟန်းသည်။ အန္တရာ
မဂ္ဂေ၊ ခရီးအကြား၌။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပဟိဏာတိ၊ ပို့စေ၏။
တဿဘိက္ခုမနော၊ ထိုရဟန်းအား။ ဝိဿာသာ ဝိဿာသေန၊ အကျွမ်းဝင်သော
အားဖြင့်။ ဂဏှာတိ၊ ယူအံ့။ သုဂ္ဂဟိတံ၊ ကောင်းစွာယူအပ်သည်။ ဟောတိ၊
ဖြစ်၏။ ယဿဘိက္ခုနော၊အကြင်ရဟန်းအား။၀ါ၊ အကြင်ရဟန်း၏။(သန္တိကံ)၊
ထည့်။အထံသို့။ ပဟိဏာတိ၊ ပို့စေအပ်၏။ တဿ၊ထိုပို့စေအပ်သောရဟန်းအား။
၀ါ၊ နှင့်။ ဝိဿာသာ-ဝိဿာသေန၊ အကျွမ်းဝင်သောအားဖြင့်။ ဂဏှာတိ၊ ယူအံ့။
ဒုဂ္ဂဟိတံ၊ မကောင်းသဖြင့်ယူအပ်သည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)

(ပြည်ကြီးမဏ္ဍိုင်)

သက်န်းကာလ၌ သံဃာအားလှူအပ်သော သင်္ကန်းကိုငါသာရှိသည်။
ငါ၏သင်္ကန်းတည်းဟု ယူခြင်းအကြောင်းဝိနိစ္ဆယကား
ဤတွင်ရှေ့ပြီး၏။

(၄) ကထိန်ခင်းရာ၌ တိုက်တပါး ရဟန်းတို့အား တိုက်ရှင်ရဟန်းတို့က ပေးလျှင် အပြစ်ရှိမည် မရှိမည်ကို သိလိုပါသည်ဟု လျှောက်ထား ရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

သင်္ကန်းကာလ၌၊ သံဃာဘော်အား အကာလသင်္ကန်း လှူဒါန်းပါ၏ဟူ၍ လှူအပ်သောသင်္ကန်းကို မျက်မှောက်၌ရှိသော တိုက်နေရဟန်း၊ တပါးသောတိုက် တို့၌နေသော ရဟန်းတို့သည်၊ ဒါယကာတို့ အလိုအားလျော်စွာ ဝေဘန်၍ ယူအပ်၏။ ။ထို့ကြောင့် တဘိယ ကထိနသိက္ခာပုဒ် အဋ္ဌကထာ၌။ ။*ကာလေပိ အာဒိဿ ဒိန္နန္တိ သံဃဿဝါ ဣဒံ အကာလစီဝရန္တိ ဥဒ္ဒိသိတွာ ဒိန္နံ။ ဟူ၍ရင်း။ ။ ဝေရသကဏ်ဋီကာ၌။ ။*ကာလေ ပန သံဃဿ ဣဒံ အကာလစီဝရံ ဒမ္မီတိ အနုဒ္ဒိသိတွာ သံဃဿ ဒမ္မီတိ ဒိန္နံ ဝဿံဝုဋ္ဌေဟိယေဝ ဘာဇေတဗ္ဗံ။ န အညေ ဟီတိ ကာလစီဝရန္တိ ဝုစ္စတိ။ အာဒိဿ ဒိန္နံပန သမ္မုခီဘူတေဟိ သဗ္ဗေဟိယေဝ ဘာဇေတဗ္ဗန္တိ အကာလစီဝရန္တိ။ ။ဟူ၍ရင်း။ ။ဝိမတိဝိနောဒနီဋီကာ၌။ ။ *ဣဒံ ပန အဋ္ဌကထာဝစနံ ပါဠိယံ ကာလေပိ အာဒိဿ ဒိန္နန္တိဣဒ္ဓ အကာလ စီဝရန္တိ ဝစနသာမညဘော လဗ္ဘမာနံ သဗ္ဗမ္ပိ ဒဿေတုံ အတ္ထုဒ္ဓါရဝသေန ဝုတ္တံ။ပဋမအနိယတေ သော တဿ ရဟောဝိယ။ သံဃဿ ဟိ ကာလေပိ အာဒိဿ ဒိန္နံ အကာလေ။ ဥပ္ပန္နစီဝရံဝိယ သမ္မုခီဘူတေဟိ ဝုဋ္ဌဝဿေဟိ အဝုဋ္ဌဝဿေ ဟိ စ သဗ္ဗေဟိပိ ဘာဇေတဗ္ဗတာ သာမညေန အကာလစီဝရံနာမ ဟောတီတိ ဒဿနတ္ထံ အတ္ထုဒ္ဓါရဝသေန ပါဠိယံ ကာလေပို အကာလေပိ အာဒိဿ ဒိန္နန္တိ ဝုတ္တံ။ န ပန တဘော ဘာဇေတွာ လဒ္ဓစီဝရမ္ပိ အကာလေ လဒ္ဓစီဝရံဝိယ ဝုဋ္ဌ ဝဿာနံကေမာသပရိဟာရံ ပဉ္စမာသပရိဟာရံ ဝါ နလဗ္ဘတီတိ။ ။ဟူ၍မိန့်အပ်၏။

ကာလေပိ အာဒိဿ ဒိန္နန္တိ၊ ဟူသည်ကား။ သံဃဿဝါ၊ သံဃာအားလည်း။ ဣဒံ အကာလစီဝရံ၊ ဤအကာလသင်္ကန်းကို။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဥဒ္ဒိသိတွာ၊ ရည်ညွှန်း၍။ ဒိန္နံ၊ လှူအပ်သည်။ ဟောတိ၊ ၏၊ ။(ဤကား အဋ္ဌ ကထာပါဠ်၏အနက်)။ ။ကာလေပန၊ သင်္ကန်းအခါ၌ကား။ သံဃဿ၊ သံဃာ အား။ ဣဒံအကာလစီဝရံ၊ ဤအကာလသင်္ကန်းကို။ ဒမ္မိ၊ လှူ၏။ဣတိ၊ ဤသို့။ အနုဒ္ဒိသိတွာ၊ မရည်ညွှန်းမူ၍။ သံဃဿ ဒမ္မီတိ၊ သံဃဿ ဒမ္မိဟူ၍။ ဝတွာ၊ ဆို၍။ ဒိန္နံ၊ လှူအပ်သော သင်္ကန်းကို။ ဝဿံဝုဋ္ဌေဟိယေဝ၊ ဝါမှထကုန်ပြီးသော ရဟန်းတို့သည်သာလျှင်။ ဘာဇေတဗ္ဗံ၊ ဝေဘန်အပ်၏။ အညေဟိ၊ တပါးကုန်

သော ဝါကျိူး-ါပြတ်သောရဟန်း, တိုက်တပါးရဟန်းတို့သည်။ နဘာဇေတဗ္ဗံ၊ မဝေဘန်အပ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကာလစိဝရန္တိ၊ ကာလသင်္ကန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ ဗျတိရေကကို ဆိုဦးအံ့။ကာလေပိ၊ သင်္ကန်းကာလ၌သော်လည်း။ အာဒိဿ၊ သံဃာဂိုဏ်းပုဂ္ဂိုလ်တို့တွင် မိမိအလိုရှိရာ တပါးပါးကို ရည်သန်မြွက် ဆို၍။ ဒိန္နံ၊ လှူဒါန်းအပ်သော သင်္ကန်းကို။ သမ္မုခိဘူတေဟိ၊ မျက်မှောက်၌ဖြစ်ကုန်သော။ သဗ္ဗေဟိယေဝ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်။ ဘာဇေတဗ္ဗံ၊ ဝေဘန်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အကာလစိဝရန္တိ၊ အကာလသင်္ကန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။(ဤကား တေရသကဏ် ဋီကာ၏ အနက်)။ ။ပန၊ ဆက်၍ဆိုဦးအံ့။ ဧဒံအဋ္ဌကထာဝစနဥ္စ၊ ကေပုဂ္ဂလဿ ဝါ ဧဒံ တုယှံ ဒမ္မိတိ ဒိန္နံ- ဟူသော ဤစကားကိုဋင်း။ ပါဠိယံ၊ ပါဠိတော်၌။ ကာလေပိ အာဒိဿ ဒိန္နန္တိ ဣဒဥ္စ၊ ကာလေပိ အာဒိဿ ဒိန္နံဟူသော ဤစကားကိုဋင်း။ အကာလစိဝရန္တိ ဝစနသာမညတော၊ အကာလစိဝရံ- ဟူသော သဒ္ဒါချင်း တူသောအားဖြင့်။ လဗ္ဘမာနံ၊ ရသင့် ရထိုက်သော။ သဗ္ဗံပိ၊ အလုံးစုံသော အကာလသင်္ကန်းကိုလည်း။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ အတ္ထုဒ္ဓါရ ဝသေန၊ အကာလ စိဝရ သဒ္ဒါ၏ အနက်ကို ထုတ်ပြတော်မူသည်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ မိန့်မြွက်ထုတ်ဘော်၊ ဟောတော်မူအပ်၏။ ကောဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ပဌမ အနိယတော၊ ပဌမ အနိယတသိက္ခာပုဒ်၌။ ရဟော သဒ္ဒဿ၊ ရဟော သဒ္ဒါ၏။ အတ္ထုဒ္ဓါရဝသေန၊ အနက်ကို ထုတ်ပြတော်မူသည်၏ အစွမ်းဖြင့် (ထည့်)။ သောတဿ၊ နား၏။ ရဟော၊ ဆိတ်ကွယ်ရာ အရပ်ကို။ ဝုတ္တောဝိယ၊ ဟောတော် မူအပ် သကဲ့သို့တည်း။ ဟိသစ္စံ၊ ထို စကားသည် မှန်၏။ သံဃဿ၊ သံဃာတော်အား။ ကာလေပိ သင်္ကန်းကာလ၌ သော်လည်း။ အာဒိဿ၊ မျက်မှောက်ရှိ သံဃာဟူသမျှ အလုံးစုံသည် အကုန်ရစေရန် ရည်သန်မြွက်ဆို၍။ ဒိန္နံ၊ လှူဒါန်းအပ်သော သင်္ကန်းကို။ အကာလေ၊ သင်္ကန်းကာလ မဟုတ်သော အခါ၌။ဥပ္ပန္န စီဝရံ ဝိယ၊ဖြစ်သောသင်္ကန်းကဲ့သို့။သမ္မုခိဘူတေဟိ၊ မျက်မှောက်၌ ဖြစ်ကုန်သော။ ဝုဋ္ဌဝဿေဟိစ၊ သင်္ကန်းလှူရာ ကျောင်းတိုက်၌ ဝါ မှထကုန်သော ရဟန်းတို့သည်ဋင်း။ အဝုဋ္ဌဝဿေဟိစ၊ သင်္ကန်းလှူရာ ကျောင်းတိုက်၌ ဝါ မှမထကုန်သော ရဟန်းတို့သည်ဋင်း။ သဗ္ဗေဟိပိ၊ အလုံးစုံသော ရဟန်းတို့သည်လည်း၊ ဘာဇေတဗ္ဗံ သာမညတော၊ ဝေဘန်အပ်သော သင်္ကန်းချင်း တူသော အားဖြင့်။ အကာလ စီဝရံနာမ၊ အကာလ သင်္ကန်းမည်သည်။ ဟောတိ၊ ၏။ ဣတိ ဣမဿအတ္ထဿ၊ ဤသို့သောအနက်ကို။ ဒဿနတ္ထံ၊ ပြတော်မူခြင်းငှါ။ အတ္ထုဒ္ဓါရ ဝသေန၊ အနက်ကို ထုတ်တော်မူသည်၏ အစွမ်းဖြင့်။ ပါဠိယံ၊ ပါဠိတော်၌။ ကာလေပိ အာဒိဿ ဒိန္နန္တိ၊ ကာလေပိ အာဒိဿ ဒိန္နံ-ဟူ၍။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော် မူအပ်၏။ပန၊ ဗျတိရေကကိုဆိုဦးအံ့။ တတော၊

ထိုအကာလ သင်္ကန်းမှ။ ဘာဇေတွာ၊ ဖဲ့ဘာန်၍။ လဒ္ဓစီဝရမှ၊ ရအပ်သော သင်္ကန်းသည်လည်း။ အကာလေ၊ သင်္ကန်းကာလ မဟုတ်သောအခါ၌။ လဒ္ဓစီဝရံ ဝိယ၊ ရအပ်သောသင်္ကန်းကဲ့သို့။ ဝုဍ္ဍဝဿာနံ၊ ဝါကြျတ်ကုန်သော ရဟန်းတို့အား။ ဧကမာသပရိဟာရံဝါ၊ တလ အစောင့် အရှောက်ကိုရင်း၊ ပဉ္စမာသပရိဟာရံဝါ၊ ငါးလ-အစောင့်အရှောက်ကို ရင်း။ နလဗ္ဘတိ၊ မရအပ်။ ဣတိ ဣမဿ အတ္ထဿ၊ ဤသို့သော အနက်ကို။ ဒဿနတ္ထံ၊ ပြတော်မူခြင်းငှါ။ နဝုတ္တံ၊ ဟောတော်မမူအပ်။ ။(ဤကား ဝိမတိ ဋီကာ၏အနက်)

ထိုပြဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ဖြင့် ယခုအခါ ငါတို့ လက်ထက်၌ မူကား၊ သံဃာအား အာရာမ်နှင့်တကွသော သင်္ကန်းကို- လှူဒါန်းရာသို့ ဒါယကာတို့ ပင့်ဆောင်အပ်သော၊ တိုက်တာပါး ရဟန်းတို့အားလည်း၊ ဒါယကာတို့၏ အလိုအားလျော်စွာ ဘာဂ ပေးသင့်သည်ဟု မှတ်ရာ၏။ ။ထိုစကားသင့်စွ၊ ဒါယကာတို့ကိုမေးရာ သံဃာအား အာရာမ်နှင့် တကွ ကထိန်သင်္ကန်းကိုလှူချင်ပါသည်။ အသခ်ျေယျ အပ္ပမေယျ အကျိုးရှိသည် ဆိုသောကြောင့် အာရာမ်နှင့် တကွ ကထိန်သင်္ကန်းကို လှူလိုကြောင်း လျှောက်သောကြောင့် သံဃပရိဏာတအဖြစ်ကို သိအပ်သည်။ တိုက်တာပါး ပုဂ္ဂိုလ်တို့အား၊ ရစေလိုသည်ဖြစ်၍ ပင့်ဆောင်လာကြောင်း လျှောက်ထားသောကြောင့် တိုက်တာပါး ပုဂ္ဂိုလ်တို့အား ထိုက်သော ဘာဂ အဖြစ်ဖြင့် ပေးသကဲ့သို့ ရှိကြောင်းကို သိအပ်သည်။ အကာလ သင်္ကန်း လှူဒါန်းရာ၌ သံဃာအား လှူဒါန်းပါ၏ဟု သာမံ လှူဒါန်းလျှင် တိုက်တွင်းရဟန်းတို့သာ ရသည်။ အကာလ သင်္ကန်းလှူဒါန်းပါ၏ဟု လှူဒါန်းလျှင် မျက်မှောက်ရှိသော တိုက်တွင်း- တိုက်ပ-ရဟန်းတို့ ရသည်ဟု သိ၍ လှူသောကြောင့်၊ တိုက်ပ ရဟန်းတို့အားလည်း ဘာဂ ထိုက်သည်။ ယခုအခါမသိ၍ တိုက်ပရဟန်းအားလည်း ရလတ္တံ့ဟု ထင်၍ ပင့်ဆောင်ခဲ့၍ သံဃာအား လှူဒါန်းပါ၏ ဟု သာမံလှူခြင်း၊ ဝေဘန်ပါဟု မလျှောက်ခြင်း ကြောင့်၊ တိုက်တာပါးရဟန်းတို့အား ဘာဂမထိုက်ဟု အချို့ဆို၏။ ထို့ကြောင့် တိုက်တွင်း ရဟန်းတို့သည် အောက်၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မိမိတို့ ပိုင်သောသင်္ကန်းကို မိမိတို့ သန္တကအဖြစ်ဖြင့် တိုက်တာပါးရဟန်းတို့အား ကောင်းပြီဟု ဝန်ခံခြင်း၊ ယုံမှား ကင်းခြင်း၊ ဒါယကာတို့ အလိုနှင့် လျော်စေခြင်း အကျိုးငှါ ပန်၍ရင်း၊ သဘောတူ၍ရင်း ပေးခြင်းသည် န ဘိက္ခဝေ အညတြ ဝဿံဝုဋ္ဌေန- စသော သိက္ခာပုဒ်နှင့်လည်း အပြစ်မရှိဖြစ်၍ ယုတ္တတရ ဖြစ်၏။ ထိုစကားသင့်စွ၊ ဤဝတ္ထုတို့၌ တိုက်တွင်း ရဟန်းတို့သည် မသိ၍ရင်း၊ ပြောဆိုမည်ကို စက်ဆုပ်၍ရင်း တိုက်တာပါးရဟန်းတို့အား ဘာဂအဖြစ်ဖြင့်ပေးခြင်း၊ တိုက်တာပါး ရဟန်တို့လည်း မိမိတို့၏ ဘာဂ အဖြစ် ဖြင့် ယူခြင်းဖြစ်၍ ဒုဒိန္န

ဖြစ်ရကား အာပတ်လည်း သင့်၏။ ဘဏ္ဍာစားလည်း ထိုက်၏။ ထို့ကြောင့် စီဝရဘာဇေါ—ဟူ၍ရင်း၊ သာဒိယိဿတိ-ဟူ၍ရင်း ဟောတော်မူအပ်၏။ ပန်၍ ပေးခြင်းသည် တရားနှင့် လျော်သောပေးခြင်း၊ မလျော်သော ပေးခြင်းဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် လျော်သော ပေးခြင်းကို တစုံတယောက်သော ရဟန်းသည် မြစ်ခြင်းငှါမရ။ ထို့ကြောင့် သေနာ သနက္ခန္ဓက အဋ္ဌကထာ၌။ ။ ကုရုန္ဒိယံ ပန ဝုတ္တံ၊ ကတိကဝတ္တံ ကာတဗ္ဗံ၊ သဗ္ဗေသံ ဣဓ ယာဂု ဘတ္တံ နပဟော တိ၊ သဘာဂ ဋ္ဌာနေ ဝသိတွာ အာဂစ္ဆထ၊ တုမှာကံ ပတ္တံ ဝဿာဝါသိကံ လဘိဿထာတိ၊ တဋ္ဌေ ဧကော ပဋိဗာဟတိ။ သုပဋိဗာဟိတံ။ နော စေ ပဋိ ဗာဟတိ၊ ကတိကာ သုကတာ။ ပစ္ဆာ တေသံ တတ္ထ ဝသိတွာ အာဂတာနံ အပလောကေတွာ ဒါတဗ္ဗံ၊ အပလောကနကာလေ ပဋိဗာဟိတံ နလဗ္ဘတီတိ။ ။ ဟုမိန့်အပ်၏။

ကုရုန္ဒိယံ ပန၊ ကုရုန္ဒီအဋ္ဌကထာ၌ကား။ ဝုတ္တံ၊ ဆိုအပ်၏။ ကိံ ဝုတ္တံ၊ အဘယ်သို့ ဆိုအပ်လေသနည်းဟူမူကား။ ကတိကဝတ္တံ၊ ကတိကဝတ်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ကိံ ကာတဗ္ဗံ၊ အဘယ်သို့ပြုအပ်သနည်းဟူမူကား။ ဣဓ၊ ဤကျောင်း တိုက်၌။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ အမှာကံ၊ ငါတို့အား။ ယာဂုဘတ္တံ၊ ယာဂုဆွမ်းသည်။ နပဟောတိ၊ မလောက်။ ဣတော၊ ဤကျောင်းမှ။ ဂစ္ဆထ၊ တိုက်တပါးသို့ ကြွကြပါကုန်ဦးလော။ (ထည့်)။ သဘာဂဋ္ဌာနေ၊ သဘောတူရာ အရပ်၌။ ဝသိတွာ၊ နေပြီး၍။ အာဂစ္ဆထ၊ ပြန်လာကြပါကုန်လော။ တုမှာကံ၊ အရှင်တို့အား။ ပတ္တံ၊ ရောက်သော။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ လဘိဿ ထ၊ ရပါကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ကတိကံ၊ ကတိကဝတ်ကို။ ကာတဗ္ဗံ၊ ပြု အပ်၏။ တံ၊ ထိုကတိကဝတ်ပြုခြင်းကို။ ဧကော၊ တပါးသော ရဟန်းသည်။ စေပဋိဗာဟတိ၊ အကယ်၍ တားမြစ်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့တားမြစ်သည် ရှိသော်။ သုပဋိဗာဟိတံ၊ ကောင်းစွာတားမြစ်အပ်သည်မည်သည်။ ဟောတိ၊ ၏။ နောစေပဋိဗာဟတိ၊ အကယ်၍ မတားမြစ်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့မတား မြစ်သည်ရှိသော်။ ကတိကာ၊ ကတိကဝတ်သည်။ သုကတာ၊ ကောင်းစွာပြုအပ် သည်။ ဟောတိ၊ ၏။ ပစ္ဆာ၊ နောက်၌။ တတ္ထ၊ ထိုတိုက်တပါး ကျောင်းတို့၌။ ဝသိတွာ၊ နေကုန်ပြီး၍။ အာဂတာနံ၊ ပြန်လာကုန်သော။ တေသံ၊ ထိုရဟန်း တို့အား။ အပလောကေတွာ၊ ပန်ကြား၍။ ဒါတဗ္ဗံ၊ ပေးအပ်၏။ အပလောကန ကာလေ၊ ပန်ကြားသောအခါ၌။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ နလဗ္ဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤကားအနက်)

တရားနှင့်မလျော်သော ပန်ခြင်းကိုမူကား မြစ်ခြင်းငှါရ၏။ မြစ်သော် ပေး ခြင်းငှါ မအပ်။ မြစ်ခြင်းမရှိ၊ မိမိတို့သဘောတူပေးသော် ပေးခြင်းငှါ အပ်၏။

ဥပမာကား သမ္မုခါဘူတေန သံဃေန ဘာဇေတဗ္ဗံ–ဟု ဟောတော် မူအပ် သော အရာ၌ သံဃာ ဆယ်ပါးရှိသော တိုက်ဖြစ်အံ့၊ ကိုးပါးသော ရဟန်းတို့ မယူ၍ တပါးသောရဟန်း ခွဲဝေ၍ ယူသော်ငြင်း၊ ဆယ်ပါးလုံး ခွဲဝေပြီး၍ တပါးသော ရဟန်းအား ပေးသော်ငြင်း စင်စစ် အပ်သကဲ့သို့ တည်း။ ။ထို့ ကြောင့် တိုက်တာရှင် ဆရာကြီးများမှစ၍ ယခုတိုင် မတက သင်္ကန်းကိုငြင်း၊ လှူသော သင်္ကန်းကိုငြင်း၊ သဘောတူ ပန်၍ငြင်း၊ စာရေးတံ ချ၍ငြင်း ပေးခြင်း, ယူခြင်းကို ပြုကြသတည်း။

ကထိန်ခင်းရာ၌ တိုက်တပါး ရဟန်းတို့အား တိုက်ရှင်
ရဟန်းတို့ကပေးလျှင် အပြစ်မရှိကြောင်း
ပြခြင်း ဝိနိစ္ဆယကားပြီး၏။

(၅) ပန်၏ဟူရာ၌ မြန်မာဘာသာဖြင့် ပန်ခြင်း အပ်–မအပ်ကို အဋ္ဌကထာ ဋီကာတို့၌ စီစစ်ခြင်းပင်မရှိ၊ သို့ မရှိသော်လည်း ဝန်လေးသော ကပ္ပိယကုဋီ သမုတ်သောအရာ၊ ပြဟ္မဒဏ်ထားသောအရာ စသည်တို့၌ မာဂဓဘာသာဖြင့်သာ ပန်ခြင်းငှါ အပ်သည်။ ဝန်ပေါ့သော ဆံရိတ်သော အရာ၊ မတက သင်္ကန်းကို ပေးသော အရာစသည်တို့၌ မြန်မာဘာသာဖြင့်လည်း ပန်ခြင်းငှါ အပ်သည်ဟု ယူသင့်သည်။ ဥပမာကား ဉတ္တိဒုတိယကံကို ဝန်လေးသော သိမ်သမုတ်သော အရာစသည်တို့၌ ပန်၍ လှူခြင်းငှါ မအပ်သော်လည်း၊ ဝန်ပေါ့သော ထေရ သမ္မုတိ စသောအရာတို့၌ ပန်၍ပြုခြင်းငှါ အပ်သကဲ့သို့တည်း။ ထို့ကြောင့် ပိဋကတ္တယဓရ ဖြစ်တော်မူသော ရှေးဆရာကြီးတို့လည်း မတကသင်္ကန်းကို ပေးသောအရာ၊ ဆံရိတ်သောအရာ စသည်တို့၌ မြန်မာဘာသာဖြင့်ပင် ပန်စေ တော်မူ ကြကုန်၏။

မြန်မာ ဘာသာဖြင့်ပင် ပန်ခြင်းငှါ အပ်ကြောင်း
ဝိနိစ္ဆယကားပြီး၏။

(၆) အပလောကေတွာ-စသော ဝိမတိဋီကာ၏ အဓိပ္ပါယ်ကို သိလို ပါသည်ဘုရားဟူ၍ လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

အယ အဝိစာရေတွာ ဂစ္ဆန္တိ၊ ဘိက္ခု သံဃော ဣဓာရော၊ တသ္မာ သစေ ကထိနတ္ထာရကဿ သေသစီဝရာနိပိ ဒုဗ္ဗလာနိ ဟောန္တိ၊ သံဃေန အပလော ကေတွာ တေသံပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ။ ။ (ကထိနက္ခန္ဓက အဋ္ဌ ကထာ)၊ ။ဥပါသကာ၊ဒါယကာတို့သည်။အဝိစာရေတွာ၊မစီစစ်မူ၍သာလျှင်။ ဒတွာ၊ လှူ၍။ အထဂစ္ဆန္တိ၊ အကယ်၍သွားကြကုန်အံ့။ စေ၀ံဂစ္ဆန္တေသု၊ ဤသို့

သွားကြကုန်သည်ရှိသော်။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ ဝုဍ္ဎိဿရော၊ အစိုးရသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ကထိနတ္ထာရကာ၊ ကထိန်ခင်းသော ရဟန်းအား။ သေသဇိဝရာနိပိ၊ ဒုဗ္ဗလဖြစ်၍ ပေးအပ်သော သင်္ကန်းမှကြွင်းသောသင်္ကန်းတို့သည်လည်း။ ဒုဗ္ဗလာနိ၊ အားနည်းကုန်သေးသည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ဧဝံသန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ သံဃေန၊ သံဃာတော်သည်။ အပလောကေတွာ၊ ပန်ကြား၍။ တေသံပိ၊ ထိုအားနည်းသော သင်္ကန်းတို့၏လည်း။ အတ္ထာယ၊ အကျိုးငှါ။ ဝတ္ထာနိ၊ အာနိသင်ဖြစ်ကုန်သော အဝတ်သင်္ကန်းတို့ကို။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ။(ဤကား အနက်)

ဧင်းအဋ္ဌကထာပါဌ်၌၊ အပလောကေတွာ-ဟူသော စကားသည် ကထိန်ခင်းသော ရဟန်းအား သင်္ကန်း သုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းပေးအပ် ခင်းအပ်သောသင်္ကန်းကိုသာရ၏။ ကြွင်းကျန်သေးသော သင်္ကန်းသည် အများပင်ရှိသော်လည်း ဧင်းသင်္ကန်းတို့မှ ဘာဂအဖြစ်ဖြင့် မရအပ်၊ ကြွင်းသော ရဟန်းတို့အားသာ ထိုအာနိသင် ဖြစ်သော သင်္ကန်းတို့ကို ရထိုက်သည် ဖြစ်၍ ကြွင်းသောသင်္ကန်း ဒုဗ္ဗလဖြစ်သော် ထိုသင်္ကန်းတို့ အလို့ငှါ သံဃာသည် ပန်ကြား၍သာလျှင် ပေးအပ်၏ဟူသော-အစီအရင်ကို ပြသော စကားဖြစ်လေသလောဟု- မေးရန်ရှိသောကြောင့်။ ။အပလောကေတွတိဣဒံ အညေသံ ဝဿံဝုဋ္ဌဘိက္ခူနံ အဒတွာ ဒါတုကာမေဟိ ကတ္တဗ္ဗကိစ္စဝိဓိဒဿနံ။ ။ဟူသောစကားကို ဝိမတိဝိနောဒနီဋီကာဆရာမိန့်အပ်၏။ ။အပလောကေတွာတိ ဣဒံဝစနံ၊ အပလောကေတွာ-ဟူသော ဤစကားကို။ အညေသံ၊ ကထိန်ခံသောရဟန်းမှ တပါးကုန်သော။ ဝဿံဝုဋ္ဌဘိက္ခူနံ၊ ကထိန်ခင်းရာတိုက်၌ဝါမှ ထကုန်သောရဟန်းတို့အား။ အဒတွာ၊ မပေးမူ၍။ ဒါတုကာမေဟိ၊ ကထိန်ခံရသောရဟန်းအား နောက်ထပ်တဘန် ပေးပြန်ခြင်းငှါ အလိုရှိကုန်သော ရဟန်းတို့သည်။ ကတ္တဗ္ဗကိစ္စ ဝိဓိ ဒဿနံ၊ ပြုသင့်ပြုထိုက်သော အစီအရင်ကို ပြတတ်သော၊ ပြကြောင်းဖြစ်သော စကားတည်း။ ။(ဤကား အနက်)

လိုရင်းအဓိပ္ပါယ်ကား၊ သင်္ကန်းနည်းသည် ဖြစ်၍ ကထိန်ခံသော ရဟန်းမှ တပါးကုန်မဲသာ ထိုကထိန်ခင်းရာတိုက်၌ ဝါမှထသော ဘာဂထိုက်သော ရဟန်းတို့အား မပေးမူ၍ ကထိန်ခံသော ရဟန်းအားပင်လျှင် နောက်ထပ်တဘန် ပေးလိုပြန်သော ရဟန်းတို့သည် ပန်၍ပေးအပ်၏ ဟုဆိုလိုသည်။ ခင်းအပ်သော ကထိန်သင်္ကန်းမှကြွင်းသော သင်္ကန်းတို့သည် များသော်လည်း ကထိန်ခံသော ရဟန်းမှ တပါးသော ရဟန်းတို့အားသာ ထိုက်သည်ဖြစ်၍ ပန်၍ပေးအပ်သည် ဟု-ဆိုလိုသည်မဟုတ်။ အာနိသင်သင်္ကန်းများမှုကား တပါးသောရဟန်းတို့နှင့်

အမျှပင် ကထိန်ခင်းသော ရဟန်းလည်း ဘာဂ ထိုက်၏။ ပန်၍ ပေးဘွယ်မရှိ။ မပန်ဘဲပင်-ထိုကထိန်ခံသော ရဟန်းအား ဘာဂပေးအပ်၏ ဟူလိုသည်။ ထို့ကြောင့် အညွှသံဟူသောပါဠ်ဖြင့် ကထိန်ခံသောရဟန်းမှတပါးသော ခင်းရာ တိုက်၌ ဝါမှုထသော ရဟန်းတို့ကို ယူအပ်၏ဟု မှတ်ရာ၏၊ ဘိက္ခုသံဃော ဣဿရော- ဟူရာ၌လည်း ခံသောရဟန်းသာ အစိုးရသည်မဟုတ်။ ခံသော ရဟန်းနှင့်တကွ ရှိသမျှ တိုက်နေ သဃ်ာတို့ အစိုးရသည်ဟုမှတ်ရာ၏။ ခံသောရဟန်းမှတပါးသော ရဟန်းတို့သာ အစိုးရသည်ဟု မမှတ်ရာ။

အပလောကေတွာ-စသော ဝိနိစ္ဆယ၏ အဓိပ္ပါယ်ကိုပြခြင်း
ဝိနိစ္ဆယကား ပြီး၏။

---

(၇) သဟုဗ္ဘာရ နုတ်ခြင်းသည် မည်ကဲ့သို့ သံဃာပုဂ္ဂိုလ်တို့နှင့် မစပ်ကြောင်းကို သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ မှတ်ရာ၏။

ကထိန်နုတ်ခြင်းသည် သံဃာနှင့်စပ်သော နုတ်ခြင်း၊ ပုဂ္ဂိုလ်နှင့်စပ်သောနုတ်ခြင်း၊ သံဃာပုဂ္ဂိုလ်တို့နှင့် မစပ်သောနုတ်ခြင်း ဟူ၍ သုံးပါးရှိ၏။ ယင်းတွင် အန္တရုဗ္ဘာရသည် တိုက်ပသို့မသွားဘဲ တိုက်ထည်းဘွင်နေသော ရဟန်းတို့သည် ကထိန်ကိုနုတ်အံ့ဟု သံဃာနှင့်တကွ- ဆန္ဒတူ ကမ္မာရဟပြု၍ နုတ်ခြင်းကြောင့် သံဃာဓိနနုတ်ခြင်းမည်၏။ ပက္ကမန္တိက- နိဋ္ဌာနန္တိက- သန္နိဋ္ဌာနန္တိက- သီမာတိက္ကမန္တိက-လေးပါးသည် ပုဂ္ဂိုလ်အထူး အားထုတ်၍ ပြုရကား ပုဂ္ဂလာဓိနနုတ်ခြင်းမည်၏။ နာသနန္တိက-သာဝနန္တိက-အာသာဝစ္ဆေဒိက-သဟုဗ္ဘာရ လေးပါးသည် ပုဂ္ဂိုလ်အထူး အားမထုတ်ဘဲ သင်္ကန်းပျက်စီးခြင်း၊ ကထိန်နုတ်ခြင်းကိုကြားခြင်း၊ မလျှုနိုင်သည်ကို ကြားခြင်း၊ မလျှုနိုင်သည်ကိုကြား၍ အာသာ ပြတ်ခြင်း၊ အန္တရုဗ္ဘာရကို သံဃာအားထုတ်ရာတွင် ကထိန်နုတ်အံ့ဟု သံဃာနှင့်တကွ ဆန္ဒတူ ကမ္မာရဟ-မပြုရဘဲ သိမ်ထည်းသို့-ရောက်ရှိမျှဖြစ်ခြင်းတို့ဖြင့် နုတ်ခြင်းဖြစ်ရကား နေဝ သံဃာဓိန နပုဂ္ဂလာဓိန ကထိန်နုတ်ခြင်းမည်၏။ ယင်းတွင် သဟုဗ္ဘာရကို ဤသို့သံဃာနုတ်ရာတွင် ပါဝင်လျက် သံဃာနှင့်မစပ်ဟုဆိုသည်ကား ကထိန်နုတ်အံ့ဟု သံဃာနှင့်တကွ ဆန္ဒတူ ကမ္မာရဟမပြုရဘဲ သိမ်ထည်းသို့ ရောက်ရှိမျှဖြစ် ရခြင်းကြောင့် သံဃာနှင့်မစပ်ဟုဆိုသည်ဟုမှတ်ရာ၏။

သဟုဗ္ဘာရနုတ်ခြင်း၏ သံဃာ-ပုဂ္ဂိုလ်တို့နှင့် မစပ်ကြောင်း
ဝိနိစ္ဆယကား ပြီး၏။

---

(ဂ) စတ္တာရော ကထိနဿုဒ္ဓါရာ သိယာ အန္တောသီမာယ ဥဒ္ဓရိယန္တိ၊ သိယာ ဗဟိ သီမာယ ဥဒ္ဓရိယန္တိ၊ နိဋ္ဌာနန္တိကော၊ နာသနန္တိကော၊ အာသာဝစ္ဆေဒိကော၊ သန္နိဋ္ဌာနန္တိကော။ ။ဟူသောပါဠ်၌၊ သိယာ အန္တော သီမာယ ဥဒ္ဓရိယန္တိ- ၏ အဓိပ္ပါယ်ကို သိလိုပါသည်လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

နေရင်းတိုက်သို့-မပြန်ဘော့အံ့ဟု သက်န်းချုပ်သော ရဟန်းအား အခကြောင်းမညီညွတ်သဖြင့် တဘန် နေရင်းတိုက်သို့ပြန်လာ၍ တိုက်တွင်း၌ သင်္ကန်းပြီးသောအခါ ဤအတူ နေရင်းတိုက်တွင်းသို့ရောက်မှ သင်္ကန်းပျောက်သောအခါ, အာသာ ပြတ်သောအခါ တိုက်တွင်းသို့ရောက်မှ ဤသင်္ကန်းကို ငါမချုပ်ပြီဟု ဆုံးဖြတ်သောအခါတို့၌ နိဋ္ဌာနန္တိကော စသော လေးပါးကို ရံခါတိုက်တွင်း၌ နုတ်အပ်၏။ ယင်းတွင် သန္နိဋ္ဌာနန္တိကနုတ်ခြင်း၌ ယခင်ပြခဲ့သော နည်းအားဖြင့် အာဝါသပလိဗောဓ ရှေးဦးစွာပြတ်၏။နောက် နေရင်းတိုက်သို့ရောက်၍-မချုပ်ပြီဟုဆုံးဖြတ်သောအခါမှ စီဝရပလိဗောဓပြတ်၏။ အဋ္ဌကထာ၌ရင်း၊ ပရိဝါ၌ရင်း ပလိဗောဓနှစ်ပါး တပြိုင်နက်ပြတ်၏ ဟူသောစကားကို အပဉ္စနုတ်ခြင်းကို ရည်၍ဆိုသည်ဟု ဝဇိရဗုဒ္ဓိဋီကာမိန့်၏။

နိဋ္ဌာနန္တိက စသော လေးပါးတို့၏ တိုက်တွင်း,တိုက်ပ၌
နုတ်ခြင်းကိုပြရာ ဝိနိစ္ဆယကား ပြီး၏။

(ဃ) ကထိန်သင်္ကန်းကိုလှူပြီး၍ ၎င်းကထိန်သင်္ကန်းကို မပေးမီ မခင်းမီ အာရာမ်တွင်း သံဃာကိုပန်၍ တိုက်တပါး သံဃာအား-ပေးထိုက်-မပေးထိုက်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်။

ခင်းသော ရဟန်း, အနုမောဒနာပြုသော ရဟန်းတို့သာ အာနိသင်ငါးပါးတို့ကိုရသောကြောင့် ကထိန်သင်္ကန်းကို မပေးမီ-မခင်းမီ ၎င်းသင်္ကန်းတို့သည် တိုက်တွင်းသံဃာတို့၏ သန္တကအဖြစ်သို့ မရောက်သေးရကား ခင်း၍ မပြီးမီ မပေးကောင်းဟု မှတ်ရမည်။

ကထိန် သင်္ကန်းကို ခင်း၍ မပြီးမီ တိုက်တွင်း သံဃာကို ပန်၍
တိုက်တပါး ပုဂ္ဂိုလ် တို့အား ပေးကောင်း-
မပေးကောင်း ဝိနိစ္ဆယကားပြီး၏။

---

## ၁၈-ကထိန်အခမေး

ဝိနယေ ကောသလ္လတ္ထာယ၊ အသမ္မောဟာယ ကထိနေ။
နိဒါနာ အပဋ္ဌာနေပိ၊ ပုစ္ဆိဿံ ဒါနိ တေ အဟံ။

(မြည်ကြီးမင်္ဂလ၊၄)

အာဂုသော၊ ငါ့ရှင်။ ဣဒါနိ၊ ကထိန်မခင်းမီရှေးအဘို့ ဖြစ်သော ဤကာလ၌။ ဝိနယေ၊ ဝိနည်း၌။ ကောသလ္လတ္ထာယစ၊ လိမ္မာစေခြင်း အကျိုးငှါ ၎င်း။ ကထိနေ၊ အထိန်ခင်းခြင်းအစီရင်၌။ အသမ္မောဟာယစ၊ မတွေမဝေ စေခြင်း အကျိုးငှါ ၎င်း။ အပဋ္ဌာနေပိ၊ ဝိနည်းကံ ပဋ္ဌာန မဟုတ်သော်လည်း။ နိဒါနာ၊ နိဒါန်းမှ။ ပဋ္ဌာယ၊ စ၍။ ပုစ္ဆိတဗ္ဗံ၊ မေးခွန်းဆင့်၍ မေးသင့်မေးရာသော စကားကို။ အဟံ၊ ငါသည်။ တေ၊ သင်ငါ့ရှင်အား။ ပုစ္ဆိဿံ၊ မေးဦးအံ့။

(၁) သက်န်းကာလ၊ သမယဝေါဟာ၊ ဤအခါတွင်၊ သဒ္ဓါလူလူ၊ ဇော စိတ်ဖြူ၍၊ ကပ်လှူကုန်ဘိ၊ ထုတိသြဘာ၊ မနောသာသည့် ကထိန်လျှာ သက်န်းသည် အဘယ်ဗျူပွတ်၊ သက်တ်ကြောင်းထူး၊ ကျေးဇူး ဂုဏ်သိရ်ကြောင့် ကထိန် မည်လေသနည်း။

(၂) မဟာပုရိသုတ္တမ၊ သုန္ဒရဟု၊ အတုလမဟိဒ္ဓိ၊ ဂုဏ်ဟိတ် ရှိသည့်၊ တိရတနာ၊ ထေရိန္ဒာသည်၊ အညာတာဝိန်၊ ဉာဏ်ဉာဏ်နိမ့်မှ၊ အညိန္ဒြိ၊ ဣသိရိထက်၊ သိဒ္ဓိလုံလူ၊ သယမ္ဘူဟု၊ မရှု့ဗြဟ္မာ၊ လူနရာဘို၊ ကာမာအစ၊ ဘုံသုံးဝဝယ်၊ ဆုံးစမရှိ၊ စုံးစုံးငြိက၊ ကြုံဘိခကျန်၊ ညစ်ကျိ သန်၍၊ တပြန်ပြောင်း ပြောင်း၊ မခံအောင်းအောင်၊ ခနောင်းရက်ထုတ်၊ ဝဲဝက်စုပ်၍၊ စက်စုတ်စား စား၊ ချုတ်ချုတ်လွှားလျက်၊ ယန္တရားပတ်ပြည့်၊ ရဟတ်လှည့်မျှ၊ ထပ်ရှည့်ရုံး နှောင်၊ သုံးရပ်ဘောင်ကို၊ ဘုန်းခေါင်ပရမေ၊ တရှိဖွေလျက်၊ တိရေကဉာဏ်၊ သွေမလှန်သည်၊ နေရဗန်ဘုံ၊ မြေရန်လုံသို့၊ ဆွေစုံ မကြွင်း၊ သိုက်သိုက်သွင်း သည့်၊ သနင်းသဃ်ရာဇ်၊ စောရှစ်ချစ်လည်း၊ ဝေသာလီပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ အာဠဝီပြည်၊ ကောသမ္ဗီပြည်၊ သဂ္ဂတိုင်း၊ ဘဂ္ဂတိုင်း အားဖြင့် ပညတ္တိဌာန၊ ခုနစ်ဝတွင်၊ ဘယ်ဌာန ဘယ်ကြောင်းအင်၊ ဘယ်သူ့ ကိုပင်၊ ရှေးဦးတင်၍၊ ကထိန်လျှာသက်န်းကို ပညတ်အနု၊ ခွင့်ပြုတော် မူလေသနည်း။

(၃) ကထိနဿ အတ္ထာရမာသော ဇာနိတဗ္ဗော- ဟူသော ပရိဝါပါဠိ လာ ရှိသည်နှင့် အညီ၊ ကထိန်ခင်းရာသော ခေတ်ကာလကို သိအပ်ရကား၊ အဘယ် ခေတ်ကာလတွင် ခင်းအပ်လေသနည်း။

(၄) ကထိနဿ ကတိမူလာနိ-ဟု ပရိဝါ၌ ပုစ္ဆာစကားကို ရှင်တော်ဘုရား ဟောကြားတော်မူသောကြောင့် အဘယ်သည် ကထိန်၏ မူလမည်သနည်း။

(၅) ကထိနဿ ကတိဝတ္ထူနိ-ဟု ပရိဝါ၌ ပုစ္ဆာ စကား ရှိသောကြောင့်၊ ကိုးထည်သော သက်န်းတို့တွင်၊ အဘယ် သက်န်းသည် ကထိန်၏ ဝတ္ထု မည် သနည်း။

(၆) ကထိနသာ ကဲတိဘူမိယော- ဟု ပရိဝါ၌ လာသောကြောင့်၊ ဇာတ် အားဖြင့် ကထိန်၏ အရာဖြစ်သော ပုဆိုးတို့သည်၊ အဘယ်မျှ အပြား ရှိကုန် သနည်း။

(၇) ကထိနံ ကေန ဒိန္နံဝဋ္ဋတိဟု- ဝိနည်းမဟာဝါ အဋ္ဌကထာ၌လာသော ကြောင့်၊ အဘယ်သူ လှူအပ်သော သင်္ကန်းသည်၊ ကထိန်ခင်းခြင်းငှါ ထိုက် သနည်း။

(၈) ကိံ ဝတွာ ဒိန္နံ ဝဋ္ဋတိ-ဟု ၎င်းအဋ္ဌကထာ၌ လာသောကြောင့်၊ အဘယ်သို့ဆို၍ လှူအပ်သော သင်္ကန်းဖြင့်၊ ကထိန်ခင်းခြင်းငှါ အပ်သနည်း။

(၉) ကိန္တိ ကထိနံ အတ္ထတံ-ဟူသော ပရိဝါပါဠိ လာရှိသည်နှင့် အညီ၊ အဘယ်မျှသော အခြင်းအရာဖြင့် ရလာ စီရင်အပ်သော သင်္ကန်းကို ကထိန်ခင်း အပ်ပါသနည်း။

(၁၀) ကထိနတ္ထာရံ ကေ လဘန္တိ ကေ နလဘန္တိ-ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာပါဠိ လာရှိသည်နှင့်အညီ၊ ကထိန်ခင်းခြင်းကို ကြောင်းရင်း မူလ သာဝက အမျှားဝယ် အဘယ်ပုဂ္ဂိုလ်တို့သည် ရကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ် တို့သည် မရကုန်သနည်း။

(၁၁) ကထိနံ ကေန အတ္ထရိတဗ္ဗံ၊ ဟု အဋ္ဌကထာ၌ လာသောကြောင့်၊ ပုရိမဝါသား ရဟန်း အမျှားဝယ်၊ အဘယ် ပုဂ္ဂိုလ်သည် ကထိန် ခင်းအပ်လေ သနည်း။

(၁၂) သံဃေန ကဿ ဒါတဗ္ဗံ- ဟု အဋ္ဌကထာ၌ လာသော ကြောင့်၊ သံဃာသည် အဘယ်ပုဂ္ဂိုလ်အား ပေးအပ်လေသနည်း။

(၁၃) ကော ဣမ ဇိဏ္ဏစိဝရော၊ ဟူသောပါဠ်နှင့် အညီ၊ ဤသံဃာအစည်း အဝေး၌ အဘယ် ရဟန်းသည်၊ ရိန္တမ်းဆိုးရွား ခေါင်းပါးသော သင်္ကန်း ရှိ သနည်း။

(၁၄) တေနဟိ ကဿ ဒါတဗ္ဗံ-ဟူသော ပါဠ်နှင့် အညီ၊ ရိန္တမ်း ဆိုးရွား ခေါင်းပါးသော သင်္ကန်းရှိသော ပုဂ္ဂိုလ်မရှိခဲ့သော်၊ အဘယ်သူအား ပေးအပ် လေသနည်း။

(၁၅) ဘတိဟိ အင်္ဂေဟိ သမ္မန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရို တုံ-ဟူသော ပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ အဘယ်မည်သော အင်္ဂါကျေးဇူး ဂုဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ကထိန်ခင်းထိုက်ပါသနည်း။

(၁၆) ကထိနံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရုဟန္တိ-ဟူသော ပရိဝါပါဠိ လာရှိ သည်နှင့်အညီ၊ အဘယ်မည်သော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းသည် ရောက်ပါ သနည်း။

(၁၇) ကိံဝုဓေရာ သမ္ဗန္ဓော- ဟူသောပါဠိ လာရှိသည်နှင့်အညီ၊ သိတင်းကြီး ဖြစ်သော မထေရ်သည် ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါ၏လော။

သာဓု- သာဓု ငါ့ရှင်၊ ဤအင်္ဂါရှစ်စုံ အလုံးစုံကို ဥဿုံဝေခြမ်း၍ သိစွမ်း နိုင်သော သီတင်းကြီးအားပေး၍ ကထိန် ခင်းခြင်းသည် ကောင်းမွန် သင့်တင့်လှ၏။ မြင့်ခေါင်ပြောထု၊ နေရုခရိုင်၊ မဏ္ဍိုင်ခပန်း၊ ယုဂန်စွန်းမှ၊ ကွန်းကွန်း တက်ထိန်၊ ထွန်း မမှိန်သည့်၊ သူရိန် ဖလ်စက်၊ ရောင်ခြည် ယှက်သို့၊ ပြက်ပြက်စည်ပင်၊ ပွင့်လင်းထင်သည့်၊ မြတ်ရှင်သာသနာ၊ ယခုခါတွင်၊ အလှူရှင် များတို့၊ ထွားထွားညွန့်လူ၊ ရွယ်ချူဖိုလ်မင်္ဂ၊ ပန္နက်ကောင်းကျိုး၊ သဒ္ဓါပျိုး၍၊ မျိုးဟောင်း ကဲမောက်၊ မျိုးဆစ် လှောက်လျက်၊ ကြဲဓမောက် ပျိုးချ၊ မျိုးပုည လည်း၊ သုခပွါးတင့်၊ စည်ကြီးမြင့်၍၊ သုံးအင့်ဝဋ္ဋ၊ ဝိပါကတွင်၊ ဒုက္ခပယ်ရှား၊ ကြီးမားစည်းစိမ်၊ ရိပ်ငြိမ်ချမ်းသာ၊ ဘဝါဘဝ၊ သံသာရဍ္ဍ၊ စဒဂပြည့်ဖြိုး၊အမျိုး မြတ်ခြင်း၊ သိတင်းပညာ၊ အင္ဂါရသ၊ သိပ္ပပြည့်စုံ၊ ကုံလုံကြွယ်ဝ၊ ဒါနကံကြွေး၊ ပေး၍ဆင့်ဆင့်၊ ပွါးတက်မြင့်၍၊ ကြီးရင့်ပစေ၊ မြင့်ပေါ်ထွေလျက်၊ သုံးထွေဘုံသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါအနန္တ၊ သုံးဝသာသနာ၊ စောင်မကာသည်၊ ဒေဝါသဏ္ဍ၊ ဝါသဝ နှင့်၊ ဒါန သဘင်၊ ဝင်ကုန် သသူ၊ ရှင်လူ သဒ္ဓါ၊ ကျူကျူ တာလျက်၊ မင်္ဂလာအောင်ဆု၊ ဇေယျတုဖြင့်၊ သာဓုကောင်းချီး ပေးကြစေကုန်သောဝ်။ ။ ကထိန်အမေးပြီး၏။

---

## ၁၁-ကထိန်အဖြေ

ဘန္တေ၊ တို့။ ဣမဿ သိမဠကသံဃဿ၊ ဤ ဥပစာရ သိမ်အတွင်း၌ စည်သော သံဃာတော်အပေါင်းအား။ ဣမံစီဝရံ၊ ဤကထိန်လျာ သင်္ကန်းကို။ ကထိနတ္ထာယ၊ ကထိန်ခင်းခြင်း အကျိုးငှါ၊ နိယျာဒိတံ၊ ဆောင်နှင်း အပ်ပြီ။ ယထာ၊ အကြင် အခြင်းဖြင့်။ ဝိစာရိယ မာနေ၊ စိစစ်အပ်သည် ရှိသော်။ ဝိနယ ကမ္မံ၊ ဝိနည်းကံသည်။ ကပ္ပတိ၊ အပ်၏။ တထာ၊ ထိုအခြင်းဖြင့်။ တုမှေ၊တို့သည်။ ဝိစာရေထ၊ စိစစ်တော်မူကြပါကုန်လော့။ ။တိုက်တွန်း။

အာမ ပုစ္ဆထ ဘန္တေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ ပုစ္ဆထ၊ ပြော် မေးတော်မူပါကုန်လော့။

(၁) ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ-သင်္ဂဟဏတ္တေန ကထိနံ ထိရန္တိ အတ္တော-ဟု ကင်္ခါဝိတရဏီ ဋီကာ၌ လာသောကြောင့်ရင်း၊ ကထိနန္တိ ပဉ္စာ နိသံသေ အန္တောကရဏသမတ္ထတာယ ထိရန္တိ အနတ္တော-ဟု သာရတ္ထဒီပနီဋီကာ,

ဝိမတိ ဝိနောဒနီ ဋီကာတို့၌ လာသောကြောင့်ရင်း၊ အနာမန္တစာရ၊ စသည်ငါးအင်၊ အာနိသင်ကို၊ ပြင်ပဘာခြား၊ မသွားစေမှု၊ အတွင်းပြုခြင်းငှါ၊ စွမ်းနိုင်သည်ဖြစ်၍၊ မြဲမြံခြင်းအနက်ကို ဟောသော ထိရတ္တဝါစီ ရှင်ဗြိအနိပ္ဖန္န ပါဠိပဒိကပုဒ်ဖြစ်သောကြောင့်ရင်း၊ ကထိယတိ ကိစ္စေန ဇီဝတီတိ ကထိနော၊ ကထိနော ဝိယာတိ ကထိနော-ဟူသော ဝစနတ္ထနှင့်အညီ၊ ကောင်းမွန်လှစွာသော မြေပြင်အရပ်ဝယ်၊ မစိုက်မပျိုးဘဲ၊ အလိုအလျောက်၊ ပေါ်ပေါက်လာသောသစ်ပင်ကြီးကဲ့သို့၊ မြဲမြံခိုင်ခံ့၊ တည်တံ့သောအနက်ကြောင့်ရင်း၊ ကထယတေ သီလာဃတေ ဗုဒ္ဓါဒီဟီတိ ကထိနော- ဟူသော ဝစနတ္ထနှင့်အညီ၊ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ကောင်း၏ဟု ချီးမွမ်းအပ်သည် အဖြစ်ကြောင့်ရင်း၊ ဤသို့သောဗျုပ္ပတ်၊ သကတ်ကြောင်းထူး၊ ကျေးဇူး ဂုဏ်သိရ်ကြောင့် ကထိန်မည်ပါသည်ဘုရား။

(၂) တေန ခေါ်ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ-အစရှိသော ဝိနည်းမဟာဝါပါဠိ၌ လာရှိသည်နှင့်အညီ သေဋ္ဌဇေဋ္ဌ၊ ဤသို့စဟု၊ နှုန်းဆမမြှော်၊ ကျေးဇူးကျော်သည်၊ သုံးဘော် ဓမ္မရာဇ်၊ စောရှင်ချစ်သည်၊ မြန်နှင့်မ္ဂဏ်၊ မျက်လှာငြိမ့်၊ သာဝတ္ထိတောင်၊ညိတိုင်းလောင်လျက်၊ ရောင်ကဥ္စနာ၊ ရဲရဲဖြာသည်၊ ရိပ်သာလေသွန်၊ ဇေတဝန်ဗိမာန်၌၊ လေးတန်သောယာပထဖြင့်၊ မျှတတော်မူရာ ဝဿံဝုဠ၊ ဝါမှထ၍၊ သာဝကတန်ထွာဖြင့်၊ ပါဝါပြည်မှသည် သာဝတ္ထိပြည်သို့ ဘုရားရှင်ကို ဖူးမြင်အံ့သောငှါ လာကြကုန်သော ပါဝေယျက ရဋ္ဌဝါသီ နောင်ညီမပျက် ဘဒ္ဒဝဂ်သခင် အရှင်သုံးကျိပ်တို့သည် ရှင်ပင့်ထံမှောက် မတိုင်ရောက်မီ လမ်းခရီးအကြားဝယ် လွန်စွာပြင်းသီး၊ မိုးကြီးထန်စွာ၊ ရွာလတ်ရကား၊ ရွှံ့နွံညွှန်စေး၊ ညစ်ကြေးကပ်ငြိခြင်းရှိသော တိစီဝရိက်သင်္ကန်းတို့ဖြင့် ဆင်းရဲငြိုငြင်ပင်ပန်းကုန်လျက် ရွှေစကြာနှစ်စုံကို ခိုလှုံရောက်ရှိရသည်ဖြစ်၍ ပညတ်အနုခွင့်ပြုတော်မူပါသည်ဘုရား။

(၃) ဝဿာနဿ ပစ္ဆိမော မာသော ဇာနိတဗ္ဗော-ဟု ပရိဝါပါဠိ၌ လာရှိသည်နှင့်အညီ၊ နက္ခတ်အဿဝဏီ၊ ယှဉ်မှီမာသ၊ သီတင်းကျွတ်လ၏ ပြည့်ဝပေါ်တက် ကျော်တရက်မှသည် မိုဃ်းလေးလအဆုံး ဟန်ဆောင်မုန်းလ ပြည့်ထ ပုဏ္ဏမီ တိထီဆန်းတက် ဆဲ့ငါးရက်တိုင်အောင် တလအတွင်း ခင်းအပ်ပါသည်ဘုရား။

(၄) ကထိနဿ ကေ မူလံ သံဃော-ဟု ပရိဝါ၌ ဝိဿဇ္ဇနာစကားကို ဘုရားဟောကြားတော်မူသောကြောင့် သံဃာသည် ကထိန်၏ မူလမည်ပါသည်ဘုရား။

(၅) ကထိနဿ တိဏ္ဏ ဝတ္ထူနံ-ဟု ပရိဝါ၌ ဝိဿဇ္ဇနာ ရှိသောကြောင့် ကိုးထည်သော သင်္ကန်းတို့တွင် ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်အားဖြင့် သုံးထည်သော သင်္ကန်းတို့သည်သာ ကထိန်၏ဝတ္ထု မည်ပါသည်ဘုရား။

(၆) ကထိနဿ ဆ ဘူမိယော-ဟု ပရိဝါ၌လာသောကြောင့်၊ ဇာတ်တူ ပေါင်းထ၊ ခေါမတိုင်းဖြစ်၊ ပိုးစစ်ဝါချည်၊ လျှော်ချည်ကမ္ဗလာ၊ ငါးဖြာရော ရှက် ရက်အပ်သော ပုဆိုးအားဖြင့် ကထိန်၏ အရာဖြစ်သော ပုဆိုးတို့သည် ခြောက်ထည်အပြား ရှိပါသည်ဘုရား။

(၇) ယေနကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ-ဟု ဝိနည်းမဟာဝါအဋ္ဌကထာ၌ လာသောကြောင့်၊ ဗြဟ္မာ နတ်လူ ငါးဦးသော သီတင်းသုံးဘော်တို့တွင် အမှတ်မရှိသောသူတို့သည် လှူအပ်သောသင်္ကန်းဖြင့် ကထိန်ခင်းအပ်ပါသည်ဘုရား။

(၈) ဣမံ ကထိနစီဝရံ သံဃဿ ဒေမာတိ ဝတ္တဗ္ဗံ-ဟု ၎င်းအဋ္ဌကထာ၌ လာသောကြောင့်၊ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-ဟု ဆို၍ လှူအပ်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်ပါသည်ဘုရား။

(၉) သတ္တရသဟိ အာကာရေဟိ အတ္ထတံ ဟောတိ ကထိနံ-ဟူသော ပရိဝါပါဠိ လာရှိသည်နှင့်အညီ၊ တပါးသောသူကိုထားဘိ နှစ်ပါးသောမိခင်, ဘခင်တို့အားသော်လည်း စကားနိမိတ် ကြောင်းရိပ်အလို ပြောဆိုတောင်းရမ်း ခြင်းမရှိ၊ ပကတိအလိုအလျောက် ပေါ်ပေါက် ဖြစ်ထွန်းလာသော သင်္ကန်း စသော တဆဲ့ခုနစ်ပါးသော အခြင်းအရာဖြင့်သာ ခင်းအပ်ပါသည်ဘုရား။

(၁၀) ဂဏ္ဌာဝသေန တာဝ ပစ္ဆိမ ကောဋိယာ ပဉ္စဇနာ လဗ္ဘန္တိ- အစရှိသော ဝိနည်းမဟာဝါ အဋ္ဌကထာပါဠိ လာရှိသည်နှင့် အညီ၊ ပဌမဝါမှ ထမြောက်၍ ငါးယောက်အယုတ်ဆုံးရှိသော ရဟန်းတို့သည် ကထိန်ခင်းခြင်း ကို ရကုန်၏။ ပစ္ဆိမဝါသားရဟန်း၊ ငါးယောက်အောက် ယုတ်သောရဟန်း၊ ဝါကျိုးဝါပျက်သောရဟန်း၊ တိုက်တပါးနေသော ရဟန်းတို့သည် ကထိန်ခင်း ခြင်းကို မရပါဘုရား။

(၁၁) ယဿ သံဃော ဉတ္တိဒုတိယ ကမ္မေန ဒေတိ၊ တေန အတ္ထရိတဗ္ဗံ-ဟု အဋ္ဌကထာ၌လာသောကြောင့် အကြင်ပုဂ္ဂိုလ်အား သံဃာသည် ဉတ္တိဒုတိယ ကမ္မဝါစာဖြင့်ပေး၏။ ထိုပုဂ္ဂိုလ်သည် ကထိန်ခင်းအပ်ပါသည်ဘုရား။

(၁၂) ယော ဇိဏ္ဏစီဝရော ဟောတိ၊ တဿ ဒါတဗ္ဗံ-ဟု အဋ္ဌကထာ၌ လာသောကြောင့်၊ အကြင်ရဟန်းသည် ရိန္နမ်းဆိုးရွား ခေါင်းပါးသောသင်္ကန်း ရှိ၏။ ထိုရဟန်းအား ပေးအပ်ပါသည်ဘုရား။

(၁၃) နတ္ထိ ဓေတ္တ ဇိဏ္ဏစိဝရော-ဟူသော ပါဠိနှင့်အညီ၊ ပုဗ္ဗေကတ၊ ပုည အထူးကို ဖြည့်ဆည်းပူးခဲ့သည့် ပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြ၍၊ ဤသံဃာ အစည်း အဝေး၌ ရိန္ဒမ်းဆိုးရွား ခေါင်းပါးသောသက်နိုးရှိသောပုဂ္ဂိုလ် မရှိပါဘုရား။

(၁၄) ဝုဍ္ဎာ ဒါတဗ္ဗံ-ဟု အဋ္ဌကထာ၌ လာသောကြောင့်၊ သိက္ခာဝါ အားဖြင့် သာလွန်ကြီးရင့်သော ပုဂ္ဂိုလ်အားသာ အပ်ပါသည်ဘုရား။

(၁၅) အဋ္ဌဟိ အင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိ တုံ-ဟူသော ပရိဝါပါဠိ လာရှိသည့်နှင့်အညီ၊ ပုဗ္ဗကရဏခုနစ်ပါးကို သိခြင်း၊ ပစ္စုဒ္ဓိရ်သုံးပါးကိုသိခြင်း၊ အဓိဋ္ဌာန်သုံးပါးကိုသိခြင်း၊ ခင်းသောအစီအရင်ကို သိခြင်း၊ နုတ်သော အစီအရင်ကိုသိခြင်း၊ မာတိကာရှစ်ပါးကို သိခြင်း၊ ပလိ ဗောဓနှစ်ပါးကိုသိခြင်း၊ အာနိသင် ငါးပါးကိုသိခြင်း၊ ဤအင်္ဂါရှစ်ပါးနှင့်ပြည့် စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းထိုက်ပါသည်ဘုရား။

(၁၆) သီမဋ္ဌော အနုမောဒတိ-အစ ရှိသော ပရိဝါ ပါဠိ လာရှိသည့်နှင့် အညီ၊ ဥပစာရ သိမ်အတွင်း၌ တည်လျက်၊ နုတ်မြွက်သောအား၊ သူတပါးကို ကြားသိနားလည်စေသဖြင့်၊ အနုမောဒနာပြုသော ပုဂ္ဂိုလ်အား ကထိန်ခင်းခြင်း ရောက်ပါသည်ဘုရား။

(၁၇) အာမ သမ္ပန္နော- ဟူသောပါဠိ လာရှိသည့်နှင့် အညီ၊ သီတင်းကြီး ဖြစ်သော မထေရ်သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါ၏ ဘုရား။

ကထိန်အဖြေပြီး၏။

---

## ၁၂-ကထိန်တရေး

နဝဟိ ဂုဏေဟိ ပုဂ္ဂလော- သဘောတရား၊ ကျမ်းစကားနှင့် လျော်ညီစွာ၊ ကာမ,ရူပ,အရူပဟု၊ ဘဝသုံးဖြာ၊ စ,ဆုံးရာမရ၊ ရှည်လျားစွာလှသော၊ သံသ ရာသမုဒ္ဒါ၊ စက်ရဟတ်၌၊ လူ,ရွာ နတ်ပြည်၊ ကျင်လည်စေကြောင်း၊ ခြိမ်း မောင်းသောနည်း၊ ချုပ်တည်းသော အရောင်၊ ချည်နှောင်သောအလား၊ ချော့ မော့၍ ထားဘိသကဲ့သို့၊ ကာမဂုဏ်၌၊ နှစ်လိုခုံမင်၊ ပျော်ရွှင်စုံမက်၊ နှစ်သက် စေတတ်သော လောဘ၊ မုန်ကျသော ဆင်ပြောင်ကြီး၏ ပုံသဏ္ဌာန်၊ အဆိပ် ထန်သော မြွေနဂါးကဲ့သို့၊ သူတပါးတို့ကို မကြည်ညို မနှစ်သက်၊ အမျက် ထွက်ခြင်း တည်းဟူသော ဒေါသ၊ လက္ခယ် သန်းခေါင်၊ တိမ်တောင်ဖုံးအုပ်၊ ချုံရှုပ်ထူတက်၊ လေးချက်သော အင်္ဂါ၊ ဆုံလာ ကြုံကြိုက်၊ အမိုက်တကာ၊ ရှိ လေရာထက်၊ သာလွန်ကဲမိုက်၊ အမြိုက်သစွာ၊ ပန်းလေးဖြာကို၊ မပန်သာအောင်၊ ရှေ့ဆောင် နောက်တွဲ၊ လက်ဝဲ လကျာ၊ ထက်ကာအောက်သီး၊ မှောင်တိုက်

ကြီးကဲ့သို့၊ ဖုံးလွှမ်းတတ်သော မောဟ၊ တွင်းငယ်၏ အဝတွင်၊ လက်နှစ်သစ်
ခန့်မျှလောက်သော၊ ကက္ကဋ္ဌ ဗုဇ္ဇန်ကောင်သည်၊ ဆင်ပြောင်ကြီး၏ လည်သည်း
ကိုအဖြတ်၊ ညှပ်မည့်စိတ်ကာ၊ မာန်စောင်ထ၍၊ လက်မကိုထောင်၊ ယောင်မှား
သော အဟန်ကဲ့သို့၊ မှန်ကင်းအလား၊ ငါဘကားဟု၊ ကြိမ်းဝါး တတ်သော
မာန၊ အမြင်အယူဝါဒ၊ ယွင်းခွ မှောက်မှား၊ တရား လမ်းကြောင်း မမှန်၊
ဘောက်ပြန်သော အမြင်အယူရှိသော ဒိဋ္ဌိ၊ မိမိသဘော၊ မဟုတ်သလော၊ ဟုတ်
သလောဟု တွေးတောခြင်းမကုန်၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်း တည်းဟူသော
ဝိစိကိစ္ဆာ၊ နှုတ်ကတပါး၊ စိတ်တခြားသို့၊ ဘောက်ပြန်သော အစု၊ နှစ်ခိုက်
ပျော်ရွှင်၊ ပေါ်လွင်စေတတ်သော ဥဒ္ဓစ္စ၊ နုတ်ရွှာနိဗ္ဗာန်၊ စံရအံ့သောအကြောင်း၊
ကောင်းမှု၌ မပျော်ပိုက်၊ မိန်းမောငိုက်မျည်း၊ တွေဝေစေတတ်သော ထိန၊
မြေ၏အပြင်၊ ရွှံမစင်ကို၊ ခုံမင်နှစ်သက်၊ နှာတံဖြင့်ယက်သော ဝက်အတု၊ မကောင်း
မှု၌၊ ပြုကာရက်ရက်၊ စက်ဆုပ်ခြင်း မရှိသော အဟိရိက၊ မီးတောက် မီးလျှံ
ကိုမျှ၊ မကြောက် မလန့်၊ ရဲဝံ့ အားကိုး၊ တိုးဝှေ့ တတ်သော ပိုးနှံကောင်၏
ဥပမာ၊ မထိတ်မလန့် တတ်သော အနောတ္တပ္ပ၊ ကြမ်းကြုတ်လှသော တက်မ
တပ်ဦး၊ စစ်မှူးဗိုလ်ပွဲ၊ စစ်ကဲနားခံ၊ လက်မယှဉ်ထောင်၊ နှောင်အိမ် စောင့်ထိန်း၊
အစိမ်းအမှည့်ကို မရွေး၊ နီးဝေးမဟူ ၊တကူးလှမ်းကမ်း၊ အစွမ်းသတ္တိ ရှိကြသည်
အတန်တန်၊ ဘွဲ့ခံဆုရ၊ ကိလေသနဂို၊ ထိုဆယ်ပါး တို့နှင့်၊ သက်ဝင် မခြား၊
လက်သားအစစ်၊ သုံးဘုံခေတ်တွင်၊ သောက်ရစ်ဘိ သကဲ့သို့၊ ဖြစ်စေတတ်သော
အာသဝ၊ မြစ်မဘတန်၌ နစ်မွန်းမျောပါးအောင် စီးသကဲ့သို့ ပါတတ်သော
ဩဃ၊ သံသရာဝဋ် ဆင်းရဲ၌၊ စွဲလမ်း၍ မကင်း၊ ယှဉ်စေခြင်း တည်းဟူသော
ယောဂ၊ ဘဝတို့၌ တဖိုက်ဖိုက် တဟုံးဟုံး၊ ထုံးတတ်၊ ရစ်တတ်၊ လေ့လာ
စေတတ်သော ဂန္ထ၊ ကြုပ်ကြုပ်မြဲမြဲ အာရုံကို စွဲလမ်းတတ်သော ဥပါဒါန်၊
ကုသိုလ် အစုကောင်းမှုကို မြစ်တား၍ ပညာတရား တည်းဟူသော အမြင်ကို
ပိတ်ပင်ဆီးဆို့တတ်သော နီဝရဏ၊ သံသရာရှည်လျား၊ ဝဋ်သုံးပါး၌၊ ခံစား
ပျော်မှိန်း၊ ကိန်းအိပ်စေတတ်သော အနုသယ၊ ဘဝတည်းဟူသော သံသရာ
စက်မှ၊ ထွက်မြောက် ခြင်းငှါ၊ မလွတ်သာအောင်၊ ဆယ်ဖြာသော အာပတ်
ဖြင့်၊ အထပ်ထပ်ရစ်ပိုး၍၊ ကိုးလွှန်းတင်ကြိုး၏ အရောင်၊ ချည်နှောင်ဖွဲ့ချုပ်
သော သံယောဇဉ်၊ ပေါင်းယှဉ်ကြသည် အတန်တန်၊ နာမ်တောပညာသ၊
အဋ္ဌာရသ နိပ္ဖန္နရုပ်တရား၊ လေးပါးသော လက္ခဏာရုပ်၊ ပေါင်းချုပ် တွက်ဖွဲ့၊
ခုနစ်ဆဲ့ငါး၊ ထိုတရားတို့ကို၊ ကိလေသာစစ်မှူး၊ ထိုဆယ် ဦးတို့နှင့်၊ ပူးပေါင်း
ရောရှက်၊မြောက်ပွါး၍ တက်သောကြောင့်၊ ကြောက်မက်ဘွယ်မျှ၊ ခုနစ်ရာ့
ငါးဆယ်၊ ကြီးကျယ်အဇ္ဈတ္တ၊ ဗဟိဒ္ဓလည်း၊ ခုနစ်ရာ့ ငါးဆယ်၊ နှစ်သွယ် နှစ်
ကြောင်း၊ ချိန်းသောင်းမြားမြောင်၊ တထောင့် ငါးရာသော၊ စစ်အင်္ဂါ လေး

ပါးတို့နှင့်၊ အစုံအပြည့်၊ မွန်းတည့်သော နေအရှိန် လင်းသကဲ့သို့၊ ဘုန်းတန်းခိုးတို့နှင့် အစိုးရသော မင်းတို့သည်၊ တယောက်ကို တယောက်၊ ထွင်းဘောက်ဖျက်ဆီးခြင်းငှါမတတ်စွမ်းနိုင်၊ ခိုင်ခံ့ဘင်းမာ၊ ကိလေသာတည်းဟူသော ရန်သူကြီးကို၊ ကိုယ်ထည်း စက်စက်၊ လက်နက် မဓဆောင်၊ ဉာဏ်တော် ရောင်ဖြင့်၊ နောက်သို့မကြွင်း၊ သန့်ရှင်းခုတ်ထွင်၊ တိုက်သုတ်သင်၍၊ အောင်မြင်တော်မူပြီးသော၊ လောကအထွဋ်၊ သဗ္ဗညု ရှင်တော်ဘုရားသည်။ ။မိဂဒါဝုန်၊ စုံညီဘင့်ဆန်း၊ ဥယျာဉ်နန်း၌၊ လျှောင်း,ထိုင်, ရပ်,သွား,လေးပါးသော ဣရိယာပထ၊ သပ္ပါယဖြင့် မျှတရှင်ပျော် သီတင်းသုံးနေတော်မူသောအခါဝယ်၊ ပဉ္စဝဂ္ဂီအမှူးရှိသော တဆဲ့ရှစ်ကုဋေသော နတ်ဗြဟ္မာ အပေါင်းတို့အား တရားတည်းဟူသော စက်ရတနာကို ကောင်းစွာဟောဘော် လည်စေတော်မူလျက် မဂ်အမြိုက်ဆေးကို တိုက်ကျွေးဝေငှတော်မူ၍ ပဌမဝါသကျွတ်လျှင် အစဉ်အတိုင်း ဝေနေယျာတို့အား တရားမဂ်ရည်လှည့်လည်ဖျန်းဆွတ်ချွတ်လွယ်ခြင်းငှါ ဒေသစာရီဖြန့်ချီလှည့်လည်တော်မူသည်ရှိသော် ကောသလမင်း၏ အိမ်နိမ့်ဘဒ္ဒဝဂ္ဂီညီနောင်မင်းသား သုံးကျိပ်တို့သည် ကပ္ပါသဘောအုပ်၌ ဘုရားသခင်ကို ဖူးမြင်ရ၍ ရှိသေစွာဆည်းကပ်ကုန်လျက် အလုံးစုံသော မင်းသားတို့သည် ဘုရားအထံတော်မှ ဧဟိဘိက္ခု ရဟန်းဆုကို ရကြကုန်၍ ဓုဘင်၏အစွမ်းအားဖြင့် သုံးထည်သောသင်္ကန်းကိုသာ အခါခပ်သိမ်း ဆောင်ခြင်း၊ ဓုဘင်၏အစွမ်းဖြင့် တောကျောင်း၌သာ အခါခပ်သိမ်းကိန်းဝပ်ခြင်း၊ ဓုတင်၏အစွမ်းဖြင့်သာ အခါခပ်သိမ်း အိမ်စဉ်မချန်ဆွမ်းခံလှည့်လည်ခြင်းစသော စာရိတ္တသီလ ပဋိပတ်၌ စင်ကြယ် လွန်မင်းပြင်းထန်သောအကျင့်ရှိကုန်ရကား များမကြာမီပင် အကြီးဆုံးမင်းသားရဟန်းကား ဂုဏ်အားဖြင့်အနာဂါမ်၊ အငယ်ဆုံးမင်းသားရဟန်းကားဂုဏ်အားဖြင့် သောတာပန်ဖြစ်၍ ကောသလတိုင်းသာဝတ္ထိပြည်ကြီး၏အနောက်မျက်နှာ၊ပါဝေယျကတိုင်းအရပ်မှ ဘုရားရှင်ကိုဖူးမြင်ခြင်းငှါ လာကြကုန်သည်ရှိသော် မရောက်မမှီနိုင်ကြရကား ခရီးအကြား သာကေတမြို့၌ ဘုရားရှင်ကို မဖူးမြင်ရသေးမီ ဆင်းရဲဒုက္ခဖြင့် ငြိုငြင် ပင်ပန်းစွာ ဝါတွင်း သုံးလပတ်လုံး လွန်စေလျက် အလုံးစုံသော ရဟန်းတို့သည် ဝါမှထသောနေ့၌ပင် ထက်ဝန်းကျင် နင်းတိုင်းနင်းတိုင်းသော လမ်းခရီးမြေပြင်အရပ်၌ ရေနှင့်တပြိုင်နက် ဖမျက်ပုဆစ် ကျွံနစ်သော ရွှံနွံညွန်စီး ပြည့်ခပ်ဘိသော ရေယဉ် ကမ်းစောင်း၊ ချောင်းမြောင်း တဘက်ဆည်းကန်တို့ကို သက်ဆင်း၍ ငြိုငြင်ပင်ပန်းစွာ လာရကုန်ငြားသော်လည်း ဘုရားရှင်ပညတ်တော် မူအပ်သော တိစီဝရိက် သင်္ကန်း တော်ကို အလျှော်ဟတ္ထပါသ်အတွင်းမှ မကင်းလွတ်စေဘဲ သိက္ခာပုဒ်တော်ကို ရှိသေစွာ ကျင့်ဆောင်၍ နတ်တို့၏ ဗိမာန်နှင့် တူလှစွာသော ဇေတဝန်ကျောင်းတော်ကြီးသို့ ရောက်လျှင် တစုံတယောက်မျှ မဆည်းတန့်ရပ်ဘဲ ဘုရားရွှေစက်တော်အစုံ ကြည်ရှုညွှတ်ခိုက်

(ပြည်ကြီးမဏ္ဍိုင်)

ဦးဖြင့်ဘိုက်၍ အပြစ်ခြောက်ပါးကင်းလွတ်သောနေ့၌အချိန်မှ ကုဋေဒြောရှိကြာ ပွင့်သစ်ပန်းသာ၍အခါ ဝန်းချင်းထိပ်ဘည်း၊ တည်းဘည်းပြည့်သော ဘိုးသခင်း သန့်ရှင်းသော ရွှေကြေးမုံအပြင်ကဲ့သို့ ပကတိလူနတ်ဘို၏ မျက်စိကိုမဆိုထား ဘိဦး၊ သားငှက်တိရစ္ဆာန်တို့၏ မျက်စိကိုပင် ကြည်လင်နှစ်သို့ ပွါးဖြိုးစေတက် သော ဘုရား ရွှေမျက်နှာတော်ကို ဖူးမျှော်ကြကုန်သည်ရှိသော်၊ အနုတ္တရဓမ္မ ရာဇာဖြစ်တော်မူသော လောကဲသေဌ်နင်း တရားမင်း ဘုရားသည်သည်း၊ ယခု အခါသော ရောက်လာကုန်ဆဲသော အာဂန္တုက ရဟန်းတို့နှင့် အဘူတကွ၊ ဝေနေယျတို့၏ အလိုစရိုက်ကို စုံစမ်းမေးမြန်း၊ ပြောဟော်တော မူမှု ဓမ္မဘာ ဖြင့် ဘုရားသဗ္ဗည့် ကျင့်ဝတ်ကို မလွတ်စေမူ၍ ထိုရဟန်းတို့ ကြားလျှောက် သောနေရပ် ခရီးလမ်းတာ လာသောအခြင်းအရာ ဥဿုံ၊ အလုံးစုံကို စေ့စုံ မကျန်း၊ နာခံစေ့ငုံ၊ နှလုံးပြုတော်မူပြီးမှ၊ ထိုအခါသမယ၊ ကာလအားလျော် သော ဒေသနာတော်ဖြင့် အလုံးစုံသော ပါဝေယျကတိုင်းအရပ်မှ လာကြကုန် ၍ ပါဝေယျက အမည်ရှိသော ဘဒ္ဒဝဂ္ဂီ ညီနောင်မင်းသား ရဟန်းအများ သုံးကျိပ်သားတို့ကို၊ တနေရာတည်း၌သာ၊ ရဟန္တာအဖြစ်သို့ ရောက်စေတော် မူပြီး သော အဆုံး၌၊ သုံးကျိပ်သော ညီနောင်မင်းသား ရဟန်းများတို့၏ သင်္ကန်း တိစီဝရိက်နှင့် မကင်းမကွေ ရှိသေစွာ ကျင့်ဆောင်ကုန်သည်ကို အကြောင်းပြု၍၊ ရဟန်းတို့အား ငါးပါးသော အာနိသံသ၊ လှူဒါန်းပူဇော်ကြကုန်သော ဒါ ယကာတို့အား၊ များစွာသော အကျိုးအာနိသင်ရှိ၍ ဟူ၍ ပဒုမုတ္တိုရ် အစ ရှိ သော နောင်တော်ရှင်စောဘုရားတို့သည်၊ ဟောကြား မြွက်ဘော်၊ ပညတ် တော်မူပြီးလျှင်၊ ကိုယ်တော်တိုင် စီရင်မြဲ ကထိန်လျှာ သင်္ကန်းကို၊ ခွဲခြမ်းမြွက် ဘော် ပညတ်တော် မူခြင်းငှါ။ ။အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုတ္ထာနံ ဘိက္ခူ နံ ကထိနံ အတ္ထရိတုံ စသည်ဖြင့် ကထိန်ခေတ်အတွင်း၊ ခင်းသင့်သော ကာလ၊ ခင်းရမည့် အစီအရင်၊ သံဃာအများ၊ ထေရ်ဘုရားတို့၏ ဘောင်၌၊ ခံထိုက်သော ရဟန်း၏ စွမ်းရည်သတ္တိ၊ အာနိသင်စသည် အပြားရှိသော ဝိနည်း အနုညာတ် ကို၊ ထပ်ဆင့်မြွက်ဘော် ပညတ်တော်မူပြီးသော အဆုံး၌၊ ကထိန် သင်္ကန်းကို၊ လှူဒါန်းပူဇော်ကုန်ပြီးသော၊ ယခုအခါ အကြွင်ဒါယကာ, ဒါယိကာမ၊ သပ္ပု ရိသ၊ ကုသိုလ်လိုလား၊ အမျိုးသားတို့အား၊ ရရာသော အကျိုး အာနိသံသကို ဟောပြတော်မူခြင်းငှါ—

ယာဝ အကနိဋ္ဌာ ဒေဝါ၊ သုဝဏ္ဏံ ရဇတံ ဗဟုံ။
နာနာရတနရာသိံ စ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
ဧက ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

သတံဟတ္ထိ သတံအဿာ၊ သတံအဿ တရီရထာ။
သတံကညာ သဟဿာနိ၊ အာမုတ္တ မဏိကုဏ္ဍလာ။
ဧကေ ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

ယတ္တကေစ ပရိက္ခာရေ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
ဧကေ ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

စတုရာသီတိသဟဿေ၊ ကာရာပေတွာန ဝိဟာရေ။
ပလ္လင်္ကေ ရတနမယေ၊ ဒဒေ သံဃဿ သဗ္ဗဒါ။

တံတံဒါနံ မဟပ္ဖလံ၊ ဝိပုလံ သုခဒါယကံ။
ဧကေ ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

သုဝဏ္ဏမယပါသာဒံ၊ ရတနဝိစိတ္တံ ကတွာ။
ဥဒ္ဒိယာဝ အကနိဋ္ဌာ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
တမ္ပိဒါနံ မဟပ္ဖလံ၊ ဥဋ္ဌာရံ သုခကာရဏံ။
ဧကေ ကထိနဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

ယသ္မာစာပတ္တိံ နာသေတိ၊ ဘိက္ခုနံ ကထိနဒါနံ။
တသ္မာ တံ သဗ္ဗဒါနေဟိ၊ အတိဒါနံ ဝုတ္တံ မယာ။

တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ သုခမတ္တနော။
သမ္မတေ ကထိနခေတ္တေ၊ ဒဒေ သံဃဿ ကထိနံ။

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ သံသရာဘေး လေးသောဝန်ကို အလွန်ကြောက်တတ်ကြကုန်သော သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သံဃဿ၊ သံဃာတော်မြတ်အား။ ယာဝ အကနိဋ္ဌာဒေဝါ၊ အကနိဋ္ဌ ဗြဟ္မာ့ဘုံ တိုင်အောင်။ ဗဟုံ၊ များစွာသော။ သုဝဏ္ဏံ၊ ရွှေကို၎င်း။ ရဇတံ၊ ငွေကို၎င်း။ နာနာရတနရာသိံ စ၊ အထူးထူးသော ရတနာအစုကို၎င်း။ ဒဒေ၊ လှူဒါန်းပူဇော်ငြားအံ့။ တံ၊ ထိုသို့လှူပြည့်မှု၊ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် များလှစွာသော ရွှေငွေရတနာ အစုတို့ကိုပုံ၍ လှူဒါန်းပူဇော်ရသော အလှူသည်။ ဧကေ ကထိနဒါနဿ၊ တခါတကြိမ် ကထိန်သင်္ကန်း လှူဒါန်းပူဇော်ရခြင်း၏။ ဖလံ၊ အကျိုးကို။ သောဠသိံ၊ နှစ်ရာ့ငါးဆဲ့ခြောက်စိတ်စိတ်၍။ ကလံ၊ တစိတ်မျှ။ နဂ္ဃတိ၊ မတူနိုင်။

ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ သတံဟတ္ထိသဟဿာနိ၊ ဆင်အသိန်းတို့ကို၎င်း။ သတံအဿသဟဿာနိ၊ မြင်းအသိန်းတို့ကို၎င်း။ သတံအဿတရီရထသဟဿာနိ၊

အဿတိုရ်မြင်းကဲ့သောရထားအသိန်းတို့ကိုရင်း။ အာမုတ္တမဏိကုဏ္ဍလာ၊ ပတ္တမြားနားဒေါင်း ဆင်ဝတ်ကုန်သော။ သတ္တကညာ သဟဿာနိ၊ သတို့သမီး အသိန်းတို့ကိုရင်း။ လဘော၊ ရငြားအံ့။ တံ၊ ထိုနေ့တိုင်း နေ့တိုင်း၊ ဆင်အသိန်း၊ မြင်း အသိန်း၊ ရထားအသိန်း၊ သတို့သမီးအသိန်းတို့ကို ရခြင်းသည်။ ဧကေ ကထိန ဒါနဿ၊ ၏။ ဖလံ၊ ကို။ သောဠသိံ၊ ၌။ ကလံ၊ မျှ။ နဂ္ဃတိ၊ နိုင်။

သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ သံဃဿ၊ အား။ ယတ္တကော၊ အကြင်မျှလောက်ကုန်သော။ ပရိက္ခာရေစ၊ ကထိန်သင်္ကန်းမှ တပါးကုန်သော ပရိက္ခရာတို့ကိုလည်း။ ဒဒေ၊ လှူဒါန်းပူဇော်ငြားအံ့။ တံ၊ ထိုပရိက္ခရာအလှူသည်။ ဧကေ ကထိနဒါနဿ၊ ၏။ ဖလံ၊ ကို။ သောဠသိံ၊ ၌။ ကလံ၊ မျှ။ နဂ္ဃတိ၊ နိုင်။

သဗ္ဗဒါ၊ သိမ်း။ သံဃဿ၊ အား။ စတုရာသီတိသဟဿေ၊ ရှစ်သောင်းလေးထောင်ကုန်သော။ ဝိဟာရေစ၊ ကျောင်းတို့ကိုရင်း။ ရတနမယေ၊ ရတနာဖြင့် ပြီးကုန်သော။ ပလ္လင်္ကေစ၊ ညောင်စောင်း အင်းပျဉ်ပလ္လင်တို့ကိုရင်း။ ကာရာပေတွာ၊ ဆောက်လုပ်ပြုပြင် စီရင်စေ၍။ ဒဒေ၊ အံ့။ တံတံဒါနံ၊ ထိုထို ညောင်စောင်း အင်းပျဉ်ပလ္လင်အလှူသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိသည်။ ဝိပုလံ၊ ပြန့်ပြောသည်။ သုခဒါယကံ၊ ချမ်းသာကိုပေးတတ်သည်။ ဘတိသန္တေပိ၊ ရှိသည် ဖြစ်ငြားပါသော်လည်း။ ဧကေ ကထိနဒါနဿ၊ ၏။ ဖလံ၊ ကို။ သောဠသိံ၊ ၌။ ကလံ၊ မျှ။ နဂ္ဃတိ၊ နိုင်။

သဗ္ဗဒါ၊ သိမ်း။ သံဃဿ၊ အား။ ဥဒ္ဒံယာဝ အကနိဋ္ဌာ၊ အထက်အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင်။ ရတနဝိစိတ္တံ၊ ရတနာတို့ဖြင့် ဆန်းကြယ်သော။ သုဝဏ္ဏမယံပါသာဒံ၊ ရွှေဖြင့်ပြီးသော ပြာသာဒ်ကို။ ဒဒေ၊ အံ့။ တမ္ပိဒါနံ၊ ထိုရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေပြာသာဒ် အလှူသည်လည်း။ မဟပ္ဖလံ၊ များသော အကျိုးရှိသည်။ ဥဠာရံ၊ ပြန့်ပြောစွာသော။ သုခကာရကံ၊ ချမ်းသာ ခြင်း၏ အကြောင်းသည်။ သတိသန္တေပိ၊ ရှိသည်ဖြစ်ငြားပါသော်လည်း။ ဧကေ ကထိန ဒါနဿ၊ ၏။ ဖလံ၊ ကို။ သောဠသိံ၊ ၌။ ကလံ၊ မျှ။ နဂ္ဃတိ၊ နိုင်။

ကသ္မာ၊ ကား။ ယသ္မာ၊ ကြောင့်။ ကထိနဒါနံ၊ ကထိန်အလှူသည်။ ဘိက္ခူနံ၊ တို့အား။ အာပတ္တိံ၊ ငါးပါးသောအကြောင်းဖြင့် အာပတ်သင့်ခြင်းကို။ နာသေတိ၊ ဖျောက်တတ်၏။ တသ္မာ၊ ကြောင့်။ တံ၊ ထိုကထိန်သင်္ကန်းအလှူကို။ သဗ္ဗဒါနေဟိ၊ ခပ်သိမ်းကုန်သောအလှူတို့ထက်။ အတိဒါနံ၊ လွန်သောဒါန၊ ထူးသော ဒါနဟူ၍။ မယာ၊ ငါဘုရားသည်။ ဝုတ္တံ၊ အပ်၏။ တသ္မာဟိ- တသ္မာဝ၊ ထိုကြောင့် သာလျှင်။ ပဏ္ဍိတော၊ ပညာ အမြော်အမြင် အဆင်အခြင်နှင့် ပြည့်စုံသော။ အတ္တနော၊ မိမိ၏။ သုခံ၊ ကောင်းကျိုးချမ်းသာကို။ သမ္ပဿံ သမ္ပဿန္တော၊

ကောင်းစွာရှုသော။ ပေါသော၊ သတ္တဝါသည်။ သမ္မတော၊ ဘုရားအရှင်၊ သံဃာ်ရှင် မြွက်ဟောဘော်၊ ပညတ်တော်မူအပ်သော။ ကထိနခေတ္တေ၊ ကထိန်ခေတ်၌။ သံဃဿ၊ အား။ ကထိနံ၊ ကထိန်သင်္ကန်းကို။ ဒဒေ၊ လှူဒါန်းပူဇော်ရာ၏။

အဓိပ္ပါယ်ကား၊ ချစ်သားရဟန်းတို့၊ ခပ်သိမ်းသောအခါ၌ သံဃာတော် မြတ်တို့အား ဤလူ့ပြည်မှ အကနိဋ္ဌ ဗြဟ္မာ ဘုံတိုင်အောင် များစွာသော ရွှေငွေရတနာအစု အလှူသည်၊ တခါတကြိမ် ကထိန်သင်္ကန်း လှူဒါန်းပူဇော်ခြင်း၏ အကျိုးကို ၂၅၆-စိတ် စိတ်၍ တစိတ်ကိုမျှ မတူနိုင်သည့်သာဖြစ်၏။ ။ နေ့တိုင်းနေ့တိုင်း ဆွမ်အသိန်း၊ မြင်းအသိန်း၊ အဿတိုရ်မြင်းကသောရထား အသိန်း၊ ပတ္တမြားနားဒွေါင်း ဆင်ဝတ် ကုန်သော သတို့သမီး အသိန်းတို့ကို ရခြင်းသည်၊ တခါတကြိမ် ကထိန်သင်္ကန်း လှူဒါန်းပူဇော်ရခြင်း၏ အကျိုးကို ၂၅၆-စိတ်စိတ်၍ တစိတ်ကိုမျှ မတူနိုင်သည်သာ ဖြစ်၏။ ။ကထိန်သင်္ကန်း လှူဒါန်းပူဇော်ရာသော ကာလမှတပါးသော ခပ်သိမ်းသောအခါ၌၊ သံဃာ တော်မြတ်တို့အား လျောက်ပတ်သော ပစ္စည်း ပရိက္ခရာကို များစွာလှူဒါန်း ခြင်းသည်လည်း၊ တခါတကြိမ် ကထိန်သင်္ကန်း လှူဒါန်း ပူဇော်ရခြင်း၏ အကျိုး ကို ၂၅၆-စိတ်စိတ်၍ တစိတ်ကိုမျှ မတူနိုင်သည်သာဖြစ်၏။ ။ပစ္စည်း လှူခွင့် သင့်တင့်လျောက်ပတ်သော ခပ်သိမ်းသောအခါ၌၊ သံဃာတော်မြတ် တို့အား ၈၄၀၀၀-သောကျောင်း, ဇေယောင်စောင်း, ရတနာပလ္လင် အင်းပျဉ်နေရာများ စွာကို လှူဒါန်းပူဇော်ငြားအံ့၊ ထိုအလှူသည်၊ များစွာသော အကျိုးရှိသည့်၊ ပြန့်ပြော စည်ပင်ချမ်းသာကို ပေးနိုင်သော်လည်း၊ တခါတကြိမ် ကထိန် သင်္ကန်း လှူဒါန်းပူဇော်ရခြင်း၏အကျိုးကို ၂၅၆-စိတ်စိတ်၍ တစိတ်ကိုမျှ မတူ နိုင်သည်သာဖြစ်၏။ ။ပစ္စည်းလှူခွင့် သင့်တင့်လျောက်ပတ်သော အခါခပ်သိမ်း သောအခါ၌၊ သံဃာတော်မြတ်တို့အား၊ ဤလူ့ပြည်မှ ဗြဟ္မာဘုံတိုင်အောင် ကြီးမြင့်တင့်တယ်စွာ ရတနာတို့ဖြင့် ဆန်းကြွယ်သော ရွှေပြာသာဒ်ကိုဆောက် လုပ်၍ လှူဒါန်းပူဇော်ငြားအံ့၊ ထိုအလှူသည် များစွာသော အကျိုးရှိသည့်၊ ပြန့်ပြောစည်ပင်စွာ ချမ်းသာသုခ၏ အကြောင်းဖြစ်ငြားသော်လည်း၊ တခါ တကြိမ် ကထိန်သင်္ကန်း လှူဒါန်းပူဇော်ရခြင်း၏ အကျိုးကို ၂၅၆-စိတ်စိတ်၍ တစိတ်ကိုမျှ မတူနိုင်သည်ဖြစ်၏။ အဘဲ့ကြောင့် ခပ်သိမ်းသောအလှူ၏အကျိုး သည် တခါတကြိမ် ကထိန်သင်္ကန်း လှူဒါန်းပူဇော်ခြင်း၏ အကျိုးကို ၂၅၆-စိတ် စိတ်၍ တစိတ်ကိုမျှ မတူနိုင်သနည်းဟူမူကား၊ ကထိန်သင်္ကန်းအလှူသည် မပျောက် မပျက် တည်သမျှ ကာလပတ်လုံး ကထိန်သင်္ကန်းကို ဆောင်သောရဟန်း၊ ခင်း သောအခါ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုသောရဟန်းတို့အား ငါးပါး သော အကြောင်းအင်္ဂါဖြင့် အာပတ်သင့်ခြင်းကို ဖျောက်ပယ်၍ ကြီးကျယ်

မြဲမြံသောအကျိုးထူးနှင့် ပြည့်စုံသကဲ့သို့၊ ထိုအတူ လှူဒါန်းပူဇော်ကုန်သော ဒါယကာ, ဒါယိကာမတို့အားလည်း၊ အပြစ်ခပ်သိမ်း ကင်းငြိမ်းလွတ်ကုန်လျက် မြတ်သောသုဂတိဘုံဝယ်၊ ကြီးကျယ်ပြန့်ပြောသော စည်းစိမ်သုခ၊ ဘောဂ သမ္ပတ္တိ၊ ဣဿရိယစသော ကောင်းကျိုးတို့သည်၊ ပဌမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟုဆိုအပ်သော အရွယ်သုံးပါးတို့၌ ယိုယွင်းဆုတ်ယုတ်ခြင်းမရှိ၊ မြဲမြံစွာတည်သဖြင့်၊ ကြီးမြင့်လွန်ကဲသော အကျိုးထူးကို ဖြစ်စေတတ်သော ကြောင့်၊ ခပ်သိမ်းသောအလှူတို့ထက် လွန်ကဲသောဒါန၊ ထူးသောဒါနဟူ၍ ငါဘုရားသည် ဟောကြားတော်မူအပ်၏။ ထို့ကြောင့် လှူဒါန်းပူဇော်သဖြင့် မိမိအားပြည့်လတ္တံ့သော အကျိုးထူးကို ကောင်းစွာ မြင်တတ်သောပညာရှိ အမျိုးကောင်း သားသမီးတို့သည်၊ ရဟန်းတို့အား ဘုရားရှင်တို့၊ သံရှင်မြွက် ဘော်၊ ပညတ်တော်မူအပ်သော ကထိန်ခေတ်၌၊ နှစ်သက်ကြည်လင်၊ ရှင်လန်း သော စေတနာသဒ္ဓါတရားဖြင့် ကထိန်လျာသင်္ကန်းကို ခွဲခြမ်းကြည်ဖြူ၊ ကပ်လှူ ပူဇော်ကုန်ရာ၏-ဟု ပကိဏ္ဏကဒေသနာတော်ဝယ် အမိန့်ရှိလာချေသည်။ ။ ယင်းသို့ တရားတော်ဒေသနာ၊ အမိန့်ရှိ လာသည်ကိုထောက်ရှု၍၊ ယခုအခါ ကထိန်သင်္ကန်း ဟူသော အလှူကို သဒ္ဓါကြည်ဖြူ-နှစ်သက်ရှင်လမ်းလှူဒါန်းပူဇော် ရသော ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့မှာလည်း တေဇာ ဖွံ့ဖြိုး၊ တက်တိုးပွါးစီး၊ ကြီးမြတ်သော အကျိုးရှိသော ကထိန်လျာသင်္ကန်း ဟူသော အလှူကို၊ ကြည်ဖြူရှင်လန်း၊ လှူဒါန်းပူဇော် ရပြီဟူ၍ရှင်း၊ ဤသို့ တက်တိုးပွါးစီး၊ ကြီးမြတ်သောအကျိုးရှိသော ကထိန်သင်္ကန်း အလှူဟူသော ကောင်းမှုသည်၊ယခုပစ္စက္ခဘဝမှအစ၊ နောင်လာ သံသရာ ဘဝအဆက်ဆက်ဝယ်၊ အပါယ်လေးဝ၊ ဝဋ္ဋဒုက္ခမှ၊ ကင်းစင်လွတ်လျက်၊ အာသဝယစ်မှေး၊ ညစ်ကြေး မတင်၊ လွင်နိဗ္ဗာန်၊ အမတရွှေနန်းကို၊ စံမြန်းသိမ်းချုပ်၊ စိုးအုပ်ရခြင်း၏ အကြောင်းအစစ်၊ ဖြစ်ရပေသည်ဟူ၍ရှင်း၊ နှစ်သက်ဝမ်းသာ၊ သဒ္ဓါရှင်လန်း သော စိတ်ကိုဖြစ်စေ၍၊ အထွေထွေ တိုးတက်ပွါးများရန်၊ အာစိဏ္ဏကံဖြစ်ရာ သော အကြောင်းကိုရှု၍၊ ယခု ပြုအပ်သော ကထိန် အလှူကုသိုလ်ကို၊ ကြည်ညို စွာ နှလုံးသွင်းလျက်၊ နေ့ရက်ကို ကုန်စေရာသည်။

ကထိန်ဘုရားပြီး၏။

ကထိနကဏ္ဍပြီး၏။

## ၃-စီဝရကဏ္ဍ

(၁) ဝိနည်းတိစီဝရိက် မုတင်တိစီဝရိက်-အဆုံး အဖြတ်။

(၂) သုံးထည်ကို- ပရိက္ခာရ စောဠ၊ အကြွင်းကို ဝိကပ္ပနာ တိုက်ရိုက်လာကြောင်း ဝိနိစ္ဆယ။

(၃) ပါကဋ ဖြစ်စေရန်- ကိုးထည်သော သင်္ကန်းကို ဟောတော်မူရာ အဆုံးအဖြတ်။

(၄) သင်္ကန်းကိုးထည်-ချုပ်လုပ်စီရင်နည်း အဆုံးအဖြတ်။

(၅) ယခုကာလ စက်ဖြင့် ချုပ်အပ်သောသင်္ကန်း အပ်, မအပ် အဆုံးအဖြတ်။

(၆) ဝိဿာသဂ္ဂါဟ ဝိနိစ္ဆယ။

(၇) ဒွိသန္တက-ဝိနိစ္ဆယ။

(၈) သန္နိဓိအရာ ဒုဗ္ဗေါတ ပတ္တအရာ အဆုံးအဖြတ်။

(၉) ရွှေစာ-ရွှေစာတိုက် ရွှေစာတင် ရွှေညောင်စောင်း- ခေါင်းလောင်းကြေးစည် ရေစက်ချကိုပြဆိုရာ ဝိနိစ္ဆယ။

---

ဝိနည်းတိစီဝရိက် မုတင်တိစီဝရိက် ဆောင်နည်း အဆုံးအဖြတ်ကား—

(၁) ဝိနည်းတိစီဝရိက်၊ မုတင်တိစီဝရိက် နှစ်ပါးတို့တွင်၊ ဝိနည်း တိစီဝရိက်ကို ဆောင်လိုသည်ဖြစ်အံ့၊ ရှေးပရိက္ခာရ စောဠ အဓိဋ္ဌာန်ဘင်သော—ချုပ်ဆိုးပြီးသော သင်္ကန်းဟူသမျှကို အဓိဋ္ဌာန် ချရာ၏။ ချဟန်ကား- ဟတ္ထပါသ် အတွင်း၌ တထည်ဖြစ်အံ့။ ။ဣမံ ပရိက္ခာရ စောဠံ ပစ္စုဒ္ဓရာမိ။ ။နှစ်ထည်မှ စ၍ အများဖြစ်အံ့။ ။ဣမာနိ ပရိက္ခာရစောဠာနိ ပစ္စုဒ္ဓရာမိ။ ။ဟတ္ထပါသ် အပ၌ တထည် ဖြစ်အံ့။ ။ဧတံ ပရိက္ခာရစောဠံ ပစ္စုဒ္ဓရာမိ။ ။နှစ်ထည်မှ စ၍ အများဖြစ်အံ့။ ။ဧတာနိ ပရိက္ခာရစောဠာနိ ပစ္စုဒ္ဓရာမိ။ ။ဤသို့ဆို၍ အဓိဋ္ဌာန် ချရာ၏။ ။အဓိဋ္ဌာန် ချပြီးသော သင်္ကန်းကြီး၊ ကိုယ်ဝတ်၊ သင်းပိုင်၊ ဤသုံးထည်ကို ချန်၍၊ ကျန်သင်္ကန်း ဟူသမျှကို ဝိကပ္ပနာပြုရာ၏။ ပြုဟန်ကား၊ ဝိနည်းဓိုရ်ထံသို့ ကပ်၍၊ ဟတ္ထပါသ်အတွင်း၌ တထည်ဖြစ်အံ့။ ။ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။ ။နှစ်ထည်မှစ၍ အများဖြစ်အံ့။ ။ဣမာနိ စီဝရာနိ တုယှံ-ဝိကပ္ပေမိ။ ။ဟတ္ထပါသ်မှ အပ၌ တထည်ဖြစ်အံ့။ ။ဧတံစီဝရံ တုယှံ ဝိကပ္ပေမိ။ ။နှစ်ထည်မှစ၍ အများ ဖြစ်အံ့။ ။ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ။ ။ဤသို့ဆို၍ ဝိကပ္ပနာ ပြုရာ၏။ ။ဝိနည်းဓိုရ်ကလည်း၊ တထည်ဖြစ်

အံ့။ ။မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ။ ။ နှစ်ထည်မှစ၍ အများဖြစ်အံ့။ ။မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ-ကရောဟိ။ ။ဤသို့ဆို၍ ပစ္စုဒ္ဓိုရ်ပြုရာ၏။

ဤသို့ ဝိကပ္ပနာ ပြုအပ်သော သင်္ကန်းတို့ကို ပစ္စုဒ္ဓိုရ် ပြုပြီးသော်၊ သိမ်းဆည်း သိုမှီးခြင်း ဝတ်ရုံခြင်း ပေးကမ်းခြင်းကို ပြုကောင်း၏။ ပစ္စုဒ္ဓိုရ် မပြုသော် သိမ်းဆည်း သိုမှီးခြင်းကိုသာ ပြုကောင်း၏။ ဝတ်ရုံပေးကမ်းခြင်းကို မပြုကောင်း။ ၎င်း ဝိကပ္ပနာပြု၍ ထားသော သင်္ကန်းသည် အဓိဋ္ဌာန်တင်၍ သုံးဆောင်ခြင်း၊ ပေးကမ်းခြင်း၊ ဝိနည်းမိုရ် သေခြင်း၊ လူထွက်ခြင်း စသည်ဖြင့် ဝိကပ္ပနာ ငြိမ်း၏။ တဘန် ပြုရာ၏။ ကျောင်း၌ သိတင်း သုံးဘော် မရှိသော် အဝေး၌ နေသော သိတင်း သုံးဘော်အား ဝိမလဿ ဝိကပ္ပေမိ စသည်ဖြင့် အမည်ကို ဆို၍ ဝိကပ္ပနာ ပြုကောင်း၏။ ၎င်းသင်္ကန်းကို သိုမှီး သိမ်းဆည်းခြင်းသာ ပြုကောင်း၏။ ပစ္စုဒ္ဓိုရ် မပြုရကား ဝတ်ရုံ ပေးကမ်းခြင်းကို မပြုကောင်း။ တွေ့သောအခါ ယခင်နည်း ပစ္စုဒ္ဓိုရ် ပြုစေပြီးမှ ဝတ်ရုံ ပေးကမ်းခြင်းကို ပြုရာ၏။ မတွေ့မီ ဝတ်ရုံခြင်း စသည်ကို ပြုလိုသည်ဖြစ်အံ့၊ ထိုပြုအပ်သော ပုဂ္ဂိုလ်နှင့် အကျွမ်းဝင်သောအားဖြင့်၊ ဝတ်ရုံပေးကမ်းခြင်းကို ပြုအပ်၏။ အာပတ် မသင့်။ ။ထို့ကြောင့် ဝိကပ္ပနာသိက္ခာပုဒ်၌၊ အနာပတ္တိ သောဝါ ဒေတိ တဿ ဝါ ဝိဿာသန္တော ပရိဘုဉ္ဇတိ။ ။ဟု ဟောတော်မူအပ်၏။ ။သောဝါ၊ ထို ဝိနည်းမိုရ်သည်မူလည်း။ ဒေတိ၊ ဝိကပ္ပနာ ပြန်၍ ပေးအံ့။ တဿဝါ၊ ထိုဝိနည်းမိုရ်နှင့် မူလည်း၊ ဝိဿာသန္တော၊ အကျွမ်းဝင်သည်ဖြစ်၍။ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။ အနာပတ္တိ၊ အာပတ်မသင့်။ ။(ဤကားအနက်)။ ။[ဝိကပ္ပနာပြုဟန်အကျယ်ကို အဋ္ဌကထာမှာယူ၊] သင်္ကန်းလျာ ပုဆိုး ဟူသမျှကို ပရိက္ခာရ စောဠတင်ထားရာ၏။ ၎င်းပရိက္ခာရ စောဠ တင်ထားသော သင်္ကန်းလျာကို ချုပ်ဆိုး၍ ပြီးသော်၊ ၎င်းပရိက္ခာရစောဠအဓိဋ္ဌာန်ကိုချပြီးမှ၊ ဝိကပ္ပနာ ပြုလိုမူ ပြုရာ၏။ တိစီဝရိက် အဓိဋ္ဌာန်တင်လိုမူတင်ရာ၏။ ယခင်ချန်ထားသော သင်္ကန်းသုံးထည် တို့တွင် ဟတ္ထပါသ်တွင်း၌ သင်္ကန်းကြီးကို ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။ ။ကိုယ်ဝတ်ကို ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။ ။သင်းပိုင်ကို ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။ ။ဟတ္ထပါသ်မှအပ၌ သင်္ကန်းကြီးကို- ဧတံ- သံဃာဋိံ အဓိဋ္ဌာမိ။ ။ကိုယ်ဝတ်ကို ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။ ။သင်းပိုင်ကို ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ။ ။ဤသို့ဆို၍ အဓိဋ္ဌာန် တင်ရာ၏။ ဤသို့ အဓိဋ္ဌာန်တင်အပ်ပြီးသော သင်္ကန်းတို့နှင့် အရုဏ်တက်သည့်အခါ ကင်း၍ မနေရာ၊ ကင်း,မကင်းသော အစီရင်ကို ဤသို့ သိမှတ်ရာ၏။ ။ဧကကုလဿ ဝိဟာရေ နာနာကုလဿ ဝိဟာရေ။ ။စသည်ဖြင့်ပါဠိတော်၌ ကုလသဒ္ဒါနှင့် လာသောကြောင့်၎င်း။ ။ဧကကုလ-နာနာကုလ သန္တကတာ စေတ္တ ကာရ

ပကာနံ ဝသေန ဝေဒိတဗ္ဗာ။ ။ဟူ၍ သာရတ္ထဋီကာ၌ လာသောကြောင့်ရှင်း ဆောက်လုပ်သူဒါယကာကို ကျောင်းရှင်ယူ၊ အချို့ကား ရဟန်းကို ကျောင်းရှင်ဟု ယူကြ၏၊ မသင့်ဟုမှတ်လေ။

ထို့ကြောင့် တဦးသောဒါယကာ၏ တဲ့လျက်ဆောက်အပ်သော နှစ်ဆောင်သုံးဆောင်စသော ကျောင်းသည် အာရာမ်ရှိအံ့၊ အလိုရှိရာကျောင်း၌ သက်န်းကို ထား၍ အလိုရှိရာကျောင်း၌ အရုဏ်ခံရာ၏၊ အာရာမ်မရှိ၊ အမိုးမစပ်အံ့၊ သင်္ကန်းထားရာကျောင်း၌သာ အရုဏ်ခံရာ၏။ နှစ်ယောက် စသော ဒါယကာတို့၏ တွဲလျက် အသီးအသီး ဆောက်အပ်သော နှစ်ဆောင်စသော ကျောင်းသည် အာရာမ်ရှိအံ့၊ သင်္ကန်း ထားရာကျောင်း၌ရှင်း၊ တွက်ရာတံခါး၌ရှင်း အရုဏ်ခံရာ၏။ ။နှစ်ယောက်စသော ဒါယကာတို့၏ တွဲလျက် အသီးအသီး ဆောက်အပ်သော နှစ်ဆောင်စသော ကျောင်းသည် အာရာမ်ရှိအံ့၊ သင်္ကန်း ထားရာ ကျောင်း၌ရှင်း၊ ထွက်ရာတံခါး၌ရှင်း အရုဏ်ခံရာ၏။ ။တပါးသောကျောင်း၌ အရုဏ်မခံရာ။ အာရာမ်မရှိအံ့၊ သင်္ကန်းထားရာ ကျောင်း၌သာ အရုဏ်ခံရာ၏။ ။ ဒါယကာအများ၏ ပစ္စည်းကိုစု၍၊ သူ့အဆောင်, ကိုယ့်အဆောင် ကွဲပြားမရှိ၊ ဆောက်အပ်သော တဆောင် နှစ်ဆောင်စသော ကျောင်းသည် အာရာမ်ရှိအံ့၊ သင်္ကန်း၏ ဟတ္ထပါသ်၌ရှင်း၊ ထွက်ရာတံခါး၌ရှင်း အရုဏ်ခံရာ၏။ ။အာရာမ် မရှိအံ့၊ သင်္ကန်း၏ ဟတ္ထပါသ်၌သာ အရုဏ်ခံရာ၏။ ။ဤကား တိုက်ခန်းမရှိ ကျောင်းတည်း။

တိုက်ခန်းရှိသော ဧကကုလကျောင်းသည် အာရာမ်ရှိအံ့၊ အောက်ကနည်းပင် အာရာမ်မရှိ၊ သင်္ကန်းထားရာ တိုက်ခန်း၌ရှင်း၊ သင်္ကန်းဟတ္ထပါသ်၌ရှင်း အရုဏ်ခံရာ၏။ နာနာကုလ၏ တဆောင်စီဆောက်အပ်သောကျောင်း၊ ပစ္စည်းကို စု၍ ကွဲပြားမရှိ ဆောက်အပ်သော ကျောင်းတို့သည် တိုက်ခန်းရှိအံ့၊ အာရာမ်ရှိသော် မရှိသော်ရှင်း၊ သင်္ကန်းထားရာ တိုက်ခန်း၌ရှင်း၊ တိုက်ခန်း ဟတ္ထပါသ်၌ရှင်း အရုဏ်ခံရာ၏။ ဤသို့တိုက်ခန်းရှိသောကျောင်းကို ပါဠိတော်၌တိုက်ရိုက်မဟော သော်လည်း၊ သဘောဖြစ်သင့်သောကြောင့်ရှင်း၊ ဝိဟာရော နိဝေသနသဒိသော ဟု အဋ္ဌကထာ လာသောကြောင့်ရှင်း ရေးသား လိုက်သည်။ ။ဧကကုလ၏ အဦးကြမ်းပြင်သည် အာရာမ်ရှိအံ့၊ အလိုရှိရာ အရပ်၌ သင်္ကန်းကိုထား၍၊ အလို ရှိရာအရပ်၌ အရုဏ်ခံရာ၏။ အာရာမ်မရှိအံ့၊ သင်္ကန်းဟတ္ထပါသ်၌ အရုဏ်ခံရာ ၏။ ။နာနာကုလ၏ အဦးကြမ်းပြင်သည် အာရာမ်ရှိအံ့၊ ကြမ်းပြင်၌ ထား၍ သင်္ကန်း ဟတ္ထပါသ်၌ရှင်း၊ ထွက်ရာတံခါး၌ရှင်း အရုဏ်ခံရာ၏။ အာရာမ်မရှိအံ့၊ သင်္ကန်းဟတ္ထပါသ်၌သာ အရုဏ်ခံရာ၏။ ဧကကုလ၏ ကျောင်းအဦး ကြမ်းပြင် သည့် တစပ်ထည်းတည်၍ ကြမ်းပြင်အာရာမ် ရှိသည်ဖြစ်အံ့၊ ကျောင်းနှင့် ကြမ်း

ပြင်အကြား၌ အကာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျောင်းတွင်း၌ သင်္ကန်းကိုထား၍ ကြမ်းပြင်၌ရင်း၊ ကြမ်းပြင်၌သင်္ကန်းကိုထား၍ ကျောင်းတွင်း၌ရင်း အရဏ်ခံရာ၏။ ကျောင်းဦးကြမ်းပြင်တို့၌ အမိုးတဦး၊ အကာတဦး၊ အာရာမ်တဦးဖြစ်အံ့၊ နာနာကုလဟုမှတ်လေ။

သစေဝိဟာရသီမံ အတိက္ကမိတွာ တိဋ္ဌတိ။ အန္တောသီမာယဇ စီဝရံဟောတိ ဝိဟာရံ ဂန္တွာ ဝသိတဗ္ဗံ။ ။သစေ၊ လှည်းအပေါင်းသည်။ ဝိဟာရသီမံ၊ အဝိပ္ပဝါသ ကျောင်းသိမ်ကို။ အတိက္ကမိတွာ၊ တုတ်ချင်းထွင်းဘောက်၍။ သစေ တိဋ္ဌတိ၊ အကယ်၍တည်အံ့။ အန္တောသီမာယဇ၊ အဝိပ္ပဝါသ ကျောင်းသိမ်၏ အတွင်းဝယ်တည်သော လှည်း၌လည်း။ စီဝရံ၊ သင်္ကန်းသည်။ သစေဟောတိ၊ အကယ်၍ရှိသည်ဖြစ်အံ့။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဝသိတဗ္ဗံ၊ နေရာ၏။ ။ရင်းအဋ္ဌကထာကိုထောက်၍ အဝိပ္ပဝါသ ကျောင်းသိမ်သည် အာရာမ်ရှိသော်ရင်း၊ မရှိသော်ရင်း၊ ရင်းသိမ်တွင်း တလင်းပြင်၌ သင်္ကန်းကိုထား၍ အမှတ်မရှိသောကျောင်း၌ရင်း၊ ကျောင်း၌ သင်္ကန်းကိုထား၍ရင်း၊ သိမ်တွင်း တလင်းအပြင်၌ရင်း အရုဏ်ခံကောင်း၏။ ဥပစာသိမ်သည် အာရာမ်ရှိအံ့၊ ကျောင်း၌သင်္ကန်းကိုထား၍ အနီးဘလင်းပြင်၌နေကောင်း၏။ တလင်း၌ထား၍ ကျောင်း၌ မနေကောင်း။ ကျောင်းအာရာမ်မရှိအံ့၊ တလင်းပြင်၌ သင်္ကန်းကိုထားမူ သင်္ကန်းဟတ္ထပါသ်၌နေရာ၏။ ကျောင်း၌ထားမူ ကျောင်း၌ နေရာ၏။

နာနာကုလဿ ဂါမော ဟောတိ ပရိက္ခိတ္တော စ၊ တသ္မိံ ဃရေ စီဝရံ နိက္ခိတ္တံ ဟောတိ။ တသ္မိံ ဃရေ ဝတ္ထဗ္ဗံ။ သဘာယေဝါ ဒွါရမူလေဝါ ဟတ္ထပါသာဝါ နဝိဇဟိတဗ္ဗံ။ ။ဟူသော ပါဠိတော်ကိုထောက်၍ သဘင်သည် အိမ်နှင့် ဆက်ဆံရကား၊ အိမ်၌ သင်္ကန်းကိုထား၍၊ သဘင်၌ အရုဏ်ခံ ကောင်းသကဲ့သို့ ကျောင်း၌ သင်္ကန်းကိုထား၍၊ အာရာမ်ရှိသော် ဥပစာရသိမ်တွင်းစရပ်၌ အရုဏ် ခံကောင်း၏။ ။သဘင်စရပ်ဟူက အမျိုးနှင့် ဆက်ဆံရကား၊ ဧကကုလ, နာနာကုလ စီစစ်ဘွယ်မရှိ။ ဧကကုလ ကဲ့သို့ရင်း၊ တံခါးကဲ့သို့ရင်း လဒ္ဓကမ္ဘိယ ဖြစ်တော့သည်။ ခရီးသွားသော ရဟန်းသည် တဲ့လျက် ဆောက်အပ်သော နှစ်ဆောင်စသော စရပ်တို့၌အိပ်အံ့၊ ဧကကုလဖြစ်၍၊ အာရာမ်ရှိမူ တဆောင်၌ သင်္ကန်းကိုထား၍ တဆောင်၌ အရုဏ်ခံကောင်း၏။ အာရာမ်မရှိမူ၊ သင်္ကန်း ထားရာစရပ်၌ အရုဏ်ခံရာ၏။ နာနာကုလဖြစ်မူ အာရာမ်ရှိသော်လည်း၊ သင်္ကန်း ထားရာစရပ်၌၊ အရုဏ်ခံရာ၏။ စရပ်သားဝန်းကျင် မြေအရပ်၌ အာရာမ်ရှိမူ ခွဲ၍ပင် ဆောက်အပ်သော်လည်း တဆောင်၌ သင်္ကန်းကိုထား၍ တဆောင်၌ အရုဏ်ခံကောင်း၏။ နာနာကုလဖြစ်မူ ဟတ္ထပါသ်၌ထားရာ၏။ ။ဧကကုလ၏

လှည်းဝိုင်း၌အိပ်အံ့၊ လှည်း၌သက်န်းကိုထားမူ လှည်းဝိုင်းထက်ဝန်းကျင် နှစ်ဆဲ့ ရှစ်တောင်အတွင်း၌ အရုဏ်ခံရာ၏။ နာနာကုလ၏ လှည်းဝိုင်း၌အိပ်အံ့၊ သင်္ကန်း ထားရာ လှည်း၏ဟတ္ထပါသ်၌ အရုဏ်ခံရာ၏။ ဘောအရပ်၌အိပ်မူ ဧကကုလ, နာနာကုလ သစ်ပင်ရင်း စသည်ကို သိနိုင်ခဲ့ရကား သင်္ကန်းဟတ္ထပါသ်၌သာ အရုဏ်ခံရာ၏။ ။ဤကား တွေ့လွယ်ရာကိုသာရေးသားအပ်သော အစီအရင် တည်း။ ။ကြွင်းသောအစီရင်ကို ဒုတိယကထိန သိက္ခာပုဒ် ပါဠိအဋ္ဌကထာ မှာယူ။)

သမ္မုတိ ရသောရဟန်း၊ ကထိန်ခင်းရသော ရဟန်းမှ တပါးသော ရဟန်း တို့သည်ရင်း၊ တိစီဝရိက်သင်္ကန်းနှင့်ကင်း၍ အရုဏ်ခံခြင်းအံ့၊ စွန့်ပြီးမှ ဒေသ နာကြားရာ၏။ စွန့်ဟန်ကား ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် ဟတ္ထ ပါသ်၌ တထည်ဖြစ်အံ့။ ။ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဟတ္ထပါသ်မှ အပ၌တထည်ဖြစ်အံ့။ ။ဧတံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ၊ ဧတာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။နှစ်ထည် သုံးထည်ဖြစ်အံ့။ ။ဧတာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဧတာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဤသို့ ဆို၍ စွန့်ရာ၏။ ။သိတင်းကြီးဖြစ်မူ၊ ဘန္တေအရာ၌၊ အာဝုသောဟု လဲလှယ်၍ဆို။ ဘန္တေသဒ္ဒါ၊ အာဝုသောသဒ္ဒါ၊ အညတြဘိက္ခု သမ္မုတိ သဒ္ဒါတို့ကို မဆိုမူ၍၊ ဣဒံ မေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ နိဿဂ္ဂိယံ၊ ဤမျှဆိုသော်လည်း၊ ဉာဏ်ကမ္မဝါစာ မဟုတ်ရကား ပြီးကောင်းတော့သည်။ ။ဤကဲ့သို့ စွန့်ပြီးသော သင်္ကန်းကို ဝိနည်းမိုရ်ပုဂ္ဂိုလ်က ဟတ္ထပါသ်၌ တထည်ဖြစ်အံ့၊ ဣဒံစီဝရံ အာယသ္မတော ဒမ္မိ။ ။နှစ်ထည်ဖြစ်အံ့၊ ဣမာနိစီဝရာနိ အာယသ္မတော ဒမ္မိ။ ။ဟတ္ထပါသ်မှ အပ၌ တထည်ဖြစ်အံ့၊ ဧတံစီဝရံ အာယသ္မတော ဒမ္မိ။ ။နှစ်ထည်သုံးထည် ဖြစ်အံ့၊ ဧတာနိစီဝရာနိ အာယသ္မတော ဒမ္မိ၊ ဤသို့ဆို၍ပေးရာ၏။ငင်းသင်္ကန်း ကို အဓိဋ္ဌာန်တင်ဘွယ်မရှိပြီ။ ရှေးအတိုင်းပင် ဆောင်ရာ၏။ အရပ်တပါးသို့ အိပ်ခြင်းငှါသွားအံ့၊ သင်္ကန်းကိုယူ၍ သွားရာ၏။ မယူလိုမူ အဓိဋ္ဌာန်ချထားခဲ့ ရာ၏။ ချဟန်ကား၊ ဟတ္ထပါသ်တွင်း၌ သင်္ကန်းကြီးဖြစ်အံ့၊ ဣမံသံဃာဋိံ ပစ္စုဒ္ဓ ရာမိ။ ။ကိုယ်ဝတ်ဖြစ်အံ့၊ ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။ ။ဆင်းပိုင်ဖြစ်အံ့၊ ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။ ။ဟတ္ထပါသ်မှအပ၌ သင်္ကန်းကြီး ဖြစ်အံ့၊ ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။ ။ကိုယ်ဝတ်ဖြစ်အံ့၊ ဧတံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။ ။ သင်းပိုင်ဖြစ်အံ့၊ ဧတံအန္တရဝါသကံ ပစ္စုဒ္ဓရာမိ၊ ဤသို့ဆို၍ ချရာ၏။ ။သတိ မရ၍ မချဘဲ သွားမိအံ့၊ အရုဏ်အတွင်း အဝေး၌နေ၍ ယခင်ဟတ္ထပါသ်မှ

အပဌ် ချသောနည်းဖြင့် ချရာ၏။ ဆယ်ရက်အတွင်း၌ ပြန်လာ၍ အဓိဋ္ဌာန် တင်မြဲ တင်ရာ၏။ ဆယ်ရက်အတွင်း မပြန်လာနိုင်မူ အဝေး၌နေ၍ ဝိကပ္ပနာပြု သော်လည်း ပြုရာ၏။ ပရိက္ခာရစောဠသော်လည်း တင်ရာ၏။ သတိမရ၍ ဤကဲ့သို့ မပြုမိသော် ဒသာဟာတိက္ကန္တ နိဿဂ္ဂိဖြစ်၏။ သင်္ကန်းကြီး ကိုယ်ဝတ်ဖြစ်အံ့၊ အလျားမှာဘတ္တာ အနံမှ လက်ရှစ်သစ်၊ ၎င်းအရပ်တို့၌ ပေါက်သော် အဓိဋ္ဌာန် မကျ။ ၎င်းအရပ်မှအတွင်း၌ပေါက်သော် အဓိဋ္ဌာန်ကျ၏။ [ဤမှတပါး အဓိဋ္ဌာန် ကျခြင်း၏ အကြောင်းမှာ၊ ပရိက္ခာရ စောဠ သင်္ကန်း နည်းပင် မှတ်လေ။] ၎င်းသင်္ကန်းတို့၌ လက်သန်း လက်သီးခန့်မျှ လောက် ထုတ်ချင်းပေါက်သည်ဖြစ် ၍၊ အဓိဋ္ဌာန် ကျအံ့၊ ဆယ်ရက်အတွင်း၌ ချုပ်၍ အဓိဋ္ဌာန် တင်ရာ၏။ ဆယ် ရက်ကိုလွန်သော်၊ ဒသဟာတိက္ကန္တ နိဿဂ္ဂိ ဖြစ်၏။ စွန့်၍ ဒေသနာကြားရာ၏။ ပေါက်သည်ကို မသိ၍ ဆယ်ရက် လွန်သလော- မလွန် သလောဟု ယုံမှားဖြစ် သော်၊ ယုံမှားသော အဖြစ်ကိုပြောပြီးမှ စွန့်၍ ဒေသနာ ကြားရာ၏။ စွန့်ဟန် ကား၊ ဟတ္ထပါသ်တွင်း၌ တယောက်ဖြစ်အံ့၊ အောင့်ကြောင့် ထိုင်၍ လက်အုပ် ချီ လျက်။ ။ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာ ယသ္မတော နိဿဇ္ဇာမိ။ ။အများဖြစ်အံ့၊ ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာ ဟာတိက္ကန္တာ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဤသို့ ဆို၍စွန့်ရာ၏။ ။ဟတ္ထပါသ်မှအပ၌၊ ဣဒံ ဣမာနိကို တေ တောနိ ဟု လဲ လှယ်၍ ဆိုလေ။ ။သီတင်းကြီးဖြစ်အံ့၊ အာဝုသော ဟုဆို။ ဘန္တေသဒ္ဒါ၊ အာ ဝုသော သဒ္ဒါတို့ကို မဆိုသော်လည်း ပြီးကောင်းတော့သည်။ စွန့်ပြီးသော သင်္ကန်းကိုဝိနည်းမိုရ်ကာ၊ ဟတ္ထပါသ်၌ တယောက်ဖြစ်အံ့၊ ဣဒံစီဝရံ အာယသ္မတော ဒမ္မိ။ ။အများဖြစ်အံ့၊ ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ၊ ဤသို့ဆို၍ပေး ရာ၏။ ဟတ္ထပါသ်မှအပဖြစ်အံ့၊ တေ တောနိဟု လဲလှယ်၍ဆိုလေ။ ၎င်းသင်္ကန်း တို့၌၊ အပေါက်ကိုချုပ်၍ အဓိဋ္ဌာန်တင်ရာ၏။ ဆွေး၍ ပေါက်သောကြောင့် ဆောင်ခြင်းငှါ ခဲယဉ်းအံ့၊ ဝိကပ္ပနာပြု၍ သော်လည်း သုံးထည် လုံးပင် သုံး ဆောင်ကောင်း၏။ ၎င်းဝိကပ္ပနာ ပြု၍ ဆောင်သော သင်္ကန်းနှင့် ညဉ့်ကင်း သော်လည်း အပြစ်မရှိ။ {ဓုတင် တိစီဝရိက်ကိုလည်း ဤနည်းပင် မှတ်လေ}။ ။ သုံးထည်မှ ကြွင်းသော သင်္ကန်းတို့ကို ဝိကပ္ပနာ မပြုဘဲ၊ သင်္ကန်းကို ရသော နေ့၌ပင်၊ မူလစ္ဆဇ္ဇ စွန့်ရခြင်း၊ ချုပ်ခြင်း၊ ချုပ်ဆဲ အပ်စသည် မပြည့်စုံ၍ ရှာဆဲ သင်္ကန်းလျာ တို့ကို ထား၍- ကြွင်းသော သင်္ကန်းလျာ တို့ကို မူလစ္ဆဇ္ဇ စွန့်ရခြင်း၊ ဤမျှသာ ထူးတော့၏။ ။ညဉ့်မကင်းရသောကြောင့်၊ ဆောင်ခြင်း ငှါ ဝန်လေးသည်ဖြစ်အံ့၊ တိစီဝရိက် အဓိဋ္ဌာန်ကို ချ၍၊ ပရိက္ခာရ စောဠအဓိဋ္ဌာန် တင်၍ သုံးဆောင်ကောင်း၏။ ဤသို့ ပရိက္ခာရစောဠ တင်ခြင်းသည်၊ ညဉ့် ကင်း၍ နေရခြင်း၊ ပေါက်သော်လည်း အဓိဋ္ဌာန် မကျခြင်း အကျိုးရှိသည်။

ဤကဲ့သို့ သုံးထည့်သော သက်န်းကို ပရိက္ခာရ စောဠတင်၍၊ ကျန်သက်န်း ဟူသမျှကို ဝိကပ္ပနာပြု၍၊ သင်္ကန်းလျှာ ဟူသမျှကို ပရိက္ခာရ စောဠ တင်၍ သုံးဆောင် ခြင်းသာ ကျမ်းဂန်တို့၌ တိုက်ရိုက်လာသည်။ ယခု ကာလကဲ့သို့၊ သင်္ကန်း ဟူသမျှကို ပရိက္ခာရ စောဠတင်၍ သုံးဆောင်ခြင်းသည်၊ ကျမ်းဂန် ကြီးတို့၌ တိုက်ရိုက်မလာသော်လည်း၊ နေယျတ္ထ အားဖြင့်ဆရာတို့ သုံးစွဲကြသည် ဖြစ်ရာ၏။

ဝိနည်းတိစီဝရိက်, ဓုတင်တိစီဝရိက် တို့၏ ကွဲပြားခြားနားခြင်းကို ထိုထိုကျမ်းဂန်တို့နှင့်အညီ၊ စီရင် ဆုံးဖြတ်အပ်သော အဆုံး အဖြတ်ကား ဤတွင်ရွေပြီး၏။

---

(၂) မိုးနံကုန်း ဆရာတော် ရေးသားအပ်သော တိစီဝရ အဓိဋ္ဌာန ဝိနိစ္ဆ ယ၌၊ ညဥ့်မကင်းရသောကြောင့် ဆောင်ခြင်းငှါ ဝန်လေးသည် ဖြစ်အံ့၊ တိစီဝ ရိက် အဓိဋ္ဌာန်ကိုချ၍၊ ပရိက္ခာရ စောဠ အဓိဋ္ဌာန်တင်၍ သုံးဆောင်ကောင်း၏။ ဤသို့ပရိက္ခာရ စောဠ တင်ခြင်းသည်၊ ညဥ့်ကင်း၍ နေရခြင်း၊ ပေါက်သော် လည်း အဓိဋ္ဌာန်မကျခြင်း အကျိုးရှိသည်။ ဤကဲ့သို့ သုံးထည်သော သင်္ကန်း ကို ပရိက္ခာရစောဠတင်၍၊ ကျန်သင်္ကန်း ဟူသမျှကို ဝိကပ္ပနာပြု၍၊ သင်္ကန်း လျှာ ဟူသမျှကို ပရိက္ခာရစောဠတင်၍၊ သုံးဆောင်ခြင်းသာ ကျမ်းဂန် တို့၌ တိုက်ရိုက်လာသည်။ ယခုကာလကဲ့သို့၊ သင်္ကန်း ဟူသမျှကို ပရိက္ခာရ စောဠ တင်၍ သုံးဆောင်ခြင်းသည်၊ ကျမ်းဂန်ကြီးတို့၌ တိုက်ရိုက် မလာသော်လည်း၊ နေယျတ္ထအားဖြင့်၊ ဆရာတို့ သုံးစွဲကြသည် ဖြစ်ရာ၏ ဟူ၍၊ ရေးသားအပ်သော စကားရပ်ကို၊ အချို့သော ပုဂ္ဂိုလ်တို့က ယခုကာလ အများသုံးစွဲ ကြသည်နှင့် လည်းမတူ၊ သာဓကပါဠိလည်း မပါ၊ စိတ်ထင်ရာရေးသားသော စကားရပ် ဖြစ်သည်ဟု ပြောဆိုကြပါသည်။ ၎င်း၏ သာဓကကို ထုတ်ပြ ရေးသားပါ မည့် အကြောင်း တောင်းပန် အပ်သည်ဖြစ်၍၊ ငါတို့ ကျေးဇူးရှင် ဖြစ်သော မိုးနံကုန်း ဆရာတော်သည်၊ လွယ်လင့် တကူ မှတ်ယူခြင်းငှါ အကျိုးအား ဖြင့်၊ တိစီဝရ အဓိဋ္ဌာန ဝိနိစ္ဆယကို၊ ရေးသားပါမည့် အကြောင်း လျှောက် ထား တောင်းပန်အပ်သည် ဖြစ်၍၊ ပါဠိသာဓကကို မထုတ်မပြ၊ အနည်းငယ် မျှသာ ထုတ်ပြ၍၊ ဥဒ္ဒေါသိတပါဠိ, အဋ္ဌကထာ,ဋီကာ လာရှိတိုင်း ရေးသား အပ်သော တိစီဝရိက် အဓိဋ္ဌာန ဝိနိစ္ဆယ၌၊ ပါကဋဖြစ်၍ပင်၊ သာဓကကိုမပြ၊ ပညာရှိတို့ သိတ်ဖြစ်စေခြင်းငှါ သုံးထည်ကို ပရိက္ခာရ စောဠ အဓိဋ္ဌာန် တင် ၍၊ ကြွင်းသော ဝတ်ရုံထိုက်သော သင်္ကန်း ဟူသမျှကို၊ ဝိကပ္ပနာပြု၍ သုံးဆောင် ခြင်းသာ ကျမ်းဂန်တို့၌ တိုက်ရိုက်လာသည်ဟု ရေးသား အပ်သော စကားရပ် ၏ သာဓကကို ထုတ်ပြရေးသားအပ်သော အဆုံးအဖြတ်။

ျမတ္စြာဘုရားသည္ အပိုင္းအျခား မရွိေသာ သကၤန္းတို႔ကို ေဆာင္ကုန္ေသာ ရဟန္းတို႔ကို ျမင္ေတာ္မူလွ်င္ ကဲ့ရဲ႕ေတာ္မူ၍၊ စီဝရ ဗာဟုလႅမျဖစ္ေစျခင္းအက်ိဳးငွါ သကၤန္းကို သုံးေဆာင္ျခင္း၌ အပိုင္း အျခားထားေတာ္မူလို၍၊ ေခါမစေသာဇာတ္၊ အထပ္ အႀကီး, အငယ္ ပမာဏ ရွိေသာ သုံးထည္ေသာ သကၤန္းတို႔ကို ရဟန္းခပ္သိမ္းတို႔အား ခြင့္ျပဳေတာ္ မူ၏။ ။ထို႔ေၾကာင့္ မဟာဝါ စီဝရကၡႏၶက၌။ ။ဣဓာဝုေသာ ဘိကၡေဝ အႏၲရာစ ရာဇဂဟံ အႏၲရာစေဝသာလိံ အဒၶါနမဂၢပၸဋိပေႏၷာ အဒၵသံ သမၺဟုေလဘိကၡဴ စီဝေရဟိ ဥပၸ႑ိကေတ သီေသပိ စီဝရဘိသိံ ကရိတြာ ခေႏၶပိ စီဝရဘိသိံ ကရိတြာ အာဂစၧေႏၲ၊ ဒိသြာန ေမ ေတဒေဟာသိ၊ အတိလဟုံေခါ ဣေမ ေမာဃပုရိသာ စီဝေရ ဗာဟုလႅာယ အာဝတၱာ၊ ယႏူနာဟံဘိကၡဴနံ စီဝေရ သီမံ ဗေႏၶယ်ံ၊ မရိယာဒံ ဌေပယ်ံ တိ စီဝရံအႏုဇာေနယ်ႏၲိ၊ ဣဓာဝုေသာ ဘိကၡေဝ သီတာသု ေဟမႏၲိကာသု ရတၱီသု အႏၲရ႒ကာသု ဟိမပါတသမေယ ရတၱိံ အေဇ်ာကာေသ၊ ေကစီဝေရာ နိသီဒိံ၊ နမံ သီတံ အေဟာသိ။ နိကၡေႏၲ ပဌေမ ယာေမ သီတံ မံ အေဟာသိ၊ ဒုတိယာဟံ စီဝရံ ပါရုပိံ၊ နမံ သီတံ အေဟာသိ၊ နိကၡေႏၲ မဇၩိမေယာေမ သီတံ မံ အေဟာသိ၊ တတိယာဟံ စီဝရံ ပါရုပိံ၊ နမံ သီတံ အေဟာသိ၊ နိကၡေႏၲ ပစၦိေမ ယာေမ အ႐ုေဏဥဂၢေတ နႏၵိမုခိယာ ရတၱိယာ သီတံ မံ အေဟာသိ၊ စတုတၳာဟံ စီဝရံ ပါရုပိံ၊ နမံ သီတံ အေဟာသိ၊ တႆ မယွံ ဘိကၡေဝ ေတဒေဟာသိ၊ ေယပိေတ ကုလပုတၱာ ဣမသၼိံ ဓမၼဝိနေယ သီတာလုကာ သီတဘီ႐ုကာ၊ ေတပိသေကၠာႏၲိ တိစီဝေရန ယာေပတုံ၊ ယႏူနာဟံ ဘိကၡဴနံ စီဝေရ သီမံ ဗေႏၶယ်ံ၊ မရိယာဒံ ဌေပယ်ံ၊ တိစီဝရံ အႏုဇာေနယ်ႏၲိ။ ။အႏုဇာနာမိ ဘိကၡေဝ စီဝရံ၊ ဒိဂုဏံ သံဃာဋႎ၊ ေကစိယံ ဥတၱရာသဂႋ ေကစိယံ အႏၲရဝါသကႏၲိ။ ။ဟုေဟာေတာ္မူအပ္၏။ ။ရာဇဂဟံ၊ ၏။အႏၲရာစ၊ ၾကား၌၎။ ေဝသာလိံ၊ ၏။ အႏၲရာစ၊ ၾကား၌၎။ ဘိကၡဴ၊ တို႔ကို။ စီဝေရဟိ၊ တို႔ျဖင့္။ ဥပၸ႑ိကေတ၊ အထက္၌ ထားအပ္ေသာ ဘ႑ာရွိသည္တို႔ကိုျပဳကုန္သည္ျဖစ္၍။ အာဂစၧေႏၲ၊ တို႔ကို။ပ။ အာဝတၱာ၊ လွည့္လည္ကုန္၏။ သီမံ၊ အပိုင္းအျခားကို။ သီတာသု၊ ခ်မ္းေစကုန္ေသာ။ ေဟမႏၲိကာသု၊ ေဆာင္းဥတု၌ျဖစ္ကုန္ေသာ။ အႏၲရ႒ကာသု၊ တပို႔တြဲလ, တေပါင္းလတို႔၏အၾကားရွစ္ရက္ျဖစ္ကုန္ေသာ။ ရတၱီသု၊ တို႔၌။ မံ၊ အား။ ရတၱိယာ၊ သည္။ နႏၵိမုခိယာ၊ ႏွစ္သက္ဘြယ္ေသာ အေရွ႕အရပ္မ်က္ႏွာ ရွိလတ္ေသာ္။ ဝါ အ႐ုဏ္တက္လတ္ေသာ္။ သီတာလုကာ၊ မ်ားေသာအခ်မ္းရွိကုန္၏။ {အႀကြင္းကားလြယ္၏}။ ။(ၾကိဳကား အနက္)

သာ႐ုပၸျဖစ္ေအာင္၊ ထူထဲေသာ အသစ္အသစ္ႏွင့္ တူေသာ ပုဆိုးတို႔ျဖင့္ ခ်ဳပ္အပ္သည္ျဖစ္အံ့၊ သကၤန္းႀကီးႏွစ္ထပ္၊ ကိုယ္ဝတ္တထပ္၊ သင္းပိုင္တထပ္

သာ အပ်၏။ ထို့ထက်လွန်မူ မအပ်၊ ရိန္နမ်းသော အသစ်ဖြစ်သော်လည်း ပါးသော ပုဆိုးတို့ဖြင့် ချုပ်အပ်သည်ဖြစ်အံ့၊ သင်္ကန်းကြီး လေးထပ်၊ ကိုယ်ဝတ်နှစ်ထပ်၊ သင်းပိုင်နှစ်ထပ်သာ အပ်၏။ ထို့ထက်လွန်မူ မအပ်။ ပံသုကူလ သင်္ကန်း၌ကား အထပ်အလိုရှိတိုင်းပင် အပ်၏။ ။ထို့ကြောင့် ရင်းခန္ဓကာ၌။ ။ အနုဇာနာမိ ဘိက္ခဝေ အဟတာနံ ဒုဿာနံ အဟတကပ္ပါနံ ဒိဂုဏံ သံဃာဋိံ၊ ဧကစ္စိယံ ဥတ္တရာသင်္ဂံ၊ ဧကစ္စိယံ အန္တရဝါသကံ၊ ဥတုဒ္ဓဋာနံ ဒုဿာနံ စတုဂ္ဂုဏံ သံဃာဋိံ၊ ဒိဂုဏံ ဥတ္တရာသင်္ဂံ၊ ဒိဂုဏံ အန္တရဝါသကံ၊ ပံသုကူလေ ယာဝဒတ္ထံ၊ ပါပဏိကေ ဥဿာဟော ကရဏီယော။ ။ဟု ဟောတော်မူအပ်၏။ ။ အဟတာနံ၊ မဖွပ်အပ်ကုန်သေးသော။ အဟတကပ္ပါနံ၊ ကဖြိမ်သာ ဖွပ်အပ်သေးသည်ဖြစ်၍ မဖွပ်အပ်သေးသော ပုဆိုးနှင့် တူကုန်သော။ ဥတုဒ္ဓဋာနံ၊ ရှည်မြင့်စွာသော ဥပဟုပတ်လုံး သိုမှီးအပ်ကုန်သော။ ပါပဏိကေ၊ အိမ်ဈေးကြားနှင့် ဆိုင်သော ပုဆိုးနွမ်း၌။ {အကြောင်း လွယ်၏}။ ။(ဤကား အနက်)။ ။ သာရုပ္ပဖြစ်အောင် တူယ်သော အသစ်အသယ်နှင့်တူသော သင်္ကန်းဖြစ်အံ့၊ သုံးထည်သာ ဝတ်ရုံခြင်းငှါအပ်၏။ လေးထည်စသည်ကို ဝတ်ရုံခြင်းငှါ မအပ်။ မအပ်ကြောင်းကို အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ ဟူသော မဟာဝါပါဠိတော်ကိုပင် ထောက်၍ သိအပ်၏။ ။ရိန္နမ်းသော အသစ်ဖြစ်သော်လည်း၊ ပါးသော သင်္ကန်းဖြစ်အံ့၊ လေးထည်စသော သင်္ကန်းတို့ကို ဝတ်ရုံခြင်းငှါ အပ်၏။ ထို့ကြောင့် စူဠဝါ ခုဒ္ဒက ဝတ္ထုခန္ဓကအဋ္ဌကထာ၌။ ။အဂိလာနေန ဒွေနိဝါသနေန္တန သဂုဏံ ကတွာ နိဝါသေတဗ္ဗာနိ။ ။ဟု မိန့်အပ်၏။

ရင်းသုံးထည်သော သင်္ကန်းတို့ကို ညဉ့်ကင်း၍ နေရခြင်း၊ ပေါက်သော်လည်း အဓိဋ္ဌာန် မကျခြင်းတို့ဖြင့် ဆောင်လွယ်စေခြင်းငှါ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်းငှါ အပ်၏။ ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ၌။ ။တိစီဝရံပန ပရိက္ခာရစောဠံ အဓိဋ္ဌာတုံ ဝဋ္ဋတိ၊ နဝဋ္ဋတီတိ မဟာပဒုမတ္ထေရော ကိရာဟ၊ တိစီဝရံ တိစီဝရမေဝ အဓိဋ္ဌာတဗ္ဗံ။ သစေ ပရိက္ခာရစောဠ အဓိဋ္ဌာနံ လဘေယျ၊ ဥဒ္ဒေါသိတသိက္ခာပဒေ ပရိဟာရော နိရတ္ထကော ဘဝေယျာတိ။ ဝေံ ပန္တ္တေ ကိရ အဝသေသာ ဘိက္ခူ အာဟံသု၊ ပရိက္ခာရစောဠမ္ပိ ဘဂဝတာ အဓိဋ္ဌာတဗ္ဗန္တိ ဝုတ္တံ။ တသ္မာ ဝဋ္ဋတီတိ။ မဟာပစ္စရိယမ္ပိ ဝုတ္တံ။ ပရိက္ခာရစောဠံ နာမ ပါဋ္ဋေက္ကံ နိဓာနမုခမေတန္တိ။ တိစီဝရံ ပရိက္ခာရစောဠန္တိ အဓိဋ္ဌဟိတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဥဒ္ဒေါသိတသိက္ခာပဒေန ပန တိစီဝရံ အဓိဋ္ဌဟိတွာ ပရိဟာရန္တဿ ပရိဟာရော ဝုတ္တောတိ။ ဥဘတောဝိဘင်္ဂ ဘာဏကော ပုဏ္ဏဝါလိက ဝါသီ မဟာတိဿ ထေရောပိ ကိရ အာဟ မယံ မဟာထေရာနံ အာသုမှ အရညဝါသိနော ဘိက္ခူ ရုက္ခ သုသိရာဒိသု စီဝရံ ဌပေတွာ ပဓာနံ ပဒဟန္တဿယ

ဂစ္ဆန္တိ။ သာမန္တဝိဟာရေ ဓမ္မဿဝနတ္ထာယ ဂတာနဥ္စ နေသံ သူရိယေ ဥဂ္ဂတေ သာမဏေရာ ဒဟရဘိက္ခူ ဝါ ပတ္တစီဝရံ ဂဟေတွာ ဂစ္ဆန္တိ။ တသ္မာ သုခပရိဘောဂတ္ထံ တိစီဝရံ ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတုံ ဝဋ္ဋတီတိ။ မဟာပစ္စရိယမ္ပိ ဝုတ္တံ။ ပုဗ္ဗေ အာရညိကာ ဘိက္ခူ အဗဒ္ဓသီမာယ ဒုပ္ပရိဟာရန္တိ တိစီဝရံ ပရိက္ခာရစောဠမေဝ အဓိဋ္ဌဟိတွာ ပရိဘုဉ္ဇိံသူတိ။ ။ဟုမိန့်အပ်၏။

ပန၊ ပုစ္ဆာကိုဆိုဦးအံ့။ တိစီဝရံ၊ သင်္ကန်းသုံးထည်ကို။ ပရိက္ခာရစောဠံ၊ ပရိက္ခာရစောဠဟူ၍။ အဓိဋ္ဌာတုံ၊ အဓိဋ္ဌာန်တင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်မည်လော။ နဝဋ္ဋတိ၊ မအပ်သလော။ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ မဟာပဒုမတ္ထေရော၊ မဟာပဒုမ·ထေရ်သည်။ အာဟကိရ၊ ဆိုသတဲ့။ ကိံ အာဟ၊ အဘယ်သို့ ဆိုလေသနည်းဟူမူကား။ တိစီဝရံ၊ သင်္ကန်းသုံးထည်ကို။ ပရိက္ခာရစောဠ အဓိဋ္ဌာနံ၊ ပရိက္ခာရစောဠဟူ၍ အဓိဋ္ဌာန်ဘင်ခြင်းငှါ။ သစေ လဘေယျ၊ အကယ်၍ရငြားအံ့။ ဧဝံသတိ၊ ဤသို့ရသည်ရှိသော်။ ဥဒ္ဒေါသိတ သိက္ခာပဒေ၊ ဥဒ္ဒေါသိတသိက္ခာပုဒ်၌။ ဝုတ္တော၊ ဟောတော်မူအပ်သော။ ပရိဟာရော၊ သင်္ကန်းသုံးထည် အစောင့်အရှောက်သည်။ ဝါ၊ သင်္ကန်းသုံးထည်ကို စောင့်ရှောက်ကြောင်းဖြစ်သော· ဝိဘင်း ဒေသနာသည်။ နိရတ္ထကော၊ အကျိုးမရှိသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ အာဟကိရ၊ ဆိုသတဲ့။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည် ရှိသော်။ အဝသေသာ၊ ပဟာပဒုမ·မထေရ်မှ ကြွင်းကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။အာဟံသုကိရ၊ ဆိုကြကုန်သတဲ့။ ကိံ အာဟံသု၊ အဘယ်သို့ ဆိုကြကုန်သနည်းဟူ မူကား။ ပရိက္ခာရစောဠမ္ပိ၊ ပရိက္ခာရစောဠဟူ၍လည်း။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထိုသို့မြတ်စွာဘုရားသည် ဟောတော်မူအပ်လေသောကြောင့်။ တိစီဝရံ၊ သင်္ကန်းသုံးထည်ကို။ပရိက္ခာရစောဠံ၊ ပရိက္ခာရစောဠဟူ၍။ အဓိဋ္ဌာတုံ၊ အဓိဋ္ဌာန်ဘင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အာဟံသုကိရ၊ ဆိုကြကုန်သတဲ့။ မဟာပစ္စရိယမ္ပိ၊ မဟာပစ္စရိ အဋ္ဌကထာ၌ လည်း။ ဝုတ္တံ၊ ဆိုအပ်၏။ ကိံ ဝုတ္တံ၊ အဘယ်သို့ဆိုအပ်သနည်းဟူမူကား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော် မူအပ်သော။ တေံ ပရိက္ခာရစောဠံနာမ၊ ထိုပရိက္ခာရစောဠ အဓိဋ္ဌာန်မည်သည်။ ပါဠေက္ကံ၊ အသီးအခြား တပါးသော။ နိမာနမုခံ၊ ဝတ်ခြင်း-ရုံခြင်းငှါ မထိုက်သော အထည်ကြမ်းများကို ဒသာဟာတိက္ကန္တ မဖြစ်စေခြင်းငှါ၊ ကောင်းစွာ သိုမှီး၍ ထားရကြောင်းဖြစ်သော အဓိဋ္ဌာန်တမျိုးတည်း။ တိစီဝရံ၊ ရဟန်းတို့ အမြဲဆောင်သော သင်္ကန်း သုံးထည်လုံးကို။ ပရိက္ခာရစောဠန္တိ၊ ပရိက္ခာရစောဠဟူ၍။အဓိဋ္ဌဟိတွာ၊အဓိဋ္ဌာန် တင်၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဥဒ္ဒေါသိတသိက္ခာ

ပဒေပနု၊ ဥဒ္ဒေါသိတသိက္ခာပုဒ်၌ကား။ တိစီဝရံ၊ သက်န်းသုံးထည်ကို။ အဓိဋ္ဌဟိတွာ၊ မိမိဘို၏ အမည်ဖြင့် အသီးအသီး အဓိဋ္ဌာန်တင်၍။ ပရိဟရန္တဿ၊ ဆောင်လိုသော ပုဂ္ဂိုလ်၏။ ပရိဟာရော၊ အစောင့်အရှောက်ကို။ ဘာဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဥဘတော ဝိဘင်္ဂဘာဏကာ၊ ဥဘတောဝိဘင်းကို ဆောင်သော။ ပုဏ္ဏာဂါလိဘဝါသီမဟာတိဿထေရောပိ၊ ပုဏ္ဏဝါလိကကျောင်းတိုက်၌ သီတင်းသုံး နေလေ့ရှိသောမဟာတိဿ မထေရ်သည်လည်း။ အာဟကိရ၊ ဆိုသတဲ့။ ကိံ အာဟ၊ အဘယ်သို့ ဆိုသနည်းဟူမူကား။ မယံ၊ ငါတို့သည်။ မဟာထေရာနံ၊ မထေရ်ကြီးတို့၏။ သန္တိကာ၊ အထံမှ။ အာသုမှ၊ ကြားဘူးကုန်၏။ ကိံ အာသုမှ၊ အဘယ်သို့ကြားဘူးလေသနည်းဟူမူကား။ အရညာဝါသိနော၊ တောကျောင်း၌ နေလေ့ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ရက္ခသုသိရာဒီသု၊ သစ်ခေါင်းစသည်တို့၌။ စီဝရံ၊ သက်န်းကို။ ဌပေတွာ၊ ထားခဲ့ကြကုန်၍။ ပဓာနံ၊ ကမ္မဋ္ဌာန်းစီးဖြန်းရာကမ္မဋ္ဌာန်းကျောင်းသို့။ ပဒဟနတ္ထာယ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအကျိုးငှါ။ ဂစ္ဆန္တိ၊ သွားကြကုန်၏။ သာမန္တဝိဟာရေ၊ အနီးဖြစ်သောကျောင်းသို့။ ဓမ္မဿဝနတ္ထာယ၊ တရားနာခြင်းအကျိုးငှါ။ ဂတာနံ၊ သွားကုန်သော။ နေသဥ၊ ထိုရဟန်းတို့၏လည်း။ ပတ္တစီဝရံ၊ သပိတ်, သက်န်းကို။ သူရိယေ၊ နေသည်။ ဥဋ္ဌိတေ၊ တက်လတ်သည် ရှိသော်။ သာမဏေရာ ဝါ၊ သာမဏေတို့သည်ငင်း။ ဒဟရဘိက္ခူ ဝါ၊ သီတင်းငယ်ရဟန်းတို့သည်ငင်း။ ဂဟေတွာ၊ ယူကြကုန်၍။ ဂစ္ဆန္တိ၊ ဆရာတို့၏အထံသို့ သွားကြကုန်၏။ ဣတိ၊ ဤသို့။ အာသုမှ၊ ကြားဘူးကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သုခပရိဘောဂတ္ထံ၊ ပေါက်သော်လည်း အဓိဋ္ဌာန်မကျခြင်း၊ ညှို့ကင်း၍ နေသော်လည်း အာပတ် မသင့်ခြင်းကြောင့်၊ ချမ်းသာစွာသုံးဆောင်ရခြင်းအကျိုးငှါ။ တိစီဝရံ၊ အမြဲသုံးဆောင်သော သက်န်းသုံးထည်ကို။ ပရိက္ခာရစောဠန္တိ၊ ပရိက္ခာရစောဠဟူ၍။ အဓိဋ္ဌာတုံ၊ အဓိဋ္ဌာန်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အာဟကိရ၊ ဆိုသတဲ့။ မဟာ ပစ္စရိယမ္ပိ၊ မဟာပစ္စရိ အဋ္ဌကထာ၌လည်း။ ဝုတ္တံ၊ ဆိုအပ်သေး၏။ ကိံ ဝုတ္တံ၊ အဘယ်သို့ ဆိုအပ်သလေသနည်းဟူမူကား။ ပုဗ္ဗေ၊ ရှေးအခါ၌။ အာရညိကာ၊ တောကျောင်း၌ နေလေ့ရှိကုန်သော။ ဘိက္ခူ၊ ရဟန်း တို့သည်။ အဗဒ္ဓသိမာယ၊ ဗဒ္ဓသိမ်မဟုတ်သောအရပ်၌။ ဒုပ္ပရိဟာရံ၊ ဆောင်ခြင်းငှါခဲယဉ်း၏။ ဣတိမနသိကတွာ၊ ဤသို့နှလုံးပိုက်၍။ တိစီဝရံ၊ သက်န်းသုံးထည်ကို။ ပရိက္ခာရစောဠမေဝ၊ ပရိက္ခာရစောဠဟူ၍သာလျှင်။ အဓိဋ္ဌဟိတွာ၊ အဓိဋ္ဌာန်တင်၍။ ပရိဘုဉ္ဇိံသု၊ သုံးဆောင်ကြကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤကား အနက်)။ ။ဤကား သုံးထည်မှသော သက်န်းတို့ကိုသာ ပရိက္ခာရစောဠတင်ကြောင်း, တိုက်ရိုက်လာသော သာဓကတည်း။

(ပြည်ကြီးမဏ္ဍိုင်)

ဤသို့ဝတ်ရုံအပ်သော သင်္ကန်းတို့ကို ပရိက္ခာရစောဠ အဓိဋ္ဌာန်ပင် တင်အပ်သော်လည်း၊ ရေစစ် စသည်တို့၏ အကျိုးငှါ ခွင့်ပြုတော် မူအပ်သော၊ မူလပရိက္ခာရ စောဠကဲ့သို့ အထည်ပမာဏ၊ အထပ်ပမာဏ၊ ကြီးငယ် ပမာဏမရှိ၊ ဝတ်ရုံသုံးဆောင်ခြင်းငှါမအပ်။ ထားတော် မူအပ်တိုင်းသော အပိုင်း အခြားရှိသော်သာ၊ ဝတ်ရုံသုံးဆောင်ခြင်းငှါ အပ်၏။ ။ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌။ ။တာနိဒသာဟ ပရမမေဝ ဓာရေတုံ အနုဇာနာမိ၊ န ဘတော အဓိကန္တိ ဝဒန္တေန ယာပုဗ္ဗေ တိစီဝရာဓိဋ္ဌာနသင်္ခါတာ စီဝရေ သီမာ ဗန္ဓာ၊ မရိယာဒါစ ဌပိတာ၊ တာယ သတိပိ တိစီဝရဗာဟုလ္လပရိဟရဏက္ကမော ဒဿိတော ဒိဝသပရိစ္ဆေဒဝသေန၊ တတော ပရံ အနုဇာနာမိ ဘိက္ခဝေ အတိရေကစီဝရံ ဝိကပ္ပေတုန္တိ အနုဇာနန္တေန အတိရေကစီဝရ ပရိဟရဏက္ကမော ဒဿိတောတိ ဒွေပိ တာနိ နိဓာနမုခါနီတိ သိဒ္ဓံ။ တထာ ပရိက္ခာရစောဠာဓိဋ္ဌာနံပိ သိယာ၊ အညထာ ဣတရံ ဣတရစီဝရာဓိဋ္ဌာနာနုဇာနန ဝိရောဓော သိယာ။ သီမာ ဌပန ဝိရောဓော။ တိစီဝရာဓိဋ္ဌာနပညတ္တိယေဝ စီဝရမရိယာဒါဌပနာတိ။ ။ဟုမိန့်အပ်၏။

တာနိ၊ ထိုအတိရေက သင်္ကန်းတို့ကို။ ဒသာဟပရမမေဝ၊ ဆယ်ရက်အတိုင်းအရှည်ရှိသော ကာလပတ်လုံးသာလျှင်။ ဓာရေတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ တတော၊ ထိုဆယ်ရက် အတိုင်းအရှည်ထက်။ အဓိကံ၊ အလွန်။ နအနုဇာနာမိ၊ မမူ။ ဣတိ၊ ဤသို့။ ဝဒန္တေန၊ ဟောတော်မူသော မြတ်စွာဘုရားသည်။ ပုဗ္ဗေ၊ ၌။ တိစီဝရာဓိဋ္ဌာနသင်္ခါတာ၊ သုံးထည်သော သင်္ကန်းတို့ကို သံဃာဋိစသည်ဖြင့် အဓိဋ္ဌာန်တင်ခြင်းဟု ဆိုအပ်သော။ ဝါ၊ သံဃာဋိစသည်ဖြင့် အဓိဋ္ဌာန် တင်အပ်သော သုံးထည်သော သင်္ကန်းဟုဆိုအပ်သော။ စီဝရေ၊ ၌။ ယာသီမာ၊ အကြင်အဘွဲ့ကို။ ဗန္ဓာ၊ ဘွဲ့အပ်၏။ ယာမရိယာဒါစ၊ အကြင်အပိုင်းအခြားကိုလည်း။ ဌပိတာ၊ အပ်၏။ တာယ၊ ထိုအဘွဲ့အပိုင်းအခြားသည်။ သတိပိ၊ သော်လည်း။ ဒိဝသပရိစ္ဆေဒဝသေန၊ ဖြင့်။ တိစီဝရဗာဟုလ္လ ပရိဟရဏက္ကမော၊ သုံးထည်သော သင်္ကန်းတို့ထက် များသည်အဖြစ်ကို ဆောင်ခြင်းဟု ဆိုအပ်သော အစဉ်ကို။ ဒဿိတော၊ အပ်၏။ တတော၊ ထိုဆယ်ရက်ပတ်လုံး အတိရေက သင်္ကန်းကို ဆောင်ခြင်းကို ခွင့်ပြုအပ်ပြီးသည်မှ။ ပရံ၊ ၌။ အနု(လ) ဝိကပ္ပေတုန္တိ၊ ဟူ၍။ အနုဇာနန္တေန၊ သည်။ အတိရေက စီဝရပရိဟရဏက္ကမော၊ အတိရေက သင်္ကန်းကို ဆောင်ခြင်းဟု ဆိုအပ်သော အစဉ်ကို။ ဒဿိတော၊ အပ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဒွေပိ၊ ကုန်သော။တာနိ၊ ထိုဆယ်ရက်ပတ်လုံး အတိရေက သင်္ကန်းကို ဆောင်ခြင်းငှါခွင့်ပြုတော်မူခြင်း၊အတိရေကသင်္ကန်းကို ဝိကပ္ပနာ ပြုစိမ့်သောငှါ၊ ခွင့်ပြုတော်မူခြင်းတို့သည်။ ဝါ၊ စကားတော်တို့သည်။ နိဓာနမုခါနိ၊ သိုမှီးခြင်း၏အကြောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိဣမံ အတ္ထဇာတံ၊ သည်။ သိဒ္ဓံ၊ ၏။

တာယ၊ ထိုအဘွဲ့အပိုင်းအခြားသည်။ သတိပိ၊ သော်လည်း။ အတိရေကဲ စီဝရ ပရိဟရဏကမ္မေယ၊ ကို။ ဒသီတတ္တာ၊ ကြောင့်။ ပရိက္ခာရ စောဠပ္ပမာဏဿနမ္ပိ၊ သည်လည်း။ နိစ္စာနုမုခံ၊ သည်။ သိယာ၊ ၏။ တတော၊ ထိုအဘွဲ့အပိုင်းအခြားကို မယယ်မူ၍၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်သည် နိစ္စာနုမုခဖြစ်၏ဟူသောအနက်မှ။ အညထာ-အညသို့ အတ္တေ၊ တပါးသော အဘွဲ့အပိုင်းအခြားကိုပယ်၍၊ ပရိက္ခာရ စောဠအဓိဋ္ဌာန်သည် နိစ္စာနုမုခဖြစ်၏ဟူသောအနက်ကို။ ဂယှမာနေ၊ ယူသည် ရှိသော်။ ဠ္ပတရံ၊ ပရိက္ခာရစောဠသက်န်းမှ တပါးသော တိစီဝရိက် သင်္ကန်းကို။ ဠ္ပတရစီဝရော မိဋ္ဌာနာနုဇာနန ဝိရောဓော၊ တိစီဝရိက် သင်္ကန်းမှ တပါးသော ပရိက္ခာရစောဠ သင်္ကန်းဟူ၍ အဓိဋ္ဌာန်တင်ခြင်းငှါ၊ အဋ္ဌကထာ၌ ခွင့်ပြုခြင်း၏ ဆန့်ကျင်ခြင်းသည်။ သိယာ၊ ၏။ ကသ္မာ၊ ကား။ တဿ၊ ထိုတိစီဝရိက်သင်္ကန်းကို၊ ပရိက္ခာရစောဠသင်္ကန်းဟူ၍၊ အဋ္ဌကထာ၌ ခွင့်ပြုတော်မူခြင်း၏။ သီမာဋ္ဌပနဝိရော ဓတော၊ အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ-စသည်ဖြင့် အဘွဲ့အပိုင်း အခြားကို ဘုရားထားတော်မူခြင်းနှင့် ဆန့်ကျင်ခြင်းကြောင့်တည်း။ ဟိ၊ စွ။ တိစီဝရာမိဋ္ဌာန ပညတ္တိယေဝ၊ တိစီဝရိက်အဓိဋ္ဌာန်ကို ပညတ်တော်မူခြင်းသည်ပင်လျှင်။ စီဝရ မရိယာဒါစ၊ ဝတ်ရုံအပ်သော သင်္ကန်း၏ အထည် အပိုင်းအခြားကို ထားတော် မူခြင်းမည်သည်လည်း။ ဟောတိ၊ ၏။ ။[အကြွင်းကား လွယ်၏]။ ။(ဤကား အနက်)

လိုရင်းသခေ်ပ အဓိပ္ပါယ်ကား၊ အဘွဲ့ အပိုင်းအခြားကိုပယ်၍၊ ပရိက္ခာရ စောဠ အဓိဋ္ဌာန်ကို ခွင့်ပြုတော် မူအပ်သည်ရှိသော်၊ ထိုပရိက္ခာရစောဠ အဓိဋ္ဌာန် တင်၍ ဝတ်ရုံအပ်သော သင်္ကန်းတို့သည်လည်း၊ မူလရင်း ပရိက္ခာရ စောဠကဲ့သို့ အထည်အထပ်ကြီးငယ် ပမာဏမရှိ ဖြစ်ခဲ့ရာ၏။ ထိုသို့ဖြစ်ခဲ့သော် တိစီဝရိက်ကို ပရိက္ခာရ စောဠ အဓိဋ္ဌာန် တင်အပ်၏ဟု အဋ္ဌကထာ၌ ခွင့်ပြုခြင်းသည် အနု ဇာနာမိ ဘိက္ခဝေ တိစီဝရံ စသည်ဖြင့် အပိုင်းအခြားဘုရားထားတော်မူခြင်းနှင့် ဆန့်ကျင်ခဲ့ရာ၏။ ထို့ကြောင့် အဘွဲ့အပိုင်းအခြားကို မပယ်မူ၍၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်ကို ခွင့်ပြုတော်မူအပ်၏။ ယင်းသို့ ခွင့်ပြုတော် မူအပ်သောကြောင့် ထိုပရိက္ခရစောဠ ဟူသော အမည်ဖြင့် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းတို့သည် လည်း ထားတော်မူတိုင်းသော အထည်အထပ်ကြီးငယ်ပမာဏ ရှိသော်သာလျှင် ဝတ်ရုံ သုံးဆောင်ခြင်းငှါအပ်၏။ လွန်မူ မအပ်ဟူသောအနက်ကို မှတ်အပ်၏ ဟူ လိုသည်။ ။တိစီဝရိက်သင်္ကန်းကို ပရိက္ခာရစောဠ တင်ခြင်းငှါ အပ်သကဲ့သို့၊ ထိုအတူ အခင်းလွှမ်း၊ မိုးရေခံ၊ နိသီဒိုင်၊ အပေါ်လွှမ်း၊ မျက်နှာသုတ် သင်္ကန်း တို့ကိုလည်း၊ မိမိကာလအားလျော်စွာ ပရိက္ခာရစောဠ တင်ခြင်းငှါသာ အပ် ၏။ ။ထို့ကြောင့် ခုဒ္ဒသိက္ခာ၌။ ။ပရိက္ခာရစောဠိယော သဗ္ဗံ၊ တထာ ဝတ္ထာ အဓိဋ္ဌဟိ။ ။ဟူ၍ရင်း၊ ဋီကာ၌။ ။သဗ္ဗန္တိ နဝဝိမံ သဗ္ဗစီဝရံ။ ။ဟူ၍ရင်း မိန့်

အပ်၏။ ။ပရိက္ခာရစောဒိယော၊ ပရိက္ခာရစောဒနာတင်၍ သုံးဆောင်လိုသော ရဟန်းသည်။ သဗ္ဗံ၊ အလုံးစုံသော သင်္ကန်း ကိုးထည်ကို။ တဏှာဝတ္ထာ၊ ထိုသို့ ပရိက္ခာရစောဒနာဟုဆို၍။ အဓိဋ္ဌဟိ၊ အဓိဋ္ဌာန်တင်၏။ ။(ဤကား အနက်)။ ။ ဤကား သင်္ကန်းကိုးထည်တို့ကိုသာ ပရိက္ခာရစောဒနာတင်အပ်ကြောင်း တိုက်ရိုက်လာသော သာဓကတည်း။

ဤ၌ အမာလွှမ်း၊ မိုယ်းရေခံသင်္ကန်းတို့ကို မိမိတို့ကာလ၌သာ ပရိက္ခာရစောဒနာ တင်၍၊ ကာလ လွန်သောအခါ၌ ၎င်းအဓိဋ္ဌာန်ကို ချ၍ ပါဠိတော် လာတိုင်း ဝိကပ္ပနာပြု၍ ထားအပ်၏။ ။ထို့ကြောင့် ဝဇိရ ဗုဒ္ဓိ ဋီကာ၌။ ။ကတပရိယောသိတံ အန္တောစာတုမာသံ ဝဿာနံ ဒိဝသံ အာဒိံ ကတွာ အန္တောဒသာဟေ အနုဇာနာမိ။ ။စာတုမာသတော ဥဒ္ဓံ အတ္တနော သန္တကံ ကတွာ ဧပိတု ကာမေန ဝိကပ္ပေတုံ အနုဇာနာမီတိ အတ္ထော။ ။ဟုမိန့်အပ်၏။ ။[ဤ၌အချို့ကား မူလဝသိက သာဋိက အဓိဋ္ဌာန်ကိုသာ ပယ်သောဟူ၏]။ ။အတ္တနော သန္တကံ ကတွာ ဧပိတုကာမေန ဟုမြဲမြဲစွာဆိုခြင်းဖြင့်၊တစုံတခုသောအမည်ဖြင့် အဓိဋ္ဌာန် မတင်အပ်ဟူသော အနက်သည်ပြီး၏ဟု မှတ်ယူသင့်သည်။ ။မြတ်စွာဘုရားသည် သံသာဋိစသည်ဖြင့်၎င်း၊ ပရိက္ခာရစောဒနာဟူ၍၎င်း အဓိဋ္ဌာန် တင်အပ်သော သုံးထည်သော သင်္ကန်းတို့ကို ခွင့်ပြုတော်မူသောအားဖြင့် သုံးဆောင်အပ်သော သင်္ကန်းတို့၌ အပိုင်းအခြားထားတော်မူပြီး၍ ထိုမှနောက်၌ ဆယ်ရက် ပတ်လုံး အတိရေကသင်္ကန်းကို ဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၍။ ထိုမှနောက်၌ ထားတော်မူအပ်သော အပိုင်းအခြားအားလျော်စွာ ငါတို့ကား သုံးထည်သော သင်္ကန်းသာရှိ၏။ ကြွင်းသောသင်္ကန်းတို့ကား တပါးသော ရဟန်း၏ သင်္ကန်း တည်းဟု အမှတ်ပြု၍ သုံးဆောင်စေခြင်းငှါ ကြွင်းသောသင်္ကန်းတို့ကို၎င်း၊ အယုတ်အားဖြင့် အလျားတထောင့်ထွာ၊ အနံတထွာခြောက်သစ်စသည်ရှိသော သင်္ကန်းလျာကိုကို၎င်း ဝိကပ္ပနာပြုစိမ့်သောငှါ ရဟန်းတို့အား ခွင့်ပြုတော်မူ၏။ ထို့ကြောင့် စီဝရက္ခန္ဓက၌ အနုဇာနာမိ ဘိက္ခဝေ ဒသာဟပရမံ အတိရေကစီဝရံ ဓာရေတုံ။ ။ဟူ၍၎င်း။ ။အနုဇာနာမိ ဘိက္ခဝေ အတိရေကစီဝရံ ဝိကပ္ပေတုံ။ ။ဟူ၍၎င်း။ ။ဟောတော်မူအပ်၏။ ။ဝိကပ္ပေတုံ၊ ဝိကပ္ပနာပြုစိမ့်သောငှါ။ ဝါ၊ မိမိနှင့်ကင်းသည်ကို ပြုစိမ့်သောငှါ။ ဝါ၊ တပါးသော သီတင်းသုံးဘော် တို့အား ပေးစိမ့်သောငှါ။ ။ဟု သမ္ဗန်။

ထိုစကားသင့်စွ၊ အတိရေက သင်္ကန်းမဖြစ်ရုံမျှသာ ဝိကပ္ပနာကို ခွင့်ပြုတော် မူလိုရင်းမဟုတ်၊ စင်စစ်မူကား စီဝရဗာဟုလ္လ မဖြစ်စေခြင်းငှါ အပိုင်းအခြား ဘွဲထားအပ်သည်အားလျော်စွာ၊ တပါးသော ရဟန်း၏ သန္တကပြုစေခြင်းငှါ ဝိကပ္ပနာကို ခွင့်ပြုတော်မူလိုရင်းဖြစ်သည်ဟု မှတ်ယူသင့်သည်။ ။ဤကဲ့သို့မှတ်ယူ

သင့်သည်ကိုလည်း၊ အာကာသ၌ အတိရေက သက်န်းမဖြစ်ရုံသာ ဝိကပ္ပနာကို ခွင့်ပြုတော်မူသည်ဖြစ်အံ့၊ မဇ္ဈိမ ဗြဟ္မ သာသမိ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အတိရေက သင်္ကန်းမဖြစ်စေခြင်းငှါ နှစ်ထည်မြောက် ဒုဂုဏ်စသည်တို့၌ သံဃာဒိ စသော အဓိဋ္ဌာန်ကို ခွင့်ပြုတော်မူရာ၏။ ဤသို့ကား ခွင့်ပြုတော်မမူ။ ခွင့်ပြုတော်မမူခြင်း၏ အကြောင်းကိုလည်း ပညာရှိတို့သည် ဆင်ခြင်အပ်၏။ ဆင်ခြင်သော်ကား၊ အာကာသ၌ နှစ်ထည်မြောက် ဒုဂုဏ်စသည်တို့၌ သံဃာဋိ စသော အဓိဋ္ဌာန်ကို ခွင့်ပြုတော်မူသည်ဖြစ်အံ့၊ အပိုင်းအခြားမရှိ၊ စီဝရဗာဟုလ္လဖြစ်မြဲ ဖြစ်ခဲ့ရာ၏။ ထို့ကြောင့် ခွင့်ပြုတော်မမူ။ ဤသို့ခွင့်ပြုတော်မူသော ဗျတိရေက ယုတ္တိကိုရင်း။ ။ဝဿိကသာဋိကံပနဿ စာတုမာသံ အဓိဋ္ဌာတုံ၊ တတောပရံ ဝိကပ္ပေတုံ။ ။ကဏ္ဍုပ္ပဋိစ္ဆာဒိ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ၊ တတောပရံ ဝိကပ္ပေတုံ။ ။ဟူသော သာဓကကိုရင်း ထောက်၍သိအပ်၏။

ထိုစကားသင့်စွ၊ ဓမ္မသာသမိဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဝဿိကသာဋိကာ ကဏ္ဍုပ္ပဋိစ္ဆာဒိ အဓိဋ္ဌာန်ကို အခါခပ်သိမ်းရင်း၊ နှစ်ထည်မြောက်ရင်း ခွင့်ပြုတော်မမူဘဲ၊ မလွဲမကင်းသော မိုးကာလ၌ တထည်သော မိုးရေခံသင်္ကန်းကို၊ နာသောအခါ၌သာ တထည်သော အမာလွှမ်း သင်္ကန်းကို ခွင့်ပြုတော်မူပြီးမှ မိုးအခါ၊ နာသောအခါမှ၊ နောက်ကာလ၌ အဓိဋ္ဌာန်ကို ခွင့်ပြုတော်မမူဘဲ၊ ဝိကပ္ပနာကိုသာ ခွင့်ပြုတော်မူသည်ကိုထောက်၍ အပိုင်းအခြားဘွဲ့ထားသည်အားလျော်စွာ တပါးသောရဟန်း၏ သန္တက ပြုစေခြင်းငှါ ဝိကပ္ပနာကို ခွင့်ပြုတော် မူလိုရင်းဖြစ်သည်ဟု သိသင့်သည်။ ဆောင်လိုသော သင်္ကန်းမှ ပိုလွန်သောအရာရာတို့၌ပင် ဝိကပ္ပနာကိုသာ ခွင့်ပြုတော်မူသည်ကို ထောက်၍လည်း သိသင့်သည်။ ထို့ကြောင့် "ဓုတင်အရာ၌ အရင်းပြတ်စွန့်စေ၍ တိစီဝရိက်ကို ခွင့်ပြုတော်မူ၏။ ဝိနည်းအရာ၌ ပရိယာယ်အားဖြင့် စွန့်စေ၍ တိစီဝရိက်ကို ခွင့်ပြုတော်မူ၏။ ဤမျှသာထူးသည်ဟု မှတ်ယူသင့်သည်" ဤဝတ်ရုံ ထိုက်သော သင်္ကန်း၏အစွမ်းဖြင့် အပိုင်းအခြားထားတော်မူသည်ကိုရင်း၊ အဋ္ဌကထာ၌ ဝတ်ရုံခြင်းငှါ မထိုက်သော ငယ်လွန်း ကြီးလွန်းသော သင်္ကန်းကို။ ။ဝုတ္တပမာဏတော ပန အတိရေကံ ဦနကဉ္စ ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတဗ္ဗံ။ ။ဟု ပရိက္ခာရစောဠ တင်သင့်ကြောင်းဆိုအပ်သည်ကိုရင်း ထောက်၍၊ အယုတ်ဆုံး အလျားတတောင့်ထွာ၊ အနံတထွာ လက်ခြောက်သစ် စသည်ရှိသော သင်္ကန်းလျာတို့ကို ပရိက္ခာရစောဠတင်ခြင်းငှါလည်းအပ်၏။ ပရိဘောဂ ါသီသမရှိ။ ပစ္စတ္ထရဏ စသော အမှတ်ဖြင့် ထားအပ်သော သင်္ကန်းတို့ကိုလည်း ပရိက္ခာရစောဠ တင်ခြင်းငှါအပ်၏။ ပမာကား မိုးရေခံသင်္ကန်းကို ဆောင်းဥတုတို့၌၊ မိုးရေခံသင်္ကန်းအမှတ်ဖြင့် သုံးဆောင်ခြင်းငှါ မအပ်သော်လည်း သင်းပိုင်အမှတ်၊

ကိုယ်ငတ်အမှတ်ဖြင့် သုံးဆောင်ခြင်းငှါအပ်သကဲ့သို့တည်း။ တပါးသော ရဟန်းတို့၏ အစစ်ဖြစ်သော သင်္ကန်းကို သုံးဆောင်ခြင်းငှါ အပ်သကဲ့သို့၊ တပါးသော ရဟန်း၏ ဝိကပ္ပနာသင်္ကန်းကိုလည်း သုံးဆောင်ခြင်းငှါ အပ်၏။ ထို့ကြောင့် ပဉ္စမကထိနသိက္ခာပုဒ် အဋ္ဌကထာ၌။ ။မယှံ သန္တကံ- မယှံသန္တကာနိ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိတိ ဧဝံပန ဝုတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ၊ တတော ပဘုတိ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ။ ။ဟူ၍ရင်း။ ။ခုဒ္ဒသိက္ခာ၌ အနုမိဋ္ဌိတနိဿဋ္ဌံ၊ကပ္ပေတွာ ပရိဘုဉ္ဇယေ။ ။ဟူ၍ရင်း မိန့်အပ်၏။

မိုးကာလ၌ အပိုဖြစ်သောမိုးရေခံ သင်္ကန်းကို ရသည်ဖြစ်အံ့၊ဝိကပ္ပနာပြု၍ တပါးသောရဟန်းတို့၏ သင်္ကန်းကို သုံးဆောင်ရသကဲ့သို့ သုံးဆောင် အပ်၏။ ။ထို့ကြောင့် တေရသကဏ္ဍဋီကာ၌။ ။သစေ ဝဿာနေ အပရာဝဿိကသာဋိကာ ဥပ္ပန္နာ ဟောတိ၊ ပုရိမဝဿိက သာဋိကံ ပစ္စုဒ္ဓရိတွာ ဝိကပ္ပေတွာစ အမိဋ္ဌာတဗ္ဗာတိ ဝဒန္တိ။ ။ရင်းဋီကာ ပါဠ်ဖြင့် ပိုသော မိုးရေခံ သင်္ကန်းကို ပရိက္ခာရစောဠတင်ခြင်းငှါရင်း၊ တင်ပြီး၍ ထည်လဲသုံးဆောင်ခြင်း ငှါရင်း မအပ်ဟူသော အနက်သည် ပြီး၏။ ။ဤကိုထောက်၍ ဝတ်ရုံသော သင်္ကန်းအရာ၌လည်း ပညာရှိတို့ ဆင်ခြင်အပ်၏။ ဤဝိကပ္ပနာအရာ၌ တပါးတည်းနေသော ရဟန်းဖြစ်အံ့၊ မိမိ နှစ်သက်အပ်သော ပုဂ္ဂိုလ်အား ဝိကပ္ပနာ ပြုပြီး၍၊ ဝိနည်းမိုရ် ပုဂ္ဂိုလ်နှင့် တွေ့သောအခါ ပစ္စုဒ္ဓိုရ်ပြုစေ၍ သုံးဆောင် ခြင်းစသည်ကို ပြုအပ်၏။ မတွေ့မီ ဝတ်ရုံခြင်း စသည်ကို ပြုလိုသည် ဖြစ်အံ့၊ ထိုပြုအပ်သော ပုဂ္ဂိုလ်နှင့် အကျွမ်းဝင်သော အားဖြင့် ဝတ်ရုံ ပေးကမ်းခြင်း ကို ပြုအပ်၏။ အာပတ်မသင့်။ ။ထိုကြောင့် ဝိကပ္ပနာ သိက္ခာပုဒ်၌။ ။အနာပတ္တိ သော ဝါဒေတိ၊ တဿဝါ ဝိဿာသန္တော ပရိဘုဉ္ဇတိ။ ။ဟု ဟောတော် မူအပ်၏။ ။ထိုစကားသင့်စွ၊ ပစ္စုဒ္ဓိုရ် ပြုစေလို၍သော ဝိနည်းမိုရ် ပုဂ္ဂိုလ်ထံ၌ ဝိကပ္ပနာပြုအပ်၏။ အလိုအလျောက်ပြုရာ၌ တပါးသော ရဟန်းအား ဝိကပ္ပနာဟူသော ပေးခြင်းမမြောက်သောကြောင့် ပြုအပ်သည် မဟုတ်၊ အကြောင်း ကို ဝိကပ္ပနာကိုထောက်၍ သိအပ်၏။ ဤကား အပိုအလွန် ဖြစ်သော သင်္ကန်း တို့ကို ဝိကပ္ပနာပြုအပ်ကြောင်း တိုက်ရိုက်လာသော သာဓကတည်း။

ဆရာတို့ကား ဝိဘင်းပါဠိတော်၌။ ။အန္တောဒသာဟံ အဓိဋ္ဌေတိ ဝိကပ္ပေတိ။ ။ဟူ၍ရင်း။ ။အတိရေကစီဝရံနာမ အနမိဋ္ဌိတံ အဝိကပ္ပိတံ။ ။ဟူ၍ရင်း ဟောတော် မူခြင်းကြောင့်၊ ခုဒ္ဒသိက္ခာ၌ လည်း။ ။အနမိဋ္ဌိတနိဿဋ္ဌံ၊ ကပ္ပေတွာ ပရိဘုဉ္ဇယေ။ ။ဟုဆိုခြင်းကြောင့်၊ အလုံးစုံသော သင်္ကန်း တို့ကို သံဃာဋိစသော ပိသေသအမည်၊ ပရိက္ခာရစောဠ ဟူသော သာမည အမည်ဖြင့် အမိဋ္ဌာန်တင်၍ရင်း၊ ဝိကပ္ပနာပြု၍ရင်း သုံးဆောင်အပ်၏ ဟု ဆိုကုန်၏။ . ။ငါ

တို့ကား ပတ္တသိက္ခာပုဒ်၌။ ။အဋ္ဌောဒသာဟံ အဓိဋ္ဌေတိ ဝိကပ္ပေတိ။ ။ဟူသော မံဟောတော် မူအပ် သော်လည်း၊ တလုံးသော သပိတ်ကိုသာ အဓိဋ္ဌာန် တင်၍၊ ကြွင်းသော သပိတ်တို့ကို ဝိကပ္ပနာပြုအပ်သကဲ့သို့ ထို့အတူ၊ သင်္ကန်း အရာ၌လည်း အဓိဋ္ဌေတိ ဝိကပ္ပေတိ၊ ဟု သာမံ ဟောတော်မူအပ် သော်လည်း စီဝရက္ခန္ဓက၌ ပြတော်မူသည့် အားလျော်စွာ အဓိဋ္ဌာန် တင်သင့်သော သင်္ကန်း၌ အဓိဋ္ဌာန်၊ ဝိကပ္ပနာပြုသင့်သော သင်္ကန်း၌ ဝိကပ္ပနာကို ခွင့်ပြုတော် မူ၏ ဟူ၍ရင်း။ ။အတိရေက စီဝရံနာမ အနဓိဋ္ဌိတံ အဝိကပ္ပိတံ၊ ဟု ဟောတော် မူအပ်သည် ကိုလည်း၊ တထည်ပင် ဖြစ်သော်လည်း အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုသော် အတိရေကသင်္ကန်း ဖြစ်သည်ကိုရင်း၊ သုံးထည်သော သင်္ကန်း၌ သာ အဓိဋ္ဌာန်ကို ခွင့်ပြုတော် မူခြင်းဖြင့်၊ ကြွင်းသော မိမိ၏ သင်္ကန်းကို ပယ်အပ် သည်ကိုရင်း၊ ဝိကပ္ပနာပြု၍ သုံးဆောင်အပ်သည်ကိုရင်း ရည်တော်မူ၍၊ အတိ ရေကစီဝရံနာမ စတုတ္ထစီဝရံ ဟု ဟောတော်မမူဘဲ၊ အနဓိဋ္ဌိတံ အဝိကပ္ပိတံ၊ ဟု ဟောတော်မူ၏ ဟူ၍ရင်း နှလုံးသွင်းမိ၏။ ။အချို့ကား ပရိက္ခာရ စောဠ ဂဏနာ နတ္ထိ၊ ဆိုသောကြောင့်၊ မူလ ပရိက္ခာစောဠ ကဲ့သို့ပင် ပရိက္ခာရ စောဠ တင်အပ်သော သင်္ကန်းတို့ သည်လည်း၊ အရေ အတွက် မရှိ၊ အပ်၏ ဟု ဆိုကုန်၏။ အကယ်၍ ဂဏနာ နတ္ထိ၊ ဆိုသောကြောင့် ပရိက္ခာရစောဠ တင်ခြင်း ဖြင့် အရေအတွက် မရှိ အပ်ခဲ့သော်၊ ပမာဏ နတ္ထိ၊ ဆိုသောကြောင့် ပမာဏ မရှိအပ်သည်ဖြစ်ရာ၏။ ထိုသို့လည်း မအပ်၊ ထိုကြောင့် ၎င်းစကားကို ဆင်ခြင် အပ်၏။

သုံးထည်ကို ပရိက္ခာရစောဠ၊ အကြွင်းကို ဝိကပ္ပနာ တိုက်ရိုက် ခွင့်ပြုတော်မူကြောင်း ဝိနိစ္ဆယကား ပြီး၏။

---

(၃) ဤအရာ၌ ယခင်က ပြအပ်ခဲ့ပြီးသော ဝိနိစ္ဆယ၊ ပါကဋအထူးဖြစ်စေ ခြင်းငှါ ကိုးထည်သော သင်္ကန်းတို့ကို ဟောတော်မူရာ ဒေသနာ အစဉ်ကို ၎င်း၊ ထိုသင်္ကန်းတို့၏ ကြီးငယ်ပမာဏ အထည်ပမာဏနှင့် တကွ မူလ ဖြစ် သော အဓိဋ္ဌာန် ဝိကပ္ပနာကို၎င်း ပြဆိုပေအံ့သတည်း။ ။ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင်၊ မိုးရေခံ၊ နိသီဒိုင်၊ အပေါ်လွှမ်း၊ အမာလွှမ်း၊ မျက်နှာသုတ်၊ ပရိက္ခာ ရစောဠ-ဤသင်္ကန်း ကိုးထည် တို့တွင်၊ တိစီဝရိက် ခွင့်ပြုကြောင်းကို ဤသို့ သိ ရာ၏။ ။မြတ်စွာ ဘုရားရှင်သည် ပဌမဗောဓိအခါဝယ်၊ အနှစ် နှစ်ဆယ် ပတ်လုံး ရဟန်းတို့အား ဒါယကာ လှူသော သင်္ကန်းကို ခွင့်ပြုတော် မမူဘဲ၊ ပံ့သုကူလ သင်္ကန်းကိုသာ ခွင့်ပြုတော်မူ၏။ ထိုပဌမ ဗောဓိကို လွန်မြောက်၍ ဒုတိယဗောဓိ ရောက်လတ်သော် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူစဉ်အခါ၊ ဇီဝက လျှောက်ထားခြင်းကို အကြောင်းပြု၍ ဂဟပတိ

သက်န်းကို ခွင့်ပြုတော်မူ၏။ ။ထို၏နောက်မှ သင်္ဃာတော်များအား အယုတ်, အလတ်,အမြတ် အားဖြင့် များစွာသော သင်္ကန်းဖြစ်လာခြင်းကို အကြောင်း ပြု၍ ခေါမ၊ ကပ္ပါသိက၊ ကောသေယျ၊ ကမ္ဗလ၊ သာဏ၊ ဘင်္ဂ ဟူ ဇာတ် အားဖြင့် ခြောက်ထည်သော သင်္ကန်းတို့ကို ခွင့်ပြုတော်မူ၏။ ။ထိုနောက် ဆိုးရေကို၊ ထိုနောက်သင်္ကန်းကိုဖြတ်၍ ချုပ်ခြင်းကို ခွင့်ပြုတော် မူ၏။ ထို၏ နောက်မှ သင်္ကန်းသုံးထည်ကို ခွင့်ပြုတော်မူ၏။ ခွင့်ပြုတော်မူခြင်း မဟာဝါ ပါဠိတော်၌ လာသည်ကား။ ။အထခေါ ဘဂဝါ ရာဇဂဟေ ယထာ ဘိရန္တံ ဝိဟရိတွာ ယေန ဝေသာလီ၊ တေန စာရိကံ ပက္ကမိ၊ အဒ္ဒသာခေါ ဘဂဝါ အန္တရာစ ရာဇဂဟံ အန္တရာစ ဝေသာလိံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော သမ္ဗဟုလေ ဘိက္ခူ စီဝရေဟိ ဥဗ္ဘဏ္ဍိကေ သီသေပိ စီဝရဘိသိံ ကရိတွာ ခန္ဓေပိ စီဝရ ဘိသိံ ကရိတွာ ကဋိယာပိ စီဝရဘိသိံ ကရိတွာ အာဂစ္ဆန္တေ။ ဒိသွာန ဘဂဝတော ဧတဒဟောသိ။ အတိလဟုံခေါ ဣမေ မောဃပုရိသာ စီဝရေ ဗာဟုလ္လာယ အာဝတ္တာ၊ ယန္နူနာဟံ ဘိက္ခူနံ စီဝရေ သီမံ ဗန္ဓေယျံ။ မရိယာဒံ ဌပေယျန္တိ။ အထခေါ ဘဂဝါ အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ဝေသာလီ၊ တဒဝသရိ၊ တတြ သုဒံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ ဂေါတမကေ စေတိယေ၊ တေန ခေါပနသမယေန ဘဂဝါ သီတာသု ဟေမန္တိကာသု အန္တရဋ္ဌကာသု ဟိမ ပါတသမယေ ရတ္တိံ အဇ္ဈောကာသေ ဧကစီဝရော နိသီဒိ။ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ ပဌမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ။ ဒုတိယံဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ မဇ္ဈိမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ။ တတိယံ ဘဂဝါ စီဝရံ ပါရုပိ၊ နဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ ပစ္ဆိမေ ယာမေ ဥဂ္ဂတေ အရုဏေ နန္ဒိမုခိယာ ရတ္တိယာ သီတံ ဘဂဝန္တံ အဟောသိ။ စတုတ္ထံ ဘဂဝါ စီဝရံ ပါရုပိ၊ နဘဂဝန္တံ သီတံ အဟောသိ။ အထခေါ ဘဂဝတော ဧတဒဟောသိ၊ ယေပိ တေ ကုလပုတ္တာ ဣမသ္မိံ ဓမ္မဝိနယေ သီတာလုကာ သီတဘီရုကာ။ တေပိ သက္ကောန္တိ တိစီဝရေန ယာပေတုံ။ ယန္နူနာဟံ ဘိက္ခူနံ စီဝရေ သီမံ ဗန္ဓေယျံ၊ မရိယာဒံ ဌပေယျံ၊ တိစီဝရံ အနုဇာနေယျန္တိ။ အထခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ၊ ဣဓာဟံ ဘိက္ခဝေ အန္တရာစ ရာဇဂဟံ အန္တရာစ ဝေသာလိံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော အဒ္ဒသံ သမ္ဗဟုလေ ဘိက္ခူ စီဝရေဟိ ဥဗ္ဘဏ္ဍိကေ သီသေပိ စီဝရဘိသိံ ကရိတွာ ခန္ဓေပိ စီဝရဘိသိံ ကရိတွာ ကဋိယာပိ စီဝရ ဘိသိံ ကရိတွာ အာဂစ္ဆန္တေ၊ ဒိသွာန မေ ဧတဒဟောသိ၊ အတိလဟုံခေါ ဣမေ မောဃပုရိသာ စီဝရေ ဗာဟုလ္လာယ အာဝတ္တာ၊ ယန္နူနာဟံ ဘိက္ခူနံ သီမံ ဗန္ဓေယျံ၊ မရိယာဒံ ဌပေယျံ၊ တိစီဝရံ အနုဇာနေယျန္တိ။ ဣဓာဟံ ဘိက္ခဝေ သီတာသု ဟေမန္တိကာသု ရတ္တီသု အန္တရဋ္ဌကာသု ဟိမပါတသမယေ ရတ္တိံ

အဇ္ဈောကာသေ စင်္ကမေ စင်္ကမန္တော ဝိဟရတိ၊ နိသိန္နဒိ'။ နှ မံ သိတံ အဟောသိ။ နိက္ခန္တေ ပဌမေ ယာမေ သိတံ မံ အဟောသိ။ ဒုတိယာဟံ စိဝရံ ပါရုပိ'။ နှ မံ သိတံ အဟောသိ။ နိက္ခန္တေ မဇ္ဈိမေ ယာမေ သိတံ မံ အဟောသိ။ တတိယာဟံ စိဝရံ ပါရုပိ'၊ နှ မံ သိတံ အဟောသိ။ နိက္ခန္တေ ပစ္ဆိမေ ယာမေ ဥဒ္ဓတေ အရုဏေ နန္ဒိမုခိယာ ရတ္တိယာ သိတံ မံ အဟောသိ။ စတုတ္ထာဟံ စိဝရံ ပါရုပိ'။ နှ မံ သိတံ အဟောသိ။ တဿ မယှံ ဘိက္ခဝေ ဧတဒဟောသိ၊ ယေပိ တေ ကုလပုတ္တာ ဣမသ္မိံ ဓမ္မဝိနယေ သီတာလုကာ သီတဘီရုကာ၊ တေပိ သက္ကောန္တိ တိစီဝရေန ယာပေတုံ။ ယန္နူနာဟံ ဘိက္ခူနံ စီဝရေ သီမံ ဗန္ဓေယျံ၊ မရိယာဒံ ဌပေယျံ၊ တိစီဝရံ အနုဇာနေယျန္တိ။ အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ ဒိဂုဏံ သံဃာဋိံ ဧကစ္စိယံ ဥတ္တရာသင်္ဂံ, ဧကစ္စိယံ အန္တရဝါသကန္တိ။ ။ဟု ဟောတော်မူအပ်၏။

အထခေါ၊ ဉ်။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ဉ်။ ယထာဘိရန္တံ၊ မွေ့လျော် တော်မူသမျှကာလပတ်လုံး။ ဝိဟရိတွာ၊ ၍။ယေနဝေသာလီ၊ ဉ်။ ဝေသာလီ၊ သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ စာရိကံ၊ လမ်းစဉ်ဒေသစာရီလှည့်လည်ခြင်းကို။ ကတွာ၊ ၍။ ပက္ကမိ၊ ၏။ ဘဂဝါ၊ သည်။ ရာဇဂဟံ-ရာဇဂဟဿ၊ ၏။ အန္တရာစ၊ ဉ်ငှင်း။ ဝေသာလိံ-ဝေသာလိယာ၊ ၏။အန္တရာစ၊ ဉ်ငှင်း။အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊အဓွန့်ရှည်သောခရီးသို့ သွားတော်မူသည်ရှိသော်။ သမ္ဗဟုလေ၊ ကုန်ခံသော။ ဘိက္ခူ၊တို့ကို။ စီဝရေဟိ၊ တို့ဖြင့်။ ဥဗ္ဘဏ္ဍိကေ၊ အထက်၌ထားအပ်သော ဘဏ္ဍာ အထုပ်ရှိကုန်သည်တို့ကို ပြုကုန်သည်ဖြစ်၍။ သီသေပိ၊ ဉ်လည်း။ စီဝရဘိသိ'၊ သက်နိုး ဘုံလျှိုကို။ ကရိတွာ၊ ၍။ ခန္ဓေပိ၊ ပခုံး၌လည်း။ စီဝရဘိသိ'၊ သက်နိုးဘုံလျှိုကို။ ကရိတွာ၊ ၍။ ကဋိယာပိ၊ ခါးထက်၌လည်း။ စီဝရဘိသိ'၊ ကို။ ကရိတွာ၊ ၍။ အာဂစ္ဆန္တေ၊ တို့ကို။အဒ္ဒသာခေါ၊ ၏။ ဒိသွာ၊ ၍။ ဘဂဝတော၊ ၏။တေ ဧသော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ ကိံ ကောပရိ ဝိတက္ကော၊ အဘယ်သို့သော အကြံတော်သည်။ အဟောသိ၊ နည်း။ အတိလဟုံ ခေါ၊ အလွန်လျင်စွာလျှင်။ ဣမေ မောဃပုရိသာ၊ တို့သည်။ စီဝရေ၊ ၌။ ဗာဟုလ္လာယ၊ များခြင်းအကျိုးငှါ။ အဝတ္တာ၊ လှည့်လည်ကြကုန်၏။ အဟံ၊ သည်။ ဘိက္ခူနံ၊ တို့အား။ စီဝရေ၊ ၌။ ဝါ၊ သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်း၌။ သီမံ၊ အဘွဲ့ကို။ ဝါ၊ အမှတ်ကို။ ကတွာ၊ ၍။ ဗန္ဓေယျံ၊ ဘွဲ့ရမူကား။ မရိယာဒံ၊ အပိုင်းအခြားကို။ ယန္နူနဟံ ဒီပန ဌပေယျံ၊ အကယ်၍ထားရမူကား။ သာဓု၊ ကောင်းလေစွ။ ဣတိဧသော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ဉ်။ ဘဂဝါ၊သည်။ အနုပုဗ္ဗေန၊ ဖြင့်။ စာရိကံ၊ ကို။ ကတွာ၊ ၍။ စရမာနော၊ သော်။ ယေနဝေသာလီ၊ ဉ်။ ဝေသာလီ၊ သည်။ အတ္ထိ၊ ၏။ တံ၊သို့။ အဝသရိ၊ ရောက်တော်မူလေပြီ။ ဘဂဝါ၊ သည်။ တတြဝေသာလိယံ၊ ဉ်။ ဂေါတမကေ၊ ဂေါတမအမည်ရှိသော နတ်ဘီလူး၏ နေရာအရပ်၌ဆောက်လုပ်အပ်သည်ဖြစ်၍ ဂေါတမကအမည်ရှိသော။စေတီယေ၊

လူတို့၏ ပူဇော်ရာ နတ်ကွန်းစင်၏ အနီး၌။ ဝိဟာရတိ၊ ၏။ တေနခေါ ပန သမ
ယေန၊၌။ ဘဂဝါ၊ သည်။ သီတာသု၊ ချမ်းအေးကုန်သော။ ဟေမန္တိကေသု၊ ဆောင်း
ဥတု၌ဖြစ်ကုန်သော။ အန္တရဋ္ဌကာသု၊ တပို့တွဲလ၊ တပေါင်းလ တို့၏ အကြား
ရှစ်ရက်ဖြစ်ကုန်သော။ ရတ္တီသု၊ ညဉ့်တို့၌။ ဟိမပါတသမယေ၊ ဆီးနှင်းကျသော
အခါ၌။ ရတ္တိံ၊ ညဉ့်အခါ၌။ အဗ္ဘောကာသေ၊ ၌။ ဧကစီဝရော၊ တထည်သော
သင်္ကန်းရှိသည်ဖြစ်၍။ နိသီဒိ၊ ပြီ။ ဘဂဝန္တံ၊ အား။ သီတံ၊ အချမ်းသည်။
နအဟောသိ၊ မဖြစ်။ ပဌမေ ယာမေ၊ ညဉ့်ဦးယာမ်သည်။ နိက္ခန္တေ၊ ထွက်လတ်
သည်ရှိသော်။ ဝါ၊ လွန်သည်ရှိသော်။ ဘဂဝန္တံ-ဘဂဝတော၊ အား။ သီတံ၊
သည်။ အဟောသိ၊ ပြီ။ ဘဂဝါ၊ သည်။ တတိယံ၊ သော။ စီဝရံ၊ ကို။ ပါရုပိ၊
ပြီ။ ဘဂဝန္တံ၊ အား။ သီတံ၊ သည်။ နအဟောသိ၊ မဖြစ်။ မဇ္ဈိမေ ယာမေ
သန်းခေါင်ယံသည်။ နိက္ခန္တေ၊ သော်။ အရုဏေ၊ သည်။ ဥဒ္ဓိတေ၊ တက်လတ်
သည် ရှိသော်။ ရတ္တိယာ၊ ညဉ့်အခါသည်။ နန္ဒိမုခိယာ၊ နှစ်သက်ဘွယ်သော
အရှေ့အရပ်မျက်နှာရှိလတ်သော်။ ဝါ၊ အရုဏ်တက်လတ်သော်။ ဘဂဝန္တံ- ဘဂဝ
တော၊ အား။ သီတံ၊ သည်။ အဟောသိ၊ ပြီ။ ဘဂဝါ၊ သည်။ စတုတ္ထံ၊ သော။
စီဝရံ၊ ကို။ ပါရုပိ၊ ပြီ။ ဘဂဝန္တံ၊ အား။ သီတံ၊ သည်။ န အဟောသိ၊ မဖြစ်။
အထခေါ၊ ၌။ ဘဂဝတော၊ အား။ ဧတံသော ပရိဝိတက္ကော၊ သည်။ အဟော
သိ၊ ပြီ။ ကိံကော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ နည်း။ ဣမသ္မိံ ဓမ္မဝိနယေ၊
ဤငါဘုရားသာသနာတော်၌။ သီတာလုကာ၊ များသော အချမ်းရှိကုန်သော။
သီတဘီရုကာ၊ အချမ်းကို ကြောက်တတ် ကုန်သော။ ယေပိတေ ကုလပုတ္တာ၊
တို့သည်လည်း။ သန္တိ၊ ကုန်၏။ တေပိကုလပုတ္တာ၊ တို့သည်လည်း။ တိစီဝရေန၊
ဖြင့်။ ယာပေတုံ၊ မျှတခြင်းငှါ။ သက္ကောန္တိ၊ ကုန်၏။ အဟံ၊ သည်။ ဘိက္ခူနံ၊
တို့အား။ စီဝရေ၊ ၌။ သီမံ၊ ကို။ ကတွာ၊ ၍။ ဗန္ဓေယျံ၊ မူကား။ မရိယာဒံ၊
ကို။ ယံနူန ယဒိပနဋ္ဌပေယျံ၊ မူကား။ သာဓု၊ စွ။ ဣတိ သော ပရိဝိတက္ကော၊
သည်။ အဟောသိ၊ ပြီ။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ တေသ္မိံနိဒါနေ၊
ထိုအကြောင်း၌။ တေသ္မိံ ပကရဏေ၊ ထိုအခါ၌။ ဓမ္မိံ ကထံ၊ ထိုအကြောင်း
အားလျော်သော တရားစကားကို။ ကတွာ၊ ၍။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊
၏။ ။[နောက်ကိုအနက်တူလေပြီ]။ ။ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်ချစ်သား
တို့အား။ ဒိဂုဏံ၊ နှစ်ထပ်နှစ်လွှာရှိသော။ သံဃာဋိံ၊ ကိုငင်း။ ဧကစ္စိယံ၊ တထပ်
တလွှာရှိသော။ ဥတ္တရာသင်္ဂံ၊ ကိုငင်း။ ဧကစ္စိယံ၊ သော။ အန္တရဝါသကံ၊ ကိုငင်း။
ဣတိ၊ ဤသို့။ တိစီဝရံ၊ ကို။ အဟံ၊ သည်။ အနုဇာနာမိ၊ ၏။ ။ (ဤကား
အနက်)

ဤ အနုညာတဒေသနာတော်၌ မြတ်စွာဘုရားသည် သံဃာဋိ၊ ဥတ္တရာသင်္ဂ၊
အန္တရဝါသက၊ ဟူ၍ သုံးထည်သောသင်္ကန်းတို့ကို မိမိတို့ အမည်အားဖြင့် ခွင့်ပြု

တော်မူခြင်းသည်၊ ရဟန်းတို့သည် သက်နီး၌ပိုင်းခြားမှတ်သားသဖြင့်၊ သက်နီး သုံးထည်ကို သုံးဆောင်ခွင့်ရခြင်းအကျိုးငှါ ခွင့်ပြုတော်မူရင်းဖြစ်သည်။အဓိဋ္ဌာန်၏ အစွမ်းအားဖြင့် ခွင့်ပြုတော်မူသည် မဟုတ်သေး။ ။ထိုကြောင့် သာရတ္ထဒီပနီဋီကာ၌။ ။ပရိဘုဉ္ဇိတုံ အနုညာတံ ဟောတီတိ ဘဂဝတာ ဂဟပတိစီဝရေ အနုညာတေ ဗဟူနိစီဝရာနိ လဘိတွာ ဥဗ္ဗာဠှိကံကတွာ သီသေပိ ခန္ဓေပိကဋိယာပိ ဌပေတွာ အာဂစ္ဆန္တေ ဘိက္ခူ ဒိသွာ စီဝရေ သီမံ ဗန္ဓန္တေန တိစီဝရံ ပရိဘောဂတ္ထာယ အနုညာတံ၊ နပန အဓိဋ္ဌာန ဝသေန။ ။ဟု မိန့်ဆိုအပ်၏။ ။ပရိဘုဉ္ဇိတုံ အနုညာတံ ဟောတီတိ–ဟူသည်ကား။ ဘဂဝတာ၊ သည်။ ဂဟပတိစီဝရေ၊ ဒါယကာလှူအပ်သော သက်နီးကို။ အနုညာတေ၊ သော်။ ဗဟူနိ၊ ကုန်သော။ စီဝရာနိ၊ တို့ကို။ လဘိတွာ၊ ၍။ ဥဗ္ဗာဠှိကံ၊ အထက်၌ ထားအပ်သော သက်နီးရှိသည်ကို။ ကတွာ၊ ၍။ သီသေပိ၊ ၌ရင်း။ ခန္ဓေပိ၊ ၌ရင်း။ ကဋိယာပိ၊ ၌ရင်း။ဌပေတွာ၊ ထား၍။ အာဂစ္ဆန္တေ၊ လာကုန်သော။ ဘိက္ခူ၊ တို့ကို။ ဒိသွာ၊ ကြောင့်။စီဝရေ၊ ၌။ သီမံ၊ ကို။ ဗန္ဓန္တေန၊ ဘွဲ့တော်မူလိုသည်ဖြစ်၍။ တိစီဝရံ၊ ကို။ ပရိဘောဂတ္ထာယ၊ ငှါ။ အနုညာတံ၊ သည်။ ဟောတိ၊ ၏။ အဓိဋ္ဌာနဝသေ န၊အဓိဋ္ဌာန်၏ အစွမ်းအားဖြင့်။ အနုညာတံ၊ သည်။ နပန ဟောတိ၊ မဖြစ်။ ။ (ဤကား အနက်)

ဝဇိရဗုဒ္ဓိဋီကာ၌ကား၊ အဓိဋ္ဌာန်၏ အစွမ်းအားဖြင့် ခွင့်ပြုအပ်သော ဟူ၏။ ထိုကြောင့်။ ။တိစီဝရံ အနုညာတံ ဟောတီတိ ဧတ္ထ အဓိဋ္ဌာနမေဝ။ ။ဟု မိန့်အပ်၏။ ။တိစီဝရံ။ ပ။ ဟောတီတိ ဧတ္ထ၊ ဤပါဌ်၌။ အဓိဋ္ဌာန မေဝ၊ ကိုသာလျှင်။ အဓိပ္ပေတံ၊ အပ်၏။ ။(ဤကားအနက်)

ဤကား သုံးထည်သော သက်နီးတို့ကို အကြောင်းရင်း အတ္ထုပ္ပတ္တိနှင့်တကွ ပြဆိုခြင်းတည်း။

ထို၏အခြားမဲ့၌၊ဆဗ္ဗဂ္ဂီတို့၏ ဝတ္ထုသည်ဖြစ်လာ၏။ဖြစ်လာဟန်ဒေသနာတော်ကား။ ။တေနခေါ်ပနသမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဘဂဝတာ တိစီဝရံ အနုညာတန္တိ အညေန တိစီဝရေန ဂါမံ ပဝိသန္တိ။ အညေန တိစီဝရေန အာရာမေ အစ္ဆန္တိ။ အညေန တိစီဝရေန နှာနံ ဩတရန္တိ၊ ယေတေဘိက္ခူ အပ္ပိစ္ဆာ၊ တေ ဥဇ္ဈာယန္တိ၊ ခီယန္တိ၊ ဝိပါစေန္တိ၊ ကထံဟိနာမ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ အတိရေကစီဝရံ ဓာရေဿန္တီတိ၊ အထခေါ တေဘိက္ခူ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အထခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံကထံ ကတွာ ဘိက္ခူ အာမန္တေသိ၊ နဘိက္ခဝေ အတိရေကစီဝရံ ဓာရေတဗ္ဗံ၊ ယောဓာရေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော။ ။ဟူသည်တည်း။ ။တေန ခေါပန သမ

ယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝတာ၊ သည်။ တိစီဝရံ၊ကို။ အနုညာတံ၊ ပြီ။ ဣတိ၊ ဤသို့နှလုံးပိုက်ကြကုန်၍။ အညေန၊သော။ တိစီဝရေန၊ ဖြင့်။ ဂါမံ၊ သို့။ ပဝိသန္တိ၊ ၏။ အညေန၊ သော။ တိစီဝရေန၊ ဖြင့်။ အာရာမေ၊ ၌။ အစ္ဆန္တိ၊ နေကြကုန်၏။ အညေန၊ သော။ တိစီဝရေန၊ ဖြင့်။ နှာနံ၊ ရေချိုးဆိပ်သို့၊ ဩတရန္တိ၊ သက်ကြကုန်၏။ ယေတေ ဘိက္ခူ၊ တို့သည်။ အပ္ပိစ္ဆာ၊ အလိုနည်းကုန်၏။ တေဘိက္ခူ၊ တို့သည်။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ခီယန္တိ၊ ကုန်၏။ ဝိပါစေန္တိ၊ ဖရိုဖရဲကြဲကြကုန်၏။ကထံဟိ ကေနကာရဏေန၊ကြောင့်။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အတိရေက စီဝရနိ၊ အပို အလွန် ဖြစ်သော သင်္ကန်းတို့ကို။ ဓာရေဿန္တိနာမ၊ ကုန်ဘိသနည်း။ ဣတိ၊ သို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ခီယန္တိ၊ ကုန်၏။ ဝိပါစေန္တိ၊ကုန်၏။ အထခေါ၊ ၌။ တေဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်၏။ အထခေါ၊ ၌။ဘဂဝါ၊ သည်။ ဧတသ္မိံ နိဒါနေ၊၌။ဧတသ္မိံ ပကရဏေ၊ ၌။ ဓမ္မိံကထံ၊ ကို။ ကတွာ၊ ၍။ ဘိက္ခူ၊တို့ကို။ အာမန္တေသိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ အတိရေကစီဝရံ၊ ပိုင်းခြားမှတ်သားအပ်ပြီးသောသုံးထည်သော သင်္ကန်းတို့မှ အပိုအလွန် ဖြစ်သောသင်္ကန်းတို့ကို။ ဝါ၊ အဓိဋ္ဌာန်မှ အလွန်ဖြစ်သော သင်္ကန်းတို့ကို ဝိကပ္ပနာကို ခွင့်မပြုရသေးသောကြောင့်။ (ဤသို့ သမ္ဗန်သည်)။ ။န ဓာရေ တဗ္ဗံ၊ မဆောင်အပ်။ ယောဘိက္ခု၊သည်။ဓာရေယျ၊ အံ့။သောဘိက္ခု၊ ကို။ ယထာ၊ အကြောင်းအခြင်းဖြင့်။ ဓမ္မော၊ သိက္ခာပုဒ်သည်။ဌိတော၊ တည်၏။ တထာ၊ ဖြင့်။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ။(ဤကားအနက်)

ဤသိက္ခာပုဒ်၌။ ။ယထာ ဓမ္မော၏ အရကား၊ ပဌမကထိန သိက္ခာပုဒ်၌ ပဌမပညတ်တော်မူအပ်သော နိဿဂ္ဂိပါစိတ် အာပတ်ဘည်း၊ ဤပဌမ ကထိန သိက္ခာပုဒ်ဖြင့် သုံးထည်ထက် ပိုလွန်၍ အဓိဋ္ဌာန် မတင်အပ်၊ သုံးထည် ထက် ပိုလွန်၍ တိစီဝရိက်အဓိဋ္ဌာန် တင်အံ့၊ သပိတ် အဓိဋ္ဌာန် ကဲ့သို့ပင်၊ တပါးသော တိစီဝရိက်၌ အဓိဋ္ဌာန်မရောက်။ ။ထိုကြောင့် ဝဇိရဗုဒ္ဓိ ဋီကာ၌။ ။အတိရေက တိစီဝရေန ဂါမံ ပဝိသန္တိတိ ဧတ္ထ အနဓိဋ္ဌိတမေဝ၊ ကေသုိဉ်ယေဝ ဟိ တိစီဝရေ တိစီဝရာဓိဋ္ဌာနံ ရူဟတိ။ န ဣတရသ္မိံ ပတ္တာဓိဋ္ဌာနံဝိယ။ တသ္မာ ဣတရံ အတိရေကဋ္ဌာနေ တိဋ္ဌတိ။ တေန ဝုတ္တံ အတိရေကစီဝရံ ဓာရေဿန္တိတိ အာဒိ။ ။ဟုမိန့်အပ်၏။ ။အညေန တိစီဝရေန ဂါမံ ပဝိသန္တိတိ ဧတ္ထ၊ ၌။ အနဓိဋ္ဌိတမေဝ၊ အဓိဋ္ဌာန် မတင်သေးသော သင်္ကန်းကိုသာလျှင်။ တိစီဝရန္တိ၊ တိစီဝရဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိသစ္စံ၊ မှန်၏။ ကေသုိဉ်ယေဝ၊ တစုံ သာလျှင် ဖြစ်သော။ တိစီဝရေ၊ ၌။တိစီဝရာဓိဋ္ဌာန်၊ သည်။ ရူဟတိ၊ရောက်၏။ ပတ္တာဓိဋ္ဌာနံ၊သပိတ်ကို အဓိဋ္ဌာန်တင်ခြင်းသည်။ ဣတရသ္မိံ၊ 'အပိုဖြစ်သော တပါးသော

သပိတ်၌။ နရူပဟတိဝိယ၊ မရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣတရသ္မိံ၊ အပို ဖြစ်သော တပါးသော တိစီဝရိက်၌။ တိစီဝရာဓိဋ္ဌာနံ၊ သည်။ နရူပဟတိ၊ မရောက်။ အတိရေကဋ္ဌာနေ၊ အပိုအလွန်ဖြစ်သော အရာ၌။ တိဋ္ဌတိ၊ ၏။ တေန၊ ကြောင့်။ ကထံပဟိနာမ အတိရေက စီဝရံ ဓာရေယျာသန္တီတိ၊ ဟူ၍။ ဝုတ္တံ၊ အပ်၏။ ။(ဤ **ကား** အနက်)။ ။ဤ ဝဇိရဗုဒ္ဓိဋီကာ ဆရာအလိုအားဖြင့် ဤသိက္ခာပုဒ် အရာ၌ အဓိဋ္ဌာန်တင်သော်လည်း၊ အဓိဋ္ဌာန်မရောက်သောကြောင့်၊ လေးထည် မြောက်စသော အပို ဖြစ်သော သင်္ကန်းကို ဆောင်ငြားအံ့၊ ထိုသင်္ကန်းသည် အတိရေက သင်္ကန်းဖြစ်၏။ အောက်၌ အဓိဋ္ဌာန် မရှိသေးကြောင်း ဆိုသော သာရတ္ထဒီပနီ ဆရာတော်၏ အလိုအားဖြင့်၊ မြတ်စွာ ဘုရားသည်၊ ပယ်တော်မူ အပ်သောကြောင့် လေးထည်မြောက် ဖြစ်သော၊ အပိုသင်္ကန်းကို ဆောင် ထားအံ့၊ ထိုသင်္ကန်းသည် အတိရေက သင်္ကန်းဖြစ်၏ဟု မှတ်အပ်၏။ ။ဤ ပဌမပညတ္တိ သိက္ခာပုဒ်၌ အတိရေက သင်္ကန်းကို၊ တရက်မျှပင် ဆောင်သော် လည်း နိဿဂ္ဂိပါစိတ် အာပတ်ကို ပညတ်တော်မူ၏။

ဤကား အတ္ထုပ္ပတ္တိနှင့် တကွသော၊ ပဌမကထိန သိက္ခာ ပုဒ်၌၊ ပဌမ ပညတ်ကို ပြဆိုရာ စကားရပ်တည်း။

ဤပဌမ သိက္ခာပုဒ်နှင့် စပ်လျက်ပင် အရှင် အာနန္ဒာဝတ္ထု၌ အနုပညတ် ထပ်ပြန်၍၊ သိက္ခာပုဒ်ကို အပြည့်အစုံ ပညတ်တော်မူ၏။ ဝတ္ထုနှင့် တကွ ပညတ် တော်မူပုံကား။ ။တေနခေါပန သမယေန အာယသ္မတော အာနန္ဒဿ အတိရေကစီဝရံ ဥပ္ပန္နံ ဟောတိ၊ အာယသ္မာအာနန္ဒော တံစီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမော ဟောတိ၊ အာယသ္မာစ သာရိပုတ္တော သာကေတေ ဝိဟရတိ၊ အထခေါ အာယသ္မတော အာနန္ဒဿ ဧတဒဟောသိ။ ဘဂဝတာ သိက္ခာပဒံ ပညတ္တံ၊ နအတိရေကစီဝရံ ဓာရေတဗ္ဗန္တိ။ ဣဒဉ္စမေ အတိရေကံ စီဝရံ ဥပ္ပန္နံ၊ အဟဉ္စိမံစီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာ မော၊ အာယသ္မာစ သာရိပုတ္တော သာကေတေ ဝိဟရတိ၊ ကထံနုခေါ မယာ ပဋိပဇ္ဇိတဗ္ဗန္တိ။ အထခေါ အာယသ္မာ အာနန္ဒော ဘဂဝတော ဧတ မတ္ထံ အာရောစေသိ၊ ကီဝစိရံ ပနာနန္ဒ သာရိပုတ္တော အာဂစ္ဆိဿတီတိ၊ နဝမံဝါ ဘဂဝါ ဒသမံဝါတိ။ အထခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံပကရဏေ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ၊ အနုဇာနာမိ ဘိက္ခဝေ ဒသာဟပရမံ အတိ ရေကစီဝရံ ဓာရေတုံ၊ ဧဝဉ္စပန ဘိက္ခဝေ ဣမံသိက္ခာပဒံ ဥဒ္ဒိသေယျာထ၊ နိဋ္ဌိတ စီဝရသ္မိံ ပနဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဒသာဟ ပရမံ အတိရေက စီဝရံ ဓာရေတဗ္ဗံ၊ တံအတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ဟူသည် တည်း။ ။ ဤသိက္ခာပုဒ်၏ ပဒဘာဇနီ၌လည်း။ ။အတိရေက စီဝရံနာမ- အနဓိဋ္ဌိတံ-

အဝိကပ္ပိတံ။ ။ဟူ၍ရှင်း၊ အနာပတ္တိ ဝါရ၌။ ။အနာပတ္တိ အန္တော ဒသာဟံ-အဓိဋ္ဌေတိ ဝိကပ္ပေတိ၊ ဝိဿဇ္ဇေတိ နဿတိ ဝိနဿတိ ဍယှတိ အစ္ဆိန္ဒိတွာ ဂဏှန္တိ ဥမ္မတ္တကဿ အာဒိကမ္မိကဿာတိ။ ။ဟူ၍ရှင်း ဟောတော်မူ၏။

တေန ခေါ ပန သမယေန၊ ၌။ အာယသ္မတော အာနန္ဒဿ၊ အား။ အတိရေက စီဝရံ၊ သည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊ ၏။ အာယသ္မာ အာနန္ဒော၊ သည်။ တံ စီဝရံ၊ ကို။ အာယသ္မတော သာရိပုတ္တဿ၊ အား။ ဒါတုကာမော၊ သည်။ ဟောတိ၊ ၏။ အာယသ္မာစ သာရိပုတ္တော၊ သည်လည်း။ သာကေတေ၊ ၌။ ဝိဟရတိ၊ ၏။ အထခေါ၊ ၌။ အာယသ္မတော အာနန္ဒဿ၊ အား။ ဧတဒေဝ ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ ကိံ ကော ပရိဝိတက္ကော၊ သည်။ အဟောသိ နုခေါ၊ နည်း။ ဘဂဝတာ၊ သည်။ နအတိရေက စီဝရံ ဓာရေတဗ္ဗန္တိ၊ ဟူ၍။ သိက္ခာပဒံ၊ ကို။ ပညတ္တံ၊ အပ်ပြီ။ မေ၊ အား။ အတိရေကံ၊ သော။ ဣဒဉ္စ စီဝရံ၊ သည်လည်း။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊ ၏။ အဟဉ္စ၊ သည်လည်း။ ဣမံ စီဝရံ၊ ကို။ အာယသ္မတော သာရိပုတ္တဿ၊ အား။ ဒါတုကာမော၊ ပေးခြင်းငှါ အလိုရှိ၏။ အာယသ္မာ သာရိပုတ္တောစ၊ သည်လည်း။ သာကေတေ၊ သာကေတမြို့၌။ ဝိဟရတိ၊ ၏။ မယာ၊ သည်။ ကထံ၊ အဘယ်သို့လျှင်။ ပဋိပဇ္ဇိတဗ္ဗံ နုခေါ၊ ကျင့်ရအံ့နည်း။ ဣတိ သော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသိ၊ ၏။ အာနန္ဒ၊ အာနန္ဒာ။ သာရိပုတ္တော၊ သည်။ ကိဝစိရံ၊ အဘယ်မျှလောက်ကြာမြင့်မှ။ အာဂစ္ဆိဿတိ ပန၊ လာလိမ့်မည်နည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ သည်။ ပုစ္ဆိ၊ ၏။ ဘဂဝါ၊ ဘုရား။ နဝမံ၊ ကိုးရက်မြောက်သော။ ဒိဝသံ ဝါ၊ နေ့၌ရှင်း။ ဒသမံ၊ ဆယ်ရက် မြောက်သော။ ဒိဝသံ ဝါ၊ နေ့၌ရှင်း။ အာဂစ္ဆိဿတိ၊ လာပါလတ္တံ့။ ဣတိ၊ ဤသို့။ အာယသ္မာ အာနန္ဒော၊ သည်။ အာရောစေသိ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ဧတသ္မိံ နိဒါနေ၊ ၌။ ဧတသ္မိံ ပကရဏေ ၌။ ဓမ္မိံ ကထံ၊ ကို။ ကတွာ၊ ၍။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ ၏။ ဘိက္ခဝေ၊ တို့။ အတိရေက စီဝရံ၊ ကို။ ဒသာဟပရမံ၊ လုံး။ ဓာရေတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေဉ္စပန၊ လျှင်။ နိဋ္ဌိတ။ ပ။ ယန္တိ။ နိဋ္ဌိတ။ ပ။ ယံ ဟူ၍။ ဣမံ သိက္ခာပဒံ၊ ကို။ ဥဒ္ဒိသေယျာထ၊ ကုန်လော့။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ ၏။ ။(သိက္ခာပုဒ်အနက်လွယ်၏)။ ။အတိရေကစီဝရံနာမ၊ အတိရေက သင်္ကန်းမည်သည်ကား။ အနဓိဋ္ဌိတံ၊ အဓိဋ္ဌာန်လည်းမတင်အပ်သော။ အဝိကပ္ပိတံ၊ ဝိကပ္ပနာလည်း မပြုအပ်သော။ စီဝရံ၊ မိမိဥစ္စာဖြစ်သော သင်္ကန်းတည်း။ ။ အန္တောဒသာဟံ၊ ဆယ်ရက်အတွင်း၌။ အဓိဋ္ဌေတိ၊ ၏။ ဝိကပ္ပေတိ၊ ၏။ ဝိဿဇ္ဇေတိ၊ စွန့်လိုက်၏။ နဿတိ၊ ပျောက်၏။ ဝိနဿတိ ခြံစသည်ခဲ၍ ပျက်စီး၏။ ဍယှတိ၊

မီးလောင်၏။ အစ္ဆိန္ဒိတွာ၊ ခိုးသူ လုယက်၍။ ဂဏှန္တိ၊ ကုန်၏။ ဥမ္မတ္တကာယ၊ ရူးသောရဟန်းအားရင်း။ အာဒိကမ္မိကာယ၊ အစအမူ၌ယှဉ်သောရဟန်းအားရင်း။ အနာပတ္တိ၊ အာပတ်မသင့်။ ။(ဤကား အနက်)

ဤသိက္ခာပုဒ် ပဌမပညတ်တော်မူစဉ်က- နိဋ္ဌိတစီဝရသ္မိံ ပန ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ။ ။ဟူသော သဒ္ဒါများမပါသေး။ ထိုသဒ္ဒါများကို၊ ပစ္ဆိမဗောဓိ အခါ အဇာတသတ်မင်း လက်ထက်၌ ကထိန်ကို ခွင့်ပြုတော်မူပြီးမှ ဟောတော် မူကြောင်း ဝဇီရဗုဒ္ဓိဋီကာ၌ဆို၏။ ။ဤသိက္ခာပုဒ်၌- သုံးထည်ထက် ပိုလွန်၍ ဆယ်ရက်ပတ်လုံးဆောင်ရန်အခွင့်ကိုပေးတော်မူပြန်သည်။ အတိရေကသင်္ကန်း၏ သရုပ်ကို။ ။အတိရေက စီဝရံ နာမ အနဓိဋ္ဌိတံ အဝိကပ္ပိတံ။ ။ဟူ၍ ဟောတော် မူခြင်းကြောင့် တထည်မျှပင်ရှိသော်လည်း အဓိဋ္ဌာန် မူလည်းမတင်၊ ဝိကပ္ပနာ မူလည်း မပြုမူ၊ ထိုသင်္ကန်းသည် အတိရေက သင်္ကန်းဖြစ်၏ဟု မှတ်အပ်၏။

ဤကား အနုပညတ်ထပ်ပြန်၍၊ ပဌမ ကထိန သိက္ခာပုဒ်ကို အပြည့်အစုံပညတ် တော်မူခြင်းကို ပြဆိုရာစကားရပ်တည်း။

ဤသိက္ခာပုဒ်နှင့်စပ်လျက်ပင် ဝိကပ္ပနာကိုခွင့်ပြုတော်မူ၏။ ခွင့်ပြုတော်မူဟန်ကား။ ။တေနခေါ ပန သမယေန ဘိက္ခူနံ အတိရေကစီဝရံ ဥပ္ပဇ္ဇတိ၊ အထခေါ ဘိက္ခူနံ ဧတဒဟောသိ၊ ကထံနုခေါ အတိရေကစီဝရေ ပဋိပဇ္ဇိတဗ္ဗန္တိ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ အတိရေကစီဝရံဝိကပ္ပေတုန္တိ။ ။ဟူသတည်း။ ။တေနခေါ ပန သမယေန၊ ၌။ ဘိက္ခူနံ၊ တို့အား။ အတိရေကစီဝရံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ အထခေါ၊ ၌။ ဘိက္ခူနံ၊ တို့အား။ ဧတံ ဧသော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ ကိံ ကော ပရိဝိတက္ကော၊ သည်။ အဟောသိနည်း။ ကထံ၊ လျှင်။ အတိရေကစီဝရေ၊ ၌။ ပဋိပဇ္ဇိတဗ္ဗံနုခေါ၊ နည်း။ (ဣတိ၊ သို့။ ဧတဒဟောသိ၊ ပြန်စပ်။)အထခေါ၊ ၌။ ဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ အား။ ဧတမတ္ထံ ကို။ အာရောစေသုံ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ အတိရေက စီဝရံ၊ ကို။ ဝိကပ္ပေတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ သို့။ ဘဂဝတာ၊ သည်။ သာဝကာနံ၊ တို့အား။ ဝိကပ္ပနာ၊ ကို။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်၏။ ။(ဤကားအနက်)

ဤကား ဒေသနာတော် လာရှိသော အစဉ်အားဖြင့်၊ ဝိကပ္ပနာကို ပြဆိုရာ စကားရပ်တည်း။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်၌ ဝိကပ္ပနာကိုခွင့်ပြုတော် မူပြီးသော်၊ ဝေသာလီပြည်မှ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန် တောသို့၊ ထိုဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန် တောမှ၊ သာဝတ္ထိပြည် ဇေတဝန်

ကျောင်းသို့ ကြွရောက်တော် မူ၍၊ ထို သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ နေတော် မူစဉ်အခါ၊ ရဟန်း တို့အား သက်နိုး အပိုမရှိ၍ မိုးရေခံ သက်နိုး လိုရကား၊ ဝိသာခါပြောက်ထားတောင်းပန်ခြင်းကို အကြောင်းပြု၍။ ။ အနုဇာနာမိ ဘိက္ခဝေ ဝဿိက သာဋိကံ။ ။ဟုမိုးရေခံသက်နိုးကို ခွင့်ပြုတော်မူ၏။ ။ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်ချစ်သားတို့အား။ ဝဿိကသာဋိကံ၊ မိုးရေခံသက်နိုးကို။ အနုဇာနာမိ၊ ၏။ ။(ဤကား အနက်)။ ။ဤဝဿိက သာဋိကသက်နိုးကို ခွင့်ပြုတော်မူခြင်းဖြင့်၊ အောက်၌ထားအပ်ပြီးသော စီဝရ ပရိယန္တ ဒေသနာဒေါ်ကို ဖျက်ရာသို့ မရောက်လေသလောဟူမူ၊ ဖျက်ရာသို့မရောက်။ အဘဲ့ကြောင့် နည်းဟူမူ သုံးဆောင်ရန်ကိစ္စမှ အသီးအခြား ရှိသည်ဖြစ်၍ အပိုအလွန် ဖြစ်သော သက်နိုးကို ခွင့်ပြုတော်မူသည် မဟုတ် သောကြောင့် တည်းဟူပေ။ နောက်ဖြစ်သော သက်နိုးတို့၌လည်း နည်းတူပင်မှတ်အပ်၏။

ဤကား မိုးရေခံသက်နိုးကို ခွင့်ပြုတော်မူခြင်းကိုပြဆိုရာ စကားရပ်တည်း။

တိုမှနောက်၌ ရင်းပြည်၌ နေတော်မူစဉ်အခါ၌ပင်၊ ရဟန်းတို့၏သုက္ကဝိသဋ္ဌိကို အကြောင်းပြု၍။ ။အနုဇာနာမိ ဘိက္ခဝေ ကာယဂုတ္တိယာ စီဝရ ဂုတ္တိယာ သေနာသနဂုတ္တိယာ နိသီဒနန္တိ။ ။ဟူ၍ နိသီဒိုင် သက်နိုးကို ခွင့်ပြုတော်မူပြန်သည်။ ။ဘိက္ခဝေ၊ တို့။ ကာယဂုတ္တိယာ၊ ကိုယ်ကိုစောင့်ရှောက်လုံခြုံစေခြင်းငှါ ၎င်း။ စီဝရဂုတ္တိယာ၊ ၎င်း။ သေနာသနဂုတ္တိယာ၊ ၎င်း။ နိသီဒနံ၊ ကို။ ဝေါ၊ တို့အား။ အနုဇာနာမိ၊ ၏။ ဣတိ၊ သို့။ ဘဂဝတာ၊ သည်။ ဘိက္ခူနံ၊ တို့အား။ နိသီဒနံ၊ ကို။ အနုညာတံ၊ ၏။

ဤကား နိသီဒိုင်သက်နိုး ခွင့်ပြုခြင်းကိုပြဆိုရာစကားရပ်တည်း။

ထို၏အခြားမဲ့၌ နိသီဒိုင်သက်နိုးသည် အလွန်ငယ်လွန်းရကား၊ ကျောင်းကို မစောင့်ရှောက် မလုံခြုံ စေနိုင်ခြင်းကို အကြောင်းပြု၍။ ။အနုဇာမိဘိက္ခဝေ ယာဝမဟန္တံ ပစ္စတ္ထရဏံ ကာတုန္တိ။ ။ဟု အိပ်ရာလွှမ်းကို ခွင့်ပြုတော်မူ၏။ ။ဘိက္ခဝေ၊ တို့။ ယာဝယတ္တကံ၊ အကြင်မျှလောက်။ မဟန္တံ၊ သော။ ပစ္စတ္ထရဏံ၊ ကို။ ကာတုံ၊ ငှါ။ အာကင်္ခတိ၊ အလိုရှိ၏။ တာဝတတ္တကံ၊ ထိုမျှလောက်။ မဟန္တံ၊ သော။ ပစ္စတ္ထရဏံ၊ ကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၏။ ဣတိ၊ သို့။ ဘဂဝတာ၊ သည်။ ဘိက္ခူနံ၊ တို့အား။ ပစ္စတ္ထရဏံ၊ ကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။

ဤကား ပစ္စတ္ထရဏကို၊ ခွင့်ပြုတော် မူခြင်းကို ပြဆိုရာ စကားရပ်တည်း။

ထို၏အခြားမဲ့၌ ရင်းပြည်၌ နေတော်မူစဉ် အခါကပင်၊ အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော ဗေဠဋ္ဌသီသအား ကြီးစွာသော အနာပေါက်ခြင်း ကြောင့်၊ ထိုအနာမှ ယိုထွက်၍ ကျသော ပြည်စေးတို့ဖြင့် ကိုယ်ကိုရင်း၊ သက်နိုး

ကိုရင်း ငြိကပ်လိမ်းကျံခြင်းကို အကြောင်းပြု၍။ ။အနုဇာနာမိဘိက္ခဝေ ယဿ ဂဏ္ဍာဗာဓော ပိဠကာဗာဓော အဿာဝေါ ထုလ္လကစ္ဆုဗာဓော အာဗာဓော၊တဿ ကဏ္ဍုပဋိစ္ဆာဒိန္တိ။ ။ဟူ၍ အမာ လွှမ်းသ ကန်းကို ခွင့်ပြုတော်မူ၏။ ။ဘိက္ခဝေ၊ တို့။ယဿ ဘိက္ခုနော၊ အား။ ဂဏ္ဍာဗာဓော၊ အိုင်းအမာသည်ရှင်း။ ပိဠကာဗာဓော၊ အဖုပေါ‌သော အနာသည်ရှင်း။ အဿာဝေါ၊ အရည်ယိုသော အနာသည်ရှင်း။ ထုလ္လကစ္ဆုအာဗာဓော၊ ကြီးသော ဝဲအိုင်းနာသည်ရှင်း။ ဟောတိ၊ ဖြစ်လာ၏။ တဿဘိက္ခုနော၊ အား။ ကဏ္ဍုပဋိစ္ဆာဒိံ၊ ကို။ အနုဇာနာမိ၊ ၏။ ဣတိ၊ သို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကဏ္ဍုပဋိစ္ဆာဒိံ၊ ကို။အနုညာတံ၊ အပ်၏။ ။ (ဤကားအနက်)

ဤကား အမာလွှမ်းသကန်းကို ခွင့်ပြုတော်မူခြင်းကိုဆိုရာ စကားရပ်တည်း။

ထိုကိုပညတ်ပြီးသည်၏ အခြားမဲ့၌၊ ရှင်းပြည့်၌ နေတော်မူစဉ်အခါ၌ပင် ဝိသာခါသည် လှူအပ်သော မျက်နှာသုတ်ပုဝါကို အကြောင်းပြု၍။ ။အနုဇာနာမိ ဘိက္ခဝေ မုခပုဉ္ဆနစောဠကန္တိ။ ။ဟု မျက်နှာသုတ်ပုဝါကို ခွင့်ပြုတော်မူအပ်၏။ ။(အနက်ကား လွယ်၏)

ဤကား မျက်နှာသုတ်ပုဝါကိုခွင့်ပြုတော်မူခြင်းကိုပြဆိုရာစကားရပ်တည်း။

ထိုကို ခွင့်ပြုတော်မူပြီးသော အခြားမဲ့၌၊ ပရိက္ခာရစောဠ သကန်းကို ခွင့်ပြုတော်မူ၏။ ခွင့်ပြုတော်မူဟန်ကား။ ။တေနခေါ ပန သမယေန ဘိက္ခူနံ ပရိပုဏ္ဏံ ဟောတိ တိစီဝရံ၊ အတ္ထော စ ဟောတိ ပရိဿာဝနေဟိပိ ထဝိကာဟိပိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ ပရိက္ခာရ စောဠကန္တိ။ ။ဟူသည်တည်း။ ။တေနခေါ ပန သမယေန၊ ၌။ ဘိက္ခူနံ၊ တို့အား။ တိစီဝရံ၊ သည်။ ပရိပုဏ္ဏံ၊ သည်။ဟောတိ၊ ၏။ ပရိဿာဝနေဟိစ၊ ရေစစ်တို့ဖြင့်ရှင်း။ ထဝိကာ ဟိပိ၊ အိတ်တို့ဖြင့်ရှင်း။ အတ္ထောစ၊ လိုပြန်သေးသည်လည်း။ ဟောတိ၊ ၏။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဝေါ၊ တို့အား။ ပရိက္ခာရစောဠကံ၊ အသက်၏ အရံအတားဖြစ်သော ရေစစ်စသည်၏အကျိုးငှါ ထားအပ်သော ပုဆိုးကြမ်း သကန်းကို။ အနုဇာနာမိ၊ ၏။ဣတိ၊ သို့။ဘဂဝတာ၊သည်။ ပရိက္ခာရစောဠကံ၊ကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ။ ။(ဤကား အနက်)

ဤကား ပရိက္ခာရစောဠသကန်းကို ပြဆိုရာ စကားရပ်တည်း။ ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသည်ကား၊ သကန်းကိုးထည်တို့ကို ဒေသနာတော် လာရင်း အစဉ် အတိုင်း ထုတ်ဆောင်၍ ပြခြင်းတည်း။

(ပြည်ကြီးမဏ်ဍိုင်)

ဤသို့လျှင် ကိုးထည်သော သင်္ကန်းတို့ကို၊ ဒေသနာတော် လာရင်း အစဉ်အတိုင်း သရုပ်အားဖြင့် ပြအပ်ခဲ့ပြီ။ ယခုအခါ၌၊ ထိုသင်္ကန်းတို့ကို ဝတ်ရုံသိုမှီးရခြင်း အကျိုးငှါ ခွင့်ပြုတော်မူအပ်သော၊ မူလရင်း ဖြစ်သော အဓိဋ္ဌာန် ဝိကပ္ပနာတို့ကို ပြဆိုပေအံ့။ ထိုမူလ ဖြစ်သော အဓိဋ္ဌာန် ဝိကပ္ပနာ တို့သည်၊ ဝိနည်းတိစီဝရိက်ကိုဆောင်သော ပုဂ္ဂိုလ်၏ အဓိဋ္ဌာန်ဝိကပ္ပနာ၊ ဓုတင် တိစီဝရိက်ကို ဆောင်သော ပုဂ္ဂိုလ်၏ အဓိဋ္ဌာန် ဝိကပ္ပနာအားဖြင့် နှစ်ပါးအပြားရှိကုန်၏။ ။ထိုနှစ်ပါးတို့တွင် ဝိနည်း တိစီဝရိက်ကို ဆောင်သော ပုဂ္ဂိုလ်၏ အဓိဋ္ဌာန် ဝိကပ္ပနာ၊ ကိုးထည်သော သင်္ကန်းတို့၏ အဓိဋ္ဌာတဗ္ဗ၊ ဝိကပ္ပေတဗ္ဗ၏ အဖြစ်ကို၊ ပြဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။ ။ရဟန်း တို့သည် ငါတို့အား မြတ်စွာဘုရားသည်၊ ကိုးထည်သော သင်္ကန်း တို့ကို၊ မိမိဘို့ အမည်အားဖြင့်ပိုင်းခြားမှတ်သား၍၊ မိမိတို့ကာလအားလျော်စွာ သုံးဆောင်ကြရန် ခွင့်ပြုတော် မူအပ်ကုန်ပြီ။ ပဌမ ကထိနသိက္ခာပုဒ်၏ ပဒဘာဇနီ၌လည်း။ ။အတိရေကစီဝရံနာမ အနဓိဋ္ဌိတံ အဝိကပ္ပိတံ။ ။ဟူ၍ အတိ ရေက သင်္ကန်း၏ သရုပ်ကို ဟောတော်မူချေသည်။ အနာပတ္တိ ဝါရ၌လည်း။ ။အနာ ပတ္တိ အန္တောဒသာဟံ အဓိဋ္ဌေတိ ဝိကပ္ပေတိ။ ။စသည်ဖြင့်၊ အာပတ် မသင့်ခြင်း၏အကြောင်းကို ဟောတော်မူချေပြီ။ ။ထိုသိက္ခာပုဒ်၏ အခြားမဲ့၌ လည်း အတိရေက သင်္ကန်းများကို၊ အတိရေက မဖြစ်အောင် သိုမှီးရန်၊ ဝိကပ္ပနာကို ခွင့်ပြုတော်မူချေပြီ။ သို့ဖြစ်၍ ငါတို့ခံထားသော သင်္ကန်းများလည်း အတိရေက သင်္ကန်းမဖြစ်၊ ငါတို့လည်း အာပတ်မသင့်ရခြင်း အကျိုးငှါ၊ ထိုအလုံးစုံသော သင်္ကန်းတို့ကို အဓိဋ္ဌာန်ပင်တင်ရကုန်အံ့လော၊ သို့တည်းမဟုတ်။ ဝိကပ္ပနာကိုပင် ပြုရကုန်အံ့လော ဟု တွေးတော သံသယဖြစ်ကြကုန်၍၊ လျှောက်ထားတောင်းပန်ကြသောကြောင့် ခွင့်ပြုတော်မူကြောင်း ဒေသနာတော် လာသည်ကား—

အထခေါ ဘိက္ခူနံ ဧတဒဟောသိ၊ ယာနိတာနိ ဘဂဝတာ အနုညာတာနိ တိစီဝရန္တိဝါ ဝဿိကသာဋိကာတိဝါ နိသီဒနန္တိဝါ ပစ္စတ္ထရဏန္တိဝါ ကဏ္ဍုပဋိစ္ဆာဒီတိဝါ၊ မုခပုဉ္ဆန စောဠကန္တိဝါ ပရိက္ခာရစောဠကန္တိဝါ၊ သဗ္ဗာနိတာနိ အဓိဋ္ဌာတဗ္ဗာနိ ဥဒါဟု ဝိကပ္ပေတဗ္ဗာနီတိ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ၊ ဝဿိကသာဋိကံ ဝဿာနံ စာတုမာသံ အဓိဋ္ဌာတုံ၊ တတောပရံ ဝိကပ္ပေတုံ၊ နိသီဒနံ အဓိဋ္ဌာတုံ၊ နဝိကပ္ပေတုံ၊ ပစ္စတ္ထရဏံ အဓိဋ္ဌာတုံ၊ နဝိကပ္ပေတုံ၊ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ၊ တတောပရံ ဝိကပ္ပေတုံ၊ မုခပုဉ္ဆန စောဠကံ အဓိဋ္ဌာတုံ၊ နဝိကပ္ပေတုံ၊ ပရိက္ခာရ စောဠကံ အဓိဋ္ဌာတုံ၊ နဝိကပ္ပေတုန္တိ။ ။ဟူသည်တည်း။

အထခေါ၊ ထိုသာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်ဝယ် နေတော်မူစဉ် အခါ၌။ ဝါ၊ ပရိက္ခာရစောဠကံ ခွင့်ပြုတော်မူပြီးသည်၏ အခြားမဲ့ဖြစ်သော အခါ၌။ ဘိက္ခုနံ၊ တို့အား။ စေတသော ပရိဝိတက္ကော၊သည်။ အဟောသိ၊ ပြီ။ ကိံ ကော ပရိဝိတက္ကော၊သည်။ အဟောသိနုခေါ၊ ဖြစ်လေသနည်း။ ဘဂဝတာ၊ သည်။ တိစီဝရန္တိ ဝါ၊ တိစီဝရံဟူ၍ရှင်း။ ပ။ ပရိက္ခာရ စောဠ ကန္တိ ဝါ၊ ပရိက္ခာရစောဠကဟူ၍ရှင်း။ ယာနိ တာနိစီဝရာနိ၊အကြင် သင်္ကန်းတို့ကို။ အနုညာတာနိ၊ ခွင့်ပြုတော်မူအပ်ကုန်ပြီ။ သဗ္ဗာနိ၊ကုန်သော။ တာနိစီဝရာနိ၊တို့ကို။ အဓိဋ္ဌာတဗ္ဗာနိ နုခေါ၊ အဓိဋ္ဌာန်တင်အပ်ကုန်အံ့လော။ ဥဒါဟု၊ ယင်းသို့မဟုတ်။ ဝိကပ္ပေတဗ္ဗာနိ နုခေါ၊ ဝိကပ္ပနာပြုအပ်ကုန်လော။ ဣတိဧသောပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ တိစီဝရံ၊ကို။ အဓိဋ္ဌာတုံ၊ သံဃာဋိ စသော အမည်ဖြင့် သုံးဆောင် လိုသော ရဟန်းအား အခါမရွေ့ အဓိဋ္ဌာန် တင်စိမ့်သောငှါ။ ဝါ၊ မိမိအမည်ဖြင့်အဓိဋ္ဌာန် တင်စိမ့်သောငှါရှင်း။ နဝိကပ္ပေတုံ၊ ရဟန်းအား ဝိကပ္ပနာမပြုစိမ့်သောငှါရှင်း။ ဝဿိကသာဋိကံ၊ ကို။ ဝဿာနဿ၊ မိုးဥတုလ၏။ စာတုမာသံ၊ လေးလပတ်လုံး။ အဓိဋ္ဌာတုံ၊ အဓိဋ္ဌာန်တင်စိမ့်သောငှါ။ တတောပရံ၊ မိုးလမှနောက်၌။ ဝိကပ္ပေတုံ ငှါ။ နိသီဒနံ၊ကို။ အဓိဋ္ဌာတုံ၊ငှါ။ နဝိကပ္ပေတုံ၊ ငှါ။ ပစ္စတ္ထရဏံ၊ ကို။ အဓိဋ္ဌာတုံ၊ ငှါ။ နဝိကပ္ပေတုံ၊ ငှါ။ ကဏ္ဍုပ္ပဋိစ္ဆာဒိံ၊ကို။ ယာဝအာဗာဓာ၊ အနာရှိသမျှ ကာလပတ်လုံး။ အဓိဋ္ဌာတုံ၊ ငှါ။ တတောပရံ၊ ၌။ ဝိကပ္ပေတုံ၊ ငှါ။ မုခပုဉ္ဆနစောဠကံ၊ ကို။ အဓိဋ္ဌာတုံ၊ ငှါ။ နဝိကပ္ပေတုံ၊ ငှါ။ ပရိက္ခာရစောဠကံ၊ အသက်၏ အရံအတားဖြစ်သော ရေစစ်စသည်အကျိုးငှါ ထားအပ်သော ပုဆိုးကြမ်း သင်္ကန်းကို။ အဓိဋ္ဌာတုံ၊ ငှါ။ နဝိကပ္ပေတုံ၊ငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ သို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အဓိဋ္ဌာန ဝိကပ္ပနာ၊အဓိဋ္ဌာန်,ဝိကပ္ပနာတို့ကို။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်ကုန်၏။ ။(ဤကားအနက်)

ဤသို့ ခွင့်ပြုတော်မူအပ်သော ကိုးထည်သော သင်္ကန်းတို့၏ အဓိဋ္ဌာန်တို့တွင် တိစီဝရိက် သင်္ကန်းကို အဓိဋ္ဌာန်တင်လိုသော ပုဂ္ဂိုလ်သည်၊ ဆိုးပြီး၍၊ ကပ္ပဗိန္ဒု ထိုးပြီး၍၊ အတိုင်းအရှည်နှင့် ယှဉ်သော သင်္ကန်းကို သာလျှင် အဓိဋ္ဌာန်တင်အပ်၏။ ။ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ၌။ ။တတ္ထ တိစီဝရံ အဓိဋ္ဌဟန္တေန ရဇိတွာ ကပ္ပ ဗိန္ဒုံ ဒတွာ ပမာဏယုတ္တမေဝ အဓိဋ္ဌာတဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။တတ္ထ၊ ထိုကိုးထည်သော သင်္ကန်းတို့တွင်။ တိစီဝရံ၊ တိစီဝရိက်ကို။ အဓိဋ္ဌဟန္တေန၊ သည်။ ရဇိတွာ၊ ၍။ ကပ္ပဗိန္ဒုံ၊ ကပ္ပဗိန္ဒုကို။ ဒတွာ၊ ၍။ ဝါ၊ ထိုး၍။ ပမာဏ ယုတ္တမေဝ၊ အတိုင်းအရှည်နှင့်ယှဉ်သော သင်္ကန်း ကိုသာလျှင်။ အဓိဋ္ဌာတဗ္ဗံ၊ အပ်၏။ ။(ဤကားအနက်တည်း)။ ။တိစီဝရိက်သင်္ကန်း၏

၏ ပမာဏသည် လွန်သောအပိုင်းအခြားအားဖြင့် မြတ်စွာဘုရား သက်န်းတော်အောက် အယုတ် အပ်၏။ ယုတ်သော အပိုင်းအခြားအားဖြင့် ဒုဂုဏ်၏ရင်း၊ ကိုယ်ဝတ်၏ရင်း၊ အလျားဌ် လေးတောင်နှင့် တောင်ဆုပ်၊ အနံ၌ နှစ်တောင်နှင့် တောင်ဆုပ်၊ ထိုမျှလောက်သော အတိုင်းအရှည်သည် အပ်၏။ သင်းပိုင်သည် အလျား၌ လေးတောင်နှင့် တောင်ဆုပ်၊ အနံ၌ နှစ်တောင်ပင် ရှိသော်လည်း အပ်၏။ ။ထို့ကြောင့် ဋီကာအဋ္ဌကထာ၌။ ။တဿ ပမာဏံဥက္ကဋ္ဌပရိစ္ဆေဒေန သုဂတစီဝရတော ဦနကံ ဝဋ္ဋတိ၊ လာမကပရိစ္ဆေဒေန သံဃာဋိယာ ဥတ္တရသံဂဿစ ဒီဃတော မုဋ္ဌိပဉ္စကံ တိရိယံ မုဋ္ဌိတ္တိကံ ပမာဏံ ဝဋ္ဋတိ၊ အန္တရဝါသကော ဒီဃတော မုဋ္ဌိပဉ္စကော၊ တိရိယံ ဒွိဟတ္ထောပိ ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။

တဿ၊ ထိုတိစီဝရိက်သက်န်း၏။ပမာဏံ၊ အတိုင်းအရှည်ကား။ ဥက္ကဋ္ဌ ပရိစ္ဆေဒေန၊ လွန်သော အပိုင်းအခြားအားဖြင့်။ သုဂတ စီဝရတော၊ မြတ်စွာဘုရား၏ သက်န်းတော်အောက်။ ဦနကံ၊ အယုတ်သည်။ ဝဋ္ဋတိ၊ အပ်၏။ လာမက ပရိစ္ဆေဒေန၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ သံဃာဋိယာစ၊ ဒုဂုဏ်၏ရင်း။ ဥတ္တရသံဂဿစ၊ ကိုယ်ဝတ်၏ရင်း။ ဒီဃတော၊ အလျား၌။ မုဋ္ဌိပဉ္စကံ၊ အဆုပ်ဖြင့်မှတ်အပ်သော ငါးတောင်ဟုဆိုအပ်သော။ တိရိယံ၊ အနံ၌။ မုဋ္ဌိတိကံ၊ အဆုပ်ဖြင့်မှတ်အပ်သော သုံးတောင်ဟု ဆိုအပ်သော။ ပမာဏံ၊ သည်။ ဝဋ္ဋတိ၊ ၏။ အန္တရဝါသကော၊ သင်းပိုင်သည်။ ဒီဃတော၊ အလျား၌။ မုဋ္ဌိပဉ္စကော၊ အဆုပ်ဖြင့်မှတ်အပ်သော ငါးတောင်သည်။ ဝဋ္ဋတိ၊ ၏။ တိရိယံ၊ အနံ၌။ ဒွိဟတ္ထောပိ၊ နှစ်တောင်ပင်ရှိသော်လည်း။ ဝဋ္ဋတိ၊ ၏။ ။(ဤကားအနက်)။ ။ ဤမုဋ္ဌိပဉ္စကစသည်ကို ဝိမတိအလိုအားဖြင့် သမ္ဗန်ခဲ့သည်။ ကခ်ါ ဋီကာ၌ကား အဆုပ်ငါးတောင်ဟူ၏။ ။ထို့ကြောင့်။ ။မုဋ္ဌိဿ မုဋ္ဌိဟတ္ထဿ သမ္ဗန္ဓိ ပဉ္စကံ မုဋ္ဌိပဉ္စကံ၊ သေနယော မုဋ္ဌိတိကန္တိတ္ထောပိ၊ ပါရုပနေနပိ ဟိ သက္ကာ နာဘိံ ပဋိစ္ဆာဒေတုန္တိ ဟိ အာဟ။ ။ဟု မိန့်အပ်၏။ ။မုဋ္ဌိဿ၊ မုဋ္ဌိဟတ္ထဿ၊အဆုပ်တောင်၏။ သမ္ဗန္ဓိ၊ သမ္ဗန္ဓိဖြစ်သော။ ပဉ္စကံ၊ ငါးတောင်တို့၏ အပေါင်းသည်။ မုဋ္ဌိပဉ္စကံ၊ မုဋ္ဌိပဉ္စကမည်၏။ မုဋ္ဌိတိကန္တိတ္ထောပိ၊ ၌လည်း။ သေနယော၊ ကို။ ဒဋ္ဌဗ္ဗော၊ အပ်၏။ ဟိသစ္စံ၊ ၏။ ပါပနေနပိ ဟိ သက္ကာ နာဘိံ ပဋိစ္ဆာဒေတုန္တိ၊ ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။ ။(ဤကား အနက်)

ဤကခ်ါဋီကာဝါဒကို ဆရာတို့မနှစ်သက်ကြကုန်၊ ဤသို့ပြဆိုအပ်ခဲ့ပြီးသော ပမာဏနှင့်ယှဉ်သော်လည်း၊ အယုတ်ဆုံးငါးစပ်ဖြတ်၍ အိမ်ဝံနိး အိမ်ဝက် တို့ကို ချုပ်ရိုးဖြင့်ပြ၍ ချုပ်အပ်သော သက်န်း တို့ကိုသာ အဓိဋ္ဌာန်တင်အပ်၏။ ။ ထို့ကြောင့် မဟာဝါပါဠိတော်၌။ ။အညတြ ပဉ္စကေနဝါ အတိရေက ပဉ္စကေနဝါ တဒဟောဝ သဉ္ဆိန္နေန သမဏ္ဍလိကတေန။ ။ဟု ဟောတော်မူအပ်

၏။ ။အဋ္ဌကထာ၌။ ။အညတြ ပဉ္စကေနဝါ အတိရေက ပဉ္စကေနာဝါတိ ပဉ္စဝါ အတိရေကာနိဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ၊ ဧဝဉ္စ သမဏ္ဍလိကတံ ဟောတိ၊ တံ ဌပေတွာ အဍ္ဎေန အစ္ဆိန္နေနဝါ ဒွတ္တိစတုခဏ္ဍေနဝါ န ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။ ။တဒဟောဝ၊ ထိုနေ့၌ပင်လျှင်။ ပဉ္စကေနဝါ၊ ငါးစပ်အားဖြင့်ရင်း။ အတိရေက ပဉ္စကေနဝါ၊ ငါးစပ်ထက်အလွန်အားဖြင့်။ အစ္ဆိန္နေန၊ ကောင်းစွာဖြတ်အပ်သော။ သမဏ္ဍလိကတေန၊ ပြုအပ်သောအိမ်ဝန်းနှင့် တကွဖြစ်သောသင်္ကန်းကို။ အညတြဌပေတွာ၊ ထား၍။ ။(ဤကား ပါဠိတော်၏အနက်)။ ။အညတြ ပဉ္စကေနဝါ အတိရေက ပဉ္စကေနဝါတိ၊ ဟူသည်ကား။ ပဉ္စဝါ၊ ကုန်သော။ အတိရေကာနိဝါ၊ ကုန်သော။ ခဏ္ဍာနိ၊ အပိုင်းအဖြတ်တို့ကို။ ကတွာ၊ ၍။မဟာမဏ္ဍလ အဍ္ဎမဏ္ဍလာနိ၊ အိမ်ဝန်းကြီး, အိမ်ဝန်းငယ်တို့ကို။ ဒဿေတွာ၊ ချုပ်ရိုးဖြင့်ပြ၍။ကတေနေဝ၊ ပြုအပ်သော သင်္ကန်းဖြင့်သာလျှင်။ ဝဋ္ဋတိ၊ ကထိန်ခင်းခြင်းငှါ အပ်၏။ ဟိသစ္စံ၊ ၏။ ဧဝံ၊ သို့။ ကတံ၊ ပြုအပ်သည်ရှိသော်။ သမဏ္ဍလိကတံ၊ အိမ်ဝန်းကြီး, အိမ်ဝန်းငယ်နှင့်တကွ ပြုအပ်သည်။ ဟောတိ၊ ၏။ တံ၊ ထိုငါးစပ် ဖြတ်အပ်သော သင်္ကန်းကို။ ဌပေတွာ၊ ထား၍။ အဍ္ဎေန၊ တပါးသော။ အစ္ဆိန္နေနဝါ၊ ဖြတ်အပ်သော သင်္ကန်းဖြင့်ရင်း။ ဒွတ္တိစတုခဏ္ဍေနဝါ၊ နှစ်စပ် သုံးစပ် လေးစပ်ဖြတ်၍ ချုပ်အပ်သော သင်္ကန်းဖြင့်ရင်း။ ကထိနံ၊ ကို။ အတ္ထရိတုံ၊ ငှါ။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကားအနက်)

အချို့ကား၊ ဤပဉ္စကေနဝါ အတိရေက ပဉ္စကေနဝါ-စသောဒေသနာတော်ကို၊ ကထိန်အရာ၌ ဟောအပ်ပေသည်ဖြစ်၍၊ ကထိန်သင်္ကန်းမဟုတ်လျှင်၊ ငါးစပ်မျှပင် မဖြစ်သော်လည်း အပ်၏ဟု ပြောဆိုကြကုန်၏။ ခပ်သိမ်းသောအရာ၌ပင် ငါးစပ်ဖြတ်၍ ချုပ်အပ်သော သင်္ကန်းသာ အပ်ရကား ထိုစကား မသင့်။ ။ထိုကြောင့် ဝိနိစ္ဆယအဋ္ဌကထာ၌။ ။ဒဿေတွာဝ ဝိမိံ သဗ္ဗံ၊ ပဉ္စကာဒိပ္ပဘေဒကံ။ ဆိန္နံ သမဏ္ဍသာရူပ္ပံ၊ ကာတဗ္ဗန္တု တိစီဝရံ။ ။ဟုမိန့်အပ်၏။ ။သဗ္ဗံ၊ ကုသိအဍ္ဎကုသိ စသော အလုံးစုံသော။ ဝိမိံ၊ အစီအရင်ကို။ ဒဿေတွာ၊ ယုတ်လျော့မရှိပြ၍သာလျှင်။ ဆိန္နံ၊ ဓားဖြင့်ဖြတ်အပ်သော။ ပဉ္စကာဒိပ္ပဘေဒကံ၊ ငါးစပ်စသည် အပြားရှိသော။ သမဏသာရူပ္ပံ၊ ရဟန်းတို့နှင့် လျောက်ပတ်သော။ တိစီဝရံ၊ ကို။ ဘိက္ခုနာ၊ သည်။ ကာတဗ္ဗန္တု-ကာတဗ္ဗံဧဝ၊ ပြုအပ်သည်သာလျှင်တည်း။ ။(ဤကားအနက်)။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသော သင်္ကန်း တို့ကို အဓိဋ္ဌာန်တင်သောပုဂ္ဂိုလ်သည် သံဃာဋိ၊ ဥတ္တရာသင်္ဂ၊ အန္တရဝါသကဟူသော မိမိတို့၏ အမည်အားဖြင့် အဓိဋ္ဌာန်တင်အပ်ကုန်၏။ ထိုကြောင့် ပါရာဇိကကဏ် အဋ္ဌကထာ၌။ ။တသ္မာ သဗ္ဗာနိသံဃာဋိံ ဥတ္တရာသင်္ဂံ အန္တရဝါသကန္တိ ဧဝံ အတ္တနော နာမေနေဝ အဓိဋ္ဌာတဗ္ဗာနိ။ ။ဟု မိန့်အပ်၏။ ။တသ္မာ၊ ထို့

ကြောင့်။ သဗ္ဗာနိ၊ အလုံးစုံသော သုံးထည်သော သင်္ကန်းတို့ကို။ သံဃာဋိန္တိ၊ သံဃာဋိဟူ၍ရင်း။ ဥတ္တရာသင်္ဂန္တိ၊ ဥတ္တရာသင်္ဂ ဟူ၍ရင်း။ အန္တရဝါသကန္တိ၊ အန္တရဝါသက ဟူ၍ရင်း။ ဝေ၊ သို့။ အတ္တနော။ ၏။ နာမေနေဝ၊ သာလျှင်။ အဓိဋ္ဌာတဗ္ဗာနိ၊ အပ်ကုန်၏။ ။(ဤကား အနက်)။ ။{ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ အနီးအဝေး အဓိဋ္ဌာန်တင်ပုံ အကျယ်ကိုလိုမူ အဋ္ဌကထာတို့မှ ယူကြပါကုန်။ ဤတိစီဝရိက် အဓိဋ္ဌာန်သည် သုံးထည် ၌သာ တည်ကြောင်း၊ ထိုထက်အလွန်၌ မတည်ကြောင်း အောက်၌ပြဆိုအပ်ပြီ}။

ဤကား တိစီဝရိက် အဓိဋ္ဌာန်ကိုပြဆိုရာ စကားရပ်တည်း။

အတိုင်းအရှည် ပမာဏထက် မလွန်သော မိုဃ်းရေခံသင်္ကန်းကို မိမိ၏ အမည်ကိုယူ၍ မိုဃ်းလေးလ ပတ်လုံး အဓိဋ္ဌာန် တင်အပ်၏။ မိုဃ်းလေးလမှ နောက်၌ ပစ္စုဒ္ဓိုရ်ပြု၍ ဝိကပ္ပနာပြုအပ်၏။ ထိုကြောင့် အဋ္ဌကထာ၌။ ။ဝဿိကသာဋိကာ အနတိရိတ္တ ပမာဏာ နာမံ ဂဟေတွာ စတ္တာရော ဝဿိကေ မာသေ အဓိဋ္ဌာတဗ္ဗာ။ တတော ပရံ ပစ္စုဒ္ဓရိတွာ ဝိကပ္ပေတဗ္ဗာ။ ။ဟု မိန့်အပ်၏။ ။အနတိရိတ္တ ပမာဏာ၊ အတိုင်းအရှည်ထက် မလွန်သော ပမာဏ ရှိသော။ ဝဿိကသာဋိကာ၊ မိုဃ်းရေခံသင်္ကန်းကို။ နာမံ၊ မိမိ၏အမည်ကို။ ဂဟေတွာ၊ ယူ၍။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ စတ္တာရော၊ လေးလကုန်သော။ ဝဿိကေ မာသေ၊ မိုဃ်းလတို့ပတ်လုံး။ အဓိဋ္ဌာတဗ္ဗာ၊ အဓိဋ္ဌာန် တင်အပ်၏။ တတော၊ ထိုမိုဃ်းလေးလမှ။ ပရံ၊ နောက်၌။ ပစ္စုဒ္ဓရိတွာ၊ ပစ္စုဒ္ဓိုရ်ပြု၍။ ဝါ၊ မိုဃ်းရေခံ သင်္ကန်းအဖြစ်မှ ပယ်၍။ ဝိကပ္ပေတဗ္ဗာ၊ ပြုအပ်၏။ (ဤကား အနက်)။ ။ထို မိုဃ်းရေခံသင်္ကန်းသည် အဆင်းအားဖြင့် ပျက်ရုံ ဆိုးသော်လည်း အပ်၏။ အရေအတွက်အားဖြင့် တထည်သာ အပ်၏။ နှစ်ထည် မအပ်။ ။ ထိုကြောင့် အဋ္ဌကထာ၌။ ။ဝဏ္ဏဘေဒမတ္တရတ္တာပိ စေသာ ဝဋ္ဋတိ၊ ဒွေ ပန နဝဋ္ဋန္တိ။ ။ဟု မိန့်အပ်၏။ ။စ၊ ဆက်၍ ဆိုဦးအံ့။ ဧသာ၊ ထိုမိုဃ်းရေခံ သင်္ကန်းသည်။ ဝဏ္ဏဘေဒမတ္တရတ္တာပိ၊ အဆင်းပျက်ရုံမျှ ဆိုးအပ်သော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဒွေ ပန၊ နှစ်ထည်တို့သည်ကား။ နဝဋ္ဋန္တိ၊ မအပ်ကုန်။ ။(ဤကား အနက်တည်း)။ ။အဋ္ဌကထာ၌ ဒွေ ပန နဝဋ္ဋန္တိ ဟူသော ပါဠိဖြင့် ဒုကုဋ် စသည်တို့၌ကဲ့သို့ နှစ်ထည်မြောက်သောသင်္ကန်း၌ အဓိဋ္ဌာန်မရောက်၊ အတိရေက သင်္ကန်းဖြစ်၏ဟု ပြတော်မူ၏။ ။ထိုကြောင့် သာရတ္ထဒီပနီဋီကာ၌။ ။ဒွေ ပန နဝဋ္ဋန္တီတိ ဒွိန္နံ အဓိဋ္ဌာနာ ဘာဝတော ဝုတ္တံ။ ။ဟု မိန့်အပ်၏။ ။ဒွိန္နံ၊ နှစ်ထည် သော မိုဃ်းရေခံသင်္ကန်းတို့၏။ အဓိဋ္ဌာနာဘာဝတော၊ အဓိဋ္ဌာန်၏ မရှိခြင်း ကြောင့်။ ဒွေ ပန နဝဋ္ဋန္တီတိ၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာဆိုတော်မူအပ်၏။ ။ (ဤကား သာရတ္ထဒီပနီ ဋီကာအနက်)

ဤမိုယ်းရေခံ သက်န်းကိုလည်း ဝတ်ရသော သက်န်းဖြစ်၍ တိစီဝရိက်
သက်န်းတို့နှင့်အတူဖြတ်၍ချုပ်မှ အဓိဋ္ဌာန်တင်၍ ဝတ်အပ်သည်ဟု မှတ်ရမည့်
အကြောင်းကို ငါတို့ကျေးဇူးရှင် စလင်းဆရာတော် ဘုရားကြီး အမိန့်တော်
ရှိ၏။ ။အတိုင်းအရှည်ပမာဏနှင့် ယှဉ်သော နိသီဒိုင်ကို ဆိုအပ်ပြီးသောနည်း
ဖြင့် အဓိဋ္ဌာန်တင်အပ်၏။ ထိုနိသီဒိုင်သည်လည်း တထည်သာ အပ်၏။ နှစ်ထည်
တို့သည် မအပ်ကုန်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။နိသီဒနံ ဝုတ္တနယေန အဓိဋ္ဌာ
တဗ္ဗမေဝ၊တဉ္စခေါ ပမာဏယုတ္တံ ဧကမေဝ။ ဒွေ နဝဋ္ဋန္တိ။ ။ဟု မိန့်အပ်၏။ ။
နိသီဒနံ၊ နိသီဒိုင် သက်န်းကို။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသော နည်းဖြင့်။ အဓိဋ္ဌာ
တဗ္ဗမေဝ၊ တည်း။ တဉ္စခေါ၊ထိုနိသီဒိုင်သက်န်းသည်လည်း။ပမာဏယုတ္တံ၊အတိုင်း
အရှည်နှင့်ယှဉ်သော။ ဧကမေဝ၊ တထည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဒွေ၊နှစ်ထည်
တို့သည်။ နဝဋ္ဋန္တိ၊ မအပ်ကုန်။ ။(ဤကား အနက်တည်း)။ ။ဤနိသီဒိုင်
သက်န်းဟူသည်- ဇာတ်အားဖြင့် ခြောက်ထည်သော သက်န်းတို့တွင် အမှတ်မရှိ
တထည်ထည်သော သက်န်းကိုဖြန့်ခင်း၍။ အလျား-မြတ်စွာဘုရား လက်သန်း
တော်သုံးထွာခန့်၊ အနံတထွာခွဲခန့်ရှိအောင်လုပ်ပြီးလျှင် တဘက်သောအစွန်း၌
မြတ်စွာဘုရား လက်သန်းအထွာတော်ဖြင့် တထွာအတိုင်းအရှည်ရှိသောအရပ်၌
နှစ်ပါးသော ဌာနတို့၌ခွဲ၍ သုံးခုသော အဆာတို့ကို ပြုအပ်ကုန်၏။ ။ထိုအဆာတို့
ဖြင့် အဆာရှိသောသက်န်းကို နိသီဒိုင်သက်န်းဟု ဆိုအပ်၏။ ။ထိုကြောင့်
ပါစိတ်အဋ္ဌကထာ၌။ ။နိသီဒနံနာမ သဒသံ ဝုစ္စတီတိ သန္ထတသဒိသံ သန္ထ
ရိတ္ဗာ ဧကသ္မိံ အန္တေ သုဂတဝိဒတ္ထိယာ ဝိဒတ္ထိမတ္တေ ပဒေသေ ဒွိသု ဌာနေသု
ဖါလေတွာ တိဿော ဒသာ ကရီယန္တိ။ တာဟိ ဒသာဟိ သဒသန္တိ ဝုစ္စတိ။ ။
ဟူ၍ရှင်း။ ။သာရတ္ထဋီကာ၌။ ။နိသီဒန စီဝရံပန ဆန္နံ စီဝရာနံ အညတရေန
ကရောတိ၊ အဓိဋ္ဌာနုပဂံ၊ တံ ကရောန္တေန သန္ထရိတွာ သန္ထတ
သဒိသံ ကရောန္တီတိ ဝဒန္တိ။ ။ဟူ၍ရှင်း မိန့်အပ်၏။ ။နိသီဒနံနာမ သဒသံ
ဝုစ္စတီတိ၊ ဝုစ္စတိဟူသည်ကား။ သန္ထတ သဒိသံ၊ သန္ထတနှင့် တူစွာ။ သန္ထရိတွာ၊
ဖြန့်ခင်း၍။ ဧက သ္မိံ အန္တေ၊တဘက်သော အစွန်း၌။ သုဂတဝိဒတ္ထိယာ၊ မြတ်စွာ
ဘုရားအထွာတော်ဖြင့်။ ဝိဒတ္ထိမတ္တေ၊ တထွာခန့် အတိုင်းအရှည် ရှိသော။ ပဒေ
သေ၊ အရပ်၌။ ဒွိသုဌာနေသု၊နှစ်ဌာနတို့၌။ ဖါလေတွာ၊ ခွဲ၍။ တိဿော ဒသာ၊
သုံးခုသော အဆာတို့ကို။ ကရီယန္တိ၊ ပြုအပ်ကုန်၏။ တာဟိ ဒသာဟိ၊ ထိုအဆာ
တို့ဖြင့်။ သဒသန္တိ၊ ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ။(ဤကား အဋ္ဌကထာ အနက်
တည်း)။ ။နိသီဒန်စီဝရံပန၊ နိသီဒိုင်သက်န်း ကိုကား။ ဆန္နံ၊ ဇာတ်အားဖြင့်
ခြောက်ထည် ကုန်သော။ စီဝရာနံ၊ သက်န်း တို့တွင်။ အညတရေန၊ တထည်
ထည်သော သက်န်းဖြင့်။ ကရောတိ၊ ၏။ အဓိဋ္ဌာနုပဂံ၊ အဓိဋ္ဌာန် လောက်၏။
တံ၊ ထိုနိသီဒိုင် သက်န်းကို။ ကရောန္တေန၊ ပြုသော သူတို့သည်လည်း။ နန္တကာနိ၊

ပုဆိုးကြမ်းတို့ကို။ သန္ထရိတွာ၊ ဖြန့်ခင်း၍။ သန္ထတ သဒိသံ၊ သန္ထတ အခင်းနှင့်တူစွာ။ ကရောန္တိ၊ ပြုကုန်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကုန်၏။ ။(ဤကားဋီကာအနက်တည်း၊)

အပေါ်လွှမ်း အိပ်ရာခင်းကိုလည်း အမိဋ္ဌာန်တင်အပ်သည်သာတည်း။ ထိုအပေါ်လွှမ်း အိမ်ရာခင်းသည် ပမာဏမရှိ၊ ကြီးသော်ငှင်း၊ ငယ်သော်ငှင်းအပ်၏။ တထည်သည်လည်းအပ်၏။ အထည် အများ တို့သည်လည်း အပ်ကုန်၏။ အဆင်းအားဖြင့်လည်းအမှတ်မရှိကုန်။ ညိုသောအဆင်း ရှိသည်သည်း ဖြစ်စေ၊ ရွှေသော အဆင်း ရှိသည်လည်း ဖြစ်စေ၊ အဆာရှိသည်လည်း ဖြစ်စေ၊ ပန်းပွင့်ပြောက် အဆာ ရှိသည်လည်း ဖြစ်စေ၊ အလုံးစုံသော အပြားရှိသော အဆင်းသည်အပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ပစ္စတ္ထရဏမ္ပိအဓိဋ္ဌာတဗ္ဗမေဝ၊ တံပန မဟန္တမ္ပိ ဝဋ္ဋတိ။ ဧကံပိ ဝဋ္ဋတိ။ ဗဟူနိပိ ဝဋ္ဋန္တိ။ နီလပီဘကမ္ပိ သဒသမ္ပိ ပုပ္ဖဒသမ္ပိ ပကာရံ ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။ ။ပစ္စတ္ထရဏမ္ပိ၊ အိပ်ရာ လွှမ်းကိုလည်း။ အမိဋ္ဌာတဗ္ဗမေဝ၊ တည်း။ တံပန၊ ထိုအိမ်ရာလွှမ်း သက်န်း သည်ကား။ မဟန္တမ္ပိ၊ ကြီးသော်လည်း။ဝဋ္ဋတိ၊၏။ ဧကံပိ၊ သည်လည်း။ ဝဋ္ဋတိ၊ ၏။ ဗဟူနိပိ၊ တို့သည်လည်း။ ဝဋ္ဋန္တိ၊ ကုန်၏။ နီလမ္ပိ၊ ညိုသောအဆင်း ရှိသည်ငှင်း။ ပီဘမ္ပိ၊ ရွှေသောအဆင်းရှိသည်ငှင်း။ သဒသမ္ပိ၊ အဆာရှိသည်ငှင်း။ ပုပ္ဖဒ သမ္ပိ၊ ပန်းပွင့်ပြောက်အဆာရှိသည်ငှင်း။ ဟောတိ၊ ဖြစ်စေ။ ဣတိ၊ သို့။ သဗ္ဗ ပကာရံ၊ အလုံးစုံသောအပြားရှိသောအိပ်ရာလွှမ်းသည်။ ဝဋ္ဋတိ၊၏။ ။(ဤကားအနက်)

ဤကား ပစ္စတ္ထရဏကို ပြဆိုရာစကားရပ်တည်း။

အတိုင်းအရှည်နှင့် ယှဉ်သော အမာလွှမ်းသက်န်းကို၊ အနာရှိသမျှ ကာလပတ်လုံး အဓိဋ္ဌာန်တင်ထားအပ်၏။ အနာပျောက်သည် ရှိသော်၊ အဓိဋ္ဌာန်ကို ချ၍ ဝိကပ္ပနာ ပြုအပ်၏။ တထည်သာလျှင် အပ်၏။ အများမအပ်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ကဏ္ဍုပ္ပဋိစ္ဆာဒိ ယာဝ အာဗာဓော အတ္ထိ၊ တာဝ ပမာဏိကာ အဓိဋ္ဌာတဗ္ဗာ။ အာဗာဓေ ဝူပသန္တေ ပစ္စုဒ္ဓရိတွာ ဝိကပ္ပေတဗ္ဗာ။ ဧကာဝ ဝဋ္ဋတိ။ ။ဟု မိန့်အပ်၏။ ။ပမာဏိကာ၊ အတိုင်း အရှည်နှင့် ယှဉ်သော။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ ကို။ ယာဝ၊ လောက်။ အာဗာဓော၊ သည်။ အတ္ထိ၊ ၏။ တာဝ၊ လောက်။ အဓိဋ္ဌာတဗ္ဗာ၊ အပ်၏။ အာဗာဓေ၊ သည်။ ဝူပသန္တေ၊ ငြိမ်းသည်ရှိသော်။ ပစ္စုဒ္ဓရိတွာ၊ ပစ္စုဒ္ဓိုရ်ပြု၍။ ဝိကပ္ပေတဗ္ဗာ၊ ဝိကပ္ပနာပြုအပ်၏။ သာ၊ ထိုအမာလွှမ်းသက်န်းသည်။ ဧကာဝ၊ တထည်သာလျှင်။ ဝဋ္ဋတိ၊ ၏။ ။(အမာလွှမ်းသက်န်း အဓိဋ္ဌာန်ကိုပြဆိုရာ စကားရပ်တည်း)။ ။မျက်နှာသုတ် ပုဝါကိုလည်း၊ အဓိဋ္ဌာန် တင်အပ်သည်သာတည်း။ ။တထည်ကို ဖွပ်စဉ်၊ တထည်ကိုအလိုရှိသောကြောင့်၊ နှစ်ထည်သော ပုဝါတို့သည်လည်း အပ်ကုန်၏။ ။

ထေရဝါဒ အားဖြင့်၊ ထိုမျက်နှာသုတ် ပုဝါတို့သည်၊ အများလည်း အပ်ကုန်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။မုခ ပုဉ္ဆနစောဠကံ အဓိဋ္ဌာတဗ္ဗမေဝ၊ ယာဝ ကော ခေါဝိယတိ၊ တာဝ အညံ ပရိဘောဂတ္ထာယ ဠစ္ဆိတဗ္ဗန္တိ ဒွေပိ ဝဋ္ဋန္တိ၊ အပရေ ပန ထေရာ နိဒါနမုခမေဘာန္တိ ဗဟူနိပိ ဝဋ္ဋန္တိတိ ဝဒန္တိ။ ။ဟုမိန့် အပ်၏။ ။မုခပုဉ္ဆနစောဠကံ၊ မျက်နှာသုတ် ပုဆိုးကို။ အဓိဋ္ဌာတဗ္ဗမေဝ၊ တည်း။ ယာဝ၊ လောက်။ ကော၊ ကို။ ခေါဝိယတိ၊ ဖွပ်အပ်၏။ တာဝ၊ လောက်။ အညံ၊ တထည်ကို။ ပရိဘောဂတ္ထာယ၊ ငှါ။ ဠစ္ဆိဘဗ္ဗံ၊ အပ်၏။ ဣတိဘာသွာ၊ ကြောင့်။ ဒွေ၊ တို့သည်။ ဝဋ္ဋန္တိ၊ ကုန်၏။ ပန၊ အဋ္ဌကထာဝါဒမှတပါး ထေရဝါဒကို ဆိုဦးအံ့။ အပရေ၊ တပါးကုန်သော။ ထေရာ၊ မထေရ်တို့သည်။ ဘော၊ ထိုမုခပုဉ္ဆနစောဠ အဓိဋ္ဌာန်သည်။ နိဒါနမုခံ၊ သိမ်းရခြင်း၏အကြောင်းတည်း။ ဣတိတသွာ၊ ကြောင့်။ ဗဟူနိပိ၊ တို့သည်လည်း။ ဝဋ္ဋန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ။(ဤကား အနက်)။ ။အရှင် ဗုဒ္ဓဃောသ ဆရာ အလိုအားဖြင့်၊ အကြီး, အငယ်သည်း ပမာဏ မရှိ၊ အရေအတွက်လည်း ပမာဏ မရှိ အပ်၏။ ။ထို့ကြောင့် ကင်္ခါ အဋ္ဌကထာ၌၊ ။တံပန မဟန္တံပိ ဝဋ္ဋတိ၊ ကော်ပိ ဝဋ္ဋတိ၊ ဗဟူနိပိ ဝဋ္ဋန္တိ။ ။ဟုမိန့်အပ်၏။ ။တံပန၊ ထိုမျက်နှာသုတ် ပုဝါသည်ကား။ မဟန္တမ္ပိ၊ ကြီးသည်လည်း။ ဝဋ္ဋတိ၊ ၏။ ကော်ပိ၊ တထည်သည်လည်း။ ဝဋ္ဋတိ၊ ၏။ ဗဟူနိပိ၊တို့သည်လည်း။ ဝဋ္ဋန္တိ၊ ကုန်၏။ ။(ဤကား အနက်)

ဤကား မျက်နှာသုတ် ပုဝါကိုပြဆိုရာ စကားရပ်တည်း။

ပရိက္ခာရစောဠ အဓိဋ္ဌာန်၌ အရေအတွက်မရှိ၊ အကြင်မျှလောက် အဓိဋ္ဌာန်ခြင်းငှါ အလိုရှိ၏။ ထိုမျှလောက် အဓိဋ္ဌာန်တင်အပ်၏။ အကြီး,အငယ် ပမာဏမှာလည်း အကြီးအားဖြင့် အပိုင်းအခြားမရှိ၊ အငယ်အားဖြင့် ဝိကပ္ပနာလောက်သော အယုတ်ဆုံးဖြစ်သော အပိုင်းအခြားရှိ၏၊ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ပရိက္ခာရစောဠေ ဂဏနာ နတ္ထိ၊ ယတ္တကံ ဣစ္ဆတိ၊ တတ္တကံ အဓိဋ္ဌာတဗ္ဗမေဝ၊ ဟူ၍ရင်း။ ။မုခပုဉ္ဆန ပစ္စတ္ထရဏာ ပရိက္ခာရစောဠာနံ ဥက္ကဋ္ဌ ပရိစ္ဆေဒေါ နတ္ထိ ယေဝ၊ ဝိကပ္ပနုပဂ ပစ္ဆိမေနပန ပစ္ဆိမပရိစ္ဆေဒေါ ဝုတ္တော။ ။ဟူ၍ရင်း မိန့်အပ်၏။ ။ပရိက္ခာရစောဠေ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်၌။ ဂဏနာ၊ သည်။ နတ္ထိ၊ မရှိ။ ယတ္တကံ၊ အကြင်မျှလောက်ကို။ ဣစ္ဆတိ၊ ၏။ တတ္တကံ၊ ကို။ အဓိဋ္ဌာတဗ္ဗမေဝ၊ တည်း။ မုခပုဉ္ဆန ပစ္စတ္ထရဏ ပရိက္ခာရစောဠာနံ၊ တို့အား။ ဥက္ကဋ္ဌပရိစ္ဆေဒေါ၊ အကြီးဖြစ်သော အပိုင်းအခြားသည်။ နတ္ထိယေဝ၊ တည်း။ ပန၊ ရှိသည်ကို ဆိုဦးအံ့။ ဝိကပ္ပနုပဂ ပစ္ဆိမေန၊ ဝိကပ္ပနာလောက်သော အယုတ်ဆုံးဖြစ်သော အပိုင်းအခြားအားဖြင့်။ ပစ္ဆိမပရိစ္ဆေဒေါ၊ ကို။ ဝုတ္တော၊ မြတ်စွာဘုရား ဟောတော်

(ပြည်ကြီးမဏ္ဍိုင်၊ ၄)

မူအပ်၏။ ။(ဤကား အနက်)။ ။ဤကား မူလဖြစ်သော ပရိက္ခာရစောင်
အမိဋ္ဌာန်ကို ပြဆိုရာ စကားရပ်တည်း။

ဝိနည်း တိစီဝရိက်ကို ဆောင်သောပုဂ္ဂိုလ်၏ သက်န်းကိုးထည် အဓိဋ္ဌာန်ကို
ပြဆိုရာစကားရပ်ပြီး၏။

---

ဤနည်း တိစီဝရိက်ကိုဆောင်သော ပုဂ္ဂိုလ်သည် အပိုဖြစ်သော သင်္ကန်း
တို့၌ ပြုထိုက်သော ဝိကပ္ပနာကိုအောက်၌ ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိအပ်
၏။ ထိုနည်း တိစီဝရိက်ကိုဆောင်သောပုဂ္ဂိုလ်သည် မိမိအဓိဋ္ဌာန်ထားအပ်သော
တိစီဝရိက်သင်္ကန်းတို့ကို ညဉ့်မကင်းရခြင်းကြောင့်၊ ဆောင်ခြင်းငှါ ဝန်လေး
သည်ဖြစ်အံ့၊ တိစီဝရိက်အဓိဋ္ဌာန်ကိုချ၍ ဝိကပ္ပနာပြု၍လည်း ဝတ်ရုံ သုံးဆောင်
ကောင်း၏။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ
အဓိဋ္ဌာတုံ၊ နဝိကပ္ပေတုန္တိ ဝစနတော စ ဣဒံ ဝိကပ္ပေတီတိ ဝုတ္တာ စနံ ဝိရုဒ္ဓံဝိယ
ဒိဿတိ၊ နစ ဝိရုဒ္ဓံ တထာဂတာ ဘာသန္တိ၊ တသ္မာ ဧဝမဿ အတ္ထော ဝေဒိ
တဗ္ဗော။ တိစီဝရံ တိစီဝရသင်္ခေပေန ပရိဟရတော အဓိဋ္ဌာတုမေဝ အနုဇာနာမိ
နဝိကပ္ပေတုံ။ ဝဿိကသာဋိကံပန စာတုမာသတော ပရံ ဝိကပ္ပေတုမေဝ၊
နအဓိဋ္ဌာတုံ၊ ဧတ္ထသတိ ယော တိစီဝရေ ဧကေန စီဝရေန ဝိပ္ပဝသိ တုကာမော
ဟောတိ။ တဿ တိစီဝရာဓိဋ္ဌာနံ ပစ္စုဒ္ဓရိတ္ဝာ ဝိပ္ပဝါသသုခတ္ထံ ဝိကပ္ပနာယ
ဩကာသော ဒိန္နော ဟောတိ။ ဒသာဟာတိက္ကမေစ အနာပတ္တီတိ ဧတေနုပါ
ယေန သဗ္ဗတ္ထ ဝိကပ္ပနာယ အပ္ပဋိသိဒ္ဓဘာဝေါ ဝေဒိတဗ္ဗော။ ။ဟုမိန့်အပ်၏။ ။
အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ၊ နဝိကပ္ပေတုန္တိ၊ ဟူ၍။ ဝစနတော စ၊
ကြောင့်လည်း။ ဝိကပ္ပေတီတိ၊ ဟူ၍။ အဝိသေသေန၊သာမညအားဖြင့်။ (ထည့်)
ဣဒံဝုတ္တဝစနံ၊ ဤဟောတော်မူအပ်သောစကားတော်သည်။ ဝိရုဒ္ဓံဝိယ၊ ဆန့်ကျင်
သကဲ့သို့။ ဒိဿတိ၊ ထင်၏။ ဝိရုဒ္ဓံ၊ဆန့်ကျင်သော စကားတော်ကို။ တထာဂတာ၊
တို့သည်။ နစဘာသန္တိ၊ ကုန်။ တသ္မာ၊ ကြောင့်။ အဿ၊ ထိုပါဠိရပ်၌။ အတ္ထော၊
ကို။ ဧဝံ၊ ဤသို့ဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ အပ်၏။ တိစီဝရံ၊
သင်္ကန်းသုံးထည်ကို။ တိစီဝရသင်္ခေပေန၊ တိစီဝရိက်၌ ထည့်သွင်းခြင်းဖြင့်
သာလျှင်။ ပရိဟရတော၊ ဆောင်သော ရဟန်းအား။ အဓိဋ္ဌာတုမေဝ၊ ငှါ
သာလျှင်။ အနုဇာနာမိ၊ ၏။ ဝိကပ္ပေတုံ၊ ငှါ။ နအနုဇာနာမိ၊ မမူ။ ဝဿိက
သာဋိကံပန၊ ကိုကား။ စာတုမာသတော၊ မှ။ ပရံ၊ ၌။ ဝိကပ္ပေတုမေဝ၊ လျှင်။
အနုဇာနာမိ၊ ၏။ အဓိဋ္ဌာတုံ၊ ငှါ။ နအနုဇာနာမိ၊ မမူ။ စ၊ ဆက်၍ဆိုဦးအံ့။
ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ယော၊ သည်။ တိစီဝရေ၊ သင်္ကန်းသုံးထည်
တွင်။ ဧကေန၊ တထည်ထည်သော။ စီဝရေန၊ သင်္ကန်းနှင့်။ ဝိပ္ပဝသိတုကာမော၊

ကင်း၍နေလိုသည်။ ဟောတိ၊ ၏။ တဿဘိက္ခုနော၊ အား။ တိစီဝရာဓိဋ္ဌာနံ၊ ကို။ ပစ္စုဒ္ဓရိတွာ၊ ပစ္စုဒ္ဓိရ်ပြု၍။ ဝိပ္ပဝါသသုခတ္ထံ၊ သက်န်းနှင့်ကင်း၍ နေခြင်းကြောင့် ဖြစ်သော ချမ်းသာခြင်းအကျိုးငှါ။ ဝိကပ္ပနာယ၊ ဝိကပ္ပနာ၏။ ဩကာသော၊ အခွင့်သည်။ ဒိန္နော၊ ပေးအပ်သည်။ ဟောတိ၊ ၏။ ဒသာဟာတိက္ကမေ၀၊ ဆယ်ရက်ကိုလွန်ခြင်းကြောင့်လည်း။ အနာပတ္တိ၊ အာပတ်မသင့်။ ဧဝေနုပါယေန ထိုဆိုအပ်ခဲ့ပြီးသော အကြောင်းအားဖြင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောသက်န်းတို့၌။ ဝိကပ္ပနာယ၊ ၏။ ဝါ၊ ကို။ အပ္ပဋိသိဒ္ဓဘာဝေါ၊ မမြစ်အပ်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ အပ်၏။ ။(ဤ ကား အနက်)။ ။{သမ္မုခ၊ ပရမ္မုခ၊ အနီး, အဝေး၊ အနည်း,အများ ဝိကပ္ပနာပြုပုံများကိုလိုမူ ပဌမကထိနသိက္ခာပုဒ် အဋ္ဌကထာမှာ ယူကြပါကုန်}။

ဤကား ဝိနည်းတိစီဝရိက်ကို ဆောင်သောပုဂ္ဂိုလ်၏ ဝိကပ္ပနာကို ပြဆိုရာ စကားရပ်တည်း။

ဓုတင် တိစီဝရိက်ကို ဆောင်သော ပုဂ္ဂိုလ်တို့၏ အဓိဋ္ဌာန် ဝိကပ္ပနာကို ဆိုသည်မှာ၊ မိမိဆောင်သော သုံးထည်သော သက်န်းတို့ကို အသီးသီး အဓိဋ္ဌာန်တင်ခြင်းကိုရင်း၊ ထိုသုံးထည်သော သက်န်းတို့ကိုပင်လျှင်၊ ဆောင်ခြင်းငှါ ဝန်လေးသည်ဖြစ်၍ ဆောင်လွယ်စိမ့်သောငှါ၊ တိစီဝရိက် အဓိဋ္ဌာန်ကိုချ၍၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်း, ဝိကပ္ပနာပြုခြင်းကိုရင်း ဆိုသည်။ ထို အဓိဋ္ဌာန် ဝိကပ္ပနာလည်း ဝိနည်းတိစီဝရိက်နည်းပင် မှတ်အပ်၏၊ ထိုဓုတင်ကို ဆောင်သော ပုဂ္ဂိုလ်သည်၊ မိမိဆောင်သော သုံးထည်သော သက်န်းတို့ ထက်၊ အပိုဖြစ်သောသက်န်းများတွင်၊ သက်န်းချုပ်ရန် အကြောင်း မပြည့်စုံသေး၍ ဆယ်ရက်အတွင်း အဓိဋ္ဌာန်မတင်ဘဲ၊ ဆယ်ရက်က လွန်လျှင် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ထားကောင်းသော သက်န်းလျာ များကိုရင်း၊ ဝတ်ရုံခြင်းငှါ မလောက်သော အလျားသုံးတောင် အနံတထွာခန့် ရှိသော အံသကိုဋ် သက်န်းကိုရင်း၊ မုဒုကပုဂ္ဂိုလ်အား ကျောင်း၌သာလျှင် ခင်း၍သုံးဆောင် အပ်သော ပစ္စတ္ထရဏကိုရင်း ချန်ထား၍၊ကြွင်းသောသက်န်းများကို ဝိနည်းတိစီဝရိက်ကဲ့သို့၊ ဝိကပ္ပနာပြု၍ ထားခြင်းငှါလည်းမအပ်။ ထိုရသောနေ့၌သာလျှင် မူလစ္ဆင္ဇ စွန့်အပ်၏။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။တေနပန တေစီဝရိကေန စီဝရဒုဿံ လဘိတွာ ယာဝ အဖါသုကဘာဝေန ကာတုံဝါ နသက္ကောတိ။ ဝိစာရကံဝါ နလဘတိ၊ သုစိအာဒီသုဝါ ယံကိဉ္စိ နသမ္ပဇ္ဇတိ၊ တာဝ နိက္ခိပိတဗ္ဗံ။ နိက္ခိတ္တပစ္စယာ ဒေါသော နတ္ထိ၊ရဇိတကာလတောပန ပဋ္ဌာယ နိက္ခိပိတုံ နဝဋ္ဋတိ၊ ဓုတင်္ဂစောရောနာမ ဟောတိ။ ။ဟူ၍ရင်း။ ။ ဓုတင် တေစီဝရိကဿပန စတုတ္ထံ ဝတ္တမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ၊ တဉ္စခေါ ဝိတ္ထာရတော ဝိဒတ္ထိ

ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ၊ ဂူဓမ္မသံပန တိဏ္ဏံပိ စတုတ္ထကံ စီဝရံ သာဒိတကုဓ္ဓ ဏောယေဝ ဓုတင်္ဂ ဘိဇ္ဇတိ။ ။ဟူ၍ရင်း။ ။တင်ကြွေဋ္ဌက ပစ္စတ္ထရဏမ္ပိ တဿ ဝဋ္ဋတိ၊ ပရိဟာရိတုံပန နဝဋ္ဋတိ။ ။ဟူ၍ရင်း။ ။ရင်း၏အာဘွင့်မဟာဋီကာ၌။ ။ အတ္တနော ဝါ ပရဿ ဝါ သန္တကံ သေနာသနေ ပစ္စတ္ထရဏဝသေန အဓိဋ္ဌိတံ၊ အံသကာသာဝံ ပရိက္ခာရစောဠံ ဟောတိ၊ ဂူတိပစ္စတ္ထရဏံ အံသကာသာဝန္တိ ဂူမာနိဒ္ဒေ့ပိ အတိရေက စီဝရဋ္ဌာနေ ဌိတာနိပိ ဓုတင်္ဂဘေဒံ နကရောန္တီတိ အဋ္ဌကထာယံ ဝုတ္တန္တိ။ ပရိဟာရိတုံ နဝဋ္ဋတီတိ ရဇနကာလေဝေ အနုညာတတ္တာ နိစ္စပရိဘောဂဝသေန နဝဋ္ဋတိ။ ။ဟူ၍ရင်း မိန့်အပ်၏။

ပန၊ ဆက်၍ဆိုဦးအံ့။ တေန တေစီဝရိကေန၊ ထိုတိစီဝရိက်ဓုတင်ကိုဆောင်သော ပုဂ္ဂိုလ်သည်။ စီဝရဒုဿံ၊ သင်္ကန်းလျာပုဆိုးကို။ လဘိတွာ၊ရသည်ရှိသော်။ ယာဝ၊ လောက်။ အဖါသုကဘာဝေန၊ မချမ်းသာသောကြောင့်။ ကာတုံဝါ၊ ချုပ်ဆိုးခြင်းငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်။ ဝိစာရကံဝါ၊ သင်္ကန်းကို စီရင်တတ်သော ပုဂ္ဂိုလ်ကိုမူလည်း။ နလဘတိ၊ မရသေး။ သူစိ အာဒီသု၊ အပ်စသည်တို့တွင်။ ယံကိဉ္စိဝါ၊ တစုံတခုသော ဝတ္ထုသည်မူလည်း။ နသမ္ပဇ္ဇတိ၊ မပြည့်စုံသေး။ တာဝ၊လောက်။နိက္ခိပိတဗ္ဗံ၊အပ်၏။နိက္ခိတ္တပစ္စယာ၊ ကြောင့်။ ဒေါသော၊ အပြစ်သည်။နတ္ထိ၊မရှိ။ ပန၊အပြစ်ရှိသည်ကိုဆိုဦးအံ့။ ရဇိတကာလတော၊ဆိုးပြီးသောကာလမှ။ပဋ္ဌာယ၊စ၍။နိက္ခိပိတုံ၊ငှါ။နဝဋ္ဋတိ၊ မအပ်။ ဓုတင်္ဂစောရောနာမ၊ မည်သည်။ဟောတိ၊ ၏။ ။ပန၊အထူးကိုဆိုဦးအံ့။ဓုတင်္ဂတေစီဝရိကဿ၊တိစီဝရိက်ဓုတင်ကိုဆောင်သောပုဂ္ဂိုလ်အား။စတုတ္ထံ၊လေးထည်မြောက်သော။စီဝရံ၊သည်။ ဝတ္တမာနံ၊ ဖြစ်သည်ရှိသော်။ အံသကာသာဝမေဝ၊ အံသကိုဋ်မှ် သင်္ကန်းသည်သာလျှင်။ ဝဋ္ဋတိ၊ ၏။ တဉ္စ၊ ထိုအံသကိုဋ်မှ်သင်္ကန်းသည်လည်း။ ဝိတ္ထာရတော၊ အနံ၌။ ဝိဒတ္ထိမေဝ၊ လျှင်။ ဒီဃတော၊ အလျား၌။ တိဟတ္ထမေဝ၊ သုံးတောင်သည်သာလျှင်။ ဝဋ္ဋတိ၊ ၏။ ပန၊ မအပ်သည်ကိုဆိုဦးအံ့။ တိဏ္ဏံပိ၊ ဥက္ကဋ္ဌ,မဇ္ဈိမ,မုဒုံအားဖြင့် သုံးယောက်လည်းဖြစ်ကုန်သော။ ဂူမေသံ၊ ဤတေစီဝရိကပုဂ္ဂိုလ်တို့အား။ စတုတ္ထကံ၊ လေးထည်မြောက်သော။ စီဝရံ၊ ကို။သာဒိတက္ခဏေယေဝ၊ သာယာသောခဏ၌သာလျှင်။ ဓုတင်္ဂံ၊ ဓုတင်အင်္ဂါသည်။ ဘိဇ္ဇတိ၊ ပျက်၏။ ။ တဿ၊ ထိုမုဒုကပုဂ္ဂိုလ်အား။ တင်ကြွေဋ္ဌကပစ္စတ္ထရဏမ္ပိ၊ ထိုသင်္ကန်းဆိုးရာကျောင်း၌ ထားအပ်သော အိပ်ရာခင်းသည်လည်း။ ဝဋ္ဋတိ၊ ၏။ ပရိဟာရိတုံပန၊ အသွားဆောင်ခြင်းငှါကား။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကား အဋ္ဌကထာပါဠိ၌သုံးရပ်၏ အစဉ်အတိုင်းဖြစ်သော အနက်)

အတ္တနော ဝါ၊ မိမိ၏ရင်း။ ပရဿ ဝါ၊ သူတပါး၏ရင်း။ သန္တကံ၊ ဥစ္စာဖြစ်သော။ သေနာသနေ၊ ကျောင်း၌။ ပစ္စတ္ထရဏဝသေန၊ အပေါ်လွှမ်း၏ အစွမ်း

အားဖြင့်။ အဓိဋ္ဌိတံ၊ မှတ်အပ်သောသက်နိုးသည်ရင်း။ ပရိက္ခာရစောဠံ၊ ပရိက္ခာရ စောဠဖြစ်သော။ အံ သကာသာဝံ၊ အံ သကိုဋ်သက်နိုးသည်ရင်း။ ဟောတိ၊ရှိသည် ဖြစ်၏။ ဣတိ၊သို့။ ပစ္စတ္ထရဏံ၊ အိပ်ရာခင်းရင်း။ အံ သကာသာဝံရင်း။ ဣတိ ဣမာ နိဒ္ဒေသပိ၊ ဤနှစ်ထည်သော သက်နိုးတို့သည်ကား၊ အတိရေက စာရဋ္ဌာနေ၊ အပို ဖြစ်သော သက်နိုးအရာ၌။ ဋ္ဌိတာနိပိ၊ ကုန်သော်လည်း။ ဓုဘင်္ဂဘေဒံ၊ ဓုဘင်၏ ပျက်စီးခြင်းကို။ နကရောန္တိ၊ မပြုတတ်ကုန်။ ဣတိ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ပရိဟာရိတုံ နဝဋ္ဋတီတိ၊ဟူသည်ကား၊ရဇနကာလေဝ၊ ဆိုးသောကာလ၌သာလျှင်။ အနုညာ တတ္တာ၊ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ နိစ္စ ရိဘောဂ ဝသေန၊ အမြဲသုံးဆောင်ခြင်း၏ အစွမ်းဖြင့်။ ပရိဟာရိတုံ၊ ဆောင်၍သုံးဆောင်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကား ဋီကာ၏အနက်)။ ။ဤတိစိ ရိက် ဓုဘင်ကို ဆောင်သောပုဂ္ဂိုလ်သည့် အံသကိုဋ်သက်နိုးကိုရင်း၊ အကြောင်းမပြည့်စုံသေး၍ မချုပ်ရသေးသော သက်နိုးလျာမျာကိုရင်း ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ထား အပ်၏။ ပစ္စတ္ထရဏကိုလည်း မိမိသန္တကဖြစ်လျှင်၊ အဓိဋ္ဌာန်တင်အပ်၏ဟု မဟာ ဋီကာ, သာရတ္ထဋီကာတို့၌ဆို၏။ ။ဤကား ဓုတင်္ဂတေစီဝရိကပုဂ္ဂိုလ်၏ အဓိဋ္ဌာန် ဝိကပ္ပနာကိုပြဆိုရာ စကားရပ်တည်း။

ဤသို့ တင်ထားအပ်ပြီးသော အဓိဋ္ဌာန်ရှိသော သက်နိုးတို့သည်၊ သူတပါး အားပေးခြင်း ခိုးသူလုယက်၍ယူခြင်း၊ အကျွမ်းဝင်၍ ယူခြင်း၊ လူထွက်ခြင်း၊ သိက္ခာချခြင်း၊ သေခြင်း၊ လိန်ပြန်ခြင်း၊ ပစ္စုဒ္ဓိုရ်ပြုခြင်းတို့ကြောင့် အဓိဋ္ဌာန်ကျ ကုန်၏။ ၄ စီဝရိက်သက်နိုး မှာ သုံးထည် လုံးမှာပင် အလျား၌ တထွာ၊ ဒုကုဋ် ကိုယ်ဝတ်မှာ အနံ၌ လက်ရှစ်သစ်၊ သင်းပိုင်မှာ အနံ၌ လက်လေး သစ်၏ အတွင်း၌ လက်သန်း လက်သီးခွံ ပမာဏ ထုတ်ချင်း ထွင်းသော အပေါက်ဖြင့် လည်း အဓိဋ္ဌာန်ကျ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။အညဿ ဒါနေန အစ္ဆိန္ဒိတွာ ဂဟဏေန ဝိဿာသဂ္ဂါဟေန ဟီနာယာဝတ္တနေန သိက္ခာပစ္စက္ခာ နေန ကာလံကိရိယာယ လိင်္ဂပရိဝတ္တနေန ပစ္စုဒ္ဓါရဏေန ဆိဒ္ဒဘာဝေနာတိ ဣမေဟိ နဝဟိ ကာရဏေဟိ အဓိဋ္ဌာနံ ဝိဇဟတိ။ တတ္ထ ပုရိမေဟိ အဋ္ဌဟိ သဗ္ဗစီဝ ရာနိ အဓိဋ္ဌာနံ ဝိဇဟန္တိ။ ဆိဒ္ဒဘာဝေနပန တိစီဝရဿေဝ သဗ္ဗဋ္ဌကထာသု အဓိဋ္ဌာနံ ဝိဇဟနံ ဝုတ္တံ။ တဉ္စ နခပိဋ္ဌိပမာဏေန ဆိဒ္ဒေန၊ တတ္ထ နခပိဋ္ဌိ ပမာဏံ ကနိဋ္ဌင်္ဂုလိ နခဝသေန ဝေဒိတဗ္ဗံ၊ ဆိဒ္ဒဉ္စ ဝိနိဝိဒ္ဓမေဝ။ ဆိဒ္ဒဿဟိ အဗ္ဘန္တရေ ဧကတန္တုပိ အစ္ဆိန္နော ဟောတိ။ ရက္ခတိ၊ တတ္ထ သံဃာဋိယာစ ဥတ္တရာသံဂဿစ ဒီဃန္တတော ဝိဒတ္ထိ ပမာဏဿ တိရိယန္တတော အဋ္ဌင်္ဂုလ ပမာဏဿ ပဒေသဿ ဩရတော ဆိဒ္ဒံ အဓိဋ္ဌာနံ ဘိန္ဒတိ၊ ပရတော နဘိန္ဒတိ၊ အန္တရ ဝါသကဿပန ဒီဃန္တတော ဝိဒတ္ထိ ပမာဏဿေဝ၊ တိရိ ယန္တတော စတုရင်္ဂုလပ္ပ ပမာဏဿ

ပဒေသဿ ဩရတော ဆိဒ္ဒံ အဓိဋ္ဌာနံ ဘိန္ဒတိ။ ပဒေသော နဘိန္ဒတိ။ တသ္မာ ဇာနေတ ဆိဒ္ဒေ တိစီဝရံ အတိရေက ဋ္ဌာနံ တိဋ္ဌတီတိ သုစိကမ္မံ ကတွာပန အဓိဋ္ဌာတဗ္ဗံ။ ။ဟုမိန့်အပ်၏။

အညဿ၊ တပါးသောသူအား။ ဒါနေန၊ ပေးခြင်းကြောင့်ရင်း။ အစ္ဆိန္ဒိတွာ၊ ခိုးသူ လုယက်၍။ ဂဟဏေန၊ ယူခြင်းကြောင့် ရင်း။ ဝိဿာသဂ္ဂါဟေန၊ အကျွမ်း ဝင်သဖြင့် ယူခြင်းကြောင့်ရင်း၊ ဟီနာယာဝတ္တနေန၊ လူ၏ဘောင်သို့ပြန်လည်ခြင်းကြောင့်ရင်း။ ဝါ၊ လူထွက် ခြင်းကြောင့်ရင်း။ သိက္ခာ ပစ္စက္ခာနေန၊ သိက္ခာကို စွန့်ခြင်းကြောင့်ရင်း။ ဝါ၊ သိက္ခာချခြင်းကြောင့်ရင်း။ ကာလံ ကိရိယာယ၊ သေခြင်းကိုပြုခြင်းကြောင့်ရင်။ လိင်္ဂပရိဝတ္တနေန၊ လိင်ပြန်ခြင်းကြောင့်ရင်း။ ပစ္စုဒ္ဓါရဏေန၊ ပစ္စုဒ္ဓိုရ်ပြုခြင်းကြောင့်ရင်း။ ဝါ၊ အဓိဋ္ဌာန် ချခြင်းကြောင့်ရင်း။ ဆိဒ္ဒဘာဝေန၊ လက်သန်းလက်သီးခွဆန့်လောက်သော အပေါက်၏ ဖြစ်ခြင်းကြောင့်ရင်း။ ဣတိ၊ သို့။ နဝဟိ၊ ကိုးပါးကုန်သော။ ဣမေဟိ ကာရဏေဟိ၊ ဤအကြောင်းတို့ကြောင့်။ စီဝရံ၊ သင်္ကန်းသည်။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်ကို။ ဝိဇဟတိ၊ စွန့်၏။ တတ္ထ၊ ထိုကိုးပါးသော အကြောင်းတို့တွင်။ ပုရိမေဟိ၊ ရှေးဖြစ်ကုန်သော။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ သဗ္ဗစီဝရာနိ၊ အလုံးစုံကိုးထည်သော သင်္ကန်းတို့သည်။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်ကို။ ဝိဇဟန္တိ၊ စွန့်ကုန်၏။ ပန၊ အထူးကိုဆိုဦးအံ့။ တိစီဝရဿေဝ၊ တိစီဝရိက်သင်္ကန်း၏သာလျှင်။ ဆိဒ္ဒဘာဝေန၊ အပေါက်ဖြစ်ခြင်းကြောင့်။ အဓိဋ္ဌာနဝိဇဟနံ၊ အဓိဋ္ဌာန်ကို စွန့်ခြင်းကို။ သဗ္ဗအဋ္ဌကထာသု၊ အလုံးစုံသော အဋ္ဌကထာ တို့၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တဉ္စဝိဇဟနံ၊ ထိုစွန့်ခြင်းကိုလည်း။ နခပိဋ္ဌိပမာဏေန၊ လက်သန်းလက်သည်းပြင်ပမာဏရှိသော။ ဆိဒ္ဒေန၊ အပေါက်ဖြစ်ခြင်းဖြင့်။ ဝုတ္တံ၊ မိန့်ဆို အပ်၏။ တတ္ထ၊ ထိုအပေါက်၌။ နခပိဋ္ဌိပမာဏံ၊ လက်သည်းပြင် ပမာဏကို။ ကနိဋ္ဌင်္ဂုလိနခဝသေန၊ လက်သန်း လက်သည်း၏ အစွမ်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဆိဒ္ဒဉ္စ၊ အပေါက်ကိုလည်း။ ဝိနိဝိဒ္ဓမေဝ၊ ထုတ်ချင်း ထွင်းသော အပေါက်ကို သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ ဝါ၊ ဟိယသ္မာ၊ အကြင်ကြောင့်။ ဆိဒ္ဒဿ၊ အပေါက်၏။ အဗ္ဘန္တရေ၊ အတွင်း၌။ ဧကတန္တုပိ၊ တချောင်းသော ချည်မျှင်သည်လည်း။ အစ္ဆိန္နော၊ မပြတ်သည်။ ဟောတိ၊ ဖြစ်အံ့။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်ကို။ ရက္ခတိ၊ စောင့်သေး၏။ တတ္ထ၊ ထိုတိစီဝရိက် သင်္ကန်း သုံးထည် တို့တွင်။ သံဃာဋိယာစ၊ ဒုကုဋ်၏ ရင်း။ ဥတ္တရာ သင်္ဂဿစ၊ ကိုယ်ဝတ်၏ ရင်း။ ဒီဃန္တတော၊ အလျားစွန်းမှ။ ဝိဒတ္ထိပမာဏဿ၊ တထွာ ပမာဏရှိသော။ တိရိယန္တတော၊ အနံစွန်းမှ။ အဋ္ဌင်္ဂုလပမာဏဿ၊ လက်ရှစ်သစ် ပမာဏရှိသော။ ပဒေသဿ၊ အရပ်၏။ ဩရတော၊ အတွင်း၌။ ပဝတ္တံ၊ ဖြစ်သော။

(ထည့်)။ ဆိဒ္ဓံ၊ အပေါက်သည်။ အဓိဋ္ဌာနံ၊ ကို။ ဘိန္ဒတိ၊ ၏။ ယထာဝုတ္တပဒေသသ၊ အကြောင်းအကြောင်း ဆိုအပ်ပြီးသော အရပ်၏။ ပရတော၊ ပြင်ဘက်၌။ ပဝတ္တံ၊ သော။ ဆိဒ္ဒံ၊ သည်။ အဓိဋ္ဌာနံ၊ ကို။ နဘိန္ဒတိ၊မဖျက်။ အန္တရ ါသကာသ ပနု၊ သင်းပိုင်၏ကား။ ဒီဃန္တတော၊ အလျားစွန်းမှ။ ဝိဒတ္ထိ ပမာဏသ၊ တထွာ ပမာဏရှိသော။ ပဒေသသော၀၊ အရပ်၏ သာလျှင်။ ဩရတော ၌။ ပဝတ္တံ၊ တော။ ဆိဒ္ဒံ၊သည်။အဓိဋ္ဌာနံ ကို။ ဘိန္ဒတိ၊ဖျက်၏။ တိရိယန္တတော၊ အနံစွန်းမှ။ စတုရင်္ဂုလပမာဏသ၊ လက်လေးသစ် ပမာဏ ရှိသော။ ပဒေသသ၊ ၏။ ဩရတော၌။ပဝတ္တံ၊ သော။(ထည့်)။ဆိဒ္ဒံ၊သည်။ အဓိဋ္ဌာနံ၊ ကို။ဘိန္ဒတိ၊၏။ ယထာဝုတ္တပဒေသသ၊အကြောင်းအကြောင်းဆိုအပ်ပြီးသော အရပ်၏။ ပရတော၊ပြင်ဘက်၌။ ပဝတ္တံ၊ ဖြစ်သော။ ဆိဒ္ဒံ၊ အပေါက်သည်။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်ကို။ နဘိန္ဒတိ၊ မဖျက်ဆီး၊ တသ္မာ၊ ထိုသို့လက်သည်း ပမာဏလောက် ပေါက်ခြင်းဖြင့်-အဓိဋ္ဌာန် ပျက်လေ သောကြောင့်။ ဆိဒ္ဒေ၊ အပေါက်သည်။ ဇာတေ၊ ဖြစ်လသော်။ တိစီဝရံ၊ တိစီဝရိက် သင်္ကန်းသည်။ အတိရေက ဋ္ဌာနေ၊ အဓိဋ္ဌာန်-ဝိကပ္ပနာပြု အပ်သောသင်္ကန်းမှ ပိုလွန်သောသင်္ကန်းအရာ၌။ တိဋ္ဌတိ၊ တည်၏၊ ဣတိတသ္မာ၊ ထိုသို့ပိုလွန်သောသင်္ကန်းအရာ၌ တည်လေသောကြောင့်။သုစိကမ္မံ၊ အပ်ချုပ်ခြင်း အမှုကို။ ကတွာပန- ကတွာဝေ၊ ပြုပြီး၍သာလျှင်။ တိစီဝရံ၊ တိစီဝရိက် သင်္ကန်း ကို။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ ။(ဤကားအနက်)

တိစိဝရိက်အဓိဋ္ဌာန်ကို ထင်ရှားပြကြောင်း ဝိနိစ္ဆယကား ဤတွင်ပြီး၏။

---

(၄) ကိုးထည်သော သင်္ကန်းတို့ကို ချုပ်လုပ် စီရင်ပုံနည်းကို သိလို ပါသည်ဘုရားဟုလျှောက်ထားရာ၌ ချုပ်လုပ်နည်းအဆုံးအဖြတ်။

လက်သစ်တောင် ထွာမာဏကို ရှေးဦးစွာသိရာ၏။ ။သုဂတဝိဒတ္ထိယာတိ သုဂတ ဝိဒတ္ထိနာမ ဣဒါနိ မဇ္ဈိမဿပုရိသဿ တိဿော ဝိဒတ္ထိယော ဝဍ္ဎကီဟတ္ထေန ဒိယဍ္ဎောဟတ္ထော ဟောတိ။ ။ဟူသော အဋ္ဌကထာအရ၊ မြတ်စွာဘုရား တထွာသည် မဇ္ဈိမ ပုရိသ၀ဍ္ဎကီ အထွာအားဖြင့် သုံးထွာ၊ အတောင် အားဖြင့် တတောင့်ထွာဟု မှတ်အပ်၏။ ။သုဂတဝိဒတ္ထိယာတိဧတ္ထ၊ သုဂတဝိဒတ္ထိယာ ဟူသော ပါဌ်၌။ သုဂတ ဝိဒတ္ထိနာမ၊ မည်သည်ကား။ ဣဒါနိ၊ ယခုအခါ၌။ မဇ္ဈိမဿ၊ အလတ်ဖြစ်သော။ ပုရိသဿ၊ ယောကျ်ား၏။ ဝိဒတ္ထိယာ၊ (ထည့်) အထွာဖြင့်၊ တိဿောဝိဒတ္ထိယော၊ သုံးထွာတို့သည်။ ဝဍ္ဎကီဟတ္ထေန၊ လက်သမား တောင်ဖြင့်၊ ဒိယဍ္ဎောဟတ္ထော၊ တတောင့်ထွာသည်၊ ဟောတိ၊ ၏။ ။(ဤကား အနက်)

အမှာကံပန ဘဂဝါ အင်္ဂါရသဟတ္ထုဗ္ဗေဓော ဟောတိ။ ။ဟူသော ဗုဒ္ဓဝင် အဋ္ဌကထာစသည်အရ- မြတ်စွာဘုရား တတောင်လျှင် မဇ္ဈိမပုရိသ၏ သုံးတောင်

ဖြစ်၍၊ အရပ်ဘော်သည် မဇ္ဈိမပုရိသဝဏ္ဏာဟတ္ထအားဖြင့် တဆဲ့နှစ်ထောင် ရှိ၏။ မဇ္ဈိမပုရိသဝဏ္ဏာဟတ္ထတထောင်သာလျှင်။ ပကတိပုရိသ၏ထက်ဝက်တို တဘောင်ထွာဖြစ်၍ ပကတိပုရိသ၏ဟတ္ထအားဖြင့် တဆဲ့ချစ်ထောင်ရှိ၏ဟု မှတ်အပ်၏။ ။ဗျာမပ္ပဘာ သဒါမယှံ၊ သောဠသ ဟတ္ထမုဂ္ဂတော။ ။ဟူသောဗုဒ္ဓဝင် ပါဠိတော်။ ။ဗျာမပ္ပ ဘာယာတိ ဥဗ္ဗေဓတော နိဂြောဓပ္ပမာဏာယ သမန္တတော ပန ပကတိပုရိသဿ အသီတိဟတ္ထရတနပ္ပမာဏာယ ပဘာယ။ပ။ သာဟိ ဘဂဝတော ကေရတနံ မဇ္ဈိမဿ ပုရိသဿတိရတနံ ဟောတိ။ မဇ္ဈိမဿ ပုရိသဿ ကေ ရတနံ ပကတိပုရိသဿ အဍ္ဍဂုလာဓိက ရတနံ တသ္မာ ဘဂဝတော စတုရတန ဘူတံဗျာမံ ပကတိပုရိသဿ သောဠသရတနံ ဟောတိ။ ။တေန စတုဒ္ဒိ သာ ဥပရိဒိသာတိပဉ္စသုဒိသာသု သောဠသ သောဠသာတိ ကတွာ သမန္တာသီတိ ဟတ္ထ ရတနပ္ပမာဏာတိ။ ။ဟူသော ပရိတ်ဋီကာတို့အရ၊ ၂မဇ္ဈိမ ပုရိသ၏တထောင်သည် ပကတိပုရိသ၏ သုံးဘိုဘဘိုတိုး တဘောင်ရှစ်သစ်ဖြစ်၍ အရပ်ဘော်သည် ပကတိပုရိသဟတ္ထအားဖြင့် တဆဲ့ခြောက်တောင်ရှိ၏ဟု မှတ်အပ်၏။

ယင်းသို့ ဖြစ်ခဲ့သော် အဋ္ဌာရသဟတ္ထုဗ္ဗေဓော။ ။ဟူသော အဋ္ဌကထာ စကားသည်၊ သောဠသ ဟတ္ထမုဂ္ဂတော။ ။ဟူသော ပါဠိတော်နှင့်ဆန့်သကဲ့သို့ ရှိ၏။ ဆန့်ကျင်သည်ကိုလည်း၊ အဋ္ဌကထာဆရာ ဆိုမည်မဟုတ်၊ ထို့ကြောင့် အရေအတွက် သင်္ချာအားဖြင့်သာ ကွဲပြားသည်။ ပမာဏအားဖြင့် အကွဲအပြား မရှိ၊ အတူတူပင်ဟု မှတ်ယူသင့်သည်။ ယူပုံကား။ ။ဝဍ္ဍကီ ဟတ္ထေန ဒိယဍ္ဎော ဟောတိ။ ။ဟူသော အဋ္ဌကထာကိုထောက်၍၊ မဇ္ဈိမပုရိသ၏ ဝဍ္ဍကီဟတ္ထ, ပကတိဟတ္ထနှစ်ပါးရှိ၏ဟု သိအပ်၏။ ။ထိုတွင် ဝဍ္ဍကီဟတ္ထကားရှည်၏။ ပကတိ ဟတ္ထကား တို၏။ ဤအတူ ပကတိပုရိသတို့၏လည်း ဝဍ္ဍကီဟတ္ထ, ပကတိဟတ္ထ ဟူ၍နှစ်ပါးရှိ၏။ ဝဍ္ဍကီဟတ္ထကားရှည်၏။ ပကတိဟတ္ထကားတို၏။ ထိုတွင် အရပ်တော်ကို ပကတိပုရိသ၏ ရှည်သောဝဍ္ဍကီ ဟတ္ထကို ရည်တော်မူ၍။ ။သောဠသ ဟတ္ထမုဂ္ဂတော။ ။ဟု ဟောတော်မူအပ်၏။ ။တိုသော ပကတိ ဟတ္ထကိုရည်၍၊ အဋ္ဌာရသဟတ္ထုဗ္ဗေဓော ဟောတိ။ ။ဟု အဋ္ဌကထာ၌ဆိုတော်မူ၏။ ။ထိုသို့ တောင်, ထွာ, လက်သစ်တို့ ကွဲပြား၍၊ တဆဲ့ခြောက်တောင်, တဆဲ့ရှစ်တောင်ဟူ၍ သင်္ချာအားဖြင့်သာ ကွဲပြားသည်။ အတိုင်းအရှည်ပမာဏ အားဖြင့် အတူတူပင် မှတ်အပ်သည်။ သက်န်းကိုးထည်တို့တွင်၊ တိစီဝရိက်ကား သိသာ၏။ နိသီဒိုင်သင်္ကန်းသည် အလွန်အားဖြင့် အလျား၌ မြတ်စွာဘုရား တတောင်၊ မဇ္ဈိမ ပုရိသသုံးတောင်၊ ပကတိပုရိသ လေးတောင်ထွာရှိ၏။ ။အနံ၌ ဘုရားတထွာ လက်ခြောက်သစ်ရှိ၏။ မဇ္ဈိမပုရိသနှစ်တောင် ခြောက်သစ်၊ ပကတိပုရိသသုံးတောင်ကိုးသစ်ရှိ၏။ အဆာကား ဘုရားတထွာ၊ မဇ္ဈိမပုရိသ

သုံးထွာ၊ ပကတိပုရိသနှစ်တောင်ခြောက်သစ်ရှိ၏။ အယုတ်အားဖြင့်ကား မည်မျှရှိ၏ဟူ၍ ကျမ်းဂန်တို့၌ တိုက်ရိုက်မလာ။ မလာသော်လည်း မြတ်စွာဘုရားအောက်လက်လေးသစ်သာ ယုတ်သည်ဖြစ်၍၊ တတောင်လျှင် မြတ်စွာဘုရားအောက်လက် တသစ်သာ ယုတ်သော နန္ဒမထေရ်အားလည်း ၎င်းနိသီဒိုင်ကို ခွင့်ပြုသည်ကိုထောက်သော်၊ နန္ဒမထေရ်၏အလျားၡ် တတောင်တသစ်၊ အနံ၌ တထွာခုနစ်သစ်၊ အဆာ၌ တထွာတသစ်သော နိသီဒိုင်သင်္ကန်းမှ အစဉ်အတိုင်း တောင်,ထွာ,လက်သစ်အားဖြင့်ဆုတ်ခဲ့၍၊ယခုအခါ ရဟန်းတို့အားမိမိတို့တောင်, ထွာ, လက်သစ်အားဖြင့်၊ အလျား၌ တတောင်တသစ်၊ အနံတထွာခုနစ်သစ်၊ အဆာ၌ တထွာတသစ်တိုင်အောင် ပမာဏရှိသော နိသီဒိုင်သင်္ကန်းသည်အပ်၏။ ချုပ်သော်လည်း သင့်လျော်အောင် ချုပ်လုပ်စီရင်ပုံကို ဤသို့သိရာ၏။ ။အဋ္ဌကထာ၌။ ။နိသီဒနံနာမ သဒသံ ဝုစ္စတိတိ သန္ထတသဒိသံ သန္ထရိတ္ဗာ ကောသိမ္ဗီ အန္တေ သုဂတဝိဒတ္ထိယာ ဝိဒတ္ထိမတ္တေ ပဒေသေ ဒွိသုဌာနေသု ဖါလေတွာ တိဿောဒသာ ကရီယန္တိ။ တာဟိဒသာဟိ သဒသံနာမ ဝုစ္စတိ။ ။ဟူသည်နှင့် အညီ၊ အလျားသုံးတောင်ထွာ အနံတတောင့်ထွာ ခြောက်သစ်ရှိသော အဆင်းအားဖြင့် အမှတ်မရှိသောအထည်ကို အလျား၌ သုံးဘို့ပြု၍၊ တဘို့တွင်နှစ်ဌာန၌ အမျှခွဲ၍ အနားပတ်ဘင်၍ ပြုအပ်၏။

အမာလွှမ်းသင်္ကန်းသည်အလွန်အားဖြင့်ပကတိပုရိသ၏ အလျား၌ကိုးတောင် အနံ၌လေးတောင်ထွာ ပမာဏရှိ၏။ အယုတ်အားဖြင့် ပကတိပုရိသ၏ အလျား၌ နှစ်တောင်နှစ်သစ်၊ အနံ၌ တတောင်တသစ် ပမာဏရှိ၏။ ။မိုးရေခံ သင်္ကန်းသည် အလွန်အားဖြင့်ပကတိပုရိသ၏ အလျား၌ တဆဲ့သုံးတောင်ထွာ၊ အနံ၌ ငါးထောင်ထွာ သုံးသစ်ပမာဏရှိ၏။ အယုတ်အားဖြင့် ပကတိပုရိသ၏ အလျား၌ သုံးတောင်သုံးသစ် ပမာဏရှိ၏။ ဤသင်္ကန်းနှစ်ထည်တို့၌ အကျယ်ကို နိသီဒိုင်၌ ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်၏ သင့်လျော်အောင်ချုပ်လုပ်ပုံအစီအရင်ကား၊ ယင်းနှစ်ထည်တို့တွင် မိုးရေခံသင်္ကန်းကို ဝတ်သောသင်္ကန်းဖြစ်၍ရင်း၊ ကတ္ဗာနိဝါသေတဗ္ဗံ၊ ဟု ဟောတော်မူသောကြောင့်ရင်း၊ အလျား လေးတောင်ထွာ ခုနစ်သစ်ရှစ်သစ် အနံနှစ်တောင်ဖြစ်စေ၊သင်းပိုင်မျှလောက်ပမာဏဖြစ်စေ ငါးစပ် ဖြတ်၍ ချုပ်ဆိုးခြင်း ကပ္ပဗိန္ဒု ထိုးခြင်းကိုပြုအပ်၏။ ။အမာလွှမ်း သင်္ကန်းကို ကား ဝတ်သော သင်္ကန်းမဟုတ်၊အနာရှိရာကိုဖုံးလွှမ်းသောသင်္ကန်းဖြစ်၍အလျား သုံးတောင်ထွာဖြစ်စေ၊ အလျားငါးတောင်၊ အနံနှစ်တောင်ထွာဖြစ်စေ၊ မဖြတ်ဘဲရင်း၊ ဝတ်ရုံလိုမူ ဖြတ်၍ရင်း ဆိုးခြင်း ကပ္ပဗိန္ဒုထိုးခြင်း ကိုပြုအပ်၏။ ။ထိုကြောင့်။ ။ခုဒ္ဒသိက္ခာ၌။ ။အဒသံ ရဇိတံယေဝ၊ သေသစီဝရပဉ္စကံ။ ကပ္ပတာ ဒိန္နာ ကပ္ပံဝ၊ သဒသံဝ နိသီဒနံ။ ။ဟုမိန့်အပ်၏။ ။အပေါ်လွှမ်း သင်္ကန်းကို

ကြီးငယ်ပမာဏ၊ အဆင်းပမာဏ မရှိဖြစ်၍၊ အမှတ်မရှိသော အထည်ကို အိပ်လောက်အောင်သော ပမာဏဖြင့်သာပြုအပ်၏။ ။ပရိက္ခာရစောဠ သက်နိုးကို ယခင်နည်းပမာဏမရှိဖြစ်၍ ရေစစ်ဘိနပ်အိတ်စသည် အကျိုးငှါသော အပ်သော ရဟန်းတို့အား လျောက်ပတ်သော အဖြူ, အဝါ အဆင်းရှိသော နှစ်တောင်, သုံးတောင်စသော အဝတ် အထည် ပင်တည်းဟု မှတ် အပ်၏။ ။ မျက်နှာသုတ် သက်နိုးကား သိလွယ်၏။ ။ပြဆိုအပ်ခဲ့ ပြီးသော နည်းဖြင့် သက်နိုးကိုးထည် ချုပ်လုပ်ပုံကို သိအပ်၏။

လျှောက်ထားအပ်သည် ဖြစ်၍၊ သက်နိုးကိုးထည်ချုပ်လုပ်ပုံ
အဆုံးအဖြတ်ကား ဤတွင်ပြီး၏။

---

(၅) ယခုကာလ စက်ချုပ်အပ်-မအပ်ကို သိလိုပါသည် မေးလျှောက်ရာ၌၊ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

စီဝရံ မဏ္ဍနတ္ထာယ၊ နာနာသုတ္တကေဟိ၊ သတပဒိသဒိသံသိဗ္ဗန္တာ အာဂန္တုကပဋ္ဋံ ဌပေန္တိ။ ။ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယ ပါရာဇိကအဘွင့်။ ။စီဝရံ၊ သက်နိုးကို။ မဏ္ဍနတ္ထာယ၊ တန်းဆာဆင်ခြင်း အကျိုးငှါ။ နာနာ သုတ္တကေဟိ၊ အထူးထူးသော အဆင်းရှိကုန်သောချည်တို့ဖြင့်။ သတပဒိသဒိသံ၊ ကင်းခြေများ နှင့်တူစွာ။ သိဗ္ဗန္တာ၊ ချုပ်ကုန်သည်ဖြစ်၍။ အာဂန္တုကပဋ္ဋံ၊ သလင်းတောင်ပြင် ထပ်ကို။ ဌပေန္တိ၊ ထားကြကုန်၏။ (ဤကားအနက်)။ ။ငင်းအဋ္ဌကထာပါဠ်၌၊ ကင်းခြေများသဏ္ဌာန် ချုပ်ခြင်းမည်သည်ကား၊ ရှေးအခါ ရှမ်းအင်္ကျီနက် အစပ်၊ လေးလုံးပြောက်စောင်ဖြူအစပ် အင်္ကျီဖြူရင်ဖုံးအစပ်တို့၌ ဝက်သိုးထိုးပြီးမှ ပြန်ကျော့၍-ပြန်ကျော့၍ ချုပ်ခြင်းသည် ကင်းခြေများသဏ္ဌာန်ချုပ်ခြင်းပင်မည်၏။ ယင်းသို့ချုပ်ခြင်းသည် တခုသော အဆင်းရှိသော ချည်ဖြင့်သော်လည်းမအပ်။ ။ ထိုကြောင့် သာရတ္ထဋီကာ၌။ ။နာနာ သုတ္တကေဟီတိ နာနာ ဝဏ္ဏေဟိသုတ္တေဟိ။ ဧကဝဏ္ဏ တထာ ကရောန္တာနံ ကရဏပ္ပကာရ ဒဿနတ္ထံ ဝုတ္တံ။ ဧကဝဏ္ဏ သုတ္တေနာပိ ဝုတ္တပ္ပကာရေန သိဗ္ဗိတုံ နဝဋ္ဋတိ။ ။ဟုမိန့်အပ်ပြီ။ ။နာနာသုတ္တကေ ဟီတိ၊ နာနာသုတ္တကေဟိ ဟူသည်ကား။ နာနာဝဏ္ဏေဟိ၊ အထူးထူးသော အဆင်းရှိကုန်သော။ သုတ္တေဟိ၊ ချည်တို့ဖြင့်။ ဧကဝဏ္ဏဝစနံ၊ ဤစီဝရံ မဏ္ဍနတ္ထာယ နာနာ သုတ္တကေဟိ၊ စသောစကားကိုလည်း။ တထာ တေန အာကာရေန၊ ထိုကင်းခြေများနှင့်တူသော အခြင်းအရာအားဖြင့်။ ကရောန္တာနံ၊ ပြုကုန်သော ရဟန်းတို့၏။ ကရဏပ္ပကာရ ဒဿနတ္ထံ၊ ပြုသော အခြင်းအရာ၏ အထူးကို ပြခြင်းအကျိုးငှါ။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ဧကဝဏ္ဏ သုတ္တေနာပိ၊ တခုသော

အဆင်းရှိသော ချည်ဖြင့်သော်လည်း၊ ဝုတ္တပ္ပ ကာရေန၊ဆိုအပ်ခဲ့ပြီးသော· ကင်းခြေများနှင့်တူသော အခြင်းအရာအားဖြင့်။ သိဗ္ဗိတုံ၊ ချုပ်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကားအနက်)

အပ်ပြန်ချုပ်ခြင်းသည်ကင်းခြေများသဏ္ဌာန်မဟုတ်ငြားသော်လည်း၊ဝိကတိ သူစိကမ္မဖြစ်၍၊ မထင်ရှားသော အနားပတ်ဆက်၊ ထောင့်ဆက်တို့၌သာ မြဲမြံစေခြင်းငှါ သင့်လျော်သည်ဟု- ဆရာတို့ဆိုကုန်၏။ ထိုစကားသည်။ ။အညမ္ပိ ယံကိဉ္စိသူစိကမ္မဝိကာရံ ကရောန္တိ၊ ပဋ္ဋမုခေဝါ ပရိယန္တေဝါ ဝေဏိံဝါ သင်္ခလိကံဝါ ဝေမာဒိသဗ္ဗံ နဝဋ္ဋတိ။ ပကတိသူစိကမ္မမေဝ ဝဋ္ဋတိ။ ။ဟူ၍ မိန့်အပ်သော ၎င်းပါရာဇိကဏ် အဋ္ဌကထာ စကားနှင့် ညီညွတ်၏။ ။အညမ္ပိ၊ ကင်းခြေများ နှင့်တူသော အခြင်းအရာမှတပါးလည်းဖြစ်သော။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ သူစိကမ္မဝိကာရံ၊ အပ်အမှု၏ ဘောက်ပြန်ခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။ ပဋ္ဋမုခေဝါ၊ အဆာဝ၌၎င်း။ ပရိယန္တေဝါ၊ အစွန်အနား၌၎င်း။ ဝေဏိံဝါ၊ ပြောင်းနှံ သဏ္ဌာန် ကို၎င်း။ သင်္ခလိကံဝါ၊ သံကွင်းဆက် သဏ္ဌာန်ကို၎င်း။ ကရောန္တိ၊ ပြုကြကုန်၏။ ဝေမာဒိ၊ ဤသို့အစရှိသော။ သဗ္ဗံ၊ အလုံးစုံသည်။ နဝဋ္ဋတိ၊မအပ်။ ပကတိသူစိကမ္မမေဝ၊ ပြကတေ့သော အပ်အမှုသည် သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)။ ။ယခုကာလ စက်ချုပ်ကို အပ်ပြန်နှင့် ချုပ်ရိုးသဏ္ဌာန် တူရကား၊ အပ်ပြန်ကဲ့သို့ပင် မှတ်ယူသင့်သည်။ စက်ချုပ်သည် အပ်ပြန်နှင့် တူသည်ဟု ဆိုသည်မှာ၊ အပ်ပြန်ကဲ့သို့ အပြန်ခြင်း တူသည်မဟုတ်၊ အပ်ပြန်ချုပ်မှာ၊ ရှေးအပ်သွား သောနေရာ၌၊ နောက်အပ်သွား တဘန်ထပ်၍ ထိုးသော အပ်ပြန်ချုပ်နှင့် ချုပ်ရိုးသဏ္ဌာန်ချင်း တူသည်ဟု ဆိုလိုသည်။

သစေပန သကလ သူစိံ အနီဟရန္တော ဒီဃသုတ္တပဝေသနတ္ထံ သတက္ခတ္တုမ္ပိ ဝိဇ္ဈိတွာ နီဟရတိ၊ ကေမေဝ ပါစိတ္တိယံ။ ။(ပါစိတ်အဋ္ဌကထာ)။ ။သကလသူစိံ၊ အလုံးစုံသော အပ်ကို။ အနီဟရန္တော၊ မနုတ်မူ၍။ ဒီဃ သုတ္တ ပဝေသနတ္ထံ၊ ရှည်စွာသော အပ်ချည်ကို သွင်းခြင်းအကျိုးငှါ။ သတက္ခတ္တုမ္ပိ၊ အကြိမ်တရာလည်း။ ဝိဇ္ဈိတွာ၊ ထိုးပြီး၍။ သစေပိနီဟရတိ၊ အကယ်၍လည်း အပ်ကိုနုတ်သည်ဖြစ်စေ။ ကေမေဝ၊ တချက် သာလျှင် ဖြစ်သော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ။(ဤကားအနက်)။ ။၎င်း အဋ္ဌကထာပါဠိဖြင့်၊တန်းထိုးအဖြောင့် ချုပ်ခြင်းသည်သာ ပကတိ သူစိကမ္မမည်၏-ဟူသော အနက်ကို ပြသည်။ ထို့ကြောင့် မျက်စောင်းထိုးချုပ်ခြင်းသည် မအပ်ဟု အချို့ ဆိုကြကုန်၏။ ဤမျှတည်းဖြင့်ဝိကတိ သူစိကမ္မမဟုတ်၊ အထူးမြဲမြံခြင်း အကျိုး ရှိရကား၊ အပ်၏ဟု နိဿံသယ မှတ်ယူရမည်။ ။ရှေးမထေရ်တို့ ချုပ်လုပ်ပုံမှာ မူကား၊

တန်းထိုးအဖြောင့် ချုပ်ခြင်းကိုသော်လည်း၊ လက်ဘသစ် လောက်သောအရပ်မှာ ခုနစ်ကြိမ်ထိုး၍ မချုပ်ရ။ လက်သုံးသစ်လောက်သော အရပ်မှာမှ ခုနစ်ချက် လောက်ထိုးရ၏။ ။ထို့ကြောင့် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌။ ။ကုသိ ဗန္ဓနကာလေပန အင်္ဂုလ မတ္တေ သတ္တဝါရေန ဝိဇ္ဈိတဗ္ဗံ၊ ဧဝံကရောန္တဿဟိ ယောဘိက္ခု သဟာယော နဟောတိ။ တဿ ဝတ္တဘေဒေါ နတ္ထိ။ တိဝင်္ဂုလ မတ္တေပန သတ္တဝါရေ ဝိဇ္ဈိတဗ္ဗံ၊ ဧဝံကရောန္တဿ မဂ္ဂပဋိပန္နေ နာဝိသဟာယေန ဘာဝိတဗ္ဗံ။ ယော နဟောတိ၊ တဿ ဝတ္တဘေဒေါ။ ။ဟု မိန့်အပ်၏။ ။ပန၊ အဘို့ တပါးကို ဆိုဦးအံ့။ ကုသိဗန္ဓနကာလေ၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ် စသည်တို့ကို စပ်၍၊ မြောင်းတရပ်ကို ချုပ်သော အခါ၌။ အင်္ဂုလမတ္တေ၊ လက်တသစ် အတိုင်း အရှည်ရှိသော အရပ်၌။ သတ္တဝါရေ၊ ခုနစ်ကြိမ်တို့တိုင်တိုင်။ နဝိဇ္ဈိတဗ္ဗံ၊ မထိုး မချုပ်အပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဧဝံ ကရောန္တဿ ဝတ္တပဋိကာရေန၊ ဤဆို အပ်ခဲ့ပြီးသော အပြားအားဖြင့်။ ကရောန္တဿ၊ ပြုသော ရဟန်းအား။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သဟာယော၊ အဘော်သည်။ နဟောတိ၊ မဖြစ်။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဝတ္တဘေဒေါပိ၊ ဝတ်ပျက်ခြင်းသည်လည်း။ နတ္ထိ၊ မရှိ။ ပန၊ အပ်သည်ကို ဆိုဦးအံ့။ တိ ဝင်္ဂုလမတ္တေ၊ လက်သုံးသစ် အတိုင်း အရှည်ရှိသော အရပ်၌။ သတ္တဝါရေ၊ ခုနစ်ကြိမ်တို့မျှလောက်။ ဝိဇ္ဈိတဗ္ဗံ၊ ထိုးချုပ်အပ်၏။ ဟိ၊ အကျိုးကို ဆိုဦးအံ့။ ဧဝံပ္ပမိနာ ပကာရေန၊ ဤသို့သော အပြားအားဖြင့်။ ကရောန္တဿ၊ ပြုသော ရဟန်းအား။ မဂ္ဂပဋိ ပန္နေနာပိ၊ ခရီးသွားဆဲဖြစ်သော ရဟန်းသည်လည်း။ သဟာယေန၊ အဘော်သည်။ ဘာဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ သဟာယော၊ အဘော်သည်။ နဟောတိ၊ မဖြစ်။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဝတ္တဘေဒေါ၊ ဝတ်ပျက်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

စက်ချုပ် သင်္ကန်းအပ်, မအပ် အဆုံးအဖြတ်ကား ပြီး၏။
စီဝရ-ကဏ္ဍပြီး၏။

---

## ၄- သီမ ကဏ္ဍ

(၁) သိမ် အဆုံးအဖြတ်၊
(၂) သီမသမ္ဘေဒ ဝိနိစ္ဆယ၊
(၃) သီမသမ္ဘေဒပဋိက ပုစ္ဆာ ဝိသဇ္ဇနာ၊
(၄) ဓူးတိုင်းရှင်ရှာသူကြီး ဂါမသေ ဗကာ ဖြစ်မဖြစ်၊ မူးတိုင်အတွင်း ဌာနသည် ဂါမသော ဇကာ ဖြစ်မဖြစ် အဆုံးအဖြတ်၊

(၅) ဝတ္ထုကံမြေ-ဝိသုံဂါမ ဖြစ်,မဖြစ် အဆုံးအဖြတ်၊
(၆) သိမ်အမိန့်ခံရာ အနာဂတ-အနေကန္တိက ပေးခြင်း အပ်, မအပ် အဆုံးအဖြတ်၊

(၁) သိမ်အဆုံးအဖြတ်ကို·သိလိုပါသည်-လျှောက်ထားရာ၌၊ အဆုံးအဖြတ်ကို ဤသို့မှတ်ရာ၏။ ။ဒုတိယစလင်း ဆရာတော်ဘုရားကြီး၏ နည်းကိုမှီ၍ ဝိသုံဂါမသိမ်အဆုံးအဖြတ်ကို၊ ပဌမ ခင်မကန်ဆရာတော်ဘုရားကြီး၏ နည်းကိုမှီ၍ သီမသမ္ဘေဒ အဆုံးအဖြတ်ကို ရေးသားအံ့။

ယင်းတွင် ဝိသုံဂါမသိမ်၏အရာ၌၊ ထိုပကတိဂါမခေတ်၌သာလျှင်၊ ဤအရပ်သည် အသီးအသီးသော ရွာဖြစ်စေဟု ပိုင်းခြား၍၊ ထိုပကတိဂါမရှင် သူကြီးမှ တပါးသော တစုံတယောက်သောသူအား၊ မင်းသည် ပေးအပ်သောအရပ်သည်လည်း ဝိသုံဂါမသိမ်ဖြစ်သည်သာတည်း။ ဤအရပ်သည်၊ ဤသူအား ဖြစ်စေဟု ပိုင်းခြား၍၊ မြေပိုင်ဖြစ်စေခြင်းငှါ မင်းသည်ပေးအပ်သော အရပ်သည်ငှင်း၊ အသီးသောရွာဖြစ်စေဟု ပိုင်းခြား၍ မင်းပေးအပ်သော်လည်း၊ ထိုပကတိဂါမရှင် သူကြီးအားပင် ထပ်၍ပေးအပ်သောအရပ်သည်ငှင်း ဝိသုံဂါမသိမ် မဖြစ်ဟု မှတ်ရာ၏။ ။ထို့ကြောင့် မဟာဝါ အဋ္ဌကထာ၌။ ။ယမ္ပိ ဧကသ္မိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။ ။ဟု မိန့်အပ်၏။ ။ဧကသ္မိံ ယေဝဂါမခေတ္တေ၊ ထိုဂါမဘောဇကသည် အခွန်ကို ကောက်ခံရာဖြစ်သော ဂါမခေတ်၌သာလျှင်။ ဧကံ၊ တကွက် တရပ်သော။ ယမ္ပိပဒေသံ၊ အကြင်အရပ်ကိုလည်း။ အယံပဒေသော၊ ဤအရပ်သည်။ ဝိသုံ၊ အသီးသော။ ဂါမော၊ ရွာသည်။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ရာဇာ၊ မင်းသည်။ ကဿစိ၊ တစုံတယောက်သောသူအား။ ဒေတိ၊ ရွာစားပေး၏။ သောပိပဒေသော၊ ထိုမင်းသည်ပိုင်းခြား၍ ရွာစားပေးအပ်သော တခုသောအရပ်သည်လည်း။ ဝိသုံ၊ အသီးသော။ ဂါမသီမာ၊ ဂါမသိမ်သည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ။(ဤကား အနက်)

ထိုစကားသင့်စွ၊ အယံ ဝိသုံဂါမော ဟောတူတိ ဟူသောပါဠိဖြင့်၊ ပဌမ သူကြီးနှင့်မစပ်မနှီး ရွာသီး နယ်သီးဖြစ်စေဟု ပိုင်းခြား၍ ပေးအပ်သော အရပ်သည်ငှင်း၊ အသီးသောရွာ ဖြစ်စေဆိုသဖြင့်၊ ပဌမသူကြီးမှတပါးသော တစုံတယောက်သောသူအား ပေးအပ်သောအရပ်သည်သာလျှင်ငှင်း၊ ဝိသုံဂါမသိမ် ဖြစ်၏ဟူသောအနက်၊ မြေပိုင်ဖြစ်စေခြင်းငှါ ပေးအပ်သော အရပ်သည်ငှင်း၊ အသီးသောရွာဖြစ်စေဟု ပေးအပ်သော်လည်း ပဌမသူကြီးအားပင် ထပ်မံ၍ပေး

အပ်သောအရပ်သည်ငှင်း၊ ဝိသုံဂါမသိမ် မဖြစ်ဟူသော အနက်ကိုပြတော်မူ၏။ ဝိသုံဂါမသိမ်နှင့် ပကတိဂါမသိမ်သည်၊ အကျဉ်းအကျယ်မျှသာထူးသည်။ ဤမှ တပါးအထူးမရှိ။ သို့ဖြစ်၍ ပကတိဂါမသိမ်၌ ရွာသီးဖြစ်သည်သာ ပမာဏ ဖြစ်သည်။ မြေပိုင်ပမာဏမဟုတ်သကဲ့သို့၊ ဝိသုံဂါမသိမ်၌လည်း၊ ရွာသီးဖြစ်သည် သာ ပမာဏဖြစ်သည်။ မြေပိုင် ပမာဏမဟုတ်။ ဝိသုံဂါမသိမ်၌၊ ရွာသီးဖြစ် စေဟုပေးခြင်းသည်သာ ပမာဏဖြစ်သည်။အခွန်တော်ကောက်ခံရခြင်း၊ ခိုင်စား ရခြင်း ပမာဏမဟုတ်သကဲ့သို့၊ ပကတိဂါမသိမ်၌လည်း၊ နယ်သီးခန့်ထားခြင်း သည်သာ ပမာဏဖြစ်သည်။ အခွန်ကောက်ခံခြင်း၊ ခိုင်စားရခြင်း ပမာဏ မဟုတ်ဟု မှတ်ရာ၏။

လူတို့အားမြေပိုင်ဖြစ်စေခြင်းငှါပေးအပ်သောအရပ်သည်သာ ဝိသုံဂါမသိမ် မဖြစ်သည်မဟုတ်၊ သံဃာ့ ဂိုဏ်း ပုဂ္ဂိုလ်တို့ အကျိုးငှါ ကျောင်းအားငှင်း၊ ဘုရားအားငှင်း မြေပိုင်ဖြစ်စေခြင်းငှါ လူအပ်သော အရပ်သည်သည်း၊ ဝိသုံ ဂါမသိမ် မဖြစ်။ ။ထိုစကားသင့်စွ၊ ကျောင်းအားငှင်း၊ ဘုရားအား ငှင်း လူအပ်သောအရပ်သည် လာဘသိမ်မည်၏။ ဝတ္ထုကံလည်းမည်၏။ ငှင်းလာဘ သိမ်၊ ဝတ္ထုကံမြေအရပ်သည်၊ ပဌမရဟန်းတော် ရှင်တော်တို့၏ မိဘ ပိုင်ဆိုင် သောမြေအရပ်သည်၊ အခွန်ကောက်ခြင်းမရှိ၊ လွတ်ငြိမ်းစေဟူသော မင်း၏ အာဏာဖြင့်၊ အခွန်ကောက်ခြင်းမရှိသော်လည်း၊ ရွာသီးမဖြစ်သကဲ့သို့၊ သဒ္ဓါ၍ မင်းလှူခြင်းဖြင့်၊ အခွန်ကောက်ခံခြင်းမရှိသော်လည်း ရွာသီးမဖြစ်။ ။ထိုစကား သင့်စွ၊ ။သိမ်သမုတ်ရန်ပေးရာ၌၊ သိမ်သမုတ်ခြင်းကိုစွဲ၍၊ ရွာသီးဖြစ်အံ့သည် ရည်သန်ရင်းဖြစ်သည်။ မြေပိုင်ကိုရည်သန်ရင်းမဟုတ်၊ လာဘသိမ်ဝတ္ထုကံမြေကို လှူရာ၌၊ လာဘ်ကိုစွဲ၍ မြေပိုင်ကို ရည်သန်ရင်းဖြစ်သည်။ ရွာသီးကိုရည်သန်ရင်း မဟုတ်။ ငှင်းလာဘသိမ် ဝတ္ထုကံမြေအရပ်သည်၊ ရာဇဝတ်ရေးစသည်မှ စောင့် ရှောက်တတ်သော သူနှင့်ကင်း၍လည်းမဖြစ်။ တပါးသော နယ်ရှင်သူကြီးတို့က လာ၍ စောင့်ရှောက်ရန် အခွင့်လည်းမဟုတ်။ သို့ဖြစ်၍ ငှင်းရွာသူကြီးကပင် ရာဇဝတ်ရေးစသည်မှ စင်စစ်စောင့်ရှောက်အပ်သည်ဖြစ်၍ ငှင်းလာဘ သိမ်ဝတ္ထု ကံ မြေအရပ်သည်၊ ဝိသုံဂါမသိမ် မဖြစ်ဟု စင်စစ်သက်ဝင်ယုံကြည် မှတ်သား အပ်၏။

ခေတ္တမှူးတိုင်စိုက်မှတ်၍ ပေးအပ်သော ကျောင်းဝိုင်းအရပ် သည်လည်း ပဌမသူကြီးပိုင်နယ်ဖြစ်၍ စင်စစ် ဝိသုံဂါမသိမ် မဖြစ်ဟု မှတ်ရာ၏။ ထိုကြောင့် လာဘသိမ် ဝတ္ထုကံမြေ ကျောင်းဝိုင်းတို့၌ သိမ်သမုတ်လိုလျှင် သူကြီး၏ တိုင် နယ်အားလုံးကိုစောင့်၍ သမုတ်ရာ၏။ ရွှေယင်ဖျော့စသော ဘုရားရှင်တို့၌ကဲ့သို့၊

ကျွန်သီးတော်ထား၍ ပိုင်းခြား လှူဒါန်းအပ်သော မြေအရပ်သည်ကား ဝိသုံဂါမ သိမ်ဖြစ်၏။ မြန်မာမင်း ကောရာဇ် လက်ထက်၌၊ မည်သူက ဝိသုံဂါမမြေစား၊ အသနားတော်မြတ်ခံ၍၊ သိမ်သမုတ်လှူဒါန်းစေဟု ရွာသီး နယ်သီးအဖြစ်ကိုသာ ပေးတော်မူ၏။ မြေမှာ မြေ့ရှင်ကိုပြောရ၏။ ရွာသီးအဖြစ် အလွန်ထင်ရှား၏။ ယခုအင်္ဂလိပ်မင်းလက်ထက်တော်၌၊ မည်သူကမြေပိုင် ဂရန်ပိုင် အသနားတော် ခံ၍ သိမ်သမုတ် လှူဒါန်းစေဟုပေးရာ၌၊ မြေပိုင်သာဖြစ်လေသလော။ သို့မဟုတ်၊ ရွာသီးမြေပါ နှစ်ဖြာပင်ဖြစ်လေသလောဟု၊ တွေးတောယုံမှားဘွယ်ကဲ့သို့ရှိ၏။ ပညာရှိဆရာတော်တို့နှင့် ပေါင်းဘော်မိသော အစိုးရမင်းတို့ကား ပိုင်းခြား၍ သိပေရာ၏။ သို့မဟုတ် လူဖြစ်သော အစိုးရမင်းကိုထားဘိ၊ ရဟန်းများသော် လည်း ပိုင်းခြား၍ သိခြင်းငှါ ခဲယဉ်းသော အရာဖြစ်သည်။ သို့ဖြစ်ငြားသော် လည်း မြန်မာမင်းတို့ ထုံးစံရှေးသွားကိုလိုက်စား၍ ပေးခြင်းဖြစ်သောကြောင့်၊ မြေပိုင်ဖြစ်အံ့သည်ကိုရည်သန်၍ ပေးငြားသော်လည်း၊ ရှေးသွားလမ်းကြောင်း အတိုင်း ဝိသုံဂါမဖြစ်၏ဟု မှတ်ယူသင့်သည်။

ပကတိဂါမနှင့် ဝိသုံဂါမသည် အကျဉ်း, အကျယ်မျှသာ ထူးသည်။ ဤမှ တပါး အထူးမရှိ။ သို့ဖြစ်၍၊ ပကတိ ဂါမဘောဇကကို ခန့်ထားနိုင်သော အောက်အစိုးရမင်းတို့သည်၊ သိမ်သမုတ်ရန် ဝိသုံဂါမ အမိန့်စာကို ခံလာလျှင်၊ အထက်အရာရှိ အစိုးရများထံမှာ ခံယူစေရမည်စသည်ဖြင့်၊ အသီး ထုတ်ပြန် အပ်သော အခွင့်အာဏာမရှိမီ၊ ဝိသုံဂါမဘောဇကကိုလည်း ခန့်ထားနိုင်၏။ ၎င်းဝိသုံဂါမသိမ် အမိန့်စာကို အထက်အစိုးရ မည်သည့်မင်းထံမှာ ခံယူစေရ မည် စသည်ဖြင့်၊ အသီးထုတ်ပြန်အပ်သော အခွင့်အာဏာရှိသောအခါမှစ၍၊ အသီးနုတ်၍ ထုတ်ပြန်သကဲ့သို့ဖြစ်သောကြောင့်၊ ရှေးပကတိ ဂါမဘောဇက တိုက်သူကြီး၊ ရွာသူကြီးခန့်ထားနိုင်သော အောက်အစိုးရမင်းတို့သည်၊ ၎င်းသိမ် သမုတ်ရန် ဝိသုံဂါမ ဘောဇကအခွင့်ကို ပေးသင့် ခန့်သင့်သည် မထင်၊ ဆင်ခြင်။

ဝိသုံဂါမ ဝိနိစ္ဆယပြီး၏။

---

(၂) သီမသမ္ဘေဒ ဝိနိစ္ဆယကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့မှတ်ရာ၏။

သီမမာဠကေ ဝဋ္ဋရုက္ခော ဟောတိ၊ တဿ သာခါဝါ တတော နိဂ္ဂတပါရောဟောဝါ မဟာသီမာယ ပထဝီတလံဝါ တတ္ထ ဇာတရုက္ခာဒီနိဝါ အာဟစ္စ တိဋ္ဌတိ။ မဟာသီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ။ တေဝါ သာခါ ပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။ ။(ဝိနည်းမဟာဝါ အဋ္ဌကထာ)။ ။သီမ

မာဠကေ၊ ခဏ္ဍသိမ်ဘန်ဆောင်း၌။ ဝဋ္ဋ ရုက္ခော၊ ပညောင်ပင်သည်။ ဟောတိ၊ ရှိသည်ဖြစ်၏။ တဿ၊ ထိုပညောင်ပင်၏။ သာခါ၊ အကိုင်းအခက်တို့ သည်ရင်း၊ တတော၊ ထိုပညောင်ပင်မှ။ နိဂ္ဂတ ပါရောဟော၀ါ၊ ထွက်သောမြစ်ပျဉ်းသည် ရင်း။ မဟာသီမာယ၊ မဟာသိမ်၏။ ပထဝီတလံဝါ၊ မြေအပြင်ကိုရင်း။ တတ္ထ၊ ထိုမဟာသိမ်၌။ဇာတရုက္ခာဒီနိဝါ၊ ပေါက်သော သစ်ပင်စသည်တို့ကိုရင်း။အာ ဟစ္စ၊ ထိ၍၊ဝါ၊ထောက်၍။ တိဋ္ဌတိ၊တည်အံ့။ဧဝံသတိ၊ ဤသို့တည်သည်ရှိသော်။ မဟာသီမံ၊ မဟာသိမ်ကို။ သောဓေတွာဝါ၊ သုတ်သင်၍မှုလည်း။ဝါ၊ ထိုမဟာ သိမ်၌တည်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ဆောင်ခြင်း၊ ထိုရဟန်းတို့၏ဆန္ဒကို ဆောင်ခြင်းဖြင့် သုတ်သင်၍မှုလည်း။ ကမ္မံ၊ ကံကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တေသာ ခါပါရောဟာ၊ ထိုပညောင်ပင်၏ အကိုင်း အခက် မြစ်ပျဉ်းတို့ကို။ ဆိန္ဒိတွာဝါ၊ ဖြတ်၍မှုလည်း။ဗဟိဋ္ဌကာ၊ ခဏ္ဍသိမ်၏အပ၌တည်သည်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ် ကုန်၏။ ။(ဤကား အနက်)

ဤအဋ္ဌကထာ၌ ခဏ္ဍသိမ်၌ ကံပြုအံ့၊ မဟာသိမ်အပြင်၌ တည်သောရဟန်း တို့ကို၊ ဟတ္ထပါသ်သို့ ဆောင်ခြင်းဖြင့် သုတ်သင်အပ်၏ ဟူ၍ ဆိုခြင်းသည် ဂရုက၌ တည်၍ ဆိုခြင်းသာဖြစ်သည်။ စင်စစ်သော်ကား၊ သစ်ပင် သစ်ကိုင်း တို့၌ ကိုင်သော ရဟန်းတို့ကိုသာ ဆောင်အပ်၏။ မကိုင်ဘဲ သိမ်အပြင်၌ တည် သော ရဟန်းတို့ကို ဆောင်ဘွယ် မရှိဟု၊ ကေ်စိ ဆရာတို့ ဆိုကုန်၏။ ။ထို ကြောင့် ဝိမတိ ဝိနော ဒနီ ဋီကာ၌။ ။ကေစိပန မဟာသီမံ သောဓေတွာ တိတ္ထေ မဟာသီမဂတာ ဘိက္ခူ ယထာ တံသာခံဝါ ပါရောဟံဝါ ကာယ ကာယပဋိဗဒ္ဓေဟိ နဖုသန္တိ၊ ဧဝံ သောဓနမေဝ ဣဓာဓိပ္ပေတံ၊ နသကလ သီမာ သောဓနန္တိ ဝဒန္တိ။ ။ဟုမိန့်အပ်၏။ ။ပန၊ကေစိဝါဒကိုဆိုဦးအံ့။ကေစိ၊အချို့ သော ဆရာတို့သည်။မဟာသီမံ သောဓေတွာတိ တွေ၊ မဟာသီမံ သောဓေတွာ ဟူသော ပါဌ်၌။ မဟာသီမဂတာ၊ မဟာသိမ်၌ တည်သော။ ဘိက္ခူ၊ ရဟန်း တို့သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ကာယ ကာယ ပဋိဗဒ္ဓေဟိ၊ ကိုယ်-ကိုယ်နှင့် စပ်သော ဝတ္ထု တို့ဖြင့်။ တံသာခံ၀ါ၊ ထိုပညောင်ပင်၏ အကိုင်း အခက်ကိုရင်း။ တံပါရောဟံဝါ၊ ထိုပညောင်ပင်၏ မြစ်ပျဉ်းတို့ကိုရင်း။ နဖုသန္တိ၊ မထိကုန်။ ဧဝံတထာ၊ ထိုအခြင်းဖြင့်။ သောဓနမေဝ၊ သုတ်သင်ခြင်းကိုသာလျှင်။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ သကလသီမာသောဓနံ၊ အလုံးစုံ သော မဟာသိမ်ကို သုတ်သင် ခြင်းကို။ နအဓိပ္ပေတံ၊ အလို မရှိအပ်။ ။ (ဤကားအနက်)

တေရသကဏ် ဋီကာ၌လည်း။ ။ဂဏ္ဌိပဒ္ဒေသုပန မဟာသီမ ဂတေဟိ ဘိက္ခူဟိ တံသာခံဝါ ပါရောဟံဝါ အနာမသိတွာ ဌာတဗ္ဗန္တိ အဓိပ္ပါယောတိ

ဝုတ္တံ။ ။ဟု မိန့်အပ်၏၊ ။ဂဏ္ဌိပဒေသု ပန၊ ဂဏ္ဌိ ပုဒ်တို့၌ကား။ မဟာသီမ ဂတေဟိ၊ မဟာသိမ်၌တည်ကုန်သော။ တေဟိဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ တံသာခံဝါ၊ ထိုပညောင်ပင်၏အကိုင်းအခက်ကိုရင်း။ တံပါရောဟံဝါ၊ ထို ပညောင်ပင်၏ မြစ်ပျဉ်းကိုရင်း။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဌာတဗ္ဗံ၊ တည် ရာ၏။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ မဟာသိမံ သောဓေတွာ ဟူ သောပါဌ်၏အဓိပ္ပါယ်တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ။(ဤကား အနက်)

ထိုကေစိဆရာတို့၏ အလိုကို ဤသို့သိရာ၏။ ။ခဏ္ဍသိမ်သည် သစ်ပင်သို့ လျှောက်၍၊ မဟာသိမ်သို့သက်သည်မဟုတ်၊ မဟာသိမ်သည်လည်း၊ သစ်ကိုင်းသို့ လျှောက်၍၊ ခဏ္ဍသိမ်သို့သက်သည်လည်းမဟုတ်၊ သို့ဖြစ်၍ သိမ်ချင်း အလျဉ်း မစပ်။ စင်စစ်သော်ကား၊ သစ်ပင် သစ်ကိုင်းတို့၌ ကိုင်သောရဟန်းတို့သည်သာ သိမင္ဃဖြစ်၍၊ မဟာသိမ်၌ရင်း၊ ခဏ္ဍသိမ်၌ရင်း တည်သည်မည်၏။ သိမ်အပြင်၌ တည်သောရဟန်းတို့သည်ကား၊ သစ်ပင် သစ်ကိုင်းတို့၌ တည်သည်မမည်ကုန်။ ထိုသို့မမည်သောကြောင့်၊ တပါးသောသိမ်အပြင်၌လည်း တည်သည်မမည်။ သို့ဖြစ်၍ သိမ်အပြင်၌တည်သောရဟန်းတို့ကို ပင့်ဆောင်ဘွယ်မရှိဟု ဆိုလိုသည်။ ထိုကေစိဆရာတို့၏ စကားသည်။ ။ဗဇ္ဈမာနာ ဧဝ ဟိ သီမာ ပမာဏရဟိတံ ပဒေသံ နုဿရတိ။ ဗဒ္ဓသီမာယ ဇာတံ ယံကိဉ္စိ ယတ္တကတ္တစိ ကေသမ္ဗန္ဓေန ဂတံ သီမာ သင်္ချမေဝ ဂစ္ဆတီတိ။ ။ဟူသော အဋ္ဌကထာနှင့်ညီ၏။ ။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဗဇ္ဈမာနာဝေ၊ ဘွဲ့အပ်ဆဲ သာလျှင်ဖြစ်သော။ သီမာ၊ သိမ်သည်။ ပမာဏရဟိတံ၊ သိမ်ပမာဏမှကင်းသော။ ပဒေသံ၊ အရပ်သို့။ နုဿရတိ၊ မသက်။ ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်၌။ ဇာတံ၊ ပေါက်သော။ ဝါ၊ ဖြစ် သော။ ယံကိဉ္စိ၊ အမှတ်မရှိသော သစ်ပင် သစ်ကိုင်းစသော ဝတ္ထုသည်။ ယတ္တ ကတ္တစိ၊ အမှတ်မရှိတစုံဘခုသော အရပ်သို့။ ကေသမ္ဗန္ဓေန၊ တကွနက်စပ်သဖြင့်။ ဂတံ၊ သွားအံ့။ ဝါ၊ သွားသည်ရှိသော်။ တံသဗ္ဗံ၊ ထိုသစ်ပင် သစ်ကိုင်းစသော အလုံးစုံသောဝတ္ထုသည်။ သီမာသင်္ချမေဝ၊ ဗဒ္ဓသိမ်ဟူသော အရေအတွက်သို့သာ လျှင်။ ဝါ၊ ဗဒ္ဓသိမဋ္ဌဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ပကတိသီမာသင်္ချံ၊ ပကတိသက်သက်သိမ် ဟူသော အရေအတွက်သို့။ နဂစ္ဆတိ၊ မရောက်။ (ထည့်) ဣတိ၊ ဤသို့။ ဒဠှမ္ဗောမှတ်အပ်၏။ ။(ဤကား အနက်)

ထိုစကားသင့်စွ၊ သစ်ပင် သစ်ကိုင်းတို့သို့ လျှောက်၍ သက်သော်သာ၊ သိမ် ချင်းစပ်သည်ဖြစ်၍ တသိမ်ထည်းဖြစ်ရကား၊သိမ်အပြင်၌တည်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ဘွယ်ရှိ၏။ မစပ်သော် ဆောင်ဘွယ်မရှိ။ သီမဋ္ဌဖြစ်သော

သစ်ပင် သစ်ကိုင်းတို့၌ ကိုင်သော ရဟန်းတို့ကိုသာ၊ တပါးသော သိမ်၌တည်သည်မည်သောကြောင့်၊ ဟတ္ထပါသ်သို့ဆောင်အပ်ကုန်၏ဟု မှတ်ယူသင့်သည်။ ဝိမတိဋီကာ၌ကား၊ ၎င်းကေစိဝါဒကို-ယခင်ပြဆိုအပ်ခဲ့သည့်အတိုင်း မယူမူ၍ ပယ်၏၊ ရှေ့နောက် အဋ္ဌကထာစကားချင်း ဆန့်ကျင်ဘွယ်ရှိရကား၊ ၎င်းဝိမတိစကားကို ဆင်ခြင်၍ယူအပ်၏။ ဂါမသိမ်၌ ပေါက်သော သစ်ပင်သည်၊ ဗဒ္ဓသိမ်၌ ထောက်၍တည်အံ့။ ၎င်းသစ်ပင်သည်၊ ထောက်၍ မတည်မီ၊ ဂါမသီမဋ္ဌဖြစ်၍ ဂါမသိမ်မည်၏။ ထောက်၍တည်သောအခါ ဗဒ္ဓသီမဋ္ဌဖြစ်၍၊ သစ်ကိုင်းသို့လျှောက်၍၊ သစ်ပင်ရင်းတိုင်အောင် ဗဒ္ဓသိမ်ဖြစ်၏။ ဂါမသိမ် ဆုတ်နစ်၍ပျောက်၏။ ဗဒ္ဓသိမ်နှစ်ခုတို့၏ အကြား၌တည်သော သစ်ပင်၏သစ်ကိုင်းတို့သည်၊ ဗဒ္ဓသိမ်နှစ်ခုတို့၌ထောက်၍တည်အံ့။ ၎င်းသစ်ပင်သည် ထောက်၍မတည်မီ၊ ဂါမသီမဋ္ဌဖြစ်၍ဂါမသိမ်မည်၏။ ထောက်၍တည်သောအခါဗဒ္ဓသီမဋ္ဌဖြစ်၍ သစ်ပင်ရင်းမြေသို့ထိသည်တိုင်အောင် ဗဒ္ဓသိမ်ဖြစ်၏။ ဂါမသိမ်ဆုတ်နစ်၍ ပျောက်၏။ ဗဒ္ဓသိမ်၌ ပေါက်သောသစ်ပင်၊ဂါမသိမ်၌ ထောက်၍ တည်သောအရာ၊ ဗဒ္ဓသိမ်, ဂါမသိမ်တို့၌ သစ်တုံးစသည် ဘီလာဖြတ်၍တည်သောအရာတို့၌ ဆိုဘွယ်မရှိ၊ ဗဒ္ဓသိမ်ဖြစ်သည်သာဟုမှတ်ရာ၏။ အထောက်ကား၊ ဂါမသိမ်၌ ဗဒ္ဓသိမ်ဘွဲ့သမုတ်သည်ကိုပြတတ်သော။ ။အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ။ ဟူသောပါဠိ။ ။ကမ္မဝါစာ၏ အဆုံး၌၊ ဗဒ္ဓသိမ်ဖြစ်၍၊ ဂါမသိမ် ဆုတ်နစ်သည်ကိုပြတတ်သော။ ။သုဏာတု မေ ဘန္တေ သံဃော ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ ။စသောပါဠိ။ ။ဗဒ္ဓသိမ်မရှိသော်သာ ဂါမသိမ်ဖြစ်ကြောင်းကိုပြတတ်သော။ ။အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံဂါမံဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ။ ယာ တဿဝါ ဂါမဿ ဂါမသီမာ နိဂမဿဝါ နိဂမသီမာ။ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။ ။ဟူသော ပါဠိတို့ပင်တည်း။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သီမာယ၊ ဗဒ္ဓသိမ်ကို။ အသမ္မတာယ၊ မသမုတ်အပ်သေးသည်ရှိသော်။ အဋ္ဌပိတာယ၊ ပိုင်းခြား၍ မထားအပ်သေးသည်ရှိသော်။(ဤသို့အနက်သမ္ဗန်။ ဗဒ္ဓသီမာ အဘာဝကိုယူ၍ သမာနသံဝါသာ ဧကူပေါသထာတို့၌စပ်လေ)။ ။(တနည်းကား)အသမ္မတာယ သီမာယ၊သမုတ်အပ်သော ဗဒ္ဓသိမ်မရှိသော။ အဋ္ဌပိတာယ သီမာယ၊ ပိုင်းခြား၍ထားအပ်သော ဗဒ္ဓသိမ်မရှိသော များစွာသောဂါမစသည်နှင့် ဆက်ဆံသောအရပ်သာမည၌။ ။(ဤသို့သမ္ဗန်။ ဗဒ္ဓသီမာအဘာဝဖြင့် မှတ်အပ်သော-အဘာဝ ဝန္တဖြစ်သော အရပ်သာမညကိုယူ။ ဝိဟရတိ၌စပ်လေ)။ ။ဘိက္ခု၊ ရဟန်းသည်။ ယံဂါမံဝါ၊ အကြင်ရွာကိုရင်း။ ယံနိဂမံဝါ၊အကြင်နိဂုံးကိုရင်း။ ဥပနိဿာယ၊ မှီ၍။ ဝိဟရတိ၊ နေ၏၊ တဿဂါမဿ၊ ထိုမှီ၍နေရာဖြစ်သောရွာ၏။ ယာဂါမသီမာဝါ၊ အကြင်

ဂါမခေတ်အပိုင်းအခြားသည်ရင်း။တဿနိဂမဿ၊ထိုနိဂုံး၏။ယာနိဂမသီမာဝါ၊ အကြင်နိဂုံးခေတ်အပိုင်းအခြားသည်ရင်း။အတ္ထိ၊ ရှိ၏။တတ္ထ၊ ထိုဗဒ္ဓသိမ်မရှိသော များစွာသော ဂါမစသည်တို့နှင့် ဆက်ဆံသော အရပ်သာမည၌။ ။(အယံ၌ သမ္ဗန္ဓပုဒ်)။ ။အယံသီမာ၊ ဤဂါမခေတ် အပိုင်းအခြား၊ နိဂုံးခေတ် အပိုင်းအခြား သည်။သမာနသံဝါသာ၊ အတူအမျှ ကံကြီး,ကံငယ်ကို ဆောင် ရွက်ရာဖြစ်သော။ ဧကူပေါသထာ၊ အတူတကွ ဥပုသ် ပဝါရဏာကို ပြုရာ ဖြစ်သော။ သီမာ၊ သိမ်မည်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်) [သမာနသံဝါသာ၌ ကံကြီး, ကံငယ် ဟူသည်ကို၊ ဥပုသ် ပဝါရဏာ ကံကို ချန်၍ယူ]။

ထိုစကားသင့်စွ၊ ဗဒ္ဓသိမ်ဖြစ်လျှင် ဆုတ်နစ်၍ ဂါမသိမ် ပျောက်ကြောင်း၊ ရင်းပါဠိတို့ဖြင့် ပြတော်မူ၏။ ထို့ကြောင့် ဗဒ္ဓသိမ်၌ ဘီလာဖြတ်၍ သွားသော ကြေးကြိုးတို့သည် ဗဒ္ဓသိမ၌ဖြစ်၍၊ မြေသို့ထိအောင် ဗဒ္ဓသိမ်ချည်းပင် ဖြစ်၏။ ဗဒ္ဓသိမ်၌ဖြတ်၍မသွားအံ့၊ ဂါမသိမ်ချင်း သမ္ဗန္ဓ မရှိသည်ဖြစ်၍၊ ၎င်း ကြေး ကြိုးသည်၊မိမိတို့ဘက်၌သာ မိမိတို့ပိုင်းခြားရင်းအတိုင်း ဂါမသိမ်ဖြစ်၏။သမ္ဗန္ဓ မရှိ၊ သို့ဖြစ်၍ ကြေးကြိုးဖြတ်၍ သွားရာဂါမသိမ်၌၊ သိမ်သမုတ်လိုသော်၊ အသီး ဝိသုံဂါမခံဘွယ်မရှိ၊ တိုက်နယ်ကိုစောင့်ရှောက်မြဲ စောင့်ရှောက်၍သာ ဘွဲ့သမုတ် အပ်၏။ ။ဝိမတိ ဋီကာ၌ကား။ ။ဂါမ၌ပေါက်သော သစ်ပင်တို့သည်၊ ဗဒ္ဓ၌ ထောက်၍ တည်သော်လည်း၊ ဂါမလျှင် အရင်းရှိရကား ဂါမပင် မည်၏။ ဗဒ္ဓ- ဂါမတို့၌ဖြတ်၍တည်သောသစ်တုံးစသည်သည်၊မိမိတို့ဘက်၌ မိမိတို့သိမ်မည်၏ဟု ဆို၏။ ယုတ္တိသာကေနစ်ဝပင် မထင်ရကား၊ ဆင်ခြင်အပ်၏။ ။မဟာသိမ်သည် ကမ္မဝါစာဖြင့် ဘွဲ့သမုတ်အပ်သော ကပ္ပိယခေတ် ဖြစ်သည်အတွက်၊ ဝဂ်အဖြစ်ကို မပြုနိုင်သော်လည်း၊ သူကြီး၏ ဂါမပင်ဖြစ်၍ ရွာတပါးမဟုတ်ရကား၊ ပိုင်းခြား ခြင်းကိုမပြုနိုင်။ ထိုကြောင့် သီမန္တရစ်၌ နေသော ရဟန်းသည်၊ ဘွဲ့ သမုတ် အပ်သော အရပ်မှ လွတ်ရာအကွက်၊ သက်သက်သော ဂါမခေတ်၌ ကံပြုသော ရဟန်းတို့၏ ကံကိုဖျက်နိုင်၏။ ။ထိုကြောင့်အဋ္ဌကထာ၌။ ။ဂါမခေတ္တေ ဌတွာ ကမ္မံ ကရောန္တာနံပန သီမန္တရိကာယ ဌိတာ ကောပေန္တိ၊ သီမန္တရိကာပိ ဂါမ ခေတ္တံ ဘဇတိ။ ။ဟု မိန့်အပ်၏။ ။သီမန္တရိကာယ၊ ခဏ္ဍသိမ်, မဟာသိမ် နှစ်ခုတို့၏အကြားဖြစ်သောသီမန္တရစ်၌။ ဌိတာ၊ တည်ကုန်သော ရဟန်းတို့သည်။ ဂါမခေတ္တေ၊ ဂါမခေတ်၌။ ဌတွာ၊ တည်ကုန်၍။ ကရောန္တာနံ၊ ကံကိုပြုကုန်သော ရဟန်းတို့၏။ ကမ္မံပန၊ ကံကိုမူကား။ ကောပေန္တိ၊ ပျက်စေနိုင်ကုန်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သီမန္တရိကာ၊ သီမန္တရစ်သည်။ ဂါမခေတ္တံ၊ ဂါမခေတ်သို့။ ဘဇတိ၊ သက်ဝင်၏။ ။(ဤကား အနက်)

သို့ဖြစ်၍ မင်း,ခိုးသူ စသည်တို့သည် နှိပ်စက် အပ်သောကြောင့်၊ သူကြီးနှင့် တကွ၊ လူတို့ကစွန့်ပစ်အပ်ကုန်သည်ဖြစ်၍၊ လူနှင့်ကင်းကွာ ကြာမြင့်စွာတည်သော ရွာတို့သည်၊ အကြားအကြား၌ တပါးသော လူရှိရာရွာတို့သည် ခြားအပ်ကုန် သည်ဖြစ်အံ့၊ မင်း၏ အသီးအသီးသော ဂါမသိမ်မည်ကုန်၏။ တပါးသော လူရှိ ရွာတို့သည် မခြားအင်ကုန်သည်ဖြစ်အံ့၊ မင်း၏ တခုတည်းသော ဂါမာသိမ် မည် ၏။ ။ထိုကြောင့် ဝိမတိဋီကာ၌။ ။ယေပနဂါမာ ရာဇစောရာဒိ ဘယပီဠိတေဟိ မနုဿေဟိ ဆဍ္ဍိတာ စိရမ္ပိ နမနုဿာ တိဋ္ဌန္တိ။ သမန္တာပန ဂါမာသန္တိ၊ တေပိ ပါဋေက္ကံ ဂါမသီမာဝ။ တေသုပိ ရာဇာနော သာမန္တဂါမဝါသီဟိ ကဿာ ပေတွာဝါ ယေဟိကေဟိစိ ကသိတဋ္ဌာနံ လိခိတွာဝါ ဗလိံ ဂဏှန္တိ။ ။ဟု မိန့်အပ်၏။ ။ယေပနဂါမာ၊ အကြင်ရွာတို့သည်ကား။ ရာဇစောရာဒိ ဘယ ပီဠိတေဟိ၊ မင်းဘေး-ခိုးသူဘေး စသော ဘေးတို့သည် နှိပ်စက် အပ်ကုန်သော ကြောင့်။ မနုဿေဟိ၊ လူတို့သည်။ ဆဍ္ဍိတာ၊ စွန့်ပစ်အပ်ကုန်သည်ဖြစ်၍။ စိရမ္ပိ၊ ကြာမြင့်စွာသော ကာလ ပတ်လုံးလည်း။ နမနုဿာ၊ လူမရှိကုန်ဘဲ။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ပန၊ ယင်းသို့ ဖြစ်ကုန်သော်လည်း။ သမန္တာ၊ ထက်ဝန်းကျင်၌။ ဂါမာ၊ ရွာတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိဂါမာ၊ ထိုလူမရှိသော ရွာတို့သည် လည်း။ ပါဋေက္ကံ၊ အသီးအခြားတပါးသော။ ဂါမသီမာဝ၊ ဂါမသိမ်တို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တေသု၊ ထိုလူမရှိ သော ရွာတို့၌။ရာဇာနော၊ မင်းတို့သည်။ သာမန္တဂါမဝါသီဟိ၊ အနီးဖြစ်သော ရွာ၌နေသောလူတို့ကို။ကဿာပေတွာဝါ၊ ထွန်စေ၍ငင်း။ယေဟိကေဟိစိ၊အမှတ် မရှိသောလူတို့သည်။ကသိတဋ္ဌာနံ၊ ထွန်ရာအရပ်ကို။လိခိတွာဝါ၊စာရင်းကောက် ၍ငင်း။ ဗလိံ၊ အခွန်ကို။ ဂဏှန္တိ၊ ယူကြကုန်၏။ ။(ဤကားအနက်)။ ။ရာဇာ နောပန ကေသွိံအရညာဒိပ္ပဒေသေ မဟန္တံ ဂါမံ ကတွာ အနေက သဟဿာနိ ကုလာနိ ဝါသာပေတွာ တတ္ထ ဝါသိနံ ဘောဂဂါမာတိ သမန္တာ ဘူတဂါမေ ပရိစ္ဆိန္ဒိတွာ ဒေန္တိ။ ပုရာဏာနာမံပန ပရိစ္ဆေဒဥ္စ နဝိနာသေန္တိ။ တေပိ ပစ္စေကံ ဂါမသီမာဝေ။ တ္တောဝတာ ပုရိမဂါမသီမတ္တံ နဝိဇဟန္တိ။ ။(ငင်းဋီကာ)။ ။ ပန၊ အဘိုတပါးကိုဆိုဦးအံ့။ ရာဇာနော၊ မင်းတို့သည်။ ကေသွိံ၊ တကွက်တရပ် သော။ အရညာ ဒိပ္ပဒေသေ၊ တောအစရှိသောအရပ်၌။ မဟန္တံ၊ ကြီးစွာသော။ ဂါမံ၊ရွာကို။ ကတွာ၊ပြု၍။ •အနေကသဟဿာနိ၊ အထောင်မက များစွာကုန် သော်။ ကုလာနိ၊ အမျိုးသားတို့ကို။ဝါသာပေတွာ၊ နေစေပြီး၍။ တတ္ထ၊ထိုရွာ သစ်၌။ ဝါသိနံ၊ နေကုန်သောရွာစားတို့၏။ ဘောဂ ဂါမာတိ၊ စားရာရွာတို့ တည်းဟူ၍။ သမန္တာ၊ ထက်ဝန်းကျင်၌။ ဘူတဂါမေ၊ ဖြစ်ပွါးသော ရွာဟောင်း တို့ကို။ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ဒေန္တိ၊ပေးကုန်၏။ ပန၊ ယင်းသို့ပင်ပေးကုန်သော် လည်း။ တေသံ၊ (ထည့်) ထိုရွာဟောင်းတို့၏။ ပုရာဏနာမဥ္စ၊ရှေးအမည်ကိုငင်း။

ပုရာဏ ပရိစ္ဆေဒဥ္စ၊ ရှေးဖြစ်သော ရွာအပိုင်းအခြားကိုငှင်း။ နဝိနာသေန္တိ၊ မဖျက်ဆီးကုန်။ တေပိ၊ ထိုရွာဟောင်းတို့သည်လည်း။ ပစ္စေကံ၊ အသီးအသီး သော။ ဂါမသီမာဝေ၊ ဂါမ သိမ်တို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ တွေ့ဝတာ၊ ဤမျှ လောက်သော အဟောင်းဖြစ်သောအမည်၊ အဟောင်းဖြစ်သော အပိုင်းအခြားကိုလည်း မဖျက်ဆီး၊ အဟောင်းဖြစ်သော ရွာစားကိုလည်း မနုတ်သိမ်းဘဲ၊ နောက်ရွာစားသစ် တယောက်အား ရွာစားပေးရုံမျှဖြင့်။ တေ၊ (ထည့်) ထိုရွာဟောင်းတို့သည်။ ပုရိမဂါမသီမတ္တံ၊ ရှေးဂါမသိမ်၏ အဖြစ်ကို။ နဝိဇဟန္တိ၊ မစွန့်ကုန်။ ။(ဤကားအနက်)

ဤဋီကာ၌။ ။ပုရာဏနာမံ ပန ပရိစ္ဆေဒဥ္စ နဝိနာသေန္တိ။ ။ဟူသောပါဌ်၏ ရှေးရှာမည် အပိုင်းအခြားနှင့်တကွ၊ ရှေးကခန့်ထားရင်း သူကြီးကို မဖျက်မဆီး၊ သူကြီးတို့ ကောက်ခံ၍ ပေးအပ်သော အခွန်ကို စားရန်သာ၊ ယခုအခါ မြို့စားတို့အား ပေးအပ်သကဲ့သို့၊ ရွာစား တယောက်အား ရွာကိုပေး၏ ဟူသော အဓိပ္ပါယ်ကို မှတ်အပ်ကုန်၏။ ရွာသီး ဖြစ်စေရန် ရှေးအမည် အပိုင်းအခြားကိုမျှ ချန်၍၊ ကောက်ခံရင်း သူကြီးတို့ကို အရာမှ ချထား၍၊ ရွာစား တယောက်အား ပေး၏ ဟူသော အဓိပ္ပါယ်ကိုမမှတ်အပ်။ ထိုစကားသင့်စွ၊ ရွာသီးဖြစ်စေဟူ၊ ရှေးအမည်အပိုင်းအခြားကို ထား၍သော်လည်း၊ ရွာစား နယ်ပိုင် အခွန်ကောက် တယောက်ထည်း ဖြစ်သောကြောင့်ငှင်း၊ လူရှိရွာ အပါး အခြားမရှိသောကြောင့်ငှင်း၊ ရှေးအမည်အပိုင်းအခြားမျှကိုသာထား၍၊ ရွာစား အခွန်ကောက် တယောက်အား ပေးအပ်သော ရွာတို့သည် တခုတည်းသော ဂါမသိမ်သာ ဖြစ်၏။ အသီးအသီးသော ဂါမသိမ် မဖြစ်ကုန်။ ထိုကြောင့် ဋီကာ၏ လိုရင်း အဓိပ္ပါယ်ကား၊ ယခုအခါ မည်သည့် မြို့စားဆိုရာ၌၊ မြို့စားကား တယောက်သာ၊ အခွန်ကောက်ခံလူ သူကြီးကား အများရှိ၏။ ထိုတွင် မြို့စား တယောက်ကိုစွဲ၍၊ တခုသော ဂါမသိမ်မဖြစ်၊ ကောက်ခံသူများကို စွဲ၍၊ အသီးအသီးသော ဂါမသိမ်ဖြစ်သကဲ့သို့၊ ထိုအတူ မင်းတို့သည်၊ ရွာကြီးတခုကိုတည်၍ ထိုရွာ၌နေသော ရွာစား တယောက်အား၊ ပတ်လည်ဝန်းရံ၍ တည်သောစားရာ ရွာအများကို ပေးကုန်၏။ ထိုရွာတို့၏ ရှေးအမည် အပိုင်းအခြား–ခန့်ထားရင်း သူကြီးတို့ကိုကား မဖျက်ဆီးကုန်။ ထိုသို့ပေးရာ၌၊ ရွာစား တယောက်ကိုစွဲ၍၊ တခုသောဂါမသိမ် မဖြစ်ဟူလိုသည်။

ဥဒကုက္ခေပသိမ်၌၊ တဘက်မှ တဘက်တွင် သစ်ပင် ထောက်ရာ၌၊ ဗဒ္ဓသိမ်တို့၌ကဲ့သို့ အဆုံးအဖြတ်ကို သိရာ၏။ ဥဒကုက္ခေပ သိမ်ချင်းချင်း စပ်ရာ၌ကား။ ။ပရိစ္ဆေဒဗ္ဘန္တရေ ဟတ္ထပါသံ ဝိဇဟိတွာ ဌိတောပိ ပရိစ္ဆေဒတော ဗဟိ

အညံ့ တတ္တကံယေဝ ပရိစ္ဆေဒံ အနတိက္ကမိတွာ ဌိတောပိ ကမ္မံ ကောပေတိ။ ဣဒံ သဗ္ဗအဋ္ဌကထာသု သန္နိဋ္ဌာနံ။ ။ဟူသော ကခ်ါအဋ္ဌကထာကိုထောက်၍ သိရာ၏။ ။ပရိစ္ဆေဒဗ္ဘန္တရေ၊ ဥဒကုက္ခေပ သိမ်အပိုင်း အခြား၏ အတွင်း၌။ ဟတ္ထပါသံ၊ ဟတ္ထပါသ်ကို။ ဝိဇဟိတွာ၊ စွန့်၍။ ဌိတောပိ၊ တည်သော ရဟန်း သည်ရင်း။ ပရိစ္ဆေဒတော၊ ဥဒကုက္ခေပသိမ် အပိုင်းအခြားမှ။ ဗဟိ၊ အပ၌။ အညံ့၊ တပါးသော။ တတ္တကံယေဝ၊ ဥဒကုက္ခေပသိမ်မျှလောက် ကျယ်သော အတိုင်းအရှည်ရှိသော။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ အတိက္ကမိတွာ၊ မလွန်မူ၍။ ဌိတောပိ၊ တည်သော ရဟန်းသည်ရင်း။ ကမ္မံ၊ ကံကို။ ကောပေတိ၊ ပျက်စေ၏။ဣဒံ၊ ဤအဆုံး အဖြတ်သည်။ သဗ္ဗအဋ္ဌကထာသု၊ အလုံးစုံသော အဋ္ဌကထာတို့၌။ သန္နိဋ္ဌာနံ၊ လာသော အဆုံးအဖြတ်တည်း။ ။(ဤကားအနက်)။ ။ အဓိပ္ပါယ်ကား၊ ဥဒကုက္ခေပ သိမ်တွင်း၌၊ ဟတ္ထပါသ်ကို စွန့်၍ တည်သော ဟန်းသည်ရင်း၊ ဥဒကုက္ခေပ သိမ်ပမှ တပါးသော၊ ထိုဥဒကုက္ခေပ သိမ်မျှ ရလောက် အတိုင်းအရှည်ရှိသော အရပ်ကို မလွန်မူ၍၊ ဥပုသ်စသော ကံကို ပြုဆဲ ဖြစ်၍၊ သိမသမ္မေဒကိုပြုလျက် တည်သော ရဟန်းသည်ရင်း၊ ဝဂ်ဖြစ်သည်ကို ပြု၍ ကံကို ပျက်စေ၏ ဟူလိုသည်။

ထိုစကားသင့်စွ၊ ဥပုသ်စသော ကံကို ပြုလျက် တည်ရာ ဖြစ်သော သိမ် သည်သာ ဝဂ္ဂအဖြစ်-သမဂ္ဂအဖြစ်ကို ပြုနိုင်၏။ တပါးသော အခါ၌၊ သိမ်ဖြစ် ငြားသော်လည်း ဝဂ္ဂအဖြစ်ကို မပြုနိုင်။ ။ထို့ကြောင့် တေရသကဏ် ဋီကာ ၌။ ။ယဒိစေတံ ဒွိန္နံ သံဃာနံ ဝိသုံဝိသုံ ဥပေါသထာဒိ ကမ္မကရဏာဓိ ကာ ရေ ဝုတ္တတ္တာ ဥဒကုက္ခေပတော ဗဟိအညံ့ ဥဒကုက္ခေပံ အနတိက္ကမိတွာ ဥပေါ သထာဒိ ကမ္မ ကရဏတ္တံ ဌိတော သံဃော သိမသမ္ဘေဒသမ္ဘဝတော ကမ္မံ ကော ပေတီတိ ဣမိနာ အဓိပ္ပါယေန ဝုတ္တံ သိယာ။ ဝေံသတိ ယုဇ္ဇေယျ။ ။ဟု မိန့်အပ်၏။ ။စ၊ ဆက်၍ဆိုဦးအံ့။ တတ္ထ၊ ထိုမာတိကာ အဋ္ဌကထာ၌။(ထည့်) ဇတံ ဝစနံ၊ အညံ့ တတ္တကံယေဝ ပရိစ္ဆေဒံ အန တိက္ကမိတွာ ဌိတောပိ ကမ္မံ ကောပေတိ၊ဟူသော ထိုဝကားသည်။ ဒွိန္နံ၊ နှစ်ဦးကုန်သော။ သံဃာနံ၊ သံဃာ တို့၏။ ဝိသုံဝိသုံ၊အသီးအသီး။ဥပေါသထာဒိကမ္မကရဏာဓိကာရေ၊ ဥပုသ်စသော ကံကိုပြုသောအရာ၌။ ဝုတ္တတ္တာ၊ဆိုအပ်သည်၏ အဖြစ်ကြောင့်။ဥဒကုက္ခေပတော၊ ဥဒကုက္ခေပသိမ်မှ။ ဗဟိ၊ အပ၌။ အညံ့၊ တပါးသော။ ဥဒကုက္ခေပံ၊ ဥဒကုက္ခေပ သိမ်ကို။ အနတိက္ကမိတွာ၊ မလွန်မူ၍။ ဥပေါသထာဒိကမ္မကရဏတ္တံ၊ ဥပုသ် စသောကံကို ပြုခြင်းငှါ။ ဌိတော၊ တည်သော။ သံဃော၊ သံဃာသည်။ သိမ သမ္ဘေဒသမ္ဘဝတော၊ သိမသမ္ဘေဒ၏ ဖြစ်သင့်သောကြောင့်။ ကမ္မံ၊ ကံကို။ ကော ပေတိ၊ပျက်စေ၏။ ဣတိဣမိနာအဓိပ္ပါယေန၊ ဤသို့သော အလိုအားဖြင့်။ ဝုတ္တံ၊

ဆိုအပ်သည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝေံသတိ၊ ဤသို့ ဖြစ်သည် ရှိသော်။ ယုဇ္ဇေယျ၊ သင့်နိုင်ပေရာ၏။ ။(ဤကား အနက်)

ဤဋီကာ၌၊ ရတနတ္တယ ပဏာမံ ဒသောဘုံ အာဟ ၌၊ ဆိုခြင်းကြိယာကို အကြောင်းဖြစ်၍ ရှေး၌သာ ဖြစ်သကဲ့သို့- ပြုခြင်းကြိယာကို အကျိုးဖြစ်၍၊ နောက်၌သာဖြစ်သကဲ့သို့ ပြငြားသော်လည်း၊ ဆိုဆဲခဏ၌လည်း၊ ပဏာမကိုပြုခြင်း ကြိယာကိုဆိုသကဲ့သို့၊ ထို့အတူ တည်ခြင်းကြိယာကို အကြောင်းဖြစ်၍ ရှေး၌ ဖြစ်သကဲ့သို့၊ ဥပုသ်စသောကံကိုပြုခြင်းကို အကျိုးဖြစ်၍ နောက်၌ဖြစ်သကဲ့သို့။ ။ ဥပေါသထာဒိ ကမ္မကရဏတ္တံ ဌိတော။ ။ဟု ပြငြားသော်လည်း၊ ဝဂ်ဖြစ် ကြောင်းကို ပြသောစကားဖြစ်၍ရင်း၊ အဋ္ဌကထာ၌လည်း။ ။သစေပနေတ္ထ ဗဟူဘိက္ခူ ဝိသုံဝိသုံ ကမ္မံ ကရောန္တိ၊ သဗ္ဗေဝဟိ အတ္တနော စ အညေသဥ္စ ဥဒ ကုက္ခေပ ပရိစ္ဆေဒသာ အန္တရာ အညော ဥဒကုက္ခေပေါ သီမန္တရိကတ္ထာယ ဌပေ တဗ္ဗော၊ တတော အဓိကံ ဝဋ္ဋတိယေဝ။ ဦနကံပန န ဝဋ္ဋတီတိ ဝုတ္တံ။ ။ဟုကံကို ပြုဆဲခဏ၌သာလျှင်၊ ဝဂ်အဖြစ်ကို ပြတတ်ကြောင်းကို ပြသည်ဖြစ်၍ရင်း၊ တည်ဆဲ ခဏ၌ပင် ဥပုသ်စသောကံကိုပြု၏။ ပြုလျက်ပင်တည်၏ဟု ယူအပ်၏။ ။ပနု၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤမြစ်သမုဒ္ဒရာ-ဇာတဿရ အိုင်တို့၌။ ဗဟူ၊ များစွာကုန် သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိသုံဝိသုံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ သစေ ကရောန္တိ၊ အကယ်ပြုကြကုန်အံ့။ ဧဝံသတိ၊ ဤသို့ပြုကြကုန်သည်ရှိသော်။ သဗ္ဗေဟိ၊ အလုံးစုံသောရဟန်းတို့သည်။ အတ္တနော စ၊ မိမိ၏ရင်း။ အညေသဥ္စ၊ တပါးသော ရဟန်းတို့၏ရင်း။ ဥဒကုက္ခေပ ပရိစ္ဆေဒသာ၊ ဥဒကုက္ခေပအပိုင်းအခြား၏။ အန္တရာ အကြား၌။ အညော၊ တပါးသော။ ဥဒကုက္ခေပေါ၊ ဥဒကုက္ခေပအပိုင်းအခြား ကို။ သီမန္တရိကတ္ထာယ၊ သီမန္တရစ်အကျိုးငှာ။ ဌပေတဗ္ဗော၊ ထားအပ်၏။ တတော၊ ထို ဥဒကုက္ခေပအပိုင်းအခြားထက်။ အဓိကံ၊ အလွန်သည်။ ဝဋ္ဋတိ ယေဝ၊ အပ်သည်သာလျှင်တည်း။ ဦနကံပန၊ အယုတ်သည်ကား။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မဟာအဋ္ဌကထာ၌ဆိုအပ်၏။ ။(ဤကား အနက်)

ထိုစကားသင့်စွ။ ဥဒကုက္ခေပသိမ်သည်၊ ဥပုသ်စသောကံကို ပြုခြင်းငှါတည် သော အခါ၌သာ ဖြစ်၏ဟူ၍ရင်း၊ ဥပုသ်စသောကံကိုမပြုမီ ပြုခြင်းငှါ တည် သောအခါ၌ပင် ဝဂ္ဂအဖြစ်- သမဂ္ဂအဖြစ်ကို ပြု၏ဟူ၍ရင်း မယူအပ်။ စင်စစ် သော်ကား၊ ၎င်းဥဒကုက္ခေပသိမ်သည်၊ တည်ရာမမြဲသော်လည်း၊ မိမိပမာဏ အားဖြင့် ဘုရားခွင့်ပြုတော်မူသည်မှ၍၊ တဦးပြုရန်၊ နှစ်ဦးပြုရန် စသည်ဖြင့် သိမ်ဖြစ်၍တည်၏။ ထိုစကားသင့်စွ၊ တည်ရာနှင့်တကွ အပိုင်းအခြားအားဖြင့် ခွင့်ပြုအပ်သောဗဒ္ဓသိမ်-ဂါမသိမ်တို့မှာ၊ တည်ရာနှင့်တကွ အပိုင်းအခြားအားဖြင့် တည်၏။ တည်ရာအမြဲမထား၍ ပမာဏအားဖြင့် ခွင့်ပြုအပ်သော ဥဒကုက္ခေပသိမ်

မှာ တည်ရာအမြဲမရှိ။ မိမိပမာဏအားဖြင့် တည်၏။ ဝဂ္ဂအဖြစ်၊ သမဂ္ဂအဖြစ်ကို ကား၊ ဥပုသ်စသောကံကိုပြုသော အခါ၌သာ အမြဲတည်၍ပြု၏။ ။ဥပမာကား ဗဒ္ဓသိမ်သည်၊ ကမ္မဝါစာ၏အဆုံး၌၊ဂါမသိမ်သည် ခွင့်ပြုတော်မူသည်၏အဆုံး၌ သိမ်ဖြစ်ငြားသော်လည်း၊ ကံပြုသောအခါ၌သာ ဝဂ္ဂအဖြစ် သမဂ္ဂအဖြစ်ကို ပြုသကဲ့သို့တည်း။ {သတ္တဗ္ဘန္တရသိမ်ကိုလည်း၊ နည်းတူပင်မှတ်ရာ၏။} ဝိမတိဝိနောဒနီ၌ကာ အရှင်ကား၊ သီမာပေက္ခပြုသောအခါ၌သာ သိမ်ဖြစ်၏ဟု ဆိုတော်မူ၏။ အဋ္ဌကထာ၌-သွားသောလှေ၌ဥ တ်တသိမ်-ကမ္မဝါတသိမ်ဖြစ်တတ်သည်ဖြစ်၍ ကံမပြုအပ်ဟု သီမာပေက္ခမရှိသော်လည်း၊ သိမ်ဖြစ်ကြောင်းကိုဆိုသော စကားနှင့် ဆန့်သကဲ့သို့ရှိရကား ဆင်ခြင်အပ်၏။ အပရေဆရာတို့ကား၊ ကံပြုခြင်းငှါလည်း၊ တပါးသောကိစ္စအကျိုးငှါလည်း ရဟန်းဆင်းသွားသောအခါ၌၊ သိမ်ဖြစ်၏ဟု ဆိုကုန်၏။ ရဟန်းကိုမှီ၍ ထက်ဝန်းကျင် ထင်ရှားသကဲ့သို့ဖြစ်သည်ကိုစွဲ၍ ဆိုလို ရိပ်ရှိ၏။ သစ်ပင်စသည်ကိုမှီ၍၊ ထက်ဝန်းကျင် ထင်ရှားသကဲ့သို့ ဖြစ်သော် လည်း သိမ်မဖြစ်သောကြောင့်လည်း၊ ရဟန်း ဆင်းသွားမှသာမဟုတ်၊ ဂါမသိမ် ကဲ့သို့တည်ရာ မမြဲငြားသော်လည်း၊ မိမိပမာဏအားဖြင့် ဘုရားခွင့်ပြုတော်မူ သောအခါကပင် ထင်ရှားသောကြောင့်လည်း ထိုစကားကိုလည်း ဆင်ခြင်အပ် ၏။ ။နဒီနှင့်-ဂါမ၊ဗဒ္ဓတို့စပ်သောအရာ၌ ရေ,ကမ်း-နှစ်ရပ်စပ်၍ တည်သော သစ်ပင်-သစ်တုံး-တန်တား-ကြိုး-နွယ်စသည်တို့၏ရေမှအထက်၌တည်သော အတို သည် ဂါမနှင့်စပ်အံ့၊ ဂါမသိမ်သက်သက်ဖြစ်၏။ ဗဒ္ဓနှင့်စပ်အံ့၊ ဗဒ္ဓသိမ်သက်သက် ဖြစ်၏။ နဒီနှင့်မရောဟူလိုသည်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ဗဟိနဒီတီရေ ဇာတရုက္ခဿ အန္တော နဒိယံ ပဝိဋ္ဌသာခါယဝါ ပါရောဟေဝါ နာဝံ ဗန္ဓိတွာ ကမ္မံကာတုံ နဝဋ္ဋတိ။ ။ဟူ၍လည်း။ ။ပါဠိတော်၌။ ။နဒိယာဝါ ဘိက္ခဝေ သမုဒ္ဒေဝါ ဇာတဿရေဝါ ယံမဇ္ဈိမဿ ပုရိသဿ သာမန္တာ ဥဒကုက္ခေပေါ။အယံ တတ္ထ သမာန သံဝါသာ ဧကူပေါသထာ။ ။ဟူ၍လည်း မိန့်တော်မူအပ်၏။ ။ ဗဟိနဒီတီရေ၊မြစ်ကမ်းပ၌။ဇာတရုက္ခဿ၊ပေါက်ရောက်သောသစ်ပင်၏။အန္တော နဒိယံ၊မြစ်တွင်းသို့။ ပဝိဋ္ဌသာခါယဝါ၊ ဝင်သော သစ်ကိုင်း၌ လည်းကောင်း။ ပါရောဟေဝါ၊ မြစ်ပျဉ်း၌လည်းကောင်း။ နာဝံ၊ လှေကို။ ဗန္ဓိတွာ၊ဖွဲ့၍၊ ကမ္မံ၊ ကံကို။ ကာတုံ၊ပြုခြင်းငှါ။နဝဋ္ဋတိ၊မအပ်။ ။(ဤကားအဋ္ဌကထာ၏အနက်)။ ။ ဘိက္ခဝေ၊ရဟန်းတို့။နဒိယာဝါ၊မြစ်၌ရင်း။ သမုဒ္ဒေဝါ၊သမုဒ္ဒရာ၌ရင်း။ဇာတဿ ရေဝါ၊ ဇာတဿရအိုင်၌ရင်း။ ယံ၊ ဒေသံ၊ အကြင်အရပ်ကို။ သမန္တာ၊ထက်ဝန်း ကျင်မှ။မဇ္ဈိမဿ၊ အားအလတ်ရှိသော။ ပုရိသဿ၊ယောကျ်ား၏။ဥဒကုက္ခေပေါ— ဥဒကုက္ခေပေန၊ ရေ တကျဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်၏။ အယံ၊ ဤမဇ္ဈိမပုရိ သ၏ ရေတကျဖြင့် ပိုင်းခြားအပ်သော အရပ်သည်။ သမာန သံဝါသာ၊ အတူ အမျှ ကံကြီး, ကံငယ်ကိုပြုခြင်းဟု ဆိုအပ်သော တူသော ပေါင်းဘော် ခြင်းရှိ

သော။ကေ့ပေါသထာ၊ တူသော ဥပုသ် ပဝါရဏာရှိသော။ သီမာ၊ သိမ်သည်။ ဟောတိ၊ဖြစ်၏။ ။(ဤကား ပါဠိတော်၏ အနက်)

ထိုစကားသင့်စွ၊ ၎င်းအဋ္ဌကထာ ပါဠိတို့ဖြင့် ရေသည်သာ၊ ရေလွှမ်းရာ အရပ်သည်သာ ကမ်းနှင့် မစပ်၊ ရေအရပ်၌ တည်သော သစ်ပင်· တန်တား စသည် သည်သာ မြစ်-သမုဒ္ဒရာ- ဇာတဿရ ဖြစ်ကြောင်း၊ ကမ်းနှင့် စပ်၍ တည်တတ်သော ဝတ္ထုဟူသမျှသည် ဂါမ ဗဒ္ဓဖြစ်ကြောင်း ပြတော်မူ၏။ ထို့ကြောင့် ရေ၌တည်သော လှေစသည်ကို ကြိုးလွန် စသည်ဖြင့်၊ ကမ်းတွင် တစုံ တခု၌ ဘွဲ့ချည်အံ့၊ ဗဒ္ဓချင်း၊ ဥဒကုက္ခေပချင်း စပ်သောအရာ၌၊ တသိမ်တည်း စပ်၍ဖြစ်၏။ဟု ဆိုအပ်သကဲ့သို့၊ ဤ၌ မဆိုအပ်။ လှေတိုင်အောင်သော အရပ် သည် ဂါမဗဒ္ဓဘွဲ့ချည်အံ့၊ ဂါမသာ၊ ဗဒ္ဓ၌ဘွဲ့ချည်အံ့၊ ဗဒ္ဓသာ၊ သက်သက် ဖြစ်၏ ဟု ဆိုအပ်၏။ ။ဋီကာတို့၌ကား၊ ဗဒ္ဓချင်း ဥဒကုက္ခေပ ချင်းစပ် သကဲ့သို့၊ တသိမ်တည်းစပ်၍ ဖြစ်၏ဟု ဆိုကုန်၏။ ၎င်းစကားအဋ္ဌကထာ ပါဠိတို့နှင့် မညီ၊ ထို့ကြောင့်၊ ရေ·ကမ်း နှစ်ရပ်စပ်၍ တည်သော သစ်ပင်· သစ်တုံး တန်တား တိုင် တို့၏ အနီး၌- ကံပြုအံ့၊ ကမ်း၏ အနီး၌ ကံပြုသော ရဟန်း၏ သိမ်သည်၊ ကမ်း ထက်သို့ တဆံခြည်မျှ မဘက်၊ ရေ၌သာ တည်သကဲ့သို့၊ ထို့အတူ ရေမှပေါ် သော သစ်ပင် သစ်တုံး- တန်တားသို့ တဆံခြည်မျှ မဘက်၊ သက်သက်ရေ၌ သာတည်၏။ ထို့ကြောင့်၊ ရေ-ကမ်း နှစ်ရပ်-စပ်၍ တည်သော သစ်ပင် စသည် တို့၏ အနီးတွင် ကံပြုရာ၌၊ ရေပေါ်သော သစ်ပင်- သစ်တုံး- တန်တားတိုင်ကို မထိမကိုင်အံ့၊ ၎င်းရေပေါ်သော သစ်ပင် စသည်တို့၏ အတွက်၊ သက်သက် သမ္ဘေဒ ဖြစ်လေသလောဟု၊ တွေးတော ယုံမှားဘွယ်မရှိဟု မှတ်ရာ၏။ ။ ထို့ကြောင့် အဋ္ဌကထာ၌။ ။အဝန္တောနဒိယံ ဗဒ္ဓအဋ္ဌကေပိ အန္တောနဒိယံ ဇာတ ရုက္ခေပိ ဋ္ဌိဘေဟိ ကာတုံ ဝဋ္ဋတိ။ သစေပန ရုက္ခဿခါဝါ တတော နိဂ္ဂတ ပါ ရောဟောဝါ၊ ဗဟိနဒီတီရေ ဝိဟာရ သီမာယဝါ ဂါမသီမာယဝါ ပတိဋ္ဌိတော၊ သီမံဝါ သောဓေတွာ သာခံဝါ ဆိန္ဒိတွာ ကမ္မံ ကာတဗ္ဗံ။ ။ဟူ၍၎င်း။ ။သ စေ အန္တော နဒိယံယေဝ သေတုဝါ သေတုပါဒါဝါ၊ သေတုမှိ ဌိတေဟိ ကမ္မံ ကာတုံဝဋ္ဋတိ၊ သစေပန သေတုဝါ သေတုပါဒါဝါ ဗဟိတီရေ ပတိဋ္ဌိတာ။ကမ္မံ ကာတုံ နဝဋ္ဋတိ၊ သီမံ သောဓေတွာ ကာဘဗ္ဗံ၊ အထ သေတုဝါသေတုပါဒါဝါ အန္တော၊ သေတုပန ဥဘိန္နမ္ပိ တီရာနံ ဥပရိအာကာသေ ဌိတော ဝဋ္ဋတိ။ ။ဟူ ၍ ၎င်းမိန့်အပ်၏။

အန္တော နဒိယံ၊ မြစ်၏အတွင်း၌၊ ဗဒ္ဓဇဋ္ဋကေပိ၊ ဖွဲ့အပ်သော ငြမ်း၌၎င်း။ အန္တောနဒိယံ၊ မြစ်၏ အတွင်း၌။ ဇာတရုက္ခေပိ၊ ပေါက်ရောက်သော သစ်ပင်

၌ရင်း။ ဌိတေဟိ၊ တည်ကုန်သော ရဟန်းတို့သည်။ ကာတုံ၊ ဥပုသ် စသော ကံပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ အဘိုတပါးကို ဆိုဦးအံ့။ ရုက္ခ သာခါဝ၊ သစ်ခက် သည်ရင်း။ တတော၊ ထိုသစ်ပင်မှ။ နိဂ္ဂတ ပါရောဟာဝ၊ ထွက်သော မြစ်ပျဉ်းသည်ရင်း။ ဗဟိနဒီတီရေ၊ အပဖြစ်သော မြစ်ကမ်း၌။ ဝိဟာရ သီမာယဝ၊ ကျောင်းသိမ်၌ရင်း။ ဂါမသီမာယ ဝ၊ ဂါမသိမ်၌ရင်း။ သစေ ပတိဋ္ဌိတော၊ အကယ်၍ တည်သည်ဖြစ်အံ့။ သီမံ၊ သိမ်ကိုမူသည်း။ သောခေတွာ၊ သုတ်သင်၍။ သာခံဝ၊ သစ်ခက်ကိုမူလည်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ကမ္မံ၊ကံကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ။(ဤကား ရှေ့အဋ္ဌကထာ၏ အနက်)။ ။အန္တောနဒိယံ ယေဝ၊ မြစ်၏အတွင်း၌သာလျှင်။ သေတုဝ၊ တန်တားသည် ရင်း။ သေတုပါဒါဝ၊ တန်တားခြေတို့သည်ရင်း။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်သည်ဖြစ်အံ့။ ဧပံသန္တေသု၊ ဤသို့ဖြစ်ကုန်သည် ရှိသော်။ သေတုမှိ၊ တန်တား၌။ ဌိတေဟိ၊ တည်ကုန်သောရဟန်းတို့သည်။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ ထိုသို့ မဟုတ်မူ၍။ သေတုဝ၊ တန်တားသည်ရင်း။ သေတုပါဒါဝ၊ တန်တားခြေတို့သည်ရင်း။ ဗဟိ၊ အပ၌ဖြစ်သော။ တီရေ၊ကမ်း၌။သစေပတိဋ္ဌိတာ၊ အကယ်၍ တည်ကုန်သည် ဖြစ်အံ့။ ကမ္မံ၊ ကံကို။ ကာတုံ၊ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ သီမံ၊ သိမ်ကို။ သောခေတွာ၊ သုတ်သင်၍။ ကာတဗ္ဗံ၊ ပြုအပ်၏။သေတုဝ၊ တန်တားသည်ရင်း။ သေတုပါဒါဝ၊တန်တားခြေတို့သည်ရင်း။အန္တော၊မြစ်၏အတွင်း၌။ အထဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ သေတုပန၊ တန်တားဦးသည်ကား။ဥဘိန္နမ္ပိ၊နှစ်ဘက်လည်းဖြစ်ကုန်သော။တီရာနံ၊ကမ်းတို့၏။ ဥပရိ၊ အထက်၌။ အာကာသေ၊ ကောင်းကင်၌။ အထဋ္ဌိတော၊ အကယ်၍ တည်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့တည်သည်ရှိသော်။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကား နောက်အဋ္ဌကထာ၏အနက်)

ထိုစကားသင့်စွ၊ ဤ၌ မြစ်တွင်း၌တည်သောငြမ်း-သစ်ပင်-တန်တားတို့သည် ဂါမ-ဗဒ္ဓတို့နှင့် တစုံတခုသော ဝတ္ထုဖြင့်စပ်သော်သာ သမ္ဘေဒ ဖြစ်ကြောင်းကို ပြတော်မူ၏။ သစ်ပင်စသော အချို့သော ဂါမဗဒ္ဓ၏ကား အနီး၌ တည်ရုံမျှဖြင့် သမ္ဘေဒဖြစ်ကြောင်းကိုပြတော်မမူ။ ထို့ကြောင့် ရေမှပေါ်သောအရပ်နှင့် မစပ် မထိက သမ္ဘေဒမရှိဟု မှတ်ရာ၏။ ဝိမတိ ဋီကာရှင်ကား၊ ယခင် ပြအပ်ပြီးသော သစ်ပင်စသည်တို့၏ အနီး၌ကံပြုအံ့၊သမ္ဘေဒဖြစ်၏ဟုဆို၏။ ရင်းစကားအဋ္ဌကထာ ပါဠိတို့နှင့် ဆန့်ကျင်ရကား ဆင်ခြင်။ ။ထိုမှတပါး၊ဇာတဿရအိုင်ကိုထပ်ဆင့်၍ ဆည်သောအရာ၊ တဘက်ဆည်ကံ ပြုလုပ်သောအရာတို့၌ ထပ်ဆင့်ဆည်ပိုးသည် အတွက်၊ ရေတက်၍ တောင့်တည်သောအရပ်တိုင်အောင် ဇာဿရ ပျက်၏။ ကြွင်းသောအရပ်၌သာ ဇာတဿရဖြစ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။

နဒိတော မာတိကံ နိဟရန္တာ နဒိယံ အာဝရဏံ ကရောန္တိ။ တဒ္ဓေ ဩတ္ထရိတွာဝါ ဝိနိဗ္ဗိဇ္ဈိတွာဝါ ဥဒကံ ဂစ္ဆတိ။ သဗ္ဗတ္ထ ပဝတ္တနဋ္ဌာနေ ကမ္မံ ကာတုံ ဝဋ္ဋတိ။ သစေပန အာဝရဏကာနဝါ ကောဋ္ဋကဗန္ဓနေနဝါ သောတံ ပစ္ဆိဇ္ဇတိ၊ ဥဒကံ နပဝတ္တတိ၊ အပ္ပဝတ္တနဋ္ဌာနေ ကမ္မံ ကာတုံ နဝဋ္ဋတိ။ ။ဟု မိန့်အပ်၏။ ။ နဒိတော၊ မြစ်မှ။ မာတိကံ၊ မြောင်းကို။ နိဟရန္တာ၊ ထုတ်ဆောင်ကုန်သော လူတို့သည်။ နဒိယံ၊ မြစ်၌။ အာဝရဏံ၊ ကန်သင်းဖွဲ့၍ ပိတ်ဆည်ခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။ တံ၊ ထိုကန်သင်းကို။ ဥဒကံ၊ ရေသည်။ ဩတ္ထရိတွာဝါ၊ လျှံတက်၍ ၎င်း။ ဝိနိဗ္ဗိဇ္ဈိတွာဝါ၊ ဖေါက်ထွင်း၍၎င်း။ ဂစ္ဆတိ၊ အကယ်၍သွားသည် ဖြစ်အံ့။ သဗ္ဗတ္ထ၊ အလုံးစုံသော။ ပဝတ္တနဋ္ဌာနေ၊ ရေစီးရာအရပ်၌။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ပန၊ ထိုသို့မဟုတ်မူ၍။ အာဝရဏေနဝါ၊ ကန်သင်းဖွဲ့ခြင်းကြောင့်၎င်း။ ကောဋ္ဋကဗန္ဓနေနဝါ၊ ယင်းတားဖွဲ့ခြင်းကြောင့်၎င်း။ သောတံ၊ ရေအယဉ်သည်။ သစေပစ္ဆိဇ္ဇတိ၊ အကယ်၍ ပြတ်သည် ဖြစ်အံ့။ ဥဒကံ၊ ရေသည်။ သစေန ပဝတ္တတိ၊ အကယ်၍ မစီးတော့သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ မစီးသည်ရှိသော်။ အပ္ပဝတ္တနဋ္ဌာနေ၊ ရေမစီးရာအရပ်၌။ ကမ္မံ၊ ကို။ ကာတုံ၊ ငှါ။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကားအနက်)

ထိုစကားသင့်စွ၊ (ဤ၌မစီးဘဲ တောင့်၍တည်သော အရပ်တိုင်အောင်၊ နဒီသိမ်ပျက်သည်နှင့် ဇာတဿရအရာ၌ တောင့်၍ တည်သော အရပ်တိုင်အောင်၊ ဇာတဿရပျက်ခြင်းသည် တူ၏။ စီးသောအရပ်သာ နဒီဖြစ်သည်နှင့် တောင့်၍ တည်ရာမဟုတ်သော အရပ်သည်သာ ဇာတဿရ ဖြစ်ခြင်းသည် တူ၏ဟု မှတ်ရာ၏)။ ။ထိုမှတပါး ဥဒကနိမိတ်ပြုခြင်းငှါ၊ တွင်းတူးရာ၌ ထူးပေါက်ကိုပိတ်အံ့၊ တဘက်ဆည်ကန်၌ ရေကဲ့သို့၊ ၎င်းတွင်း၌ ရေကို နိမိတ်ပြုခြင်းငှါ အပ်၏ဟု- အချို့ ဆိုကုန်၏။ တဘက်ဆည်ကန် ဆည်သောအခါကဲ့သို့ ရရာမြေဖြင့် ထူးပေါက်ပိတ်၍ရေတည်လျှင် အပြစ်မရှိ၊သို့မဟုတ်၊စေးသောရွှံ့ဖြင့်ပိတ်ဆို့ လိမ်းကျံသည်ဖြစ်က၊ စင်စစ်အိုးနှင့် တူရကားမအပ်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ နိရုဒကေ ဌာနေ နာဝါယဝါ စာဋိအာဒီသုဝါ ဥဒကံ ပူရေတွာ ဥဒကနိမိတ္တံ ကိတ္တေတုံ နဝဋ္ဋတိ၊ ဘူမိဂတမေဝ ဝဋ္ဋတိ။ ။ဟု မိန့်အပ်၏။ ။နိရုဒကေ၊ ရေမရှိသော။ ဌာနေ၊ အရပ်၌။ နာဝါယဝါ၊ လှေ၌၎င်း။ စာဋိအာဒီသုဝါ၊ အိုးစရည်း အစရှိသည်တို့၌၎င်း။ ဥဒကံ၊ ရေကို။ ပူရေတွာ၊ ပြည့်စေ၍။ ဥဒကနိမိတ္တံ၊ ရေနိမိတ်ကို။ ကတွာ၊ ပြု၍။ ကိတ္တေတုံ၊ ကြားခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဘူမိဂတမေဝ၊ မြေ၌တည်သောရေကိုသာလျှင်။ နိမိတ္တံ၊ နိမိတ်ကို။ ကတွာ၊ ပြု၍။ ကိတ္တေတုံ၊ ကြားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်) ထိုမှတပါး ဇာတဿရ- ထုံးအိုင်တို့၌ မိုးဉ်းလေးလဖတ်လုံး ရေလွှမ်းရာအရပ်သည်၊ နှစ်ကျိပ်တယောက်

စည်းဝေးလောက်သော ပမာဏရှိသော်သာ ဥဒကုက္ခေပသိမ်မည်၏။ ။ထိုကြောင့် မာတိကာ အဋ္ဌကထာ၌။ ။တတ္ထ အတိခုဒ္ဒကာနာမ ယတ္ထ ဧကဝီသတိဘိက္ခူ နိသီဒိတုံ နသက္ကောန္တိ။ ။ဟု မိန့်အပ်၏။ ။တတ္ထ၊ ထိုသိမ်တို့တွင်။ အတိခုဒ္ဒကာ နာမ၊ အလွန်ငယ်လွန်းသော သိမ်မည်သည်ကား။ ယတ္ထ၊ အကြင်သိမ်၌။ ဧကဝီသတိ၊ နှစ်ကျိပ်တယောက်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိသီဒိတုံ၊ ထိုင်နေခြင်းငှါ။ နသက္ကောန္တိ၊ မစွမ်းနိုင်ကုန်။ ဝါ၊ မလောက်ကုန်။ သာသီမာ၊ ထိုသိမ်တည်း။ ဝါ၊ သာသီမာ၊ ထိုသိမ်သည်။ အတိခုဒ္ဒကာနာမ၊ အလွန်ငယ်လွန်းသောသိမ်မည်၏။ ။(ဤကားအနက်)။ ။အချို့ကား ဥဒကုက္ခေပ သိမ်သည်၊ နှစ်ကျိပ်တယောက် မစည်းဝေးလောက်သော်လည်း၊ ဥပုသ်စသော ကံကိုပြုခြင်းငှါ သင့်လျော်၏ဟု ဆို၏။ ယုတ္တိသာဓကနှစ်ဝပင်မရှိရကား ထိုစကားမသင့်။

## သီမသမ္ဘေဒ ဝိနိစ္ဆယပြီး၏။

(၃) "သီမသမ္ဘေဒပဥ္စက ပုစ္ဆာဝိသဇ္ဇနာ"။ ။နိမိတ်အတွင်း အလုံးစုံသော သိမ်အပြင်၌ မနုတ်မိ စပ်မိအောင် ဖျာခင်းခြင်း၊ မဏ္ဍပ်-တန်ဆောင်း ဆောက်ခြင်းသည်အပ်,မအပ်။ ။နိမိတ်ပ,သီမန္တရစ်၌ စိုက်အပ်သော တန်ခွန်ကုက္ကား-ငှက်ပျောပင်, ကြံပင်တို့သည်၊ တန်ဆောင်းမဏ္ဍပ်ကို ထိသော်အပ်,မအပ်။ ။နိမိတ်ပ၌ မနုတ်သော် အပ်,မအပ်။ ။ခြေရာချင်းစပ်မိအောင် မနုတ်သော် မဏ္ဍပ်တိုင် တည်ရာကြွင်းကျန်သော် အပ်, မအပ်။ ။နိမိတ္တသမ္ပတ္တိ၊ ပရိသသမ္ပတ္တိ၊ ကမ္မဝါစာ သမ္ပတ္တိသုံးပါးတို့တွင်၊ ကမ္မဝါစာသမ္ပတ္တိမဖြစ်သော်အပ်-မအပ်ကို သိလိုပါသည် မေးလျှောက်ရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

မဇ္ဈိမဒေသ သီဟဠကျွန်းတို့၌သာ ရှေးမထေရ်တို့သည်၊ တတိုင်-နှစ်တိုင်စသည် ပမာဏရှိသော မဟာသိမ်ကိုသမုတ်ကြကုန်သည်။ အစွန်အနားဖြစ်သော ဇနပုဒ်တို့၌ နောက်မထေရ်တို့သည်၊ တတိုင်-နှစ်တိုင်စသည် ပမာဏရှိသော မဟာသိမ်ကို သမုတ်ရိုးမပြုကြကုန်သည်ဖြစ်၍၊ အစွန်အနားဖြစ်သော ဇနပုဒ်တို့၌၊ ၎င်းကျယ်ဝန်းစွာသော မဟာသိမ်ကိုစွဲ၍၊ သံသယဖြစ်ဘွယ်မရှိ။ ကျောင်းတတိုက်လုံးကို သမုတ်အပ်သော မဟာသိမ်၊၎င်းမဟာသိမ်၏ အတွင်း၌ သမုတ်အပ်သော ခဏ္ဍသိမ်၊ အသီးအသီးသမုတ်အပ်သော တခုသော ခဏ္ဍသိမ်-နှစ်ခုသော ခဏ္ဍသိမ်တို့ကို သာစွဲ၍ သံသယဖြစ်ဘွယ်ရှိသောကြောင့်၊ အစွန်အနားဖြစ်သော ဇနပုဒ်တို့၌ သိမ်နုတ်ခြင်းအမှုကို ယခုထက်တိုင် ဆရာအဆက်ဆက်တို့ ပြုကြသောအရာ၌၊ ပုစ္ဆာငါးရပ် မေးလျှောက်သည်တွင် ပဌမပုစ္ဆာ၌ ဂါမနှင့် ဗဒ္ဓသမ္ဘေဒ ဒေါသ

မရှိသောကြောင့်ရင်း၊ ဗဒ္ဒချင်းသမ္ဘေဒဒေါသရှိသော်လည်း၊ တစုတည်းတည်၍ နုတ်ရာ၌ ဝဂ်မဖြစ်သောကြောင့်ရင်း၊ နိမိတ်အတွင်း အလုံးစုံသော သိမ်အပြင်၌ စပ်မိအောင် ဖျာခင်းခြင်း၊ တန်ဆောင်းမဏ္ဍပ် ဆောက်ခြင်းကို ပြုခြင်းငှါ အပ်၏။ ဟူသောအဖြေကို မှတ်ရာ၏။

ဂါမနှင့် ဗဒ္ဓ သမ္ဘေဒမရှိကြောင်းကို။ ။ဟေဋ္ဌာ ပါသာဒေ ကိတ္တန္တေဟိပိ ဘိတ္တိစ ရုက္ခထမ္ဘာစ နကိးတ္တာတဗ္ဗာ၊ ဘိတ္တိလဂ္ဂေပန ပါသာဏထမ္ဘေ ကိတ္တေတုံ ဝဋ္ဋတိ၊ ဧဝံ ကိတ္တိတာ သီမာ ဟေဋ္ဌာ ပါသာဒဿ ပရိယန္တထမ္ဘာနံ အန္တော ယေဝ ဟောတိ၊ ဥပရိပါသာဒမ္ပိ အဘိရူဟတိ။ ။ဟူသော မဟာဝါအဋ္ဌကထာကို ထောက်၍သိအပ်၏။ ။ဟေဋ္ဌာပါသာဒေ၊ အောက်ဖြစ်သောပြာသာဒ်၏ အပြင်၌။ ကိတ္တန္တေဟိပိ၊ နိမိတ်ကို ကြားကုန်သော ရဟန်းတို့ သည်လည်း။ ဘိတ္တိစ၊ နံရံကိုရင်း။ ရုက္ခထမ္ဘာစ၊ သစ်သား သီတိုင်တို့ကိုရင်း။ နကိတ္တေတဗ္ဗာ၊ မကြားအပ်ကုန်။ ပန၊ မအပ်သည်မှတပါး၊ အပ်သည်ကိုဦးအံ့။ ဘိတ္တိလဂ္ဂေ၊ နံရံ၌ ငြိတွယ်သော။ ပါသာဏထမ္ဘေ၊ ကျောက်သီတိုင် တို့ကို။ ကိတ္တေတုံ၊ ကြားခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ဧဝံ၊ ဤသို့။ ကိတ္တိတာ၊ ကြားအပ်သော။ သီမာ၊ သိမ်သည်။ ဟေဋ္ဌာ၊ အောက်၌။ ပါသာဒဿ၊ ပြာသာဒ်၏။ ပရိယန္တထမ္ဘာနံ၊ အဆုံးဖြစ်သော နိမိတ် သီတိုင်တို့၏၊ အန္တောယေဝ၊ အတွင်း ၌သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဥပရိပါသာဒမ္ပိ၊ အထက် ပြာသာဒ်အပြင်သို့လည်း။ အဘိရူဟတိ၊ တက်၏။ ။(ဤကား အနက်)။ ။ထိုစကား သင့်စွ၊ ရင်းအဋ္ဌကထာပါဠိဖြင့်၊ ဂါမ၌ တည်သော သီတိုင်၊ ကြမ်းပြင် တို့နှင့် ဗဒ္ဓ၌ တည်သော သီတိုင် ကြမ်းပြင်တို့သည် စပ်ငြားသော်လည်း၊ သမ္ဘေဒ ဒေါသမရှိဟူသောအနက်ကို ပြတော်မူ၏။ သစ်ပင်နိမိတ်ကို ခွင့်ပြုတော်မူသော မြတ်စွာဘုရားသည်လည်း၊ ဂါမသို့ရင်း၊ ဗဒ္ဓသို့ရင်း ကြီးပွါးရှဝင်သော သစ်ပင်ကြောင့်၊ ဂါမနှင့် ဗဒ္ဓ သမ္ဘေဒ မရှိ ဟူသောအနက်ကို ပြတော်မူ၏။

ဗဒ္ဓချင်း သမ္ဘေဒရှိသော်လည်း၊ တစုထည်းတည်၍နုတ်ရာ၌၊ ဝဂ်မဖြစ်သည် ဖြစ်၍ အပ်ကြောင်းကိုလည်း။ ။သီမမာဠကေ ဝဋ္ဋရုက္ခော ဟောတိ၊ တဿ သာခါဝါ တတော နိဂ္ဂတပါရောဟောဝါ မဟာသီမာယ ပထဝီတလံဝါ တတ္ထ ဇာတရုက္ခာဒီနိဝါ အာဟစ္စ တိဋ္ဌတိ။ မဟာသီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ။ တေဝါ သာခါပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။ ။ဟူသော အဋ္ဌကထာကိုရင်း။ ။မဟာသီမံ သောဓေတွာဝါ ကမ္မံ ကာတဗ္ဗန္တိ မဟာသီမတော ဘိက္ခူ ဟတ္ထပါသံ အာနေတဗ္ဗော။ သီမတောဝါ ဗဟိ ကာတဗ္ဗောတိ အဓိပ္ပါယော။ ။ဟူသော တေရသကဏ် ဋီကာကိုရင်း ထောက်၍ သိအပ်၏။ ။

{အဋ္ဌကဘာပါဠ်၏အနက်ကို အောက်သီမသမ္ဘေဒ ဝိနိစ္ဆယ၏အစ၌သမ္ဗန်ခဲ့ပြီ}။ ။ မဟာသီမံ သောဓေတ္វာ ကမ္မံ ကာတဗ္ဗန္တိ၊ ဟူသည်ကား။ မဟာသီမတော၊ မဟာသိမ်မှ။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဟတ္ထပါသံ၊ ဟတ္ထပါသ်သို့။ အာနေတဗ္ဗာ၊ ဆောင်အပ်ကုန်၏။ သီမတောဝါ၊မဟာသိမ်မှမူလည်း။ ဗဟိ၊ အပ၌။ ကာတဗ္ဗာ၊ တည်သည်ကိုပြုအပ်ကုန်၏။ ဣတိအယံ၊ဤသည်ကား။ အဓိပ္ပါယော၊အဋ္ဌကထာဆရာ၏ အလိုဘော်တည်း။ ။(ဤကား ဋီကာ၏အနက်)။ ။ထိုစကားသင့်စွ၊ ရင်းအဋ္ဌကထာ ဋီကာပါဠ်တို့ဖြင့် ဗဒ္ဓသိမ်ချင်း ရောယှက်သော်လည်း၊ တဘက်ဘက်၌တည်၍ ကံပြုခြင်းငှါအပ်သည်ကို ပြတော်မူ၏။

ဒုတိယပုစ္ဆာ၌၊ နိမိတ်ပ,သီမန္တရစ်သည် ဂါမသိမ်ဖြစ်အံ့၊ ယခင်ပြအပ်ခဲ့ပြီးသော နည်းအားဖြင့်၊ ဂါမနှင့်ဗဒ္ဓ သမ္ဘေဒ မရှိသောကြောင့်၊ နိမိတ်ပ, သီမန္တ ရစ်ရာဇမှတ်၌ စိုက်ထားအပ်သော တန်ခွန်စသည်တို့သည် တန်ဆောင်းမဏ္ဍပ်ကိုထိငြားတော်လည်း အပြစ်မရှိ ဘွဲ့သမုတ်ခြင်းငှါ အပ်၏ ဟူသောအဖြေကို မှတ်ရာ၏။ သီမန္တရစ်သည် ဗဒ္ဓသိမ်ဖြစ်အံ့၊ ထို၌ တည်သော် ဘွဲ့သမုတ်ခြင်းငှါ မအပ်ဟူသော အဖြေကို မှတ်ရာ၏။ ။မအပ်ကြောင်းကို။ ။ယထာ စာယံ ပန္ဓာ နဝဋ္ဋတိ။ ဧဝံ ဗဇ္ဈမာနက္ခဏေပိ တာသံ ရုက္ခာဒိသမ္ဗန္ဓေ သတိ၊ တာ ဗန္ဓိတုံ နဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။ ။ဟူသော ဝိမတိ ဝိနောဒနီ ဋီကာကို ထောက်၍ သိအပ်၏။ ။ယထာစ ယေန အာကာရေန၊ အကြင် သစ်ပင် စသည်ကြောင့် စပ်သော အခြင်းအရာဖြင့်။ ပန္ဓာ၊ သိမ်သမုတ်ပြီးသည်မှ နောက်၌။ နဝဋ္ဋတိ ယထာ၊ သိမ်ကိုမသုတ်သင်ဘဲ၊ သံဃ ကံပြုခြင်းငှါ မအပ်သကဲ့သို့။ဧဝံတထာ၊ ထိုအတူ။ ဗဇ္ဈမာနက္ခဏေပိ- ဘွဲ့သမုတ်ဆဲဖြစ်သော ခဏ၌ လည်း။ တာသံ၊ ထိုသိမ်တို့၏။ ရုက္ခာဒိသမ္ဗန္ဓေ၊ သစ်ပင်စသည် တို့ကြောင့် စပ်ခြင်းသည်။ သတိ၊ ရှိခဲ့သော်။ တာသီမာယော၊ ထိုသိမ်တို့ကို။ ဗန္ဓိတုံ၊ ဘွဲ့ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။(ဤကားအနက်)

တတိယ ပုစ္ဆာ။ ဗဒ္ဓသိမ် ဟောင်းသည်၊ သမုတ်အပ်လတ္တံ့သော သိမ် နိမိတ် အတွင်းသို့၊ တောင်-ထွာ လက်သစ် ငမာဏ အားဖြင့်သာ အပ၌ဝင်၍ တည်သည်ဖြစ်အံ့၊ နိမိတ် ပ, လေးတောင်- ငါးတောင်- ခြောက်တောင်- ကွာသောအရပ်တို့၌ ပတ်လည်၍ နုတ်ပြီးမှ သမုတ်ခြင်းငှါ အပ်သည်။ မနုတ်သော် မအပ်ဟူသော အဖြေကို မှတ်ရာ၏။ မအပ်ကြောင်း ကိုလည်း။ ။ဝိဟာရ ပရိက္ခေပဿ အန္တောစ ဗဟိစ သဗ္ဗတ္ထ ဖုဒါနိ ဗန္ဓိတဗ္ဗာယ နိမိတ္တာနံ သမန္တာ လေဍ္ဍုပါတမတ္တေ ပဒေသေ သဗ္ဗတ္ထ မဥ္စပ္ပမာဏေ ဩကာသေ နိရန္တရံ ကတ္វာ၊ တတ္ထ ဌတွာ ပဌမံ အဝိပ္ပဝါသသီမံ တတော သမာန သံဝါသကသီမဥ္စ သမူဟ နနဝသေန သီမာယ သမုဂ္ဃါတေ ကတေ တသ္မိံ ဝိဟာရေ ခဏ္ဍသီမာယ မဟာသီ

မာယစ ဠိတဝိဇ္ဇမာနတ္တေ သတိ အဝဿံ ကေသို မဥ္စဋ္ဌာနေ တာသံ မဇ္ဈဂတာ တေဘိက္ခူ တာ သမ္မုဟန္နေယျုံ။ တတော ဂါမသီမာဝေ အဝသိဿေယျ။ ။ ဟူ၍ မိန့်အပ်၏။ ။ဝိဟာရ ပရိက္ခေပဿ၊ ကျောင်း ဝိုင်း၏၊ အန္တောစ၊ အတွင်း၌ရင်း။ ဗဟိစ၊ အပ၌ရင်း။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော အရပ်တို့၌။ ဣဒါနိ၊ ယခုအခါ၌။ ဗန္ဓိတဗ္ဗာယ၊ ဘွဲ့သမုတ်အပ်လတ္တံ့သော။ သီမာယ၊ သိမ်၏။ နိမိတ္တာနံ၊ နိမိတ်တို့၏။ သမန္တာ၊ ထက်ဝန်းကျင်မှ၊ လေဍ္ဍု ပါတမတ္တေ၊ ခဲတကျ အတိုင်း အရှည်ရှိသော။ ပဒေသေ၊ အရပ်၌။ သဗ္ဗတ္ထ၊အလုံးစုံသော အရပ်တို့၌။ မဥ္စပ္ပမာဏေ၊ ညောင်စောင်းအတိုင်း အရှည်ရှိကုန်သော။ ဩကာသေ၊ အရာ အကွက်တို့ကို။ နိရန္တရံ၊ မပြတ် မလပ်။ ကတွာ၊ ပြုပြီး၍။ တတ္ထ၊ ထိုညောင်စောင်း ကွက်ရာ အရပ်တို့၌။ ဌတွာ၊တည်၍။ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပဝါသသီမံ၊ အဝိပ္ပ ဝါသသိမ်ကို။ တတောပစ္ဆာ၊ ထိုမှနောက်၌။ သမာနသံဝါသက သီမဉ္စ၊ သမာန သံဝါသသိမ်ကိုလည်း။ သမ္မုဟနန ဝသေန၊ နုတ်သည်၏ အစွမ်းဖြင့်။ သီမာယ၊ သိမ်ကို။ သမုဂ္ဃါတေ၊ ကောင်းစွာနုတ်ခြင်းကို။ ကတေ၊ ပြုအပ်ပြီးသည်ရှိသော်။ တသ္မိံ ဝိဟာရေ၊ ထိုကျောင်းတိုက်၌။ ခဏ္ဍသီမာယစ၊ ခဏ္ဍသိမ်၏ရင်း။ မဟာသီမာယစ၊ မဟာသိမ်၏ရင်း။ ဠိတဝိဇ္ဇမာနတ္တေ၊ တည်ခြင်း ထင်ရှား ရှိသည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ အဝဿံ၊ မချွတ်။ ကေသုိ မဥ္စဋ္ဌာနေ၊ တခုသော ညောင်စောင်းရာ အရပ်၌။တာသံ၊ထိုသိမ်တို့၏။ မဇ္ဈဂတာ၊အလယ်၌ တည်ကုန်သော၊ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ သမ္မုဟန္နေယျုံ၊ နုတ်မိကုန်ရာ၏။ တတော တသ္မာ၊ ထို့ကြောင့်။ ဂါမ သီမာဝေ၊ ဂါမ သိမ်သည် သာလျှင်။ အဝ သိဿေယျ၊ကြွင်းရာ၏။ ။(ဤကားအနက်)။ ။ဤဋီကာ၌၊ ကျောင်းဝိုင်း ပတ်လည် ခဲတကျတိုင်အောင် နုတ်ရမည်ဆိုသော စကားကို အလေး ပြုလွန်း၍သာ ဆိုသည်။ ဤမျှလောက် ကျယ်အောင် နုတ်မှသာ အပ်သည်မဟုတ်၊ အောက်က ပြအပ်ခဲ့ပြီးသည်အတိုင်း၊ လေးတောင်-ငါးတောင် ခြောက်တောင် ကွာ အရပ်တိုင်အောင် နုတ်လျှင်ပင် အပ်တော့သည်သာတည်း။

စတုတ္ထပုစ္ဆာ၌။ ခြေရာသီတိုင်ရာမျှလောက်သာ ရှေးသိမ်ဟောင်း တည်သည် မဟုတ်ရကား ခြေရာသီတိုင်ရာ စပ်မိအောင် မနုတ်သော်လည်း၊ ညောင်စောင်း ပမာဏရာ စသည်ဖြင့် သီတိုင်ကို လှည့်၍ နုတ်လျှင်ပင် ရှေးသိမ် ဟောင်း ကင်းပျောက်၍ သံသယ ကင်းလောက် ကြောင်းကိုလည်း။ ။သဗ္ဗေ ထေရာ နထမ္ဘမတ္တေန ပေါရာဏ-သီမာ တိဋ္ဌတိ၊ ထမ္ဘာသမန္တတော ဌတွာ ဂါမ္မဝါစာယ ကတာယ သီမာ သမ္မုဟတာ ဟောတီတိ ဝတွာ တဿ ဝစနံ အဂဟေတွာ သမ္မုဟနိံသုစေဝ ဗန္ဓိံသုစ။ ဟံသာဝတီ နဂရေ ဓမ္မစေတိယ ရာဇညာ ကလျာဏီ ယသီမာ ဇန္ဒနကာလေပိ ပဌမံ သာလံ ကရိတွာဝ ပစ္ဆာ သမ္မုဟနိံသု။ နစပါဠိ

အဋ္ဌကထာ ဋီကာသု ပဒဝလဉ္ဇ သမ္ဗန္ဓံကတွာ သီမာ သမူဟနိတဗ္ဗာတိ ပါဠိယာ အတ္ထိ၊ မဇ္ဈိမာဘာဏေ မဇ္ဈိမာဘာဏေ ဌာနေတိပန အတ္ထိ၊ ပေါရာဏသီမာယ အန္တော ဌတွာ ကေသုဉ္စိ ဌာနေ သီမသမူဟန ကမ္မဝါစာယ ကာတာယ သကလာယပိ သီမာ သမူဟတာဝ ဟောတိ၊ တသ္မာ ပဒဝလဉ္ဇသမ္ဗန္ဓံ ကတွာ သမူဟနိတဗ္ဗန္တိ ဝစနမ္ပိ ပဏ္ဍိတာ သမ္ပဋိစ္ဆန္တိ။ ဤဒိသံပနဝစနံ ဂရုကာရဝသေန ဝုတ္တန္တိ ဂယှမာနေ ကိဉ္စာပိ ဒေါသော နတ္ထိ၊ တထာပိ သိယာနုသိယာနံ ဒိဋ္ဌာနုဂတိံ အာပဇ္ဇနကာရဏံ ဟောတိ။ တေဟိ အမှာကံ အာစရိယာ ဧဝံ ကထေန္တိ ဧဝံ ကရောန္တီတိ ဒဋ္ဌိကမ္မဝသေန ဂဟေတွာ တထာ အကာတေ သီမာသမူဟတာ နဟောတီတိ မညန္တိ။ တသ္မာ ပကရဏာဂတ နယဝသေန ကာရဏံ ပသဒ္ဒံ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ၊ဟူသော ဋင်းဋီကာကိုထောက်၍ သိအပ်၏။ ။သဗ္ဗေ၊ အလုံးစုံကုန်သော။ တေထေရာ၊ ထိုသိမ်ကိုနုတ်ကုန်သော မထေရ်ကြီးတို့သည်။ ထမ္ဘမတ္တေန၊ သီတိုင်ရာမျှဖြင့်။ ပေါရာဏသီမာ၊ ရှေးသိမ်ဟောင်းသည်။ နတိဋ္ဌတိ၊ မတည်။ ထမ္ဘသ၊ သီတိုင်၏။ သမန္တော၊ ထက်ဝန်းကျင်သော အရပ်၌။ ဌတွာ၊ တည်၍။ ကမ္မဝါစာယ၊ ကမ္မဝါစာကို။ ကတာယ၊ ဘတ်ခြင်းကို ပြုအပ်သည် ရှိသော်။ သီမာ၊ သိမ်သည်။ သမူဟတာ၊ နုတ်အပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုပြီး၍။ တသ၊ ထိုသီတိုင်ကိုနုတ်၍ ခြေရာကိုထားနိုင်မှ ငါလာအံ့-ဟူ၍ ဆိုသော မဟာရက္ခမူလိက မထေရ်ကြီး၏။ ဝစနံ၊ စကားကို။ အဂဟေတွာ၊ မယူကြကုန်မူ၍။ သမူဟနိံသုစေဝ၊ နုတ်လည်းနုတ်ကြကုန်၏။ ဗန္ဓိံသုစ၊ ဖွဲ့လည်း ဖွဲ့သမုတ်ကြကုန်၏။ ဟံသာဝတီ နဂရေ၊ ဟံသာဝတီမြို့၌။ ဓမ္မစေတိယနာမော၊ ဓမ္မစေတီမင်း၏။ ကလျာဏီယသီမာဗန္ဓနကာလေပိ၊ ကလျာဏီသိမ်ကို ဖွဲ့သမုတ်သော အခါ၌လည်း။ ပဌမံ၊ ရှေးဦးစွာ။ သာလံ၊ စရပ်တန်ဆောင်းကို။ ကရိတွာဝ၊ ဆောက်လုပ်ပြီး၍ သာလျှင်။ ပစ္ဆာ၊ နောက်မှ။ သမူဟနိံသု၊ နုတ်ကြကုန်၏။ ပါဠိအဋ္ဌကထာဋီကာသု၊ ပါဠိအဋ္ဌကထာ ဋီကာတို့၌။ ပဒဝလဉ္ဇသမ္ဗန္ဓံ၊ ခြေရာချင်း စပ်မိသည်ကို။ ကတွာ၊ ပြု၍။ သီမာ၊ သိမ်ကို။ သမူဟနိတဗ္ဗာ၊ နုတ်အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သော။ ပါဠိယော၊ ပါဠိသည်။ နစအတ္ထိ၊ ရှိလည်းမရှိ။ ပန၊ ရှိသည်ကို ဆိုဦးအံ့။ မဇ္ဈိမာဘာဏေ မဇ္ဈိမာဘာဏေတိ၊ မဇ္ဈိမာဘာဏေ မဇ္ဈိမာဘာဏေဟူ၍။ ဝုတ္တော၊ ဆိုအပ်သော။ ပါဠိယော၊ ပါဠိသည်။ အတ္ထိ၊ ရှိ၏။ ပေါရာဏသီမာယ၊ ရှေးသိမ်ဟောင်း၏။ အန္တော၊ အတွင်း၌။ ဌတွာ၊ တည်၍။ ကေသုဉ္စိ၊ တခုသော။ ဌာနေ၊ အရပ်၌။ သီမသမူဟနကမ္မဝါစာယ၊ သိမ်နုတ်ကမ္မဝါစာကို။ ကတာယ၊ ဘတ်ရွတ်ခြင်းကို ပြုအပ်သည်ရှိသော်။ သကလာယပိ၊ အလုံးစုံလည်း ဖြစ်သော။ သီမာ၊ သိမ်သည်။ သမူဟတာဝ၊ နုတ်အပ်သည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ ပဒဝလဉ္ဇသမ္ဗန္ဓံ၊ ခြေရာချင်းစပ်မိသည်ကို။ ကတွာ၊ ပြု၍။ သမူဟနိတဗ္ဗံ၊ နုတ် အပ်၏။ ဣတိဝစနမ္ပိ၊ ဤသို့ဆိုသော စကားကိုလည်း။ ပဏ္ဍိတာ၊

ပညာရှိတို့သည်။ နသမ္ပဋိစ္ဆန္တိ၊ ဝန်မခံကြကုန်။ ဧဝရူပံ၊ ဤသို့သဘော ရှိသော။ ဝစနံပန၊ ခြေရာချင်းစပ်မိအောင်နုတ်အပ်၏-ဟု ဆိုသောစကားကိုကား။ ဂရုကရဏဝသေန၊ အလေးပြုသည်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ ဒေါသော၊ အပြစ်သည်။ ကိဉ္စာပိနတ္ထိ၊ အကယ်၍ကားမရှိ။ တထာပိ၊ ထိုသို့ပင်မရှိသော်လည်း။ သိဿာနုသိဿာနံ၊ တပည့်သားအဆက်တို့၏။ဒိဋ္ဌာနုဂတိံ၊မြင်အပ်သောအလားသို့အစဉ်လိုက်ခြင်းသို့။အာပဇ္ဇနကာရဏံ၊ ရောက်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်၏။ တေ၊ ထိုတပည့်သားတို့သည်။ အမှာကံ၊ ငါတို့၏။ အာစရိယာ၊ ဆရာတို့သည်။ ဧဝံ၊ ဤသို့။ ကထေန္တိ၊ ခြေရာချင်းစပ်မိအောင်နုတ်အပ်၏ ဟူ၍လည်း ပြောဆိုကြကုန်၏။ ဧဝံ၊ ဤသို့။ ကရောန္တိ၊ ခြေရာချင်းစပ်မိအောင် နုတ်ခြင်းကိုလည်း ပြုကြကုန်၏။ ဣတိ၊ ဤသို့။ ဒဠှီကမ္မဝသေန၊ မြဲမြံသည်ကိုပြုသည်၏အစွမ်းဖြင့်။ ဂဟေတွာ၊ ယူကြကုန်၍။ တထာ၊ ထိုခြေရာစပ်မိအောင် နုတ်သောအတိုင်း။ အကတေ၊ မပြုအပ်သည်ရှိသော်။ သီမာ၊ သိမ်သည်။ သမူဟတာ၊ နုတ်အပ်သည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ မညန္တိ၊ မှတ်ထင်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပကရဏာဂတ နယဝသေန၊ ကျမ်း၌လာသောနည်း၏ အစွမ်းဖြင့်။ ကရဏံ၊ ပြုခြင်းသည်။ ပသဋ္ဌံ၊ ချီးမွမ်းအပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။(ဤကားအနက်) [ပဌမပုစ္ဆာ၌၊ သိထိလ ဓနိတ စသော ကမ္မဝါစာ သမ္ပတ္တိမရှိခြင်းကြောင့်ကံပျက်၏-ဟူသော အဖြေသည် နေလအသွင် အလွန်ပင်ထင်ရှား၏။]

သီမသမ္မုဒပဉ္စက ပုစ္ဆာဝိသဇ္ဇနာကား ဤတွင် ရှေ့ပြီး၏။

---

(၄) မူးတိုင်အတွင်း၌ဥာနသည်- ဂါမသောဇက ဖြစ်မည်- မဖြစ်မည်၊ မူးတိုင်အတွင်း ဥာနသည်-ဝိသုံဂါမဖြစ်မည် မဖြစ်မည်ကို သိလိုပါသည် လျှောက်ထားရာ၌၊ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အခွန်ကောက်ခံရာ ကျေးရွာပြုစုရန်- နယ်ပယ် သီးသန့်ပိုင်းခြား၍၊ ခန့်ထားသော အခွင့် အာဏာရှိသော ဥာနပိုင် တိုက်သူကြီးသည်၊ ဂါမသောဇကမည်၏။ ၎င်းနယ်ပယ်သည် ဂိသုံဂါမ-မည်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ယတ္တကေ ပဒေသေ တဿတဿဂါမဿ ဂါမဘောဇကာ ဗလိံ လဘန္တိ။ ။စသည်ဖြင့် ဋီကာတို့၌။ ။အယံဂါမော တွေကော ကရိသဘာဂေါ။ ။စသည်ဖြင့်ဥာနကို မှတ်၍ဆိုကြကုန်၏။ မြန်မာမင်း- အင်္ဂလိပ်မင်းတို့ မြို့သူကြီး-တိုက်သူကြီး- တိုင်သူကြီးခန့်စာ ရွာသူကြီး ခန့်စာ များကို ကြည့်လျှင်၊ မြို့မဆင်ခြေ

အတွင်းဌာနသည် မြို့သူကြီး၏ အခွန်ကောက်ခံရာ- ခိုင်စားရာ-ဌာန ဖြစ်သည်။ ၎င်းအတွင်း၌ တည်သောရွာသည်၊ မြို့သူကြီးဆင့်ဆိုရာ-နာခံ ဆောင်ရွက် ရသည်။ သို့ဖြစ်၍ ဝိသုံနဂရသိမ် ဖြစ်သည်။ တိုက်အတွင်း ဌာနသည်၊ တိုက်သူကြီး၏ အခွန်ကောက်ခံရာ ခိုင်စားရာ ဌာန ဖြစ်သည်။ ၎င်းအတွင်း၌ တည်သောရွာသည်၊ တိုက်သူကြီး၏ ဆင့်ဆိုရာ- နာခံ ဆောင်ရွက်ရသည်။ သို့ဖြစ်၍ ဝိသုံဂါမသိမ်ဖြစ်သည်။ တိုင်ဟူသည် ဌာန၏ အမည်ဖြစ်သည်။ ထိုဌာနကို အစိုးရသော သူကို ရှေးမြန်မာမင်းတို့ လက်ထက်က တိုင်သူကြီးဟု ခေါ်သည်။ ယခုအင်္ဂလိပ်မင်းတို့ လက်ထက်၌ကား တိုက်သူကြီးဟုခေါ်သည်။ ရွာဟူသည် စည်း၏အတွင်းဌာန၏ အမည်ဖြစ်သည်။ ထိုဌာနကို အစိုးရသောသူကို ရှေးအခါက ရွာအုပ်ဟူ၍ခေါ်သည်။ ယခုကာလ၌မူကား ရွာသူကြီးဟူ၍ ခေါ်သည်။ ထိုရွာအုပ် ရွာသူကြီးတို့သည်၊ အခွန်ကောက်ခံရာ-ကျေးရွာပြုစုရန်-နယ်ပယ် သီးသန့်ပိုင်းခြား၍ ခန့်ထားအပ်သော အခွင့်အာဏာ မရှိသောကြောင့် ဂါမဘောဇက မမည်။

မူးတိုင်ကိုလည်း သစ်ပင်စသည်ကိုမှတ်၍၊ ရှေးရာဇဝင်ခံ-ရွာခေါင်းသူကြီးတို့က မှတ်ပြသည့်အတိုင်း၊ ရာဇဝတ်ခံရာဌာနကို မှတ်သားရန်အကျိုးငှါသာ စိုက်ထားခြင်းဖြစ်သည်။ အခွန်ကောက်ခံရာ-ကျေးရွာပြုစုရန် နယ်ပယ်သီးသန့် ပိုင်းခြား၍၊အခွင့်အာဏာပေးခြင်းငှါစိုက်ထားသည်မဟုတ်။ မဟုတ်ကြောင်းကို ၎င်းမူးတိုင်အတွင်း၌ ရွာအသစ်တည်ပြန်လျှင် တဖန် ရွာသူကြီးခန့်စာ-ခန့်အပ်ခြင်း၊ မူးတိုင်စိုက်ခြင်း၊ တိုက်သူကြီးဆင့်ဆိုရာနာခံရခြင်း၊ တိုက်သူကြီးနှင့်ခွဲဝေ၍ ခိုင်စားရခြင်းကိုရင်း၊ မူးတိုင်ရှင်ရွာသူကြီးက ဆင့်ဆိုခြင်း စသည်ကို မပြုနိုင်သည်ကိုရင်း၊ တိုင်သူကြီးနှင့် မသင့်လျှင်၊ တိုင်ပြင်သို့ထွက်သွားရွာတည်မှ လွတ်နိုင်သည်။ ရွာသူကြီးနှင့် မသင့်လျှင်၊ စည်းပြင်သို့ ထွက်သွားရွာတည်ကပင် မူးတိုင်အတွင်းဖြစ်သော်လည်း၊ လွတ်နိုင်သည်ကိုရင်း ထောက်ထား၍ သိသင့်သည်။ ရွာသူကြီးစာယူက ကိစ္စများအံ့သည်ကိုထောက်၍၊ ရွာသူကြီးစာကိုမယူပဲ တိုင်သူကြီး, ရွာသူကြီးတို့ ဆင့်ဆိုရာ နာခံ၍နေသော ခိုင်မစားရသော ကြေးထမ်းလွှတ် ရွာခေါင်းလည်းအချို့ရှိ၏။ ၎င်းရွာခေါင်းကို သဘောတူ၍ ဆင့်ဆိုကာမျှဖြင့် တိုင်သီးဖြစ်သင့်ရာ၌ ပမာဏမဟုတ်။ ရွာသူကြီး-ရာဇဝတ်ထိန်းခြင်း၊ ကြေးခွဲခြင်းစသောအရာကို- တိုင်သူကြီးက-ရွက်ဆောင်ခွင့်မရ-ဟူသော အမိန့်စကားသည်လည်း၊ ရှေးရှေးသော ရွာခေါင်းတို့ရွက်ဆောင်အပ်သော ရာဇဝတ်ထိန်းခြင်း- ကြေးခွဲခြင်းစသော အရာကို၊င်-သေချာစွာ ဖြစ်စေရန် ဆင့်ဆိုခြင်းမျှသာဖြစ်ရကား၊ တိုင်သီးဖြစ်သင့်ရာ၌ ပမာဏမဟုတ်။ ။ငါတို့ကား ရွာဟူသမျှမှာပင် ရွာသူကြီးခန့်အပ်၍ စိုက်မှတ်အပ်သော မူးတိုင်ရှိသည်ကို ကြားသိတွေ့

မြင်ခြင်းဖြင့် အခွန်ဒကာက်ခံရာ၊ ကျေးရွာပြုစုရန်-နယ်ပယ်သီးသန့် ပိုင်းခြား၍ တိုင်သူကြီးခန့်ထားလိုလျှင်၊ ဤကဲ့သို့ပြုမည်မဟုတ်၊ ရွာဟူ၍ကရာဇဝတ်နှင့်မကင်း၍ အချင်းချင်း ရာဇဝတ်ခံရာ ဌာနနှင့်စပ်လျဉ်း၍ ငြင်းခုံခြင်းမရှိစေရန်၊ ရှေးရှေးက ရာဇဝတ်ခံရာ ရွာခေါင်းသူကြီးတို့ မှတ်ပြုသည်အတိုင်း၊ ရာဇဝတ် ခံရာ-ဌာနကို မှတ်သားခြင်းငှါသာ မူးတိုင်စိုက်ထားခြင်း ဖြစ်သည်ဟု-နှလုံးသွင်းရင်းရှိသည်။

မူးတိုင်အတွင်းဌာနသည်၊ ဂါမသိမ် ဖြစ်လေသလော-မဖြစ်လေသလောဟု တွေးတောယုံမှားခြင်းပင်မရှိ။ ပညာပင်ရှိသော်လည်း သတိဖြစ်ခဲ့သည်ဟူသကဲ့သို့ ဝိနည်းမိုရ်-ပုဂ္ဂိုလ်အရှင်တို့သည်၊ ယခင်ပြုအပ်ခဲ့ပြီးသော အကြောင်းများကို သတိမရ၊ မူးတိုင်မှတ်သားရုံမျှ ရာဇဝတ်ထိန်းခြင်း၊ ကြေးခွဲခြင်းကို အခွင့်ရရုံမျှ ရွာသူကြီးခန့်ရုံမျှကို စွဲကပ်၍ အမှတ်မဲ့၊ ၎င်းမူးတိုင် အတွင်းဌာနကို ဂါမသိမ် ဟူ၍ ထင်မှတ်ပြောဆိုတတ်ချေသည်။ သာသနာတော်၏ မူလဘူဘ-ဂရုက ဖြစ်သောအံကို ဘောက်ပြန်ချွတ်ယွင်း၍ ပြုမိမည်ကို ကြောက်ကောင်းဘွယ်ရာ၊ ကြက်သီးထဘွယ်ရာဖြစ်၍၊ စေ့စေ့ငုငု ထောက်ရှု ဆင်ခြင်သဖြင့် ယခင်မူးတိုင် အတွင်းဌာန၏ ဂါမသိမ်အဖြစ်ကို စင်စစ်-ပယ်ဖျက်သင့်သည်ဟု မှတ်ယူရမည်။

ရှေးအခါ မူးတိုင်အတွင်းဌာန-ဂါမသိမ်-
မမည်ကြောင်း ဝိနိစ္ဆယပြီး၏။

---

(၅) ဝတ္ထုကံမြေသည် ဝိသုံဂါမ-ဖြစ်မဖြစ်ကို သိလိုပါသည်- လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ မှတ်ရာ၏။

မြေကိုအပိုင်ရခြင်းသည်၊ ဝိသုံဂါမအရာ၌ ပမာဏမဟုတ်၊ ပဌမ-ဂါမမှ အသီး ဖြစ်စေခြင်းငှါ-ဝိသုံဂါမမြေစား--အသနားတော်မြတ်ခံ၍၊ သိမ်သမုတ် လှူဒါန်း စေဟု ပေးခြင်းသာ ပမာဏဖြစ်သည်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံပဒေသံ-အယမ္ပိ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမော ဟောတိယေဝ။ ။ဟု မိန့်အပ်၏။ ။ဧကသ္မိံယေဝ ဂါမခေတ္တေ၊ တခုသော ဂါမခေတ်၌သာလျှင်။ ဧကံ၊ တကွက်တဌာနသော။ ယမ္ပိပဒေသံ၊ အကြင်အရပ်သည်လည်း။ အတ္ထိ၊ ရှိ၏။ အယမ္ပိ ပဒေသော၊ ဤအရပ်သည်လည်း။ ဝိသုံ၊ အသီးသော။ ဂါမော၊ ရွာသည်။ ဟောတု၊ ဖြစ်စေလော။ ဣတိ၊ ဤသို့။ ရာဇာ၊ မင်းသည်။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ကဿစိ၊ တစုံတယောက်သောသူအား။ ဒေတိ၊ ရွာစားပေး၏။ သောပိ ပဒေသော၊ ထိုမင်း ပိုင်းခြား၍ပေးရာ-ရွာအရပ် သည်လည်း။ ဝိသုံ၊ အသီးသော။

ဂါမှော၊ရွာသည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ။ဤအဋ္ဌကထာ၌၊ အယမ္ပိ ဝိသုံဂါမော ဟောတိ၊ဟူသောပါဠိဖြင့် ဝိသုံဂါမဖြစ်စေခြင်းကို ရည်၍ ပေးမှ ဝိသုံဂါမ ဖြစ်ကြောင်း၊ ဤကဲ့သို့မပေးဘဲ မြေပိုင်ဖြစ်စေခြင်းသို့သာရည်၍ ပေးလျှင် မမြောက်ကြောင်းကို ပြတော်မူသည်။ ထို့ကြောင့်၊ ဝိသုံဂါမဖြစ်စေ ခြင်းကို ရည်၍ ဝိသုံဂါမ မြေစားအသနားတော်မြှတ်ခံ၍၊ သိမ်သမုတ် လှူဒါန်း စေဟု ပေးခြင်း၊ ဝိသုံဂါမ ဖြစ်စေခြင်းကို မရည်ဘဲ၊ မြေပိုင် ဖြစ်စေခြင်းကိုသာ ရည်၍၊ ဝိဟိဂါမြေစား အသနားတော်မြှတ်ခံ၍ သိမ်သမုတ် လှူဒါန်း စေဟု ပေးခြင်း။ ဝိသုံဂါမ ဖြစ်စေခြင်းကိုလည်း မရည်၊ ဝိသုံဂါမမြေစား ဟူ၍လည်း မဆို၊ မြေပိုင် ဖြစ်စေခြင်းကိုသာ ရည်၍၊ မည်သည် ကွက်ရပ်ကို မည်သူအား ပေး၏။ ၎င်းကွက်ရပ်ကို မည်သူကအပိုင်ယူ၍ သိမ်သမုတ်လှူဒါန်းစေ စသည်ဖြင့် ပေးခြင်းသုံးရပ်တို့တွင် ပဌမပေးခြင်း၌ ဝိသုံဂါမသိမ်ဖြစ်၏။ ဒုတိယ ပေးခြင်း၌ လည်း စိတ်မရည်သော်လည်း စကား ရောက်သောကြောင့်၊ ဝိသုံ ဂါမသိမ် ဖြစ်၏ဟုဆိုကြကုန်၏။ တတိယပေးခြင်း၌ကား အလျဉ်းပင် မဖြစ်၊ မြန်မာမင်း လက်ထက်၌၊ ကျောင်း-ဘုရား- ဝတ္ထုကံမြေ၊ ပဌမ ပြန် ဆိုသော သူတို့၏ မိဘ တို့၏ မြေကွက်ရပ်များသည်၊ အခွန်ကောက် ခံခြင်း မရှိသော်လည်း၊ ဝိသုံဂါမ ဖြစ်အံ့သည်ကိုရည်၍၊ လွှတ်ထားသည် မဟုတ်ရကား၊ ပဌမသူကြီး အာဏာမှ– အသီးမဟုတ်ဖြစ်၍ ဝိသုံဂါမ-မဖြစ် သကဲ့သို့၊ ထိုအတူ- ယခုအခါ မူးတိုင် မှတ် သားအပ်သော ကျောင်း-ဘုရား- ဝတ္ထုကံမြေ သည်လည်း ဝိသုံ ဂါမ-မဖြစ်။ တတိယ ပေးခြင်းပင် ဖြစ်သည်ဟု မှတ်ရာသည်။

ဝတ္ထု ကံမြေ- လာဘသိမ်၏ ဝိသုံဂါမသိမ်-မဖြစ်ကြောင်းကိုစီရင်ဆုံးဖြတ်
အပ်သော အဆုံး အဖြတ်ကား ဤတွင်ရှေပြီး၏။

---

(၆) ယခုကာလ သိမ်အမိန့်ခံရာ သိမ်သမုတ်ဖြစ်လျှင်၊ ၎င်းမြေကွက်ကို ပေးပါ၏။ မသမုတ်ဖြစ်လျှင်- မပေးဟု အနေကန္တိက ပေးခြင်းသည်၊ အပေးမြောက်မည်-မမြောက်မည်။ ခံယူသူပိုင်မည်-မပိုင်မည်။ ဝိသုံဂါမ-ဖြစ် မဖြစ်ကို သိလိုပါသည် လျှောက်ထား ရာ၌၊ အဆုံး အဖြတ်ကို ဤသို့သိမှတ်ရာ၏။

သစေဟိ ပဋ္ဌသု သဟာမဂ္ဂကေသု ယောကောစိ ကာလံ ကရောန္တော မမစ္စ ယေန မယှံ ပရိက္ခာရော- ဥပဇ္ဈာယဿ ဟောတု၊ အာစရိယဿ ဟောတု၊ သဒ္ဓိဝိဟာရိကဿ ဟောတု၊ အန္တေဝါသိကဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ အညဿဝါ ကဿစိ ဟောတူတိ ဝဒေယျ။ တေသံ နဟောတိ၊ သံ

ဃဿေဝ ဟောတိ။ နဟိ ပဥ္စန္နံ သဟာမ္မိကာနံ အစ္စယဒါနံ ရုပ္ပတိ၊ ဂိဟိနံပန ရုပ္ပတိ။ ။(ဘိက္ခုနီ ခန္ဓက အဋ္ဌကထာ)။ ။ဟိဝိတ္တာရေမိ၊ ထိုစကားကို အကျယ်ချဲ့၍ ဆိုဦးအံ့။ပဥ္စသု၊ ငါးယောက်ကုန်သော။သဟ မ္မိကေသု၊ သီတင်း သုံးဘော်တို့တွင်။ ယောကောစိ၊ အမှတ်မရှိ တစုံ တယောက်သော သူသည်။ ကာလံ ကရောန္တော၊ သေလွန်သည် ရှိသော်။ မမစ္စယေန၊ ငါသေလွန်သော အခါ၌။ မယှံ၊ ငါ၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ မေ၊ ငါ၏။ ဥပဇ္ဈာ ယဿ၊ ဥပဇ္ဈာယ်ဆရာအား။ ဟောတု၊ ဖြစ်စေလော။ မေ၊ ငါ၏။ သဒ္ဓိဝိဟာ ကဿ၊အတူနေတပည့်အား။ ဟောတု၊ ဖြစ်စေလော။ မေ၊ ငါ၏။ အန္တေ ဝါသိ ကဿ၊ အတွင်းနေ တပည့်အား။ ဟောတု၊ ဖြစ်စေလော။ မေ၊ ငါ၏။ မာတု အမိအား။ ဟောတု၊ ဖြစ်စေလော။ မေ၊ ငါ၏။ ပိတု၊ အဘအား။ ဟောတု၊ ဖြစ်စေလော။ အညဿ၊ တပါးသော။ ကဿစိဝါ၊ တစုံတယောက်သောသူအား လည်း။ဟော:တု၊ ဖြစ်စေလော။ ဣတိ၊ ဤသို့။ သစေ ဝဒတိ၊ အကယ်၍ဆိုအံ့။ ဝံသတိ ၊ဤသို့ဆို၍ပေးသည် ရှိသော်။ တံပရိက္ခာရံ၊ ထိုပရိက္ခရာသည်။ တေသံ၊ ထိုဆရာ, ဥပဇ္ဈာယ် စသည်တို့အား။ ဝါ၊ တို့၏။ သန္တကံ၊ ဥစ္စာသည်။နဟော တိ၊ မဖြစ်။ သံဃဿေဝ၊ သံဃာ၏ သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ထိုစကားသည် မှန်၏။ ပဥ္စန္နံ၊ ငါးယောက်ကုန်သော။ သဟာမ္မိ ကာနံ၊ သီတင်းသုံးဘော်တို့၏။ အစ္စယဒါနံ၊ ငါသေသောအခါ ယူလော ဟူ၍ ပေးခြင်းသည်။ နရုပ္ပတိ၊ မရောက်။ ဂိဟိနံပန၊ လူတို့၏ကား။ အစ္စယဒါနံ၊ ငါ သေသောအခါ ယူလောဟုပေး ခြင်းသည်။ ရုပ္ပတိ၊ ရောက်၏။ ။(ဤကား အနက်)

ဤ အဋ္ဌကထာ ပါဠ်ဖြင့်၊ သီတင်း သုံးဘော် ငါးယောက် တို့တွင်၊ တယောက်ယောက်သည်၊ ငါသေသောအခါ၌၊ ငါ၏ ပရိက္ခရာသည်၊ ဥပဇ္ဈာယ် စသည်တို့တွင်၊ တယောက်ယောက်သော ရဟန်း သာမဏေတို့ အားဤ၊ အမိ အဘ တို့တွင်၊ တယောက်ယောက်သော သူအားဤ ဖြစ်စေ-ရစေဟု ပေး၏။ သီတင်းသုံးဘော် ငါးယောက်တို့၏ ဤကဲ့သို့ အစ္စယ ဒါန-အနာဂတ၊ အနေ ကန္တိက ပေးခြင်းသည် ပေးအပ်သော သူတို့အား မသေမီ ဤ၊ သေသော အခါ၌ဤ- မရောက်။ လူတို့သည် ငါသေသော အခါ၌၊ ငါ၏ ပစ္စည်းသည်၊ ရဟန်းသာမဏေ တို့အားဤ၊ အမိအဘ တို့အားဤ ဖြစ်စေဟု ပေး၏။ လူ တို့၏ ဤကဲ့သို့၊ အစ္စယဒါန—အနာဂတ- အနေ ကန္တိက ပေးခြင်းသည်၊ ပေး အပ်သော သူတို့အား မသေမီ မရောက်၊ သေသော အခါ၌ကား ရောက်၏ ဟူသော အနက်ကို ပြတော်မူ၏။ ထိုသို့ သီတင်း သုံးဘော် ငါးယောက်တို့၏ သာ၊ အစ္စယဒါန အနာဂတ- အနေကန္တိက ပေးခြင်း မှမြောက်ကြောင်း။ လူ

တို့၏ကား၊ အစ္စယဒါန-အနာဂတ- အနေ ကန္တိကပေးခြင်း မြောက်ကြောင်းကို အဋ္ဌကထာ၌ လာသောကြောင့်၊ လူဖြစ်သော အစိုးရတို့၏ သိမ်သမုတ်လျှင်ပေး၏။ တပါးသော ကိစ္စကိုပြုလျှင် မပေးဟု- အနာဂတ-အနေ ကန္တိကပေးခြင်းသည် တပါးသောကိစ္စကို ပြုသောသူအား ပေးခြင်း မမြောက်၊ သိမ်သမုတ်သောသူအား ပေးသောအခါကပင် ပေးခြင်းမြောက်၏။ ခံယူသူပိုင်၏။ ဝိသံဂါမဖြစ်၏ဟုမှတ်ရာ၏။ ။

သိမ်အမိန့်ခံရာ- လူတို့၏အနာဂဘ- အနေကန္တိကပေးခြင်းမြောက်ကြောင်း
သင့်ကြောင်း၊ အဆုံးအဖြတ်ကား ဤတွင်ရွေ့ပြီး၏။
သီမက္ခန္ဓကပြီး၏။

## ၅ - ပဝါရဏက္ခန္ဓက

(၁) သာမဏေတို့ ဝန်ညီဖြစ်သောနှစ်ဘက်ဝန်ကို ထမ်းခြင်းငှါအပ်-မအပ် ဝိနိစ္ဆယ။

(၂) ဗုဒ္ဓဝစနႆ မာဂဓဘာသာကို သံယုတ်ပင့်ရစ် အောက်မြစ်ရှေ့ဆီးသံကဲ့သို့၊ စိုးစဉ်းရွတ်ဆိုရာ၌ အပြစ်မရှိကြောင်းကိုပြဆိုရာ ဝိနိစ္ဆယ။

(၃) သာမဏေတို့အား-သရဏဂုံကို ခံယူခြင်းဖြင့်၊ သီလပြည့်စုံကြောင်းကို ပြဆိုရာ ဝိနိစ္ဆယ။

(၄) သရဏဒါနအရာ၌ သဗ္ဗန္ဓ-ဝိစ္ဆေဒကိုပြဆိုရာ ဝိနိစ္ဆယ။

(၅) ကာပနေ့တ္တ-စသော ဝဇီရဗုဒ္ဓိဋီကာ၏အဓိပ္ပါယ်ကိုပြဆိုရာ ဝိနိစ္ဆယ။

(၆) ညတ်၌ ဒုရုစ္စာရဏဖြစ်က-ကံပျက်ကြောင်းကိုပြဆိုရာ ဝိနိစ္ဆယ။

(၇) လေးယောက်၊ စသောသံဃာသည်။ ကမ္မဝါစာဘတ်ခြင်းငှါ အပ်မအပ်ကို ပြဆိုရာ ဝိနိစ္ဆယ။

(၈) ဥပဇ္ဈာယ်တပါး၊ ပဉ္စင်းလောင်း၂-ပါး-၃-ပါးပြုရာကမ္မဝါစာဘတ်ပုံကို ပြဆိုရာ ဝိနိစ္ဆယ။

(၉) ဥဘတောသုဒ္ဓိက ဝိနိစ္ဆယ။

(၁၀) ကျနသေချာစွာ ကမ္မဝါစာနိသျ။

(၁) သာမဏေတို့သည်၊ ဝန်ညီဖြစ်သော နှစ်ဘက်ဝန်ကို ထမ်းအပ်မည်။ မထမ်းအပ်မည်ကို သိလိုပါသည်ဟု- လျှောက်ထားရာ၌၊အဆုံးအဖြတ်ကို ဤသို့မှတ်ရာ၏။

သဗ္ဗမယာ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗံ၊နိဝါသနပါရုပနာဒီသု အာဘိသမာစာရိကေသု ဝိနေတဗ္ဗော။ ။(ပဗ္ဗဇ္ဇက္ခန္ဓက မဟာဝါအဋ္ဌကထာ)။ ။သဗ္ဗမယာ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗန္တိ ဒသသိက္ခာပဒဝိနိမုတ္တံ ပရာမာသာပရာမာသာဒိဘေဒံကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗံ။ အာဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ သေခိယဥပဇ္ဈာယဝတ္တာဒိ အာဘိသမာစာရိက သီလမနေန ပူရေတဗ္ဗံ။ တတ္ထစ ကတ္တဗ္ဗယာ အကရဏေ အကတ္တဗ္ဗယာစ ကရဏေ ဒဏ္ဍကမ္မာရဟော ဟောတီတိဒီပေတိ။ ။(ရှင်းအဘှင့် တေရသကဏ်ဍ္ဍီ ဂါ)။ ။ဥပဇ္ဈာစရိယေန၊ဥပဇ္ဈာယ် ဆရာသည်။ အယာ၊ ထိုသာမဏေအား။ ကပ္ပိယာကပ္ပိယံ၊ သုံးသပ်ခြင်းငှါအပ်, မအပ်စသည်အပြားရှိသော။ သဗ္ဗံ၊ အလုံးစုံသော ကျင့်ဝတ်သိက္ခာပုဒ်ကို။အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ နိဝါသနပါရုပနာဒီသု၊ သင်းပိုင်ဝတ်ခြင်း၊ ကိုယ်ဝတ်ရုံခြင်း အစရှိကုန်သော။အာဘိသမာစာရိကေသု၊ အာဘိသမာစာရိက ဝတ်တို့၌။ ဝိနေတဗ္ဗော၊ သင်ကြားပြသဆုံးမအပ်၏။ ။(ဤကား အဋ္ဌကထာ၏ အနက်)။ ။သဗ္ဗမယာ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗန္တိ၊ ဟူသည်ကား။ ဒသသိက္ခာပဒဝိနိမုတ္တံ၊ဆယ်ပါးသောသိက္ခာပုဒ်မှလွတ်သော ပရာမာသာပရာမာသာဒိဘေဒံ၊သုံးသပ်ခြင်းငှါအပ်-မအပ်စသည်အပြားရှိသော။ကပ္ပိယာ ကပ္ပိယံ၊ အပ်, မအပ်သော။ သဗ္ဗံ၊ အလုံးစုံသော သိက္ခာပုဒ်ကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ အာဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ၊ အာဘိသမာစာရိကေသု ဝိနေတဗ္ဗောဟူသော ဤပါဠ်ဖြင့်။သေခိယဥပဇ္ဈာယဝတ္တာဒိ အာဘိသမာစာရိက သီလံ၊ သေခိယဝတ်၊ ဥပဇ္ဈာယဝတ်အစရှိသော-အာဘိသမာစာရိက သီလကို။ အနေန၊ ဤသာမဏေသည်။ ပူရေတဗ္ဗံ၊ ဖြည့်ကျင့်အပ်၏။ တတ္ထစ၊ ထိုသေခိယဝတ်စသည်တို့၌လည်း။ ကတ္တဗ္ဗယာ၊ပြုသင့်- ပြုထိုက်သောအမှုကို။ အကရဏေစ၊ မပြုခြင်းကြောင့်ရင်း။ ကတ္တဗ္ဗယာ၊ ပြုသင့် ပြုထိုက်သောအမှုကို ကာရဏေစ ပြုခြင်းကြောင့်ရင်း။ ဒဏ္ဍကမ္မာရဟော၊ ဒဏ်အမှုကိုပေးခြင်းငှါ ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒီပေတိ၊ ပြတော်မူ၏။ ။ဤကား တေရသကဏ်ဍီကာ၏အနက်)

ဤသို့ အဋ္ဌကထာ, ဋီကာတို့၌လာရကား၊ ရဟန်းတို့၏ ပရိမဏ္ဍလနိဝါသနစသော-သာရုပ္ပသိက္ခာပုဒ်သည်၊ သာမဏေတို့နှင့် ဆက်ဆံသည်ဖြစ်၍၊ သက်န်းကို ညီညွတ်စွာ မဝတ်ရုံခြင်းစသော မသင့်တင့် မလျောက်ပတ်သော အမှု၌ လွန်ကျူးခြင်းတည်းဟူသော အသာရုပ္ပ ဝီတိက္ကမဒေါသသည်၊ သာမဏေသို့အား မအပ်

သကဲ့သို့ ထို့အတူ၊ ရဟန်းတို့၏။ ။အနုဇာနာမိဘိက္ခဝေ ကေသော ၊ ကာဇံ အန္တရ ကာဇံ သီဘာရံ ခန္ဓသဘာရံ ကဋိကဘာရံ ဩလမ္ဗကံ။ ။ဟူ၍ ခုဒ္ဒကဝတ္ထု ခန္ဓက၌ ဟောတော်မူအပ်သော သာရုပ္ပသိက္ခာပုဒ်သည်လည်း၊ သာမဏေတို့နှင့် မဟာပဒေသ- အနုလောမ- သာရုပ္ပဖြစ်၍လည်း ဆက်ဆံရကား၊ နှစ်ဘက် ဥဘ တောကာဇကို ဆောင်ခြင်းဟူသော သာရုပ္ပဝီတိက္ကမဒေါသ သိက္ခာပုဒ်သည် လည်း၊ သာမဏေတို့အား မသင့်ဟု မှတ်ရာ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ ကေသော ကာဇံ၊ ထမ်းပိုး၏ တဘက်သောအစွန်း၌ ဆွဲ၍ ရွက်ဆောင်အပ်သော တဘက် ဝန်ကိုရင်း။ အန္တရာကာဇံ၊ ထမ်းပိုး၏ အလယ်၌ဆွဲ၍ ရှေ့နောက် နှစ်ယောက် သော သူတို့သည် ဆောင်ရွက်အပ်သော ကြားဝန်ကိုရင်း။သီသဘာရံ၊ဦးခေါင်း ဖြင့် ရွက်အပ်သော ဦးခေါင်းဝန်ကိုရင်း။ ခန္ဓဘာရံ၊ ပခုံးဖြင့် ထမ်းအပ်သော ပခုံးဝန်ကိုရင်း။ ကဋိဘာရံ၊ ခါးဖြင့် ရွက်ဆောင်အပ်သော ခါးဝန်ကိုရင်း။ ဩလမ္ဗကံ၊ လက်ဖြင့်ဆွဲအပ်သော လက်ဆွဲဝန်ကိုရင်း။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ။(ဤကားအနက်)

သာမဏေတို့အား နှစ်ဘက်ဝန်ကို မထမ်းအပ်ကြောင်း
ဝိနိစ္ဆယကား ပြီး၏။

---

(၂) ပရိယတ္တိဗုဒ္ဓဝစနကို ယပင်း-ရရစ်၊ အောက်မြစ်-ရှေ့ဆီးသော အသံ ကဲ့သို့သော ရွတ်ဘတ်သော ရဟန်းတို့အား၊ အပြစ်-အာပတ်ရှိမည်၊ မရှိမည်သိလိုပါသည် လျှောက်ထားရာ၌၊ ဝိနိစ္ဆယကို ဤသို့သိမှတ် ရာ၏။

ကစ္စိသညောဂပုဗ္ဗာ ကောရောကာရာ ရဃာဝ ဝတ္တဗ္ဗာ။ ။သဒ္ဒနီတိသုတ်။ ။ ကစ္စိ၊ အချို့သောပြယုဂ်၌။ သညောဂပုဗ္ဗာ၊ သံယုဂ်၏ရှေ့၌ဖြစ်ကုန်သော။ ကော ရောကာရာ၊ ဧကာရ- ဩအက္ခရာတို့ကို။ ရဃာဝ၊ ရဿတို့ကိုကဲ့သို့။ ဝတ္တဗ္ဗာ၊ ရွတ်ဆိုအပ်ကုန်၏။ ။(ဤကားအနက်)။ ။၎င်းသဒ္ဒနီတိသုတ်၏ အရာဖြစ်သော ဩဘာသေယျ- ဟူသော ပုဒ်ကို၊ ဆရာတော် ဦးဗုဓ်ကား၊ ဩဘာသေယျ-ဟု အောက်မြစ်သံဖြင့် ရွတ်အပ်၏ဟု ဆိုတော်မူ၏။ အချို့ကား ဩဘာသေးယျဟု ရှေးဆီးသံဖြင့် ရွတ်အပ်၏ဟု ဆိုကြကုန်၏။ အချို့ကား ဩဘာသစ်ယျ-ဟု စသတ် သံဖြင့် ရွတ်အပ်၏ဟု ဆိုကြကုန်၏။ အချို့ကား ဒေန္တံကဲ့သို့ ဩဘာသည်ယျ-ဟု ညသတ်ဖြင့် ရွတ်ဆိုအပ်၏-ဟု ဆိုကြကုန်၏။ ။အဓိပ္ပါယ်ကား။ ။သဝေထိုး သရေးသေ၊ ယသတ်သေ့၊ ယသတ်သေး၊ ယသတ်သစ်၊ ယသတ်သည်-ဟူလိုသည်။ ထိုတွင်၊ လ- သတ်ရာ၌ ကလ္လံ- ဟု နသတ်သံကဲ့သို့၊ ယသတ်၌လည်း၊ ဒိယျတိ၊

သုယျတိ-ဟု နသတ်သံသာ ရှတ်ရသည်၊ စ,သတ်သံမရှိရကား၊ သစ်ယျ-ဟု ရွတ်သည်ကို ဆင်ခြင်အပ်၏။ မာဂဓဘာသာ၌လည်း၊ ဗျဥ္ဇနံ၊ ဖြဟ္မာ-ဟု ပင့်ရစ်သံရှိသည်။ ထို့ကြောင့် ပင့်ရစ်သံ·အောက်မြစ်သံ ပါလျှင် မြန်မာ သက္ကဋချည်း-ဟု မမှတ်အပ်၊ အချို့သောဆရာတို့၏ ဝါဒအားဖြင့်၊ မြန်မာသက္ကဋပင် ဖြစ်ငြားသော်လည်း၊ ဗုဒ္ဓဝစန မာဂဓအားလုံးကို ဖျက်လျက်၊ သက္ကဋဘာသာသို့တင်၍၊ ပို့ချစဉ်ပြုပါအံ့ဟု လျှောက်ထားရာ၌။ ။နဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ ယော အာရောပေယျ အာပတ္တိ ဒုက္ကဋဿ-ဟု စူဠဝါ-ခုဒ္ဒကဝတ္ထုခန္ဓကဥ္စ ပညတ်တော်မူသည်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကားတော် ဖြစ်သော မာဂဓဘာသာ ပါဠိကို။ ဆန္ဒသော၊ သက္ကဋ ဘာသာသို့။ နအာရောပေတဗ္ဗံ၊ မတင်အပ်။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ အာရောပေယျ၊ တင်ငြားအံ့။ အဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သို့။ အာပတ္တိ- အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ၏။ ။(ဤကားအနက်)

ဟာခုအခါ၌၊ ဗုဒ္ဓဝစန-မာဂဓဘာသာကို ဖျက်လိုသော ဝိတိက္ကမရှေးသွားဖြင့် ရေးသားခြင်း၊ ဒဋ္ဌိကမ္မနှင့်တကွ ရှတ်ကြသောသူ မရှိဖြစ်သည်။ ။ဝါစာသိလိဋ္ဌ သုခုစ္စာရဏဖြစ်စေခြင်းငှါ၊ ဣန္ဒြိယံ သဒ္ဒါကို ဣန္ဒြိယံ၊ ဒုဒ္ဒဘိ သဒ္ဒါကို ဒုဒြဘိ၊ ဥတ္တဗ္ဗောသဒ္ဒါကို ဥတြဗ္ဗော၊ အတ္တဇောကို အတြဇော·ဟု မြန်မာကဲ့သို့ စိုးစဉ်းဟောတော်မူအပ်သော အရာလည်းရှိသည်။ ရှေးရှေးသော ဆရာကြီးတို့မှ ဆင်းသက်၍ ယခုထက်တိုင် ပဝေဏီအာဂတ·ရှတ်ကြသော ထုံးစံလည်းရှိသည်။ ထိုသို့ မာဂဓဘာသာ၌လည်း၊ သံယုဂ်နှောင်းရာ၌ အောက်မြစ်ရှေ့ဆီးသံရှိခြင်း၊ ပင့်ရစ်သံရှိခြင်း၊ဗုဒ္ဓဝစနကို ဖျက်ဆီးလိုသော ဝိတိက္ကမ-မရှိခြင်း၊ ဝါစာသိလိဋ္ဌ၊ သုခုစ္စာရဏ ဖြစ်စေခြင်း၊ မြန်မာသက္ကဋကဲ့သို့ စိုးစဉ်းဟောတော်မူသော အရာရှိခြင်း၊ ပဝေဏီအာဂတ-ရှတ်ကြသော ထုံးရှိခြင်းကြောင့် သံယုဂ် ပင့်ရစ်-အောက်မြစ်-ရှေ့ဆီး မရှိငြားသော်လည်း၊ ဝါစာသိလိဋ္ဌ-သုခုစ္စာရဏ ဖြစ်စေခြင်းငှါ အနက်မပျက်၊အဗ္ဗောဟာရိကမျှသာတည်း။ စိုးစဉ်း-သံယုဂ်-ပင့်ရစ်-အောက်မြစ်-ရှေ့ဆီး သံကဲ့သို့ ရှတ်ငြားသော်လည်း အပြစ်မရှိ· အာပတ်မသင့်။ ဤမျှတည်းသော အရာ၌ သက်ာယုံမှားခြင်းကို ပြုဘွယ်မရှိ·ဟု မှတ်ယူအပ်၏။

ဗုဒ္ဓဝစန မာဂဓဘာသာကို သံယုဂ်-ပင့်ရစ်-အောက်မြစ်-ရှေ့ဆီး သံကဲ့သို့ စိုးစဉ်းရှတ်ဆိုရာ၌ အပြစ်မရှိကြောင်း ဝိနိစ္ဆယပြီး၏။

---

(၃) သာမဏေတို့အား သရဏဂုံသုံးပါးကို ပြီပြင်စွာ ခံယူဆောက်တည်ကာမျှဖြင့်၊ သီလပြည့်စုံမည် မပြည့်စုံမည်ကို သိလိုပါသည်တရပ်။ ။ပဗ္ဗဇ္ဇာဟိ သရဏ(၊)မနေနေဝ သိဒ္ဓါ၊ သိက္ခာပဒါနိပန ကေဝလံ သိက္ခာ

(ပြည်ကြီး·မဏ္ဍိုင်)

ပဒပူရဏတ္ထံ ဇာနိတဗ္ဗာနိ။ တသ္မာ တာနိ ပါဠိယံ အာဂတနယေနေဝ ဥဂ္ဂဟေတုံ။ အသက္ကောန္တဿ ယာယကာယစိ ဘာသာယ အတ္ထဝသေန အာစိက္ခိတုံ ဝဋ္ဋတိ။ ။ပဗ္ဗဇ္ဇာခန္ဓက-မဟာဝါ-အဋ္ဌကထာ။ ။ ယထာစ ဘိက္ခူနံ ပါဏာတိပါတာဒီသု တာတာ အာပတ္တိယော ဟောန္တိ။ နတထာ သာမဏေရာနံ၊ သာမဏေရောဟိ ကုန္ထကိပိလ္လိကမ္ပိ မာရေတွာ မင်္ဂုလဏ္ဍကမ္ပိ ဘိန္ဒိတွာ နာသေတဗ္ဗတံ ယေဝ ပါပုဏာတိ၊ တာဝဒေဝ သရဏဂမနာနိ ဥပဇ္ဈာယ ဂဟဏဉ္စ သေနာသန ဂ္ဂါဟောစ ပဋိပဿမ္ဘတိ။ သံဃဿ လာဘံ နလဘတိ။ လိင်္ဂမတ္တမေဝ အဝသိဋ္ဌံ ဟောတိ၊ သော သစေ အာကိဏ္ဏ ဒေါသောဝ ဟောတိ။ အာယတိံ သံဝရေ နတိဋ္ဌတိ၊ နိက္ကဍ္ဎိတဗ္ဗော။ အထ သဟသာ ဝိရဇ္ဈိတွာ ဒုက္ကဋံ မယာ ကတန္တိ ပုန သံဝရေဋ္ဌာတုကာမော ဟောတိ။ လိင်္ဂနာသနကိစ္စံ နတ္ထိ။ ယထာ နိဝတ္ထ ပါရုတဿေဝ သရဏာနိ ဒါတဗ္ဗာနိ။ ဥပဇ္ဈာယော ဒါတဗ္ဗော။ သိက္ခာပဒါနိပန သရဏဂမနေနေဝ သိဇ္ဈန္တိ။ သာမဏေရာနံဟိ သရဏဂမနံ ဘိက္ခူနံ ဥပသမ္ပဒကမ္မဝါစာသဒိသံ။ တသ္မာ ဘိက္ခူနံဝိယ စတုပါရိသုဒ္ဓိသီလံ၊ ဣမိနာပိ ဒသသီလာနိ သမ္မာဒိန္နာနိယေဝ ဟောန္တိ၊ ဧဝံသန္တေပိ ဒဠှီကရဏတ္ထံ အာယတိံ သံဝရပတိဋ္ဌာပနတ္ထံ ပုန ဒါတဗ္ဗာနိ။ ။(ဇုင်း ခန္ဓကမဟာဝါအဋ္ဌကထာ)။ ။ယင်း အဋ္ဌကထာ နှစ်ရပ်တို့တွင် ရှေး အဋ္ဌကထာ၌၊ပဗ္ဗဇ္ဇာဟိ သရဏဂမနေနေဝ သိဒ္ဓါစသော ပါဠိဖြင့်သရဏဂုံဆောက်တည်ခံယူခြင်းဖြင့် သာမဏေ အဖြစ်သာပြီးသည်၊ သိက္ခာပုဒ်တို့သည်ကား သရဏဂုံကို ဆောက်ဘည် ခံယူခြင်းဖြင့် မပြီး၊အသီး ခံယူမှ ထိုခဏ၌ပြည့်စုံသည်ဟူသော အနက်ကို ပြသကဲ့သို့ ထင်ပါသည်။ နောက်အဋ္ဌကထာ၌- သိက္ခာပဒါနိပန သရဏဂမနေနေဝ သိဇ္ဈန္တိ ဟူသောပါဠိဖြင့် သရဏဂုံကို ဆောက်တည်ခြင်းဖြင့်ပင်၊ ထိုခဏ၌ သိက္ခာပုဒ်ပြည့်စုံကြောင်းကို ပြသကဲ့သို့ထင်ပါသည်။ ဤသို့ အဋ္ဌကထာနှစ်ရပ်-မညီသကဲ့သို့ရှိသည်ကို မည်ကဲ့သို့မှတ်ရမည်ဟုသိလိုပါသည်- ထပ်မံ၍ လျှောက်ထားရာ၌ နောက်ထပ်အဆုံးအဖြတ်။

•

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ပဗ္ဗဇ္ဇာ၊ ရှင်သာမဏေ၏အဖြစ်သည်။ သရဏဂမနေနေဝ၊ သရဂုံကိုခံယူခြင်းဖြင့်လျှင်။ သိဒ္ဓါ၊ ပြီးသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ယင်းသို့ ပင်ပြီးသော်လည်း။ ကေဝလံ၊ သက်သက်၊ သိက္ခာပဒပူရဏတ္ထံ၊ သိက္ခာပုဒ်ကိုဖြည့်ကျင့်ခြင်းငှါ။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဇာနိတဗ္ဗာနိ၊ သိသင့်သိထိုက်ကုန်၏။ ဝါ၊ သိအောင်ပြုအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။

တာနိ၊ ထိုသိက္ခာပုဒ်တို့ကို။ ပါဋိယံ၊ ပါဠိတော်၌။ အာဂတနယေနေဝ၊ လာသောနည်းဖြင့်သာလျှင်။ ဥဂ္ဂဟေတုံ၊ သင်ယူခြင်းငှါ။ အသက္ကောန္တဿ၊ မတတ်နိုင်သော သာမဏေအား။ ယာယ ယာယစိ၊ အမှတ်မရှိ တပါးပါးသော ဘာသာယ၊ ဘာသာဖြင့်။ အတ္ထဝသေန၊ အနက်၏အစွမ်းဖြင့်။ အာစိက္ခိတုံ၊ သင်ကြား-ပို့ချ-ပြောကြားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားရှေးအဋ္ဌကထာပါဌ်၏အနက်)။ ။စ၊ တပါကဋ္ဌံ ကရောမိ၊ အသွင်ကို ဖျက်ဆီးအပ်၏ဟု ဆိုအပ်သော ထိုစကားကို ထင်စွာပြုဦးအံ့။ ဘိက္ခုနီ၊ ရဟန်းတို့၏။ ဝါ၊ ရဟန်းတို့အား။ ပါဏာတိပါတာဒီသု၊ သူ၏အသက်ကိုသတ်ခြင်းစသည်တို့၌။ တာတာ အာပတ္တိယော၊ ထိုထို ပါစိတ်- ထုလ္လစ္စည်း-စသော အာပတ်သင့်ကုန်သည်။ ယောန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ သာမဏေရာနံ၊ သာမဏေတို့၏။ ဝါ၊ သာမဏေတို့အား။ ပါဏာတိပါတာဒီသု၊ သူ၏အသက်ကိုသတ်ခြင်းစသည်တို့၌။ တာတာ အာပတ္တိယော၊ ထိုထိုအာပတ်သင့်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ သာမဏေရော၊ သာမဏေသည်။ ကုန္ထကိပိလ္လိကမ္ပိ၊ ပိုးရွခြပုန်းကိုလည်း။ မာရေတွာ၊ သတ်မိသည်ရှိသော်။ မင်္ဂုလဏ္ဍကမ္ပိ၊ ကြမ်းပိုးဥကိုလည်း။ ဘိန္ဒိတွာ၊ ဖေါက်ခွဲဖျက်ဆီးမိသည်ရှိသော်။ နာသေတဗ္ဗတံယောဝ၊ အသွင်ကိုဖျက်ဆီးအပ်သည်၏အဖြစ်သို့သာလျှင်။ ပါပုဏာတိ၊ ရောက်၏။ တာဝဒေဝ၊ ထိုပိုးရွခြပုန်းစသည်ကို သတ်သောခဏ၌သာလျှင်၊ အဿ၊ ထိုသာမဏေ၏။ ဝါ၊ ထိုသာမဏေအား။ သရဏဂမနာနိစ၊ သရဏဂုံကိုခံယူခြင်းတို့သည်၎င်း။ ဥပဇ္ဈာယဂဟဏဉ္စ၊ ဥပဇ္ဈာယ်ကိုယူခြင်းသည်၎င်း။ သေနာသနဂါဟောစ၊ ကျောင်းခံခြင်းသည်၎င်း။ ပဋိပဿမ္ဘတိ၊ ငြိမ်း၏။ သံဃဿ၊ သံဃာ၏။ လာဘာ၊ လာဘ်ကို။ နလဘတိ၊ မရ။ လိင်္ဂမတ္တမေဝ၊ အသွင်မျှသည်သာလျှင်။ အဝသိဋ္ဌံ၊ ကြွင်းတော့သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသာမဏေသည်။ အာကိဏ္ဏဒေါသောဝ၊ ယောပြွမ်းသော အပြစ်ရှိသည်သာလျှင်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ အာယတိံ၊ နောင်ဇာ ခါ၌။ သံဝရေ၊ စောင့်ရှောက်ခြင်းတရား၌။ သစေ နတိဋ္ဌတိ၊ အကယ်၍မတည်သည်ဖြစ်အံ့။ ဝေံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ နိက္ကဍ္ဍိတဗ္ဗော၊ နှင်ထုတ်အပ်၏။ အထ၊ ထိုသို့မဟုတ်။ သဟသာ၊ အဆောတလျင်။ ဝိရဇ္ဈိတွာ၊ ချွတ်ယွင်းပြီး၍။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုအပ်သော အမှုကို။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်ပြီ။ ဣတိမနသိကတွာ၊ ဤသို့နှလုံးပိုက်၍။ ပုနႈ တဘန်။ သံဝရေ၊ စောင့်စည်းခြင်း၌။ ဌာတုကာမော၊ တည်ခြင်းငှါအလိုရှိသည်။ သစေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ လိင်္ဂနာသနကိစ္စံ၊ အသွင်ဖျက်ဆီးဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ယထာနိဝတ္ထ ပါရုတသောဝ၊ အကြွင်အကြွင်ဝတ်ပြဲ တိုင်း၊ ရုံမြဲတိုင်းသာလျှင်ဖြစ်သော။ တဿ၊ ထိုသာမဏေအား။ သရဏာနိ၊ သရဏဂုံတို့ကို။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ကို။ ဒါ

တဗ္ဗော၊ပေးအပ်၏။ မန၊ ပေးမှုရသည်မှတပါး၊ အထူးမပေးဘဲ ရသည်ကို ဆို ဦးအံ့။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့သည်။ သရဏဂမနေန၊ သရဏဂုံကို ခံယူခြင်းဖြင့်သာလျှင်။ သိဇ္ဈန္တိ၊ ပြည့်စုံကုန်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သာမဏေရာနံ၊ သာမဏေတို့၏။ သရဏဂမနံ၊ သရဏဂုံကို ခံယူခြင်းသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဥပသမ္ပဒကမ္မဝါစာသဒိသံ၊ ဥပသမ္ပဒကမ္မဝါစာနှင့်တူသည်။ ဟောတိ၊၏။ဘသ္မာ၊ထို့ကြောင့်။ဘိက္ခူနံ၊ ရဟန်းတို့အား။ဥပသမ္ပဒကမ္မဝါစာယ၊ ဥပသမ္ပဒကမ္မဝါစာဖြင့်။(ထည့်)စတုပါရိသုဒ္ဓိသီလံ၊ စတုပါရိသုဒ္ဓိသီလသည်။ သမ္ပာဒိန္နံ၊ ကောင်းစွာဆောက်တည် အပ်သည် မည်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဣမိနာပိ၊ ဤသာမဏေ သည်လည်း။ သရဏဂမနေနေဝ၊ သရဏဂုံကို ခံယူခြင်းဖြင့်သာလျှင်။ ဒသသီလာနိ၊ ဆယ်ပါးသော သီလတို့သည်။ သမာဒိန္နာနိယေဝ၊ ကောင်းစွာ ဆောက်တည် အပ်သည် မည်ကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံသန္တေပိ၊ ဤသို့ ဖြစ်ကုန်သော်လည်း။ ဒဠှီကရဏတ္ထဉ္စ၊ မြဲမြံသည်ကို ပြုခြင်းအကျိုးငှါလည်းကောင်း။ အာယတိံ၊ နောင်အခါ၌။ သံဝရ ပဟ်ဋ္ဌာပနတ္ထဉ္စ၊ စောင့်စည်းခြင်း၌ တည်စေခြင်းအကျိုးငှါလည်းကောင်း။ ပုန၊ တဖန်။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ။(ဤကား နောက်အဋ္ဌကထာ ပါဠ်၏အနက်)

အဓိပ္ပါယ်ကား၊ ရဟန်းတို့အား သိက္ခာပုဒ် ပြည့်စုံသော· အခြင်း အရာသည် နှစ်ရပ်ရှိသည်။ နှစ်ရပ် ဟူသော်ကား၊ ကမ္မဝါစာ၏ အဆုံး၌ ဝီတိက္ကမ စိတ်ရှေ့ သွားသဖြင့် ရှောင်ရှား ကျင့်သုံးခြင်း မရှိသည် ဖြစ်၍၊ ခဏတ္တယသို့ ရောက်သည်၏ အစွမ်းအားဖြင့် မဖြစ်။ နောင်ဖြည့်ကျင့်ခြင်းငှါ၊ ထိုက်သည့် အစွမ်းအားဖြင့် သိက္ခာပုဒ် ပြည့်စုံခြင်း တရပ်၊ နောင် ဝီတိက္ကမိတဗ္ဗ ဝတ္ထုကို တွေ့သောအခါ၊ လွန်ကျူးလိုသော စိတ်ဖြစ်ပြီးမှ ရှောင်ကြဉ်သော အခါ၌· ခဏတ္တယသို့ ရောက်သည်၏ အစွမ်းအားဖြင့် ပြည့်စုံခြင်း တရပ်၊ ဤသို့ နှစ်ပါး ရှိသည်။ ထို့အတူ သာမဏေ တို့အားလည်း၊ သရဏဂုံ၏ အဆုံး၌ နောင်ဖြည့်ကျင့်ခြင်းငှါ ထိုက်သည်၏ အစွမ်းအားဖြင့် ပြည့်စုံခြင်းတရပ်၊ နောင်ရှောင်ကြဉ်သောအခါ၌၊ခဏတ္တယသို့ ရောက်သည်၏အစွမ်းအားဖြင့် ပြည့်စုံခြင်းတရပ်၊ ဤသို့နှစ်ရပ်ရှိသည်။ထိုနှစ်ရပ်တို့တွင်၊ သိက္ခာပဒါနိပန စသောနောက်အဋ္ဌကထာပါဠ်ဖြင့် နောင်ဖြည့်ကျင့်ခြင်းငှါ ထိုက်သည်၏ အစွမ်း အားဖြင့်၊ သရဏဂုံ၏ အဆုံး၌ သိက္ခာပုဒ် ပြည့်စုံကြောင်းကို ပြတော်မူသည်။ ။သိက္ခာ ပဒါနိ ပန စသောရှေ့အဋ္ဌကထာပါဠ်ဖြင့်။ ။ယော ဂဝံ နပိဇ္ဇာနာတိ၊ ကိံသော ရက္ခတိ ဂေါဂဏံ၊ ဧဝံသီလမဇာနန္တော၊ ကိံသော ရက္ခေယျ သံဝရံ။ ။ဟူသော ပါဠ်နှင့်အညီ၊ သိက္ခာပုဒ်ကို· မရ·မမိ·မသိ·မမြင်ဧသာ သာမဏေသည်၊ နောက်

အခါ ခဏတ္တယသို့ ရောက်သည်၏ အစွမ်းအားဖြင့် မိမိသီလကို ပြည့်စုံ စေခြင်းငှါ အဘယ်မှာ စွမ်းနိုင် ပါအံ့နည်း။ ထိုသို့ဖြစ်၍ သိက္ခာပုဒ်ကို သိခြင်းဖြင့် နှောင်လွန် ကျူးခြင်းမရှိ၊ ပကတိခဏတ္တယသို့ရောက်သည်၏အစွမ်းအားဖြင့်ပြည့် စုံခြင်းငှါ၊ သရဏဂုံကို ခံယူပြီးသည်၏ အဆုံး၌ သိက္ခာပုဒ်ကို ဆောက်တည် ခံယူ၍၊ သိအောင်ပြုအပ်၏ဟူသောအနက်ကို ပြုတော်မူသည်။ သိက္ခာ ပုဒ်ကို-ဆောက် တည် ခံယူမှ နှောင်ဖြည့် ကျင့်ခြင်းငှါ ထိုက်သည်၏ အစွမ်းဖြင့်၊ ထို ဆောက်တည်သော ခဏ၌ ပြည့်စုံ၏ဟူသောအနက်ကို ပြတော်မူသည် မဟုတ်။ ထို့ကြောင့် ဇာနိတဗ္ဗာနိ ဟူ၍ပင်- အဋ္ဌကထာ၌ မိန့်အပ်၏။ ထို့ကြောင့် အဋ္ဌ ကထာနှစ်ရပ်ပင် တစပ်တည်း ကွဲပြားခြင်းမရှိ။ ပကတိ· ဂင်္ဂါရေနှင့်-ယမုနာရေ-နှီးနှောဘိသကဲ့သို့ နှီးနှောညီညွတ်၏ဟု မှတ်ရမည်။ ။ယော ဂေါပါလော၊ အကြင်နွားကျောင်းသားသည်။ ဂဝံ၊ နွားအပေါင်းကို။ နဝိဇာနာတိ၊ မသိ။ သော ဂေါပါလော၊ ထိုနွားကျောင်းသားသည်။ ဂေါဂဏံ၊ နွားအပေါင်းကို။ ကိံ ရက္ခတိ၊ အဘယ်မှာလျှင် စောင့်ရှောက် ထိန်းကျောင်း နိုင်အံ့နည်း။ နရက္ခ တိ ဧဝ၊ မစောင့်ရှောက်- မထိန်းကျောင်းနိုင်သည် သာလျှင်တည်း။ ဧဝံတတာ၊ ထို့အတူ။ သီလံ၊ သီလ၏ သရုပ်ကို။ အဇာနန္တော၊ ဤမျှ-ဤ၍ ရှိ၏ဟု မသိ သော။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သံဝရံ၊ လုံခြုံစွာ စောင့်ရှောက် အပ်သော။ တံသီလံ၊ ထိုသီလကို။ ကိံ ရက္ခေယျ၊ အဘယ်မှာလျှင် မကျိုးမပေါက်-မပြောက်မကြားအောင် စောင့်ရှောက် ထိန်းသိမ်း နိုင်ပါအံ့နည်း။ နရက္ခေယျ ဧဝ၊ မစောင့်ရှောက် မထိန်းသိမ်းနိုင်ရာသည် သာလျှင်တည်း။ ။(ဤကား အနက်)

သာမဏေတို့အား သရဏဂုံကို- ခံယူ ဆောက်တည်ခြင်းဖြင့် သီလပြည့်စုံ သည်ကို ပြဆိုရာ ဝိနိစ္ဆယကား ပြီး၏။

---

(၄) ပဗ္ဗဇ္ဇကန္ဓက-သရဏဒါနအရာ၌-သမ္မန္ဓ ဝိစ္ဆေဒ ဖြစ်ပုံကို သိလို ပါသည်။ယခုကာလ၌ မကာရန္တပေးလျှင် ဘင့်၍ပေး · ဟူသော အရာ ကိုသာ-ပြောဆိုသူ များပါသည်။ ၎င်းပြောဆိုကြသည်အတိုင်း သင့်မည်-မသင့်မည်ကိုသိလိုပါသည် လျှောက်ထားရာ၌၊ အဆုံး အဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးတို့တွင် ကရိုဏ်းကို အထူးနှိပ်၍ မဖွင့်မလှတ် သိမ်းဆည်း အပ်သော နှုတ်ခမ်းဖြင့်- ရွတ်သင့်သော ပတ္တကလ္လံ- ဟူသော ပုဒ်ကို၊ ကရိုဏ်း

ကို အထူး မနှိပ်မူ၍ မသိမ်းဆည်းဘဲ၊ ဖွင့်လှတ်သော ခံတွင်းဖြင့် ပတ္တကလ္လာဟု ဆိုခြင်းသည် နိဂ္ဂဟီတကို ဝိမုတ္တ ရွတ်သည်မည်၏။ ။ထို့ကြောင့် ကမ္မဝါ-ပရိဝါ အဋ္ဌကထာ၌။ ။ပတ္တကလ္လန္တိ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတွာ ဝတ္တဗ္ဗေ ပတ္တကလ္လာတိ ဝိဝဋ္ဋေန မုခေန အနုနာသိကံ အကတွာ ဝစနံ နိဂ္ဂဟီတဿ ဝိမုတ္တ ဝစနံ နာမ။ ။ဟု မိန့်အပ်၏။ ။ပတ္တကလ္လန္တိ၊ပတ္တကလ္လံ-ဟူ၍။ အဝိဝဋ္ဋေန၊ မဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ အနုနာသိကံ၊ နှာခေါင်း၌ ဖြစ်သည်ကို။ ကတွာ၊ ပြု၍။ ဝတ္တဗ္ဗေ၊ ဆိုအပ်- ဆိုသင့်- ဆိုထိုက်လျက်။ ပတ္တကလ္လာတိ၊ ပတ္တကလ္လာ-ဟူ၍။ ဝိဝဋ္ဋေန၊ ဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ အနုနာသိကံ၊ နှာခေါင်း၌ဖြစ်သည်ကို။ အကတွာ၊ မပြုမူ၍။ ဝစနံ၊ ဆိုခြင်းသည်။ နိဂ္ဂဟီတဿ၊နိဂ္ဂဟိတ်ကို။ ဝိမုတ္တဝစနံနာမ၊ ဝိမုတ္တပြု၍ဆိုခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)။ ။ဤသို့ အဋ္ဌကထာ၌ ပတ္တကလ္လာ ဟူ၍ငင်း၊ သုဏာတုဟူ၍ငင်း၊ သောဟူ၍ငင်း အာကာရန္တနှင့် ရွတ်ဆိုခြင်းသည်သာ ဝိမုတ္တမည် ကြောင်း လာသောကြောင့်၊ မကာရန္တ ရွတ်ဆိုခြင်းသည်၊ ဤဗျဉ္ဇနဗုဒ္ဓိ အရာ၌ လာသော ဝိမုတ္တနှင့် မဆိုင်ဟု မှတ်ရာ၏။

သမ္ဗန္ဓ-ဝိစ္ဆေဒ-ရွတ်ပုံကား။ ။အနုနာသိကန္တံ ကတွာ ဒါနကာလေ အန္တရာ ဝိစ္ဆေဒံ အကတွာ ဒါတဗ္ဗာနီတိ ဒသေတုံ ကေသမ္ဗန္ဓာနီတိ ဝုတ္တံ၊ ဝိစ္ဆိန္ဒိတွာတိ မကာရန္တံ ကတွာ ဒါနသမယေ ဝိစ္ဆေဒံ ကတွာ။ ။တေရသကဏ္ဍဋီကာ။ ။အနုနာသိကန္တံ၊နှာသိကဌာန်၌ဖြစ်သော နိဂ္ဂဟိတ်အဆုံးရှိသည်ကို။ကတွာ၊ ပြု၍။ ဒါနကာလေ၊ သရဏဂုံကိုပေးသော အခါ၌။ အန္တရာ၊ အကြား၌။ ဝိစ္ဆေဒံ၊ ပြတ်သည်ကို။ အကတွာ၊ မပြုမူ၍။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ဣတိဣမဿ အတ္ထဿ၊ ဤသို့သောအနက်ကို။ ဒသေတုံ၊ ပြတော်မူခြင်းငှါ။ ကေသမ္ဗန္ဓာနီတိ၊ ကေသမ္ဗန္ဓာနိ၊ ဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ ဝိစ္ဆိန္ဒိတွာတိ၊ ဟူသည်ကား။ မကာရန္တံ၊ မအက္ခရာ အဆုံးရှိသည်ကို။ ကတွာ၊ ပြု၍။ ဒါနသမယေ၊ သရဏဂုံကိုပေးသောအခါ၌။ ဝိဇ္ဆေဒံ၊ ဖြတ်သည်ကို။ ဝါ၊ အကြား၌ပြတ်သည်ကို။ ကတွာ၊ ပြု၍။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ။(ဤကားအနက်)

ငင်းဋီကာဆရာ အလိုဓတော်ကား၊ အထူး ကရိုဏ်းကိုနှိပ်၍ မဖွင့်မလှတ် သိမ်းဆည်းအပ်သော နှုတ်ခမ်းဖြင့် နိဂ္ဂဟီတန္တကို ရွတ်သောအခါ၊ နောက်အက္ခရာ နှင့် စပ်၍ ဖြစ်တတ်သော အလေ့သဘောရှိသည်။ ဤသို့ နောက်အက္ခရာနှင့်စပ်၍ ဖြတ်တတ်သော အလေ့သဘောရှိသော အထူးကရိုဏ်းကိုနှိပ်ခြင်း၊ နှုတ်ခမ်းကို ပိတ်ဆို့သိမ်းဆည်းခြင်း မဖြစ်စေခြင်းငှါ နောက်အက္ခရာနှင့် စဉ်းငတ်ဖြတ်၍၊ ပြကတေ့သောဌာန် ကရိုဏ်းနှုတ်ခမ်းဖြင့် မကာရန္တကို ရွတ်အပ်၏ ဟူလိုသည်။

အချို့ကား၊ သရကင်းသော မအက္ခရာကို နောက်အက္ခရာသို့ ဆောင်ကပ်၍ ပြု အပ်သော သန္ဓိမရှိရကား၊ စဉ်းငယ်ဖြတ်၍ ရွတ်အပ်၏ဟု ဆိုလိုသည်-ဟူ၏။ သန္ဓိ မဟုတ်သော နိဂ္ဂဟိတန္တပုဒ်ကို နောက်အက္ခရာနှင့်စပ်၍ ရွတ်အပ်၏ဟူသော အဋ္ဌ ကထာနှင့် ဆန့်ကျင်ဘွယ်ရှိရကား ထိုစကားမသင့်ဟု မှတ်ရာ၏။ ။ငါဘို့အလို ကား၊ ကရိုဏ်းကို အထူးနှိပ်၍ရွတ်လျှင် ဌာန်နှင့်ကရိုဏ်းတို့သည် အထူးစပ်ခြင်း ဖြစ်လာသည်။ ထို့ကြောင့် ကေသမ္ဗန္ဓာနိ၊ ဟူသည်နှင့် ကရဏံ နိဂ္ဂဟိတ္ထာ ဟူသည် အတူတူပင်ဖြစ်သည်။ ဖုဋ္ဌ-အဖုဋ္ဌ-ဟူရာ၌ ဖုဋ္ဌကိုပယ်၍ အဖုဋ္ဌကိုဆိုသည်။ ဤအတူ ကေသမ္ဗန္ဓာနိပုဒ်၊ ဆေဒံ ကတ္ဗာပုဒ်တို့၌လည်း၊ ကေသမ္ဗန္ဓကိုပယ်၍ ဆေဒံ ဟုဆို သည်။ ဖုဋ္ဌဖြင့် ပြင်းစွာ နှုတ်ခမ်းတို့၏ ထိခြင်းကိုပြသည်။ အဖုဋ္ဌဖြင့် ပြင်းစွာ ထိခြင်းကို ပယ်၍ စဉ်းငယ်ထိခြင်းကိုပြသည်။ ဤအတူ- ကေသမ္ဗန္ဓာနိဖြင့် ဌာန်, ကရိုဏ်းတို့၏ အထူးစပ်ခြင်း၊ နှိပ်ခြင်းကိုပြသည်။ ဆေဒံဖြင့် ဌာန်,ကရိုဏ်းတို့၏ အထူးစပ်ခြင်း၊နှိပ်ခြင်းကိုပယ်၍ ပြကတေ့ ဌာန်,ကရိုဏ်းတို့၏ စပ်ခြင်း၊နီးခြင်းကို ပြသည်။ ထို့ကြောင့် အထူးကရိုဏ်းကိုစပ်နှိပ်၍ ပိတ်ဆို့သိမ်းဆည်းအပ်သော ခံတွင်းဖြင့် နိဂ္ဂဟိတန္တကိုရွတ်အပ်၏။ အထူးစပ်နှိပ် ပိတ်ဆို့ သိမ်းဆည်းခြင်းမရှိ။ ပကတိသော ကရိုဏ်း၊ ဌာန်-နှုတ်ခမ်းဖြင့် မကာရန္တကိုရွတ်အပ်၏-ဟု ပြခြင်း ငှါ။ ။ဣမာနိစပန ဒဒမာနေန ဗုဒ္ဓံသရဏံ ဂစ္ဆာမိတိ ဧဝံ ကေသမ္ဗန္ဓာနိ အနု နာသိ ကန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ၊ ဗုဒ္ဓမ်-သရဏမ်-ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ။ ။ဟု အဋ္ဌကထာ မိန့်အပ်၏။ ။ပန၊ ဆက်၍ ဆိုဦးအံ့။ ဣမာနိစ၊ ဤသရဏဂုံတို့ကိုလည်း။ ဒဒမာနေန၊ ပေးသော ရဟန်းသည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟူ၍။ ဧဝံ၊ ဤသို့။ ကေသမ္ဗန္ဓာနိ၊ဌာန်,ကရိုဏ်းတို့၏ အတူတကွနက်စပ်သော အသံရှိကုန်သော။ အနု နာသိ ကန္တာနိ၊ နာသိကဌာန်၌ဖြစ်သော နိဂ္ဂဟိတ်အဆုံးရှိသည်တို့ကို။ ကတွာဝါ၊ ပြု၍မူလည်း။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ဗုဒ္ဓမ်-သရဏမ်-ဂစ္ဆာမိတိ၊ ဗုဒ္ဓမ်-သရဏမ်-ဂစ္ဆာမိဟူ၍။ ဧဝံ၊ ဤသို့။ ဝိစ္ဆိန္ဒိတွာ၊ ဌာန်နှင့်ကရိုဏ်းကို အထူးမစပ် ပြကတေ့သော ဌာန်ကရိုဏ်းဖြင့်ဖြတ်၍။ မကာရန္တာနိ၊ မ,အက္ခရာအဆုံးရှိသည် တို့ကို။ကတွာဝါ၊ပြု၍မူလည်း။ ဒါတဗ္ဗာနိ၊ပေးအပ်ကုန်၏။ ။(ဤကားအနက်)

ထိုစကားသင့်စွ၊ကရိုဏ်းကိုနှိပ်၍ရွတ်လျှင် ဖြတ်၍ရွတ်သော်လည်း နိဂ္ဂဟိတန္တ ဖြစ်မည်မချတ်၊ ကရိုဏ်းကိုမနှိပ်မူ၍ ရွတ်လျှင် စပ်၍ ရွတ်သော်လည်း မကာရန္တ ဖြစ်မည်မချတ်၊ ထို့ကြောင့်ဖြတ်ခြင်း-မဖြတ်ခြင်းသည် ပမာဏမဟုတ်ဟု ယူသင့် သည်။ နိဂ္ဂဟိတန္တ အရာ၌ ပြုအပ်သော အထူးနှုတ်ခမ်းကိုပိတ်ခြင်း၊ သိမ်းဆည်း ခြင်းကိုပယ်လို၍ ပြကတေ့သော နှုတ်ခမ်းကို ဖြစ်စေလို၍၊ ဖွင့်၍ရွတ်ဟု ဆိုလျှင်

သင့်၏။ အာကာရန္တ-ဝိမုတ္တ-ကိုရည်၍ ဖွင့်၍ရှတ်ဟုဆိုလျှင် မကာရန္တပင် မဖြစ်သောကြောင့် မသင့်ဟုမှတ်ရာ၏။

သရဏာဒါနအရာ၌ သဒ္ဒန္ဒ-ဝိစ္ဆေဒ-အဆုံးအဖြတ်ကား
ဤတွင် ရှေ့ပြီး၏။

---

(၅) ကာပနေတ္ထ ဥပသမ္ပဒါနာမာတိ၊ စသော ဝဇီရဗုဒ္ဓိဋီကာ၏အဓိပ္ပါယ်ကို၊ မှန်ကန်ကျနစွာ- သိလိုပါသည်ဟု- လျှောက်ထားရာ၌၊ အဆုံးအဖြတ်ကို ဤသို့မှတ်ရာ၏။

ကာပနေတ္ထ အတ္ထတော ဥပသမ္ပဒါနာမာတိ၊ တဒမိဂတကြိယာ ဝိသေသ နိဗ္ဗတ္တိယာ အပေက္ခာ တဒမိဝါသန စေတနာယ ပရိဘာဝိတ ပဉ္စက္ခန္ဓိကာ အဇ္ဈတ္တသန္တတိ၊ ကာပနေတ္ထ ပရိဘာဝနာနာမ၊ တဗ္ဗိပက္ခ ဝိရုဒ္ဓဘာဝေါ။ ။ (ပဗ္ဗဇ္ဇခန္ဓကအဘင့်ဝဇီရဗုဒ္ဓိဋီကာ)။ ။ဧတ္ထ၊ ဤပဉ္စင်း၏အဖြစ်ကိုပြသောအရာ၌။ အတ္ထတော၊ သရုပ်ဘရားကိုယ်အားဖြင့်။ ဥပသမ္ပဒါနာမ၊ ပဉ္စင်း၏ အဖြစ်မည်သည်။ ကာပန၊ အဘယ်ပါနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။တဒမိဂတကြိယာဝိသေသနိဗ္ဗတ္တိယာ၊ထိုဟေ်ဘိက္ခု-ဟူသော စကားတော်ဩဝါဒကိုခံခြင်း။ ပ။ ဥတ္တိစတုတ္ထကမ္မဝါစာကိုရသည်၏ အစွမ်းအားဖြင့်ဖြစ်သော မေထုန်မှ-ကြဉ်ခြင်း၊ ဥပဇ္ဈာယ်၏ ဝတ်ကိုဖြည့်ခြင်းစသော၊ ကြိယာ အထူး၏ဖြစ်ခြင်းကို။ အပေက္ခာ၊ ငဲ့သော။ တဒမိဝါသနစေတနာယ၊ ထိုဟေ်ဘိက္ခု-စသော စကားတော်ကို သာယာတတ်သော စေတနာသည်။ ပရိဘာဝိတ ပဉ္စက္ခန္ဓိကာ၊ ထုံအပ်သော ငါးပါးသော ခန္ဓာရှိသော။ အဇ္ဈတ္တသန္တတိ၊ အဇ္ဈတ္တခန္ဓာအစဉ်တည်း။ ဝါ၊ အဇ္ဈတ္တခန္ဓာအစဉ်သည်။ ဥပသမ္ပဒါနာမ၊ ပဉ္စင်း၏အဖြစ်မည်၏။ ဧတ္ထ၊ ဤအရာ၌။ ပရိဘာဝနာနာမ၊ ပရိဘာဝနာမည်သည်။ ကာပန၊ အဘယ်ပါနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ တဗ္ဗိပက္ခ ဝိရုဒ္ဓဘာဝေါ၊ ဥပသမ္ပဒ၏ဆန့်ကျင်ဘက်ဖြစ်သော-မေထုနဓမ္မ-စသည်ကို လွန်ကျူး၍ ကျင့်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော-ဥပသမ္ပဒ မည်သော အဇ္ဈတ္တခန္ဓာ အစဉ်၏အဖြစ်တည်း။ ဝါ၊ သည်။ ပရိဘာဝနာနာမ၊ ပရိဘာဝနာမည်၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ။(ဤကား အနက်)

ယင်းတွင်၊ရှေးဝါကျ၏ လိုရင်းအဓိပ္ပါယ်ကား၊ ရဟန်း၏အဖြစ် အကြောင်းဖြစ်သော ဟေ်ဘိက္ခု-ဟူသော မြတ်စွာဘုရား၏ စကားတော်။ ပ။ ဥတ္တိ စတုတ္ထ-ကမ္မဝါစာကို ရသည်၏ အစွမ်း - မေထုန်မှ ကြဉ်ခြင်း၊ ဥပဇ္ဈာယ်၏ဝတ်ကို ဖြည့်ခြင်းစသော- ကြိယာအထူး၏ ဖြစ်ခြင်းကိုငဲ့သော။ ဝါ၊ ကြိယာ အထူးကို ဖြစ်စေတတ်သော ထိုဟေ်ဘိက္ခုစသော- စကားတော်စသည်ကို- သာယာခံယူ

တတ်သောစေတနာသည်။ ငါရဟန်းဟူ၍— ထိုအပ်သော-ခန္ဓာငါးပါးရှိသော အဇ္ဈတ္တခန္ဓာအစဉ်သည် ဥပသမ္ပဒမည်၏ ဟူလိုသည်။ ။နောက် ဝါကျ၏ လိုရင်းအဓိပ္ပါယ်ကား၊ မေထုန် စသည်ကို လွန်ကျူး၍ ကျင့်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော- ဥပသမ္ပဒ မည်သော-အဇ္ဈတ္တ ခန္ဓာအစဉ်၏၊ ထိုဟေတိကျွတ် စသော မြတ်စွာဘုရား၏ စကားတော်ကို သာယာခံယူ တတ်သော-စေတနာနှင့် ပြည့်စုံခြင်းသည်ရင်း၊ ပြည့်စုံခြင်း၏ အစွမ်းအားဖြင့် မေထုန-ဓမ္မစသည်ကို လွန်ကျူး၍ ကျင့်ခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်ခြင်းသည်ရင်း ပရိဘာဝနာ မည်၏ ဟူလို။ ။တဿာပတ္တိယာစသော- နောက်ဝါကျစကား ရပ်ကား တခြားဖြစ်၍-ဤ၌မလို။

ကာပနေတ္တစသော- ဝဇိရဗုဒ္ဓိ- ဋီကာ၏ အဓိပ္ပါယ်ကို ပြရာအဆုံးအဖြတ် ကားဤတွင်ရွေ့ အပြီးသတ်သတည်း။

---

(၆) လျှောက်ဝန့် ပါသည်— ဆရာတော်ဘုရား-မဟာဝါ အဋ္ဌကထာ,ကင်္ခါအဋ္ဌကထာတို့၏ အဘင့်ဋီကာကြီး အရပ်ရပ်တို့၌၊ ဥတ္တိ သမ္ပတ္တိအင်္ဂါ,ကမ္မဝါစာ သမ္ပတ္တိအင်္ဂါပြစကားနှစ်ရပ်တို့တွင်၊ ကမ္မဝါစာ သမ္ပတ္တိ အင်္ဂါပြ စကား- အရပ်ရပ်၌၊ ဒုရုစ္စာရဏ- သုရုစ္စာရဏ- အဖြစ် ကို စီစစ်ကြပါသည်။ဉတ္တိသမ္ပတ္တိအင်္ဂါနှင့် ၎င်းအဖြစ်ကို- မစီစစ်ကြပါ။ သို့ဖြစ်၍ ဉတ်၌ ဒုရုစ္စာရဏဖြစ်သော်—ကံပျက်-မပျက်ကိုသိလို ပါသည် အရှင်ဘုရား။

၎င်းလျှောက်ထားချက်အရ အဆုံးအဖြတ်။ ။ပဥ္စဟာကာ ရေဟိ ဉတ္တိ တော ကမ္မာနိ ဝိပဇ္ဇန္တိ။ ဝတ္ထုံ နပရာမသတိ။သံဃံ နပရာမသတိ။ ပုဂ္ဂလံ နပရာ မသတိ။ဉတ္တိံ နပရာမသတိ။ ပစ္ဆာဝါ ဉတ္တိံ ဌပေတိ။ ဣမေဟိ ပဥ္စဟာကာ ရေဟိ ဉတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တိ။ပဥ္စဟာကာရေဟိ အနုသာဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ၊ ဝတ္ထုံနပရာမသတိ။ သံဃံ နပရာမသတိ။ ပုဂ္ဂလံ နပရာမသတိ။ သာဝနံ ဟာပေတိ။ အကာလေဝါ သာဝေတိ။ ဣမေဟိ ပဥ္စဟာကာရေဟိ အနုသာဝန တော ကမ္မာနိ ဝိပဇ္ဇန္တိ။ ။(ပရိဝါပါဠိတော်၊ ကမ္မဝဂ်)။ ။ပဥ္စဟာကာရေ ဟိ၊ ငါးပါးသောအကြောင်းတရားတို့ဖြင့်။ ဉတ္တိတော၊ ဉတ်ကြောင့်။ကမ္မာနိ၊ ကံတို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ ကတမေဟိ၊ အဘယ် ငါးပါးသော အကြောင်းတရားတို့ဖြင့်။ဉတ္တိတော၊ဉတ်ကြောင့်။ကမ္မာနိ၊ကံတို့သည်။ဝိပဇ္ဇန္တိ၊ ပျက်ကုန်သနည်း။ ဝတ္ထုံ၊ ဝတ္ထုကို။ နပရာမသတိ၊ မသုံးသပ်။ သံဃံ၊ သံဃာ ကို။ နပရာမသတိ၊ မသုံးသပ်။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ နပရာ မသတိ၊ မသုံးသပ်။ ဉတ္တိံ၊ ဉတ်ကို။ နပရာမသတိ၊ မသုံးသပ်။ ပစ္ဆာဝါ၊နောက်၌မူလည်း။ ဉတ္တိံ၊

ဥတ်ကို။ ဌပေတိ၊ထားၡ။ ပဥ္စဟိ၊ ငါးပါးကုန်သော။ ဠာမေဟိ အာကာရေဟိ၊ ဤအကြောင်းတရားတို့ဖြင့်။ ဥတ္တိတော၊ ဥတ်ကြောင့်။ ကမ္မာနိ၊ ကံတို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ ပဥ္စဟိ၊ ငါးပါးကုန်သော။ အာကာရေဟိ၊ တို့ဖြင့်။ အနုသာဝနတော၊ ကမ္မဝါစာကြောင့်။ ကမ္မာနိ၊ တို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ပဥ္စဟိ၊ ကုန်သော။ ကတမေဟိ အာကာရေဟိ၊ အဘယ်အကြောင်းတရားတို့ဖြင့်။ အနုသာဝနတော၊ ကမ္မဝါစာကြောင့်။ ကမ္မာနိ၊ ကံတို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်သနည်း။ ဝတ္ထုံ၊ ဝတ္ထုကို။ နပရာမသတိ၊ မသုံးသပ်။ သံဃံ၊ သံဃာကို။ နပရာမသတိ၊ မသုံးသပ်။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။နပရာမသတိ၊ မသုံးသပ်။ သာဝနံ၊ကမ္မဝါစာကို။ ဟာပေတိ၊ ယုတ်စေ၏။အကာလေဝါ၊ အခါ မဟုတ်သည်၌ မူလည်း။ သာဝေတိ၊ ကမ္မဝါစာကို ဘတ်ရွတ်၏။ ပဥ္စဟိ၊ငါးပါး ကုန်သော။ ဣမေဟိ အာကာရေဟိ၊ ဤအကြောင်း တရားတို့ဖြင့်။ အနုသာဝနတော၊ ကမ္မဝါစာကြောင့်။ကမ္မာနိ၊ ကံတို့သည်။ ဝိပဇ္ဇန္တိ၊ပျက်ကုန်၏။ ။(ဤကားအနက်)

ရင်းပါဠိတော်၌ ဥတ္တိံ နပရာမသတိ-ဟူသောပုဒ်၊ သာဝနံ ဟာပေတိ-ဟူသောပုဒ်တို့သည် အနက်အားဖြင့်တူကုန်၏။ ထို့ကြောင့် မာတိကာ အဋ္ဌကထာ၌။ ။သဗ္ဗေနသဗ္ဗံ ဥတ္တိယာ အနုစ္စာရဏံ ဥတ္တိံ အပရာမသနံ နာမ။ ။ဟူ၍ရင်း။ ။သဗ္ဗေနသဗ္ဗံပန ကမ္မဝါစံ အဝတွာ စတုက္ခတ္တုံ ဥတ္တိံ ကိတ္တနမေဝ သာဝနာယ ဟာပနံနာမ။ ။ဟူ၍ မိန့်အပ်၏။ ။သဗ္ဗေနသဗ္ဗံ၊ အခြင်းခပ်သိမ်း။ ဝါ၊ အလုံးစုံ။ ဥတ္တိယာ၊ ဥတ်ကို။ အနုစ္စာရဏံ၊ မရွတ်ဆိုခြင်းသည်။ ဥတ္တိံ၊ ဥတ်ကို။ အပရာမသနံနာမ၊ မသုံးသပ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား ရှေးအဋ္ဌကထာပါဌ်၏ အနက်)။ ။ပန၊ အဘို့ တပါးကိုဆိုဦးအံ့။ သဗ္ဗေနသဗ္ဗံ၊ အခြင်း ခပ်သိမ်း။ဝါ၊အလုံးစုံ။ကမ္မဝါစံ၊ ကမ္မဝါစာကို။ အဝတွာ၊ မရွတ်ဆိုမူ၍။ စတုက္ခတ္တုံ၊ လေးကြိမ်။ ဥတ္တိံ ကိတ္တနမေဝ၊ ဥတ်ကို ကြားခြင်းသည်သာလျှင်။ သာဝနာယ၊ ကမ္မဝါစာကို။ ဟာပနံနာမ၊ ယုတ်စေသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ။တနည်းကား။ ကမ္မဝါစာ၏ အတွင်း၌ အက္ခရာကိုရင်း၊ ပုဒ်ကိုရင်း မရွတ်ခြင်းသည်ရင်း၊ ချော်ချွတ်၍ ရွတ်ခြင်းသည်ရင်း ကမ္မဝါစာကို ယုတ်စေသည် မည်၏။ ။ထိုကြောင့် ရင်း အဋ္ဌကထာ၌။ ။အထဝါပန ကမ္မဝါစာဗ္ဘန္တရေ အက္ခရဿဝါ ပဒဿဝါ အနုစ္စာရဏံ ဒုရုစ္စာရဏံ ဝါ သာဝနာယ ဟာပနံနာမ။ ။ဟု မိန့်အပ်၏။ ။အထဝါ ပန၊ ဤရှေးနည်းသည်။ယုတ္တော၊ သင့်လျော်ပြီ။ဂါပန အပရောနယော၊ နည်းတပါးကို။ မယာ၊ ငါအဋ္ဌကထာဆရာသည်။ဝုစ္စတေ၊ မိန့်ဆိုဦးအံ့။ ကမ္မဝါစာဗ္ဘန္တရေ၊ ကမ္မဝါစာ၏ အတွင်း၌။ အက္ခရဿဝါ၊ အက္ခရာ ကိုရင်း။ ပဒဿဝါ၊ ပုဒ်ကိုရင်း။ အနုစ္စာရဏံဝါ၊ မရွတ်ဆိုခြင်းသည်ရင်း။ဒုရုစ္စာရဏံဝါ၊

မကောင်းသဖြင့် ရွတ်ဆိုခြင်းသည်ငင်း။ သာဝနာယ၊ ကမ္မဝါစာကို။ ဟာပနံ နာမ၊ ယုတ်စေသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ။ငင်းအဋ္ဌကထာ၏ အလိုတော်ကား၊ ဉတ်အားလုံးကို မသုံးသပ်ခြင်းကြောင့်၊ ကံ ပျက် သည်ကို ပြသော ဉတ္တိံ နပရာမသတိ-ဟူသောပါဠိဖြင့်ပင်- ကမ္မဝါစာအားလုံးကို မသုံးသပ်ခြင်းကြောင့် ကံပျက်သည်ကိုလည်း၊ နယဂ္ဂါဟအားဖြင့် ပြခြင်း ကိစ္စ ပြီးသည်ဖြစ်၍ သာဝနံ ဟာပေတိ၊ ဟူသော ပါဠိဖြင့် အက္ခရာကိုငင်း၊ ပုဒ်ကို ငင်း-မရွတ်ခြင်း၊ မကောင်းသဖြင့်-ရွတ်ခြင်းကြောင့် ကံပျက်သည်ကိုသာပြတော်မူ၏ ဟူလိုသော်။

ငင်းအဋ္ဌကထာပါဠိဖြင့်ပင် ကမ္မဝါစာ အရာ၌ ဒုရုတ္တာရဏကြောင့် ကံပျက် သကဲ့သို့၊ ဉတ်အရာ၌လည်း နယဂ္ဂါဟအားဖြင့်— ဒုရုတ္တာရဏ ကြောင့်- ကံ ပျက်၏—ဟူသော အနက်သည် ပြီး၏ဟု သန္နိဋ္ဌာန်ကျ မှတ် အပ်၏။ ။ထို့ကြောင့်-ကမ္မဝဂ် ပရိဝါ အဋ္ဌကထာ ဉတ်အရာ၌ ဒုရုတ္တာရဏကြောင့် ကံ ပျက်သည်ကိုလည်း။ ။တတ္ထ သုဏာတု မေတိ ဝတ္တဗ္ဗေ တကာရဿ ထကာရံ ကတွာ သုဏာထု မေတိဝစနံ သိထိလဿ ဓနိတ ကရဏံနာမ။ တထာ ပတ္တကလ္လံ သောဉတ္တိတိ ဝတ္တဗ္ဗေ ပတ္တကလ္လာ သောဉတ္တိတိ ဝစနဉ္စ၊ ဘန္တေ သံဃောတိ ဝတ္တဗ္ဗေ ဘကာရ ဃကာရာနံ ဗကာရ ဂကာရေ ကတွာ ဗန္တေ သံဂေါတိဝစနံ၊ ဓနိတဿ သိထိလကရဏံ နာမ။ ။သုဏာတု မေတိ ဝိဝဋ္ဋေန မုခေန ဝတ္တဗ္ဗေပန သုဏံ တု မေတိဝါ သော ဉတ္တိတိဝါ ဝတ္တဗ္ဗေ သော် ဉတ္တိတိဝါ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတွာ ဝစနံ ဝိမုတ္တဿ နိဂ္ဂဟီတ ကရဏံ နာမ၊ပတ္တကလ္လန္တိ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတွာ ဝတ္တဗ္ဗေ ပတ္တကလ္လာတိ ဝိဝဋ္ဋေန မုခေန အနုနာသိကံ အကတွာ ဝစနံ နိဂ္ဂဟီတဿ ဝိမုတ္တ ကရဏံ နာမ။ဣတိ သိထိလေ ကတ္တဗ္ဗေ ဓနိတံ၊ဓနိတေ ကတ္တဗ္ဗေ သိထိလံ၊ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟီတံ၊ နိဂ္ဂဟီတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တော ကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။ ။ဟု တိုက်ရိုက်ပင် ပြတော်မူ၏။ ။သုဏာတု မေတိ၊ သုဏာတု မေ ဟူ၍၊ ဝတ္တဗ္ဗေ၊ ဆိုအပ်သည်။ သတိ၊ ရှိသော်။ တကာရဿ၊ ဒန္တဇ ပဌမ- တ အက္ခရာကို။ ထကာရံ၊ ဒန္တဇ ဒုတိယ ထ အက္ခရာကို။ ကတွာ၊ ပြု၍။ သုဏာထုမေတိ ဝစနဉ္စ၊ သုဏာထုမေ ဟူ၍ ဆိုခြင်းသည်။ သိထိလဿ၊ သိထိလ အက္ခရာကို။ ဓနိတ ကရဏံ နာမ၊ ဓနိတ အက္ခရာ ကို ပြုသည် မည်၏။ တထာ၊ ထို့အတူ။ ပတ္တကလ္လံ သောဉတ္တိတိ၊ ပတ္တကလ္လံ သော ဉတ္တိ ဟူ၍။ ဝတ္တဗ္ဗေ၊ ဆိုအပ်သည်။ သတိရှိ၊သော်။ ပတ္တကလ္လာ သောဉတ္တိတိ၊ ပတ္တကလ္လာ သောဉတ္တိ ဟူ၍။ ဝစနဉ္စ၊ ဆိုခြင်းသည်လည်း။ သိထိလဿ၊သိထိလ အက္ခရာကို။ ဓနိတကရဏံ နာမ၊ ဓနိတ အက္ခရာကို ပြုသည် မည်သည်။ ဟောတိ၊

၏။ ဘန္တေ သံဃော တိ၊ ဘန္တေ သံဃော ဟူ၍။ ဝတ္တဗ္ဗော၊ ဆိုအပ်သည်။ သတိ၊ ရှိသော်။ ဘကာရ ဃကာရာနံ၊ သြဋ္ဌဇ-စတုတ္ထ-ဘအက္ခရာ၊ ကဏ္ဌဇ စတုတ္ထ ဃအက္ခရာတို့ကို။ ဗကာရ ဂကာရေ၊ သြဋ္ဌဇတတိယ ဗအက္ခရာ၊ ကဏ္ဌဇ တတိယ ဂ-အက္ခရာတို့ကို။ ကတွာ၊ ပြု၍။ ဗန္တေ သံဂေါ တိ၊ ဗန္တေ သံဂေါ ဟူ၍။ ဝစနံ၊ ဆိုခြင်းသည်။ ဓနိတဿ၊ ဓနိတအက္ခရာကို။ သိထိလကရဏံနာမ၊ သိထိလအက္ခရာကို ပြုသည်မည်သည်။ ဟောတိ၊ ၏။ ။သုဏာတုမေတိ၊ သုဏာတုမေဟူ၍။ ဝိဝဋ္ဋေန၊ ဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ ဝတ္တဗ္ဗေပန၊ ဆိုအပ်သည်ရှိသော်ကား။ သုဏံတုမေတို ဝါ၊ သုဏံတုမေဟူ၍ရင်း။ သောဉ္တတိုတိ ဝါ၊ သောဉ္တတို-ဟူ၍ရင်း။ ဝတ္တဗ္ဗေ၊ ဆိုအပ်သည်။ သတိ၊ ရှိသော်။ သံဉ္တတိုတိ ဝါ၊ သံဉ္တတိုဟူ၍ရင်း။ အဝိဝဋ္ဋေန၊ မဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ အနုနာသိကံ၊ နာသိကဋ္ဌာန်၌ ဖြစ်သော နိဂ္ဂဟိတ်သံကို။ ကတွာ၊ ပြု၍။ ဝစနံ၊ ဆိုခြင်းသည်။ ဝိမုတ္တဿ၊ ဝိမုတ္တအက္ခရာကို။ နိဂ္ဂဟိတ ကရဏံနာမ၊ နိဂ္ဂဟိတ်ကိုပြုသည်မည်သည်။ ဟောတိ၊ ၏။ ပတ္တကလ္လန္တိ၊ ပတ္တကလ္လံဟူ၍။ အဝိဝဋ္ဋေန၊ မဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ အနုနာသိကံ၊ နာသိကဋ္ဌာန်၌ ဖြစ်သော- နိဂ္ဂဟိတ်သံကို။ ကတွာ၊ ပြု၍။ ဝတ္တဗ္ဗေ၊ ဆိုအပ်သည်။ သတိ၊ ရှိသော်။ ပတ္တကလ္လာတိ၊ ပတ္တကလ္လာဟူ၍၊ ဝိဝဋ္ဋေန၊ ဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ အနုနာသိကံ၊ နာသိကဋ္ဌာန်၌ဖြစ်သော နိဂ္ဂဟိတ်သံကို။ အကတွာ၊ မပြုမူ၍။ ဝစနံ၊ ဆိုခြင်းသည်။ နိဂ္ဂဟိတဿ၊ နိဂ္ဂဟိတ်ကို။ ဝိမုတ္တ ကရဏံနာမ၊ ဝိမုတ္တကို ပြုသည်မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ သိထိလေ၊ သိထိလအက္ခရာကို။ ကတ္တဗ္ဗေ၊ ပြုအပ်သည်။ သတိ၊ ရှိသော်။ ဓနိတံ၊ ဓနိတကိုပြုခြင်းရင်း။ ဓနိတေ၊ ဓနိတ အက္ခရာကို။ ကတ္တဗ္ဗေ၊ ပြုအပ်သည်။ သတိ၊ ရှိသော်။ သိထိလံ၊ သိထိလကို ပြုခြင်းရင်း။ ဝိမုတ္တေ၊ ဝိမုတ္တအက္ခရာကို။ ကတ္တဗ္ဗေ၊ ပြုအပ်သည်။ သတိ၊ ရှိသော်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်ကိုပြုခြင်းရင်း။ နိဂ္ဂဟိတေ၊ နိဂ္ဂဟိတ် အက္ခရာကို။ ကတ္တဗ္ဗေ၊ ပြုအပ်သည်။ သတိ၊ ရှိသော်။ ဝိမုတ္တံ၊ ဝိမုတ္တအက္ခရာကို ပြုခြင်းရင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါး ကုန်သော။ ဗျဉ္ဇနာနိ၊ ဤသဒ္ဒါ တို့သည်။ အန္တောကမ္မဝါစာယ၊ ကမ္မဝါစာ၏အတွင်း၌။ ကမ္မံ၊ ကံကို။ ဒူသေန္တိ၊ ပျက်စေ တတ်ကုန်၏။ ။(ဤကားအနက်)။ ။{ဤ၌- အန္တောကမ္မဝါစာယ၊ သဒ္ဒါ ဖြင့်၊ ဥတ်နှင့်တကွ ကမ္မဝါစာအားလုံးကို ယူအပ်၏။ သတိပြု၍မှတ်လေ။}

ဥတ်၌ ဒုရုစ္စာရဏကြောင့် ကံပျက်ကြောင်းကို ကျမ်းဂန်နှင့် အညီ စီရင်ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ကား ဤတွင် ရှေ့ပြီး၏။

---

(၇) လေးပါးစသောသံဃာသည် ကမ္မဝါစာဘတ်ရွတ်ခြင်းငှါ အပ်၊ မအပ်ကို သိလိုပါသည် လျှောက်ထားရာ၌၊ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

ကထိန်ခင်းရာ၌ သံဃာသည်ရင်း၊ ဂိုဏ်းသည်ရင်း၊ ပုဂ္ဂိုလ်သည်ရင်း၊ဂိုဏ်းပြည့် ပြုခြင်း- အနုမောဒနာပြုခြင်း၊ ခင်းခြင်း၊ ဤသုံးပါးတို့ကို သဘောရောက်သော အားဖြင့်ပြုအပ်သည်မည်သည်ကိုရည်၍။ ။အတ္တတံ ဘန္တေ သံဃဿ ကထိနံ။ ။ ဟု ဟောတော်မူအပ်သည်။ စင်စစ်သော်ကား၊ အနုမောဒနာပြုသောသူ အသီး၊ ခင်းသောသူ အသီးရှိသင့်သည်။ အလုံးစုံသောသံဃာသည်ပင် ခင်းခြင်းငှါရင်း၊ အနုမောဒနာ ပြုခြင်းငှါရင်း မအပ်။ ။ထိုကြောင့် ပရိဝါပါဠိတော်၌။ ။ နသံဃော ကထိနံ အတ္ထရတိ၊ နဂဏော ကထိနံ အတ္ထရတိ၊ ပုဂ္ဂလော ကထိနံ အတ္ထရတိ၊ သံဃဿ အနုမောဒနာယ၊ ဂဏဿ အနုမောဒနာယ၊ ပုဂ္ဂလဿ အတ္ထာရာ သံဃဿ အတ္ထတံ ဟောတိ ကထိနံ၊ ဂဏဿ အတ္ထတံ ဟောတိ ကထိနံ၊ ပုဂ္ဂလဿ ဟောတိ ကထိနံ။ ။ဟု ဟောတော်မူအပ်၏။ ။သံဃော၊ သံဃာသည်။ ကထိနံ၊ ကထိန်ကို။ နအတ္ထရတိ၊ မခင်း။ ဂဏော၊ ဂိုဏ်းသည်။ ကထိနံ၊ ကထိန်ကို။ နအတ္ထရတိ၊ မခင်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရတိ၊ ခင်း၏။ သံဃဿ၊ သံဃာတော်၏။ အနုမောဒနာယ၊ အနုမောဒနာ ပြုခြင်းကြောင့်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ အတ္ထာရာ၊ ခင်းခြင်းကြောင့်။ သံဃဿ၊ သံဃာတော်အား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဂဏဿ၊ ဂိုဏ်းအား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)

ဤအတူ ပါတိမောက်ပြရာ၌လည်း သံဃာသည်ရင်း၊ ဂိုဏ်းသည်ရင်း၊ ပုဂ္ဂိုလ်သည်ရင်း၊ ဂိုဏ်းပြည့်ပြုခြင်း-ပြခြင်း၊ နာခြင်း-ဤသုံးပါးတို့ကို သဘောရောက်သောအားဖြင့် သံဃော ဥပေါသထံ ကရေယျ- သာဓုကံ သုဏာတမ-ဟု ဟောတော်မူသည်။ စင်စစ်သော်ကား၊ နာသောသူအသီး၊ ပါတိမောက် ပြသောသူ အသီးရှိသင့်သည်။အလုံးစုံသော သံဃာသည်ပင် ပါတိမောက်ကို ပြခြင်းငှါရင်း၊ နာခြင်းငှါရင်းမအပ်။ ။ထိုကြောင့် ပါဠိတော်၌။ ။နသံဃော ပါတိမောက္ခံ ဥဒ္ဒိသတိ၊ နဂဏော ပါတိမောက္ခံ ဥဒ္ဒိသတိ၊ ပုဂ္ဂလော ပါတိမောက္ခံ ဥဒ္ဒိသတိ၊ သံဃဿ သာမဂ္ဂိယာ၊ ဂဏဿ သာမဂ္ဂိယာ၊ ပုဂ္ဂလဿ ဥဒ္ဒေသာ သံဃဿ ဥဒ္ဒိဋ္ဌံ ဟောတိ ပါတိမောက္ခံ၊ ဂဏဿ ဥဒ္ဒိဋ္ဌံ ဟောတိ ပါတိမောက္ခံ၊ ပုဂ္ဂလဿ ဥဒ္ဒိဋ္ဌံ
ိ ပါတိမောက္ခံ။ ။ဟု ဟောတော်မူအပ်၏။ ။သံဃော၊ သံဃာသည်။
ာက္ခံ၊ ပါတိမောက်ကို။ နဥဒ္ဒိသတိ၊ မပြ။ ဂဏော၊ ဂိုဏ်းသည်။ ပါတိ
ါတိမောက်ကို။နဥဒ္ဒိသတိ၊ မပြ။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ပါတိမောက္ခံ၊
်ကို။ ဥဒ္ဒိသတိ၊ပြ၏။ သံဃဿ၊ သံဃာတော်၏။သာမဂ္ဂိယာ၊ ညီညွတ်
ဂဏဿ၊ ဂိုဏ်း၏။ သာမဂ္ဂိယာ၊ ညီညွတ်ခြင်းကြောင့်။ ပုဂ္ဂလဿ၊

ပုဂ္ဂိုလ်၏။ ဥဒ္ဒေသာ၊ ပါတိမောက် ပြခြင်းကြောင့်။ သံဃဿ၊ သံဃာတော်သည်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ ဝါ၊ ပါတိမောက်သည်။ ဥဒ္ဒိဋ္ဌံ၊ ပြအပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဂဏဿ၊ ဂိုဏ်းသည်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ ဝါ၊ ပါတိမောက်သည်။ ဥဒ္ဒိဋ္ဌံ၊ ပြအပ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်သည်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ ဝါ၊ ပါတိမောက်သည်။ ဥဒ္ဒိဋ္ဌံ၊ ပြအပ်သည်မည်သည်။ ဟောတိ ဖြစ်၏။ ။(ဤကားအနက်)

ထိုအတူ ကံပြုရာ၌၊ သံဃာသည်ရင်း၊ ဂိုဏ်းသည်ရင်း၊ ပုဂ္ဂိုလ်သည်ရင်း ဂိုဏ်းပြည့်ပြုခြင်း၊ နာခြင်း၊ ဘတ်ခြင်း၊ ဤသုံးပါးတို့ကို သဘောရောက်သောအားဖြင့် ပြုအပ်သည်- မည်သည်ကိုရည်၍၊ သံဃာသည် ပုဂ္ဂိုလ်အားရင်း၊ ဂိုဏ်းအားရင်း ကံပြုအပ်၏ဟုဆိုသည်။ စင်စစ်သော်ကား မဟာခန္ဓက၌။ ။အနုဇာနာမိ ဘိက္ခဝေ ဒွေတယော ဧကာနုဿာဝနေ ကာတုံ။ တဉ္စခေါ ဧကေန ဥပဇ္ဈာယေန။ နတွေဝ နာနုပဇ္ဈာယေန။ ။ဟူ၍ရင်း။ ။ရင်း၏ အဘွင့် အဋ္ဌကထာ၌။ ။သစေပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ။တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ၊ သုမနတ္ထေရော တိဿတ္ထေရဿ သိဒ္ဓိဝိဟာရိကံ အနုသာဝေတိ၊ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။ ။ဟူ၍ ဟောတော်မူခြင်းကြောင့် နာသောသူအသီး၊ ကမ္မဝါစာရွတ်သောသူ အသီးရှိသင့်သည်။ အလုံးစုံသောသံဃာသည်ပင် နာခြင်းငှါရင်း၊ကမ္မဝါစာဘတ်ခြင်းငှါရင်းမအပ်။ အသီးတပါးအားရင်း၊ နှစ်ပါးအားရင်း၊ သုံးပါးအားရင်း၊ ဘတ်ရွတ်သောသူ ဖြစ်ခြင်းငှါသာ အသီးကြွင်းသော ရဟန်းတို့အား၊ နာသောသူဖြစ်ခြင်းငှါသာ အပ်၏ဟု မှတ်ယူသင့်သည်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေတယော၊ နှစ်ပါး, သုံးပါးသောပဉ္စင်းလောင်းတို့ကို။ ဧကာနုဿာဝနေ၊ တပြိုင်နက် တချက်တည်း ကမ္မဝါစာ ဘတ်ရွတ်ခြင်းတို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ တဉ္စခေါအနုသာဝနံ၊ ထိုနှစ်ပါး,သုံးပါးသောပဉ္စင်းလောင်းတို့ကို၊ တပြိုင်နက်· တချက်ထည်းသော ခဏ၌၊ ကမ္မဝါစာ ဘတ်ရွတ်ခြင်းကိုလည်း။ ဧကေန၊ တပါးပါးသော။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာဖြင့်။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ နာနုပဇ္ဈာယေန၊ အသီးအသီးသော ဥပဇ္ဈာယ်ဆရာဖြင့်။နတွေဝ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မမူ။ ။(ဤကား ပါဠိတော်၏အနက်)။ ။ပန၊ ထိုသို့မဟုတ်။ နာနာစရိယာ၊ အသီးအသီးသော ကမ္မဝါစာဆရာတို့သည်။ နာနုပဇ္ဈာယာ၊ အသီးအသီးသော ဥပဇ္ဈာယ်ဆရာတို့သည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်သည်ဖြစ်အံ့။ ဧဝံသန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ တိဿတ္ထေရော၊ တိဿမထေရ်သည်။ သုမနတ္ထေရဿ၊ သုမန ထေရ်၏၊ သဒ္ဓိဝိဟာရိကံ၊အတူနေတပည့်ကို။သုမနတ္ထေရော၊ သုမနမထေရ်

သည်။ တိဿတ္ထေရဿ၊ တိဿမထေရ်၏။ သဒ္ဓိဝိဟာရိကံ၊ အတူနေတပည့်ကို။ သစေ အနုသာဝေတိ၊ အကယ်၍ ကမ္မဝါစာ ဘတ်ရွတ်သည်ဖြစ်အံ့။ ဝေံသတိ၊ ဤသို့ ဘတ်ရွတ်သည်ရှိသော်။ အညမညဥ္စ၊ အချင်းချင်းလည်း။ ဂဏပူရကာ၊ ဂိုဏ်းပြည့်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအဋ္ဌကထာပါဠိ၏အနက်)။ ။အချို့ကား ဒဠှီကမ္မ အကျိုးငှါ အလုံးစုံသော သံဃာသည်၊ ကမ္မဝါစာဘတ်ရွတ်ကုန်၏ဟု ဆိုကြကုန်၏။ ပြဆိုအပ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်ရကား၊ ထိုစကားကို မသင့်ဟုမှတ်ရာ၏။

လေးပါးမှစ၍ ကမ္မဝါစာ-မဘတ်-မရွတ်သင့်ကြောင်းကို ပြဆိုရာ ပြဆိုအပ်သော-ဝိနိစ္ဆယကား ဤတွင်ရွေ့ပြီး၏။

(ဂ) ဥပဇ္ဈာယ်တပါး၊ ပဥ္စင်းလောင်း နှစ်ပါး, သုံးပါး စသည် ပြုရာ၌-ကမ္မဝါစာ ဘတ်ပုံကို- သိလိုပါသည် လျှောက်ထားရာ၌၊ ဝိနိစ္ဆယကို-ဤသို့ သိမှတ်ရာ၏။

ဥပဇ္ဈာယ်တပါး၊ ပဥ္စင်းလောင်းနှစ်ပါး, သုံးပါး၊ ဥပဇ္ဈာယ်နှစ်ပါး၊ ပဥ္စင်းလောင်းနှစ်ပါး, သုံးပါး၊ ဥပဇ္ဈာယ်သုံးပါး၊ ပဥ္စင်းလောင်းသုံးပါး- ပြုသောအရာ၌။ ။အနုဇာနာမိ ဘိက္ခဝေ ဒွေ့ ဧကာနုသာဝနေ ကာတုံ။ ။မဟာခန္ဓကပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ နှစ်ပါးကုန်သော ပဥ္စင်းလောင်းတို့ကို။ ဧကာနုသာဝနေ၊ တပြိုင်နက် တချက်ထည်းသောခဏ၌ ကမ္မဝါစာ ဘတ်ရွတ်ခြင်းတို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။(ဤကားအနက်)။ ။ဒွေ့ ဧကာနုသာဝနေတိ ဒွေ့ ဧကတော အနုသာဝနေ၊ ဧကေန ဧကဿ။ အညေန ဣတရဿာတိ ဧဝံ ဒွိဟိဝါ အာစရိယေဟိ ဧကက္ခဏေ ကမ္မဝါစံ အနုသာဝေန္တေဟိ ဧကေနဝါ ဥပဇ္ဈာယေတုံ အနုဇာနာမီတိ အတ္ထော။ ။(ဋ္ဌင်းအဋ္ဌကထာပါဠိ)။ ။ဒွေ့ ဧကာနုသာဝနေတိတ္ထေ၊ ဒွေ့ ဧကာနုသာဝနေဟူသောပါဠိ၌။ ဒွေ၊ နှစ်ပါးကုန်သော ပဥ္စင်းလောင်းတို့ကို။ ဧကာနုသာဝနေ၊ တပြိုင်နက်-တချက်တည်း-ကမ္မဝါစာ ဘတ်ရွတ်ခြင်းတို့ကို။ ဧကေန၊ တပါးပါးသော ကမ္မဝါစာဆရာသည်။ ဧကဿ၊ တပါးပါးသော-ပဥ္စင်းလောင်းအား။ အညေန၊ ဤကမ္မဝါစာဆရာမှတပါးသော ကမ္မဝါစာဆရာသည်။ ဣတရဿ၊ ရှေးပဥ္စင်းလောင်းမှ တပါးသော ပဥ္စင်းလောင်းအား။ ဣတိ ဧဝံ၊ ဤသို့။ ဒွိဟိဝါ အာစရိယေဟိ၊ နှစ်ပါးသောကမ္မဝါစာ-ဆရာတို့သည်လည်း။ ဧကက္ခဏေ၊ တပြိုင်နက်- တချက်တည်းသောခဏ၌။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ အနုသာဝေန္တေဟိ၊ ဘတ်ရွတ်ကုန်သည်ဖြစ်၍။ ဥပဇ္ဈာယေတုံ၊ ပဥ္စင်းခံခြင်းငှါ။

အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဝါ၊ တနည်းကား။ ဧကေန၊ တပါး တည်းသော ကမ္ဗဝါစာ ဆရာသည်။ အနုသာဝေန္တေန၊ ကမ္မဝါစာ ဘတ်ရွတ် သည် ဖြစ်၍။ ဒွေ၊ နှစ်ပါးကုန်သော- ပဥ္စင်းလောင်းတို့ကို။ ဥပသမ္ပာဒေတုံ၊ပဥ္စင်း ခံခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။ ဤကားအနက်)

ယင်းတွင်၊ ဧကေန ဧကဿ ။ ပ။ အနုသာဝေန္တေဟိ၊ ဟူသောပါဌ်ဖြင့်၊ ကမ္မဝါစာဆရာ-နှစ်ပါး၊ ပဥ္စင်းလောင်းနှစ်ပါး၊ အသီးအသီး တပြိုင်နက်- ဘတ်ရွတ်အပ်သည်ကိုပြသည်။ ဧကေနဝါ ဟူသောပါဌ်ဖြင့်၊ ကမ္မဝါစာဆရာတပါး၊ ပဥ္စင်းလောင်း နှစ်ပါး ဒွန်တွဲ၍ ဘတ်ရွတ် အပ်သည်ကို ပြသည်။ ယင်းတွင် အသီးအသီး ဘတ်ရွတ်ရာ၌ ဥပဇ္ဈာယ် ယူစေသည်မှစ၍၊ ဥပသမ္ပဒ ကမ္မဝါစာ ဆုံးသည် တိုင်အောင် ပဥ္စင်းလောင်း တပါးပြုသော အရာ၌ ကဲ့သို့၊ အသီး အသီး ဘတ်ရွတ်ခြင်းငှါရင်း၊ ကမ္မဝါစာတို့ကို ချန်၍ ကျန်သော အရာ တို့၌ ရင်း၊ ဥပသမ္ပဒကမ္မဝါစာကိုချန်၍ ကျန်သော အရာတို့၌ရင်း၊ ပုဗ္ဗကိစ္စဌာန- အသီးအသီး ဖြစ်သောကြောင့် ပေါင်း၍ ဘတ်ရွတ်ခြင်းငှါရင်း သင့်သည်ချည်း မှတ်ရာ၏။ ပေါင်း၍ ဘတ်ပုံမှာ ကမ္မဝါစာနိဿျ၌ ပြအပ်လတ္တံ့ သည် အတိုင်း သိရာ၏။ ။ဒွန်တွဲ၍ ဘတ်ရာ၌လည်း ကမ္မဝါစာ တို့ကို ချန်၍ ကျန်သော အရာတို့၌ရင်း၊ ဥပသမ္ပဒ ကမ္မဝါစာကို ချန်၍ ကျန်သော အရာတို့၌ရင်း၊ ရှေးနည်းပုဗ္ဗကိစ္စ ဌာန-အသီးအသီး ဖြစ်သောကြောင့် အသီးအသီးရင်း၊ပေါင်း ၍ရင်း၊ ရွတ်ဘတ်ခြင်းငှါ- အပ်သည် ချည်းသာ မှတ်ရာ၏။ ။ကမ္မဝါစာတို့ တွင် သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿဥပသမ္ပ ဒါပေက္ခေါ။ ယဒိ သံဃဿ ပတ္တကလ္လံ အဟံ နာဂံ အနုသာသေယံ။ ။ဟူ သော ကမ္မဝါစာ၌၊ နာဂေါစ- နာဂေါစဟူ၍ရင်း၊ နာဂဥ္စ-နာဂဥ္စဟူ၍ရင်း ရွတ်ဘတ်ရာ၏။ ဤတွင် အဠကထာ၌၊ နိဂ္ဂတန္တ မကာရန္တ- နှစ်ပါးလုံးပင်- သင့်ကြောင်းကိုဆိုသောကြောင့်ရင်း။ ။သဒ္ဒနီတိ၌။ ။ဝဂ္ဂန္တာ၊ ဝဂ်၏အဆုံး ဖြစ်ကုန်သော င-ည-ဏ-န-မ- ဟု ဆိုအပ်ကုန်သော အက္ခရာတို့သည်။ သကဌာန နာသိက ဌာနဇာ၊ လည်ချောင်း စသောမိမိ၊ မိမိတို့၏ ဌာန်-နာသိကဌာန်တို့၌ ဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤသို့- ဝဂ္ဂန္တ အက္ခရာတို့၏ နာသိ ကဌာန်၌ ဖြစ်ကြောင်းကိုဆိုသည်ဖြစ်၍၊ မကာရန္တနှင့် ကြွင်းဝဂ္ဂန္တ လေးပါးတို့ ၏ တူခြင်းကြောင်းရင်း၊ {နိဂ္ဂဟိတန္တ-ဝဂ္ဂန္တ-နှစ်ပါးလုံး သင့်သည် ချည်းပင် အထူးအားဖြင့် သုခုစ္စာရဏဖြစ်ရကို ရွတ်ဘတ်လေ။}

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပ ဒါပေက္ခေါ။ အနုသိဋ္ဌော သော မယာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာ ဂစ္ဆေယျ၊ အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော။ ။ဟူသော ဒုတိယကမ္မဝါစာ၌၊ နာဂေါစ

နာဂေ ါစ ဟူ၍ရင်း၊ သောစ သောစ-ဟူ၍ရင်း ရွတ်ဘတ်ရာ၏။ ဤတွင်သဗ္ဗ နာမ်ပုဒ်ဖြစ်၍ နာဂေ ါစ-နာဂေ ါစဟု သရုပ်အားဖြင့် ပြအပ်ပြီးသည်ကို၊ သော သဗ္ဗောဟု စွဲသင့်သောကြောင့် သောစ သောစ ဟုနှစ်ကြိမ် မဆိုမူ၍ ရှိတိုင်း သော-ဟု၊ တကြိမ် ဆိုသော်လည်း, အပြစ် မရှိဟု မဟာ ဝိဇိ တာရာမ ဆရာ တော် ဘုရားကြီး အမိန့်တော်ရှိ၏။ ။ထိုစကားကို သာစဣဒ္ဓိ၊ သောစယသော၊ တာနိစ ပါဒေသု စက္ကာနိ သဗ္ဗံ သမန္တရဟိတံ။ ။သာစဣဒ္ဓိ၊ ထိုတန်းခိုးအာဘိ ညာဏ်အပေါင်းသည်ရင်း။ သောစ ယသော၊ ထိုအခြံအရံအပေါင်းသည်ရင်း။ ပါဒေသု၊ ခြေတော်တို့၌။ တာနိစ စက္ကာနိ၊ ထိုစက်တော်တို့သည်ရင်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊အလုံးစုံသည်။ သမန္တရဟိတံ၊ ကွယ်ပျောက်တော်မူပြီ။ ။(ဤကား အနက်)။ ။ဤကားအဋ္ဌကထာပါဠိ၌၊ သာစ-သာစ တာနိစ-ဟု သရုပ်အား ဖြင့် ပြအပ်ပြီးသည်ကို သဗ္ဗသဒ္ဒါဖြင့် စွဲသည်ကိုမြင်သောကြောင့်၊ ယုတ္တ တရဟု မှတ်ရာ၏။ သို့ဖြစ်သော်လည်း၊ ဝိဂါဒတရား ယုံမှားအထူး၊ ပျောက်စေခြင်းငှါ သောစ-သောစ ဟု ရွတ်ဘတ်ရာ၏ဟု ပြခဲ့သတည်း။ တကြိမ်တနည်း၊ နှစ်ကြိမ် တနည်း။ ဤသို့နှစ်နည်း သော်သည်း ယုံမှား ကင်းသည်ထက်- ကင်းအောင် ရွတ်ဘတ်ရာ၏။ ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မ တော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ နာဂံ အန္တ ရာယိကေ ဓမ္မေ ပုစ္ဆေယျံ။ ။ဟူသော တတိယကမ္မဝါစာ၌၊ အယဥ္စ နာဂေါ- အယဥ္စနာဂေါ ဟူ၍ရင်း၊နာဂဥ္စ-နာဂဥ္စဟူ၍ရင်း ရွတ်ဘတ်ရာ၏။ ဤတွင် နိဂ္ဂ ဟီတန္တ-ဝဂ္ဂန္တနှစ်ပါး သင့်သောကြောင့်ရင်း။သာစ ဣဒ္ဓိ၊ သောစ ယသော-တာ နိစ ပါဒေသု စက္ကာနိ၊ ဟူ၍ သုခုစ္စာရဏဖြစ်ရာ၌ စသဒ္ဒါကို ယှဉ်၍ ရွတ်ဘတ် အပ်သည်ကိုမြင်သောကြောင့်ရင်း၊အယဥ္စ-ဟု သုခဖြစ်ရာ၌၊ စသဒ္ဒါကို ယှဉ်၍, ရွတ်ဘတ်သင့်သည်ကို မှတ်ရာ၏။ အချို့ကား— အယံနာဂေါစ ဟု နိဂ္ဂဟီတန္တ ဖြင့်ရင်း၊ ပဋ္ဌာနပုဒ်၌ စသဒ္ဒါကို ယှဉ်၍ ရွတ်ဘတ်ကြ၏။ သင့်သည် ချည်းပင် တည်း။

သုဏာတု မေ ဘန္တေ သံဃော၊ အယံနာဂေါ အာယသ္မတော တိဿဿ ဥပ သမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သောဉတ္တိ။ ။သု ဏာတု မေ ဘန္တေ သံဃော၊ အယံနာဂေါ အာယသ္မတော တိဿဿ ဥပသမ္ ဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊* ယဿာယသ္မ တော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥဇ္ဈာယေန။ သော

တုဏှီ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ဒုတိယမ္ပိ ဧတမတ္ထံဝဒါမိ ။ပ။ ခါရယာမီတိ။ ။ဟူသော စတုတ္ထကမ္မဝါစာ၌ အယံနာဂေါ-နာဂေါ-နာဂံ နာဂဿ-ဟူသောပုဒ်တို့ကို ရှေးနည်း ဘတ်ရွတ်ရာ၏။ ။ပရိပုဏ္ဏဿ ပတ္တစီဝရံ ဟူသောပုဒ်၌ ရှိတိုင်း ပရိပုဏ္ဏဿ ပတ္တစီဝရံဟူ၍ငင်း၊ ပရိပုဏ္ဏံ အဿစ ပတ္တစီဝရံ ဟူ၍ငင်း နှစ်နည်းပင် ဘတ်ရွတ်ရာ၏။[အဆုံးအဖြတ်ကို အနုသိဋ္ဌော သောမယာ၊ ဟူသောပုဒ်၌ ပြအပ်ခဲ့သည့်အတိုင်းမှတ်ရာ၏။]

ဥပဇ္ဈာယ်တပါး ပဉ္စင်းလောင်းသုံးပါး ပြုရာ၌လည်း၊ သုံးကြိမ် ဘတ်ရွတ်ခြင်းသာထူးတော့သည်။အကြွင်းကား နှစ်ပါးပြုသောအရာနှင့်အလုံးစုံတူ၏။ ။ ဥပဇ္ဈာယ်နှစ်ပါး၊ ပဉ္စင်းလောင်းနှစ်ပါးပြုရာ၌ငင်း၊ ပဉ္စင်းလောင်းသုံးပါးပြုရာ၌ငင်း၊ ဥပဇ္ဈာယ်သုံးပါး၊ ပဉ္စင်းလောင်း သုံးပါးပြုရာ၌ငင်း၊ ပဉ္စင်းလောင်း နှစ်ပါးဖြစ်လျှင် ကမ္မဝါစာဆရာနှစ်ပါး၊ ပဉ္စင်းလောင်းသုံးပါး ဖြစ်သျှင် ကမ္မဝါစာ ဆရာသုံးပါး အသီးအသီး ရွတ်ဘတ်ခြင်းသာအပ်၏။ ကမ္မဝါစာ ဆရာ တပါးသည် ဥပဇ္ဈာယ်အများ ဖြစ်ခြင်းကြောင့် ပဉ္စင်းလောင်း နှစ်ပါးကိုငင်း၊ သုံးပါးကိုငင်း ဒွန်ပြု၍ဘတ်ခြင်းငှါမအပ်။ ။ထို့ကြောင့် မဟာဝါဠနိကအဋ္ဌကထာ၌။ ။သစေပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ။ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ။ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုသာဝေတိ၊ အညမည္ဉ္စ ဂဏပူရကာ ဟောန္တိ ဝဋ္ဋတိ၊ သစေပန နာနာ ဥပဇ္ဈာယာ ဟောန္တိ ဧကော အာစရိယော ဟောတိ၊ နတွေဝ နာနုပဇ္ဈာယေ နာတိ ပဋိက္ခိတ္တတ္တာ နဝဋ္ဋတိ၊ ဣဒံ သန္ဓာယဟိ ဧသပဋိက္ခေပေါ။ ။ဟု မိန့်အပ်၏။ ။ပန၊ နည်းတပါးကို ဆိုဦးအံ့။နာနာစရိယာ၊အသီးအသီးသော ကမ္မဝါစာ ဆရာတို့သည်ငင်း။ နာနုပဇ္ဈာယာ၊ အသီးအသီးသော ဥပဇ္ဈာယ်ဆရာတို့သည် ငင်း။ သစေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။တိဿတ္ထေရော၊ တိဿမထေရ်သည်။ သုမနတ္ထေရဿ၊ သုမန မထေရ်၏။ သဒ္ဓိ ဝိဟာရိကံ၊ အတူနေ တပည့်ကို။ သုမနတ္ထေရော၊ သုမန မထေရ်သည်။ တိဿတ္ထေရဿ၊ တိဿမထေရ်၏။ သဒ္ဓိဝိဟာရိကံ၊ အတူနေတပည့်ကို။ သစေအနုသာဝေတိ၊ အကယ်၍ ကမ္မဝါစာကို ဘတ်ရွတ်သည် ဖြစ်အံ့။ ဝေ သတိ၊ ဤသို့ ဘတ်ရွတ်သည် ရှိသော်။ အညမည္ဉ္စ၊ အချင်းချင်းလည်း။ ဂဏပူရကာ၊ ဂိုဏ်းပြည့်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ အပ်သည်မှတပါး၊ မအပ်သည်ကို ဆိုဦးအံ့။ နာနုပဇ္ဈာယာ၊ အသီးအသီးသော ဥပဇ္ဈာယ် ဆရာတို့သည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ ဧကော အာစရိယော၊ ကမ္မဝါစာ ဆရာ တပါး တည်းသည်။ သစေ

စာမျက်နှာ ၂၀၈-၌ * ဤအမှတ်ပါ နေရာတွင်–သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊* ဟု-ဖြည့်ဘတ်ပါ။

ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ နတ္တေဝ နာနုပဇ္ဈာယေနာတိ၊ နတ္တေဝ နာနုပဇ္ဈာယေန ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပဋိက္ခိ ဘတ္တာ၊ ပယ်တော်မူအပ်သည်၏ အဖြစ်ကြောင့်။ နဝဋ္ဋတိ၊ မအပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ဣဒံဥပသမ္ပဒံ၊ ဤပဉ္စင်းလောင်း နှစ်ပါး,သုံးပါးကို ဥပဇ္ဈာယ်ဆရာ အသီးအသီး ကမ္မဝါစာ ဆရာ တပါးတည်းဖြင့် ပဉ္စင်းခံခြင်း ကို။ သန္ဓာယ၊ရည်တော်မူ၍။ သေ-ဒေသာ ပဋိက္ခေပေါ၊ ထိုသို့ ပယ်တော်မူခြင်း ကို။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကတော၊ပြုတော်မူအပ်၏။ ။(ဤကား အနက်)

အချို့ကား၊ နတိက္ခဝ သံဃေန ဥပဇ္ဈာယေန ဥပ သမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃေန ဥပဇ္ဈာ ယေန၊ သံဃာဟူသော ဥပဇ္ဈာယ်ဖြင့်။ နဥပသမ္ပာဒေတဗ္ဗော၊ ပဉ္စင်းမခံအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သံဃေန ဥပဇ္ဈာယေန၊ သံဃာ ဟူသော ဥပဇ္ဈာယ်ဖြင့်။ ဥပသမ္ပာဒေယျ၊ ပဉ္စင်းခံငြားအံ့။ အဿဘိက္ခုနော၊ ထိုရဟန်း အား။ ဒုက္ကဋံ၊ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)။ ။ဤသို့ စသည်ဖြင့်ဟောတော်မူခြင်းကြောင့် ပဉ္စင်းလောင်းတပါး၊ ဥပဇ္ဈာယ် နှစ်ပါးစသည်ဖြင့် ပြုခြင်းငှါသာ မအပ်သည်။ ပဉ္စင်းလောင်းတပါး၊ ဥပဇ္ဈာယ်တပါး အသီးအသီးဖြစ်အံ့၊ ဥပဇ္ဈာယ် နှစ်ပါး၊ ပဉ္စင်းလောင်း နှစ်ပါး၊ ဥပဇ္ဈာယ် သုံးပါး၊ ပဉ္စင်းလောင်းသုံးပါး ဖြစ်သော် လည်း၊ တယောက်သော ကမ္မဝါစာဆရာသည် တပြိုင်နက် အသီး အသီး ငဲ့၍၊ ဒွန်ပူး၍ ဘတ်ရွတ်ခြင်းငှါ အပ်၏ဟု ဆိုကြ၏။ အဋ္ဌကထာဆရာပင် ပယ်ရကား၊ ထိုစကားကို မသင့်ဟုမှတ်ရာ၏။

လျှောက်ထားအပ်သည်ဖြစ်၍ ထိုထိုကျမ်းဂန်တို့နှင့်အညီ၊ စိရင်ဆုံးဖြတ်
ရေးသားအပ်သော ဥပဇ္ဈာယ်တပါး၊ ပဉ္စင်းလောင်းနှစ်ပါး
စသည်ပြုရာ၌၊ ဝိနိစ္ဆယကား ဤတွင်ရှေ့ပြီး၏။

---

(၉) သာမဏေအများ ပြုသင့်မပြုသင့်ကို သိလိုပါသည်ဟု လျှောက်ထား ရာ၌၊ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

ဥပသမ္ပဒကံမှာ သံဃာသည် ပြုအပ်သောကံဖြစ်၍ အနုဇာနာမိ ဘိက္ခဝေ ဒွေတယော ဧကာနုသာဝနေ ကာတုံ။ ။ဟု ပါဠိတော်၌ အပိုင်းအခြားကို ထား၍ ဟောတော်မူအပ်ရကား၊ လေးပါးအောက် ယုတ်မှသာအပ်သည်။ ၎င်း

ထက်ပိုလျှင် မအပ်ဟု မှတ်ရာ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေတယော၊ နှစ်ပါး သုံးပါးသော ပဥ္စင်းလောင်းတို့ကို။ ဧကာနုသာဝနေ၊ တပြိုင်နက်· တချက်ထည်း ပေါင်းစည်း၍ ကမ္မဝါစာဘတ်ရွတ်ခြင်းတို့ကို။ ဝါ၊ တပေါင်းတည်း ကမ္မဝါစာ ဘတ်ရွတ်ခြင်းတို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ။(ဤကားအနက်)။ ။သာမဏေမှာကား ပုဂ္ဂိုလ်သည်ပြုအပ်သောကံ ဖြစ်၍ ပါဠိတော်၌ တပါးသာဟူ၍ရင်း၊ နှစ်ပါးသုံးပါးသာ ဟူ၍ရင်း၊ အပိုင်း အခြားကို ထားတော် မမူခြင်းကြောင့်ရင်း။ ။အဋ္ဌကထာ၌။ ။သာမဏေရ ပဗ္ဗဇ္ဇာပန ဉာတကော သဒ္ဓိယာဝ ဝဋ္ဋတိ၊ နေ ဧကတော သဒ္ဓိယာ။ ။ဟု ဉာတကော သဒ္ဓိမျှကိုသာ ပြခြင်းကြောင့်ရင်း၊ ဌာန်ကရိုဏ်းကို ပြီးပြင်စွာရွတ်ဘတ် ခြင်းငှါ စွမ်းနိုင်လျှင် အများပင် ပြုသော်လည်းအပ်၏။ အချို့ကား၊ ဉာတကော သဒ္ဓိဖြစ်၍ ရဟန်းတပါး၊ သာမဏေတပါးသာ အပ်သည်ဟု ဆိုကြသေးသည်။ အဋ္ဌကထာ၌ ဉာတကောသဒ္ဓိ-ဟူသည်ကို၊ ရဟန်း၏ကံကဲ့သို့ ဧကတော သဒ္ဓိမဟုတ်။ ရဟန်းသာမဏေ နှစ်ပက္ခကို ရည်၍ဆိုသည်ဖြစ်၍ ရဟန်းတပါး၊ သာမဏေတပါး ကို မယူသင့်ရကား၊ ထိုစကားသည်အလျဉ်းပင်မသင့်ဟု မှတ်ရာ၏။ ။သာမဏေရ ပဗ္ဗဇ္ဇာပန၊ သာမဏေဟု ဆိုအပ်သော ရှင်ရဟန်းအဖြစ်သည်ကား။ ဉာတကော သဒ္ဓိယာဝ၊ ရဟန်း,သာမဏေဟု ဆိုအပ်သော နှစ်ဘက်မှ စင်ကြယ်ခြင်းဖြင့်သာ လျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဧကတော သဒ္ဓိယာ၊ ရဟန်းမှရင်း၊ သာမဏေမှရင်း၊ တဘက်မှ စင်ကြယ်ခြင်းဖြင့်။ နေဝဋ္ဋတိ၊ မအပ်။ ။(ဤကားအနက်)

ဉာတကောသဒ္ဓိက ဝိနိစ္ဆယကား ပြီး၏။

---

(၁၀) လျှောက်ထားပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား၊ ကမ္မဝါစာ နိသျကို ကျယ်ဝန်းစွာပေးသူတို့လည်း ပေးကြပါသည်။ သို့သော် လည်း ကျနသေချာစွာသော အနက်မျှကိုသာ ရေးသား၍ သနား တော်မူပါမည့် အကြောင်းကို လျှောက်ဝန့်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။ ။လျှောက်ထားချက်အရ၊ သေချာကျနစွာ သော ကမ္မဝါစာနိသျကား—

နာဂ၊ မကောင်းမှုမှ၊ လွတ်ဆိုကြိုးပမ်း၊ ရဟန်းဘာဝ၊ လွန်တောင့်တလျက်၊ သံဃာ့ဘောင်သို့သာ ရောက်လာသော ပဥ္စင်းလောင်း။ နာဂေါ၊ နာဂ အမည် ရှိသော ပဥ္စင်းလောင်းကို။ ပဌမံ၊ သပိတ်သင်္ကန်းကို ကြားသည်မှ ရှေးဦးစွာ။ ဥပဇ္ဈံ၊ အပြစ်ကြီးငယ်၊ အသွယ်သွယ်ကို၊ ဖျောက်ပယ်လိုမှု၊ ကြည့်ရှုမပြတ်၊ ဆုံးမ တတ်စွာ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဘုရားဟောတော် မူသောကြောင့်။ ထို့သင်ပဥ္စင်းလောင်းသည်။

ပဉ္စမံ၊ သပိတ်သက်န်းကို ကြားသည်မှ ရှေးဦးစွာ။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂဏှ၊ ယူဦးလော။

နာဂ၊ လောင်း။ နာဂံ၊ ပဉ္စင်းလောင်းကို။ ဥပဇ္ဈံ၊ ကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ ပတ္တစီဝရံ၊ သပိတ်တလုံး၊ သုံးထည်သော သက်န်းကို။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ ဣတိ၊ သို့။ ဝစနတော၊ ကြောင့်။ အဟံ၊ သည်။ တေ၊ အား။ ပတ္တစီဝရံ၊ ကို။ အာစိက္ခိတဗ္ဗံ၊ ကြားပေအံ့။ တွံ၊ သည်။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်၍။ ဝဒ၊ လျှောက်ဆိုပါလော့။ အယံ၊ ဤသပိတ်သည်။ တေ၊ ၏။ ပတ္တော၊ သပိတ်တည်း။ ဝါ၊ သပိတ်ဟုတ်သည်မှန်၏လော။ အယံ၊ ဤဒုကုဋ်သည်။ တေ၊ ၏။ သံဃာဋိ၊ ဒုကုဋ်တည်း။ ဝါ၊ ဒုကုဋ်ဟုတ်သည်မှန်၏လော။ အယံ၊ ဤကိုယ်ဝတ်သည်။ တေ၊ ၏။ ဥတ္တရာသင်္ဂေါ၊ ကိုယ်ဝတ်တည်း။ ဝါ၊ ကိုယ်ဝတ်ဟုတ်သည် မှန်၏လော။ အယံ၊ ဤသင်းပိုင်သည်။ တေ၊ ၏။ အန္တရဝါသကော၊ သင်းပိုင်တည်း။ ဝါ၊ သင်းပိုင်ဟုတ်သည် မှန်၏လော။ နာဂ၊ လောင်း။ ဣဒါနိ၊ ၌။ မယာ၊ သည်။ တေ၊ အား။ အနုသာသိတုံ၊ ဆုံးမခြင်းငှါ။ ကာလော၊ အခါ တန်ပြီ။ ဣဓ သံဃမဇ္ဈေ၊ ဤသံဃာ့အလယ်၌။ မယာ၊ သည်။ တံ၊ ကို။ အနုသာသိတုံ၊ ဆုံးမခြင်းငှါ။ အယုတ္တံ၊ မသင့်။ တွံ၊ သည်။ ဣတော၊ ဤသံဃာဘောင်မှ။ ဂစ္ဆ၊ ချီလက်အုပ်ဖြင့်၊ နောက်ဆုတ် ဘဲသွားလေလော့။ ။အမုမှိ ဩကာသေ၊ ဤမည်သော ဟတ္ထပါသ် ကင်းမြောက်၊ သင့်တင့်လောက်သော အရပ်၌။ တိဋ္ဌာဟိ၊ အခိုက်အတန့်၊ ဆိုင်းငံ့၍ နေနှင့်ဦးလော။ အဟံ၊ သည်။ အာဂန္တွာ၊ လာ၍။ တံ၊ ကို။ အနုသာသိဿာမိ၊ ဆုံးမအံ့။

နာဂ၊ လောင်း။ တွံ၊ သည်။ သုဏာသိ၊ နားစေ့စေ့ထောင်။ အယံ၊ ဤအခါ သည်။ တေ၊ ၏။ ဝါ၊ အား။ သစ္စကာလော၊ ဟုတ်မှန်သည်ကို ဆိုခြင်းငှါ သင့်သောအခါတည်း။ ဘူတကာလော၊ ဟုတ်မှန်သည်ကိုဆိုခြင်းငှါ သင့်သော အခါတည်း။ ယံဓမ္မဇာတံ၊ အကြင်ပဉ္စင်းအဖြစ်၏ အန္တရာယ် စသည်ကိုပြုတတ်သော နူနာစသော သဘောတရားသည်။ တေ၊ ၏။ သရီရေ၊ ကိုယ်၌။ ဇာတံ၊ ရှိတတ်၏။ ဝါ၊ ရှိတတ်သည်၊ တံဓမ္မဇာတံ၊ ထိုပဉ္စင်းအဖြစ်၏ အန္တရာယ်စသည်ကို ပြုတတ်သော နူနာစသော သဘောတရားကို။ သံဃမဇ္ဈေ၊ သံဃာအများ၊ ထေရ်ဘုရားတို့၏အလယ်၌။ ဘိက္ခုဟိ၊ အန္တရာယိကဓမ္မပုစ္ဆက ရဟန်း တို့သည်။ တယိ၊ သင့်ကို။ ပုစ္ဆန္တေ- ပုစ္ဆိယမာနေ၊ မေးအပ်သည်ရှိသော်။ တယာ၊ သင်သည်။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထိတိ၊ ရှိပါ၏ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ဆို အပ်၏။ ဝါ၊ လျှောက်ဆိုရမည်။ ဝါ၊ လျှောက်ဆိုပါလေ။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လေ။ တွံ၊ သည်။ ဝိတ္ထာ၊ ကြောက်သဖြင့်၊ ကိုယ်စိတ်ခက်မာ၊ ကြမ်းတန်း စွာနေသည်။ မှာခေါ်အသိ၊ မဖြစ်လင့်။ ဝါ၊

မာခေါဝိတ္ထာသိ၊ ကြောက်ရွံ့ခြင်းမှာ၊ ကြမ်းတန်းစွာသော ကိုယ်စိတ် ရှိသည် မဖြစ်လင့်။ မံကု၊ ရှက်သဖြင့် နှလုံးမသာ၊ မျက်နှာမလှနေသည်။ မာခေါ်အသိ၊ မဖြစ်လင့်။ ဝါ၊ မာခေါမံကု အဟောသိ၊ ရှက်ဟန်ခြင်းရာ၊ မျက်နှာမလှ မဖြစ်လင့်။ ဘိက္ခု၊ အန္တရာယိက ဓမ္မပုစ္ဆက ရဟန်းတို့သည်။ ဇေ၊ ဤသို့။ တံ၊ ကို။ ပုစ္ဆိဿန္တိ၊ မေးကုန်လတ္တံ့။

ကိံ၊ အဘယ်သို့ ပုစ္ဆိဿန္တိ၊ မေးကုန်လတ္တံ့နည်း။ တေ၊ အား။ ဝေရူပါ၊ ဤဆိုလတ္တံ့သော သဘောရှိကုန်သော။ အာဗာဓာ၊ အနာတို့သည်။ သန္တိ၊ ရှိကုန်သလော။ တေ၊ သင်အား။ ကုဋ္ဌံ၊ လက်သည်းပမာဏမှစ၍၊ နူနာရောဂါကြီး စွဲသော အနာသည်။ အတ္ထိ၊ ရှိသလော။ ဇေ၊ သို့။ ပုစ္ဆိဿန္တိ၊ ကုန်လတ္တံ့။ ဇေ ပုစ္ဆန္တေသု၊ ဤသို့မေးကုန်သည် ရှိသော်။ နတ္ထိဘန္တေတိ၊ နတ္ထိ ဘန္တေ ဟူ၍။ ဝါ၊ မရှိလျှင် မရှိပါဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ ဂဏ္ဍော၊ ဆီးစေ့ခန့်ပမာဏမှစ၍၊ တိုးပွါး စကောင်းသော ထွတ်မြင်းအိုင်းမှာ၊ ကြွက်နို့နာသည်။ အတ္ထိ၊ ရှိသလော။ ဇေ၊ သို့။ ပုစ္ဆိဿန္တိ၊ မေးကုန်လတ္တံ့။ ဇေ ပုစ္ဆန္တေသု၊ ဤသို့ မေးကုန်သည် ရှိသော်။ နတ္ထိဘန္တေတိ၊ ဟူ၍။ ဝါ၊ ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ ကိလာသော၊ ညှင်းကြီး- ပွေးပါ၊ တင်းတိတ်နာသည်။ အတ္ထိ၊ လော။ ဇေ၊ သို့။ ပုစ္ဆိဿန္တိ၊ ကုန်လတ္တံ့။ ဇေပုစ္ဆန္တေသု၊ ရှိသော်။ နတ္ထိဘန္တေတိ၊ ၍။ ဝါ၊ ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ သောသော။ အသွေးအသားကို ခန်းခြောက်စေတတ်သော ခယရောဂါ ချောင်းဆိုး၊ ပန်းနာမျိုးသည်။ အတ္ထိ၊ လော။ ဇေ၊ သို့။ ပုစ္ဆိဿန္တိ၊ မေးကုန်လတ္တံ့။ ဇေ ပုစ္ဆန္တေသု၊ သော်။ နတ္ထိဘန္တေတိ၊ ၍။ ဝါ၊ ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ အပ္ပမာရော၊ သည်းခြေပျက်က စသည်ကြောင်းထူး၊ ရူးသွပ်သော အနာမျိုးသည်။ အတ္ထိ၊ လော။ ဇေ သို့။ ပုစ္ဆိဿန္တိ၊ ကုန်လတ္တံ့။ ဇေပုစ္ဆန္တေသု၊ ရှိသော်။ နတ္ထိဘန္တေတိ၊ ၍။ ဝါ၊ ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တွံ၊ သည်။ မနုဿော၊ နဂါး စသည်ဖြစ်၊ လူစင်စစ်သည်။ အသိ၊ ဖြစ်၏လော။ ဇေ၊ သို့။ ပုစ္ဆိဿန္တိ၊ ကုန်လတ္တံ့။ ဇေပုစ္ဆန္တေသု၊ ရှိသော်။ အာမ ဘန္တေတိ၊ အာမဘန္တေဟူ၍။ ဝါ၊ လူသားစင်စစ် ဖြစ်လျှင် ဖြစ်ပါ၏ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တွံ၊ သည်။ ပုရိသော၊ ပဏ္ဍုက်စသည် မဖြစ်၊ ယောကျ်ားစင်စစ်သည်။ အသိ၊ ဖြစ်၏လော။ ဇေ၊ ဤသို့။ ပုစ္ဆိဿန္တိ၊ ကုန်လတ္တံ့။ ဇေပုစ္ဆန္တေသု၊ ရှိသော်။ အာမ ဘန္တေတိ၊ ၍။ ဝါ၊ ယောကျ်ားစင်စစ်ဖြစ်လျှင် ဖြစ်ပါ၏ ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တွံ၊ သည်။ ဘုဇိဿော၊ မနက္ကိတ အန္တေဇနှင့်၊ ဒါသ်ဗျမှန်၊ ဒဏ္ဍကျွန်ဟု၊ လေးတန် အစစ်၊ ကျွန်အဖြစ်မှ၊ တော်လှန်ရလတ်၊ ဖြောင့်မတ်သော သူသည်။ အသိ၊ ဖြစ်၏လော။ ဇေ၊ သို့။ ပုစ္ဆိဿန္တိ၊ ကုန်လတ္တံ့။ ဇေ ပုစ္ဆန္တေသု၊ ရှိသော်။ အာမ ဘန္တေတိ၊ ၍။ ဝါ၊ သူ့ကျွန်မဖြစ်၊ တော်လှန်စစ်လျှင်၊ ဖြစ်ပါ၏ဘုရားဟူ၍။ တယာ၊

သည်။ ဝတ္တဗ္ဗံ၊ လေ။ တုံ၊ သည်။ အဏကော၊ သူ့ကြွေးသူ့မြီမတင်၊ သန့်ရှင်းစင် သည်။ အသိ၊ လော။ ဇေ၊ သို့။လ။ အာမဘန္တေတိ၊ ၍။ ဝါ၊ သူ့ကြွေးသူ့မြီမတင်၊ သန့်ရှင်းစင်လျှင် စင်ပါ၏ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တုံ၊ သည်။ ရာဇဘဋ္ဌော၊ မင်း၏ရိက္ခာကိုစားသောမင်းခစားယောကျ်ားသည်။ နအသိ၊ မဖြစ် ၏လော။ ဇေ၊ သို့။လ။ အာမဘန္တေတိ၊ ၍။ ဝါ၊ မင်း၏ရိက္ခာကိုစားသော မင်းခ စားယောကျ်ား မဖြစ်လျှင် မဖြစ်ပါဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တုံ၊ ကိုး၊ ဝါ၊ သည်။ မာတာပိတူဟိ၊ တို့သည်။ အနုညာတော၊ သာသနာတော် ထမ်း ရဟန်းပြုလေတော့ဟု အနုအညွတ် ခွင့်လွှတ်အပ်သည်။ အသိ၊ လော။ ဇေ၊ သို့။ လ။ အာမဘန္တေတိ၊ ၍။ ဝါ၊ အမိအဘတို့သည် သာသနာတော် ထမ်း ရဟန်း ပြုလေတော့ဟု အနုအညွတ် ခွင့်လွှတ် အပ်သည်ဖြစ်လျှင် ဖြစ်ပါ၏ ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တုံ၊ သည်။ ပရိပုဏ္ဏ ဝီသတိ ဝဿော၊ သန္ဓေစတိ၊ ယနေ့ထိက၊ ပြည့်ဝသော အသက် နှစ်ဆယ်ရှိသည်။ အသိ၊ လော။ ဇေ၊ သို့။လ။ အာမဘန္တေတိ၊ ၍။ ဝါ၊ ပြည့်သော အသက်နှစ်ဆယ်ရှိလျှင် ရှိပါ၏ ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တေ၊ သင်အား။ ဝါ၊ ၏။ ပတ္တစီဝရံ၊ သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံ၏လော။ ဇေ၊ သို့။လ။ အာမဘန္တေတိ၊ ၍။ ဝါ၊ သပိတ်တလုံး သုံးထည်သော သင်္ကန်း ပြည့်စုံလျှင် ပြည့်စုံပါ၏ ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တုံ၊ သည်။ ကိံနာမော၊ အဘယ် အမည်ရှိသည်။ အသိ၊ ဖြစ် သနည်း။ ဇေ၊ သို့။လ။ အဟံ ဘန္တေ နာဂေါ နာမာတိ၊ ၍။ ဝါ၊ အကျွန်ုပ်သည်၊ နာဂအမည်ရှိပါသည်ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ တေ၊ ၏။ ဥပဇ္ဈာ ယော၊ သည်။ ကောနာမော၊ အဘယ်အမည်ရှိသနည်း။ ဇေ၊ သို့။ လ။ ဥပဇ္ဈာ ယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမာတိ၊ ၍။ ဝါ၊ အကျွန်ုပ်၏ ဥပဇ္ဈာယ် ဆရာသည်၊ သက်တော် ရာကျော် ရှည်လတ္တံ့သော တိဿ ထေရ် အမည်တော်ရှိပါသည်ဘုရားဟူ၍။ တယာ၊ သည်။ ဝတ္တဗ္ဗံ၊ လေ။ နာဂ၊ လောင်း။ မယာ၊ သည်။ တယာ၊ နှင့်။ ဝါ၊ တယာ။ သင်သည်။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ သံဃမဇ္ဈံ၊ သံဃာအလယ်သို့။ ဂန္တုံ၊ သွားခြင်းငှါ။ နယုတ္တံ၊ မသင့်။ တွံ၊ သည်။ ဣဓေဝ၊ ဤအရပ်၌သာလျှင်။ တိဋ္ဌ၊ တခဏခန့် ဆိုင်းငံ့၍ တည်ရစ်ဦးလော။

နာဂ၊ လောင်း။ တေ၊ သင်အား။ ဝါ၊ ၏။ ဥပသမ္ပဒ ယာစနကာလော၊ မြင့်မြတ်သော ပဉ္စင်း အဖြစ်ကို တောင်းပန်ခြင်းငှါ သင့်သော အခါသည်။ အနုပ္ပတ္တော၊ အစဉ်ရောက်လာပြီ။ တုံ၊ သည်။ ဣမ၊ ဤသံဃာဘောင်သို့။ အာဂစ္ဆ၊ လက်အုပ်ချီမိုး၊ ရှိခိုးပြီးလျက် ငြိမ်သက်တည်ကြည်စွာ လာခဲ့လော။

ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ မြင့်မြတ်သော ပဉ္စင်း၏အဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊

အရှင်ဘုရားတို့။ သံဃော၊ သည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု၊ ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ ထုတ်နုတ်၍၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်၌· တည်ပါစေသော။ ။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဥလ္လုမ္ပတု၊ မည်းညစ်သော အကုသိုလ်အဘို့မှ ထုတ်နုတ်၍၊ ဖြူစင်သောကုသိုလ်အဘို့၌ တည်ပါစေသော။ ။တတိယမ္ပိ၊သုံးကြိမ်မြောက်လည်း။ ဥလ္လုမ္ပတု၊ သံသရာဘည်းဟူသော ရေအယဉ်မှ ထုတ်နုတ်၍၊ နိဗ္ဗာန်ဘည်းဟူသော ကြည်းကုန်းထက်၌ တည်ပါစေသော။ ။[အနက်ကြွင်းကို ရှေးနည်းအတိုင်း သမ္ဗန်လေ]။ ။နာဂ၊ လောင်း။ လ။ အဟံ၊ သည်။ တံခမ္မ ဇာတံ၊ ကို။ ပုစ္ဆာမိ၊ အံ့။ လ၊ အဟံ ဘန္တေ နာဂေါနာမ၊ အကျွန်ုပ်သည် နာဂ အမည်ရှိပါသည်ဘုရား။ လ။ ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿ တ္ထေရော နာမ၊ အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် သက်တော် ရှည်လတ္တံ့သော တိဿထေရ် အမည်တော် ရှိပါသည်ဘုရား။ ။[အကြွင်းကို ရှေးနည်းအနက် သမ္ဗန်လေ မထူးပြီ။]

ကိံ နာမောသိ ဟူသောပါဠ်ဖြင့် မှည့်အပ်သော သင့်အမည်ကို သိလိုစစ်ဆေး၊ ငါတို့က မေးသည်ရှိသော်၊ အဟံ ဘန္တေ နာဂေါနာမဟု သံဃမျက်မှောက်၊ သင်ယခုလျှောက်သောကြောင့် သင်၏ အမည်သို ခေါ်ဆိုဘတ်ရွတ် လွယ်စေခြင်းငှါ၊ သံဃာသည် မှည့်အပ်သော မာဂဓဝေါဟာရဖြင့် နာဂဟူ၍မှတ်။ ။ကောနာမော တေ ဥပဇ္ဈာယော ဟူသောပါဠ်ဖြင့် မြင့်မြတ်ဆက်နွယ်၊ ဥပဇ္ဈာယ်ကို၊ သိလိုစစ်ဆေး၊ ငါတို့က မေးသည်ရှိသော်။ ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ၊ ဟု သံဃာမျက်မှောက်၊ သင်ယခုလျှောက်သောကြောင့် ဘုန်းတော်ကြီး၍ သက်တော်ရှည်လတ္တံ့သော၊ မည်သည့်ကျောင်း၌ သီတင်းသုံးနေတော်မူသော သင်၏ ဥပဇ္ဈာယ်ဆရာအမည်ကို ရွတ်ဆိုရဲ့၊ တွန့်တိုခြင်းမရှိစေခြင်းငှါ သံဃာသည် မှည့်အပ်သော မာဂဓဝေါဟာရဖြင့် တိဿ အမည်ရှိသော မည်သည့်ဆရာတော်ဘုရားကြီးကို သင်၏ဥပဇ္ဈာယ် ဆရာဟူ၍မှတ်။ ။ငါတို့သုံးပါးကိုမူကား၊ ဘုရားမိန့်မှာ၊ ဉာတ်ကမ္မဝါစာကို ဆယ်ဖြာသော ဗျဉ္ဇနဗုဒ္ဓိတို့ဖြင့် နိုင်းညှိရွတ်ဘတ်ဘတ်သော ကမ္မဝါစာဆရာဟူ၍မှတ်။ ။ကြွင်းသော သံဃာတော်အပေါင်းတို့ကိုကား ဘုရားမြွက်ဟ၊ ဗျဉ္ဇန ဗုဒ္ဓိနှင့်အညီ၊ ရွတ်ဘတ်သည်ကို ကြည့်ညိုနှစ်သက်ကြသဖြင့် သံဃာသမ္မုခါ အဖြစ်ကို စင်စစ်ပြုတတ်သော ကာရကသံဃာဟူ၍မှတ်။

တာဝဒေဝ၊ ထိုပဉ္စင်းဖြစ်စ၊ ခဏ၌သာလျှင်။ ဆာယာ၊ အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းရှည့်အပ်၏။ ဝါ၊ ဘဝါးစတွန်း အပ်၏။ ဥတုပမာဏံ၊ ဆောင်းဥတု၊ နွေဥတု၊ မိုးဥတုတို့တွင် ရောက်ဆဲဖြစ်သော ဥတုဟူသော အတိုင်းအရှည်ကို။ ဝါ၊ ဥတု၏

ပြည့်သော ပက္ခဟူသော အတိုင်းအရှည်ကို။ အာစိက္ခိတဗ္ဗံ၊ ၏။ ဒိဝသဘာဂေါ၊ မပြည့်ဟူသော ပက္ခနေ့အဘို့ကို။ ဝါ၊ နေ့၏နံနက်အဘို့ နေလွဲအဘို့ကို။ အာစိက္ခိတဗ္ဗော၊ ၏။ ။သံဂီတိ၊ အရိပ်ကားကျမ်း၊ ဥတုကား ကျွရွေ့၊ နေ့အဘို့ကား ကျလောက်-ဟု နှိုင်းထောက်ပိုင်းခြား၍၊ ရွှေသုံးပါးအပေါင်းကို။ ဝါ၊ ကာရက သံဃာအပေါင်းကို။ အာစိက္ခိတဗ္ဗာ၊ ၏။ ။နာဂ၊ မကောင်းမှုမှ၊ လွတ်ဆုံအစစ် ရဟန်းဖြစ်ပြီးသော ပဉ္စင်းငယ်။ စတ္တာရော၊ ကုန်သော။ နိဿယာ၊ မှီရာပစ္စည်း တို့ကိုရင်း။ စတ္တာရိ၊ ကုန်သော။ အကရဏီယာနိ၊ မပြုမကျင့်အပ်သည် တို့ကိုရင်း။ အာစိက္ခိတဗ္ဗာနိ၊ ကုန်၏။ ဣတိ၊ သို့။ ဝစနတော၊ ကြောင့်။ အဟံ၊ သည်။ တေ၊ အား။ စတ္တာရော၊ ကုန်သော။ နိဿယာစ၊ တို့ကိုရင်း။ စတ္တာရိ၊ ကုန်သော။ အကရဏီယာနိစ၊ တို့ကိုရင်း။ အာစိက္ခာမိ၊ အံ့။တွံ၊ သည်။ သမ္မာ၊ စွာ။ဓာရေဟိ၊ မှတ်လေလော့။

ပိဏ္ဍိယာ လောပဘောဇနံ၊ သလုံး မြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သော တခဲတလုပ်၊ တဆုပ်မျှသော ဆွမ်းကို။ နိဿာယ၊ ၍။ ယာပဗ္ဗဇ္ဇာ၊ အကြင် ရဟန်း၏အဖြစ်သည်။ အတ္ထိ၊ ၏။ တတ္ထ၊ ၌။တေတယာ၊ သင်ပဉ္စင်း သစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဝါ၊ သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလ ပတ်လုံး။ ဥဿာဟော၊ မနေမနား ကြိုးစားမယုတ် အားထုတ်ခြင်းကို။ ကရဏီယော၊ အပ်၏။ တေ၊ အား။ အတိရေက လာဘော၊ ရှေးဘုန်းရှေးကံ ကြီး၍ အလွန်တည်း လာဘ်များသည်ဖြစ်အံ့။ သံဃဘတ္တံ၊ အလုံးစုံသော သံဃာအား လှူအပ်သော ဆွမ်းကိုရင်း။ ဥဒ္ဒေသဘတ္တံ၊ သံဃာမှ ကျမ်းကျွရွေ့ဟု ညွှန်း၍ လှူအပ်သောဆွမ်းကိုရင်း။ နိမန္တနံ၊ သံဃာမှရင်း၊ အသီးရင်း ပင့်ဘိတ်၍ လှူအပ် သော ဆွမ်းကိုရင်း၊ သလာကဘတ္တံ၊ စာရေးတံဖြင့် လှူအပ်သော ဆွမ်းကိုရင်း။ ပက္ခိကံ၊ လဆန်းပက္ခ၊လဆုတ်ပက္ခ၌ လှူအပ်သော ဆွမ်းကိုရင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌ လှူအပ်သော ဆွမ်းကိုရင်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌ လှူအပ် သော ဆွမ်းကိုရင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ ဘုဉ်းပေး သုံးဆောင်အပ်၏။

ပံသုကုလ စီဝရံ၊ မြေမှုန့်အလိမ်းအလိမ်း ကပ်သော သင်္ကန်းကို။ နိဿာယ၊ ၍။ ယာပဗ္ဗဇ္ဇာ၊ သည်။ အတ္ထိ၊ ၏။ တတ္ထ၊ ၌။ တေတယာ၊ သည်။ ယာဝဇီဝံ၊ ဆုံး။ ဝါ၊ လုံး။ ဥဿာဟော၊ ကို။ ကရဏီယော၊ အပ်၏။ တေ၊ အား။ အတိရေ ကလာဘော၊ အံ့။ ခေါမံ၊ ခေါမချည်ဖြင့် ရက်အပ်သော သင်္ကန်းကိုရင်း။ ကပ္ပါ သိကံ၊ ဝါချည်ဖြင့် ရက်အပ်သော သင်္ကန်းကိုရင်း။ ကောသေယျံ၊ ပိုးချည်ဖြင့် ရက်အပ်သော သင်္ကန်းကိုရင်း။ ကမ္ဗလံ၊ လူ့ဆံပင် သားရဲမွေးကိုထား၍ ကြွင်း သော သားမွေးတို့ဖြင့် ရက်အပ်သော သင်္ကန်းကိုရင်း။ ဝါ၊ သက္ကလတ်သင်္ကန်းကို ရင်း။ သာဏံ၊ ပိုက်ဆန်လျှော်ဖြင့် ရက်အပ်သော သင်္ကန်းကိုရင်း။ ဘင်္ဂံ၊ ရှေ

ချည် ငါးပါးကိုရော၍ ရက်အပ်သော သက်န်းကိုဒုင်း။ ဝါ၊ ဘန်ချည်ဖြင့် ရက်အပ်သော သက်န်းကိုဒုင်း။ ပရိဘုဉ္ဇိတုံ၊ ဝတ်ရုံ သုံးဆောင်အပ်၏။

ရုက္ခမူလ သေနာသနံ၊ သစ်ပင်ရင်းတည်း ဟူသော ကျောင်းကို။ နိဿာယ၊ ၍။ လ။ အတိရေက လာဘော၊ အံ့။ ဝိဟာရော၊ နှစ်ဘက်စောက် မိုးသော ကျောင်းကိုဒုင်း။ အဍ္ဍယောဂေါ၊ တဘက်စောက် မိုးသော ကျောင်းကိုဒုင်း။ ဝါ၊ ဝဲပုံကျောင်းကိုဒုင်း။ ပါသာဒေါ၊ ပြာသာဒ်ရှည်ကိုဒုင်း။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်းကိုဒုင်း။ ဂုဟာ၊ လိုဏ်ကိုဒုင်း။ ပရိဘုဉ္ဇိတုံ၊ နေထိုင် သုံးဆောင်အပ်၏။ ။ပူတိမုတ္တဘေသဇ္ဇံ၊ နွားကျင်ပုပ်တည်းဟူသော ဆေးကို။ ဝါ၊ နွားကျင်ပုပ်ဖြင့် ထုံအပ်သော သစ်ဆိမ့် သျှစ်သျှား သဘန်းခါးစသော ဆေးကို။ နိဿာယ၊ ၍။ လ။ အတိရေကလာဘော၊ အံ့။ သပ္ပိ၊ ထောပတ်ကိုဒုင်း။ နဝနီတံ၊ ဆီဦးကိုဒုင်း။ တေလံ၊ ဆီကိုဒုင်း။ မဓု၊ ပျားကိုဒုင်း။ ဖာဏိတံ၊ တင်လဲကိုဒုင်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်အပ်၏။

ဥပသမ္ပန္နေန၊ မြင့်မြတ်သော ပဥ္စင်းအဖြစ်သို့ရောက်သော။ ဘိက္ခုနာ၊ သည်။ မေထုနော၊ တပ်ခြင်းတူသော သူနှစ်ယောက်တို့၏ ဥစ္စာဖြစ်သော။ ဓမ္မော၊ ရွာသူတို့၏ အကျင့်ကို။ နပဋိသေဝိတဗ္ဗော၊ အပ်။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ တိရစ္ဆာန ဂတာယပိ၊ တိရစ္ဆာန်မဥ္စသော်သည်း။ နပဋိသေဝိတဗ္ဗော၊ အပ်။ ယောဘိက္ခု၊ သည်။ မေထုနံ၊ သော။ ဓမ္မံ၊ ကို။ ပဋိသေဝတိ၊ အံ့။ သောဘိက္ခု၊ သည်။ အဿမဏော၊ ရဟန်း မဟုတ်သည်။ ဝါ၊ ရဟန်းတု ရဟန်းယုတ်၊ စက်ဆုပ် ကဲ့ရဲ့အပ်သော ရဟန်းသည်။ ဟောတိ၊ ၏။ အသကျ ပုတ္တိယော၊ သာကီဝင် မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ၏။ သေယျထာပိနာမ၊ ထင်စွာသိမှုနှိုင်းတုစရာ ဥပမာမည်သည် ကား။ သီသစ္ဆိန္နော၊ ဦးခေါင်းပြတ်ကြေ သေလေပြီးသော။ ပုရိသော၊ ယောကျ်ားသည်။ တေန၊ ထိုပြတ်လေပြီးသော ဦးခေါင်းနှင့်။ သရီရ ဗန္ဓနေန၊ ကိုယ်ကို တဘန် စပ်ပြန်သဖြင့်။ ဇီဝိတုံ၊ အသက်ရှင် ပြန်ခြင်းငှါ။ အဘဗ္ဗော သေယျ ထာပိ၊ မထိုက် သကဲ့သို့ပင်။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ သည်။ မေထုနံ၊ သော။ ဓမ္မံ၊ ကို။ ပဋိသေဝိတွာ၊ ကြောင့်အဿမဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသကျပုတ္တိယော၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုမေထုန် အကျင့်ကို ပြုကျင့် လွန်ကျူးခြင်းကို။ တေတယာ၊ သည်။ ယာဝဇီဝံ၊ ဆုံး။ ဝါ၊ လုံး။ အကရဏီယံ၊ အပ်။

ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး ဥစ္စာကို။ ထေယျသင်္ခါတံ၊ ထေယျသင်္ခါတေန၊ ထေယျ စိတ္တ ကောဋ္ဌာသေန၊ ခိုးလိုသော သူ၏အဖြစ်တည်းဟူသော စိတ်အစုဖြင့်။

နအာဒါတဗ္ဗံ၊ မခိုးယူအပ်။ အန္တမ သော၊ အားဖြင့်။ တိဏသလာကံ၊ မြက်ဝါးခြမ်းစိတ်ကို။ ဥပါဒါယ၊ ၍။ နအာဒါတဗ္ဗံ၊ အပ်။ ယောဘိက္ခု၊ သည်။ အဒိန္နံ၊ သော။ ပါဒံဝါ၊ ဆယ်မူးရေ ရွှေတမတ်ဟု ဆိုအပ်သော အကပ္ပိယ ဘဏ္ဍာကိုငင်း။ ပါဒါရဟံ ဝါ၊ ဆယ်မူးရေ ရွှေတမတ် ထိုက်သော ကပ္ပိယ ဘဏ္ဍာကိုငင်း။ အတိရေက ပါဒံဝါ၊ ဆယ်မူးရေ ရွှေတမတ်ထက် လွန်သော အကပ္ပိယ ဘဏ္ဍာ,ကပ္ပိယ ဘဏ္ဍာကိုငင်း။ ထေယျသင်္ခါတံ- ထေယျ သင်္ခါတေန၊ ထေယျစိတ္တ ကောဋ္ဌာသေန၊ ဖြင့်။ အာဒိယတိ၊ ခိုးယူမိအံ့။ သော ဘိက္ခု၊ သည်။ အသမဏော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။ အသကျပုတ္တိယော၊ သည်။ ဟောတိ၊ ၏။ သေယျထာပိနာမ၊ ကား။ ဗန္ဓနာ၊ အညှာမှ။ ပဝုတ္တော၊ သက်လျော ကြွေကျသော။ ပဏ္ဍုပလာသော၊ ဘက်ရွက်လျော်သည်။ ဟရိတတ္တာယ၊ ရွှေသို့တဘန်၊ စိမ်းရှင်ပြန်ခြင်းငှါ။ အဘဗ္ဗော သေယျထာပိ၊ ပင်။ ဧဝမေဝ၊ လျှင်။ ဘိက္ခု၊ သည်။ အဒိန္နံ၊ သော။ ပါဒံဝါ၊ ကိုငင်း။ ပါဒါရဟံဝါ၊ ကိုငင်း။အတိရေကပါဒံဝါ၊ကိုငင်း။ ထေယျသင်္ခါတံ-ထေယျသင်္ခါတေန၊ ထေယျစိတ္တ ကောဋ္ဌာသေန၊ ဖြင့်။ အာဒိယိတွာ၊ကြောင့်။ အသမဏော၊ သည်။ လ။တံ၊ ထိုအရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းကို။ လ။ အကရဏီယံ၊ အပ်။

ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ သဉ္စိစ္စ၊ သတ္တဝါ ဟူသော အမှတ်နှင့် တကွ သတ်လိုသောစိတ်ဖြင့် စေ့စော်၍။ ပါဏော၊ သတ္တဝါကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ နဝေါရောပေတဗ္ဗော၊ မချအပ်၊မကျစေအပ်။အန္တမသော၊ ဖြင့်။ ကုန္ထကိပ္ပိလိကံ ပိုးရွခြပုန်းကို။ ဥပါဒါယ၊ ၍။ နဝေါရောပေတဗ္ဗော၊ အပ်။ ယောဘိက္ခု၊သည်။သဉ္စိစ္စ၊ ၍။မနုဿဝိဂ္ဂဟံ၊လူဇာတ်ရှိသောသူ၏ကိုယ်ကို။ဇီဝိတာ၊မှ။ ဝေါရောပေတိ၊ ချမိ ကျမိစေအံ့။ အန္တမသော၊ အားဖြင့်။ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်ကျစေခြင်းကို။ ဝါ၊ ကိုယ်ဝန်ကျဆေးပေးသည်ကို။ ဥပါဒါယ၊ ၍။ ဝေါရောပေတိ၊ အံ့။ သောဘိက္ခု၊ သည်။ လ။ သေယျထာပိနာမ၊ ကား။ ဒွေ့ဓာ၊ နှစ်စိတ်နှစ်ဖြာ။ ဘိန္နာ၊ ကွဲလေပြီးသော။ ပုထုသိလာ၊ ကျောက်ဖျာကြီးသည်။ အပ္ပဋိသန္ဓိကာ၊ ရှေ့သို့တဘန် စပ်ပြန်ခြင်းမရှိသည်။ ဟောတိ သေယျထာပိ၊ ပင်။ ဧဝမေဝ၊ သာလျှင်။ ဘိက္ခု၊ သည်။ သဉ္စိစ္စ၊ ၍။ မနုဿဝိဂ္ဂဟံ၊ ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေတွာ၊ ချမိ ကျစေမိသောကြောင့်။ အဿမဒဏော၊ သည်။ ပ။ တံ၊ ထိုလူဇာတ်ရှိသောသူ၏ကိုယ်ကို ဇီဝိတိန္ဒြေမှ ချခြင်းကို။ ပ။ အကရဏီယံ၊ အပ်။

ဥပသမ္ပန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ ဥတ္တရိမနုဿဓမ္မော၊ လူတို့၏ ကုသလကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို။ နဥလ္လပိတဗ္ဗော၊ မရဘဲ-မသိဘဲ-မမြင်ဘဲလျက် ရ၏၊ သိ၏၊ မြင်၏ဟူ၍ ဝါကြွားလျှည့်စား

သဖြင့် မပြောဟောအပ်။ အန္တမသော၊ ဖြင့်။ သုညာဂါရေ၊ လူဆိတ်-ကင်းကွာ တောနေရာ၌။ အဘိရမာမီတိ၊ ဈာန်သမာပတ်ဖြင့် ငါမွေ့လျော်၏ဟူ၍။ နဉ္ဇလ္လပိတဗ္ဗော၊ အပ်။ ယောဘိက္ခု၊ သည်။ ပါပိစ္ဆော၊ ပလွှားမှုရော၊ ယုတ်မာသောအလိုရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ ဝါကြွားမှုရော၊ ယုတ်မာသော အလိုဆိုးသည့်နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ၊ မိမိသန္တာန်တွင် ထင်ရှားမရှိသော။ အဘူတံ၊ မိမိသန္တာန်၌ တရံတဆစ် မဖြစ်ဘူးသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဥလ္လပတိ၊ မရဘဲ၊ မသိဘဲ၊ မမြင်ဘဲလျက် ရ၏၊သိ၏၊မြင်၏ဟူ၍ ဝါကြွားလှည့်စားသဖြင့် ပြောဟောမိငြားအံ့။ ဈာနံဝါ၊ လေးပါးသောဈာန်ကိုရင်း။ ဝိမောက္ခံဝါ၊ သုံးပါးသော ဝိမောက္ခကိုရင်း။ သမာဓိံဝါ၊ သုံးပါးသော သမာဓိကိုရင်း။ သမာပတ္တိံဝါ၊ သုံးပါးသော သမာပတ်ကိုရင်း။ မဂ္ဂံဝါ၊ လေးပါးသော မဂ်ကိုရင်း။ ဖလံဝါ၊ လေးပါးသော ဖိုလ်ကိုရင်း။ ဥလ္လပတိ၊ အံ့။ သော ဘိက္ခု၊ သည်။ အသမဏော၊ သည်။ သေယျထာပိနာမ၊ကား။ မတ္ထကစ္ဆိန္နော၊လည်ဆစ်ပြတ်လျင်း၊ဖူးညွှောက်ကင်းသော။ တာလော၊ ထန်းပင်သည်။ ပုနဝိရုဠ္ဟိယာ၊ တဖန်ဖူးညွှောက်၊ပေါက်ရောက်စည်ပင် ပြန့်ပွါးခြင်းငှါ။အဘဗ္ဗော၊သေယျထာပိ၊ပင်။ ဧဝမေဝ၊သာလျှင်။ ဘိက္ခု၊ သည်။ ပါပိစ္ဆော၊ ၍။ ဣစ္ဆာပကတော၊ ၍။ သန္တံ၊ သော။ အဘူတံ၊ သော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဥလ္လပိတွာ၊ မရဘဲ မသိဘဲ မမြင်ဘဲလျက်၊ရ၏-သိ၏ မြင်၏ဟူ၍။ ဝါကြွားလှည့်စားသဖြင့် ပြောဟောမိသောကြောင့်။ အသမဏော၊ သည်။ ပ။ တံ၊ ထိုလူတို့၏ ကုသလကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော ဈာန်,မဂ်ဖိုလ် တရားကို မရဘဲ-မသိဘဲ-မမြင်ဘဲလျက်၊ ရ၏- သိ၏- မြင်၏-ဟူ၍၊ ဝါကြွားလှည့်စား သဖြင့် ပြောဟောခြင်းကို။ တေယာ၊ သည်။ ယာဝဇီဝံ၊ ဆုံး။ ဝါ၊၊ လုံး။ အကရဏီယံ၊ အပ်။

[ပဥ္စင်းလောင်း နှစ်ယောက်သုံးယောက်ဖြစ်အံ့၊ တွံ-ကို တုမှေ့-ဟု၊ တေ-ကို တုမှာကံဟု၊ တယာကို တုမှေဟိဟု၊ တု-ကို တုမှေဟု၊ တယိကို တုမှေသုဟု၊ ပြင်၍ ဗဟုဝုစ်သမ္ဗန်လေ။ ။ထူးသကဲ့သို့ရှိရာ၌သာ ရေးတော့အံ့]။ ။နာဂ ါ၊ တို့ကို။ ဂါဟာပေတဗ္ဗော၊ ကုန်၏။ နာဂ ါ၊ တို့။ ဂဏှထ၊ ယူကြကုန် ဦးလော။ သံလက္ခေတွာ၊ ကောင်းစွာမှတ်ကုန်၍။ ဝဒထ၊ လျှောက်ဆို ကြကုန်လော့။ ဣမေ၊ ဤသပိတ်တို့သည်။ ပတ္တာ၊ သပိတ်တို့တည်း။ ဝါ၊ သပိတ် ဟုတ်သည် မှန်ကုန်၏လော။ ဣမေ၊ ဤဒုကုဋ်တို့သည်။ သံဃာဋိယော၊ ဒုကုဋ်တို့တည်း။ ဝါ၊ ဒုကုဋ်ဟုတ်သည် မှန်ကုန်၏လော။ ဣမေ၊ ဤကိုယ်ဝတ်တို့သည်။ ဥတ္တရာသင်္ဂါ၊ကိုယ်ဝတ်တို့တည်း။ ဝါ၊ ကိုယ်ဝတ်ဟုတ်သည်မှန်ကုန်၏လော။ ဣမေ၊ဤသင်းပိုင်တို့သည်။ အန္တရဝါသကာ၊ သင်းပိုင်တို့တည်း။ ဝါ၊ သင်းပိုင်ဟုတ်သည် မှန်ကုန်၏လော။ ဂစ္ဆထ၊ ချီလက်အုပ်ဖြင့် နောက်ဆုတ် ဘဲသွားကြကုန်လော့။ တိဋ္ဌထ၊ တခဏခန့် ဆိုင်းငံ့၍နေနှင့်ကြကုန်ဦးလော။သုဏာထ၊နားစေ့စေ့ထောင်ကြကုန်ဦးလော။

သရီရေသု၊ ကိုယ်တို့၌။ တုမှေသု၊ သင်တို့ကို။ ပုစ္ဆန္တေသု-ပုစ္ဆိယမာနေသု၊ ကုန်သည် ရှိသော်။ ဝိတ္တာနေ၊ ကြောက်သဖြင့် ကိုယ်စိတ်ခက်မာ ကြမ်းတန်းစွာ နေကုန်သည်။ မာခေါ်အဟုဝတ္တ၊ မဖြစ်ကြကုန်လင့်။ ဝါ၊ မာခေါ်ဝိတ္တာ နေအဟုဝတ္တ၊ ကြောက်ရွံ့ခက်မာ ကြမ်းတန်းစွာသော ကိုယ်စိတ်ရှိကုန်သည် မဖြစ်ကြကုန်လင့်။ မံကုနေ၊ ရှက်သဖြင့် နှလုံးမသာ မျက်နှာမလှနေကုန်သည်။ မာခေါ် အဟုဝတ္တ၊ မဖြစ်ကြကုန်လင့်။ ဝါ၊ မာခေါ်မံကု နေအဟုဝတ္တ၊ ရှက်ဟန် ခြင်းရာ မျက်နှာမလှ မဖြစ်ကြကုန်လင့်။ မနုဿာ၊ နဂါးစသည်မဖြစ်၊ လူစင်စစ်တို့သည်။ ဘဝထ၊ ဖြစ်ကြကုန်၏လော။ ပုရိသာ၊ ပဏ္ဍုက်စသည်မဖြစ်၊ ယောကျ်ား စင်စစ်တို့သည်။ ဘဝထ၊ ကုန်၏လော။ ဘုဇိဿာ၊ သူ့ကျွန်မဖြစ် တော်လှန်စစ်တို့သည်။ ဘဝထ၊ ကုန်၏လော။ အဏနာ၊ သူ့ကြွေးသူ့မြီမတင်၊ သန့်ရှင်းစင်ကုန်သည်။ ဘဝထ၊ ကုန်၏လော။ ရာဇဘဋ္ဌာ၊ မင်း၏ရိက္ခာကို စားနေသော မင်းခစား ယောကျ်ားတို့သည်။ နဘဝထ၊ မဖြစ်ကြကုန်၏လော။ အနုညာတာ၊ သာသနာ တော်ထမ်း၊ ရဟန်းပြုလေတော့ဟု၊အနူးအညွတ် ခွင့်လွှတ်အပ်ကုန်သည်။ဘဝထ· ကုန်၏လော။ ပရိပုဏ္ဏ ဝီသတိဝဿာ၊ သန္ဓေ စတိ၊ ယနေ့ ထိက၊ ပြည့်သော အသက်နှစ်ဆယ်ရှိကုန်သည်။ ဘဝထ၊ ကုန်၏လော။ ကိံ နာမာ၊ အဘယ်အမည် ရှိကြကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်သနည်း။ တိဋ္ဌထ၊ တခဏခန့် ဆိုင်းငံ့၍ နေရစ်ကြကုန်ဦးလော။ အာဂစ္ဆထ၊ လက်အုပ်ချီလျက် ငြိမ်သက် တည်ကြည်စွာ လာကြကုန်သော။ ကိံ နာမာဘဝထ ဟူသောပါဠ်ဖြင့်၊ မှည့်အပ်သော သင်တို့ အမည်ကို သိလိုစစ်ဆေး၊ ငါတို့ကမေးသည်ရှိသော်၊ အဟံဘန္တေ နာဂေါနာမ ဟု၊ အသီး အသီး သံဃမျက်မှောက်၊ သင်တို့က လျှောက်သောကြောင့်၊ သင်တို့ ၏ အမည်ကို ခေါ်ဆိုဘတ်ရွတ် လွယ်စေခြင်းငှါ၊ သံဃာသည် မှည့်အပ်သော မာဂဓဝေါဟာရဖြင့် နာဂဟူ၍ အသီးအသီးမှတ်။ ကော နာမော တုမှာကံ ဥပဇ္ဈာယော-ဟူသောပါဠ်ဖြင့်၊ မြင့်မြတ်ဆက်နွယ်၊ ဥပဇ္ဈာယ်ကို သိလိုစစ်ဆေး၊ ငါတို့က မေးသည်ရှိသော်။ ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေ ရောနာမဟု၊ အသီးအသီး သံဃမျက်မှောက်၊ သင်တို့ကလျှောက်သောကြောင့်၊ ဘုန်းတော်ကြီး၍ သက်တော်ရှည်လတ္တံ့သော မည်သည့်ကျောင်း၌ သီတင်း သုံးနေသော သင်တို့၏ ဥပဇ္ဈာယ်ဆရာ၏ အမည်ကို၊ ရွတ်ဆိုရဲဝံ့၊ တွန့်တိုခြင်း မရှိစေခြင်းငှါ သံဃာသည်မှည့်အပ်သော မာဂဓဝေါဟာရဖြင့် တိဿဟူ၍ အသီးအသီးမှတ်။ မာရေထ၊ မှတ်ကြကုန်လော။ ဤမျှသာ ထူးသဖွဲ့သို့ရှိ၏။ ။ {အကြွင်းကား၊ ရှေးနည်းကို အစဉ်မှီးသဖြင့် သိလောက်ပြီ။}

ကမ္မဝါစာနိသျကား-ဤတွင်ရွှေပြီး၏။

ပဗ္ဗဇ္ဇကဏ္ဍပြီး၏။

## ၆-ကမ္မကဏ္ဍ

(၁) ဥပုသ်ပြုခြင်း ဝိနိစ္ဆယ။

(၂) ပတ္တနိကုဇ္ဇန ဝိနိစ္ဆယ။

(၃) ဥက္ခိတ္တက ရဟန်း ပါရိဝါသိကရဟန်းစသည်တို့ကို ဟတ္ထပါသ်၌ ထား၍ကံပြုရာ၌ ပျက်,မပျက် ဝိနိစ္ဆယ။

(၄) သံဝါသ-သမ္ဘောဂ ဝိနိစ္ဆယ။

(၅) အာယတိံ သံဝရ မရှိဘဲ၊ ဒေသနာကြားရာ၌ ထ-မထ ဝိနိစ္ဆယ။

(၆) ပဌမ ပါရာဇိကသည် ယေဘုယျ ကြိယသမုဋ္ဌာန်စသော ဝိနိစ္ဆယ။

(၇) သီတင်းသည်တို့ ခေါင်းလောင်း-ကြေးစည် တီးခေါက်ခြင်း အပ်, မအပ် ဝိနိစ္ဆယ။

(၈) ဗုဒ္ဓ- ဓမ္မ- ဒေဝတာ သန္တကကို ထေယျစိတ်ဖြင့်ခိုးရာ ပါရာဇိက ကျ, မကျ ဝိနိစ္ဆယ။

(၉) အာပတ္တိသရူပါဒိ ဝိနိစ္ဆယ။

(၁၀) ဂိဟိဘူမိ၌ တည်သောသူသည် ရဟန်းအဖြစ်သို့ရောက်- မရောက် ဝိနိစ္ဆယ။

(၁၁) အဂ္ဃသမောဓာန ဝိနိစ္ဆယ။

(၁၂) ဒေဝသိကံ အရောစေတဗ္ဗံ အရ နေ့စဉ်မကြားသော် ဝတ်ပျက်, မပျက် ဝိနိစ္ဆယ။

(၁၃) ရဟန်းခေါက်အပ်သော တုံးခေါက်သံကိုကြားရာ၌ ဝတ်ပျက်, မပျက် ဝိနိစ္ဆယ။

---

(၁) တိုက်တွင်းရှိ-ခဏ္ဍသိမ်၌၊ သံဃာလောက်လျက်-ဂဏဥပုသ်ကို ပြုခြင်း အသီးအသီး သံဃဥပုသ်ကိုပြုခြင်း၊ တိုက်ကိုလွှမ်း၍ သမုတ်အပ်သော ဝိဟာရ-သိမ်၌ တဦးသော သံဃာသည်၊. သံဃဥပုသ်ကိုပြု၍ သိမ်မှ-ဘဲသွားပြီးနောက်- ကြွင်းကျန်သော သံဃာ,တိုက်တပါးမှလာသော သံဃာတို့သည်၊ ရင်းဝိဟာရ သိမ်၌ သံဃဥပုသ်ကို ပြုခြင်းများသည် အပ်,မအပ်ကို သိလိုပါသည် လျှောက်ထားရာ၌၊ အဆုံး အဖြတ်ကို ဤသို့မှတ်ရာ၏။

တပါးအား အဓိဋ္ဌာန်ဉပုသ်၊နှစ်ပါး သုံးပါးတို့အား ပါရိသုဒ္ဓိဉပုသ်၊သံဃာအား သုတ္တုဒ္ဒေသဉပုသ်ကို ခွင့်ပြုတော်မူခြင်းကြောင့်၊ နှစ်ပါး သုံးပါးရှိလျက် အဓိဋ္ဌာန်ဉပုသ်ကို မပြုကောင်းသကဲ့သို့၊ သံဃာရှိလျက်- ပါရိသုဒ္ဓိ ဉပုသ်ကိုမပြုကောင်းဟုမှတ်ရာ၏။ ယင်းသို့မှတ်ရာသည်ကိုလည်း၊ ထိုနေ့ဉပုသ်၌ သော်လည်း ပါတိမောက် မရသော-လေးပါးသော ရဟန်းတို့သည်၊ ပါတိမောက်ရသော ရဟန်းတို့နေရာကျောင်းသို့ဉပုသ်ပြုခြင်းငှါ သွားသင့်ကြောင်း၊မသွားလျှင် ဒုက္ကဋ် အာပတ်သင့်ကြောင်းကိုပြသော။ ။ဣဓပနဘိက္ခဝေ အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ သမ္ဗဟုလာ ဘိက္ခူ ဝိဟရန္တိ ဗာလာ အဗျတ္တာ၊ တေ နဇာနန္တိ ဉပေါသထံဝါ ဉပေါသထကမ္မံဝါ ပါတိမောက္ခံဝါ ပါတိမောက္ခုဒ္ဒေသံဝါ၊ တေဟိ ဘိက္ခဝေဘိက္ခူဟိ ဧကော ဘိက္ခု သာမန္တာ အာဝါသာ သဇ္ဇုကံ ပါဟေတဗ္ဗော။ ဂစ္ဆာဝုသော သံခိတ္တေနဝါ ဝိတ္ထာရေနဝါ ပါတိမောက္ခံ ပရိယာပုဏိတွာ အာဂစ္ဆာတိ။ ဧဝံ စေ တံ လဘေထ။ ဣစ္စေတံ ကုသလံ၊ နောစေ လဘေထ။ တေဟိ ဘိက္ခဝေ ဘိက္ခူဟိ သဗ္ဗေဟေဝ ယတ္ထ ဇာနန္တိ ဉပေါသထံဝါ ဉပေါသထကမ္မံဝါ ပါတိမောက္ခံဝါ ပါတိမောက္ခုဒ္ဒေသံဝါ။ သော အာဝါသော ဂန္တဗ္ဗော။ တေနော စေဂစ္ဆေယျုံ။ အာပတ္တိ ဒုက္ကဋဿ။ ။ဟူသော ပါဠိ။ ။အန္တရာယ်မရှိလျှင်းဘဲ အကျဉ်းအားဖြင့် ပြသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်သည်ကိုပြခြင်းဖြင့်၊ အလျဉ်းမပြသော- သံဃာအား ဆိုဘွယ်မရှိ- ဟူသောအနက်ကိုယူသင့်သော။ ။နဘိက္ခဝေ သံခိတ္တေန ပါတိမောက္ခံ ဉဒ္ဒိသိတဗ္ဗံ။ ယောဉဒ္ဒိသေယျ အာပတ္တိဒုက္ကဋဿ။ ။ဟူသော ပါဠိတို့ကို ထောက်သဖြင့် သိသင့်သည်။

ဘိက္ခဝေ၊ တို့။ ဣဓပန၊ ဤသာသနာတော်၌ ကား။ အညတရသ္မိံ၊ တပါးသော။ အာဝါသေ၊ ကျောင်း၌။ တဒဟုပေါသထေ၊ ထိုနေ့ဉပုသ်နေ့၌။သမ္ဗဟုလာ၊ များစွာကုန်သော။ ဗာလာ၊ ပါတိမောက္ခုဒ္ဒေသ၌ မလိမ်မာ ကုန်သော။ အဗျတ္တာ- ပါဠိကို ပြီးပြင်စွာ ရွတ်ခြင်းငှါ မစွမ်းကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိဟရန္တိ၊ နေကြကုန်၏။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဉပေါသထံဝါ၊ စာတုဒ္ဒသီ-ပန္နရသီ အားဖြင့် နှစ်ပါးသော ဉပုသ်၊ သံဃ- ဂဏ- ပုဂ္ဂလ- သုတ္တုဒ္ဒေသ- ပါရိသုဒ္ဓိ- အဓိဋ္ဌာန်- စာတုဒ္ဒသီ ပန္နရသီ-သာမဂ္ဂီ အားဖြင့်ကိုးပါးသော ဉပုသ်ကိုရင်း။ ဉပေါသထ ကမ္မံဝါ၊ အဓမ္မေန ဝဂ္ဂံ ဉပေါသထ ကမ္မံ၊ အဓမ္မေန သမဂ္ဂံ ဉပေါသထကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ဉပေါသထ ကမ္မံ၊ ဓမ္မေန သမဂ္ဂံ ဉပေါသထကမ္မံ-ဟူသော လေးပါးသော ဉပုသ်ကံကိုရင်း။ ပါတိမောက္ခံဝါ၊ ဘိက္ခုပါတိမောက်, ဘိက္ခုနီ ပါတိမောက်အားဖြင့် နှစ်ပါးသော ပါတိမောက် ကိုရင်း။ ပါတိမောက္ခုဒ္ဒေသံဝါ၊ ဘိက္ခုပါတိမောက်၌လာသော ငါးပါးသော ပါတိ မောက္ခုဒ္ဒေသ- ဘိက္ခုနီ ပါတိမောက်၌ လာသော- အနိယတုဒ္ဒေသ

သည် ကြဉ်အပ်သော လေးပါးသော ပါတိ မောက္ခုဒ္ဒေသ အားဖြင့် ကိုးပါး
သော ပါတိမောက္ခုဒ္ဒေသကိုရင်း။ နဇာနန္တိ၊ မသိကြကုန်။ ဘိက္ခဝေါ၊ တို့။ တေ
ဟိဘိက္ခူဟိ၊ ထိုဗာလ- အဗျတ္တ ရဟန်းတို့သည်။ ကောာ၊ တပါးသော။ဘိက္ခု၊
လိမ်မာရေးခြား မှတ်သားနိုင်လောက်သော ရဟန်းကို။ သာမန္တာ- သာမန္တံ၊
အနီးဖြစ်သော။ ဝါ၊ နေ့ခြင်းမကြာ ဆောလျင်စွာလျှင် ပြန်လာ နိုင်လောက်
အောင်နီးသော။ အာဝါသာ-အာဝါသံ၊ကျောင်းသို့။သဇ္ဇုကံ၊နေ့ချင်းပြန်။ ပါ
ဟေတဗ္ဗော၊ စေလွှတ်အပ်၏။ ကိံ အဘယ်သို့။ ဝတ္တွာ၊ ဆို၍။ ပေသေတဗ္ဗော၊
စေလွှတ်အပ်သနည်း။ (ထည့်)အာဝုသော၊ ငါ့ရှင်။ တွံ၊ ငါ့ရှင်သည်။ ဣတ္ထန္နာမံ၊
ဤအမည်ရှိသော။ ဝိဟာရံ၊ ကျောင်းသို့။ (ထည့်) ဂစ္ဆ၊ အဆောလျင်စွာ-သွား
ပါတဲ့ချေ။ တသ္မိံ ဝိဟာရေ၊ ထိုကျောင်း၌။ ထေရာနံ၊ သိကြား နားလည်ကုန်
သော မထေရ်တို့၏။ သန္တိကာ၊ အထံမှ။(ထည့်) ပါတိမောက္ခံ၊ အာဏာပါတိ
မောက်ကို။ သံခိတ္တေနဝါ၊ အကျဉ်းအားဖြင့်ရင်း။ ဥဒါဟု၊ ယင်း သို့မဟုတ်။
ဝိတ္ထာရေနဝါ၊ အကျယ် အားဖြင့်ရင်း။ ပရိယာပုဏိတွာ၊ သင်ယူ၍။ အာဂစ္ဆ၊
ယနေ့အမြန် ပြန်လာခဲ့ပါ။ တဝ၊ ငါ့ရှင်၏။ အာဂမနကာလေ၊ ပြန်လာသော
အခါ၌။ ပါတိမောက္ခံ၊အာဏာပါတိမောက်ကို။မယံ၊ ငါတို့သည်။ သုဏိဿာမ၊
နာပါကုန်အံ့။(ထည့်) ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆို၍၊ ပေသေတဗ္ဗော၊ စေ
လွှတ်အပ်၏။ ဧဝံ၊ ဤသို့။ ပေသိတံ၊ စေလွှတ်အပ်သော။ တံဘိက္ခုံ၊ ထိုရဟန်း
ကို။ စေလဘေထ၊ အကယ်၍ ရကုန်ငြားအံ့။ ဣစ္စေတံ ဣတိစေတံ၊ ဤသို့ ရခြင်း
သည်။ ကုသလံ၊ ကောင်း၏။ နော စေလဘေထ၊အကယ်၍ မရကုန်ငြားအံ့။ ဧဝံ
အလာဘန္တေသု၊ ဤသို့မရကုန်သည်ရှိသော်။ ဘိက္ခဝေ၊ တို့။ သဗ္ဗေဟေဝ၊ အလုံး
စုံသာလျှင် ဖြစ်ကုန်သော။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်း တို့သည်။ ယတ္ထအာဝါ
သေ၊ အကြင်ကျောင်း၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥပေါသထံဝါ၊ နှစ်ပါး
သော ဥပုသ်-ကိုးပါးသော ဥပုသ်ကိုရင်း။ဥပေါသထ ကမ္မံဝါ၊ လေးပါးသော
ဥပုသ်ကံကိုရင်း။ ပါတိမောက္ခံဝါ၊ နှစ်ပါးသော ပါတိမောက်ကိုရင်း။ ပါတိ
မောက္ခုဒ္ဒေသံဝါ၊ ကိုးပါးသော ပါတိမောက္ခုဒ္ဒေသ ကိုရင်း။ ဇာနန္တိ၊ သိကုန်
၏။ သောအာဝါသော၊ ထိုကျောင်းသို့။ ဂန္တဗ္ဗော၊သွားအပ်၏။ တေဘိက္ခူ၊ ထို
ရဟန်းတို့သည်။ နော စေဂစ္ဆေယျုံ၊ အကယ်၍ မသွား ကုန်ငြားအံ့။ သဗ္ဗေသံ၊
အလုံးစုံသော ရဟန်းတို့အား။ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သို့။ အာပတ္တိ–အာ
ပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊၏။ ။(ဤကားရှေ့ပါဠိတော်၏အနက်)။ ။
ဘိက္ခဝေ၊ တို့။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။
နဥဒ္ဒိသိတဗ္ဗံ၊ မပြအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ပါတိမောက္ခံ၊ပါတိ
မောက်ကို။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဥဒ္ဒိသေယျ၊ ပြငြားအံ့။ အဿ၊ ထို
ရဟန်းအား။ ဒုက္ကဋံ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ။(ဤကား

နောက်ပါဠိတော်၏အနက်)။ ။တေဟိ ဉဒ္ဒိဋ္ဌမတ္တေ ပါဟိမောက္ခေ သဗ္ဗာယ ဝုဋ္ဌိတာယ ပရိသာယ အထေညေ အာဝါသိကာ ဘိက္ခူ အာဂစ္ဆန္တိ၊ သမသမာ၊ ဉဒ္ဒိဋ္ဌံ သုဉဒ္ဒိဋ္ဌံ၊ တေသံ သန္တိကေ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာ။ ။တေဟိ၊ ထိုကျောင်းနေ ရဟန်းတို့သည်။ ပါတိမောက္ခေ၊ ပါတိမောက်ကို။ ဉဒ္ဒိဋ္ဌမတ္တေ၊ ပြရွှ်ပြီးခါမျှ ဖြစ်လတ်သော်။ သဗ္ဗာယ၊ ခပ်သိမ်းသော။ ပရိသာယ၊ ပရိသတ်သည်။ ဝုဋ္ဌိတာယ၊ ထပြီးသောအခါ၌။ အညေ၊ တပါးကုန်သော။ သမသမာ၊ အမျှဖြစ်ကုန်သော။ အာဝါသိကာ၊ ကျောင်းနေရဟန်းတို့သည်။ အာဂစ္ဆန္တိ၊ အကယ်၍ လာကုန်အံ့။ ဧဝံအာဂစ္ဆန္တေသု၊ ဤသို့လာကုန်သည် ရှိသော်။ ဉဒ္ဒိဋ္ဌံ၊ ပြရွှ်ပြီးသော ပါတိမောက်သည်။ သုဉဒ္ဒိဋ္ဌံ၊ ကောင်းစွာ ပြအပ်ပြီးသည်။ ဟောတိ၊ ၏။ တေသံ၊ ထိုပါတိမောက်ကို ပြရွှ်ပြီးကုန်သော ရဟန်းတို့၏။ သန္တိကေ၊ အထံ၌။ တေဟိ၊ ထိုနောက်မှရောက်ကုန်သော ရဟန်းတို့သည်။ (ထည့်)ပါရိသုဒ္ဓိ၊ ပါရိသုဒ္ဓိကို။ အာရောစေတဗ္ဗာ၊ ကြားအပ်၏။ (ဤကား နောက်ပါဠိတော်၏ အနက်)

ဤဉပေါသထက္ခန္ဓက ပါဠိတော်၌၊ သဗ္ဗာယ ဝုဋ္ဌိတာယ၊ ဟူသောပါဠ်ဖြင့်၊ ထကာမျှသာ- အရပ်တပါးသို့ မရောက်- မျက်မှောက် ဟတ္ထပါသ်၏အတွင်း၌၊ အလုံးစုံသောရဟန်းတို့သည် ရှိကုန်၏ဟုယူအပ်၏။ ထို့ကြောင့်၊ တေသံ သန္တိကေ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာ၊ ဟု ဟောတော်မူအပ်၏။ ထိုစကားသင့်စွ၊ ထိုစည်းဝေးနှင့်သော တကျိပ်သောရဟန်း မျက်မှောက်ရှိသော်သာ နောက်လာ တကျိပ်သော ရဟန်းတို့သည် ပါရိသုဒ္ဓိဉပုသ်ပြုခြင်းငှါအပ်၏။ ဉပုသ်အိမ်မှ တပါးသော ရဟန်း ဘဲသွား၍-သိမ်ထဲ၌တည် လျက် ဆန္ဒကိုပင်-ပေးသော်လည်း၊ ၎င်းဆန္ဒပေးသော ရဟန်း ဂိုဏ်းပြည့်မဖြစ်၍- နောက်လာသော ရဟန်းများရကား ပါရိသုဒ္ဓိဉပုသ်မပြုကောင်း။ အသစ်ဉတ်ထား၍ ပါတိမောက်ပြရာ၏။ ဂိုဏ်းပြည့် မဖြစ်ကြောင်းကိုလည်း၊ တသိမ်တည်း၌ တည်သော လေးယောက်သောရဟန်းတို့တွင်၊ တယောက်သော ရဟန်း၏ဆန္ဒကိုဆောင်၍- သုံးယောက်သော ရဟန်းတို့ ပါတိမောက်ပြရာ၌၊ ဓမ္မေန ဝဂ္ဂကံ ဖြစ်ကြောင်းကိုဆိုသော။ ။ဓမ္မေန ဝဂ္ဂံ ဉပေါသထကမ္မံ။ ။ဟူသောပါဠိ။ ။သစေ စတူသုဇနေသု ဧကော ပါရိသုဒ္ဓိံ အာဟရိတွာ တယော ပါတိမောက္ခံ ဉဒ္ဒိသန္တိ။ တီသုဝါ ဇနေသု ဧကော ပါရိသုဒ္ဓိံ အာဟရိတွာ ဒွေပါရိသုဒ္ဓိဉပေါသထံ ကရောန္တိ၊ ဓမ္မေန ဝဂ္ဂံနာမ ဟောတိ။ ။ဟူသော အဋ္ဌကထာကိုထောက်၍သိရာ၏။ ။စတူသု၊ လေးယောက်ကုန်သော။ ဇနေသု၊ ရဟန်းတို့တွင်။ ဧကော၊ တယောက်သော ရဟန်း၏။ ပါရိသုဒ္ဓိံ- ပါရိသုဒ္ဓိကို။ အာဟရိတွာ၊ ဆောင်၍။ တယော၊ သုံးယောက်ကုန်သော ရဟန်းတို့သည်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ သစေ ဉဒ္ဒိသန္တိ၊ ဧကကယ်၍ ပြကုန်သည်ဖြစ်အံ့။ ဝါ၊တနည်းကား။ တီသု၊ သုံးယောက်

ကုန်သော။ ဇနေသု၊ ရဟန်းတို့တွင်။ ကေသာ၊ တယောက်သောရဟန်း၏။ ပါရိသုဒ္ဓိ၊ ကို။ အာဟရိတွာ၊ ဆောင်၍။ ဒွေ၊ နှစ်ယောက်ကုန်သော ရဟန်းတို့သည်။ ပါရိသုဒ္ဓိဥပေါသထံ၊ ပါရိသုဒ္ဓိ ဥပုသ်ကို။ သစေကရောန္တိ၊ အကယ်၍ ပြုကြကုန်သည်ဖြစ်အံ့။ ဧဝံကရောန္တေသု၊ ဤသို့ပြုကြကုန်သည်ရှိသော်။ ဓမ္မေန၊ တရားနှင့်ညီသဖြင့်။ ဝဂ္ဂံနာမ၊ ဝဂ္ဂကံ မည်သည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)

ဤအတူ-ပုရိမဝါသား ငါးပါး။ ပစ္ဆိမဝါသား ငါးပါးရှိရာ ဝိဟာရသိမ်၌ ပုရိမဝါသား ရဟန်းဘပါး၏ ဆန္ဒပဝါရဏာကိုဆောင်၍ ကြွင်းလေးပါးနှင့် တကွ ပစ္ဆိမဝါသား ရဟန်းငါးပါးတို့-ဥပုသ်ပဝါရဏာပြုရာ၌၊ ဆန္ဒပဝါရဏာ ပေးသော ရဟန်းဂိုဏ်းပြည့်မဖြစ်၍၊ ပါတိမောက်ပြပြီးမှ-ထိုရဟန်းတို့ထံ၌-ပဝါရဏာပြုရာ၏။ ထိုစကားသင့်စွ၊ ရှေးစည်းဝေးသော-တူမျှသော ရဟန်းတို့မျက်မှောက်၌ရှိသော်သာ၊ ထိုရဟန်း ထားအပ်သော ဉတ်တည်သည်။ တည်မှသာ နောက်တဘန် ဉတ်ထား၍၊ တပါးသောရဟန်းတို့ ပါဘိမောက် မပြကောင်း ဖြစ်သည်။အချို့ဘဲသွား၍-နည်းပါးသော်ငင်း၊ မဘဲသွား ထင်ရှားမျက်မှောက်၌ ရှေးစည်းဝေးရင်း ရဟန်းအလုံးစုံ ရှိသော်လည်း နောက်လာရဟန်းများသော် ငင်း ထားရင်းဉတ်မတည်။ မတည် သောကြောင့် နောက်ထပ်ဉတ်ထား၍ တပါးသောရဟန်းတို့ ပါတိမောက် ပြကောင်းသည်။ ။ထို့ကြောင့် ဥပေါ သထက္ခန္ဓကၡ၌။ ။တေဟိ ဥဒ္ဒိဋ္ဌ မတ္တေ ပါတိမောက္ခေ သဗ္ဗာယ ဝုဋ္ဌိတာယ ပရိ သာယ အထညေ အာဝါသိကာ ဘိက္ခူ အာဂစ္ဆန္တိ ဗဟုတရာ၊ တေဟိ ဘိက္ခဝေ ဘိက္ခူဟိ ပုန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ။ ႆ ။ဟုဟောတော်မူအပ်၏။ ။တေဟိ ဘိက္ခူဟိ၊ ထိုကျောင်းနေ ရဟန်းတို့သည်။ ပါတိမောက္ခေ၊ ပါတိမောက်ကို။ ဥဒ္ဒိဋ္ဌမတ္တေ၊ ပြ၍ပြီးကာမျှ ဖြစ်လတ်သော်။ သဗ္ဗာယ၊ အလုံးစုံသော။ ပရိသာယ၊ ပရိသတ်သည်။ ဝုဋ္ဌိတာယ၊ ထပြီးသော အခါ၌။ အညေ၊ တပါးကုန်သော။ အာဝါသိကာ၊ ကျောင်းနေဖြစ်ကုန်သော။ဗဟုတရာ၊ များစွာကုန်သော။ဘိက္ခူ၊ ရဟန်းတို့သည်။ အထအာဂစ္ဆန္တိ၊ အကယ်၍လာကုန်အံ့။ ဧဝံ ဂစ္ဆန္တေသု၊ ဤသို့ လာကုန်သည်ရှိသော်။ ဘိက္ခဝေ၊ တို့။ တေဟိဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ ပုန၊ တဘန်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ ဥဒ္ဒိသိတဗ္ဗံ၊ ပြအပ်၏။ ။(ဤကား အနက်)

ထို့ကြောင့်၊အယုတ်အားဖြင့်–ရှေးစည်းဝေးသော-တကျိပ်သော ရဟန်းတို့ စည်းဝေးလျက်မရှိ။ မိမိတို့ကျောင်းသို့ အသီးအသီး သွားကြကုန်သည်ဖြစ်အံ့၊ နောက်လာရဟန်း လေးပါးတို့သည်၊ ထိုရှေးဥပုသ် ပြုကြသော ရဟန်းတို့ လေးပါးလောက်မျှ ဟတ္ထပါသ်သို့သက်၍စည်းဝေးလျက်မရှိ၊ မရှိသောကြောင့်၊

ထိုရှေးဥပုသ်ပြုကြကုန်သော ရဟန်းတို့၏ဆန္ဒကိုဆောင်၍ဥပုသ်အိမ်၌ သံဃဥပုသ် ပြုကောင်း၏။ နောက်လာ သုံးယောက်သော ရဟန်းတို့သည်၊ ရဟန်းတပါးကို ဥပုသ်အိမ်သို့ပင့်ဆောင်၍ ကြွင်းသောရဟန်းတို့၏ဆန္ဒကိုဆောင်၍ ပါတိမောက် ပြကောင်း၏။ ။များခြင်းဖြင့် ပြဋ္ဌာန်းကြ၍၊ ဆန္ဒမပေးလိုလျှင်၊မိမိတို့နှင့်မျှသော ရဟန်းတို့ထံ၌ အသီးအသီး ပါရိသုဒ္ဓိ သော်လည်းပြုရာ၏။ ။တိုက်၂သို့သွား၍ သံဃဥပုသ်သော်လည်း ပြုရာ၏။ ။ဝိမတိဋီကာ၌ကား။ ။တွေစ ပါဋိယံ သဗ္ဗာယ ဝုဋ္ဌိတာယ။ ပ။ တေသံ သန္တိကေ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာတိ ဝုတ္တတ္တာ ဗဟိ သီမဂတာယ ပရိသာယ တေသု ယဿကဿစိ သန္တိကေ အနဓိဋ္ဌိတေဟိ ပါရိသုဒ္ဓိ အာရောစေတုံ ဝဋ္ဋတီတိ ဝဒန္တိ။ ။ဟု တ၂ါးထံ၌သော်လည်း အများပါရိသုဒ္ဓိ ပြုသင့်ကြောင်း လာ၏။ အများကိုအလေးပြု၍ ဟောတော်မူသော အရာဖြစ်၍၊ ဆင်ခြင် သင့်သကဲ့သို့သင့်၏။ ။စ၊ ဆက်၍ဆိုဦးအံ့။ တွေ၊ ဤအရာ၌။ ပါဠိယံ၊ ပါဠိတော်၌။သဗ္ဗာယ ဝုဋ္ဌိတာယ။ ပ။ တေသံ သန္တိကေ ပါရိသုဒ္ဓိ အာရောစေ တဗ္ဗာတိ၊ အာရောစေတဗ္ဗာ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ် ကြောင့်။ ပရိသာယ၊ ပရိသတ်သည်။ ဗဟိသီမဂတာယ၊ သိမ်ပသို့ရောက်သည်ရှိ သော်။ တေသု၊ ထိုပုဂ္ဂိုလ်တို့တွင်။ ယဿကဿစိ၊ အမှတ်မရှိ တယောက်ယောက် သော ပုဂ္ဂိုလ်၏။သန္တိကေ၊ အထံ၌။ အနဓိဋ္ဌိတေဟိ၊ ဥပုသ်ဆောက်တည်၍ မပြီး သေးသော ပုဂ္ဂိုလ်တို့သည်။ ပါရိသုဒ္ဓိ၊ ပါရိသုဒ္ဓိကို။ အာရောစေတုံ၊ ကြားခြင်း ငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။(ဤကားအနက်)

ခဏ္ဍသိမ်၌ အသီးအသီး သံဃဥပုသ်ပြုခြင်း၊ ဝိဟာရသိမ်၌ ရှေးဦးစွာ·သံဃ ဥပုသ်ပြုပြီး၍ သိမ်မှရဟန်းတို့ ဘဲသွားပြီးနောက် လာရောက်သော တိုက်တပါး ရဟန်း၊ ကြွင်းသော တိုက်နေရဟန်းတို့- ဝိဟာရသိမ်၌၊ သံဃဥပုသ်ပြုခြင်းများ သည် ဆိုဘွယ်မရှိ၊ ပကတိ အပ်တော့သည်သာဟု- မှတ်ရာ၏။ ထိုစကားသင့်စွ။ ။ ကေသွိ° ဥပေါသထဂ္ဂေ ဒွေဥတ္တိယော နဌပေတဗ္ဗာ။ ။ကေသွိ°၊ တခုတည်း သော။ ဥပေါသထဂ္ဂေ၊ ဥပုသ်အိမ်၌။ ဒွေ၊ နှစ်ထပ် ကုန်သော။ ဥတ္တိယော၊ ဥတ်တို့ကို။ နဋ္ဌပေတဗ္ဗာ၊ မထားအပ်ကုန်။ ။ဤအဋ္ဌကထာပါဠ်ဖြင့် တသိမ် တည်း၌၊ ပုရိမဝါသား၊ ပစ္ဆိမဝါသားရဟန်းနှစ်ဦးတို့ မျက်မှောက်ရှိစဉ်၊ တဦး က ဥတ်ထားလျှင် တဦးမထားသင့်သည်ကိုသာ ပြသည်။ နံနက်အခါ၌ တဦး ဥပုသ်ထား၍ ပဝါရဏာပြုလျှင်၊ ညချမ်း အခါ၌၊ ထိုသိမ်၌ပင် တဦးဥတ်ထား၍ ဥပုသ်မပြုကောင်းသည်ကို ပြသည်မဟုတ်၊ ဤသို့ရှေးစည်းဝေးသော သံဃာမှ ဘဲသွားသောရဟန်းဂိုဏ်းပြည့်မဖြစ်သကဲ့သို့၊ နောက်လာသံဃာမှအကြောင်းရှိ၍ ဘဲသွားသောရဟန်းလည်း ဂိုဏ်းပြည့်မဖြစ်၊ သုံးယောက်နှစ်ယောက် တယောက် သော ရဟန်းတို့သည်လည်း "ရှေးနည်းကိုမှီ၍၊ မိမိနှင့် မျှသည်မှစ၍ များသော

ရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိဥပုသ်ပြုရာ၏။ ဤပြဆိုအပ်သောအရာသည်၊ ပါဠိ အဋ္ဌကထာဋီကာ၌ တိုက်ရိုက်ပင် မရှိကလည်း၊ နေယျတ္ထ အနက်ရှိသော ယခင် ပြအပ်ခဲ့ပြီးသော ပါဠိ အဋ္ဌကထာတို့ဖြင့်ပင် သိလောက်သည်။

ဥပုသ်ပြုခြင်း ဝိနိစ္ဆယ ပြီး၏။

---

(၂) သပိတ်မှောက်ကံ၏ အဆုံးအဖြတ်ကို သိလိုပါသည်ဟု လျှောက်ထား ရာ၌၊ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

တစုံတခု ပြုကျင့်လွန်ကျူးသော ကာယကံမှု၊ ဝစီကံမှု၊အပြစ်မရှိသောရဟန်း ကောင်းတို့အား လာဘ်မရစေခြင်းငှါ အားထုတ်ခြင်း၊ အကျိုးမဲ့ ဘေးဖြစ်စေ ခြင်းငှါ အားထုတ်ခြင်း၊ ဆဲရေးခြိမ်းခြောက် မောင်းမဲခြင်း၊ ရဟန်းကောင်း တို့ကို ရဟန်းကောင်းတို့နှင့် ဂုန်းတိုက်သဖြင့် ကွဲပြားစေခြင်း၊ ဘုရား၏ ကျေး ဇူးမဲ့ ကဲ့ရဲ့သော စကားကို ဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ ကဲ့ရဲ့ သော စကားကိုဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို ဆိုခြင်း၊ ဤ အင်္ဂါရှစ်ပါးတို့တွင် တပါးပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်မှောက် အပ်၏။ ။ထို့ကြောင့် စူဠဝါဒ္ဒကဝတ္ထုခန္ဓက၌။ ။အဋ္ဌဟိဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတဿ ဥပါသကဿ ပတ္တော နိက္ကုဇ္ဇိတဗ္ဗော၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခူနံ အနာဝါသာယ ပရိ သက္ကတိ၊ ဘိက္ခူနံ အက္ကောသတိ၊ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ အနုဇာနာမိ ဘိက္ခဝေ ဧဝမေဟိ အဋ္ဌဟိ အင်္ဂေဟိ သမန္နာဂတဿ ဥပါသကဿ ပတ္တံ နိက္ကုဇ္ဇိတုံ။ ။ဟု ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ ဥပါသကဿ၊ ဒါယကာအား။ ပတ္တော၊ သပိတ် ကို။ နိက္ကုဇ္ဇိတဗ္ဗော၊ မှောက်အပ်၏။ ကတမေဟိ အဋ္ဌဟိ၊ အဘယ်ရှစ်ပါးသော အင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ ဥပါသကဿ၊ ဒါယကာအား။ ပတ္တော၊ သပိတ်ကို။ နိက္ကုဇ္ဇိတဗ္ဗော၊ မှောက်အပ်သနည်းဟူမူကား။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အလာဘာယ၊ လာဘ်မရ စေခြင်းငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အနတ္ထာယ၊ အကျိုးမဲ့ဖြစ်စေခြင်းငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အနာဝါသာယ၊ နေရာမရစေခြင်းငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ ဘိက္ခူနံ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊

ဘေးကိုပြု၍လည်း ခြိမ်းခြောက်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ ဘေဒေတိ၊ ဂုန်းတိုက်၍ ကွဲပြားအောင်ပြု၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို။ ဘာသတိ၊ ပြောဆို၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ဣမေဟိ-အင်္ဂေဟိ၊ ဤအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ ဥပါသကဿ၊ ဒါယကာအား။ ပတ္တံ၊ သပိတ်ကို။ နိကုဇ္ဇိတုံ၊ မှောက်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။(ဤကားအနက်)

ဤ၌၊ အဋ္ဌဟိ ဘိက္ခဝေ အင်္ဂေဟိ၊ ဟု လာငြားသော်လည်း၊ ထိုရှစ်ပါးတို့တွင် တပါးပါးနှင့် ပြည့်စုံသော ဥပါသကာ အားလည်း မှောက်ခြင်းငှါ အပ်၏။ ။ထို့ကြောင့် ၎င်း၏ အဋ္ဌကထာ၌။ ။အဋ္ဌ ဟင်္ဂေဟီတိ ဧတ္ထ ဧကေကေနာပိအင်္ဂေန သမန္နာဂတဿ အန္တော သီမာယဝါ နိဿီမံဝါ ဂန္တွာ နဒီ အာဒီသုဝါ နိကုဇ္ဇိတုံ ဝဋ္ဋတိယေဝ။ ။ဟူမိန့်အပ်၏။ ။အဋ္ဌဟင်္ဂေဟီတိဧတ္ထ၊ အဋ္ဌဟင်္ဂေဟိ- ဟူသော ဤပါဌ်၌။ ဧကေကေနာပိ၊ တပါးပါးသော အင်္ဂါနှင့်လည်း။ သမန္နာဂတဿ၊ ပြည့်စုံသော ဥပါသကာ အား။ အန္တော သီမာယဝါ၊ သိမ်တွင်း၌ရင်း။ နိဿီမံ၊ သိမ်ပသို့။ ဂန္တွာ၊ သွား၍။ နဒီအာဒီသု ဝါ၊ မြစ်စသည်တို့၌ရင်း။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ ဝါစေတွာ၊ ဘတ်၍။ နိကုဇ္ဇိတုံ၊ မှောက်ခြင်းငှါ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။ ။(ဤကားအနက်)

ဤ၌၊ ဘိက္ခူနံ သဒ္ဒါဖြင့် အပြစ်မရှိသော ရဟန်းကောင်း တို့ကိုသာ ယူအပ်၏။ ဒါယကာကို မိမိက ရိုက်နှက်ပုတ်ခတ်ခြင်း စသော အပြစ် ရှိသော ရဟန်းကို မယူအပ်။ ထိုစကားသင့်စွ၊ အပြစ် ရှိသော ရဟန်းတို့အား အလာဘတ္တ စသောအမှုကို ပြုငြားသော်လည်း၊ သပိတ်မှောက်ကံ မထိုက်။ မထိုက်ကြောင်းကို အပြစ်မရှိသော ဒဗ္ဗမထေရ်ကို အရင်းမရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲဆဲရေးသော ဝဍ္ဎ မည်သော လိစ္ဆဝီမင်းအားသာ သပိတ် မှောက်လောဟု၊ မိန့်တော်မူသည်ကို ၎င်း၊ မင်း၏ သစ်တော်ကို ခိုးယူသော ဓနိယ စသော အပြစ်ရှိသော ရဟန်းတို့ကို ပါရာဇိက အာပတ်ဖြင့် စွပ်စွဲဆဲရေး ပုတ်ခတ်သော ဥပါသကာအား သပိတ်မှောက်လောဟု မိန့်တော် မမူသည်ကို ၎င်း ထောက်၍ သိရာ၏။ ။ရဟန္တာမှ တပါးသော အရိယာ ပုဂ္ဂိုလ်တို့ကို သတ်သောသူအား အနန္တရိယကံ မထိုက် သော်လည်း၊ ကံမူကား ဝန်လေး သကဲ့သို့ ထို့အတူ၊ အပြစ်ရှိသော ရဟန်းအား အလာ ဘတ္တ စသည်ကို ပြုသော ဥပါ

သကာအား သပိတ်မှောက်ကံ မထိုက်သော်လည်း၊ အရဟတ္တ ဓဇ ဖြစ်သော သင်္ကန်းကို ဆောင်၍၊သိက္ခာပုဒ်၌ တည်သော ရဟန်း ဖြစ်သောကြောင့် ကံမူ ကား ဝန်လေး၏။ ။ထို့ကြောင့် မိဗ္ဗိသာရမင်းသည် သစ်တော်ကို ခိုးသော ဓနိယ ရဟန်းကို အပြစ်ရှိငြားသော်လည်း အရှင်ဘုရားသည်၊ သင်္ကန်း ဟူသော အမွေးကြောင့် နှောင်ဖွဲ့ခြင်းစသည်မှ လွတ်၏ ဟူ၍သာဆို၍၊ ကဲ့ရဲ့ စွပ်စွဲခြင်း စသည်ကို မပြုဘဲ ရှောင်ကြဉ်သကဲ့သို့ ထို့အတူ၊ ပညာရှိသော ဥပါသကာတို့ သည်လည်း အပြစ် ရှိသော ရဟန်းတို့အား သော်လည်း၊ ထင်ရှား ရှိသော သိက္ခာနှင့် တကွ အရဟတ္တဖိုလ်၏ တန်ခွန်သဘွယ် ဖြစ်သော သင်္ကန်းကို ထောက် သဖြင့် ကဲ့ရဲ့ စွပ်စွဲဆဲရေးခြင်းစသည်မှ ကြဉ်ရှောင် ကုန်ရာ၏။ ဤ၌ ပဓာနနည်း အားဖြင့် ဘိက္ခု အလာဘာယ စသည်ကို မိန့်အပ်ရကား၊ သမဏီသ သဒ္ဓါ ပညာနံဟိ တေသံ တီသုသိက္ခာသု ယုတ္တာနံ၊ ဟူသော ပါရာဇိကဏ် အဋ္ဌကထာ နှင့်အညီ၊ အိမ်ယာထောင်သော လူ၏ ဘောင်မှ ထွက်၍၊ မဂ်ဖိုလ်နိဗ္ဗာန် အလို့ငှါ ကောင်းစွာအားထုတ်သောရဟန်းတို့နှင့် တူသော သဒ္ဓါ ပညာ သိက္ခာသုံးပါး တို့နှင့် တကွ အရဟတ္တဖိုလ်၏ တန်ခွန်သဘွယ် ဖြစ်သော သင်္ကန်းကို ဆောင် သောကြောင့်၊ လူမင်း, နတ်မင်း, ဗြဟ္မာ မင်းတို့၏ ရှိခိုးခြင်းကို သော်လည်း ခံထိုက်ရကား၊ အပြစ်မရှိသော သာမဏေတို့၏ အလာဘတ္တ စသည် ပြုသော ဥပါသကာတို့အားလည်း သပိတ်မှောက်ကံထိုက်၏ ဟု မှတ်ရာ၏။ ပဓာန နည်း အားဖြင့်သာ ဘိက္ခုနံဟူ၍ ဟောတော်မူကြောင်းကိုလည်း ဘိက္ခုနီနံ အလာ ဘာယ စသည်ဖြင့် မဟောအပ်ငြားသော်သည်း၊ အပြစ်မရှိသော ဘိက္ခုနီမ တို့၏ အလာဘတ္တ စသည်ကိုပြုသောသူတို့အားလည်း စင်စစ် သပိတ်မှောက် ကံထိုက် သည်ကို ထောက်၍ သိအပ်၏။ ဤကဲ့သို့ သပိတ်မှောက် ကံထိုက်သော ဥပါ သကာအား ပြစ်မှား လွန်ကျူး မိသော အပြစ်ကို ကုစား၍ အပါယ် တံခါး ပိတ်ပါစေဟု၊ ကရုဏာ တရားကို ရှေ့ထားသဖြင့် အယုတ်အားဖြင့် လေးပါး အစုရှိသော သံဃာသည် သိမ်သို့ သွား၍ ဂုဏ်းခုဒ္ဒာ ဝတ္ထုခန္ဓကဥ္ဌပင် လာ သော–

သုဏာတု မေ ဘန္တေ သံဃော၊ ဝဍ္ဎော လိစ္ဆဝိ အာယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ အမူလိကာယ သီလဝိပတ္တိယာ အနုဒ္ဓံသေတိ၊ ယဒိသံဃဿ ပတ္တကလ္လံ သံဃော ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တံ နိက္ကုဇ္ဇေယျ၊ အသမ္ဘောဂံ သံဃေန ကရေယျ၊ သော ဉတ္တိ။ ။သုဏာတု မေ ဘန္တေသံဃော ဝဍ္ဎော လိစ္ဆဝိ အာယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ အမူလိကာယ သီလဝိပတ္တိယာ အနုဒ္ဓံသေတိ၊ သံဃော ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တံ နိက္ကုဇ္ဇတိ၊ အသမ္ဘောဂံ သံဃေန ကရောတိ၊ ယဿာယသ္မတော ခမတိ ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တဿ နိက္ကုဇ္ဇနာ အသမ္ဘောဂံ သံဃေန ကရဏံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။နိက္ကုဇ္ဇိတော သံဃေန ဝဍ္ဎဿ လိစ္ဆဝိဿ

ပတ္တာယ နိကုဇ္ဇနာ အသမ္ဘောဂံ သံဃေန ခမတိ သံဃဿ၊တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိတိ။ ။ဟူသော ကမ္မဝါစာဖြင့် သပိတ်မှောက်အပ်၏။ ။ဘန္တေ၊အရှင် ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ သန္တိကာ၊ အထံ မှ။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ သုဏာတု၊ နာ တော်မူလော။ ဝဍ္ဎော၊ ဝဍ္ဎအမည်ရှိသော။ လိစ္ဆဝီ၊ လိစ္ဆဝီသည်။ မလ္လပုတ္တံ၊ မလ္လာမင်းသားဖြစ်သော။ အာယသ္မန္တံ ဒဗ္ဗံ၊ အရှင်ဒဗ္ဗကို။ အမူလိကာယ၊ အရင်း မရှိသော။ သီလဝိပတ္တိယာ၊ သီလဝိပတ္တိဖြင့်။ အနုဒ္ဓံသေတိ၊ စွပ်စွဲနှိပ်စက် ဖျက် ဆီး၏။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါ အင်္ဂါ ၄-ပါးရှိသောကံသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ သံဃော၊ သံဃာတော်သည်။ ဝဍ္ဎဿ၊ ဝဍ္ဎအမည်ရှိသော၊ လိစ္ဆဝိဿ၊ လိစ္ဆဝီအား။ ပတ္တံ၊ သပိတ်ကို။ နိကုဇ္ဇေယျ၊ မှောက်ရာ၏။ သံဃေန၊ သံဃာတော်နှင့်။ သဟ၊ တကွ။ အသမ္ဘောဂံ၊ လှူဒါန်းခြင်းစသောအားဖြင့်- သုံးဆောင်ခြင်းမရှိသည်ကို၊ ကရေယျ၊ ပြုရာ၏။ ဧသာ၊ ဤသည်လျှင်။ ဉတ္တိ- ဉာပနံ၊ သိစေခြင်းတည်း။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ သန္တိကာ၊ အထံမှ။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ သုဏာတု၊ နာတော်မူလော။ ဝဍ္ဎော၊ ဝဍ္ဎအမည်ရှိသော။ လိစ္ဆဝီ၊ လိစ္ဆဝီသည်။ မလ္လပုတ္တံ၊ မလ္လာမင်း၏ သားဖြစ်သော။ အာယသ္မန္တံဒဗ္ဗံ၊ အရှင်ဒဗ္ဗမထေရ်ကို။ အမူလိကာယ၊ အရင်းမရှိသော။ သီလဝိပတ္တိယာ၊ သီလ ဝိပတ္တိဖြင့်။ အနုဒ္ဓံသေတိ၊ စွပ်စွဲနှိပ်စက် ဖျက်ဆီး၏။သံဃော၊ သံဃာတော်သည်။ ဝဍ္ဎဿ၊ ဝဍ္ဎအမည်ရှိသော၊ လိစ္ဆဝိဿ၊ လိစ္ဆဝီအား။ ပတ္တံ၊ သပိတ်ကို။ နိကုဇ္ဇ တိ၊ မှောက်၏။ သံဃေန၊ သံဃာတော်နှင့်။ သဟ၊ တကွ။ အသမ္ဘောဂံ၊ တူသောသုံးဆောင်ခြင်း မရှိသည်ကို။ ကရောတိ၊ ပြု၏။ ယဿာယသ္မတော၊ အကြင် အရှင်အား။ ခမတိ၊ အကြင် အရှင်သည်။ ဝဍ္ဎဿ၊ ဝဍ္ဎအမည်ရှိသော။ လိစ္ဆဝိဿ၊လိစ္ဆဝီအား၊ပတ္တဿ၊ သပိတ်ကို။ နိကုဇ္ဇနာ၊ မှောက်ခြင်းကို။သံဃေန၊ သံဃာတော်နှင့်။ သဟ၊ တကွ။ အသမ္ဘောဂံ၊ လှူဒါန်းခြင်းစသော အားဖြင့် တကွ သုံးဆောင်ခြင်းမရှိသည်ကို။ ကရဏံ၊ ပြုခြင်းကို။ ခမတိ၊ နှစ်သက်၏၊ ဝါ၊ နှစ်သက်အပ်၏။ သော အာယသ္မာ၊ ထိုအရှင်သည်။ တုဏှီ မမြွက်သံခြေ၊ ဆိတ်ဆိတ်နေသည်။ အဿ၊ ဖြစ်ရာ၏။ ယဿ၊ အကြင်အရှင်အား။ ဝါ၊ အကြင် အရှင်သည်။ နက္ခမတိ၊ မနှစ်သက်။ ဝါ၊ မနှစ်သက်အပ်။ သောအာယသ္မာ၊ ထို အရှင်သည်။ ဘာသေယျ၊ ဆိုရာ၏။ သံဃေန၊ သံဃာတော်သည်။ ဝဍ္ဎဿ၊ ဝဍ္ဎအမည်ရှိသော။ လိစ္ဆဝိဿ၊ လိစ္ဆဝီအား။ ပတ္တော၊ သပိတ်ကို။ နိကုဇ္ဇိတော၊ မှောက်အပ်ပြီ။ ဝဍ္ဎဿ၊ သော။ လိစ္ဆဝိဿ၊ အား။ပတ္တဿ၊ ကို။ နိကုဇ္ဇနာ၊ မှောက်ခြင်းကိုဝင်း။ သံဃေန၊ သံဃာတော်နှင့်။ သဟ၊ တကွ။ အသမ္ဘောဂံ၊

လှူဒါန်းခြင်းစသောအားဖြင့် တူသောသုံးဆောင်ခြင်းမရှိသည်ကိုရင်း။ သံဃံသဃ သံဃေန၊ သံဃာတော်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ခမတိ၊ နှစ်သက်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံဧတံ၊ ဤသို့ ဆိတ်ဆိတ်နေခြင်းဖြင့်။ ဧတံ ခမတိဘာဝံ၊ ထိုနှစ်သက် အပ်သည်၏အဖြစ်ကို။ ဓာရယာမိ၊ သိရ-မှတ်ရ၏။ ။(ဤကား အနက်)

ပျက်စီးစေသတည်း ဟူသော ဒေါသကို ရှေ့ထားသဖြင့်- မမှောက်အပ်။ မှောက်သော် ဒုက္ကဋ်-အာပတ်သင့်ရာ၏။ အင်္ဂါပြည့်စုံသောကြောင့် ကံမှုကား မပျက်။ အာပတ်သင့်ရာသောအကြောင်းကို သာမဏေဘို့အား ဒဏ်ပေးရာ၌။ ။ တတ္ထခေါ် ဩရမိဿတိ-ဝိရမိဿတီတိ-အနုကမ္ပာယ-နနဿိဿတိ ဝိဗ္ဘမိဿတီတိ အာဒိနယပ္ပဝတ္တာန ပါပဇ္ဈာသယေန- ဟူ၍လာသော- မဟာဝါ အဋ္ဌကထာ၌၊ နနဿိဿတိ စသည်ဖြင့်-မြစ်တားတော်မူသည်ကိုထောက်၍- သိသင့်၏။ ။ တတ္ထခေါ်၊ ထိုဒဏ်ပေးခြင်းအမှုကိုလည်း။ ဩရမိဿတိ၊ ကြဉ်ရှောင်လတ္တံ့။ ဝိရမိဿတိ၊ အထူးသဖြင့်- ကြဉ်ရှောင်လတ္တံ့။ ဣတိ- အာဒိနယပ္ပဝတ္တာယ၊ ဤသို့အစရှိသောနည်းအားဖြင့် ဖြစ်သော။ အနုကမ္ပာယ၊ အစဉ်သနားသော စိတ်ဖြင့်။ ကာတဗ္ဗံ၊ ပြုအပ်၏။ နဿိဿတိ၊ ပျက်စီးလတ္တံ့။ ဝိဗ္ဘမိဿတိ၊ လူထွက် လတ္တံ့။ ဣတိ-အာဒိနယပ္ပဝတ္တေန၊ ဤသို့အစရှိသော နည်းအားဖြင့် ဖြစ်သော။ ပါပဇ္ဈာသယေန၊ ယုတ်မာသောအလိုဖြင့်။ နကာတဗ္ဗံ၊ မပြုအပ်။ ဝါ၊ မပြု ကောင်း။ ။(ဤကား အနက်)

မောင်နီမည်သော ဥပါသကာအား သပိတ်မှောက်ကံထိုက်အံ့၊ ကမ္မဝါစာ တွင် ဝဍ္ဎော လိစ္ဆဝီအရာ၌၊ မောင်နီနာမော ဥပါသကော၊ ဟုထင်ရှားစေခြင်း ငှါ မြန်မာဘာသာဖြင့်လဲ၍ ဆိုသော်လည်းသင့်၏။ အပြစ်မရှိ။ ဥပမာကား၊ ဣန္ဒြိယံဟူသော မာဂဓသဒ္ဒါကို ရွတ်လွယ်စေခြင်းငှါ မာဂဓသဒ္ဒါနှင့်ရော၍ ရွတ်ရာ၌ အပြစ်မရှိသကဲ့တည်း။ ထိုခဏ္ဍ၌ ဒတ္တဟူသောအမည်ကိုပေး၍ ဒတ္တော ဥပါသကော၊ ဟုလဲ၍ မာဂဓဘာသာဖြင့်သော်လည်းရွတ်။ စန္ဒအမည်ရှိသော ရဟန်းအား လာဘ်မရစေခြင်းငှါ အားထုတ်အံ့၊ အာယသ္မတော ဒဗ္ဗဿ မလ္လပုတ္တဿ၊ အရာ၌၊ အာယသ္မတော စန္ဒဿ၊ ဟူ၍ရင်း၊ အာယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ၊ အရာ၌၊ အာယသ္မန္တံစန္ဒံဟူ၍ရင်း၊ အနုဒ္ဓံသေတိ၊ အရာ၌။ အမှုအား လျော်စွာ အလာဘာယ ပရိသက္ကတိ စသည်ဖြင့်ရင်း လဲ၍ဆို။အာပတ်ဖြင့် စွပ်စွဲ အံ့၊ ကမ္မဝါစာလာတိုင်း စွပ်စွဲရာအာပတ်၏ အမည်ကိုထည့်၍ဆို။ ဆဲရေးအံ့၊ ဖရုသဝါစာယ အက္ကောသတိ၊ခြိမ်းခြောက်အံ့၊ဘယေန ပရိဘာသတိ၊ ဂုန်းတိုက် အံ့၊ စန္ဒံဘိက္ခုံ သုရိယေန ဘိက္ခုနာ ဘေဒေတိ- စသည်ကိုဆို။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ စသည်၌လည်း လာတိုင်းပင် ဆိုရာ၏။ ဤကား မှတ်သားလွယ်စေ

ခြင်းငှါ သာမညအားဖြင့် လာသော အင်္ဂါကိုပြရာ ပါဠိအတိုင်း ရွတ်ဆိုအပ်သောနည်းတည်း။ ။[ကမ္မဝါစာ လာတိုင်းအမှုအားလျော်စွာ၊ သဒ္ဒါကံကတ္တားစသည်ကိုလဲ၍ စွမ်းပကား အလျောက်၊ ဝိသေသအားဖြင့်သော်လည်း ဆိုသင့်သည်ချည်း။ ။နောက်ကိုလည်း ဤနည်းကို မှီ၍ လဲလှယ်၍ဆိုလေ၊ မခဲလှပြီ။]

ဤသို့ သပိတ်မှောက်အပ်ပြီးသော ထိုဒါယကာ အိမ်၌၊ တစုံတခုသော လှူဘွယ် ဝတ္ထုကို မခံအပ်၊ ဤမည်သော ဒါယကာအိမ်၌၊ ဆွမ်းစသော လှူဘွယ်ဝတ္ထုကိုမခံကြပါကုန်လင့်ဟု၊ တပါးသော ကျောင်းတို့သို့လည်း စေလွှတ် ပြောကြားအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌။ ။ဧဝံ နိကုဇ္ဇိတေပန ပတ္တေ တဿ ဂေဟေ ကောစိဒေယျဓမ္မော နဂဟေတဗ္ဗော။ အသုက ကုလဿ ဂေဟေ ဘိက္ခံ မာဂဏှိတ္ထာတိ အညေသုပိ ဝိဟာရေသု ပေသေတဗ္ဗံ။ ။ဟု မိန့်အပ်ပြီ။ ။ဧဝံ၊ ဤသို့။ ပတ္တေ၊ သပိတ်ကို။ နိကုဇ္ဇိတေပန၊ မှောက်အပ်ပြီးသည်ရှိသော်ကား။ တဿ၊ ထိုဒါယကာ၏။ ဂေဟေ၊ အိမ်၌။ ကောစိ၊ တစုံတခုသော။ ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုကို။ နဂဟေတဗ္ဗော၊ မခံယူအပ်။ အသုက ကုလဿ၊ ဤမည်သော ဒါယကာ၏။ ဂေဟေ၊ အိမ်၌။ ဘိက္ခံ၊ ဆွမ်းကို။မာဂဏှိတ္ထ၊ မခံယူကြပါကုန်လင့်။ ဣတိ၊ ဤသို့။ အညေသု၊ တပါးကုန်သော။ ဝိဟာရေသုပိ၊ ကျောင်းတို့၌လည်း။ ပေသေတဗ္ဗံ၊ စေအပ်၏။ ။ဤသို့ပြောကြား၍ သိသော ရဟန်းတို့သည်၊ ထိုဒါယကာအိမ်၌ တစုံတခုသောဝတ္ထုကိုမခံအပ်၊ ခံသော်ဒုက္ကဋ်အာပတ်သင့်၏။ ။ထိုကြောင့် ဝိမတိ ဝိနောဒနီဋီကာ၌။ ။ဧဝံ ဘဂဝတော အသမ္မောဂကရဏဿ အာဏတ္တတ္တာ ကမ္မဝါစာယစ သာဝိတတ္တာ အဋ္ဌကထာယစ ကောစိဒေယျဓမ္မော နဂဟေတဗ္ဗောတိ ဝုတ္တတ္တာ ပတ္တေ နိကုဇ္ဇိတေ တဿ သန္တကံ ဥဒ္ဒိဿ ဂဏှန္တဿ ဒုက္ကဋမေဝါတိ ဂဟေတဗ္ဗံ။ ။ဟု မိန့်အပ်ပြီ။ ။ဧဝံ၊ ဤသို့။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အသမ္မောဂကရဏဿ၊ သံဃာနှင့်လှူဒါန်းခြင်းစသောအားဖြင့်တူသော သုံးဆောင်ခြင်းမရှိသည်ကို။ အာဏတ္တတ္တာစ၊ စေခိုင်းတော် မူအပ်သည်အဖြစ်ကြောင့်၎င်း။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ သာဝိတတ္တာစ၊ ကြားအပ်ပြီးသည် အဖြစ်ကြောင့်၎င်း။ အဋ္ဌကထာယ၊ အဋ္ဌကထာ၌။ ကောစိဒေယျဓမ္မော နဂဟေတဗ္ဗောတိ၊ ကောစိဒေယျဓမ္မော နဂဟေတဗ္ဗော ဟူ၍။ ဝုတ္တတ္တာစ၊ မိန့်ဆိုအပ်သည်၏ အဖြစ်ကြောင့်၎င်း။ ပတ္တေ၊ သပိတ်ကို။ နိကုဇ္ဇိတေ၊ မှောက်အပ်ပြီးသည်ရှိသော်။ တဿ၊ ထိုဒါယကာ၏။ သန္တကံ၊ ဥစ္စာကို။ ဥဒ္ဒိဿ၊ သိလျက်။ ဂဏှန္တဿ၊ ခံယူသော ရဟန်းအား။ ဒုက္ကဋမေဝ၊ ဒုက္ကဋ် အာပတ်သင့်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

သပိတ်မှောက်ကြောင်းကို ထိုဒါယကာအား ပြောကြားအပ်၏။ သပိတ်မှောက်ကြောင်းကိုသိသော ဒါယကာသည်၊ မာနဒေါသအားဖြင့် ထောင်လွှား

ကြမ်းကြုတ်ခြင်းကိုမပြုဘဲ၊ ယခုငါအား သူဘပါးတို့နှင့် မတူ သံဃာဟူသမျှနှင့် စပ်၍ပြုအပ်သော ကုသိုလ်မှ- ဆုတ်ယုတ် ခဲ့ပြီဘကားဟု ကြီးမားသော- ရှက်ကြောက်-ထိတ်လန့်ခြင်းကို-ဖြစ်စေ၍ သံဃာတော်ထံသို့ချဉ်းကပ်၍။ ။အစ္စယော မံဘန္တေအဇ္ဈာဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ'ယောဟံ အာယသ္မတော စန္ဒဿ အလာဘာယ ပရိသက္ကာမိ။ တဿ မေ ဘန္တေ သံဃော အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။ ။ဘန္တေ အရှင်ဘုရားတို့။ ယောဟံ၊ အကြင်အကျွန်ုပ်သည်။ အာယသ္မတောစန္ဒဿ၊ သက်တော်ရှည်သော စန္ဒအား။ အလာဘာယ၊ လာဘ်မရ စေခြင်းငှါ။ ပရိသက္ကာမိ၊ လုံ့လပြု၏။ အစ္စယော၊ အပြစ်သည်။ တံမံ၊ ထိုအကျွန်ုပ်ကို။ ယထာဗာလံ၊ မသိသည်-အလျောက်။ ယထာမူဠှံ၊ တွေဝေသည်အလျောက်။ ယထာ-အကုသလံ၊ မလိမ္မာသည် အလျောက်။ အဇ္ဈာဂမာ၊ လွှမ်းမိုးနှိပ်စက်၍ ဖြစ်ခဲ့လေပြီ။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊သံဃာတော်သည်။ တဿမေ၊ ထိုအကျွန်ုပ်၏။ အစ္စယံ၊ အပြစ်ကို။ အစ္စယတော၊ အပြစ်အားဖြင့်။ အာယတိံ၊ နောင်အခါ၌။ သံဝရာယ၊ စောင့်ရှောက်ပါရခြင်းအကျိုးငှါ။ပဋိဂ္ဂဏှာတု မှတ်ယူသည်းခံတော်မူပါလော့။ ။ ဤသို့ဆို၍ မိမိအပြစ်ကို ထင်စွာပြု၍ ကုစားသောအားဖြင့် ကန်တော့ရာ၏။ သံဃာတော် အပေါင်းတွင် ထင်ရှားပြဋ္ဌာန်းသော တပါးသော-မထေရ် ကလည်း။ ။တဂ္ဃ တံ့ အာဝုသော မောင်နီနာမ အစ္စယော အဇ္ဈာဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊ ယံတွံ အာယသ္မတော စန္ဒဿ အလာဘာယ ပရိသက္ကတိ၊ ယတောစခေါ တွံ အာဝုသော မောင်နီနာမ အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောသိ၊ အာယတိံ သံဝရာယ အာပဇ္ဇတိ၊ တံတေ-မယံ ပဋိဂ္ဂဏှာမ ဝုဍ္ဎိဟေသာဝုသော မောင်နီနာမ အရိယဿ ဝိနယေ ယောစအစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောသိ၊ အာယတိံ သံဝရာယ အာပဇ္ဇတိ။ ။ (အနက်ကား)။ ။မောင်နီနာမ၊ မောင်နီအမည်ရှိသော။ အာဝုသော၊ ဒါယကာ။ ယံတွံ၊ အကြင်သင်သည်။ အာယသ္မတော-စန္ဒဿ၊ သက်တော်ထင်ရှား အရှင်စန္ဒအား။ အလာဘာယ၊ လာဘ်မရ စေခြင်းငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ အစ္စယော၊ အပြစ်သည်။ တံတွံ၊ ထိုသင့်ကို။ တဂ္ဃ၊ စင်စစ်။ ယထာဗာလံ၊ မသိသည်အလျောက်။ ယထာမူဠှံ၊ တွေဝေသည် အလျောက်။ ယထာ အကုသလံ၊ မလိမ္မာသည်အလျောက်၊ အဇ္ဈာဂမာ၊ လွှမ်းမိုးနှိပ်စက်၍ ဖြစ်ခဲ့လေပြီ။ မောင်နီနာမ၊ မောင်နီအမည်ရှိသော၊ အာဝုသော၊ ဒါယကာ။ ယတောစခေါ၊ အကြင်ကြောင့်လျှင်။ တွံ၊ သင်သည်။ အစ္စယံ၊ မိမိအပြစ်ကို။ အစ္စယတော၊ အပြစ်အားဖြင့်။ ဒိသွာ၊ မြင်သောကြောင့်။ ယထာဓမ္မံ၊ ကျင့်ဝတ်တရားအားလျော်စွာ။ ပဋိကရောသိ၊ ကုစား၏။ တတော၊ထို့ကြောင့်။ မယံ၊ ငါတို့သည်။ တေ၊ သင်၏။ အစ္စယံ၊ အပြစ်ကို။ အစ္စယတော၊ အပြစ်အားဖြင့်။ အာယတိံ၊ နောင်

အခါ၌။ သံဝရာယ၊ စောင့်ရှောက်ခြင်းငှါ။ ပဋိဂ္ဂဏှာမ၊ မှတ်ယူသည်းခံကုန်၏။ မောင်နီနာမ၊ မောင်နီ အမည်ရှိသော။ အာဝုသော၊ ဒါယကာ။ ယော၊ အကြင်သူသည်။ အစ္စယံ၊ မိမိအပြစ်ကို။ အစ္စယတော၊ အပြစ်အားဖြင့်။ ဒိသွာ၊ မြင်သောကြောင့်။ ယထာဓမ္မံ၊ ကျင့်ဝတ်အားလျော်စွာ။ ပဋိကရောသိ၊ ကုစား၏။ အာယတိံ၊ နောင်အခါ၌။ သံဝရံ၊ စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ အရိယဿ၊ မြတ်စွာဘုရား၏။ ဝိနယေ၊ ဆုံးမရာဆုံးမကြောင်းဖြစ်သော သာသနာတော်အရာ၌။ သော၊ ထိုအပြစ်ကို အပြစ်အားဖြင့် မြင်သောကြောင့်- ကျင့်ဝတ်တရား အားလျော်စွာကုစားခြင်း၊ နောင်ဤကဲ့သို့မပြုမူ၍ရှောင်ကြဉ်ခြင်းသည်။ ဝုဍ္ဎိဟိ ဝုဍ္ဎိဧဝ၊ ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာသောဘဝတို့၌၊ သုခကြီးမား စီးပွါးတိုးတက်ကြောင်း ဖြစ်သည်သာတည်း။

ဤသို့ဆို၍ ထိုဒါယကာ၏ အပြစ်ကို အပြစ်အားဖြင့် မှတ်ယူ သည်းခံရာ၏။ {ဤကန်တော့သောအရာ သည်းခံသော အရာတို့၌သည်း၊ ဝတ္ထု အလျောက် အောက်ကနည်း လဲလှယ်၍ဆိုလေ}။ ။ဤသို့ကန်တော့ခြင်း၊ သည်းခံခြင်းကိုပြုသော မောင်နီမည်သော ဒါယကာသည်၊ သံဃာထံသို့ချဉ်းကပ်၍ လက်ဝဲတဘက် ပခုံးထက်၌၊ ကိုဝတ်စံပယ် တင်သည်ကိုပြု၍ ရဟန်းတို့၏ ခြေတော်တို့ကိုလည်း ဦးချပြီး၍၊ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက်။ ။သံဃေန မေ ဘန္တေ ပတ္တော နိကုဇ္ဇိတော၊ အသမ္ဘောဂေါ မှိ သံဃေန၊ သောဟံ ဘန္တေ သမ္မာ ဝတ္တာမိ၊ လောမံ ပါတေမိ၊ နေတ္ထာရံ ဝတ္တာမိ၊ သံဃံ ပတ္တုက္ကုဇ္ဇနံ ယာစာမိ။ ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃေန၊ သံဃာ တော်သည်။ မေ၊ အကျွန်ုပ်အား။ ပတ္တော၊ သပိတ်ကို။ နိကုဇ္ဇိတော၊ မှောက်အပ်ပြီ။ အဟံ၊ အကျွန်ုပ်သည်။ သံဃေန၊ သံဃာတော်နှင့်တကွ။ အသမ္ဘောဂေါ၊ လှူဒါန်းသော အားဖြင့် တကွ သုံးဆောင်ရခြင်း မရှိသည်။ အမှိ၊ ဖြစ်၏။ ဘန္တေ၊ အရှင်ဘုရာတို့။ သောဟံ၊ ထိုအကျွန်ုပ်သည်။ သမ္မာ၊ ကောင်းစွာ။ ဝတ္တာမိ၊ ကျင့်ပါ၏။ လောမံ၊ မာန်တည်းဟူသော အမွေးကို။ ပါတေမိ၊ ချထားပါ၏။ နေတ္ထာရံ၊ သပိတ်မှောက်ကံမှ ထွက်မြောက်ကြောင်းဖြစ်သော အကျင့်ကို။ ဝတ္တာမိ၊ ကျင့်ပါ၏။ သံဃံ၊ သံဃာတော်ကို။ ပတ္တုက္ကုဇ္ဇနံ၊ သပိတ်လှန်ခြင်းကို။ ဝါ၊ သပိတ်ကိုလှန်စေခြင်းငှါ။ ယာစာမိ၊ တောင်းပန်ပါ၏။ ။ဤသို့ သုံးကြိမ်တိုင်တိုင် ဆို၍ သပိတ်ကိုလှန်စေခြင်းငှါ သံဃာတော်ကို တောင်းပန်အပ်၏။ ဤသို့ တောင်းပန်လာသောဒါယကာကို အယုတ်အားဖြင့် လေးယောက်အစုရှိသော သံဃာတော်သည် သိမ်သို့ ခေါ်၍၊ ဟတ္ထပါသ်မှ အပ အနီး၌ ထား၍ ရင်းခန္ဓကဥ် လာသော။ ။သုဏာတု မေ ဘန္တေ သံဃော၊ သံဃေန ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တော နိကုဇ္ဇိတော အသမ္ဘောဂေါ သံဃေန၊ သော သမ္မာ ဝတ္တတိ၊ လောမံ ပါတေ

တိ၊ နေတ္တာဒရံ ဝတ္တတိ။ သံဃံ ပတ္တုက္ကုဇ္ဇနံ ယာစတိ၊ ယဒိသံဃဿ ပတ္တ ကလ္လံ၊ သံဃော ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တံ ဥက္ကုဇ္ဇေယျ သမ္ဘောဂံ သံဃေန ကရေယျ၊ သော ဥတ္တိ။ ။သုဏာတု မေ ဘန္တေ သံဃော သံဃေန ဝဍ္ဎဿ လိစ္ဆ ဝိဿ ပတ္တော နိက္ကုဇ္ဇိတော အသမ္ဘောဂေါ သံဃေန၊ သော သမ္မာ ဝတ္တတိ၊ လောမံ ပါတေတိ၊ နေတ္တာဒရံ ဝတ္တတိ၊ သံဃံ ပတ္တုက္ကုဇ္ဇနံ ယာစတိ၊ သံဃော ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တံ ဥက္ကုဇ္ဇတိ၊ သမ္ဘောဂံ သံဃေန ကရောတိ၊ ယဿာ ယသ္မတော ခမတိ ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တဿ ဥက္ကုဇ္ဇနာ၊ သမ္ဘောဂံ သံဃေန ကရဏံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ဥက္ကုဇ္ဇိ တော သံဃေန ဝဍ္ဎဿ လိစ္ဆဝိဿ ပတ္တော သမ္ဘောဂေါ သံဃေန ခမတိ သံဃဿ၊ တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ။ ။ဟူသော ကမ္မဝါစာဖြင့် သပိတ်လှန်အပ်၏။ ။[ဤကမ္မဝါစာ၌ အနက်ကို ရှေးက နည်းကို မှီးသဖြင့် သိအပ်၏။ ။ဤကမ္မဝါစာ အရာ၌လည်း ဝတ္တုအလျောက် အောက်ကနည်း ပင် လဲလှယ်၍ ဆိုလေ။]

သပိတ်မှောက်သော အခါ၊ ဒါယကာအိမ်၌ တည်သော်လည်း ကံကို ပြု ခြင်းငှါအပ်၏။ ။ထို့ကြောင့် ပရိဝါအဋ္ဌကထာ၌။ ။တတ္ထ အသမ္မုခါ ကရဏီကံ နာမ ဒူတေန ဥပသမ္ပဒါ၊ ပတ္တနိက္ကုဇ္ဇနံ၊ ပတ္တုက္ကုဇ္ဇနံ၊ ဥမ္မတ္တကဿ ဘိက္ခုနော- ဥမ္မတ္တကသမ္မုတိ၊ သေက္ခာနံ ကုလာနံ သေက္ခသမ္မုတိ၊ ဆန္နဿ ဘိက္ခုနော ဗြဟ္မဒဏ္ဍော၊ ဒေဝဒတ္တဿ ပကာသနီယကမ္မံ၊ အပ္ပသာဒနီယံ ဒဿေန္တဿ ဘိက္ခုနော ဘိက္ခုနိသံဃေန ကာတဗ္ဗံ အဝန္ဒိယကမ္မန္တိ အဋ္ဌဝိဓံ ဟောတိ။ ။ဟုမိန့်အပ်၏။ ။တတ္ထ၊ ထိုသမ္မုခါကရဏီယ, အသမ္မုခါ ကရဏီ ယ- ကံနှစ်ပါးတို့တွင်။ အသမ္မုခါ ကရဏီယံ နာမ၊ အသမ္မုခါ ကရဏီယကံ မည်သည်ကား။ ဒူတေန၊ တမန်ဖြင့်။ ဥပသမ္ပဒါ၊ ပဉ္စင်းခံခြင်းရင်း။ ပတ္တနိက္ကုဇ္ဇ နံ၊ သပိတ်မှောက်ကံပြုခြင်းရင်း။ ပတ္တုက္ကုဇ္ဇနံ၊ သပိတ်လှန်သော ကံကို ပြုခြင်း ရင်း။ ဥမ္မတ္တကဿ၊ ရူးသော။ ဘိက္ခုနော၊ ရဟန်းအား။ ဥမ္မတ္တကသမ္မုတိ၊ ဥမ္မတ္တက- သမ္မုတိကို- ပေးသောကံရင်း။ သေက္ခာနံ၊ သေက္ခဖြစ်ကုန်သော။ ကုလာနံ၊ အမျိုးတို့အား။ သေက္ခသမ္မုတိ၊ သေက္ခသမ္မုတိ ပေးသောကံရင်း။ ဆန္နဿ၊ ဆန္နအမည်ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ဗြဟ္မဒဏ္ဍော၊ ဗြဟ္မဒဏ်ကို ပေးသောကံရင်း။ ဒေဝဒတ္တဿ၊ အား။ ပကာသနီယကမ္မံ၊ ပြုအပ်သော ပကာ သနီယ ကံရင်း။ အပ္ပသာဒနီယံ၊ ကြည်ညိုဘွယ်မရှိသော အမူအရာကို။ ဒဿေန္တဿ၊ ပြသော။ ဘိက္ခုနော၊ ရဟန်းအား။ ဘိက္ခုနီ-သံဃေန၊ ဘိက္ခုနီသံဃာသည်။ ကာတဗ္ဗံ၊ ပြုအပ်သော။ အဝန္ဒိယ-ကမ္မံ၊ အဝန္ဒိယ ကံရင်း။ ဣတိ၊ ဤသို့။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)

လှန်သောအခါ- ဒါယကာသည်၊ အိမ်၌တည်မူ၊ ကံကိုပြုခြင်းငှါ မအပ်၊ ဟတ္ထပါသ်၏-အနီးအပါး၌နေစေ၍ ကံကိုပြုအပ်၏။ ထို့ကြောင့်- စူဠဝါခုဒ္ဒကဝတ္ထုခန္ဓက အဋ္ဌကထာ၌။ ။ဥက္ကုဇ္ဇနကာလေပန ယာဝတတိယံ ယာစာပေတွာ ဟတ္ထပါသံ ဝိဇဟာပေတွာ ဉတ္တိဒုတိယကမ္မေန ဥက္ကုဇ္ဇိတဗ္ဗော။ ။ ဟု မိန့်အပ်၏။ ။ပန၊ ဆက်၍ဆိုဦးအံ့။ ဥက္ကုဇ္ဇနကာလေ၊ သပိတ်ကိုလှန်သောအခါ၌။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ ယာစာပေတွာ၊ တောင်းပန်စေ၍။ ဟတ္ထပါသံ၊ ၂-တောင့်ထွာ ဟတ္ထပါသ်ကို။ ဝိဇဟာ ပေတွာ၊ စွန့်စေ၍။ ဉတ္တိဒုတိယကမ္မေန၊ ဉတ္တိဒုတိယကံဖြင့်။ ဥက္ကုဇ္ဇိတဗ္ဗော၊ လှန်အပ်၏။ ။(ဤကား အနက်)

ဩလျှောက်ထားချက်အရ ထိုထိုကျမ်းဂန်တို့မှ ထုတ်နုတ်ယူငင်စီရင်ဆုံးဖြတ်အပ်သော ပတ္တနိကုဇ္ဇန ဝိနိစ္ဆယကား ဤတွင်ပြီး၏။

---

(၃) ဥက္ခိတ္တကရဟန်း၊ ပါရိဝါသိကရဟန်း၊ မူလာယ ပဋိကဿနာရဟရဟန်း၊ မာနတ္တာရဟရဟန်း၊ မာနတ္တစာရိကရဟန်း၊ အဗ္ဘာနာရဟရဟန်း၊ ၎င်းပုဂ္ဂိုလ်တို့ကို ဟတ္ထပါသ် အတွင်း၌ထား၍ ကံပြုလျှင် ၎င်းကံပျက်မည်, မပျက်မည်ကို သိလိုပါသည် လျှောက်ထားရာ၌၊ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

မဟာသိမ်၌ စတုဝဂ်သံဃာသည် ပြုအပ်သောကံကို ကြွင်းသောရဟန်းတို့၏ ဆန္ဒကိုဆောင်၍၊ သုံးပါးသော ပကတတ်ရဟန်းတို့သည်၊ ဥပုသ်အိမ်သို့သွား၍ ပြုငြားအံ့၊ ကမ္မပတ္တ ဂဏပူရက မဖြစ်ရကား ကံပျက်၏။ ။ထို့ကြောင့် ပရိဝါ ကမ္မဝဂ်၌။ ။ဒွါဒသဟိ အာကာရေဟိ ပရိသတော ကမ္မာနိ ဝိပဇ္ဇန္တိ၊ စတုဝဂ္ဂ ကရဏေ ကမ္မေ ယာဝတိကာဘိက္ခူ ကမ္မပတ္တာ၊ တေ အနာဂတာ ဟောန္တိ။ ။ ဟူ၍ ဟောတော်မူအပ်၏။ ။ဒွါဒသဟိ၊ တဆဲ့နှစ်ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ပရိသတော၊ ပရိသတ်ကြောင့်။ ကမ္မာနိ၊ ကံတို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ စတုဝဂ္ဂ ကရဏေ၊ လေးပါးအစုရှိသော ရဟန်းတို့၏ အပေါင်းသည် ပြုအပ်သောကံ၌။ ယာဝတိကာ-ယတ္တကာ၊ အကြင်မျှလောက် လေးပါးအစုရှိကုန်သောရဟန်းတို့သည်။ ကမ္မပတ္တာ၊ ကံအားလျှောက်ပတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဘိက္ခူ၊ ထိုကမ္မပတ္တဖြစ်ကုန်သော, လေးပါးသောရဟန်းတို့သည်။ အနာဂတာ၊ မလာမရောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကား အနက်)။ ။စတုဝဂ်သံဃာသည်၊ ပြုအပ်သောကံ၌ လေးပါးသော ပကတတ် ရဟန်းတို့သည် ကမ္မပတ္တ ဂဏပူရက ရဟန်းတို့ မည်ကုန်၏။ ကြွင်းသော ထိုလေးပါးထက်အပိုဖြစ်သော ရဟန်းတို့သည် ဆန္ဒာရဟရဟန်းတို့

မည်ကုန်၏။ ထိုကြောင့် ပရိဝါ၌ပင်။ ။စတုဝဂ္ဂကရဏော ကံမ္မေ စတ္တာရော ဘိက္ခူ ပကတတ္တာ ကမ္မပတ္တာ၊ အဝသေသာ ဆန္ဒာရဟာ။ ။ဟုဟောတော်မူအပ်၏။ ။စတုဝဂ္ဂကရဏေ၊ လေးပါးအစုရှိသောသံဃာသည် ပြုအပ်သော။ ကမ္မေ၊ ကံ၌။ စတ္တာရော၊ လေးပါးကုန်သော။ ပကတတ္တာ၊ ပကတတ်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကမ္မပတ္တာ၊ ကမ္မပတ္တတို့မည်ကုန်၏။ အဝသေသာ၊ လေးပါးမှကြွင်းကုန်သော၊ ထိုလေးပါးထက် အလွန်ဖြစ်ကုန်သောရဟန်းတို့သည်။ဆန္ဒာရဟာ၊ ဆန္ဒထိုက်သောရဟန်းတို့မည်ကုန်၏။ ။(ဤကားအနက်)

ထို့ကြောင့် စတုဝဂ်သံဃာသည် ပြုအပ်သောကံကို ကြွင်းသောရဟန်းတို့၏ ဆန္ဒကိုဆောင်၍၊ လေးပါးသော ပကတတ်ရဟန်းတို့သည် ဥပုသ်အိမ်သို့သွား၍ ပြုအပ်၏။ ကြွင်းသောရဟန်းတို့သည်၊ ဥပုသ်အိမ်သို့သွား၍ ကာယသာမဂ္ဂီကို ပေးသည်ဖြစ်အံ့၊ အတိရေက ဂဏပူရက ရဟန်းလည်းမည်သင့်၏။ ။ပဉ္စဝဂ္ဂ သံဃာ စသည်ပြုအပ်သောကံ၌ နည်းတူပင်မှတ်။ ဂဏပူရကော စသည်ဖြင့် လာသောအရာတို့၌ ပိုလွန်သောရဟန်းကို ဂဏပူရကဟု ယူဇတ်သည်။ ကမ္မပတ္တ ရဟန်းကိုသာ ဂဏပူရက ရဟန်းဟု မှတ်ရမည်။ ။ဉက္ခိတ္တကရဟန်းကို ဂိုဏ်း ပြည့်ပြု၍ ၎င်းရဟန်း လေးယောက်မြောက်ရှိသောသင်္ဃာသည် ပြုအပ်သော ကံကို ပြုငြားအံ့၊ ကံလည်းပျက်၏။ အာပတ်လည်း သင့်၏။ ။ထို့ကြောင့် မဟာဝါစမ္ပေယျခန္ဓက၌။ ။စတုဝဂ္ဂကရဏံ စေ ဘိက္ခဝေ ကမ္မံ အာပတ္တိယာ အဒဿနေ ဉက္ခိတ္တက စတုတ္ထော ကရေယျ အကမ္မံ နစကရဏီယံ။ ။စသည်ကို ဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ စတုဝဂ္ဂကရဏံ၊ လေးပါးအစုရှိသော စတုဝဂ်သံဃာသည် ပြုအပ်သော။ ကမ္မံ၊ ကံကို။အာပတ္တိယာ၊ အာပတ်ကို။ အဒဿနေ၊ မရှုခြင်းကြောင့်။ ဉက္ခိတ္တက စတုတ္ထော၊ နှင်ထုတ်အပ်သော ရဟန်းလျှင် လေးပါးမြောက် ရှိသည်ဖြစ်၍။ စေကရေယျ၊ အကယ်၍ ပြုငြားအံ့။ အကမ္မံ၊ ပြုအပ်သည် မမည်။ စံ၊ ဤသို့။ နစကရဏီယံ၊ ပြုလည်းမပြုကောင်း။ ။(ဤကားအနက်)။ ။အာပတ်လည်းသင့်၏ဟူရာ၌၊ အကမ္မံ နစကရဏီယံ၊ ဟု ဟောတော်မူအပ်ရကား၊မပြုသင့်သည်ကို ပြုခြင်းကြောင့် သင့်သောဒုက္ကဋ် အာပတ်။ ။ယောပနဘိက္ခု ဇာနံ တထာဝါဒိနာ ဘိက္ခုနာ အကတာနုဓမ္မေန တံဒိဋ္ဌိံ အပဋိနိဿဋ္ဌေန သဒ္ဓိံ သံဘုဉ္ဇေယျဝါ သံဝသေယျဝါ သဟဝါ သေယျံ ကပ္ပေယျ ပါစိတ္တိယံ။ ။ဟု ဟောတော်မူအပ်ရကား၊ ဉက္ခိတ္တကရဟန်း ဟတ္ထပါသ်၌ ရှိခြင်းကြောင့် သင့်သောပါစိတ်အာပတ်။ ။ဤသို့ ဒုက္ကဋ်နှင့်တကွ ပါစိတ်အာ ပတ်ကိုမှတ်ရာ၏။ ။ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာနံ ဇာနန္တော၊ ဉက္ခိတ္တက ရဟန်း၏ အဖြစ်ကိုသိလျက်။ တထာဝါဒိနာ၊ ထိုသို့သော မိစ္ဆာအယူ ရှိသော။အကတာနုဓမ္မေန၊ မပြုအပ်သေးသော ဩသာရဏ ကံရှိသော။ တံဒိဋ္ဌိံ၊

ထိုမိစ္ဆာအယူကို။ အပဋိနိဿဇ္ဇန္တနာ၊ မစွန့်သော။ ဘိက္ခုနော၊ ရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ သံဘုဉ္ဇေယျ ဝါ၊ တကွမူလည်း အာမိသ သမ္ဘောဂ ဓမ္မသမ္ဘောဂကို ပြုငြားအံ့။ သံဝသေယျ ဝါ၊ တကွမူလည်း ကံကြီး, ကံငယ်ကို ပြုငြားအံ့၊ သဟ ဝါ သေယျ၊ တမိုးတရံတည်းသောကျောင်း၌ တကွအိပ်ခြင်းကိုလည်း။ ကပ္ပေယျ၊ ပြုငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ။ (ဉာဏ်ကားအနက်)

လေးပါး မြောက်သော ပကတတ်ရဟန်းတို့သည်၊ ၎င်းဥက္ခိတ္တက ရဟန်းကို ဂဏပူရက စတုတ္ထမြောက်မပြုဘဲ၊ ဟတ္ထပါသ်၌သာထား၍ ကံပြုငြားအံ့၊ သံဝါသ ဖြစ်၍ ပါစိတ်အာပတ်သာသင့်၏။ ပိုသောရဟန်းဖြစ်၍ ကံမှုကားမပျက်။ စတုဝဂ္ဂ ကရဏံ စေ ဘိက္ခဝေ၊ စသောပါဠိတော်ကိုပင် ထောက်ပါ။ ။ ပါရိဝါသိက ရဟန်းကို ဂိုဏ်းပြည့်ပြု၍၊ ၎င်းရဟန်းလျှင် လေးပါးမြောက်ရှိသောသံဃာသည် ပရိဝါသ်ပေးခြင်း၊ အရင်းသို့ငင်ခြင်း၊ မာနတ်ပေးခြင်းကိုပြုငြားအံ့၊ ၎င်းပါရိဝါသိက ရဟန်းနှင့်တကွ နှစ်ကျိပ်အရေအတွက်ရှိသောသံဃာသည် အဗ္ဘာန် သွင်းခြင်းကိုပြုငြားအံ့ ကံလည်း ပျက်၏။ မပြုသင့် သည်ကို ပြုခြင်းကြောင့် ဒုက္ကဋ် အာပတ်လည်းသင့်၏။ ထိုကြောင့် ၎င်းစမ္ပေယျခန္ဓက ၌ပင်။ ။ ပါရိဝါသိက စတုတ္ထော စေ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝီသော အဗ္ဘေယျ အကမ္မံ နစကရဏီယံ။ ။ဟု ဟောတော်မူ အပ်၏။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ပါရိဝါသိက စတုတ္ထော၊ ပါရိဝါသိကရဟန်း လျှင် လေးပါမြောက်ရှိသည်ဖြစ်၍။ ပရိဝါသံ၊ ပရိဝါသ်ကို။ ဒဒေယျ၊ ပေးငြား အံ့။ မူလာယ၊ အရင်းသို့။ ပဋိကဿေယျ၊ ငင်ငြားအံ့။ မာနတ္တံ၊ မာနတ်ကို။ ဒဒေယျ၊ ပေးငြားအံ့။ တံဝီသော၊ ထိုပါရိဝါသိကရဟန်းလျှင် လေးပါးမြောက် ရှိသည်ဖြစ်၍။ အဗ္ဘေယျ၊ အဗ္ဘာန်သွင်းငြားအံ့။ အကမ္မံ၊ ကံကို ပြုအပ်သည် မမည်။ ဝါ၊ ကံပျက်၏။ နစကရဏီယံ၊ ပြုလည်းမပြုကောင်း။ ။လေးပါးသော ပကတတ်ရဟန်းတို့သည်၊ ၎င်းပါရိဝါသိကရဟန်းကို ဂိုဏ်းပြည့် စတုတ္ထမြောက် မပြုဘဲ၊ ဟတ္ထပါသ်၌ထား၍ ပရိဝါသ်ပေးခြင်းစသည်ကိုပြုငြားအံ့၊ ပိုလွန်သော ရဟန်းဖြစ်၍ ကံလည်းမပျက်။ ။ပါရိဝါသိက စတုတ္ထော စေ။ ။စသော ပါဠိတော်ကိုပင် ထောက်ပါ၊ ဝဇ္ဇနီယ ပုဂ္ဂလ မဟုတ်ရကား၊ သံဃာလည်း အာပတ်မသင့်။ သိတင်းငယ်နေရာ၌ နေမှုကား၊ ၎င်းပါရိဝါသိကရဟန်းအား လည်း အာပတ်မသင့်ဟု မှတ်ရမည်။

၎င်း ပါရိဝါသိက ရဟန်းသည် ပရိဝါသ် ပေးခြင်း၊ အရင်းသို့ငင်ခြင်း၊ မာနတ်ပေးခြင်း၊ အဗ္ဘာန်သွင်းခြင်းမှ တပါးသောကံတို့၌ ဂိုဏ်းပြည့်ဖြစ်၏။ ။

ထိုကြောင့် စူဠဝါ အဋ္ဌကထာ၌။ ။ပါရိဝါသိက စတုတ္ထော စေ ဘိက္ခဝေ ပရိဝါသန္တိတ္ထေ ပါရိဝါသိကံ စတုတ္ထံ ကတွာ အညသ ပရိဝါသဒါနာဒီနိ ကာတုံ နဝဋ္ဋတိ၊ ဓေတသ္မိဝါယံ ဂဏပူရကော နဟောတိ၊ သေသသံဃကမ္မေသု ဟောတိ။ ။ဟု မိန့်အပ်၏။ ပါရိဝါသိက စတုတ္ထော စေ ဘိက္ခဝေတိတ္ထေ၊ ပါရိဝါသိက စတုတ္ထော စေ ဘိက္ခဝေ စသောပါဠိ၌။ ပါရိဝါသိကံ၊ ပါရိဝါသိက ရဟန်းကို။ စတုတ္ထံ၊ လေးပါးမြောက်ကို။ ကတွာ၊ ပြု၍။ အညသ၊ တပါးသော ရဟန်းအား။ ပရိဝါသဒါနာဒီနိ၊ ပရိဝါသ်ပေးခြင်း စသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဓေတသ္မိ၊ ထိုပရိဝါသ်ပေးခြင်း စသောကံတို့၌ သာလျှင်။ အယံဘိက္ခု၊ ဤပါရိဝါသိကရဟန်းသည်။ ဂဏပူရကော၊ ဂိုဏ်းပြည့်သည်။ နဟောတိ၊ မဖြစ်။ သေသကမ္မေသု၊ ကြွင်းသောကံတို့၌။ ဂဏပူရကော၊ ဂိုဏ်းပြည့်သည်။ ဟောတိ၊ဖြစ်၏။ ။(ဤကားအနက်)။ ။ရင်းပါရိ ဝါသိက ရဟန်းအား ဥပဇ္ဈာယ်ပြုခြင်း၊ ကမ္မဝါစာ ဘတ်ရွတ်ခြင်းငှါ မအပ်။ ဥပဇ္ဈာယ် ဆရာ, ကမ္မဝါဆရာပြုလိုလျှင်၊ ဝတ်ကိုချ၍ပြုရာ၏။ ထို့ကြောင့် ရင်းအဋ္ဌကထာ ၌ပင်။ ။န ဥပသမ္ပာဒေတဗ္ဗန္တိ ဥပဇ္ဈာယေန ဟုတွာ နဥပသမ္ပာဒေတဗ္ဗံ၊ ဝတ္တံ နိက္ခိပိတွာပန ဥပသမ္ပာဒေတုံ ဝဋ္ဋတိ၊ အာစရိယေန ဟုတွာပိ ကမ္မဝါစာ နသာဝေတဗ္ဗာ။ အညသ္မိံ အသတိ ဝတ္တံ နိက္ခိပိတွာပန ဥပသမ္ပာဒေတုံ ဝဋ္ဋတိ။ ။ဟု မိန့်အပ်၏။ ။နဥပသမ္ပာဒေတဗ္ဗန္တိ၊ နဥပသမ္ပာဒေတဗ္ဗံ ဟူသည်ကား။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာသည်။ ဟုတွာ၊ ဖြစ်၍။ နဥပသမ္ပာဒေတဗ္ဗံ၊ ပဉ္စင်းမခံအပ်။ ပန၊ အပ်သည်ကိုဆိုဦးအံ့။ ဝတ္တံ၊ ဝတ်ကို။ နိက္ခိပိတွာ၊ ချ၍။ ဥပသမ္ပာဒေတုံ၊ ပဉ္စင်းခံခြင်းငှါ။ဝဋ္ဋတိ၊ အပ်၏။ အာစရိယော၊ ကမ္မဝါစာဆရာသည်။ ဟုတွာပိ၊ ဖြစ်၍လည်း။ကမ္မဝါစာ၊ ကမ္မဝါစာကို။ နသာဝေတဗ္ဗာ၊ မကြားအပ်။ အညသ္မိံ၊ တပါးသော ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာဆရာသည်။ အသတိ၊ မရှိလတ်သော်။ ဝတ္တံ၊ ဝတ်ကို။ နိက္ခိပိတွာ၊ ချ၍။ ဥပသမ္ပာဒေတုံ၊ဥပဇ္ဈာယ်ပြု၍ရင်း၊ ကမ္မဝါစာ ဘတ်၍ရင်း ပဉ္စင်းခံခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)

ရင်း ပါရိဝါသိကရဟန်းသည် ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာပြု၍ ပဉ္စင်းခံ ငြားအံ့၊ ဝတ္တဘေဒ ဒုက္ကဋ်အာပတ်သင့်သည်၊ ပဉ္စင်းလောင်းကား ရဟန်းဖြစ်၏။ ပါဠိအဋ္ဌကထာတို့၌ ဝတ္တဘေဒဒုက္ကဋ်အာပတ်သာ လာသည်ကိုရင်း၊ ကမ္မဝိပတ္တိ အရာ၌ မလာသည်ကိုရင်း အောက်၌ပြအပ်သော။ ။ဓေတသ္မိဝါယံ ဂဏ ပူရကော နဟောတိ၊ သေသကမ္မေသုပန ဟောတိ။ ။ဟု မိန့်အပ်သော အဋ္ဌ ကထာကိုရင်း ထောက်၍သိပါ။ ။မူလာယ ပဋိကဿနာရဟန်း စသည်တို့၌ လည်း နည်းတူပင်မှတ်ရာ၏။

ဥက္ကိဋ္ဌကရဟန်း၊ ပါရိဝါသိကရဟန်း စသည်တို့ကို၊ ဟတ္ထပါသ်၌ထား၍
ကံပြုရာ၌ ကံပျက်မပျက် လျှောက်ထားချက်အရ ရေးသားဆုံးဖြတ်
အပ်သော အဆုံးအဖြတ်ကား ပြီး၏။

---

(၄) သံဝါသ သမ္ဘောဂကို သိလိုပါသည်လျှောက်ထားရာ၌၊ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

သံဝါသ သမ္ဘောဂနှစ်ပါးတို့တွင်၊ ကေကမ္မ၊ ကေုဒ္ဒေသ၊ သမသိက္ခတာ၊ ဤသုံးပါးသည် သံဝါသမည်၏။ ။ထို့ကြောင့် ပဌမပါရာဇိက ပဒဘာဇနီ၌။ ။သံဝါသောနာမ ကေကမ္မံ ကေုဒ္ဒေသော သမသိက္ခတာ၊ ဧသော သံဝါသော နာမ။ ။ဟု ဟောတော်မူအပ်၏။ ။သံဝါသောနာမ၊ သံဝါသမည်သည်ကား။ ကေကမ္မဥ္စ၊ ပကတတ်ရဟန်းတို့သည် တကွပြုအပ်သော ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ, အပလောကနကံအားဖြင့် လေးပါးအပြား ရှိသောကံငှင်း။ ကေုဒ္ဒေသောစ၊ ပကတတ်ရဟန်းတို့သည် အတူတကွပြုအပ်သော နိဒါနုဒ္ဒေသ စသော ငါးပါးသောဥဒ္ဒေသငှင်း။ သမသိက္ခတာစ၊ အလုံးစုံသောလဇ္ဇီရဟန်း တို့သည် အတူအမျှ ကျင့်အပ်, မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်အပေါင်းငှင်း။ ဧသောသမ္ဘော၊ ထိုအလုံးစုံသည်။ သံဝါသော နာမ၊ သံဝါသမည်၏။ ။(ဤကား အနက်)။ ။ဤ၌ ဉတ္တိကံ၊ ဉတ္တိဒုတိယယံ၊ဉတ္တိ စတုတ္ထကံ၊ အပလောကနကံအားဖြင့် လေးပါးအပြားရှိသောကံသည်၊ တခုသော သိမ်ဖြင့်ပိုင်းခြားအပ်ကုန်သော ပါရာဇိကသို့ မရောက်သောရဟန်း၊ ဥက္ခိတ္တက မဟုတ်သော ရဟန်းဟု ဆိုအပ်သော ပကတတ်ရဟန်းတို့သည် တကွပြုအပ်သည် ၏အဖြစ်ကြောင့် ကေကမ္မမည်၏။ နိဒါနုဒ္ဒေသ စသော ငါးပါးသော ပါတိ မောက္ခုဒ္ဒေသသည် ထိုပကတတ် ရဟန်းတို့သည် တကွပြုအပ်သည်၏ အဖြစ် ကြောင့် ကေုဒ္ဒေသမည်၏။ ။ထိုကြောင့် ငှင်း၏အဘွင့်အဋ္ဌကထာ၌။ ။စတုဗ္ဗိ ဓမ္ပိ သံဃကမ္မံ သီမာပရိစ္ဆိန္နေဟိ ပကတတ္တေဟိ ဘိက္ခူဟိ ကေတော ကတ္တဗ္ဗတ္တာ ကေကမ္မံနာမ။ တထာ ပဉ္စဝိဓောပိ ပါတိမောက္ခုဒ္ဒေသော ကေတော ဥဒ္ဒိသိ တဗ္ဗတ္တာ ကေုဒ္ဒေသောနာမ။ ။ဟု မိန့်အပ်၏။ ။စတုဗ္ဗိဓမ္ပိ၊ လေးပါးအပြား ရှိသည်လည်းဖြစ်သော။ သံဃကမ္မံ၊ သံဃကံသည်။ သီမာ ပရိစ္ဆိန္နေဟိ၊ တခု သောသိမ်သည် ပိုင်းခြားအပ်ကုန်သော။ ဝါ၊ တခုသောသိမ်ဖြင့် ပိုင်းခြားအပ် ကုန်သော။ ပကတတ္တေဟိ၊ ပကတတ်ဖြစ်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ကေတော၊ တကွနက်။ ဝါ၊ တပေါင်းတည်း။ ကတ္တဗ္ဗတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ကေကမ္မံနာမ၊ ကေကမ္မမည်၏။ ပဉ္စဝိဓောပိ၊ ငါးပါးအပြား ရှိသည်လည်းဖြစ်သော။ ပါတိမောက္ခုဒ္ဒေသော၊ ပါတိမောက္ခုဒ္ဒေသသည်။

တထာ၊ ထို့အတူ။ သီမာပရိစ္ဆိန္နေဟိ၊ တခုသောသိမ်သည် ပိုင်းခြားအပ်ကုန်သော။ ဝါ၊ တခုသောသိမ်ဖြင့် ပိုင်းခြားအပ်ကုန်သော။ ပကတတ္တေဟိ၊ ပကတတ်ဖြစ်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ကေတော၊ တကွနက်။ ဝါ၊ တပေါင်းတည်း။ ဥဒ္ဒိသိတဗ္ဗတ္တာ၊ ထုတ်ဆောင်၍ပြအပ်သည်၏အဖြစ်ကြောင့်။ ဝါ၊ထုတ်၍ဆောင်ရွက်အပ်သည်၏အဖြစ်ကြောင့်။ ကေုဒ္ဒေသောနာမ၊ကေုဒ္ဒေသမည်၏။ ။(ဤကား အနက်)

ဤ၌ ပါရာဇိကသို့ မရောက်သောရဟန်း၊ ဥက္ခိတ္တကမဟုတ်သော ရဟန်းတို့သည် ပကတတ်ရဟန်းမည်ကုန်၏။ ။ပကတတ္တောနာမ ပါရာဇိကံ အနာပန္နော အနုက္ခိတ္တောစ။ ။သာရတ္ထဒီပနီဋီကာ။ ။ပကတတ္တောနာမ၊ ပကတတ်ရဟန်းတို့မည်သည်ကား။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သို့။ အနာပန္နောစ၊ မရောက်သည်လည်း ဖြစ်ကုန်သော။ အနုက္ခိတ္တောစ၊ ဥက္ခိတ္တက ရဟန်းမဟုတ်သည်လည်းဖြစ်ကုန်သော။ ဘိက္ခု၊ ရဟန်းတို့တည်း။ ဝါ၊ ရဟန်းသည်။ ပကတတ္တောနာမ၊ ပကတတ်ရဟန်းတို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကား အနက်)။ ။ဧင်းပကတတ္တေဟိ ဟူသောပါဠ်ဖြင့်၊ သိက္ခာပုဒ်မရှိသော ပါရာဇိကသို့ရောက်သောရဟန်း၊ ကမ္မနာနာသံဝါသက ဖြစ်သော ဥက္ခိတ္တက ရဟန်းတို့သည် သံဃကံတို့၌ ဂိုဏ်းပြည့်မျှ ဖြစ်သည်ကိုရင်း၊ ပါရာဇိကသို့ မရောက်သော ပုဂ္ဂိုလ်သည် အလဇ္ဇီပင်ဖြစ်ငြားသော်လည်း သိက္ခာရှိခြင်း၊ ကမ္မနာနာသံဝါသက မဟုတ်ခြင်းဟူသော အကြောင်းတို့ကြောင့် သံဃကံတို့၌ဂိုဏ်းဖြစ်သည်ကိုရင်း ယင်းနှစ်ပါးကိုသာ ပြလိုရင်းဖြစ်သည်။ ပါရာဇိကသို့ ရောက်သော ရဟန်း ဥက္ခိတ္တက ရဟန်းတို့နှင့် တကွ ပေါင်းဘော်ခြင်းကြောင့် အာပတ်သင့်ခြင်း၊ ပါရာဇိကသို့ မရောက်သော အလဇ္ဇီရဟန်းတို့နှင့် တကွပေါင်းဘော်ခြင်းကြောင့် အာပတ်မသင့်ခြင်းကို ပြလိုရင်းမဟုတ်။ ထိုစကားသင့်စွ၊ ထိုပုဂ္ဂိုလ်တို့တွင် အလဇ္ဇီပုဂ္ဂိုလ်နှင့် တကွသမ္ဘောဂ သံဝါသနှစ်ပါးလုံး မအပ်။ သင့်တင့်သော အကြောင်းကိုကြည့်၍ ထိုအလဇ္ဇီပုဂ္ဂိုလ်နှင့် ပေါင်းဘော်အံ့၊ ဒုက္ကဋ်အာပတ်သင့်သည်။ သင့်တင့်သော အကြောင်းကား နောက်၌ ထင်ရှားလတ္တံ့။ ။ထို့ကြောင့် မဟာဝါ-မဟာခန္ဓကပါဠိတော်၌။ ။လဇ္ဇာမာနာယ သာမဂ္ဂိယာ ပုန ဥက္ခိပိတဗ္ဗော၊ အလဇ္ဇမာနာယံ သာမဂ္ဂိယာ အနာပတ္တိ သမ္ဘောဂေ သံဝါသေ။ ။ဟု ဟောတော်မူအပ်၏။ ။သာမဂ္ဂိယာ၊ လဇ္ဇီ သဘောတူ ညီညွတ်သော သူတည်းဟူသော ရဟန်းအပေါင်းကို။ လဇ္ဇမာနာယ၊ ရအပ်သည်ရှိသော်။ ပုန၊ တဖန်။ သော၊ ထိုအလဇ္ဇီရဟန်းကို။ ဥက္ခိပိတဗ္ဗော၊ နှင်ထုတ်အပ်၏။ သာမဂ္ဂိယာ၊ လဇ္ဇီသဘောတူ ညီညွတ်သော သူတည်းဟူသော ရဟန်း အပေါင်းကို။ အလဇ္ဇမာနာယ၊ မရအပ်သေးသည်ရှိသော်။ တေန၊ ထိုအလဇ္ဇီရဟန်းနှင့်။ သမ္ဘော

ဂေဝါ၊ အတူတကွ အာမိသ သမ္ဘောဂ, ဓမ္မသမ္ဘောဂကို ပြုခြင်းကြောင့်ရင်း။ သံဝါသေဝါ၊ အတူတကွ ကံကြီး,ကံငယ် ပြုခြင်းဟု ဆိုအပ်သော ပေါင်းဘော် ခြင်းကြောင့်ရင်း။ အနာပတ္တိ၊ အာပတ်မသင့်။ ။(ဤကားအနက်)

အဓိပ္ပါယ်ကား၊ အာပတ်ကို မရှုသောရဟန်း၊ မကုစားသော ရဟန်းသည်၊ လဇ္ဇီ- အလဇ္ဇီဟူ၍ နှစ်ယောက်ရှိ၏။ ထိုတွင် တစုံတခု ရဟန်းတို့ ပြုခြင်းငှါ မအပ်သောအမှုကို ရဟန်းတို့က အပ်လိမ့်မည်ထင်မှတ်၍ လွန်ကျူး၍ပြုမိ၏။ ထို ပြုခြင်းကြောင့် သင့်သောအာပတ်ကိုလည်း မိမိနှလုံးသွင်းအတိုင်း အာပတ်မသင့် ဟု ထင်မှတ်၍၊ ၎င်းအာပတ်ကို မရှုသောရဟန်း၊ မကုစားသော ရဟန်းသည် အလဇ္ဇီမဟုတ် လဇ္ဇီပင်မည်၏။ တစုံတခု ရဟန်းတို့ ပြုခြင်းငှါမအပ်သောအမှုကို မအပ်ဟုသိလျက် လွန်ကျူး၍ပြု၏။ ထိုပြုခြင်းကြောင့် သင့်သော အာပတ်ကို မရှုသောရဟန်း မကုစားသော ရဟန်းသည်သာ အလဇ္ဇီမည်၏။ ။ထို့ကြောင့် ပရိဝါ ပါဠိတော်၌။ ။သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ၊ အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဒေိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။ ။ဟုဟောတော်မူ အပ်၏။ ။သဉ္စိစ္စ၊ လွန်ကျူးလိုသော စေတနာရှိသည်ဖြစ်၍။ အာပတ္တိံ၊ အာ ပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ အာပတ္တိံ၊ သင့်ပြီးသောအာပတ်ကို။ ပရိဂူဟတိ၊ လျှို့ဝှက်၏။ အဂတိ ဂမနဉ္စ၊ မလားအပ်သည်သို့ လားခြင်းသို့လည်း။ ဂစ္ဆတိ၊ ရောက်၏။ ဒေိသော၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို။ အလဇ္ဇီပုဂ္ဂလော၊ အလဇ္ဇီ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။(ဤကားအနက်)။ ။ထိုတွင် မအပ်သော အမှုကို အပ်၏ဟူသောအမှတ် ပြုခြင်းကြောင့် သင့်သောအာပတ်ကို အာပတ် မသင့်ဟူသော အမှတ်ဖြင့် မရှုသော- မကုစားသော လဇ္ဇီရဟန်းကို ရဟန်းတို့ ညီညွတ်ခြင်းကို ရသည်ရှိသော်၊ အယူကိုစွန့်စေခြင်းငှါ တဘန်နှင်ထုတ် အပ်၏။ ရဟန်းတို့ညီညွတ်ခြင်းကိုမရသော်၊ လဇ္ဇီဖြစ်ရကား ထိုရဟန်းနှင့်တကွ သမ္ဘောဂ, သံဝါသနှစ်ပါးကို ပြုခြင်းကြောင့် အာပတ်မသင့်။ မအပ်သောအမှုကို မအပ်ဟု သိလျက် လွန်ကျူး၍ ပြု၏။ သို့ ပြုခြင်းကြောင့် သင့်သောအာပတ်ကို အာပတ် သင့်မှန်းသိလျက် မရှုသော မကုစားသော အလဇ္ဇီရဟန်းနှင့်တကွ သမ္ဘောဂ, သံဝါသနှစ်ပါးကိုပြုခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏ဟူလိုသည်။ ။ထို့ကြောင့် မဟာခန္ဓက အဘွင့် တေရသကဏ်ဋီကာ၌။ ။အနာပတ္တိ သမ္ဘောဂေ သံဝါသေ တိဧတ္ထစ အယမဓိပ္ပါယော။ ယသ္မာ အယံ ဩသာရဏာယ ကမ္မာဟာ ကတတ္တာ ပကတတ္တဋ္ဌာနေ ဌိတော။ တသ္မာ နဥက္ခိတ္တကေန သဒ္ဓိံ သမ္ဘောဂါဒိပစ္စယာ ပါစိတ္တိယံ။ နာပိအလဇ္ဇိနာ သဒ္ဓိံ ပရိဘောဂါဒိပစ္စယာ ဒုက္ကဋံ အလဇ္ဇီလက္ခဏာ နုပပတ္တိတော။ ယောပိ ဥက္ခိတ္တကသ္မာ သတ္တာဟကာလိက ယာဝဇီဝိကတ္တာ ဝဋ္ဋတိ၊ဝိကာလေ ဥက္ခိတ္တကေ ဒိန္နံ သညံ ဥပ္ပါဒေတွာ၊တံခါဒိတွာ၊တပ္ပစ္စယာ ပါစိတ္တိံ

နပဿတိ၊ ဝဋ္ဋတီတိ တထာသညိဘာဝ။ ယောပန အာပတ္တိမာပန္န ဘာဝံ အပဋိ
ဇာနိတွာ နပဋိကရောမိတိ အဘိနိဝိသတိ၊ အယံ သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ။ အာ
ပတ္တိံ ပရိဂူဟတိ၊ အဂတိဂမနဉ္စ ဂစ္ဆတိ. ဧဒိသော ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလောတိ။ ။
ဝုတ္တလက္ခဏေ အပတနတော အသဉ္စိစ္စ နာမ နဟောတိ၊ တသ္မာ ယထာပုဗ္ဗ ယာဝ
ဥက္ကမ္ပနိယကမ္မံ နကတံ၊ တာဝ တေနသဒ္ဓိံ သမ္ဘောဂေ သံဝါသေစ အနာပတ္တိ။
ဧဝမိဓာပိတိ သဗ္ဗထာ အနာပတ္တိဋ္ဌာနေယော အနာပတ္တိ ဝုတ္တာတိ ဝေဒိတဗ္ဗံ၊
နဟိဘဂဝါ အလဇ္ဇိနာ သဒ္ဓိံ သမ္ဘောဂါဒိပစ္စယာ အာပတ္တိ သမ္ဘဝေ သတိ အနာ
ပတ္တိ သမ္ဘောဂေ သံဝါသေတိ ဝဒတိ။ ။ဟု မိန့်အပ်၏။ ။စ၊ ဆက်၍ဆိုဦးအံ့။
အနာပတ္တိသမ္ဘောဂေ သံဝါသေတိဧတ္ထ၊ သံဝါသေဟူသော ပါဌ်၌။ အယံ၊ ဤ
ဆိုအပ်လတ္တံ့သည်ကား။ အဓိပ္ပါယော၊ မြတ်စွာဘုရား၏အလိုဘော်တည်း။ အယံ
ဘိက္ခု၊ ဩသာရဏကံ ပြုပြီးသည်မှ နောက်၌၊ အာပတ်ကို မကုစားသော ဤ
ရဟန်း သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဩသာရဏာယ၊ သွတ်သွင်းခြင်း
ဩသာရဏကံကို။ ကတတ္တာ၊ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်။ ပကတတ္တဋ္ဌာနေ၊
အရာ၌။ ဌိတော၊ ၏။ တသ္မာ၊ ကြောင့်။ ဥက္ခိတ္တကေန၊ ဥက္ခိတ္တက ရဟန်းနှင့်။
သဒ္ဓိံ၊ တကွ။ သမ္ဘောဂါဒိပစ္စယာ၊ အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂ စသည်
ကို ပြုခြင်း ဟူသော အကြောင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သို့။
နအာပဇ္ဇတိ၊ မရောက်။ အလဇ္ဇိနာ၊ အလဇ္ဇီ ရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ပရိ
ဘောဂါဒိပစ္စယာ၊ သုံးဆောင်ခြင်း အစရှိသော အကြောင်းကြောင့်။ ဒုက္ကဋံ၊
ဒုက္ကဋ်အာပတ်သို့။ နာပိအာပဇ္ဇတိ၊ ရောက်လည်းမရောက်။ ကသ္မာ၊ အဘယ်
ကြောင့်နည်းဟူမူကား။ အသဉ္စိစ္စလက္ခဏာနုပပတ္တိတော၊ အသဉ္စိစ္စ၏ လက္ခဏာသို့
မရောက်ခြင်းကြောင့်တည်း။ ယောပိဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ဥစ္ဆုရသ
ကသဋ္ဌာနံ၊ ကြံရည် ကြံဖတ် တို့၏။ သတ္တာဟကာလိက ယာဝဇီဝိကတ္တာ၊
သတ္တာဟကာလိက ယာဝဇီဝိက၏အဖြစ်ကြောင့်။ ဝိကာလေ၊ နေလွဲသောအခါ
၌။ ဥစ္ဆုခါဒိတုံ၊ ကြံကိုစုတ်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိသညာ၊ ဤသို့သော
အမှတ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တံ၊ ထိုကြံကို။ ခါဒိတွာ၊ စုတ်ပြီး၍။
တပ္ပစ္စယာ၊ ထိုကြံကို စုတ်ခြင်းဟူသော အကြောင်းကြောင့်။ ပါစိတ္တိံ၊ သင့်
သောပါစိတ်အာပတ်ကို။ နပဿတိ၊ မရှု။ ကသ္မာ၊ အဘယ်ကြောင့်။ နပဿတိ၊
မရှုလေသနည်းဟူ မူကား။ တထာတေန သဘာဝေန၊ ထိုဆိုအပ်ခဲ့ပြီးသော
သဘောအားဖြင့်။ ဝဋ္ဋတိ၊ အပ်၏။ ဣတိသညိတာယ၊ ဤသို့သော အမှတ်ရှိ
သည်၏အဖြစ်ကြောင့်။ နပဿတိ၊ မရှု။ ယောပန၊ အကြင်ရဟန်းသည်ကား။
အာပတ္တိံ၊ အာပတ်သို့။ အာပန္နဘာဝံ၊ ရောက်သည်၏အဖြစ်ကို။ အပဋိဇာနိတွာ၊
ဝန်မခံမူ၍။ နပဋိကရောမိ၊ ငါမကုစားနိုင်။ ဣတိ၊ ဤသို့။ အဘိနိဝိသတိ၊
လွှမ်းမိုးစိုးအုပ်၍နေ၏။ ဝါ၊ ဖုံးဖိ၍နေ၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ။

သင်္ဂိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂ္ဂဟာတိ၊ အဂတိဂမနဥ္စ ဂစ္ဆတိ။ ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလောတိ၊ ပုဂ္ဂလောဟူ၍။ ဝုတ္တလက္ခဏော၊ ဟောတော်မူအပ် သောလက္ခဏာဉ္ဆိ အပတနတော၊ မကျခြင်းကြောင့်၊ အလဇ္ဇီနာမ၊ အလဇ္ဇီမည် သည်။ နဟောတိ၊ မဖြစ်။ ဧသွာ၊ ထိုကြောင့်။ ပုဗ္ဗေ၊ ဥက္ခေပနီယကံကိုပြုသည်မှ ရှေ့အဘို့ဖြစ်သောကာလ၌။ ယာဝ၊ အကြင်မျှလောက်။ ဥက္ခေပနီယ ကမ္မံ၊ ဥက္ခေပနီယကံကို။ နကတံ၊ မပြုအပ်သေး။ တာဝ၊ ထိုမျှလောက်။ တေနဘိက္ခုနာ၊ ထိုကံကိုမပြုအပ်သေးသော ရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ သမ္ဘောဂေစ၊ အာမိသ သမ္ဘောဂ, ဓမ္မသမ္ဘောဂ အားဖြင့် တကွ သုံးဆောင်ခြင်းကြောင့်ရင်း။ သံဝါ သေစ၊ ကံကြီး,ကံငယ်အားဖြင့် တကွပေါင်းဘော်ခြင်းကြောင့်ရင်း။ အနာပတ္တိ၊ အာပတ်မသင့်ခြင်းသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဝံတထာ၊ ထို့အတူ။ ဣမာပိ၊ ဤအရာ၌လည်း။ အနာပတ္တိ၊ အာပတ်မသင့်ခြင်းသည်။ ဟောတိ ဖြစ်၏။ ဣတိဧသွာ၊ ထိုကြောင့်။ သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အနာ ပတ္တိဋ္ဌာနေယေဝ၊ အာပတ်မသင့်သော အရာ၌သာလျှင်။ အနာပတ္တိ၊ အာပတ် မသင့်ခြင်းကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ။ သိအပ်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အလဇ္ဇိနာ၊ အလဇ္ဇီရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ သမ္ဘောဂ ဒီပစ္စယာ၊ တကွသုံးဆောင်ခြင်း အစရှိသော အကြောင်း ကြောင့်။ အာပတ္တိသမ္ဘဝေ၊ အာပတ်သင့်ခြင်း၏ ဖြစ်သင့်ခြင်းသည်။ သတိ၊ ရှိပါလျက်။ အနာပတ္တိသမ္ဘောဂေ သံဝါသေတိ၊ သံဝါသေဟူ၍။ နဝဒတိ၊ ဟောတော်မမူ။ ။(ဤကား အနက်)

ဤ၌ အနာပတ္တိ သမ္ဘောဂေ သံဝါသေဟူ၍၊ သမ္ဘောဂ, သံဝါသ နှစ်ပါးကို တပေါင်းတည်း တယောက်တည်း တကွပူးတွဲ၍ ဟောတော်မူသော မြတ်စွာ ဘုရားသည်၊ ၎င်းသမ္ဘောဂ, သံဝါသနှစ်ပါးတို့တွင်၊ တပါးမအပ်လျှင် တပါး မအပ်ကြောင်း၊ တပါးအပ်လျှင်လည်း တပါးအပ်ကြောင်း ပြတော်မူ၏။ ။ ဥက္ခိတ္တက ရဟန်းတို့နှင့် သမ္ဘောဂ, သံဝါသ, သဟသေယျ သုံးပါးမအပ်။ ပေါင်းဘော်သော် ပါစိတ်အာပတ်သင့်၏။ သာဓကမှာ မာတိကာ၌ထင်ရှားလှ လေပြီ။ ဥက္ခိတ္တက ရဟန်းသည် ကမ္မနာနာသံဝါသက ရဟန်းမည်၏။ ထိုရဟန်း၏ အယူကို ယူသောရဟန်းသည် လဒ္ဓိနာနာသံဝါသက ရဟန်းမည်၏။ ။ကံမှ နာနာ သံဝါသကာနံ လဒ္ဓိ ဂဟိတကောဝ လဒ္ဓိ နာနာသံဝါသကော။ ။ ဒိဋ္ဌာဝိကမ္မဝဂ် ဝဇီရဗုဒ္ဓိဋီကာ။ ။ကမ္မနာနာသံဝါသကာနံ၊ကမ္မနာနာသံဝါသက ရဟန်းတို့၏။ လဒ္ဓိဂဟိတကောဝ၊ အယူကိုယူသော ရဟန်းသည်သာလျှင်။ လဒ္ဓိနာနာသံဝါသကော၊ လဒ္ဓိနာနာသံဝါသက ရဟန်းမည်သည်။ ဟောတိ၊ ၏။ ။(ဤကားအနက်)။ ။နာနာသံဝါသက ရဟန်းတို့နှင့် တကွပေါင်း

ဘော်ရာ၌ နာနာသံဝါသကဖြစ်သောကြောင့် ဂိုဏ်းပြည့်လည်းမဖြစ်၊ ပါစိတ်အာပတ်လည်းသင့်၏။ အသင့္စီရဟန်းတို့နှင့် တကွပေါင်းဘော်ရာ၌ကား၊နာနာသံဝါသက မဟုတ်သောကြောင့် ဂိုဏ်းပြည့်မှုကားဖြစ်၏။ ဒုက္ကဋ်အာပတ်သာသင့်၏။ ဤကားအထူး။ ၎င်းအထူးကိုပင် ပကတတ္တဟိ ဟူသော ပါဠိဖြင့်အဋ္ဌကထာဆရာပြတော်မူ၏။ အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် ပေါင်းဘော်ခြင်းကြောင့်၊ အာပတ်မသင့်သည်ကို ပြတော်မူ။ ။ပညတ်တော်မူအပ်သော အနက်သဒ္ဒါအားဖြင့်ရှစ်ပါးသော သိက္ခာပုဒ်သည်၊အလုံးစုံသော လဇ္ဇီပုဂ္ဂိုလ်တို့သည်အချင်းချင်း အားပေးထောက်ပင့် ချီးမြှင့်သောအားဖြင့်၊ တကွကျင့်အပ် တပြိုင်နက်သင်အပ်သည်၏ အဖြစ်ကြောင့် သမသိက္ခတာမည်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ပညတ္တံပန သိက္ခာပဒံ သဗ္ဗေဟိပိ လဇ္ဇီပုဂ္ဂလေဟိ သမံ သိက္ခိတဗ္ဗဘာဝတော သမသိက္ခတာနာမ။ ။ဟူ၍၎င်း။ ။သာရတ္ထဒီပနီဋီကာ၌၊ နဟာပိတပုဗ္ဗကာနံဝိယ ဩဒိဿ အနုညာတံ ဌပေတွာ အဝသေသံ သဗ္ဗမ္ပိသိက္ခာပဒံ သဗ္ဗေဟိပိ လဇ္ဇီပုဂ္ဂလေဟိ အနတိက္ကမနီယတ္တာ ဝုတ္တံ သဗ္ဗေဟိပိ လဇ္ဇီပုဂ္ဂလေဟိ သမံ့ သိက္ခိတဗ္ဗဘာဝတောတိ၊ သမန္တိ သဒ္ဒိံ ကေပ္ပဟာရေနဝါ၊ သိက္ခိတဗ္ဗဘာဝတောတိ အနတိက္ကမနီယ ဝသေန ဥဂ္ဂဟ ပရိပုစ္ဆနာဒိနာစ သိက္ခိတဗ္ဗဘာဝတော။ ။ဟူ၍၎င်း။ ။ဝိမတိဋီကာ၌။ ။ကေတော ဝန္ဒန ဘုဉ္ဇန ဂါမပ္ပဝေသန ဝတ္တ ပဋိဝတ္တကရဏ ဥဂ္ဂဟ ပရိပုစ္ဆာသဇ္ဈာယ ကရဏာဒိ သာမဂ္ဂိကြိယာဝသေန ဘာဂဝတာ ပညတ္တသိက္ခာပဒ သိက္ခနံ သမသိက္ခတာနာမ၊ တဉ္စ လဇ္ဇိဟေဝ သမံ သိက္ခိတဗ္ဗံ၊ နအလဇ္ဇိဟီတိ ဒဿေတုံ ပညတ္တံပန။ပ။ သမသိက္ခတာနာမာတိ ဝုတ္တံ၊ တတ္ထ အနတိက္ကမန ဝသေန ဥဂ္ဂဟ ပရိပုစ္ဆာဒိ ဝသေန လဇ္ဇိပုဂ္ဂလေဟိ သမံ ကေတော သိက္ခိတဗ္ဗ ဘာဝတော သမသိက္ခတာတိ သိက္ခာပဒါနိ ဝုတ္တာနိ၊ တာသံ သမသိက္ခနံ ယထာဝုတ္တနယေန လဇ္ဇိဟိ သိက္ခိတဗ္ဗဘာဝေါ သမသိက္ခတာနာမာတိ အဓိပ္ပါယော။ ။ဟူ၍၎င်းမိန့်အပ်၏။ ။ပညတ္တံ၊ မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်အပေါင်းသည်။ သဗ္ဗေဟိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ လဇ္ဇီပုဂ္ဂလေဟိ၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်။ သမံ၊ တကွ။ ဝါ၊ တပြိုင်နက်။ သိက္ခိတဗ္ဗဘာဝတော၊ ကျင့်အပ်သည်၏အဖြစ်ကြောင့်။ သမသိက္ခတာနာမ၊ သမသိက္ခတာမည်၏။ ။(ဤကား အဋ္ဌကထာ၏ အနက်)။ ။နဟာပိတ ပုဗ္ဗကာနံ၊ ရှေး၌ဆေတ္တာသည် ဖြစ်ဘူးကုန်သော ရဟန်းတို့အား။ဩဒိဿ၊ ရည်၍။ အနုညာတံဝိယ၊ သင်တုံးဓားကိုဆောင်ခြင်းငှါ မအပ်ဟူ၍ အသီးခွင့်ပြုတော်မူအပ် သကဲ့သို့။ ဝေတထာ၊ ထိုအတူ။ ဩဒိဿ အနုညာတံ၊ ရည်၍ အသီးခွင့်ပြုတော် မူအပ်သော သိက္ခာပုဒ်ကို။ ဌပေတွာ၊ ထား၍။ အဝသေသံ၊ ကြွင်းသော။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်တော်ကို။ သဗ္ဗေဟိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။လဇ္ဇီပုဂ္ဂ

လေဟိ၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်။ အနတိက္ကမနီယတ္တာ၊ မလွန်ကျူးအပ်သည်၏အဖြစ်ကြောင့်။ သမ္ဘေဟိပိ လဇ္ဇီပုဂ္ဂလေဟိ သမံ သိက္ခိတဗ္ဗဘာဝတောတိ၊ ဘာဝတော၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ သမန္တိ၊ ဟူသည်ကား။ သဒ္ဓိံ၊ တကွ။ ဝါ၊ ဟနည်းကား။ ကေပ္ပဟာရေန၊ တပြိုင်နက် တချက်တည်းအားဖြင့်။ သိက္ခိတဗ္ဗဘာဝတောတိ၊ ဟူသည်ကား။ အနတိက္ကမနီယ ဝဒသေန၊ မလွန်ကျူးသည်၏အစွမ်းဖြင့်။ ဥဂ္ဂဟ ပရိပုစ္ဆနာဒိနာစ၊ ပါဠိတော်ကိုသင်ခြင်း၊ အဋ္ဌကထာကို မေးခြင်းစသည်ဖြင့်လည်း။ သိက္ခိတဗ္ဗ ဘာဝတော၊ ကျင့်အပ်သည်၏ အဖြစ်ကြောင့်။ ။(ဤကား သာရတ္ထဒီပနီဋီကာ၏အနက်)။ ။ဧကတော ဝန္ဒနဘုဥ္ဇနဂါမပ္ပဝေသန ဝတ္တ ပဋိဝတ္တ ကရဏ ဥဂ္ဂဟ ပရိပုစ္ဆာသဇ္ဈာယ ကနဏာဒိသာမဂ္ဂိကြိယာဝသေန၊ တပေါင်းတည်း ရှိခိုးဝတ်တက်ခြင်း၊ တပေါင်းတည်းစားခြင်း၊ တပေါင်းတည်း ရွာတွင်းသို့ဝင်ခြင်း၊ တပေါင်းတည်း ဝတ်ကြီး, ဝတ်ငယ်ကိုပြုခြင်း၊ တပေါင်းတည်းပါဠိသင်ခြင်း၊ အဋ္ဌကထာကိုမေးခြင်း၊ တပေါင်းတည်းသရဇ္ဈာယ်ခြင်းဟု ဆိုအပ်သော တညီတညွတ်ဘည်းပြုသည်၏အစွမ်းဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပညတ္တိသိက္ခာပဒ သိက္ခနံ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို ကျင့်ခြင်းသည်။ သမသိက္ခတာနာမ၊ မည်၏။ တဥ္စသိက္ခာပဒံ၊ ထိုသိက္ခာပုဒ်ကိုလည်း။ လဇ္ဇီဟေဝ၊ လဇ္ဇီပုဂ္ဂိုလ် တို့သည်သာလျှင်။ သမံ၊ အညီအညွတ်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ အလဇ္ဇီဟိ၊ အလဇ္ဇီပုဂ္ဂိုလ်တို့သည်။ ဝါ၊ တို့နှင့်။ သမံ၊ အညီအညွတ်။ နသိက္ခိတဗ္ဗံ၊ မကျင့်အပ်။ ဣတိ ဣမံအတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ ပညတ္တံပန။ ပ။ သမသိက္ခတာနာမာတိ၊ နာမဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ တတ္ထ၊ ထိုအဋ္ဌကထာ စကားရပ်၌။ အနတိက္ကမန ဝသေနစ၊ သိက္ခာပုဒ်ကို မလွန်ကျူးသည်၏အစွမ်းဖြင့်ရင်း။ ဥဂ္ဂဟ ပရိပုစ္ဆာဒိ ဝသေနစ၊ ပါဠိကို သင်ခြင်း၊ အဋ္ဌကထာကို မေးခြင်းစသည်တို့၏ အစွမ်းဖြင့်ရင်း။ လဇ္ဇီဟိ၊ လဇ္ဇီပုဂ္ဂိုလ် တို့သည်။ ဝါ၊ လဇ္ဇီပုဂ္ဂိုလ်တို့နှင့်တကွ။ သမံ၊ အညီအညွတ်။ ဧကတော၊ တပေါင်းတည်း။ သိက္ခိတဗ္ဗဘာဝတော၊ ကျင့်အပ်သည်၏ အဖြစ်ကြောင့်။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ သမသိက္ခတာတိ၊ သမသိက္ခတာဟူ၍။ ဝုတ္တာနိ၊ မိန့်ဆိုအပ်ကုန်၏။ တာသံ၊ ထိုသိက္ခာပုဒ်တို့ကို။ သမသိက္ခနံ၊ အညီအညွတ် တပြိုင်နက်တပေါင်းတည်းကျင့်ခြင်းသည်။ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်။ လဇ္ဇီဟိ၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်။ ဝါ၊ တို့နှင့်တကွ။ သိက္ခိတဗ္ဗဘာဝေါ၊ ကျင့်အပ်သည်၏ အဖြစ်သည်။ သမသိက္ခတာနာမ၊ သမသိက္ခတာမည်၏။ ဣတိအယံ၊ ဤသည်လျှင်။ အဓိပ္ပါယော၊ အဋ္ဌကထာ ဆရာ၏ အလိုတော်တည်း။ ။(ဤကား ဝိမတိဋီကာ၏အနက်)

ထိုတွင် သာရတ္ထဒီပနီဋီကာ၌ နဟာပိတာ ပုဗ္ဗကာနံ စသောပါဠ်၏ လိုရင်း အဓိပ္ပါယ်ကား၊ ခပ်သိမ်းသော ရဟန်းတို့နှင့် မဆက်ဆံသော ဩဒိယာ အနုညာတ သိက္ခာပုဒ်ကိုကြဉ်၍၊ အလုံးစုံသော သိက္ခာပုဒ်ကို လဇ္ဇီရဟန်းတို့သည်သာ အကြွင်း မဲ့ ကျင့်အပ်၏။ အလဇ္ဇီရဟန်းတို့သည်ကား အချို့ကိုသာ ကျင့်အပ်၏။ အချို့ကို မကျင့်အပ်ကုန် ဟူလိုသည်။ သမတ္တိ သဒ္ဒိ°စသောပါဠ်၏ အဓိပ္ပါယ်ကား၊ လဇ္ဇီ ရဟန်းတို့သည်သာ တကွ အချင်းချင်း အားပေး ထောက်ပင့် ချီးမြှင့်ခြင်းကိုပြု၍ ကျင့်အပ် သင်အပ်၏။ အလဇ္ဇီ ရဟန်းတို့နှင့်တကွ အားပေးထောက်ပင့် ချီးမြှင့် ခြင်းကိုပြု၍ မကျင့်အပ် မသင်အပ်ဟူလိုသည်။ ။ဝိမတိ ဋီကာ၌၊ ဧကတော ဝဿန စသောပါဠ်ဖြင့်၊ သမသိက္ခတာ၌၊ သမသဒ္ဒါ၏ အလဇ္ဇီ ပုဂ္ဂိုလ်တို့သည် အချင်းချင်း တကွအားပေးထောက်ပင့် ချီးမြှင့်သော အားဖြင့် ပြုအပ်သော ညီညွတ်သော အလုံးစုံသော ကိစ္စ အမှုအရာကို ပြအပ်၏။ ရှိခိုးသော အခါ ကျင့်အပ်သော စားသောအခါ ကျင့်အပ်သော သိက္ခာပုဒ်အထူးစသည်ကိုသာ ပြအပ်သည်မဟုတ်။ ထို့ကြောင့် ထို ဧကတော ဝဿန စသောပါဠ်တို့၏ လိုရင်း အဓိပ္ပါယ်ကို ဤသို့သိရာ၏။ လဇ္ဇီပုဂ္ဂိုလ်တို့သည်၊ အချင်းချင်း တကွ အားပေး ထောက်ပင့် ချီးမြှင့်ခြင်းကိုပြု၍ ရှိခိုးလျက်လည်း ရှိခိုးသောအခါ၌လည်း အလုံး စုံသော သိက္ခာပုဒ်တို့ကို မလွန်ကျူးသည်၏အစွမ်းဖြင့် ကျင့်အပ်၏။ အချင်းချင်း တကွ အားပေးထောက်ပင့် ချီးမြှင့်ခြင်းကိုပြု၍စားလျက်လည်း၊ စားသောအခါ ၌လည်း၊ အလုံးစုံသော သိက္ခာပုဒ်တို့ကိုပင် မလွန်ကျူးသည်၏ အစွမ်းဖြင့် ကျင့် အပ်၏။ ဤအတူ၊ ရွာတွင်းသို့ ဝင်လျက် ဝင်သောအခါတို့၌ရင်း၊ ဝတ်ကြီး, ဝတ်ငယ်ကို ကျင့်လျက်၊ ကျင့်သော အခါတို့၌ရင်း၊ ပါဠိ အဋ္ဌကထာ တို့ကို သရဇ္ဈာယ်ခြင်းကိုပြုလျက်၊ ပြုသောအခါ စသည်တို့၌ရင်း၊ အလုံးစုံသောသိက္ခာ ပုဒ်တို့ကို မလွန်ကျူးသည်၏ အစွမ်းဖြင့် ကျင့်အပ်၏။ အလဇ္ဇီပုဂ္ဂိုလ်တို့နှင့်တကွ အားပေးထောက်ပင့် ချီးမြှင့်ခြင်းကိုပြု၍ ရှိခိုးခြင်း စသည်ကို ပြုလျက် မကျင့် အပ် မကျင့်ကောင်း ဟူလိုသည်။ သဇ္ဈာယကရဏာဒိ၌၊ အာဒိသဒ္ဒါဖြင့် စီဝရ သိဗ္ဗန၊ ပတ္တပစန စသောရဟန်းတို့၏ အလုံးစုံသော ကိစ္စတို့ကို ယူအပ်၏။ ထို့ ကြောင့် အလဇ္ဇီပုဂ္ဂိုလ်တို့နှင့်တကွ အားပေးထောက်ပင့် ချီးမြှင့်ခြင်းကို မပြုမူ၍၊ အမှတ်မဲ့ မိမိတို့အလျောက် ကိစ္စကိုပြုသောအခါ ကြုံကြိုက်၍၊ တကွ ရှိခိုးခြင်း စသည်ကိုပြုလျက် သိက္ခာပုဒ်ကို သင်ကောင်း ကျင့်ကောင်း၏ဟု မှတ်ရာ၏။

• •

သမ္ဘောဂအရာ၌၊ လဇ္ဇီပရိဘောဂ အလဇ္ဇီပရိဘောဂဟူ၍ နှစ်ပါးရှိ၏။ ထို တွင် လဇ္ဇီပုဂ္ဂိုလ်တို့၏ ပစ္စည်း အာမိသကို ခံယူသုံးဆောင်ခြင်း၊ ထိုလဇ္ဇီပုဂ္ဂိုလ်တို့ အထံ၌ စာသင်ခြင်း စသည်သည် လဇ္ဇီပရိဘောဂမည်၏။ ဤအတူ အလဇ္ဇီ ပုဂ္ဂိုလ်တို့၏ ပစ္စည်း အာမိသကို ခံယူသုံးဆောင်ခြင်း၊ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့၏

အထံ၌ စာသင်ခြင်း စသည်သည် အလဇ္ဇီပရိဘောဂမည်၏။ ။ထို့ကြောင့် ထေရသကဏ်ဋီကာ၌။ ။လဇ္ဇိနာ သဒ္ဓိံ ပရိဘောဂေ နာမ လဇ္ဇိဿ သန္တကံ ဂဟေတွာ ပရိဘောဂေါ၊ အလဇ္ဇိနာ သဒ္ဓိန္တိ ဧတ္ထာပိ ဧသေဝ နယော။ ။ ဟူ၍ရင်း။ ။ဝိမတိဋီကာ၌။ ။ဓမ္မိယာဓမ္မိယ ပရိဘောဂေါ ပစ္စယဝသေနေဝ ဝေဒိတဗ္ဗောတိ ဝုတ္တတ္တာ ဟေဋ္ဌာ လဇ္ဇီပရိဘောဂါဒယော ပစ္စယဝသေန ဧကကမ္မာဒိဝသေန စ ဝုတ္တာဧဝါတိ ဝေဒိတဗ္ဗံ။ ။ဟူ၍ရင်း မိန့်အပ်၏။ လဇ္ဇိနာ၊ လဇ္ဇီပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ တကွ။ ပရိဘောဂေ နာမ၊ သုံးဆောင်ခြင်း မည်သည်ကား။ လဇ္ဇိဿ၊ လဇ္ဇီရဟန်း၏။ သန္တကံ၊ ဥစ္စာကို။ ဂဟေတွာ၊ ယူ၍။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းတည်း။ အလဇ္ဇိနာ သဒ္ဓိန္တိ ဧတ္ထာပိ၊ အလဇ္ဇိနာ သဒ္ဓိံ ဟူသောပါဌ်၌လည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင်နည်းရှိ၏။ ။(ဤကား ထေရသကဏ်ဋီကာ၏အနက်)။ ။ဓမ္မိယာဓမ္မိယ ပရိဘောဂေါ၊ တရားနှင့်လျော်သော သုံးဆောင်ခြင်း၊ တရားနှင့်မလျော်သောသုံးဆောင်ခြင်းကို။ ပစ္စယဝသေနေဝ၊ ပစ္စည်း၏အစွမ်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ အဋ္ဌကထာ၌ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဟေဋ္ဌာ၊ အောက်၌။ လဇ္ဇီပရိဘောဂါဒယော၊ လဇ္ဇီပုဂ္ဂိုလ်နှင့်တကွ သုံးဆောင်ခြင်းစသည်တို့ကို။ ပစ္စယဝသေန စ၊ ပစ္စည်း၏အစွမ်းဖြင့်ရင်း။ ဧကကမ္မာဒိ ဝသေန စ၊ ဧကကမ္မ စသည်တို့၏အစွမ်းဖြင့်ရင်း။ ဝုတ္တာဧဝ၊ မိန့်ဆိုအပ်ကုန်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။(ဤကား ဝိမတိ ဋီကာ၏အနက်)

အလဇ္ဇီပုဂ္ဂိုလ်ကို လဇ္ဇီပုဂ္ဂိုလ်နှင့် ပေါင်းသင်းသည်အတွက် အာပတ်ဖြင့် မဆုံးဖြတ်အပ်။ လဇ္ဇီပုဂ္ဂိုလ်အထံမှ အဓမ္မိယ နိဿဂ္ဂီပစ္စည်းဝတ္ထုကိုရအံ့၊ နိဿဂ္ဂိပါစိတ်အာပတ်။ ကုလဒူသန စသည်ဖြင့် ရသော ပစ္စည်းဝတ္ထုကိုရအံ့၊ ဒုက္ကဋ်အာပတ်ဖြင့်ဆုံးဖြတ်အပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ပုဂ္ဂလော လဇ္ဇီ ပစ္စယော အဓမ္မိယော၊ ပိဏ္ဍပါတော ဇေဂုစ္ဆော နဂဟေ တဗ္ဗော။ ။ဟူ မိန့်အပ်၏။ ။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ လဇ္ဇီ၊ သူတော်ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ ပစ္စယော၊ ပစ္စည်းသည်။ အဓမ္မိယော၊ တရားနှင့်မလျော်သည်။ ဟောတိ၊ ဖြစ်အံ့။ ပိဏ္ဍပါတော၊ ဆွမ်းကို။ ဇေဂုစ္ဆော၊ စက်ဆုပ်အပ်သည်ဖြစ်၍။ နဂဟေတဗ္ဗော၊ မခံယူအပ်။ ။ဤ၌ လဇ္ဇီပုဂ္ဂိုလ်အထံမှ၊ နိဿဂ္ဂိယ စသော အဓမ္မိယ ပစ္စည်းများကို ခံယူရာ၌၊ မအပ်သောပစ္စည်းမှန်းမသိ၍ ခံယူခြင်းကြောင့် အပြစ်မရှိ။ မအပ်သော ပစ္စည်းမှန်းသိလျက် ခံယူလျှင် ခံယူခြင်းကြောင့် အလဇ္ဇီပင်ဖြစ်၏။ ။မိမိကလဇ္ဇီ ပုဂ္ဂိုလ်ဖြစ်လျက်၊ အလဇ္ဇီပုဂ္ဂိုလ်တို့အထံမှ အာမိသကို ခံယူသုံးဆောင်ခြင်း၊ ၎င်းအလဇ္ဇီပုဂ္ဂိုလ်တို့နှင့် တကွပေါင်းဘော်ခြင်း၊ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့အထံမှ စာသင်ခြင်း စသည်ကို ပြုရာတို့၌၊ အလဇ္ဇီ ပရိဘောဂပင်ဖြစ်၏။

သို့ဖြစ်ငြားသော်လည်း ၎င်းပုဂ္ဂိုလ်တို့၏ အလဇ္ဇီပုဂ္ဂိုလ်၏အဖြစ်ကို မသိသမျှ ကာလပတ်လုံး ထိုအလဇ္ဇီပုဂ္ဂိုလ်တို့နှင့် ပေါင်းသင်းသည့်အတွက် အပြစ်မရှိ။ အလဇ္ဇီမှန်းသိသောအခါ ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးခြင်းကို ကြဉ်ပါလော့ဟု ဆိုအပ်၏။ ဤသို့ဆိုအပ်ပါလျက် ကိုယ်ဖြင့် လွန်ကျူးခြင်း၊ နှုတ်ဖြင့်လွန်ကျူး ခြင်းကိုမကြဉ်ရှောင်သော အလဇ္ဇီပုဂ္ဂိုလ်နှင့် တကွသုံးဆောင်ခြင်းကိုပြုခဲ့သော် ထိုအလဇ္ဇီတို့အထံမှ ရသောပစ္စည်းသည် ဓမ္မိယပစ္စည်းဖြစ်ငြားအံ့၊ ပစ္စည်းအတွက် အပြစ်မရှိ။ အလဇ္ဇီပုဂ္ဂိုလ်အတွက် ဒုက္ကဋ်အာပတ်ဖြင့်သာ ဆုံးဖြတ်အပ်၏။ နိဿဂ္ဂိစသော အဓမ္မိယ ပစ္စည်းဖြစ်အံ့၊ ၎င်းအလဇ္ဇီ ပရိဘောဂ ဒုက္ကဋ်အာပတ်နှင့် တကွ နိဿဂ္ဂိ အာပတ်၊ ကူလဒူသနစသော ဒုက္ကဋ် အာပတ်နှစ်ချက်တို့ဖြင့် ဆုံးဖြတ်အပ်၏။ အလဇ္ဇီသည်းဖြစ်၏၊ ။သို့ကြောင့် ရူပိယသိက္ခာပုဒ်အဘွင့် အဋ္ဌကထာ၌။ ။လဇ္ဇီနော အလဇ္ဇိနာ သဒ္ဓိံ ယာဝ နဇာနာတိ၊ တာဝ ဝဋ္ဋတိ။ အာဒိတော ပဋ္ဌာယ ဟိ အလဇ္ဇီနာမ နတ္ထိ၊ တသ္မာ ယဒါဿ အလဇ္ဇီဘာဝံ ဇာနာ တိ၊ တဒါ ဝုတ္တော ကာယဒွါရေစ ဝစီဒွါရေစ ဝီတိက္ကမံ ကရောသိ။ တံ အပ္ပတိရူပံ။ မာဧဝမကတ္ထာတိ။ သစေ အနာဒိယိတွာ ကရောတိယေဝ။ ယဒိ တေနသဒ္ဓိံ ပရိဘောဂံ ကရောတိ။ သောပိ အလဇ္ဇီယေဝ ဟောတိ။ ။ဟု မိန့်အပ်၏။ ။ လဇ္ဇီနော၊ လဇ္ဇီပုဂ္ဂိုလ်အား။ အလဇ္ဇိနာ၊ အလဇ္ဇီပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ တကွ။ ယာဝ၊ အကြင်မျှလောက်။ နဇာနာတိ၊ မသိ။ တာဝ၊ ထိုမျှလောက်။ ဝဋ္ဋတိ၊ သမ္ဘောဂ စသည်တို့ကိုပြုခြင်းငှါအပ်၏။ အာဒိတော၊ မှ။ ပဋ္ဌာယ၊ စ၍။ အလဇ္ဇီနာမ၊ မည်သည်။ ဟိယသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ယဒါ၊ အကြင် အခါ၌။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အလဇ္ဇီဘာဝံ၊ အလဇ္ဇီပုဂ္ဂိုလ်၏အဖြစ်ကို။ ဇာနာတိ၊ သိအံ့။ တဒါ၊ ထိုသိသောအခါ၌။ ဝုတ္တော၊ အရှင်ဘုရားတို့သည်၊ ကာယဒွါရေစ၊ ကာယဒွါရ၌၎င်း။ ဝစီဒွါရေစ၊ ဝစီဒွါရ၌၎င်း။ ဝီတိက္ကမံ၊ လွန်ကျူးခြင်း အမှုကို။ ကရောထ၊ ပြုကြကုန်၏။ တံကမ္မံ၊ ထိုကာယဒွါရ ဝစီဒွါရတို့၌ လွန် ကျူးခြင်းအမှုကိုပြုခြင်းသည်။ အပ္ပတိရူပံ၊ ရဟန်းတို့နှင့်မသင့်တင့် မလျောက်ပတ်။ ဧဝံ၊ ဤသို့။ မာကတ္ထ၊ မပြုကြပါကုန်လင့်။ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ ဝုတ္တေပိ၊ ဆိုအပ်သော်လည်း၊ အနာဒိယိတွာ၊ မနာယူမူ၍။ သစေ ကရောတိယေဝ၊ အကယ်၍ကိုယ်ဖြင့်လွန်ကျူးခြင်း နှုတ်ဖြင့်လွန်ကျူးခြင်းအမှု ကိုပြုသေးသည်သာလျှင်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ပြုသေးသည်ရှိသော်။ တေန၊ ထိုသို့ဆုံးမ၍မရသောအလဇ္ဇီပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ တကွ။ ယောလဇ္ဇီ၊ အကြင်လဇ္ဇီ ပုဂ္ဂိုလ်သည်။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ ယဒိကရောတိ၊ အကယ်၍ပြုငြား အံ့။ ဧဝံသတိ၊ ဤသို့ပြုသည်ရှိသော်။ သောပိလဇ္ဇီ၊ ထိုလဇ္ဇီပုဂ္ဂိုလ်သည်လည်း။ အလဇ္ဇီယေဝ၊ အလဇ္ဇီပုဂ္ဂိုလ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။(ဤအား အနက်)

ဤ၌ အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိ- ဟူသောပါဋ္ဌ်ဖြင့် တပါးသော ပုဂ္ဂိုလ်တို့ပြုကြသော ကိုယ်ဖြင့် လွန်ကျူးခြင်းအမှုကို မမြင်မကြားမသိဘဲလျက် ပုဂ္ဂိုလ်မြင်တိုင်း အလဇ္ဇီလေလောဟု ကွေးတောယုံမှားခြင်းကိုလည်းမပြုအပ်။ အာဂန္တုကဝတ်စသည်ကိုလည်း မပြုဘဲ မနေအပ်။နေသော် ဒုက္ကဋ်အာပတ်သင့်၏ဟုပြတော်မူ၏။ ထို့ကြောင့် တေရသကဏ်ဋီကာ၌။ ။အာဒိတော ပဋ္ဌာယဟိ အလဇ္ဇီနာမ နတ္ထီတိ ဣမိနာ ဒိဋ္ဌဒိဋ္ဌေသုယေဝ အာသင်္ကာ နကာတဗ္ဗာတိ ဒဿေတိ။ ။ဟုမိန့်အပ်၏။ အာဒိတော ပဋ္ဌာယ ဟိ အလဇ္ဇီနာမ နတ္ထီတိ ဣမိနာ၊ နတ္ထိဟူသောပါဋ္ဌ်ဖြင့်။ဒိဋ္ဌဒိဋ္ဌေသုယေဝ၊ မြင်တိုင်းမြင်တိုင်းသောပုဂ္ဂိုလ်တို့၌သာလျှင်။အာသင်္ကာ၊ အလဇ္ဇီပုဂ္ဂိုလ်ဖြစ်လေသလောဟု တွေးတောယုံမှားခြင်းကို။ နကာတဗ္ဗာ၊ မပြုအပ်။ ဣတိဣမံအတ္ထံ၊ဤသို့သောအနက်ကို။အာစရိယော၊ အဋ္ဌကထာဆရာသည်။ ဒဿေတိ၊ ပြတော်မူ၏။ (ဤကားအနက်)။ ။[ဓမ္မိယ ပရိဘောဂ၊အဓမ္မိယ ပရိဘောဂ၊ အာမိသ ပရိဘောဂ၊ ဓမ္မပရိဘောဂတို့ကိုလည်း လဇ္ဇီပရိဘောဂ၊ အလဇ္ဇီပရိဘောဂတို့၌ သွင်း၍ပြအပ်ခဲ့ပြီ။]

ထိုမှတပါး လဇ္ဇီပဂ္ဂဟ-အလဇ္ဇီပဂ္ဂဟဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် အလဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်ကို အာမိသ ပေးခြင်း၊ စာသင်ခြင်းစသည်ဖြင့် ချီးမြှောက်ခြင်းငှါ အပ်၏။လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ်ကို အာမိသ ပေးခြင်း၊စာချခြင်း၊ ချီးမြှောက်လိုသော စိတ်ဖြင့် တရားဟော တိုက်တွန်းခြင်း၊ ဒါယကာတို့၌ ထောက်ပံ့ခြင်းကို ပြုခြင်းငှါမအပ်။ ။ထို့ကြောင့် ရူပိယသိက္ခာပုဒ်အဘိနဝဋီကာ၌။ ။တတ္ထ အလဇ္ဇီနာ လဇ္ဇီ ပဂ္ဂဟေတုံ ဝဋ္ဋတိ၊ န သော အာပတ္တိယာ ကာရေတဗ္ဗော။ သစေပန လဇ္ဇီ အလဇ္ဇီ ပဂ္ဂဏှာတိ၊ အနုမောဒနာယ အဇ္ဈေသတိ၊ ဓမ္မကထာယ အဇ္ဈေသတိ၊ ကုလေသု ဥပထမ္ဘေတိ၊ ဣတရောပိ အမှာကံ အာစရိယော ဤဒိသော ဤဒိသောစာတိ တဿ ပရိသတိ ဝဏ္ဏံ ဘာသတိ၊ အယံ သာသနံ ဩသက္ကာပေတိ အန္တရဓာပေတီတိ ဝေဒိတဗ္ဗော။ ။ဟု မိန့်အပ်၏။ ။တတ္ထ၊ ထိုလဇ္ဇီ၊ အလဇ္ဇီ နှစ်ယောက်တို့တွင်။ အလဇ္ဇီနာ၊ အလဇ္ဇီပုဂ္ဂိုလ်သည်။ လဇ္ဇီ၊ လဇ္ဇီပုဂ္ဂိုလ်ကို။ ပဂ္ဂဟေတုံ၊ ချီးမြှောက်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။သော၊လဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်သော ထိုအလဇ္ဇီပုဂ္ဂိုလ်ကို။အာပတ္တိယာ၊ အာပတ်ဖြင့်။ နကာရေတဗ္ဗော၊ မဆုံးဖြတ်အပ်။ ပန၊ မအပ်သည်ကိုဆိုဦးအံ့။ လဇ္ဇီ၊ လဇ္ဇီပုဂ္ဂိုလ်သည်၊ အလဇ္ဇီ၊ အလဇ္ဇီပုဂ္ဂိုလ်ကို။ သစေပဂ္ဂဏှာတိ၊ အကယ်၍ ချီးမြှောက်ငြားအံ့။ အနုမောဒနာယ၊ တရားဟောခြင်းငှါ။ သစေအဇ္ဈေသတိ၊ အကယ်၍ တိုက်တွန်းသည်ဖြစ်အံ့။ ဓမ္မကထာယ၊ တရားစကားကို ပြောဟောခြင်းငှါ။ သစေအဇ္ဈေသတိ၊ အကယ်၍ တိုက်တွန်းသည်ဖြစ်အံ့။ ကုလေသု၊ ဒါယကာတို့၌။ သစေ ဥပထမ္ဘေတိ၊ အကယ်၍ ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုငြားအံ့၊ ဣတရောပိ၊ တပါးသော ရဟန်းသည်လည်း။ အမှာကံ၊ ငါတို့၏။

အာစရိယော၊ ဆရာသည်။ ဤဒိသောစ၊ ဤသို့သော သဘောလည်းရှိ၏။ ဤဒိသောစ၊ ဤသို့သော သဘောလည်းရှိ၏။ ဣတိ၊ ဤသို့။ ပရိသတိ၊ ပရိသတ်၌။ တဿ၊ထိုအလဇ္ဇီ ပုဂ္ဂိုလ်၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသတိ၊ ပြောဆို၏။ အယံ သဗ္ဗော၊ ဤအလုံးစုံသော ပုဂ္ဂိုလ်ကို။ သာသနံ၊ သာသနာတော်ကို၊ ဩသက္ကာပေဘ်၊ ဆုတ်ယုတ်စေ၏။ အန္တရဓာပေတိ၊ ကွယ်စေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။(ဤကားအနက်)

ဤအလဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်လို၍သာ တရားဟော တိုက်တွန်းခြင်းငှါ မအပ်၊ တရားတော်ကိုရင်း၊ သာသနာတော်ကိုရင်း၊ တရားနာ တို့ကိုရင်း ချီးမြှောက်လို၍ တိုက်တွန်းခြင်းငှါအပ်၏။ ။ထို့ကြောင့် တေရသကဏ္ဍဋီကာ၌။ ။ သစေပန လဇ္ဇီ အလဇ္ဇီ ပဂ္ဂဏှာတိ။ပ။အန္တရဓာပေတီတိဣတ္ထ ကေဝလံ ပဂ္ဂဏှိတု ကာမတာယဝေ ကာတုံ နဝဋ္ဋတိ၊ ဓမ္မဿပန သာသနဿ သောတူနဉ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။ ။ဟု မိန့်အပ်၏။ ။သစေပနလဇ္ဇီ အလဇ္ဇီ ပဂ္ဂဏှာတိ။ပ။အန္တရဓာပေတီတိဣတ္ထ၊ အန္တရဓာပေတိ-ဟူသော ဤအဋ္ဌကထာ စကားရပ်၌။ ကေဝလံ၊ သက်သက်။ ပဂ္ဂဏှိတုကာမတာယဝေ ချီးမြှောက်ခြင်းကို ပြုခြင်းငှါလျှင်။ ကာတုံ၊ တရားဟောတိုက်တွန်းခြင်းပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ပန၊ အပ်သည်ကိုဆိုဦးအံ့။ ဓမ္မဿစ၊ တရားတော်ကိုရင်း။ သာသနဿစ၊ သာသနာတော်ကိုရင်း။ သောတူနဉ္စ၊ တရားနာပုဂ္ဂိုလ် တို့ကိုရင်း။ အနုဂ္ဂဟတ္ထာယ၊ ချီးမြှောက်ခြင်းကို ပြုခြင်းငှါ။ ဝဋ္ဋတိ၊ တရားဟောတိုက်တွန်းခြင်းငှါအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။(ဤကားအနက်)

ဤသို့ သံသယပင် ရှိသော်လည်း ပြုအပ်ပြီးသောနည်းဖြင့် လေးပါးသောကံ စသည်ကို တကွပြုခြင်းသာ သံဝါသမည်သောကြောင့် သံဝါသမဟုတ်သော ပရိတ်ရွတ် ဆွမ်းစဉ် အသုဘရှုရာဌာနတို့၌ တကွပရိတ်ရွတ်ခြင်းစသည်ကို ပြုသော်လည်း အပြစ်မရှိရကား မကြဉ်အပ်။ အာမိသကို ပေးခြင်း ယူခြင်း စာချခြင်းသာ သမ္ဘောဂမည်သောကြောင့် သမ္ဘောဂမဟုတ်သော ဆွမ်းစားရာ ဌာန၌ တကွဘုဉ်းပွဲဘည်း ဖြစ်သော်လည်း ဟင်းခွက် အသီးအသီးဖြစ်အံ့၊ အပြစ်မရှိရကား မကြဉ်အပ်၊ ဟင်းတခွက်တည်း ဖြစ်မူကား အာမိသ မကင်းရာသောကြောင့် မအပ်၊ အားပေးထောက်ပံ့ ချီးမြှင့်ခြင်းသာ အလဇ္ဇီပဂ္ဂဟမည်သော အလဇ္ဇီ ပဂ္ဂဟမဟုတ်သော အမှတ်မဲ့ မိမိတို့အလျောက်သွား၍ ဒါယကာပင့်ရာဌာန၌ တကွနေသော်လည်း အပြစ်မရှိရကားမကြဉ်အပ်။ ဂတိမလိုက်-ပုဂ္ဂိုလ်၌ အမှု အရာကိုထောက်၍ သဒ္ဓါသညာဖြင့်ပေါင်းသော ပုဂ္ဂိုလ်တို့ကိုလည်း အလဇ္ဇီ မဟုတ်ရကား မကြဉ်အပ်။ အဟုတ်အဟုတ် ယုံမှားလောက်သော သံသယမရှိဘဲ လျက် အမြွက်ထောင်၍ ခွင့်မတောင်းဘဲ မျက်မှောက်ပါရာဇိကဖြင့် စွပ်စွဲအံ့၊

ဒုက္ကဋ်နှင့်တကွ သံဃာဒိသိသ် အာပတ်၊ သံဃာဒိသိသ်ဖြင့် စွပ်စွဲအံ့၊ ဒုက္ကဋ်နှင့် တကွ ပါစိတ် အာပတ်၊ ကြွင်းသော အာပတ် တို့ဖြင့် စွပ်စွဲအံ့၊ ဒုက္ကဋ်အာပတ်နှစ်ချက်သင့်၏။ နှိပ်စက်ညှဉ်းဆဲ ဆဲရေးလို၍ အာပတ်ခုနစ်ပုံတို့ဖြင့် ဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။ မျက်ကွယ်၌ အာပတ် ခုနစ်ပုံတို့ဖြင့် ဆိုအံ့၊ ဒုက္ကဋ်အာပတ်နှစ်ချက်သင့်၏။ ။ထို့ကြောင့် ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ် အဋ္ဌကထာ၌။ ။ဩကာသံ အကာရာပေတွာ ဒုက္ကဋံ၊ ဩကာသံ ကာရာပေတွာပိစ သမ္မုခါ အမူလကေန ပါရာဇိကေန အနုဒ္ဓံသေန္တဿ သံဃာဒိသေသော၊ အမူလကေန သံဃာဒိသေသေန အနုဒ္ဓံသေန္တဿ ပါစိတ္တိယံ၊ အာစာရဝိပတ္တိယာ အနုဒ္ဓံသေန္တဿ ဒုက္ကဋံ၊ အက္ကောသာဓိပ္ပါယေန ဝဒန္တဿ ပါစိတ္တိယံ၊ အသမ္မုခါ ပန သတ္တဟိ အာပတ္တိဟိ ဝဒန္တဿဒုက္ကဋံ။ ။ဟု မိန့်အပ်၏။ ။ဩကာသံ၊ အခွင့်ကို။ အကာရာပေတွာ၊ မပြုစေသောရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဩကာသံ၊ အခွင့်ကို။ ကာရာပေတွာပိစ၊ ပြုစေ၍လည်း။ သမ္မုခါ၊ မျက်မှောက်၌။ အမူလကေန၊ မြင်ခြင်း၊ ကြားခြင်း၊ ရွံရှာခြင်း အရင်းမရှိသော။ ပါရာဇိကေန၊ ပါရာဇိကအာပတ်ဖြင့်။ အနုဒ္ဓံသေန္တဿ၊ စွပ်စွဲသောရဟန်းအား။ သံဃာဒိသေသော၊ သံဃာဒိသိသ်အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏။ အမူလကေန၊ မြင်ခြင်း၊ ကြားခြင်း၊ ရွံရှာခြင်း အရင်းမရှိသော။ သံဃာဒိသေသေန၊ သံဃာဒိသိသ် အာပတ်ဖြင့်။ အနုဒ္ဓံသေန္တဿ၊ စွပ်စွဲနှိပ်စက်သောရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏။ အာစာရဝိပတ္တိယာ၊ ပါရာဇိက-သံဃာဒိသိသ်မှကြွင်းသော အာပတ်အပေါင်းဟု ဆိုအပ်သော အာစာရဝိပတ္တိဖြင့်။ အနုဒ္ဓံသေန္တဿ၊ စွပ်စွဲနှိပ်စက်သော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်သည်။ ဟောတိ၊ ၏။ အက္ကောသာဓိပ္ပါယေန၊ ဆဲရေးခြင်းငှါအလိုရှိသဖြင့်။ ဝဒန္တဿ၊ အာပတ်ခုနစ်ပုံတို့တွင် တပါးပါးဖြင့်ဆိုသောပုဂ္ဂိုလ်အား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်သည်။ ဟောတိ၊ ၏။ အသမ္မုခါ ပန၊ မျက်ကွယ်၌ကား။ သတ္တဟိ အာပတ္တီဟိ၊ ခုနစ်ပါးသော အာပတ်တို့ဖြင့်။ ဝဒန္တဿ၊ ဆိုသောပုဂ္ဂိုလ်အား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်သည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)။ ။ ထို့ကြောင့် ပညာရှိတို့သည်၊ ဤစကားများကို နှလုံးထား၍ တရားနှင့်အညီ ကျင့်ရာ၏။

သာသနာတော် ဆုတ်နစ်၍ လဇ္ဇီနည်းပါးသောအခါ များစွာသော လဇ္ဇီပရိသတ်ကိုတိုးပွါးစေ၍ သာသနာတော်ကို ချီးမြှောက်အံ့ဟူသောစိတ်ဖြင့် အလဇ္ဇီပုဂ္ဂိုလ်ကို ဂိုဏ်းပြည့်ပြု၍ ရဟန်းခံခြင်းစသော သံဝါသ၊ အာမိသပေးခြင်း စားချခြင်း စသော သမ္ဘောဂ နှစ်ပါးကိုပြု၍ လဇ္ဇီကိုပွါးစေခြင်းဖြင့် သာသနာတော်ကို ချီးမြှောက်ခြင်းငှါ အပ်၏။ ။ထို့ကြောင့် ရူပိယသိက္ခာပုဒ် အဘိနဝ ဋီကာ

ဋ္ဌိကာ၌။ ။ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဟိတုံ ဝဋ္ဋတီတိ ဝုတ္တတ္တာ အလဇ္ဇုပ္ပုဿန္နတာယ သာသနေ ပြသက္ကန္တေ လဇ္ဇီသုစ အပ္ပဟောန္တေသု အလဇ္ဇိမ္ပိ ပကတတ္တံ ဂဏပူရကံ ဂဟေတွာ ဥပသမ္ပဒါဒိကရဏေနစေဝ ကေစိ လဇ္ဇိနော ဓမ္မာမိသ ပရိဘောဂေန သင်္ဂဟေတွာ သေသာ လဇ္ဇိဂဏာသ နိဂ္ဂဟေနစ သာသနံ ပဂ္ဂဏှိတုံ ဝဋ္ဋတိဝေ။ ။ ဟု မိန့်အပ်၏။ ။ဓမ္မာနုဂ္ဂဟေန၊ တရားဘော် ချီးမြှောက်လိုသော အားဖြင့်။ ဥဂ္ဂဟိတုံ၊ အလဇ္ဇီပုဂ္ဂိုလ်၏အထံ၌ပ ဋ္ဌိသင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ အဋ္ဌကထာဆိုအပ်သည်၏ အဖြစ်ကြောင့်။ အလဇ္ဇုပ္ပုဿန္နတာယ၊ အလဇ္ဇီများသည်၏ အဖြစ်ကြောင့်။ သာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်သည်။ ပြသက္ကန္တေ၊ ဆုတ်နစ်သည်ရှိသော်။ လဇ္ဇီသုစ၊ လဇ္ဇီပုရိသတ် တို့သည်လည်း။ အပ္ပဟောန္တေသု၊ ဂိုဏ်းပြည့် မလောက်ကုန်သည်ရှိသော်။ ပကတတ္တံ၊ ပကတတ် ဖြစ်သော။ အလဇ္ဇိမ္ပိ၊ အလဇ္ဇီ ပုဂ္ဂိုလ်ကိုလည်း။ ဂဏပူရကံ၊ ဂိုဏ်းပြည့်ကို။ ဂဟေတွာ၊ ယူ၍။ ဥပသမ္ပဒါဒိ ကရဏေနစေဝ၊ ပဉ္စင်းခံခြင်း စသည်ကို ပြုခြင်း ဖြင့်၎င်း။ ကေစိ၊ အချို့ကုန်သော။ လဇ္ဇိနော၊ လဇ္ဇီပုဂ္ဂိုလ်တို့ကို။ ဓမ္မာမိသပရိဘောဂေန၊ တရားနှင့် လျော်သော အာမိသကိုပေး၍ သုံးဆောင်ခြင်းဖြင့်။ သင်္ဂဟေတွာ၊ ချီးမြှောက်၍။ သေသာလဇ္ဇိဂဏာသ၊ ကြွင်းသော အလဇ္ဇီဂိုဏ်းကို။ နိဂ္ဂဟေနစ၊ နှိပ်ခြင်းဖြင့်၎င်း။ သာသနံ၊ မြတ်စွာဘုရား၏ သာသနာတော်ကို။ ပဂ္ဂဏှိတုံ၊ ချီးမြှင့်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)

ထိုစကားသင့်စွ၊ စေတနာရှိ၍ လွန်ကျူးအံ့ဟူသောစိတ်ဖြင့် အလဇ္ဇီဖြစ်ခြင်း၊ တဖန် ဤကဲ့သို့ မပြုအံ့ဟူသော စိတ်၏ဖြစ်ခြင်းဖြင့် လဇ္ဇီဖြစ်ခြင်းကြောင့် ပုထုဇဉ်တို့ အလဇ္ဇီအဖြစ်၊ လဇ္ဇီအဖြစ်သည် စိတ္တက္ခဏနှင့် စပ်၏၊ ခပ်သိမ်းသောကာလ၌ အမြဲတည်နေသည် မဟုတ်။ ။ထို့ကြောင့် ရူပိယ သိက္ခာပုဒ်အဘင့် ဝိမတိ ဋ္ဌိကာ၌။ ။အလဇ္ဇီဘာဝ လဇ္ဇီဘာဝ ပုထုဇ္ဇနာနံ စိတ္တက္ခဏ ပဋိဗဒ္ဓါ၊ န သဗ္ဗကာလိကာ၊ သဉ္စိစ္စ ဟိ ဝီတိက္ကမစိတ္တေ ဥပ္ပန္နေ အလဇ္ဇိနော၊ န ပုန ဤဒိသံ ကရိဿာမီတိ စိတ္တေ လဇ္ဇိနောစ ဟောန္တီတိ။ ။ဟု မိန့်အပ်၏။ ။ပုထုဇ္ဇနာနံ၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏။ အလဇ္ဇီဘာဝ၊ အလဇ္ဇီပုဂ္ဂိုလ်၏ အဖြစ်သည်၎င်း။ လဇ္ဇီဘာဝ၊ လဇ္ဇီပုဂ္ဂိုလ်၏ အဖြစ်သည်၎င်း။ စိတ္တက္ခဏပဋိဗဒ္ဓါ၊ စိတ္တက္ခဏနှင့်စပ်၏။ သဗ္ဗကာလိကာ၊ အလုံးစုံသော ကာလ၌ဘည့်သည်။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သဉ္စိစ္စ၊ စေတနာရှိသည်ဖြစ်၍။ ဝီတိက္ကမစိတ္တေ၊ လွန်းကျူးလိုသော စိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ အလဇ္ဇိနော၊ အလဇ္ဇီပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပုန၊ တဖန်။ ဤဒိသံ၊ ဤသို့သဘောရှိသော လွန်ကျူးခြင်းအမှုကို။ နကရိဿာမိ၊ မပြုတော့အံ့။ ဣတိ၊ ဤသို့။ စိတ္တေ၊ စိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ လဇ္ဇိနောစ၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်လာပြန်ကုန်၏။ ။(ဤကားအနက်)

ယုတ်သော အပိုင်းအခြား အားဖြင့် ဘေးရန်မရှိ မိမိတို့သာသနာတော်ကို အားထုတ်ရခြင်း၊ သာသနာတော်နှင့်စပ်သော အကျိုးတရား ပွါးစီးတိုးတက်ခြင်းတို့ကိုသာ ရည်သန်တောင့်တသော သုဒ္ဓစိတ်ဖြင့် လွတ်လောက်သောအရာ၌ ရှောင်ရှားခြင်း၊ မလွတ်လောက်သောအရာ၌ နှစ်ဖြာသော သမ္ဘောဂ, သံဝါသ တို့ကိုပင် ယခင် အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် တကွပြုခြင်းကြောင့် အပြစ်မရှိ။ ။ထို့ကြောင့် စူဠဝါ သံဃဘေဒက ခန္ဓက် ပါဠိတော်၌။ ။အထခေါ ဒေဝဒတ္တော အာယသ္မန္တံ သာရိပုတ္တံ ဥပစာသနေန နိမန္တေသိ ဧဟာဝုသော သာရိပုတ္တ ဣဓ နိသီဒါဟီတိ။ အလံ အာဝုသောတိ ခေါ အာယသ္မာ သာရိပုတ္တော အညတရံ အာသနံ ဂဟေတွာ ဧကမန္တံ နိသီဒိ။ အာယသ္မာပိ ခေါ မဟာမောဂ္ဂလ္လာနော အညတရံ အာသနံ ဂဟေတွာ ဧကမန္တံ နိသီဒိ။ ။ဟူ၍ ဟောတော်မူအပ်၏။ ။ အထခေါ၊ ထိုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ အာယသ္မန္တံ၊ ရှည်သော အသက်တော်ရှိသော။ သာရိပုတ္တံ၊ အရှင်သာရိပုတ္တရာကို။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ဧဟိ၊ ကြွခဲ့သော။ ဣဓ၊ ဤငါ၏နေရာ၌။ နိသီဒါဟိ၊ ထိုင်လှည့်လော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဥပစာသနေန၊ ထက်ဝက်သောနေရာဖြင့်။ နိမန္တေသိ၊ ဘိတ်လေ၏။ အထခေါ၊ ထိုအခါ၌။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာသည်။ အာဝုသောဒေဝဒတ္တ၊ ငါ့ရှင်ဒေဝဒတ်။ အလံ တန်ပြီ။ ဝါ၊ ရှိစေတော့။ ဣတိခေါ၊ ဤသို့လျှင်။ ဝတွာ၊ မိန့်ဆိုတော်မူပြီး၍။ အညတရံ၊ တပါးသော။ အာသနံ၊ နေရာကို။ ဂဟေတွာ၊ ယူ၍။ ဧကမန္တံ၊ တခုသော အစွန်အနား၌။ နိသီဒိ၊ နေတော်မူလေ၏။ အာယသ္မာပိခေါ မဟာမောဂ္ဂလ္လာနော၊ အရှင်မဟာမောဂ္ဂလ္လာန်သည်လည်း။ အညတရံ၊ တပါးသော။ အာသနံ၊ နေရာကို။ ဂဟေတွာ၊ ယူပြီး၍။ ဧကမန္တံ၊ တခုသောအစွန်အနား၌။ နိသီဒိ၊ နေတော်မူလေ၏။ ။(ဤကားအနက်)

ထိုစကားသင့်စွ၊ ဤ၌ ငါးရာသောရဟန်းပျားကို တရားဟော၍ ဆောင်ယူခြင်းအကျိုးငှါ မဟာအလဇ္ဇီဖြစ်သော ဒေဝဒတ်၏သော်လည်း နေရာကိုယူ၍ မထေရ်နှစ်ပါး တရားဟောလျက် ထိုင်နေတော်မူကြကုန်သတည်း။ အလဇ္ဇီဖြစ်သော ရဟန်းသာမဏေတို့နှင့်တကွ သမ္ဘောဂ-သံဝါသနှစ်ပါးတို့ကိုသာပြုခြင်းငှါ မအပ်သည် မဟုတ်။ လက်အမှု ကိုလည်း ပြုစေခြင်းငှါ မအပ်။ ။ထို့ကြောင့် ကင်္ခါဝိတရဏီ သိက္ခာပုဒ်အဘွင့်အဋ္ဌကထာ၌၊ အလဇ္ဇီဟိ ပန ဘိက္ခူဟိဝါ သာမဏေရေဟိဝါ ဟတ္ထကမ္မံ န ကာရေတဗ္ဗံ။ ။ဟု မိန့်အပ်၏။ ။ပန၊ မအပ်သည်ကိုဆိုဦးအံ့။ အလဇ္ဇီဟိ၊ အလဇ္ဇီဖြစ်ကုန်သော။ ဘိက္ခူဟိဝါ၊ ရဟန်းတို့သည်၎င်း။ သာမဏေရေဟိဝါ၊ သာမဏေတို့သည်၎င်း။ ဟတ္ထကမ္မံ၊ လက်အမှုကို။ န ကာရေတဗ္ဗံ၊ မပြုစေအပ်။ ။(ဤကားအနက်)။ ။ဤအဋ္ဌကထာစကား

ရပ်၌ အလဇ္ဇီရဟန်း သာမဏေဘို့သည် လက်အမှုမပြုစေအပ်ဟူ၍ ဆိုသော်လည်း စားသောက်ရန် လက်သုတ်ကို ပြသောအရာ၌ ဆိုခြင်းကြောင့် စားသောက်ရန် လက်အမှုကို မပြုစေအပ်ဟူ၍ မှတ်ရာ၏။ ထို့ကြောင့် ဆုတ်နစ်သောအခါ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စေခိုင်းခြင်းကိုကြည့်၍ ယခင် အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို စားသောက်ရန် ကိစ္စကို မပြုစေဘဲ အပသုံးစွဲရန်ကိစ္စကို ပြုစေ ခြင်းငှါကား အပ်၏။ ။ထို့ကြောင့် ၎င်း၏ အဘွင့် တေရသကဏ်ဋီကာ၌ အလဇ္ဇီဟိ။ ပ။ န ကာရေတဗ္ဗန္တိ ဣဒံ ဥတ္တရိဘင်္ဂါဓိကာရတ္တာ အဇ္ဈော ဟရဏီယံ သန္ဓာယ ဝုတ္တံ၊ ဗာဟိရပရိဘောဂေသု ပန အလဇ္ဇီဟိပိ ဟတ္ထကမ္မံ ကာရေတုံ ဝဋ္ဋတိ။ ။ဟူ၍မိန့်အပ်၏။ ။အလဇ္ဇီဟိ။ ပ။ န ကာရေတဗ္ဗန္တိ ဣဒံ၊ န ကာရေ တဗ္ဗံဟူသောဤစကားကို။ ဥတ္တရိဘင်္ဂါဓိကာရတ္တာ၊ လက်သုတ်ကိုပြသောအရာ၌ ဆိုအပ်သည်၏အဖြစ်ကြောင့်။အဇ္ဈောဟရဏီယံ၊မျိုအပ်သောဝတ္ထုကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာဆိုတော်မူအပ်၏။ ဗာဟိရပရိဘောဂေသု ပန၊ အပ၌ သုံးစွဲအပ်သော အသုံးအဆောင်တို့၌ကား။ အလဇ္ဇီဟိပိ၊ အလဇ္ဇီ ရဟန်း သာမဏေတို့ကိုလည်း။ ကာရေတုံ၊ လက်အမှုကိုစေခိုင်းခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)

ဤအဋ္ဌကထာ၌ အတွင်းသုံးစွဲရန်ဟူ၍၎င်း၊ အပသုံးစွဲရန်ဟူ၍၎င်း ဝိသေသမဆိုမူ၍ အလဇ္ဇီရဟန်းသာမဏေတို့ကိုလက်အမှုကို မပြုစေအပ်ဟူ၍ သာမည ဆိုခြင်းကြောင့် အလဇ္ဇီရဟန်း သာမဏေဘို့ကို မိမိသုံးစွဲရန် ဟူသမျှကိုလည်း မပြုစေအပ်။ မိမိကမြစ်သော်လည်း ယပ်ခပ်ခြင်းစသည်ကို ပြုရာ၌၎င်း၊ စေတီ၏ ကိစ္စစ သည်တို့ကိုပြုစေရာတို့၌၎င်း အပြစ်မရှိ။ ။ထို့ကြောင့် ၎င်း၏အဘွင့် ဝိမတိ ဋီကာ၌။ ။အလဇ္ဇီဟိ ပန ဘိက္ခူဟိ ဝါ သာမဏေရေဟိ ဝါ ဟတ္ထကမ္မံ န ကာရေ တဗ္ဗန္တိ သာမညတော ဝုတ္တတ္တာ အတ္တနော အတ္ထာယ ယံကိဉ္စိ ဟတ္ထကမ္မံ ကာရေ တုံ န ဝဋ္ဋတိ၊ ယံ ပန အလဇ္ဇီ နိဝါရိယမာနောပိ ဗီဇနာဒိံ ကရောတိ၊ တတ္ထ ဒေါသော နတ္ထိ၊ စေတိယကမ္မာဒီနိ ပန တေဟိ ကာရာပေတုံ ဝဋ္ဋတိ။ ။ဟူ၍ မိန့်အပ်၏။ ။အလဇ္ဇီဟိ ပန ဘိက္ခူဟိ ဝါ သမဏေရေဟိ ဝါ ဟတ္ထကမ္မံ န ကာရေ တဗ္ဗန္တိ၊ နကာရေတဗ္ဗံ ဟူ၍။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ သာမညတော၊ သာမညအားဖြင့်။ ဝုတ္တတ္တာ၊ •ဆိုအပ်သည်၏အဖြစ်ကြောင့်။ အတ္တနော၊မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ဟတ္ထကမ္မံ၊ လက် အမှုကို။ကာရေတုံ၊ ပြုစေခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ပန။ အပ်သည်ကိုဆိုဦးအံ့။ အလဇ္ဇီ၊ အလဇ္ဇီပုဂ္ဂိုလ်သည်။နိဝါရိယမာနောပိ၊ မပြုလင့်ဟု မြစ်ပါလျက်လည်း။ ယံဗီဇနာဒိံ၊ အကြင်ယပ်လေခပ်ခြင်းအမှုစသည်ကို။ ကရောတိ၊ ပြု၏။ တတ္ထ၊ ထို ယပ်လေခပ်ခြင်းအမှု စသည်၌။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ပန၊

သည်သာမကသေး။ စေတိယကမ္မာဒီနိ၊ စေတီ၏ အမှုစသည်တို့ကို။ တောဟိ၊ ထို အလဇ္ဇီ ရဟန်းသာမဏေတို့ကို။ ကာရာပေတုံ။ ပြုစေခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ (ဤကား အနက်)

သံဝါသ-သမ္ဘောဂ ဝိနိစ္ဆယပြီး၏။

---

(၅) အာယတိံ သံဝရမရှိဘဲ ဒေသနာကြားရာ၌ အာပတ်မှ ထမည်၊ မထ မည်ကိုသိလိုပါသည် မေးလျှောက်ရာ၌ ဝိနိစ္ဆယကို ဤသို့မှတ်ရာ၏။

ဒေသိတာ အဂဏ္ဌနုပိကာနာမ ယာ ခုရနိက္ခေပံ အကတွာ သဥဿာဟေနေဝ စိတ္တေန အပရိသုဒ္ဓေန ဒေသိတာ ဟောတိ၊ အယံ ဒေသိတဂဏနံ န ဥပေတိ၊ အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကာဒမဝ။ ။(ပရိဝါအဋ္ဌကထာ)။ ။ ဒေသိတာ၊ ဒေသနာကြားအပ်သည်ရှိသော်။ အဂဏ္ဌနုပိကာနာမ၊ ဒေသနာ ကြားရာသို့ မရောက်သော အာပတ်မည်သည်ကား။ ယာအာပတ္တိ၊ အကြင် အာပတ်ကို။ ခုရနိက္ခေပံ၊ ဝန်ချခြင်းကို။ အကတွာ၊ မပြုမူ၍။ သဥဿာဟေနေဝ၊ တဘန်ပြုလုပ်ခြင်း၊ လွန်ကျူးခြင်းငှါ အားထုတ်ခြင်းရှိသည်ဖြစ်၍သာလျှင်။ အပရိသုဒ္ဓေန၊ မစင်ကြယ်သော။ စိတ္တေန၊ စိတ်ဖြင့်။ ဒေသိတာ၊ ဒေသနာ ကြားအပ်၏။ အယံအာပတ္တိ၊ ဤမစင်ကြယ်သောစိတ်ဖြင့် ဒေသနာကြားအပ် သောအာပတ်သည်။ ဒေသိတဂဏန်၊ ဒေသနာကြားအပ်ပြီးသော အရေအတွက် သို့။ နဥပေတိ၊ မရောက်။ ဧဝံဒေသိတော၊ ဤသို့မစင်ကြယ်သောစိတ်ဖြင့် ဒေသနာ ကြားအပ်သည်။ သတိ၊ ရှိသော်။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမအား။ အဋ္ဌမေ၊ ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ ဝတ္ထုသ္မိံ၊ ဝတ္ထုသို့။ ပတ္တေ၊ ရောက်သည် ရှိသော်။ (ထည့်) ပါရာဇိကမေဝ၊ သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သည် သာလျှင်။ ဟောတိ၊ ၏။ ။(ဤကားအနက်)

ဤအဋ္ဌကထာ၌ အဋ္ဌမေ ဝတ္ထုသ္မိံ ပါရာဇိကမေဝ- ဟူသောပါဠိဖြင့် အာ ယတိံ သံဝရ မပြုမူ၍ ဒေသနာကြားရာ၌ နှုတ်ဖြင့် ကြားငြားသော်လည်း ဝန်ချ ခြင်း မပြုမူ၍ အားထုတ်ခြင်းနှင့်တကွသော မစင်ကြယ်သောစိတ်ဖြင့်ကြားခြင်း ကြောင့် အာယတိံ သံဝရ ခုရနိက္ခေပ ပြုသည်မမည်ရကား လက်ကိုကိုင်ခြင်း စသော ရှေးရှေးသော ဝတ္ထုတို့သည် မပျောက်မငြိမ်း မတန့် မရပ် တစပ်ထည်း ပေါင်းစု၍ ရှစ်ခုမြောက်သော ဝတ္ထုကို လွန်ကျူးရာ၌ ဘိက္ခုနီမအား ပါရာဇိက အာပတ်သင့်သည်ကို ပြလိုရင်းဖြစ်သည်။ ရှေးရှေးသောအာပတ်၏ထခြင်း၊ မထ ခြင်းကို ပြလိုရင်းမဟုတ်၊ ရှေးရှေးသောအာပတ်၏ထခြင်း၊ မထခြင်းသည် ဘိက္ခု နီမအား ပါရာဇိက အာပတ်သင့်ရာ၌ ပမာဏလည်း မဟုတ်၊ ထိုစကားသင့်စွ၊

ဘိက္ခုနီမသည် အာပတ်ကို ဒေသနာမကြားဘဲ ဝန်ချ၍ လွန်ကျူးသည်ဖြစ်အံ့၊ ရှေးရှေးသော အာပတ်မထသော်လည်း ဝန်ချ၍ လွန်ကျူးခြင်းကြောင့် ရှစ်ခုမြောက်သော ဝတ္ထုကို လွန်ကျူးရာ၌ ဘိက္ခုနီမအား ပါရာဇိကအာပတ်မသင့်၊ ထို့ကြောင့် အာယတိံ သံဝရမရှိဘဲ ကြားရာ၌ တပါးသော အာပတ်ထသည်ဖြစ်အံ့၊ ဘိက္ခုနီမတို့၏ အဋ္ဌဝတ္ထုကအာပတ်သည်းထ၏။ စင်စစ်မူကား ဥဿာဟရှေ့သွားဖြင့် ရှစ်ပါးသောဝတ္ထုကိုပြုခြင်းကြောင့်သာ ဘိက္ခုနီမအားပါရာဇိကအာပတ်သင့်သည်ဟု မှတ်ယူသင့်သည်၊ သို့ဖြစ်၍အာယတိံ သံဝရမရှိခြင်းကြောင့် ဘိက္ခုနီမ၏ အဋ္ဌဝတ္ထုက အာပတ်မထလျှင်လည်း တပါးသောအာပတ်သည်း မထဟု မှတ်ယူသင့်သည်ဟူ၍ ထင်သည်။ သို့ထင်သော်လည်း အာယတိံ သံဝရရှိငြားသော်လည်း တပါးသော အာပတ်အထူးကို အားကြီးစွာဆိုသော။ ။ သဥဿာဟေနေဝ စိတ္တေနာတိ ပုနပိ အာပဇ္ဇိဿာမီတိ ဥဿာဟေနေဝ စိတ္တေန ဘိက္ခုနီနံ အဋ္ဌဝတ္ထုကာယ ဝသေန စေတံ ဝုတ္တံ၊ တေနေဝါဟ အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတီတိ။ ။ဟူသော တေရသကဏ္ဍဋီကာ။ ။ ပုနပိ အာပဇ္ဇိဿာမီတိ သဥဿာဟေနေဝ စိတ္တေန အယံ ဘိက္ခုနိယာ ဝေါတိ လိခိတံ၊ ပါရာဇိကမေဝါတိ ဣဒန္တု ဘူတဝသေန ဒဿေတုံ ဝုတ္တံ၊ ဧဝံ ဒေသိတေပန ယာကာစိ အာပတ္တိ န ဝုဋ္ဌာတီတိ အပရေ၊ တံ န ဂဟေတဗ္ဗန္တိ ဝုတ္တံ။ ။ဟူသော ဝဇိရဗုဒ္ဓိဋီကာတို့ကို ပမာဏပြု၍ မှတ်ယူယုံကြည်သောအားဖြင့် အာယတိံ သံဝရမရှိဘဲ ကြားသော်လည်းထ၏ဟူ၍ပင် မှတ်ရာ၏။

သဥဿာဟေနေဝ စိတ္တေနာတိ၊ ဟူသည်ကား။ ပုနပိ၊ တဖန်လည်း။ အာပဇ္ဇိဿာမိ၊ လွန်ကျူးခြင်းသို့ရောက်ဦးအံ့။ ဣတိ၊ ဤသို့။ သဥဿာဟေနေဝ၊ အားထုတ်ခြင်းရှိသည်သာလျှင်ဖြစ်သော။ စိတ္တေန၊ စိတ်ဖြင့်။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတံဝစနံ၊ ထိုဒေသိတာ အဂဏန္နူပိကာ အာပတ္တိ ဇာနိတဗ္ဗာ-ဟူသော စကားတော်ကို။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့၏။ အဋ္ဌဝတ္ထုကာယ၊ အဋ္ဌဝတ္ထုကပါရာဇိကအာပတ်၏။ ဝသေန၊ အစွမ်းဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတီတိ၊ ဟောတိ-ဟူ၍။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ အာဟ၊ ဆိုတော်မူ၏။ ။ (ဤကား တေရသကဏ္ဍဋီကာ၏အနက်)။ ။ပုနပိ၊ တဖန်လည်း။ အာပဇ္ဇိဿာမိ၊ လွန်ကျူး ခြင်းသို့ရောက်ဦးအံ့။ ဣတိ၊ ဤသို့။ သဥဿာဟေနေဝ၊ အားထုတ်ခြင်းရှိသည်သာလျှင်ဖြစ်သော။ စိတ္တေန၊ စိတ်ဖြင့်။ အယံအာပတ္တိ၊ ဤဒေသိတာ အဂဏန္နူပိကအာပတ်သည်။ ဘိက္ခုနိယာဝေါ၊ ရဟန်းမိန်းမ အားသာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ လိခိတံ၊ ဂဏ္ဌိပုဒ်တို့၌ ရေးသားအပ်၏။ ပါရာဇိကမေဝါတိဣဒန္တု၊

ပါရာဇိကမေဝ-ဟူသော ဤစကားကိုလည်း။ ဘူတဝသေန၊ ထင်ရှား သည်၏ အစွမ်းဖြင့်။ဒသေတုံ၊ ပြခြင်းငှါ။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ပန၊ စင်စစ်သော်ကား။ ဧဝံ ဒေသိတေ၊ ဤသို့ မစင်ကြယ်သော စိတ်ဖြင့် ဒေသနာ ကြားအပ်သည် ရှိသော်။ ယာကာစိအာပတ္တိ၊ အမှတ်မရှိသော အာပတ်သည်။ နဝိဋ္ဌာတိ၊ မထ။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဧတံဝစနံ၊ ထိုစကားကို။ နဂဟေတဗ္ဗံ၊ မယူအပ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ အနုဂဏ္ဌိပုဒ်၌ဆိုအပ်၏။ ။(ဤကားဝဇိရဗုဒ္ဓိဋီကာ၏အနက်)။ ။သံဃာသည် ပြုအပ်သော တိဏဝတ္ထာရက သမထဖြင့် ကုစားအပ်သော လဟုက အာပတ်၊ ပရိဝါသ် ပေးခြင်းစသည်ဖြင့် ကုစားအပ်သော ဂရုကအာပတ် တို့သည်ကား တပါးသော သံဃာသည် ပြုအပ်သော ကုစားခြင်း ဝိနည်းကံပြဋ္ဌာန်းခြင်းရှိသော ကြောင့်ဂုဏ်း။ ။ဒေသိတဂဏနူပိကာ အာ၁ပတ္တိ ဇာနိတဗ္ဗာ၊ ဒေသိတ အဂဏ နူပိကာ ဇာနိတဗ္ဗာ။ ။ဟူ၍ မိမိကြားခြင်းဖြင့်သာ မထကြောင်းလာသော ကြောင့်ဂုဏ်း၊ အာယတိံသံဝရရှိခြင်း၊ မရှိခြင်းသည် ပမာဏမဟုတ်၊ အာယတိံ သံဝရမရှိသော်လည်း ထကုန်၏ဟု မှတ်ရာ၏။

အာယတိံသံဝရမရှိဘဲ ဒေသနာကြားရာ၌ အာပတ် ထ- မထ
ဝိနိစ္ဆယ အဆုံးအဖြတ်ပြီး၏။

---

(၆) ကြိယသမုဋ္ဌာနန္တိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ၊ ပဋ္ဌပက္ကမေ သတိ သာဒိယန္တဿာပိ အကိရိယသမုဋ္ဌာန ဘာဝတော၊ မနောဒွါရေ အာပတ္တိနာမ နတ္ထီတိ ဣဒမ္ပိ ဗာဟုလ္လဝသေနေဝ ဝုတ္တံ။ ။သာရတ္ထ ဒီပနီဋီကာ။ ။ယံပန သာရတ္ထဒီပနိယံ ဝုတ္တံ ကိရိယာ။ ပ။ သမုဋ္ဌာန ဘာဝတောတိအာဒိ။ တံနဂဟေတဗ္ဗံ၊ ပဌမပါရာဇိကဿ အကိရိယ သမုဋ္ဌာနဘာဝ ပါဠိအဋ္ဌကထာသု အဝုတ္တတ္တာ မနောဒွါရေ အာ ပတ္တိနာမ နတ္ထီတိ ဟိ ဝုတ္တံ။ ။ဝိမတိဋီကာ။ ။ဂုဏ်းဋီကာတို့၏ အဓိပ္ပါယ် ကိုသိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့မှတ်ရာ၏။

ကြိယသမုဋ္ဌာနန္တိဣဒံ၊ ကြိယသမုဋ္ဌာနံ- ဟူသော ဤစကားကို။ ယေဘုယျ ဝသေန၊ များသည်၏အစွမ်းဖြင့်။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။ ကသ္မာ၊ အဘဲ့ကြောင့်နည်းဟူမူကား။ ပဋ္ဌပက္ကမေ၊ သူတပါး တို့၏ လုံ့လပယောဂသည်။ သတိ၊ ရှိသော်။ သာဒိယန္တဿာပိ၊ သာယာသော ရဟန်းအားလည်း။အကိရိယ သမုဋ္ဌာနဘာဝတော၊ အကိရိယသမုဋ္ဌာန်ရှိသည်၏ အဖြစ်ကြောင့်တည်း။ မနောဒွါရေ အာပတ္တိနာမ နတ္ထီတိ ဣဒမ္ပိ၊ မနောဒွါရေ

အာပတ္တိနာမ နတ္ထိ-ဟူသော ဤစကားကိုလည်း။ဗာဟုလ္လဝသေနေပိ၊များသည်၏ အစွမ်းဖြင့်သာလျှင်။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။ ။(ဤကား သာရတ္ထဒီပနီဋီကာ၏အနက်)။ ။သာရတ္ထဒီပနိယံ၊ သာရတ္ထဒီပနီဋီကာ၌။ ကိရိယာ။ ပ။ သမုဋ္ဌာနဘာဝတောတိ၊ ကိရိယာ။ ပ။ သမုဋ္ဌာနဘာဝတော-ဟူသော။ ယံပန ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။တံဝစနံ၊ ထိုစကားကို။ နဂဟေတဗ္ဗံ၊ မယူအပ်။ ကသ္မာ၊ အဘယ့်ကြောင့်။ နဂဟေတဗ္ဗံ၊ မယူအပ်သနည်း။ ဉာတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ပဌမ ပါရာဇိကဿ၊ ပဌမပါရာဇိက၏။ အကိရိယသမုဋ္ဌာနတာယ၊ အကိရိယ သမုဋ္ဌာန် အဖြစ်ကို။ ပါဠိအဋ္ဌကထာသု၊ ပါဠိအဋ္ဌကထာတို့၌။ အဝုတ္တတ္တာ၊ မဟောအပ် မဆိုအပ်သည်၏ အဖြစ်ကြောင့်။ နဂဟေဘဗ္ဗံ၊ မယူ အပ်။ ဉာတိအယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ မနောဒွါရေ အာပတ္တိနာမ နတ္ထီတိ၊နတ္ထိ-ဟူ၍။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ (ဤကား ဝိမတိဝိနောဒနီ ဋီကာ၏ အနက်)။ ။ယင်းဋီကာ နှစ်ရပ်တို့တွင် သာရတ္ထဒီပနီဋီကာ၏အဓိပ္ပါယ်ကား- အကိရိယ သမုဋ္ဌာနဘာဝတော- ဟူသော ပါဠ်ဖြင့် ပဌမကထိန သိက္ခာပုဒ်၌ကဲ့သို့ ပြုသင့်သည်ကို မပြုခြင်းဟူသော အကိရိယသမုဋ္ဌာန်ကိုမယူအပ်။ကိုယ်၏လှုပ်ရှားခြင်းကိရိယာမှ ကင်းသော မနောဒွါရိက စိတ်ဟူသော အကိရိယသမုဋ္ဌာန်ကိုယူအပ်၏။ မနောဒွါရေ အာပတ္တိနာမ နတ္ထိ-၌ မနောဒွါရေ-ဖြင့် စက္ခု စသော ဒွါရခြောက်ပါး၌ အကျုံးဝင်သော မနောဒွါရကို မယူအပ်။ ကာယဒွါရစသောသုံးပါး၌ အကျုံးဝင်သော မနောဒွါရကို ယူအပ်၏။ ။ထို့ကြောင့် ရန်သူတို့သည် မာတုဂါမ၏မဂ်၌ ယှဉ်စေအပ်သည်ဖြစ်၍ သာယာသော ရဟန်းအား ကိုယ်အမူအရာမှကင်းသော စိတ်လျှင် ဖြစ်ကြောင်း ရှိသော အကိရိယသမုဋ္ဌာန မနောဒွါရိက ပါရာဇိကအာပတ်သင့်ရကား ကိရိယ သမုဋ္ဌာန်ဟူသောစကား၊ မနောဒွါရေ အာပတ္တိနာမ နတ္ထိ-ဟူသော စကားတို့ကို ယေဘုယျ၏ အစွမ်းဖြင့် အဋ္ဌကထာ၌ ဆိုအပ်၏ဟူလိုသည်။

ဝိမတိဝိနောဒနီဋီကာ၏အဓိပ္ပါယ်ကား-မနောဒွါရ၌ အာပတ်မသင့်ကြောင်း အဋ္ဌကထာ၌ ဆိုအပ်သည်။ ပဌမပါရာဇိက၏ အကိရိယသမုဋ္ဌာန်အဖြစ်ကို ပါဠိ အဋ္ဌကထာတို့၌ မဆိုအပ်ဖြစ်သည်။ သို့ဖြစ်၍ မိမိမဂ်၌ ရန်သူတို့သည် ယှဉ်စေ အပ်သောရဟန်း၏ ရန်သူတို့ကြောင့် ဖြစ်သော ကိုယ်၏လှုပ်ရှားခြင်း အမူအရာ သည်ပင် ဤ၌ ကိရိယသမုဋ္ဌာန် ဖြစ်သည်။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ စကားကို မယူအပ်ဟူလိုသည်။ ရန်သူတို့ကြောင့်ဖြစ်သောရဟန်း၏ လှုပ်ရှားခြင်း သည်ပင် ကိရိယသမုဋ္ဌာန်ဖြစ်၏ဟု ဝိမတိဆရာယူကြောင်းကို ဘိက္ခုနီဝိဘင်း ဥဗ္ဗာဇာနုမဏ္ဍလိက သိက္ခာပုဒ်၏ အဘွင့် ဖြစ်သော။ ။ပုဗ္ဗပယောဂါ ဘာဓေ

ပိဝါ တံသ္မိံညေဝ ခဏေ ပရူပက္ကမေန ဇနိယမာနာယ အတ္တနော ကာယစလနာဒိသင်္ခါတာယ ကိရိယာယ သာဒိယနေန သာ တဿာ စိတ္တေနာပိ သမင်္ဂီတာ ကိရိယာနာမ ဟောတိ၊ အဝါယမိတွာ ပရူပက္ကမေန မေထုနသာဒိယနေ ဝိယ။ ။ ဟူသော ဝိမတိဝိနောဒနီ ဋီကာကိုထောက်၍ သိအပ်၏။ ။ဝါ၊ တနည်းကား။ ပုဗ္ဗပယောဂါဘာဝေပိ၊ ပုဗ္ဗပယောဂမရှိသော်လည်း။ တသ္မိံညေဝ ခဏေ၊ ထိုမိမိကိုယ်ကို သုံးသပ်သော ခဏ၌သာလျှင်။ ပရူပက္ကမေန၊ သူတပါးတို့၏လုံ့လသည်။ ဇနိယမာနာယ၊ ဖြစ်စေအပ်သော။ အတ္တနော၊ မိမိ၏။ ကာယစလနာဒိ သင်္ခါတာယ၊ ကိုယ်လှုပ်ရှားခြင်း စသည်ဟုဆိုအပ်သော။ ကိရိယာယ၊ ကိရိယာဖြင့်။ သာဒိယနေန၊ သာယာခြင်းကြောင့်။ သာကိရိယာ၊ ထိုသူတပါးတို့ကြောင့်ဖြစ်သော မိမိကိုယ်၏လှုပ်ရှားခြင်းအမူအရာသည်။ တဿာဘိက္ခုနိယာ၊ ထိုဘိက္ခုနီမ၏။ စိတ္တေနာပိ၊ စိတ်ကြောင့်လည်း။ သမင်္ဂီတာ၊ ဖြစ်သော။ ကိရိယာနာမ၊ ကိရိယာမည်သည်။ ဟောတိ ဖြစ်၏။ ကိသ္မိံ ဝိယ၊ အဘယ်၌ကဲ့သို့နည်းဟူမူကား။ အဝါယမိတွာ၊မိမိကအားမထုတ်မူ၍။ပရူပက္ကမေန၊သူတပါးတို့၏လုံ့လပယောဂဖြင့်။ မေထုနသာဒိယနေဝိယ၊ မေထုန်ကို သာယာခြင်း၌ ကဲ့သို့တည်း။ ။ (ဤကား အနက်)

ယင်းဋီကာ နှစ်ရပ်တို့တွင် သာရတ္ထဋီကာသာ ယုတ္တတရဖြစ်၏။ ။အကြောင်းကား ပဌမပါရာဇိကာ၏ အကိရိယသမုဋ္ဌာန်၏ အဖြစ်ကို ပါဠိအဋ္ဌကထာတို့၌ တိုက်ရိုက်ပင် မဆိုအပ်သော်လည်း မိမိသည်ပြုအပ်သော ကိုယ်အမူအရာမှ ကင်းလျက် သက်သက်စိတ်ကြောင့် အာပတ်သင့်သည်ကို ပြသော။ ။ပဝေသနံ သာဒိယတိ၊ ပဝိဋ္ဌံ သာဒိယတိ-စသော ဘိက္ခု ဝိဘင်းပါဠိတော်၊ အာမသနံဝါ ပရာမသနံဝါ ဂဟဏံဝါ ဆုပနံဝါ နိပ္ပီဠနံဝါ သာဒိယေယျ-ဟူသော ဘိက္ခုနီ ဝိဘင်းပါဠိတော်၊ မိမိသည်ပြုအပ်သော ကိုယ်အမူအရာ မရှိသောကြောင့်ပင် အကြိယ သမုဋ္ဌာန်ဟု ဆိုအပ်သည်ကို ပြသော။ ။သစေ ဘိက္ခု အာမသတိ၊ ဘိက္ခုနီ နိစ္စလာ ဟုတွာ စိတ္တေနေဝ အဓိဝါသေတိ၊ ကာယင် အစောပယမာနာပိ ပါရာဇိကခေတ္တေ ပါရာဇိကေန ထုလ္လစ္စယခေတ္တေ ထုလ္လစ္စယေန ဒုက္ကဋခေတ္တေ ဒုက္ကဋေန ကာရေတဗ္ဗာ၊ ကသ္မာ ကာယသံသဂ္ဂံ သာဒိယေယျာတိ ဝုတ္တတ္တာ၊ အယံ အဋ္ဌကထာသု ဝိနိစ္ဆယော၊ နေဝံ ပန၊ သတိ ကိရိယသမုဋ္ဌာနတာ ဒိဿတိ။ တသ္မာ တဗ္ဗဟုလနယေန ဝုတ္တာတိ ဝေဒိတဗ္ဗာ။ ။ဟူသော ၎င်း၏ အဘွင့် အဋ္ဌကထာနှင့် ညီသောကြောင့်၎င်း၊ သူတပါးတို့၏ ပယောဂကြောင့်လည်း လှုပ်ရှားခြင်းမရှိဘဲ ရဟန်း၏မာတုဂါမမဂ်နှင့် ထိပါးသည်ကို သာယာခြင်းကြောင့်၎င်း၊ဘိက္ခုနီမ၏ သူတပါးထိပါးလာသည်ကို သာယာခြင်းကြောင့်၎င်း၊ အာပတ်သင့်သည်ကို မုချထင်ထင် မျက်မြင်ကဲ့သို့ ထင်ရှားသော်၎င်း ယုတ္တတရဟုမှတ်ရာ၏။ ။ပဝေသနံ၊ သူတပါးက မိမိမဂ်သို့ သွင်းသည်ကို။ သာဒိယတိ၊

သာယာအံ့။ ပဝိဋ္ဌ၊ ဝင်သည်ကို။ သာဒိယတိ၊ သာယာအံ့။ ။(ဤကား ဘိက္ခု ဝိဘင်းပါဠိတော်၏ အနက်)

အာမသနံဝါ၊ ထိုမှဤမှ မရွေ့ဘဲ ထိပါးရာ အရပ်ကို မလွန်စေမူ၍ သုံးသပ်သည်ကိုဧင်း။ ပရာမသနံဝါ၊ ထိုမှဤမှရွေ့၍ သုံးသပ်သည်ကိုဧင်း။ ဂဟဏံဝါ၊ ကိုင်သည်ကိုဧင်း။ဆုပနံဝါ၊ တို့သည်ကိုဧင်း။ နပ္ပီဠနံဝါ၊ နှိပ်သည်ကိုဧင်း။ သာဒိယေယျ၊ သာယာငြားအံ့။ ။(ဤကား ဘိက္ခုနီဝိဘင်းပါဠိတော်၏အနက်)။ ။ ဘိက္ခု၊ ရဟန်းယောကျ်ားသည်။ သစေအာမသတိ၊ အကယ်၍ သုံးသပ်သည် ဖြစ်အံ့။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ နိစ္စလာ၊ မလှုပ်ရှားသည်။ ဟုတ္ဘာ၊ ဖြစ်၍။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ သစေ အဓိဝါသေတိ၊ အကယ်၍ သာယာသည် ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့သာယာသည်ရှိသော်။ ကာယင်္ဂံ၊ မိမိကိုယ်အင်္ဂါကို။ အစောပယမာနာပိ၊ မလှုပ်စေသော်လည်း။ ပါရာဇိကခေတ္တေ၊ ပါရာဇိက၏ ခေတ်၌။ ပါရာဇိကေန၊ ပါရာဇိက အာပတ်ဖြင့်။ ထုလ္လစ္စယခေတ္တေ၊ ထုလ္လစ္စည်း အာပတ်၏ ခေတ်၌။ ထုလ္လစ္စယေန၊ ထုလ္လစ္စည်းအာပတ်ဖြင့်။ ဒုက္ကဋခေတ္တေ၊ ဒုက္ကဋ် အာပတ်၏ ခေတ်၌။ ဒုက္ကဋေန၊ ဒုက္ကဋ် အာပတ်ဖြင့်။ ကာရေတဗ္ဗာ၊ ဆုံးဖြတ် အပ်၏။ကသ္မာ၊ အဘယ့်ကြောင့်။ ကာရေတဗ္ဗာ၊ ဆုံးဖြတ်အပ်လေသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ကာယသံသဂ္ဂံ သာဒိယေယျာတိ၊ သာဒိယေယျ- ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တတ္တာ၊ ဟောတော်မူ အပ်သည်၏ အဖြစ်ကြောင့်။ ကာရေတဗ္ဗာ၊ ဆုံးဖြတ်အပ်၏။ ဣတိအယံ၊ ဤ သည်ကား။ ပရိဟာရော၊ အဖြေတည်း။ အယံဝိနိစ္ဆယော၊ဤအဆုံးအဖြတ်သည်။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ဝိနိစ္ဆယော၊ လာသော အဆုံးအဖြတ်တည်း။ ပန၊ ဆက်၍ ဆိုဦးအံ့။ ဧဝံ ကာရေတဗ္ဗေ၊ ဤသို့ ဆုံးဖြတ်အပ်သည်။ သတိ၊ ရှိသော်။ ကိရိယသမုဋ္ဌာနတာ၊ ကိရိယသမုဋ္ဌာန်၏အဖြစ်သည်။ နဒိဿတိ၊မထင်။ တသ္မာ၊ ထိုသို့ မထင်လေသောကြောင့်။ သာ၊ ထိုကိရိယသမုဋ္ဌာန် အဖြစ်ကို။ တဗ္ဗဟုလနယေန၊ တဗ္ဗဟုလ နည်းအားဖြင့်။ ဝုတ္တာ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ။(ဤကားအနက်)။ ။တဗ္ဗဟုလနယေနေတ္ထ ကြိယတ္တော ဂဟေမာနေ အညေသံပိ ကြိယာကြိယ သိက္ခာပဒါနံ ကြိယုတ္တပသင်္ဂေါ သိယာ တိ။ ။ဧင်းဘိက္ခုနီဝိဘင်း အဋ္ဌကထာ၏ အဘွင့် ဝိမတိဋီကာ။ ။ဧတ္ထ၊ ဤ ဥဗ္ဘဇာနုမဏ္ဍလ သိက္ခာပုဒ်၌။ တဗ္ဗဟုလ နယေန၊ တဗ္ဗဟုလ နည်းအားဖြင့်။ ကြိယတ္တေ၊ ကြိယာ၏အဖြစ်ကို။ ဂဟေမာနေ၊ ယူအပ်ခဲ့သည်။ သတိ၊ ရှိသော်။ အညေသံပိ၊ တပါးလည်း ဖြစ်ကုန်သော။ ကြိယာကြိယ သိက္ခာပဒါနံ၊ ကြိယာ အကြိယ ရှိကုန်သော သိက္ခာပုဒ်တို့၏။ ကြိယုတ္တပသင်္ဂေါ၊ ကြိယ၏ အဖြစ်၌ လျှဉ်းပါးခြင်းသည်။ သိယာ၊ ဖြစ်ခဲ့ရာ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ် ၏။ ။(ဤကားအနက်)

အစိပ္ပါယ်ကား-ဤဥဗ္ဗဇာနုမဏ္ဍလိကသိက္ခာပုဒ်၌ တဗ္ဗဟုလ နည်းအားဖြင့် ကြိယ၏ အဖြစ်ကို ယူအပ်သည်ရှိသော် တပါးသော ကြိယာကြိယသိက္ခာပုဒ်တို့၏လည်း အကိရိယကို ချန်ထား၍ တဗ္ဗဟုလကြိယသမုဋ္ဌာန်ကိုသာ ဆိုသင့်သည် ဟူသော လျှဉ်းပါးခြင်း ဒေါသ ရောက်ခဲ့ရာ၏ ဟူလိုသည်။ ဤသိက္ခာပုဒ်၌ တဗ္ဗဟုလကြိယာ၏ အဖြစ်ကိုယူသော်လည်း ယခင် ပြအပ်သော ဒေါသရောက်သကဲ့သို့မထင်။ အကြောင်းကား ဤသိက္ခာပုဒ်၌ အပ္ပက ကြိယသမုဋ္ဌာန်ဟူသည် ကိုယ်အမူအရာမှ ကင်းသောစိတ်ဟူသော မနောဒွါရ သမုဋ္ဌာန်ဖြစ်သည်။ တပါးသော ကြိယာကြိယ သိက္ခာပုဒ်တို့၌ အကိရိယသမုဋ္ဌာန်ဟူသည် ကိုယ်နှုတ်ဘို့ဖြင့် ပြုသင့်သည်ကို မပြုခြင်းဟူသောကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော အသီးပြသင့်သော အကြိယ သမုဋ္ဌာန်ဖြစ်သည်။ ဤကဲ့သို့ မတူသည်ဖြစ်၍ ဤသိက္ခာပုဒ်အတူ တပါးသော သိက္ခာပုဒ်တို့၏ အကြိယကိုချန်ထား၍ တဗ္ဗဟုလကြိယာ၏ အဖြစ်ကိုသာ ဆိုသင့်သည်ဟူသောလျှဉ်းပါးဘွယ်၏ မရှိခြင်းကြောင့်တည်းဟူပေ။ ။ မနောဒွါရေ အာပတ္တိနာမနတ္ထိ-၌ မနောဒွါရသည် ဤဝိနည်းအရာ၌ စောပနကာယ· စောပနဝါစာမှ ကင်းသော ပသာဒကာယနှင့် စပ်သော မနောဒွါရ, ပသာဒကာယ စောပနကာယ· စောပနဝါစာ သုံးပါးလုံးမှ ကင်းသော မနောဒွါရဟူ၍ နှစ်ပါးရှိသည်။ ယင်းတွင် စောပနကာယ စောပနဝါစာမှ ကင်းသော မနောဒွါရကိုရည်၍ မနောဒွါရေ အာပတ္တိနာမ နတ္ထိ·ဟုဆိုလျှင် ကိုယ်နှုတ်အမူအရာမှကင်းသော ပသာဒကာယနှင့် စပ်သော မနောဒွါရ၌ ဖြစ်သော မဂ်နှင့်ထိပါးသည်ကို သာယာခြင်းကြောင့်သင့်သော ပါရာဇိက အာပတ်ရှိခြင်းကြောင့် ယေဘုယျဟုမှတ်ရာ၏။ ပသာဒကာယ, စောပနကာယ, စောပနဝါစာသုံးပါးလုံးမှကင်းသော မနောဒွါရကိုရည်၍ မနောဒွါရေ အာပတ္တိနာမနတ္ထိ·ဟုဆိုလျှင် ယခင် သုံးပါးမှကင်းလျက် သက်သက်သော မနောဒွါရ၌ သင့်သောအာပတ်၏ မရှိခြင်းကြောင့် မုချဟု မှတ်ရာ၏။

ယင်းနှစ်ပါးတွင် မုချကိုရည်၍ ရူပိယသိက္ခာပုဒ်အဘွင့် အဋ္ဌကထာ၌။ ။ မနောဒွါရေ အာပတ္တိနာမ နတ္ထိ-ဟု အဋ္ဌကထာ ဆရာဆိုတော်မူ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။သစေပန ကာယဝါစာဟိ အပ္ပဋိက္ခိပိတွာ စိတ္တေန အဓိဝါသေတိ၊ကာယဝါစာဟိ ကတ္တဗ္ဗဿ ပဋိက္ခေပဿ အကရဏတော အကိရိယ သမုဋ္ဌာနံ ကာယဝစီဒွါရေ အာပတ္တိ အာပဇ္ဇတိ။ ။ဟု မိန့်အပ်၏။ ။ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ အပ္ပဋိက္ခိပိတွာ၊ မပယ်မူ၍။ စိတ္တေန၊ စိတ်ဖြင့်။ သစေ အဓိဝါသေတိ၊ အကယ်၍သည်းခံသည်ဖြစ်အံ့။ ဝေံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ ကတ္တဗ္ဗဿ၊ ပြုသင့်ပြုထိုက်သော။ ပဋိက္ခေပဿ၊ ပယ်ခြင်းအမှုကို။ အကရဏတော၊ မပြုခြင်းကြောင့်။ အကိရိယသမုဋ္ဌာနံ၊ အကိရိယ

သမုဋ္ဌာန်ရှိသော။ ကာယဝစီဒွါရေ၊ ကာယဒွါရ ဝစီဒွါရ၌။ အာပတ္တိံ၊ အာပတ်
သင့်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ။(ဤကားအနက်)။ ။အဓိသီလသိက္ခာဟိ
ယာဝ ဝီတိက္ကမနံ န ကရောတိ၊ တာဝ သမာပန္နော ဟောတိ၊ နဟိ စိတ္တုပ္ပါဒ
မတ္တေန ပါတိမောက္ခသံဝရသီလံ ဘိန္နံ နာမ ဟောတီတိ။ ။ဟူသော သာရတ္ထ
ဒီပနီဋီကာ အဓိသီလသိက္ခာအဘွင့်။ ။ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အဓိသီလ
သိက္ခာ၊ အဓိသီလသိက္ခာသည်။ ယာဝ၊ အကြင်မျှလောက်။ ဝီတိက္ကမနံ၊ ကိုယ်နှုတ်
တို့ဖြင့် လွန်ကျူးခြင်းအမှုကို။ နကရောတိ၊ မပြု။ တာဝ၊ ထိုမျှလောက်။ သမာ
ပန္နော၊ ပြည့်စုံသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။
သမာပန္နော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်လေသနည်း။ ဣတိအယံ၊ ဤသည်ကား။
ပုစ္ဆာ၊ အမေးတည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ စိတ္တုပ္ပါဒမတ္တေန၊ လွန်ကျူး
လိုသောစိတ်၏ဖြစ်ကာမျှဖြင့်။ ပါတိမောက္ခသံဝရသီလံ၊ ပါတိမောက္ခသံဝရသီလ
သည်။ ဘိန္နံနာမ၊ ပျက်သည်မည်သည်။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ ထို့
ကြောင့်။ သမာပန္နော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်
ကား။ ပရိဟာရော၊ အဖြေတည်း။ ။(ဤကား အနက်)။ ။ဤဋီကာပါဌ်၌။ ။
နဟိ စိတ္တုပ္ပါဒမတ္တေန- ဟူသော စကားကိုရင်း၊ ပဌမပါရာဇိက အဘွင့်ဖြစ်
သော။ ။ကိရိယ သမုဋ္ဌာနန္တိ ဣဒံ-စသော ၎င်းဋီကာပါဌ်ကိုရင်း ထောက်၍
ယောဘုယျနည်းဖြင့် ယူအပ်၏။ ။ပသာဒကာယနှင့်သော်လည်းမဘက်၊ သက်
သက်သော မနောဒွါရကိုရည်၍ မုချအားဖြင့်ယူသော်လည်း ဝတ္တိစ္ဆာအားလျော်
စွာ သင့်သည်ပင်။ ပသာဒကာယနှင့်သော်လည်းမဘက်၊ သက်သက်သောမနော
ဒွါရ၌သာ အာပတ်သင့်သည်ကိုပြသော ကင်္ခါဋီကာသစ် ပဌမပါရာဇိက အဘွင့်
၌၊ ။မနောဒွါရေ အာပတ္တိနာမ နတ္ထီတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ၊ ဥပနိက္ခိတ္တ
သာဒိယနာဒီသု အာပတ္တိသမ္ဘဝတောတိ ဒဋ္ဌဗ္ဗံ။ ။ဟူသော ရှေ့စကားကို မိမိ
အလိုအားဖြင့်ဆိုအပ်၏။ ။သစေပန ကာယဝါစာဟိ အပ္ပဋိက္ခိပိတွာ စိတ္တေန
အဓိဝါသေတိ၊ ကာယဝါစာဟိ ကတ္တဗ္ဗဿ အကရဏတော အကိရိယ သမုဋ္ဌာနံ
ကာယဝစီဒွါရေ အာပတ္တိံ အာပဇ္ဇတိ၊ မနောဒွါရေ အာပတ္တိနာမ နတ္ထိ-ဟူ၍
ရူပိယသိက္ခာပုဒ်၏အဘွင့်၌ ဆိုအပ်သော နောက်စကားကို အဋ္ဌကထာ၏ အလို
သို့လိုက်၍ ဆိုအပ်၏ဟုမှတ်ရာ၏။ ။မနောဒွါရေ အာပတ္တိနာမ နတ္ထီတိ ဣဒံဝစနံ၊
မနောဒွါရေ အာပတ္တိနာမ နတ္ထိ-ဟူသော ဤစကားကို။ ယေဘုယျဝသေန၊
ယေဘုယျနည်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ အဋ္ဌကထာ၌ ဆိုအပ်၏။ ကသ္မာ၊ အဘယ့်
ကြောင့်။ ဣဒံဝစနံ၊ ဤမနောဒွါရေ အာပတ္တိနာမနတ္ထိ-ဟူသော ဤစကားကို။
ယေဘုယျ ဝသေန၊ ယေဘုယျနည်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ အဋ္ဌကထာ၌ ဆိုအပ်
လေသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဥပနိက္ခိတ္တသာဒိ
ယနာဒီသု၊ အနီး၌ထား၍ လှူအပ်သောရွှေငွေကို သာယာခံယူခြင်း စသည်တို့၌။

အာပတ္တိသမုဋ္ဌာနတော၊ စောပနကာယ ပယောဒကာယမှ ကင်းလျက် သက်သက်သော မနောဒွါရ၌ အာပတ်သင့်ခြင်း၏ ထင်ရှားရှိခြင်းကြောင့်။ ဣဒံဝစနံ၊ မနောဒွါရေ အာပတ္တိနာမ နတ္ထိ-ဟူသော ဤစကားကို။ ယေဘုယျဝသေန၊ ယေဘုယျနည်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ အဋ္ဌကထာ၌ ဆိုတော်မူ၏။ ဣတိအယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဤကား ရှေ့ဋီကာပါဠိအနက်)။ ၊ပန၊ ဆက်၍ ဆိုဦးအံ့။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ အပ္ပဋိက္ခိပိတ္ဝာ၊ မပယ်မူ၍။ စိတ္တေန၊ စိတ်ဖြင့်။ သစေ အဓိဝါသေတိ၊ အကယ်၍ သာယာသိမ်းဆည်းသည်းခံ၍ နေငြားအံ့။ ဧဝံသတိ၊ ဤသို့နေသည်ရှိသော်။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ ကတ္တဗ္ဗဿ၊ ပြုသင့်ပြုထိုက်သောအမှုကို။ အကရဏတော၊ မပြုခြင်းကြောင့်။ အကိရိယသမုဋ္ဌာနံ၊ အကိရိယသမုဋ္ဌာန်ရှိသော။ ကာယဝစီဒွါရေ၊ ကာယဒွါရ ဝစီဒွါရ၌။ အာပတ္တိ၊ အာပတ်သင့်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ မနောဒွါရေ၊ မနောဒွါရ၌။ အာပတ္တိနာမ၊ အာပတ် မသင့်သည် မည်သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်တည်း။ ။(ဤကား နောက်ဋီကာ ပါဠိ၏ အနက်)

ပဉ္စမပါရာဇိက၏ ယေဘုယျ ကိရိယသမုဋ္ဌာန်အဖြစ် စသော
ဝိနိစ္ဆယကား ဤတွင်ရွေ ပြီး၏။

---

(၇) လူဖြစ်သော သီတင်းသည် တို့နှင့်တကွ ရဟန်း သာမဏေတို့အား ဘဏ္ဍာကိုဝေဘန်စဉ် ကြေးစည် ခေါင်းလောင်းတို့ကို တီးခတ်ခြင်းငှါ အပ်,မအပ်ကို သိလိုပါသည် မေးလျှောက်ရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

ခေါင်းလောင်း ကြေးစည် ချူစသည်ကို ခွက်ကွင်း ကြေးနင်းဟူသောတူရိယာမျိုး၌ သင်္ဂြိုဟ်အပ်၏။ ။ထို့ကြောင့် ဝိနိစ္ဆယဋီကာ၌။သမ္မန္တိတာဠံ၊ ဃဏ္ဍိကံကဏာိအာဒီနမ္ပိ ဧတ္ထေဝ သင်္ဂဟော—ဟု မိန့်အပ်၏။ သမ္မန္တိ၊ သမ္မံဟူသည်ကား။ တာဠံ၊ ကြေးနင်းတည်း။ ဃဏ္ဍိကံကဏာိအာဒီနမ္ပိ၊ ခေါင်းလောင်း ချူစသည်တို့ကိုလည်း။ ဧတ္ထေဝ၊ ဤကြေးနင်း၌သာလျှင်။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)။ ။ကိံကဏာိအာဒီနံ၌ ၊ အာဒိသဒ္ဒါဖြင့် ဆင်ခလောက်စသော ခလောက်၊ နွား၌ဆွဲသောဆည်းလည်း ဘုရားဆည်းလည်း စသည်ကိုယူ။ ထို့ကြောင့် ရဟန်းသာမဏေတို့အား၊ ၎င်းကြေးစည် ခေါင်းလောင်းတို့ကို သုံးသပ်ခြင်းငှါလည်းမအပ်။ တူရိယာမျိုး၏ကိစ္စဖြစ်သော သာယာဘွယ်ဖြစ်အံ့သည်ကိုရည်၍ တီးခတ်မှု မြူးထူးပျော်ပါးလိုသော စိတ်ဖြင့်

တီးခတ်သည်ဖြစ်စေ၊ သဒ္ဓါရွှေသွားသောစိတ်ဖြင့်ပင် ဘုရားစသည့်ကို ပူဇော်ခြင်းငှါ တီးခတ်သည်ဖြစ်စေ၊ ဤကဲ့သို့ တီးခတ်ခြင်းငှါလည်းမအပ်၊ ဆယ်ပါးသီလတွင် နောက်သိက္ခာပုဒ် ငါးပါးသည် ပဏ္ဏတ္တိဝဇ္ဇဖြစ်၏။ ။ထို့ကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာ၌။ ။ပဌမာစေတ္ထ ကေန္တအကုသလစိတ္တ သမုဋ္ဌာနတ္တာ ပါဏာတိပါတာဒီနံ ပကတိဝဇ္ဇဝေရမဏိယော သေသာ ပဏ္ဏတ္တိဝဇ္ဇတော။ ။ဟု မိန့်အပ်၏။ ။ဧတ္ထ၊ ဤဆယ်ပါးသောသိက္ခာပုဒ်တို့တွင်။ ပဌမာ၊ ရှေးဦးစွာဖြစ်ကုန်သော။ ပဉ္စ၊ ငါးပါးသော သိက္ခာပုဒ်တို့သည်။ ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတအစရှိကုန်သော သိက္ခာပုဒ်တို့၏။ အကုသလစိတ္တသမုဋ္ဌာနတ္တာ၊ အကုသိုလ် စိတ်လျှင်ဖြစ်ကြောင်းရှိသည်၏အဖြစ်ကြောင့်။ ပကတိဝဇ္ဇ ဝေရမဏိယော၊ ပြကတေ့သော အပြစ်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေသာ၊ ကြွင်းကုန်သော ဝိကာလဘောဇန အစရှိကုန်သော နောက်သိက္ခာပုဒ်ငါးပါးတို့သည်။ ပဏ္ဏတ္တိဝဇ္ဇတော၊ မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သောအပြစ်မှ။ ဝေရမဏိယော၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကားအနက်)

ထို့ကြောင့် တီးခတ်ခြင်းငှါ မအပ်ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို မသိသည်ဖြစ်၍ ဘုရားကိုပူဇော်ခြင်းငှါ သာယာဘွယ်ဖြစ်အံ့သည်ကိုရည်၍ သဒ္ဓါရွှေသွားသော စိတ်ဖြင့် တီးခတ်သော ရဟန်း့ သာမဏေတို့အား သီလသာပျက်သည်။ ကုသိုလ်မူကားဖြစ်၏။ ။တီးခတ်ခြင်းငှါ မအပ်ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကိုသိလျက် တီးခတ်သော ရဟန်းသာမဏေတို့အား အာဏာဝီတိက္ကမန္တရာယ် ဖြစ်၍ သီလသည်း ပျက်၏။ ကုသိုလ်သည်း မဖြစ်။ ဘဏ္ဍာကို ဝေဘန်သော အခါစသည်တို့၌ တူရိယာမျိုး၏ ကိစ္စဖြစ်သော သာယာဘွယ်ဖြစ်အံ့သည်ကို ရည်ရော်ခြင်းမရှိ၊ ပကတိစင်ကြယ်သောအချိန်အမှတ်ကို ပြုလိုသော စိတ်ရှိခြင်းကြောင့်၎င်း၊ မြေခဲသောရဟန်းအား သစ်ခက်ကို ချိုးရာ၌ ချိုးဖြတ်သူ လူသာမဏေမရှိသကဲ့သို့ တီးခတ်မည့်သူ လိုမရှိသောကြောင့်၎င်း ရဟန်းသာမဏေတို့အား တီးခတ်ခြင်းငှါအပ်၏။ ။ထို့ကြောင့် ဝိနည်း အဋ္ဌကထာ၌။ ။တေနဟိ ဘိက္ခုနော ဃဏ္ဍိံ ပဟရိတွာ ကာလံ ဃောသိတုံ။ ။ဟူ၍ မိန့်အပ်၏။ ။ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ တေနဘိက္ခုနော၊ ထိုသံဃိကဖြစ်သောဥစ္စာကို အဓိဋ္ဌာန်၍ယူခြင်းငှါ အလိုရှိသောရဟန်းသည်။ ဃဏ္ဍိံ၊ ခေါင်းလောင်း ကျောက်စည်ကို။ ပဟရိတွာ၊ ထိုးခေါက်၍။ ကာလံ၊ ဘဏ္ဍာကိုဝေဘန်အံ့သော အခါကို။ ဃောသိတုံ၊ ကြွေးကြော်၍။ ။(ဤကားအနက်)၊ ။ ဝဇိရဗုဒ္ဓိဋီကာ ဥပေါသထက္ခန္ဓ အဘွင့်၌လည်း၊ ။ဘေရိသဒ္ဒံဝါတိ သမ္မန္နနပရိယောသာနံ ကရောမာတိ ဝတ္တာတိ လိခိတံ၊ တေန တာဒိသေ ကာလေ ကပ္ပတိတိ

သိဒ္ဓံ။ ။ဟုမိန့်အပ်၏။ ။ဘောရိသည့်ဝါတိ၊ဘောရိသည့်ဝါဟူသည်ကား။ သမ္မန္နနပရိယောသာနံ၊ သိမ်သမုတ်ခြင်း၏ပြီးဆုံးသည်ကို။ ကရောမ၊ ငါတို့ ပြုကုန်အံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဘောရိသည်၊ စည်တီးခြင်း ဟူသော အမှတ်ကို။ ကတွာ၊ ပြု၍။ တေန၊ ထို့ကြောင့်။ တာဒိသေ၊ ထိုသို့ သိမ်သမုတ်ခြင်း စသော ကိစ္စကြီးငယ်ရှိသော အခါ၌။ တံ ဘမ္မံ၊ ထိုရဟန်းသာမဏေတို့အား စည်တီးခတ်ခြင်းအမှုသည်။ ကပ္ပတိ၊ အပ်၏။ ဣတိဣမံ အတ္ထဇာတံ၊ ဤသို့သော အနက်သဘောသည်။ သိဒ္ဓံ၊ ပြီးသည်။ ဝါ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ။ (ဤကား အနက်)

အပ်၏ဟု ဆိုသော်လည်း ရဟန်းသာမဏေတို့သည် မသုံးသပ်ထိုက်ရကား လူမရှိသော အရာ၌သာ အပ်၏ဟု ယူသင့်သည်။ ဤသို့ရဟန်းသာမဏေတို့၏ အရာ၌လာသည်ကိုထောက်၍၎င်း၊ခုဒ္ဒကပါဌအဋ္ဌကထာ၌ နောက်သိက္ခာပုဒ်ငါးပါးကို ပဏ္ဏတ္တိဝဇ္ဇဟုဆိုသည်ကိုထောက်၍၎င်း၊သီတင်းသည်တို့အား တူရိယာမျိုး၏ကိစ္စဖြစ်သော သာယာဘွယ်ဖြစ်အံ့သည်ကိုရည်၍ လော်လည်သောစိတ်ဖြင့် တီးခတ်ခြင်းကိုမဆိုထားဘိ၊ ပကတိ ကြည်ညိုသော စိတ်ဖြင့်လည်း ရတနာ သုံးပါးကို ပူဇော်ခြင်းငှါ သာယာဘွယ် ဖြစ်အံ့သည်ကိုရည်၍ တီးခတ်ခြင်းငှါမအပ်။ပူဇော်ခြင်းကိုရှေ့ရှုရာ၌ ရဟန်း, သာမဏေတို့ကဲ့သို့၊ လူတို့၌ အာဏာဝီတိက္ကမန္တရာယ်မရှိရကား၊ တီးခတ်ခြင်းငှါမအပ်ဟု သိက္ခာပုဒ်ကိုသိလျက် တီးခတ်သော်လည်း သီတင်းသည်အားသီလသာပျက်သည်။ ကုသိုလ်မှုကားဖြစ်၏၊ရဟန်းသာမဏေတို့ကဲ့သို့ပင် လူစည်းဝေးခြင်း စသည်ကို ပြုသောအခါ၌ သာယာဘွယ်ဖြစ်အံ့သည်ကို ရည်ရော်ခြင်းမရှိ၊ ပကတိစင်ကြယ်သော အချိန်ကာလ အမှတ်ကိုပြုလိုသော စိတ်ဖြင့်သီတင်းသည်တို့အား သီလမဆောက်တည်သောလူရှိသော်လည်း သုံးသပ်ကောင်းရကား တီးခတ်ခြင်းငှါအပ်၏။ ။[သီတင်းသည်တို့အား ခေါင်းလောင်း ကြေးစည်ကို တီးခတ်ခြင်းငှါ အပ်,မအပ်ကို အဋ္ဌကထာ ဋီကာလာတိုင်း ယခင်ပြအပ်ခဲ့ပြီးသော နည်းဖြင့် သိမှတ်ရာ၏။]

သီတင်းသည် ရဟန်းသာမဏေတို့ ခေါင်းလောင်း ကြေးစည်ကို
တီးခတ်ခြင်းငှါ အပ်,မအပ် ဝိနိစ္ဆယကား ပြီး၏။

---

(ဂ) ဒေဝတာ သန္တက ဗုဒ္ဓသန္တကကို ထေယျ စိတ်ဖြင့် ခိုးယူရာ ပါရာဇိကာ အာပတ်သင့်မည်၊ မသင့်မည်ကို သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

နတ်တင်သောပစ္စည်း, ကျောင်းတိုက်၏ အပ်နှံတည်သော ဗုဒ္ဓသန္တက ဓမ္မသန္တက တို့ကိုခိုးရာ၌ အစောင့်အရှောက် ရှိလျှင် အဒိန္နာဒါန် ဖြစ်၏။ မရှိလျှင်

မဖြစ်။ ။ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌။ ။ဒေဝတာဒိနံဝါ ဗုဒ္ဓဓမ္မသံဃာနံဝါ ပရိစ္စတ္တံ ပရေဟိ စေအာရက္ခကေဟိ ပရိဂ္ဂဟိတံ၊ ပရပရိဂ္ဂဟိတမေဝ။တထာရူပေဟိ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတွာ ဟနနာဒိကံ ကရေယျုံ။ ။ဟု မိန့်အပ်၏။ ။ဒေဝတာဒီနံဝါ၊ နတ်စသည်တို့အားရင်း။ ဗုဒ္ဓဓမ္မသံဃာနံဝါ၊ ဘုရား, တရား, သံဃာတို့အားရင်း။ ပရိစ္စတ္တံ၊ စွန့်အပ်- လှူဒါန်း အပ်ပြီးသော။ ဘဏ္ဍံ၊ ဥစ္စာကို။ ပရေဟိ၊ တပါးကုန်သော။ အာရက္ခကေဟိ၊ အစောင့်အရှောက်တို့သည်။ စေပရိဂ္ဂဟိတံ၊ အကယ်၍ သိမ်းဆည်း အပ်သည် ဖြစ်အံ့။ ပရပရိဂ္ဂဟိတမေဝ၊ သူတပါးတို့ သိမ်းဆည်းအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တထာရူပေ၊ ထိုသို့ စောင့်ရှောက်အပ်သော သဘောရှိသော။ အဒိန္နာဒါနေ၊ အရှင်သည် မပေးအပ်သော ဥစ္စာကို ခိုးယူခြင်းကြောင့်။ ရာဇာနော၊ မင်းတို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဘမ်းယူ၍။ ဟနနာဒိကံ၊ သတ်ဖြတ်ခြင်း စသည်ကို။ ကရေယျုံ၊ ပြုကုန်ရာ၏။ ။(ဤကားအနက်)

ကျောင်းတိုက်အတွင်း၌တည်သော ဗုဒ္ဓသန္တက, ဓမ္မသန္တကပစ္စည်းကို ခိုးယူရာ၌ ရဟန်းတို့သည် စောင့်ရှောက် ထိုက်၏ဟူ၍ ဟောတော်မူသောကြောင့် ကျောင်းတိုက်တွင်း၌ ရဟန်းပင် မရှိသော်လည်း သံဃသန္တကကဲ့သို့ ပရပရိဂ္ဂဟိတ မည်ရကား အဒိန္နာဒါန်ဖြစ်၏။ ။ထို့ကြောင့် ရင်းဋီကာ၌။ ။အနာရက္ခကေပန အာဝါသေ အဘိက္ခုကေ အနာရာမိကေစ ယံဗုဒ္ဓဓမ္မသန္တကံ၊ တံ အာဂတာဂတေဟိ ဘိက္ခူဟိ ရက္ခိတဗ္ဗံ ဂေါပေတဗ္ဗံ မမာယိတဗ္ဗန္တိ ဝစနတော အဘိက္ခုကာဝါသေ သံဃသန္တကံဝိယ ပရပရိဂ္ဂဟိတသချံမေဝ ဂစ္ဆတီတိ ဆာယာ ဒိဿတိ၊ တ္လဿရော ဟိ ယောကောစိ ဘိက္ခု တာဒိသေ ပရိက္ခာရေ စောရေ ဂဏှမာနေ ဝါရေတုံ, ပဋိဗလော စေ ဗလက္ကာရေန အစ္ဆိန္ဒိတွာ ယထာဋ္ဌာနေ ဌပေ တုန္တိ။ ။ဟုမိန့်အပ်၏။ ။ပန၊ ဆက်၍ဆိုဦးအံ့။ အနာရက္ခကေ၊ အစောင့်အရှောက်လည်းမရှိထသော။ အဘိက္ခုကေ၊ ရဟန်းလည်း မရှိထသော။ အနာရာမိကေ၊ အာရာမ်စောင့်လည်းမရှိထသော။ အာဝါသေ၊ ကျောင်း၌။ ယံဗုဒ္ဓဓမ္မသန္တကံ၊ အကြင်ဘုရားဥစ္စာ,တရား၏ဥစ္စာ ဖြစ်သော ပစ္စည်းသည်။ အတ္ထိ၊ရှိ၏။ တံ၊ ထိုပစ္စည်းကို။ အာဂတာ ဂတေဟိ၊ လာတိုင်းလာတိုင်းကုန်သော၊ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်, စောင့်ရှောက်ထိုက်၏။ ဂေါပေတဗ္ဗံ၊ လုံခြုံစေအပ်, လုံခြုံစေထိုက်၏။ မမာယိတဗ္ဗံ၊ မြတ်နိုးအပ် မြတ်နိုးထိုက်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ အဋ္ဌကထာ၌မိန့်ဆိုသောကြောင့်။ အဘိက္ခုကာဝါသေ သံဃ သန္တကံဝိယ၊ ရဟန်းမရှိသောကျောင်း၌ရှိသော သံဃာ၏ဥစ္စာကဲ့သို့။ ပရပရိဂ္ဂဟိတသချံမေဝ၊ သူတပါးတို့ သိမ်းဆည်း အပ်သော ဥစ္စာဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဆာယာ၊ အရိပ်သည်။

ဒိဿတိ၊ ထင်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တာဒိသေ၊ ထိုသို့ သဘောရှိသော။ ပရိက္ခာရေ၊ ၌။ ဝါ၊ ကို။ (ဂဏှမာနေ-မှာစပ်)၊ ယောကောစိ၊ အမှတ်မရှိ တစုံ တယောက်သော။ ဘိက္ခု၊ ရဟန်းသည်။ ဣဿရော၊ စောင့်ရှောက်ခြင်းငှါ အစိုးရ၏။ စောရေဟိ၊ ခိုးသူတို့သည်။ ဂဏှမာနေ၊ ခိုးယူ အပ်သည်ရှိသော်။ ဝါရေတုံ၊ တားမြစ်ခြင်းငှါ။ ပဋိဗလော၊ စွမ်းနိုင်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဗလက္ကာရေန၊ လုံ့လကြိုးကုတ် အားထုတ်ခြင်းကို ပြုသဖြင့်။ အစ္ဆိန္ဒိတွာ၊ လုယက်၍။ ယထာဌာနေ၊ ထားမြဲတိုင်းသော နေရာ၌။ ဌပေတုံ၊ ထားခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ ဒဠှံဗ္ဗံ၊ မှတ်အပ်၏။ ။(ဤကားအနက်)

ဤကဲ့သို့ စောင့်ရှောက်ရုံမျှဖြင့် ဂေါပကပုဂ္ဂိုလ်၏ သန္တက အဖြစ်သို့မရောက်၊ ဗုဒ္ဓမမ္မသန္တကပင်ဖြစ်၍ အဒိန္နာဒါန်ဖြစ်၏ ဟူသည်ကိုရင်း၊ တိုက်တွင်း ရှိသော ဗုဒ္ဓမမ္မသန္တကသည် သံဃသန္တကနှင့်တူ၏ ဟူသည်ကိုရင်း ယုတ္တိအားဖြင့် မထင်၊ ဋီကာဆရာကို ပမာဏပြုသောအားဖြင့် မှတ်ယူရမည်။ ဆင်းတုတော် စသည်ကို ခိုးယူရာ၌ ကျမ်းဂန်မှာ စီစစ်ခြင်းပင်မရှိ၊ ယုတ္တိအားဖြင့် ဤသို့ သိမှတ်ရာ၏။ ဆင်းတုတော်ကို ပူဇော်သော ဒါယကာတို့သည် တစုံတယောက်သော သူအား မလှူသောကြောင့်ရင်း၊ ရဟန်းတို့သည်လည်း အလှူကို မခံသောကြောင့် ရင်း၊ မိဘတို့သည် ပွါးစီးအံ့သည်ကိုရည်၍ သားသမီးတို့ကို စောင့်ရှောက် သကဲ့သို့ ဒါယကာရဟန်းတို့သည် ကာလအရှည် တည်တွန်း ပွါးစီးအံ့သည်ကိုသာ ရည်၍ စောင့်ရှောက်ရုံသာ ဖြစ်သောကြောင့်ရင်း သားသမီးကဲ့သို့ ဘုဇိဿ အသာမိက ဘဏ္ဍာမျိုးဖြစ်ရကား ဘုရားဆင်းတုကို ခိုးရာ၌ အဒိန္နာဒါန် မဖြစ်ဟုမှတ်ရမည်။

ဒေ၀ ဗုဒ္ဓ မမ္မသန္တက ဝိနိစ္ဆယပြီး၏။

---

(၉) သာရတ္ထ ဒီပနီဋီကာ၌ ကုစားလျှင် အာပတ် အကြွင်းမဲ့ ပျောက်ကြောင်း၊ ဝိမတိ ဝိနောဒနီဋီကာ၌ အာပတ်သာ ပျောက်သည်။ အကုသိုလ် မပျောက်ကြောင်း အကွဲအပြားဆိုသည်ကိုလည်းအဘယ်သို့ မှတ်ပါရမည်။ အာပတ်ပညတ်ဖြစ်လျှင် စေတနာနှင့်တကွ သိက္ခာပုဒ်ကို လွန်ကျူးသောရဟန်းသည် မကုစားသော် အပါယ်သို့ကျရာ၌ အဘယ် တရားသည် အပါယ်သို့ ချမည်မျှားကို သိလိုပါသည်ဟု လျှောက်ထားရာ၌ ဝိနိစ္ဆယကား—

အာပတ်၏သရုပ်ကို ရှေးဦးစွာသိနှင့်ရာ၏။ သာရတ္ထဒီပနီဋီကာအလိုအားဖြင့် လောကဝဇ္ဇအရာ၌ ပညတ်တော်ကိုသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ အာဏာ

ဝီတိက္ကမဖြစ်သော ပဏ္ဏတ္တိ အရာ၌ ပညတ်တော်ကိုသိလျက် အာဏာတော်ကို လွန်ကျူးခြင်း ဝီတိက္ကမ ဖြစ်သော အကုသိုလ်သည်ရင်း၊ ပဏ္ဏတ္တိ ဝဇ္ဇသိက္ခာပုဒ်ကို မသိမူ၍ လွန်ကျူးရာ၌ ရုပ် အဗျာကတသည်ရင်း အာပတ်မည်၏။ ။ထိုကြောင့် ရင်းသာရတ္ထဒီပနီ၌ကား၌။ ။အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိ အာဒိနာ အာပတ္တိံ အာပဇ္ဇန္တော ကုသလစိတ္တ သမင်္ဂီဝါ အာပဇ္ဇတိ၊ အကုသလစိတ္တ သမင်္ဂီ ဝါ အဗျာကတစိတ္တသမင်္ဂီဝါတိ ဒဿေတိ၊ နပန ကုသလာပိ အာပတ္တိ အတ္ထီတိ၊ နဟိ ကုသလာ အာပတ္တိနာမ နတ္ထိ၊ အာပတ္တာဓိကရဏံ သိယာအကုသလံ သိယာအဗျာ ကတံ၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလန္တိ ဝစနတော။ လ။ ယံ ကုသလ စိတ္တေန အာပဇ္ဇတီတိ ယံသိက္ခာပဒသီသေန ဂဟိတံ အာပတ္တိံ ကုသလစိတ္တသမင်္ဂီ အာပဇ္ဇတိ၊ ဣမိနာပန ဝစနေန တံကုသလန္တိ အာပတ္တိယာ ဝုစ္စမာနော ကုသလဘာဝေါ ပရိယာယတော ဝ၊ န ပရမတ္ထတောတိ ဒဿေတိ၊ ကုသလစိတ္တေန ဟိ အာပတ္တိံ အာပဇ္ဇန္တော သစိတ္တကံ ဝါ အစိတ္တကံ ဝါ သိက္ခာပဒဝီတိက္ကမာ ကာယပ္ပဝတ္တံ ရူပက္ခန္ဓသင်္ခါတံ အဗျာကဘာပတ္တိံ အာပဇ္ဇတိ။ ။ဟုမိန့်အပ်၏။ ။အတ္ထိပန သိက္ခာပဒံ ကုသလန္တိ အာဒိနာ၊ အတ္ထိပန သိက္ခာပဒံ-အစရှိသော စကားရပ်ဖြင့်။ အာပတ္တိံ၊ အာပတ်သင့်ခြင်းသို့။ အာပဇ္ဇန္တော၊ ရောက်သောပုဂ္ဂိုလ်သည်။ ကုသလ စိတ္တသမင်္ဂီဝါ၊ ကုသိုလ်စိတ်နှင့်ပြည့်စုံသည်ဖြစ်၍ရင်း။ အကုသလ စိတ္တသမင်္ဂီဝါ။ အကုသိုလ်စိတ်နှင့် ပြည့်စုံသည် ဖြစ်၍ရင်း။ အဗျာကတ စိတ္တသမင်္ဂီဝါ၊ အဗျာ ကတစိတ်နှင့် ပြည့်စုံသည်ဖြစ်၍ရင်း။ အာပဇ္ဇတိ၊ ရောက်၏။ ဣတိဣမံ အတ္ထံ၊ ဤသို့သောအနက်ကို။ ဒဿေတိ၊ ပြတော်မူ၏။ ပန၊ ဗျတိရေကကို ဆိုဦးအံ့။ ကုသလာပိ၊ ကုသိုလ်လည်းဖြစ်သော။ အာပတ္တိ၊ အာပတ် သည်။ အတ္ထိ၊ ရှိ၏။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ နဒဿေတိ၊ မပြ။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ အာပတ္တာဓိကရဏံ၊ အာပတ္တာဓိကရုဏ်းသည်။ သိယာ၊ အချို့။အကုသလံ၊ အကုသိုလ်သည်။ အတ္ထိ၊ ရှိ၏။ သိယာ၊ အချို့။ အဗျာကတံ၊ အဗျာကတသည်။ အတ္ထိ၊ ရှိ၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ အာပတ္တာဓိကရဏံ၊ အာပတ္တာဓိကရုဏ်း သည်။ နတ္ထိ၊ မရှိ။ ဣတိဝစနတော၊ ဤသို့မြွက်ဆိုဘုရား ဟောတော် မူသော ကြောင့်။ ကုသလာ၊ ကုသိုလ် ဖြစ်သော။ အာပတ္တိ နာမ၊ အာပတ် မည်သည်။ နတ္ထိ၊ မရှိ။ လ။ ယံကုသလ စိတ္တေန အာပဇ္ဇတီတိ၊ ယံကုသလစိတ္တေန အာပဇ္ဇတိ-ဟူသည်ကား။ သိက္ခာပဒသီသေန၊ သိက္ခာပုဒ်ကိုအဦးပြုသဖြင့်။ ဂဟိတံ၊ ယူအပ်သော။ ယံအာပတ္တိံ၊ အကြင်အာပတ်သို့။ ကုသလစိတ္တသမင်္ဂီ၊ ကုသိုလ်စိတ်နှင့် ပြည့်စုံသည်ဖြစ်၍။ အာပဇ္ဇတိ၊ ရောက်၏။ ။ပန၊ ဆက်၍ဆိုဦးအံ့။ ဣမိနာဝစ နေန၊ ဤယံကုသလစိတ္တေန အာပဇ္ဇတိ-ဟူသောစကားဖြင့်။ တံအာပတ္တိံ၊ ထို အာပတ်ကို။ ကုသလန္တိ၊ကုသိုလ်ဟူ၍။ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။အာပတ္တိ ယာ၊ အာပတ်၏။ ပရိယာယတော ဝ၊ ပရိယာယ် အားဖြင့် သာလျှင်။ ကုသလ

ဘာဝေါ၊ ကုသိုလ်၏အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣမံအတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတိ၊ ပြတော်မူ၏။ ပရမတ္ထတော၊ မုချဆတ်ဆတ် ပရမတ္ထအား ဖြင့်၊ အာပတ္တိယာ၊ အာပတ်၏၊ ကုသလဘာဝေါ၊ ကုသိုလ်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ နဒဿေတိ၊ ပြတော်မမူ။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ကုသလစိတ္တေန၊ ကုသိုလ်စိတ်ဖြင့်။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇန္တော၊ ရောက်သည်ရှိသော်။ သစိတ္တကံဝါ၊ စိတ်နှင့် တကွလည်းဖြစ်သော။ အစိတ္တကံဝါ၊ စိတ်နှင့်တကွ မဟုတ်သည်လည်းဖြစ် သော။ သိက္ခာပဒဝီတိက္ကမာကာရပ္ပဝတ္တံ၊ သိက္ခာပုဒ်ကို လွန်ကျူးသော အခြင်း အရာအားဖြင့်ဖြစ်သော။ရူပက္ခန္ဓသင်္ခါတံ၊ရူပက္ခန္ဓာဟုဆိုအပ်သော။အဗျာကတာ ပတ္တိံ၊ အဗျာကတအာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ။(ဤကားအနက်)။ ။ လိုရင်းအဓိပ္ပါယ်ကား-အနဝဇ္ဇ သဘောရှိသော ကုသိုလ်သည် သာဝဇ္ဇသဘော ရှိသော အကုသိုလ်ဟူသောအမည်နှင့် ဆန့်ကျင်ရကား အာပတ်မမည်။ အာပတ် ဟုမခေါ်ဝေါ်စကောင်း။ အနဝဇ္ဇသဘောမရှိသောအကုသိုလ်၊ ရုပ်အဗျာကတ တို့သည်သာ သာဝဇ္ဇသဘောရှိသော အာပတ်ဟူသောအမည်နှင့် မဆန့်ကျင် ရကား အာပတ်မည်၏။ အာပတ်ဟုခေါ်စကောင်း၏ ဟူလိုသည်။

ဝိမတိဝိနောဒနီဋီကာ ဆရာ၏ အလိုအားဖြင့် အတ္ထိပန သိက္ခာပဒံ ကုသလံ-စသောစကားကိုရင်း၊ အာပတ္တာဓိကရဏံ သိယာ အကုသလံ သိယာ အဗျာ ကတံ။ နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ-စသော စကားကိုရင်း စက္ခုနာ ရူပံ ပဿတိ-ဟူသကဲ့သို့ အကြောင်းဖြစ်သော ပရမတ္ထဓမ္မတို့၏ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဟူသောအမည်ကို အကျိုးဖြစ်သော အာပတ် ပညတ်၌တင်စား၍ ကာရဏူပစာဖြင့်သာ ဆိုအပ်၏။ အာပတ်၏ကုသိုလ် အစရှိသော ပရမတ္ထဓမ္မ၏ အဖြစ်၏ အစွမ်းဖြင့် ဆိုအပ်သည်မဟုတ်။ စင်စစ်အားဖြင့်ကား ကုသိုလ်အစရှိ သော နာမ်ရုပ်တရားကိုစွဲ၍ ခေါ်ဝေါ်အပ်သော အာပတ်ဟူသော နာမပညတ် သည်ရင်း၊ နေလ,နက္ခတ်တို့၏ လှည့်လည်ခြင်းကိုစွဲ၍ ကြံဆအပ်သော ကာလဟု ဆိုအပ်သော ဝိကပ္ပ အတ္ထပညတ်ကဲ့သို့ ထိုနာမပညတ်သည်ပြအပ်သော ကြံဆ အပ်သော လွန်ကျူးခြင်းအမူအရာ အာပတ်ဟုဆိုအပ်သော ဝိကပ္ပ အတ္ထပညတ် သည်ရင်း အာပတ်မည်၏။ ။ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌။ ။အတ္ထိပန သိက္ခာ ပဒံ ကုသလန္တိအာဒိနာ အာပတ္တိသမုဋ္ဌာပကတိစိတ္တဝသေန ကာရိယေ ကာရဏောပစာရေန ဝုတ္တံ။န ပနအာပတ္တိယာ ကုသလာဒိ ပရမတ္ထဓမ္မတာဝသေန အာပတ္တိယာ သမ္မုတိ သဘာဝတ္တာ။ ကုသလာဒိ ပရမတ္ထဓမ္မေ ဥပါဒါယ ဟိ ဘဂဝတာ အာပတ္တိ သမ္မုတိ ပညတ္တာ။ဝက္ခတိ ဟိ ယံကုသလစိတ္တေန အာပဇ္ဇတိ၊ တံကုသလန္တိအာဒိ ။နဟိ ဘဂဝတော အာဏာယတ္တအာပတ္တိ ကုသလာဒိ ပရမတ္ထ

သဘာဝါ ဟောတိ။ အနုပသမ္ပန္နာနံ အာဒိကမ္မိကာနဥ္စ အာပတ္တိပသင်္ဂတော။ တဿာဒေသနာ ဝိသုဒ္ဓိဟိ ဝိသုဒ္ဓိ ဘာဝပ္ပသင်္ဂတောစ။ နဟိ ကာရဏာဗလေန၊ ဥပ္ပဇ္ဇမာနာ ကုသလာဒိသဘာဝါအာပတ္တိ အနုပသမ္ပန္နာဒီသု နိဝတ္တတိ။ဥပ္ပန္နာယစ တဿာ ကေနစိ ဝိနာသော နသမ္ဘဝတိ သရသဝိနာသနတော။ ဒေသနာဒိနာစ အာပတ္တိ ဝိဂစ္ဆတီတိ ဝစနမတ္တံ။ နပန တေန အကုသလာဒိ ဝိဂစ္ဆတိ။ ပိတုဃာတာဒိကမ္မေနဟိ ပါရာဇိကာ အာပန္နဿ ဘိက္ခုနော ဂိဟိလိင်္ဂံ ဂဟေတွာ ဘိက္ခု ဘာဝပ္ပရိစ္စာဂေန ပါရာဇိကာပတ္တိ ဝိဂစ္ဆတိ။ နပါဏာတိပါတာဒိ အကုသလံ။ အာနန္တရိယာဒိဘာဝတော။ ။ဟူ၍ရင်း။ ။တေနေဝ ဒုဋ္ဌဒေါသ သိက္ခာပဒ ဋ္ဌကထာယံ အာပတ္တိယာ အကုသလာဒိသဘာဝံ ပရပရိကပ္ပိတံ နိသေဓေတုံ အာဒိကမ္မိကဿ အနာပတ္တိဝစနတော။ ပ။ ပဏ္ဏတ္တိမတ္တမေဝ အာပတ္တာဓိကရဏန္တိ ဝေဒိတဗ္ဗန္တိ သယမေဝ ဝက္ခတိ။ ။ဟူ၍ရင်း မိန့်အပ်၏။

အတ္ထိပနသိက္ခာပဒံ ကုသလန္တိအာဒိနာ၊ အတ္ထိပနသိက္ခာပဒံ ကုသလံ–ဤသို့ အစရှိသောစကားရပ်ဖြင့်။အာပတ္တိသမုဋ္ဌာပကတိစိတ္တဝသေန၊ အာပတ်ကိုဖြစ်စေ တတ်သော ကုသိုလ်, အကုသိုလ်, အဗျာကတတည်းဟူသော သုံးပါးသော စိတ် တို့၏အစွမ်းဖြင့်။ ကာရိယေ၊ အကျိုးဖြစ်သောအာပတ်၌။ကာရဏော ပစာရေန၊ အကြောင်း ဖြစ်သောစိတ်၏ အဖြစ်ကိုတင်စား၍ ခေါ်ဝေါ်သော အားဖြင့်။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်အပ်၏။ ။ပန၊ဗျတိရေကကိုဆိုဦး အံ့။အာပတ္တိယာ၊ အာပတ်၏။ သမ္မုတိသဘာဝတ္တာ၊ ပညတ်သဘောရှိသည်၏ အဖြစ်ကြောင့်။ အာပတ္တိယာ၊ အာပတ်၏။ ကုသလာဒိပရမတ္ထ ဓမ္မတာ ဝသေန၊ ကုသိုလ်အစရှိသော ပရမတ္ထဓမ္မ၏ အဖြစ်၏အစွမ်းဖြင့်။ နဝုတ္တံ၊ အဋ္ဌကထာ ဆရာ ဆိုတော်မမူအပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ကုသလာဒိပရမတ္ထဓမ္မေ၊ ကုသိုလ် အစရှိသော ပရမတ္ထတရားတို့ကို။ ဥပါဒါယ စွဲ၍။ အာပတ္တိသမ္မုတိ၊ အာပတ် ဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းကို။ ပညတ္တာ၊ ပညတ်တော်မူအပ်ပြီ။ ဟိသစ္စံ၊ ထို စကားသည် မှန်၏။ ယံ အာပတ္တာဓိကရဏံ၊ အကြင် အာပတ္တာဓိကရုဏ်းသို့။ ကုသလစိတ္တေန၊ ကုသိုလ်စိတ်ဖြင့်။ အာပဇ္ဇတိ၊ ရောက်၏။ တံအာပတ္တာဓိကရဏံ၊ ထိုအာပတ္တာဓိကရုဏ်းသည်။ ကုသလံ၊ ကုသိုလ်မည်၏။ ဣတိအာဒိံ၊ ဤသို့အစ ရှိသောစကားကို။ ဝက္ခတိ၊ ဆိုတော်မူလတ္တံ့။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ဘဂဝတော၊• မြတ်စွာဘုရား၏။ အာဏာယတ္တ အာပတ္တိ၊ အာဏာတော်နှင့် စပ် သော အာပတ်သည်။ ကုသလာဒိ ပရမတ္ထ သဘာဝါ၊ ကုသိုလ် အစရှိသော ပရမတ္ထသဘောရှိသည်။ နဟောတိ၊ မဖြစ်။ကသ္မာ၊ အဘယ့်ကြောင့်။ နဟောတိ၊ မဖြစ်လေသနည်းဟူမူကား။ အနုပသမ္ပန္နာနဥ္စ၊ လူသာမဏေတို့အားရင်း။ အာဒိ ကမ္မိကာနဥ္စ၊ အစအမူ၌ယှဥ်သော ပုဂ္ဂိုလ်တို့အားရင်း။ အာပတ္တိပ္ပ သင်္ဂတောစ၊

အာပတ်သင့်၏ဟု လျှဉ်းပါး သင့်သောကြောင့်ရင်း။ တဿာ၊ ထိုအာပတ်၏။ ဒေသနာဒိသုဒ္ဓိဟိ၊ ဒေသနာ ကြားခြင်း အစရှိသော သုဒ္ဓိတရားတို့ဖြင့်။ ဝိသုဒ္ဓိ ဘာဝပ္ပသင်္ဂတောစ၊စင်ကြယ်ခြင်း၏မရှိခြင်း၌ လျှဉ်းပါးသင့်သောကြောင့်ရင်း။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ကာရဏာဗလေန၊ အကြောင်း၏ အစွမ်းဖြင့်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သော။ ကုသလာဒိ သဘာဝါ၊ ကုသိုလ်အစ ရှိသော သဘောရှိသော။ အာပတ္တိ၊ အာပတ်သည်။ အနုပသမ္ပန္နာဒိသု၊ လူ သာမဏေစသည်တို့၌။ နနိဝတ္တတိ၊ မဆုတ်နစ်။ ကုသလာဒိနံ၊ကုသိုလ်အစရှိသည် တို့၏။ သရသ ဝိနာသနတော၊ မိမိသဘောအားဖြင့် ချုပ်ငြိမ်း ပျက်စီးခြင်း ကြောင့်။ ဥပ္ပန္နာယ၊ ဖြစ်ပြီးသော။ တဿာ၊ ထိုအာပတ်၏။ ကေနစိ၊ တစုံတခု သော အကြောင်းဖြင့်။ ဝိနာသော၊ ပျက်စီးခြင်းသည်။ နစသမ္ဘဝတိ၊ ဖြစ်လည်း မဖြစ်သင့်။ ဒေသနာဒိနာ၊ ဒေသနာကြားခြင်း စသည်ဖြင့်။ အာပတ္တိ၊ အာပတ် သည်။ ဝိဂစ္ဆတိ၊ ကင်းပျောက်၏။ ဣတိဝစနံ၊ ဤသို့ ဟောဘော်မူအပ်သော စကားတော်သည်။ အတ္ထိစ၊ ရှိလည်းရှိ၏။ ပန၊ ယင်းသို့ပင်ရှိသော်လည်း။ တေန၊ ထိုဒေသနာကြားခြင်းစသည်ဖြင့်။ အကုသလာဒိ၊ အကုသိုလ်အစရှိသည်သည်။ နဝိဂစ္ဆတိ၊ မကင်းပျောက်။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ပိတုဃာတကာဒိ ကမ္မေန၊ပိတုဃာတက အစရှိသောအမှုကိုပြုခြင်းကြောင့်။ ပါရာဇိကံ၊ပါရာဇိက အာပတ်သို့။အာပန္နဿ၊ရောက်သော။ ဘိက္ခုနော၊ ရဟန်းအား။ဂိဟိလိင်္ဂ၊ လူ၏ အသွင်ကို။ ဂဟေတွာ၊ ယူပြီး၍။ ဘိက္ခုဘာဝပရိစ္စာဂေန၊ ရဟန်း၏ အဖြစ်ကို စွန့်ခြင်းဖြင့်။ ပါရာဇိကာပတ္တိ၊ ပါရာဇိက အာပတ်သည်။ နဝိဂစ္ဆတိ၊ မကင်း မပျောက်။အာနန္တရိယာဒိဘာဝတော၊ စုတိ၏အခြားမဲ့၌ အကျိုး ပေးခြင်း အစ ရှိသော သဘောရှိသည်အဖြစ်ကြောင့်။ပါဏာတိပါတာဒိအကုသလံ၊ ပါဏာတိ ပါတ အစရှိသော အကုသိုလ်သည်။ နဝိဂစ္ဆတိ၊ မကင်းမပျောက်။ ။(ဤကား ရှေးရှေးဋီကာပါဌ်၏အနက်)။ ။တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဒုဋ္ဌဒေါသ အဋ္ဌကထာယံ၊ ဒုဋ္ဌဒေါသ သိက္ခာပုဒ်အဋ္ဌကထာ၌။ အာပတ္တိယာ၊ အာပတ်၏။ အကုသလာဒိသဘာဝံ၊ အကုသိုလ်အစရှိသောသဘောကို။ နိသေဓေတုံ၊တားမြစ် ခြင်းငှါ။အာဒိကမ္မိကဿ အနာပတ္တိဝစနတော။ပ။ပဏ္ဏတ္တိမတ္တမေဝ အာပတ္တာဂိ ကာရဏန္တိဝေဒိတဗ္ဗန္တိ၊ အာဒိကမ္မိကဿ။ပ။ဝေဒိတဗ္ဗံ ဟူ၍။ သယမေဝ၊အဋ္ဌကထာ ဆရာကိုယ်တိုင်ပင်လျှင်။ ဝက္ခတိ၊ ဆိုတော်မူလတ္တံ့။ ။(ဤကား နောက်ဋီကာ ပါဌ်၏အနက်)

လိုရင်းအဓိပ္ပါယ်ကား- နာမ်ရုပ်သည် အကယ်၍ အာပတ် မည်ခဲ့အံ့၊ လောက ဝဇ္ဇစသည်ကိုလွန်ကျူးသော အာဒိကမ္မိက ရဟန်း, သာမဏေတို့အားလည်း အကုသိုလ်စသည် ဖြစ်သောကြောင့်၊ အာပတ်သင့်ခြင်း ဖြစ်ခဲ့ရာ၏။ သည်သာ မဟုတ်သေး၊ နာမ်ရုပ်အစိတ်သည် အာပတ်မည်ခဲ့အံ့၊ ခဏတ္တယသို့ရောက်၍ မိမိ

အလိုအလျောက်ချုပ်ရကား ဒေသနာကြားခြင်းစသည်ကို ပြုဘွယ်မရှိခဲ့ရာ၊နာမ် ရုပ်အစဉ်သည် အာပတ်မည်ခဲ့အံ့၊ဒေသနာကြားခြင်း စသည်ဖြင့်လည်း မပျောက်ခဲ့ရာ၊ ဒေသနာကြားခြင်း စသည်ဖြင့်ပျောက်ကြောင်းကို ဘုရားဟောတော်မူအပ်၏။ ခဏတ္တယသို့ရောက်၍ အလိုအလျောက် ချုပ်ငြားသော်လည်း အကျိုးပေးစွမ်းနိုင်သည်၏ အဖြစ်ဖြင့် ထင်ရှားတည်သော အာပတ်သည် ဒေသနာကြားခြင်း စသည်ကို ပြုသော် အကျိုးမပေးစွမ်းနိုင်သည်၏ အဖြစ်ဖြင့် ကင်းပျောက်ရကား အကုသိုလ်သည် အာပတ်မည်၏ ဟူငြားအံ့၊ အချို့သော အကုသိုလ်အာပတ်သည် ကင်းပျောက်ပေရာ၏။ ။အာနန္တရိယကံ စသော အကုသိုလ်အာပတ်ကား မပျောက်ခဲ့ရာ၊ လူထွက်လျှင် ပျောက်ကြောင်းကိုလည်း ဘုရားဟောတော်မူ အပ်၏။ ထို့ကြောင့် အာပတ်သင့်စေဟူသော အာဏာတော်အတိုင်း မကုစားသရွေ့ကာလပတ်လုံး စင်စစ်တည်စကောင်းသော ဒေသနာကြားခြင်းစသည်ဖြင့် ကင်းပျောက်စေဟူသော အာဏာတော်အတိုင်း ကုစားသောအခါ စင်စစ် ကင်းပျောက်စကောင်းသော ပညတ်သည်သာ အာပတ်မည်၏။ ဤကဲ့သို့သဘောမရှိသော အကုသိုလ် ရုပ်အဗျာကတသည် အာပတ် မမည်ဟူလိုသည်။

အာဒိကမ္မိကဿ ၊ အနာပတ္တိ ဝစနတော-စသော ပါဠိရုပ်သည် ဋီကာအရှင်ကြည့်သော ဒုဋ္ဌဒေါသ သိက္ခာပုဒ် အဋ္ဌကထာပေတို့၌ ပါဟန်ရှိသည်။ ။ယခုအခါ ဒုဋ္ဌဒေါသသိက္ခာပုဒ် အဋ္ဌကထာ ပေတို့၌မရှိ။ ။နစ အမူလကေန ပါရာဇိကေန ဓမ္မေနာတိဧတ္ထ အာဂတော ပါရာဇိက ဓမ္မော ပဏ္ဏတ္တိနာမ ဟောတိ၊ ကသ္မာ၊ အစ္စန္တအကုသလတ္တာ။ ။ဟူသော ဒုဋ္ဌဒေါသ သိက္ခာပုဒ်အဋ္ဌကထာ။ ။အာပတ္တာဓိကရဏံ သိယာ အကုသလံ၊ သိယာ အဗျာကတံ၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလန္တိဧတ္ထ သန္ဓာယ ဘာသိတဝသေန အတ္ထော ဝေဒိတဗ္ဗော။ ။စသော သမထက္ခန္ဓက အဋ္ဌကထာတို့ကိုထောက်လျှင် အချင်းချင်း ဆန့်ကျင်ရန်ရှိရကား မရှိခြင်းသာ သင့်ရိပ်ထင်၏။ ။ဋီကာနှစ်ဝါဒတို့တွင် သာရတ္ထ ဝါဒကိုသာ ယုတ္တတရဟု မှတ်ယူသင့်သည်။ အဘဲ့ကြောင့်နည်းဟူမူ ဧ-ထုန ဝီတိက္ကမအရာ၌ အာဒိကမ္မိကရဟန်းတို့အား အကုသိုလ်၊ သာမဏေတို့အား လိင်္ဂနာသနသာ၊ နောက်နောက် ကျူးလွန်သော ရဟန်းတို့အား ဘိက္ခုဘာဝ အဘဗ္ဗဖြစ်သည်။ ဤကဲ့သို့ လွန်ကဲသော်အပြစ်ရှိသော အာဒိကမ္မိက ရဟန်း, သာမဏေတို့မှ အသီးသော်သာဝကတို့၏ အရာကို လွန်သော သိက္ခာပုဒ်ဟူသော အာဏာတော်နှင့်စပ်သော ဝီတိက္ကမ အကုသိုလ်သည်သာ အာပတ်မည်ရကား အကုသိုလ်ဖြစ်ငြားသော်လည်း အာဒိကမ္မိကရဟန်း, သာမဏေတို့၏ အကုသိုလ်ကို အာပတ်ဟူ၍မခေါ်သင့်။ ခဏတ္တယသို့ရောက်၍ ချုပ်ငြားသော်လည်း အကုသိုလ် အာပတ်သည် မကုစားသမျှကာလပတ်လုံး အကျိုးပေးစွမ်းနိုင်သည်၏အဖြစ်ဖြင့် ထင်

P.G.M, 493.• D—35

ရှားရှိသည်။ ရုပ်အဗျာကတအာပတ်သည် လျှို့ဝှက်သောစေတနာအား ကျေးဇူးပြုသောအားဖြင့် ထင်ရှားရှိသည်။ ကုစားသောအခါ အကျိုးပေးခြင်း ကျေးဇူးပြုခြင်းမရှိသောအားဖြင့် ကင်းပျောက်သည်။ ဤသို့အသင့်ယုတ္တိရှိသောကြောင့်ငင်း၊ အစ္စန္တအကုသလတ္တာ-စသော အဋ္ဌကထာနှင့် ညီသောကြောင့်ငင်းဟူပေ။

စေတနာရှိလျက် ကျူးလွန်ရာ၌ ပညတ်အာပတ်၏ အကြောင်းဖြစ်သော အကုသိုလ်သည်ငင်း၊ မသိ၍ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ကို ကျူးလွန်ရာ၌ ပညတ်အာပတ်ကို ဖုံးလွှမ်းသော အကုသိုလ်သည်ငင်း အပါယ်သို့ ချ၏။ ။သို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌။ ။အာပတ္တိယာစ သမ္မုတိသဘာဝတ္တေပိ သဥ္စိစ္စ တံအာပဇ္ဇန္တဿ ပဋိကိရိယံ အကရောန္တဿစ အနာဒရေ အကုသလရာသိစေဝ သဂ္ဂမဂ္ဂန္တရာယောစ ဟောတိ။ ။ဟူ၍မိန့်အပ်ပြီ။ ။စ၊ ဆက်၍ဆိုဦးအံ့။ အာပတ္တိယာ၊အာပတ်၏။ သမ္မုတိသဘာဝတ္တေ၊ သမ္မုတိသဘောရှိသည်၏ အဖြစ်သည်။ သတိပိ၊ရှိသော်လည်း။ သဥ္စိစ္စ၊ စေတနာရှိသည်ဖြစ်၍။ တံ၊ ထိုအာပတ်သင့်ခြင်းသို့။ အာပဇ္ဇန္တဿစ၊ ရောက်သောရဟန်းအားငင်း။ ပဋိကိရိယံ၊ ကုစားခြင်းကို။ အကရောန္တဿစ၊ မပြုသောရဟန်းအားငင်း။ အနာဒရေ၊ မရိုသေခြင်း၌။ အကုသလ ရာသိစေဝ၊ အကုသိုလ်တရား၏အစုသည်ငင်း။ သဂ္ဂမဂ္ဂန္တရာယော စ၊ နတ်ရွာမင်္ဂဖိုလ်၏ အန္တရာယ်သည်ငင်း။ ဟောတိ။ ဖြစ်၏။ ။(ဤကားအနက်)

အာနန္တရိယကံ၊ အရိယူပဝါဒကံ အာပတ်မှ တပါးသော အာပတ်တို့သည် ကုစားလျှင် အကြွင်းမဲ့ပျောက်၏။ အဟောသိကံ ဖြစ်၏။ ။ထို့ကြောင့် သမ္မောဟဝိနောဒနီ ... တထက္ခန္ဓက တေရသကဏ် ဋီကာ၌။ ။ယဉ္စ အာပတ္တာဓိကရဏံ ကုသလံ၊ တမ္ပိ ဒေသိတံ ဝုဋ္ဌိတံဝါ အနန္တရာယကရံ၊ ယထာဟ အရိယူပဝါဒကမ္မံ အကုသလမ္ပိ သမာနံ အစ္စယံ ဒေသေတွာ ခမာပနေန ပယောဂသမ္ပတ္တိ ပဋိဗာဟိ တတ္တာ အဝိပါကမ္မတံ အာပန္နံ အဟောသိကမ္မံ ဟောတိ။ ဧဝမိဒမ္ပိ ဒေသိတံဝါ ဝုဋ္ဌိတံဝါ ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ အဝိပါကမ္မတာယ အဟောသိကမ္မဘာဝေန အနန္တရာယကရံ ဇာတံ။ တေနေဝ သာပတ္တိကဿ ဘိက္ခုဝေ နိရယံဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါတိ သာပတ္တိကဿေဝ အပါယဂါမိတာ ဝုတ္တာ။ ။ဟုမိန့်အပ်ပြီ။ ။ကုလလံ၊ ကုသိုလ်ဖြစ်သော။ ယဉ္စ အာပတ္တာဓိ ကရဏံ၊ အကြင် အပတ္တာဓိကရုဏ်းသည်၊ အတ္ထိ ရှိ၏။ တမ္ပိအာပတ္တာဓိရဏံ၊ ထိုအာပတ္တာ ဓိကရုဏ်းသည်။ ဒေသိတံဝါ၊ဒေသနာကြားအပ်ပြီးသည်ရှိသော်ငင်း။ ဝုဋ္ဌိတံဝါ၊ ဝုဋ္ဌာနကံပြုအပ်ပြီးသည် ရှိသော်ငင်း။ အနန္တရာယကရံ၊ အန္တရာယ်ကို မပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ တံ့ပါကဋ္ဌံကရောမိ၊ ထိုစကားကိုဥပမာဖြင့် ထင်စွာပြုဦးအံ့။ အရိယူပဝါဒကမ္မံ၊ အရိယူပဝါဒကံသည်။အကုသလံ၊ အကုသိုလ်သည်။သမာနမ္ပိ၊ ဖြစ်လျဉ်းမူလည်း။ အစ္စယံ၊ကျူးလွန်သောအပြစ်ကို။ ဒေသေတွာ၊ ထင်စွာပြ၍။

ခမာပနေန၊ သည်းခံစေခြင်းဖြင့်။ ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ၊ ပယောဂသမ္ပတ္တိသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ အဝိပါကမ္မတာ၊ အကျိုးမပေးသော သဘောရှိသည်၏ အဖြစ်သို့။ အာသန္နံ၊ ရောက်သည်ဖြစ်၍။ အဟောသိကမ္မံ၊ အဟောသိကံသည်။ ဟောတိယထာ၊ ဖြစ်းလာဘိသကဲ့သို့။ ဧဝံ ဘထာ၊ ထိုအတူ။ဣဒမ္ပိအာပတ္တာ မိကရဏံ၊ ဤအာပတ္တ ဓိကရုဏ်းသည်လည်း။ ဒေသိတံဝါ၊ ဒေသနာကြားအပ်ပြီးသည်ရှိသော်ငင်း။ ဝုဋ္ဌိတံဝါ၊ ဝုဋ္ဌာနကံပြုအပ်ပြီးသည်ရှိသော်ငင်း။ ပယောဂသမ္ပတ္တိ ပဋိဗာဟိ တတ္တာ၊ ပယောဂ သမ္ပတ္တိသည် တားမြစ်အပ်သည်၏အဖြစ်ကြောင့်။ အဝိပါက မ္မတာယ အကျိုးပေးခြင်း သဘော မရှိသည်၏ အဖြစ်ဖြင့်။ အဟောသိကမ္မ ဘာဝေန၊ အဟောသိကံ၏ အဖြစ်ဖြင့်။ အနန္တရာယကရံ၊အန္တရာယ်ကိုမပြုတတ်သည်။ဇာတံ၊ဖြစ်၏။တေနဝ၊ ထို့ကြောင့်သာလျှင်။ သာပတ္တိကဿ ဘိက္ခဝေ နိရယံဝါ ဝဒါမိတိရစ္ဆာနယောနိံ ဝါတိ၊ သာပတ္တိကဿ။ပ။ယောနိံ ဝါ-ဟူ၍။သာပတ္တိကဿေဝ၊အာပတ် ထင်ရှားရှိသော ရဟန်း၏ သာလျှင်။ အပါယဂါမိတာ၊ အပါယ်သို့ လားသည်၏ အဖြစ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ။ ဤကား အနက်)

ဝိမတိဝိနောဒနီဋီကာ၌လည်း ကုစားလျှင် ပညတ်အာပတ်၏ အကြောင်းဖြစ်သော အာနန္တရိယကံ၊ အရိယူပဝါဒကံမှ တပါးသော စေတနာတို့၏ ပညတ်အာပတ်နှင့်တကွပျောက်ကြောင်းကို ပဋိကံရိယံ ကရေန္တဿ-စသောပါဠိတို့ဖြင့် ဗျတိရိက်အားဖြင့် ပြတော်မူ၏၊ထို့ကြောင့် အာပတ်ပျောက်သော အရာ၌ ဋီကာနှစ်ရပ်တို့ညီညွတ်၏။ အရိယူပဝါဒကံ အာပတ်သည် ကုစားရုံမျှဖြင့်မပျောက်၊ ကုစားပြီး၍ ကန်တော့မှ ကန်တော့ပြီး၍ ကုစားမှ ပျောက်၏။ဝိမတိဝိနောဒနီဋီကာ၌ အကယ်၍ ကုသိုလ်သည် အာပတ်မည်ခဲ့အံ့၊ အဘကိုသတ်ခြင်း စသည်ကိုပြုရာ၌ လူထွက်သော်လည်း မပျောက်ခဲ့ရာ၊ လူထွက်လျှင် ပျောက်ကြောင်းကိုလည်း ဘုရားဟောတော်မူအပ်၏။ လူထွက်ခြင်း စသည်ဖြင့် စင်စစ်ပျောက်စကောင်းသော ပညတ်သော အာပတ်မည်၏-ဟူ၍ အာပတ်၏ ပညတ်၏အဖြစ်ကို ပြခြင်းငှါ သာလျှင် ပိတုဃာတာဒိကမ္မေနဟိ-စသောပါဠိဖြင့် ကမ္မဝိသေသဖြစ်သော အာနန္တရိယ အကုသိုလ်၏သာ မပျောက်ကြောင်းကို ပြတော်မူ၏။ ကြွင်းသော အကုသိုလ်တို့၏ ပျောက်ကြောင်းကိုပြတော်မူသည် မဟုတ်ဟု မှတ်ရမည်။

အာပတ္တိသရူပဒီပနီ စွယ ပြီး၏။

---

(၁၀) ဥပသမ္ပဒအရာ၌ သာမဏေရဘူမိ၌ တည်မှပင် ရဟန်းဖြစ်မည်၊ သို့မဟုတ် ဂိဟိဘူမိ၌ တည်သော်လည်း ရဟန်းအဖြစ်သို့ ရောက်

နိုင်မည်ကို ဒွိဟ မကင်း ရှိပါ၍ အကျဉ်းသခေပအားဖြင့် ဖြေကြားအပ်သော ဝိနိစ္ဆယကို မှတ်တော်မူပါမည် အကြောင်းကို လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

ဂိဟိဘူမိ၌တည်သော ရသေ့ ပရိဗိုဇ် သာမဏေ ရဟန်းမည်သည်မရှိသော ကြောင့် လူ၏အသွင်မှကင်းခြင်းသည် ရသေ့စသည်အရာ၌ အင်္ဂါအစစ်ပင် ဖြစ်သောကြောင့် လူ၏အသွင်မှသာလျှင် သသေ့ပရိဗိုဇ် သာမဏေ ရဟန်း၏အဖြစ်သို့ ရောက်သကဲ့သို့ ထို့အတူ၊ဥ တ္တိ စတုတ္ထကံဖြင့် ရဟန်းပြုရာ၌လည်း လူ၏အသွင်ကင်းမှ ဥပသမ္ပဒ အဖြစ်သို့ရောက်သည်ဟုမှတ်၊ အဝတ်မစည်း အချည်းနှီး နေသော နဂ္ဂသည် သာမဏေ၏ အသွင်ကို ယူဘူးသောနဂ္ဂ၊ သာမဏေ၏အသွင်ကို မယူဘူးသောနဂ္ဂ-ဟူ၍ နှစ်ယောက်ရှိသည်၊ ထိုနှစ်ယောက်တို့တွင် သာမဏေ၏ အသွင်ကို ယူဘူးသော နဂ္ဂသည်လည်း သင်္ကန်းကို ဝတ်အံ့ဟု သင်္ကန်း၌ အားထုတ်ခြင်း ရှိသောနဂ္ဂ၊ သင်္ကန်းကို ဝတ်အံ့ဟု သင်္ကန်း၌ အားထုတ်ခြင်းမရှိသော နဂ္ဂ-ဟူ၍ နှစ်ယောက်ရှိသည်။ ထိုနှစ်ယောက်တို့တွင် သင်္ကန်း၌ အားထုတ်ခြင်း ရှိသော နဂ္ဂသည် သာမဏေ၏အသွင်၌ တည်သည်မည်၏။ ထို့ကြောင့် ရဟန်း သာမဏေပြုသော် ရဟန်း၏ အဖြစ် သာမဏေ၏ အဖြစ်သို့ရောက်၏။ သင်္ကန်း၌ အားထုတ်ခြင်း မရှိသော နဂ္ဂသည် သာမဏေ၏ အသွင်၌ တည်သည် မမည် သာမဏေဘုံ ရှိသည် မမည် သောကြောင့် ရဟန်းသာမဏေ ပြုသော်လည်း ရဟန်း သာမဏေ၏ အဖြစ်သို့မရောက်၊ ဥပမာကား-သင်္ကန်းကို ပယ်၍ မေထုန် မှီဝဲရာ၌ သင်္ကန်း၌ ဝတ်အံ့ဟု အားထုတ်ခြင်း ရှိသော သူသည် သာမဏေ၏ အသွင်၌ တည်သည်ပင် မည်သောကြောင့် နောက်အခါ သင်္ကန်းကို ဝတ်သော်လည်း လိင်္ဂထေနက မဖြစ်၊ သင်္ကန်း၌ဝတ်အံ့ဟု အားထုတ်ခြင်းမရှိသော သူသည် သာမဏေအသွင်၌ တည်သည် မမည် သောကြောင့် နောက် အခါ သင်္ကန်းကို ဝတ်သော် လိင်္ဂထေနက ဖြစ်သကဲ့သို့တည်း။ ပါဠိတော်ဝယ် နဂ္ဂကို ရဟန်းပြုရာ၌ သင်္ကန်း၌ ဝတ်အံ့ဟု အားထုတ်ခြင်းရှိသည် ဖြစ်၍ သာမဏေ၏ အသွင်၌ တည်ရကား ရဟန်းအဖြစ်သို့ရောက်၏။ ဥပမာကား-ပါဏာတိပါတ အရာ၌ သတ္တဝါသာမည်သည် အင်္ဂါအစစ်ပင် ဖြစ်ငြားသော်လည်း ထင်ရှားရကား မိမိမှတပါးသော သတ္တဝါ၏ အဖြစ်ကို သန္နိဋ္ဌာန် အရာ၌ထား၍ ၎င်းမိမိမှတပါးသော သတ္တဝါ၏ အပေါ်၌ ပါဏာတိပါတ အင်္ဂါငါးပါးကိုသာ အဋ္ဌကထာ၌ ဆိုသကဲ့သို့ ထိုအတူ၊ လူ၏ အသွင်မှ ကင်းခြင်းသည် ရဟန်းဖြစ်ခြင်း၏ အင်္ဂါအစစ်ပင် ဖြစ်ငြားသော်သည်း ထင်ရှားရကား လူ၏အသွင်မှ ကင်းသော သာမဏေ၏ အသွင်ကို သန္နိဋ္ဌာန်အရာ၌ ထား၍ လူ၏ အသွင်မှ ကင်းသော သာမဏေအသွင်၏ အပေါ်၌ ဝတ္ထုသမ္ပတ္တိ, ဉတ္တိ သမ္ပတ္တိ, ကမ္မဝါစာ

သမ္ပတ္တိ, ပရိသာသမ္ပတ္တိ, သီမ သမ္ပတ္တိ အင်္ဂါကိုသာ အဋ္ဌကထာ၌ဆိုခြင်းဖြစ်သည်။ အဋ္ဌကထာ၌ပင် သာမဏေရံ ဥပသမ္ပာဒေန္တိ-ဟူ၍သာ ရှိသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌ လူ၏ အသွင်ဟု ထင်မှတ်သဖြင့်။ ။အာပတ္တာ စိဝရာနံ ဥပသမ္ပဒါသိဒ္ဓိ ဒဿနတော- ဟူ၍ရင်း၊ လူ၏ အသွင်မှကင်းကွာ၍ သာမဏေ၏ အသွင်၌တည်ခြင်းကို အင်္ဂါမဟုတ်ဟု ထင်မှတ်သဖြင့်။ ။ကမ္မ ဝိပတ္တိယာ အဘာဝတော- ဟူ၍ရင်း အကြောင်းကိုဆို၍ လူ၏အသွင်၌ တည်သော်လည်း ရဟန်းဖြစ်၏ ဟူသော အနက်ကိုပြဆိုသော။ ။ဥပဇ္ဈာယော စေ ကေသမဿုံ ဩရောပနာဒီနိ အကတွာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ နရုဟတိ ပဗ္ဗဇ္ဇာ၊ ကမ္မဝါစံ သာဝေတွာ ဥပသမ္ပာဒေတိ ရုဟတိ ဥပသမ္ပဒါ၊ အပတ္တာ စီဝရာနံ ဥပသမ္ပဒါ သိဒ္ဓိ ဒဿနတော ကမ္မ ဝိပတ္တိယာ အဘာဝတော စေတံ ယုဇ္ဇတေဝါတိ ဓေကော။ ။ဟူ၍ တဝါဒ။ ။လူ၏ အသွင်မှကင်းသော သာမဏေ၏ အသွင်ကို ယူဘူးသောသက်နိုး၌ အားထုတ်ခြင်းရှိသည် ဖြစ်၍ သာမဏေ၏ အသွင်၌ တည်သော နဂ္ဂအား သာလျှင် သာမဏေ၏ အဖြစ်၊ ရဟန်း၏ အဖြစ်သည် ရောက်၏ ဟူသောအနက်ကိုပြဆိုတတ်သော။ ။အာဒိန္န ပုဗ္ဗလိင်္ဂဿ၊ နဂ္ဂဿာပိ ဒွယံ ဘဝေ။ နေတရဿာတိ နောခန္တိ၊ သဗ္ဗပါဌာနုလော မဒေဘာတိ အာစရိယော။ ။ဟူ၍ တဝါဒလာရှိသည်။ ယင်းနှစ်ဝါဒတွင် ရှေ့ဓေကော ဆရာတို့၏ ဝါဒကား မသင့်။ နောက်အာစရိယ ဝါဒသာ သင့်သည်ဟု မှတ်ရာ၏။ ။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကေသမဿုံ ဩရောပနာဒီနိ၊ ဆံမုတ်ဆိတ်ကို ပယ်ချခြင်းစသည်တို့ကို။ အကတွာ၊ မပြုမူ၍။ ပဗ္ဗဇ္ဇတ္ထံ၊ ရှင်ပြုခြင်းအကျိုးငှါ၊ သရဏာနိ၊သရဏဂုံတို့ကို။ စေဒေတိ၊ အကယ်၍ ပေးသည်ဖြစ်အံ့။ ပဗ္ဗဇ္ဇာ၊ ရှင်သာမဏေ၏ အဖြစ်သည်။ နရုဟတိ၊ မရောက်။ ကမ္မဝါစံ၊ကမ္မဝါစာကို။ သာဝေတွာ၊ဘတ်၍။စေဥပသမ္ပာဒေတိ၊ အကယ်၍ ပဉ္စင်းခံသည်ဖြစ်အံ့။ ဥပသမ္ပဒါ၊ ပဉ္စင်း၏ အဖြစ်သည်။ ရုဟတိ၊ ရောက်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဥပသမ္ပဒါ၊ ပဉ္စင်း၏ အဖြစ်သည်။ ရုဟတိ၊ ရောက်လေသနည်း။ အပတ္တာ စီဝရာနံ၊ သပိတ်သင်္ကန်းမရှိသော သူတို့၏။ ဥပသမ္ပဒါသိဒ္ဓိ ဒဿနတော စ ပဉ္စင်း၏ အဖြစ် ပြီးခြင်းကိုမြင်သောကြောင့်ရင်း။ ကမ္မ ဝိပတ္တိယာ၊ ကံပျက်စီးခြင်း၏။ အဘာဝတော စ၊ မရှိ ခြင်းကြောင့်ရင်း။ ဥပသမ္ပဒါ၊ ပဉ္စင်း၏ အဖြစ်သည်။ ရုဟတိ၊ ရောက်၏။ တသ္မာ၊ ထိုကြောင့်။ ဧတံ အတ္ထံ၊ ထိုသပိတ် သင်္ကန်းမရှိဘဲ ပဉ္စင်းခံသော် ပဉ္စင်း၏ အဖြစ်သည် ရောက်၏ ဟူသောအနက်သည်။ ယုဇ္ဇတေဝ၊ သင့်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဓေကေ၊ အချို့ကုန်သော ဆရာ တို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။(ဤကား ဓေကေဝါဒ၏ အနက်)။ ။အာဒိန္နပုဗ္ဗလိင်္ဂဿ၊ ရှေး၌ သာမဏေ၏ အသွင်ကို ယူဘူးသော။ နဂ္ဂဿာပိ၊ သင်္ကန်းကို ဝတ်အံ့ဟု သင်္ကန်း၌ အားထုတ်ခြင်းရှိလျက် အဝတ်မစည်း အချည်းနှီး နေသော

နဂ္ဂအားလည်း။ ဒွယံ၊ သာမဏေ၏ အဖြစ် ပဋ္ဌင်း၏ အဖြစ် နှစ်ပါး စုံသည်။ ဘဝေ၊ ဖြစ်၏။ ဣတရဿ၊ ရှေး၌သာမဏေ၏အသွင်ကို မယူဘူးသော။နဂ္ဂဿ၊ အဝတ်မစည်းအချည်းနှီး နေသောနဂ္ဂအား။ ဒွယံ၊ သာမဏေ၏ အဖြစ် ပဋ္ဌင်း၏အဖြစ် နှစ်ပါးစုံသည်။ နဘဝေ၊ မဖြစ်။ ကသ္မာ၊ အဘဲ့ကြောင့်နည်း ဟူမူကား။ သဗ္ဗပါဌာနုလောမတော၊ အလုံးစုံသော ပါဠိတို့နှင့် လျော်သောကြောင့်တည်း။ ဧတ္ထအယံ၊ ဤသည်ကား။ နော၊ ငါတို့၏။ ခန္တိ၊ အလိုတည်း။ ဝါ၊ နှစ်သက်ခြင်းတည်း။ ဣတိ၊ ဤသို့။ အာစရိယော၊ ဆရာသည်။ ဝဒတိ၊ ဆိုတော်မူ၏။ ။(ဤကား အာစရိယ ဝါဒ၏အနက်)။

ဂိဟိဘူမိ၌ တည်သူ၏ ရဟန်း အဖြစ်သို့ရောက်
မရောက် ဝိနိစ္ဆယပြီး၏။

---

(၁၁) အဌသမောဒါန ပရိဝါသ် ဆောက်တည်ရာ၌ ကောဟ ပဋိစ္ဆန္နာယော။ပ။ ပက္ခပဋိစ္ဆန္နာယော- ဟု အစဉ်အတိုင်း ဆောက်တည်သောအရာ၊ ကောဟ ပဋိစ္ဆန္နာယော ပက္ခပဋိစ္ဆန္နာယော- ဟုကျော်၍ ဆောက်တည်သော အရာ၊ ပက္ခပဋိစ္ဆန္နာယော-ဟူ၍သာ ဆောက်တည်သော အရာများသည် မည်သို့ထူးသည်၊ မည်သို့ အကျိုးအပြစ် ရှိသည်များကို သိလိုပါသည် လျှောက်ထား ရာ၌ အဆုံး အဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အာပတ်ဟူက ထိုက်သည်အားလျော်စွာ သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်တို့အား ထင်ရှားစွာပြုမှုထသည်။ မပြုလျှင် မထ။ အနည်းကိုကြည့်၍ အများ ဖြစ်သောအာပတ်၏ မရှိခြင်းကြောင့် တခုသောအာပတ်ကို အများဆို၍ထင်စွာပြုလျှင် ထ၏၊ အာပတ်အများကို တခုသော အာပတ်ဆို၍ ထင်စွာပြုလျှင် လျှို့ဝှက်ခြင်းကြောင့်မထ။ ကေဝတ္ထုက အာပတ်ကိုကြည့်၍ နာနာဝတ္ထုက အာပတ်၏ မရှိခြင်းကြောင့်/ကေဝတ္ထုက အာပတ်ကို နာနာဝတ္ထုက အာပတ်ဆို၍ ထင်စွာ ပြုလျှင်ထ၏။နာနာဝတ္ထုက အာပတ်ကို ကေဝတ္ထုက အာပတ်ဆို၍ ထင်စွာ ပြုလျှင် လျှို့ဝှက်ခြင်းကြောင့် မထ။ မဖုံးလွှမ်းသော အာပတ်ကို ဖုံးလွှမ်းသော အာပတ်ဟု ဆို၍ ထင်စွာပြုလျှင် လေးသော အမည်ဖြင့် ဆိုခြင်းကြောင့်ထ၏။ ဖုံးလွှမ်းသောအာပတ်ကို မဖုံးလွှမ်းသော အာပတ်ဟုဆို၍ ထင်စွာ ပြုလျှင် လျှို့ဝှက်ခြင်းကြောင့် မထ။ နည်းသောနေ့ကို ကြည့်၍ များသောနေ့၏ မရှိခြင်းကြောင့် တရက် ဖုံးလွှမ်းသော အာပတ်ကို နှစ်ရက် စသည် ဖုံးလွှမ်းသော အာပတ်ဟုဆို၍ ထင်စွာပြုလျှင်ထ၏။ နှစ်ရက်စသည် ဖုံးလွှမ်းသောအာပတ်ကို

တရက် ဖုံးလွှမ်းသော အာပတ်ဟုဆို၍ ထင်စွာပြုလျှင် လျှို့ဝှက်ခြင်းကြောင့် မထ။ တရက် ဖုံးလွှမ်းသော အာပတ် နှစ်ရက်ဖုံးလွှမ်းသော အာပတ် စသော အလီလီသော အာပတ်ကိုကြည့်၍ တရက် တလီသာ ဖုံးလွှမ်းသော အာပတ်၊ နှစ်ရက် နှစ်လီသာ ဖုံးလွှမ်းသော အာပတ် စသည် မရှိခြင်းကြောင့် တရက် တလီသာ၊ နှစ်ရက်နှစ်လီသာ စသည်ဖြင့် ဖုံးလွှမ်းသော တလီသော အာပတ်ကို တရက် ဖုံးလွှမ်းသော အာပတ်၊ နှစ်ရက် ဖုံးလွှမ်းသော အာပတ် စသော အလီလီဖုံးလွှမ်းသော အာပတ်ဟု ဆို၍ ထင်စွာ ပြုလျှင်ထ၏။ တရက်စသော အလီလီဖုံးလွှမ်းသောအာပတ်ကိုတလီသာဖုံးလွှမ်းသော အာပတ်ဟုဆို၍ထင်စွာ ပြုလျှင် လျှို့ဝှက်ခြင်းကြောင့် မထ။ ။ထို့ကြောင့် စူဠဝါ အဋ္ဌကထာ သမုစ္စယက္ခန္ဓက အဘွင့်၌။ ။အညသ္မိံ ပန အာပတ္တိဝုဋ္ဌာနေ ဣဒံလက္ခဏံ၊ ယော အပဋိစ္ဆန္နံ အာပတ္တိံ ပဋိစ္ဆန္နာတိ ဝိနယကမ္မံ ကရောတိ၊ တဿ အာပတ္တိ ဝုဋ္ဌာတိ၊ ယော ပဋိစ္ဆန္နံ အပဋိစ္ဆန္နာတိ ဝိနယကမ္မံ ကရောတိ၊ တဿ နဝုဋ္ဌာတိ၊ အစိရ ပဋိစ္ဆန္နံ စိရ ပဋိစ္ဆန္နာတိ ဝိနယကမ္မံ ကရောတိ၊ တဿပိ ဝုဋ္ဌာတိ၊ စိရပဋိစ္ဆန္နံ အစိရ ပဋိစ္ဆန္နာတိ ဝိနယကမ္မံ ကရောန္တဿ နဝုဋ္ဌာတိ၊ ဧကံအာပတ္တိံ အာပဇ္ဇိတွာ သမ္ဗဟုလာတိ ကရောန္တဿပိ ဝုဋ္ဌာတိ၊ ဧကံဝိနာ သမ္ဗဟုလာနံ အဘာဝတော၊ သမ္ဗဟုလာ ပန အာပဇ္ဇိတွာ ဧကံ အာပဇ္ဇိန္တိ ကရောန္တဿ နဝုဋ္ဌာတိ။ ။ဟု မိန့်အပ်၏။

ပန၊နည်းတပါးကို ဆိုဦးအံ့။ အညသ္မိံ၊ တပါးသော။ အာပတ္တိဝုဋ္ဌာနေ၊ အာပတ်မှထသောအရာ၌။ ဣဒံ၊ဤဆိုအပ်လတ္တံ့သည်ကား။ လက္ခဏံ၊လက္ခဏာ တည်း။ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အပဋိစ္ဆန္နံ၊ မဖုံးလွှမ်းသော။အာပတ္တိံ၊ အာပတ်ကို။ပဋိစ္ဆန္နာတိ၊ ဖုံးလွှမ်းသော အာပတ်ဟူ၍။ ဝတွာ၊ ဆို၍။ ဝိနယကမ္မံ၊ ဝိနည်းကံကို။ ကရောတိ၊ပြု၏။ တဿ၊ ထိုရဟန်း၏။အာပတ္တိ၊အာပတ်သည်။ဝုဋ္ဌာတိ၊ထ၏။ ယောဘိက္ခု၊ သည်။ ပဋိစ္ဆန္နံ၊ဖုံးလွှမ်းသောအာပတ်ကို။အပဋိစ္ဆန္နာတိ၊ မဖုံးလွှမ်းသောအာပတ်ဟူ၍။ ဝတွာ၊ ဆို၍။ ဝိနယကမ္မံ၊ ဝိနည်းကံကို။ကရောတိ၊ ပြု၏။ တဿ၊ ထိုရဟန်း၏။အာပတ္တိ၊သည်။နဝုဋ္ဌာတိ၊ မထ။ ယောဘိက္ခု၊သည်။ အစိရပဋိစ္ဆန္နံ၊ နေ့ရက်မကြာ အတိုသာဖုံးလွှမ်းသော အာပတ်ကို။စိရပဋိစ္ဆန္နာတိ၊ နေ့ရက်များစွာ ကာလကြာအောင် ဖုံးလွှမ်းသောအာပတ်ဟူ၍။ ဝတွာ၊ဆို၍။ ဝိနယကမ္မံ၊ ကို။ ကရောတိ၊ ၏။ တဿပိ၊ ထိုရဟန်း၏လည်း။ အာပတ္တိ၊ သည်။ ဝုဋ္ဌာတိ၊ ထ၏။ စိရပဋိစ္ဆန္နံ၊ နေ့ရက်များစွာ ကာလကြာအောင် ဖုံးလွှမ်းသော အာပတ်ကို။ အစိရပဋိစ္ဆန္နာတိ၊ နေ့ရက်မကြာ အတိုသာဖုံးလွှမ်းသော အာပတ်ဟူ၍။ ဝတွာ၊ ဆို၍။ ဝိနယကမ္မံ၊ကို။ ကရောန္တဿ၊ ပြုသောရဟန်း၏။အာပတ္တိ၊ သည်။ နဝုဋ္ဌာတိ၊ မထ။ ဧကံ၊ တချက်သော။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇိ

တွာ၊ရောက်ပြီး၍။ သမ္ဗဟုလာတိ၊ များစွာသောအာပတ်ဟူ၍။ ဝတွာ၊ဆိုပြီး၍။ ဝိနယကမ္မံ၊ကို။ ကရောန္တဿပိ၊ပြုသောရဟန်း၏သည်း။ အာပတ္တိ၊ သည်။ဝုဋ္ဌာတိ၊ ထ၏။ ကသ္မာ၊ အဘဲ့ကြောင့်နည်းဟူမူကား။ ဧကံ၊ တချက်သောအာပတ်ကို။ ဝိနာ၊ ကြဉ်၍။ သမ္ဗဟုလာနံ၊ များစွာသောအာပတ်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ပန၊ မထသည်ကိုဆိုဦးအံ့။သမ္ဗဟုလာ၊များစွာသောအာပတ်တို့သို့။ အာပဇ္ဇိတွာ၊ ရောက်ပြီး၍။ ဧကံ၊ တချက်သော အာပတ်သို့။ အာပဇ္ဇိ၊ ရောက်ပြီ။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဝိနယကမ္မံ၊ ကို။ ကရောန္တဿ၊ ပြုသော ရဟန်း၏။ အာပတ္တိ၊ သည်။ နဝုဋ္ဌာတိ၊ မထ။ ။(ဤကားအနက်)

ထို့ကြောင့် တရက်ဖုံးသောအာပတ်၊ နှစ်ရက်ဖုံးလွှမ်းသော အာပတ်။ ပ။ ပက္ခဖုံးလွှမ်းသော အာပတ်ရှိသည်ဖြစ်အံ့၊ ဧကာဟပဋိစ္ဆန္နာယော ဒွီဟ ပဋိစ္ဆန္နာယော။ပ။ ပက္ခပဋိစ္ဆန္နာယော-ဟု တရက်ဖုံးလွှမ်းသော အာပတ် နှစ်ရက်ဖုံးလွှမ်းသော အာပတ်။ ပ။ တဆဲ့လေးရက် ဖုံးလွှမ်းသောအာပတ်တို့ကို သံဃာအား နှုတ်ဖြင့်ထင်စွာပြု၍ ပက္ခဖုံးသော အာပတ်၏အပိုင်းအခြား၌ ပေါင်း၍ပရိဝါသ်နေလျှင် တရက်စသည် ဖုံးလွှမ်းသောအာပတ်တို့သည်လည်း ပက္ခဖုံးလွှမ်းသော အာပတ်၌ ဝင်သည်ဖြစ်၍ တလခွဲမျှ ပရိဝါသ်နေကာမျှဖြင့် ထကုန်၏။ ထိုသို့ မဟုတ်၊ တရက်ဖုံးလွှမ်းသောအာပတ်။ ပ။ ပက္ခဖုံးလွှမ်းသော အာပတ်အလီလီ များရှိလျက် ပက္ခပဋိစ္ဆန္နာယော-ဟူ၍သာဆို၍ ပရိဝါသ်နေငြားအံ့၊တပက္ခပတ်လုံး ပရိဝါသ်နေသောရဟန်းသည် တရက်-နှစ်ရက်စသည်ဖြင့် ပက္ခတိုင်အောင်၍ ပရိဝါသ်နေသည်ဖြစ်စေ ထိုသို့ပင် နေသော်လည်း တရက် ဖုံးလွှမ်းသော အာပတ်။ ပ။ ပက္ခဖုံးလွှမ်းသောအာပတ်တို့ကို သံဃာတော်အား နှုတ်ဖြင့် ထင်စွာပြု၍ ပက္ခဖုံးလွှမ်းသောအာပတ်၌ မထည့်မသွင်း လျှို့ဝှက်၍ထားခြင်းကြောင့် တရက်ဖုံးလွှမ်းသော အာပတ်။ပ။ တဆဲ့လေးရက်ဖုံးလွှမ်းသောအာပတ်တို့သည် ပက္ခဖုံးလွှမ်းသော်အာပတ်၌ မဝင် မထ မငြိမ်းကုန်။ ပက္ခဖုံးလွှမ်းသောအာပတ်သာ ထ၏ဟု မှတ်ရာ၏။ ဤအတူ ဧကာဟ ပဋိစ္ဆန္နာယော။ပ။ ပက္ခပဋိစ္ဆန္နာယော်-ဟုဆို၍ပရိဝါသ်နေလျှင် တလီဖုံးလွှမ်းသော အာပတ်ကိုကြဉ်၍ အလီလီ ဖုံးလွှမ်းသော အာပတ်၏ မရှိခြင်းကြောင့် တရက်သာ ဖုံးလွှမ်းသော အာပတ်လည်းထ၏။ နှစ်ရက်သာ- သုံးရက်သာ- လေးရက်သာ။ ပ။ ပက္ခသာ ဖုံးလွှမ်းသော အာပတ်လည်းထ၏။အတိရေကပက္ခ ဖုံးလွှမ်းသော အာပတ်စသည်တို့ကိုလည်း ယခင်နည်းပင် မှတ်အပ်ကုန်၏။ ထို့ကြောင့် ယခုအခါ ကမ္မဝါစာရှိတိုင်းပင် အများကနေ၍ သမောဓာန ပရိဝါသ်သုံးခြင်းကို ပြုရာ၏။ ။ဤအရာတွင် စူဠဝါသမုစ္စယက္ခန္ဓက အဘင့်အဋ္ဌကထာ၌။ ။ယဿပန သတံ အာပတ္တိယော ဒသာဟပဋိစ္ဆန္နာ အပရမ္ပိ သတံ အာပတ္တိယော ဒသာဟပဋိစ္ဆန္နာ၊ ဇံ ဒသက္ခတ္တုံ

(မြည်ကြီးမနှင့်ုင်)

ကတွာ အာပတ္တိ သဟဿံ ဒိ၀သသတံ ပဋိစ္ဆန္နံ ဟောတိ၊ တေန ကိံ ကာတဗ္ဗန္တိ၊ သဗ္ဗံ သမောဒဟိတွာ ဒသဒိ၀သေ ပရိ၀သိတဗ္ဗံ၊ ဧ၀ံ ကောနေ၀ ဒသာဟေန ဒိ၀သ သတမ္ပိ ပရိ၀သိတဗ္ဗမေ၀ ဟောတိ။ ။ဟုမိန့်အပ်၏။ ။ယသာပန၊ အကြှင် ရဟန်းအားကား။ သတံအာပတ္တိယော၊ တရာသောအာပတ်တို့သည်။ ဒသာဟ ပဋိစ္ဆန္နာ၊ ဆယ်ရက်ဖုံးလွှမ်းအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အပရမ္ပိ၊ ထိုမှတပါး လည်း။ သတံအာပတ္တိယော၊ တရာသောအာပတ်တို့သည်။ ဒသာဟပဋိစ္ဆန္နာ၊ ဆယ်ရက် ဖုံးလွှမ်းအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဧ၀ံ၊ ဤသို့။ ဒသက္ခတ္တုံ၊ ဆယ်ကြိမ်။ ကတွာ၊ ပြု၍။ အာပတ္တိသဟဿံ၊ အာပတ် တထောင်သည်။ ဒိ၀သ သတံ၊ ရက်တရာပတ်လုံး။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်သည်။ ဟောတိ၊ ၏။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ကိံ၊ အဘယ်သို့။ ကာတဗ္ဗံ၊ ပြုရပါအံ့နည်း၊ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သဗ္ဗံ၊ အလုံးစုံသောနေ့ညဥ့်ကို။ သမောဒဟိတွာ၊ ပေါင်းစု၍။ ဒသဒိ၀သေ၊ ဆယ်ရက်တို့ပတ်လုံး။ ပရိ၀သိတဗ္ဗံ၊ ပရိ၀ါသ်သုံးအပ်၏။ ဧ၀ံ၊ ဤသို့။ ပါရိ၀ါသိယမာနေ၊ ပရိ၀ါသ်သုံးအပ်သည် ရှိသော်။ (ထည့်) ကောနေ၀၊ တကြိမ်တထပ်သာ ဖြစ်သော။ ဒသာဟေန၊ ဆယ်ရက်ဖြင့်။ ဒိ၀သသတမ္ပိ၊ ရက်တရာပတ်လုံးလည်း။ ပရိ၀သိတဗ္ဗမေ၀၊ ပရိ၀ါသ် သုံးအပ်သည်မည်သည်သာလျှင်။ ဟောတိ၊ ၏။ ။(ဤကားအနက်)

ထိုသို့ ဆယ်ရက်ဆယ်လီ ဖုံးလွှမ်းသောအာပတ်သည် ဆယ်ရက်ဘလီ အလွှ သမောဓာန ပရိ၀ါသ်သုံးလျှင် ထကြောင်းသာလာသည်။ မည်သို့ဆို၍တောင်း ခြင်း ပေးခြင်းကိုပြုအပ်၏ဟူ၍ကားမလာ။ ဋီကာအရပ်ရပ်တို့၌လည်း စီစစ်ခြင်း ပင်မရှိ။ သို့မရှိသည်ကိုထောက်လျှင် တရက်ဖုံးလွှမ်းသော အာပတ်၊ နှစ်ရက် ဖုံး လွှမ်းသော အာပတ် စသည်ကို တောင်းသော အရာ ပေးသော အရာနှင့် မထူး၍ မဆိုသည်ဟု ယူရန်ရှိသည်။ ထို့ကြောင့် ရက်မတူသော အလီလီသော အာပတ် သင့်ရာ၌ တောင်းခြင်း ပေးခြင်းကဲ့သို့။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာ ဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပဋိစ္ဆန္နာ ယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ ယာအာပတ္တိယော ဒသာဟ ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိ၀ါသံ ယာစာမိ။ ။ဟုဆို၍ တောင်းခြင်း ဤအတူဆို၍ပေးခြင်းကိုပြုအပ်၏။ ။ဘန္တေ၊အရှင်ဘုရားတို့။အဟံ၊ တပည့်တော်သည်။ သမ္ဗဟုလာ၊ များစွာကုန်သော။ သံဃာဒိသေသာ၊သံဃာဒိ သိသ်အမည်ရှိကုန်သော။ အာပတ္တိယော၊ အာပတ်တို့သို့။ အာပဇ္ဇိံ၊ ရောက်ပြီ။ သမ္ဗဟုလာ၊ များစွာကုန်သော။ အာပတ္တိယော၊ အာပတ်တို့သည်။ ဒသာဟ ပဋိစ္ဆန္နာယော၊ ဆယ်ရက် ဆယ်ရက်ဖုံးလွှမ်းအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သောအဟံ၊ ထိုအကျွန်ုပ်သည်။သံဃံ၊ သံဃာတော်ကို။ တာသံအာပတ္တီနံ၊ ထိုဆယ်ရက် ဆယ်ရက် အများဖုံးလွှမ်း အပ်ကုန်သောအာပတ်

တို့တွင်။ ယာအာပတ္တိယော၊ အကြင်အာပတ်တို့ကို။ ဒသာဟ ပဋိစ္ဆန္နာယော၊ ဆယ်ရက်တကြိမ်သာ ဖုံးလွှမ်းအပ်ကုန်၏။ တာသံအာပတ္တီနံ၊ ထိုဆယ်ရက်တကြိမ်သာဖုံးလွှမ်းအပ်ကုန်သောအာပတ်တို့၏၊ အဂ္ဃေန၊ အစွန်းအပိုင်း အခြား အားဖြင့်။ သမောဓာနပရိဝါသံ၊ သမောဓာနပရိဝါသ်ကို။ ယာစာမိ၊ တောင်းပါ၏၊ ။(ဤကားအနက်)

ဤသို့ဆို၍ တောင်းရာ၌ ဆယ်ရက်တလီသာ ဆိုခြင်းကြောင့် ကိုးလီကို လျှို့ဝှက်ရာသို့ ရောက်သည် ပဟုတ်လောဟူငြားအံ့၊ သောဟံ ဘန္တေ သံဃံ တာသံအာပတ္တီနံ-စသည်ဖြင့် ဆယ်ရက်အလီလီကိုပြုခြင်းကြောင့် လျှို့ဝှက်ရာသို့ မရောက်ဟု မှတ်ရာ၏။ ထို့ကြောင့် တာသံအာပတ္တီနံ-ဟူသောပါဌ်ဖြင့် ဆယ်ရက်အလီလီသော အာပတ်အပေါင်းကို ယူအပ်၏။ ယာအာပတ္တိယော ဒသာဟ ပဋိစ္ဆန္နာယော-ဟူသောပါဌ်ဖြင့် ဆယ်ရက်တလီ အစိတ်ဖြစ်သော အာပတ်ကို ယူအပ်၏။ ဤအတူ ရက်မတူသော အလီလီသော အာပတ်သင့်ခြင်းကြောင့် အဂ္ဃသမောဓာန ပရိဝါသ်ဆောက်တည်ရာ၌လည်း တရက်အလီလီ နှစ်ရက်အလီလီ စသောအာပတ်, နာနာဝတ္ထုက အာပတ်တို့သည် ပါဝင်ပျောက်ငြိမ်းကုန်၏ ဟုမှတ်ရာ၏။ ။တနည်းလည်း သမုစ္စယက္ခန္ဓကသည် သဗ္ဗညု မြတ်စွာဘုရား ထင်ရှားရှိသည်နှင့် တူကြောင်း ဝတ္ထုအားလျော်စွာ ကမ္မဝါစာ ရွတ်စွမ်းနိုင်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ်သာ ပမာဏ ဖြစ်ကြောင်း ထေရာဝါဒ လာသောကြောင့်။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟဒသဝါရ ပဋိစ္ဆန္နာယော။သောဟံဘန္တေ သံဃံ တာသံ အာပတ္တီနံ ယာအာပတ္တိယော ဒသေကဝါရ ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစာမိ။ ။ဟုဆို၍ တောင်းခြင်း ဤအတူ ပေးခြင်းကို ပြုရာ၏၊ ။ဘန္တေ၊ တို့။ အဟံ၊ သည်။ သမ္ဗဟုလာ၊ ကုန်သော။ သံဃာဒိသေသာ၊ သံဃာဒိသိသ် အမည်ရှိကုန်သော။ အာပတ္တိယော တို့သို့။ အာပဇ္ဇိံ၊ ရောက်ပြီ၊ သမ္ဗဟုလာ၊ ကုန်သော။ အာပတ္တိယော၊ တို့သည်။ဒသာဟ ဒသဝါရ ပဋိစ္ဆန္နာယော၊ ဆယ်ရက် ဆယ်လီ ဖုံးလွှမ်းအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘန္တေ၊ တို့။ သောအဟံ၊ သည်။ တာသံအာပတ္တီနံ၊ ထိုဆယ်ရက်ဆယ်လီ ဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့တွင်။ ယာအာပတ္တိယော၊ အကြင်အာပတ်တို့သည်။ဒသေကဝါရ ပဋိစ္ဆန္နာယော၊ ဆယ်ရက်တလီသာ ဖုံးလွှမ်းအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တာသံ အာပတ္တီနံ၊ ထိုဆဲ့တလီသာ ဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့၏၊ အဂ္ဃေန၊ အစွန်းအပိုင်း အခြားအားဖြင့်။သမောဓာန ပရိဝါသံ၊ သမောဓာန ပရိဝါသ်ကို။ ယာစာမိ၊တောင်းပါ၏။ ။(ဤကားအနက်)

အဂ္ဃသမောဓာန ဝိနိစ္ဆယပြီး၏။

(၁၂) ဒေဝသိကံ အာရောစေတဗ္ဗံ- အရ နေ့စဥ် မကြားသော် ရတ္တိစ္ဆေဒ ဖြစ်မဖြစ်ကို သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

ဝိနယာလင်္ကာရ ဋီကာ အရှင်ကား ယမန်နေ့က ကြားအပ်ပြီးသော ပုဂ္ဂိုလ်တို့တွင် အချို့သောရဟန်းတို့ အရပ်တပါးသို့ ဘဲသွား၍ မပြန်လာခြင်းကြောင့် ထိုရဟန်းတို့ကို မကြား ရသော် ရတ္တိစ္ဆေဒ ဖြစ်၏-ဟု ဆိုတော်မူ၏။ ။ထို့ကြောင့် ဝိနယာလင်္ကာရ ဋီကာ၌။ ။မာနတ္တစရဏကာလေ ပန သမာဒါနေ အာရောစိတေပိ နိက္ခိပနကာလေ အာရောစေတဗ္ဗမေဝ။ ကသ္မာ၊ ဒိဝသန္တရဘာဝတော။ ဒေဝသိကံ အာရောစေတဗ္ဗန္တိ ဟိ ဝုတ္တံ။ ဝေံ သန္တေပိ သာယံ သမာဒါနကာလေ အာရောစိယတိ။ တသ္မာ နိက္ခိပန ကာလေ အာရောစန ကိစ္စံ နတ္ထီတိ စေ၊တန္န၊ သာယံ သမာဒါနကာလေ ကေစေ ဘိက္ခူ အာဂစ္ဆိဿန္တိပိ နအာဂစ္ဆိဿန္တိပိ၊ အနာဂတာနံ ကထံ အာရောစေတုံ လဘိဿန္တိ။ အနာရောစနေစ သတိ ရတ္တိစ္ဆေဒေါ သိယာ။ တသ္မာ န၊ တသ္မာ တသ္မိံ ဒိဝသေ အရုဏေ ဥဋ္ဌိတေ ဝတ္တံနိက္ခိပနတော ပုရေယေဝ အာရောစေတဗ္ဗန္တိ နော မတိ၊ သုဋ္ဌုတရံ ဥပမာရေတွာ ဂဟေတဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။ပန၊ အဘိုတပါးကို ဆိုဦးအံ့။မာနတ္တစရဏကာလေ၊ မာနတ်ကျင့်သောအခါ၌။ သမာဒါနေ၊ ဆောက်တည်သောအခါ၌။ အာရောစိတေပိ၊ ကြားအပ်ပြီးသော်လည်း။ နိက္ခိပနကာလေ၊ ချသောအခါ၌။ အာရောစေတဗ္ဗမေဝ၊ ကြားအပ်သည်သာလျှင်။ ဝါ၊ ကြားသင့်ကြားထိုက်သည်သာလျှင်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘဲ့ကြောင့်။ အာရောစေတဗ္ဗံ၊ ကြားအပ်သနည်း။ ဝါ၊ ကြားသင့် ကြားထိုက်လေသနည်း ဟူမူကား။ ဒိဝသန္တရဘာဝတော၊ နေ့တပါး၏ အဖြစ်ကြောင့်။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ဝါ၊ ကြားသင့် ကြားထိုက်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ဒေဝသိကံ အာရောစေတဗ္ဗန္တိ၊ ဒေဝသိကံ 'အာရောစေတဗ္ဗံ-ဟူ၍။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဝေံသန္တေပိ၊ဤသို့ချသောအခါ၌ ကြားအပ်သော်သည်း။ သာယံ၊ညချမ်းအခါ၌။ သမာဒါနကာလေ၊ ဆောက်တည်သော အခါ၌။ အာရောစိယတိ၊ ကြားရလတ္တံ့။ တသ္မာ၊ ထိုသို့ကြားရ လတ္တံ့သောကြောင့်။ နိက္ခိပနကာလေ၊ ချသောအခါ၌၊ အာရောစနကိစ္စံ၊ ကြားဘွယ် ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိစေ၊ ဤသို့ဆိုငြားအံ့။ တံဝစနံ၊ ထို ကြားဘွယ်ကိစ္စ မရှိ ဟူသော စကားကို။ နဝတ္တဗ္ဗံ၊ မဆိုအပ်။ ကသ္မာ၊ အဘဲ့ကြောင့်။ နဝတ္တဗ္ဗံ၊ မဆိုအပ်သနည်းဟူမူကား။ သာယံ၊ညချမ်းအခါ၌။ သမာဒါနကာလေ၊ ဝတ်ကိုဆောက်တည်သောအခါ၌။ကေစေ အချို့ကုန်သော။ဘိက္ခူ၊ရဟန်းတို့သည်။ အာဂစ္ဆိဿန္တိပိ၊ လာမူလည်းလာကုန်ရာ လတ္တံ့။ ကေစေ၊ အချို့ကုန်သော၊ ဘိက္ခူ၊ တို့သည်။

နအာဂစ္ဆိဿန္တိပိ၊ မလာမူလည်း မလာကုန်ရာလတ္တံ့။ အနာဂတာနံ၊ မလာကုန်သော ရဟန်းတို့အား။ ကထံ၊ အဘယ်မှာလျှင်။ အာရောစေတုံ၊ ကြားခြင်းငှါ။ လဘိဿန္တိ၊ ရကုန်အံ့နည်း။ စ၊ အပြစ်ကို ဆိုဦးအံ့။ အနာရောစနေ၊ မလာသော ရဟန်းတို့အား မကြားရ ခဲ့သည်။ သတိ၊ ရှိသော်။ ရတ္တိစ္ဆေဒေါ၊ ညဉ့်ပြတ်ခြင်း ရတ္တိစ္ဆေဒသည်။ သိယာ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုသို့ ရတ္တိစ္ဆေဒ ဖြစ်ရာသောကြောင့်။ နဝတ္တဗ္ဗံ၊ ကြားဘွယ်မရှိ ဟူသော စကားကို မဆိုသင့်။ တသ္မာ၊ ထို့ကြောင့်။ တသ္မိံ ဒိဝသေ၊ ထိုဝတ်ကို ချသောနေ့၌။ အရုဏော၊ အရုဏ်သည်။ ဥဋ္ဌိတော၊ တက်သည်ရှိသော်။ ဝတ္တနိက္ခိပနတော၊ ဝတ်ကိုချသည်မှ။ ပုရေယေဝ၊ ရှေ့၌ သာလျှင်။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ ဝါ၊ ကြားသင့်ကြားထိုက်၏။ ဣတိ၊ဤသို့။နေ၁၊ ငါတို့၏။ မတိ၊အလိုသည်။ ဟောတိ၊၏။ သုဋ္ဌုတရံ၊ လွန်စွာ။ ဥပဓာရေတွာ၊ စူးစမ်းဆင်ခြင်၍။ ဂဏှိတဗ္ဗံ၊ ယူအပ်၏။ ။(ဤကားအနက်)

ဌင်း စကားကို ဂရုကဥ္ဍ္ဍ နှလုံးသွင်းရင်း ရှိ၍သာ ဆိုတော်မူ သတည်း။ ကြားအပ်ပြီးသော ရဟန်းတို့ကို မကြားဘဲချရာ၌ ရတ္တိစ္ဆေဒ မဲဖြစ်သည်ကို ဆိုဘွယ်မရှိ၊ မကြားအပ်သေးသော ရဟန်းတို့ကို မကြားမူ၍ ချရာ၌ သော်လည်း ရတ္တိစ္ဆေဒ မဖြစ်။ ဝတ္တဘေဒမျှသာ ဖြစ်၏။ ။ထို့ကြောင့် ဝိမတိ ဝိနောဒနီဋီကာ၌။ ။အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ ဒုက္ကဋ ပရိမောစနတ္ထံ ဝုတ္တံ။ ကေစိပန တဒဟေဝ ပုန ဝတ္တံ သမာဒိယိတွာ အရုဏံ ဥဋ္ဌာပေတုကာမဿ ရတ္တိစ္ဆေဒ ပရိဟာရတ္ထမ္ပိတိ ဝဒန္တိ။ ။ဟူ၍ငင်း။ ။အဋ္ဌကထာ၌ လည်း။ ။မဟာပဒုမတ္ထေရော ပန ယံပဋ္ဌမံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ၊ အယံ နိက္ခိတ္တဝတ္တဿ ပရိဟာရော။ ။ဟူ၍ငင်း မိန့်အပ်၏။ ။ဒုက္ကဋ ပရိမောစနတ္ထံ၊ ဝတ္တဘေဒ ဒုက္ကဋ် အာပတ်မှ လွတ်စေခြင်းငှါ။ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ၊ အာရောစေတွာ နိက္ခိပိတဗ္ဗံ-ဟူ၍။ အာစရိယေန၊အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ ကေစိပန၊ အချို့သော ဆရာတို့သည်ကား။ တဒဟေဝ၊ ထိုဝတ်ကို ချသော နေ့၌သာလျှင်။ ပုန၊ တဖန်။ ဝတ္တံ၊ ဝတ်ကို။ သမာဒိယိတွာ၊ ဆောက်တည်ပြီး၍။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေတုကာမဿ၊ တက်စေခြင်းငှါအလိုရှိသော သူ၏။ ရတ္တိစ္ဆေဒ ပရိဟာရတ္ထမ္ပိ၊ ရတ္တိစ္ဆေဒမှ ရှောင်လွှဲခြင်း အကျိုးငှါလည်း။ အာရောစေတွာ နိက္ခိဘဗ္ဗန္တိ၊ နိက္ခိပိတဗ္ဗံ-ဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။(ဤကား ဝိမဘိဋီကာ၏ အနက်)။ ။မဟာပဒုမတ္ထေရော ပန၊ မဟာပဒုမ မထေရ်သည်ကား။ ယံဘိက္ခုံ၊ အကြင်ရဟန်းကို။ ပဌမံ၊ ရှေးဦးစွာ။ ပဿတိ၊ မြင်၏။ တဿ၊ ထိုရှေးဦးစွာမြင်သော ရဟန်းအား။ အာရောစေတွာ၊ ကြား၍။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။ အယံ၊ ဤရှေးဦးစွာမြင်သော ရဟန်း

အားကြား၍ ချခြင်းသည်။ နိက္ခိတ္တ ဝတ္တာ၊ ဝတ်ကိုချသော ရဟန်း၏။ ပရိဟာရော၊ ဝတ္တဘေဒဒုက္ကဋ်အာပတ်မှလွတ်ရန် အစောင့်အရှောက်ဘည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုတော်မူ၏။ ။(ဤကား အဋ္ဌကထာ၏အနက်)။ ။ငှင်း အဋ္ဌကထာ ပါဠ်ဖြင့် ရှေးဦးစွာ မြင်သော ရဟန်းမှ တပါးသော ရဟန်းတို့ကို မကြားဘဲချရာ၌ ရတ္တိစ္ဆေဒ ဝတ္တဘေဒ နှစ်ပါးလုံး မဖြစ်သည်ကို ပြတော်မူ၏။ ယမန်နေ့က ကြားအပ်ပြီးသော ရဟန်းတို့အား မကြားဘဲချရာ၌ ဝတ္တဘေဒ မဖြစ်ကြောင်းကိုလည်း။ ။အညံပိ ဝိဟာရတော နိက္ခန္တံဝါ အာဂန္တုကံဝါ ယံ ပဌမံ ပဿတိ၊ တဿ သန္တိကေ အာရောစေတွာ နိက္ခိပိတဗ္ဗံ။ ။ဟု မကြားအပ်သော ရဟန်းတို့အားကြား၍ ချအပ်သည်ကိုပြသော အဋ္ဌကထာကိုငှင်း။ ။သစေကိဉ္စိ န ပဿတိ၊ ဝိဟာရံ ဂန္တွာ အတ္တနာ သဒ္ဓိံ ဂတဘိက္ခုသု ကဿ သန္တိကေ နိက္ခိပိတဗ္ဗန္တိ အာဟ။ ။ဟု ကြားပြီးသော ရဟန်းတို့အား မကြားမူ၍ချသင့်သည်ကို ပြသော အဋ္ဌကထာကိုငှင်း ထောက်၍ သိအပ်၏၊ ။ဝိဟာရတော၊ ကျောင်းမှ။ နိက္ခန္တံ၊ ထွက်လာသော။ အညံဝါ၊ ကြားပြီးသော ရဟန်းမှ တပါးသော ရဟန်းကိုငှင်း။ အာဂန္တုကံဝါ၊ အာဂန္တုရဟန်းကိုငှင်း။ ယံဘိက္ခုံ၊ ကို။ ပဌမံ၊ ၎။ ပဿတိ၊ ၏။ တဿ၊ ထိုရှေးဦးစွာ မြင်အပ်သောရဟန်း၏။ သန္တိကေ၊ အထံ၌။ အာရောစေတွာ၊ ကြား၍။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။ ။(ဤကား ရှေ့အဋ္ဌကထာပါဠ်အနက်)။ ။ကိဉ္စိ၊ တစုံတယောက်သောရဟန်းကိုမျှ။ သစေ နပဿတိ၊ အကယ်၍ မမြင်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ မမြင်သည်ရှိသော်။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ အတ္တနာ၊ မိမိနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဂတဘိက္ခုသု၊ သွားသောရဟန်းတို့တွင်။ ကဿ၊ တပါးပါးသော ရဟန်း၏။ သန္တိကေ၊ အထံ၌။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။ ဣတိ၊ ဤသို့။ မဟာပဒုမတ္ထေရော၊ သည်။ အာဟ၊ ဆိုတော်မူ၏။ ။(ဤကား နောက်အဋ္ဌကထာပါဠ်၏အနက်)

ငှင်း အဋ္ဌကထာ ဋီကာတို့ကိုထောက်၍ ပါရိဝါသိကရဟန်း မာနတ္တစာရိကရဟန်းတို့အား ရတ္တိစ္ဆေဒအရာ၌ ဥဒ္ဒေသ စရဏမှတပါး ဝတ္တဘေဒ အရာ၌ ဒေဝသိကံ အာရောစေတဗ္ဗံ မှတပါးအထူးမရှိ၊ ဥဒ္ဒေသရတ္တိစ္ဆေဒတပါး,ဝတ္တဘေဒမှာ ဒိဝသော အာရောစေတဗ္ဗံ- တပါး ဤနှစ်ပါးသာ ပရိဝါသ်မှ ထူးတော့သည်ဟု မှတ်ယူသင့်သည်။ ဒေဝသိကံ အာရောစေတဗ္ဗံ-အရ ရတ္တိစ္ဆေဒ မဖြစ်သည်ကို ယခင် ပြအပ်ခဲ့ပြီးသောနည်းဖြင့် သိအပ်မှတ်အပ်၏။

ဒေဝသိကံ အာရောစေတဗ္ဗံ-အရ ရတ္တိစ္ဆေဒ မဖြစ်ကြောင်း

ဝိနိစ္ဆယကား ဤတွင်ရှေ့ပြီး၏။

(၁၃) ရဟန်း ခေါက်၏ဟူ၍ သိအပ်သော တုံးခေါက် သံကို ကြားသော် ဝတ်ပျက်,မပျက်ကို မေးလျှောက်ရာ၌ အဆုံးအဖြတ် ကို ဤသို့ သိမှတ်ရာ၏။

အဋ္ဌကထာ၌ ရဟန်းတို့သုံးဆောင်အပ်သော ထီးသံ, ဘိနပ်သံသာလာသည်၊ သို့ဖြစ်၍ ရဟန်းသည်ပြုအပ်သော အသံဟူသမျှကို ကြားရာ၌ ရတ္တိစ္ဆေဒ မဖြစ်။ စင်စစ်သော်ကား၊ ရဟန်းတို့၏ ပကတိသော အသံကိုရင်း၊ ရဟန်းတို့သုံးဆောင် အပ်သော ထီးသံ, ဘိနပ်သံ စသော ပရိဘောဂ သဒ္ဒကိုရင်း ကြားမှသာလျှင် ရတ္တိစ္ဆေဒဖြစ်၏ ဟု ဆရာတို့ဆိုကုန်၏။ ထိုစကားသည် တန်းခိုးရှိသော ရဟန်း သည်ပြုအပ်သော သဒ္ဒကိုကြားသော်လည်း ရတ္တိစ္ဆေဒ မဖြစ်သည်ကိုထောက်၍ သင့်မြတ်၏ဟု မှတ်ရာ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ယေပိ အန္တောဝိဟာရံ အပ္ပဝိသိတွာ ဥပစာရသီမံ ဩက္ကမိတွာ ဂစ္ဆန္တိ။ အယမ္ပိ နေသံ ဆတ္တသဒ္ဒံဝါ ဥက္ကာ သိတသဒ္ဒံဝါ ခိပိတသဒ္ဒံဝါ သုတွာဝ အာဂန္တုကဘာဝံ ဇာနာတိ၊ဂန္တွာ အာရော စေတဗ္ဗမေဝ။ သမ္ပာပုဏိတုံ အသက္ကောန္တဿ ရတ္တိစ္ဆေဒေါ ဝ ဟောတိ။ နဝတ္တ ဘေဒဒုက္ကဋံ။ ။ဟုမိန့်အပ်၏။ ။ယေပိဘိက္ခူ၊ အကြင်ရဟန်း တို့သည်လည်း။ အန္တော ဝိဟာရံ၊ ပါရိဝါသိကရဟန်းတို့၏နေရာ ကျောင်း၏အတွင်းသို့။ အပ္ပဝိ သိတွာ၊ မဝင်မူ၍။ ဥပစာရသီမံ၊ ဥပစာရသိမ်တွင်းသို့။ ဩက္ကမိတွာ၊ သက်ဝင် ကုန်၍။ ဂစ္ဆန္တိ၊ သွားကြကုန်၏။ အယမ္ပိဘိက္ခု၊ ဤပါရိဝါသိက ရဟန်းသည် လည်း။ နေသံ၊ ထိုအာဂန္တု ရဟန်းတို့၏။ ဆတ္တသဒ္ဒံဝါ၊ ထီးသံကိုရင်း။ ဥက္ကာ သိတ သဒ္ဒံဝါ၊ ချောင်းဟန့်သံကိုရင်း။ ခိပိတ သဒ္ဒံဝါ၊ ချီသောအသံကိုရင်း။ သုတွာဝ၊ ကြား၍သာလျှင်။ အာဂန္တုကဘာဝံ၊ အာဂန္တုရဟန်း၏ အဖြစ်ကို။ ဇာနာတိ၊ သိအံ့။ ဂန္တွာ၊ သွား၍။ အာရောစေတဗ္ဗမေဝ၊ ကြားအပ်သည်သာ လျှင်။ ဟောတိ၊ ၏။ သမ္ပာပုဏိတုံ၊ မှီအောင်လိုက်ခြင်းငှါ။ အသက္ကောန္တဿ၊ မတတ်နိုင်သောပုဂ္ဂိုလ်အား။ ရတ္တိစ္ဆေဒေါဝ၊ ရတ္တိစ္ဆေဒသာလျှင်။ ဟောတိ၊၏။ ဝတ္တဘေဒဒုက္ကဋံ၊ ဝတ္တဘေဒ ဒုက္ကဋ် အာပတ်သည်။နအတ္ထိ၊ မရှိ။ ။(ဤကား အနက်)

ထိုစကားသင့်စွ၊ နိက္ခိတ္တဝတ်ဆောက်တည်ရာ အရပ်ကို ပြရာ အဋ္ဌကထာ၌ ကျောင်းတိုက်တွင်း၌ ဝတ်ကိုသုတ်သင်ခြင်းငှါ မတတ်နိုင်သည် ဖြစ်အံ့၊ ဝတ်ကို ချ၍ မိုးသောက်အခါ လေးပါး ငါးပါးသော ရဟန်းတို့နှင့် ဘက္ခ မိမိတို့ နေရာ ကျောင်းတိုက်သည် အာရာမ်ရှိအံ့၊ အာရာမ်မှ ခဲနှစ်ကျ၊ အာရာမ်မရှိအံ့၊ အာရာမ်ထိုက်ရာ အရပ်မှ ခဲနှစ်ကျလောက် ကွာသော စည်းချုံ ပိပ်ပေါင်းတို့ ဖြင့် ကောင်းစွာကွယ်ကာသော အရပ်၌နေ၍ အရုဏ်အတွင်း၌ ဝတ်ကိုကြား အပ်ကြောင်းကို ပြသော အဋ္ဌကထာကို ထောက်၍လည်း ရဟန်းပြုသော အသံ

ဟူသမျှကို မယူအပ်။ ရဟန်းတို့၏ ပကတိသော အသံကိုရင်း၊ ရဟန်းတို့သည် သုံးဆောင်အပ်သောထီးသံ၊ ဘိနပ်သံဟူသော ပရိဘောဂသဒ္ဒကိုရင်း ကြားမှုသာ ရတ္တိစ္ဆေဒ ဖြစ်ကြောင်းကိုဆိုသော ဆရာတို့စကားသည် ယုတ္တိဘာရဖြစ်ကြောင်း မှတ်ယူသင့်သည်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။အထ နသက္ကာ သောခေတုံ၊ ဝုတ္တနယေနေဝ ဝတ္တံ နိက္ခိပိတွာ ပစ္စူသ သမယေ စတူဟိ ပဉ္စဟိဝါ ဘိက္ခူဟိ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေနဝါ ဝတိယာဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ။ အန္တောအရုဏေယေဝ ဝုတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။ ။ဟူ၍မိန့်အပ်၏။ ။အန္တောဝိဟာရေယေဝ၊ ကျောင်းတွင်း၌သာလျှင်။ ဝတ္တံ၊ ဝတ်ကို။ သောခေတုံ၊ သုတ်သင်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်းသည်။ အထဟောတိ၊ အကယ်၍ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဝတ္တံ၊ ကို။ နိက္ခိပိတွာ၊ ချ၍။ ပစ္စူသသမယေ၊ မိုးသောက်သောအခါ၌။ စတူဟိဝါ၊ လေးပါးလည်းဖြစ်ကုန်သော။ ပဉ္စဟိဝါ၊ ငါးပါးလည်းဖြစ်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပရိက္ခိတ္တဿ၊ အာရာမ်ရှိသောကျောင်း၏။ ပရိက္ခေပတော၊ အာရာမ်မှ။ အပရိက္ခိတ္တဿ၊ အာရာမ် မရှိသော ကျောင်း၏။ ပရိက္ခေပါရဟဋ္ဌာနတော၊ အာရာမ်ထိုက်ရာ အရပ်မှ။ ဒွေလေဍ္ဍုပါတေ၊ ခဲနှစ်ကျတို့ကို။ အတိက္ကမိတွာ၊ လွန်၍။ မဟာမဂ္ဂတော၊ ခရီးမမှ။ ဩက္ကမ္မ၊ ဖယ်လွဲ၍။ ဂုမ္ဗေနဝါ၊ ချုံပုပ်ပေါင်းဖြင့်ရင်း။ ဝတိယာဝါ၊ စည်းစောင်ရန်းဖြင့်ရင်း။ ပဋိစ္ဆန္နဋ္ဌာနေ၊ ဖုံးကွယ်ရာအရပ်၌။ နိသီဒိတဗ္ဗံ၊ နေအပ်၏။ နိသီဒိတွာ၊ နေပြီး၍။ အန္တောအရုဏေယေဝ၊ အရုဏ်၏အတွင်း၌သာလျှင်။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဝတ္တံ၊ ကို။ သမာဒိယိတွာ၊ ကောင်းစွာ ဆောက်တည်ပြီး၍။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ ။(ဤကားအနက်)

ဤအဋ္ဌကထာ၌ ကျောင်း၌နေသော ရဟန်းတို့၏ သရဇ္ဈာယ်သော အသံကို ကြားလောက်ရာ သဝနူပစာမှ လွတ်စေခြင်းငှါ ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ-ဟူ၍ ဆိုတော်မူအပ်၏။ ဤမျှလောက် ခဲနှစ်ကျကွာရုံမျှဖြင့် စည်သံ ခေါင်းလောင်းသံ တုံးခေါက်သံတို့ကို မလွန်နိုင်သေးရကား ရင်းတိုက်နေ ရဟန်းတို့သည် တီးခပ်အပ်သော စည်သံ စသည်ကို ကြားလောက်ရာ သဝနူပစာမှ လွတ်စေခြင်းငှါ ဆိုတော်မမူအပ်။ အဘဲ့ကြောင့်နည်းဟူမူ၊ ခရီးလမ်းမှ ဥပစာ လွတ်လောက်ရုံ ဘဲခြင်းဖြင့် လှည်းသံကို မလွန်နိုင်ခြင်းကြောင့်တည်း။ ဒဿနူပစာကို လွန်စေခြင်းငှါ ဂုမ္ဗေနဝါ ဝတိယာဝါ ပဋိစ္ဆန္နဋ္ဌာနေ-ဟု ဆိုတော်မူအပ်၏။ ဆိုအပ်ခဲ့ပြီးသောစည်သံ စသည်ကို ကြားခြင်းမှ လွတ်စေခြင်းငှါ ဆိုတော်မမူ

အပ်။ အဘဲ့ကြောင့်နည်းဟူမူ၊ ချုံကွယ်ရှိ စည်းကာရုံ မျှဖြင့် ရှင်း၊ စည်သံ
စသည်ကို တားမြစ်ခြင်းငှါ မတတ်နိုင်သောကြောင့် ရှင်းတည်း။ ။ထို့
ကြောင့် တေရသကဏ်ဋီကာ၌။ ။ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာတိ ဘိက္ခု
နံ သဇ္ဈာယသဒ္ဒ သဝနူပစာရဝိဇဟနတ္ထံ ဝုတ္တံ။ မဟာမဂ္ဂတော သြက္ကမ္မ တိ
မဂ္ဂပဋိပန္နဘိက္ခုနံ ဥပစာရဝိဇဟနတ္ထံ။ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေတိ
ဒဿနူပစာရဝိဇဟနတ္ထံ။ ။ဟုမိန့်အပ်၏။ ။ဘိက္ခုနံ၊ ကျောင်း၌နေကုန်သော
ရဟန်းတို့၏။ သဇ္ဈာယသဒ္ဒ သဝနူပစာရ ဝိဇဟနတ္ထံ၊ သရဇ္ဈာယ်သော အသံကို
ကြားလောက်ရာ သဝနူပစာကို စွန့်စေ လွှတ်စေခြင်းငှါ။ ဒွေလေဍ္ဍုပါတေ
အတိက္ကမိတွာတိ၊ ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ- ဟူ၍။ အာစရိယေန၊
အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ မဂ္ဂပဋိပန္နဘိက္ခုနံ၊
ခရီးသွားသော ရဟန်းတို့၏။ ဥပစာရဝိဇဟနတ္ထံ၊ ဥပစာကို စွန့်စေ လွှန်စေ
ခြင်းငှါ။ မဟာမဂ္ဂတော သြက္ကမ္မာတိ၊ မဟာမဂ္ဂတော သြက္ကမ- ဟူ၍။ အာစရိ
ယေန၊ သည်။ ဝုတ္တံ၊ ၏။ ဒဿနူပစာရဝိဇဟနတ္ထံ၊ ကပါးသော ရဟန်းတို့၏
ရူပါရုံကို မြင်လောက်ရာ ဒဿနူပစာကို စွန့်စေ လွှန်စေခြင်းငှါ။ ဂုမ္ဗေန ဝါ
ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေတိ၊ ဋ္ဌာနေ-ဟူ၍။ အာစရိယေန၊ သည်။ ဝုတ္တံ၊၏။ ။
(ဤကားအနက်)။ ။ဝိမတိဋီကာ၌လည်း နည်းတူပင်လာ၏။ ဝိနယလင်္ကာရ
ဋီကာ၌ကား မိမိနေရာအာရာမ်မှ ရဟန်းတို့ တီးခပ်သော စည်သံ ခေါင်းလောင်း
သံ၊ ရဟန်းတို့မောင်းအပ်သော လှည်းသံ၊ လှော်အပ်သော လှေသံတို့ကိုကြား၍
ရဟန်းမှန်းသိရအံ့၊ ရတ္တိစ္ဆေဒဖြစ်ခြင်းကို။ ။အယံ ဘိက္ခုနံ သဒ္ဒေါ။ အယံ
ဘိက္ခုဟိ ဝါဒိတဘေရီဃဏ္ဍာဒိသဒ္ဒေါ။ အယံဘိက္ခုဟိ ပါဇိတသကဋနာဝါဒိ
သဒ္ဒေါတိ နိသိန္နဋ္ဌာနတော ဇာနန္တဿပိ ရတ္တိစ္ဆေဒကရော ဟောတိ။ ။
ဟူ၍ မိန့်အပ်၏။ ။အယံသဒ္ဒေါ၊ ဤအသံသည်။ ဘိက္ခုနံ၊ ရဟန်းတို့၏။
သဒ္ဒေါ၊ အသံတည်း။ အယံသဒ္ဒေါ၊ သည်။ ဘိက္ခုဟိ၊ တို့သည်။ ဝါဒိတဘေရီ
ဃဏ္ဍာဒိ သဒ္ဒေါ၊ တီးခပ်အပ်သော စည် ခေါင်းလောင်း စသည်တို့၏ အသံ
တည်း။အယံသဒ္ဒေါ၊သည်။ ဘိက္ခုဟိ၊တို့သည်။ ပါဇိတ သကဋနာဝါဒိ သဒ္ဒေါ၊
မောင်းအပ်သော လှည်း လှော်အပ်သောလှေ စသည်တို့၏ အသံတည်း။ ဣတိ၊
ဤသို့။ နိသိန္နဋ္ဌာနတော၊ နေရာဌာနမှ။ ဇာနန္တဿပိ၊ သိသော်သော်လည်း။
ရတ္တိစ္ဆေဒ ကရော၊ ညဥ့်၏ ပျက်ခြင်းကို ပြုတတ်သည်။ ဟောတိ၊၏။ ။(ဤကား
အနက်)။ ရှင်းဝိနယာလင်္ကာရဋီကာ စကားကို ရှေးပြဆိုအပ်ခဲ့ပြီးသော အဋ္ဌ
ကထာဋီကာပါဠိ၌ အရပ်ရပ်တို့နှင့် ဆန့်ကျင်သောကြောင့် ဆင်ခြင်အပ်၏။ ။
ထို့ကြောင့် ရှင်းအဋ္ဌကထာ၌ ရူပါရုံကို မြင်ရာ၌ မချွတ်ယွင်း ကျင့်အပ်သော
အကျင့် ဖြစ်သောကြောင့် ရတ္တိစ္ဆေဒဖြစ်ပုံကို အထူးအားထုတ်၍ ဆိုသကဲ့သို့
ရဟန်း တို့သည် တီးခတ်အပ်သော စည်သံ ' စသည်ကို ကြားရာ၌ ရတ္တိစ္ဆေဒ

ဖြစ်ပုံကို အထူး အားထုတ်၍ ဆိုသင့်သည်။ ဆိုကား မဆို၊ ထိုသို့ မဆိုခြင်း ကြောင့် ရဟန်းတို့ တီးခတ်အပ်သော စည်သံ ခေါင်းလောင်းသံ တုံးခေါက် သံ ရဟန်းတို့စီးသွားသော လှည်းသံ လှေသံတို့ကို ကြားသော်လည်း ရတ္တိစ္ဆေဒ မဖြစ်ကြောင်းကို ကောင်းကောင်းသက်ဝင်၍ ယုံကြည်စွာ မှတ်သား အပ်၏။

ရဟန်းတို့ ခေါက်အပ်သော တုံးခေါက်သံကို ကြားသော်လည်း
ဝိတ်မပျက်ကြောင်း ဝိနိစ္ဆယပြီး၏။
ကမ္မ ကဏ္ဍ ပြီး၏။

---

## ၇–သေနာသနကဏ္ဍ

(၁) ကပ္ပိယ-အကပ္ပိယ ကုဋိ ဝိနိစ္ဆယ။

(၂) ဝိဿာသဂ္ဂါဟ ဝိနိစ္ဆယ။

(၃) ဒွိသန္တက ဝိနိစ္ဆယ။

(၄) သန္နိဓိ ဒုဗ္ဗေါတပတ္တ ဝိနိစ္ဆယ။

(၅) ရွှေစာတိုက်၊ ရွှေစာတင်၊ ရွှေအုပ်၊ ရွှေညောင်စောင်း၊ ခေါင်း လောင်း၊ ကြေးစည် ရေစက်ချပုံ ဝိနိစ္ဆယ။

---

(၁) ကုဋိ ဝိနိစ္ဆယကို သိလို ပါသည် လျှောက်ထားရာ၌ အဆုံး အဖြတ်ကို ဤသို့သိမှတ်ရာ၏။

ကုဋိသည် ကပ္ပိယ ကုဋိ, အကပ္ပိယကုဋိဟူ၍ နှစ်ပါးရှိသည်၊ ထိုနှစ်ပါးတို့တွင် ကပ္ပိယ ကုဋိသည် ဥဿာဝနန္တိက ကုဋိ၊ ဂေါနိသာဒိက ကုဋိ၊ ဂဟပတိ ကုဋိ၊ သမ္မုတိကုဋိဟူ၍ လေးပါးရှိသည်။ ။အနုဇာနာမိ ဘိက္ခဝေ စတဿော ကပ္ပိယ ဘူမိယော ဥဿာဝနန္တိကံ ဂေါနိသာဒိကံ ဂဟပတိံ သမ္မုတိန္တိ။ ။မဟာဝါ ပါဠိတော်။ ။ဘိက္ခဝေ၊ တို့။ ဥဿာဝနန္တိကံ၊ ကပ္ပိယကုဋိ ကရောမ-ဟု ထက်ဝန်းကျင်၌ ကြားခြင်းလျှင် အဆုံးရှိသည် ဖြစ်၍ ဥဿာဝနန္တိက မည် သော ကုဋိလည်း။ ဂေါနိသာဒိကံ၊ အာရာမ်မရှိသဖြင့် နွားတို့၏နေရာဖြစ်၍ ဂေါနိ သာဒိကမည်သော ကုဋိလည်း။ ဂဟပတိံ၊ ဒါယကာတို့သည် ကပ္ပိယ ကုဋိံ ကာတုံ ဒေမ-ဟု ဆို၍ လှူအပ်သည် ဖြစ်၍ ဂဟပတိမည်သော ကုဋိလည်း။ သမ္မုတိံ၊ ကမ္မဝါစာဖြင့်လည်း၊ ပန်ကြားသဖြင့်လည်း သမုတ်အပ်သည် ဖြစ်၍ သမ္မုတိမည် သောကုဋိလည်း။ ဣတိ၊ သို့။ စတဿော၊ လေးပါးကုန်သော။ ကပ္ပိယဘူမိယော၊

အပ်သော ယာဝကာလိက ဝတ္ထု, ယာမကာလိက ဝတ္ထု တို့ကို သိမ်းချက်ပြုတ်ရာဖြစ်သော ကုဋီတို့ကို။ အနုဇာနာမိ၊ ၏။ ။(ဤကားအနက်)။ ။ ထိုလေးပါး တို့တွင် ဂဟပတိ ကုဋီ မည်သည်ကား - ရဟန်းမှ တပါးသော သီတင်းသုံးဘော် သုံးယောက်,လူ,နတ်,တို့၏ အိမ်သည်ရင်း၊ထိုသူတို့သည် ကပ္ပိယကုဋိံ ဒေမ ပရိဘုဥ္ဇထ- ဟူ၍ရင်း၊ ကပ္ပိယကုဋိံကာတုံ ဒေမ- ဟူ၍ရင်း ဆို၍ လှူအပ်သော ကျောင်းသည်ရင်း ဂဟပတိ ကုဋီမည်၏။ ။ဂဟပတိတိ မနုဿာ အာဝါသံ ကတွာ ကပ္ပိယကုဋိံ ဒေမ ပရိဘုဥ္ဇထာတိ ဝဒန္တိ၊ သော ဂဟပတိ နာမ၊ ကပ္ပိယကုဋိံ ကာတုံ ဒေမာတိ ဝုတ္တေပိ ဝဋ္ဋတိယေဝ။ ပ။ တေသံ ဂေဟာနိ ဝါ တေဟိ ဒိန္နာ ကပ္ပိယ ကုဋိဝါ ဂဟပတိ ကုဋီတိ ဝုစ္စတိ။ ။မဟာဝါ အဋ္ဌကထာ။ ။ဂဟပတီတိ၊ ဟူသည်ကား။ မနုဿာ၊ တို့သည်။ အာဝါသံ၊ ကျောင်းကို။ ကတွာ၊ ၍။တပ္ပိယကုဋိံ၊ အပ်သောကုဋီကို။ ဒေမ၊ လှူပါကုန်၏။ ပရိဘုဥ္ဇထ၊ သုံးဆောင်တော်မူပါကုန်။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ သော၊ဤကုဋီသည်။ ဂဟပတိနာမ၊ မည်၏။ကပ္ပိယ ကုဋိံ၊ အပ်သောကုဋီကို။ ကာတုံ၊ ပြုစိမ့်သောငှါ။ဒေမ၊ လှူပါကုန်၏။ ဣတိ၊ သို့။ ဝုတ္တေပိ၊ သော်လည်း။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။ ပ။ တေသံ၊ ထိုရဟန်းမှ တပါးသော သီတင်းသုံးဘော် သုံးယောက်, လူ, နတ်, တို့၏။ ဂေဟာနိဝါ၊ အိမ်တို့ကိုရင်း။ တေဟိ၊ ထိုသူတို့သည်။ ဒိန္နာ၊ သော။ ကပ္ပိယကုဋီဝါ၊ ကိုရင်း။ ဂဟပတိကုဋီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ။(ဤကား အနက်)

ဤအရာ၌ ဆရာမြတ်တို့သည် ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ ကံဿာ ဒီဟိ ဖုသိကွာ ယထာသုခံ ပရိဘုဥ္ဇိတုံ ဒေမ-ဟု ဆို၍ လှူအပ်သော သံဃိက ကျောင်း၌ သော်လည်း ယာဝကာလိက, ယာမကာလိက ဝတ္ထု တို့ကို သိမ်းချက်ပြုတ်ခြင်းငှါရင်း၊ အပေါ်လွှမ်း မခင်းဘဲ အိပ်ခြင်းစသည်ကို ပြုခြင်းငှါရင်း အပ်၏။ အာပတ် မသင့်ဟု ဆို၏။ ။ထိုစကားကို ဒါယကေဟိ ဒါန ကာလေယေဝ သဟာဿဂ္ဂနိကမ္မိ ကမ္မလံ ပါဒပုဥ္ဇနိံ ကတွာ ပရိဘုဥ္ဇထာတိ ဒိန္နံ တထေဝ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ။ ။ဟူသော သာရတ္ထဋီကာ။ ။ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ။ ။ဟူသော အဋ္ဌကထာ တို့နှင့် ညီရကား သင့်မြတ်၏ဟုမှတ်ရာ၏။ ။ဒါယကေဟိ၊ အလှူရှင် တို့သည်။ ဒါနကာလေ ယေဝ၊လှူသောအခါ၌သာလျှင်။သဟာဿဂ္ဂနိကမ္မိ၊တထောင်ထိုက်သော်လည်း။ ပါဒပုဥ္ဇနိံ၊ ခြေသုတ်ကို။ ကတွာ၊ ၍။ ပရိဘုဥ္ဇထ၊ ကုန်လော့။ ဣတိ၊ သို့။ ဒိန္နံ၊ လှူအပ်သော။ ကမ္မလံ၊ ကို။ တထေဝ၊ ထိုသို့ ဒါယကာတို့ ဆိုတိုင်းသာလျှင်။ ပရိဘုဥ္ဇိတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ။ယထာ၊ အကြင် အခြင်းအရာဖြင့်။ ဒါယကာ၊ အလှူရှင်တို့သည်။ ဝဒန္တိ၊ ကုန်၏။ တထာ၊ ထိုဆိုတိုင်းသော အခြင်းအရာဖြင့်။

ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ရာ၏။ ။(ဤကားအနက်)။ ။ဌင်း ဋီကာ,အဋ္ဌကထာ တို့ကို ထောက်၍ ယခင်ပြခဲ့သည်အတိုင်း ကပ္ပိယကုဋီ-စသည်ဖြင့် မဆိုမူ၍၊ ဣမံ ဝိဟာရံ ဒေမ-ဟူ၍သာဆို၍ လှူအပ်သောကျောင်းကို ပုဂ္ဂလိကဖြစ်အံ့၊ အတွင်း၌ ယာဝကာလိက, ယာမကာလိက ဝတ္ထုကို သိုမှီး ချက်ပြုတ်ခြင်းငှါသာ မအပ်သော သံဃိကဖြစ်အံ့၊ အပေါ် လွှမ်းမခင်းဘဲ အိပ်ခြင်းစသည်ကိုပြုခြင်းငှါလည်း မအပ်သော အကပ္ပိယကုဋီ တခုဟု မှတ်ရာ၏။ ။ရဟန်း သံဃာ၏ဌင်း၊ ပုဂ္ဂိုလ်၏ဌင်း ကျောင်းသည် ဂဟပတိကုဋီမမည်။ ။သံဃသန္တကမေဝဟိ ဘိက္ခု သန္တကံဝါ ဂေဟံ ဂဟပတိကုဋိ နဟောတိ။ ။ဌင်းအဋ္ဌကထာ။ ။ဟိယုတ္တံ၊ သင့်၏။ သံဃသန္တကမေဝ ဝါ၊ ရဟန်းသံဃာ၏ ဥစ္စာသာလျှင်လည်း ဖြစ်သော။ ဘိက္ခု သန္တကံဝါ၊ ရဟန်း၏ ဥစ္စာသာလျှင်လည်း ဖြစ်သော။ ဂေဟံ၊ ကျောင်းသည်။ ဂဟပတိကုဋိ၊ သည်။ နဟောတိ၊ မဖြစ်။ ။(ဤကားအနက်)

ဥဿာဝနန္တိကကုဋီ မည်သည်ကား- ရဟန်းတို့အလျောက် ရှာ၍ဌင်း၊ ဒါယကာတို့လှူ၍ဌင်း၊ ဂဟပတိကုဋီ စသည်ပျက်၍ဌင်း ရအပ်သော ရဟန်း တို့၏ သစ်, ဝါး, အုတ်,ကျောက်တို့ဖြင့် ကပ္ပိယကုဋီ ကရောမ-ဟုကြား၍ ပြုအပ်သော ကုဋီတည်း။ ရဟန်းတို့၏ သန္တကဖြစ်သော သစ်စသည်ဖြင့် ပြုအပ်သော ကုဋီ၏ ဥဿာဝနန္တိကကုဋီအဖြစ်သည် ဂဟပတိကုဋီကိုထောက်သဖြင့်အလွန်ထင်ရှား၏။ ပြုသောအစီအရင်ကို ဤသို့သိရာ၏။ သစ်ဖြင့်ပြုအပ်သော ကုဋီဖြစ်အံ့၊ ရှေးဦးစွာ စိုက်အပ်သော သည်တိုင်ကို၊ အုတ်,ကျောက်ဖြင့် ပြုအပ်သော ကုဋီဖြစ်အံ့၊ မြေ၏ အတွင်း၌ချအပ်သောအုတ်မြစ်ကိုမယူမူ၍ မြေထက်သို့ တက်သောအခါ ရှေးဦးစွာသော နံရံ အုတ်,ကျောက်ကို ဒါယကာတို့ ချထားအပ်သော် ရဟန်းတို့ကိုင်၍ဌင်း၊ ရဟန်းတို့ပင် ချည်မ၍ဌင်း ကပ္ပိယကုဋီ ကရောမ-ဟု ဆို၍ စကား၏ ဆုံးခြင်း, သည်တိုင် အုတ်, ကျောက်၏ မြေ၌တည်ခြင်း နှစ်ရပ်ညီညွတ်အောင် ချထား စီရင်အပ်၏။ ရှေးဦးစွာ စကား ပြီးဆုံး၍ သည်တိုင် အုတ်,ကျောက် နောက်မှ မြေ၌ကျသော်ဌင်း၊ ရှေးဦးစွာ သည်တိုင်, အုတ်, ကျောက် တို့သည် မြေ၌ကျ၍ နောက်မှ စကား ပြီးဆုံး သော်ဌင်း ကပ္ပိယ ကုဋီကို ပြု အပ်သည် မမည်။ ။ဣဒံ ပနေတ္ထ သာဓာရဏလက္ခဏံ၊ ထမ္ဘပတိဋ္ဌာနဥ္စ ဝစနပရိယောသာနဥ္စ သမကာလံ ဝဋ္ဋတိ၊. သစေဟိ အနိဋ္ဌိတေ ဝစနေ ထမ္ဘော ပတိဋ္ဌာတိ၊ အပ္ပတိဋ္ဌိတေဝါ တသ္မိံ ဝစနံ နိဋ္ဌာတိ၊ အကတာဟောတိ ကပ္ပိယကုဋီ။ ။ဌင်း အဋ္ဌကထာ။ ။ဧတ္ထ၊ ဤဥဿာဝနန္တိက ကုဋီကိုပြုရာ၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ သာဓာရဏ လက္ခဏံ၊ အလုံးစုံသော အဋ္ဌကထာတို့အား ဆက်ဆံသော လက္ခဏာတည်း။ ထမ္ဘပတိဋ္ဌာနဥ္စ၊ သည်တိုင်၏ မြေ၌တည်ခြင်းသည်ဌင်း။ ဝစန ပရိယောသာနဥ္စ၊ ကပ္ပိယကုဋိံ ကရောမ ဟူသောစကား၏ ပြီးဆုံးခြင်းသည်ဌင်း၊

သမကာလံ၊ မျှသေးကာလရှိသော်သာ။ ဝဋ္ဋတိ၊ ၏။ ဟိယျတ္တံ၊ သင့်၏။ ဝစနေ၊ ကပ္ပိယကုဋိ ကရောမ-ဟူသောစကားသည်။ အနိဋ္ဌိတေ၊ မပြီးမီ။ ထမ္ဘော၊ သည် တိုင်သည်။ သစေပတိဋ္ဌာတိ၊ အကယ်၍မြေ၌တည်အံ့။ တသ္မိံ ဝါ၊ ထို သည်တိုင် သည် မူလည်း။ အပ္ပတိဋ္ဌိတေ၊ မြေ၌မတည်မီ။ ဝစနံ၊ ကပ္ပိယကုဋိ ကရောမ-ဟူသောစကားသည်။ သစေနိဋ္ဌာတိ၊ အကယ်၍ ပြီးဆုံးအံ့။ ကပ္ပိယကုဋိ၊ သည်။ အကတာ၊ ပြုအပ်သည်မမည်သည်။ ဟောတိ၊ ၏။ ။(ဤကားအနက်)

များစွာသော သည်တိုင် အုတ်,ကျောက်တို့ဖြင့်ပြုအပ်သောကုဋိ၌ တခုသော သည်တိုင်,အုတ်,ကျောက်ကို ယခင်ဆိုအပ်ခဲ့သောနည်းဖြင့် အဓိဋ္ဌာန်စဉ်ကပင်တခု သည်တခုကိုမှီ၍ တည်ရကားအလုံးစုံကို ပြုအပ်သည်မည်၏။ ။အနုကဋ္ဌကထာယံ ထမ္ဘေဟိ ကယိရမာနေ စတူသု ကောဏေသုစတ္တာရော ထမ္ဘာ ဣဋ္ဌကာဒိကတေ စတူသု ကောဏေသု ဒွေတိဿော ဣဋ္ဌကာ အဓိဋ္ဌာတဗ္ဗာတိ ဝုတ္တံ၊ တထာပန အကတာယပိ ဒေါသော နတ္ထိ၊ အဋ္ဌကထာသုဟိ ဝုတ္တမေဝ ပမာဏံ။ ။ငင်း အဋ္ဌကထာ။ ။အနုကဋ္ဌကထာယံ၊ ၌။ ထမ္ဘေဟိ၊ သည်တိုင်တို့ဖြင့်။ ကယိရမာနေ၊ ပြုအပ်သောကုဋိ၌။ စတူသုကောဏေသု၊ လေးထောင့်တို့၌။ စတ္တာရော ထမ္ဘာ၊ လေးခုသောသည်တိုင်တို့ကိုငင်း။ ဣဋ္ဌကာဒိကတေ၊ အုတ်စသည်ဖြင့် ပြုအပ်သောကုဋိ၌။ စတူသုကောဏေသု၊ လေးထောင့်တို့၌။ ဒွေတိဿော ဣဋ္ဌကာ၊ နှစ်ခုသုံးခုသော အုတ်တို့ကိုငင်း။ အဓိဋ္ဌာတဗ္ဗာ၊ အဓိဋ္ဌာန်အပ်ကုန်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ ပန၊ ယင်းသို့ ဆိုအပ် သော်လည်း။ တထာ၊ ထိုအနုကအဋ္ဌကထာ ဆို တိုင်း။ အကတာယပိ၊ မပြုအပ် သော်လည်း။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဟိယျတ္တံ၊ သင့်၏။ အဋ္ဌကထာသု၊ မဟာအဋ္ဌကထာ စသည်တို့၌။ ဝုတ္တမေဝ၊ ပဌမစသည်ဖြင့် ဆိုအပ်သော စကားသာလျှင်။ ပမာဏံ၊ တည်း။ (ဤကား အနက်)

ငင်း ဥဿာဝနန္တိကကုဋိကို ထုပ်လျှော်ကိဖွဲ့စပ်သဖြင့် မိုတင်၍ပြုအပ်သော ကုဋိသည်လည်း ဥဿာဝနန္တိက ကုဋိပင်မည်၏။ အချို့ကား ထုပ်လျှောက်ဖွဲ့စပ် သဖြင့် မမိုးမူ၍ အသီးတည်သော ကုဋိသည်လည်း ကြမ်းပြင်စပ်သော် ဥဿာဝ နန္တိက ကုဋိမည်၏ဟု ဆိုကုန်၏။ ။ကြမ်းပြင်စပ်ကာမျှတည်းဖြင့် မိုတင်၍ တည်သည်ဟု ဆိုခြင်းငှါမသင့်သောကြောင့် ထိုစကားကို ဆင်ခြင်အပ်၏။ ။ အကတာ ဟောတိ ကပ္ပိယကုဋိ- ဟူသော အဋ္ဌကထာကိုထောက်၍ ရဟန်းတို့ သည် မိမိတို့၏ သန္တကဖြစ်သော သစ်,ဝါး,အုတ်,ကျောက် တို့ဖြင့်ကပ္ပိယကုဋိ ကရောမ-ဟုမကြားမူ၍ ပြုအပ်သောကုဋိကိုလည်း ယာဝကာလိက, ယာမကာ လိကဝတ္ထုကိုသိုမှီးချက်ပြုခြင်းငှါမအပ်သော တခုသောအကပ္ပိယကုဋိဟု မှတ်ရာ ၏။ ။ဂိဟိသန္တက သံဃိကအကပ္ပိယကျောင်းကို အပေါ်လွှမ်း မခင်းဘဲ အိပ်ခြင်း

စသည်ကိုပြုရာ၌သာ လောမဂဏနအားဖြင့် အာပတ်သင့်ကြောင်းကို အဋ္ဌကထာ ရှိကာတို့၌ လာရကား ဤရဟန်းတို့ကိုစွဲ၍ဖြစ်သော အကပ္ပိယကုဋိ၌ အပေါ် လွှမ်းမခင်းဘဲ အိပ်ခြင်းစသည်တို့ကို ပြုငြားသော်လည်း အာပတ်မသင့်ဟု မှတ်ရာ၏။

**ဂေါနိသာဒိက ကုဋိမည်သည်ကား**—ပြအပ်ပြီး ပြအပ်လတ္တံ့သော အလုံးစုံသော အကပ္ပိယကုဋိတို့သည် တိုက်အာရာမ်ထက်ဝက်မရှိလတ်သော် ကပ္ပိယဖြစ်သော ဂေါနိသာဒိကကုဋိ ဖြစ်လာကုန်၏။ ဤဂေါနိသာဒိကကုဋိသည် တိုက်အာရာမ်, ကျောင်းအာရာမ် နှစ်ရပ်မရှိသော ဂေါနိသာဒိကကုဋိ၊ အလုံးစုံရင်း၊ အချို့ရင်း ကျောင်းအာရာမ်သာရှိ၍ တိုက်အာရာမ်မရှိသော ဝိဟာရဂေါနိသာဒိက ကုဋိဟူ၍ နှစ်ပါးရှိသည်။ ။ရင်း အဋ္ဌကထာ၌။ ။ဤ၌ကျောင်းအာရာမ်မည်သည်ကား နွား, ကျွဲစသည်ကို တားမြစ်ခြင်းငှါ ကျောင်း၏ ထက်ဝန်းကျင် သုံးတောင်က္ခာ,လေးတောင်က္ခာ အရပ်၌ ပြုအပ်သောအာရာမ်တည်း။ ကျောင်းလက်ရန်းသည်လည်း ကျောင်းအာရာမ်မည်၏ ဟု ဆရာတို့ဆိုကုန်၏။ ဤကျောင်းအာရာမ်, တိုက်အာရာမ်နှစ်ပါးတို့တွင် ကျောင်းအာရာမ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပမာဏမဟုတ်။ တိုက်အာရာမ် ထက်ဝက်မရှိခြင်းသည်သာ ကပ္ပိယ ဂေါနိသာဒိက ကုဋိဖြစ်ခြင်း၏ အကြောင်းတည်း။ ။ဣတိ ဥဘယတြာပိ အာရာမဿ အပရိက္ခိတ္တ ဘာဝေါယေဝ ပမာဏံ၊ အာရာမော ပန ဥပစု ပရိက္ခိတ္တောပိ ပရိက္ခိတ္တောယေဝ နာမာတိ ကုရုန္ဒိမဟာပစ္စရိယာဒီသု ဝုတ္တံ။ ။ ရင်း အဋ္ဌကထာ။ ။ဣတိ၊ သို့။ ဥဘယတြာပိ၊ အာရာမ်ကျောင်းနှစ်ပါးတို့တွင်လည်း။အာရာမဿ၊၏။ အပရိက္ခိတ္တဘာဝေါယေဝ၊ထက်ဝက်အာရာမ်မရှိသည်၏ အဖြစ်သည်သာလျှင်။ ပမာဏံ၊ တည်း။ အာရာမော ပန၊ အာရာမ်သည်ကား။ ဥပစု ပရိက္ခိတ္တောပိ၊ ထက်ဝက် အာရာမ်ရှိသော်ရင်း။ (ဗဟုတရံ၊ များစွာ။ ပရိက္ခိတ္တောပိ၊ အာရာမ်ရှိသော်ရင်း။)ထည့်။ ပရိက္ခိတ္တောယေဝ နာမ၊ အာရာမ် ရှိသည်မည်သည်သာတည်း။ ဣတိ၊ သို့။ ကုရုန္ဒိ မဟာပစ္စရိယာဒိသု၊ တို့၌။ ဝုတ္တံ၊ ၏။ ။(ဤကား အနက်)။ ။ဤအဋ္ဌကထာ၌ ထက်ဝက်အာရာမ်ရှိလျှင်ပင် အာရာမ်ရှိသည်မည်၏- ဟူသော စကားဖြင့် ထက်ဝက်အာရာမ်မရှိလျှင် တိုက် အာရာမ်မရှိသည်မည်၏ ဟူသော အနက်ကို ပြတော်မူ၏။ ။အာရာမ်မရှိသမျှ ကာလပတ်လုံး ကပ္ပိယဖြစ်သော ဂေါနိသာဒိကကုဋိသည် ထက်ဝက်ရင်း၊ များစွာရင်း ရံအပ်သည်ရှိသော် အကပ္ပိယကုဋိ ဖြစ်မြဲဖြစ်ပြန်၏။

**သမ္မုတိကုဋိမည်သည်ကား**—ယခင်နည်း အကပ္ပိယကုဋိဖြစ်ပြန်သဖြင့် ကပ္ပိယ ကုဋိဖြစ်စေခြင်းငှါ ဥတ္တိဒုတိယကံဖြင့်ရင်း၊အပလောကနကံဖြင့်ရင်း သမုတ်အပ် သောကုဋိသည် သမ္မုတိကုဋိမည်၏။ သမုတ်သော အစီအရင်ကို ဤသို့သိရာ၏။

ရှင်း အကပ္ပိယကျောင်းသည် မဟာသိမ်၌တည်အံ့၊ သိမ်တွင်းရှိသင်္ဃာ၊ ဂါမသိမ်၌တည်အံ့၊ ဂါမခေတ်တွင်းရှိသော သင်္ဃာကို ဟတ္ထပါသ်သို့ရှင်း၊ ဆန္ဒကိုရှင်းဆောင်၍ အယုတ်ဆုံး လေးယောက်အစုရှိသောသင်္ဃာသည် ထိုကျောင်းထက်၌ တည်၍။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမံ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နေယျ၊ ဧသာ ဉတ္တိ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ဣတ္ထန္နာမံ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နတိ၊ ယဿာယသ္မတော ခမတိ ဣတ္ထန္နာမဿ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။သမ္မတော သံဃေန ဣတ္ထန္နာမော ဝိဟာရော ကပ္ပိယဘူမိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။ဟု ဆို၍ ဉတ္တိဒုတိယကံဖြင့်သော်လည်း သမုတ်အပ်၏။ ။ဤအကပ္ပိယကုဋိကို ဘဏ္ဍာတိုက်နှင့် အလားတူသောကြောင့် ခဏ္ဍသိမ်စသော အရပ်တပါး၌တည်၍ သမုတ်ခြင်းငှါ မအပ်။ ။ထို့ကြောင့် ဘဏ္ဍာတိုက်ကိုပြရာ အဋ္ဌကထာ၌။ ။ဣမံ ပန ဘဏ္ဍာဂါရံ ခဏ္ဍသီမံ ဂန္တွာ ခဏ္ဍသီမာယ နိသိန္နေဟိ သမ္မန္နိတုံ န ဝဋ္ဋတိ၊ ဝိဟာရမဇ္ဈေယေဝ သမ္မန္နိတဗ္ဗံ။ ။ဟု မိန့်အပ်ပြီ။ ။ဣမံပန ဘဏ္ဍာဂါရံ၊ ဤဘဏ္ဍာကျောင်းကို။ ခဏ္ဍသီမံ၊ သို့။ ဂန္တွာ၊ ၍။ ခဏ္ဍသီမာယ၊ ၌။ နိသိန္နေဟိ၊ နေကုန်သောရဟန်းတို့သည်။ သမ္မန္နိတုံ၊ ငှါ။ န ဝဋ္ဋတိ၊ မအပ်။ ဝိဟာရမဇ္ဈေယေဝ၊ ကျောင်းအလယ်၌သာလျှင်။ နိသိန္နေဟိ၊ တို့သည်။ သမ္မန္နိတဗ္ဗံ၊ အပ်၏။ ။(ဤကား အနက်)

အပလောကနကံသည် လဟုကံဖြစ်ရကား အလုံးစုံသော မဟာသိမ် ဂါမခေတ်၌တည်သော ရဟန်းတို့ကို ဆောင်ဘွယ်မရှိ။ ဥပစာရသိမ်တွင်း၌ တည်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ရှင်း၊ ဆန္ဒကိုရှင်းဆောင်၍ အယုတ်ဆုံး လေးယောက်အစုရှိသော သံဃာသည် ထိုအကပ္ပိယ ကျောင်းထက်၌ တည်၍။ ။ဗဟိ ဥပစာရ ဘဏ္ဍံ စေ ရာဒီဟိ နဿတီတိ အန္တောဥပနတ္ထံ ဣတ္ထန္နာမော ဝိဟာရော ကပ္ပိယကုဋိံ ကာတုံ ရုစ္စတိ သံဃဿ၊ ဣတ္ထန္နာမံ ဝိဟာရံကပ္ပိယကုဋိံ ကာတုံ၊ သံဃဿ အပလောကေမိ။ ။ဟုဆို၍ အပလောကန ကံဖြင့်သော်လည်း သမုတ်အပ်၏။ ။ထိုကြောင့် ဝိမတိ ဝိနောဒနီဋီကာ၌။ ။သီမာပရိယာပန္နေတိ ဗဒ္ဓသီမာယ သတိ တဒန္တောဂဓေ အသတိ၊ ဥပစာရသီမန္တောဂဓေတိ အတ္ထော-ဟုမိန့်အပ်ပြီ။ ။သီမာပရိယာပန္နေတိ၊ ဟူသည်ကား။ ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်သည်။ သတိ၊ သော်။ တဒန္တောဂဓေ၊ ထိုဗဒ္ဓသိမ်၏ အတွင်း၌တည်သော ရဟန်းတို့ကို။ အသတိ၊ ဗဒ္ဓသိမ်မရှိလတ်သော်။ ဥပစာရသီမန္တောဂဓေ၊ ဥပစာရသိမ်၏အတွင်း၌တည်သော ရဟန်းတို့ကို။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။(ဤကား အနက်)။ ။ဤဋီကာ၌ ဗဒ္ဓသီမာယ သတိ တဒန္တောဂဓေ- ဟူသောစကားကို

ဥပစာရသိမ်တွင်း၌တည်သော ဗဒ္ဓသိမ်ကိုရည်၍ ဆိုသည်။ ဂါမသိမ်ကဲ့သို့ ဥပစာရသိမ်ကို လွှမ်း၍တည်သော မဟာသိမ်ဖြစ်အံ့၊ ဂါမသိမ်ကဲ့သို့ပင် ဥပစာရသိမ်ဖြင့်ပင် ပိုင်းခြားအပ်၏။ ။ငါတို့သည် ဥပစာရသိမ်၌ရှိသော အလုံးစုံသော ရဟန်းတို့အား ပန်အပ်ကုန်ပြီဟုအမှတ်ရှိသော ရဟန်းတို့အား မသိ၍ ရဟန်းကြွင်းကျန်သည်ရှိသော်သည်း ကံလည်းမပျက်၊ အာပတ်သည်းမသင့်။ သိလျက်ခြွင်းချန်၍ မပန်သော ရဟန်းတို့အား အာပတ်လည်းသင့်၏။ ကံသည်းပျက်၏။ ။ထိုကြောင့် ဋီကာ ဘဏ္ဍုကမ္မအရာ၌။ ။အဋ္ဌကထာယံ သဒ္ဒေ အာပုစ္ဆိတာ အမှေဟိတိ သညိနော်။ ပ။ ပဗ္ဗာဇေန္တဿာပိ အနာပတ္တိတိ ဝုတ္တတ္တာ သဉ္စိစ္စ အနာပုစ္ဆာ ကေသေ ဩဟာရေန္တဿ ဒုက္ကဋမေဝါတိ ဒဋ္ဌဗ္ဗံ။ ။ဟုမိန့်အပ်ပြီ။ ။အဋ္ဌကထာယံ၊ ၌။ သဒ္ဒေ။ပ။ အနာပတ္တိတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ သဉ္စိစ္စ၊ ၍။ အနာပုစ္ဆာ၊ မပန်မူ၍။ ကေသေ၊ တို့ကို။ ဩဟာရေန္တဿ၊ ရိတ်သော ရဟန်းအား။ ဒုက္ကဋမေဝ၊ ဒုက္ကဋ် အာပတ်သင့်သည်သာတည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ။(ဤကားအနက်)

ဤသို့ပြအပ်ပြီးသော ဥဿာဝနန္တိကကုဋိ၊ ဂေါနိသာဒိကကုဋိ၊ ဂဟပတိကုဋိ၊ သမ္မုတိကုဋိလေးလုံးတို့သည်သာ ကပ္ပိယကုဋိမည်သည်မဟုတ်၊ နေရန်အလို့ငှါ ဆောက်အပ်သော ကျောင်းမှတပါး ဥပုသ်အိမ်၊ စရပ်၊ မီးတင်းကုတ် စသော အလုံးစုံသည်လည်း ကပ္ပိယဘုမ္မိပင်မည်၏။ ။ထိုကြောင့် ဋီကာ၌။ ။ဝိဟာရံ ဌပေတွာတိ ဥပသမ္ပန္နာနံ ဝါသတ္ထာယ ကတဂေဟံ ဌပေတွာတိ အတ္ထော၊ ။ပ။ တဒညံ ပန ဥပေါသထာဂါရာဒိသဗ္ဗံ အနိဝါသဂေဟံ စတုကပ္ပိယဘုမ္မိ ဝိမုတ္တာ ပဉ္စမီ ကပ္ပိယဘုမ္မိ။ ။စသည်ဖြင့် မိန့်အပ်ပြီ။ ။ဝိဟာရံ ဌပေတွာတိ၊ ဟူသည်ကား။ ဥပသမ္ပန္နာနံ၊ ရဟန်းတို့၏။ ဝါသတ္ထာယ၊ နေရန်အကျိုးငှါ။ ကတဂေဟံ၊ ဆောက်အပ်သော ကျောင်းကို။ ဌပေတွာ၊ မှ။ ဣတိ၊ ဤကား။ အတ္ထော၊ အနက်။ ပ။ တဒညံ၊ ထိုနေရန်ကျောင်းမှတပါးသော။ ဥပေါသထာဂါရာဒိ၊ ဥပုသ်အိမ် အစရှိသော။ သဗ္ဗံ၊ သော။ အနိဝါသဂေဟံပန၊ နေရန်မဟုတ်သောအိမ်သည်ကား။ စတုကပ္ပိယဘုမ္မိ ဝိမုတ္တာ၊ လေးပါးသော ကပ္ပိယကုဋိမှ လွတ်သော။ ပဉ္စမီ၊ ငါးခုမြောက်သော။ ကပ္ပိယဘုမ္မိ၊ ကပ္ပိယ ဘုံတည်း။ ။(ဤကားအနက်)။ ။ဋီကာကပ္ပိယ ကုဋိတို့၌ ကာလိက လေးပါးလုံးကိုပင် ညဉ့်လွန်အောင် သိုမှီးချက်ပြုတ်၍ သုံးဆောင်ခြင်းငှါ အပ်၏။ အကပ္ပိယကုဋိ၌ကား သတ္တာဟကာလိက၊ ယာဝဇီဝိက နှစ်ပါးကိုသာ ညဉ့်လွန်အောင်သိုမှီးချက်ပြုတ်၍ ဆွမ်းစသော အာမိသနှင့်မရောမူ၍ သုံးဆောင်ခြင်းငှါအပ်၏၊ ရောမူမအပ်။ ။သတ္တာဟ ကာလိကံ ယာဝဇီဝိကဉ္စ ဝဋ္ဋတိ။ ။မဟာဝါအဋ္ဌကထာ။ တတ္ထ၊ ထိုအကပ္ပိယကုဋိ၌၊ ပဋိသာမိတံ၊ ညဉ့်လွန်အောင် သိုမှီးအပ်သော။ သတ္တာဟ ကာလိကဉ္စ၊ အာမိသနှင့် မရောသော သတ္တာဟ ကာလိကသည်၎င်း။ ယာဝဇီဝ

ကဋ္ဌ၊ အာမိသနှင့် မခရာသော ယာဝဇီဝက သည်ရင်း။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)

ထိုကပ္ပိယကုဋ္ဋိ လေးလုံးတို့သည် အဘယ်အခါ ပျက်ကုန်သနည်း။ ထိုကုဋ္ဋိ
လေးလုံးတို့တွင် ဥဿာဝနန္တိကကုဋ္ဋိသည် သည်တိုင်တို့ဖြင့် ပြုအပ်သည်ဖြစ်အံ့၊
အလုံးစုံသော သည်တိုင်တို့ကို ပယ်အပ်ကုန်သည်ရှိသော်ပျက်၏။ ။ယာထမ္ဘာနံ
ဥပရိ ဘိတ္တိပါဒေဝါ နိခနိတွာ ကတာ၊သာ သဗ္ဗေသုစ ထမ္ဘေသု ဘိတ္တိပါဒေသုစ
အပနီတေသု ဇဟိတဝတ္ထုကာ ဟောတိ။ ။ရင်းအဋ္ဌကထာ။ ။ယာ၊ အကြင်
ကုဋ္ဋိကို။ ထမ္ဘာနံ၊ သည်တိုင်တို့၏။ ဥပရိဝါ၊ အထက်၌ရင်း။ဘိတ္တိပါဒေ၊နံရံခြေ-
ကျောက်တိုင်တို့ကို။ နိခနိတွာဝါ၊ တူးစိုက်၍ရင်း။ ကတာ၊ ပြုအပ်၏။ သာ၊
ထိုကုဋ္ဋိသည်။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ထမ္ဘေသုစ၊ သည်တိုင် တို့ကိုရင်း။
ဘိတ္တိပါဒေသုစ၊ နံရံ ခြေ- ကျောက်တိုင်တို့ကိုရင်း။ အပနီတေသု၊ ပယ်အပ်
ကုန်သည် ရှိသော်။ ဇဟိတ ဝတ္ထုကာ၊ စွန့်အပ်သော အကြောင်း ရှိသည်။
ဟောတိ၊၏။ ။(ဤကားအနက်)။ ။သည်တိုင် နံရံခြေ- ကျောက်တိုင်တို့ကို
ချန်၍ ချန်၍ အလုံးစုံကိုပင် လဲအပ်ကုန်သော်လည်း မပျက်။ ။သဗ္ဗေသုပိ
ပရိဝတ္တိတေသု အဇဟိတ ဝတ္ထုကာဝ ဟောတိ။ ။ရင်းအဋ္ဌကထာ။ ။သဗ္ဗေ
သုပိ၊ အလုံးစုံသော သည်တိုင်တို့ကိုလည်း။ ပရိဝတ္တိတေသု၊ ချန်၍ချန်၍ လဲအပ်
ကုန်သည်ရှိသော်။ အဇဟိတ ဝတ္ထုကာဝ၊ မစွန့်အပ်သော အကြောင်း ရှိသည်
သာလျှင်။ ဟောတိ၊ ၏။ ။(ဤကားအနက်)။ ။အုတ်, ကျောက် တို့ဖြင့်
ပြုအပ်သည်ဖြစ်အံ့၊ အကြည်၏ အထက်၌ ထားအပ်သော အလုံးစုံသော နံရံ
အုတ်,ကျောက်တို့ကို ပယ်အပ်ကုန်သည် ရှိသော် ပျက်၏။နံရံအုတ်ကျောက်တို့ကို
ချန်၍ချန်၍ လဲအပ်ကုန်သည် ရှိသော်မပျက်။ ။ရင်းအဋ္ဌကထာ။ ။ဂေါနိ
သာဒိက ကုဋ္ဋိသည် ထက်ဝက်ရင်း၊ များစွာရင်း ရံအပ်သည် ရှိသော် ပျက်၏။
တဘန်ထက်ဝက်မကျန်အောင် အာရာမ် ပျက်ပြန်သော် ကပ္ပိယ ကုဋ္ဋိ ဖြစ်ပြန်
၏။ ။ရင်းပင်။ ။ဂဟပတိကုဋ္ဋိ, သမ္မုတိကုဋ္ဋိ တို့သည် ဝမ်းဘဲတောင် ခေါင်
အုပ်နှင့်တကွ အလုံးစုံသောအမိုးတို့သည် ပျက်ကုန်၍အခြင်မျှရှိလတ်သော် ပျက်
ကုန်၏။ ဝမ်းဘဲတောင် ခေါင်အုပ် တစဉ်သည်ရင်း၊ သက်ငယ် တပြစ်စဉ်စသည်
သည်ရင်း၊ အခြင်၏ အထက်၌ ကြွင်းကျန်သော် မပျက်ကုန်။ ။ဋ္ဌတရာပန
ဒွေဂေါပါနသီမတ္တံ ဌပေတွာ သဗ္ဗသ္မိံ ဆဒနေ ဝိနဋ္ဌေ ဇဟိတဝတ္ထုကာ ဟောန္တိ၊
သစေဂေါပါနသီနံ ဥပရိ ဧကမ္ပိ ပက္ခပါသက မဏ္ဍလံ အတ္ထိ ရက္ခတိ။ ။
ရင်းအဋ္ဌကထာ။ ။ဋ္ဌတရာ၊ ဤမှ တပါးကုန်သော။ ဒွေ၊ နှစ်ပါးသော ဂဟပတိ
ကုဋ္ဋိ, သမ္မုတိကုဋ္ဋိ တို့သည်။ ဂေါပါနသီ မတ္တံ၊ အခြင်မျှကို။ ဌပေတွာ၊ ၍။
သဗ္ဗသ္မိံ ဆဒနေ၊ အလုံးစုံသော အမိုးသည်။ ဝိနဋ္ဌေ၊ ပျက်သည်ရှိသော်။ ဇဟိတ
ဝတ္ထုကာ၊ စွန့်အပ်သော ကပ္ပိယကုဋ္ဋိ၏ အကြောင်းရှိကုန်သည်။ ဟောန္တိ၊ ဖြစ်

ကုန်၏။ ဂေါပါလာသိန်၊အခြင်တို့၏။ဥပရိ၊ အထက်၌။ ကော်ပိပက္ခ ပါသကမဏ္ဍလံ၊ တစဉ်မျှသော ဝမ်းဘဲတောင် အဝန်းသည်လည်း။ သစေအတ္ထိ၊အကယ်၍ ရှိငြား အံ့။ တံ၊ ထိုတစဉ်မျှသော ဝမ်းဘဲတောင်အဝန်း၊ တစဉ်မျှသော သက်ငယ်သည်။ ရက္ခတိ၊ ကပ္ပိယကုဋိအဖြစ်ကို စောင့်နိုင်၏။ ။(ဤကားအနက်)။ ။[ဝမ်းဘဲတောင် မရှိသော သက်ငယ်ကျောင်း၌ သက်ငယ်တစဉ်ကိုယူသင့်သည်။]

ကပ္ပိယ-အကပ္ပိက ကုဋိ အဆုံးအဖြတ်ကား ဤတွင်ပြီး၏။

---

(၂) ဝိဃာသဂ္ဂါဟကို သိလိုပါသည် လျှောက်သားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဃာသံ ဂါဟေတုံ၊ သန္ဒိဋ္ဌောစ ဟောတိ၊ သမ္ဘတ္တောစ၊ အာလပိတောစ၊ ဇီဝတိစ၊ ဂဟိတေစ အတ္တမနော ဟောတီတိ။ ။ဟူသော မဟာဝါပါဠိဖြင့် သိအပ်၏။ ။ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသောသူအား။ ဝိဃာသံ- ဝိဃာသေန၊ အကြွင်းမ ဝင်သော အားဖြင့်။ ဂါဟေတုံ၊ ယူစေခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ သန္ဒိဋ္ဌောစ၊ မြင်အပ်ဘူးကာမျှဖြစ်၍ မမြဲမြံလွန်းသော အဆွေခင်ပွန်းသည်လည်း။ ဟောတိ၊၏။ သမ္ဘတ္တောစ၊ တကွ စားဘက်ဖြစ်၍ မြဲမြံသော အဆွေခင်ပွန်း သည်လည်း။ ဟောတိ၊ ၏၊ အာလပိတောစ၊ ပန်ကြားဘွယ်မရှိ၊ ငါ၏ပစ္စည်းကို အလိုရှိငြားအံ့၊ အကြင်ပစ္စည်းကို အလိုရှိ၏။ ထိုအလိုရှိသော ပစ္စည်းကို ယူလောဟု ပြောဆိုဘူးသော အဆွေခင်ပွန်းသည်လည်း။ ဟောတိ၊ ၏။ ဇီဝတိ၊ အသက်ရှိသေးသည်လည်း။ ဟောတိ၊ ၏။ ဂဟိတေ၊ ယူသည်ရှိသော်။ အတ္တမနောစ၊ နှစ်သက်တတ်သော စိတ်ရှိသည်လည်း။ ဟောတိ၊ ၏။ ဘိက္ခဝေ၊တို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣတိဣမေဟိ အင်္ဂေဟိ၊ ဤအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသောသူအား။ ဝိဃာသံ- ဝိဃာသေန၊ ဖြင့်။ ဂါဟေတုံ၊ ငှါ၊အနုဇာနာမိ၊၏။ ။(ဤကားအနက်)

ဤ၌ ပေါင်းဆုံမိသော နေရာ၌ မြင်အပ်ကာမျှ ဖြစ်၍ မမြဲမြံ လွန်းသော အဆွေခင်ပွန်းသည် သန္ဒိဋ္ဌမည်၏။ တကွစားဘက်ဖြစ်၍ မြဲမြံလွန်းသော အဆွေခင်ပွန်းသည် သမ္ဘတ္တမည်၏။ ပန်ကြားဘွယ်မရှိ၊ ငါ၏ ပစ္စည်းကို အလိုရှိမူ ယူလောဟု ဆိုအပ်သော အဆွေခင်ပွန်းသည် အာလပိတမည်၏။ ယူသည် ရှိသော် နှစ်သက်တတ်သော စိတ်ရှိသော သူသည် ဂဟိတေ အတ္တမန မည်သော အဆွေခင်ပွန်းမည်၏။ ဤ၌ ဥစ္စာရှင် နှစ်သက်သော အခါ၌သာ ယူအပ်

သည်မဟုတ်၊ ငါယူသည် ရှိသော် နှစ်သက်လတ္တံ့ဟု သိလျှင်ပင် မျက်ကွယ် ဖြစ်သော်လည်း ယူခြင်းငှါအပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဂဟိတေ အတ္တမနောတိ ဂဟိတေ တုဋ္ဌစိတ္တော ဟောတီ။ ဝေရူပဿ သန္တကံ ဂဟိတေ မေ အတ္တမနော ဘဝိဿတီတိ ဇာနန္တေန ဂဟေတုံ ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။ ။ဂဟိတေ အတ္တမနောတိ၊ဟူသည်ကား။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ တုဋ္ဌစိတ္တော၊ နှစ်သက် ရွှင်လန်း ဝမ်းမြောက်တတ်သော စိတ်ရှိသည်။ ဟောတိ၊ ၏။ ဝေရူပဿ၊ ဤသို့ယူသည်ရှိသော် နှစ်သက်တတ်သော စိတ်ရှိသော သူ၏။ သန္တကံ၊ ဥစ္စာကို။ မေ၊ ငါသည်။ ဝါ၊ ငါ့အား။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ အတ္တမနော၊ နှစ်သက် ဝမ်းမြောက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဇာနန္တေန၊ သိသောစိတ်ဖြင့်။ ဂဟေတုံ၊ ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)

ဤ၌ ဂဟိတေ အတ္တမနအင်္ဂါကို ဥပလက္ခဏာအားဖြင့် ဆိုအပ်၏။ စင်စစ်သော်ကား ဥစ္စာရှင် နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ငါယူသည် ရှိသော်နှစ်သက်လတ္တံ့ဟုသိလျက်ပင် အကျွမ်းဝင်၍ ယူခြင်းရောက်၏။ အကြောင်းမှာ အဋ္ဌကထာ၌ အကျွမ်းဝင်၍ ယူသော်လည်း မနှစ်သက်သောဥစ္စာရှင်အားရင်း၊ ထိုဥစ္စာရှင်ကို အစိုးရသောသူတို့အားရင်း ပြန်၍ပေးအပ်၏ဟု ဆိုလတ္တံ့သော စကားကိုရင်း၊ ယခုအခါ ပေတို့၌ ထင်ရှားရှိသော။ ။အနုဇာနာမိ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ ဂါဟေတုံ၊ သန္ဒိဋ္ဌော စ ဟောတိ၊ သမ္ဘတ္တော စ၊ ဇီဝတိ စ၊ ဇာနာမိ စ၊ ဂဟိတေ မေ အတ္တမနော ဘဝိဿတီတိ။ ။ဟူသော မဟာဝါပါဠိကိုရင်း ထောက်၍သိအပ်၏။ ။မေ၊ ငါသည်၊ ဝါ၊ ငါ့အား။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ အတ္တမနော၊ နှစ်သက်ဝမ်းမြောက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ဇာနာမိစ၊ သိသည်လည်း။ဟောတိ၊ ၏။ ။အကြွင်းရှေးနည်း။ ။(ဤကား အနက်)။ ။ထိုစကားသင့်စွ၊ အဋ္ဌကထာဆရာ ထုတ်ပြအပ်သော ရှေးပါဠိကား ထိုအခါ ပေတို့၌ရှိသော ပါဠိတည်း။ နောက်ပါဠိကား ယခုအခါ ပေတို့၌ရှိသော ပါဠိတည်း။ အဓိပ္ပါယ်မှာ နှစ်ရပ်လုံးအတူပင်။ ဤ၌ အကြွင်းမဲ့ယူသည်အစွမ်းဖြင့်+အင်္ဂါငါးပါးကို ဟောတော်မူအပ်၏။အကျွမ်းဝင်၍ယူခြင်းကား-'သန္ဒိဋ္ဌ၊ ဇီဝတိ, ဂဟိတေ အတ္တမန ဇာနန'။ 'သမ္ဘတ္တ၊ ဇီဝတိ, ဂဟိတေ အတ္တမန, ဇာနန'။ အာလပိတ, ဇီဝတိ, ဂဟိတေ အတ္တမန, ဇာနန ဤသို့ အင်္ဂါသုံးပါး- သုံးပါးဖြင့်ပင်ရောက်၏၊ သာဓကမှာ အဋ္ဌကထာ၌ ထင်ရှားလှလေပြီ။

ဤ၌ အကြွမ်းဝင်၍ယူခြင်းရောက်၏ဟူသည် သပိတ်သင်္ကန်းဖြစ်အံ့၊ အဓိဋ္ဌာန်လည်းကျ၏။ထေယျစိတ်အားဖြင့်ယူခြင်း၊တာဝကာလိကအားဖြင့် ယူခြင်းလည်း

မဖြစ်ဟူလိုသည်။ ဤ၌ တာဝကာလိဟူသည် မသေသော်ပြန်၍ပေးအံ့၊ အစား ပေးအံ့ ဟူသောတာဝကာလိကတည်း။ ငါးသော တာဝကာလိကမဟုတ်၊ အကြွမ်းမဝင်သောအားဖြင့် ယူခြင်းဟူသည် သပိတ်,သင်္ကန်းဖြစ်အံ့၊ အဓိဋ္ဌာန် လည်းကျ၏။ ပြန်၍မပေးအံ့ဟုယူသော် ခိုးခြင်းလည်းဖြစ်၏။ ပြန်၍ပေးအံ့ဟု ယူသော် တာဝကာလိကလည်း ဖြစ်၏ဟူလိုသည်။ ထိုတွင် ဝိဿာသယူခြင်းသည် မျက်ကွယ်ယူခြင်း၊ မျက်မှောက်ယူခြင်းဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် မျက် ကွယ်ယူရာ၌ ဥစ္စာရှင်သိ၍ မနှစ်သက်သော် ဥစ္စာရှင်သေအံ့၊ ထိုပစ္စည်းကိုအစိုးရ သော လူရဟန်းတို့အား ပေးအပ်၏။ မသေအံ့၊ ဥစ္စာရှင်အားပင် ပေးအပ်၏။ နှစ်သက်သော် အမျက်ထွက်ခြင်းဖြင့် တဖန်တောင်းသော်လည်း ပြန်၍မပေး အပ်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ယောပန ဇီဝတိ နစဂဟိတေ အတ္တမနော ဟောတိ။ တဿ သန္တကံ ဝိဿာသဂ္ဂါဟေန ဂဟိတမ္ပိ ပုန ဒါတဗ္ဗံ။ ဒဒမာနေနစ မတနံ့ တာဝ ယေ တဿ ဓနေ ဣဿရာ ဂဟဋ္ဌာဝါ ပဗ္ဗဇိတာဝါ။ တေသံ ဒါတဗ္ဗံ။ အမတဿ သန္တကံ တဿေဝ ဒါတဗ္ဗံ။ ယောပန ပဌမံယေဝ သုဋ္ဌု ကတံ တယာ မမ သန္တကံ ဂဏှန္တေနာတိ ဝစီဘေဒေနဝါ စိတ္တုပ္ပါဒမတ္တေနဝါ အနုမောဒိတွာပစ္ဆာ ကေနစိကာရဏေန ကုပိတော ပစ္စာဟရာပေတုံ နလဘတိ။ ။ ဟု မိန့်အပ်၏။ ။ယောပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဇီဝတိ၊ အသက်မူကား ထင်ရှားရှိ၏။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ အတ္တမနော၊ နှစ်သက်သောစိတ် ရှိသည်။ နဟောတိ၊ မဖြစ်။ တဿ၊ ထိုမနှစ်သက်သောသူ၏။ သန္တကံ၊ ဥစ္စာကို။ ဝိဿာသဂ္ဂါဟေန၊ အကြွမ်းဝင်၍ယူခြင်းဖြင့်။ ဂဟိတမ္ပိ၊ ယူအပ်ပြီးသော်လည်း။ ပုန၊ တဖန်။ ဒါတဗ္ဗံ၊ ပြန်ပေးအပ်၏။ ဒဒမာနေနစ၊ ပေးသောရဟန်းသည် လည်း။ မတနံ့၊ သေသော ရဟန်း၏ ဥစ္စာကို။ တာဝ၊ ရှေးဦးစွာ။ ဂဟဋ္ဌာဝါ၊ လူလည်းဖြစ်ကုန်သော။ ပဗ္ဗဇိတာဝါ၊ ရဟန်းလည်းဖြစ်ကုန်သော။ ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။တဿ၊ထိုသေလွန်သောပုဂ္ဂိုလ်၏။ဓနေ၊ဥစ္စာ၌။ဣဿရာ၊ အစိုးရကုန်၏။တေသံ၊ထိုအစိုးရသောသူတို့အား။ဒါတဗ္ဗံ ပေးအပ်၏။အမတဿ၊ မသေသောသူ၏။ ဓနံ၊ ဥစ္စာကို။ တဿေဝ၊ ထိုဥစ္စာရှင်အားသာလျှင်။ ဒါတဗ္ဗံ၊ ပြန်၍ပေးအပ်၏။ ယောပန၊ အကြင်သူသည်ကား။ ပဌမံယေဝ၊ ရှေးဦးကပင် လျှင်။ တယာ၊ သင်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာကို။ ဂဏှန္တေန၊ ယူခြင်း ဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ ကတံ၊ ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ ဣတိ ဝစီဘေဒေနဝါ၊ နှုတ်မြွက်သော့အားစကားဆိုသဖြင့်ရင်း။ စိတ္တုပ္ပါဒမတ္တေနဝါ၊ စိတ်ဉပါဒ်ခြင်း ဖြင့်ရင်း။ အနုမောဒိတွာ၊ ဝမ်းမြောက်ပြီး၍။ ပစ္ဆာ၊ နောက်မှ။ ကေနစိ၊ တစုံ တခုသော။ ကာရဏေန၊ အကြောင်းဖြင့်။ကုပိတော၊ အမျက်ထွက်သည်ရှိသော်။ ပစ္စာဟရာပေတုံ၊ တဘန်ဆောင်ယူစေခြင်းငှါ။ နလဘတိ၊ မရ။ ။(ဤကား အနက်)

ဤအဋ္ဌကထာပါဌ်ဝယ် ယခုအခါ ဘုတ်အုပ်စာတို့၌။ ။အနုတ္တမနသာ သန္တကံ။ ။ဟုရှိကြ၏ ပါဌ်ပျက်။ ။ဤအရာတွင် အချို့ကား အာလပိတ အရာ၌ မနှစ်သက်သော်လည်း ယူအပ်ပြီးသည်ကိုပြန်၍ တောင်းခြင်းငှါမရဟု ဆို၏။ အာလပိတ၌ အတ္တမန အင်္ဂါပါဝင်၏ဟု ဆိုလိုရိပ်ရှိ၏။ ရဟန်းတို့အား နှုတ်သာပြဋ္ဌာန်းရကား နှစ်သက်၍ ဆိုသည်ဖြစ်စေ၊ မနှစ်သက်ဘဲ လောကဝတ် အားဖြင့်ဆိုသည်ဖြစ်စေ အာလပိတချည်းပင်ဖြစ်၍ အတ္တမနအင်္ဂါကိုဆိုဘွယ်ရာ မရှိ သောကြောင့်ရင်း၊ သံဒိဋ္ဌ,သမ္ဘတ္တ အရာတို့၌ကဲ့သို့ ယူပြီး၍ သိသောအခါ နှစ်သက်ခြင်းကိုသာ ဂဟိတေ အတ္တမနဟု ဆိုအပ်သောကြောင့်ရင်း ထိုစကား မသင့်။ ။မျက်မှောက်ယူရာ၌ မနှစ်သက်သော် တားမြစ်ရာ၏။ ဘေးမရှိလျက် ရှက်၍ရင်း၊ အားနာ၍ရင်း မတားမြစ်သော် ဘေးမရှိလျက် နှုတ်ထွက်၍ မတား မြစ်ခြင်းကြောင့် တဘန်ပြန်၍တောင်းခြင်းငှါမရ။ ။ထိုကြောင့်အဋ္ဌကထာ၌။ ။ယောပိ အဒါတုကာမော၊ စိတ္တေနပန အဓိဝါသေတိ နကိဉ္စိ ဝဒတိ။သောပိ ပုန ပစ္စာဟရာပေတုံ နလဘတိ။ ။ဟုမိန့်အပ်၏။ ။ယောပိဘိက္ခု၊ အကြင်ရဟန်းသည် လည်း။ အဒါတုကာမော၊ ပေးခြင်းငှါ အလိုမရှိသည်လည်း။ ဟောတိ၊ ၏။ ပန၊ ထိုသို့ပင် ပေးခြင်းငှါ အလို မရှိသော်လည်း။ စိတ္တေန၊ စိတ်ဖြင့်။ အဓိဝါ သေတိ၊ သည်းခံ၍ နေ၏။ကိဉ္စိ၊ တစုံတခုသောစကားကို။ နဝဒတိ၊ မဆို။သောပိ ဘိက္ခု၊ထိုရဟန်း သည်လည်း။ပစ္စာဟရာပေတုံ၊ တဘန်ပြန်၍ ဆောင်စေခြင်းငှါ။ နလဘတိ၊ မရ။ ။(ဤကား အနက်)

အဓိပ္ပါယ်ကား—နှုတ်ဖြင့်မမြစ်ဘဲ စိတ်ဖြင့်သာ မပေးအံ့၊ ပြန်၍ တောင်းအံ့ စသည်ဖြင့်ကြံ၍ သည်းခံ၍ နေသော ပုဂ္ဂိုလ်သည်လည်း ပြန်၍ တောင်းခြင်း ငှါ မအပ်ဟူလိုသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌။ ။ယောပိ ပရိသမဇ္ဈေ လဇ္ဇာယ အဓိဝါသေတိ နကိဉ္စိ ဝဒတိတိ အတ္ထော။ပုန ဝတ္တုကာမတာ ဓိပ္ပါယေ န သောပိ ပစ္စာဟရာပေတုံ နလဘတီတိ ဝုတ္တံ။ ။ဟုမိန့်အပ်၏။ ။ယောပိ၊ အကြင် ရဟန်းသည်လည်း။ ပရိသမဇ္ဈေ၊ ပရိသတ်၏ အလယ်၌။ လဇ္ဇာယ၊ ရှက်သည်၏ အဖြစ်ကြောင့်။ ပုန၊ တဘန်။ ဝတ္တုကာမတာဓိပ္ပါယေန၊ ပြောဆို ခြင်းငှါအလိုဖြင့်။ အဓိဝါသေတိ၊ သည်းခံ၍နေ၏။ ကိဉ္စိ၊ တစုံတခုသောစကား ကို။ နဝဒတိ၊ မဆို။ သောပိ၊ ထိုရဟန်းသည်လည်း။ ပစ္စာ ဟရာပေတုံ၊ တဘန် ပြန်၍ဆောင်စေခြင်းငှါ။ နလဘတိ၊မရ။ ဣတိ၊ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤ ကားအနက်)။ ။[ဤတွင်စာအများ၌ ယောပန ဟူ၍ရင်းရှိ၏။ပါဌ်ပျက်ဟူ၍ မှတ်ရာ၏။ အဋ္ဌကထာကိုထောက်ပါ]။ ။ခိုးသူဟူရာ၌ကား၊ ဘေးကို ငဲ့လျက် နှုတ်ထွက်၍ မမြစ်ခြင်းကြောင့် စိတ်ဖြင့် မပေးလိုသော် ဝန်မချအံ့၊ ပြန်၍ တောင်းခြင်းငှါရ၏။ ။ထိုကြောင့် ဧင်းဋီကာ၌ပင်။ ။သစေ စောရောပသယှ ဂဟေတုကာမောပိ အဓိဝါသေထ ဘန္တေ ဣမံ မေ စီဝရနီတိ ဝတွာ စီဝရန်

**ထေရေနဒိန္နာနီအဒိန္နာနိဝါသယံ ဂဟေတွာ ဂစ္ဆတိ၊ ထေရော ပုန ပက္ကံလဘိတွာ**
စောဒေတုံ လဘတိ၊ ပုဗ္ဗေ အဓိဝါသနာ အဓိဝါသနသဉ္ဇံ နုဂစ္ဆတိ၊ ဘယေန
တုဏှီဘူတတ္တာ။ ။ဟု မိန့်အပ်၏။ ။စောရော၊ ခိုးသူသည်။ ပသယှ၊ အနိုင့်
အထက်နှိပ်စက်၍။ ဂဟေတုကာမော်ပိ၊ ယူခြင်းငှါ အလိုရှိသော်သည်း။ ဘန္တေ၊
အရှင်ဘုရား။ အဓိဝါသေထ၊ သည်းခံပါကုန်လော။ ဣမ၊ ဤအရပ်၌။ မေ၊
အကျွန်ုပ်၏။ စီဝရာနိ၊ သင်္ကန်းတို့ပါတည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုပြီး၍။
ထေရေန၊ မထေရ်သည်။ ဒိန္နာနိဝါ၊ ပေးအပ်သည်လည်းဖြစ်ကုန်သော။ အဒိန္နာ
နိဝါ၊ မပေးအပ်သည်လည်း ဖြစ်ကုန်သော။ စီဝရာနိ၊ သင်္ကန်းတို့ကို။ သယံ၊ မိမိ
အလို့အလျောက်။ ဂဟေတွာ၊ ယူ၍။ သစေဂစ္ဆတိ၊ အကယ်၍သွားသည်ဖြစ်
အံ့။ ထေရော၊ မထေရ်သည်။ ပုန၊ တဖန်။ ပက္ခံ၊ အပင်းအသင်းကို။လဘိတွာ၊
ရသည်ရှိသော်။ စောဒေတုံ၊ တောင်းယူခြင်းငှါ။ လဘတိ၊ ရ၏။ ပုဗ္ဗေ၊ ရှေး၌။
အဓိဝါသနာ၊ သည်းခံခြင်းသည်။ အဓိဝါသနသဉ္ဇံ၊ သည်းခံခြင်း ဟူသော
အရေအတွက်သို့။ နုဂစ္ဆတိ၊ မရောက်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။
ဘယေန၊ ကြောက်ခြင်းကြောင့်။ တုဏှီဘူတတ္တာ၊ ဆိတ်ဆိတ် နေသည်၏ အဖြစ်
ကြောင့်တည်း။ ။(ဤကား အနက်)

ရှေး၌ရင်း၊ ဤ၌ရင်း မပေးလိုသောစိတ်ချင်းအားဖြင့် တူ၏။ ရှေး၌ကားဘော်
မရှိလျက် နှုတ်ထွက်၍ မမြစ်ခြင်းကြောင့် တောင်းခြင်းငှါ မရ။ ဤ၌ ဘေးကိုင်
လျက် နှုတ်ထွက်၍ မမြစ်ခြင်းကြောင့် တောင်းခြင်းငှါရ၏။ ဤကားအထူး။ ။
†ဝိဿာသဂ္ဂါဟ, ဟူသည်၊ ပါရာဇိက အာပတ်၏ အစောင့် အရှောက် ဖြစ်
သည်။ ။ထို့ကြောင့် ပါဠိတော် အနာပတ္တိဝါရ၌။ ။အနာပတ္တိ ဝိဿာ
သဂ္ဂါဟေ။ ။ဟု ဟောတော်မူအပ်၏။ ။ ပါရာဇိကအာပတ် သည်လည်း
တည်ရာမှ ရွေ့ရှစေ ရွေ့စေ၍ ယူခြင်းဖြင့်သာဖြစ်သည်။ ကိုယ်နှင့် ကင်း၍ သက်
သက်သော နှုတ်စိတ်တို့ဖြင့် ခိုးယူပါ၏ဟု ယူငြားသော်လည်း မဖြစ်။ အရှင်
အာနန္ဒာဝတ္ထု စသော ပါဠိတော် အရပ်ရပ် တို့၌လည်း တည်ရာမှ ရွေ့စေ၍
ကိုယ်ဖြင့် ယူခြင်းသာ လာရှိသည်။ နှုတ်စိတ်ဖြင့်သာ ယူခြင်းကား မလာမရှိ။
ထိုကြောင့် ကိုယ်ဖြင့် တည်ရာမှ ရွေ့စေ၍ ယူခြင်းသာ ရောက်၏။ သပိတ်,
သင်္ကန်းဖြစ်အံ့၊ အဓိဋ္ဌာန်လည်း ကျ၏။ နှုတ်စိတ်တို့ဖြင့် ယူခြင်းကား မရောက်။
အဓိဋ္ဌာန်လည်း မကျဟု မှတ်ယူသင့်သည်။ ရွေ့ရှားစကောင်းသော သင်္ကန်း,
သပိတ်စသော ဝတ္ထုကိုရင်း၊ မရွေ့ရှားစကောင်းသော ကျောင်းစသော ဝတ္ထု
ကိုရင်း အစောင့်ထားခြင်း၊ စည်းတားခြင်း၊ တက်၍နေခြင်း စသည် တို့ဖြင့်
အကြွမ်းဝင်၍ ယူရာ၌ ဥစ္စာရှင် မသိသော်ရင်း၊ သိသော်ရင်း၊ မနှစ်သက်သော်
ရင်း တည်ရာမှ မရွေ့ခြင်းကြောင့်ယူခြင်းမမြောက်၊ အဓိဋ္ဌာန်လည်း မကျ။ †တစုံ
**တယောက်အား ဥစ္စာရှင်ပေးအံ့၊ ပေးအပ်သော သူရ၏။မပေးဘဲ သေအံ့၊ သံဃိ**

က ဖြစ်၏။ သို၍ ဥစ္စာရှင်နှစ်သက်အံ့၊ အရင်းပြတ်ယူသော သူ၏ သန္တကဖြစ်၏။ ပမာကား- အရံစသည်ကို တရားဆင်ခြင်း, တံသင်း ရွှေ့ခြင်း စသည်ဖြင့်ခိုးရာ၌၊ ဥစ္စာရှင် ဝန်ချခြင်းဖြင့် အရင်းပြတ်ယူသော သူ၏ သန္တကဖြစ်၍၊ စင်စစ် ပါရာဇိကဖြစ်သကဲ့သို့တည်း။ ရွှေရှားစေ၍ယူရာ၌ ယူခြင်းမမြောက်၏။ အဝိဋ္ဌာန်ကျ၏။ အစောင့်ထားခြင်းစသည်ဖြင့်ယူရာ၌ ယူခြင်းမမြောက်၊ အဝိဋ္ဌာန်မကျ။ နှစ်သက်မှသာမြောက်၏ ကျ၏။ (ဤကားအထူး) အချို့ကား၊ ဥပနိက္ခိတ္တံဝါ သာဒိယေယျဟု- အနီး၌ ထားသည်ကို စိတ်ဖြင့် သာယာက ရှိရကြောင်း ဟောတော်မူသောကြောင့် စိတ်ဖြင့် ယူခြင်းဖြင့်လည်း ရောက်၏ဟု ဆို၏။ အနီး၌ ထားအပ်သော ရွှေငွေဟူသည် မြင်မြင် ဝါးဝါး ထားအပ်ကာမျှသာ မဟုတ်။ ။ဥပနိက္ခိတ္တံဝါ သာဒိယေယျာတိဣဒံ အယျဿ ဟောတူတိ ဥပနိက္ခိတ္တံ သာဒိယတိ။ ။ဥပနိက္ခိတ္တံဝါ သာဒိယေယျာတိဟူသည်ကား။ ဣဒံ၊ဤဝတ္ထု သည်။အယျဿ၊အရှင်ဘုရားအား။ ဟောတု၊ ဖြစ်ပါစေလော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုပြီး၍။ ဥပနိက္ခိတ္တံ၊ အနီး၌ ချထားအပ်သောဥစ္စာကို။ သာဒိယတိ၊ သာယာ၏။ ။(ဤကားအနက်)

ဤသို့ဟောတော်မူအပ်ရကား၊ ထိုပုဂ္ဂိုလ်အား လှူ၍ထားအပ်သော ပစ္စည်း ဖြစ်၍၊ စင်စစ် ထိုပုဂ္ဂိုလ်၏ သန္တကဖြစ်၏ဟု သိအပ်သည်။ သို့ဖြစ်သော်လည်း သာယာလျှင် အာပတ်သင့်၏။ မသာယာလျှင် ကွယ်ရာကလှူအပ်သော ရွှေငွေ ကဲ့သို့ အာပတ်မသင့်ကြောင်းပြခြင်းငှါ ဥပနိက္ခိတ္တံဝါ သာဒိယေယျဟု ဟော တော်မူသည်။ မြင်မြင် ဝါးဝါး အနီး၌ ထားသမျှ ရွှေငွေကို စိတ်က သာယာ ရုံမျှရှိ၍ အာပတ် သင့်ကြောင်းပြလို၍ ဟောတော်မူအပ်သည် မဟုတ်ရကား၊ ထိုပါဠိစကား သာဓက မဖြစ်သင့်။ အချို့ကား သမာနလာဘ ကတိကဝတ် အရာ၌၊ နှုတ်ကသာ ကတိက ဝတ်ပြုခြင်း၊ သံဃိက သက်နှင်းကိုဝိဋ္ဌာန်၍ ယူသော အခါ၌ စိတ်ဖြင့်သာပိုင်းခြားခြင်းဖြင့် ရရှိသကဲ့သို့ နှုတ်စိတ်တို့ဖြင့်လည်းရောက်၏ ဟု ဆို၏။မတသန္တကအရာ၌ သံဃာမသိဘဲလျက် သံဃိကဖြစ်ကြောင်း၊ထိုပစ္စည်း များလည်း စိတ်ဖြင့် ပိုင်းခြားက ပုဂ္ဂလသန္တက ဖြစ်ကြောင်း အသိအခွင့်ပြုသော အရာ၌ဖြစ်၍ ထောက်စာခြင်းငှါ မသင့်ရကား၊ ထိုပါဠိစကား နှစ်ဌာနပင် သာဓက မဖြစ်သင့်။ သို့မဖြစ်သင့်သော်လည်း အများသုံးစွဲကြသောအရာဖြစ်၍ အပြစ်ဆိုခွင့် မရှိချေ။

လျှောက်ထားအပ်သည်ဖြစ်၍ ထိုထို ကျမ်းဂန်တို့နှင့်အညီ
စီရင်အပ်သော ဝိဿဇ္ဇ သဂ္ဂါဟ ဝိနိစ္ဆယပြီး၏။

(၃) ဒွိသန္တက အဆုံးအဖြတ်ကို သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။

ပါဠိ အဋ္ဌကထာတို့၌ ဒါယကာတို့က နှစ်ယောက် သုံးယောက် စသော ဂိုဏ်းအား လှူသောအရာ၌ ဂဏသန္တက အပိုင်းအခြားမရှိသော ရဟန်းတို့အား လှူသောအခါ၌ သံဃိက ဖြစ်ကြောင်းသာ လာရှိသည်။ ။ဝဇိရဗုဒ္ဓိဋီကာ၌ ကား။ ။မမ သန္တကံ တဝစ မမစ ဟောတူတိ ဧဝမာဒိဝစနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတီတိ လိခိတံ။ ။ဟူ၍။ ။မမသန္တကံ တဝစ၊ မမစဟောတု၊ဟု အသီးအသီးဆိုက သမာနလာဘ ဒွိသန္တက စသည်ဖြစ်ကြောင်းလာ၏။ ။မမ၊ ငါ၏။ သန္တကံ၊ဥစ္စာသည်။တဝစ၊ သင်အားရင်း။ မမစ၊ ငါ့အားရင်း။ ဟောတု၊ ဖြစ်စေသတည်း။ ဝါ၊ ဖြစ်စေလော။ ဣတိဧဝမာဒိဝစနေန၊ ဤသို့အစရှိသော စကားကို ဆိုခြင်းဖြင့်။ သမာနပရိက္ခာရံ၊ တူသောပရိက္ခရာရှိသည်ကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ လိခိတံ၊ ဂဏ္ဌိပုဒ်တို့၌ရေးအပ်၏။ ။ (ဤကား အနက်)။ ။ဤဋီကာ၏ပါဌ်၌။ ။မမသန္တကံ တဝစ၊ မမစ ဟုငဲ့ကွက်ခြင်းနှင့်တကွ ပေးသည်ကိုပြသောစကားသည် ငဲ့ကွက်ခြင်းမရှိ၊ စွန့်မှ မိမိသန္တက အဖြစ်မှလွတ်သွား၍ တပါးသူ သန္တကဖြစ်ကြောင်း။ ။ဣမံ တုယှံ ဒေမိ ဒဒါမိ၊ ဒဇ္ဇာမိ ဩဏောဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမိတိဝါ ဣတ္ထန္နာမဿ ဒေမိ ။ပ။ နိဿဇ္ဇာမိတိဝါ ဝဒတိ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ၊ တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာမိတိ ဝဒတိ သုဒိန္နံ သုဂဟိတဉ္စ။ ။ဟူ၍လာသော အဋ္ဌကထာနှင့် ဆန့်သကဲ့သို့ရှိ၏။ ။ဟောတုဟု တောင့်တခြင်းကို ပြသော ဂဏ္ဌိကာ စကားသည်လည်း။ ။တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊ တဝ သန္တကံ ကာရာပေဟီတိ ဝုတ္တေ၊ မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမီတိ ဝဒတိ ဒုဒိန္နံ ဒုဂ္ဂဟိတဉ္စ။ ။ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်သကဲ့သို့ရှိ၏။ ။ဣမံ၊ ဤဝတ္ထုကို။ တုယှံ၊ သင်အား။ ဒေမိ၊ ပေး၏။ ဒဒါမိ၊ လှူပါ၏။ ဒဇ္ဇာမိ၊ ပေး၏။ ဩဏောဇေမိ၊ စွန့်၏။ ပရိစ္စဇာမိ၊ ထက်ဝန်းကျင်မှ စွန့်၏။ ဝိဿဇ္ဇာမိ၊ အထူးသဖြင့်စွန့်ပါ၏။ နိဿဇ္ဇာမိ၊ အရင်းပြတ်စွန့်ပါ၏။ ဣတိဝါ၊ ဤသို့ရင်း။ ဣတ္ထန္နာမဿ၊ဤအမည်ရှိသောသူအား။ ဒေမိ၊ပေးပါ၏။ ပ။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။ ဣတိဝါ၊ ဤသို့မူလည်း။ ဝဒတိ၊ ဆိုအံ့။ သမ္မုခါပိ၊ မျက်မှောက်၌ရင်း။ ပရမ္မုခါပိ၊ မျက်ကွယ်၌ရင်း။ဒိန္နံယေဝ၊ပေးလှူအပ်သည်သာ လျှင်။ ဟောတိ၊ ၏။ တုယှံ၊ သင်အား။ ဝါ၊ သင်သည်။ ဂဏှာဟိ၊ ယူလော။ ဣတိ၊ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။မယှံ၊ ငါ့အား။ ဝါ၊ငါသည်။ ဂဏှာမိ၊ ယူပါ၏။ ဣတိ၊ ဤသို့။ဝဒတိ၊ ဆိုအံ့။ သုဒိန္နမ္ပိ၊ ကောင်းစွာပေးအပ်သည်ရင်း။ သုဂဟိတဉ္စ၊ ကောင်းစွာယူအပ်သည်ရင်း။ ဟောတိ၊ ၏။ ။(ဤကား ရှေးအဋ္ဌကထာ၏အနက်)။ ။တဝ၊ သင်၏။ သန္တကံ၊ ဥစ္စာကို။ ကရောဟိ၊ပြုလော။

တဝ၊ သင်၏။ သန္တကံ၊ ဥစ္စာသည်။ ဟောတု၊ ဖြစ်စေလော။ တဝ၊ သင်၏။ သန္တကံ၊ ဥစ္စာကို။ ကာရာပေဟိ၊ ပြုစေလော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ မမ၊ ငါ၏။ သန္တကံ၊ ကို။ ကရောမိ၊ ပြုအံ့။ မမ၊ ၏။ သန္တကံ၊ သည်။ ဟောတု၊ ဖြစ်စေလော။ မမ၊ ငါ၏။ သန္တကံ၊ ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆိုအံ့။ ဒုဒိန္နဥ္စ၊ မကောင်းသဖြင့် ပေးအပ်သည်ရင်း။ ဒုဂ္ဂဟိတဥ္စ၊ မကောင်းသဖြင့်ယူအပ်သည်ရင်း။ဟောတိ၊၏။ ။(ဤကား နောက်အဋ္ဌကထာ၏ အနက်)

သို့ရှိသော်လည်း အများပင် သုံးစွဲကြသောအရာဖြစ်၍၊ အပြစ်ဆိုခွင့်မရှိချေ။ သို့သော်လည်း ရင်းနည်းသည် စိတ်ချ လက်ချမရှိရချေ။ စိတ်ချလောက်အောင်ရှိသော ဒွိသန္တက ပြုနည်းကို ရင်း၍ကြာဥ္ဈပင်။ ။အနုဂဏ္ဌိပဒေပန အတိဝ ပပဥ္စံ ကတွာ ပုန ဣဒမေတ္ထ .အာစရိယာနံ သန္နိဋ္ဌာနံ။သစေ သမ္ဗဟုလာ ဒွေဝါ သမာနပရိက္ခာရံ ကတ္တုကာမာ ဟောန္တိ၊ တေသဗ္ဗေ အတ္တနော သန္တကံ ဝတ္တမာနံ ဥပ္ပဇ္ဇနကေန သဒ္ဓိံ ပေသလဿ ဧကဿ ပရိစ္စဇန္တိ၊ သော ပုန တေသမေဝ ပရိစ္စဇတိ၊ ဧွာဝတာ တေသမာနပရိက္ခာရိကာ ဟောန္တိတိ။ ။ဟူ၍လာ၏။ ။ အနုဂဏ္ဌိပဒေပန၊ အနုဂဏ္ဌိပုဒ်၌ကား။ အတိဝ၊ အလွန်လျှင်။ ပပဉ္စံ၊ ကျယ်သည်ကို။ ကတွာ၊ ပြု၍။ပုန၊တဖန်။ဣဒံ၊ သိအပ်လတ္တံ့ သည်ကား။ ဧတ္ထ၊ဤဒွိသန္တက ပြုရာအစီအရင်၌။ အာစရိယာနံ၊ ဆရာတို့၏။ သန္နိဋ္ဌာနံ၊ အဆုံးအဖြတ်တည်း။ သမ္ဗဟုလာဝါ၊ များစွာသော ရဟန်းတို့သည်ရင်း။ ဒွေဝါ၊ နှစ်ပါးသောရဟန်းတို့သည်ရင်း။ သမာနပရိက္ခာရံ၊ မျှသော ပရိက္ခရာ ရှိသည်ကို။ ကတ္တုကာမာ၊ ပြုခြင်းငှါ အလိုရှိကုန်သည်။ သစေဟောန္တိ၊အကယ်၍ဖြစ်ကုန်အံ့။ ဝေသန္တေသု၊ ကြသို့ဖြစ်ကုန်သည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ရှိပြီးဥစ္စာကို။ ဝတ္တမာနံ၊ ဖြစ်ဆဲဖြစ်၍။ ဥပ္ပဇ္ဇနကေန၊ ဖြစ်သောပစ္စည်းနှင့်။သဒ္ဓိံ၊ တကွ။ ပေသလဿ၊သီလကိုချစ်သော။ ဧကဿ၊ တယောက်သော ရဟန်းအား။ ပရိစ္စဇန္တိ၊ စွန့်ကုန်၏။ သောဘိက္ခု၊ ထိုအလှူခံရဟန်းလည်း။ ပုန၊ တဖန်။ တေသမေဝ၊ ထိုပေးလှူသော ရဟန်းတို့အားသာလျှင်။ ပရိစ္စဇတိ၊ စွန့်ပြန်၏။ ဧွာဝတာ၊ဤမျှတည်းဖြင့်။တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ သမာနပရိက္ခာရိကာ၊ တူမျှသော ပရိက္ခရာရှိကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

ထိုသို့ လာ သော ကြောင့် ဒွိ သန္တက၊ တိသန္တက ပြုလိုသော နှစ်ယောက်သုံးယောက် စသောရဟန်းတို့သည်။ ဒွိသန္တက၊ တိသန္တကစသည်ပြုလိုအံ့၊ ဖြစ်လတ္တံ့သောပစ္စည်းနှင့်တကွ ရရှိဆဲဖြစ်သော မိမိတို့၏သန္တကကို သီလကိုချစ်သော တယောက်သော လဇ္ဇီပုဂ္ဂိုလ်အားစွန့်ကုန်ရာ၏။ ။ထိုလဇ္ဇီပုဂ္ဂိုလ်သည် တဘန်

ပြန်၍ထိုနှစ်ယောက် သုံးယောက်စသော ရဟန်းတို့အားလှူရာ၏၊ သို့လှူအပ်သော ပစ္စည်းသည် ဒွိသန္တက၊ တိသန္တကစသည်ဖြစ်ကြောင်းလာသေး၏။ ဤ၌ အနာဂတ် ပစ္စည်းကိုချန်၍ ပစ္စုပ္ပန်လက်ရှိပစ္စည်းကို ဒွိသန္တက စသည် ပြုခြင်းသည် ပါဠိ အဋ္ဌကထာ ရှိတိုင်းပင်ဖြစ်၍ စင်စစ်မြဲမြံသော ဒွိသန္တက စသည်ပြုခြင်းမည်၏။ ။ အနာဂတ်ပစ္စည်းသည်ကား ထင်ရှား မရှိသောကြောင့် ပေးအပ်သော အရာ မရောက်။ ၎င်းဒွိသန္တက, တိသန္တက စသောပစ္စည်းကို မဝေဘန်မီ တယောက် သော ရဟန်းသေအံ့၊ အလုံးစုံကို ကျန်သောရဟန်းသည်ရ၏။ အလုံးစုံသေအံ့၊ သံဃိကဖြစ်၏။ မဝေဘန်မူ၍ တစုံတယောက်သောသူအားပေးအံ့၊ ပေးခြင်း မမြောက်။ ဝေဘန်၍ပေးအံ့၊ ပေးခြင်းမြောက်၏။ ထိုဝေဘန်၍ ပေးအပ်သော ပစ္စည်းသည် ထိုပစ္စည်းရှင် ရဟန်းတို့သေကုန်သော်လည်း ပေးအပ်သောသူအား သာလျှင် ရောက်၏။ သံဃာအား မရောက်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ဧကသ္မိံ ကာလကတေ ဣတရော သာမီ။ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော။ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ။ သစေပိ အဝိဘဇိတွာ သဒ္ဓိဝိဟာရိကာနံ ဒေန္တိ အဒိန္နမေဝ ဟောတိ။ ဝိဘဇိတွာ ဒိန္နံပန သုဒိန္နံ။ တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒီနံယေဝ ဟောတိ၊ နသံဃဿ။ ။ ဟုမိန့်အပ်၏။ ။ဒွိန္နံ၊ နှစ်ယောက်သောပုဂ္ဂိုလ်တို့အား။ ဝါ၊ တို့၏။ အဝိဘတ္တံ၊ မဝေဘန်အပ်သေးသော။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ရှိသည်ဖြစ်၏။ ဧကသ္မိံ၊ တယောက်သောပုဂ္ဂိုလ်သည်။ ကာလကတေ၊ သေသည် ရှိသော်။ ဣတရော၊ တပါးသောပုဂ္ဂိုလ်သည်။ သာမိ၊ အစိုးရ၏။ ဗဟူနမ္ပိ၊ များစွာသော သူတို့၏ လည်း။ သန္တကေ၊ ဥစ္စာ၌။ ဧသေဝနယော၊ ဤနည်းသာလျှင်နည်းရှိ၏။ သဗ္ဗေသု၊ အလုံးစုံသောပုဂ္ဂိုလ်တို့သည်။ မတေသု၊ သေကုန်သည်ရှိသော်။ သံဃိကံ၊ သံဃာ၏ ဥစ္စာသည်။ ဟောတိ၊ ၏။ အဝိဘဇိတွာ၊ အသီးအခြား မဝေဘန်မူ၍။ သဒ္ဓိ ဝိဟာရိကာနံ၊ အတူနေတပည့်တို့အား။ သစေပိဒေန္တိ၊ အကယ်၍လည်း ပေးကုန် သည်ဖြစ်အံ့။ ဧဝမ္ပိ၊ ဤသို့ပင် ပေးကုန်သော်လည်း။ အဒိန္နမေဝ၊ ပေးအပ်သည် မမည်သည်သာလျှင်။ ဟောတိ၊ ၏။ ပန၊ အနွယကိုဆိုဦးအံ့။ ဝိဘဇိတွာ၊ ဝေဘန် ၍။ ဒိန္နံ၊ ပေးလှူအပ်သော ပစ္စည်းသည်။ သုဒိန္နံ၊ ကောင်းစွာပေးအပ်သည်။ ဟောတိ၊ ၏။ တံ၊ ထိုကောင်းစွာ ပေးအပ်သောပစ္စည်းသည်။ တေသု၊ ထိုဥစ္စာရှင် ပုဂ္ဂိုလ်တို့သည်။ မတေသုပိ၊ သေကုန်သော်လည်း။ သဒ္ဓိဝိဟာရိကာဒီနံယေဝ၊ အတူနေတပည့်တို့၏သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ ၏။ သံဃဿ၊ ၏။ သန္တကံ၊ ဥစ္စာသည်။ နဟောတိ၊ မဖြစ်။ ။(ဤကား အနက်)

ဤ၌ အသီးပုံ၍ရင်း၊ ဖြတ်၍ရင်း၊ နံ့သင်းစသောအာဂန္တုက အမှတ်ဖြင့် မှတ် ၍ရင်း အဝတ်အထည်ဖြစ်အံ့၊ ချည်မျှင်ကိုနှုတ်၍ရင်း၊ သစ်စသည်ဖြစ်အံ့၊ ဓားဖြင့်

ထစ်၍ရင်း ဝေဘန်ရာ၏။ အဝတ်အထည် စသည်တို့၏ ပကတိအာဝါသိကဖြစ်
သော တစုံတခုသော အမှတ်ဖြင့်မှတ်၍၊ ဝေဘန် သော်လည်း ဝေဘန် ခြင်း
မမြောက်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။သတ္တကေနပန ဟာလိဒ္ဒိ အာဒိနာ
ဝါ လေခံ ကတွာ ဧကံ ကောဋ္ဌာသံ ဠမ်ဌာနံ တုမှာကံ ပါပုဏာတီတိ သံဃတ္တေ
ရသ ပါပေတွာ သေသံ အမှာကံ ပါပုဏာတီတိ ဂဟေတုံ ဝဋ္ဋတိ။ ယံပန
ဝတ္ထသောဝ ပုပ္ဖံ ဝါ ဝလိဝါ။တေန ပရိစ္ဆေဒံ ကာတုံ နဝဋ္ဋတိ။ သစေ ဧကံတန္တုံ
ဥဒ္ဓရိတွာ ဠဒံဌာနံ တုမှာကံ ပါပုဏာတီတိ သံဃတ္တေရသ ဒတွာ သေသံ၊ အ
မှာကံ ပါပုဏာတီတို ဂဏှန္တိ ဝဋ္ဋတိ။ ခဏ္ဍံ ခဏ္ဍံ ဆိန္ဒိတွာ ဘာဇီယမာနာ ဝဋ္ဋတိ
ယေဝ။ ။ဟု မိန့်အပ်၏။ ။ပန၊ဆက်၍ဆိုဦးအံ့။ သတ္တကေနဝါ၊ ဓားဖြင့်
ရင်း။ ဟာလိဒ္ဒိ အာဒိနာဝါ၊ နံနွင်းစသည်ဖြင့်ရင်း။ လေခံ၊ အရေး အကြောင်း
ကို။ ကတွာ၊ ပြု၍။ ဧကံ၊ တခုသော။ ကောဋ္ဌာသံ၊ အဝုကို။ ဠမ်ဌာနံ၊ ဤအရပ်
သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။
သံဃတ္တေရသ၊ သံဃထေရ်အား။ ပါပေတွာ၊ ရောက်စေ၍။ သေသံ၊ အကြွင်း
သည်။ အမှာကံ၊ ငါတို့အား။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ပါပေ
တွာ၊ ရောက်စေ၍။ ဂဟေတုံ၊ ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ မအပ်သည်ကို
ဆိုဦးအံ့။ ဝတ္ထသောဝ၊ ပုဆိုး၏သာလျှင်။ ယံပုပ္ဖံဝါ၊ အကြွင်ပန်း ပွင့်ပြောက်သည်
ရင်း။ ယာဝလိဝါ၊ အကြွင်အတွန့်ခေါက်ကျိုးသည်ရင်း။ အတ္ထိ။ ရှိ၏။ တေန၊
ထိုပန်းပွင့်ပြောက်၊ အတွန့်ခေါက်ကျိုးဖြင့်။ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ကာတုံ၊
ပြုခြင်းငှါ။နဝဋ္ဋတိ၊ မအပ်။ ဧကံ၊ တချောင်းသော။ တန္တုံ၊ချည်မျှင်ကို။ ဥဒ္ဓရိ
တွာ၊ ထုတ်၍။ ဝါ၊ နှုတ်၍။ ဠဒံဌာနံ၊ ဤအရပ်သည်။ တုမှာကံ၊အရှင်ဘုရား
တို့အား။ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ဤသို့။ သံဃတ္တေရသ၊ သံဃထေရ်အား။
ဒတွာ၊ ပေး၍။ သေသံ၊ အကြွင်းသည်။ ဝါ၊ ကို။ အမှာကံ၊ငါတို့အား။ ပါပု
ဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ပါပေတွာ၊ ရောက်စေ၍။ သစေဂဏှန္တိ၊
အကယ်၍ ယူကုန်အံ့။ ဧဝံသန္တေသု၊ ဤသို့ ယူကုန်သည်ရှိသော်။ ဝဋ္ဋတိ၊ အပ်၏။
ခဏ္ဍံ ခဏ္ဍံ၊ အပိုင်းအပိုင်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဘာဇီယမာနာ၊ ဝေဘန်အပ်သည်ရှိ
သော်။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။ ။(ဤကားအနက်)

မိမိပိုင်ပစ္စည်းကို သူတပါးအား ပေးရာ၌လည်း နည်းတူပင် မှတ်ရာ၏။ ထို
စကားသင့်စွ၊ ငါပိုင်ပစ္စည်းအနက် တဝက်ကို သုံးစု တစု စသည်ကို ပေးပါ၏
ဟူ၍ရင်း၊ ယုတ်သော အပိုင်းအခြားအားဖြင့် ပဝါ စသောအထူး ဖြင့် မမှတ်
မူ၍၊ စာနှစ်ထုပ်တွင် တထုပ်ကို ယူလောဟူ၍ရင်း မဝေဘန်ဘဲ ပေးအံ့၊ မည်
သည့် စာထုပ်ကား မည်သူ့ သန္တကဟု အရာကျမရောက် သေးရကား ပေးခြင်း
မမြောက်။ နောက်ထပ်တဘန် တစုံတယောက်သော သူအား အလုံးစုံကိုပေး

အံ့၊ နောက်ပေးအပ်သော သူ၏ သန္တကဖြစ်၏။ မပေးဘဲ သေသော် သံဃိက ဖြစ်၏။ ထို့ကြောင့် ယခင်ပြခဲ့သည့် အတိုင်း ပိုင်းခြားဝေဘန်၍သာ ပေးရာ၏။

လျှောက်ထားအပ်သည် ဖြစ်၍ ထိုထိုကျမ်းဂန်တို့နှင့် အညီ၊
စီရင်ဆုံးဖြတ်အပ်သော ဒွိသန္တက ဝိနိစ္ဆယပြီး၏။

---

(၄) သန္နိဓိအရာ ဒုဗ္ဗေါဓ ပတ္တအရာ၌ ဝိနိစ္ဆယကို သိလိုပါသည်
ဟုလျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အကပ်ခံပြီး၍ မစွန့်အပ်ဘဲ တညဉ့်ကို လွန်စေအပ်သော ဝတ္ထုသည် သန္နိဓိ ဝတ္ထုမည်၏။ ဒုတိယနေ့၌ စားခြင်းငှါမအပ်။ အကပ်ခံပြီး၍ နံနက်အခါ၌ စွန့်အပ်သော ဝတ္ထုကိုမဆိုထားဘိ အရုဏ်မတက်မီ စွန့်အပ်သောဝတ္ထု သည်လည်း သန္နိဓိမဖြစ်။ ဒုတိယနေ့၌ အကပ်ခံ၍ စားခြင်းငှါ အပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ကာရေ ကရဏံ ကြိယာတိ အတ္ထောတော ဧကံ၊ သန္နိဓိ ကာရော အဿာတိ သန္နိဓိကာရံ၊ သန္နိဓိကာရမေဝ သန္နိဓိကာရကံ။ သန္နိဓိကြိယန္တိ အတ္ထော။ ပဋိဂ္ဂဟေတွာ ဧကရတ္တံ ဝီတိနာမိတဿေတံ အဓိဝစနံ။ ။ဟူ၍ ငှင်း။ ။ယံ ဘိက္ခု နိရပေက္ခာပိ သာမဏေရာနံ ပရိစ္စဇန္တိ။ တဥ္စေ သာမဏေရာ နိဒဟိတွာ ဒေန္တိ၊ သဗ္ဗံ ဝဋ္ဋတိ။ သယံပိ ပဋိဂ္ဂဟေတွာ အပရိစတ္တမေဝ ဒုတိယဒိဝသေ နဝဋ္ဋ တိ၊ ဟူ၍ငှင်း မိန့်အပ်၏။ ။ကာရော၊ ပြုခြင်း။ ကရဏံ၊ ပြုခြင်း။ ကြိယာ၊ ပြုခြင်း။ ဣတိဣဒံသဗ္ဗံ၊ ဤအလုံးစုံသည်။ အတ္ထတော၊ အနက်အားဖြင့်။ ဧကံ၊ တူ၏။ အဿ၊ ထိုခဲဘွယ်ဘောဇဉ် စသော ဝတ္ထုအား။ သန္နိဓိ၊ သိုမှီးခြင်းကို။ ကာရော၊ ပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သန္နိဓိကာရံ၊ သန္နိဓိ ကာရမည်၏။ သန္နိဓိကာရမေဝ၊ သန္နိဓိကာရ သဒ္ဒါသည်ပင်လျှင်။ သန္နိဓိကာရကံ၊ သန္နိ ဓိကာရကမည်၏။ သန္နိဓိကြိယံ၊ သိုမှီခြင်းကို ပြုခြင်း။ ဣတိ၊ ကား။ အတ္ထော၊ သန္နိဓိကာရပုဒ်၏ အနက်တည်း။ ဧတံနာမံ၊ ထိုသန္နိဓိကာရက ဟူသော အမည် သည်။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံပြီး၍။ ဧကရတ္တံ၊ တညဉ့်ကို။ ဝီတိ နာမိတဿ၊ လွန်စေအပ်သော ဝတ္ထု၏။ အဓိဝစနံ၊ အမည်တည်း။ ။(ဤကား ရှေ့အဋ္ဌ ကထာ၏အနက်)။ ။ယံ၊ အကြင်ဝတ္ထုကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိရ ပေက္ခာပိ၊ ငဲ့ကွက်ခြင်းမရှိကုန်သည်ဖြစ်၍။ သာမဏေရာနံ၊ သာမဏေ တို့အား။ ပရိစ္စဇန္တိ၊ စွန့်ကုန်၏။ တံ၊ ထိုရဟန်းတို့ ငဲ့ကွက်ခြင်း မရှိဘဲ စွန့်ပစ်သော ဝတ္ထုကို။ သာမဏေရာ၊ သာမဏေတို့သည်။ နိဒဟိတွာ၊ သိုမှီး၍။ စေ ဒေန္တိ၊ အကယ်၍ ပေးကုန်အံ့။ ဧဝံသတိ၊ ဤသို့ ပေးကုန်သည်ရှိသော်။ သဗ္ဗံ၊ အလုံးစုံသည်။ ဝဋ္ဋ တိ၊ ၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သယံ၊ ကိုယ်တိုင်။ ပဋိဂ္ဂဟေတွာ၊

အကပ်ခံပြီး၍။ အပရိစတ္တမေဝ၊ မစွန့်အပ်သော ဝတ္ထု သည်သာလျှင်။ ဒုတိယ ဒိဝသေ၊ နှစ်ရက်မြောက်သောနေ့၌။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကား နောက် အဋ္ဌကထာ၏ အနက်)

ဤ၌ စွန့်ခြင်းသည် စိတ်ဖြင့်စွန့်ခြင်း၊ နှုတ်ဖြင့်စွန့်ခြင်း၊ ကိုယ်ဖြင့်စွန့်ခြင်းဟူ၍ သုံးပါးရှိ၏။ ထိုတွင် ရဟန်းတို့၏ စိတ်ဖြင့်သာ စွန့်ခြင်းသည် ပေးရာမရောက်။ ၎င်းဝတ္ထုသည် စွန့်အပ်သောသူသို့ မရောက်သည်ဖြစ်၍ သေသော် သံဃိကဖြစ်၏။ ။ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌။ ။မရဏာသမယေ ဝတ္ထုံ အသယဟန္တော စေ စိတ္တေနေဝ ဒေတိ၊ ပုညံ ပသဝတိ၊ သံဃောဝ တဿ သာမီ။ ။ဟုမိန့်အပ်၏။ ။ မရဏာသမယေ၊ သေခါနီး ကာလ၌။ ဝတ္ထုံ၊ ပြောဆိုခြင်းငှါ။ အသယဟန္တော၊ မဝန့်သည်ဖြစ်၍။ ဝါ၊ မစွမ်းနိုင်သည်ဖြစ်၍။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ စေဒေတိ၊ အကယ်၍ ပေးသည်ဖြစ်အံ့။ ဝေံသတိ၊ ဤသို့စိတ်ဖြင့်သာ ပေးခဲ့သည် ရှိသော်။ပုညံ၊ကောင်းမှုသည်။ပသဝတိ၊ပွါးစီး၏။တဿ၊ထိုဝတ္ထုကို။ သံဃောဝ၊ သံဃာတော်သည်သာ။ သာမိ၊ အစိုးရသည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)။ ။ဤဝတ္ထုကို သင့်အားပေး၏ စွန့်၏ စသည်ဖြင့်၎င်း၊ ဤသူအား ပေး၏ စွန့်၏ စသည်ဖြင့်၎င်း၊ မျက်မှောက် မျက်ကွယ်၌ နှုတ်ဖြင့်ပေးခြင်းသည် ပေးရာရောက်၏။ ၎င်းဝတ္ထုသည် ပေးအပ်သောသူသို့ရောက်၏။ ။ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဘွင့်၌။ ။ဣမံတုယှံ ဒမ္မိ ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမီတိဝါ ဣတ္ထန္နာမဿ ဒေမိ။ ။ပ။ နိဿဇ္ဇာမီတိဝါ ဝဒတိ၊ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။ ။ဟု မိန့်အပ်၏။ ။ဣမံ၊ ဤဝတ္ထုကို။ တုယှံ၊ သင်အား။ ဒမ္မိ၊ ပေးပါ၏။ ဒဒါမိ၊ လှူပါ၏။ ဒဇ္ဇာမိ၊ ပေးကမ်းပါ၏။ ဩဏောဇေမိ၊ စွန့်ပါ၏။ ပရိစ္စဇာမိ၊ထက်ဝန်းကျင်မှစွန့်ပါ၏။ ဝိဿဇ္ဇာမိ၊ အထူးအားဖြင့်စွန့်ပါ၏။ နိဿဇ္ဇာမိ၊ ငဲ့ကွက်ခြင်းကင်းသည်ဖြစ်၍စွန့်ပါ၏။ ဣတိဝါ၊ ဤသို့၎င်း။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော သူအား။ ဒေမိ၊ ပေးလှူပါ၏။ ပ။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။ ဣတိဝါ၊ ဤသို့၎င်း။ ဝဒတိ၊ ဆိုအံ့။ သမ္မုခါပိ၊ မျက်မှောက်၌၎င်း။ ပရမ္မုခါပိ၊ မျက်ကွယ်၌၎င်း။ ဒိန္နံယေဝ၊ ပေးအပ်သည်သာလျှင်။ ဟောတိ၊ ၏။ ။(ဤကား အနက်)

သင်သည် ယူလောဟု နှုတ်ဖြင့်ပေးခြင်းသည့် မိမိဥစ္စာအဖြစ်မှ လွတ်သော အားဖြင့် ပေးရာသာရောက်၏။ သုဒိန္နဖြစ်၏။ သူတပါးယူခြင်းနှင့် စပ်၍ပေးခြင်း ဖြစ်သောကြောင့် ၎င်းဝတ္ထုသည် သို့ပေးကာမျှဖြင့် ပေးအပ်သောသူသို့ကား မရောက်။ ပေးအပ်သောသူသည် နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း ယူသော် နှစ်သက် သော်သာ ပေးအပ်သောသူသို့ရောက်၏။ သုဂဟိတဖြစ်၏။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာမီတိ ဝဒတိ သုဒိန္နံ သုဂဟိတဥ္စ။ ။

ဟုမိန့်အပ်၏။ ။တုံယှုံ၊ သင်အား။ ဝါ၊ သင်သည်။ ဂဏှာဟိ၊ ယူလော။ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်၊ မယှံ၊ ငါ့အား။ ဝါ၊ ငါသည်။ ဂဏှာမိ၊ ယူပါ၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ သုဒိန္နဥ္စ၊ ကောင်းစွာပေးအပ်သည်ရင်း။ သုဂဟိတဉ္စ၊ ကောင်းစွာယူအပ်သည်ရင်း။ ဟောတိ၊ ၏။ ။(ဤကားအနက်)။ ။ ရှေးပေးခြင်းဖြင့်ပေးအပ်သောသူ နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ၊ မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ ပေးအပ်သောသူသို့ ရောက်၏။ နောက်ပေးခြင်းဖြင့် မိမိပစ္စည်းအဖြစ်မှလွတ်၍ သုဒိန္နသာဖြစ်၏။ပေးအပ်သောသူသို့ကား မျက်မှောက်ဖြစ်၍ နှစ်သက်မှသာရောက်၏။ သုဂဟိတဖြစ်၏။ ဤကားအထူး။ ။ ထိုကြောင့် တေရသကဏ်ဋီကာ၌။ ။ဂဏှာဟီတိစ အာဏတ္တိယာ ဂဟဏာဿ တပ္ပဋိဗဒ္ဓတာ ကရဏဝသေန ပဝတ္တတ္တာ တဒါ ဂဏှာမီတိ စိတ္တေ အနုပ္ပါဒိတေ ပစ္ဆာ ဂဟေတုံ နလဘန္တီတိ ဝဒန္တိ။ ။ဟုမိန့်အပ်၏။ ။ဂဏှာဟီတိစ၊ ယူလော်ဟူ၍လည်း။ အာဏတ္တိယာ၊ စေခိုင်းခြင်း၏။ ။(ပဝတ္တတ္တာမှာစပ်)။ ။ဂဟဏဿ၊ ယူခြင်း၏။ တပ္ပဋိဗဒ္ဓတာကရဏဝသေန၊ ထိုစေခိုင်းခြင်းနှင့် စပ်သည်၏အဖြစ်ကို ပြုသည်၏အစွမ်းဖြင့်။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ တဒါ၊ ထိုပေးသောအခါ၌။ဂဏှာမိ၊ငါယူ၏။ဣတိ၊ဤသို့။စိတ္တေ၊စိတ်ကို။အနုပ္ပါဒိတေ၊ မဖြစ်စေအပ်သည်ရှိသော်။ ပစ္ဆာ၊ နောက်၌။ ဂဟေတုံ၊ ယူခြင်းငှါ။ နလဘန္တိ၊ မရကုန်။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။(ဤကားအနက်)။ ။အချုပ်ကား၊ ရှေ့ပေးခြင်း နောက်ပေးခြင်း နှစ်ရပ်သည် အထူးမရှိ၊ မနှစ်သက်သော်လည်း ပေးအပ်သောသူသို့ရောက်၏-ဟုဆိုကုန်၏။ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝဟူသော ရှေ့စကား၊ မယှံ ဂဏှာမိ ဟူသော နောက်စကား နှစ်ရပ်အထူးတို့ကိုပြသော အဋ္ဌကထာနှင့်ရင်း၊ ယူလောဆိုက ပေးသော ရဟန်းသန္တကမှလွတ်၍ မယူမနှစ်သက်က ပေးအပ်သော ရဟန်းသို့မရောက်၍ ဆယ်ရက်လွန်သော်လည်း ရဟန်းနှစ်ယောက်တို့အား အာပတ် မသင့်ကြောင်း ပြသော။ ။သစေပန ကော ဂဏှာဟီတိ ဝဒတိ၊ဣတရော နဂဏှာမီတိ၊ပုနသော ဒိန္နံ မယာ တုယှံ ဂဏှာဟီတိ ဝဒတိ၊ ဣတရောပိ နမယှံ ဣမိနာ အတ္ထောတိ ဝဒတိ၊ တတော ပုရိမောပိ မယာ ဒိန္နန္တိ ဒသာဟံ အတိက္ကာမေတိ၊ ပစ္ဆိမောပိ မယာ ပဋိက္ခိတ္တန္တိ ကဿ အာပတ္တီတိ၊ နကဿစိ အာပတ္တိ။ ။ဟူသောအဋ္ဌကထာနှင့်ရင်း ဆန့်ကျင်ရကား ထိုစကားသည် အလျှဉ်းပင်မသင့်။ .

ပန၊ အဘို့တပါးကိုဆိုဦးအံ့။ကော၊တယောက်သော ဥစ္စာရှင်ပုဂ္ဂိုလ်သည်။ ဣမံ၊ ဤဝတ္ထုကို။ ဂဏှာဟိ၊ ယူလော။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ဣတရော၊ တပါးသော အလှူခံပုဂ္ဂိုလ်သည်။ နဂဏှာမိ၊ ငါမယူ။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ပုန၊ တဖန်။ သော၊ ထိုဥစ္စာရှင်သည်။ မယာ၊ ငါသည်။ တုယှံ၊ သင့်အား။ ဒိန္နံ၊ ပေးလှူအပ်ပြီ။ ဂဏှာဟိ၊ ယူပါလော။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆိုပြန်

၏။ ဣတရောပိ၊ အလှူခံ ပုဂ္ဂိုလ်သည်လည်း။ မယှံ၊ ငါ့အား။ ဝါ၊ ငါသည်။ ဣမိနာ၊ ဤဝတ္ထုဖြင့်။ နအတ္ထော၊ အလိုမရှိ။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆိုပြန်၏။ တတောပဋ္ဌာ၊ ထိုမှနောက်၌။ ပုရိမောပိ၊ ရှေးဖြစ်သော ပစ္စည်းရှင်သည်လည်း။ မယာ၊ ငါသည်။ ဒိန္နံ၊ ပေးစွန့်အပ်ပြီ။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ ဒသာဟံ၊ ဆယ်ရက်ကို။ အတိက္ကာမေတိ၊ လွန်စေ၏။ ပစ္ဆိမောပိ၊ နောက်ဖြစ်သော အလှူခံ ပုဂ္ဂိုလ်သည်လည်း။ မယာ၊ ငါသည်။ ပဋိက္ခိတ္တံ၊ ပယ်အပ်ပြီ။ ဣတိ၊ ဤသို့နှလုံး ပိုက်၍။ ဒသာဟံ၊ ဆယ်ရက်ကို။ အတိက္ကာမေတိ၊ လွန်စေ၏။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ ကဿ၊ အဘယ်ရဟန်းအား။ အာပတ္တိ၊ အာပတ် သင့်လေ သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ကဿစိ၊ တစုံ တယောက်သော ရဟန်းအား။ နအာပတ္တိ၊ အာပတ်မသင့်။ ဣတိအယံ၊ ဤသည် ကား။ ပရိဟာရော၊ အဖြေတည်း။ ။(ဤကားအနက်)။ ။ထိုစကား မှန်၏။ ။ တဝ သန္တကံ ကရောတိ တဝ သန္တကံ ဟောတု တဝ သန္တကံ ကာရာပေဟိ။ ။ ဟု ဆို၍ပေးသော် ငါ ပေးပြီဟု နေသော်လည်း ဒုဒိန္နဖြစ်ရကား မိမိသန္တကအဖြစ် မှ မလွတ်။ ယခုအခါ၌ မကောင်းသော ပေးခြင်းသာများသည်။ ကောင်းသော ပေးခြင်းဖြစ်စေ၊ မကောင်းသောပေးခြင်းဖြစ်စေ၊ ပေးသောအခါ သံဃိကမဖြစ် မူ၍ စင်စစ်မိမိသို့ ရောက်အောင် ကောင်းပါပြီ ဘုရားတပည့်တော် ယူပါ၏-ဟု ဆို၍ ယူရာ၏။ ယူကြပါလေ။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။သစေပနတဝ သန္တကံ ကရောဟီတိ ဝုတ္တေ သာဓု ဘန္တေ မယှံ ဂဏှာမီတိ ဂဏှာတိ သုဂဟိတံ။ ။ ဟု မိန့်အပ်၏။ ။တဝ၊ သင်၏။ သန္တကံ၊ ဥစ္စာကို။ ကရောဟိ၊ ပြုလော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်း ပါပြီ။ မယှံ၊ အကျွန်ုပ်အား။ ဝါ၊ အကျွန်ုပ်သည်။ ဂဏှာမိ၊ ယူပါ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သစေဂဏှာတိ၊ အကယ်၍ယူသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ ယူသည်ရှိသော်။ သုဂဟိတံ၊ ကောင်းစွာယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။ (ဤကားအနက်)

လက်အစရှိသောအင်္ဂါတို့တွင် တပါးပါးဖြင့်ပေးခြင်း စွန့်ခြင်းသည် ၎င်း၊ စွန့်လိုသောစိတ်ဖြင့် ထင်ရှားရှိသော ဝတ္ထုမှ ဘဲသွားခြင်းသည်၎င်း ကိုယ်ဖြင့် စွန့်ခြင်းမည်၏။ ။ထိုကြောင့်အဋ္ဌကထာ၌။ ။ဆဍ္ဍိတဝိဟာရေပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ၊ ကသ္မာ အာဂတာ နာဂတာနံ သန္တကတ္တာ။ ။ဟု-မိန့်အပ်၏။ ။ပန၊ အဘို့တပါးကိုဆိုဦးအံ့။ ဆဍ္ဍိတဝိဟာရေ၊ တိုက်ရှိသံဃာသည် စွန့်ပစ်အပ်သော ကျောင်း၌။ ဖလာဖလံ၊ သစ်သီးကြီးငယ်ကို။ ထေယျ စိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ပရိဘုဉ္ဇတော၊ သုံးဆောင်သော ရဟန်း အား။ ပါရာဇိကံ၊ သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သည်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အာဂတာနာဂတာနံ၊ ဤကျောင်းတိုက်

သို့ ရောက်-မရောက် သော သံဃာ၏။ သန္တကတ္တာ၊ ဥစ္စာ၏ အဖြစ်ကြောင့်တည်း။ ။(ဤကား အနက်)။ ။ထိုစကားသင့်စွ၊ ဤ၌ ထင်ရှားရှိသော ဝတ္ထုမှ စွန့်လိုသောစိတ်ဖြင့် ဘဲသွားခြင်းကိုပင် ဆင္ဃိတ ဝိဟာရေဟု ဆိုတော်မူ၏။ ဤဘဲသွားသောအရာ၌ စွန့်လိုသောစိတ်ရှိသော အခါ ဘဲ၍မသွားသော်ငြင်း၊ ဘဲသွားသောအခါ စွန့်လိုသောစိတ် မရှိသော်ငြင်း စွန့်ခြင်း မမြောက်ဟု မှတ်ရာ၏။ စွန့်ခြင်းသည် ဝတ္ထုကိုသာ စွန့်ခြင်း၊ အကပ်နှင့်တကွဝတ္ထုကို စွန့်ခြင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် လက်မှမလွှတ်မူ၍ လူသာမဏေတို့အားစွန့်ခြင်းသည် ဝတ္ထုကိုသာစွန့်ခြင်းမည်၏။ ငြင်းဝတ္ထုသည် သာမဏေတို့၏သန္တကဖြစ်၏။ အကပ်သော်ကား မပျက်၊ လက်မှလွှတ်၍ငြင်း၊ ကိုယ်အင်္ဂါမှအပ၌ တည်သော ဝတ္ထုကိုငြင်းစွန့်ခြင်းသည် အကပ်နှင့်တကွ ဝတ္ထုကိုစွန့်ခြင်းမည်၏။ အကပ်လည်း ပျက်၏။ သာမဏေ ဥစ္စာလည်း ဖြစ်၏။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။သ တက္ကတ္တုမ္ပိ ပရိစ္စဇတု၊ ယာဝ အတ္တနော ဟတ္ထဂတံ ပဋိဂ္ဂဟိတမေဝ ဟောတိ။ ။ ဟု-မိန့်အပ်၏။ ။သတက္ကတ္တုမ္ပိ၊ အရာမက အကြိမ်များစွာလည်း။ ပရိစ္စဇတု၊ စွန့်သည်ဖြစ်စေ။ ယာဝ၊ အကြင်မျှလောက်။ အတ္တနော၊ မိမိ၏။ ဟတ္ထဂတံ၊ လက်၌တည်သည်။ ဟောတိ၊ ဖြစ်သေး၏။ တာဝ၊ ထို၍လောက်။ ပဋိဂ္ဂဟိတမေဝ၊ အကပ်ခံအပ်ပြီးသည်သာလျှင်။ ဟောတိ၊ ၏။ ။(ဤကား အနက်)

ထိုကြောင့် ရဟန်းတို့ ဆေးအပ်သောသပိတ်သည်ငြင်း၊ လူသာမဏေတို့အား မပေးအပ်ဘဲ လူသာမဏေတို့သည်လည်း အကြွမ်းဝင်သောအားဖြင့်မယူဘဲ ဆေးအပ်သောသပိတ်သည်ငြင်း၊ ကြွင်းကျန်သော အာမိသ ရှိခဲ့သော် အကပ်မပျက်ရကား ဒုဗ္ဗေါတပတ္တမည်၏။ ငြင်းအာမိသသည် သန္နိဓိဖြစ်၏။ ဤ၌ ရဟန်းတို့ ဆေးအပ်သော သပိတ်သည် အာမိသ၌ ငဲ့ကွက်ခြင်း မရှိသော်လည်း လက်မှ မလွှတ်မူ၍ သွန်ခြင်းကို ပြုရကား အကပ် မပျက်သောကြောင့် သန္နိဓိ ဖြစ်၏။ သာမဏေတို့ဆေးအပ်သောသပိတ်သည်၊ ရဟန်းတို့အား အမှတ်မဲ့ဖြစ်၍ အာမိသတို့ကို စွန့်လိုသောစိတ်မရှိ၍ အကပ်မပျက်ရကား သန္နိဓိဖြစ်၏။ ထိုကြောင့် ရဟန်းတို့သည် လက်မှလွှတ်၍ သွန်ခြင်းကို ပြုအပ်သောသပိတ်၊ အလိုမဲ့ရှိသဖြင့် စွန့်အပ်သော သပိတ်သည်ငြင်း၊ သာမဏေတို့အား စွန့်အပ်သောသပိတ်၊ သာမဏေတို့သည် အကြွမ်းဝင်၍ ယူအပ်သော သပိတ်သည်ငြင်း၊ ဆေး၍အာမိသ ကြွင်းကျန်ရှိသော်လည်း အကပ်ပျက်ရကား သန္နိဓိမဖြစ်။ ဒုတိယနေ့၌ကား အကပ်ခံရာ၏။ မခံသော် အကပ်ပျက်သော အာမိသကိုစားခြင်းဖြင့် အာပတ်သင့်၏။ ထိုစကားသင့်စွ၊ အကြင်ဝတ္ထုသည် ကပ်သော် ကပ်ရာရောက်သည်။ ယူသော် ရအပ်သည်။ ဆေးသော် စင်ကြယ်သည်ဖြစ်၍ အာပတ်၏ အင်္ဂါဟု ခေါ်ဝေါ်လောက်၏။ ထိုဝတ္ထုကို ပေးခြင်း၊ စွန့်ခြင်း အကြွမ်းဝင်၍ ယူခြင်းမြောက်၏။

သန္ဓိမဖြစ်။ အကြင် ဝတ္ထုသည် သပိတ်တွင်းသို့ ဝင်၍ တည်သည် ဖြစ်၍ရင်း၊ အလှန်သိမ်မွေ့သည်ဖြစ်၍ရင်းကပ်သော် ကပ်ရာမရောက်သည်။ယူသော်မရသည်။ ဆေးသော် မစင်သည်ဖြစ်၍ အာပတ်၏အင်္ဂါဟု မခေါ်ဝေါ်လောက်။ ထိုဝတ္ထုကို ပတ္တဂတိကဖြစ်၍ ပေးခြင်း စွန့်ခြင်း ယူခြင်း မမြောက်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။တေလဝဏ္ဏပတ္တေပန-အင်္ဂုလိလေခါ ပညာယတိ၊ သာ အဗ္ဗောဟာရိကာ။ ။ဟုမိန့်အပ်၏။ ။ပန၊ ဆက်၍ဆိုဦးအံ့။ တေလဝဏ္ဏပတ္တေ၊ ဆီရောင်အဆင်းရှိသောသပိတ်၌။ အင်္ဂုလိလေခါ၊ လက်အရေးသည်။ပညာယတိ၊ ထင်၏။ သာလေခါ၊ ထိုအရေးသည်။ အဗ္ဗောဟာရိကာ၊ အာပတ်၏ အကြောင်းဟူ၍ မပြောပလောက်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)။ ။ဤပြဆို အပ်ပြီးသော ဝိနိစ္ဆယသည် သတကခ္တတ္ထုမြို့ ပရိစ္စဇတု၊ စသော အဋ္ဌကထာဝါဒ အတိုင်းရေးသားအပ်ရကား အဋ္ဌကထာဝါဒပင်မည်သင့်သည်။ ။သာရတ္ထ ဒီပနီ၌ကား။ ။အနပေက္ခ ဝိဿဇ္ဇနေနာတိ အညံ အဒတွာဝ အနတ္ထိကတာယ နတ္ထိ ဣမိနာ ကမ္မံ၊ နဒါနိ နံပရိဘုဉ္ဇိဿာမီတိ ဝတ္ထုံသုဝါ ပုနပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိဿာမီတိ ပဋိဂ္ဂဟဏေဝါ အနပက္ခဝိဿဇ္ဇနေန။ ။ဟူ၍ရင်း။ ။တေရသကဏ္ဍဋီကာ၌။ ။ယဒိဧဝံ ပတ္တော ဒုဓ္ဓေါတော ဟောတီတိ အာဒီသု ကသ္မာ အာပတ္တိ ဝုတ္တာတိ၊ ပဋိဂ္ဂဟဏံ အဝိဿဇ္ဇေတွာဝ သယံဝါ အညေနဝါ တုစ္ဆံ ကတွာ နသမ္မာ ဓောဝိတွာ နိဋ္ဌာပိတေ ပတ္တေ လဂ္ဂမ္ပိ အဝိဇဟိတ ပဋိဂ္ဂဟဏမေဝ ဟောတီတိ၊တတ္ထ အာပတ္တိတိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။ ။ဟူ၍ရင်း မိန့်အပ်၏။

အနပက္ခ ဝိဿဇ္ဇနေနာတိ၊ အနပေက္ခ ဝိဿဇ္ဇနေန- ဟူသည်ကား။ အညံ၊ တပါးသောလူသာမဏေကို။ အဒတွာဝ၊ မပေးမူ၍သာလျှင်။ အနတ္ထိကတာယ၊ အလိုမရှိသည်၏အဖြစ်ကြောင့်။ ဣမိနာ၊ ဤဝတ္ထုဖြင့်။ ကမ္မံ၊ ပြုဘွယ်အမှုသည်။ နတ္ထိ၊မရှိ။ဒါနိ၊ယခုအခါ၌။နံ၊ထိုဝတ္ထုကို။ နပရိဘုဉ္ဇိဿာမိ၊မစားတော့အံ့။ဣတိ၊ ဤသို့။ ဝတ္ထုံသုဝါ၊ ဆွမ်းစသော ဝတ္ထုတို့၌ရင်း။ ပုန၊ တဖန်။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံပြီး၍။ ပရိဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ ပဋိဂ္ဂဟဏေဝါ၊ အကပ်ခံခြင်း၌ရင်း။ အနပက္ခဝိဿဇ္ဇနေန၊ ငဲ့ကွက်ခြင်းမရှိသည်ဖြစ်၍ စွန့်ခြင်းဖြင့်။ ။(ဤကား သာရတ္ထဋီကာ၏ အနက်)။ ။ပရဿ၊ တပါးသော လူသာမဏေအား။ ပရိစ္စဇိတွာ၊ စွန့်၍။ အဒိန္နမ္ပိ၊ မပေးသော်လည်း။ ပဋိဂ္ဂဟဏေ၊ အကပ်ခံခြင်း၌။ နိရပေက္ခဝိဿဇ္ဇနေန၊ ငဲ့ကွက်ခြင်းမရှိမူ၍၍ စွန့်ခြင်းဖြင့်။ ဝိဇဟိတပဋိဂ္ဂဟဏံ၊စွန့်သောအကပ်ခံခြင်းရှိသည်။ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ပတ္တော ဒုဓ္ဓေါတော ဟောတီတိ အာဒီသု၊ ပတ္တော ဒုဓ္ဓေါတော ဟောတိ အစရှိသည်တို့၌။ ကသ္မာ၊ အဘယ့်ကြောင့်။ အာပတ္တိ၊ အာပတ်ကို။ ဝုတ္တာ၊ အဋ္ဌကထာ၌ ဆိုအပ်ဒလသနည်း။ ဣတိအယံ၊ဤသည်ကား။

(ပြည်ကြီးမဏ္ဍိုင်)

ပုဋ္ဌာ၊ အမေးတည်း။ ပဋိဂ္ဂဟဏံ၊ အကပ်ခံခြင်းကို။ အဝိဿဇ္ဇေတွာဝ၊ မစွန့်မူ၍သာလျှင်။ သယံဝါ၊ မိမိသည်ပင်။ အညေနဝါ၊ တပါးသောရဟန်းသည်ပင်။ တုစ္ဆံ၊ အချည်းနှီးကို။ ကတွာ၊ ၍။ သမ္မာ၊ ကောင်းစွာ။ နဓောဝိတ္တာ၊ မဆေးလျှော်ခြင်းကြောင့်။ နိဋ္ဌာပိတေ၊ ဆေး၍ပြီးသော။ ပတ္တေ၊ သပိတ်၌။ လဂ္ဂမ္ပိ၊ ငြိကပ်သောအာမိသသည်လည်း။ အဝိဇဟိတ ပဋိဂ္ဂဟဏမေဝ၊ မစွန့်သောအကပ်ရှိသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တတ္ထ၊ ထိုဒုဓွေါတသပိတ်၌။ အာပတ္တိ၊ အာပတ်သင့်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ တီသုပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဂဏ္ဌိပဒေသု၊ ဂဏ္ဌိပုဒ်တို့၌။ ဝုတ္တံ၊ ဆိုအပ်၏။ ။ (ဤကား တေရသကဏ်ဋီကာ အနက်)

ဧကင်္ဂဋီကာ၏ အဓိပ္ပါယ်ကား- ကိုယ်မှအပ သပိတ်စသည်၌တည်သော ဝတ္ထုကို လူသာမဏေအားမပေးမူ၍၊ဤဝတ္ထုဖြင့်အလိုမရှိပြီဟု စွန့်ခြင်း၊လက်၌တည်သည့်ကိုချထားခြင်းသည်၊ အကပ်နှင့်တကွ ဝတ္ထုကိုစွန့်ခြင်းမည်၏။ ဝတ္ထုကို မစွန့်ဘဲ တဘန်အကပ်ခံ၍စားအံ့ဟု အကပ်၌ မငဲ့သော စိတ် အထူးဖြင့် ဆိုခြင်း ချထားခြင်း ဘဲသွားခြင်းသည် အကပ်ကို စွန့်ခြင်းမည်၏။ သန္နိဓိ မဖြစ်ဟူလိုသည်။ ဤနောက်စကားကို ထင်ရှားသော သာဓက မရှိရကား ဆင်ခြင်။ ။နောက် ဋီကာ၏အဓိပ္ပါယ်ကား- အကပ်ကို စွန့်အံ့ဟူသော စိတ်အထူးဖြင့် မဖျက်မူ၍ ရဟန်း ကိုယ်တိုင်သည်ပင်း၊ သူတပါး သည်ပင်း ဆေးအပ်သော သပိတ်၌ ကြွင်းကျန်သော အာမိသသည် သန္နိဓိဖြစ်၏ ဟူလိုသည်။ ရဟန်း ဆေးအပ်သော သပိတ်ဟူက လက်မှမလွတ်သည်ဖြစ်၍ အကပ်ကို စွန့်အံ့ဟူသော စိတ်အထူးဖြင့်ပင် ဖျက်ငြားသော်လည်း မပျက်ကြောင်းဆိုသော အဋ္ဌကထာနှင့် ဆန့်သကဲ့သို့ ရှိရကား ထိုစကားကိုလည်းဆင်ခြင်။

ဝိမတိဋီကာ၌ကား။ ။ကတ္ထစိ ဤဒိသေသုစ ဂဏ္ဌိကပတ္တာဒီသု ပဋိဂ္ဂဟဏေ အပေက္ခာ ကဿစိပိ နတ္ထေဝ တပ္ပဟာနာယ ဝါယမတော။ တထာပိ တတ္ထဂတ အာမိသေ ပဋိဂ္ဂဟဏံ နဝိဂစ္ဆတိ။ ကသ္မာ ဘိက္ခုဿ-ပတ္တေ ပုနဘုဉ္ဇိတုကာမတာ ပေက္ခာယ ဝိဇ္ဇမာနတ္တာ ပတ္တဂတိကေ အာဟာရေပိ တဿာ ဝတ္တနတော။နဟိ ပတ္တံ အဝိဿဇ္ဇေတွာ တဂ္ဂတိကံ အာဟာရံ ဝိဿဇ္ဇေတုံ သက္ကာ။ နာပိ အာဟာရံ အဝိဿဇ္ဇေတွာ တဂ္ဂတိကံ ပဋိဂ္ဂဟဏံ ဝိဿဇ္ဇေတုံ။ တသ္မာ ဝတ္ထုနော ဝိဿဇ္ဇန မေဝ အနပေက္ခဝိဿဇ္ဇနံ။ နပဋိဂ္ဂဟဏဿာတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ။ ။ဟူ၍ မိန့်အပ်၏။ ။ကတ္ထစိ၊တစုံတခုသောအရပ်ဒေသ၌။ ဤဒိသေသု၊ ဤသို့ သဘောရှိကုန်သော။ဂဏ္ဌိကပတ္တာဒီသုစ၊ အဖွဲ့ရှိသော သပိတ်စသည်တို့၌လည်း။ ကဿစိ၊ တစုံတယောက်သောသူအား။ ပဋိဂ္ဂဟဏေ၊ အကပ်ခံခြင်း၌။ အပေက္ခာ၊ ငဲ့ခြင်းသည်။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။ ကသ္မာ၊ အဘဲ့ကြောင့်။ နတ္ထိ၊ မရှိလေ

သနည်း။ တပ္ပဟာနာယ၊ ထိုအကပ်ခံခြင်းကို ပယ်ခြင်းငှါ။ ဝါယာမတော၊ အား ထုတ်ခြင်းကြောင့်။ နတ္ထိ၊ မရှိ။ တထာပိ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း။ တတ္ထဂတာ အာမိသေ၊ ထိုအဖွဲ့ကြားဝယ် ငြိတွယ်၍တည်သော အာမိသ၌။ ပဋိဂ္ဂဟဏံ၊ အကပ် ခံခြင်းသည်။ နဝိဂစ္ဆတိ၊ မကင်းပျောက်။ ကသ္မာ၊ အဘယ့်ကြောင့်။ နဝိဂစ္ဆတိ၊ မကင်းပျောက်လေသနည်း။ ဘိက္ခုနော၊ ရဟန်း၏။ ဝါ၊ အား။ ပတ္တေ၊ သပိတ်၌။ ပုန၊ တဖန်။ ဘုဉ္ဇိတုကာမတာ ပေက္ခာယ၊ စားခြင်းငှါ အလိုရှိသည်၏ အဖြစ် တည်းဟူသောငဲ့ခြင်း၏။ ဝိဇ္ဇမာနတ္တာ၊ ရှိသည်၏အဖြစ်ကြောင့်။ ပတ္တဂတိကေ၊ သပိတ်နှင့်အလားတူသော။ အာဟာရေပိ၊ အာဟာရ၌လည်း။ တဿာ၊ ထိုသုံး ဆောင်ခြင်းငှါ အလို၏။ ဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ နဝိဂစ္ဆတိ၊ မကင်း ပျောက်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဝါ၊ ထိုစကားကိုအကျယ်ချဲ့၍ဆိုဦးအံ့။ ပတ္တံ၊ သပိတ်ကို။ အဝိသဇ္ဇေတွာ၊ မစွန့်မူ၍။ ဝါ၊ မစွန့်သည် ရှိသော်။ တဂ္ဂတိကံ၊ ထိုသပိတ်၌တည်သော။ ဝါ၊ သပိတ်နှင့်အလားတူသော။ အာဟာရံ၊ အာဟာရကို။ ဝိဿဇ္ဇေတုံ၊ စွန့်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ အာဟာရံ၊ အာဟာရကို။ အဝိဿဇ္ဇေတွာ၊ မစွန့်မူ၍။ ဝါ၊ မစွန့်သည်ရှိသော်။ တဂ္ဂတိကံ၊ ထိုအာဟာရ၌ တည်သော။ ပဋိဂ္ဂဟဏံ၊ အကပ်ကို။ ဝိဿဇ္ဇေတုံ၊ စွန့်ခြင်းငှါ။ နာပိသက္ကာ၊ တတ်လည်း မတတ်ကောင်း။ တသ္မာ၊ ထိုသို့ မတတ်ကောင်းလေသောကြောင့်။ ဝတ္ထုနော၊ ဝတ္ထုကို။ ဝိဿဇ္ဇနမေဝ၊ စွန့်ခြင်းသည်သာလျှင်။ အနပေက္ခဝိဿဇ္ဇနံ၊ ငဲ့ခြင်းမရှိသည်ဖြစ်၍ စွန့်ခြင်းမည်၏။ ပဋိဂ္ဂဟဏဿ၊ အကပ်ကို။ ဝိဿဇ္ဇနံ၊ စွန့်ခြင်း သည်။ အနပေက္ခဝိဿဇ္ဇနံ၊ မည်သည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤ အကပ်ကိုစွန့်ရာ၌။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းကို။ ဂန္တဗ္ဗံ၊ သက်ဝင်၍သိအပ်၏။ ။ (ဤကားအနက်)

လိုရင်းအဓိပ္ပါယ်ကား— သပိတ်၌ ကပ်ငြိသော အာမိသသည် သပိတ်၏ အလားရှိသည်ဖြစ်၍ အရင်းပြတ်သပိတ်ကို မစွန့်အံ့၊ အလုံးစုံသောအာမိသကိုသာ လူသာမဏေအား စွန့်အပ်သော်လည်း စွန့်အပ်သည် မမည်။ ထိုကြောင့် သန္နိဓိ ဖြစ်၏ ဟူလိုသည်။ သပိတ်၌ ကပ်ငြိသော အာမိသသည် အကယ်၍ သပိတ်၏ အလားရှိသည်ဖြစ်အံ့၊ သပိတ်သည် ပရိဘောဂ ဝတ္ထု မဟုတ်သည်ဖြစ်၍ ကပ်ရာ လည်းမရောက်၊ သန္နိဓိလည်းမဖြစ်သကဲ့သို့ ထိုအတူ၊ ၎င်းအာမိသသည်လည်း ကပ် ရာလည်းမရောက် သန္နိဓိလည်းမဖြစ်ခဲ့ရာ၊ သာမဏေသပိတ်၌ စားသော ရဟန်း အားလည်း ပတ္တဂတိက အပဋိဂ္ဂဟိတ အာမိသကို စားခြင်းကြောင့် အာပတ် သင့်ရာ၏။ ကစ်လျှင်မြောက်သော၊ ယူလျှင် ရအပ်သော၊ ဆေးလျှင် စင်ကြယ် ကောင်းသော သာမဏေအား ပေးအပ်သော သပိတ်မှယူ၍ ကြွင်းကျန်သော အာမိသကို တဖန် အကပ်မခံဘဲ စားသောရဟန်းအား အာပတ် သင့်ရာ၏။ ထိုကြောင့် ၎င်းဝိမတိဋ္ဌိကာကို မျှားစွာဆင်ခြင်၍ ယူအပ်၏။ ။ခုနစ်ရက်လွန်ပြီး

သော ထောပတ်စသော ဆေးသည်သာ တဘန်အကပ်ခံ၍ စားအံ့၊ တောင်း၍ စားအံ့ဟူသော အသုဒ္ဓ သညာဖြင့် စွန့်အပ်သည်ရှိသော်၊ တဘန် ရအပ်သော်လည်း စားခြင်းငှါ မအပ်။ ခုနစ်ရက်အတွင်း၌ စွန့်အပ်သော ထောပတ် စသော ဆေးသည် တဘန် အကပ်ခံ၍စားအံ့၊ တောင်း၍စားအံ့- ဟူသော အကပ္ပိယ သညာဖြင့် စွန့်အပ်သော်လည်း တဘန် အကပ်ခံ၍ တောင်း၍ စားခြင်းငှါ အပ်သကဲ့သို့ ထိုအတူ၊ အကပ်ခံပြီး၍ မစွန့်အပ်ဘဲ တညဉ့်ကို လွန်စေအပ်သည် ဖြစ်၍ သန္နိဓိဖြစ်ပြီးသော ဝတ္ထုသည်သာလျှင် တဘန်အကပ်ခံ၍စားအံ့၊ တောင်း ၍ စားအံ့-ဟူသော အသုဒ္ဓ သညာဖြင့် စွန့်အပ်သည် ရှိသော်၊ တဘန် အလို အလျောက်ရအပ်သော်လည်း စားခြင်းငှါ မအပ်။ အကပ်ခံပြီး၍ နံနက်အခါ စွန့်အပ်သည်ကို မဆိုထားဘိ အရုဏ်မတက်မီအတွင်း၌သော်လည်း စွန့်အပ်သည် ဖြစ်၍ သန္နိဓိ မဖြစ်သော ဝတ္ထုသည် တဘန် အကပ်ခံ၍ တောင်းခြင်းငှါ အပ်၏။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။မဟာပဒုမတ္ထေရောပနာဟ နယိဒံ ယာစိတဗ္ဗံ။ အန္တောသတ္တာဟေ ဒိန္နဿပိ ပုနပရိဘောဂေ အာပတ္တိယေဝ နတ္ထိ။ သတ္တာဟာတိက္ကန္တဿပန ပရိဘောဂေ အနာပတ္တိဒဿနတ္ထမိဒံ ဝုတ္တန္တိ။ ။ဟု မိန့်အပ်၏။ ။မဟာပဒုမတ္ထေရောပန၊ သည်ကား။ အာဟ၊ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ ဆိုသနည်း ဟူမူကား။ ဣဒံ၊ ဤခုနစ်ရက်အတွင်း၌ စွန့်အပ်သော သတ္တာဟ ကာလိက အကပ်ခံပြီးဝတ္ထုကို။ နယာစိတဗ္ဗံ၊ တောင်း၍ပင် မနေ အပ်။ မတောင်းဘဲပင် အကပ်ခံ၍ စားကောင်း၏ ဟူလို။ ။ဟိသစ္စံ၊ ထိုစကား သည် မှန်၏။ အန္တော သတ္တာဟေ၊ ခုနစ်ရက်၏ အတွင်း၌။ ဒိန္နဿ၊ လူသာမဏေ အားပေးအပ်ပြီးသော သတ္တာဟကာလိကကို။ ပရိဘောဂေ၊ သုံးဆောင်ခြင်း ၌။ အာပတ္တိယေဝ၊ အာပတ်သည်သာလျှင်။ နတ္ထိ၊ မရှိ။ ပန၊ စင်စစ်ကေန် အမှန် သော်ကား။ သတ္တာဟာ တိက္ကန္တဿ၊ ခုနစ်ရက်လွန်ပြီးသော သတ္တာဟ ကာ လိကကို။ ပရိဘောဂ ဒဿနတ္ထံ၊ သုဒ္ဓစိတ်ဖြင့် စွန့်ပြီး၍တောင်း၍ တဘန် သုံး ဆောင်ရာ၌။ အနာပတ္တိ ဒဿနတ္ထံ၊ အာပတ် မသင့်ခြင်းကို ပြတော် မူခြင်းငှါ။ ဣဒံဝစနံ၊ စတ္တေန ဝန္တေန စသော ဤစကားတော်ကို။ ဘဂဝတာ၊ မြတ်စွာဘုရား သည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ၏။ ။(ဤကား အနက်)

တေရသကဏ်ဋီကာ၌ကား၊ ခုနစ်ရက်လွန်ပြီးသော ထောပတ်အစရှိသောဆေး သည်လည်း စျှုး၌တဘန် မသုံးဆောင်ပြီဟု သုဒ္ဓစိတ် ဖြင့် စွန့်အံ့၊ နောက်အခါ မိမိလည်းတောင်း၍ သုံးဆောင်ခြင်းငှါ အပ်ကြောင်း ကိုလည်း။ ။အညေန ဘိက္ခုနာတိတ္ထေ သုဒ္ဓစိတ္တေန ဒိန္နတ္တာ သယမ္ပိ အာဟရာပေတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ ယေဝ။ ။ဟုမိန့်သေး၏။ ။အညေန ဘိက္ခုနာတိတ္ထေ- ဟူသောပါဌ်၌။ သုဒ္ဓစိတ္တေန၊ စင်ကြယ်သော စိတ်ဖြင့်။ ဒိန္နတ္တာ၊ ပေးအပ်သည်၏ အဖြစ်ကြောင့်။

သယမ္ပိ၊ မိမိကိုယ်တိုင်မူလည်း။ အာဟာရပေတွာ၊ ဆောင်စေ၍။ ပရိဘုဉ္ဇိတုံ၊ ငှါ။ ဝဋ္ဋတိယေဝ၊ တည်း။ ။(ဤကားအနက်)

လျှောက်ထားအပ်သည့်အရ၊ သန္နိဓိဒုဗ္ဗေါတပတ္တ ဝိနိစ္ဆယပြီး၏။

---

(၅) ရွှေစာတိုက်၊ ရွှေစာတင်၊ ရွှေအုပ်၊ ရွှေညောင်စောင်း၊ခေါင်းလောင်း၊ ကြေးစည်ကို လှူရာ၌- ရေစက်ချပုံကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ရာဇကုဏ္ဍယံ၊ ရာဇ၏ ကုန်ရာဖြစ်သော။ ဒေါသကုဏ္ဍယံ၊ ဒေါသ၏ ကုန်ရာဖြစ်သော။ မောဟကုဏ္ဍယံ၊ မောဟ၏ ကုန်ရာဖြစ်သော။ အဇာတိံ၊ ပဋိသန္ဓေနေခြင်း မရှိသော။ အဇရံ၊ အိုခြင်းမရှိသော။ အဗျာဓိံ၊ နာခြင်းမရှိသော။ အမတံ၊ သေခြင်းမရှိသော။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။သစ္ဆိကရဏတ္ထာယ၊ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ။ ကမ္မဥ္စ၊ ကုသိုလ်ကံကိုငင်း။ ကမ္မဖလဉ္စ၊ ကုသိုလ်ကံ၏ အကျိုးကိုငင်း။ ဣဓလောကဉ္စ၊ အတိတ်ကံကြောင့် ဖြစ်သော ဤပစ္စုပ္ပန် လောကကိုငင်း။ ပရလောကဉ္စ၊ အတိတ်ကံ, ယခုဘဝ၌ ပြုအပ်ယော ကံတို့ကြောင့် ဖြစ်လတ္တံ့သော အနာဂတ် ဘဝကို ငင်း။ ရတနတ္တယ ဂုဏဉ္စ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုငင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည် ဖြစ်၍။ တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ပဉ္စသီလာနိ၊ ငါးပါးသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ၊ ကောင်းစွာ ခံယူဆောက်တည်ပြီး၍။ လော်ကသ္မိံ၊ လောက သုံးပါး၌။ သမဏေနဝါ၊ ရဟန်းသည်ငင်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်ငင်း။ ဒေဝေနဝါ၊ နတ်သည်ငင်း။ မာရေနဝါ၊ မာရ်နတ်သားသည်ငင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်ငင်း။ ကေနစိဝါ၊ အမှတ်မရှိ တစုံတယောက်သော သူသည်ငင်း။ ဒေသေတုံ၊ ဟောခြင်းငှါ။ အသမတ္ထံ၊မစွမ်းနိုင်ထသော။ ဆ သတ္ထာရေဟိ၊ မာခလိ ဂေါသာလ၊ပုရာဏကဿပ၊ အဇိတ ကေသကမ္ဗလ၊ ပကုဋ္ဌ ကစ္စာယန၊ နိဂန္ဒ နာဋ္ဌပုတ္တ၊ သဉ္စယ အမည်ရှိကုန်သော ခြောက်ယောက်သော မိစ္ဆာဒိဋ္ဌိ ဆရာကြီး တို့သည်။ ဒေသေတုံ၊ ဟောခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်မည်။ တာဝ တိဋ္ဌတု၊ ထားဘိဦး။ သုပိနန္တေနပိ၊ အိပ်မက်ဖြင့်သော်လည်း။ ပဿိတုံ၊ ဟောရ၏ ဟူ၍ မြင်မက်ခြင်းငှါ။ အဝိသယံ၊ စင်စစ်အရာမဟုတ်ထသော။ ကပ္ပသတ သဟဿာဓိကာနိ၊ ကမ္ဘာတသိန်းအလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိ၊ လေးအသင်္ချေတို့ ပတ်လုံး။ သမတိံသ ပါရမီ ယောဇ၊အမျှသုံးဆယ်သော ပါရမီတို့ကိုငင်း။ပဉ္စမဟာပရိစ္စာဂေစ၊ ငါးပါးသော စွန့်ခြင်းကြီးတို့ကိုငင်း။ ပူရေတွာ၊ ကိုယ်အသက်ကို ငဲ့ကွက် ညှာတာခြင်းမရှိ ဖြည့်ကျင့် ဆည်းပူးတော် မူအပ်သောကြောင့်။ သဗ္ဗညုတ ညာဏံ၊

သဗ္ဗညုတ ဉာဏ်တော်ကို။ ဝိန္ဒန္တေန၊ ရသော။ အရဟာတာ၊ လူမင်း, နတ်မင်း,
ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော။ ဘဂဝတာယေဝ၊မြတ်စွာ
ဘုရားသည်သာလျှင်။ သဗ္ဗညုတ ညာဏေန၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့်။ ပဋိဝိဒ္ဓါ၊
ထိုးထွင်း၍ သိတော်မူအပ်ထသော။ ဒေသနာဉာဏေန၊ ဒေသနာ ဉာဏ်တော်
ဖြင့်။ ဒေသိတံ၊ ဟောတော်မူအပ်ထသော။ သာသနံ၊ သုံးပါးသော သာသနာ
တော်မြတ်ကို။ ဓမ္မာနုဂ္ဂဟာာယ၊ တရားတော်ဖြင့် ချီးမြှင့်ခြင်း အကျိုးငှါ။ မူလံ၊
လက္ခကံကျေး ပေးထိုက်သော အဘိုးကို။ ဒေန္တေန၊ ပေးသောအားဖြင့်။ ကတံ၊
ရေးသားပြုပြင်စီရင်အပ်သော။ဣမံပိဋ္ဌကံ၊ဤပိဋ္ဌကတ်ကို။ဥဒ္ဒိဿအာယသ္မတော၊
ရည်မှတ်တိုင်းသော အရှင် ဘုရားအား။ (ပုဂ္ဂလိက)။ ။ဥဒ္ဒိဿ အာယသ္မန္တာနံ၊
ရည်မှတ်တိုင်းသော အရှင် ဘုရားတို့အား။ (ဂဏိက)။ ။သံဃဿ၊ ဤအရပ်
သို့ရောက်သော အရပ် လေးမျက်နှာတို့၌ သွားလာ နေထိုင်သော။ အညာတ
ကောဏ္ဍည မထေရ်၊ အရှင်သာရိပုတ္တရာ မထေရ်၊ အရှင်မဟာ မောဂ္ဂလ္လာန်
မထေရ် အစရှိသော သာသနာတော် ငါးထောင်အတွင်း၌ ရှိသော သံဃာ
တော်မြတ်အား။ အဝိဘဇ္ဇိတွာ၊ ဝေဘန်၍ မယူမူ၍(သံဃိက)။ ။ပဿန္တေနစ၊
ကြည့်ရှုသဖြင့်ရင်း။ ဝါစေန္တေနစ၊ ပို့ချသဖြင့်ရင်း။ သိက္ခန္တေနစ၊ သင်ခြင်းဖြင့်
ရင်း။ ဓာရေန္တေနစ၊ ဆောင်ခြင်းဖြင့်ရင်း။ ဒေသေန္တေနစ၊ ဟောခြင်းဖြင့်ရင်း။
ပူဇနတ္ထာယ၊ ပူဇော်ခြင်းအကျိုးငှါ။ ဒက္ခိဏောဒကံ၊ မြတ်သော အလှူရေစက်ကို။
ပါတေတွာ၊ သွန်းချ၍။ ဒေမ၊ လှူပါကုန်၏။ ။[ပုဂ္ဂိုလ်၊ ဂိုဏ်း၊ သံဃာကို
မသုံးသပ်မူ၍ ဓမ္မပူဇာသက်သက် ချဟန်ကား။ ဘန္တေက စ၍ ဣမံပိဋ္ဌကံတိုင်
အောင်ရှေးနည်းဆိုလေ]။ ။ဣမံပိဋ္ဌကံ၊ ဤစာပေပိဋ္ဌကတ်ကို။ ပူဇနတ္ထာယ၊
တရားတော်အား ပူဇော်ခြင်းအကျိုးငှါ။ ပတိဋ္ဌပေမ၊ တည်ထား ကိုးကွယ်ပါ
ကုန်၏။ ဗုဒ္ဓဝစနာရမ္မေန၊ တင်အပ်သော မြတ်စွာဘုရား၏ စကားတော်ရှိသော။
ဣမိနာဒပေါတ္ထကေန၊ ဤစာပေဖြင့်။ ဓမ္မံ၊ တရားတော်ကို။ ပူဇေမ၊ ပူဇော်ပါ
ကုန်၏။ သိဿာနုသိဿော၊ တပည့်သားအဆက်ဆက်ဖြစ်သော။ သံဃော၊သံဃာ
တော်သည်။ ဒဿနာဒီနိ၊ ကြည့်ရှုခြင်း ပို့ချခြင်း အစရှိသည်တို့ကို။ ကရောတု၊
ပြုတော်မူစေသတည်း။ (ဤသို့ချအပ်၏)။ ။ဤနှစ်ရပ်သော ချခြင်းတို့တွင်
ရှေးချခြင်းကို။ ။ပဋိက္ခိပိတိ ဓာတုဋ္ဌပနတ္ထာယ ဂဏှာထာတိ အဝတွာ တုမှာကံ
ဂဏှာထာတိ ဝုတ္တတ္တာ ပဋိက္ခိပိ။ ။ဟူ၍ မိန့်အပ်သော သာရတ္ထဒီပနီဋီကာကို
ထောက်၍သိအပ်၏။ ။ပဋိက္ခိပိတိ၊ ပဋိက္ခိပိ- ဟူသည်ကား။ ဓာတုဋ္ဌပနတ္ထာယ၊
ဓာတ်တော်ဌာပနာရန်အကျိုးငှါ။ ဂဏှထ၊ ခံတော်မူကြပါကုန်၏။ ဣတိ၊ဤသို့။
အဝတွာ၊ မဆိုမူ၍။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဒေမ လှူပါကုန်၏။ ဂဏှထ၊
ခံတော်မူပါကုန်။ ဣတိ၊ဤသို့။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ပဋိက္ခိပိ၊
ပယ်၏။ ။(ဤကားအနက်)။ ။အဓိပ္ပါယ်ကား- ဤရှေ့စေတီကို အရှင်

ဘုရားတို့အား ခံပါကုန်လောဟု လျှောက်ရာ၌ မအပ်သကဲ့သို့ ဤစာကို အရှင်ဘုရားတို့အား လှူဒါန်းပါ၏ဟု လျှောက်ရာ၌ မအပ်။ ဤရွှေစေတီကို ခေတ်တော်ထားခြင်းအကျိုးငှါ အရှင်ဘုရားတို့အား ခံပါကုန်လောဟု လျှောက်ရာ၌ ခေတ်တော်ကိုထားရခြင်းအား၊ ဒါနအရာ ရဟန်းတို့အား နိယျာတနအရာ ရောက်သည် ဖြစ်၍ရင်း၊ ရွှေငွေအားသာမဟုတ်၊ ခေတ်တော်ကြုတ်အထူးသို့ ရောက်သည်ဖြစ်၍ရင်း အပ်သကဲ့သို့၊ ဤစာကို တရားတော်အား ပူဇော်ခြင်းငှါ လှူပါ၏ဟု လျှောက်ရာ၌၊ တရားတော်ကို ပူဇော်ခြင်းအား ဒါနအရာ၊ ရဟန်းတို့အား နိယျာတန အရာ ရောက်သည်ဖြစ်၍ရင်း၊ ရွှေငွေ အသပြာမဟုတ်၊ ဓမ္မစေတီအထူးသို့ ရောက်သည် ဖြစ်၍ရင်း အပ်၏ဟူလိုသည်။

ဤစာပေ ပိဋကတ်သည် ဘုရားမှတပါး သံဃာ၊ သံဃာမှတပါး ဘုရား ရှိသကဲ့သို့ ဘုရား သံဃာမှ အပ၊ အသီးတည်သော တရားတော် မရှိခြင်းကြောင့် ဓမ္မပူဇာကို တရားဟောပုဂ္ဂိုလ်ရသကဲ့သို့၊ ပုဂ္ဂိုလ်ကို သုံးသပ်ရည်ညွှန်း၍လှူရာ၌ ကြည့်ရှုဟောကြားခြင်း စသည်ကိုပြုသော ပုဂ္ဂိုလ်သန္တက၊ ဂိုဏ်းကို သုံးသပ်ရည်ညွှန်း၍ လှူရာ၌ ဂဏသန္တက၊ သံဃာကို သုံးသပ် ရည်ညွှန်း၍ လှူရာ၌ သံဃသန္တက ဖြစ်သည်။ ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာကို မသုံးသပ်မူ၍ လှူရာ၌ကား၊ ဘုရားသံဃာမှ အပ၌တည်သော တရားဟူ၍ မရှိခြင်းကြောင့် ဗုဒ္ဓသန္တက, သံဃ သန္တက ဖြစ်၏ဟု မှတ်ရမည်။ ။ထို့ကြောင့် သုတ်ပါထေယျ အဋ္ဌကထာ ပါသာဒိက သုတ် အဖွင့်၌။ ။ဘဂဝါအာဟ သစေပိ ဗြာဟ္မဏ ဓမ္မရတနံ ပူဇေတုကာမော ဧဝံ ဗဟုဿုတံ ပူဇေဟီတိ။ ဗဟုဿုတံ ဘန္တေ အာစိက္ခထာတိ၊ ဘိက္ခုသံဃံ ပုစ္ဆာဟိ။ သော ဘိက္ခုသံဃံ ဥပသင်္ကမိတွာ ဗဟုဿုတံ ဘန္တေ အာစိက္ခထာတိ အာဟ။ အာနန္ဒတ္ထေရော ဗြာဟ္မဏာတိ။ ဗြာဟ္မဏော ထေရံ သဟဿဂ္ဃနိကေန တိစီဝရေန ပူဇေတိ။ ။ဟုမိန့်အပ်၏။ ။ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ကိံ အာဟ၊ အဘယ်သို့ ဟောတော်မူသနည်း ဟူမူ။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဓမ္မရတနံ၊ တရားရတနာကို။ ပူဇေတုကာမော၊ ပူဇော်ခြင်းငှါ အလိုရှိသည်။ သစေပိဟောတိ၊ အကယ်၍လည်း ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည် ရှိသော်။ ဗဟုဿုတံ၊ များသောအကြားအမြင်ရှိသော ပုဂ္ဂိုလ်ကို။ ပူဇေဟိ၊ ပူဇော်လေလော။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ အထ၊ ထိုအခါ၌။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဘန္တေ၊ အရှင်ဘုရား။ ဗဟုဿုတံ၊ များသော အကြားအမြင်ရှိသောပုဂ္ဂိုလ်ကို။ အာစိက္ခထ၊ ကြားတော်မူပါကုန်လော။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ပြန်၏။ အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပုစ္ဆာဟိ၊ မေးလေလော။

ဉာတိ၊ ဤသို့၊ အာဟ၊ မိန့်တော်မူ၏။ အထ၊ ထိုအခါ၌။ သောဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဘန္တေ၊ အရှင်ဘုရားတို့။ ဗဟုသုတာ၊ များသောအကြားအမြင်ရှိသောပုဂ္ဂိုလ်ကို။ အာစိက္ခထ၊ ကြားပါကုန်လော။ ဣတိ၊ ဤသို့။ အာဟ၊လျှောက်လေ၏။ အထ၊ ထိုအခါ၌။ ဘိက္ခူ၊ရဟန်းတို့သည်။ ဗြာဟ္မဏ၊ပုဏ္ဏား။ အာနန္ဒတ္ထေရော၊အာနန္ဒာ မထေရ်သည်။ ဗဟုဿုတော၊ များသော အကြားအမြင်ရှိ၏။ ဣတိ၊ ဤသို့။ အာရောစေသုံ၊ကြားကြကုန်၏။ အထ၊ ထိုအခါ၌။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ထေရံ၊ အရှင်အနန္ဒာမထေရ်ကို။ သဟဿဂ္ဃနိကေန၊အဘိုးတထောင်ထိုက်သော။ တိစီဝရေန၊ သင်္ကန်းသုံးထည်ဖြင့်။ ပူဇေသိ၊ပူဇော်ပြီး၊ (ဤကားအနက်)။ ။ မာလာဂုဏမှ လတာကမ္မာဒိ ဝိစိတ္တံ၊ ခြူးပန်းအမှု၊ ခြူးနွယ်အမှု စသည်တို့ဖြင့် ဆန်းကြယ်သော။ ဋ္ဌမံသုဝဏ္ဏဂဗ္ဘံ၊ ဤရွှေစာတိုက်ကို။ (ရွှေစာတိုက်ဘို့)။ မာလာကမ္မလတာကမ္မဒိ ဝိစိတ္တံ၊ ခြူးပန်းအမှု၊ ခြူးနွယ်အမှု စသည်တို့ဖြင့် ဆန်းကြယ်သော။ ဣမံသုဝဏ္ဏခမ္မပိဋ္ဌကံ၊ ဤရွှေစာတင်ကို။(စာတင်ဘို့)။ ။ဉဒ္ဒိဿအာယသ္မတော၊ ရည်မှတ်တိုင်းသော အရှင်ဘုရားအား။ ပဝေသေတွာစ၊ သွင်း၍ရင်း။ အာရောပေတွာစ၊ တင်၍ရင်း။ ဌပနတ္ထာယ၊ တရားတော်အား ပူဇော်၍ထားခြင်းအကျိုးငှါ။ ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက်ကို။ ဝါဘေတွာ၊ သွန်းချ၍။ ဒေမ၊ လှူပါကုန်၏။ (အဆုံးအဖြတ်ကို ရှေးကနည်းသိလေ)

စာပေနှင့်မစပ်သော ပုဂ္ဂလိက, ဂဏိက, သံဃိကလှူလိုသော ရွှေအုပ်စသည်ကို။ ။ဣမံသုဝဏ္ဏပေဠံ၊ ဤရွှေအုပ်ကို။ ဥဒ္ဒိဿ အာယသ္မတော၊ ရည်မှတ်တိုင်းသော အရှင်ဘုရားအား။ သေနာသန ပရိဘောဂတ္ထာယ၊ ကျောင်း၏အသုံး အဆောင် အကျိုးငှါ။ ဒေမ၊ လှူပါကုန်၏။ (ဟူ၍ပင်ချ)။ ။ညောင်စောင်း အင်းပျဉ်သည် သေနာသန ပရိဘောဂအစစ်ဖြစ်၏။ ကျောင်းကဲ့သို့ပင် အပ်၏။ ဝိမတိ ဝိနောဒနီအရှင်ကား၊ ရွှေကျောင်း သည်လည်း သံဃိကသာ အပ်သောဟူ၏။ ကျောင်းဟူသည် သပိတ်စသော ဝတ္ထုကဲ့သို့ အရပ် တပါးသို့ ဆောင်သွားခြင်းငှါမထိုက်သော နေရာ၌သာ အမြဲသုံးဆောင်အပ်သော ပရိက္ခာရဘဏ္ဍာအထူးဖြစ်၍ အပ်ကြောင်းကို ခွင့်ပြုတော်မူအပ်၏။ သံဃိကဖြစ်၍သာ ခွင့်ပြုတော်မူအပ်သည်မဟုတ်ဟု ဆရာမြတ်တို့ ဆိုတော်မူကုန်၏။ ။ယထာ အနုဉာနာမိဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ ဝစနတော ပုဂ္ဂလိကေပိသေနာသနေ သေနာသန ပရိဘောဂဝသေန နိယမိတံ သုဝဏ္ဏဃဋာဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနံပိ ကေဝလံ အတ္တနော သန္တကံ ကတွာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတိ။ ဧဝမိဒံ ဘူမတ္ထရဏဝသေန ပရိဘုဉ္ဇိယမာနံပိ အတ္တနော သန္တကံ ကတွာ တံတံဝိဟာရံ ဟရိတွာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတီတိ ဒဿနတ္ထံ ပရိဟရဏေယေဝ ပဋိက္ခေပေါ ဝေဒိတဗ္ဗောတိ

ဝုတ္တံ။ ။(တေရသကဏ်ဋီကာ ပဌမသေနာသန သိက္ခာပုဒ်အဘွင့်)။ ။ဘိက္ခဝေ၊ ရဟန်းတို့။သဗ္ဗံ၊ အလုံးစုံသော။ပါသာဒပရိဘောဂံ၊ပြာသာဒ်၏ အသုံးအဆောင်ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိဝစနတော၊ ဤသို့ မြွတ်စွာဘုရား ဟောတော်မူသောကြောင့်။ ပုဂ္ဂလိကေပိ၊ ပုဂ္ဂိုလ်၏ဥစ္စာလည်းဖြစ်သော။ သေနာသနေ၊ ကျောင်း၌။ သေနာသန ပရိဘောဂဝသေန၊ ကျောင်း၏ အသုံးအဆောင်၏ အစွမ်းဖြင့်။နိယမိတံ၊မှတ်အပ်သော။သုဝဏ္ဏဃဋ္ဋာဒိကံ၊ရွှေအိုး အစရှိသည်သည်။ဝါ၊ရွှေအိုးအစရှိသည်ကို။ပရိဘုဉ္ဇိတုံ၊သုံးဆောင်ခြင်းငှါ။ ဝဋ္ဋမာနံပိ၊ အပ်သော်လည်း။ ကေဝလံ၊ သက်သက်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ကတွာ၊ ပြု၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ နဝဋ္ဋတိယထာ၊ မအပ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဣဒံ၊ဤခြသေ်္ချ ရေစသည်ကို။ ဝါ၊ခြသေ်္ချ ရေစသည်သည်။ ဘူမတ္ထရဏ ဝသေန၊ မြေအခင်း၏ အစွမ်းဖြင့်။ ပရိဘုဉ္ဇိယ မာနံပိ၊ သုံးဆောင် အပ်သော်လည်း။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ကတွာ၊ ပြု၍။ တံတံ ဝိဟာရံ၊ ထိုထို ကျောင်းသို့။ ဟရိတွာ၊ ဆောင်၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ ဣမဿ အတ္ထဿ၊ ဤသို့သောအနက်ကို။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ ပရိဟရဏေယေဝ ပဋိက္ခေပေါ ဝေဒိတဗ္ဗောတိ၊ ပရိဟရဏေ ယေဝပဋိက္ခေပေါ ဝေဒိတဗ္ဗောဟူ၍။အာစရိယေန၊ အဋ္ဌကထာဆရာသည်။ဝုတ္တံ၊ မိန့်ဆိုတော် မူအပ်၏။ ။(ဤကားအနက်)

ငင်းဋီကာ၌ ပုဂ္ဂလိကေပိ သေနာသနေ-ဟူသောပါဠ်ဖြင့် သေနာသန ပရိဘောဂ၏အစွမ်းအားဖြင့် မှတ်အပ်သော ရေအိုးအစရှိသည်သည် ဒါယကာတို့နှလုံးသွင်းအားလျော်စွာ ပုဂ္ဂလိကဖြစ်သော်လည်း အပ်ကြောင်းကိုပြတော်မူ၏။ အချို့ကား ဤ၌ သံဃိကပင်ဟုဆိုကုန်၏။သံဃိကေ သေနာသနေ ဟု မဆိုမူ၍ ပုဂ္ဂလိကေပိ သေနာသနေ ဟု-ဆိုအပ်ရကား ထိုစကားမသင့်။ ဤသို့ကျောင်းကို မဆိုထားဘိ ကျောင်းနှင့်စပ်သော ရွှေအိုး အစရှိသည်သည်လည်း ပုဂ္ဂိုလ်အား အပ်ကြောင်းလာသော တေရသကဏ်ဋီကာနှင့် ညီညွတ်ရကား ဆရာတို့စကားသည် ယုတ္တတရ-ဟု မှတ်ရာ၏။ ။(ညောင်စောင်းစသော သေနာသန ဘဏ္ဍာ ရေစက်ချ)

စည် ခေါင်းလောင်းဖြစ်အံ့။ ။ဣတော ဃဏ္ဍာတော၊ ဤကြေးစည်,ခေါင်းလောင်းမှ။ ဥပ္ပန္နံ၊ ဖြစ်သော။ သဒ္ဒံ၊ အပ်သောအသံကို။ ဥဒ္ဒိဿ အာယသ္မတော၊ ရည်မှတ်တိုင်းသော အရှင်ဘုရားအား။ ဒေမ၊ လှူပါကုန်၏။ ၊(ဤသို့ ဆို၍ ချ)။ ။ဂိုဏ်း သံဃာတို့အား လှူရာ၌လည်း နည်းတူပင်။ ။ဣမံ၊ ဤစာပေကို။ ဣမံ၊ ဤရွှေစာတင်ကို။ ဣမံ၊ ဤရွှေအုပ်ကို။ ဣမံ၊ ဤရွှေညောင်စောင်း

(ပြည်ကြီးမဏ္ဍိုင်)

ကို။ ဠမံ၊ ဤကြေးစည် ခေါင်းလောင်းကို။ ဥဒ္ဒိဿ အာယသ္မတော၊ ရည်မှတ်တိုင်းသော အရှင်ဘုရား၏။ သေနာသနဿ၊ ကျောင်းအား။ ဒေမ၊ လှူပါကုန်၏။ ဤသို့သော်လည်းဆို၍ချ။ ။အကျယ်ဂိုဏ်း သံဃာမှာ ရှေးနည်း။ ရှေးဆရာတို့ကား၊ ရွှေငွေနှင့်စပ်သော ဘဏ္ဍာဟူသမျှကို နိယျာဒေမ ဟုဆို၍ ချီရီးပြုကြကုန်၏။ သင့်သည်ပင်။ ။ဥစ္စာရှင်ကား၊ ပုဂ္ဂိုလ်အားရည်လျှင် ပုဂ္ဂိုလ်၊ သံဃာအား ရည်လျှင် သံဃာ၊ ဒါယကာ နှလုံးသွင်းတိုင်းဖြစ်၏။ ။ဠမိနာ ပုညကမ္မေန စသည်ကို ဆက်၍ဆိုလေ။ မခဲပြီး ။(ရေစက်ချ အဆုံးအဖြတ်ပြီး၏။)

**သေနာသန ကဏ္ဍ ပြီး၏။**

---

## ဂ—ခုဒ္ဒကဝတ္ထုကြကဏ္ဍ

(၁) ကြေးဝါ၊ ကြေးဖြူ စသော ခွက်အထူးကို ပုဂ္ဂလိက အဖြစ်ဖြင့်ခံ၍ သုံးဆောင်ခြင်းငှါ အပ်၊ မအပ် ဝိနိစ္ဆယ။

(၂) ထည့်၍စားရာ ခွက်အဆုံးအဖြတ်။

(၃) တခွက်ထည်း၌စားခြင်းကိုပြခြင်း ဝိနိစ္ဆယ၊

(၄) မခံအပ်-မကိုင်အပ်သောဝတ္ထုကိုပြခြင်း ဝိနိစ္ဆယ၊

(၅) မခံအပ်သည်ဖြစ်၍ ကိုင်အပ်သည်ကိုပြခြင်း ဝိနိစ္ဆယ။

(၆) ခံအပ်သည်ဖြစ်၍၊ မကိုင်အပ်သည်ကိုပြခြင်း ဝိနိစ္ဆယ။

(၇) ခံအပ်- ကိုင်အပ်သောဝတ္ထုကိုပြခြင်း။

---

(၁) ကြေးဝါ ကြေးဖြူစသောခွက်အထူးကို ပုဂ္ဂလိက အဖြစ်ဖြင့်ခံ၍ သုံးဆောင်ခြင်းငှါအပ်၊ မအပ်ကို သိလိုပါသည့်လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့မှတ်ရာ၏။

ကြေးဝါ- ကြေးဖြူ ခွက်အထူးကိုလည်း ဆရာတို့ပုဂ္ဂလိကခံ၍ သံဃိကပရိဘောဂဖြင့် သုံးဆောင်ကြကုန်၏။ ။ဂရုဘဏ္ဍ ဝိနိစ္ဆယအရာ အဋ္ဌကထာအရပ်ရပ်တို့၌ ပုဂ္ဂလိကကဲ့သို့ သုံးဆောင်ခြင်းသာ မအပ်ကြောင်းလာ၏။ ပုဂ္ဂိုလ်ခံခြင်းငှါ မအပ်ကြောင်းမလာ။ ကာယသံသဂ္ဂသိက္ခာပုဒ်အဘွင့် အဋ္ဌကထာတို့၌လည်း ရတနာမျိုးနှင့် စပ်သော ဘဏ္ဍာ၊ လက်နက်ဘဏ္ဍာ စသည်တို့ကိုသာ မခံအပ်

ကြောင်းလာ၏။ ယခင် ကြေးခွက်အထူးကို မခံအပ်ကြောင်းမလာ။ ။မဟာပစ္စ
ရိယံ ပန မုတ္တာ ဓောတာပိ အဓောတာပိ အနာမာသာ။ဘဏ္ဍမူလတ္ထာယစ သမ္ပ
ဋိစ္ဆိတုံ နဝဋ္ဋတိ။ ။ကာယသံသဂ္ဂ သိက္ခာပုဒ်အဘွင့်အဋ္ဌကထာ။ ။ပန၊ ဝါဒတပ ါး
ကိုဆိုဦးအံ့။ မဟာပစ္စရိယံ၊ မဟာပစ္စရိတ်အဋ္ဌကထာ၌။ ဓောတာပိ၊ သွေးအပ်ပြီး
သည်သည်းဖြစ်သော။ အဓောတာပိ၊ မသွေးအပ် သေးသည်လည်း ဖြစ်သော။
မုတ္တာ၊ ပုလဲသည်။ အနာမာသာ၊ သုံးသပ်ခြင်းငှါမထိုက်သည်။ ဟောတိ၊ ၏။
ဘဏ္ဍမူလတ္ထာယစ၊ ဘဏ္ဍာဘိုးအကျိုးငှါလည်း။ သမ္ပဋိစ္ဆိတုံ၊ ခံခြင်းငှါ။နဝဋ္ဋတိ၊
မအပ်။ ။(ဤကား အနက်)။ ။ဤသို့ရတနာမျိုးကို မခံအပ်ကြောင်းလာ၏။
သဗ္ဗံ အာဝုဓဘဏ္ဍံ အနာမာသံ ဘဏ္ဍမူလတ္ထာယ ဒိယျမာနမ္ပိ နသမ္ပဋိစ္ဆိတဗ္ဗံ၊
သတ္ထဝါဏိဇ္ဇာနာမ နဝဋ္ဋတိ။ ။ဎင်းအဋ္ဌကထာ။ ။သဗ္ဗံ၊ အလုံးစုံသော။အာဝုဓ
ဘဏ္ဍံ၊ လက်နက်ဘဏ္ဍာသည်။အနာမာသံ၊သုံးသပ်ခြင်းငှါမထိုက်သည်။ ဟောတိ၊
၏။ ဘဏ္ဍမူလတ္ထာယ၊ ဘဏ္ဍာဘိုးအကျိုးငှါ၊ တံ၊ ထိုလက်နက်ဘဏ္ဍာကို။ ဒိယျ
မာနမ္ပိ၊ လှူအပ်သော်လည်း။ နသမ္ပဋိစ္ဆိတဗ္ဗံ၊ မခံအပ်။ ဝါ၊ မခံကောင်း။ သတ္ထ
ဝါဏိဇ္ဇာနာမ၊ လက်နက်ကုန်သွယ်ခြင်းမည်သည်။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကား
အနက်)။ ။ဤသို့ လက်နက်ဘဏ္ဍာမျိုးကိုလည်း မခံအပ်ကြောင်းလာ၏။

ဤသို့ ရတနာမျိုး၊ လက်နက်ဘဏ္ဍာမျိုးကိုသာ ဘဏ္ဍာဘိုး အကျိုးငှါသော်
လည်း မခံအပ်ကြောင်း အဋ္ဌကထာ၌ လာသောကြောင့်ဎင်း။ ။ဘဏ္ဍမူလတ္ထာယ
သမ္ပဋိစ္ဆိတုမ္ပိ ဝဋ္ဋတိ၊ ပရိဘောဂတ္ထာယ လဗ္ဘမာနေသု ပန ဝိဏာ ဒေါဏိကဥ္စ
ဘေရိပေါက္ခရဥ္စ ဒန္တကဋ္ဌဘာဇနံ ကရိဿာမ စမ္မံ သတ္တကောသကန္တိ၊ ဧဝံ တဿ
တဿ ပရိက္ခာရဿ ဥပကရဏတ္ထာယ ဂဟေတ္ဗာ တထာ တထာ ကာတုံ ဝဋ္ဋတိ။ ။
ဎင်းအဋ္ဌကထာ။ ။စမ္မနဒ္ဓါနိ၊ သားရေဖြင့်ကြက်အပ်ကုန်သော။ ဝိဏာဘေရိ
အာဒီနိ၊ စောင်း-စည်ကြီးစသည်တို့ကို။ ။(ရှေ့မှလိုက်သည်) ဘဏ္ဍမူလတ္ထာယ၊
ဘဏ္ဍာဘိုး အကျိုးငှါ။ သမ္ပဋိစ္ဆိတုမ္ပိ၊ ခံခြင်းငှါလည်း။ ဝဋ္ဋတိ၊ အပ်၏။ ပန၊
သည်သာမကသေး၊ ပရိဘောဂတ္ထာယ၊ သုံးဆောင်ခြင်း အကျိုးငှါ။ တေသု၊
ထိုသားရေဖြင့် ကြက်အပ်ကုန်သော စောင်း-စည်ကြီးစသည်တို့ကို။ လဗ္ဘမာ
နေသု၊ ရအပ်ကုန်သည်ရှိသော်။ ဝိဏာဒေါဏိကဥ္စ၊ စောင်းခွက်ကိုဎင်း။ ဘေရိ
ပေါက္ခရဥ္စ၊ စည်ခေါင်းကိုဎင်း။ ဒန္တကဋ္ဌဘာဇနံ။ ဒန်ပူထည့်စရာခွက်ကို။
ကရိဿာမ၊ ပြုကုန်အံ့။ စမ္မံ၊ သားရေကို။ သတ္တကောသကံ၊ ဓားအိတ်ကို။
ကရိဿာမ ပြုကုန်အံ့။ ဣတိဧဝံ၊ ဤသို့။ တဿတဿ ပရိက္ခာရဿ၊ ထိုထို
ပရိက္ခရာ၏။ ဥပကရဏတ္ထာယ၊ အဆောက်အဦအကျိုးငှါ။ ဂဟေတွာ၊ ခံယူ၍။
တထာတထာ တံတံဥပကရဏံ၊ ထိုထိုအဆောက်အဦကို။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ၊
၏။ (ဤကား အနက်)။ ။ဤသို့ မသုံးသပ်အပ်သော စောင်း-စည် ,စသော

တုရိယာမျိုးကိုသော်လည်း ဘဏ္ဍာဘိုးအကျိုးငှါငင်း၊ ဖျက်၍ဒန့်ပူစသည် ထည့်ရန်အကျိုးငှါငင်း ခံအပ်ကြောင်း အဋ္ဌကထာ၌လာသောကြောင့်ငင်း၊လက်နက်ဘဏ္ဍာ ရတနာမျိုးမဟုတ်သော သုံးသပ်အပ်သော သံဃိကပရိဘောဂဖြင့် သုံးဆောင်အပ်သော ငင်းကြေးခွက်အထူးကို ဘဏ္ဍာဘိုးအကျိုးငှါ ခံအပ်ရာ၌ ဆိုဘွယ်မရှိ။ စင်စစ်ပုဂ္ဂိုလ်ခံအပ်သည်သာ။ ဤကဲ့သို့ ပုဂ္ဂလသန္တက ပြုအပ်သည် ဖြစ်ကလည်း ပုဂ္ဂလိကကဲ့သို့ သုံးဆောင်ခြင်းကိုသာ ပယ်သောကြောင့် သံဃိကပရိဘောဂအကျိုးငှါ ပုဂ္ဂိုလ်ခံအပ်တော့သည်သာ။ ထို့ကြောင့် ဆရာတို့ပုဂ္ဂလိက ခံ၍ သံဃိကပရိဘောဂဖြင့် သုံးဆောင်ခြင်းသည် ယုတ္တိဘရဟု မှတ်ရာ၏။

ကာလလောဟ။ပ။ ဘာဇေ တဗ္ဗောတိ ဝုတ္တတ္တာ ဝဋ္ဋလောဟ ကံသလောဟ မယမ္ပိဘာဇနံ ပုဂ္ဂလိကမ္ပိ သမ္ပဋိစ္ဆိတုမ္ပိ ပရိဟရိတုမ္ပိ ဝဋ္ဋတိ၊ပုဂ္ဂလပရိဟရိတဗ္ဗဿေဝ ဘာဇေတဗ္ဗတ္တာတိ ဝဒန္တိ၊ တံဥပရိ ကံသလောဟ ဝဋ္ဋလောဟ ဘာဇန ဝိကတိ သံဃိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာဝ ဝါ ဝဋ္ဋတီတိ အာဒိကေန မဟာပစ္စရိ ဝစနေန ဝိရုဇ္ဈတိ၊ဣမဿဟိ ဝဋ္ဋလောဟ ကံသလောဟာနံ ယေနကေနစိကတော သိဟဠဒီပေ ပါဒဂဏှနကော ဘာဇေတဗ္ဗောတိ ဝုတ္တဿ မဟာ အဋ္ဌကထာ ဝစနဿ ပဋိက္ခေပါယ တံမဟာပစ္စရိဝစနံ ပစ္စာ ဒဿိတံ၊ တသ္မာ ဝဋ္ဋလောဟ ကံသလောဟမယံ ယံကိဉ္စိ ပါဒဂဏှနကဝါရကမ္ပိ ဥပါဒါယ အဘာဇနီယံ၊ ဂိဟိဟိ ဒိယျမာနမ္ပိ ပုဂ္ဂလဿ သမ္ပဋိစ္ဆိတုမ္ပိ နဝဋ္ဋတိ။ ။(သေနာ သနက္ခန္ဓက အဘင့် ဝိမတိဝိနောဒနီဋီကာ)။ ။ကာလလောဟ ။ပ။ ဘာဇေ တဗ္ဗောတိ၊ ဘာဇေတဗ္ဗော-ဟူ၍။ ဝုတ္တတ္တာ၊မဟာအဋ္ဌကထာ၌ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဝဋ္ဋလောဟ ကံသလောဟမယမ္ပိ၊ ကြေးပုပ် ကြေးဖြူဖြင့် ပြီးသည်လည်း ဖြစ်သော။ ဝါ၊ ကြေးဝါ- ကြေးဖြူဖြင့် ပြီးသည်လည်း ဖြစ်သော။ {ဝဋ္ဋလောဟ သဒ္ဒါကို ကြေးပုပ်-ကြေးဝါ ၂-ပါးလုံးပင် အနက်သမ္ဗန် ကြကုန်၏။ ကိတ္တိမ လောဟမျိုးချည်းဖြစ်၍ အသင့် ချည်းပင်}။ ။ဘာဇနံ၊ ခွက်ကို။ ပုဂ္ဂလိကမ္ပိ၊ ပုဂ္ဂလိကကိုလည်း။ ကတွာ၊ ပြု၍။ သမ္ပဋိစ္ဆိတုမ္ပိ၊ ခံခြင်းငှါငင်း။ သမ္ပဋိစ္ဆိတွာ၊ ခံပြီး၍။ ဟရိတုမ္ပိ၊ ဆောင်ခြင်းငှါ ငင်း။ ဝဋ္ဋတိ၊ အပ်၏။ ကသ္မာ၊ အဘဲ့ ကြောင့်နည်းဟူမူကား။ ပုဂ္ဂလ ပရိဟရိတဗ္ဗဿေဝ၊ ပုဂ္ဂိုလ်သည် ဆောင်ထိုက် သော ဘဏ္ဍာကို သာလျှင်။ ဘာဇေ တဗ္ဗတ္တာ၊ ဝေဘန် အပ်သည်၏ အဖြစ် ကြောင့်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ တံဝစနံ၊ထိုစကားသည်။ ဥပရိ၊အထက်၌။ ကံသလောဟ ဝဋ္ဋလောဟဘာဇနဝိကတိ သံဃိကပရိဘောဂေ နဝါ ဂိဟိ ဝိကဋ္ဌာဝ ဝါ ဝဋ္ဋတီတိ အာဒိကေန၊ ဝဋ္ဋတိ- အစရှိသော၊ မဟာပစ္စရိ ဝစနေန၊ မဟာပစ္စရိတ် အဋ္ဌကထာ စကားနှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ ဟိ သစ္စံ၊ထိုစကားသည်မှန်၏။ဝဋ္ဋလောဟ ကံသလောဟာနံ ယေနကေနစိ ကတော

သီဟဠဒီပေ ပါဒဂဏ္ဍနကော ဘာဧစေတမ္ဗဝတိ၊ ဘာဧစေတမ္ဗော- ဟူ၍။ ဝုတ္တာသ၊ မိန့်ဆိုအပ်သော။ ဣမဿ မဟာအဋ္ဌကထာ ဝစနဿ၊ ဤမဟာ အဋ္ဌကထာ စကားကို။ ပဋိက္ခေပါယ၊ ပယ်ခြင်းငှါ။ ကံမဟာပစ္စရိဝစနံ၊ ထိုမဟာ ပစ္စရိတ် အဋ္ဌကထာ စကားကို။ ပစ္ဆာ၊ နောက်၌။ ဒဿိတံ၊ ပြတော်မူအပ်၏။ တဿာ၊ ထို့ကြောင့်။ဝဋ္ဋလောဟ ကံသလောဟမယံ၊ ကြေးပုပ်— ကြေးဝါဖြင့် ပြီးသော။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ပါဒဂဏ္ဍနက ဝါရကမ္ပိ၊ မဂဓ ရစ်ငါးကွမ်းစား ဝင်သော အိုးကိုလည်း။ ဥပါဒါယ၊ အစပြု၍။ အဘာဇနီယံ၊ မဝေဘန်အပ်။ ဝါ၊ မဝေဘန်ကောင်း။ ဂိဟီဟိ၊ လူတို့သည်။ ဒိယျမာနမ္ပိ၊ လှူအပ်သည် ကိုလည်း။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ သမ္ပဋိစ္ဆိတုမ္ပိ၊ ခံခြင်းငှါလည်း။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကားအနက်)

ဤသို့ ကြေးပုပ်— ကြေးဖြူ တို့ဖြင့် ပြီးသော ခွက်အထူးကို သံဃဥစ္စာကဲ့သို့ သုံးဆောင်ခြင်း၊ လူတို့ဥစ္စာကဲ့သို့ သုံးဆောင်ခြင်းဖြင့်သာ သုံးဆောင်အပ် ကြောင်း မဟာပစ္စရိတ် အဋ္ဌကထာ၌ ဆိုသောကြောင့် သံဃသာ ခံခြင်းငှါ အပ်၏။ ပုဂ္ဂိုလ်ခံခြင်းငှါ မအပ်ဟူ၍ ဝိမတိ ဆရာ ဆိုတော်မူ၏။ သံဃဥစ္စာပင် ဖြစ်သော်လည်း ပုဂ္ဂလိက ကဲ့သို့ သုံးဆောင် ခြင်းငှါ မအပ်သည်ကို ထောက် သော် ပုဂ္ဂိုလ် ဥစ္စာဖြစ်သော်လည်း သံဃိကကဲ့သို့ သုံးဆောင်ခြင်းငှါ အပ် ၏ဟု ယူသင့်သည်ဖြစ်၍ သံဃိက, ပုဂ္ဂလိက ဖြစ်ခြင်းသည် ပမာဏမဟုတ်၊သုံး ဆောင်ခြင်းသာ ပမာဏဖြစ်ရကား သံဃိက ပရိဘောဂ၊ ဂိဟိဝိကဋ္ဌ နီဟာရ ပရိဘောဂဖြင့် သုံးဆောင်ခြင်းငှါသာ အပ်၏။ ပုဂ္ဂလိက သုံးဆောင်ခြင်း ဖြင့် မအပ်ဟု မဟာပစ္စရိတ် အဋ္ဌကထာ၌ဆိုသော်လည်း ပုဂ္ဂိုလ်ခံခြင်းငှါမအပ်-ဟူ သောအနက်ကို သိရန်အခွင့် မရှိသောကြောင့်၎င်း၊ ယခင်အောက်၌ ပြဆိုအပ် ခဲ့ပြီးသော ဂရုဘဏ္ဍ ဝိနိစ္ဆယအရာ အဋ္ဌကထာ အရပ်ရပ်တို့၌ ဤသို့စသော ယုတ္တိ သာဓကစကားတို့နှင့် ဆန့်ကျင်သကဲ့သို့ ရှိသောကြောင့်၎င်း တို ဝိမတိ ဋီကာ စကားကို ပညာရှိတို့သည် ဆင်ခြင်၍ယူအပ်၏။ ။၎င်းကြေးဖြူ—ကြေး ပုပ်ဖြစ်သော ခွက်အထူးတို့ကို သုံးဆောင်ရာ၌ဝိနိစ္ဆယကို ဤသို့သိမှတ်ရာ၏။ ။ ကံသလောဟ ဝဋ္ဋလောဟ ဘာဇန ဝိကတိ သံဃိက ပရိဘောဂေနဝါ ဂိဟိ ဝိကဋ္ဌာဝါ ဝဋ္ဋတိ၊ ပုဂ္ဂလိကပရိဘောဂေန နဝဋ္ဋတိ၊ ကံသလောဟာဒိ ဘာဇနံ သံဃဿ ဒိန္နမ္ပိ ပါရိဟာရိယံ နဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌနီဟာရေနေဝ ပရိဘုဉ္ဇိ တဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ။ ။(သေနာသနက္ခန္ဓက အဘင့် အဋ္ဌကထာ)။ ။ ကံသလောဟ ဝဋ္ဋလောဟ ဘာဇန ဝိကတိ၊ ကြေးဖြူ-ကြေးပုပ်တို့ဖြင့် ပြုအပ် သော ခွက်အထူးကို။ ဝါ၊ သည်။ သံဃိက ပရိဘောဂေနဝါ၊ ကျောင်း-အိပ် ရာ နေရာစသော သံဃဥစ္စာ ကဲ့သို့ သုံးဆောင်ခြင်းဖြင့်၎င်း။ ဝါ၊ ကျောင်း

အိပ်ရာ-နေရာစသော သံဃဥစ္စာကိုသုံးဆောင်ခြင်းနှင့်တူသော သုံးဆောင်ခြင်း ဖြင့်ရင်း။ ဂိဟိ ဝိကဋ္ဌာဝ ါ၊ လူတို့သည်ထည့်၍ ပေးအပ်သော လူတို့၏ဥစ္စာဖြစ် သော ခွက်သည်ရင်း။ဝဋ္ဋတိ၊အပ်၏။ ပုဂ္ဂလိက ပရိဘောဂေန၊ ကျောင်းအိပ်ရာ-နေရာ စသောပုဂ္ဂိုလ်၏ဥစ္စာကဲ့သို့ သုံးဆောင်ခြင်းဖြင့်။ ဝ ါ၊ကျောင်း-အိပ်ရာ-နေရာစသော ပုဂ္ဂိုလ်၏ ဥစ္စာကို သုံးဆောင်ခြင်းနှင့်တူသော သုံးဆောင်ခြင်း ဖြင့်။နဝဋ္ဋတိ၊မအပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ကံသလောဟာ ဒိဘာဇနံ၊ ကြေးဖြူစသည်တို့ဖြင့်ပြုအပ်သော ခွက်ကို။ ဝ ါ၊ သည်။ သံဃဿ၊ သံဃာအား။ ဒိန္နံပိ၊ လှူအပ်သော်လည်း။ပါရိဟာရိယံ၊ အသွား ဆောင်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဂိဟိဝိကဋ္ဋ နီဟာရေနေဝ၊ လူတို့သည်ထည့်၍ ပေးအပ်သော လူတို့၏ ဥစ္စာဖြစ်သော ခွက်နှင့်တူသော အာရာမ်စောင့်စသည်တို့သည် သိုမှီးသိမ်းဆည်း၍၊ ရဟန်းတို့အား သုံးဆောင်ရန်ထည့်ပေး အပ်သော သံဃဥစ္စာဖြစ်သော ခွက်ဖြင့် သာလျှင်။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။ ဣတိ၊ ဤသို့။ မဟာပစ္စရိယံ၊ မဟာ ပစ္စရိတ် အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤကား အနက်)

သံဃိကပရိဘောဂေန၊ သံဃာ၏ဥစ္စာကို သုံးဆောင်ခြင်းအားဖြင့်- ဤသို့ သမ္ဗန်သော် သံဃာ၏ ဥစ္စာဖြစ်လျှင် သံဃိကပရိဘောဂ- ပုဂ္ဂလိက ပရိဘောဂ နှစ်ပ ါးပင် အပ်၏ဟူသောအနက်သည်ရောက်၏။ စင်စစ်သော်ကား သံဃိက ပရိ ဘောဂသာအပ်၏။ ပုဂ္ဂလိကပရိဘောဂမအပ်။ ထို့ကြောင့် မသင့်။ မသင့်သော ကြောင့် သံဃိက ပရိဘောဂေန၊ ကျောင်း- အိပ်ရာ- နေရာစသော သံဃာ၏ ဥစ္စာကဲ့သို့ သုံးဆောင်ခြင်းဖြင့်။ ဝ ါ၊ ကျောင်း-အိပ်ရာ-နေရာစသော သံဃာ၏ ဥစ္စာကို သုံးဆောင်ခြင်းနှင့် တူသော သုံးဆောင်ခြင်းဖြင့်-ဟူ၍သမ္ဗန်သည်။ ။ ထို့ကြောင့် ကင်္ခါဋီကာ၌။ ။သံဃိက ပရိဘောဂေနာတိ အာဂန္တုကာနံ ဝုဍ္ဍ တရာနံ ဒတွာ ပရိဘောဂေန။ ။ဟုမိန့်အပ်၏။ ။သံဃိက ပရိဘောဂေနာတိ၊ ဟူသည်ကား။ အာဂန္တုကာနံ၊ ဧည့်သည်ဖြစ်ကုန်သော။ ဝုဍ္ဍတရာနံ၊ သီတင်းကြီး တို့အား။ ဒတွာ၊ ပေး၍။ ပရိဘောဂေန၊ သုံးဆောင်ခြင်းဖြင့်။ ။(ဤကား အနက်)။ ။ပုဂ္ဂလိက ပရိဘောဂေန၊ ပုဂ္ဂိုလ်၏ဥစ္စာကို သုံးဆောင်ခြင်း အားဖြင့်- ဤသို့သမ္ဗန်သော် ပုဂ္ဂိုလ်၏ဥစ္စာဖြစ်လျှင် သံဃိကပရိဘောဂ-ပုဂ္ဂလိကပရိဘောဂ နှစ်ပ ါးပင်အပ်၏- ဟူသော •အနက်သည်ရောက်၏။ စင်စစ်သော်ကား သံဃိက ပရိဘောဂသာအပ်၏။ ပုဂ္ဂလိကပရိဘောဂမအပ်။ ထို့ကြောင့်မသင့်။ မသင့်သော ကြောင့် ပုဂ္ဂလိကပရိဘောဂေန၊ ကျောင်း-အိပ်ရာ-နေရာ စသော ပုဂ္ဂလိကကဲ့သို့ သုံးဆောင်ခြင်းဖြင့်။ ဝ ါ၊ ကျောင်းအိပ်ရာ–နေရာစသော ပုဂ္ဂိုလ်၏ ဥစ္စာကိုသုံး ဆောင်ခြင်းနှင့် တူသော သုံးဆောင်ခြင်းအားဖြင့်။ ဟူ၍ သမ္ဗန်သည်။ ။ ထို့ကြောင့် ဂဏ္ဌိဋီကာ၌။ ။ပုဂ္ဂလိကပရိဘောဂေန နဝဋ္ဋတီတိ အာဂန္တုကာနံ

အဒတွာ အတ္တနော သန္တကံဝိယ ဂဟေတွာ ပရိဟရိတွာ ဘုဥ္ဇိတုံ နဝဋ္ဋတိ။ ။ ဟုမိန့်အပ်၏။ ။ပုဂ္ဂလိကပရိဘောဂေန နဝဋ္ဋတီတိ၊ ဟူသည်ကား။ အာဂန္တုကာနံ၊ ညှော်သည် ရဟန်းတို့အား။ အဒတွာ၊ မဒေပးမူ၍။ အတ္တနော၊ မိမိ၏။ သန္တကံဝိယ၊ ဥစ္စာကဲ့သို့။ ဂဟေတွာ၊ယူ၍။ ပရိဟရိတွာ၊ အသွားဆောင်၍။ ပရိဘုဥ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ၊ နဝဋ္ဋတိ၊ မအပ်ကုန်။ ။(ဤကားအနက်)

ဒုတိယ သေနာသနသိက္ခာပုဒ် အဋ္ဌကထာ၌လည်း ဤကဲ့သို့ ဥပမာအနက် သမ္ဗန်သင့်ကြောင်း။ ။အညဿ မဥ္စပီဌံပန သံဃိက ပရိဘောဂေနဝါ ပုဂ္ဂလိက ပရိဘောဂေနဝါ ပရိဘုဥ္ဇန္တဿ နဋ္ဌံ ဂီဝါယေဝ။ ။ဟုလာ၏။ ။ပန၊ မတူသည်ကိုဆိုဦးအံ့၊ အညဿ၊ တပါးသော ပုဂ္ဂိုလ်၏။ မဥ္စပီဌံ၊ ညောင်စောင်း အင်းပျဉ်ကို။ သံဃိကပရိဘောဂေနဝါ၊ ဖြင့်ရင်း။ ပုဂ္ဂလိကပရိဘောဂေနဝါ၊ ဖြင့်ရင်း။ ပရိဘုဥ္ဇန္တဿ၊ အား။ နဋ္ဌံ၊ ပျောက်သည်ရှိသော်။ ဝါ၊ ပျက်စီးသည် ရှိသော်။ ဂီဝါယေဝ၊ မြီထိုက်သည်သာလျှင်။ ဝါ၊ အစားပေးထိုက်သည်သာ လျှင်။ ဟောတိ၊ ၏။ ။(ဤကား အနက်)။ ။ဂိဟိဝိကဋ္ဋနီဟာရေန၊ လူတို့ သည် ထည့်၍ပေးအပ်သော ခွက်နှင့်တူသော အာရုမ်စောင့် စသည်တို့သည် သိမ်းဆည်း၍ ရဟန်းတို့အား သုံးဆောင်ရန် ထည့်ပေးအပ်သော သံဃာ ဥစ္စာဖြစ်သော ခွက်ဖြင့်-ဟု သမ္ဗန်သင့်ကြောင်း တေရသကဏ် ဋီကာ၌။ ။ ဂိဟိဝိကဋ္ဋနီဟာရေန ပရိဘုဥ္ဇိတဗ္ဗန္တိ ဣမိနာ သစေ အာရာမိကာဒယော ပဋိသာ မေတွာ ပဋိဒေန္တိ၊ ပရိဘုဥ္ဇိတုံ ဝဋ္ဋတီတိ ဒဿေတိ။ ။ဟုမိန့်အပ်၏။ ။ဂိဟိဝိကဋ္ဋ နီဟာရေန ပရိဘုဥ္ဇိတဗ္ဗန္တိဣမိနာ၊ ပရိဘုဥ္ဇိတဗ္ဗံ- ဟူသောပါဠိဖြင့်။ အာရာမိကာ ဒယော၊ အာရာမ်စောင့်စသည်တို့သည်။ ပဋိသာမေတွာ၊ သိမ်းဆည်း၍။ သစေပဋိဒေန္တိ၊ အကယ်၍ တဖန် ရဟန်းတို့အား သုံးဆောင်ရန်ထည့်၍ပေးကုန် ၏။ ဧဝံသတိ၊ ဤသို့ပေးကုန်သည်ရှိသော်။ ပရိဘုဥ္ဇိတုံ။ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ မအပ်။ ဣတိ ဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ ဒဿေတိ၊ ပြတော် မူ၏။ ။(ဤကား အနက်)။ ။တံဥပရိ ကံသလောဟ ဝဋ္ဋလောဟ ဘာဇန ဝိကတိ သံဃိကပရိဘောဂေနဝါ ဂိဟိဝိကဋ္ဋာဝါ နဝဋ္ဋတီတိအာဒိကေန မဟာ ပစ္စရိဝစနေန ဝိရုဇ္ဈတိ။ ။ဟူ၍ဆိုသော ဝိမတိဋီကာဆရာ၏အလိုတော်ဖြင့်ပြအပ် ခဲ့ပြီးသော ကံသလောဟ ဝဋ္ဋလောဟ ဘာဇနဝိကတိ-စသော အလုံးစုံသော အဋ္ဌကထာစကားရပ်သည် မဟာပစ္စရိတ် အဋ္ဌကထာ စကားချည်းပုင်ဟု မှတ် အပ်၏။ ။အဋ္ဌကထာ၌ ဂိဟိဝိကဋ္ဋနီဟာရေနေဝ-၌ ဧဝသဒ္ဒါဖြင့် ပုဂ္ဂလိကပရိ ဘောဂကိုသာ နစ်စေအပ်၏။ သံဃိကပရိဘောဂကို မနစ်စေအပ်။ နစ်စေခဲ့သော် မိမိပင် ခွင့်ပြုအပ်သော သံဃကပရိဘောဂေနဝါ ဝဋ္ဋတိ-ဟူသော ရှေ့စကားနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ခဲ့ရာ၏။

**အင်္ဂကထာ၏ အဓိပ္ပါယ်ကား**= ဘဏ္ဍာကို သုံးဆောင်ခြင်း၊ ပုဂ္ဂလိက ပရိဘောဂ-သံဃိကပရိဘောဂ-ဂိဟိဝိကဋ္ဌပရိဘောဂ-ဂိဟိဝိကဋ္ဌ နိဟာရ ပရိဘောဂ ဟူ၍ လေးပါးရှိသည်။ ထိုလေးပါးတို့တွင် အရပ်ဘပါးသို့ ဆောင်၍ အာဂန္တု မထေရ်ကြီးတို့အား မပေးမူ၍ ရဟန်းကိုယ်ဘိုင် သိမ်းဆည်း၍ ပြင်ဆင် သုံးဆောင်ခြင်းသည် ပုဂ္ဂလိက ပရိဘောဂမည်၏။အရပ်တပါးသို့ မဆောင်မူ၍ အာဂန္တု မထေရ်ကြီးတို့အား ပေး၍ ရဟန်းကိုယ်ဘိုင် သိမ်းဆည်း၍ ပြင်ဆင် သုံးဆောင်ခြင်းသည် သံဃိက ပရိဘောဂမည်၏။ လူတို့သည် ထည့်၍ ပေးအပ်သော လူတို့၏ ဥစ္စာဖြစ်သော ခွက်စသည်ကို သုံးဆောင် ခြင်းသည် ဂိဟိဝိကဋ္ဌပရိဘောဂမည်၏။ လူတို့သည် ထည့်၍ ပေးအပ်သော လူတို့၏ခွက်ကဲ့သို့ အာရာမ်စောင့် စသည်တို့သည် သိမ်းဆည်း၍ ရဟန်းတို့အား သုံးဆောင်ရန် ထည့်၍ပေးအပ်သော သံဃာ၏ဥစ္စာဖြစ်သော ခွက်စသည်ကို သုံးဆောင်ခြင်းသည် ဂိဟိဝိကဋ္ဌနိဟာရ ပရိဘောဂမည်၏။ ။ထိုလေးပါးတို့တွင် သံဃာ၏ ဥစ္စာဖြစ်သော ကြေးဖြူဖြင့်ပြီးသောခွက်အထူးစသည်သည် ပုဂ္ဂလိက ပရိဘောဂ အားဖြင့်မအပ်။ ပုဂ္ဂလိက ပရိဘောဂအားဖြင့် သုံးဆောင်ခဲ့သော် ဒုက္ကဋ်အာပတ်လည်းသင့်၏။ ပျောက်သော် အစားလည်းပေးအပ်၏။ ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော ရှင်းခွက်အထူးကို ပုဂ္ဂလိက ပရိဘောဂအားဖြင့် သုံးဆောင်သော် ဒုက္ကဋ်အာပတ်သင့်၏။ ကြွင်းသောနှစ်ပါးသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်သော် ဒုက္ကဋ်အာပတ်လည်း မသင့်။ ပျောက်သော် အစားလည်း မပေးရဟူလိုသည်။ ။ ကံသ လောဟာဒိဘာဇနံ သံဃဿ ဒိန္နမ္ပိ ပါရိဟာရိယံ နဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌ နိဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ။ ။ဟူ၍ ဆိုသောဝိနိစ္ဆယဋီကာဆရာ၏ အလိုတော်ဖြင့် ကံသလောဟာဒိ ဘာဇနံ- စသော နောက်စကားရပ်သည်သာ မဟာပစ္စရိတ်ဝါဒဖြစ်သည်။ကံသလောဟ ဝဋ္ဋလောဟ ဘာဇနဝိကတိ-စသော ရှေ့စကားရပ်ကားမဟာအဋ္ဌကထာဝါဒဖြစ်သည်။ ။ဒိန္နမ္ပိဟိ-ဌ် ဟိသဒ္ဒါ လည်းမလို ဟုမှတ်ရာ၏။ စကားနှစ်ရပ်လုံးပင် မဟာပစ္စရိတ် ဝါဒချည်း ဖြစ်ခဲ့သော် အရပ်တပါးသို့ မဆောင်မူ၍ အာဂန္တုက မထေရ်တို့အားပေး၍ ရဟန်းကိုယ်တိုင် သိမ်းဆည်း၍ ပြင်ဆင်သုံးဆောင်ခြင်းငှါ အပ်၏ ဟူသော ရှေ့စကားနှင့် ရဟန်းကိုယ်တိုင် သိမ်းဆည်း၍ ပြင်ဆင်သုံးဆောင်ခြင်းငှါ မအပ် ဟူသော နောက်စကားသည် ဖြောင့်ဖြောင့်ဆန့်ကျင်သကဲ့သို့ရှိရကား ဝိနိစ္ဆယဋီကာစကားသာ ယုတ္တတရဖြစ်၏။

**မဟာအဋ္ဌကထာဝါဒ၏အဓိပ္ပါယ်ကား**–သံဃိကပရိဘောဂ ဂိဟိဝိကဋ္ဌ ပရိဘောဂ ဂိဟိဝိကဋ္ဌနိဟာရ ပရိဘောဂ သုံးပါးသာအပ်၏။ ပုဂ္ဂလိကပရိဘောဂ မအပ်ဟူလိုသည်။ **မဟာပစ္စရိတ်ဝါဒ၏ အဓိပ္ပါယ်ကား**- ဂိဟိဝိကဋ္ဌပရိဘောဂ၊

ဂိဟိဝိကဋ္ဋနီဟာရပရိဘောဂနှစ်ပါးသာအပ်၏။ သံဃိက ပရိဘောဂ-ပုဂ္ဂလိကပရိဘောဂ-နှစ်ပါး မအပ်ဟူလိုသည်။ ယင်းတွင် ဝိနည်းအရာဖြစ်၍သာ ဂရုကဖြစ်သော မဟာပစ္စရိတ်ဝါဒကိုနောက်ထား၍ ဆိုတော်မူ၏။ ၎င်းမဟာပစ္စရိတ်ဝါဒကို အဋ္ဌကထာဆရာသည် သာရအားဖြင့် နှစ်သက်ရိပ်မရှိ။ ထိုစကားသင့်စွ၊ မိမိအလိုအားဖြင့် ရေးသားအပ်သော မာတိကာအဋ္ဌကထာ သဟာဓမ္မိကဝဂ်ကောဒသမသိက္ခာပုဒ်အဘွင့်၌။ ။ကံသလောဟ ဝဋ္ဋလောဟ ဘာဇနဝိကတိ သံဃိကပရိဘောဂေနဝါ ဂိဟိဝိကဋ္ဋာဝါ ဝဋ္ဋတိ။ ပုဂ္ဂလိကပရိဘောဂေ နဝဋ္ဋတိ။ ။ဟူသော မဟာအဋ္ဌကထာ ဝါဒသာ လာရှိသည်။ မဟာပစ္စရိတ်ဝါဒမလာ။ အဋ္ဌကထာဆရာသာမဟုတ်၊ ခုဒ္ဒသိက္ခာ ဝိနိစ္ဆယ လက်သန်းအဋ္ဌကထာတို့ကို ပြုစီရင်ကြကုန်သော အဋ္ဌကထာဆရာတို့သည် ၎င်းမဟာပစ္စရိတ်ဝါဒကို သာရအားဖြင့် နှစ်သက်ရိပ်မရှိ။ ။ထို့ကြောင့် ခုဒ္ဒသိက္ခာ၌။ ။ဖလိကာ ကာစကံသဇာ၊ ဂိဟိသန္တကာ သံဃိကာ ကပ္ပိယာ။ ။ဟူ၍၎င်း။ ။ဝိနယဝိနိစ္ဆယဋီကာ၌။ ။နဒေါသော သံဃိကေ အတ္ထိ၊ ဂိဟီနံ သန္တကေသုဝါ။ ။ဟူ၍၎င်း။ ။မဟာ အဋ္ဌကထာဝါဒသာလာရှိသည်။ မဟာပစ္စရိတ်ဝါဒမလာ။ ။ဖလိကာစ၊ ဖလ်စစ်ဖြင့်ပြီးသော ခွက်တို့သည်၎င်း။ ကာစကံသဇာ၊ စဥ့်ခွက် ကြေးဖြူမှဖြစ်သောခွက်တို့သည်၎င်း။ ဂိဟိသန္တကာဝါ၊ လူတို့၏ဥစ္စာဖြစ်ကုန်သော်၎င်း။ သံဃိကာဝါ၊ သံဃိကဖြစ်ကုန်သော်၎င်း။ ဝါ၊ သံဃိကပရိဘောဂ ဂိဟိဝိကဋ္ဋနီဟာရ ပရိဘောဂအားဖြင့် သုံးဆောင်ခြင်း ပုဂ္ဂလိကဖြစ်၍ သံဃိကပရိဘောဂအားဖြင့် သုံးဆောင်ခြင်းဖြင့် သုံးဆောင်ကုန်သည်ရှိသော်၎င်း။ ကပ္ပိယာ၊ အပ်ကုန်၏။ ။(ဤကား ခုဒ္ဒသိက္ခာအနက်)။ ။သံဃိကေ၊ သံဃာ၏ဥစ္စာ၏ဖြစ်သော ဖလ်ခွက်စသည်၌၎င်း။ ဂိဟီနံ၊ လူတို့၏။ သန္တကေသုဝါ၊ ဥစ္စာဖြစ်သော ဖလ်ခွက်စသည်တို့၌၎င်း။ ဒေါသော၊ အပြစ်သည်။ နအတ္ထိ။ မရှိ။ ။(ဤကား ဝိနိစ္ဆယအဋ္ဌကထာ၏အနက်)

ဤအဋ္ဌကထာတို့၌ သံဃိကဟူသည်ကို ပရိဘောဂကိုသာရည်၍ ဆိုလိုရင်းဖြစ်သည်။သံဃာသန္တကကိုရည်၍ ဆိုလိုရင်းမဟုတ်ဟု မှတ်ယူသင့်သည်။ထို့ကြောင့် ခုဒ္ဒသိက္ခာဋီကာ၌။ကံသ ကာစ ဖလိကဇာနိပန တဋ္ဋကာဒီနိ ဘာဇနာနိ ပုဂ္ဂလိကပရိဘောဂေနေဝ နဝဋ္ဋတိ။ ။သံဃိကပရိဘောဂေနဝါ ဂိဟိဝိကဋ္ဋာနိဝါ ဝဋ္ဋန္တိ။ ။ဟု မိန့်အပ်၏။ ။ကံသကာစဖလိကဇာနိ၊ ကြေးဖြူ စဥ့် ဖလ်တို့မှ ဖြစ်ကုန်သော။ တဋ္ဋကာဒီနိ၊ ခွက်ယော်အစရှိကုန်သော။ဘာဇနာနိပန၊ ခွက်တို့သည်ကား။ပုဂ္ဂလိကပရိဘောဂေနေဝ၊ ပုဂ္ဂိုလ်၏ဥစ္စာကဲ့သို့ သုံးဆောင်ခြင်းဖြင့်။ဝါ၊ပုဂ္ဂိုလ်၏ ဥစ္စာကို သုံးဆောင်ခြင်းနှင့်တူသော သုံးဆောင်ခြင်းဖြင့်သာလျှင်။ နဝဋ္ဋန္တိ၊ ကုန်။ သံဃိကပရိဘောဂေနဝါ၊ သံဃာ၏ဥစ္စာကဲ့သို့ သုံးဆောင်ခြင်းဖြင့်၎င်း။ ဝါ၊ သံဃာ၏ ဥစ္စာကို သုံးဆောင်ခြင်းနှင့်တူသော သုံးဆောင်ခြင်းဖြင့်၎င်း။ ဂိဟိ

(ပြည်ကြီးမဏ္ဍိုင်)

ဝိကဋ္ဌာနိဝါ၊ လူတို့သည် ထည့်၍ပေးအပ်ကုန်သော်ငင်း၊ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ ။ (ဤကားအနက်)။ ။ထိုစကားသင့်စွ၊ သုံးသပ်ခြင်းငှါမအပ်သော တူရိယာမျိုးကဲ့သို့ ဘဏ္ဍာတိုးအကျိုးငှါ ခံသင့်သည်ကို ထောက်၍ ပုဂ္ဂလိက ဖြစ်သော်သည်း သံဃိက ပရိဘောဂ အဖြစ်ဖြင့် သုံးဆောင်ခြင်းငှါ အပ်၏ဟု မှတ်ယူသင့်သည်။ သံဃိကလည်းဖြစ်စေ၊ သံဃိက ပရိဘောဂလည်းဖြစ်စေ၊ အင်္ဂါ နှစ်ပါးညီညွတ်မှ သုံးဆောင် အပ်သည်ဟု မမှတ်ယူသင့်၊ ဝိနယဓရဖြစ်တော်မူကြသော ရှေးဆရာကြီးတို့သည် မဟာအဋ္ဌကထာဝါဒသို့လိုက်၍ သံဃိကပရိဘောဂ ဂိဟိဝိကဋ ပရိဘောဂအားဖြင့် သုံးဆောင်ကြသည်ကို တွေ့မြင်ကြားသိရသည်။ ထို့ကြောင့် အဋ္ဌကထာ ဆရာတို့သည် သာရအားဖြင့် နှစ်သက် ဆုံးဖြတ်အပ်သော မဟာအဋ္ဌကထာ ဝါဒသည်သာ ပမာဏဖြစ်သည်။ ငင်းကြေးခွက်အထူးသည် မဟာအဋ္ဌကထာ လာတိုင်း သံဃိက ပရိဘောဂ ဂိဟိဝိကဋ ပရိဘောဂ အားဖြင့် သုံးဆောင်ခြင်းငှါအပ်သည်ဟု နိသံသယမှတ်ယူသင့်သည်။ ဖလ်ခွက်, စဉ့်ခွက်, သလွဲခွက် အထူးသည်လည်း ကြေးခွက် အထူးကဲ့သို့ သံဃိကပရိဘောဂ ဂိဟိ ဝိကဋ ပရိဘောဂ နှစ်ပါး အပ်၏။ ပုဂ္ဂလိက ပရိဘောဂ မအပ်ဟု မှတ်ရာ၏။

ကြေးဖြူစသည်ဖြင့် ပြီးသောခွက်, ဖလ်ခွက်, စဉ့်ခွက် သလွဲခွက်တို့ကို ခံပုံ သုံးဆောင်ပုံကို လျှောက်ထားအပ်သည်ဖြစ်၍၊ ထိုထိုကျမ်းဂန် တို့နှင့် အညီ စီရင်ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ကားပြီး၏။

---

(၂) သစ်သားခွက်, နှီးခွက် တို့၌ စားခြင်းငှါ မအပ် ဟူရာ၌ မည်သည့် ဝတ္ထုကို စားခြင်းငှါမအပ်ပါသနည်း၊ ဝိနိစ္ဆယကို သိလို ပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ခုဒ္ဒက ဝတ္ထု ခန္ဓက ပါဠိတော်၌ ပကတိ အာဟာရဖြစ်သော ဆွမ်း-ဆွမ်းဟင်းစသော ဘောဇဉ် ခဲဖွယ်တို့ကို ခံသောအရာ စားသောအရာ၌သာ။ ။ နစ ဘိက္ခဝေ ဒါရုမယော ပတ္တော ဓာရေတဗ္ဗော၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဒါရုမယော၊ သစ်သားဖြင့်ပြီးသော၊ ပတ္တော၊ သပိတ်ကို။ နစ ဓာရေတဗ္ဗော၊ ဆောင်လည်း မဆောင်အပ်။ ယောဘိက္ခု၊ သည်။ ဓာရေယျ၊ ဆောင်ငြားအံ့။ အဿ ဘိက္ခုနော, ထို ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ ဤသို့သစ်ဝါးဖြင့် ပြီးသော သပိတ်မအပ်ကြောင်း။ ။အနုဇာနာမိ ဘိက္ခဝေ ဒွေပတ္တေ အယောပတ္တံ မတ္တိကပတ္တံ။ ။ဘိက္ခဝေ၊ တို့။ အယောပတ္တံ၊ သံသပိတ် ငင်း။ မတ္တိကပတ္တံ၊ မြေသပိတ်ငင်း၊ ဣတိ၊ ဤသို့။ ဒွေပတ္တေ၊ နှစ်လုံးသော သပိတ်

တို့ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။ဤသို့ သံသပိတ်, မြေသပိတ် အပ်ကြောင်း။ ။ရင်းအဋ္ဌကထာ၌လည်း ပကတိ အာဟာရ ဖြစ်သော ဆွမ်း-ဆွမ်းဟင်းစသော ဘောဇဉ်ခဲဘွယ်ကို ခံသောအရာ စားသော အရာ၌သာ။ ။ နဘိက္ခဝေ သုဝဏ္ဏမယော ပတ္တောတိ အာဒီသု သစေ ဂိဟီ ဘတ္တဂ္ဂေ သုဝဏ္ဏတဋ္ဋိကာဒီသု ဗျဉ္ဇနံ ကတွာ ဥပနာမေန္တိ။ တံ အာမသိတုမ္ပိ နဝဋ္ဋတိ။ ဖလိကမယကာစမယ ကံသမယာနိ ပန တဋ္ဋိကာဒီနိ ဘာဇနာနိ ပုဂ္ဂလိကာ ပရိဘောဂေန နဝဋ္ဋန္တိ။ သံဃိက ပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဋာဝ ဝါ ဝဋ္ဋတိ။ တမ္ဗလောဟမယော ပတ္တော နဝဋ္ဋတိ။ ထာလကံ ပန ဝဋ္ဋတိ။ ။နဘိက္ခဝေ သုဝဏ္ဏမယောတိအာဒီသု၊ နဘိက္ခဝေ သုဝဏ္ဏမယော-စသည်တို့၌။ ဂိဟီ၊ လူတို့သည်။ ဘတ္တဂ္ဂေ၊ ဆွမ်းစားစရပ်၌။ သုဝဏ္ဏတဋ္ဋိကာဒီသု၊ ရွှေခွက်စသည် တို့၌။ ဗျဉ္ဇနံ၊ အမဲဟင်းကို။ ကတွာ၊ ထည့်သည်ကို ပြု၍။ သစေ ဥပနာမေန္တိ၊ အကယ်၍ ကပ်ကုန်သည် ဖြစ်အံ့။ တံဘာဇနံ၊ ထိုခွက်ကို။ အာမသိတုံ၊ သုံးသပ်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ပန၊ အပ်သည်ကို ဆိုဦးအံ့။ ဖလိကမယ ကာစမယ ကံသမယာနိ၊ ဖလ် စဥ့် သလွဲဖြင့် ပြီးကုန်သော။ တဋ္ဋိကာဒီနိ၊ ခွက်ငယ်အစ ရှိကုန်သော။ ဘာဇနာနိ၊ ခွက်တို့သည်။ ပုဂ္ဂလိက ပရိဘောဂေန၊ ဖြင့်။ နဝဋ္ဋန္တိ၊ ကုန်။ သံဃိက ပရိဘောဂေန ဝါ၊ ဖြင့် ရင်း။ ဂိဟိဝိကဋ္ဋာဝ ဝါ၊ တို့သည်ရင်း။ ဝဋ္ဋန္တိ၊ ကုန်၏။ တမ္ဗလောဟမယော၊ ကြေးနီဖြင့် ပြီးသော။ ပတ္တော၊ သပိတ်သည်။ နဝဋ္ဋတိ၊ မအပ်။ ထာလကံပန ခွက်သည် ကား။ ဝဋ္ဋတိ၊ အပ်၏။

ဤသို့ ရွှေခွက်, ငွေခွက် မအပ်ကြောင်း၊ ဖလ်ခွက် စသည် အပ်ကြောင်းလာသောကြောင့် သစ်သားခွက်, နှီးခွက်, ဖလ်ခွက်တို့၌ ပကတိ အာဟာရ ဖြစ်သော ဘောဇဉ် ခဲဘွယ် တို့ကိုသာ စားခြင်းငှါ မအပ်။ မွတ်သိတ် ဆာလောင်ခြင်းဟူသောအကြောင်း၊ အနာဟူသော အကြောင်း ရှိသော်သာ စားသောက်အပ်သော ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက ဝတ္ထုကိုကား အကြောင်းရှိသော် ဖလ်ခွက်၌သော်လည်း ထည့်၍ သုံးဆောင်ခြင်းငှါအပ်၏။ ထိုစကားသင့်စွ၊ ဝိသုဒ္ဓိမဂ်၌ ပိပါသအကြောင်းရှိသော် ရေကို ဂိလာနပစ္စဝေက္ခဏာဖြင့် သုံးဆောင်အပ်၏ဟု လာသောကြောင့် ဂိလာနပစ္စဝေက္ခဏာဖြင့် သုံးဆောင်အပ်သောရေကို ခပ်သိမ်းသော ခွက်တို့ဖြင့် သောက်အပ်သကဲ့သို့၊ ဂိလာနပစ္စဝေက္ခဏာဖြင့် ့ သုံးဆောင်အပ်သည်ဖြစ်၍ ရေနှင့် အလားတူသော ကာလိက သုံးပါးတို့ကိုလည်း အမှတ် မရှိသော သုံးသပ်ကောင်းသောခွက် တို့ဖြင့် သုံးဆောင်ခြင်းငှါအပ်၏ဟု မှတ်ယူသင့်သည်။ ဤ၌ယာဝကာလိကဖြစ်သော ခဲဘွယ်ဘောဇဉ်ကိုလည်း ကပ္ပိယဖြစ်သော-သံ,ကြေးတို့ဖြင့်ပြီးသောခွက် မရှိခဲ့သော် ဗူးအုံ-အိုးအုံတို့၌ ထည့်၍ အခိုက်အာဟာနံ့စားခြင်းငှါလည်းအပ်၏။ ။

တုမ္ဗကဋ္ဌာဟတ္တိ လာဗုကဋ္ဌာဟံ ဝုစ္စတိ။တံပရိဟရိတုံ နဝဋ္ဋတိ။ လဘိတ္ဝာ ပန တာဝ ကာလိကံ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ။ ဃဋိကဋ္ဌာဟေပိ ဧသေဝနယော။ ။(ခုဒ္ဒကဝတ္ထု အဋ္ဌကထာ)။ ။လာဗုကဋ္ဌာဟံ၊ ဗူးအိုးကို။တုမ္ဗကဋ္ဌာဟန္တိ၊ တုမ္ဗကဋ္ဌာဟံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထိုဗူးအိုးကို။ ပရိဟရိတုံ၊ ဆောင်ခြင်းငှါ။ နဝဋ္ဋတိ၊မအပ်။ ပန၊ ယင်းသို့ပင်ဆောင်ခြင်းငှါမအပ်သော်လည်း။ လဘိတ္ဝာ၊ ရသည်ရှိသော်။ တာဝကာလိကံ၊ အခိုက်အတန့်။ ပရိဘုဥ္ဇိတုံ။ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ ဃဋိကဋ္ဌာဟေပိ၊ အိုးအုံ၌လည်း။ ဧသေဝနယော၊ဤနည်းသာလျှင် နည်းရှိ၏။ (ဤကား အနက်)

ဤ၌ ဖလ်ခွက်စသည်တို့သည်လည်း ဗူးအုံနှင့် အလားတူ အခိုက်အတန့်အပ်၏။ အာဟာရတ္ထသည် ပကတိအာဟာရတ္ထ၊ သခေ်ပအာဟာရတ္ထ ဟူ၍ နှစ်ပါး ရှိ၏။ ထိုနှစ်ပါးတို့တွင် အနာဟူသောအကြောင်းမရှိဘဲ နေလွဲအခါ၌ ဆားကို လျက်ခြင်းစသည်သည် သခေ်ပ အာဟာရတ္ထမည်၏။ ထိုစကားသင့်စွ၊ ၎င်းဆား ကို လျက်ခြင်းကို အနာဟူသော အကြောင်းမရှိရကား အာဟာရတ္ထ၌သွင်း၍ သာ အာဟာရအကျိုးငှါလျက်၏ဟု ဆိုအပ်၏။ စင်စစ်အာဟာရကိစ္စကို ပြီးစေ သောကြောင့် ဆိုသည်မဟုတ်။အကြောင်းမရှိဘဲ နေလွဲအခါ ထန်းလျက်စသည် ကို ဘောဇဉ်ခဲဘွယ်ကဲ့သို့ စားခြင်းသည် ပကတိအာဟာရတ္ထ စားခြင်း မည်၏။ ထိုတွင် သခေ်ပ အာဟာရအကျိုးငှါ ဆားကိုလျက်ခြင်းသည် ခပ်သိမ်း သော ခွက်တို့၌ အပ်သကဲ့သို့ ထို့အတူ၊ ပကတိ အာဟာရကို မပြီးစေနိုင်သော အကြောင်းမဲ့ စားအပ်သည်ဖြစ်၍ အာဟာရတ္ထ၌ ရေတွက်အပ်သော ကွမ်း စသော ဝတ္ထုကိုလည်း သုံးသပ်ခြင်းငှါထိုက်သော ခပ်သိမ်းသော ခွက်တို့၌ ထည့်၍ စားခြင်းငှါအပ်၏။ ထိုသို့မဟုတ် ခဲဘွယ်ဘောဇဉ်ကဲ့သို့ ပကတိအာဟာရ အကျိုးငှါ ထန်းလျက်စသည်ကို စားသော် ခဲဘွယ်ဘောဇဉ်အရာ၌ ထား၍ စားခြင်းကြောင့် ကပ္ပိယဖြစ်သော ခွက်သုံးပါးတို့၌သာ စားခြင်းငှါအပ်၏။ သစ်သားခွက်,နှီးခွက်စသည်တို့၌ စားခြင်းငှါမအပ်။ထို့ကြောင့် ယာဝကာလိက ဖြစ်သော ဝတ္ထု၊ ပကတိအာဟာရအကျိုးငှါ စားအပ်သော သတ္တာဟကာလိက စသော ဝတ္ထုတို့ကို နှီးခွက်, သစ်သားခွက်, အုန်းခွက် စသည်တို့၌ထည့်၍စားခြင်း ငှါ မအပ်ဟုမှတ်ရာ၏။နှီး, သစ်သား,အုန်းတို့ဖြင့်ပြီးသော လက်ဘက်အုပ် စသည် တို့၌ စားခြင်းမှရှောင်ကြဉ်ရာ၏။

ထည့်၍စားရာခွက် အဆုံးအဖြတ်ပြီး၏။

---

(၃) တခွက်ထည်းတွင် စားသည်ဟူရာ၌ ဘယ်သို့ စားခြင်းသည် တခွက်ထည်း၌ စားခြင်းဖြစ်သည် မဖြစ်သည်၊ တခွက်တွင် သောက်

သည်ဟူရာ၌၊ ဘယ်သို့သောက်ခြင်းသည် တခွက်ထည်း၌ သောက်ခြင်း ဖြစ်သည် မဖြစ်သည်ကို သိလိုပါသည်လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

တခွက်ထည်း၌ ရဟန်းနှစ်ပါး လူတို့ကဲ့သို့ ခွက်မှယူလတ်၍ ပါးစပ်သို့သွင်း၍ သွင်း၍စားခြင်းသည် တခွက်ထည်း၌ စားခြင်းမည်၏။ ဤကဲ့သို့ စားခြင်းငှါ မအပ်။ တယောက်သောရဟန်းသည် သစ်သီးကိုဖြစ်စေ၊ မုံ့ကိုဖြစ်စေ၊ ကောက်ညှင်း ကိုဖြစ်စေ ခွက်မှများစွာယူ၍ လက်တဘက်၌ထား၍ တခြားအတင်ယ် အတင်ယ် ဖွဲ့၍စား၏။ ရဟန်းတပါးသည် အမြဲခွက်မှယူလတ်၍ ပါးစပ်သို့သွင်း၍စား၏။ လက်၌ထားအပ်သောဝတ္ထုကုန်မှ ရှေးအတူ တယောက်သော ရဟန်းစားဆဲ ခဏ၌ပင်လျှင် ခွက်မှများစွာယူ၍ လက်တဘက်၌ထား၍ စားမြဲ ရှေးအတူပင် စား၏။ ဤသို့စားသော် တခွက်ထည်းဖြစ်သော်လည်း အသီးအသီး စား ခြင်းမည်သောကြောင့်အပ်၏။ ။ထို့ကြောင့် ခုဒ္ဒကဝတ္ထုခန္ဓကအဋ္ဌကထာ၌။ ။ ကေ ဘာဇနေတိတ္ထေ သစေ ကော ဘိက္ခု ဘာဇနတော ဖလံဝါ ပုဝံဝါ ဂဟေတွာ ဂစ္ဆတိ။ တဿ အပဂတေ ဣတရဿ သေသကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဣတရဿပိ တဿ ခဏေ ပုန ဂဟေတုံ ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။ ။ကေဘာဇနေတိ တ္ထေ၊ ကေဘာဇနေ-ဟူသောပါဠ်၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ ဝုတ္တမာန နယေန၊ ဤသို့ဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧကော၊ တပါးသော။ ဘိက္ခု၊သည်။ ဘာဇနတော၊ ခွက်မှ။ ဖလံဝါ၊ သစ်သီး ကိုဖြစ်စေ။ ပုဝံဝါ၊ မုံ့ကိုဖြစ်စေ။ ဂဟေတွာ၊ ယူ၍။ ဂစ္ဆတိ၊ ဘဲသွား၏။ တဿ၊ ထိုရဟန်းသည်။ အပဂတေ၊ ဘဲသွားသည်ရှိသော်။ ဣတရဿ၊ တပါးသော ရဟန်းအား။ သေသကံ၊ ယူပြီးသည်မှကြွင်းကျန်သော မုံ့သစ်သီးကို။ ဘုဉ္ဇိတုံ၊ စားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ တဿ ခဏေ၊ ထိုရဟန်းစားဆဲဖြစ်သော ခဏ၌။ ဣတရဿပိ၊မုံ့သစ်သီးကိုယူ၍ ဘဲသွားသော ရဟန်းအားလည်း။ ပုန၊ တဘန်။ ဂဟေတုံ၊ထိုစားဆဲသော ရဟန်း၏ ခွက်၌ နှိုက်၍ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။ (ဤကား အနက်)

ဤ၌ တဿ အပဂတေ-ဟူသော်လည်း ခွက်မှများစွာယူ၍ လက်တဘက်၌ ထား၍တခြားစားခြင်းသာပမာဏဖြစ်သည်။အရပ်တပါးသို့ဘဲသွားခြင်းပမာဏ မဟုတ်ဟု မှတ်ရာ၏။ ထိုစကားသင့်စွ၊ ဘဲ၍သွားခြင်းကြောင့် တခြား စားခြင်း မည်သည်မဟုတ်၊ လက်၌ထား၍ တပါးတည်း အတင်ယ် အတင်ယ် စားခြင်း ကြောင့်သာ တခြားစားခြင်းမည်၏။ အချို့ကား ဘဲသွားမှတခြားစားခြင်းမည် သောဟူ၏။ အလျဉ်းပင်မသင့်ဟု မှတ်ရာ၏။ အချို့ကား တခွက်တည်း၌တပြိုင် နက် မနှိုက်ထည့်မူ၍ တလှည့်စီ တလှည့်စီနှိုက်၍စားသော် တခြားစားခြင်းမည်၏-

ဟု ဆိုကုန်၏။ အဋ္ဌကထာနှင့်မညီ။ ထို့ကြောင့်တခွက်ထည်း၌ တပါးအမြဲစားလျှင် ကြွင်းသောရဟန်းတို့သည် ခဲဘွယ်ဘောဇဉ် ဟူသမျှကိုပင် ခွက်မှများစွာယူ၍ လက်တဘက်၌ထား၍ တပါးစီ တပါးစီ အဘံငယ် အတံငယ်စားရာ၏။ ။ တခွက်ထည်း၌ ရဟန်းနှစ်ပါး လူတို့ကဲ့သို့ ဇွန်းဖြင့်ယူလတ်၍ ပါးစပ်သို့လောင်း၍လောင်း၍ သောက်ခြင်းသည် တခွက်ထည်း၌ သောက်ခြင်း မည်၏။ ဤကဲ့သို့ သောက်ခြင်းငှါ မအပ်။ ရဟန်းတပါးသည် ပန်းခံငယ်ဖြင့် ခွက်မှများစွာယူ၍ အတံငယ် အတံငယ်သောက်၏။ တပါးသော ရဟန်းသည် အမြဲဇွန်းဖြင့်ယူလတ်၍ ပါးစပ်သို့ လောင်း၍လောင်း၍ သောက်၏။ ပန်းခံ၌ကုန်မှ ရှေးအတူ ရဟန်းတပါးသောက်ဆဲခဏ၌ ပန်းခံငယ်ဖြင့်များစွာယူ၍ အတံငယ် အတံငယ်သောက်၏။ ဤသို့သောက်သော် တခွက်ထည်းဖြစ်သော်လည်း အသီးအသီးသောက်ခြင်းမည်၏။ ။အထောက်မှာ ရှေးအဋ္ဌကထာကိုပင် ထောက်၍သိရာ၏။ ။ဤကဲ့သို့သောက်ခြင်းသာ အပ်ခဲ့သော် ယခုကာလ ဆွမ်းစားသောအခါ၌ များစွာသောရဟန်းတို့သည် တခုဘည်းသော ဟင်းခွက်မှ ဇွန်းဖြင့်ယူလတ်၍ ပါးစပ်သို့ လောင်း၍ လောင်း၍သောက်ခြင်းသည် မအပ်ဟူငြားအံ့၊ အသီးအသီးသော ပဓာနဖြစ်သော ဆွမ်းခွက်၌ တခြားစီ စားခြင်းကြောင့် အပ္ပဓာန ဖြစ်သော ဟင်းခွက်ကို ထောက်ထား၍ယုံမှားသက်ဘွယ်မရှိ။ ဥပမာကား တရုပ်လူမျိုးကဲ့သို့ ဒုတ်တံဖြင့်ရင်း၊ ဇွန်းဖြင့်ရင်း သက်သက်လက်နှင့်မထိဘဲ ခွက်ထည်းကယူ၍ စားခြင်းငှါသာ ရဟန်းတို့အားမအပ်။ လက်ဖြင့်မယူစကောင်းသော ဟင်းရည်ကို ဇွန်းဖြင့်ယူရာ အကြား၌ချပ်၍ချပ်၍ အပ္ပဓာနဖြစ်သော ဟင်းဖတ်ကိုလည်း ဇွန်းဖြင့်ယူ၍ စားခြင်းငှါ အပ်သကဲ့သို့တည်း။ ထို့ကြောင့် ပိဋကတ္တယာဆောင်ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးတို့သည်လည်း ဤနည်းကိုဆောင်ကြကုန်သည်ဟူ၍ ငါတို့ကြံမိ၏။ စာတိုက်ရိုက်မရှိရကား စဉ်းစားဆင်ခြင်၍ယူရာ၏။

တခွက်ထည်း၌ စားခြင်းကိုပြခြင်း ဝိနိစ္ဆယပြီး၏။

---

(၄) ရဟန်းတို့သည် ခံအပ်သော ရွှေငွေဖြင့် ဝယ်အပ်သော သက်နှီးစသော ကပ္ပိယဝတ္ထုသည် လူတို့ထံသို့ ရောက်၍ လူတို့သည် ရဟန်းတို့အား လှူအပ်သည်ရှိသော် အပ်မအပ်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့သိမှတ်ရာ၏။

မခံအပ် မကိုင်အပ်သောဝတ္ထု၊ မခံအပ်သည်ဖြစ်၍ ကိုင်အပ်သောဝတ္ထု၊ ခံအပ်သည်ဖြစ်၍ မကိုင်အပ်သောဝတ္ထု၊ ခံအပ် ကိုင်အပ်သောဝတ္ထု ၄-ပါးတို့ကို ရှေးဦးစွာသိရာ၏။ ထိုတွင် ဇာတရူပသိက္ခာပုဒ် အဋ္ဌကထာ၌လာသော ပကတိငွေဟူသော ရဇတ၊ ပကတိရွှေ ဟူသော ဇာတရူပ၊ အရုပ်ထင်သော ရွှေဟူသော

ဇာတရူပ မာသက၊ အရုပ်ထင်သောငွေ၊ ငွေအမှတ်ဖြင့် သုံးစွဲအပ်သော အရုပ်ထင်မထင်သော ကြေးစသောဝတ္ထုဟူသော ဇာတရူပ မာသက၊ ဤလေးပါးသော နိဿဂ္ဂိယဝတ္ထု၊ ပလဲ ပတ္တမြား ဝါးမှည့်အဆင်း ရှိသော ကျောက်မျက်ရွဲ၊ ရွှေရေးခရုသင်း၊ ရွှေရောင်ရှိချက်အပ်သော ကျောက်သလင်း၊ သန္တာ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်၊ စပါးခုနစ်ပါး၊ ကျွန်မိန်းမ၊ တိရစ္ဆာန်မ-ဟူသော ဒုက္ကဋ်ဝတ္ထု၊ ၎င်းဝတ္ထုတို့သည် မခံအပ် မကိုင်အပ်သော ဝတ္ထုမည်ကုန်၏။ ၎င်းအဌကထာ၌ ၎င်း၊ ရာဇသိက္ခာပုဒ်အဌကထာ၌၎င်းလာသော ကျွန်ယောကျ်ား၊ တဘက်ဆည်ကန်၊ လေးထောင့်ကန်၊ ရေမြောင်းကြီး၊ ရေမြောင်းငယ်၊ လယ်-ယာ-အာရာမ်၊ အထီးဖြစ်သော နွား-ကျွဲ-ဆင်-မြင်း စသော တိရစ္ဆာန်၊ အသားစိမ်း ဤဝတ္ထုတို့သည် မခံအပ်သည်ဖြစ်၍ ကိုင်အပ်သော ဝတ္ထုမည်ကုန်၏။ ။ကာယသံသဂ္ဂသိက္ခာပုဒ် အဌကထာ၌ လာသော စည်-စောင်းစသော အလုံးစုံသော တူရိယာဘဏ္ဍာ၊ မားလုံစသော လက်နက်ဘဏ္ဍာ၊ မိန်းမတို့သည် ချွတ်၍ထားအပ်သော အဝတ်စသော ဘဏ္ဍာ၊ မိန်းမရုပ်၊ ပါရာဇိကလောက်သော တိရစ္ဆာန်မရုပ်၊ အပင်၌ရှိသော ပဲကြီး ပဲလွန်း စသော အလုံးစုံသော ဟင်းရွက် ဟင်းသီး၊ လူတို့ ခူးဆွတ်၍ထားအပ်သော အလုံးစုံသော ဟင်းရွက် ဟင်းသီး ၎င်းဝတ္ထုတို့သည် ခံအပ်သည်ဖြစ်၍ မကိုင်အပ်သော ဝတ္ထုတို့ မည်ကုန်၏။ ။ချည်ပုဆိုးစသော ကပ္ပိယဘဏ္ဍာသည် ခံအပ် ကိုင်အပ်သော ဝတ္ထုမည်၏။

ထိုတွင် ငွေအမှတ်ဖြင့် သုံးစွဲအပ်သော ပိုက်ဆံ, ခဲ-ယုတ်သော အပိုင်းအခြားအားဖြင့် မန်ကျည်းစေ့ သည်လည်း မအပ်၊ မအပ်ကြောင်းကို။ ။ယေဝေါဟာရံ ဂစ္ဆန္တီတိ ဣမိနာပန ပဒေန ယောယော ယတ္ထယတ္ထ ဇနပဒေ ယဒါ ယဒါ ဝေါဟာရံ ဂစ္ဆတိ။ အန္တမသော အဋ္ဌိမယောပိ စမ္မမယောပိ ရုက္ခဖလဗီဇမယောပိ သမုဋ္ဌာပိတရူပေါပိ အသမုဋ္ဌာပိတရူပေါပိ သဗ္ဗော သင်္ဂဟိတော။ ။ ဟူသော ရူပိယ သိက္ခာပုဒ် အဘွင့် အဌကထာကို ထောက်၍ သိရာ၏။ ။ပန္န၊ အဘိုတပါးကို ဆိုဦးအံ့။ ယေဝေါဟာရံ ဂစ္ဆန္တီတိ ဣမိနာ ပဒေန၊ ဂစ္ဆန္တိ -ဟူသော ဤပါဌ်ဖြင့်။ ယောယော မာသကော၊ အကြင်အကြင် မာသကသည်။ ယတ္ထယတ္ထဇနပဒေ၊ အကြင်အကြင် ဇနပုဒ်၌။ ဝေါဟာရံ၊ ရောင်းခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ အန္တမသော၊ ယုတ်သော အပိုင်း အခြားအားဖြင့်။ အဋ္ဌိမယောပိ၊ အရိုးဖြင့် ပြီးသည်လည်းဖြစ်သော။ စမ္မမယောပိ၊ အရေဖြင့် ပြီးသည်လည်းဖြစ်သော။ ရုက္ခဖလဗီဇ မယောပိ၊ သစ်စေ့ဖြင့် ပြီးသည်လည်းဖြစ်သော။ သမုဋ္ဌာပိတ ရူပေါပိ၊ ထင်စေအပ်သော အရုပ်ရှိသည်လည်း ဖြစ်သော။ အသမုဋ္ဌာပိတရူပေါပိ၊ မထင်စေအပ်သော အရုပ်ရှိသည်လည်း ဖြစ်သော။ သဗ္ဗော၊ အလုံးစုံသော မာသကကို။ သင်္ဂဟိတော၊ သင်္ဂြိုဟ်အပ်၏။ ။ (ဤကား

အနက်)။ ။ရွှေ,ငွေစသော နိဿဂ္ဂိယ ဝတ္ထုကို ခပ်သိမ်းသော သူတို့ အလို့ ငှါ ခံသော် ဒုက္ကဋ် အာပတ်သင့်၏။ လူတို့၏ ဥစ္စာကို ယုတ်သော အပိုင်းအခြားအားဖြင့် မိဘတို့၏သော်သည်း အလုံးစုံသော ကပ္ပိယ - အကပ္ပိယ ဘဏ္ဍာကို ဘဏ္ဍာစိုးကဲ့သို့ သိမ်းဆည်း၍ ထားသော် အသက် ရဘန် သိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်သင့်၏။ ။(ရှင်းအဋ္ဌကထာ)။ ။ထို့ကြောင့် ကပ္ပိယ အကပ္ပိယ ဘဏ္ဍာကိုလူအံ့၊ အဆိပ်ကဲ့သို့ မှတ်၍ မအပ်ဟု ပယ်ရာ၏။ ဒါယကာတို့က မပေးဘဲ ဝေယျာဝစ္စကို ပြုသောသူရှိ၏ စသည်ဖြင့် မပြောအပ်။ ပယ်သော အခါ ဝေယျာဝစ္စကို ပြုသော သူရှိပါသလော-ဟု မေးသော်သာ ဤသူသည် ဝေယျာဝစ္စကိုပြုသော သူတည်း-ဟု ပြောကြားအပ်၏။ ဤသူအား ပေးလော-စသည်ဖြင့် မဆိုအပ်။ ထိုသူထံ၌ အကပ္ပိယ ဘဏ္ဍာကို အပ်၍ အလို ရှိသော ပစ္စည်းကို တောင်းပါလော-ဟုဆိုသော် ဤပစ္စည်းဖြင့် ငါ့အားလို၏-ဟု တောင်းရာ၏။ ဤပစ္စည်းဖြင့် ပေးလောဟု တောင်းခြင်းငှါမအပ်။ ။ထို့ကြောင့်ရာဇ သိက္ခာပုဒ်၌။ ။နဝတ္တဗ္ဗော ဒေဟိ မေ စိဝရံ။ စသည်ကို ဟောတော်မူအပ်၏။ ။ မေ၊ ငါ့အား။ စိဝရံ၊ ကို။ ဒေဟိ၊ ပေးလော။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗော၊ မဆိုအပ်။ ။ထိုကပ္ပိယ ကာရကသည် သိမ်းဆည်း၍ ထားအံ့၊ လုံခြုံရာ အရပ်ကိုပြပါလော-ဟု ဆိုသော် လုံခြုံရာ အရပ်ကိုပြ၍ ရှင်းထားအပ်သော ပစ္စည်းကို သော့ခပ်ခြင်းစသည်ဖြင့် စောင့်ရှောက်၍နေရာ၏။ ဤ၌ထားလော-ဟု ဆိုခြင်းငှါလည်း၊ လုံခြုံရာ အရပ်ကိုပြပါလော-ဟု မဆိုသော် ပြခြင်းငှါလည်း မအပ်။ ထို့ကြောင့် အဋ္ဌကထာ၌။ ။သော စေဝဒတိ ဂေါပယိဿာမိ ဘန္တေ ဂုတ္တဋ္ဌာနံ ဒဿေထာတိ၊ သတ္တဘူမိကမ္ပိ ပါသာဒံ အဘိရူဟိတွာ၊ ဣဒံ ဂုတ္တဋ္ဌာနန္တိ အာစိက္ခိတဗ္ဗံ၊ ဣဓ နိက္ခိပါဟီတိ နဝတ္တဗ္ဗံ၊ ဒွါရံ ပိဒဟိတွာ ရက္ခန္တေန ဝသိတဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။သော၊ ထိုဒါယကာသည်။ ဘန္တေ၊ အရှင်ဘုရား။ ဂေါပယိဿာမိ၊ လုံခြုံစေအံ့။ ဂုတ္တဋ္ဌာနံ၊ လုံခြုံရာ အရပ်ကို။ ဒဿေထ၊ ပြတော်မူပါ ကုန်လော။ ဣတိ၊ ဤသို့။ သစေ ဝဒတိ၊ အကယ်၍ဆိုအံ့။ ဧဝံသတိ၊ ဤသို့ဆိုသည် ရှိသော်။ သတ္တဘူမိကမ္ပိ၊ ဘုံခုနစ်ဆင့်ရှိသည်လည်း ဖြစ်သော။ ပါသာဒံ၊ ပြာသာဒ်သို့။ အဘိရူဟိတွာ၊ တက်၍။ ဣဒံဌာနံ ဤအရပ်သည်။ ဂုတ္တဋ္ဌာနံ၊ လုံခြုံရာ အရပ်တည်း။ ဣတိ၊ ဤသို့။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ ဣဓ၊ ဤအရပ်၌။ နိက္ခိပါဟိ၊ ထားလော။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗံ၊ မဆိုအပ်။ ဒွါရံ၊ တံခါးကို။ ပိဒဟိတွာ၊ ပိတ်၍။ ရက္ခန္တေန၊ စောင့်ရှောက် သဖြင့်။ ဝသိတဗ္ဗံ၊ နေအပ်၏။ ။(ဤကား အနက်)

ရွှေ ငွေဖြင့်ပြီးသော အုပ်စသော ကျောင်းအသုံး အဆောင်ဖြစ်အံ့၊ ခံခြင်း သုံးသပ်ခြင်းငှါ အပ်၏။ ထို့ကြောင့် ကာယသံသဂ္ဂသိက္ခာပုဒ်အဋ္ဌကထာ၌။ ။

သေနာသန ပရိဘောဂေ ပန သဗ္ဗ ကပ္ပိယော၊ တသ္မာ ဇာတရူပ ရဇတ မယာ သဗ္ဗေပိ သေနာသန ပရိက္ခာရာ အာမာသာ၊ ဘိက္ခုနံ ဓမ္မဝိနယ ဝဏ္ဏနဋ္ဌာနေ ရတနမဏ္ဍပေ ကရောန္တိ ဖလိက ထမ္ဘေ ရတနဒါမ ပဋိမဏ္ဍိတေ၊ တတ္ထ သဗ္ဗူပ ကရဏာနိ ဘိက္ခုနံ ပဋိဇဂ္ဂိတုံ ဝဋ္ဋတိ။ ။ဟုမိန့်အပ်၏။ ။ပန၊ ဆက်၍ ဆိုဦးအံ့။ သေနာသန ပရိဘောဂေ၊ ကျောင်းအသုံးအဆောင်သည်။ သဗ္ဗကပ္ပိယော၊ အလုံးစုံအပ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ထို့ကြောင့်။ ဇာတရူပရဇတမယာ၊ ရွှေ-ငွေဖြင့် ပြီးကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သေနာသနပရိက္ခာရာ၊ ကျောင်း၏ အသုံးအဆောင်ဖြစ်သော ပရိက္ခရာတို့သည်။ အာမာသာ၊ သုံးသပ်ခြင်းငှါထိုက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘိက္ခုနံ၊ တို့၏။ ဓမ္မဝိနယဝဏ္ဏနဋ္ဌာနေ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကိုဘွင့်ရာအရပ်၌။ ဝါ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို ရွတ်ဆိုဟောပြောရာ အရပ်၌။ ဝါ၊ သုတ်-အဘိဓမ္မာ-ဝိနည်းကို သံဂါယနာတင်ရာ အရပ်၌။ ဖလိကထမ္ဘေ၊ စိုက်အပ်သော ဖလ်သည် တိုင်ရှိကုန်ထသော။ ရတနဒါမပဋိမဏ္ဍိတေ၊ ရတနာဖြင့်ပြီးသော ပန်းကုံးတို့ဖြင့် တန်းဆာဆင်အပ်ကုန်ထသော။ရတနမဏ္ဍပေ၊ရတနာမဏ္ဍပ်တို့ကို။ကရောန္တိ၊ ပြုကြကုန်အံ့။ တတ္ထ၊ ထိုမဏ္ဍပ်၌။ သဗ္ဗူပကရဏာနိ၊ အလုံးစုံသော အဆောက် အဦတို့ကို။ ဘိက္ခုနံ၊ တို့အား။ ပဋိဇဂ္ဂိတုံ၊ သုတ်သင်ပြင်ဆင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။။(ဤကားအနက်)။ ။[အလှူခံပုံကို ရေစက်ချ အဆုံးအဖြတ်၌ ပြအပ်လတ္တံ့သည် အတိုင်းမှတ်ရာ၏]။ ။ဘုရားအသုံးအဆောင်ဖြစ်အံ့၊ သုံးသပ်ခြင်းငှါမအပ်၊ရွှေစေတီရွှေဆင်းတုတို့၌ အမှိုက်ကိုပယ်ခြင်း၊အညစ်အကြေးကိုပွတ်တိုက်ခြင်းသည်သာ အပ်၏။ ။ထို့ကြောင့် ဂင်းအဋ္ဌကထာ၌။ ။စေတိယဃရေ သုဝဏ္ဏပဒုမ သုဝဏ္ဏ ပုပ္ဖုလ္လကာဒီနိ ဟောန္တိ၊ တောနိပိ အနာမာသာနိ၊ စေတိယ ဃေဂေဟကာပန ရူပိယ ဆန္ဒကဋ္ဌာနေ ဌိတာ၊တသ္မာ တေသံ ကေဋ္ဌာပယိတုံ ဝဋ္ဋတိတိ ဝုတ္တံ၊ ကုရုန္ဒိယံပန တံပဋိက္ခိတ္တံ။ သုဝဏ္ဏစေတိယေ ကစဝရမေဝ နီဟရိတုံ ဝဋ္ဋတီတိ ဧတ္တကမေဝ အနုညာတံ။ ။ဟုမိန့်အပ်၏။ ။စေတိယဃရေ၊စေတီအိမ်၌။သုဝဏ္ဏ ပဒုမသုဝဏ္ဏ ပုပ္ဖုလ္လကာဒီနိ၊ရွှေပဒုမ္မာ,ရွှေကြယ်စသည်တို့သည်။ ဟောန္တိ၊ရှိသည် ဖြစ်ကုန်၏။ တောနိပိ၊ ထိုရွှေပဒုမ္မာ စသည်တို့ သည်လည်း။ အနာမာသာနိ၊ မသုံးသပ်အပ် ကုန်သည်။ဟောန္တိ၊ကုန်၏။ ပန၊ ဝါဒတပါးကို ဆိုဦးအံ့။ စေတိယ ဂေဟကာ၊ စေတီကိုစောင့်ရှောက်သော ရဟန်းတို့သည်။ ရူပိယဆန္ဒကဋ္ဌာနေ၊ ရွှေ-ငွေကို စွန့်သောရဟန်း၏ အရာ၌။ ဌိတာ၊ တည်ကုန်၏။တသ္မာ၊ထို့ကြောင့်။ တေသံ၊ ထိုစေတီကို စောင့်ရှောက်သော ရဟန်းတို့အား။ကေဋ္ဌာပယိတုံ၊ထိုမှဤမှ ပြောင်းရွှေ့ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မဟာအဋ္ဌကထာ၌ ဆိုအပ်၏။ကုရုန္ဒိယံပန၊ ကုရုန္ဒီအဋ္ဌကထာ၌ကား။ တံဝစနံ၊ထိုစကားကို။ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ သုဝဏ္ဏစေတိယေ၊ ရွှေစေတီ၌။ ကစဝရမေဝ၊ အမှိုက်ကိုသာလျှင်။

(ဖြည့်ကြီးမဏ္ဍိုင်)

နိဟာရိတုံ၊ ထုတ်ဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဧတ္တကမေဝ၊ဤမျှကိုသာလျှင်။ အနုညာတံ၊ ခွင့်ပြုအပ်၏။ ။(ဤကားအနက်)

ဤတွင် ကစဝရမေဝ-၌ ဧဝသဒ္ဒါဖြင့် အကြောင်းမဲ့ ရွှေစေတီကို သုံးသပ်ခြင်း အကြောင်းရှိသော်လည်း ရွှေကြာပန်းစသည်တို့ကို သုံးသပ်ခြင်းကို နစ်စေအပ်၏။ အကြောင်းရှိသော် ရွှေစေတီ-ရွှေဆင်းတုကို ပွတ်တိုက်ခြင်း ပြောင်းရွှေ့ခြင်း တို့ကို မနစ်စေအပ်။ ။ထို့ကြောင့် ဝေရသကဏ်ဋ္ဌီကာ၌။ ။ကစဝရမေဝ နိဟာရိတုံ ဝဋ္ဋတီတိ စေတိယငေ ါပကာဝါ ဘိက္ခူ ဟောန္တု အညေဝါ၊ ဟတ္ထေ နာပိ ပုဉ္ဆိတွာ ကစဝရံ အပနေတုံ ဝဋ္ဋတိ၊ မလမ္ပိ ပမဇ္ဇိတုံ ဝဋ္ဋတိယေဝ။ ။ဟု မိန့်အပ်၏။ ။ကစဝရံ နိဟာရိတုံ ဝဋ္ဋတီတိ၊ဟူသည်ကား။ စေတိယငေ ါပကာ၊ စေတီကိုစောင့်ရှောက်ကုန်သော။ ဘိက္ခူဝါ၊ ရဟန်းတို့သည်မူလည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အညေ၊ တပါးကုန်သော။ ဘိက္ခူဝါ၊ ရဟန်းတို့သည် မူလည်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဟတ္ထေနာပိ၊ လက်ဖြင့်လည်း။ ပုဉ္ဆိတွာ၊ ပယ်ထုတ်၍။ ကစဝရံ၊ အမှိုက်ကို။ အပနေတုံ၊ ပယ်ခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ မလမ္ပိ၊ အညစ်အကြေး ကိုလည်း။ ပမဇ္ဇိတုံ၊ ပွတ်တိုက်သုတ်သင်ခြင်းငှါ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာ လျှင်တည်း။ ။(ဤကားအနက်)။ ။ဤတွင် စေတီဟူသည် ဘုရားကျောင်း တော်ပင်ဖြစ်၍ ရွှေဖြင့်ပြီးသော ဘုရားကျောင်း စေတီတို့ကိုလည်း အကြောင်း ရှိသော် သုတ်သင်ကောင်း ရွှေ့ပြောင်းကောင်း၏ဟု မှတ်ရာ၏။ ။ဓာတ်တော် ထည့်ရန် ရွှေတို့ဖြင့်ပြုအပ်သော စေတီကိုငှင်း၊ ကြုတ်ကိုငှင်း၊ ဓာတ်တော် ထား ခြင်းငှါ ခံကြပါကုန်လော-ဟူ၍ငှင်း၊ လှူပါ၏-ဟူ၍ငှင်း ဆိုသော် ခံခြင်းငှါ အပ် ၏။ ။ထို့ကြောင့် ဝေရသကဏ်ဋ္ဌီကာ၌။ ။ပဋိက္ခိပီတိ ဓာတုဋ္ဌပနတ္ထာယ ဂဏှထာတိ အာဝတ္တာ တုမှာကံ ဂဏှထာတိ ဝုတ္တတ္တာ ပဋိက္ခိပိ။ ။ဟုမိန့်အပ်၏။ ။ ပဋိက္ခိပီတိ၊ ဟူသည်ကား။ ဓာတုဋ္ဌပနတ္ထာယ၊ ဓာတ်တော်ထားရန် အကျိုးငှါ။ ဂဏှထ၊ ခံတော်မူပါကုန်လော။ ဣတိ၊ ဤသို့။ အဝတွာ၊ မဆိုမူ၍။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဂဏှထ၊ ခံတော်မူပါကုန်လော။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ထေရော၊ မဟာပဒုမထေရ်သည်။ ပဋိက္ခိပိ၊ ပယ် တော်မူလေ၏။ ။(ဤကားအနက်)။ ။ရွှေစေတီ-ရွှေဆင်းတုအား ပူဇော် ကြကုန်လော-ဟုဆိုသော်လည်း ခံခြင်းငှါအပ်၏။ ။ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌။ ။ထေရော နကပ္ပတီတိ ပဋိက္ခိပီတိတုမှာကံ ပေသိတန္တိ ဝုတ္တတ္တာ၊ စေတိ ယဿ ပူဇံ ကံရောထာတိ ဝုတ္တေ ဝဋ္ဋတီတိကိရ။ ။ဟုံ မိန့်အပ်၏။ ။ထေရော နကပ္ပတီတိ ပဋိက္ခိပီတိ၊ ဟူသည်ကား။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဝါ၊အရှင် ဘုရားတို့ကို။ ပေသိတံ၊စေအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ် ကြောင့်။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။ စေတိယဿ၊ စေတီအား။ ပူဇံ၊ ပူဇော်ခြင်း

ကို။ ကခရာထ၊ ပြုတော်မူပါကုန်လော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ဝဋ္ဋတိကိရ၊ ခံခြင်းငှါ အပ်ကောင်းရာ သတတ်။ ။(ဤကားအနက်)

အကပ္ပိယ ဝတ္ထုဖြင့် ရဟန်းတည်အပ်သော ဘုရားဖြစ်အံ့၊ ပရိဘောဂမဟုတ်သော ရှိခိုးခြင်းကိုပြုခြင်းငှါအပ်၏။ ဘိနပ်ထက်၌ ပရိဘောဂ ဖြစ်သော ထိုင်နေခြင်းကို ပြုခြင်းငှါမအပ်။ ။ပုလဲကိုသွေးပြီးသော်ရှင်း၊ မသွေးသေးသော်ရှင်း မသုံးသပ်အပ်။ ဘဏ္ဍာဘိုးအကျိုးငှါလည်း မခံအပ်။ ဆေးဖက်အလို့ငှါ ခံအပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။မဟာပစ္စရိယံ ပန မုတ္တာ ဓောတာပိ အဓောတာပိ အနာမာသာ၊ ဘဏ္ဍမူလတ္ထာယ သမ္ပဋိစ္ဆိတုံ နဝဋ္ဋတိ၊ကုဋ္ဌရောဂဿ ဘေသဇ္ဇတ္ထာယ ဝဋ္ဋတိတိ ဝုတ္တံ။ ။ဟုမိန့်အပ်၏။ ။မဟာပစ္စရိယံပန၊ မဟာပစ္စရိတ်အဋ္ဌကထာ၌ကား။ မုတ္တာ၊ ပုလဲသည်။ ဓောတာပိ၊ သွေးအပ် ပြီးသော်ရှင်း။ အဓောဘာပိ၊မသွေးအပ်သေးသော်ရှင်း။ အနာမာသာ၊ မသုံးသပ် အပ်သည်။ ဟောတိ၊ ၏။ ဘဏ္ဍမူလတ္ထာယ၊ ဘဏ္ဍာဘိုးအကျိုးငှါလည်း။ သမ္ပဋိစ္ဆိတုံ၊ ခံခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ကုဋ္ဌရောဂဿ၊ နူနာ၏။ ဘေသဇ္ဇတ္ထာယ၊ ဆေးဘော်ရန်အလို့ငှါ။ သမ္ပဋိစ္ဆိတုံ၊ ငှါ။ ဝဋ္ဋတိ၊၏။ ။ခရုသင်း- ကျောက်သလင်း မှုကြွင်းသော ပတ္တမြားစသည်ကိုလည်း နည်းတူပင် မှတ်အပ်၏။ ရွှေနှင့် မရောသော ခရုသင်း, ကျောက်သလင်းတို့သည် ခံခြင်း ကိုင်ခြင်းငှါ အပ်ကုန်၏၊ ။ (ရှင်းအဋ္ဌကထာ)။ ။တံခါး၌ရှင်း၊ လမ်း၌ရှင်း စပါးကို ဖြန့်၍ ထားအပ်သည်ဖြစ်အံ့၊ နံပါး၌ လမ်းရှိအံ့၊ မနင်းမူ၍ သွားရာ၏။ မရှိအံ့၊ လမ်းဟူ၍ အဓိဋ္ဌာန်၍ သွားရာ၏။ ။ဂမန မဂ္ဂေ အသတိ မဂ္ဂံ အဓိဋ္ဌာယ ဂန္တဗ္ဗံ။ ။(အဋ္ဌကထာ)။ ။ဂမနမဂ္ဂေ၊ သွားရာလမ်းသည်။ အသတိ၊ မရှိလတ်သော်။ မဂ္ဂံ၊ လမ်းခရီးဟူ၍။ အဓိဋ္ဌာယ၊ ဆောက်တည်၍။ ဂန္တဗ္ဗံ၊ သွားရာ၏။ ။(ဤကားအနက်)။ ။အိမ်တွင်း၌ စပါး၏ အထက်၌ နေရာခင်း၍ ပေးအံ့၊ ထိုင်ခြင်းငှါ အပ်၏။ ။အန္တောဃရေ ဓညဿ ဥပရိ အာသနံ ပညပေတွာ ဒေန္တိ၊ နိသီဒိတုံ ဝဋ္ဋတိ။ ။(အဋ္ဌကထာ)။ ။အန္တောဃရေ၊ အိမ်တွင်း၌။ ဓညဿ၊ စပါး၏။ ဥပရိ၊ အထက်၌။ အာသနံ၊ နေရာကို။ ပညပေတွာ၊ ခင်း၍။ ဒေန္တိ၊ပေးကုန်အံ့။ နိသီဒိတုံ၊ ထိုင်နေခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကား အနက်)

ဆွမ်းစားစရပ် စသည့်တို့၌လည်း စပါးရှိအံ့၊ နည်းတူပင် မှတ်ရာ၏။ ။ ကျွန်မိန်းမ၊ ကျွန်ယောကျ်ားကို လှူပါ၏ ဟုဆိုသော် မအပ်။ အာရာမ်စောင့်ကို လှူပါ၏။ ဝေယျာဝစ္စ ကာရကကို လှူပါ၏။ ကပ္ပိယ ကာရကကို လှူပါ၏ ဟုဆိုသော် အပ်၏။ ။ဒါသံ ဒမ္မီတိ ဝဒတိ နဝဋ္ဋတိ၊ အာရာမိကံ ဒမ္မိ၊ ဝေယျာဝစ္စကရံ ဒမ္မိ၊ကပ္ပိယ ကာရကံ ဒမ္မီတိ ဝုတ္တေ ဝဋ္ဋတိ။ ။(အဋ္ဌကထာ)။ ။ဒါသံ၊

ကျွန်မိန်းမ, ကျွန်ယောကျ်ားကို။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆိုအံ့။ နဝဋ္ဋတိ၊ မအပ်။ အာရာမိကံ၊ အာရာမ်စောင့်ကို။ ဒမ္မိ၊ ၏။ ဝေယျာဝစ္စကရံ၊ အမှုကြီးငယ်ကို ပြုတတ်သောသူကို။ ဒမ္မိ၊ ၏။ ကပ္ပိယကာရကံ၊ အပ်သည်ကို ပြုတတ်သောသူကို။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ဝဋ္ဋတိ၊ ၏။ ။ (ဤကားအနက်)။ ။ရဟန်းခံအပ်သော နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ် ဝတ္ထုကို သံဃာ့အလယ်၌ စွန့်၍ ဒေသနာကြားရာ၏။ ထိုအရပ်သို့ ဒါယကာ လာသည် ရှိသော် ဤငွေကို သိလောဟု ဆိုအပ်၏။ ဤငွေဖြင့် အဘယ်ကို ဆောင်ရအံ့နည်းဟု ဒါယကာဆိုသော် ဤဝတ္ထု ဤဝတ္ထုကို ဆောင်လောဟု မဆိုအပ်။ ထောပတ်-ဆီ-ပျား-တင်လဲ စသောဝတ္ထုသည် ရဟန်းတို့အားအပ်၏ဟု ပြောအပ်၏။ ။နဝတ္တဗ္ဗော ဣမံဝါ ဣမံဝါ အာဟရာတိ။ ကပ္ပိယံ အာစိက္ခိတဗ္ဗံ။ သပ္ပိံဝါ တေလံဝါ မဓုံဝါ ဖါဏိတံဝါ။ (ရူပိယသိက္ခာပုဒ်ပါဠိတော်)။ ။ဣမံဝါ၊ ဤဝတ္ထုကိုရင်း။ ဣမံဝါ၊ ဤဝတ္ထုကိုရင်း။ အာဟရ၊ ဆောင်ခဲ့လော။ ဣတိ၊ သို့။ နဝတ္တဗ္ဗော၊ မဆိုအပ်။ ကပ္ပိယံ၊ အပ်သော။ သပ္ပိံဝါ၊ ထောပတ်ကိုရင်း။ တေလံဝါ၊ ဆီကိုရင်း။ မဓုံဝါ၊ ပျားကိုရင်း။ ဖါဏိတံဝါ၊ တင်လဲကိုရင်း။ အာဟရ၊ ဆောင်ခဲ့လော။ ဣတိ၊ သို့။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ။(ဤကားအနက်)။ ။ရင်းငွေဖြင့် ဒါယကာသည် ဆောင်အပ်သော ငှက်ပျော-ထောပတ်စသည်ကို ငွေခံရသော ရဟန်းကို ထား၍ ကြွင်းသော ရဟန်း တို့သည် သုံးဆောင်အပ်၏။ ။ရူပိယ ပဋိဂ္ဂါဟကံ ဌပေတွာ သဗ္ဗေဟေဝ ပရိဘုဉ္ဇိတဗ္ဗံ။ ။ (ရင်းပါဠိတော်)။ ။ရူပိယပဋိဂ္ဂါဟကံ၊ ရွှေငွေကိုခံသောရဟန်းကို။ ဌပေတွာ၊ ထား၍။ သဗ္ဗေဟေဝ၊ အလုံးစုံသော ရဟန်း တို့သည် သာလျှင်။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။ ။(ဤကားအနက်)

ငွေခံသော ရဟန်းသည် တပါးသော ရဟန်း တို့အားရင်း၊ လူတို့အားရင်း ရောက်သော အဘို့ကိုရ၍လည်း သုံးဆောင်ခြင်းငှါ မအပ်။ ယုတ်သော အပိုင်း အခြားအားဖြင့် မျောက်စသည်သည် ထိုဝေဘန်အပ်သော သူတို့ထံမှ ဆောင်၍ တော၌ ထားအပ်သည်လည်း ဖြစ်သော ထိုမျောက် စသည်တို့၏ လက်မှ ကျ၍ နေရစ် သည်လည်း ဖြစ်သော တိရစ္ဆာန် သိမ်းဆည်း အပ်သော ဝတ္ထု သည်ရင်း၊ လူတို့သည် စွန့်ပစ်အပ်သော ပံသုကူသည်ရင်း မအပ်။ ။အညေသံ ဘိက္ခုနံဝါ အာရာမိကာနံဝါ ပတ္တဘာဂံပိ လဘိတွာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတိ။ အန္တမသော မက္ကဋာဒီဟိ တတော ဟရိတွာ အရညေ ဌပိတံဝါ တေသံ ဟတ္ထတော ဂဠိတံဝါ၊ တိရစ္ဆာန ဂတပရိဂ္ဂဟိတံပိ ပံသုကူလံပိ နဝဋ္ဋတိယေဝ။ ။ (ရင်းအဋ္ဌကထာ)။ ။ရူပိယပဋိဂ္ဂါဟကော၊ ရွှေငွေကိုခံသောရဟန်းသည်။ အညေသံ၊ တပါးကုန်သော။ ဘိက္ခုနံဝါ၊ ရဟန်းတို့အားရင်း။ အာရာမိကာနံဝါ၊

အာရာမ်စောင့်တို့အားရင်း။ ပတ္တဘာဂံပိ၊ ရောက်သော အဘို့ကိုလည်း။ လဘိတွာ၊ ရသည်ရှိသော်။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ အန္တမသော၊ ယုတ်သောအပိုင်းအခြား အားဖြင့်။ မက္ကဋော ဒိဟိ၊ မျောက် စသည်တို့သည်။ တတော၊ထိုအဘို့မှ။ဟရိတွာ၊ ဆောင်၍။ အရညေ၊ တော၌။ ဌပိတံဝါ၊ ထားအပ်သော သစ်သီးစသည်ကိုရင်း။ တေသံ၊ ထိုမျောက်စသည်တို့၏။ ဟတ္ထတော၊ လက်မှ။ ဂဋ္ဌိတံဝ ါ၊ လျောကျရစ်သော သစ်သီးစသည်ကိုရင်း။တိရစ္ဆာနဂတ ပရိဂ္ဂဟိတံပိ၊ တိရစ္ဆာန်သည် သိမ်းဆည်း အပ်သော်လည်း။ ပဂိ ဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ပံသုကူလံပိ၊ လူတို့သည်စွန့်ပစ်အပ်သော ပံသုကူသည်လည်း။ နဝဋ္ဋတိ၊ မအပ်။ ။(ဤကား အနက်)။ ။ရင်းဝတ္ထုဖြင့် ရအပ်သော ကျောင်း၏ရင်း၊ သစ်ပင်၏ရင်း မွန်းတည့်အခါ ကျောင်း သစ်ပင်တို့၏ အောက်၌ တည်သော အာဝါသိက အရိပ်သည်လည်း မအပ်။ အပသို့ထွက်သွားသောအရိပ်သည် အာဂန္တုကဖြစ်သောကြောင့် အပ်၏။ ။ဆာယာပိ ဂေဟပရိစ္ဆေဒေနဋ္ဌိတာ နဝဋ္ဋတိ။ ပရိစ္ဆေဒါတိက္ကန္တာ အာဂန္တုကတ္တာ ဝဋ္ဋတိ။ ။(ရင်းအဋ္ဌကထာ)။ ။ဂေဟပရိစ္ဆေဒေန၊ ကျောင်းသစ်ပင်အပိုင်းအခြားအားဖြင့်။ ဌိတာ၊ တည်သော။ ဆာယာပိ၊ အရိပ်သည်လည်း။ နဝဋ္ဋတိ၊ မအပ်။ ပရိစ္ဆေဒါတိက္ကန္တာ၊ ကျောင်းအပိုင်းအခြား၊ သစ်ပင်အပိုင်းအခြားကို လွန်သော။ ဆာယာ၊ အရိပ်သည်။ အာဂန္တုကတ္တာ၊ အာဂန္တုက၏အဖြစ်ကြောင့်။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)။ ။ဤအတူ ရင်းငွေဖြင့် ဖလယ် အပ်သော အလုံးစုံသော ဝတ္ထုသည် မအပ်သည်သာတည်း။ လူတို့သည် မိမိတို့အား ရောက်သော အဘို့ဖြင့် တဘန် လဲလှယ်၍ပေးအပ်သော ဒုတိယ အဘို့သည် ရင်းရွှေငွေကိုခံသောရဟန်းအား အပ်၏။ ။အာရာမိကာနံ ပတ္တဘာဂန္တိ္တဒံ ဂိဟိနံ ဟတ္ထဂတေဘာပိ သောယေဝ ဘာဂေါတိ ကတွာ ဝုတ္တံ။ သစေပန တေန အညံ ပရိဝတ္တေတွာ အာရာမိကာ ဒေန္တိ။ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီတိ မဇ္ဈိမဂဏ္ဌိပဒေ စူဠဂဏ္ဌိပဒေစ ဝုတ္တံ။ ။(တေရသကဏ္ဍဋီကာ)။ အာရာမိကာနံ ပတ္တဘာဂန္တိ္တဒံဝစနံ၊ အာရာမိကာနံ ပတ္တဘာဂံ-ဟူသောဤစကားကို။ ဂိဟိနံ၊ လူတို့၏။ ဟတ္ထဂတေဘာပိ၊လက်သို့ရောက်သော်လည်း။ သော ယေဝ ဘာဂေါ၊ ထိုအဘို့သည် သာလျှင်တည်း။ ဣတိကတွာ-ဣတိတသ္မာ၊ ထို့ကြောင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ပန၊ အပ်သည်ကိုဆိုဦးအံ့။တေန၊ ထိုဝတ္ထုဖြင့်။ ပရိဝတ္တေတွာ၊လဲလှယ်၍။ အာရာမိကာ၊ အာရာမ်စောင့်တို့သည်။ သစေဒေန္တိ၊အကယ်၍ ပေးကုန်သည်ဖြစ်အံ့။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ မဇ္ဈိမဂဏ္ဌိပဒေစ၊ ၌ရင်း။ စူဠဂဏ္ဌိပဒေစ၊ ၌ရင်း။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤကား အနက်)

ရွှေငွေကိုခံသော ရဟန်းသည် သံဃာ့အလယ်၌ မစွန့်မူ၍ ရင်းရွှေငွေဖြင့် ဝယ်အပ်သော သပိတ်စသောဝတ္ထုသည် လူ့ထံမှရသော်လည်း သိတင်းသုံးဘော်

ငါးယောက်တို့အားမအပ်။ထိုစကားသင့်စွ၊ ရွှေ-ငွေကိုသံဃာ့အလယ်တွင်စွန့်ရာ၌ ၎င်းဝတ္ထုဖြင့် ဝယ်အပ်သော ဘဏ္ဍာသည် သံဃာ့အလယ်၌စွန့်ခြင်းကြောင့် ကြွင်းသောရဟန်းတို့အားအပ်သည်။ ဤ၌ မစွန့်ခြင်းကြောင့် ကြွင်းသောရဟန်း တို့အားလည်း မအပ်။ ဘယ်ကဲ့သို့ မအပ်သနည်းဟူငြားအံ့၊ သံဃာ့အလယ်တွင် စွန့်သောအရာ၌ ရွှေငွေကိုခံသော ရဟန်းအား မအပ်သကဲ့သို့ မစွန့်ဘဲဝယ်ရာ၌ လည်း ကြွင်းသော ရဟန်းတို့အား မအပ်၊ ထိုစကားကို ချဲ့၍ဆိုဦးအံ့။ သံဃာ့ အလယ်တွင်စွန့်ရာ၌ လူတို့အားရောက်သောအဘို့သည်လည်း ရွှေငွေကိုခံသော ရဟန်းသည် သုံးဆောင်ခြင်းငှါမအပ်သကဲ့သို့ မစွန့်ဘဲဝယ်ရာ၌လည်း လူတို့အား ရောက်သော အဘို့သည် ကြွင်းသောရဟန်းတို့အား မအပ်။ ။ထို့ကြောင့် တေရသကဏ်ဋီကာ၌။ ။နတေန ကိဉ္စိကပ္ပိယဘဏ္ဍံ စေတာပိတန္တိတ္ထေ စေတာပိ တဋ္ဌေ၊ နတ္ထိ ပရိဘောဂုပ ါယော။ တသ္မာ ဝေံ ဝုတ္တံ။ အကပ္ပိယဥ္စ နိဿဂ္ဂိယံ ဝတ္ထုံ ဥဂ္ဂဏှိတွာ တံ အနိဿဇ္ဇိတွာဝ စေတာပိတံ ကပ္ပိယဘဏ္ဍံ သံဃဿ နိဿဋ္ဌံပိ သဗ္ဗေသံ နကပ္ပတိ။ ။ဟုမိန့်အပ်၏။ ။နတေန ကိဉ္စိကပ္ပိယဘဏ္ဍံ စေတာပိ တန္တိတ္ထေ၊စေတာပိတံ-ဟူသောပါဠ်၌။ စေတာပိတံ၊ ဝယ်အပ်ပြီးသည်။ စေဟော တိ၊ အကယ်၍ဖြစ်အံ့။ ဝေံသတိ။ ဤသို့ဖြစ်သည်ရှိသော်။ ပရိဘောဂုပ ါယော၊ သုံးဆောင်ရခြင်းအကြောင်းသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ဝေံ၊ ဤသို့ နတေန ကိဉ္စိ ကပ္ပိယဘဏ္ဍံ စေတာပိတံ-ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာဆိုတော်မူအပ် ၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အကပ္ပိယံ၊ မအပ်သော။ နိဿဂ္ဂိယံ၊ စွန့်အပ် သော။ ဝတ္ထုံ၊ ဝတ္ထုကို။ ဥဂ္ဂဏှိတွာ၊ ခံယူပြီး၍။ တံ၊ ထိုဝတ္ထုကို။ အနိဿဇ္ဇိတွာဝ၊ မစွန့်မူ၍သာလျှင်။ စေတာပိတံ၊ ဝယ်အပ်သော။ ကပ္ပိယဘဏ္ဍံ၊ အပ်သောဘဏ္ဍာ ကို။ ဝ ါ၊ သည်။ သံဃဿ၊ အား။ နိဿဋ္ဌံပိ၊ စွန့်အပ်သော်လည်း။ သဗ္ဗေသံ၊ အလုံးစုံသောရဟန်းတို့အား။ နကပ္ပတိ၊ မအပ်။ ။(ဤကားအနက်)။ ။ဝဇိရ ဗုဒ္ဓိဋီကာ၌လည်း နည်းတူပင် မိန့်အပ်၏။

သံဃာ့အလယ်တွင် စွန့်အပ်သောငွေဖြင့် ဝယ်အပ်သောဝတ္ထုသည် ငွေခံ သော ရဟန်းအား မစွန့်အပ်သော ဝတ္ထုသည် သိကင်းသုံးဘော်ငါးယောက် တို့အား မအပ်သကဲ့သို့ ထို့အတူ၊ မိမိ၌မရှိသော ဈာန်, မဂ်, ဖိုလ်ကိုရှိသကဲ့သို့ ပရိယာယ်ဖြင့် ပြောဆိုချီးမွမ်းစေခြင်း၊ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသော ကုလဒူသကအမှုကိုပြုခြင်း၊ ဈာန် မဂ် ဖိုလ်၏အနီးဖြစ်သော စကားကို ပြောဆို ခြင်း၊ အလိုနည်းသကဲ့သို့ ပြုလုပ်ပြော၍ ပစ္စည်းကို သုံးဆောင်ခြင်း၊ ဈာန် မဂ်ဖိုလ်ကိုရသောသူထင်ရန် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း-ဣရိယာ ပုထ်ကို ကောင်းစွာ ထားခြင်းဖြင့် ရသောပစ္စည်းသည်လည်း သိတင်းသုံးဘော် ငါးယောက်တို့အား မအပ်။* ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဝေံ ဇိဂုစ္ဆိ

တမ္ဗပိ ရူပိယေ ဘဂဝါ ပရိယာယေန ဘိက္ခုနံ ပရိဘောဂံ အာစိက္ခိ၊ ရူပိယ ပဋိဂ္ဂါဟကဿ ပန ကေနစိပရိယာယေန တတော ဥပ္ပန္နပစ္စယ ပရိဘောဂေါ နဝဋ္ဋတိ။ ယထာစာယံ တေဿ နဝဋ္ဋတိ။ ဧဝံ အသန္တသမ္ဘာဝနာယဝါ ကုလဒူသကကမ္မေနဝါ ကုဟနာဒီဟိဝါ ဥပ္ပန္နပစ္စယာနေဝ တဿနအညေသံ ဝဋ္ဋန္တိ။ ။ ဟုမိန့်အပ်၏။ ။ဧဝံ ဤသို့။ရူပိယေ၊ ရွှေ-ငွေသည်။ ဇိဂုစ္ဆိတမ္ဗပိ၊ စက်ဆုပ်ဘွယ်ရှိသော်လည်း။ ဘဂဝါ၊ သည်။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ ဘိက္ခုနံ၊ ရဟန်းတို့အား။ ပရိဘောဂံ၊ သုံးဆောင်ရခြင်းကို။ ဝါ၊ သုံးဆောင်ရန် အခွင့်ကို။ အာစိက္ခိ၊ ဟောကြားတော်မူ၏။ ပန၊ ပရိယာယ်ဖြင့်လည်း မအပ်သည်ကိုဆိုဦးအံ့။ ရူပိယ ပဋိဂ္ဂါဟကဿ၊ ရွှေငွေကို ခံသော ရဟန်းအား။ ကေနစိ၊ တစုံတခုသော။ ပရိယာယေန၊ အကြောင်းဖြင့်။ တတော၊ ထို မိမိ ခံအပ်သော ရွှေငွေမှ။ ဥပ္ပန္နပစ္စယပရိဘောဂေါ၊ ဖြစ်သော ပစ္စည်းကို သုံးဆောင်ခြင်းသည်။ နဝဋ္ဋတိ၊ မအပ်။ စ၊ သည်သာမကသေး။ အယံ၊ ဤကပ္ပိယ ရွှေငွေဖြင့် ဝယ်အပ်သော ဘဏ္ဍာသည်။ တေဿ၊ ထိုရွှေ ငွေကို ခံသော ရဟန်းအား။ နဝဋ္ဋတိယထာ၊ မအပ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အသန္တသမ္ဘာဝနာယဝါ၊ ထင်ရှားမရှိသော ဈာန်မဂ်ဖိုလ်ကိုပြောကြားခြင်းကြောင့်ရင်း။ကုလဒူသက ကမ္မေနဝါ၊ သစ်သီးပေးခြင်းစသော ကုလဒူသက အမှုကြောင့်ရင်း။ ကုဟနာဒီဟိဝါ၊ ကုဟနဝတ္ထုစသည်တို့ကြောင့်ရင်း။ ဝါ၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍ ရဟန္တာထင်စေရန် ပစ္စည်းလေးပါးတို့ကို ခြိုးခြံသကဲ့သို့ပြု၍ သုံးဆောင်ခြင်း၊ ဈာန်မဂ်၏အနီးဖြစ်သောစကားကို ပြောဆိုခြင်း၊ရဟန္တာအရိယာသူတော်ကောင်းထင်စေရန် ဣရိယာပုထ်ကို ပြင်ဆင်၍နေခြင်း စသော ကုဟနဝတ္ထုစသည်တို့ကြောင့်ရင်း။ ဥပ္ပန္နပစ္စယာ၊ ဖြစ်သော ပစ္စည်းတို့သည်။ တဿ၊ ထိုကုဟနဝတ္ထု စသည်ကိုပြုသောရဟန်းအားရင်း။ အညေသံဝါ၊ တပါးသော ရဟန်းတို့အားရင်း။ နဝဋ္ဋန္တိ၊ မအပ်ကုန်။ ။ (ဤကားအနက်) ။ ။ဒုက္ကဋ္ဌဝတ္ထုဖြင့် လဲ၍ရသော ဝတ္ထုသည်လည်း နည်းတူပင် မအပ်ဟု မှတ်ရာ၏။ ။ ကေစိတို့ကား လူ့ထံမှ ရသော်အပ်သည်ဟူ၏။ ၎င်းဋီကာကြီးသုံးဆောင်တို့နှင့်ရင်း။ ။ဣမဿစ ရူပိယသံဝေါဟာရဿ ဂရုဘာဝဒီပကံ ဣဒံ ပတ္တစတုက္ကံ ဝေဒိတဗ္ဗံ။ ယောဟိ ရူပိယံ ဥဂ္ဂဏှိတွာ တေန အယဗီဇံ သမုဋ္ဌာပေတိ။ တံ ကောဋ္ဋာပေတွာ တေန လောဟေန ပတ္တံကာရေတိ၊ နသက္ကာ ကေနစိဥပါယေန ကပ္ပိယော ကာတုံ။ ။ဟူသော ပဉ္စမသပိတ်ကိုပြရာ အဋ္ဌကထာနှင့် ဆန့်ကျင်သောကြောင့်ရင်း၊ အသင့်ယုတ္တိမရှိသောကြောင့်ရင်း ထိုကေစိတို့စကားကို မသင့်ဟုမှတ်ရာ၏။ ။စ၊ ဆက်၍ဆိုဦးအံ့၊ ဣမဿ ရူပိယသံဝေါဟာရဿ၊ ဤရွှေ-ငွေဖြင့်ဖလှယ်ခြင်း၏။ ဂရုဘာဝဒီပကံ၊ လေးသည်၏အဖြစ်ကို ပြတတ်သော။ ဣဒံပတ္တစတုက္ကံ၊ ဤပတ္တစတုက္ကကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ-ကထံ၊ အဘယ်သို့

လျှင်။ ဝေဒိတဗ္ဗံနုခေါ၊ သိအပ်လေသနည်း ဟူမူကား။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ရူပိယံ၊ ရွှေ-ငွေကို။ ဥဂ္ဂဏှိတွာ၊ ခံပြီး၍။ တေန၊ ထိုမိမိခံအပ်သော ရွှေငွေဖြင့်။ အယဗီဇံ၊ သံမျိုးစေ့ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။တံ၊ ထိုမျိုးစေ့ကို။ ကောဋ္ဌာပေတွာ၊ ထုတ်စေ၍။ တေနလောဟေန၊ ထိုသံဖြင့်။ ပတ္တံ၊ သပိတ်ကို။ ကာရေတိ၊ ပြုစေအံ့။ တံပတ္တံ၊ထိုသပိတ်ကို။ကေနစိ၊ တစုံတခုသော။ဥပါယေန၊ အကြောင်းဖြင့်။ ကပ္ပိယော၊ အပ်သည်ကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ (ဤကား အနက်)

ရင်း ဝယ်အပ်သောသပိတ်သည် အပ်အောင်ပြုခြင်းငှါကား တတ်ကောင်း သေး၏။ ထိုစကားသင့်စွ၊ ရင်းသပိတ်ကို တပါးသောသူတို့အား မပေးမူ၍ သပိတ်ကုန်သည်အားပေး၍ ငွေကိုပြန်တောင်း၍ ငွေရှင်အား ပေးပြီးသော် ကပ္ပိယဘဏ္ဍာကိုပေး၍ သပိတ်ကုန်သည်ထံမှ ရင်းသပိတ်ကိုယူ၍ သုံးဆောင်ခြင်း ငှါအပ်၏။ ။ထို့ကြောင့် ဒုတိယသပိတ်ကိုပြရာ အဋ္ဌကထာ၌။ ။သက္ကာပန ကပ္ပိယော ကာတုံ၊ သောဟိ မူလေ မူလသာမိကာနံ ပတ္တေစ ပတ္တသာမိကာနံ ဒိန္နေ ကပ္ပိယော ဟောတိ။ ကပ္ပိယဘဏ္ဍံ ဒတွာ ဂဟေတွာ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ။ ။ ဟု မိန့်အပ်၏။ ။ပန၊ မအပ်သည်မှတပါး အပ်သည်ကိုဆိုဦးအံ့။သောပတ္တော၊ ထိုသပိတ်ကို။ ဝါ၊ သည်။ ကပ္ပိယော၊ အပ်သည်ကို။ ကာတုံ၊ပြုခြင်းငှါ။ သက္ကာ၊ တတ်ကောင်းသေး၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ မူလေ၊ အဘိုးကို။ မူလ သာမိကာနဥ္စ၊ အဘိုးရှင်တို့အားရင်း။ ပတ္တေ၊ သပိတ်ကို။ ပတ္တသာမိကာနဥ္စ၊ သပိတ်ရှင်တို့အားရင်း။ ဒိန္နေ၊ ပေးအပ်သည်ရှိသော်။ သောပတ္တော၊ ထိုသပိတ် သည်။ ကပ္ပိယော၊ အပ်သည်။ ဟောတိ၊ ၏။ ကပ္ပိယဘဏ္ဍံ၊ အပ်သောဘဏ္ဍာကို။ ဒတွာ၊ ပေး၍။ တံ၊ ထိုသပိတ်ကို။ ဂဟေတွာ၊ ယူ၍။ ပရိဘုဥ္ဇိတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)။ ။ဤ၌ သပိတ်ရှင်အား သပိတ်ကိုပေးဟူသော စကားဖြင့် တပါးသောသူအားပေး၍တဘန်ရသော်လည်း မအပ်ဟူသောအနက် ကိုပြတော်မူ၏။ ပဌမသပိတ်သည် သံမျိုးစေ့မှစ၍ ပြီးသည်တိုင်အောင် လက္ခကို ကိုသာပေး၍ပြုစေသောကြောင့် ပြန်၍ပေးအပ်သော သပိတ်ရှင်မရှိရကား အပ် သည်ကိုပြုခြင်းငှါမတတ်ကောင်း။ဒုတိယသပိတ်ကား သပိတ်ကိုပင် အဘိုးပေး၍ ဝယ်အပ်သောကြောင့် ပြန်၍ပေးအပ်သော သပိတ်ရှင်ရှိရကား အပ်သည်ကို ပြုခြင်းငှါ တတ်ကောင်း၏။ ဤကားအထူး။ သံဃာ့အလယ်၌ စွန့်အပ်သောငွေ ဖြင့် ဝယ်အပ်သော လူတို့အားရောက်သောအဘိုးဖြင့် တဘန်လဲ၍ လူတို့ပေးအပ် သော ဒုတိယအဘိုးသည် ငွေခံသောရဟန်းအားအပ်သကဲ့သို့ ထို့အတူ၊ သံဃာ့ အလယ်၌ မစွန့်အပ်သောငွေဖြင့် ရဟန်းဝယ်အပ်သော လူတို့အားရောက်သော

အဘိုဖြင့်လဲ၍ လူတို့ပေးအပ်သောလူတို့အဘိုသည် ခပ်သိမ်းသော ရဟန်းတို့အား အပ်၏ဟုမှတ်အပ်၏။

မခံအပ်-မကိုင်အပ်သောဝတ္ထုကိုပြခြင်းပြီး၏။

---

(၅) မခံအပ်သည်ဖြစ်၍ ကိုင်အပ်သော ဝတ္ထုတို့တွင် တဘက်ဆည်းကန်ကို လှူပါ၏-ဆိုသော် ပအပ်ဟု ပယ်ရာ၏။ မမေးဘဲ အပ်ခြင်း၏ အကြောင်းကိုမပြော အပ်။ ဘယ်သို့လှူသော် အပ်ပါသနည်းဟု ပေးသော် အကျွန်ုပ်အား တဘက် ဆည်ကန်ရှိ၏။ ပစ္စည်းလေးပါးတို့ကို သုံးဆောင်တော်မူပါကုန်လော-ဟု ဆို၍ လှူအပ်သော ရေကန်သည်အပ်၏-ဟု ပြောတိုင်းလှူသော်အပ်၏။ ။ကထံ ဒိန္နံ ကပ္ပိယံ ဟောတီတိ စတ္တာရော ပစ္စယေ ပရိဘုဉ္ဇထာတိ ဝတွာ ဒိန္နန္တိ၊ သော သစေ သာဓု ဘန္တေ စတ္တာရောပစ္စယေ သံဃော ပရိဘုဉ္ဇတူတိ ဒေတိ ဝဋ္ဋတိ။ ။ (ရာဇသိက္ခာပုဒ်အဋ္ဌကထာ)။ ။ကထံ၊ အဘယ်သို့လျှင်။ ဒိန္နံ၊ ပေးလှူအပ် သော ရေကန်သည်။ ကပ္ပိယံ၊ အပ်သည်။ ဟောတိ၊ ဖြစ်ပါလေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတေ၊ ဒါယကာကမေးလျှောက်အပ်သည်ရှိသော်။ စတ္တာရောပစ္စယေ၊ လေးပါးသော ပစ္စည်းတို့ကို။ ပရိဘုဉ္ဇထ၊ သုံးဆောင်ကြပါကုန်လော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဒိန္နံ၊ လှူအပ်သော ရေကန်သည်။ ကပ္ပတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ပြောကြားအပ်၏။ အထပစ္ဆာ၊ ထိုမှနောက်၌။ သော၊ ထိုဒါယကာသည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ စတ္တာရော၊ လေးပါး ကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ သံဃော၊ သံဃာတော်သည်။ ပရိဘုဉ္ဇတု၊ သုံး ဆောင်တော်မူပါလော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သစေဒေတိ၊ အကယ်၍ လှူသည်ဖြစ်အံ့။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)။ ။တဘက်ဆည်ကန်မှ ဖြစ်သော ပစ္စည်းကို သုံးဆောင်ပါလော-ဟူ၍ရင်း၊ လှူဒါန်းပါ၏-ဟူ၍ရင်း ဆို သော်လည်း နည်းတူပင်အပ်၏။ မအပ်ဟုပယ်သော် ရေကိုသောက်လတ္တံ့၊ဘဏ္ဍာ ကို ဖွပ်လတ္တံ့၊ သားငှက်တို့သည် သောက်ကုန်လတ္တံ့၊ ဤသို့ဆို၍ လှူသော်လည်း အပ်၏။ မအပ်ဟုပယ်သော် အပ်သည်ကို အဦးပြုသဖြင့် ခံကြကုန်လော-ဟုဆို၍ ကောင်းပြီ၊ သံဃာသည် ရေကိုသောက်လတ္တံ့၊ ဘဏ္ဍာကိုဖွပ်လတ္တံ့၊ သားငှက်တို့ သည် သောက်ကုန်လတ္တံ့-ဟုဆို၍ ခံသော်လည်း အပ်၏။ အကျွန်ုပ်၏ တဘက် ဆည်ကန်ကို သံဃာအား လှူပါ၏-ဟုဆိုသော် ကောင်းပြီ၊ သံဃာသည် ရေကို သောက်လတ္တံ့-ဟု ဆိုသော်လည်း အပ်သည်သာ။ ။(ရင်းအဋ္ဌကထာပင်)။ ။ ရင်းကန်မှဖြစ်သောရေဖြင့် လယ်စသည်လုပ်အံ့-ဟု ကန်တူးခြင်း၊ ကန်သင်းဆည် ခြင်း စသည်ကိုပြုခြင်းငှါမအပ်၊ များစွာသော ရေသန့်သည်ကိုပြုလော၊ ကမ်း၏ အနီး၌ ရေတည်သည်ကိုပြုလော-ဟု ပရိယာယ်စကားကို ပြုခြင်းငှါအပ်၏။ ။

(ပြည်ကြီးမဏ္ဍိုင်)

ယထာ ဗဟုံ ဥဒကံ ဂဏှာတိ၊ ဝေံကဒရောဟိ၊ တီရသမီပေ ဥဒကံ ကဒရောဟိဘိ ဥဒကမေဝ ဝိစာဒရတိ ဝဋ္ဋတိ။ ။(ငှင်းအဋ္ဌကထာ)။ ။ယထာ၊ အကြောင်းအခြင်း ဖြင့်။ ကရိယမာနေ၊ ပြုအပ်သည့်ရှိသော်။ဗဟုံ၊ များစွာ။ ဥဒကံ၊ရေကို။ ဂဏှာတိ၊ ယူ၏။ဝါ၊ သန့်၏။ ဧဝံဘထာ၊ ထိုအခြင်းဖြင့်။ ကဒရောဟိ၊ ပြုလော။ တီရသမီပေ၊ ကမ်း၏အနီး၌။ ဥဒကံ၊ ရေတည်သည့်ကို။ ကဒရောဟိ၊ ပြုလော။ ဣတိ၊ သို့။ ဥဒကမေဝ၊ ရေကိုသာလျှင်။ ဝိစာဒရတိ၊ စီစစ်၏။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)

ကန်၌ များစွာသောရေကိုမြင်၍ မြောင်းတူးခြင်း လယ်တည်ခြင်းစသည်ကို ပြုခြင်းငှါမအပ်၊ ဒါယကာတို့ အလိုအလျောက်ပြု၍ ကပ္ပိယပစ္စည်းကို လှူသော် အပ်၏။ မလှူသော် မကြဲမစိုက်မီ သင်တို့အား ရေကိုမပေးအံ့ဟု တားမြစ်ရာ၏။ ကြဲစိုက်သောအခါ မတားမြစ်အပ်။ ။နဘိက္ခုနံ ကိဉ္စိ ဒေန္တိ၊ ဥဒကံဝါရေတုံ လဗ္ဘတိ၊ တဥ္စခေါ ကသိကမ္မကာလေယေဝ၊ နသဿ ကာလေ။ ။(ငှင်းအဋ္ဌ ကထာ)။ ။ဘိက္ခုနံ၊ တို့အား။ ကိဉ္စိ၊ တစုံတခုသော ဝတ္ထုကို။ ဒါယကာ၊ ရေကိုသုံးသော ဒါယကာတို့သည်။ သစေနဒေန္တိ၊ အကယ်၍ မပေး မလှူကုန်အံ့။ ဧဝံသတိ၊ ဤသို့မပေးလှူသည့်ရှိသော်။ ဥဒကံ၊ ရေကို။ ဝါရေတုံ၊ တားမြစ်ခြင်းငှါ။ လဗ္ဘတိ၊ ရအပ်၏။ တဥ္စ၊ ထိုရေကို တားမြစ်ခြင်းကိုလည်း။ကသိကမ္မကာလေ၊ လယ်ထွန်သော အခါ၌။ လဗ္ဘတိ၊ ၏။ သဿကာလေ၊ စိုက်ပြိုး ကြဲဖြန့်သော အခါ၌။ နလဗ္ဘတိ၊ မရအပ်။ ။(ဤကားအနက်)။ ။မအပ်သောဝေါဟာရ ဖြင့် ခံအပ် တူးအပ် ဆည်အပ်သည်ဖြစ်၍ သံဃာသည် စွန့်ပစ်အပ်သော ရေကန် ကို မအပ်ဟု စွန့်ပစ်အပ်သည်ကိုသိ၍ ဥစ္စာရှင်, ဥစ္စာရှင်၏ အနွယ်၌ဖြစ်သော လူ သည် ယူ၍ သံဃာအား အပ်သောဝေါဟာရဖြင့် တဘန်လှူအံ့၊ သုံးဆောင် ခြင်းငှါ အပ်၏။ ။သစေ ဘိက္ခူဟိ ပရိစ္စတ္တဘာဝံ ဥ.တွာ သာမိကောဝါ တဿ ပုတ္တဓိတရောဝါ ကောစိ ဝံသေ ဥပ္ပန္နော ပုန ကပ္ပိယဝေါဟာရေန ဒေတိ ဝဋ္ဋတိ။ ။(ငှင်းအဋ္ဌကထာ)။ ။ဘိက္ခူဟိ၊ တို့သည်။ ပရိစ္စတ္တဘာဝံ၊ စွန့်ပစ် အပ်သည်၏ အဖြစ်ကို။ ဥ.တွာ၊ သိ၍။ သာမိကောဝါ၊ ဥစ္စာရှင်ဒါယကာသည် ၎င်း။ တဿ၊ ထိုဥစ္စာရှင်၏။ ပုတ္တဓိတရောဝါ၊ သားသမီးတို့သည်၎င်း။ ကောစိ၊ တစုံတယောက်သော။ တဿ၊ ထိုဥစ္စာရှင်၏။ ဝံသေ၊ အနွယ်၌။ ဥပ္ပန္နောဝါ၊ ဖြစ်သောလူသည်၎င်း။ ဂဟေတွာ၊ ယူပြီး၍။ ပုန၊ တဘန်။ ကပ္ပိယဝေါဟာ ရေန၊ အပ်သောဝေါဟာရဖြင့်။ သစေဒေတိ၊ အကယ်၍ လှူငြားအံ့။ ဝဋ္ဋတိ၊ ၏။ ။(ဤကားအနက်)။ ။ပစ္စိဒ္ဓေ ကုသဝံသေ ယော တဿ ဇနပဒဿ သာမိကော၊ သော အစ္ဆိန္ဒိတွာ ပုန ဒေတိ၊ စိတ္တပဗ္ဗတေ ဘိက္ခုနိ ပုဟဋ္ဌ ဥဒက ဝါဟကံ အဋ္ဌနာဂရာဇမဟောသီဝိယ၊ ဧဝံပိ ဝဋ္ဋတိ။ ။(ငှင်းအဋ္ဌကထာ)။ ။

ကုလဝံသေ၊ အမျိုးအနွယ် အဆက်သည်။ ပရိစ္ဆိန္နေ၊ ပြတ်သည်ရှိသော်။ ယော၊ အကြင်လူသည်။ တဿဇနပဒဿ၊ ထိုဇနပုဒ်ကို။ သာမိကော၊ အစိုးရ၏။ သော၊ ထိုအစိုးရသောလူသည်။ အစ္ဆိန္ဒိတွာ၊ အစိုးတရယူ၍။ စိတြပဗ္ဗတေ၊ စိတြတောင်၌။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဥဒကဝါဟကံ၊ ရေမြောင်းကို။ အဋ္ဌနာဂရာဇ မဟောသိ ဝိယ၊ အဋ္ဌနာဂမင်း၏ မိဖုရားကဲ့သို့။ ပုန၊ တဖန်။ ဒေတိ၊ လှူအံ့။ ဧဝံပိ၊ ဤသို့ လှူသော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)

ရေသောက်ခြင်းငှါသော ကပ္ပိယဝေါဟာရဖြင့် ခံအပ်သော တဘက်ဆည် ကန်ဖြစ်အံ့၊ တူးခြင်း ဆည်ခြင်းစသည်ကို ပြုခြင်းငှါအပ်၏။ ။ကပ္ပိယဝေါဟာရေပိ ဥဒကဝသေန ပဋိဂ္ဂဟိတ တလာကေ သုဒ္ဓစိတ္တာနံ မတ္တိကုဒ္ဓရဏပါဠိဗန္ဓနာဒိစ ကာတုံ ဝဋ္ဋတိ။ ။၎င်းအဋ္ဌကထာ။ ။ကပ္ပိယဝေါဟာရေပိ၊ ကပ္ပိယဝေါဟာရတွင်လည်း။ ဥဒကဝသေန၊ ရေသောက်ရန် ဝေါဟာရ၏အစွမ်းဖြင့်။ ပဋိဂ္ဂဟိတ တဠာကေ၊ ခံအပ်သော တဘက်ဆည်ကန်၌။ သုဒ္ဓစိတ္တာနံ၊ စင်ကြယ်သော စိတ်ရှိကုန်သော ရဟန်းတို့အား။ မတ္တိကုဒ္ဓရဏ ပါဠိဗန္ဓနာဒိစ၊ မြေကို ထုတ်ဆောင်ခြင်း ကန်သင်းဆယ်ခြင်းတို့ကိုလည်း။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)။ ။လေးထောင့်ကန်၊ ရေမြောင်းကြီး ရေမြောင်းငယ် စသည်တို့၌ရင်း၊ လယ်ယာတို့၌ရင်း တဘက်ဆည်ကန်၌ကဲ့သို့ အဆုံးအဖြတ်ကို သိအပ်၏။ ထိုစကားသင့်စွ၊ လယ်မှုရင်း၊ ယာမှုရင်း၊ အာရာမ်မှုရင်း၊ ပစ္စည်းလေးပါးကို သုံးဆောင်ပါလောဟူ၍ရင်း၊ အရွက်,အသီးကို သုံးဆောင်ပါလောဟူ၍ရင်း ဆိုသော် အပ်၏။ ။တောကို လှူပါ၏-ဆိုသော်လည်းအပ်၏။ လယ်ကို-ယာကို-အာရာမ်ကို-လှူပါ၏-ဆိုသော်မအပ်။ ဤသူတို့သည် လယ်-ယာ-အာရာမ် စသည်မှုဖြစ်သော ပစ္စည်းကို သုံးဆောင်ပါလော-ဟူသော စကားကို ဆိုကုန်၏ဟူ၍သာ ကပ္ပိယကာရကတို့အား ပြောအပ်ကုန်၏။ ဤလယ်ကိုလုပ်လော၊ ဤအရပ်ကိုလယ်တည်လော- စသည်ဖြင့် ဆိုခြင်းငှါမအပ်။ ၎င်းကပ္ပိယကာရကတို့သည် အလိုအလျောက် လယ်တည်ခြင်းစသည်ကိုပြု၍ ကပ္ပိယပစ္စည်းကိုလှူအံ့၊ သုံးဆောင်ခြင်းငှါအပ်၏။ ထိုတည်သော လူတို့သည်ရင်း၊ တပါးသော လူတို့သည်ရင်း မလှူသော် မတောင်းအပ်။ လယ်ကို မလုပ်လင့်ဟူ၍သာ တားမြစ်အပ်ကုန်၏။ ။သစေမနုဿာ ဘိက္ခူဟိ အာဏတ္တာယေဝ၊ တတ္ထ ရုက္ခေပိ ဆိန္ဒိတွာ အပရဏ္ဏာဒီနိ သမ္ပာဒေတွာ ဘိက္ခူနံ ဘာဂံ ဒေန္တိ ဝဋ္ဋတိ၊ အဒေန္တာ နစောဒေတဗ္ဗာ၊ သစေ ကေနစိ ဒေဝ အန္တရာယေန တေသု ပက္ကန္တေသု အညေ ကရောန္တိ၊ နစ ဘိက္ခူနံ ကိဉ္စိ ဒေန္တိ၊ တေ ဝါရေတဗ္ဗာ။ ။(၎င်းအဋ္ဌကထာ)။ ။ဘိက္ခူဟိ၊ တို့သည်။ အာဏတ္တာယေဝ၊ စေခိုင်းအပ်သည်သာလျှင်ဖြစ်ကုန်သော။ မနုဿာ၊ လူတို့သည်။ တတ္ထ၊ ထိုလယ်,ယာ,အာရာမ်စသည်တို့၌။ ရုက္ခေ၊ သစ်ပင်တို့ကို။

ဆိန္နိဟ္မာ၊ ခုတ်၍။ အပရဏ္ဏာဒီနိ၊ ပဲစသည့်တို့ကို။ သမ္ဘာဒေတွာ၊ ပြုစုစိုက်ပျိုးကြကုန်၍။ ဘိက္ခုနံ၊ တို့အား။ ဘာဂံ၊ အဘို့ကို။ သစေဒေန္တိ၊ အကယ်၍လှူကုန်အံ့။ စေ၀ံသတိ၊ ဤသို့လှူကုန်သည်ရှိသော်။ ဝဋ္ဋတိ၊ ၏။ အဒေန္တာ၊ မလှူကုန်သည်ရှိသော်။ နစောဒေတဗ္ဗာ၊ မတောင်းအပ်ကုန်။ ကေနစိဒေဝ၊ တစုံတခုသောလျှင်ဖြစ်သော။ အန္တရာယေန၊ အန္တရာယ်ကြောင့်။ တေသု၊ ထိုဒါယကာတို့သည်။ ပက္ကန္တေသု၊ ဘဲသွားကုန်သည်ရှိသော်။ အညေ၊ တပါးကုန်သော ဒါယကာတို့သည်။ သစေကရောန္တိ၊ အကယ်၍ ပဲစသည် စိုက်ပျိုးခြင်းကို ပြုကြကုန်အံ့။ဘိက္ခုနဉ္စ၊ ရဟန်းတို့အားလည်း။ ကိဉ္စိ၊ တစုံတခုကိုမျှ။ သစေ နဒေန္တိ၊ အကယ်၍မပေး မလှူကုန်အံ့။စေ၀ံသန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ တေ၊ ထိုဒါယကာတို့ကို။ ဝါရေတဗ္ဗာ၊ တားမြစ်အပ်ကုန်၏။ ။(ဤကား အနက်)

နွားတို့ကို လှူပါ၏-ဆိုသော် မအပ်ဟုပယ်ရာ၏။ အဘယ်သို့လှူသော် အပ်သနည်းဟုမေးသော် ငါးပါးသော ဂေါရသအလို့ငှါ လှူဒါန်းပါ၏-ဆိုသော် အပ်၏။ ။မယံ ပဉ္စဂေါရသတ္ထာယ ဒေမာတိ ဝုတ္တေ ဝဋ္ဋတိ။ ။ရင်းအဋ္ဌကထာ။ ။မယံ၊ အကျွန်ုပ်တို့သည်။ ပဉ္စဂေါရသတ္ထာယ၊ ငါးပါးသောဂေါရသအလို့ငှါ။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣတိ၊ ဤသို့။ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)။ ။အကျွန်ုပ်တို့အား နွားရှိကုန်၏။ ပစ္စည်းလေးပါးတို့ကို သုံးဆောင်ပါကုန်လောဟူ၍ရင်း၊ နွားမှဖြစ်သော ပစ္စည်းကို သုံးဆောင်ပါကုန်လောဟူ၍ရင်း လှူသော်လည်း အပ်၏။ ။ဤသူတို့သည် ဂေါရသအလို့ငှါ ပစ္စည်းလေးပါးအလို့ငှါ နွားတို့ကို လှူကုန်၏။ကျွေးမွေးကြကုန်လော ဟူ၍သာ ကပ္ပိယကာရကတို့အား ပြောကြားရာ၏။ ဤနွားတို့ကို ယူကြကုန်လော-ဟု မဆိုရာ။ ထိုသူတို့က ကပ္ပိယပစ္စည်းကို လှူသော်အပ်၏။ မလှူသော် မတောင်းအပ်ကုန်။ နွားတို့ကို မစောင့်ရှောက်ကုန်လင့်-ဟု မြစ်၍ တပါးသူတို့ကို စောင့်ရှောက်စေအပ်ကုန်၏။ ဆင်, မြင်းစသည်တို့ကို လှူရာ၌လည်း နည်းတူပင်။ ကြက်ဝက်စသည်ကို လှူဒါန်းပါ၏ ဆိုသော် မအပ်ဟု ပယ်၍ ချမ်းသာစွာနေရခြင်းငှါလွှတ်ခဲ့ကြကုန်လောဟု ဆိုခြင်းငှါအပ်၏။ ။(ရင်းအဋ္ဌကထာ)။ ။ သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်တို့ကို မသုံးသပ်မူ၍ ဤကန်ကို ဤလယ်ကို ဤယာကို ဤနွားစသည်ကို ကျောင်းအားလှူပါကုန်၏-ဟု ဆိုသော် ပယ်ခြင်းငှါမအပ်၊ ဤလူတို့သည် ဤကန်စသည်ကို ကျောင်းအား လှူပါကုန်၏ဟု ဆိုကုန်၏- ဟူ၍သာ ကပ္ပိယကာရကတို့အား ပြောကြား အပ်ကုန်၏။ ကပ္ပိယကာရကတို့သည် အလိုအလျောက်လုပ်၍ ကပ္ပိယပစ္စည်းကိုလှူသော်အပ်၏။ မလှူသော် မတောင်းအပ်၊ မလုပ်လင့်ဟု တားမြစ်အပ်ကုန်၏။ ရှေးနည်းတူ မှတ်လေ။ ။ဣမံ တဠာကံ ဣမံ ခေတ္တံ ဣမံ ဝတ္ထုံ ဝိဟာရဿ ဒေမာတိ ဝုတ္တေ ပဋိက္ခိ

ပိတုံ နလဗ္ဘတိ။ ။(ရှင်းအဋ္ဌကထာ)။ ။ဣမံတဋ္ဌာကံ၊ ဤရေကန်ကို။ ဣမံ ခေတ္တံ၊ ဤလယ်ကို။ ဣမံဝတ္ထုံ၊ ဤယာကို။ ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ပဋိက္ခိပိတုံ၊ ပယ်ခြင်းငှါ။ နလဗ္ဘတိ၊ မရအပ်။ ။(ဤကားအနက်)။ ။အမဲစိမ်း-ငါးစိမ်းစသော အသားကို မိမိအလို့ငှါ ခံခြင်းငှါ မအပ်၊ သာမဏေတို့အလို့ငှါခံသော် အပ်၏။ ။ထို့ကြောင့် ဇာတရူပသိက္ခာပုဒ်အဘွင့် ဝဇိရဗုဒ္ဓိဋီကာ၌။ ။တထာ အာမကမံသမ္ပိ ဒုက္ကဋဝတ္ထု အာပဇ္ဇတီတိ။ န၊ ဣမ ဝိနယေ အနုညာတတ္တာ အနု ဇာနာမိ ဘိက္ခဝေ အမနုဿိကာဗာဓေ အာမကမံသန္တိ အာဒိနာ၊ တသ္မာ န အာမကမံသံ သုတ္တေ အာဂတမ္ပိ ဒုက္ကဋဝတ္ထု ဟောတိ၊ တထာပိ အတ္တနော ပရိဘောဂတ္ထာယ ပဋိဂ္ဂဟဏေ ဒုက္ကဋမေဝါတိ နော တက္ကောတိ အာစရိယော။ ။ ဟု မိန့်အပ်၏။ ။တထာ၊ ထိုစပါးမျိုး ၇-ပါးအတူ။ အာမကမံသံပိ၊ အသားစိမ်းသည်လည်း။ ဒုက္ကဋဝတ္ထုံ၊ ဒုက္ကဋ်ဝတ္ထုသည်။ အာပဇ္ဇတိ၊ ဖြစ်သည်မဟုတ်လော။ ဣတိအယံ၊ ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ ဒုက္ကဋဝတ္ထု၊ သည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘဲ့ကြောင့်။ နဟောတိ၊ မဖြစ်လေသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ တည်း။ ဣမဝိနယေ၊ ဤဝိနည်းပိဋကတ်၌။ အနုဇာနာမိ ဘိက္ခဝေ အမနုဿိကာဗာဓေ အာမကမံသန္တိအာဒိနာ၊ အာမကမံသံ-ဤသို့အစရှိသည်ဖြင့်။ အနုညာတတ္တာ၊ ခွင့်ပြုတော်မူအပ်သည်၏အဖြစ်ကြောင့်။ ဒုက္ကဋဝတ္ထု၊ သည်။ နဟောတိ၊ မဖြစ်။ ဣတိအယံ၊ ကား။ ပရိဟာရော၊ တည်း။ တသ္မာ၊ ထိုသို့ဝိနည်း၌ ခွင့်ပြုအပ်လေသောကြောင့်။ သုတ္တေ၊ သုတ္တန်ပိဋကတ်တော်၌။ အာဂတမ္ပိ၊ အာမကမံသ ပဋိဂ္ဂဟဏာဝိရတော သမဏော ဂေါတမော-ဟူ၍လာငြားသော်လည်း။ အာမကမံသံ၊ အသားစိမ်းသည်။ ဒုက္ကဋဝတ္ထု၊ သည်။ နဟောတိ၊ မဖြစ်။ တထာပိ၊ ထိုသို့ဝိနည်းပိဋကတ်ဝယ် ဘိလူးဘမ်းသောရောဂါ၌ ခွင့်ပြုသောကြောင့် ဒုက္ကဋ်ဝတ္ထု မဟုတ်သော်လည်း။ အတ္တနော၊မိမိ၏။ပရိဘောဂတ္ထာယ၊ သုံးဆောင်ခြင်းငှါ။ ပဋိဂ္ဂဟဏေ၊ အသားစိမ်းကိုခံရာ၌။ ဒုက္ကဋမေဝ၊ ဒုက္ကဋ်သာလျှင်တည်း။ ဣတိ၊ သို့။ နော၊ငါတို့၏။တက္ကော၊အကြံသည်။ဟောတိ၊ ၏။ ဣတိ၊ သို့။ အာစရိယော၊ ငါတို့၏ ဆရာသည်။ အာဟ၊ ဆိုပြီ။ ။(ဤကား အနက်)။ ။ပါစိတ် အဋ္ဌကထာ ဒန္တပေါနသိက္ခာပုဒ် အဘွင့်၌လည်း ခြင်္သေ့ စားကြွင်း စသည်ကိုတွေ့မြင်၍ သာမဏေတို့ အကျိုးငှါ ကောက်ယူအပ်သည် ရှိသော် စိတ်စင်ကြယ်ပါမူကား သာမဏေတို့ထံမှ ရခဲ့လျှင် သုံးဆောင်အပ်ကြောင်း၊ အသားစိမ်းကို ခံခြင်းကြောင့် အပြစ်မရှိကြောင်းလာ၏။

**မခံအပ်သည်ဖြစ်၍ ကိုင်အပ်သည်ကို ပြခြင်းပြီး၏။**

(၆) ခံအပ်သည်ဖြစ်၍ မကိုင်အပ်သော ဝတ္ထုတို့တွင် ညှဥ်းဆဲသတ်ဖြတ်ခြင်းငှါ ပြုအပ်သော အလုံးစုံသော လက်နက်ဘဏ္ဍာကို သုံးသပ်ခြင်းငှါရင်း၊ ညှဥ်းဆဲသတ်ဖြတ်ကြောင်းဖြစ်၍ ဘဏ္ဍာဘိုးပြုရန် ခံခြင်းငှါရင်း မအပ်။ ။သဗ္ဗံ အာဝုဓဘဏ္ဍံ အနာမာသံ၊ ဘဏ္ဍမူလတ္ထာယ ဒိယျမာနမ္ပိ န သမ္ပဋိစ္ဆိတဗ္ဗံ။ သတ္ထဝဏိဇ္ဇာ နာမ န ဝဋ္ဋတီတိ။ ။(ကင်္ခါဝိတရဏီ သိက္ခာပုဒ်အဋ္ဌကထာ)။ ။သဗ္ဗံ၊ အလုံးစုံသော။ အာဝုဓဘဏ္ဍံ၊ လက်နက် ဘဏ္ဍာသည်။ အနာမာသံ၊ မသုံးသပ်အပ်သည်။ ဟောတိ၊ ၏။ ဘဏ္ဍမူလတ္ထာယ၊ ဘဏ္ဍာဘိုး အကျိုးငှါ။ ဒိယျမာနမ္ပိ၊ လှူအပ်သော်လည်း။ န သမ္ပဋိစ္ဆိတဗ္ဗံ၊ မခံအပ်။ သတ္ထဝဏိဇ္ဇာ နာမ၊ လက်နက်ကို ကုန်သွယ်ခြင်းမည်သည်။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့။ မဟာပစ္စရိယံ၊ မဟာပစ္စရိတ် အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤကား အနက်)။ ။ပြီးပြည့်စုံသည်ကို မဆိုထားဘိ ညှဥ်းဆဲသတ်ဖြတ်ခြင်းငှါ ပြုအပ်သော လေးကိုင်း,လောက်လေးကိုင်း,ကြိုး,မြား,လောက်စာ,ဆင်ချွန်း,နာရင်းဒုတ်,ပဲခွပ်,ပုဆိန် အစရှိသော လက်နက်ဘဏ္ဍာကိုလည်း သုံးသပ်ခြင်းငှါမအပ်။ ။သုဒ္ဓဓနုဒဏ္ဍောပိ ဓနုဇိယာပိ ပတောဒေါပိ အင်္ကုသောပိ အန္တမသော ဝါသိဖရသုအာဒီနိပိ အာဝုဓသင်္ခေပေန ကတာနိ အနာမာသာနိ။ ။(ရင်းအဋ္ဌကထာ)။ ။သုဒ္ဓဓနုဒဏ္ဍောပိ၊ သက်သက်သော လေးကိုင်းသည်ရင်း။ သုဒ္ဓဓနုဇိယာပိ၊ သက်သက်သော လေးညို့ကြိုးသည်ရင်း။ ပတောဒေါပိ၊ နှင်တံသည်ရင်း။ အင်္ကုသောပိ၊ ချွန်းသည်ရင်း။ အန္တမသော၊ ယုတ်သော်အပိုင်းအခြားအားဖြင့်။ ဝါသိဖရသုအာဒီနိပိ၊ ပဲခွပ်,ပုဆိန်စသည်တို့သည်ရင်း။ အာဝုဓသင်္ခေပေန၊ လက်နက် အရေအတွက် အားဖြင့်။ ဝါ၊ လက်နက်အသွင်ဖြင့်။ ကတာနိ၊ ပြုအပ်ကုန်သည်ရှိသော်။ အနာမာသာနိ၊ မသုံးသပ်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ။(ဤကားအနက်)။ ။ကျီးငှက်ခြောက်ရန်လေး၊ လောက်လေးတို့ကို ကိုင်ခြင်းငှါအပ်၏။ ယုန်-ငါး-ငှက်စသည်ကိုထောင်သော ပိုက်-ကွန်-မြားကို တားမြစ်ကြောင်း ဖြစ်သော ကွန်ရက်-မောက်တို-ကာ အစရှိသည်ကိုလည်း သုံးသပ်ခြင်းငှါမအပ်။ ။မစ္ဆဇာလ ပက္ခိဇာလာဒီနိပိ ဖလကဇာလိကာဒီနိ သရပရိတ္တာဏာနိပိ သဗ္ဗာနိ အနာမာသာနိ။ ။(ရင်းအဋ္ဌကထာ)။ ။မစ္ဆဇာလပက္ခိဇာလာဒီနိပိ၊ ငါးထောင်သော မျှုံး- ကွန်- ငှက်ထောင်သောပိုက်ကွန် စသည်တို့သည်ရင်း။ သရပရိတ္တာဏာနိ၊ မြားကို တားမြစ်ကြောင်း ကွယ်ကာကြောင်း ဖြစ်ကုန်သော။ ဖလကဇာလိကာဒီနိပိ၊ မောက်တိုကာ-ကွန်ရက်တို့သည်ရင်း။ သဗ္ဗာနိ၊ အလုံးစုံသော ဝတ္ထုတို့သည်။ အနာမာသာနိ၊ သုံးသပ်ခြင်းငှါ မအပ် ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ။(ဤကား အနက်)။ ။ကြက်ထောင်သော ညှတ်စသည်ကိုလည်း ကိုင်ခြင်းငှါ မအပ်။ တိုက်ခိုက်ရာအရပ်စသည်၌ ကျရစ်သော ပံသုကူဖြစ်သော ဓား,လှံ စသည် ကိုလည်း ကျောက်ခဲစသည်ဖြင့် စဥ်းငယ်ဖျက်ဆီး၍ လက်သီးလှည်း ဓား စသော ထိုထို အသုံးအ

ဆောင်ပြုရန် ယူခြင်းငှါအပ်၏။ ။ယဋ္ဌိ ဘူမိယံ ပတိတံ အသိံဝါ သတ္တိံဝါ တောမရံဝါ ဒိသွာ ပါသာဏေနဝါ ကေနစိဝါ အသိံ ဘိန္ဒိတွာ သတ္တကတ္တာယ ဂဟေတုံ ဝဋ္ဋတိ၊ ဥတရာနိပိ ဝိယောဇေတွာ သတ္တကတ္တာယ ဂဟေတုံ ဝဋ္ဋတိ။ ကိဋ္ဌိ ကတ္တရဒဏ္ဍာဒီအတ္ထာယ။ ။(ဋ္ဌင်းအဋ္ဌကထာ)။ ။ယဋ္ဌိဘူမိယံ၊ စစ်မြေ အရပ်၌။ ပတိတံ၊ ကျရစ်သော။ အသိံဝါ၊ သန်လျက်ကိုရင်း။ သတ္တိံဝါ၊ လှံကိုရင်း။ တောမရံဝါ၊ ချွန်းတောင်းကိုရင်း။ ဝါ၊ ခက်ရင်းကိုရင်း။ ဒိသွာ၊ တွေ့မြင်သည်ရှိသော်။ ပါသာဏေနဝါ၊ ကျောက်ခဲဖြင့်ရင်း။ ကေနစိဝါ၊ တစုံတခုသော ဝတ္ထုဖြင့်ရင်း။ အသိံ၊ သန်လျက်ကို။ ဘိန္ဒိတွာ၊ လက်နက် အသွင် ပျက် အောင် ထုချေ ဖျက်ဆီး၍။ သတ္တကတ္တာယ၊ လက်သီးလှည်း ဓားငယ် စသည် အကျိုးငှါ။ ဂဟေတုံ၊ ကောက်ယူခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ဥတရာနိပိ၊ သန်လျက်မှ တပါးသောလှံ စသည်တို့ကိုလည်း။ ဝိယောဇေတွာ၊ အသွားနှင့်အရိုးကို တခု တခြားစီနေအောင် ကင်းကွာစေခြင်းကိုပြု၍။သတ္တကတ္တာယ၊ ဓားငယ် အကျိုး ငှါ။ ကိဋ္ဌိ၊ အချို့ကို။ ကတ္တရ ဒဏ္ဍာဒိ အတ္ထာယ၊ တောင်ဝှေး စသည် ပြုရန် အကျိုးငှါ။ ဂဟေတုံ၊ ငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကား အနက်)

အလုံးစုံသော လက်နက်ဘဏ္ဍာကို လှူသော် ဖျက်ဆီး၍ အသီး အသီး သုံး ဆောင်ရန် ခံခြင်းငှါ အပ်၏။ ။(ဋ္ဌင်း အဋ္ဌကထာ)။ ။ မြား တား မြစ်ရန် ဖြစ်သော ကာစသည်ကို လက်နက် ဖြစ်သော်လည်း ချမ်းသာကြောင်း ဖြစ်၍ ဘဏ္ဍာဘိုးအလို့ငှါ ခံအပ်၏။ ။(ဋ္ဌင်းအဋ္ဌကထာ)။ ။သားရေဖြင့် ဖွဲ့အပ် သော စည်, စောင်း, တရော, အိုးစည်, ဗုံ, မောင်း, ကြေးနှောင်, လင်းကွင်း, နှဲ,ပြွေ, ဝါးလက်ခုတ် စသော ပြီးပြီးသော တူရိယာ ဘဏ္ဍာ၊ မပြီး သေးသော စောင်းခွက်, စည်ခေါင်းကြက်ရန် ပြုအပ်ပြီးသော သားရေကြိုး စသော အဆောက်အဦ အလုံးစုံကိုလည်း သုံးသပ်ခြင်းငှါ မအပ်။ ။စမ္မဝိနဒ္ဓါနိ ဝီဏာ ဘေရိ အာဒီနိ အနာမာသာနိ။ ကုရုန္ဒိယံပန ဘေရိ သဃာတောပိ ဝီဏာသဃာ တောပိ တုစ္ဆပေါက္ခရံပိ မုခဝဋ္ဋိယံ အာရောပိတစမ္မံပိ သဗ္ဗံ အနာမာသန္တိ ဝုတ္တံ။ ။(ဋ္ဌင်းအဋ္ဌကထာ)။ ။စမ္မဝိနဒ္ဓါနိ၊ သားရေတို့ဖြင့် ကြက်အပ်ကုန် ပြီးသော။ ဘေရိယာဒီနိ၊ စည်ကြီး စသည်တို့သည်။ အနာမာသာနိ၊ မသုံးသပ် အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကုရုန္ဒိယံပန၊ ကုရုန္ဒီအဋ္ဌကထာ၌ကား။ ဘေရိ သဃာတောပိ၊ သားရေတို့ဖြင့် ကြက်အပ်ပြီးသော စည်မျိုးအပေါင်းသည်ရင်း။ ဝီဏာ သဃာတောပိ၊ သားရေတို့ဖြင့် ကြက်အပ်ပြီးသော စောင်းမျိုးအပေါင်း သည်ရင်း။ ။(ဘေရိ သဃာတောတိ သဃဋ္ဋိတစမ္မဘေရိ၊ ဝီဏာသဃာတော တိ သဃဋ္ဋိတစမ္မ ဝီဏာစမ္မ ဝိနဒ္ဓါနံ ဘေရိဝီဏာနံ အဓိဝစနံ။ ။ဟူသောတေရ သကာဏ္ဍိကာနှင့် အညီ ယောဇနာသည်)။ ။တုစ္ဆပေါက္ခရံပိ၊ သားရေတို့

ဖြင့် မကြက်အပ် သေးသော စောင်းခွက်- စည်ခေါင်း သည်ဒုင်း။ မုခဝဋ္ဋိယံ၊ စောင်းခွက်-စည်ခေါင်းတို့၏ အဝ၌။ အာရောပိဘ စမ္မံပိ၊ တင်ပြီးမှ အသီးခွါ ထုတ်၍ထားအပ်သော သားရေသည်ဒုင်း။ သဗ္ဗံ၊ အလုံးစုံသည်။ အနုာမာသံ၊ မသုံးသပ် အပ်သည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)။ ။စည်-စောင်း စသည်ကို မိမိကြက်ခြင်း၊ သူတပါးတို့ကို ကြက်စေခြင်းငှါလည်း မအပ်။ ။(ဒုင်း အဋ္ဌကထာ)။ ။ကြေးစည်၊ ခေါင်းလောင်း၊ ဆည်လည်း၊ ခလောက် ချူ-စသည်ကိုလည်း ကြေးနောင်ကဲ့သို့ပင် မသုံးသပ်အပ်။ ။သမ္မတ္တိ တာလံ၊ ဃဏ္ဋိကိင်္ကိဏိကာဒီနမ္ပိ ဧတ္ထေဝ သင်္ဂဟော။ ။(ဝိနိစ္ဆယဋီကာ)။ ။သမ္မတ္တိ၊ ဟူသည်ကား။ တာလံ၊ ကြေးနင်းတည်း။ ဝါ၊ ကြေးနောင်တည်း။ ဃဏ္ဋိ ကိင်္ကိဏိကာဒီနမ္ပိ၊ ခေါင်းလောင်း, ချူစသည် တို့ကိုလည်း။ ဧတ္ထေဝ၊ ဤကြေး နင်း၌သာလျှင်။ သင်္ဂဟော၊ သင်္ဂြိုဟ်ခြင်းသည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)

အလုံးစုံသော တူရိယာမျိုးကို ညှဉ်းဆဲကြောင်း မဟုတ်သည်ဖြစ်၍ ဘဏ္ဍာ ဘိုးအလို့ငှါ ခံအပ်၏။ လှူသော်ဖျက်၍ ထိုထို သုံးဆောင်ရန် ခံခြင်းငှါ အပ် ၏။ ။ထို့ကြောင့် အဋ္ဌကထာ ၌။ ။ဘဏ္ဍမူလတ္ထာယ သမ္ပဋိစ္ဆိတုမ္ပိ ဝဋ္ဋတိ၊ ပရိဘောဂတ္ထာယ လဗ္ဘမာနေပိပန ဝီဏာဒေါဏိကစ္ဆ ဘေရိပေါက္ခရစ္ဆ ဒန္တကဋ္ဌဘာဇနံ ကရိဿာမ။ ။စသည်ကို မိန့်အပ်၏။ ။ဘဏ္ဍ မူလတ္ထာယ၊ ဘဏ္ဍာဘိုးအလို့ငှါ။ သမ္ပဋိစ္ဆိတုမ္ပိ၊ ခံခြင်းငှါလည်း။ ဝဋ္ဋတိ၊ ၏။ ပန၊ ဆက် ၍ဆိုဦးအံ့။ ပရိဘောဂတ္ထာယ၊ သုံးဆောင်ခြင်းငှါ။ လဗ္ဘမာနေပိ၊ ရအပ်သော် လည်း။ ဝီဏာဒေါဏိကစ္ဆ၊ စောင်းခွက်ကိုဒုင်း။ ဘေရိပေါက္ခရစ္ဆ၊ စည်ခေါင်းကို ဒုင်း။ ဒန္တကဋ္ဌဘာဇနံ၊ ဒန်ပူထည့်ရာခွက်ကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ သို့။ တဿတဿ၊ ထိုထိုဝတ္ထု၏။ ဥပကရဏတ္ထာယ၊အဆောက်အဦ အကျိုးငှါ။ ဂဟေတွာ၊ ယူ၍။ တထာတထာ၊ ထိုထိုသို့သောအခြင်းအရာဖြင့်။ သမ္ပဋိစ္ဆိတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)

အပင်၌ရှိသော ပဲ့,ဗူး,ဖရုံ စသော အသီး-အရွက်၊ ထန်းအုန်း စသောအသီး တို့ကိုဒုင်း၊လူတို့သည် ခူးဆွတ်၍ အစုပြု၍ထားအပ်သည်တို့ကိုဒုင်း အကြောင်းမဲ့ လော်လီ သွမ်းသော ဆော့လို-ကစားလိုသော သဘောဖြင့် မကိုင်အပ်။ ။တတ္ထ ဇာတာနိ မုဂ္ဂမာသာဒီနိ အပရဏ္ဏာနိစ တာလပနသာဒီနိဝါ ဖလာနိ ကီဠန္တေန နအာမသိတဗ္ဗာနိ၊ မနုဿေသု ရာသိကတေသုပိ ဧသေဝနယော။ ။(ဒုင်း အဋ္ဌကထာ)။ ။တတ္ထ ဇာတာနိ၊ ထိုအပင်၌ ရောက်ကုန်သော။ မုဂ္ဂမာသာဒီနိ၊ ပဲနောက်,ပဲကြီး အစရှိကုန်သော။အပရဏ္ဏာနိစ၊ပဲတို့ကိုဒုင်း။ တာလပနသာဒီနိ၊

ထန်း, ပိန္နဲအစရှိကုန်သော။ ဖလာနိဝါ၊ အသီးတို့ကိုရင်း။ ကိဋ္ဌဒ္ဒေနေ၊ မြူးထူး ပျော်ပါး ကစားလိုသောသဘောဖြင့်။ နအာမသိတဗ္ဗာနိ၊ မသုံးသပ်အပ်ကုန်။ မနုဿသု၊ လူတို့သည်။ ရာသိကတေသုပိ၊ အစုပြုအပ်သော သစ်သီးစသည်တို့၌ လည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင် နည်းရှိ၏။ ။ရဟန်းတို့၏ ဥစ္စာ ဖြစ်သော ပဲ-ဗူး-ဖရုံစသော အသီး- အရွက်ကိုကား အကြောင်းရှိသော်လည်း သုံးသပ်ခြင်းငှါမအပ်။ ။ကိဋ္ဌဒ္ဒေနာတိဣဒံ ဂိဟိသန္တကံ သန္ဓာယ ဝုတ္တံ၊ ဘိက္ခုသန္တကံပန ယေနကေနစိ အဓိပ္ပါယေန အနာမသိတဗ္ဗမေဝ၊ ဒုရူပစိဏ္ဏဘာဝတော။ ။(တေရသကဏ်ဋီကာ)။ ။ကိဋ္ဌဒ္ဒေနာတိဣဒံဝစနံ၊ ကိဋ္ဌဒ္ဒေန-ဟူသော ဤစကားကို။ ဂိဟိသန္တကံ၊ လူတို့၏ဥစ္စာကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ဘိက္ခုသန္တကံပန၊ ရဟန်းတို့၏ဥစ္စာဖြစ်သော ပဲ-ဗူး စသည်တို့ကိုကား။ ယေနကေနစိ၊ အမှတ်မရှိဘာစုံတခုသော။ အဓိပ္ပါယေန၊ အလိုအားဖြင့်။ အနာမသိတဗ္ဗမေဝ၊ မသုံးသပ်အပ်သည် သာလျှင်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘဲ့ကြောင့်နည်း ဟူမူကား။ ဒုရူပစိဏ္ဏဘာဝတော၊ ဒုရူပစိဏ္ဏ၏ အဖြစ်ကြောင့်တည်း။ ။(ဤကား အနက်)။ ။ခေတ္တချထားအပ်သောမိန်းမ တို့၏ အဝတ်အရုံ, ယုတ်သော အပိုင်းအခြားအားဖြင့် ဆင်ရန်ဖြစ်သောမြက် ကရွတ်၊ လက်စွပ်၊ နားဒွေါင်းစသည်ကိုလည်း မသုံးသပ်အပ်။ ။နကေဝလဉ္စ မာတုဂါမဿ သရီရမေဝ အနာမာသံ၊ နိဝါသနပါဝုရဏမ္ပိ အာဘရဏဘဏ္ဍမ္ပိ တိဏဏ္ဍုပကံဝါ တာလပဏ္ဏမုဒ္ဒိကံဝါ ဥပါဒါယ အနာမသနမေဝ။ ။(ရင်းအဋ္ဌကထာ)။ ။စ၊ သည်သာမကသေး။ ကေဝလံ၊ သက်သက်။ မာတုဂါမဿ၊ မာတုဂါမ၏။ သရီရမေဝ၊ ကိုယ်သည်သာလျှင်။ အနာမာသံ၊ မသုံးသပ်အပ် သည်။ န၊ မဟုတ်သေး။ နိဝါသနပါဝုရဏမ္ပိ၊ အဝတ်အရုံသည်ရင်း။ အာဘရဏ ဘဏ္ဍမ္ပိ၊ ဆင်အပ်သောတန်းဆာသည်ရင်း။ တိဏဏ္ဍုပကံဝါ၊ မြက်ကရွတ်ကိုရင်း။ တာလပဏ္ဏမုဒ္ဒိကံဝါ၊ ထန်းရွက်ဖြင့်ပြုအပ်သော လက်စွပ်ကိုရင်း။ ဥပါဒါယ၊ အစွဲပြု၍။ သဗ္ဗံ၊ အလုံးစုံသည်။ အနာမာသမေဝ၊ မသုံးသပ် အပ်သည်သာလျှင်။ ဟောတိ၊ ၏။ ။(ဤကား အနက်)

အဝတ် အရုံစသည်ကိုလဲ၍ သင်္ကန်းစသည်အကျိုးငှါလှူအံ့၊ ယူခြင်းငှါအပ် ၏။ ။သစေပန နိဝါသနပါရုပနံဝါ ပရိဝတ္တေတွာ စီဝရတ္ထာယ ပါဒမူလေ ဌပေတိ ဝဋ္ဋတိ။ ။(ရင်းအဋ္ဌကထာ)။ ။ပန၊ အဘိုတပါးကိုဆိုဦးအံ့။ နိဝါသနပါ ရုပနံ၊ အဝတ်အရုံကို။ ပရိဝတ္တေတွာ၊ လဲလှယ်၍။ စီဝရတ္ထာယ၊ သင်္ကန်းအကျိုး ငှါ။ ပါဒမူလေ၊ ခြေရင်း၌။ သစေဌပေတိ၊ အကယ်၍ထားသည်ဖြစ်အံ့။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)။ ။ဤအတူ ဆင်စွယ်ဆံထိုးစသော ကပ္ပိယဘဏ္ဍာကို လှူသော် ယူ၍ အသုံးပြုခြင်းငှါအပ်၏။ ။(ရင်းအဋ္ဌကထာ)။ ။ပူဇော်ခြင်းငှါ

ဤနေရာ၌ထိုင်ပါလော-ဟု ခေတ္တခင်းပေးအပ်သော တဘက်စသည်၌လည်း ထိုင်ခြင်းငှါအပ်၏။ ။ပူဇာဒိအတ္ထံ တာဝကာလိကံပိ ဂဟေတုံ ဝဋ္ဋတိ။ ။(တေရသကဏ္ဍဋီကာ)။ ။ပူဇာဒိအတ္ထံ၊ ပူဇော်ခြင်းစသည် အကျိုးငှါ။တာဝကာလိကံပိ၊ အခိုက်အတန့်လည်း။ ဂဟေတုံ၊ ငှါ။ဝဋ္ဋတိ၊ ၏။ ။(ဤကားအနက်)။ ။မိန်းမ သဏ္ဍာန်ဖြင့် ပြုအပ်သော ယုတ်သောအပိုင်းအခြားအားဖြင့် ပါရာဇိက လောက်သော တိရစ္ဆာန်မရုပ်ကိုသော်လည်း သုံးသပ်ခြင်းငှါ မအပ်။ ။ဣတ္ထိသဏ္ဍာနေန ကတန္တိ ဧတ္ထ ဟေဋ္ဌိမပရိစ္ဆေဒတော ပါရာဇိကဝတ္ထုဘူတ တိရစ္ဆာနဂတိတ္ထိနံပိ အနာမာသဘာဝတော တာဒိသံ ဣတ္ထိသဏ္ဍာနေန ကတံ၊ တိရစ္ဆာနဂတရူပမ္ပိ အနာမာသန္တိ ဒဋ္ဌဗ္ဗံ။ ။(တေရသကဏ္ဍဋီကာ)။ ။ဣတ္ထိ သဏ္ဍာနေန ကတန္တိ ဧတ္ထ၊ ဟူသောပါဌ်၌။ ဟေဋ္ဌိမ ပရိစ္ဆေဒတော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ပါရာဇိက ဝတ္ထုဘူတာ တိရစ္ဆာနဂတိတ္ထိနံပိ၊ ပါရာဇိက လောက်သော ဝတ္ထုဖြစ်၍ဖြစ်သော တိရစ္ဆာန်မတို့၏လည်း။ အနာမာသဘာဝတော၊ မသုံးသပ်အပ်သည်၏ အဖြစ်ကြောင့်။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ဣတ္ထိသဏ္ဍာနေန၊ တိရစ္ဆာန်မသဏ္ဍာန်ဖြင့်။ ကတံ၊ ရေးသား ထုချုပ် ပြုလုပ်အပ်သော။ တိရစ္ဆာနဂတရူပံပိ၊ တိရစ္ဆာန်မ၏ အရုပ်သည်လည်း။ အနာမာသံ၊ မသုံးသပ်အပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။(ဤကားအနက်)။ ။ထို့ကြောင့် ကြက်မရုပ်စသည်ဖြစ်သော လက်ဘက်အုပ်စသည်ကိုလည်း ကိုင်ခြင်းငှါမအပ်။ မိန်းမရုပ်တို့ကိုပြ၍ ရေးသား ချုပ်လုပ်အပ်သော အဝတ်အခင်း နံရံ စသည်ကိုလည်း မိန်းမရုပ်ကို ကိုင်အံ့-ဟု နှလုံးမထားမူ၍ အဝတ်စသည်ကို ကိုင်ခြင်းငှါအပ်၏။ ။ဣတ္ထိ ရူပါနိ ဒဿေတွာ ကတံ ပဝတ္တဉ္စ ပစ္စတ္ထရဏဉ္စ ဘိတ္တိဉ္စ ဣတ္ထိရူပံ အနာမသိတွာ ဂဏှိတုံ ဝဋ္ဋတိ။ ။ဣတ္ထိရူပါနိ၊ မိန်းမရုပ်တို့ကို။ ဒဿေတွာ၊ ပြ၍။ ဝါ၊ ထင်စေ၍။ ကတံ၊ ရေးသား ချုပ်လုပ် အပ်သော။ ဝတ္ထဉ္စ၊ အဝတ်ကို ၎င်း။ ပစ္စတ္ထရဏဉ္စ၊ အခင်း ကို၎င်း။ ဘိတ္တိဉ္စ၊ နံရံကို၎င်း။ ဣတ္ထိရူပံ၊ မိန်းမရုပ်ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဂဏှိတုံ၊ ကိုင်ခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ။(ဤကား အနက်)

ခံအပ်သည်ဖြစ်၍ မကိုင်အပ်သည်ကို ပြခြင်း ဝိနိစ္ဆယပြီး၏။

(၇) ချည်ပုဆိုးစသော ကပ္ပိယ ဘဏ္ဍာသည် ခံအပ်, ကိုင်အပ်သောဝတ္ထု မည်၏။

မခံအပ် မကိုင်အပ် စသောဝတ္ထု ၄-ပါးကိုပြခြင်းဝိနိစ္ဆယပြီး၏။

ခုဒ္ဒက ဝတ္ထုကထာ ပြီး၏။

## ၉-ပကိဏ္ဏက ကဏ္ဍ

(၁) တရားနာတိုင်း ဓာသင်တိုင်း ကုသိုလ်ဖြစ်, မဖြစ်ကို ဆုံးဖြတ်ရာ သတ္တုပ္ပါဒ ဓာတမ်း။

(၂) ဖြဟ္မဝိဟာရ ဝိနိစ္ဆယ။

(၃) မိစ္ဆာဇီဝ အဆုံးအဖြတ်။

(၄) လောဟ ကုမ္ဘီငရဲ သည် အဝီစိငရဲ၌ အပါအဝင် ဖြစ်ကြောင်း အဆုံးအဖြတ်။

(၅) အဓမ္မိကဒါန ဝိနိစ္ဆယ။

(၆) ဝိဝဋ္ဋနိဿိတ ကုသိုလ်-ပဝတ္တိ, ပဋိသန္ဓေ အကျိုးကို ပေး,မပေး အဆုံးအဖြတ်။

(၇) မနောဒွါရာဝဇ္ဇန်းသည် ဒွါရသုံးပါး၌ ဖြစ်ကြောင်း အဆုံးအဖြတ်။

(၈) တဏှာ၏ ကုသိုလ်မည်ကြောင်း အဆုံးအဖြတ်။

(၉) သူ့အသက်ကို သတ်လျက် ဉာဏ်ဟု ဆိုသည်ကို ပြကြောင်း အဆုံးအဖြတ်။

(၁၀) ဒုစရိုက်ကိုပြုသော အခါ သိခြင်းအဆုံးအဖြတ်။

(၁၁) ခိုးသူလက်သို့ ရောက်ပြီးသော ပစ္စည်းကို ခိုးသူအားလှူရာ၌ ဒါန မြောက်ကြောင်း ဝိနိစ္ဆယ။

(၁၂) တဆူသော ဘုရားရှင်သည် တဆူသော ဘုရားအား ရှိခိုးထိုက်, ရှိမခိုးထိုက် ဝိနိစ္ဆယ။

(၁၃) သစ္စတက္က သရူပ ဝိနိစ္ဆယ။

(၁၄) သတ္တာဒိပဉ္စက သရူပ ဝိနိစ္ဆယ။

(၁၅) နစ္စာဒိ သိက္ခာပဒ ဘေဒါဘေဒရက္ခန ဝိနိစ္ဆယ။

(၁၆) သီလဆောက်တည်သောအခါ ဝိရတီဖြစ်-မဖြစ် ဝိနိစ္ဆယ။

(၁၇) အကုသလ ပုဗ္ဗာပရစေတနာဒါန ဝိနိစ္ဆယ။

(၁၈) စေတိယဒါန ဝိနိစ္ဆယ။

(၁၉) အတီတေ သမ္ဗုဒ္ဓေ, အစရှိသောပါဠိ၏ ဝိနိစ္ဆယ။

(၂၀) ပရိနိဗ္ဗာန်စံပြီးသော နာမ်ဝိသေသ, ရုပ်ဝိသေသ ရှိ,မရှိ ဝိနိစ္ဆယ။

(၂၁) နိဗ္ဗာန်သည် ထာဝရမည်ကြောင်း ဝိနိစ္ဆယ။

(၂၂) နိဗ္ဗာန်သည် နဂရမည်ကြောင်း ဝိနိစ္ဆယ။

(၂၃) ဘုရား၊ပစ္စေက ဗုဒ္ဓါတို့၏ မဿုပမာဏ ဝိနိစ္ဆယ။

(၂၄) အာနန္တရိယ ဖြစ်သော အပရာ ပရိယ ဝေဒနီယကံ မရှိကြောင်း ဝိနိစ္ဆယ။

(၂၅) လက္ခဏာရေး ၃-ပါးကိုသိမှ မဂ်ဖိုလ်ကိုရကြောင်း ဝိနိစ္ဆယ။

(၂၆) ပဋ္ဌာန်ဂါထာ၏အနက်အဓိပ္ပါယ်။

(၂၇) ကာမေသု မိစ္ဆာစာရကမ္မ ဝိနိစ္ဆယ။

(၂၈) ဝိကာလဘောဇန သိက္ခာပဒ ဝိနိစ္ဆယ။

(၂၉) ယုံမှားခြင်း ၁၆-ပါး ဝိနိစ္ဆယ။

(၃၀) တဒင်္ဂမဂ် အဆုံးအဖြတ်။

(၃၁) အာဒိဗြဟ္မစရိယက သီလာဒိသရူပ ဝိနိစ္ဆယ။

(၃၂) အာပတ္တိကမ္မတော အာနန္တရိယ ကမ္မဗလဝ ဝိနိစ္ဆယ။

(၃၃) သမာဒါနက္ခဏ ဝိရတိဘာဝါဘာဝ ဝိနိစ္ဆယ။

(၃၄) ဝိကာလဘောဇနာဒိသိက္ခာပဒ ဝိရတိဘာဝါဘာဝ ဝိနိစ္ဆယ။

(၃၅) နို့စို့သားငယ်တို့ သီလစောင့်ကြောင်း ဝိနိစ္ဆယ။

(၃၆) ယုန်,ဖျံ စသည်တို့ဥပုသ်စောင့်ရာ၌ ဝိရတိ ရ,မရ ဝိနိစ္ဆယ။

(၃၇) ကေသိက္ခာပဒ ပုဗ္ဗစေတနာ ဝိနိစ္ဆယ။

(၃၈) ပရိယတ္တိဒါနာဒိ အာရမ္မဏဘေဒ ဝိနိစ္ဆယ။

(၃၉) သဒ္ဒံပဋ္ဌမစိတ္တေန,စသော ဂါထာ၏ အနက်,အဓိပ္ပါယ်။

(၄၀) ဗြဟ္မာ ကိုးယောက် အဆုံးအဖြတ်။

(၄၁) သက္ကာယဒိဋ္ဌိ အပါယပဋိသန္ဓိဒါန ဝိနိစ္ဆယ။

(၄၂) သုရာပါန, သုရာပါနကမ္မ, ဝိရတိကမ္မ ဝိနိစ္ဆယ။

(၄၃) သောဠသပုစ္ဆာ ဝိဿဇ္ဇနာ။

(၄၄) တပါးသော လောကဓာတ်၌ ဘုရား မပွင့်ကြောင်း ဝိနိစ္ဆယ။

(၄၅) ပစ္စုပ္ပန်, အနာဂတ် ပကတူပနိဿယ ပစ္စည်း အဆုံးအဖြတ်။

## သတ္တပ္ပါဒစာတမ်း

(၁) တရားနာတိုင်း စာသင်တိုင်း ကုသိုလ်ဖြစ်,မဖြစ်ကို သိလိုပါသည့် မေးလျှောက်ရာ၌ အဆုံးအဖြတ်ကို ဤသို့သိမှတ်ရာ၏။

တရားတော်ကိုနာယူခြင်း၌ အကျိုးအပြစ်ကို မသိသော ဉာဏ်နုသောသူတို့တွင် အချို့သော သူတို့အား တရားတော်ကို နာခြင်းဖြင့်ပင် စီးပွါးမဲ့ခြင်း၊ ဆင်းရဲခြင်း၏အကြောင်း မကောင်းမှု တရားဖြစ်ပွါး၍ နေသည်။ အချို့သော သူတို့အား တရားတော်ကိုနာခြင်းဖြင့် အကုသိုလ်မူကား မဖြစ်၊ ကုသိုလ်ပင် ဖြစ်ငြားသော်လည်း များသော အကျိုးရှိသော ကုသိုလ်မဖြစ်၊ နည်းသော အကျိုးရှိသော ကုသိုလ်သာဖြစ်သည်။ အချို့သောသူတို့အား တရားတော်ကိုနာခြင်းဖြင့် များစွာအကျိုးရှိသော ကုသိုလ်တရားဖြစ်ပွါး၍ရှိသည်။ သို့ဖြစ်၍ သတိကောင်းကောင်းကြီးရကြသဖြင့် တရားတော်ကိုနာခြင်းဖြင့် စီးပွါးမဲ့ခြင်း ဆင်းရဲခြင်း၏အကြောင်း မကောင်းမှုတရား ဖြစ်ပွါးခြင်း (၁)၊ နည်းသော အကျိုးရှိသော ကုသိုလ်တရားဖြစ်ပွါးခြင်း(၂)၊ ၎င်းနှစ်ပါး၏ အကြောင်းဖြစ်သော မကောင်းသော တရားနာခြင်း၊ စာသင်ခြင်းကို မဖြစ်စေကြခြင်း၊ များသော အကျိုးရှိသော ကုသိုလ်တရား ဖြစ်ပွါးကြောင်း ကောင်းသောတရားနာခြင်း၊ စာသင်ခြင်းကို ဖြစ်စေကြခြင်း အကျိုးငှါ တရားတော်ကို နာယူရာ၌ အကျိုးအပြစ်ကို စီစစ်၍ပြပေအံ့—

တရားတော်ကို နာယူခြင်းသည် အလဂဒ္ဒူပမာ ပရိယတ္တိ....အဆိပ်ထန်သော မြွေကိုဘမ်းသည်နှင့် ဥပမာတူသော တရားနာခြင်း,စာသင်ခြင်းဟု ဆိုအပ်သော အလဂဒ္ဒူပမာ ပရိယတ္တိ(၁)၊ နိဿရဏတ္ထပရိယတ္တိ....ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးရှိသော တရားနာခြင်း, စာသင်ခြင်းဟု ဆိုအပ်သော နိဿရဏတ္ထ ပရိယတ္တိ(၂)၊ ဘဏ္ဍာဂါရိက ပရိယတ္တိ.... ဘဏ္ဍာတိုက်ကို စောင့်ရှောက်သော ဘဏ္ဍာစိုးလျှင် ဥပမာရှိသော တရားနာခြင်း, စာသင်ခြင်းဟု ဆိုအပ်သော ဘဏ္ဍာဂါရိက ပရိယတ္တိ (၃)၊ ဤသို့ သုံးပါးရှိသည်။ ။ထိုသုံးပါးတို့တွင် အဆိပ်ထန်သောမြွေကို အရင်း၌ဆိတ်ခွါသဏ္ဌာန် အခွရှိသော တောင်ဝှေးဖြင့် နှိပ်၍ လည်၌မကိုင်မူ၍ မကောင်းသဖြင့် ကိုယ်၌၎င်း၊ အမြီး၌၎င်း ကိုင်ခြင်းနှင့်တူသော ဝါဒဖြင့် သူတပါးတို့ကိုနှိပ်ခြင်း၊ သူတပါးတို့က မိမိကိုနှိပ်ခြင်းမှ လွတ်ခြင်းကို တောင့်တ၍ စီးပွါးမဲ့ခြင်း၊ ဆင်းရဲခြင်း၏အကြောင်း မကောင်းမှု စင်စစ် ဖြစ်သော တရားတော်ကိုနာယူခြင်း, စာပေကျမ်းဂန် သင်ကြားခြင်းသည် အလဂဒ္ဒူပမာ ပရိယတ္တိမည်၏။ ။ထို့ကြောင့် မူလပဏ္ဏာသ ပါဠိတော် အလဂဒ္ဒူပမာသုတ်၌။ ။သေယျထာပိ ဘိက္ခဝေ ပုရိသော အလဂဒ္ဒတ္ထိကော အလဂဒ္ဒ

ဂဝေသီ အလဂ္ဂဒ္ဒပရိယေသနံ စရမာနော၊ သော ပဿေယျ မဟန္တံ အလဂ္ဂဒ္ဒံ၊ တမေနံ ဘောဂေ ဝါ နင်္ဂုဋ္ဌေ ဝါ ဂဏှေယျ၊ တဿ သော အလဂ္ဂဒ္ဒေါ ပဋိဝတ္တိတွာ ဟတ္ထေ ဝါ ဗာဟာယ ဝါ အညတရသ္မိံ ဝါ အင်္ဂပစ္စင်္ဂေ ဍံသေယျ၊ သော တတောနိဒါနံ မရဏံ ဝါ နိဂစ္ဆေယျ၊ မရဏမတ္တံ ဝါ ဒုက္ခံ၊ တံကိဿဟေတု၊ ဒုဂ္ဂဟိတတ္တာ ဘိက္ခဝေ အလဂ္ဂဒ္ဒဿ၊ ဧဝမေဝခေါ ဘိက္ခဝေ ဣဓေကစ္စေ မောဃပုရိသာ ဓမ္မံ ပရိယာပုဏန္တိ၊ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ တေတံ ဓမ္မံ ပရိယာပုဏိတွာ တေသံ ဓမ္မာနံ ပညာယ အတ္ထံ နဥပပရိက္ခန္တိ၊ တေသံ တေ ဓမ္မာ ပညာယ အတ္ထံ အနုပပရိက္ခတံ နနိဇ္ဈာနံ ခမန္တိ၊ တေ ဥပါရမ္ဘာနိသံသာ စေဝ ဓမ္မံ ပရိယာပုဏန္တိ ဣတိဝါဒပ္ပမောက္ခာနိသံသာ စ၊ ယဿတ္ထာယ စ ဓမ္မံ ပရိယာပုဏန္တိ၊ တဉ္စ အတ္ထံ နာနုဘောန္တိ၊ တေသံ တေ ဓမ္မာ ဒုဂ္ဂဟိတာ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ၊ တံကိဿဟေတု ဒုဂ္ဂဟိတတ္တာ ဘိက္ခဝေ ဓမ္မာနံ။ ။ဟု မြတ်စွာဘုရားသည် ဟောတော်မူအပ်ပြီ။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ အလဂ္ဂဒ္ဒတ္ထိကော၊ အဆိပ်ထန်သောမြွေဖြင့် အလိုရှိသည်ဖြစ်၍။ အလဂ္ဂဒ္ဒဂဝေသီ၊ အဆိပ်ထန်သောမြွေကို ရှာလေ့ရှိသည်။ အလဂ္ဂဒ္ဒ ပရိယေသနံ၊ အဆိပ်ထန်သောမြွေကို ရှာခြင်းငှါ။ စရမာနော၊ သွားသည်။ ဟောတိ၊ ဖြစ်၏။ သောပုရိသော၊ ထို ယောကျ်ားသည်။ မဟန္တံ၊ ကြီးစွာသော။ အလဂ္ဂဒ္ဒံ၊ အဆိပ်ထန်သောမြွေကို။ ပဿေယျ၊ မြင်ရာ၏။ တမေနံ၊ ထိုအဆိပ်ထန်သောမြွေကို။ ဘောဂေ ဝါ၊ ကိုယ်၌ ၎င်း။ နင်္ဂုဋ္ဌေ ဝါ၊ အမြီး၌၎င်း။ ဂဏှေယျ၊ ကိုင်ငြားအံ့။ သောအလဂ္ဂဒ္ဒေါ၊ ထို မြွေသည်။ ပဋိဝတ္တိတွာ၊ လှည့်လည်၍။ တဿ ပုရိသဿ၊ ထို ယောကျ်ား၏။ ဟတ္ထေ ဝါ၊ လက်၌၎င်း။ ဗာဟာယ ဝါ၊ လက်မောင်း၌၎င်း။ အညတရသ္မိံ၊ အမှတ်မရှိ တခုခုသော။ အင်္ဂပစ္စင်္ဂေ ဝါ၊ အင်္ဂါကြီးငယ်၌၎င်း။ ဍံသေယျ၊ ကိုက်ရာ၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ တတောနိဒါနံ၊ ထိုမြွေကိုက်ခြင်းဟူသော အကြောင်းကြောင့်။ မရဏံ ဝါ၊ သေခြင်းသို့၎င်း။ မရဏမတ္တံ၊ သေလောက်အောင် အတိုင်းအရှည်ရှိသော။ ဒုက္ခံ ဝါ၊ ဆင်းရဲသို့၎င်း။ နိဂစ္ဆေယျ သေယျထာပိ၊ ရောက်ရာသကဲ့သို့။ တံ၊ ထိုသို့ရောက်ခြင်းသည်။ ကိဿဟေတု၊ အဘယ် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်လေသနည်း ဟူမူကား။ ဘိက္ခဝေ၊ တို့။ အလဂ္ဂဒ္ဒဿ၊ အဆိပ်ထန်သောမြွေကို။ ဒုဂ္ဂဟိတတ္တာ၊ မကောင်းသဖြင့် ကိုင်အပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုသို့ ရောက်ခြင်းသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ မောဃပုရိသာ၊ မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးဖြစ်ကုန်သော

ယောကျ်ားတို့သည်။ ဓမ္မံ၊တရားတော်မြတ်ကို။ ပရိယာပုဏန္တိ၊ သင်ကြား နာယူကြကုန်၏။ သုတ္တံ၊ သုတ်ကို။ ဂေယျံ၊ ဂေယျကို။ ဝေယျာကရဏံ၊ ဝေယျာကရဏကို။ဂါထံ၊ ဂါထာကို။ ဥဒါနံ၊ ဥဒါန်းကို။ဣတိဝုတ္တကံ၊ ဣတိဝုတ်ကို။ဇာတကံ၊ ဇာတ်ကို။ အဗ္ဘုတဓမ္မံ၊ အဗ္ဘုတဓမ္မကို။ ဝေဒလ္လံ၊ ဝေဒလ္လကို။ ပရိယာပုဏန္တိ၊ သင်ကြား နာယူကြကုန်၏။ တေမောဃပုရိသာ၊ ထိုမဂ်,ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးဖြစ်ကုန်သောယောကျ်ားတို့သည်။တံဓမ္မံ၊ ထိုတရားတော်ကို။ ပရိယာပုဏိတွာ၊ သင်ကြားနာယူကုန်ပြီး၍။ တေသံဓမ္မာနံ၊ ထိုတရားတော်တို့၏။ အတ္ထံ၊ အနက်သဘောကို။ ဝါ၊ အကျိုးကို။ ပညာယ၊ ပညာဖြင့်။ နဥပပရိက္ခန္တိ၊ ကပ်၍ မရှုမဆင်ခြင်ကုန်။ တေဓမ္မာ၊ထိုတရားတော်တို့သည်။ပညာယ၊ ပညာဖြင့်။အတ္ထံ၊ အနက်သဘောကို။ ဝါ၊ အကျိုးကို။ အနုပပရိက္ခတံ၊ ကပ်၍ မရှုမဆင်ခြင်ကုန်သော။ တေသံ မောဃပုရိသာနံ၊ထိုမဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးဖြစ်ကုန်သော ယောကျ်ားတို့၏။ နိဇ္ဈာနံ၊ ပညာကို။ နက္ခမန္တိ၊ မခံကုန်။ (တနည်းကား) ပညာယ၊ ပညာဖြင့်။ အတ္ထံ၊ အနက်သဘောကို။ ဝါ၊အကျိုးကို။ အနုပပရိက္ခတံ၊ ကပ်၍မရှုကုန်သော။ တေသံ မောဃပုရိသာနံ၊ ထိုမဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီး ဖြစ်ကုန်သော ယောကျ်ားတို့သည်။ တေဓမ္မာ၊ ထိုတရားတို့ကို။ နိဇ္ဈာနံ၊ ပညာဖြင့်မြင်၍။ နက္ခမန္တိ၊ မနှစ်သက်အပ်ကုန်။ တေမောဃပုရိသာ၊ ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သောယောကျ်ားတို့သည်။ဥပါရမ္ဘာနိသံသာစေဝ၊ သူတပါး တို့၏အထက်၌ နှိပ်သောဝါဒကို တင်ခြင်းအကျိုးရှိကုန်သည်ဖြစ်၍ရင်း။ဣတိဝါဒ ပမောက္ခာနိသံသာစ၊ မိမိ၏အထက်၌ သူတပါးတို့သည် တင်အပ်သော ထိုထိုနှိပ် သောဝါဒမှလွတ်ခြင်းအကျိုးရှိကုန်သည်ဖြစ်၍ရင်း။ဓမ္မံ၊ တရားတော်ကို။ပရိယာ ပုဏန္တိ၊ သင်ကြား နာယူကြကုန်၏။ စ၊ မရသည့်ကိုဆိုဦးအံ့။ ကုလပုတ္တာ၊ အမျိုး ကောင်းသားတို့သည်။ ယဿ၊ အကြင်သီလစသည့်ကို ဖြည့်ကျင့်ခြင်း၏။ ဝါ၊ မဂ်,ဖိုလ်,နိဗ္ဗာန်၏။ အတ္ထာယ၊ အကျိုးငှါ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပရိယာ ပုဏန္တိ၊ သင်ကြား နာယူကြကုန်၏။ အဿဓမ္မဿ၊ ထိုဘုရားတော်၏။ တံအတ္ထံ၊ ထိုသီလစသည့်ကို ဖြည့်ကျင့်ခြင်းဟုဆိုအပ်သော အကျိုးကို။ ဝါ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးကို။ နာနုဘောန္တိစ၊ မခံစားရကုန်သည်သာဘည်း။ဘေသံ မောဃပုရိသာနံ၊ ထိုမဂ်,ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ယောကျ်ားတို့အား။ ဒုဂ္ဂဟိတာ၊ မကောင်းသဖြင့် သင်ကြား နာယူအပ်ကုန်သော။ တေဓမ္မာ၊ ထို တရားတို့သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး။ အဟိတာယ၊ အစီး အပွါးမဲ့ခြင်းငှါ။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းစွာဖြစ်ကုန်၏။ တံ၊ ထိုသို့ စီးပွါးမဲ့ခြင်း ဆင်းရဲခြင်း၏အကြောင်းသည်။ ကိဿဟေတု၊ အဘယ် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်လေသနည်း။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ ဓမ္မာနံ၊ တရားတော်တို့ကို။

ဒုဂ္ဂဟိတတ္တာ၊ မကောင်းသဖြင့် သင်ကြား နာယူအပ်သည်၏အဖြစ်ကြောင့်။ တံ၊ ထိုသို့ စီးပွါးမဲ့ခြင်း ဆင်းရဲခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ (ဤကား အနက်)

အဓိပ္ပါယ်ကား—အဆိပ်ထန်သောမြွေကို အရင်း၌ ဆိတ်ခွါ သဏ္ဍာန်အခွရှိသော တောင်ဝှေးဖြင့်နှိပ်၍ လည်၌မကိုင်မူ၍ မကောင်းသဖြင့်ကိုယ်၌ရင်း၊အမြီး၌ရင်း ကိုင်သောယောကျ်ားသည် မြွေလှည့်၍ ကိုက်ခြင်းကြောင့် သေခြင်းသို့ရင်း၊ သေလောက်အောင် အတိုင်းအရှည်ရှိသော ဆင်းရဲသို့ရင်း ရောက်ရာသကဲ့သို့ ထို့အတူ၊ မိမိဝါဒဖြင့် သူတပါးတို့ကို နှိပ်အံ့ဟူ၍ရင်း၊ သူဘပါးတို့က မိမိကို နှိပ်သည်ကိုလည်း လွတ်အောင် ပြောဆိုအံ့ဟူ၍ရင်း၊ ဒေါသမာနရှေ့သွားသဖြင့် တရားတော်ကို သင်ကြား နာယူကုန်သော သူယုတ်မာတို့သည် ဤလောက၌ သူတပါးတို့ကိုနှိပ်ရခြင်း၊ သူဘပါးတို့က မိမိကိုနှိပ်သည်မှ လွတ်ရခြင်းအကျိုးမျှသာရှိကုန်၏။ အမျိုးကောင်းသားတို့သည် ခံစားအပ်သော ဒါန,သီလ,ဘာဝနာတို့၏ပြည့်စုံခြင်း မဂ်,ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးကို မခံစားရကုန်။ စင်စစ်သော်ကား— မကောင်းသဖြင့် သင်ကြား နာယူအပ်ကုန်သော တရားတို့သည် ထိုသူယုတ်မာတို့အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်း ဆင်းရဲခြင်း အကျိုးငှါသာ ဖြစ်ကုန်၏ဟူလိုသည်။ ။လာဘ်ပူဇော်သကာ အကျော် အစောကိုလို၍သင်ကြား နာယူခြင်းသည်လည်း စီးပွါးမဲ့ခြင်း ဆင်းရဲခြင်း၏အကြောင်း မကောင်းမှု စင်စစ်ဖြစ်သော အလဂဒ္ဒူပမာ ပရိယတ္တိပင်မည်၏။ ။ထို့ကြောင့် မူလပဏ္ဏာသ အဋ္ဌကထာ၌။ ။ယောပိ ဗုဒ္ဓဝစနံ စီဝရာဒီနိ ဝါ လဘိဿာမိ၊ စတုပရိသမဇ္ဈေ ဝါ မံ ဇာနိဿန္တီတိ လာဘသက္ကာရဒိဟေတု ပရိယာပုဏာတိ။ တဿ သာပရိယတ္တိ အလဂဒ္ဒူပမာ ပရိယတ္တိနာမ။ ။ဟု မိန့်အပ်ပြီ။ ။ ယောပိ၊ အကြင်သူသည်လည်း။ ဝံ၊ ဤသို့တရားတော်ကို သင်ကြား နာယူသည်ရှိသော်။ စီဝရာဒီနိဝါ၊ သင်္ကန်းစသည်တို့ကိုမူလည်း။ လဘိဿာမိ၊ ရအံ့။ စတုပရိသမဇ္ဈေဝါ၊ ပရိသတ်လေးပါးတို့၏ အလယ်၌မူလည်း။ မံ၊ ငါ့ကို။ ဇာနိဿန္တိ၊ စာတတ်တယောက် ခေါ်စလောက်သောသူဘည်းဟု သိကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ လာဘသက္ကာရဒိဟေတု၊ လာဘ်ပူဇော်သကာ အကျော်အစောကို အလိုရှိခြင်းဟူသော အကြောင်းကြောင့်။ ပရိယာပုဏာတိ၊ သင်ကြား နာယူ၏။ တဿ၊ ထိုသူ၏။ သာပရိယတ္တိ၊ ထိုသင်ကြား နာယူခြင်းသည်။ အလဂဒ္ဒူပမာ ပရိယတ္တိနာမ၊ အလဂဒ္ဒူပမာ ပရိယတ္တိမည်၏။ ။(ဤကားအနက်)

ဤသို့ ဒုစရိုက်စင်စစ်ဖြစ်သော သူတပါးတို့ကို မိမိကနှိပ်ခြင်း၊ သူတပါးတို့က မိမိကိုနှိပ်သည်မှ လွတ်စေခြင်း၊ လာဘ်ပူဇော်သကာ အကျော်အစောကို ဖြစ်စေခြင်းကို ငဲ့၍ သင်ကြား နာယူခြင်းထက်၊ အိပ်၍နေခြင်းသာ အထူးသဖြင့် မြတ်

၏။ ။ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ၌။ ။ဝေံ ပရိယာပုဏနတော ဟိ ဗုဒ္ဓဝစနံ အပရိယာပုဏိတွာ နိဒ္ဒေါက္ကမနံ ဝရတရံ။ ။ဟု မိန့်အပ်ပြီ။ ။ ဟိ၊ ထိုစကားသင့်စွ။ဧဝံပရိယာပုဏနတော၊ ဤသို့လာဘ်ပူဇော်သကာ အကျော် အစောကိုငဲ့၍ သင်ကြားနာယူခြင်းထက်။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကား တော်ကို။ အပရိယာပုဏိတွာ၊ မသင်ကြား မနာယူမူ၍။ နိဒ္ဒေါက္ကမနံ၊ အိပ်ပျော် ခြင်းသို့ သက်ခြင်းသည်။ ဝရတရံ၊ အထူးသဖြင့် မြတ်သေး၏။ ။(ဤကား အနက်)။ ။ဓမ္မပဒ၌လည်း—ယာဝဒေဝ အနတ္ထာယ၊ ဉာတ္တံဗာလဿဇာယတိ။ ။ ဟူ၍ ဟောတော်မူအပ်ပြီ။ ။ဗာလဿ၊ မာန, ဒေါသ, လောဘတရား ပြန့်ပွါး မိုက်မဲသော သူ၏။ ဉာတ္တံ၊ ထင်ရှားသည်၏ အဖြစ်သည်။ ဝါ၊သိကြား နားလည် သည်၏ အဖြစ်သည်။ ယာဝဒေဝ၊ အလွန်လျှင်။ အနတ္ထာယ၊ အကျိုးမဲ့ခြင်းငှါ။ ဇာယတိ၊ ဖြစ်၏။ ။(ဤကားအနက်)

အဆိပ်ထန်သော မြွေကို ကိုယ်၌ရင်း၊ အမြီး၌ရင်း မဲကိုင်မူ၍ အရင်း၌ ဆိတ်ခွါသဏ္ဍာန် အခွရှိသော တောင်ဝှေးဖြင့် နှိပ်၍ကောင်းသဖြင့် လည်ပင်း ၌ ကိုင်ခြင်းနှင့် တူသော ဒါန, သီလ စသည်တို့၏ ပြည့်စုံခြင်းကို တောင့်တ၍ စီးပွါးခြင်း ချမ်းသာခြင်း၏ အကြောင်း ကောင်းမှု စင်စစ်ဖြစ်သော တရား တော်ကို သင်ကြား နာယူခြင်းသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုး ရှိ သော နိဿရဏတ္ထ သင်ကြား နာယူခြင်း မည်၏။ ။ထို့ကြောင့် မူလပဏ္ဏာ သ ပါဠိတော် အ လဂ္ဂဒ္ဒူပမ သုတ်၌။ ။သေ ယျ ထာပိ ဘိက္ခဝေ ပုရိသော အလဂ္ဂဒ္ဒတ္ထိကော အလဂ္ဂဒ္ဒဂဝေသီ အလဂ္ဂဒ္ဒပရိယေသနံ စရမာနော ပဿေယျ မဟန္တံ အလဂ္ဂဒ္ဒံ။ တမေနံ အဇပဒေန ဒဏ္ဍေန သုနိဂ္ဂဟိတံ နိဂ္ဂဏှေယျ၊အဇပဒေန ဒဏ္ဍေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ ဂီဝါယ သုဂ္ဂဟိတံ ဂဏှေယျ။ ကိဉ္စာပိ သော ဘိက္ခဝေ အလဂ္ဂဒ္ဒေါ တဿပုရိသဿ ဟတ္ထံဝါ ဗာဟံဝါ အညတရံ အင်္ဂပစ္စင်္ဂံ ဘောဂေဟိ ပလိဝေဌေယျ၊ အထခေါ သော နေဝ တတော နိဒါနံ မရဏံဝါ နိဂစ္ဆေယျ မရဏမတ္တံဝါ ဒုက္ခံ၊ တံကိဿဟေတု၊ သုဂ္ဂဟိတတ္တာ ဘိက္ခဝေ အလဂ္ဂဒ္ဒဿ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဣဓေကစ္စေ ကုလပုတ္တာ ဓမ္မံ ပရိယာပုဏန္တိ ။ပ။ တေ တံဓမ္မံ ပရိယာပုဏိတွာ တေသံ ဓမ္မာနံ ပညာယ အတ္ထံ ဥပပရိက္ခန္တိ။ တေသံ တေဓမ္မာ ပညာယ အတ္ထံ ဥပပရိက္ခတံ နိဇ္ဈာနံ ခမန္တိ။ တေနစေဝ ဥပါ ရမ္ဘာနိသံသာ ဓမ္မံ ပရိယာပုဏန္တိ။ နဣတိဝါဒပမောက္ခာနိသံသာစ။ ယဿ စတ္ထာယ ဓမ္မံ ပရိယာ ပုဏန္တိ။ တဉ္စအတ္ထံ အနုဘောန္တိ။ တေသံ တေဓမ္မာ သုဂ္ဂဟိ တာ ဒီဃရတ္တံ ဟိတာယ သုခါယ သံဝတ္တန္တိ။ တံကိဿဟေတု။ သုဂ္ဂဟိတတ္တာ ဘိက္ခဝေ ဓမ္မာနံ။ ။ဟု မြတ်စွာဘုရား ဟောတော် မူအပ်ပြီ။ ။ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ သေယျ ထာပိ၊ လောက၌ နှိုင်းဆ၍ သိစရာ ဥပမာ မည်သည်ကား။ အလဂ္ဂဒ္ဒတ္ထိကော၊

အဆိပ်ထန်သော မြေကို အလိုရှိသော်။ ပုရိသော၊ ယောကျ်ားသည်။ အလဂ္ဂဒ္ဒ ဂဝေသီ၊ အဆိပ်ထန်သော မြွေကို ရှာလေ့ ရှိသည်ဖြစ်၍။ အလဂ္ဂဒ္ဒ ပရိယေသနံ၊ အဆိပ်ထန်သောမြွေကိုရှာခြင်းငှါ။ စရမာနော၊ သွားသည်။ ဟောတိ၊ ဖြစ်၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ မဟန္တံ၊ ကြီးစွာသော။ အလဂ္ဂဒ္ဒံ၊ အဆိပ်ထန်သော မြွေကို။ ပဿေယျ၊ မြင်ရာ၏။ တမေနံ၊ ထိုမြွေကို။ အဇပဒေန၊ ဆိတ်ခြေနှင့်တူသော။ ဒဏ္ဍေန၊ အရင်း၌ အခွရှိသော ဘောင်ဝှေးဖြင့်။ သုနိဂ္ဂဟိတံ၊ ကောင်းစွာ နှိပ်အပ်သည်ကိုပြု၍။ နိဂ္ဂဟေတွာ၊ နှိပ်၍။ ဂီဝါယ၊ လည်ပင်း၌။ သုဂ္ဂဟိတံ၊ ကောင်းစွာကိုင်အပ်သည်ကိုပြု၍။ ဂဏှေယျ၊ ကိုင်ရာ၏။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ သော အလဂ္ဂဒ္ဒေါ၊ ထိုမြွေသည်။ တဿပုရိသဿ၊ ထိုယောကျ်ား၏။ ဟတ္ထံဝါ၊ လက်ကိုငင်း။ ဗာဟံဝါ၊ မောင်းကိုငင်း။ အညတရံ၊ အမှတ်မရှိ တပါး ပါးသော။ အင်္ဂပစ္စင်္ဂ၊ အင်္ဂါကြီးငယ်ကို။ ဘောဂေဟိ၊ အခွေတို့ဖြင့်။ ကိဉ္စာပိ ပလိဝေဌေယျ၊ အကယ်၍ ရစ်ပတ်ရာ၏။ အထခေါ၊ ယင်းသို့ ရစ်ပတ်သော်သည်း။ သော ပုရိသော၊ ထိုယောကျ်ားသည်။ တတော နိဒါနံ၊ ထိုမြွေ ရစ်ပတ်ခြင်း-ဟူသော အကြောင်းကြောင့်။ မရဏံဝါ၊ သေခြင်းသို့ငင်း။ မရဏမတ္တံ၊ သေလောက်အောင် အတိုင်းအရှည် ရှိသော။ ဒုက္ခံဝါ၊ ဆင်းရဲသို့ငင်း။ နေဝ နိဂစ္ဆေယျသေယျထာပိ. မရောက်ရာ သကဲ့သို့။ တံ၊ ထိုသို့မရောက်ခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်လေသနည်း- ဟူမူကား။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ အလဂ္ဂဒ္ဒဿ၊ မြွေကို။ သုဂ္ဂဟိတတ္တာ၊ ကောင်းစွာကိုင်အပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုသို့ မရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပရိယာပုဏန္တိ၊ သင်ကြားနာယူကြကုန်၏။ တေ၊ ထိုအမျိုးကောင်းသားတို့သည်။ တံ ဓမ္မံ၊ ထိုဘရားတော်မြတ်ကို။ ပရိယာပုဏိတွာ၊ သင်ကြားနာယူကုန်ပြီး၍။ တေသံဓမ္မာနံ၊ ထိုတရားတော်တို့၏။ အတ္ထံ၊ အနက်သဘောကို။ ဝါ၊ အကျိုးကို။ ပညာယ၊ ပညာဖြင့်။ ဥပပရိက္ခန္တိ၊ ကပ်၍ရှုဆင်ခြင်ကုန်၏။ တေဓမ္မာ၊ ထိုတရားတော်တို့သည်။ ပညာယ၊ ပညာဖြင့်။ အတ္ထံ၊ အနက်သဘောကို၊ ဝါ၊ အကျိုးကို။ ဥပပရိက္ခတံ၊ ကပ်၍ရှုဆင်ခြင်ကုန်သော။ တေသံ၊ ထိုအမျိုးကောင်းသားတို့၏။ နိဇ္ဈာနံ၊ ပညာကို။ ခမန္တိ၊ ခံကုန်၏။ ။(တနည်းကား)။ ။ပညာယ၊ ပညာဖြင့်။ အတ္ထံ၊ အနက်သဘောကို။ ဝါ၊ အကျိုးကို။ ဥပပရိက္ခတံ၊ ကပ်၍ရှုဆင်ခြင်ကုန်သော။ တေသံ၊ ထိုအမျိုးကောင်းသားတို့သည်။ ဓမ္မာ၊ ထိုတရားတော်တို့ကို။ နိဇ္ဈာနံ၊ ပညာဖြင့် မြင်၍။ ခမန္တိ၊ နှစ်သက်အပ်ကုန်၏။ တေ၊ ထိုအမျိုးကောင်းသားတို့သည်။

ဥပါရမ္ဘာနိသံသာစ၊ သူတပါးတို့၏ အထက်၌ ဝါဒကိုတင်ခြင်း အကျိုး ရှိကုန်သည် ဖြစ်၍လည်း။ ဓမ္မံ၊ တရားတော်မြတ်ကို။ နပရိယာ ပုဏန္တိစေဝ၊ မသင်ကြား မနာယူကုန်သည်ရင်း။ ဣတိဝါဒ ပမောက္ခာနိသံသာစ၊ သူတပါးတို့က တင်အပ်သော ဝါဒမှ လွတ်ခြင်းအကျိုးရှိကုန်သည် ဖြစ်၍ရင်း။ ဓမ္မံ၊ တရားတော်မြတ်ကို။ နပရိယာ ပုဏန္တိ၊ မသင်ကြား မနာယူကုန်။ စ၊ ရသည်ကို ဆိုဦးအံ့။ ယဿ၊ အကြင်မဂ်ဖိုလ်နိဗ္ဗာန်၏။ အတ္ထာယ၊ အကျိုးငှါ။ ဓမ္မံ၊ တရားတော် မြတ်ကို။ ပရိယာပုဏန္တိ၊ သူတော်ကောင်းတို့ သင်ကြား နာယူကြကုန်၏။ အဿ၊ ထိုတရားတော်၏။ တဉ္စအတ္ထံ၊ ထိုမဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသောအကျိုးကိုလည်း။ အနုဘောန္တိ၊ ခံစားရကုန်၏။ သုဂ္ဂဟိတာ၊ ကောင်းစွာ သင်ကြား နာယူ အပ်ကုန်သော။ တေဓမ္မာ၊ ထိုတရားတော်တို့သည်။ တေသံ၊ ထိုအမျိုးကောင်းသားတို့အား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းစွာဖြစ်ကုန်၏။ တံ၊ ထိုသို့ စီးပွါးခြင်း ချမ်းသာခြင်း၏အကြောင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်လေသနည်း။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ ဓမ္မာနံ၊ တရားတို့ကို။ သုဂ္ဂဟိတတ္တာ၊ ကောင်းစွာ သင်ကြား နားယူအပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုသို့ စီးပွါးခြင်း ချမ်းသာခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)

အဓိပ္ပါယ်ကား— အဆိပ်ထန်သော မြွေကို ကိုယ်၌ရင်း၊ အမြီး၌ရင်း မကိုင်မူ၍ အရင်း၌ ဆိတ်ခွါသဏ္ဌာန် အခွရှိသော တောင်ဝှေးဖြင့် နှိပ်၍ လည်ပင်း၌ ကိုင်သော ယောကျ်ားသည် မြွေလှည့်၍ မကိုက် နိုင်သောကြောင့် အသက်ရှည်ခြင်း ချမ်းသာခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ၊ ရိုသေစွာ တရားတော်ကို သင်ကြားနာယူအံ့၊ သင်ကြားနာယူခြင်းဖြင့် သူတပါးတို့၏ စည်းစိမ်ကို ငြူစူခြင်း၊ မိမိ၏ စည်းစိမ်ကို လျှိုဝှက်ခြင်း၊ သူ့အသက်ကို သတ်ခြင်း စသည်ကို ပြုခြင်းသည်ရင်း၊ မြဲမြံခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အစိုးရခြင်းသဘောမရှိသော ဤခန္ဓာကိုယ်၌ မြဲ၏ တင့်တယ်၏ ချမ်းသာ၏ အစိုးရ၏ဟု စွဲလမ်းခြင်းသည်ရင်း၊ ပညာရှိတို့ ကဲ့ရဲ့ခံရသဖြင့် ဆင်းရဲခြင်း၊ အပါယ်သို့ လားသဖြင့် ဆင်းရဲခြင်း၊ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းစသဖြင့် ဆင်းရဲခြင်း၏ အကြောင်း ဖြစ်၍ စင်စစ်အပြစ်ရှိသော တရား ဖြစ်သည်။ သူတပါးတို့၏ စည်းစိမ်ကို ဝမ်းမြောက်ခြင်း၊ လှူဒါန်း ပေးကမ်းခြင်း၊ သူ့အသက်ကို သတ်ခြင်း စသည်မှ ကြဉ်ခြင်းသည် ရင်း၊ ဤရူပကာယ ခန္ဓာကိုယ်၌ ဘောက်ပြန်တတ်သော တရား၊ ကျင်ကြီး ကျင်ငယ် စသည်တို့ကို ယိုစီး စေတတ်သော ညှီနံ့သော တရား၊ ဆင်းရဲကြောင်းတရား၊ အလိုသို့ မလိုက်သော 'တရားအစု ဖြစ်၍ မြဲခြင်း တင့်တယ်

ခြင်း ချမ်းသာခြင်း၊ အစိုးရခြင်း မရှိ ဟူ၍ ဟုတ်မှန်တိုင်း နှလုံးသွင်းခြင်းသည် ၎င်း၊ ပညာရှိတို့ ချီးမွမ်းခံရသဖြင့် ချမ်းသာခြင်း၊ သုဂတိ ဘုံသို့ လားရ သဖြင့် ချမ်းသာခြင်း၊ ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း စသည်တို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရသဖြင့် ချမ်းသာခြင်း၏ အကြောင်း ဖြစ်၍ စင်စစ် အပြစ်ကင်းသော တရား ဖြစ်သည်ဟူ၍ သိအောင်ပြုအံ့၊ သိခြင်းဖြင့် သူတပါး တို့၏ စည်းစိမ်ကို ငြူစူခြင်းစသော အပြစ်မရှိသော တရားကို မဆုတ် မနစ် အားထုတ်အံ့ဟု ဉာဏ်ဖြင့်ကပ်၍ တရားတော်ကို ကြည့်ရှု ဆင်ခြင်ခြင်း၊ ဆင် ခြင် သဖြင့် တရားတော်ကို နှစ်သက်ခြင်း၊ အလေး အမြတ် ပြုခြင်းကို ငါ၏ သန္တာန်၌ ဖြစ်စေအံ့ဟု နှလုံးထား၍ တရားတော်ကို သင်ကြားနာယူ ကုန်သော သူတို့အား ထိုကောင်းစွာ သင်ကြား နားယူအပ်ကုန်သော တရားတို့သည် ရှည် မြင့်စွာ နေ့ညဉ့်ပတ်လုံး ပွါးစီးခြင်း ချမ်းသာခြင်း အကျိုးငှါ ဖြစ်ကုန်၏ဟုဆိုလို သည်။ ။ထို့ကြောင့် ဒါနကထာကိုဟောသောအခါ ပေးကမ်းလှူဒါန်းခြင်း ကို ပြုအံ့၊ သီလကထာကို ဟောသောအခါ သူတပါး၏ အသက်ကို သတ်ခြင်း စသော ဒုစရိုက်မှကြဉ်ကြောင်း သီလကိုဆောက်တည်အံ့၊ ဘာဝနာ ကထာကို ဟောသောအခါ ကမ္မဋ္ဌာန်းကို ပွါးစေအံ့၊ ဝေယျာဝစ္စ ကထာကို ဟောသော အခါ ကြီးသောသူစသည်တို့၏ အမှုကြီးငယ်ကို ရွက်ဆောင်အံ့၊ ပတ္တိဒါနကထာ ကို ဟောသောအခါ ငါ၏ကုသိုလ်အဘို့ကို အမျှဝေအံ့၊ ပတ္တာနုမောဒနကထာ ကို ဟောသောအခါ သူတပါးတို့၏ ကုသိုလ်အဘို့ကို ဝမ်းမြောက်အံ့၊ ဓမ္မသဝန ကထာကို ဟောသောအခါ တရားတော်ကိုနာအံ့၊ ဓမ္မဒေသနာ ကထာကို ဟော သောအခါ လာဘ်စသည်တို့ကို မငဲ့မူ၍ ကုသိုလ်တရားကို ပွါးစီးတိုးတက်စေခြင်း ငှါ တရားဟောအံ့၊ ဒိဋ္ဌိဇုကမ္မကထာကို ဟောသောအခါ သာသနာတော်မှအပ ဖြစ်သော ဒိဋ္ဌိတို့၏ ဘောက်ပြန်သော မိစ္ဆာအယူကို ပယ်၍ မြတ်စွာဘုရား၏ မဘောက်မပြန် ဟုတ်မှန်သောအယူကိုလိုက်နာ၍ ဖြောင့်မတ်သောအယူကို ပြုအံ့ ဟု နှလုံးပိုက်၍ တရားတော်ကို အလေးအမြတ်ပြု၍ နှစ်သက်ကြည်ညိုစွာ သင် ကြား မှတ်သားကုန်ရာသည်။

ဤသို့ သင်ကြား နာယူကုန်သော်လည်း သင်ကြားနာယူခြင်းဖြင့် ဒေသနာ ကိစ္စမပြီးသေး၊ ဒေသနာတော်, အကျိုးကို မခံစားရသေး၊ ဒေသနာတော်မှာ လာရှိသည့် အတိုင်း ကျင့်သုံးခြင်း နှလုံးသွင်းခြင်းကို လက်တွင်း၌ အရယူမှ သာလျှင် ဒေသနာကိစ္စပြီးသည်။ ဒေသနာ၏အကျိုးကို ခံစားသုံးဆောင်ရသည် မည်သည်ဟု မှတ်ရမည်။ ။ထို့ကြောင့် အင်္ဂုတ္တရ ပါဠိတော် တိကနိပါတ် ဒုတိယ ပဏ္ဏာသက- မဟာဝဂ်- ကာလာမသုတ်၌။ ။ထေ တုမှေ ကာလာမာ မာအနုဿ ဝေန, မာပရမ္ပရာယ,မာဣတိကိရာယ,မာပိဋကသမ္ပဒါနေန,မာတက္က ဂါဟေန

မာနယဂ္ဂါဟေန, မာအာကာရပရိဝိတက္ကေန, မာဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ, မာဘဗ္ဗရူပတာယ မာသမဏော နော ဂရုတိ။ ။ဟူ၍ရှင်း။ ။မူလပဏ္ဏာသ ပါဠိတော် ဓမ္မဒါယာဒသုတ်၌။ ။ဓမ္မဒါယာဒါ ဘိက္ခဝေ ဘဝထ, မာအာမိသဒါယာဒါ။ ။ဟူ၍ရှင်း မြတ်စွာဘုရားဟောတော်မူအပ်ပြီ။ ။တုမှေကာလာမာ၊ သင်ကာလာမရွာသားတို့သည်။ ထေ၊ လာကြကုန်။ တုမှေ၊ သင်ကာလာမ ရွာသားတို့သည်။ အနုဿဝေန၊ အဘန်ဘန်အထပ်ထပ် ကြားနာရကာရှိရုံမျှဖြင့်။မမ၊ ငါဘုရား၏။ ဓမ္မံ၊ တရားတော်မြတ်ကို။မာဂဏှိတ္ထ၊ မသင်ကြားမနာယူကြကုန်လင့်။ပရမ္ပရာယ၊ ဘိုးဘွားမိဘတို့အထံမှ တဆင့်စကားကြားရုံမျှဖြင့်။မမ၊ ငါဘုရား၏။ ဓမ္မံ၊တရားတော်မြတ်ကို။ မာဂဏှိတ္ထ၊ မသင်ကြား မနာယူကြကုန်လင့်။ ဣတိကိရာယ၊ ထိုတရားသည် ဤသို့တဲ့ဟူ၍ မှတ်သားရုံမျှဖြင့်။ မမ၊ ငါဘုရား၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ မာဂဏှိတ္ထ၊ မသင်ကြား မနာယူ ကြကုန်လင့်။ ပိဋက သမ္ပဒါနေန၊ ပိဋကတ်ကျမ်းဂန် သင်အံလေ့ကျက်ရုံမျှဖြင့်။ မမ၊ ငါဘုရား၏။ ဓမ္မံ၊တရားတော်မြတ်ကို။ မာဂဏှိတ္ထ၊ မသင်ကြား မနာယူကြကုန်လင့်။ တက္ကဂါဟေန၊ အကြံအစည်ကို ယူရုံမျှဖြင့်။ မမ၊ ငါဘုရား၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ မာဂဏှိတ္ထ၊ မသင်ကြား မနာယူကြကုန်လင့်။ နယဂ္ဂါဟေန၊ နည်းကိုယူရုံမျှဖြင့်။ မာဂဏှိတ္ထ၊ မသင်ကြား မနာယူ ကြကုန်လင့်။ အာကာရ ပရိဝိတက္ကေန၊ အခြင်းအရာကို ကြံစည်ရုံမျှဖြင့်။ မာဂဏှိတ္ထ၊ မသင်ကြား မနာယူကြကုန်လင့်။ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ မိမိတို့ နှစ်သက်အပ်သော အယူနှင့် တူ၏လော မတူလောဟု နှိုးနှော့ရုံမျှဖြင့်။ မာဂဏှိတ္ထ၊မသင်ကြားမနာယူကြကုန်လင့်။ ဘဗ္ဗရူပတာယ၊ နာခြင်းငှါသင့်သော ပုဂ္ဂိုလ်၏ စကားပေတည်းဟု မှတ်ထင်သည်၏ အဖြစ်မျှဖြင့်။ မာဂဏှိတ္ထ၊ မသင်ကြား မနာယူကြကုန်လင့်။ သမဏော၊ ရဟန်းကြီးဂေါတမသည်။ နော၊ ငါတို့၏။ ဂရု၊ အလေးပြုအပ်သော ဆရာပေတည်း။ ဣတိပိ၊ ဤသို့ဆရာ၏စကားဟု မှတ်ထင်ရုံမျှနှင့်လည်း။ မမ၊ငါဘုရား၏။ ဓမ္မံ၊တရားတော်မြတ်ကို။မာဂဏှိတ္ထ၊ မသင်ကြား မနာယူ ကြကုန်လင့်။ ။(ဤကား ကာလာမသုတ်လာ ပါဠိ၏ အနက်)။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ မေ၊ ငါဘုရား၏။ ဓမ္မဒါယာဒါ၊ ကျင့်သုံးနှလုံးသွင်းခြင်း ဓမ္မဟူသောအမွေကို ခံယူကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်လော။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါးဟု ဆိုအပ်သော အာမိသတည်းဟူသော အမွေဥစ္စာကိုခံယူကုန်သည်။ မာဘဝထ၊ မဖြစ်ကြကုန်လင့်။ ။(ဤကား ဓမ္မဒါယာဒသုတ်လာ ပါဠိ၏အနက်)

ပဉ္စမပါဠိ၏ အဓိပ္ပါယ်ကား-တရားတော်ကို သင်ကြားနာယူသောသူသည် အဘန်ဘန်အထပ်ထပ်ကြားနာဘူးသည် ရှိရုံမျှဖြင့်ငှင်း၊ ဘိုးဘွားမိဘတို့အဆက်ဆက် ဆောင်ရွက်လေ့ကျက်သောတရားဖြစ်၍ အနွယ်အဆက်မပျက်ရုံမျှဖြင့်ငှင်း၊

ပါဠိကျမ်းဂန် သင်အံခြင်း ပြည့်စုံရုံမျှဖြင့်ရင်း၊ အကြံအစည်ကို ယူရုံမျှဖြင့်ရင်း၊
နည်းကို ယူရုံမျှဖြင့်ရင်း၊ အခြင်းအရာကို ကြံစည်ရုံ မျှဖြင့်ရင်း၊ မိမိတို့ အယူနှင့်
တူလေသလော မတူလေသောဟု နှိုးနှောရုံ မျှဖြင့်ရင်း၊ တန်းခိုးကြီးသော ပုဂ္ဂိုလ်
ဟောပြသော တရားပေတည်း သင်ကြားနာယူခြင်းငှါထိုက်ပေသည်-ဟုထင်မှတ်
သည်၏ အဖြစ်မျှဖြင့်ရင်း၊ ရှင်ကြီး ဂေါတမသည် ငါတို့ အလေးပြုအပ်သော
ဆရာဖြစ်ပေသည်။ ထိုဆရာဟောပြအပ်သောတရားဖြစ်၍ သင်ကြားနာယူခြင်း
ငှါ သင့်ပေ၏-ဟု နှလုံးသွင်းကာမျှဖြင့်ရင်း မသင်ကြား မနာယူ ကြကုန်လင့်။
ဒေသနာလာတိုင်း မချွတ်မယွင်း နှလုံး သွင်းခြင်းကို လက်တွင်း၌ အရယူ၍
ချွတ်ယွင်း တိမ်းပါး မှားယွင်း ဘောက်ပြန်ခြင်း မရှိသော ဒေသနာတော်
နည်းအလာဖြင့် ဝိမုတ္တိသုခတည်းဟူသော တရားတော်၏အရသာကို လက်ဆုပ်
လက်ကိုင် ကိုယ်တိုင် ကိုယ်ကြပ် တွေ့၍ ခံစားသုံးဆောင်ရအောင် အပြစ်ရှိသော
အကုသိုလ်တရား အလုံးစုံကို အကုန်ပယ်ရှား၍ အကျိုးရှိသော ပဋိပတ် ကုသိုလ်
တရားကို ကြိုးစားလိုက်နာ၍ ကျင့်ကြကုန်ဟု ဆိုလိုသည်။ ။ထို့ကြောင့်
ရင်းကာလာမသုတ်၌။ ။ယဒါ တုမ္ဟေ ကာလာမာ အတ္တနာဝ ဇာနေယျာထ
ဣမေဓမ္မာ အကုသလာ၊ ဣမေဓမ္မာသာဝဇ္ဇာ၊ ဣမေဓမ္မာ ဝိညူဂရဟိတာ။ဣမေ
ဓမ္မာ သမတ္တာ သမာဒိန္နာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တီတိ။ အထ တုမ္ဟေ
ကာလာမာပဇဟေယျာထ။ ။ဟူ၍ရင်း။ ။ယဒါတုမ္ဟေ ကာလာမာ အတ္တ
နာဝ ဇာနေယျာထ ဣမေဓမ္မာ ကုသလာ၊ ဣမေဓမ္မာ အနဝဇ္ဇာ၊ ဣမေဓမ္မာ ဝိညူ
ပသတ္ထာ၊ ဣမေဓမ္မာ ပရိပုဏ္ဏာ သမာဒိန္နာ ဟိတာယ သုခါယ သံဝတ္တန္တီတိ။ အထ
တုမ္ဟေ ဥပသမ္ပဇ္ဇ ဝိဟာရေယျာထ။ ။ဟူ၍ရင်း မြတ်စွာဘုရား ဟောတော် မူ
အပ်ပြီ။ ။ယဒါ၊ အကြင်အခါ၌။ တုမ္ဟေကာလာမာ၊ သင်ကာလာမ ရွာသား
တို့သည်။ အတ္တနာဝ၊ ကိုယ်တိုင်သာလျှင်။ ဣမေဓမ္မာ၊ ဤ လောဘ-ဒေါသ-မော
ဟ-စသောတရားတို့သည်။ အကုသလာ၊ အကုသိုလ်တို့တည်း။ ဣတိစ၊ ဤသို့ရင်း။
ဣမေဓမ္မာ၊ ဤလောဘ- ဒေါသ- မောဟ စသော အကုသိုလ် တရားတို့သည်။
သာဝဇ္ဇာ၊ အပြစ်ရှိကုန်၏။ ဣတိစ၊ ဤသို့ရင်း။ ဤမေဓမ္မာ၊ ဤလောဘ-ဒေါသ
မောဟစသော အကုသိုလ်တရား တို့ကို။ ဝိညူ၊ ဘုရားအစ ရှိကုန်သော ပညာရှိ
တို့သည်။ ဂရဟိတာ၊ ကဲ့ရဲ့ အပ်ကုန်၏။ ဣတိစ၊ ဤသို့ရင်း။ ဣမေဓမ္မာ၊ ဤ
လောဘ-ဒေါသ- မောဟ စသော အကုသိုလ် တရားတို့သည်။ သမာ ဒိန္နာ၊
မှားသော အားဖြင့် သုံးသပ်အပ်, ပြုကျင့်အပ်ကုန်သည်ဖြစ်၍။ သမတ္တာ- ပြည့်
ကုန်သည်ရှိသော်။ အဟိတာယ၊ စီးပွါးမဲ့ခြင်းငှါ။ ဒုက္ခာယ၊ ဆင်းရဲ ခြင်းငှါ။
သံဝတ္တန္တိ၊ ဖောင်းစွာဖြစ်ကုန်၏။ ဣတိစ၊ ဤသို့ရင်း။ ဇာနေယျာထ၊ သိကြ
ကုန်အံ့။ အထ၊ ထိုသို့ သိကြကုန်သောအခါ၌။ တေဓမ္မေ၊ ထိုလောဘ- ဒေါသ-
မောဟ စသော အကုသိုလ်တရားတို့ကို။ တုမ္ဟေကာလာမာ၊ သင်ကာလာမ ရွာ

သားတို့သည်။ပဋဟေယျာထ၊စွန့်ကြကုန်လော။ ။(ဤကား ရှေ့ပါဠိအနက်)။ ။ ယဒါ၊ အကြင်အခါ၌။ တုမှေ ကာလာမာ၊ သင်ကာလာမ ရွာသား တို့သည်။ ဣမေဓမ္မာ၊ ဤအလောဘ စသော တရားတို့သည်။ ကုသလာ၊ ကုသိုလ် တရားတို့ တည်း။ ဣမေဓမ္မာ၊ ဤအလောဘ စသော ကုသိုလ် တရားတို့သည်။ အနဝဇ္ဇာ၊ အပြစ်လည်း မရှိကုန်။ ဣမေဓမ္မာ၊ ဤအလောဘ စသော ကုသိုလ်တရားတို့ကို။ ဝိညူပသဋ္ဌာ၊ ဘုရား ပစ္စေကဗုဒ္ဓါစသော ပညာရှိတို့လည်း ချီးမွမ်း အပ်ကုန်၏။ ဣမေ ဓမ္မာ၊ ဤအလောဘ စသော ကုသိုလ် တရား တို့သည်။ သမာဒိန္နာ၊ ကောင်းစွာ ဖြောင့်စွာကျင့်သုံးအပ်ကုန်သည်ဖြစ်၍။ ပရိပုဏ္ဏာ၊ နှလုံး ပြည့်သည် ရှိသော်။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ လူ-နတ်-နိဗ္ဗာန် သုံးတန်သော ဌာနတို့၌ ချမ်းသာခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းစွာဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ အတ္တနာဝ၊ မိမိသည်ပင်လျှင်။ ဇာနေယျာထ၊ သိကုန် ငြားအံ့။ အထ၊ ထိုသို့ မိမိကိုယ်တိုင် သိသော အခါ၌။ တေ ဓမ္မေ၊ ထိုအလောဘ စသောကုသိုလ်တရား တို့ကို။ တုမှေကာလာမာ၊ သင်ကာလမ ရွာသားတို့သည်။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံ စေ၍။ ဝိဟရေယျာထ၊ နေကြကုန်လော။ ။(ဤကား နောက်ပါဠိတော်၏ အနက်)

ဒုတိယ ဓမ္မဒါယာဒသုတ် ပါဠိတော်၏ အဓိပ္ပါယ်ကား။ ။ဒေသနာလာ တိုင်း ကျင့်သုံးခြင်း၊ နှလုံးသွင်းခြင်း ဓမ္မဟူသော အမွေဥစ္စာကို အလေး ဂရုပြု၍ ရမှုကြံစည် အားထုတ်ကြ လေကုန်။ ပစ္စည်း လေးပါးတည်းဟူသော အမွေ ဥစ္စာကို အလေးဂရု-အထူးပြု၍ ရမှုကြံစည် အားထုတ်ခြင်းကို မပြုကြကုန်လင့် ဟု ဆိုလိုသည်။ ။ထို့ကြောင့် သံယုတ် ပါဠိတော်- ခန္ဓသံယုတ်- မဇ္ဈိမ ပဏ္ဏာသက ထေရဝဂ် ငါးခုမြောက်ဖြစ်သော ဝက္ကလိသုတ်၌။ ။အလံ ဝက္ကလိ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန။ ယောခေါ ဝက္ကလိ ဓမ္မံ ပဿတိ သောမံ ပဿတိ။ ယောမံ ပဿတိ သော ဓမ္မံ ပဿတိ။ ဓမ္မံဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ၊ မံ ပဿန္တော ဓမ္မံ ပဿတိ။ ။ဟူ၍ မြတ်စွာဘုရား ဟောတော်မူ အပ်ပြီ။ ။ဝက္ကလိ၊ ဝက္ကလိအမည်ရှိသောရဟန်း။ အလံ၊ မသင့်။ တေ၊ သင့် အား။ ဣမိနာပူတိကာယေန-ဣမံပူတိကာယံ၊ ဤငါဘုရား၏ စက်ဆုပ်ရွံရှာဘွယ် မတင့်တယ်သော ဝတ္ထုကို မပြတ်ယိုစီး စေတတ်သော ပုပ်သော ရူပကာယကို။ ဒိဋ္ဌေန၊ မျက်စိထင်ထင် မြင်ရုံမျှဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိ အမည်ရှိသောရဟန်း။ ခေါ၊ စင်စစ်ကေန် အမှန်သော်ကား။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ကျင့်ဝတ် ပဋိပတ် တရားမြတ်ကို။ ဝါ၊ လောကုတ္တရာတရား ရတနာကို။ပဿတိ၊မချွတ်မြင်သိကျင့်တုံဘိ၏။ဝါ၊ကိုယ်တိုင်မြင်သိ၊ တွေ့တုံဘိ၏။ သော၊ ထိုကျင့်ဝတ်ပဋိပတ်တရားမြတ်ကို မချွတ်မြင်သိ ကျင့်တုံဘိသောသူသည်။

ဝါ၊ လောကုတ္တရာ တရားရတနာကို ကိုယ်တိုင်မြင်သိ တွေ့ထိုးဘိသောသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ စင်စစ်မုချ ဖူးမြင်ရသည်မည်၏။ ယော၊ အကြင်သူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးတွေ့လို၏။ သော၊ ထိုသူသည်။ ဓမ္မံ၊ လောကုတ္တရာ တရားရတနာကို။ ပဿတိ-ပဿေယျ၊ဉာဏ်ဖြင့်ထင်ထင်မြင်အောင်ကြည့်ရှုရာ၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ဝက္ကလိ၊ ဝက္ကလိ အမည်ရှိသော ရဟန်း။ ဓမ္မံ၊ လောကုတ္တရာ တရားမြတ်ကို။ ပဿန္တော၊ တွေ့မြင်သော ပုဂ္ဂိုလ်သည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးတွေ့ရသည် မည်၏။ မံ၊ လောကုတ္တရာ-ဓမ္မကာယ တည်းဟူသော ငါဘုရားကို။ ပဿန္တော၊ တွေ့မြင်သောပုဂ္ဂိုလ်သည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပဿတိ၊ မြင်ရတွေ့ရသည်မည်၏။ ။(ဤကား အနက်)။ ။နဝဝိဓ လောကုတ္တရဓမ္မော တထာဂတဿ ကာယောနာမ။ ။ဟူသော ၎င်းသံယုတ် အဋ္ဌကထာနှင့်အညီ အနက်ယောဇနာလိုက်သည်။ ။နဝဝိဓ လောကုတ္တရ ဓမ္မော၊ မဂ်လေးဝ, ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါးအပြားရှိသော လောကုတ္တရာ တရားတော်မြတ်သည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ကာယော နာမ၊ ကာယမည်၏။ ။(ဤကားအနက်)

ဤသို့လာသော ဒေသနာတော်ကိုထောက်၍ စာပေကျမ်းဂန်တို့ကို သင်အံလေ့ကျက်ရုံမျှဖြင့် ၎င်းစာပေ ကျမ်းဂန်တို့ကို သင်အံလေ့ကျက်ရသည် မမည်၊ တရား နာရုံမျှဖြင့်လည်း တရားနာ အစစ်မမည်၊ စာကိုလှူရုံမျှဖြင့်လည်း စာဒါယကာ အစစ်မမည်၊ ပစ္စည်းဥစ္စာကို အကုန်အကျခံ၍ ကျောင်းဆောက်ရုံ ဘုရားတည်ရုံမျှဖြင့်လည်း ကျောင်းဒါယကာ အစစ် ဘုရားဒါယကာ အစစ်မမည်၊ ပစ္စည်းလေးပါးကို လှူဒါန်း၍ ရဟန်းခံရုံ ရှင်ပြုရုံမျှဖြင့်လည်း ရဟန်းဒါယကာ အစစ် ရှင်ဒါယကာ အစစ် မမည်လေသေး။ တရားတော်မှာ လာသည့်အတိုင်း ကျင့်မှ စာပေကျမ်းဂန်တို့ကို သင်အံရသူအစစ် တရားနာအစစ် ဖြစ်နိုင်သည်၊ ဘုရားအတု ရဟန်းသံဃာအတုတို့သာ ၊မကောင်းမှုကိုကြဉ်ရှောင်၍မြင်အပ်ရအပ်သော ကျင့်ဝတ်ပဋိပတ် တရားမြတ် အထူးရှိသော သူသည်သာ ဘုရားဒါယကာ အစစ်၊ ကျောင်းဒါယကာအစစ်၊ရဟန်းဒါယကာအစစ်၊ ရှင်ဒါယကာ အစစ်မည်သည်ဟုမှတ်ရမည်။ ။ထို့ကြောင့် စာပေကျမ်းဂန်တို့ကိုသင်အံရသူအစစ်၊ တရားနာသူအစစ် စသည်ဖြစ်အောင် စီစစ်ဆင်ခြင်၍ ယခင်တရားတော်လာတိုင်း အားထုတ် သင့်လှချေသည်။ ။မင်း၏ဘဏ္ဍာစိုးယောကျ်ားသည် မပျောက်စေခြင်းငှါ ဘဏ္ဍာကိုစောင့်ရှောက်ရုံသာ ဖြစ်သည်။ မသုံးဆောင်ရသကဲ့သို့ ထို့အတူ ရဟန္တာပုဂ္ဂိုလ်သည် အာသဝေါ ကင်းပြီးသည်ဖြစ်၍ ရဟန်းကိစ္စကုန်ပြီး ဖြစ်ရကား တရားတော်ကို မပျောက်ရုံသာ သင်ကြားနာယူ ဆောင်ရွက်တော့သည်။ တရားတော်၏ သိလစသော ဒဿကျိုး ဖြည့်ကျင့်ဘွယ် ကိစ္စမရှိပြီ။ သို့ဖြစ်၍ ရဟန္တာ

ပုဂ္ဂိုလ်၏တရားတော်ကို သင်ကြားနာယူခြင်းသည်ဘဏ္ဍာစိုးနှင့်တူရကား ဘဏ္ဍာဂါရိက ပရိယတ္တိမည်၏။ ထိုမှတပါး လူအများတို့ပင် ဆင်ခြင် သိမ်းဆည်း ချုပ်တည်း စောင့်ရှောက်ခြင်းမရှိ၊ မိမိတို့စိတ်ရှိတိုင်း ခြိမ်းချောက် မောင်းမဲ ဆဲရေးတိုင်းထွာ ပုတ်ခတ်ရိုက်နှက် နှိပ်စက်ခြင်းစသည်ကို အပြစ်မရှိသကဲ့သို့ ထင်မှတ်၍ မပြတ်ပြုလေ့ရှိကြကုန်သည်။ ဆဲရေးတိုင်းထွာရုံမျှတကားဟု အကုသိုလ်တရားကို မထေမဲ့မြင် မပြုရာ၊ အနည်းငယ်သော အကုသိုလ်သည်ပင် ပြုဘန်များသဖြင့် များစွာစုရုံးမိသည်ရှိသော် အပါယ်လားကြောင်း မကောင်းမှု ဖြစ်ချေသောကြောင့် လှည်းနှားစောင့်နှင့်တူသော သတိတည်းဟူသော အစောင့်အရှောက်ဖြင့် ပျက်ယွင်းကျေးအောင် တဖြေးဖြေး မိမိကိုယ်ကို သွန်သင်၍ ယခင် ဒုစရိုက်တရားတို့ကို ပယ်ရှားသုတ်သင်ရမည်။ ။ထိုကြောင့် ဓမ္မပဒပါဠိတော် ပါပဝဂ်၌-

> မာဝ မညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။
> ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
> ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

ဟူ၍ ဟောတော်မူအပ်ပြီ။ ။ပဏ္ဍိတော၊ ပညာရှိသည်။ မန္တံ၊ အနည်းငယ်သော မကောင်းမှုသည်။ နအာဂမိဿတိ၊ အကျိုးမပေးလတ္တံ့။ ဣတိ၊ ဤသို့။ ပါပဿ၊ မကောင်းမှုကို။ မာဝမညေထ၊ မထေမဲ့မြင် မအောက်မေ့ရာ။ ဥဒဗိန္ဒုနိပါတေန၊ ရေပေါက်မိုးဖွား၊ ကျဘန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိယထာ၊ ပြည့်သကဲ့သို့။ တထာ၊ ထိုနှင့်မခြား အလားတူစွာ။ ဗာလော၊ သူမိုက်သည်။ ထောကံ ထောကံ၊ အနည်းငယ်အနည်းငယ်။ အာစိနံ-အာစိနန္တော၊ ဆည်းပူးဘန်များသည် ရှိသော်။ ဝါ၊ အကြိမ်များစွာ အခါခါအားထုတ်၍ ပြုလုပ်သည်ရှိသော်။ ပါပဿ၊ မကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။ ။(ဤကားအနက်)။ ။ခြိမ်းချောက်မောင်းမဲ ဆဲရေး တိုင်းထွာခြင်း စသည်မှကြဉ်ခြင်း၊ သိမ်မွေ့နူးညံ့ ပြေပြစ် ချောမောစွာ ပြောဆိုခြင်း၊ ကြီးသောသူတို့အား ရိုသေခြင်း၊ ရတနာသုံးပါးတို့၏ အမှုကို ရွက်ဆောင်ခြင်း၊ ရတနာသုံးပါးတို့ကို တွေ့မြင်လျှင် ဦးတင်ရှိခိုးခြင်း စသည်ကို ပြုရုံမျှသာ တကားဟု ကုသိုလ်တရားကို မထေမဲ့မြင် မအောက်မေ့ရာ၊ အနည်းငယ်သော ကုသိုလ်သည်ပင် ကြည်လင်ဝမ်းမြောက်စွာ အခါခါပြုဘန်များသဖြင့် ပွါးစီးစုရုံးမိသည် ရှိသော် သုဂတိဘုံသို့ လားကြောင်း ဖြစ်လာသည်သာတည်း။ ။ထို့ကြောင့် ၎င်းဓမ္မပဒပါဠိတော်၌ပင်—

> မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
> ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
> ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

(ဖြည်ကြီးမဖွဲ့၊ ၆)

ဓိရော၊ ပညာရှိသည်။ မန္ဒ၊ အနည်း ငယ်သော ကုသိုလ်သည်။ နအာဂမိဿတိ၊ အကျိုးမပေးလတ္တံ့။ ဣတိ၊ ဤသို့။ ပုညဿ၊ ကောင်းမှု ကုသိုလ်တရားကို။ မာဝမညေထ၊မထေမဲ့မြင် မအောက်မေ့ရာ။ ဥဒဗိန္ဒု နိပါတေန၊ ရေပေါက်မိုးဖွား- ကျဘန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိ ယထာ၊ ပြည့်သကဲ့သို့။ တထာ၊ ထိုနှင့်မခြား၊ အလားဘူစွာ။ ဓိရော၊ ပညာရှိသည်။ ပုညံ၊ ကောင်းမှုကို။ ထောကံ ထောကံ၊ အနည်းငယ်အနည်းငယ်။ အာစိနံ-အာစိနန္တော၊ ဆည်းပူးဘန်များသည်ရှိသော်။ ဝါ၊ အကြိမ်ကြိမ် အဘန်ဘန် အတန်တန် အားထုတ်၍ ပြုလုပ်အပ်သည် ရှိသော်။ ပုညဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။ ။(ဤကားအနက်)

ဤသို့ စာပေ ကျမ်းဂန်တို့ကိုသင်အံသောအခါ တရားတော်ကို နာသောအခါ
စသည်တို့၌ သတိ အထူး ရစေခြင်းငှါ ရေးသား အပ်သော
သတုပ္ပါဒ စာတမ်းအမြွက်ကား ဤတွင်ရွေ့ ပြီး၏။

---

(၂) ဗြဟ္မ ဝိဟာရ ပွါးများပုံကို သိလိုပါသည်ဟု လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ ဆိုအပ် လတ္တံ့သော နည်းဖြင့် သိမှတ်ရာ၏။

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာအားဖြင့် လေးပါးသော ဗြဟ္မဝိဟာရတို့တွင် မေတ္တာတရားကို ပွါးများအားထုတ်လိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်လျက် ငြိမ်သက် တည်ကြည်စွာ နေထိုင်ပြီးမှ မေတ္တာ တရားကိုမပွါးမီ ရှေးအဘို့၌ ဒေါသ၌ အပြစ်ကိုရင်း၊ သည်းခံခြင်း၌ အကျိုးကိုရင်း ရှုဆင်ခြင်အပ်၏။ အဘဲ့ကြောင့် မေတ္တာတရားကို ပွါးများအားထုတ်လိုသော သူသည် မေတ္တာတရားကို မပွါးမီ ရှေးအဘို့၌ ဒေါသ၌ အပြစ်ကိုရင်း၊ မေတ္တာ၌အကျိုးကိုရင်း ရှုဆင်ခြင် အပ်သနည်း ဟူမူကား၊ ဒေါသ၌ အပြစ်ကိုရင်း၊ သည်းခံခြင်း၌ အကျိုးကိုရင်း မြင်သောသူသည် သာလျှင် ထိုဒေါသကို ပယ်ကြောင်း ဖြစ်သော မေတ္တာ တရားကို ပွါးခြင်းငှါ တတ်ကောင်း ရာသောကြောင့် မေတ္တာတရားကို ပွါးများ အားထုတ်လိုသော ပုဂ္ဂိုလ်သည် မေတ္တာတရားကို မပွါးမီ ရှေးအဘို့၌ ဒေါသ၌ အပြစ်ကိုရင်း၊ သည်းခံခြင်း၌အကျိုးကိုရင်း မှုဆင်ခြင်အပ်သည်ဟူပေ။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌။ ။ အာဒိတော တာဝ ဒေါသေ အာဒီနဝေါ ခန္တိယဉ္စ အာနိသံသော ပစ္စဝေက္ခိတဗ္ဗော။ ကသ္မာ၊ ဣမာယဟိ ဘာဝနာယ ဒေါသော ပဟာတဗ္ဗော၊ခန္တိအဓိဂန္တဗ္ဗာ၊ နစသက္ကာ ကိဉ္စိ အဒိဋ္ဌာဒီနဝံ ပဟာတုံ အဝိဒိတာ နိသံသံဝါ အဓိ

ဂန္တုံ။ ။ဟူ၍မိန့်အပ်၏။ ။အာဒီနဝေါ၊ အစဉ်။ တာဝ၊ မေတ္တာဘာဝနာကိုမပွါးမီ ရှေးဦးစွာ။ ဒေါသေ၊ ဒေါသ၌။ အာဒီနဝေါ စ၊ အပြစ်ကိုရင်း။ ခန္တိယံ၊ သည်းခံခြင်း၌။ အာနိသံသော စ၊ အကျိုးကိုရင်း။ ပစ္စဝေက္ခိတဗ္ဗော၊ အဘန်ဘန် အထပ်ထပ် ရှုဆင်ခြင်အပ်၏။ ကသ္မာ၊ အဘဲ့ကြောင့်။ ပစ္စဝေက္ခိတဗ္ဗော၊ ရှုဆင်ခြင်အပ်သနည်း ဟူမူကား။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဣမာယ ဘာဝနာယ၊ ဤမေတ္တာ ဘာဝနာဖြင့်။ ဒေါသော၊ အမျက် ထွက်ခြင်းကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ ခန္တိ၊ သည်းခံခြင်းကို။ အဓိဂန္တဗ္ဗာ၊ ရအပ်၏။ ကိဉ္စိ၊ စိုးစဉ်းမျှ။ အဒိဋ္ဌာဒီနဝံ၊ မမြင်အပ်သော အပြစ်ရှိသော ဒေါသကို။ ပဟာတုံ ဝါ၊ ပယ်ခြင်းငှါရင်း။ အဝိဒိတာနိသံသံ၊ မသိ မမြင်အပ်သော အကျိုးရှိသော သည်းခံခြင်း ခန္တိကို။ အဓိဂန္တုံ ဝါ၊ ရခြင်းငှါရင်း။ နစသက္ကာ၊ တတ်လည်း မတတ်ကောင်း။ တသ္မာ၊ ထို့ကြောင့်။ ဒေါသေ၊ အမျက်ထွက်ခြင်း၌။ အာဒီနဝေါ စ၊ အပြစ်ကိုရင်း။ ခန္တိယံ၊ သည်ခံခြင်း၌။ အာနိသံသော စ၊ အကျိုးကိုရင်း။ ပစ္စဝေက္ခိတဗ္ဗော၊ အဘန်ဘန် အထပ်ထပ် ရှုဆင်ခြင်အပ်၏။ ။(ဤကားအနက်)

ဒေါသ၌အပြစ်၊ သည်းခံခြင်း၌ အကျိုးကို အဘယ်သို့ ရှုဆင်ခြင်အပ်သနည်း ဟူမူ–

အနတ္ထဇနနော ဒေါသော၊ ဒေါသော စိတ္တပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။

ဣတိဝုတ် ပါဠိတော်။ ။ယဿ ဇနဿ၊ အကြင် ဒေါသရစ်မြေး ပညာ သေးသော လူပြိန်း၏။ ဒေါသော၊ အမျက်ထွက်ခြင်း ဒေါသသည်။ အနတ္ထဇနနော၊ ပစ္စုပ္ပန် သံသရာ၊ နှစ်ဖြာသော အကျိုးမဲ့ကို ဖြစ်စေတတ်၏။ ဒေါသော၊ အမျက်ထွက်ခြင်း ဒေါသသည်။ စိတ္တပကောပနော၊ လောကီ၊ လောကုတ် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ဘဝတို့၌ ကိုယ်ကျိုး ပွါးကြောင်း ကောင်းသော စိတ်အစဉ်ကိုလည်း ပျက်စီးစေတတ်၏။ တဿ၊ ထိုအမျက် ထွက်သော သူ၏။ အန္တရတော၊ စိတ်၌။ ဘယံ၊ ယခုလောက ပစ္စုပ္ပန်ဘဝ၌ ကာယိကဒုက္ခ စေတသိက ဒုက္ခတည်းဟူသော ဘေး၊ သံသရာလောက, တမလွန် ဘဝ၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တည်းသော အပါယ်လေးဘုံ၌ဖြစ်သော ဘေး စသော ဆင်းရဲ များကြောင်း မကောင်းသော ဘေးအပေါင်းသည်။ ဇာတံ၊ ထင်ရှား မှီရောက် ပေါ်ပေါက်ဖြစ်ထွန်းလာ၏။သောဇနော၊ ထိုဒေါသရစ်မြေး၊ ပညာသေးသော လူပြိန်းသည်။ တံ၊ ထိုကျိုးကောင်း ယုတ်ငြား၊ ကျိုးမဲ့ ပွါးကြောင်း မကောင်းသော တရား မိမိ၏ စိတ်သန္တာန်၌ အမှန်ကျရောက်ဖြစ်ပွါးလာသည်ကို။ နာဝဗုဇ္ဈတိ၊ မသိရှာလေ။ ။(ဤကားအနက်)

ခန္တိ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

တိတိက္ခာ၊ သူတပါးတို့ စော်ကားနှိပ်စက် ရိုက်နှက်ပုတ်ခတ်ခြင်း စသည်ကို ဒေါသခိုက်ရန် တုံ့လှန်ခြင်းမရှိရအောင် မိမိ၏ကိုယ်-နှုတ်-နှလုံး သုံးပါးလုံးကို သိုသိပ်သိမ်းဆည်းလျက် သည်းခံခြင်းဟုဆိုအပ်သော။ ခန္တိ၊ ခန္တီသည်။ ပရမံ၊ လွန်မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ ဒေါသစသော အကုသိုလ်တရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ ပရမံ၊ လွန်စွာမြတ်သောတရားဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ဟောတော်မူကုန်၏။ ပဗ္ဗဇိတော၊ ရဟန်းသည်။ ပရူပဃာတီ၊ သူတပါးတို့အား ရိုက်နှက် ပုတ်ခတ် သတ်ဖြတ်လေ့ရှိသည်။ နဟိ ဘဝေယျ၊ မဖြစ်ရာသည်သာတည်း။ ပရံ၊ သူတပါးကို။ဝိဟေဌယန္တော၊ ညှဉ်းဆဲနှိပ်စက် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်တတ်သော သူသည်။ သမဏော၊ ရဟန်းမည်သည်။ နဟောတိ၊ မဖြစ်။ ။(ဤကားအနက်)

အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တိဗလံ ဗလာဏီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်။ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အက္ကောသဉ္စ၊ သူတပါးတို့၏ ဆဲရေးခြင်းကိုလည်း။ ဝဓဗန္ဓဉ္စ၊ ရိုက်နှက် ပုတ်ခတ်ခြင်း, နှောင်ဖွဲ့ခြင်းကိုလည်း။ အဒုဋ္ဌော၊ အမျက်မထွက်ဘဲ။ တိတိက္ခတိ၊ သည်းခံ၏။ ခန္တိဗလံ၊ သည်းခံခြင်း ခန္တီ-ဟူသော အားအစွမ်းလည်း ရှိထသော။ ဗလာဏီကံ၊ ဆန့်ကျင်ဘက်ဖြစ်သော ဒေါသကို ပယ်ရှမ်းနိုင်သောကြောင့် အဏီကမည်သော ခန္တီတည်းဟူသော ဗိုလ်ရဲမက်လည်းရှိထသော။တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ အဟံ၊ ငါဘုရားသည်။ ဗြာဟ္မဏံ၊ ရဟန္တာ-ဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ ။(ဤကား အနက်)

ယော ကောဓဇရုကော ဗာလော၊ သီလလေခေါဝ ဒုဇ္ဇဟော။
ဟာယန္တိ ဝေ ဟိတာကရာ၊ ကာလပက္ခေဝ စန္ဒိမာ။

မုက္ခမံ့လာဂါထာ။ ။ယောဗာလော၊ အကြင်သူမိုက်သည်။ကောဓဇရုကော၊ အမျက်တက်ခြင်း၌ အလေးပြုတတ်၏။ သီလလေခေါဝ၊ ဆောက်သွားတွင်ပြေးကျောက်အရေးကဲ့သို့။ ဒုဇ္ဇဟော၊ ဒေါသကိုယ်တွင် ဖြစ်လျှင်တပဲ စွန့်နိုင်ခဲ၏။ ကာလပက္ခေ၊ လဆုတ်ပက္ခ၌။ စန္ဒိမာ၊ လသည်။ ဟာယတိဣဝ၊ တနေ့တခြား

ယှဉ်းပါးကွင်းကွေ ဆုတ်ယုတ်လေဘိသကဲ့သို့။ တထာ၊ ထိုနှင့်မခြား အလားတူစွာ။ တဿဗာလဿ၊ ထိုသူမိုက်၏။ ဝါ၊ ထိုသူမိုက်အား။ ဟိတကရာ၊ ကျေးဇူးပြုတတ် ခင်ပွန်းမြတ်တို့သည်။ ဝါ၊ ကျေးဇူးပြုတတ် စည်းစိမ်မြတ်တို့သည်။ ဝါ၊ ကျေးဇူးပြုတတ် ကုသိုလ်မြတ်တို့သည်။ ဝေ၊ စင်စစ်။ ဟာယန္တိ၊ တနေ့တခြား ယှင်းပါးကွင်းကွေ ဆုတ်ယုတ်လေကုန်၏။ ။(ဤကားအနက်)

ယော ခန္တိ ဂရုကော သန္တော၊ ဒကလေခေါဝ သုသမော။
ဝဍ္ဎန္တိ ဝေ ဟိတကရာ၊ သုက္ကပက္ခေဝ စန္ဒိမာ။

မုက္ခမ်လာဂါထာ။ ။ယောသန္တော၊ အကြင်သူတော်ကောင်းသည်။ ခန္တိဂရုကော၊ သည်းခံခြင်း၌ အလေးပြု၏။ဒကလေခေါဝ၊ လှိုတံခြစ်မြေး ရေအရေးကဲ့သို့။ သုသမော၊ သူတပါးတို့ စော်ကားနိုင်ထက် လွန်နှိပ်စက်လည်း အမျက်ချုပ်သိမ်း ဒေါသငြိမ်း၏။ သုက္ကပက္ခေ၊ လဆန်းပက္ခ၌။ စန္ဒိမာ၊ လသည်။ ဝဍ္ဎတိဣဝ၊ တနေ့တခြား တိုးပွါးသောထွေ တောက်ထွန်းလေဘိသကဲ့သို့။ တထာ၊ ထိုနှင့်မခြား အလားတူစွာ။ တဿသန္တဿ၊ ထိုသူတော်ကောင်း၏။ ဝါ၊ ထိုသူတော်ကောင်းအား။ ဟိတကရာ၊ ကျေးဇူးပြုတတ် ခင်ပွန်းမြတ်တို့သည်။ ဝါ၊ ကျေးဇူးပြုတတ် စည်းစိမ်မြတ်တို့သည်။ ဝါ၊ ကျေးဇူးပြုတတ် ကုသိုလ်မြတ်တို့သည်။ဝေ၊စင်စစ်။ဝဍ္ဎန္တိ၊တနေ့တခြား ပြန့်ပွါးများထွေ တိုးတက်လေကုန်၏။ ။(ဤကား အနက်)

ကောဓော မောက္ခပဝေသာနံ၊ သန္တံ မူလ နိကန္တနော။
ခမောပိ ပါယကမှာနံ၊ သန္တံ မူလ မုဒ္ဒဟော။
တသ္မာ ဝိပ္ပဟာယ ကောဓံ၊ ခန္တိမေဝါနုဗြူဟော။

ဋင်းလာဂါထာ။ ။ကောဓော၊ အမျက်ထွက်ခြင်း ဒေါသတရားသည်။ မောက္ခပဝေသာနံ၊ နိဗ္ဗာန်သို့ ဝင်ကြောင်းဖြစ်ကုန်သော သမထ ဝိပဿနာတို့၏။ သန္တံ၊ စင်စစ်။မူလ နိကန္တနော၊ သစ်မြစ်သဘွယ် ကြီးကျယ်ပွါးကြောင်း ကောင်းမြတ်သော သီလကို ဖျက်ဆီးတတ်၏။ ခမောပိ၊ သည်းခံခြင်း သည်လည်း။ အပါယကစာနံ၊ အပါယ်လေးဘုံသို့ ရှေ့ဆောင်ဦးတင်၍ ဆွဲငယ်ယူဆောင်တတ်ကုန်သော အကုသိုလ် တရားတို့၏။ မူလံ၊ အမြစ်သဘွယ်ဖြစ်သော ဒေါသတရားကို။ သန္တံ၊ စင်စစ်။ ဥဒ္ဒဟော၊ ထုတ်နုတ်ယူဆောင်လျက် ကင်းအောင်ပယ်ပစ်တတ်၏။ တသ္မာ၊ ထိုကြောင့်။ ကောဓံ၊ အမျက်ထွက်ခြင်း ဒေါသတရားကို။ ဝိပ္ပဟာယ၊ ကင်းလွတ်ဝေးစွာ ပယ်စွန့်ခဲ့၍။ ခန္တိမေဝ၊ သည်းခံခြင်း ခန္တီကိုသာလျှင်။ အနုဗြူဟော၊ အဘန်ဘန် အထပ်ထပ် မပြတ်အောင် အားထုတ်ရာ၏။ ။(ဤကား အနက်)

ကာမံ မညတုဝါ မာဝါ၊ ဘယာမျာယံ တိတိက္ခတိ။
သဒတ္ထပရမာ အတ္ထာ၊ ခန္တျာဘိယျော နဝိဇ္ဇတိ။

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်။ ။အယံပုဂ္ဂလော၊ ဤသည်းခံ၍ နေသော ပုဂ္ဂိုလ်သည်။မေ၊ငါ့အား။ ဝါ၊ ငါ့ကို။ ဘယာ၊ ကြောက်သောကြောင့်။ တိတိက္ခတိ၊ အသံဆိတ်ဆိတ် တိတ်တိတ် ချုပ်တည်း သည်းခံ၍ နေ၏။ ဇုတိ၊ ဤသို့။ပရော၊ ရန်ဘက်ပြုငြား တပါးသောသူသည်။ ကာမံ မညတုဝါ၊အကယ်၍ မှတ်ထင်သည်မူလည်း ဖြစ်စေ။ မာဝါ မညတု၊ အကယ်၍ မမှတ် ထင်သည်မူလည်းဖြစ်စေ။ အတ္ထာ၊အကျိုးပွါးကြောင်း ကောင်းမှုတရားတို့သည်။ သဒတ္ထပရမာ၊ကိုယ်ကျိုးပွါးကြောင်း ကောင်းမှုသာလျှင်အတိုင်း အရှည်ရှိကုန်၏။ သဒတ္ထေသု၊ ကိုယ်ကျိုးပွါးကြောင်း ကောင်းမှုတို့တွင်။ ခန္တျာ၊ သည်းခံခြင်း ခန္တီထက်။ဘိယျော၊ လွန်သော ကိုယ်ကျိုးပွါးကြောင်း ကောင်းမှုတရားသည်။ နဝိဇ္ဇတိ၊ မရှိ။ ။(ဤကားအနက်)

တသောဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ အပဋိ ကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်။ ။ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ မိမိအား အမျက်ထွက်သောသူကို။ ပဋိကုဇ္ဈတိ၊ ဒေါသအမျက် ပြန်၍ ထွက်၏။ သော၊ ထိုအမျက်ပြန်၍ ထွက်သောသူသည်။ တေန၊ ထိုအမျက်ပြန်၍ ထွက်ခြင်းကြောင့်။တသောဝ—တဿဧဝ၊ မိမိအား ရှေးဦးစွာ အမျက်ထွက်သော သူထက်သာလျှင်။ ပါပိယော၊ အထူးသဖြင့် ယုတ်မာသောသူ မည်သည်။ ဟောတိ၊ ဖြစ်၏။ ကုဒ္ဓံ၊ မိမိအား ခိုက်ရန်ပြုလျက် အမျက် ထွက်သော သူကို။ အပဋိကုဇ္ဈန္တော၊ ရန်တုံ့မပြုဘဲ ဒေါသအမျက် ပြန်၍မထွက်သောသူသည်။ ဒုဇ္ဇယံ၊ လူသာမန်တို့ တိုက်လှန်ဖို့ခဲ အောင်နိုင်ခဲသော။ သင်္ဂါမံ၊ ကိလေသာညစ် ရန်ဖြစ်ပူးတွဲ မာရ်စစ်ပွဲကို။ ဇေတိ၊ အောင်၏။ ။(ဤကားအနက်)

ဤသို့ စသည်ဖြင့် ပါဠိတော်လာတိုင်း ဒေါသ၌ အပြစ်ကိုရင်း၊ သည်းခံခြင်း၌ အကျိုးကိုရင်း အဘန်ဘန် အထပ်ထပ် စိတ်၌ ထင်ရှားစွာ မြင်အောင် ရှုဆင်ခြင် အပ်၏။ ဤသို့ ရှုဆင်ခြင်ခြင်းဖြင့် မြင်အပ်ပြီးသော အပြစ်ရှိသော ဒေါသတရားမှ စိတ်ကိုကင်းလွတ် စေခြင်းငှါရင်း၊ မြင်အပ်ပြီးသော အကျိုးရှိသော ခန္တီ၌ စိတ်ကိုယှဉ်စေခြင်းငှါရင်း မေတ္တာဘာဝနာကို အားထုတ်အပ်၏။ ယင်းသို့မေတ္တာဘာဝနာတရားကို ပွါးများအားထုတ်သော ပုဂ္ဂိုလ်သည်လည်း မိမိသည် မချစ်မနှစ်သက်အပ်သော အပ္ပိယ ပုဂ္ဂိုလ်-၁၊ မိမိသည် လွန်စွာ ချစ်

အပ်သော အတိပ္ပိယ ပုဂ္ဂိုလ်—၁၊ မိမိသည် ချစ်အပ်သော ပုဂ္ဂိုလ်လည်းမဟုတ်၊ မချစ်မနှစ်သက်အပ်သော ပုဂ္ဂိုလ်လည်း မဟုတ်၊ အလယ်အလတ် ဖြစ်၍ လျစ်လျူ ရှုအပ်သော မဇ္ဈတ္တ ပုဂ္ဂိုလ်—၁၊ မိမိ၏ ရန်သူဖြစ်သော ဝေရီ ပုဂ္ဂိုလ်-၁၊ ဤလေးယောက်တို့၌ ရှေးဦးစွာ မပွါးအပ်။ မိမိကိုယ်ကိုရင်း၊ ပိယပုဂ္ဂိုလ်ကိုရင်း ပွါးပြီးမှ ပွါးအပ်၏ ဟူလို။

မိန်းမ၌ ဤမိန်းမသည် ချမ်းသာ ပါစေ သတည်း-ဟူ၍ အသိး ထုတ်၍ ဩဓိသမေတ္တာကို မပွါးအပ်။ သဗ္ဗာဣတ္ထိယော—ဟူ၍ အနောဓိသ မေတ္တာ ကိုကား ပွါးအပ်၏ ဟူလို။ ရင်းအစစွာ မပွါးအပ်ကြောင်းစသည်ကို ဆိုသော စကားကို ပုထုဇန်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့၏ ဈာန်ကိုမရသေးမီ အာဒိကမ္မိက မေတ္တာကို ရည်၍ အဋ္ဌကထာဆရာသည် ဆိုတော် မူအပ်၏ -ဟု မှတ်ရာ၏။ အဘဲ့ကြောင့်နည်း ဟူမူ၊ ရင်းပုဂ္ဂိုလ်တို့မှာ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒ နီဝရဏ တို့ကို လောကီဈာန်ဖြင့်ရင်း၊ မဂ်ဖြင့်ရင်း မခွါအပ်- မပယ်အပ် သေးသည် ဖြစ်၏။ ချစ်ခြင်းတဏှာတည်းဟူသော မေတ္တာ၏ နည်းသော ရန်သူ၊ မုန်းခြင်း ဒေါသတည်းဟူသော မေတ္တာ၏ ဝေးသော ရန်သူတို့ဝင်လာရာ သောကြောင့် တည်းဟူပေ။ ထို့ကြောင့် ပုထုဇန်, သောတာပန်, သကဒါဂါမ် တို့မှာ သမာပဇ္ဇနအခါ၌၊ အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်တို့မှာ အာဒိကမ္မိက,သမာပဇ္ဇန နှစ်ပါး လုံး၌ ရင်းပုဂ္ဂိုလ်တို့၌ မေတ္တာကို ပွါးများသင့်၏-ဟု မှတ်ရာ၏။ သေသောသူ၌ အချင်းခပ်သိမ်းမပွါးအပ်။အဘဲ့ကြောင့် အပ္ပိယ ပုဂ္ဂိုလ်၊ အတိပ္ပိယ ပုဂ္ဂိုလ်၊ မဇ္ဈတ္တ ပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ်—ဤလေးယောက်တို့၌ အစစွာ မေတ္တာကို မပွါးအပ် လေသနည်း။ မိန်းမ၌ ဩဓိသမေတ္တာကို မပွါး အပ်လေသနည်း။ သေသောသူ၌ အချင်းခပ်သိမ်းပင် မပွါးအပ်လေသနည်း ဟူမူ၊ မိမိ တော်မွတ်လျက် သူတပါး အားပေးရလျှင် စိတ်ပင်ပန်းသကဲ့သို့ အပ္ပိယပုဂ္ဂိုလ်, မဇ္ဈတ္တ ပုဂ္ဂိုလ်တို့ကို ပိယ ပုဂ္ဂိုလ်၏ အရာ၌ ထားသော် စိတ်ပင်ပန်းရာ သောကြောင့်ရင်း၊ မေတ္တာ ဟူက အမျှချစ်ရသည်ဖြစ်၍ အတိပ္ပိယ ပုဂ္ဂိုလ်က မျှရုံသာ ချစ်အပ်သော အရာထား ခြင်း၊ထိုအတိပ္ပိယ ပုဂ္ဂိုလ်အားအနည်းငယ်မျှသောဒုက္ခဖြစ်ခြင်းတို့ဖြင့်စိတ်ပင်ပန်း ခြင်းကြောင့်ရင်း၊ ဝေရီပုဂ္ဂိုလ်ကို အောက်မေ့သော် ဒေါသဖြစ်ရာသောကြောင့် ရင်း၊မိန်းမကို အသီးထုတ်၍အောက်မေ့သော် ရာဂဖြစ်ရာ သောကြောင့်ရင်းသေ သော သူကို အာရုံပြု၍ မေတ္တာ ပွါးရာ၌ ဥပစာရဈာန်-အပ္ပနာဈာန်- နှစ်ပါး မဖြစ်နိုင်သောကြောင့်တည်း—ဟူပေ။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

အယဉှိ မေတ္တာ အပ္ပိယ ပုဂ္ဂလေ အတိပ္ပိယ သဟာယကေ မဇ္ဈတ္တေ ဝေရိ ပုဂ္ဂလေတိ ဣမေသု စတူသု ပဌမံ နဘာဝေတဗ္ဗာ၀။ လိင်္ဂ ဝိသဘာဂေ ဩဓိသော နဘာဝေတဗ္ဗာ၊ ကာလံကတေ နဘာဝေတဗ္ဗာ၀။ ကိံ ကာရဏာ အတိပ္ပိ

ယာဒိသု နဘာဝေတဗ္ဗာ၊ အပ္ပိယဉှိ ပိယဋ္ဌာနေ ဌပေန္တော ကိလမတိ။ အတိပ္ပိယ
သဟာယကံ မဇ္ဈတ္တဋ္ဌာနေ ဌပေန္တော ကိလမတိ။ အပ္ပမတ္တကေပိ စဿ ဒုက္ခေ
ဥပ္ပန္နေ အာရောဒနာကာရပ္ပတ္တော ဝိယ ဟောတိ။ မဇ္ဈတ္တံ ဂရုဋ္ဌာနေ စ ပိယဋ္ဌာနေ စ
ဌပေန္တော ကိလမတိ။ ဝေရိမနုဿရတော ကောဓော ဥပ္ပဇ္ဇတိ။ တသ္မာ အပ္ပိယာ
ဒီသု ပဌမံ နဘာဝေတဗ္ဗာ။ လိင်္ဂဝိသဘာဂေ တဒေဝ အာရဗ္ဘ ဩဓိသော
ဘာဝေန္တဿ ရာဂေါ ဥပ္ပဇ္ဇတိ။ အညတရော ကိရ အမစ္စပုတ္တော ကုလူပကတ္ထေရံ
ပုစ္ဆိ ဘန္တေ ကဿ မေတ္တာ ဘာဝေတဗ္ဗာတိ။ ထေရော ပိယပုဂ္ဂလေတိ အာဟ။
တဿ အတ္တနော ဘရိယာ ပိယာ ဟောတိ။ သော တဿာ မေတ္တံ ဘာဝေန္တော
သဗ္ဗရတ္တိံ ဘိတ္တိယုဒ္ဓမကာသိ။ တသ္မာ လိင်္ဂဝိသဘာဂေ ဩဓိသော နဘာဝေ
တဗ္ဗာ။ ကာလင်္ကတေ ဘာဝေန္တော နေဝအပ္ပနံ နဥပစာရံ ပါပုဏာတိ။ အည
တရောကိရ ဒဟရဘိက္ခု အာစရိယံ အာရဗ္ဘ မေတ္တမာရဘတိ။ တဿမေတ္တာ
နပ္ပဝတ္တတိ။ သော မဟာထေရဿ သန္တိကံ ဂန္တွာ ဘန္တေ ပဂုဏာဝ မေတ္တာ
ဈာနသမာပတ္တိ နစ နံ သမာပဇ္ဇိတုံ သက္ကောမိ။ ကိံ နုခေါ ကာရဏန္တိ အာဟ။
ထေရော နိမိတ္တမာဝုသော ဂဝေသာဟီတိ အာဟ။ သော ဂဝေသန္တော အာစရိ
ယဿ မတဘာဝံ ဉတွာ အညမာရဗ္ဘ မေတ္တာယန္တော သမာပတ္တိံ မပ္ပေတိ။
တသ္မာ ကာလင်္ကတေ နဘာဝေတဗ္ဗာ။ ။ဟု မိန့်အပ်၏။

ဟိ၊ ချဲ့၍ဆိုဦးအံ့။ အယံမေတ္တာ၊ ဤမေတ္တာ ဘာဝနာကို။ အပ္ပိယ ပုဂ္ဂလေ၊ ရန်မတွေ့ဘဲ မေတ္တာနဲလတ် မချစ်အပ်သော ပုဂ္ဂိုလ်၌၎င်း။ အတိပ္ပိယသဟာယကေ၊ အလွန်ချစ်အပ်သော အဆွေခင်ပွန်း၌၎င်း။ မဇ္ဈတ္တေ၊ လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်၌၎င်း။ ဝေရိပုဂ္ဂလေ၊ ရန်သူ ပုဂ္ဂိုလ်၌၎င်း။ ဣတိ၊ ဤသို့။ ဣမေသုစတူသု၊ ဤလေးယောက်သော ပုဂ္ဂိုလ်တို့၌။ ပဌမံ၊ ရှေးဦးစွာ။ နဘာဝေတဗ္ဗာ၊ မပွါးအပ်။ လိင်္ဂဝိသဘာဂေ၊ အသွင် အားဖြင့် သဘောမတူသောမိန်းမ၌။ ဩဓိသော၊ အသီးပိုင်းခြားသောအားဖြင့်။ နဘာဝေတဗ္ဗာ၊ မပွါးအပ်။ ကာလင်္ကတေ၊ သေသောသူ၌။ နဘာဝေတဗ္ဗာဝ၊ အချင်းခပ်သိမ်း မပွါးအပ်သည်သာတည်း။ ကိံကာရဏာ၊ အဘယ်အကြောင်းကြောင့်။ အပ္ပိယာဒီသု၊ ရန်မတွေ့ဘဲ မေတ္တာနဲလတ် မချစ်အပ်သော ပုဂ္ဂိုလ် စသည်တို့၌။ ပဌမံ၊ ရှေးဦးစွာ။ နဘာဝေတဗ္ဗာ၊ မပွါးအပ်သနည်း။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ အပ္ပိယံ၊ ရန်မတွေ့ဘဲ မေတ္တာနဲလတ် မချစ်အပ်သော ပုဂ္ဂိုလ်ကို။ ပိယဋ္ဌာနေ၊ ချစ်အပ်သော ပုဂ္ဂိုလ်၏အရာ၌။ ဌပေန္တော၊ ထားလတ်သည်ရှိသော်။ ကိလမတိ၊ စိတ်ပင်ပန်း၏။ အတိပ္ပိယ သဟာယကံ၊ အလွန်ချစ်အပ်သော အဆွေခင်ပွန်းကို။ မဇ္ဈတ္တဋ္ဌာနေ၊ မျှရုံသာချစ်အပ်သောသူ၏အရာ၌။ ဌပေန္တော၊ ထားလတ်သည် ရှိသော်။ ကိလမတိ၊ စိတ်ပင်ပန်း၏။ အဿ၊ ထိုအလွန်ချစ်အပ်သောအဆွေခင်ပွန်း

အား။ အပ္ပမတ္တကေပိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ဒုက္ခေ၊ ဆင်းရဲသည်။
ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ အာရောဒနာကာရပ္ပတ္တောဝိယစ၊ ငိုသောအခြင်းအရာ
သို့ ရောက်သကဲ့သို့လည်း။ ဟောတိ၊ ဖြစ်၏။ မဇ္ဈတ္တံ၊ လျစ်လျူ ရှုအပ်သော
ပုဂ္ဂိုလ်ကို။ ဂရုဋ္ဌာနေစ၊ အလေးပြုအပ်သော သူ၏ အရာ၌၎င်း။ ပိယဋ္ဌာနေစ၊
ချစ်အပ်သောသူ၏ အရာ၌၎င်း။ ဌပေန္တော၊ ထားလတ်သည်ရှိသော်။ ကိလမတိ၊
စိတ်ပင်ပန်း၏။ ဝေရိံ၊ ရန်သူကို။ အနုဿရတော၊ အောက်မေ့သော သူအား။
ကောဓော၊ အမျက်ထွက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။
အပ္ပိယာဒီသု၊ ရန်မတွေ့ဘဲ မေတ္တာနဲလတ် မချစ်အပ်သောသူ စသည်တို့၌။ ပဌမံ၊
ရှေးဦးစွာ။ နဘာဝေတဗ္ဗာ၊ မပွါးအပ်။ လိင်္ဂဝိသဘာဂေပန၊ အသွင်အားဖြင့်
သဘောမတူသော မိန်းမ၌ကား။ တမေဝ၊ ထိုမိန်းမကိုသာလျှင်။ အာရဗ္ဘ၊အာရုံ
ပြု၍။ ဩဓိသော၊ အသီးပိုင်းခြားသော အားဖြင့်။ ဘာဝေန္တဿ၊ ပွါးသော
သူအား။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကိရ၊ အဆင့်စကားကြားဘူး
သည်ကား။ အညတရော၊တယောက်သော။ အမစ္စပုတ္တော၊ အမတ်၏သားသည်။
ကုလူပကတ္ထေရံ၊ အိမ်သို့ကပ်လာသော မထေရ်ကို။ ဘန္တေ၊ အရှင်ဘုရား။ ကဿ၊
အဘယ်သူအား။ မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်ပါသနည်း။ ဣတိ၊
ဤသို့။ ပုစ္ဆိ၊ မေးလျှောက်လေ၏။ အထ၊ ထိုမေးလျှောက်သော အခါ၌။
ထေရော၊ မထေရ်သည်။ ပိယပုဂ္ဂလေ၊ ချစ်အပ်သောပုဂ္ဂိုလ်၌။ မေတ္တာ၊ မေတ္တာ
ကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုလေ၏။ တဿ၊ ထို
အမတ်၏ သားအား။ အတ္တနော၊ မိမိ၏။ ဘရိယာ၊ မယားသည်။ ပိယာ၊ ချစ်
အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုအမတ်၏သားသည်။ တဿ၊ ထိုမိမိ၏
မယားအား။ မေတ္တံ၊ မေတ္တာကို။ ဘာဝေန္တော၊ ပွါးသည်ရှိသော်။ သဗ္ဗရတ္တိံ၊
ညဉ့်သုံးယာမ်ပတ်လုံး။ ဘိတ္တိယုဒ္ဓံ၊ မိန်းမအိပ်ရာ တိုက်ခန်းသာ၌ ကာရံ၍ထား
အပ်သော နံရံနှင့် အတင်းတိုး၍ စစ်ထိုးခြင်းကို။ အကာသိ၊ ပြုရလေ၏။ တသ္မာ၊
ထို့ကြောင့်။ ဝိသဘာဂေ၊ အသွင်အားဖြင့် သဘောမတူသော မိန်းမ၌။ ဩဓိ
သော၊ အသီးပိုင်းခြားသောအားဖြင့်။ မေတ္တာ၊ မေတ္တာကို။ နဘာဝေတဗ္ဗာ၊
မပွါးအပ်။ ကာလင်္ကတေပန၊ သေသောသူ၌ကား။ ဘာဝေန္တော၊ မေတ္တာကို
ပွါးသည်ရှိသော်။အပ္ပနံ၊ အပ္ပနာဈာန်သို့။ နေဝပါပုဏာတိ၊ မရောက်။ဥပစာရံ၊
ဥပစာရဈာန်သို့။ နပါပုဏာတိ၊ မရောက်။ ကိရ၊ အဆင့်စကား ကြားဘူးသည်
ကား။ အညတရော၊ တပါးသော။ ဒဟရဘိက္ခု၊ သီတင်းငယ် ရဟန်းသည်။
အာစရိယံ၊ ဆရာကို။ အာရဗ္ဘ၊ အာရုံပြု၍။ မေတ္တံ၊ မေတ္တာကို။ အာရဘတိ၊
အားထုတ်၏။ အထ၊ ထိုအားထုတ်သောအခါ၌။ တဿ၊ ထိုသီတင်းငယ်ရဟန်း
၏။ မေတ္တာ၊ မေတ္တာသည်။ နပ္ပဝတ္တတိ၊ ဈာန်အပ္ပနာမဖြစ်။ သော၊ ထိုသီတင်း
ငယ် ရဟန်းသည်။ မဟာထေရဿ၊ မထေရ်ကြီးအား။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊

သွား၍။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ ဝါ၊ အကျွန်ုပ်သည်။ မေတ္တာစျာနသမာပတ္တိ၊ မေတ္တာစျာန်သမာပတ်သည်။ပဂုဏာဝ၊ အကြိမ်များစွာ လေ့လာအပ်ပြီးသည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ စ၊ ယင်းသို့ အကြိမ်များစွာ လေ့လာအပ်ပြီးဖြစ်ပါလျက်။ နံ၊ ထိုမေတ္တာစျာန်သမာပတ်ကို။ အဟံ၊ တပည့်တော်သည်။ သမာပဇ္ဇိတုံ၊ ဝင်စားခြင်းငှါ။ နသက္ကောမိ၊ မစွမ်းနိုင်ပါ။ ကာရဏံ၊ အကြောင်းကား။ ကိံ နုခေါ၊ အဘယ်သို့ ပါနည်း။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏။ အထ၊ ထိုအခါ၌။ ထေရော၊ မထေရ်ကြီးသည်။ အာဝုသော၊ ငါ့ရှင်။ နိမိတ္တံ၊ အာရုံကို။ ဂဝေသာဟိ၊ ရှာစမ်းဦးလော။ ဣာဘိ၊ သို့။ အာဟ၊ မိန့်ဆိုလေ၏။ အထ၊ ထိုအခါ၌။ သော၊ ထိုသီတင်းငယ် ရဟန်းသည်။ ဂဝေသန္တော၊ အာရုံကိုစူးစမ်း၍ မေးမြန်းရှာဖွေသည် ရှိသော်။ အာစရိယဿ၊ ဆရာ၏။ မတာဘာဝံ၊ ပျံလွန်တော်မူသည်၏ အဖြစ်ကို။ ဥတ္ဝာ၊ သိရလ၍။ အညံ၊ ဆရာမှအခြား တပါးသော ပုဂ္ဂိုလ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ မေတ္တာယန္တော၊ မေတ္တာကို ပွါးသည်ရှိသော်။ သမာပတ္တိ၊ မေတ္တာစျာန်သမာပတ်သို့။ အပ္ပေသိ၊ သက်ဝင်လေ၏။ တသ္မာ၊ ထို့ကြောင့်။ ကာလကတေ၊ သေသောသူ၌။ မေတ္တာ၊ မေတ္တာကို။ နဘာဝေတဗ္ဗာ၊ အချင်းဝပ်သိမ်း မပွါးအပ်သည်သာတည်း။ ။ (ဤကားအနက်)

အဘဲ့ကြောင့် သေသောသူ၌ မေတ္တာစျာန်မဖြစ်သနည်းဟူမူ သေသောသူ၏ စီးပွါးချမ်းသာကို ဆောင်ခြင်းငှါ မထိုက်သည်ဖြစ်၍ မေတ္တာ၏ အစွမ်းအား လျော်စွာသောဌာန မဟုတ်သည်၏ အဖြစ်ကြောင့် သေသောသူ၌ မေတ္တာစျာန် မဖြစ်သည်ဟူပေ။ ။ထို့ကြောင့်ဋီကာ၌။ ။ကသ္မာပန ကာလကတေ မေတ္တာ ဘာဝနာ နဣဇ္ဈတီတိ။ မေတ္တာဗျာပါရဿ အယောဂျ ဋ္ဌာနဘာဝတော၊ နဟိ မတပုဂ္ဂလော ဟိတူပသံဟာရရဟော။ ။ယူ၍ မိန့်အပ်၏။ ။ပန၊ ပုစ္ဆာကို ဆိုဦးအံ့။ ကသ္မာ၊ အဘဲ့ကြောင့်။ ကာလကတေ၊ သေသောသူ၌။ မေတ္တာ ဘာဝနာ၊ မေတ္တာဘာဝနာသည်။ နဣဇ္ဈတိ၊ မပြည့်စုံသနည်း။ ဣတိအယံ၊ ဤ သည်ကား။ ပုစ္ဆာ၊ အမေးတည်း။ မေတ္တာဗျာပါရဿ၊ မေတ္တာ အစွမ်းအား။ အယောဂျဋ္ဌာနဘာဝတော၊ လျော်သော ဌာနမဟုတ် သည်၏ အဖြစ်ကြောင့်။ ကာလံကတေ၊ သေသောပုဂ္ဂိုလ်၌။ မေတ္တာဘာဝနာ၊ မေတ္တာ ဘာဝနာသည်။ နဣဇ္ဈတိ၊ မပြည့်စုံ။ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ မတပုဂ္ဂလော၊ သေသော ပုဂ္ဂိုလ်သည်။ ဟိတူပသံ ဟာရရဟော၊ စီးပွါး ချမ်းသာကို ဆောင်ခြင်းငှါ ထိုက်သည်။ နဟောတိ၊ မဖြစ်။ ။(ဤကားအနက်)

ဤသို့ပြဆိုအပ်ခဲ့ပြီးသော အကြောင်းဖြင့် ရှေးဦးစွာ မပွါးသင့်သော အဒ္ဒိယ ပုဂ္ဂိုလ် စသည်ကိုရှေး၍—

သဗ္ဗာဒိသာ အနုပရိဂမ္မ စေတသာ၊ နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧဝံ ပိယော ပုထုအတ္တာ ပရေသံ၊ တသ္မာ နဟိံသေ ပရမတ္တကာမော။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ကောသလသံယုတ်။)

ဗုဓော၊ ပညာရှိသည်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့သို့။ စေတသာ၊ စိတ်ဖြင့်။ အနုပရိဂမ္မ၊ အစဉ်လျှောက်၍။ ဂဝေသန္တော၊ ရှာမှီးသည်ရှိသော်။ ကွစိ၊ တစုံတခုသော အရပ်မျက်နှာ၌။ အတ္တနာ၊ မိမိထက်။ ပိယတရံ၊ အထူးသဖြင့် ချစ်အပ်သောသူကို။ နေဝဇ္ဈဂါ၊ မရရာ။ သယံ၊ မိမိသည်။ အတ္တာဝ၊ မိမိကိုယ်ကိုသာလျှင်။ ပိယော၊ ချစ်အပ်သည်ဖြစ်၍။ လဗ္ဘေယျယထာ၊ ရအပ်ရာသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ပရေသမ္ပိ၊ သူတပါးတို့သည်လည်း။ ပုထု၊ အသီးအသီး။ အတ္တာဝ၊ မိမိကိုယ်ကိုသာလျှင်။ ပိယော၊ ချစ်အပ်သည်ဖြစ်၍။ လဗ္ဘေယျ၊ ရအပ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ ဗုဓော၊ ပညာရှိသည်။ အတ္တကာမော၊ အကျိုးစီးပွါးကို အလိုရှိပါမူကား။ ပရံ၊ သူတပါးကို။ နဟိံသေ၊ မညှဉ်းဆဲရာ။ ။(ဤကားအနက်)

ဤသို့စသည်ဖြင့် မိမိကိုယ်ကဲ့သို့ တပါးသောသတ္တဝါတို့၏ စီးပွါးချမ်းသာကို အလိုရှိအပ်သည်ကို မြတ်စွာဘုရား ဟောတော်မူသောကြောင့် မိမိကိုယ်ကို အာရုံပြု၍ပွါးရာ၌ စျာန်မဖြစ်ငြားသော်လည်း တပါးသော သူတို့၏ သက်သေပြုရန်အကျိုးငှါ အလုံးစုံတို့၏ ရှေးဦးစွာ မိမိကိုယ်ကိုအာရုံပြု၍ မေတ္တာကမ္မဋ္ဌာန်းကို ပွါးရာ၏။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။သဗ္ဗပဌမံပန အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော ဟောမီတိဝါ၊ အဝေရော အဗျာပဇ္ဇော အနီဃော သုခီအတ္တာနံ ပရိဟရာမီတိဝါ၊ ဧဝံ ပုနပ္ပုနံ အတ္တနိယေဝ ဘာဝေတဗ္ဗာ။ ။ဟုမိန့်အပ်၏။ ။ပန၊ ရှေးဦးစွာ ပွါးအပ်သည်ကို ဆိုဦးအံ့။ သဗ္ဗပဌမံ၊ အလုံးစုံတို့၏ ရှေးဦးစွာ။ အဟံ၊ ငါသည်။ သုခိတော၊ ချမ်းသာခြင်းသို့ ရောက်သည်။ ဟောမိ၊ ဖြစ်ပါစေသတည်း။ နိဒ္ဒုက္ခော၊ ဆင်းရဲမရှိသည်။ ဟောမိ၊ ဖြစ်ပါစေသတည်း။ ဣတိဝါ၊ ဤသို့ရင်း။ အဗျာပဇ္ဇော၊ ဒေါမနဿတည်း ဟူသော ညှဉ်းဆဲခြင်း မရှိသည်။ ဟောမိ၊ ဖြစ်ပါစေသတည်း။အနီဃော၊ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း မရှိသည်။ ဟောမိ၊ ဖြစ်ပါစေသတည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခီ၊ ချမ်းသာစွာ။ ပရိဟရာမိ၊ ရွက်ဆောင်နိုင်ပါစေသတည်း။ ဣတိဝါ၊ ဤသို့ရင်း။ ဧဝံ၊ သို့။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ အတ္တနိယေဝ၊ မိမိကိုယ်၌သာလျှင်။ မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်၏။ ။(ဤကားအနက်)

အဘဲ့ကြောင့် မိမိ၌ ပွါးခြင်းမေတ္တာသည် စျာန်ကို မဖြစ်စေနိုင်သနည်း ဟူမူငါဟူ၍ ချစ်ခြင်းဘေးရန် ရှိသည်၏ အဖြစ်ကြောင့် မိမိ၌ ပွါးခြင်း မေတ္တာ

သည့် ဈာန်ကို မဖြစ်စေနိုင်သည်ဟူပေ။ ။ထို့ကြောင့် ဋီကာ၌။ ။ကသ္မာပန အတ္တနိ ဘာဝနာ အပ္ပနာဝဟာ နဟောတီတိ၊ အတ္တနိ သိနေဟ ဝသေန ပရိသယ ဘာဝတော။ ။ဟုမိန့်အပ်၏။ ။ပန၊ အမေးပုစ္ဆာကိုဆိုဦးအံ့။ကသ္မာ၊အဘဲ့ကြောင့်။အတ္တနိ၊ မိမိ၌။ ဘာဝနာ၊ ပွါးအပ်သောမေတ္တာဘာဝနာသည်။ အပ္ပနာဝဟာ၊ ဈာန်ကိုရွက်ဆောင်နိုင်သည်။ နဟောတိ၊ မဖြစ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေး ပုစ္ဆာတည်း။ အတ္တနိ သိနေဟဝသေန၊ ငါဟူ၍ ချစ်ခြင်းတဏှာ၏ အစွမ်းဖြင့်။ ပရိသယဘာဝတော၊ ဘေးရန် ရှိသည်၏ အဖြစ်ကြောင့်။ အတ္တနိ၊ မိမိ၌၊ ဘာဝနာ၊ ပွါးအပ်သော မေတ္တာဘာဝနာသည်။ အပ္ပနာဝဟာ၊ အပ္ပနာကို ရွက်ဆောင်နိုင်သည်။ နဟောတိ၊ မဖြစ်။ ဣတိအယံ၊ ဤသည်ကား။ ပရိဟာရော၊အဖြေတည်း။ ။(ဤကားအနက်)

ဤသို့ သက်သေပြုရန် အကျိုးငှါ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာဖြင့်နှံ့စေပြီးသည်၏အခြားမဲ့၌ ချစ်အပ်မြတ်နိုးအပ် အလေးပြုအပ်သောဆရာ၊ ဆရာမျှလောက်သောသူ၊ ဥပဇ္ဈာယ်၊ ဥပဇ္ဈာယ် မျှလောက်သောသူ၊ သိတင်းသုံးဘော်တပည့်တို့တွင် တယောက်ယောက်၌ ချစ်မြတ်နိုးခြင်းကို ပြုတတ်သော ချစ်ဘွယ်စကားစသည်ကိုရင်း၊ အလေးပြုအပ် ချီးမွမ်းအပ်သည်၏ အကြောင်း ဖြစ်ကုန်သီလ-သမာဓိ စသော ဂုဏ်ကျေးဇူးတို့ကိုရင်း အဘန်ဘန် အောက်မေ့၍ ဤသူတော်ကောင်းသည် ချမ်းသာပါစေ သတည်း- စသည်ဖြင့် မေတ္တာကို ပွါးအပ်၏။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။သက္ခိဘာဝတ္ထံ ပဌမံ အတ္တာနံ မေတ္တာယ ဖရိတွာ တဒနန္တရံ သုခပ္ပဝတ္တနတ္ထံ ယွာယံ ပိယော မနာပေါ ဂရုဘာဝနီယော အာစရိယော ဝါ အာစရိယ မတ္တော ဝါ ဥပဇ္ဈာယော ဝါ ဥပဇ္ဈာယ မတ္တော ဝါ၊ တဿ တာနိ ပိယ ဝစနာဒီနိ ပိယမနာပတ္တကာရဏာနိ သီလသုတာဒီနိ ဂရုဘာဝနီယတ္တ ကာရဏာနိစ အနုဿရိတွာ သေသပ္ပုရိသော သုခိတော ဟောတု နိဒ္ဒုက္ခောတိအာဒိနာ နယေန မေတ္တာဘာဝေတဗ္ဗာ။ ။ဟုမိန့်အပ်၏။ ။သက္ခိဘာဝတ္ထံ၊ သက်သေ၏ အဖြစ် အကျိုးငှါ။ ပဌမံ၊ ရှေးဦးစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ မေတ္တာယ၊ မေတ္တာဖြင့်။ ဖရိတွာ၊ နှံ့စေပြီး၍။ တဒနန္တရံ၊ ထိုနှံ့စေပြီးသည်၏ အခြားမဲ့၌။ သုခပ္ပဝတ္တနတ္ထံ၊ ဖြစ်လွယ်စေခြင်းအကျိုးငှါ။ပိယော၊ ချစ်အပ်သော။ မနာပေါ၊ နှလုံးကို ပွါးစေ တတ်သော။ ဂရုဘာဝနီယော၊ အလေးပြုအပ်သော။ ယွာယံ—ယောအယံ အာစရိယော ဝါ၊ အကြင် ဩဝါဒကို ပေးတတ်သော ဩဝါဒါစရိယဆရာ၊ စာပေကျမ်းဂန်ကို ချပို့ ပေတတ်သော ဓမ္မာစရိယ ဆရာ၊ ကမ္မဝါစာ ဘတ်ရွတ်၍ ပဉ္စင်းခံ ပေသော ဥပသမ္ပဒါ စရိယ ဆရာ၊ မှီ၍ နေအပ်သော-- နိဿယာစရိယ ဆရာသည်ရင်း။ ယော အယံ အာစရိယ မတ္တော ဝါ၊ အကြင် ဆရာမျှ လောက်သော သူသည်ရင်း။ ယော အယံ

ဥပဇ္ဈာယောဝါ၊ အကြင် ဥပဇ္ဈာယ် ဆရာ သည်ရှိ၏။ ယော အယံ ဥပဇ္ဈာယ မတ္တောဝါ၊ အကြင် ဥပဇ္ဈာယ်မျှလောက်သော သူသည်ရှိ၏။ အတ္ထိ၊ ရှိ၏။တဿ၊ ထိုဆရာစသည်၌။ ဝါ၊ ထိုဆရာ စသည်၏။ ပိယမနာ ပတ္တကာရဏာနိ၊ ချစ်အပ် နှလုံးကို ပွါးစေတတ်သည်၏ အဖြစ်၏ အကြောင်းဖြစ်ကုန်သော။ တာနိ ပိယ ဝစနာဒီနိစ၊ ထိုချစ်ဘွယ်သော စကားစသည် တို့ကိုရှိ၏။ ဂရုဘာဝနိယတ္တကာ ရဏာနိ၊ အလေးပြုအပ်- ချီးမွမ်းအပ်သည် အဖြစ်၏ အကြောင်း ဖြစ်ကုန်သော။ တာနိသီလသုတာဒီနိစ၊ ထိုသီလ အကြားအမြင် စသည်တို့ကိုရှိ၏။ အနုဿ ရိတွာ၊ အဘန်ဘန် အောက်မေ့၍။ သေး သော သပ္ပုရိသော၊ ထိုသူတော် ကောင်းသည်။ သုခိတော၊ ချမ်းသာခြင်းသို့ ရောက်သည်။ နိဒုက္ခော၊ ဆင်းရဲ မရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်၏။ ။ (ဤကားအနက်)

ဤသို့ပြဆိုခဲ့ပြီးသော သဘောရှိသော ပိယပုဂ္ဂိုလ်၌ အဘန်ဘန် မေတ္တာ ကို ပွါးသော ပုဂ္ဂိုလ်၌ အပ္ပနာစျာန် ဖြစ်၏။ ယင်းသို့ အပ္ပနာ စျာန်ဖြစ် လာငြားသော်လည်း ၎င်းပိယပုဂ္ဂိုလ်၌ ဖြစ်သော အပ္ပနာစျာန်ဖြင့်သာ မရောင့်ရဲ နိုင်သည်ဖြစ်၍ မိမိကိုယ်- ပိယပုဂ္ဂိုလ်- မဇ္ဈတ္တ ပုဂ္ဂိုလ်- ဝေရီ ပုဂ္ဂိုလ်, ဤလေး ယောက်သော ပုဂ္ဂိုလ်တို့၌ အပိုင်းအခြားမရှိ အမျှချစ်ခြင်း-ဟု ဆိုအပ်သော သီမသမ္ဘေဒကို ပြုလိုသော ပုဂ္ဂိုလ်သည် ထိုပိယပုဂ္ဂိုလ်၏အခြားမဲ့၌ အတိပ္ပိယ ပုဂ္ဂိုလ်၊ ထိုအတိပ္ပိယ ပုဂ္ဂိုလ်၏ အခြားမဲ့၌။ မဇ္ဈတ္တပုဂ္ဂိုလ်၊ ထိုမဇ္ဈတ္တ ပုဂ္ဂိုလ်၏ အခြားမဲ့၌ ဝေရီ ပုဂ္ဂိုလ်၌မေတ္တာကို ပွါးအပ်၏။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌ ကထာ၌။ ။ဝေရူပေစ ပုဂ္ဂလေ ကာမံ အပ္ပနာ သမ္ပဇ္ဇတိ။ ဣမိနာပန ဘိက္ခုနာ တာဝတ္တကေန တုဋ္ဌိံ အနာပဇ္ဇိတွာ သီမသမ္ဘေဒံ ကတ္တုကာမေန တဒနန္တရံ အတိပ္ပိယ သဟာယကေ အတိပ္ပိယ၊ သဟာယကတော မဇ္ဈတ္တေ၊ မဇ္ဈတ္တတော ဝေရိပုဂ္ဂလေ မေတ္တာ ဘာဝေတဗ္ဗာ။ ။ဟု မိန့်အပ်၏။ ။စ၊ ဆက်၍ဆိုဦးအံ့။ ဝေရူပေ၊ ဤသို့ပြဆိုအပ်ခဲ့ပြီးသော သဘောရှိသော။ ပိယပုဂ္ဂလေ၊ ပိယပုဂ္ဂိုလ်၌။ အပ္ပနာ၊ အပ္ပနာစျာန်သည်။ ကာမံ သမ္ပဇ္ဇတိ၊ အကယ်၍ကား ပြည့်စုံ၏။ ပန၊ ယင်းသို့ပင်ပြည့်စုံငြားသော်လည်း။ တာဝတ္တကေန၊ ထိုပိယပုဂ္ဂိုလ်၌ ဖြစ်သော ဈာန်မျှဖြင့်။ တုဋ္ဌိံ၊ နှစ်သက်ခြင်းသို့။ အနာပဇ္ဇိတွာ၊မရောက်မူ၍။ သီမသမ္ဘေဒံ၊ မိမိကိုယ် ပိယပုဂ္ဂိုလ် မဇ္ဈတ္တပုဂ္ဂိုလ် ဝေရီပုဂ္ဂိုလ်တို့၌ အပိုင်းအခြားမရှိ အမျှချစ် ခြင်းကို။ ကတ္တုကာမေန၊ ပြုလိုသော။ ဣမိနာဘိက္ခုနာ၊ ဤရဟန်းသည်။ တဒနန္တရံ၊ ထိုပိယပုဂ္ဂိုလ်၏အခြားမဲ့၌။ အတိပ္ပိယ သဟာယကေ၊ အလွန်ချစ်အပ် သော အဆွေခင်ပွန်း၌ရှိ၏။ အတိပ္ပိယသဟာယကတော၊ အလွန်ချစ်အပ်သော

အဆွေခင်ပွန်းမှ။ ပရံ၊ နောက်၌။ မဇ္ဈတ္တ၊ လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်၌ရင်း။ မဇ္ဈတ္တတော၊ လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်မှ။ ပရံ၊ နောက်၌။ ဝေရိပုဂ္ဂလေ၊ ရန်သူဖြစ်သော ပုဂ္ဂိုလ်၌ရင်း။ မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်၏။ ။ (ဤကား အနက်)

ယင်းသို့ပွါးသော ပုဂ္ဂိုလ်သည်လည်း အဟံ အဝေရော ဟောမိ- စသည်ဖြင့် အမှတ်မဲ့မပြုမူ၍ မိမိကိုယ်ကို စိတ်၌ ထင်အောင်ကြည့်၍ ပွါးရာ၏၊ မိမိ၌ ဒေါသ စသည်မှကင်းလျက် ချမ်းသာခြင်းဖြစ်လျှင် နှစ်သက်နူးညံ့သော စိတ်ဖြစ်မှ ပိယ ပုဂ္ဂိုလ်ကိုပြောင်း၍ စိတ်၌ထင်အောင်ကြည့်၍ ပွါးရာ၏။ ၎င်းပိယပုဂ္ဂိုလ်၌ဒေါသ စသည်မှ ကင်းလျက် ချမ်းသာခြင်းဖြစ်လျှင် နှစ်သက် နူးညံ့သော စိတ်ဖြစ်မှ အတိပ္ပိယ ပုဂ္ဂိုလ်ကိုပြောင်း၍ စိတ်၌ထင်အောင်ကြည့်၍ ပွါးရာ၏။ ၎င်းအတိပ္ပိယ ပုဂ္ဂိုလ်၌ ဒေါသစသည်မှကင်းလျက် ချမ်းသာခြင်းဖြစ်လျှင် နှစ်သက် နူးညံ့သော စိတ်ဖြစ်မှ မဇ္ဈတ္တပုဂ္ဂိုလ်ကိုပြောင်း၍ စိတ်၌ထင်အောင်ကြည့်၍ ပွါးရာ၏။ ၎င်း မဇ္ဈတ္တပုဂ္ဂိုလ်၌ ဒေါသစသည်မှကင်းလျက်ချမ်းသာခြင်းဖြစ်လျှင် နှစ်သက်နူးညံ့ သော စိတ်ဖြစ်မှ ဝေရိပုဂ္ဂိုလ်ကိုပြောင်း၍ စိတ်၌ထင်အောင်ကြည့်၍ ၎င်းဝေရိ ပုဂ္ဂိုလ်၌ ဒေါသစသည်မှကင်းလျက်ချမ်းသာခြင်းဖြစ်လျှင် နှစ်သက်နူးညံ့သော စိတ်ဖြစ်အောင်ပွါးရာ၏။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။ဘာဝေန္တေနစ ကေကသ္မိံ ကောဋ္ဌာသေ မုဒုံ ကမ္မနိယံ စိတ္တံ ကတွာ တဒနန္တရေ တဒနန္တရေ ဥပသံဟရိတဗ္ဗံ။ ။ဟု မိန့်အပ်၏။ ။ဘာဝေန္တေနစ၊ ပွါးသောပုဂ္ဂိုလ်သည် လည်း။ ဧကေကသ္မိံ ကောဋ္ဌာသေ၊ မိမိကိုယ်စသော တယောက်တယောက်သော ပုဂ္ဂိုလ်ဟု ဆိုအပ်သော အစု၌။ စိတ္တံ၊ စိတ်ကို။ မုဒုံ၊ နူးညံ့သည်ကို။ ကမ္မနိယံ၊ အာရုံတွင်ထားခြင်း အမှု၌ ခံ့သည်ကို။ ကတွာ၊ ပြု၍။ တဒနန္တရေ တဒနန္တရေ၊ ထိုထိုမိမိကိုယ်စသည်၏ အခြားမဲ့ဖြစ်သော ပိယပုဂ္ဂိုလ်စသည်၌။ ဥပသံဟရိတဗ္ဗံ၊ ဆောင်အပ်၏။ ။(ဤကား အနက်)

ထိုပုဂ္ဂိုလ်တို့တွင် ဝေရိပုဂ္ဂိုလ်ကိုအောက်မေ့သောသူအားဒေါသဖြစ်ငြားအံ့၊ ဒေါသကိုဖျောက်ရာ၏၊ အဘယ်သို့ ဖျောက်ရာသနည်း။ ။အရေကုဋ္ဌနပုရိသ နန္ဒုဝတ္တံ ဘဂဝတာ ဥဘတောဒဏ္ဍကေနဧပိ ဘိက္ခဝေ ကကစေန စောရာ ဩစရကာ အင်္ဂမင်္ဂါနိ ဩက္ကန္တေယျုံ၊ တတြပိ ယော မနောပဒေါသေယျ၊ နမေ သော သာသနကရော။ ။အရေကုဋ္ဌနပုရိသ၊ ဟယ်အမျက်ထွက်တတ်သော ယောကျ်ားမိုက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥဘတောဒဏ္ဍကေန၊ နှစ်ဌာနတို့၌ တပ်အပ်သော ကြင်ဖုရှိသော။ ကကစေန၊ လွှဖြင့်။ ဩရစကာ၊ ယုတ်မာသော အကျင့်ရှိကုန်သော။ စောရာ၊ ခိုးသူတို့သည်။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။

စေပိသြက္ကန္တေယျုံ၊ အကယ်၍မူလည်း တိုက်ဖြတ်ကုန်ငြားအံ့။ တတြပိ၊ ထိုဖြတ်သော ခိုးသူတို့၌လည်း။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ မနောပဒေါသေယျ၊ စိတ်ဖြင့်ပြစ်မှားငြားအံ့။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ တေန၊ ထိုစိတ်ပြစ်မှားခြင်းဖြင့်။ မေ၊ ငါဘုရား၏။ သာသနကရော၊ အဆုံးအမကိုလိုက်နာသည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ နနု၊ ဟောတော်မူအပ်သည်မဟုတ်တုံလော။ ။(ဤကားအနက်)

တသော္မဝ နေတပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ အပ္ပဋိကုဇ္ဈန္တော၊ သံဂါမံ ဇေတိ ဒုဇ္ဇယံ။
(အနက်အောက်ကရေးခဲ့ပြီ။)

ဥဘိန္နမတ္ထံ စရတိ၊ အတ္တနောစ ပရဿစ။
ပရံ သင်္ကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။
သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။

ယော၊ အကြင်သူသည်။ ပရံ၊ သူတပါးကို။ သင်္ကုပိတံ၊ မိမိအားအမျက်ထွက်သည်ကို။ ဉတွာ၊ သိ၍။သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပသမ္မတိ၊ သည်းခံ၍နေ၏။ သော၊ ထိုသည်းခံသောသူသည်။ အတ္တနောစ၊ မိမိ၏ငင်း။ ပရဿစ၊ သူတပါး၏ငင်း။ ဣတိ၊ ဤသို့။ ဥဘိန္နံ၊ နှစ်ယောက်ကုန်သော သူတို့၏။ အတ္ထံ၊ အစီးအပွါးကို။ စရတိ၊ စင်စစ်ကျင့်၏။ ။(ဤကားအနက်)

သောတွံ ဣဒံ ကရောန္တော ဥဘောဟိ ဟတ္ထေဟိ ဝိတစ္စိတေဝါ အင်္ဂါရေဂူထံဝါ ဂဟေတွာ ပရံ ပဟရိတုကာမော ပုရိသောဝိယ အတ္တာနမေဝ ပဌမံ ဒဟတိစေဝ ဒုဂ္ဂန္ဓဉ္စ ကရောတိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။သောတွံ၊ ထိုသင်သည်။ ဣဒံ၊ ဤအမျက်ထွက်ခြင်းကို။ ကရောန္တော၊ ပြုလတ်သည် ရှိသော်။ ဥဘောဟိ ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ ဝိတစ္စိတေ၊ အလျှံကင်းကုန်သော။ အင်္ဂါရေဝါ၊ မီးကျီးတို့ကိုငင်း။ ဂူထံဝါ၊ မစင်ကိုငင်း။ ဂဟေတွာ၊ ကိုင်၍။ ပရံ၊ သူတပါးကို။ ပဟရိတုကာမော၊ ပုတ်ခတ်လိုသော။ ပုရိသော၊ ယောကျ်ားသည်။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ဒဟတိစေဝ။ ရှို့လည်းရှို့ သကဲ့သို့ငင်း။ ဒုဂ္ဂန္ဓံ၊ မကောင်းသောအနံ့ရှိသည်ကို။ ကရောတိဝိယစ၊ ပြုလည်း ပြုဘိသကဲ့သို့ငင်း။ တထာ၊ ထိုအတူ။ အတ္တာနမေဝ၊ မိမိ ကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ဒဟတိစေဝ၊ ဒေါသမီးဖြင့်လည်း ရှို့၏။ ဒုဂ္ဂန္ဓံ၊ ဒေါသတည်းဟူသော မကောင်းသော အနံ့ရှိသည်ကို။ ကရောတိစ၊ ပြုလည်း ပြု၏။ ။(ဤကားအနက်)

မေတ္တာယ ဘိက္ခဝေ စေတော ဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ကောဒသာနိသံသာ ပါဋိကင်္ခါ၊ကတမေ ကောဒသ၊ သုခံသုပတိ၊ သုခံ ပဋိဗုဇ္ဈတိ၊ နပါပကံ သုပိနံ ပဿတိ၊ မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏော ပသီဒတိ၊ အသံမုဠှော ကာလံ ကရောတိ၊ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ၊ မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီ ကတာယ ယာနီကတာယ ဝတ္ထုကဘာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဣမေ ကောဒသာနိသံသာ ပါဋိကင်္ခါ။ ။အင်္ဂုတ္တရ ပါဠိတော် ကောဒသ နိပါတ်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ မေတ္တာယ၊ မေတ္တာဖြစ်သော။ စေတော ဝိမုတ္တိယာ၊ စိတ်၏ နီဝရဏမှလွတ်ကြောင်း ဖြစ်သော ဘာဝနာ၏။ ဝါ၊ စိတ်၏ နီဝရဏမှ လွတ်ကြောင်းဖြစ်သော ဘာဝနာကို။ အာသေဝိတာယ၊ ရှိသေစွာ မှီဝဲအပ်သည်ရှိသော်။ ဘာဝိတာယ၊ အဘန်ဘန်အထပ်ထပ် ပွါးများအပ်သည် ရှိသော်။ဗဟုလီကတာယ၊ အကြိမ်များစွာ အလေ့အလာ ပြုအပ်သည် ရှိသော်။ ယာနီကတာယ၊ ယာဉ်ကဲ့သို့ ပြုအပ်သည် ရှိသော်။ ဝတ္ထုကတာယ၊ မှီရာကဲ့သို့ ပြုအပ်သည်ရှိသော်။ အနုဋ္ဌိတာယ၊ စွဲ၍ တည်သည် ရှိသော်။ ဝါ၊ မစွန့်အပ်သည်ရှိသော်။ ပရိစိတာယ၊ ထက်ဝန်းကျင်မှ ဆည်းပူးအပ်သည်ရှိသော်။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်အပ်သည် ရှိသော်။ ကောဒသ၊ တဆဲ့တပါး ကုန်သော။ အာနိသံသာ၊ အကျိုးတရားတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ကတမေ ကောဒသ၊ အဘယ် တဆဲ့တပါးသော အကျိုးတရားတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်သနည်း။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ သုခံ၊ ချမ်းသာစွာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။ ပါပကံ၊ ယုတ်မာသော။ သုပိနံ၊ အိပ်မက်ကို။ နပဿတိ၊ မမြင်မက်။ မနုဿာနံ၊ လူတို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ အမနုဿာနံ၊ နတ်တို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေဝတာ၊ နတ်တို့သည်။ ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏။ အဿ၊ထိုမေတ္တာကို ပွါးသောသူ၏။ ကာယေ၊ ကိုယ်၌။ အဂ္ဂိဝါ၊ မီးသည်ငြင်း။ ဝိသံဝါ၊ အဆိပ်သည်ငြင်း။ သတ္ထံဝါ၊ လက်နက်သည် ငြင်း။ နကမတိ၊ မဝင်မစူးနိုင်။ တုဝဋံ၊ လျင်စွာ။ စိတ္တံ၊စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်။ ပသီဒတိ၊ အထူးကြည်လင်၏။အသံမုဠှော၊ ပြင်းစွာမတွေဝေသည်ဖြစ်၍။ ကာလံကရောတိ၊ သေရ၏။ ဥတ္တရိ၊ လွန်မြတ်သော မဂ်ဖိုလ်ကို။ အပ္ပဋိဝိဇ္ဈန္တော၊ ထိုးထွင်းမသိလသော်။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ပြည်သို့လားရသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။မေတ္တာယ၊ မေတ္တာဖြစ်

သော။ စေတော ဝိမုတ္တိယာ၊ စိတ်၏ နီဝရဏ တရားတို့မှ လွတ်ကြောင်း ဖြစ်သော ဘာဝနာ၏။ ဝါ၊ စိတ်၏ နီဝရဏတရားတို့မှ လွတ်ကြောင်း ဖြစ်သော ဘာဝနာကို။ ဘာဝိတာယ၊ အဘန်ဘန်ဧထပ်ထပ်ပွါးများ အားထုတ်အပ်သည် ရှိသော်။ ဗဟုလိကတာယ၊ အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်။ ယာနိကတာယ၊ ယာဉ်ကဲ့သို့ပြုအပ်သည်ရှိသော်။ ဝတ္ထုကတာယ၊ မှီရာကဲ့သို့ ပြုအပ်သည်ရှိသော်။ အနုဋ္ဌိတာယ၊ စွဲ၍တည်သည် ရှိသော်။ ဝါ၊ မစွန့်အပ်သည် ရှိသော်။ ပရိစိတာယ၊ ထက်ဝန်းကျင်မှ ဆည်းပူးအပ်သည် ရှိသော်။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်အပ်သည် ရှိသော်။ ကောဒသ၊ တဆဲ့ဂါပါးကုန်သော။ ဣမေ အာနိသံသာ၊ ဤဆိုအပ်ခဲ့ပြီးသောအကျိုးကျေးဇူးတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ။(ဤကား အနက်)

ဤသို့ ပါဠိ,အဋ္ဌကထာလာတိုင်း ဒေါသ၌အပြစ်ကိုရင်း၊ ချစ်ခြင်းမေတ္တာ၌ အကျိုးကိုရင်း အဘန်ဘန်ရှု၍ ဖျောက်ရာ၏။ ယင်းသို့ ရှုသော်လည်း ဒေါသ အမျက်ကို မထွက်ဘဲ ပျောက်ငြိမ်းအောင် မတတ်နိုင်သော် ရန်သူပုဂ္ဂိုလ်အား မိမိက သက်န်းစသော ပစ္စည်းကိုပေး၍ သူကပေးသည်ကိုလည်း မိမိကယူ၍ ဖျောက်ရာ၏။ ယင်းသို့ပေးခြင်းယူခြင်းကိုပြုသည်ရှိသော် မချွတ်ဒေါသ ပျောက်တော့သည် သာတည်း။

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထ သာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိစ။ ။ အဋ္ဌကထာ။

ဒါနံ၊ ပေးကမ်းခြင်းသည်။ အဒန္တံ၊ မယဉ်ကျေးဘိ ဒေါသရှိသောသူကို။ ဒမနံ၊ ယဉ်ကျေးစေမှု ဆုံးမခြင်းကို ပြုတတ်သော အကျင့်ပေတည်း။ ဒါနံ၊ ပေးကမ်းခြင်းသည်။ သဗ္ဗတ္ထသာဓကံ၊ ခပ်သိမ်းသော အကျိုးကိုလည်း ပြီးစေနိုင်၏။ဒါယကာ၊ ပေးကမ်းသောအလှူရှင်ဒါယကာတို့သည်။ ဒါနေန၊ ပေးကမ်းခြင်းဖြင့်၎င်း။ ပိယဝါစာယစ၊ ချစ်ဘွယ်သောစကားဖြင့်၎င်း။ ဥန္နမန္တိ၊ အလှူခံပုဂ္ဂိုလ်သို့ ချစ်သည်၏အစွမ်းဖြင့် ညွတ်ကုန်၏။ ပဋိဂ္ဂါဟကာစ၊ အလှူခံ ပုဂ္ဂိုလ်တို့သည်လည်း။ နမန္တိ၊ အလှူပေး ပုဂ္ဂိုလ်သို့ ချစ်သည်၏ အစွမ်းဖြင့် ညွတ်ကုန်၏။ ။(ဤကား အနက်)

ထိုမေတ္တာ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်အား ဤသို့ ပြဆိုအပ်ခဲ့ပြီး သော နည်းဖြင့် ဒေါသကို ဖျောက်ခြင်းကြောင့် ရန်သူ ပုဂ္ဂိုလ်၌ ဒေါသ ပျောက်ငြိမ်းသည်ရှိသော် ပိယပုဂ္ဂိုလ်, အတိပ္ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်တို့၌ မေတ္တာ၏ အစွမ်းဖြင့် နူးညံ့သော စိတ်ဖြစ်သကဲ့သို့ ထိုဝေရီပုဂ္ဂိုလ်၌လည်း မေတ္တာ၏ အစွမ်း

ဖြင့် နူးညံ့သောစိတ်ဖြစ်၏။ထိုမှနောက်၌ အဘန်တလဲလဲ မေတ္တာကို ပွါးသော အားဖြင့် မိမိကိုယ်,ပိယပုဂ္ဂိုလ်,အတိပ္ပိယပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ် ဤပုဂ္ဂိုလ်လေးဦး တို့၌ အမျှဖြစ်သောစိတ်ကို ပြည့်စုံစေသဖြင့် အပိုင်းအခြားမရှိ အမျှချစ်ခြင်း ဟူသော သီမသမ္ဘေဒကိုပြုအပ်၏။ ။ထို့ကြောင့် ရှင်းအဋ္ဌကထာ၌။ ။တဿေဝံ ဝေရိပုဂ္ဂလေ ဝူပသန္တပဋိဃဿ ယထာ ပိယာတိပ္ပိယသဟာယက မဇ္ဈတ္တေသု ဧဝံ တသ္မိံပိ မေတ္တာဝသေန စိတ္တံ ပဝတ္တတိ၊ အထာနေန ပုနပ္ပုနံ မေတ္တာယန္တေန အတ္တနိ ပိယပုဂ္ဂလေ မဇ္ဈတ္တေ ဝေရိပုဂ္ဂလေတိ စတူသုဇနေသု သမစိတ္တတံ သမ္ပာ ဒေန္တေန သီမသမ္ဘေဒေါ ကာတဗ္ဗော။ ။ဟု မိန့်အပ်၏။ ။ဝေဝံရှိနာ ယထာ ဝုတ္တနယေန၊ ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်။ ဝိနော ဒနေန၊ ဒေါသကို ပယ်ဖျောက်ခြင်းကြောင့်။ တဿ၊ ထိုမေတ္တာကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်အား။ ဝေရိပုဂ္ဂလေ၊ ရန်သူပုဂ္ဂိုလ်၌။ ဝူပသန္တပဋိဃဿ၊ ပျောက်ငြိမ်းသော ဒေါသ ရှိလတ်သော်။ ပိယာတိပ္ပိယသဟာယကမဇ္ဈတ္တေသု၊ ချစ်အပ်သောအဆွေခင်ပွန်း၊အလွန်ချစ်အပ်သောအဆွေခင်ပွန်း၊လျစ်လျူရှုအပ် အလတ်ဖြစ်သော အဆွေခင်ပွန်းတို့၌။ မေတ္တာဝသေန၊ ချစ်သည်၏အစွမ်းဖြင့်။ စိတ္တံ၊ နူးညံ့သောစိတ်သည်။ပဝတ္တတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ တသ္မိံပိ၊ ထိုရန်သူပုဂ္ဂိုလ်၌လည်း။မေတ္တာဝသေန၊ ချစ်သည်၏ အစွမ်းဖြင့်။ စိတ္တံ၊ နူးညံ့သောစိတ်သည်။ပဝတ္တတိ၊ ဖြစ်၏။ အထပစ္ဆာ၊ ထိုမှနောက်၌။ အနေန၊ ဤ မေတ္တာဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်သည်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ မေတ္တာယန္တေန၊ မေတ္တာဘာဝနာကို အားထုတ်သောအားဖြင့်။ အတ္တနိစ၊ မိမိ ကိုယ်၌၎င်း။ ပိယပုဂ္ဂလေစ၊ ပိယပုဂ္ဂိုလ်၌၎င်း။ မဇ္ဈတ္တေစ၊ မဇ္ဈတ္တ ပုဂ္ဂိုလ်၌၎င်း။ ဝေရိပုဂ္ဂလေစ၊ ဝေရိပုဂ္ဂိုလ်၌၎င်း။ ဣတိ၊ ဤသို့။ စတူသု၊ လေးယောက်ကုန် သော။ ဇနေသု၊ ပုဂ္ဂိုလ်တို့၌။ သမစိတ္တတံ၊ မျှသောစိတ် ရှိသည်၏ အဖြစ်ကို။ သမ္ပာဒေန္တေန၊ ပြည့်စုံ စေသဖြင့်။ သီမသမ္ဘေဒေါ၊ အပိုင်းအခြားမရှိ အမျှ ချစ်ခြင်းဟူသော သီမသမ္ဘေဒကို။ ကာတဗ္ဗော၊ပြုအပ်၏။ ။(ဤကား အနက်)

အဘယ်အခါ သီမသမ္ဘေဒကို ပြုအပ်သည် မည်သနည်း ဟူမူ၊ ထို မေတ္တာ ဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်သည် ပိယပုဂ္ဂိုလ်- မဇ္ဈတ္တပုဂ္ဂိုလ်- ဝေရီ ပုဂ္ဂိုလ်တို့နှင့် မိမိလျှင် လေးယောက်မြောက်ရှိသည်ဖြစ်၍ ထိုင်နေသည် ရှိသော် ခိုးသူတို့သည်လာကြကုန်၍ အရှင်ဘုရားတို့ အကျွန်ုပ်တို့အား သစ်ပင်ထက်မှ ဆင်းပြီး၍လည်ချောင်းသွေးကို ထုတ်ယူပြီးလျှင် ယဇ်နတ်ပူဇော်ခြင်းအကျိုးငှါ ရဟန်းတပါးကို ပေးကြပါကုန်ဟု ဘေ ငင်းလာသည် ရှိသော် မိမိမှကြွင်းသော သုံးယောက်သော ပုဂ္ဂိုလ်တို့တွင် တယောက်ယောက်ကိုမှတ်၍ ဤအမည်ရှိသော ပုဂ္ဂိုလ်ကိုရင်း၊ ဤအမည်ရှိသော ပုဂ္ဂိုလ် ကိုရင်း ယူစေကုန် ဟူ၍ရင်း၊ ငါ့ကို

ယူစေကုန်ဟူ၍ရင်း စိတ်အကြံ ဖြစ်ငြားအံ့၊ အပိုင်းအခြား မရှိ အမျှ ချစ်ခြင်း ဟူသော သီမသမ္ဘေဒကိုဖြစ်အောင် မပြုနိုင်သေးသည်သာဖြစ်၏။ အကြင်အခါ ထိုလေးယောက်တို့တွင် တယောက်ယောက်ကိုမျှ မပေးရက်သည် ဖြစ်၍ အပိုင်း အခြားမရှိ၊ အမျှချစ်သော မေတ္တာစိတ်ဖြစ်၏။ ထိုအခါအပိုင်းအခြားမရှိ၊ အမျှ ချစ်ခြင်းဟူသော သီမသမ္ဘေဒကို ပြုအပ်သည်မည်၏။ ထိုအခါသီမသမ္ဘေဒဖြစ်၏ ဟူလိုသည်။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌။ ။တဿိဒံလက္ခဏံ၊ သစေဣမသ္မိံ ပုဂ္ဂလေ ပိယမဇ္ဈတ္တဝေရီဟိ သဒ္ဓိံ အတ္တစတုတ္ထေ ကေသ္မိံ ပဒေသေ နိသိန္နေ စောရာ အာဂန္တွာ ဘန္တေ ဧကံ ဘိက္ခုံ အမှာကံ ဒေထာတိ ဝတွာ ကိံ ကာရဏာတိ ဝုတ္တေ တံ မာရေတွာ ဂလလောဟိတံ ဂဟေတွာ ဗလိကရဏတ္ထာယာတိ ဝဒေယျုံ၊ တတြ စေသော ဘိက္ခု အသုကံ ဝါ အသုကံ ဝါ ဂဏှန္တုတိ စိန္တေယျ၊ အကတောဝ ဟောတိ သီမသမ္ဘေဒေါ၊ သစေ ပန အဟံ ဂဏှန္တု၊ မာ ဣမေ တယော တိပိ စိန္တေယျ၊ အကတောဝ ဟောတိ သီမသမ္ဘေဒေါ၊ ကသ္မာ၊ ယဿယဿဟိ ဂဟဏမိစ္ဆတိ၊ တဿတဿ အဟိတေသီ ဟောတိ၊ ဣတရေသံယေဝ ဟိတေသီ ဟောတိ၊ ယဒါပန စတုန္နံ ဇနာနမန္တရေ ဧကံစောရာနံဒါတဗ္ဗံ နပဿတိ၊အတ္တနိစ တေသုစ တီသုဇနေသု သမမေဝစိတ္တံ ပဝတ္တေတိ၊ ကတော ဟောတိ သီမသမ္ဘေဒေါ။ ။ဟု မိန့်အပ်၏။ ။ဘဿ၊ ထိုသီမသမ္ဘေဒ၏။ ဣဒံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ လက္ခဏံ၊ လက္ခဏာတည်း။ ဣမသ္မိံ ပုဂ္ဂလေ၊ ဤမေတ္တာ ဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည်။ ပိယမဇ္ဈတ္တ ဝေရီဟိ၊ ပိယ ပုဂ္ဂိုလ်-မဇ္ဈတ္တ ပုဂ္ဂိုလ်-ဝေရီပုဂ္ဂိုလ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အတ္တစတုတ္ထေ၊ မိမိလျှင် လေးယောက်မြောက် ရှိသည်ဖြစ်၍။ ကေသ္မိံ ပဒေသေ၊ တခုသော အရပ်၌။ နိသိန္နေ၊ ထိုင် နေသည်ရှိသော်။ စောရာ၊ ခိုးသူတို့သည်။ အာဂန္တွာ၊ လာကြကုန်၍။ ဘန္တေ၊ အရှင်ဘုရားတို့။ အမှာကံ၊ အကျွန်ုပ်တို့အား။ ဧကံ၊ တယောက်သော။ ဘိက္ခုံ၊ ရဟန်းကို။ ဒေထ၊ ပေးကြပါကုန်လော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုကြကုန်၍။ ယာစေယျုံ၊ တောင်းလာကြ ကုန်ငြားအံ့။ ကိံ ကာရဏာ၊ အဘယ်အကြောင်း ကြောင့်။ ယာစထ၊ တောင်းကြကုန်သနည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ မေးအပ် သည် ရှိသော်။ တံဘိက္ခုံ၊ ထိုရဟန်းကို။ မာရေတွာ၊ သတ်ပြီး၍။ ဂလလောဟိ တံ၊ လည်ချောင်း သွေးကို။ ဂဟေတွာ၊ ယူ၍။ ဗလိကရဏတ္ထာယ၊ ယဇ်နတ် ပူဇော်ခြင်းအကျိုးငှါ။ ဒေထ၊ ပေးကြပါကုန်လော။ ဣတိ၊ ဤသို့။ သစေဝဒေ ယျုံ၊ အကယ်၍ ဆိုကုန်ငြားအံ့။ ဧဝံဝုတ္တေသု၊ ဤသို့ ဆိုအပ်ကုန်သည် ရှိသော်။ သောဘိက္ခု၊ ထိုမေတ္တာဘာဝနာကို အားထုတ်သော ရဟန်းသည်။ တတြ၊ ထိုလေးယောက်သော ပုဂ္ဂိုလ်တို့တွင်။ အသုကံဝါ၊ ဤအမည် ရှိသော ပုဂ္ဂိုလ် ကိုရင်း။ အသုကံဝါ၊ ဤအမည်ရသော ပုဂ္ဂိုလ်ကိုရင်း။ ဂဏှန္တု၊ ယူစေ ကုန် သတည်း။ ဣတိ၊ ဤသို့။ စေစိန္တေယျ၊ အကယ်၍မူလည်း ကြံငြားအံ့။ ဧဝံသတိ၊

ဤသို့ ကြံမိသည်ရှိသော်။ သီမ သမ္ဘေဒေါ၊သီမ သမ္ဘေဒသည်။ အကတော၀၊ မပြုအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မံ၊ ငါ့ကို။ ဂဏှန္တု၊ ယူစေကုန်။ဣမေ တယော၊ ဤသုံးယောက်တို့ကို။ မာဂဏှန္တု၊ မယူစေကုန်လင့်။ ဣတိ၊ ဤသို့။ စေပိစိန္တေယျ၊ အကယ်၍မူလည်း ကြံငြားအံ့။ ဝေပိ၊ ဤသို့ပင် ကြံသော်လည်း။ သီမသမ္ဘေဒေါ၊ အပိုင်းအခြားမရှိ အမျှချစ်ခြင်းဟူသော သီမ သမ္ဘေဒသည်။ အကတော၀၊မပြုအပ်သည်သာလျှင်။ဟောတိ၊ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သီမသမ္ဘေဒေါ၊ အပိုင်းအခြားမရှိ အမျှချစ်ခြင်း ဟူသော သီမသမ္ဘေဒသည်။ အကတော၀၊ မပြုအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်လေသနည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ ယဿ ယဿ၊ အကြင်အကြင်သူ၏။ ဂဟဏံ၊ ယူခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တဿတဿ၊ ထိုထိုသူ၏။ အဟိတေသီ၊ အစီး အပွါးကို ရှာမှီးလေ့မရှိသည်။ဟောတိ၊ ဖြစ်၏။ ဣတရေသံယေဝ၊ ယူစေခြင်းငှါ အလိုရှိအပ်သောသူမှ တပါးသော ပုဂ္ဂိုလ်တို့၏ သာလျှင်။ ဟိတေသီ၊ အစီးအပွါးကို ရှာမှီလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ယဒါပန၊ အကြင်အခါ၌ ကား။ စတုန္နံ၊ လေးယောက်ကုန်သော။ ဇနာနံ၊ ပုဂ္ဂိုလ်တို့၏။ အန္တရေ၊ အတွင်း၌။ ဧကမ္ပိ၊ တယောက်မျှကိုလည်း။ စောရာနံ၊ ခိုးသူတို့အား။ ဒါတဗ္ဗံ၊ ပေးအပ် ပေးထိုက်သည်ကို။ နပဿတိ၊ မမြင်။ အတ္တနိစ၊ မိမိ၌၎င်း။ တီသု၊ သုံးယောက် ကုန်သော။ တေသုစ ဇနေသု၊ ထိုမိမိမှ ကြွင်းသော ပုဂ္ဂိုလ် သုံးယောက်တို့၌၎င်း။ သမမေဝ၊ အမျှသာလျှင် ဖြစ်သော။ စိတ္တံ၊ စိတ်ကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ တဒါ၊ ထိုအခါ၌။ သီမ သမ္ဘေဒေါ၊ အပိုင်းအခြားမရှိ အမျှချစ်ခြင်းဟူသော သီမသမ္ဘေဒသည်။ကတော၊ ပြုအပ်သည်။ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ဤသို့အမျှ ချစ်ခြင်းဟူသော သီမသမ္ဘေဒကို ပြုအပ်ပြီးသည်ရှိသော် ပိယပုဂ္ဂိုလ်-မဇ္ဈတ္တပုဂ္ဂိုလ်- ဝေရီပုဂ္ဂိုလ်တို့ကို စိတ်ဖြင့် တခုသောနေရာ၌ ထား၍ သုံးယောက်လုံးကို၎င်း၊ တယောက်ယောက်ကို၎င်း အာရုံပြု၍ မေတ္တာကို အဘန်ဘန်ပွါးသော ပုဂ္ဂိုလ်အား အပ္ပနာစျာန် ဖြစ်၏။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။သီမသမ္ဘေဒပန ကတေ တမေဝ နိမိတ္တံ အာသေဝေန္တော ဘာဝေန္တော ဗဟုလီကရောန္တော အပ္ပကသိရေနေဝ ပထဝီကသိဏေ ဝုတ္တနယေ နေဝ အပ္ပနံ ပါပုဏာတိ။ ။ဟူ၍ မိန့်အပ်၏။ ။သီမမ္ဘေဒေ၊ အပိုင်းအခြားမရှိ အမျှချစ်ခြင်းဟူသော သီမသမ္ဘေဒကို။ ကတေပန၊ ပြုအပ်ပြီးသည်ရှိသော်ကား။တမေဝ နိမိတ္တံ၊ ထိုပိယပုဂ္ဂိုလ်စသော အာရုံကိုပင်လျှင်။ အာသေဝေန္တော၊ အဘန်ဘန် မှီဝဲသော။ ဘာဝေန္တော၊ ပွါးသော။ ဗဟုလီကရောန္တော၊ အကြိမ်များစွာပြုသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပက သိရေနေဝ၊ ငြိုငြင်မှုစွာ အလွယ်သာလျှင်။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်း၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်

ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ အပ္ပနံ၊ အပ္ပနာစျာန်သို့။ ပါပုဏာတိ၊ ရောက်၏။ ။(ဤကားအနက်)

ဤသို့ ပြဆိုအပ်ခဲ့ပြီးသည်ကို စေ့စေ့ ဝှငှ ကြည့်ရှု မှတ်သားပြီးမှ မေတ္တာဘာဝနာကို ဤသို့ ဆိုအပ်လတ္တံ့သော နည်းဖြင့် ပွါးရာ၏။ ။အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။ ။မယှံ ပိယပုဂ္ဂလော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။ ။မယှံ မဇ္ဈတ္တပုဂ္ဂလော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃောဟောတု၊ သုခီအတ္တာနံပရိဟရတု။ ။မယှံ ဝေရီပုဂ္ဂလော အဝေရော ဟောတု၊ အဗျာပဇ္ဇောဟောတု၊ အနီဃော ဟောတု၊ သုခီအတ္တာနံ ပရိဟရတု။ ။ဣမသ္မိံ ဝိဟာရေ ဘိက္ခူသံဃာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဣမသ္မိံ ဝိဟာရေ ဒေဝတာ အဝေရာဟောန္တု၊အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဣမသ္မိံ ဝိဟာရေ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။သာမန္တဂါမေ ဣဿရဇနာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။သာမန္တဂါမေ မနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိ ဟရန္တု။ ။သာမန္တဂါမေ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ပုရတ္ထိမာယဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ပစ္ဆိမာယဒိသာယ သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဥတ္တရာယဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဒက္ခိဏာယ ဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊

သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ ။ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာ ပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊သဗ္ဗေဝိနိပါတိကာ၊အဝေရာဟောန္တု၊အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ဥပရိမာယ ဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ ။ ဤနည်းဖြင့် ပွားရာ၏။

အဟံ၊ ငါသည်။ အဝေရော၊ ဒေါသတည်းဟူသော ရန်မရှိသည်။ ဟောမိ၊ ဖြစ်ပါစေသတည်း။ အဗျာပဇ္ဇော၊ ဒေါမနဿတည်းဟူသော စိတ်၏ ဆင်းရဲခြင်း မရှိသည်။ ဟောမိ၊ ဖြစ်ပါစေသတည်း။ အနီဃော၊ ကာယိကဒုက္ခတည်း

ဟူသောကိုယ်၏ ဆင်းရဲခြင်းမရှိသည်။ ဟောမိ၊ ဖြစ်ပါစေသတည်း။ သုခီ၊ ချမ်းသာခြင်း ရှိသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရာမိ၊ ရွက်ဆောင် နိုင်ပါစေသတည်း။ ။မယှံ၊ ငါ၏။ ပိယပုဂ္ဂလော၊ ချစ်အပ်သော ဆရာစသောပုဂ္ဂိုလ်သည်။ အဝေရော၊ ဒေါသတည်းဟူသော ရန်မရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အဗျာပဇ္ဇော၊ ဒေါမနဿတည်းဟူသောစိတ်၏ ဆင်းရဲခြင်းမရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အနီဃော၊ ကာယိက ဒုက္ခတည်းဟူသောကိုယ်၏ ဆင်းရဲခြင်းမရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ သုခီ၊ ချမ်းသာခြင်းရှိသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတု၊ ရွက်ဆောင်နိုင်ပါစေသတည်း။ ။မယှံ၊ ငါ၏။ မဇ္ဈတ္တပုဂ္ဂလော၊ လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်သည်။ အဝေရော၊ ဒေါသတည်း ဟူသောရန် မရှိသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ အဗျာပဇ္ဇော၊ ဒေါမနဿ တည်းဟူသော စိတ်၏ဆင်းရဲခြင်း မရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အနီဃော၊ ကာယိက ဒုက္ခတည်းဟူသော ကိုယ်၏ ဆင်းရဲခြင်းမရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ သုခီ၊ ချမ်းသာခြင်းရှိသည် ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတု၊ ရွက်ဆောင် နိုင်ပါစေ သတည်း။ ။မယှံ၊ ငါ၏။ ဝေရီပုဂ္ဂလော၊ ရန်သူဖြစ်သော ပုဂ္ဂိုလ်သည်။ အဝေရော၊ ဒေါသတည်းဟူသောရန်မရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အဗျာပဇ္ဇော၊ ဒေါမနဿ တည်းဟူသော စိတ်၏ ဆင်းရဲခြင်း မရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အနီဃော၊ ကာယိက ဒုက္ခတည်း ဟူသော ကိုယ်၏ ဆင်းရဲခြင်း မရှိသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ သုခီ၊ ချမ်းသာခြင်းရှိသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတု၊ ရွက်ဆောင် နိုင်ပါစေ သတည်း။ ။ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ဘိက္ခူ သံဃာ၊ ရဟန်း အပေါင်းတို့သည်။ အဝေရာ၊ ဒေါသတည်းဟူသော ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ ဒေါမနဿတည်းဟူသော စိတ်၏ ဆင်းရဲခြင်း မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ အနီဃာ၊ ကာယိက ဒုက္ခတည်းဟူသော ကိုယ်၏ ဆင်းရဲခြင်းမရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန် သတည်း။ သုခီ၊ ချမ်းသာခြင်း ရှိသည်ဖြစ်၍။ အတ္တာနံ၊ မိမိ ကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ ကုန်သတည်း။ ။[နောက်၌တုရာကိုချန်၍ အနက် ယောဇနာမည်]။ ။ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ဒေဝတာ၊ နတ်တို့သည်။ ။ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ သဗ္ဗေ၊ ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ။သာမန္တဂါမေ၊ အနီးဖြစ်သော ရွာ၌။ ဣဿရဇနာ၊ အစိုးရသော လူတို့သည်။ ။သာမန္တဂါမေ၊ အနီးဖြစ်သောရွာ၌။ မနုဿာ၊ လူတို့သည်။ ။သာမန္တဂါမေ၌။ သဗ္ဗေ၊ ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ။ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်၌။ သဗ္ဗေ၊ ကုန်သော။ သတ္တာ၊ ကာမဂုဏ် ငါး

ပါးတို့၌ တပ်ဘတ်ကုန်သော သတ္တဝါတို့သည်။ သဗ္ဗေ၊ ကုန်သော။ ပါဏာ၊ ထွက်သက်ဝင်သက် ရှူဘတ်ကုန်သော သတ္တဝါတို့သည်။ သဗ္ဗေ၊ ကုန်သော။ ဘူတာ၊ ကံကြောင့် ဖြစ်တတ်ကုန်သော သတ္တဝါတို့သည်။ သဗ္ဗေ၊ ကုန်သော။ ပုဂ္ဂလာ၊ ငရဲသို့လားတတ်ကုန်သော သတ္တဝါတို့သည်။ ဝါ၊ ထိုထိုသတ္တနိကာယသို့ လားတတ်ကုန်သော သတ္တဝါ တို့သည်။ သဗ္ဗေ၊ ကုန်သော။ အတ္တဘာဝပရိယာပန္နာ၊ အတ္တဘော၌ အကျုံးဝင် ကုန်သော သတ္တဝါ တို့သည်။ သဗ္ဗာ၊ ကုန်သော။ ဣတ္ထိယော၊မိန်းမတို့သည်။ သဗ္ဗေ၊ ကုန်သော။ပုရိသာ၊ယောကျ်ားဖြစ်ကုန်သော သတ္တဝါ တို့သည်။ သဗ္ဗေ၊ကုန်သော။ အရိယာ၊အရိယာ ပုဂ္ဂိုလ်တို့သည်။ သဗ္ဗေ၊ ကုန်သော၊ အနရိယာ၊ ပုထုဇန် ပုဂ္ဂိုလ်တို့သည်။ သဗ္ဗေ၊ ကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ သဗ္ဗေ၊ ကုန်သော။ မနုဿာ၊ လူတို့သည်။ သဗ္ဗေ၊ ကုန်သော။ ဝိနိပါတိကာ၊ ညဉ့်အခါ၌ ပျက်စီး၍ ကျခြင်းရှိ ကုန်သည်ဖြစ်၍ ဝိနိပါတိကအမည်ရှိကုန်သော အသုရကာယ်တို့သည်။ ။ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်၌။ ။ပစ္ဆိမာယ၊ အနောက်ဖြစ်သော။ ဒိသာယ၊ ၌။ ။ဥတ္တရာယ၊ မြောက်ဖြစ်သော။ ဒိသာယ၊ ၌။ ။ဒက္ခိဏာယ၊ တောင်ဖြစ်သော။ ဒိသာယ၊ ၌။ ။ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌။ ။ပစ္ဆိမာယ အနုဒိသာယ၊ အနောက်မြောက်ထောင့် အရပ်၌။ ။ဥတ္တရာယ အနုဒိသာယ၊ အရှေ့မြောက်ထောင့် အရပ်၌။ ။ဒက္ခိဏာယ အနုဒိသာယ၊ အနောက်တောင်ထောင့်အရပ်၌။ ။ဟေဋ္ဌိမာယ၊ အောက်ဖြစ်သော။ ဒိသာယ၊ ၌။ ။ဥပရိမာယ၊အထက်ဖြစ်သော။ ဒိသာယ၊၌။ ။ {အကြွင်းကိုရှေးနည်းအနက်သမ္ဗန်}။ ။(ဤကားအနက်)

ဤသို့ ပြဆို အပ်ခဲ့ပြီးသော အဟံ အဝေရော ဟောမိ-စသော ပါဠိရပ်၌ ပုဂ္ဂိုလ်အထူးကို ပြခြင်းငှါသာ ပိယ ပုဂ္ဂလော- မဇ္ဈတ္တ ပုဂ္ဂလော- ဝေရီ ပုဂ္ဂလော-ဟု ရေးသားခဲ့သည်။ နှုတ်လုံးသွင်းသောအခါ ထိုသုံးယောက် လုံးကိုပင် သော သပ္ပုရိသော အဝေရော ဟောတု—ဟူ၍ သပ္ပုရိသော-ဟူသော အမည်ဖြင့် နှုတ်လုံးသွင်းသင့်သည်။ မဇ္ဈတ္တဟူသော အမည်၊ ဝေရီဟူသော အမည်ဖြင့် နှုတ်လုံးမသွင်းသင့်။ အဘယ့်ကြောင့်နည်းဟူမူ မဇ္ဈတ္တဟူသောအမည် ဝေရီဟူသော အမည်ဖြင့်နှုတ်လုံးသွင်းကာ မျှနှင့်ပင် မေတ္တာဘာဝနာ လျော့ညံ့ရာ သောကြောင့်တည်း။ မေတ္တာဘာဝနာဖြင့် တိက- စတုက္ကစျာန်ကို ရပြီးသော ပုဂ္ဂိုလ်တို့သည်သာ ဣမ သို့ ဝိဟာရေ ဘိက္ခုသံဃာ-စသည်ဖြင့် ပြအပ်ပြီးသော ပုဂ္ဂိုလ်တို့ကိုအာရုံပြု၍ ဈာန်ဖြစ်အောင် ပွါးခြင်းငှါ စွမ်းနိုင်သည်။ ဈာန်ကို မရဘူးသေးသော အစစွာ ကမ္မဋ္ဌာန်းစီးဖြန်းသောသူတို့သည် ၎င်းပုဂ္ဂိုလ်တို့ကို အာရုံပြု၍ ဈာန်ဖြစ်အောင် ပွါးခြင်းငှါ မစွမ်းနိုင်။ စင်စစ်ကား ၎င်းပုဂ္ဂိုလ်တို့ကို

အာရုံပြု၍ စိတ်နူးညံ့ခြင်း ဘေးကင်းခြင်းအကျိုးရှိသတည်း။ ထို့ကြောင့် ခပ်သိမ်းသော ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် လိုသော ပုဂ္ဂိုလ်သည် စိတ်နူးညံ့ခြင်း ဘေးကင်းခြင်းအကျိုးငှါ တပါးသော ကမ္မဋ္ဌာန်းစသည်ကို အားမထုတ်သေးမီ ရှေးဦးစွာ ပြဆိုအပ်ခဲ့ပြီးသော မေတ္တာ ပို့အစဉ်ဖြင့် ၎င်းဘိက္ခုသံဃာ အစ ဝိနိပါတိကအသုရကာယ အဆုံးရှိသော အသီးအသီးသော ပုဂ္ဂိုလ်တို့ကိုလည်း အာရုံပြု၍ မေတ္တာပွါးရာသတည်း။ ။ထိုကြောင့် ၎င်းအဋ္ဌကထာ၌။ ။ပဌမဈာနာဒိဝဏ္ဏနေ အပ္ပနာ ပတ္တဿေဝ စိတ္တဿ ဟိ အယံ ဝိကုပ္ပနာ အပ္ပနာ သမ္ဘဝတိ။ ။ဟူ၍၎င်း။ ။ကမ္မဋ္ဌာနိကေန ဟိ ဘိက္ခုနာ ပဌမံတာဝ ပရိစ္ဆိန္ဒိတွာ သီမဋ္ဌကဘိက္ခုသံဃေ သုခိတာ ဟောန္တု အဗျာပဇ္ဇာတိ မေတ္တာ ဘာဝေတဗ္ဗာ၊ တတော သီမဋ္ဌကဒေဝတာသု၊ တတောဂေါစရဂါမမှိ ဣဿရဇနေ၊ တတော တတ္ထ မနုဿေ ဥပါဒါယ သဗ္ဗသတ္တေသု၊ သောဟိ ဘိက္ခုသံဃေ မေတ္တာယ သဟဝါသီနံ မုဒုစိတ္တတံ ဇနေတိ၊ အထဿ သုခသံဝါသာ ဟောန္တိ၊ သီမဋ္ဌကဒေဝတာသု မေတ္တာယ မုဒုကတစိတ္တာဟိ ဒေဝတာဟိ ဓမ္မိကာယ ရက္ခာယ သုသံဝိဟိတရက္ခော ဟောတိ၊ ဂေါစရဂါမမှိ ဣဿရဇနေ မေတ္တာယ မုဒုကတသန္တာနေဟိ ဣဿရေဟိ ဓမ္မိကာယ ရက္ခာယ သုရက္ခိတပရိက္ခာရော ဟောတိ၊ တတ္ထမနုဿေသု မေတ္တာယ ပသာဒိတ စိတ္တေဟိ တေဟိ အပရိဘူတော ဟုတွာ ဝိစရတိ၊ သဗ္ဗသတ္တေသု မေတ္တာယ သဗ္ဗတ္ထ အပ္ပဋိဟတစာရော ဟောတိ။ ။ဟူ၍၎င်း မိန့်အပ်၏။

ဟိ၊ ထိုစကားမှန်၏။ ပဌမဈာနာဒိဝဏ္ဏနေ၊ ပဌမဈာန် အစရှိသည်တို့၏ အစွမ်းဖြင့်။ အပ္ပနာပတ္တဿဝ၊ အပ္ပနာသို့ ရောက်သည်သာလျှင် ဖြစ်သော။ စိတ္တဿ၊ စိတ်သည်။ ဝိကုပ္ပနာ၊ အထူးထူးအပြားပြားပြုအပ်သော။ အယံအပ္ပနာ၊ ဤအပ္ပနာဈာန်သည်။ သမ္ဘဝတိ၊ ပြည့်စုံ၏။ ။(ဤကားရှေ့အဋ္ဌကထာပါဌ်၏ အနက်)။ ။ကမ္မဋ္ဌာနိကေန၊ ကမ္မဋ္ဌာန်းကို အားထုတ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပဌမံတာဝ၊ တပါးသော ကမ္မဋ္ဌာန်းကို မစီးဖြန်းသေးမီ ရှေးဦးစွာ။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ သီမဋ္ဌကဘိက္ခုသံဃေ၊ ဥပစာရသိမ်တွင်း၌တည်သော ရဟန်းအပေါင်း၌။ ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ဘိက္ခုသံဃာ၊ ရဟန်းအပေါင်းတို့သည်။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ ဒေါမနဿတည်းဟူသောစိတ်၏ ဆင်းရဲခြင်းမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်၏။ တတော ပစ္ဆာ၊ ထိုမှနောက်၌။ သီမဋ္ဌကဒေဝတာသု၊ ဥပစာရသိမ်တွင်း၌ တည်ကုန်သော နတ်တို့၌။ မေတ္တာ၊ ကို။ ဘာဝေတဗ္ဗာ၊ ၏။ တတောပစ္ဆာ၊ ထိုမှနောက်၌။

ဂေါစရဂါမမှို၊ ဆွမ်းခံရွာ၌။ ဣဿရဇနေ၊ အစိုးရသောလူ၌။ မေတ္တာ၊ ကို။ ဘာဝေတဗ္ဗာ၊ ၏။တတောပဋ္ဌာ၊ ထိုမှနောက်၌။တတ္ထ၊ ထိုဆွမ်းခံရွာ၌။ မနုဿေ၊ လူတို့ကို။ ဥပါဒါယ၊ အစပြု၍။ သဗ္ဗသတ္တေသု၊ အလုံးသော သတ္တဝါတို့၌။ မေတ္တာ၊ ကို။ ဘာဝေတဗ္ဗာ၊ ၏။ဟိ၊ အကျိုးကိုဆိုဦးအံ့။ သောဘိက္ခု၊ ထိုမေတ္တာကို ပွါးသောရဟန်းသည်။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာအပေါင်း၌။ မေတ္တာယ၊ မေတ္တာကို ပွါးခြင်းဖြင့်။ သဟဝါသီနံ၊ သီတင်းသုံးဘော် တို့၏။ မုဒုစိတ္တတံ၊ နူးညံ့သော စိတ်ရှိသည်၏ အဖြစ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ အထ၊ ထိုအခါ၌။ အဿဘိက္ခုနော၊ ထိုကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်းအား။ သုခသံဝါသာ၊ ချမ်းသာစွာ နေရခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သီမဋ္ဌကဒေဝတာသု၊ ဥပစာရသိမ်တွင်း၌ တည်ကုန်သောနတ်တို့၌။မေတ္တာယ၊ မေတ္တာကိုပွါးခြင်းဖြင့်။ မုဒုကတစိတ္တာဟိ၊ နူးညံ့သည်ကိုပြုအပ်သောစိတ်ရှိကုန်သော။ ဒေဝတာဟိ၊ နတ်တို့သည်။ ဓမ္မိကာယ၊ တရားနှင့်လျော်သော။ ရက္ခာယ၊ စောင့်ရှောက်ခြင်းဖြင့်။ သုသံဝိဟိတရက္ခော၊ ကောင်းစွာ စီရင်အပ်သော အစောင့်အရှောက် ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဂေါစရဂါမမှို၊ ဆွမ်းခံရွာ၌။ ဣဿရဇနေ၊ အစိုးရသောလူ၌။ မေတ္တာယ၊ မေတ္တာကိုပွါးခြင်းဖြင့်။ မုဒုကာဘသန္တာနေဟိ၊ နူးညံ့သည်ကို ပြုအပ်သော စိတ်အစဉ်ရှိကုန်သော။ဣဿရေဟိ၊ အစိုးရသောလူတို့သည်။ ဓမ္မိကာယ ရက္ခာယ၊ တရားနှင့်လျော်သော စောင့်ရှောက်ခြင်းဖြင့်။ သုရက္ခိတ ပရိက္ခာရော၊ ကောင်းစွာစောင့်ရှောက်အပ်သော ပရိက္ခရာရှိသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုဆွမ်းခံရွာ၌။မနုဿေသု၊ လူတို့၌။ မေတ္တာယ၊ မေတ္တာကိုပွါးခြင်းဖြင့်။ ပသာဒိတစိတ္တေဟိ၊ ကြည်ညိုသောစိတ်ရှိကုန်သော။ တေဟိ၊ ထိုလူတို့သည်။အပရိဘူတော၊ မနှိပ်စက်သည်။ဟုတွာ၊ ဖြစ်၍။ ဝိစရတိ၊ လှည့်လည်သွားလာရ၏။ သဗ္ဗသတ္တေသု၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၌။ မေတ္တာယ၊ မေတ္တာကိုပွါးခြင်းဖြင့်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်တို့၌။ အပ္ပဋိဟတစာရော၊ အပိတ်အပင် မရှိသည်ဖြစ်၍ လှည့်လည် သွားလာရသည်။ ဟောတိ၊ ၏။ ။(ဤကား နောက်အဋ္ဌကထာပါဌ်၏ အနက်)။ ။မေတ္တာဘာဝနာ အမြွက်ကား ဤတွင်ပြီးသတည်း။

ကရုဏာကို ပွါးလိုသော ပုဂ္ဂိုလ်သည် မပွါးမီရှေးအဘို့၌ သူတပါးတို့ကို ညှဉ်းဆဲခြင်း၌ အပြစ်ကိုရင်း၊သူတပါးတို့ကို သနားခြင်း၌ အကျိုးကိုရင်း အဘန်ဘန် အထပ်ထပ် ဆင်ခြင်၍ ကရုဏာ ဘာဝနာကို အားထုတ်အပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ကရုဏံ ဘာဝေတုကာမေန ပန နိက္ကရုဏတာယ အာဒီနဝံ ကရုဏာယစ အာနိသံသံ ပစ္စဝေက္ခိတွာ ကရုဏာဘာဝနာ အာရဘိတဗ္ဗာ။ ။ဟု မိန့်အပ်၏။ ။ကရုဏံ၊ ကရုဏာဘာဝနာကို။ ဘာဝေတုကာမေန ပန၊ ပွါးခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်သည်ကား။ နိက္ကရုဏာဘာယ၊ သနားခြင်း

မရှိသောသူ၏ အပြစ်၌။ အာဒီနဝဋ္ဌ၊ အပြစ်ကိုရင်း။ ကရုဏာယ၊ သနားခြင်း၌။ အာနိသံသဋ္ဌ၊ အကျိုးကိုရင်း။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ကရုဏာဘာဝနာ၊ ကရုဏာဘာဝနာကို။ အာရဘိတဗ္ဗာ၊အားထုတ်အပ်၏။ ။(ဤကားအနက်)။ ။ အဘယ်သို့ ရှုဆင်ခြင်အပ်သနည်းဟူမူ—

ဒုဗ္ဗာဒိနာ ပရံ ဟိံသံ၊ဒုက္ခံ ပေတာနိရယာဒိသု။
အပ္ပါယုကော ဗဟွာဗာဓော၊ ဝိဘင်္ဂော မာနုဿေသု သော။

(မုက္ခမ့် ဂါထာ)။ ။ဒုဗ္ဗာဒိနာ၊ တောင်ဝှေး လှံတံစသည်ဖြင့်။ ပရံ၊ သူတပါးကို။ ဟိံ သံ-ဟိံသန္တော၊ ညှဉ်းဆဲ ပုတ်ခတ်သောသူသည်။ ပေတာနိရယာဒိသု၊ ပြိတ္တာဘုံ, ငရဲဘုံ စသည်တို့၌။ ဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘဝတိ၊ အစဉ်ခံစားရ၏။ သော၊ ထိုသူတပါးတို့ကို ရိုက်နှက် ပုတ်ခတ်သော သူသည်။မာနုဿေသု၊ လူ့ဘုံတို့၌။ နိဗ္ဗတ္တော၊ ဖြစ်လာသည် ရှိသော်။ အပ္ပါယုကောစ၊ တိုသော အသက်ရှိသည်ရင်း။ ဗဟွာဗာဓော၊ များသော အနာရှိသည်ရင်း။ ဝိဘင်္ဂော၊ အဆင်းမလှသည်ရင်း။ အပ္ပိယော၊ လူနတ်တို့မချစ်အပ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ပရသတ္တဒယာပန္နော၊ သုခေါ ဒေဝဗြဟ္မာ ဒိသု။
ဒီဃာယုကော အပ္ပါဗာဓော၊ သုဝဏ္ဏော မနုဇေသု သော။

(ရင်းပင်)။ ။ပရသတ္တဒယာပန္နော၊ တပါးသော သတ္တဝါ တို့၌ သနားခြင်းကရုဏာနှင့် ပြည့်စုံသော သူသည်။ ဒေဝ ဗြဟ္မာဒိသု၊ နတ်ဘုံ ဗြဟ္မာ့ဘုံ စသည်တို့၌။ သုခေါ၊ ချမ်းသာခြင်း ရှိသည် ဖြစ်၍။ ဒီဃာယုကော၊ ရှည်သော အသက် ရှိသည်။ ဟောတိ၊ ၏။ သော၊ ထိုသူတပါးတို့ကို သနားတတ်သော ကရုဏာရှိသော သူသည်။ မနုဇေသု၊ လူတို့၌။ နိဗ္ဗတ္တော၊ ဖြစ်ရသည် ရှိသော်။ ဒီဃာယုကော၊ ရှည်သော အသက်ရှိသည်ရင်း။ အပ္ပါဗာဓော၊ အနာရောဂါ ကင်းသည်ရင်း။ သုဝဏ္ဏော၊ ကောင်းစွာတင့်တယ် ရှုချင်ဘွယ်သော အဆင်းရှိသည်ရင်း။ပိယော၊ လူနတ်တို့ ချစ်အပ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)။ ။ဤသို့ စသည်ဖြင့် ပါဠိ လာတိုင်း သူတပါးတို့ကို ညှဉ်းဆဲ ရိုက်နှက် ပုတ်ခတ်ခြင်း၌အပြစ်ကိုရင်း၊ သူတပါးတို့အား သနားခြင်း၌ အကျိုးကိုရင်း အဘန်ဘန်အထပ်ထပ် ရှုဆင်ခြင်အပ်၏။

ယင်းသို့ ရှုဆင်ခြင်၍မြင်ပြီးသောညှဉ်းဆဲခြင်း၌အပြစ်၊သနားခြင်း၌အကျိုး ရှိသော ပုဂ္ဂိုလ်သည် အဝတ်အစားမရှိခြင်း၊ အိမ်ရာခမ်းနားမရှိခြင်း၊ရောဂါ စသည် နှိပ်စက်ခြင်းဖြင့် လွန်မင်းစွာ ဆင်းရဲသော သူကိုအာရုံပြု၍ ထိုသူဆင်း

ရဲသည် ဤဆင်းရဲမှလွတ်ပါမူ ကောင်းလေစွ—ဟုသနားခြင်း ကရုဏာကို ရှေးဦးစွာ ပွါးရာ၏။ ယင်းသို့ ဆင်းရဲသော သူ မရှိလသော် ကာယ ဒုစရိုက်-ဝစီ ဒုစရိုက်- မနော ဒုစရိုက်တို့နှင့် ပြည့်စုံသည်ဖြစ်၍ သေလျှင် မချွတ် အပါယ်သို့ လားလတ္တံ့သော သူကို အာရုံပြု၍ ထောင်မှူးတို့သည် သတ်ခြင်းငှါ သုသာန်သို့ ဆောင်အပ်သောသူသည် လမ်းကြား၌ သနား၍ သူတပါးတို့ ပေးအပ်သော အစာအာဟာရ- အဝတ်တန်းဆာ တို့ကို ကောင်းစွာ စားသောက် ဆင်ဝတ်ရငြားသော်လည်း သေဝပါးနီးသည် ဖြစ်၍ သနားဘွယ်သာ ဖြစ်သကဲ့သို့ ထို့အတူ ဤသူယုတ်မာသည် များစွာသော စည်းစိမ်တို့ကို ယခု ခံစားရငြားသော်လည်း သေလျှင်အပါယ်သို့ လားလတ္တံ့သည် ဖြစ်၍ သနားဘွယ် ရှိ၏။ ဤသူယုတ်မာသည် သေလျှင်အပါယ်လေးပါးသို့လားခြင်းမှ လွတ်ပါမူကောင်းလေစွ၊ အပါယ်လေးပါးမှ လွတ်ပါစေ-ဟုသနားခြင်းကရုဏာကို ဖြစ်စေအပ်၏။ ။ထို့ကြောင့် ရှင်းအဋ္ဌကထာ၌။ ။သဗ္ဗ ပဌမံ တာဝ ကိဉ္စိဒေဝ ကရုဏာယိတဗ္ဗံ ဝိရူပံ ပရမကိစ္ဆပ္ပတ္တံ ဒုဂ္ဂတံ ဒုရူပေတံ ကပဏပုရိသံ ဆိန္နာဟာရံ ကပဏံ ပုရတော ဌပေတွာ အနာထသာလာယ နိသိန္နံ ဟတ္ထပါဒေဟိ ပဂ္ဃရန္တကိမိဂဏံ အဋ္ဋဿရံ ကရောန္တံ ဒိသွာ ကိစ္ဆံ ဝတာယံ သတ္တော အာပန္နော၊ အပ္ပေဝနာမ ဣမမှာ ဒုက္ခာ မုစ္စေယျာတိ ကရုဏာ ပဝတ္တေတဗ္ဗာ၊ တံ အလဘန္တေန သုခိတောပိ ပါပကာရီ ပုဂ္ဂလော ဝဓ္ဓေန ဥပမေတွာ ကရုဏာယိတဗ္ဗော။ကထံ၊ သေယျထာပိ သဟဘဏ္ဍေန ဂဟိတစောရံ ဝဓေထ နန္တိ ရညော အာဏာယ ရာဇပုရိသာ ဗန္ဓိတွာ စတုက္ကေ စတုက္ကေ ပဟာရသတာနိ ဒေန္တာ အာဃာတနံ နေန္တိ၊ အထဿ မနုဿာ ခါဒနီယမ္ပိ ဘောဇနီယမ္ပိ မာလာ ဂန္ဓဝိလေပနတမ္ဗူလာဒီနိပိ ဒေန္တိ၊ ကိဉ္စာပိ သော တာနိ ခါဒန္တော စေဝ ပရိဘုဉ္ဇန္တော စ သုခိတော ဘောဂသမပ္ပိတော ဝိယ ဂစ္ဆတိ၊ အထခေါ တံ နေဝ ကောစိ သုခိတော အယံ မဟာဘောဂေါတိ မညတိ၊ အညဒတ္ထု အယံ ဝရာကော ဣဒါနိ မရိဿတိ၊ ယံ ယဒေဝဟိ အယံ ပဒံ နိက္ခမတိ၊ တေန တေန သန္တိကေ မရဏဿ ဟောတီတိ တံ ဇနော ကရုဏာယတိ၊ ဝေမေဝ ကရုဏာ ကမ္မဋ္ဌာနိကေန ဘိက္ခုနာ သုခိတောပိ ပုဂ္ဂလော ဧဝံ ကရုဏာယိတဗ္ဗော၊ အယံ ဝရာကော ကိဉ္စာပိ ဣဒါနိ သုခိတော သဇ္ဇိတော ဘောဂေ ပရိဘုဉ္ဇတိ၊ အထခေါ တီသု ဒွါရေသု ဧကေနာပိ ကတဿ ကလျာဏ ကမ္မဿ အဘာဝါ ဣဒါနိ အပါယေသု အနပ္ပကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒိဿတီတိ။ ။ဟုမိန့်အပ်၏။

သဗ္ဗပဌမံ၊ အလုံးစုံသော ပိယပုဂ္ဂိုလ် စသည်တို့၏ ရှေးဦးစွာ။ တာဝ၊ ပြလတ္တံ့သော အစဉ်အတိုင်း။ ကိဉ္စိဒေဝ၊ တစုံတယောက်သာလျှင် ဖြစ်သော။ တရုဏာယိတဗ္ဗံ၊ သနားခြင်းငှါ ထိုက်သော။ ဝိရူပံ၊ အဆင်းမလှသော။ ပရမ

ကိစ္ဆပ္ပတ္တံ၊ လွန်စွာသောဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍။ ဒုဂ္ဂတံ၊ ဆင်းရဲစွာ ထသော။ ဒုရူပေတံ၊ မကောင်းမှု ဒုစရိုက်တို့နှင့်လည်း ပြည့်စုံထသော။ ဆိန္နာ ဟာရံ၊ ပြတ်သော ထမင်းအာဟာရရှိသည်ဖြစ်၍။ ကပဏံ၊ ထမင်း ထည့်ရာ ခွက်အိုးခင်းကို။ ပုရတော၊ ရှေ့၌။ ဌပေတွာ၊ ထား၍။ အနာထသာလာယ၊ကိုး ကွယ်ရာမရှိသော စရပ်၌။ဟတ္ထပါဒေဟိ၊ လက်ခြေတို့မှ။ ပဂ္ဃရန္တကိမိဂဏံ၊ ထွက် ကျသော ပိုးလောက်အပေါင်းလည်း ရှိထသော။ အဋ္ဋဿရံ၊ ကျင်နာလှသော ကြောင့် ညီးညူးသောအသံကို။ ကရောန္တံ၊ ပြုလျက်။ နိသိန္နံ၊ နေထသော။ ကပဏ ပုရိသံ၊ အထီးကျန်ဆင်းရဲသော ယောကျ်ားကို။ ဒိသွာ၊ မြင်သည်ရှိသော်။ အယံ သတ္တော၊ ဤသတ္တဝါသည်။ ကိစ္ဆံ၊ ငြိုငြင်ဆင်းရဲခြင်းသို့။ အာပန္နောဝတ၊ ရောက်စွတကား။ အယံသတ္တော၊ ဤသတ္တဝါသည်။ ဣမမှာဒုက္ခာ၊ ဤဆင်းရဲမှ။ မုစ္စေယျ၊ လွတ်ပါမူကား။ အပ္ပေဝနာမသာဓု၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ကရုဏာ၊ သနားခြင်းကရုဏာကို။ ပဝတ္တေတဗ္ဗာ၊ ဖြစ်စေအပ်၏။ တံ၊ ထိုအထီးကျန်ဆင်းရဲသောယောကျ်ားကို။အလဘန္တေန၊ မရသောသူသည်။ ဝါ၊ မရသည်ရှိသော်။ သုခိတောပိ၊ ချမ်းသာခြင်းသို့ ရောက်သည်လည်း ဖြစ်သော။ ပါပကာရီ၊ မကောင်းမှုကိုပြုလေ့ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဝဇ္ဈေန၊ သတ် ထိုက်သော ယောကျ်ားနှင့်။ ဥပမေတွာ၊ နှိုင်းရှည့်၍။ ကရုဏာယိတဗ္ဗော၊ သနား ခြင်း ကရုဏာကို ဖြစ်စေအပ်၏။ ကထံပဝတ္တေတဗ္ဗော၊ အဘယ်သို့ ဖြစ်စေအပ် သနည်းဟူမူကား။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဘဏ္ဍေန၊ ဥစ္စာထုပ်နှင့်။ သဟ၊ တကွ။ ဂဟိတစောရံ၊ ဘမ်းယူအပ်ခဲ့သော ခိုးသူကို။ နံ၊ ထိုခိုးသူကို။ ဝဓေထ၊ သတ်ကြကုန်လော။ ဣတိ၊ ဤသို့။ ရညော၊ မင်း၏။ အာဏာယ၊ စေ ခိုင်းခြင်းကြောင့်။ ရာဇပုရိသာ၊ မင်းချင်းယောကျ်ားတို့သည်။ ဗန္ဓိတွာ၊ နှောင် ဖွဲ့ကြကုန်၍။ စတုက္ကေ စတုက္ကေ၊ ခရီးလေးဆုံ ခရီးလေးဆုံတိုင်း၌။ ပဟာရ သတာနိ၊ ကြိမ်ဒဏ်ရိုက်နှက်ခြင်း တရာတရာတို့ကို။ ဒေန္တာ၊ ပေးကြကုန်၍။ အာဃာတနံ၊ သတ်ရာသုသာန်သို့ ရှေးရှု။ နေန္တိ၊ ဆောင်ယူကြကုန်၏။ အထ၊ ထိုအခါ၌။အဿ၊ ထိုခိုးသူအား။ မနုဿာ၊ လူတို့သည်။ ခါဒနီယမ္ပိ၊ ခဲဘွယ် ကိုရင်း။ ဘောဇနီယမ္ပိ၊ ဘောဇဉ်ကိုရင်း။ မာလာဂန္ဓဝိလေပန တမ္ဗူလာဒီနိပိ၊ ပန်းနံ့သာ နံ့သာပြောင်း ကွမ်းစသည်တို့ကိုရင်း။ ဒေန္တိ၊ ပေးကြကုန်၏။ သော၊ ထိုသူခိုးသည်။ တာနိ၊ထိုခဲဘွယ်ဘောဇဉ် စသည်တို့ကို။ ခါဒေန္တောစေဝ၊ ခဲသည် ဖြစ်၍ရင်း။ ပရိဘုဉ္ဇန္တောစ၊ သုံးဆောင်ခံစားသည် ဖြစ်၍ရင်း။ သုခိတော၊ ချမ်း သာခြင်းသို့ရောက်သည် ဖြစ်၍။ ဘောဂသမပ္ပိတောဝိယ၊ ဥစ္စာစည်းစိမ်နှင့်ပြည့် စုံသော သူကဲ့သို့။ ကိဉ္စာပိဂစ္ဆတိ၊ အကယ်၍သွား၏။ အထခေါ၊ ယင်းသို့ပင် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသောသူကဲ့သို့ သွားငြားသော်လည်း။ ကောစိ၊ တစုံ တယောက်သော သူသည်။ တံ၊ ထိုခိုးသူကို။ ‘အယံ၊ ဤသူသည်။ သုခိတော၊

ချမ်းသားခြင်းသို့ ရောက်သော။ မဟာဘောဂေ၊ စည်းစိမ်ရှင်ကြီးပေတည်း။ ဣတိ၊ ဤသို့။ နေဝမညတိ၊ မမှတ်ထင်။ အညဒတ္တု၊ စင်စစ်သော်ကား။ အယံ ဝရာကော၊ ဤသူယုတ်မာသည်။ ဣဒါနိ၊ ဤယခုအခါ၌။ ခရိဿတိ၊ သေရလတ္တံ့။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ အယံဝရာကော၊ ဤသူယုတ်မာသည်။ ယံယ ဒေဝံပဒံ၊ အကြင်အကြင်ခြေကိုလျှင်။ နိက္ခမတိ၊ လှမ်း၍သွား၏။ တေနတေန၊ ထိုထိုခြေလှမ်းဖြင့်။ မရဏဿ၊ သေခြင်း၏။ သန္တိကေ၊ အနီးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မနသိကရိတွာ၊ နှလုံးသွင်းကြကုန်၍။ တံ၊ ထိုခိုးသူကို။ ဇနော၊ မြင်ကြသောသူ လူအပေါင်းသည်။ ကရုဏာယတိသေယျထာပိ၊ သနား လေဘိသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ကရုဏာကမ္မဋ္ဌာနိကေန၊ ကရု ဏာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ သုခိတောပိ၊ ချမ်းသားခြင်းသို့ ရောက်သည်လည်း ဖြစ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဧဝံ၊ ဤသတ်ထိုက်သောခိုးသူ၏ အတူ။ ကရုဏာယိတဗ္ဗော၊ သနားခြင်း ကရုဏာကို ဖြစ်စေအပ်၏။ အယံဝရာကော၊ ဤသူယုတ်မာသည်။ ဣဒါနိ၊ ဤယခုအခါ၌။ သုခိတော၊ ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍။ သစ္စိတော၊ ချမ်းသာကို ခံစား ခြင်း၌ကောင်းစွာဖွဲ့သည်ဖြစ်၍။ ဘောဂေ၊ စည်းစိမ်ချမ်းသာတို့ကို။ ပရိဘုဉ္ဇတိ၊ သုံးဆောင်ခံစား၏။ အထခေါ၊ ယင်းသို့ပင် ခံစားငြားသော်လည်း။ တီသု ဒွါရေသု၊ သုံးပါးသောဒွါရတို့တွင်။ ဧကေနပိ၊ တပါးသောဒွါရဖြင့်လည်း။ ကတဿ၊ ပြုအပ်သော။ ကလျာဏကမ္မဿ၊ ကောင်းမှုကံ၏။ အဘာဝါ၊ မရှိခြင်း ကြောင့်။ ဣဒါနိ၊ ဤယခုအခါ၌။ အပါယေသု၊ အပါယ်ဘုံတို့၌။ အနပ္ပကံ၊ မရေတွက်နိုင်အောင် များလှစွာသော။ ဒုက္ခံ၊ ဆင်းရဲခြင်းကိုရင်း။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းကိုရင်း။ ပဋိသံဝေ ဒိဿတိ၊ ခံစားရလတ္တံ့။ အယံဝရာကော၊ ဤသူယုတ်မာသည်။ ဣတော၊ ဤခံစားရလတ္တံ့သောဒုက္ခမှ။ မုစ္စေယျ၊ လွတ်ပါ မူကား။ သာဓုဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ကရုဏာ၊ သနားခြင်း ကရု ဏာကို။ ပဝတ္တေတဗ္ဗာ၊ ဖြစ်စေအပ်၏။ ။(ဤကားအနက်)

ယင်းသို့ ဒုစရိုက်နှင့်ပြည့်စုံသောသူ မရှိလတ်သော် သုစရိုက်နှင့်ပြည့်စုံသော သူကိုသော်လည်း အာရုံပြု၍ ဤသူတော်ကောင်းသည် ပဋိသန္ဓေနေခြင်း အစ ရှိသော ဘေးမှမလွတ်သေးသည်ဖြစ်၍ သနားဘွယ်ရှိ၏-ဟု အဘန်ဘန်ရှု၍ ပွါး ရာ၏။ ။ပွါးသောအခါ ဧသော ဒုက္ခိတပုဂ္ဂလော ဒုက္ခာ မုဉ္စတု-ဟု အမှတ်မဲ့ မပွါးမူ၍ ဒုက္ခိတပုဂ္ဂိုလ်ကို စိတ်၌ထင်အောင်ကြည့်၍ ၎င်းဒုက္ခိတပုဂ္ဂိုလ်၏ ဆင်း ရဲခြင်း ဒုက္ခမှကင်းလွတ်၍ ချမ်းသာခြင်းသို့ ရောက်သော အမူအရာကို စိတ်ဖြင့် ဆောင်၍ နှစ်သက်ဝမ်းမြောက်သော စိတ်ဖြစ်အောင် ပွါးရာ၏။ ထို့နောင် မိမိကိုယ်-ပိယပုဂ္ဂိုလ်- မဇ္ဈတ္တပုဂ္ဂိုလ်-ဝေရီပုဂ္ဂိုလ် စသည်တို့၌ မေတ္တာဘာဝနာ

နည်းပင် ပွါးရာ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဝေ တံပုဂ္ဂလံ ကရုဏာယိတွာ တတော ပရံ ခေတေနေ၀ ဥပါယေန ပိယပုဂ္ဂလေ၊ တတော မဇ္ဈတ္တေ၊ တတော ဝေရိမှိတိ အနုက္ကမေန ကရုဏာ ပဝတ္တေတဗ္ဗာ။ ။ဟုမိန့်အပ်၏။ ။ဝေ ဤသို့။ တံပုဂ္ဂလံ၊ထိုဒုက္ခိတပုဂ္ဂိုလ်ကို။ကရုဏာယိတွာ၊ သနားခြင်းကရုဏာကိုဖြစ်စေပြီး၍။ တတောပရံ၊ ထိုဒုက္ခိတ ပုဂ္ဂိုလ်ကိုသနားပြီးသည်မှ နောက်၌။ ခေတေနေ၀ ဥပါယေန၊ ဤနည်းဖြင့် သာလျှင်။ ပိယပုဂ္ဂလေ၊ ပိယပုဂ္ဂိုလ်၌ရှင်း။ တတော ပရံ၊ ထိုပိယ ပုဂ္ဂိုလ်မှ နောက်၌။ မဇ္ဈတ္တေ၊ မဇ္ဈတ္တ ပုဂ္ဂိုလ်၌ရှင်း။ တတောပရံ၊ ထိုမဇ္ဈတ္တပုဂ္ဂိုလ်မှ နောက်၌။ ဝေရိမှိ၊ ရန်သူပုဂ္ဂိုလ်၌ရှင်း။ ဣတိ၊ ဤသို့။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ကရုဏာ၊ သနားခြင်း ကရုဏာကို။ ပဝတ္တေတဗ္ဗာ၊ ဖြစ်စေအပ်၏။ ။(ဤကားအနက်)

ပွါးရာသောပါဠိအစဉ်ကိုကား။ ။ဒေသော ဒုက္ခိတပုဂ္ဂလော ဒုက္ခာ မုစ္စတု၊ အဟံ ဒုက္ခာ မုစ္စာမိ၊ မယှံ ပိယပုဂ္ဂလော ဒုက္ခာ မုစ္စတု၊ မယှံ မဇ္ဈတ္တပုဂ္ဂလော ဒုက္ခာ မုစ္စတု၊ မယှံ ဝေရိပုဂ္ဂလော ဒုက္ခာ မုစ္စတု။ ။ဣမသ္မိံ ဝိဟာရေ ဘိက္ခုသံဃာ ဒုက္ခာ မုစ္စန္တု၊ ဣမသ္မိံ ဝိဟာရေ ဒေဝတာ ဒုက္ခာ မုစ္စန္တု၊ ဣမသ္မိံ ဝိဟာရေ သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု။ ။သာမန္တဂါမေ ဣဿရဇနာ ဒုက္ခာမုစ္စန္တု။ သာမန္တဂါမေ မနုဿာ ဒုက္ခာ မုစ္စန္တု။ ။သာမန္တဂါမေ သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု။ ။ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ ဒုက္ခာမုစ္စန္တု။ ။[ဤသို့စသည်ဖြင့်မေတ္တာပို့ကအတိုင်း အဝေရာဟောတု-အရာ၌ ဒုက္ခာ မုစ္စတု-ကို ထည့်သွင်းလဲလှယ်၍ဆိုအပ်၏။ ဤမျှသာထူးတော့၏။ အကြွင်းမထူးပြီ]။ ။ဒေသော ဒုက္ခိတပုဂ္ဂလော၊ ထိုဆင်းရဲခြင်းသို့ရောက်သော ပုဂ္ဂိုလ်သည်။ ဒုက္ခာ၊ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းမှ။ မုစ္စတု၊ လွတ်ပါစေသတည်း။ အဟံ၊ ငါသည်။ ဒုက္ခာ၊ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းမှ။ မုစ္စာမိ၊လွတ်ပါစေသတည်း။မယှံ၊ ငါ၏။ ပိယပုဂ္ဂလော၊ ချစ်အပ်သော အဆွေခင်ပွန်းသည်။ ဒုက္ခာ၊ ကိုယ်၏ဆင်းရဲခြင်းစိတ်၏ဆင်းရဲခြင်းမှ။မုစ္စတု၊လွတ်ပါစေသတည်း။ မယှံ၊ ငါ၏။ မဇ္ဈတ္တပုဂ္ဂလော၊ လျစ်လျူ ရှုအပ်သော ပုဂ္ဂိုလ်သည်။ ဒုက္ခာ၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းမှ။ မုစ္စတု၊ လွတ်ပါစေသတည်း။ မယှံ၊ငါ၏။ ဝေရိပုဂ္ဂလော၊ ရန်သူဖြစ်သောပုဂ္ဂိုလ်သည်။ ဒုက္ခာ၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းမှ။ မုစ္စတု၊ လွတ်ပါစေသတည်း။ ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ဘိက္ခုသံဃာ၊ ရဟန်းအပေါင်းတို့သည်။ ဒုက္ခာ၊ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းမှ။ မုစ္စန္တု၊ လွတ်ပါစေကုန်သတည်း။ ။ဤသို့

အနက်သမ္ဗန်။ နောက်ကိုလည်းနည်းတူမှတ်လေ။ ။ကရုဏာဘာဝနာအမြွက်ကား ဤတွင်ရှိပြီးသတည်း။

မုဒိတာကိုပွါးလိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ သူတပါးတို့၏ စည်းစိမ်ကို ငြူစူခြင်း၌ အပြစ်၊ ဝမ်းမြောက်ခြင်း၌ အကျိုးကို အဘန်ဘန် အထပ်ထပ်ရှုဆင်ခြင်၍ မုဒိတာဘာဝနာကို ပွါးအပ်၏။ ။အဘယ်သို့ ရှုဆင်ခြင်အပ်သနည်းဟူမူ–

ပရသမ္ပတ္တိ မုဿူယံ၊ ပါယဋ္ဌာနမှိ ပစ္စရေ။
ပတ္တာ မာနုသကံ ဒေဟံ၊ အပ္ပေသက္ခမှိ ဇာယရေ။

(မုက္ခမံလာဂါထာ)။ ။ပရသမ္ပတ္တိံ၊ သူတပါးတို့၏ စည်းစိမ်ကို။ဥဿူယံ-ဥဿူယန္တာ၊ ငြူစူသော သူတို့သည်။ အပါယဋ္ဌာနမှိ၊ ချမ်းသာကင်းကွာ ပါယ်လေးရွာ၌။ ပစ္စရေ၊ ဖြစ်ရကုန်၏။ မာနုသကံ၊ လူ၌ဖြစ်သော။ ဒေဟံ၊အတ္တဘောသို့။ပတ္တာ၊ရောက်သည်ရှိသော်။အပ္ပေသက္ခမှိ၊ တန်းခိုးနည်းသောဒွန်းစဏ္ဍားမျိုးစသည်၌။ ဇာယရေ၊ ဖြစ်ရကုန်၏။ ။(ဤကားအနက်)

ပရသမ္ပတ္တိ မာမောဒံ၊ သဂ္ဂဋ္ဌာနမှိ ပစ္စရေ။
ပတ္တာ မာနုသကံ ဒေဟံ၊ မဟေသက္ခမှိ ဇာယရေ။

(ငင်းဂါထာ)။ ။ပရသမ္ပတ္တိံ၊ သူတပါးတို့၏ စည်းစိမ်ကို။ အာမောဒံ-အာမောဒန္တာ၊ ဝမ်းမြောက်သော သူတို့သည်။ သဂ္ဂဋ္ဌာနမှိ၊ နတ်ရွာ၌။ ပစ္စရေ၊ ဖြစ်ရကုန်၏။ မာနုသကံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ အတ္တဘောသို့။ ပတ္တာ၊ ရောက်သည်ရှိသော်။ မဟေသက္ခမှိ၊ ကြီးသောတန်းခိုးရှိသော မင်းမျိုးစသည်၌။ ဇာယရေ၊ ဖြစ်ရကုန်၏။ ။(ဤကားအနက်)

ဤသို့ပါဠိလာတိုင်း သူတပါးတို့၏ စည်းစိမ်ကို ငြူစူခြင်း၌ အပြစ်၊ ဝမ်းမြောက်ခြင်း၌ အကျိုးကို အဘန်ဘန်ရှုဆင်ခြင်အပ်၏။ ။ဤသို့ဆင်ခြင်၍ မြင်အပ်သော ငြူစူခြင်း၌အပြစ်၊ဝမ်းမြောက်ခြင်း၌အကျိုးရှိသော ပုဂ္ဂိုလ်သည် စည်းစိမ်ဥစ္စာ အနာကင်းခြင်းနှင့် ပြည့်စုံသော အလွန် ချစ်အပ်သော အဆွေခင်ပွန်းကောင်းကို စိတ်၌ ထင်အောင်ကြည့်၍ ဤသူတော်ကောင်းသည် ရအပ်ပြီးသော စည်းစိမ်ဥစ္စာ အနာကင်းခြင်းတို့မှ မဆုတ်မယုတ်ပါစေသတည်း-ဟု ဝမ်းမြောက်သောစိတ်ဖြစ်အောင် ပွါးရာ၏။ ငင်းအလွန်ချစ်အပ်သော သူသည် ယခုအခါ မျှားစွာသောစည်းစိမ်ဥစ္စာ အနာကင်းခြင်းနှင့် မပြည့်စုံသော် ရှေး

အခါ ပြည့်စုံသည်ကိုရင်း၊ နောင် အခါ ပြည့်စုံလတ္တံ့-ဟု စိတ်ကို ဖြစ်စေ၍ ရင်း ဝမ်းမြောက်ခြင်းဖြစ်အောင် ပွါးရာ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။

သစေပိဿ သော သောဏ္ဏသဟာယောဝါ ပိယပုဂ္ဂလောဝါ အတီတေ သုခိတော အဟောသိ၊ သမ္ပတိပန ဒုဂ္ဂတော ဒုရူပေတော၊ အတီတမေဝစဿ အနုဿရိတွာ မုဒိတာ ဥပ္ပါဒေတဗ္ဗာ။ အနာဂတေဝါပန ပုန တံသမ္ပတ္တိံ လဘိတွာ ဟတ္ထိက္ခန္ဓအဿပိဋ္ဌိသုဝဏ္ဏသိဝိကာဒီဟိ ဝိစရိဿတီတိ အနာဂတမ္ပိဿ မုဒိတာကာရံ ဂဟေတွာ မုဒိတာ ဥပ္ပါဒေတဗ္ဗာ။ ။အဿ၊ ထိုမုဒိတာ ကမ္မဋ္ဌာန်းကို အားထုတ်သောပုဂ္ဂိုလ်၏။ သောသောဏ္ဏသဟာယောဝါ၊ ထိုသသောက် ကြူးကဲ့သို့ အလွန်ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသော သူသည်ရင်း။ သောပိယ ပုဂ္ဂလောဝါ၊ ထိုချစ်အပ်သော အဆွေခင်ပွန်း ဖြစ်သော ပုဂ္ဂိုလ်သည်ရင်း။ အတီတေ၊ရှေးအခါ၌။သုခိတော၊ချမ်းသာခြင်းသို့ရောက်သည်။ သစေပိအဟော သိ၊ အကယ်၍မူလည်း ဖြစ်ဘူးသည် ဖြစ်စေ။ သမ္ပတိပန၊ ယခုအခါ၌ကား။ ဒုဂ္ဂတော၊ ဆင်းရဲခြင်းသို့ ရောက်သည်။ ဒုရူပေတော၊ ဆင်းရဲကြောင်းအမှုနှင့် ပြည့်စုံသည်။သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ စေသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အဿ၊ ထိုအဆွေခင်ပွန်း၏။အတီတမေဝစ၊ လွန်လေပြီးသည်သာလျှင်ဖြစ်သော။ တံ၊ ထိုစည်းစိမ်ဥစ္စာနှင့်ပြည့်ခြင်းကို။ အနုဿရိတွာ၊ အဘန်ဘန်အောက်မေ့၍။ မုဒိတာ၊ ဝမ်းမြောက်ခြင်းကို။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေအပ်၏။ ဝါပန၊ ထိုသို့ မဟုတ်။ အနာဂတေ၊ နောင်အခါ၌။ ပုန၊ တဘန်။ တံသမ္ပတ္တိံ၊ ထိုစည်းစိမ် ချမ်းသာကို။ လဘိတွာ၊ ရ၍။ ဟတ္ထိက္ခန္ဓအဿပိဋ္ဌိသုဝဏ္ဏ သိဝိကာဒီဟိ၊ ဆင် ကျောက်ကုန်း၊ မြင်းကျောက်ကုန်းတို့၌ တက်စီးခြင်း၊ ရွှေထမ်းစင်စသည်တို့ဖြင့်။ ဝိစရိဿတိ၊ လှည့်လည်လတ္တံ့။ ဣတိ၊ ဤသို့။ အဿ၊ ထိုအဆွေခင်ပွန်း၏။ အနာဂတမ္ပိ၊ အနာဂတ်၌လည်း ဖြစ်သော။ တံမုဒိတာကာရံ၊ ထိုဝမ်းမြောက် နှစ်သက်ဘွယ်ဖြစ်သော အခြင်းအရာကို။ ဂဟေတွာ၊ယူ၍။ မုဒိတာ၊ဝမ်းမြောက် ခြင်းကို။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေအပ်၏။ ။(ဤကားအနက်)

ထို့နောင် မေတ္တာ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မိမိကိုယ်- ပိယပုဂ္ဂိုလ်- မဇ္ဈတ္တပုဂ္ဂိုလ်-ဝေရီပုဂ္ဂိုလ်တို့၌ပွါးရာ၏။ ။ပွါးသော့ပါဠိအစဉ်ကိုလည်း။ ။ မယှံ အတိပ္ပိယ ပုဂ္ဂလော ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆတု၊ အဟံ ယထာ လဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆာမိ၊ မယှံ ပိယပုဂ္ဂလော ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆတု၊ မယှံ မဇ္ဈတ္တပုဂ္ဂလော ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆတု၊ မယှံ ဝေရီ ပုဂ္ဂလော ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆတု။ ။ဣမသ္မိံ ဝိဟာရေ ဘိက္ခူ သဗ္ဗေ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ဣမသ္မိံ ဝိဟာရေဒေဝတာ

(ဖြည်ကြီးမဏ္ဍိုင်)

ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ဋ္ဌမသ္မိံ ဝိဟာရေ သဗ္ဗေ သတ္တာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ သာမန္တ ဂါမေ ဋ္ဌသာရဇာနာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ သာမန္တဂါမေ မနုဿာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ သာမန္တ ဂါမေ သဗ္ဗေသတ္တာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။ ။ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု။ ။ဤသို့စသည်ဖြင့် မေတ္တာ၌ ပြအပ်ခဲ့ပြီးသော ပါဠိ အစဉ်တွင် [အဝေရာ ဟောတု— အရာ၌ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆတု—ကို ထည့်သွင်းလဲလှယ်၍ ဆိုအပ်၏။ ဤမျှသာ ထူးတော့သည်။အကြွင်းမထူးပြီ]။ ။အနက်ကိုလည်း။ ။မယှံ၊ ငါ၏။ အတိပ္ပိယပုဂ္ဂလော၊ အလွန်ချစ်အပ်သော အဆွေခင်ပွန်းသည်။ ယထာလဒ္ဓသမ္ပတ္တိတော၊ အကြင်အကြင်ရအပ်ပြီးသော စည်းစိမ်ဥစ္စာ အနာ ကင်းခြင်းမှ။ မာဝိဂစ္ဆတု၊ မဆုတ်မယုတ်ပါစေ သတည်း။ အဟံ၊ ငါသည်။ ယထာလဒ္ဓ သမ္ပတ္တိတော၊ အကြင်အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာ အနာကင်းခြင်းမှ။ မာဝိဂစ္ဆာမိ၊ မှဆုတ်မယုတ်ပါစေသတည်း။ မယှံ၊ ငါ၏။ ပိယ ပုဂ္ဂလော၊ သည်။ ယထာလဒ္ဓသမ္ပတ္တိတော၊ အကြင်အကြင်ရအပ်ပြီးသော စည်းစိမ်ဥစ္စာ အနာကင်းခြင်းမှ။ မာဝိဂစ္ဆတု၊ မဆုတ်မယုတ်ပါစေ သတည်း။ မယှံ၊ ငါ၏။ မဇ္ဈတ္တ ပုဂ္ဂလော၊ သည်။ ယထာလဒ္ဓသမ္ပတ္တိတော၊ အကြင်အကြင်ရအပ်ပြီးသော စည်းစိမ် ဥစ္စာ အနာ ကင်းခြင်းမှ။ မာဝိဂစ္ဆတု၊ မဆုတ်မယုတ်ပါစေသတည်း။ မယှံ၊ ငါ၏။ ဝေရီ ပုဂ္ဂလော၊ သည်။ ယထာလဒ္ဓသမ္ပတ္တိတော၊ အကြင်အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာ အနာကင်းခြင်းမှ။မာဝိဂစ္ဆတု၊ မဆုတ်မယုတ်ပါစေသတည်း။ ။ ဋ္ဌမသ္မိံ ဝိဟာရေ၊ဤကျောင်းတိုက်၌။ ဘိက္ခုသံဃာ၊ရဟန်း အပေါင်းတို့သည်။ ယထာလဒ္ဓ သမ္ပတ္တိတော၊ အကြင်ကြင် ရအပ်ပြီးသော စည်းစိမ် ဥစ္စာ အနာကင်းခြင်းမှ။ မာဝိဂစ္ဆန္တု၊မဆုတ်မယုတ်ပါစေကုန်သတည်း။ ။ဤသို့ စသည် သမ္ဗန်။ နောက်ကိုလည်း နည်းတူမှတ်။ ။မုဒိတာ ဘာဝနာ အမြွက်ကား ဤတွင်ရွေ့ပြီးသတည်း။

မေတ္တာပြဟ္မဝိဟာရ စသည်တို့၌ ရအပ်ပြီးသော ဈာန်သုံးပါး, ဈာန်လေးပါးရှိသည် ဖြစ်၍ ဥပေက္ခာဘာဝနာကို ပွါးလိုသော ပုဂ္ဂိုလ်သည် လေ့လာအပ်ပြီးသော တတိယဈာန်၊ စတုတ္ထဈာန်မှ ထ၍ ချမ်းသာပါစေ- စသည်တို့၏ အစွမ်းဖြင့် သတ္တဝါတို့၌ ချစ်သောအားဖြင့် နှလုံးသွင်းခြင်းနှင့် ယှဉ်သည် ဖြစ်၍ ဒေါသ- လောဘတို့၏ အနီးဖြစ်သောကြောင့်၎င်း၊ သောမနဿနှင့် ယှဉ်

သည်ဖြစ်၍ ရှုန့်ရင်းသောကြောင့်၎င်း မေတ္တာ· ကရုဏာ· မုဒိတာစျာန်တို့၌
အပြစ်၊ လျစ်လျူရှုခြင်း ဥပေက္ခာဈာန်၌ အကျိုးကိုမြင်၍ ပြကတေ့ လျစ်လျူရှု
အပ်သောသူကို စိတ်၌ထင်အောင်ကြည့်၍ မှန်းခြင်းမရှိ လျစ်လျူရှု၍ ဥပေက္ခာ
ဘာဝနာကို ပွါးအပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဥပေက္ခာဘာဝနံ
ဘာဝေတုကာမေန ပန မေတ္တာဒီသု ပဋိလဒ္ဓတိကစတုက္ကဇ္ဈာနေန ပဂုဏတတိယ
ဇ္ဈာနာ ဝုဋ္ဌာယ သုခိတာ ဟောန္တူတိ အာဒိဝသေန သတ္တကေလာယန မန
သိကာရယုတ္တတ္တာ ပဋိဃာနုနယသမီပစာရိတ္တာ သောမနဿယောဂေန ဩဠာရိ
ကတ္တာစ ပုရိမာဒီသု အာဒီနဝံ သန္တသဘာဝတ္တာ ဥပေက္ခာဒီသု အာနိသံသဉ္စ
ဒိသွာ ယွာယံ ပကတိမဇ္ဈတ္တပုဂ္ဂလော။ တံ အဇ္ဈုပေက္ခိတွာ ဥပေက္ခာ ဥပ္ပါဒေ
တဗ္ဗာ။ ။ဟုမိန့်အပ်၏။ ။မေတ္တာဒီသု၊ မေတ္တာစျာန် စသည်တို့၌။ ပဋိလဒ္ဓ
တိက စတုက္ကဇ္ဈာနေန၊ ရအပ်ပြီးသော တိကဈာန်, စတုက္ကစျာန် ရှိသည်ဖြစ်၍။
ဥပေက္ခာဘာဝနံ၊ ဥပေက္ခာ ဘာဝနာကို။ ဘာဝေတုကာမေနပန၊ ပွါးခြင်းငှါ
အလိုရှိသော ပုဂ္ဂိုလ်သည်ကား။ ပဂုဏ တတိယဇ္ဈာနာ၊ လေ့လာ အပ်ပြီးသော
တတိယစျာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။
ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣတိအာဒိဝသေန၊ ဤသို့စသည်တို့၏အစွမ်း
ဖြင့်။ သတ္တကေလာယန မနသိကာရယုတ္တတ္တာ၊ သတ္တဝါတို့၌ ချစ်သောအား
ဖြင့် နှလုံးသွင်းခြင်းနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်။ ပဋိဃာနုနယ သမီပစာ
ရိတ္တာစ၊ မုန်းခြင်းဒေါသ–ချစ်ခြင်းလောဘ၏ အနီး၌ဖြစ်သည်၏အဖြစ်ကြောင့်
၎င်း။ သောမနဿယောဂေန၊ သောမနဿနှင့် ယှဉ်ခြင်းကြောင့်။ ဩဠာရိ
ကတ္တာစ၊ ရှုန့်ရင်းသည်၏ အဖြစ်ကြောင့် ၎င်း။ ပုရိမာဒီသု၊ ရှေး ဖြစ်သော
မေတ္တာစျာန် စသည်တို့၌။ အာဒီနဝဉ္စ၊ အပြစ်ကို၎င်း။ သန္တသဘာဝတ္တာ၊ ငြိမ်
သက်သော သဘောရှိသည်၏အဖြစ်ကြောင့်။ ဥပေက္ခာဒီသု၊ လျစ်လျူ ရှုခြင်း
စသည်တို့၌။ အာနိသံသဉ္စ၊ အကျိုးကို၎င်း။ ဒိသွာ၊ မြင်၍။ ယွာယံ ပကတိ မဇ္ဈတ္တ
ပုဂ္ဂလော၊ အကြင်ပကတိအားဖြင့် လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်သည်။ အတ္ထိ၊
ရှိ၏။ တံပုဂ္ဂလံ၊ ထိုပကတိအားဖြင့် လျစ်လျူ ရှုအပ်သော ပုဂ္ဂိုလ်ကို။ အဇ္ဈု
ပေက္ခိတွာ၊ လျစ်လျူရှု၍။ ဥပေက္ခာ၊ ဥပေက္ခာ ဘာဝနာကို။ ဥပ္ပါဒေတဗ္ဗာ၊
ဖြစ်စေ၏။ ။(ဤကားအနက်)

ငင်းအဋ္ဌကထာ၌ စျာန် သုံးပါးကို ရပြီးသော ပုဂ္ဂိုလ်သည် ဥပေက္ခာကို
ပွါးအပ်၏ ဟူသောစကားကို စျာန်ဖြစ်အောင် ပွါးသည်ကို ရည်၍ ဆိုအပ်၏။
စျာန်မရသေးသော ပုဂ္ဂိုလ်သည်လည်း ဒေါမနဿ· လောဘတို့မှ ကင်းခြင်းငှါ
ပွါးအပ်၏။ ။ချမ်းသာပါစေ–ဟုတောင့်တသော်လည်း အကုသိုလ် နှိပ်စက်
လျှင် မချမ်းသာချေ။ ဆင်းရဲပါစေ–ဟုကြိမ်ဆိုသော်လည်း ကုသိုလ်ထောက်ပင့်

လျှင် မဆင်းရဲချေ။ သို့ဖြစ်၍ သတ္တဝါတို့၏ ချမ်းသာခြင်း၊ ဆင်းရဲခြင်းကား ကံသာလျှင် အရင်းဖြစ်ချေသည်–ဟု မဇ္ဈတ္တပုဂ္ဂိုလ်ကိုအာရုံပြု၍ ကမ္မဿကော– ဟုရှု၍ ၎င်းပုဂ္ဂိုလ်၌ မုန်းခြင်း- ချစ်ခြင်းမရှိသော လျစ်လျူအခြင်းအရာ ထင်အောင်ပွါးရာ၏။ ၎င်းပုဂ္ဂိုလ်၌ လျစ်လျူ အခြင်းအရာထင်မှ မိမိကိုယ်ကို မိမိကိုယ်၌ လျစ်လျူအခြင်း အရာထင်မှ ပိယပုဂ္ဂိုလ်ကို ပိယပုဂ္ဂိုလ်၌ လျစ်လျူ အခြင်းအရာထင်မှ အတိပ္ပိယပုဂ္ဂိုလ်ကို အတိပ္ပိယပုဂ္ဂိုလ်၌ လျစ်လျူ အခြင်းအရာထင်မှ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်ကို အာရုံပြု၍ ပွါးရာ၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။တသ္မာ ဝုတ္တနယေန မဇ္ဈတ္တပုဂ္ဂလေ ဥပေက္ခံ ဥပ္ပါဒေတွာ အထ ပိယပုဂ္ဂလေ တတော သောဏ္ဍသဟာယကေ တတော ဝေရိမှိတိ ဧဝံ ဣမေသုစ တီသုဇနေသု အတ္တနိစာတိ သဗ္ဗတ္ထ မဇ္ဈတ္တဝသေန သီမသမ္ဘေဒံ ကတွာ တံနိမိတ္တံ အာသေဝိတဗ္ဗံ ဘာဝေတဗ္ဗံ ဗဟုလီကာတဗ္ဗံ။ ။ဟု မိန့်အပ်၏။ ။တသ္မာ၊ ထို့ကြောင့်။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့သော နည်းဖြင့်။ မဇ္ဈတ္တပုဂ္ဂလေ၊ လျစ်လျူရှုအပ်သောပုဂ္ဂိုလ်၌။ ဥပေက္ခံ၊ လျစ်လျူရှုခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေပြီး၍။ အထပစ္ဆာ၊ ထိုမဇ္ဈတ္တပုဂ္ဂိုလ်ကို လျစ်လျူရှုပြီးသည်မှ နောက်၌။ ပိယပုဂ္ဂလေ၊ ပိယပုဂ္ဂိုလ်၌၎င်း။ တတော၊ ထိုပိယပုဂ္ဂိုလ်မှနောက်၌။ သောဏ္ဍသဟာယကေ၊ အလွန် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသော အတိပ္ပိယ ပုဂ္ဂိုလ်၌၎င်း။ တတော၊ ထိုအတိပ္ပိယပုဂ္ဂိုလ်မှ နောက်၌။ ဝေရိမှိ၊ ရန်သူဖြစ်သော ဝေရီ ပုဂ္ဂိုလ်၌၎င်း။ ဧဝံ၊ ဤသို့။ တီသု၊ သုံးယောက်ကုန်သော။ ဣမေသုစ ဇနေသု၊ ဤပုဂ္ဂိုလ်တို့၌၎င်း။ အတ္တနိစ၊ မိမိ၌၎င်း။ ဣတိ၊ ဤသို့။ သဗ္ဗတ္ထ၊ အလုံးစုံသော ပုဂ္ဂိုလ် လေးယောက်တို့၌။ မဇ္ဈတ္တဝသေန၊ လျစ်လျူရှုသည်အစွမ်းဖြင့်။ သီမသမ္ဘေဒံ၊ လျစ်လျူရှုသော အခြင်းအရာအားဖြင့် မျှသော သီမသမ္ဘေဒကို။ ကတွာ၊ ပြု၍။ တံနိမိတ္တံ၊ ထိုဥပေက္ခာ၏အာရုံကို။ အာသေဝိတဗ္ဗံ၊ မှီဝဲအပ်၏။ ဘာဝေတဗ္ဗံ၊ ပွါးအပ်၏။ ဗဟုလီကာတဗ္ဗံ၊ အကြိမ်များစွာပြုအပ်၏။ ။(ဤကားအနက်)

ယင်းသို့ထင်သောအာရုံကိုအဘန်ဘန်ပွါးသောသူအား စတုတ္ထဈာန်ဖြစ်၏။ အကြွင်းမှာ မေတ္တာနည်းပင်။ ။ပွါးသော ပါဠိအစဉ်ကိုလည်း။ ။မယှံ မဇ္ဈတ္တပုဂ္ဂလော ကမ္မဿကော၊ အဟံ ကမ္မဿကော၊ မယှံ ပိယပုဂ္ဂလော ကမ္မဿကော၊ မယှံ ဝေရီပုဂ္ဂလော ကမ္မဿကော။ ။ဣမသ္မိံ ဝိဟာရေ ဘိက္ခုသံဃာ ကမ္မဿကာ၊ ဣမသ္မိံ ဝိဟာရေ ဒေဝတာ ကမ္မဿကာ၊ ဣမသ္မိံ ဝိဟာရေ သဗ္ဗေ သတ္တာ ကမ္မဿကာ။ ။သာမန္တဂါမေ ဣဿရဇနာ ကမ္မဿကာ၊ သာမန္တဂါမေ မနုဿာ ကမ္မဿကာ၊ သာမန္တဂါမေ သဗ္ဗေသတ္တာ ကမ္မဿကာ။ ။ပုရတ္ထိမာယ ဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေ

အနုရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ ကမ္မဿကာ။ ။ [ဤသို့စသည်ဖြင့် အဝေရာဟောတု-အရာ၌ ကမ္မဿကော-ကိုသည့်သွင်း လဲလှယ်၍ ဆိုအပ်၏။ ဤမျှသာ ထူးဘော့၏။ အကြွင်းမထူးပြီ]။ ။အနုက်မှာ။ ။ မယ့်၊ ငါ၏။ မဇ္ဈတ္တပုဂ္ဂလော၊ လျစ်လျူ ရှုအပ်သော ပုဂ္ဂိုလ်သည်။ ကမ္မဿကော၊ ကံသာလျှင် ချမ်းသာကြောင်း, ဆင်းရဲကြောင်း မိမိ၏ဥစ္စာရှိ၏။ အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် ချမ်းသာကြောင်း, ဆင်းရဲကြောင်း မိမိ၏ ဥစ္စာရှိ၏။ မယ့်၊ ငါ၏။ ပိယပုဂ္ဂလော၊ သည်။ ကမ္မဿကော၊ ကံသာလျှင် ချမ်းသာကြောင်း, ဆင်းရဲကြောင်း မိမိ၏ဥစ္စာရှိ၏၊ မယ့်၊ ငါ၏။ ဝေရိပုဂ္ဂလော၊ သည်။ ကမ္မဿကော၊ ကံသာလျှင် ချမ်းသာကြောင်း, ဆင်းရဲကြောင်း မိမိ၏ ဥစ္စာရှိ၏။ ။ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ဘိက္ခုသံဃာ၊ ရဟန်း အပေါင်းတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ချမ်းသာကြောင်း,ဆင်းရဲကြောင်း မိမိ၏ဥစ္စာရှိ၏။ ။ဤသို့ သမ္ဗန်။ နောက်ကိုလည်း နည်းတူမှတ်။ ။ဥပေက္ခာ ဘာဝနာအမြွက်ကား ဤတွင် ရွေပြီးသတည်း။

ဤဗြဟ္မဝိဟာရတရားလေးပါးတို့တွင် မေတ္တာ၏နီးသော ရန်သူကား- ရာဂ တည်း။ ဝေးသောရန်သူကား-ပျက်စီးစေသတည်း-ဟု မနောဒွါရဖြင့် ကြံသော ဗျာပါဒတည်း။ ကရုဏာ၏နီးသောရန်သူကား- ချစ်အပ်သော ဆရာမိဘ ဉာတိ အဆွေခင်ပွန်း စည်းစိမ်ပျက်စီးခြင်းကြောင့် ဖြစ်သော ဒေါမနဿတည်း။ ဝေး သောရန်သူကား-ကိုယ်နှုတ်တို့ဖြင့် သတ်ပုတ်ညှဉ်းဆဲခြင်း ဒေါသတည်း။ မုဒိတာ ၏ နီးသောရန်သူကား- ဆရာ မိဘ ဉာတိ အဆွေခင်ပွန်း စည်းစိမ် ပြည့်စုံခြင်း ကြောင့် ဖြစ်သော လောဘနှင့်ယှဉ်သော သောမနဿတည်း။ ဝေးသောရန်သူ ကား- သူတပါးတို့၏စည်းစိမ်၌ မမွေ့လျော်ခြင်း ဣဿာတရားတည်း။ ဥပေက္ခာ ဗြဟ္မဝိဟာရ၏နီးသောရန်သူကား-သူတပါး အပြစ်ကိုရင်း၊ ကျေးဇူးကိုရင်း မသိ တတ်သည်ဖြစ်၍ လျစ်လျူရှုခြင်းမောဟတည်း။ ဝေးသောရန်သူကား-ဒေါသ တည်း။ ထိုကြောင့် မေတ္တာ-ကရုဏာ- မုဒိတာ- ဥပေက္ခာတည်း ဟူသော ဗြဟ္မ ဝိဟာရ တရားကို ပွါးသောပုဂ္ဂိုလ်သည် နီးသောရန်သူ ဝေးသောရန်သူ တို့ ကြောင့် ပျက်စီးခြင်းမရှိရအောင် ကောင်းစွာစောင့်ရှောက်၍ ဘေးရန်မရှိသဖြင့် ဗြဟ္မဝိဟာရ တရားလေးပါးတို့ကို ကောင်းစွာ ပွါးရာ၏။ [ဤကား အကျဉ်း၊ အကျယ်ကိုလိုမူ အဋ္ဌကထာမှာယူ]။ ။မေတ္တာကား—သတ္တဝါတို့၏ သန္တာန်၌ စီးပွါးချမ်းသာကိုဆောင်သော အခြင်းအရာအားဖြင့်ဖြစ်သည်။ ကရုဏာကား သတ္တဝါတို့၏သန္တာန်မှ ဒုက္ခကို ပယ်လိုသော အခြင်းအရာ အားဖြင့် ဖြစ်သည်။ မုဒိတာကား သူတပါးတို့၏ စည်းစိမ်ကို ကြာမြင့်စွာတည်စေလိုသော အခြင်း အရာအားဖြင့်ဖြစ်သည်။ ဥပေက္ခာကား ဒုက္ခိတ သတ္တဝါကိုမြင်၍ ဒေါမနဿ၊

သုခိတသတ္တာဒါကိုမြင်၍ သောမနဿမဖြစ်မူ၍ ကံသာလျှင်အကြောင်းရှိသည်-ဟု လျစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်သည်။ ထိုကြောင့်၊ အဋ္ဌကထာ၌။ ။ ဟိတုပ သံဟာရအဟိတာ ပနယနသမ္ပတ္တိ အာမောဒန အနာဒောဘဂ ဝသေန ဧတုပ္ပိမော ယ၀ သတ္တေသု မနသိကာရော။ ။ဟုမိန့်အပ်၏။ ။သတ္တေသု၊ သတ္တဝါတို့၌။ မနသိကာရော၊ နှလုံးသွင်းခြင်းသည်။ ဟိတုပသံဟာရ အဟိတာ ပနယန သမ္ပတ္တိ အာမောဒန အနာဒောဘဂဝသေန၊ သတ္တဝါတို့၏ သန္တာန်၌ အစီးအပွါးကိုဆောင်ခြင်း, သတ္တဝါတို့၏သန္တာန်မှစီးပွါးမဲ့ကိုပယ်ခြင်း, သူတပါး တို့၏ စည်းစိမ်၌ဝမ်းမြောက်ခြင်း, သုခဒုက္ခကို မခံစားမူ၍ လျစ်လျူရှုသည်၏ အစွမ်းဖြင့်။ ဝါ၊ သုခဒုက္ခကို နှလုံးမသွင်းသည်၏ အစွမ်းဖြင့်။ စတုဗ္ဗိဓောယေဝ၊ လေးပါးအပြားရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

အမိသည် နို့စို့သားငယ်၊ အနာအဖျားရှိသောသား၊ တဆဲ့ငါးနှစ်, တဆဲ့ ခြောက်နှစ်အရွယ်သို့ ရောက်သောသား၊ မိမိ၏အမှုကိစ္စ၌ မကြောင့်ကြရအောင် လေ့ကျက်သောသား လေးယောက်တို့တွင် သားငယ်၏ ကြီးပွါးခြင်းကို အလို သကဲ့သို့၊ အနာအဖျားရှိသောသား၏ အနာမှ ထမြောက်ခြင်းကို အလို ရှိသကဲ့ သို့၊ အရွယ်သို့ ရောက်သောသား၏ အဆင်းအင်္ဂါတို့နှင့် ပြည့်စုံလျက် အသက် ရှည်မြင့်စွာသော ကာလပတ်လုံး အဆင်းအင်္ဂါတို့နှင့် ပြည့်စုံခြင်း၏ တည်ခြင်းကို အလိုရှိသကဲ့သို့၊ အမှုကိစ္စ၌ လေ့ကျက်သောသား၏ တစုံတခုသော အမှုကိစ္စ၌ ကြောင့်ကြစိုက်၍ အားမထုတ်သကဲ့သို့ ထို့အတူ အပ္ပမညာတရားကို အားထုတ် ၍ နေလေ့ရှိသော ပုဂ္ဂိုလ်သည်လည်း အလုံးစုံသောသတ္တဝါတို့၌ မေတ္တာ စသည် တို့၏အစွမ်းဖြင့် စိတ်ကိုဖြစ်စေအပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ယထာစ ယထာ မာတာ ဒဟရ ဂိလာနယောဗ္ဗန္န ပ္ပတ္တသကိစ္စပသုတေသု စတူသုပုတ္တေသု ဒဟရဿ အဘိဝုဍ္ဎိကာမာ ဟောတိ၊ ဂိလာနဿ ဂေလညာပနယနကာမာ၊ ယောဗ္ဗန္န သမ္ပတ္တိယာ စိရဋ္ဌိတိကာမာ၊ သကကိစ္စပသုတဿ ကိသ္မိဉ္စိ ပရိယာယေ အဗျာဝဋ္ဋာဟောတိ၊ တထာ အပ္ပမညာဝိဟာရိကောနပိ သဗ္ဗသတ္တေသု မေတ္တာဒိ ဝသေနပဝတ္တေတဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။စ၊ ထိုစကားကို ဥပမာဖြင့် ထင်စွာ ပြဦးအံ့။ ယထာ၊ အကြင်ကြောင့်။ မာတာ၊ အမိသည်။ ဒဟရ ဂိလာန ယောဗ္ဗန္နပ္ပတ္တသကိစ္စ ပသုတေသု၊ နို့စို့နို့ညှာ-ငယ်စွာသောသား, နာသောသား, အရွယ်သို့ရောက်သောသား, မိမိ၏အမှုကိစ္စ၌လေ့ကျက်သောသား ဟု ဆိုအပ်ကုန် သော။ စတူသု၊ လေးယောက်ကုန်သော။ ပုတ္တေသု၊ သားတို့တွင်။ ဒဟရဿ၊ နို့စို့ နို့ညှာ ငယ်စွာသော သား၏။ အဘိဝုဍ္ဎိ ကာမာ၊ ကြီးပွါးခြင်းကို အလိုရှိ သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဂိလာနဿ၊ နာသောသား၏။ ဂေလညာ၊ အနာမှ။ အပနယနကာမာ၊ ပယ်ခြင်းငှါအလိုရှိသည်။ ဟောတိယထာ၊ ဖြစ်သ

ကဲ့သို့။ ယောဗ္ဗနုပ္ပတ္တာယ၊ အရွယ်နှင့် ပြည့်စုံခြင်းသို့ ရောက်သော သား၏။ ယောဗ္ဗနသမ္ပတ္တိယာ၊ အရွယ်နှင့် ပြည့်စုံခြင်း၏။ စိရဋ္ဌိတိကာမာ၊ ရှည်မြင့်စွာ သောကာလ ပတ်လုံး တည်ခြင်းငှါ အလိုရှိသည်။ ဟောတိယထာ၊ ဖြစ်သကဲ့ သို့။ သကိစ္စပသုတာ၊ မိမိ၏အမှုကိစ္စ၌ လေ့ကျက်သောသား၏။ ကိသ္မိဉ္စိ၊ တစုံ တခုသော။ ပရိယာယေ၊ အမှု၌။ ဝါ၊ အကြောင်းကြောင့်။ အဗျာဝဋာ၊ အား မထုတ်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ အပ္ပမညာ ဝိဟာရိကေနာပိ၊ အပ္ပမညာတရားကို အားထုတ်၍ နေလေ့ရှိသောပုဂ္ဂိုလ်သည် လည်း။ သဗ္ဗသတ္တေသု၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၌၊ မေတ္တာဒိဝသေန၊ မေတ္တာစသည်တို့၏အစွမ်းဖြင့်။ စိတ္တံ၊ စိတ်ကို။ ပဝတ္တေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ။ (ဤကားအနက်)။ ။ပကိဏ္ဏက ကထာအကျဉ်းပြီး၏။

ဗြဟ္မဝိဟာရ ဝိနိစ္ဆယကား ဤတွင်ပြီး၏။

---

(၃) အသက် မွေးခြင်းလျှင် အကြောင်းရှိသော ပါဏာတိပါတ စသောကာယဒုစရိုက်၊ မုသာဝါဒ စသော ဝစီဒုစရိုက်ကို ပြု၍ ရအပ် သောပစ္စည်းကို နောက်တဘန် မပြုပြီ-ဟု ကြဉ်ပြီး၍ စားသော သူအား သမ္မာအာဇီဝ ဝိရတီအစစ် ဖြစ်သည့်, မဖြစ်သည်ကို သိလို ပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို သိမှတ်ရာ၏။

မိစ္ဆာကမ္မန္တ—မိစ္ဆာဝါစာ- မိစ္ဆာ အာဇီဝ အားဖြင့် ဒုစရိုက် သုံးပါး၊ သမ္မာ ကမ္မန္တ- သမ္မာဝါစာ- သမ္မာအာဇီဝ အားဖြင့် သုစရိုက် သုံးပါးတို့တွင် မင်း- မင်း၏ အမတ် စသော သူတို့သည် အသက် မွေးခြင်းကို မငဲ့ဘဲ မိမိတို့၏ ရဲရင့် သန်မြန်သည်၏ အဖြစ်ကိုပြလို၍ သမင်ကိုသတ်ခြင်း၊ ခရီးလမ်း၌ လုယက်ခြင်း၊ သူတပါး ကို၏ မယားကိုလွန်ကျူးခြင်းကို ပြုကုန်၏။ ထိုသို့ပြုအပ်သော ကာယ ဒုစရိုက်စသည်သာ မိစ္ဆာကမ္မန္တအစစ်မည်၏။ ၎င်းမိစ္ဆာကမ္မန္တမှ နောင်တဘန် မပြုပြီ-ဟုကြဉ်ရှောင်ခြင်းသည်သာ သမ္မာကမ္မန္တ ဝိရတီ အစစ်မည်၏။ ကြီး သော သူတို့အား ကိုယ်ဖြင့် တိုက်ခြင်း၊ မည်သည့် သတ္တဝါကို မဆို အသက် ကိုမှုကား သေအောင်မသတ်ဘဲ ရိုက်နှက် ထောင်းထုခြင်း စသည်ဖြင့် နာကျင် အောင် ညှဉ်းဆဲခြင်းစသော ကြွင်းသော ကာယ ဒုစရိုက် ဟူသမျှသည် မိစ္ဆာ ကမ္မန္တအစစ်မမည်။ ထိုမိစ္ဆာကမ္မန္တ အစစ်မမည်သော ကာယ ဒုစရိုက်မှ ကြဉ် ရှောင်ခြင်းသည်လည်း သမ္မာကမ္မန္တ အစစ်မမည်။ မင်း-မင်း၏ အမတ် စသော သူတို့သည် အသက်မွေးခြင်းကို မငဲ့ဘဲ ရဲရင့် လိမ်မာ သည်၏ အဖြစ်ကို ပြလို၍ မုသားဆိုခြင်း၊ ကုံးတိုက်ခြင်း၊ ကြမ်းကြုတ်သော စကားကိုပြောဆိုခြင်း၊ ပြိန်ဖျင်း

သော စကားကို ပြောဆိုခြင်းကိုပြုကုန်၏။ ထိုသို့ပြုအပ်သော ဝစီဒုစရိုက်သည်သာ မိစ္ဆာဝါစာ အစစ်မည်၏။ ၎င်းမိစ္ဆာ ဝါစာမှ နှောင်တာဘန် မပြုပြီ-ဟု ကြဉ်ရှောင်ခြင်းသည်သာ သမ္မာဝါစာ အစစ်မည်၏။ ကြီးသော သူဘို့အား မရိုမသေ ပြောဆိုခြင်း စသော ကြွင်းသော ဝစီ ဒုစရိုက် ဟူသမျှသည် မိစ္ဆာဝါစာ အစစ်မမည်။ ထိုမိစ္ဆာဝါစာ အစစ်မမည်သော ဝစီဒုစရိုက်မှ ကြဉ်ရှောင်ခြင်းသည်လည်း သမ္မာဝါစာ အစစ်မမည်၊ အသက်မွေးခြင်းကိုငဲ့လျက် အသက် မွေးခြင်းလျှင် အကြောင်းရှိသည်ဖြစ်၍ ပြုအပ်သော ပါဏာတိပါတစသော ကာယဒုစရိုက်သုံးပါး၊ မုသာဝါဒစသော ဝစီဒုစရိုက် လေးပါးတို့သည်သာ မိစ္ဆာအာဇီဝအစစ် မည်ကုန်၏။ ၎င်းမိစ္ဆာအာဇီဝ တို့မှနှောင်တာဘန်မပြုပြီဟု ကြဉ်ရှောင်ခြင်းသည် သမ္မာအာဇီဝ ဝိရတီအစစ်မည်၏။ အသက် မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး တို့ကိုပြု၍ ရအပ်သော ပစ္စည်း တို့ကို စားသုံးခြင်း ဟူသော ပဏ္ဏတ္တိဝဇ္ဇ၌ မိစ္ဆာအာဇီဝ အစစ်မဖြစ်သည်ကိုၵင်း၊ ထိုမိစ္ဆာအာဇီဝ အစစ်မဖြစ်သော စားသုံးခြင်းမှ ကြဉ်ရှောင်ခြင်း၌ သမ္မာအာဇီဝ ဝိရတီ အစစ်မဖြစ်သည်ကိုၵင်း ဆိုဘွယ်မရှိ။ ယခင် ပြဆိုအပ်ခဲ့ပြီးသော အသက် မွေးခြင်းလျှင် အကြောင်း ရှိသော ကာယ ဒုစရိုက် သုံးပါး၊ ဝစီ ဒုစရိုက် လေးပါး တို့မှ ကြွင်းသော ကုဟန-လပန စသည်တို့ကို ပြုခြင်းဟူသော အလုံးစုံသော ကာယ ဒုစရိုက်— ဝစီ ဒုစရိုက် တို့သည် မိစ္ဆာအာဇီဝ အစစ်မမည်။ ထိုမိစ္ဆာ အာဇီဝ အစစ် မမည်သော ကုဟန-လပန စသော ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်း သည်လည်း သမ္မာအာဇီဝ ဝိရတီအစစ် မမည်ဟု မှတ်ရာ၏။ ။ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော် လောကုတ္တရာစိတ်၏ ပဒဘာဇနီ၌။ ။ကတမာ တသ္မိံ သမယေ သမ္မာဝါစာ ဟောတိ။ ယာ တသ္မိံ သမယေ စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏိ အကိရိယာ အကရဏံ အနဇ္ဈာပတ္တိ ဝေလာ အနတိက္ကမော သေတုဃာတော သမ္မာဝါစာ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ တသ္မိံ သမယေ သမ္မာဝါစာ ဟောတိ။ကတမော တသ္မိံ သမယေ သမ္မာကမ္မန္တော ဟောတိ။ ယာ တသ္မိံ သမယေ တီဟိ ကာယဒုစ္စရိတေဟိ အာရတိ ဝိရတိ။ပ။ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ တသ္မိံ သမယေ သမ္မာကမ္မန္တော ဟောတိ။ ကတမော တသ္မိံ သမယေ သမ္မာအာဇီဝေါ ဟောတိ၊ ယာ တသ္မိံ သမယေ မိစ္ဆာအာဇီဝါ အာရတိ ဝိရတိ။ ပ။မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ တသ္မိံ သမယေ သမ္မာအာဇီဝေါ ဟောတိ။ ။ဟု ဟောတော်မူအပ်၏။

တသ္မိံ သမယေ၊ထိုလောကုတ္တရာစျာန်ကိုပွါးသောအခါ၌။ကတမာ၊အဘယ်မည်သော။သမ္မာဝါစာ၊ သမ္မာဝါစာသည်။ ဟောတိ၊ ဖြစ်လေသနည်း။ တသ္မိံ

သမယေ၊ ထိုလောကုတ္တရာဈာန်ကို ပွါးသော အခါ၌။ စတုဟိ၊ လေးပါးကုန်သော။ ဝစီဒုစ္စရိတေဟိ၊ မုသာဝါဒ- ပိသုဏာဝါစာ- ဖရုသဝါစာ- သမ္ဖပ္ပလာပတည်းဟူသော အသက်မွေးခြင်း အကြောင်းမရှိသော ဝစီဒုစရိုက်တို့မှ။ ယာ အာရတိ၊ အကြင် ဝေးစွာ ကြဉ်ခြင်းသည်။ ယာဝိရတိ၊ အကြင် အထူးသဖြင့် ကြဉ်ခြင်းသည်။ ယာပဋိဝိရတိ၊ အကြင်တဘန် အထူးသဖြင့် ကြဉ်ခြင်းသည်။ ယာဝေရမဏီ၊ အကြင်ဒုဿီလစေတနာတည်းဟူသော ရန်ကိုဖျက်ဆီးခြင်းသည်။ ယာအကိရိယာ၊ အကြင် မုသာဝါဒ စသော ဝစီဒုစရိုက်ကို မပြုသော အခြင်းအရာသည်။ ယံအကရဏံ၊ အကြင်မုသာဝါဒ စသော ဝစီဒုစရိုက်ကို မပြုခြင်းသည်။ ယာအနဇ္ဈာပတ္တိ၊ အကြင်မုသာဝါဒ စသော ဝစီဒုစရိုက်ကို လွန်ကျူးခြင်းသို့မရောက်ခြင်းသည်။ ယော ဝေလာအနတိက္ကမော၊ အကြင်အပိုင်းအခြားကို မလွန်ခြင်းသည်။ ယောသေတုဃာတော၊ အကြင် မုသာဝါဒ စသော ဝစီဒုစရိုက်တို့၏အကြောင်းကို အကြွင်းမဲ့သတ်ခြင်းသည်။ ယာသမ္မာဝါစာ၊ အကြင်သမ္မာဝါစာသည်။ ယံမဂ္ဂင်္ဂံ၊ အကြင်မဂ္ဂင်တရားသည်။ ယံမဂ္ဂပရိယာပန္နံ၊ အကြင်မဂ်၌အကျုံးဝင်သောတရားသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံ သမယေ၊ ထိုလောကုတ္တရာဈာန်ကိုပွါးသောအခါ၌။ အယံသမ္မာဝါစာ၊ ဤသမ္မာဝါစာသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုလောကုတ္တရာဈာန်ကိုပွါးသောအခါ၌။ ကတမော၊ အဘယ်မည်သော။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်။ ဟောတိ၊ ဖြစ်လေသနည်း။ တသ္မိံ သမယေ၊ ထိုလောကုတ္တရာ ဈာန်ကို ပွါးသောအခါ၌။ တီဟိ၊ သုံးပါးကုန်သော။ ကာယဒုစ္စရိတေဟိ၊ ပါဏာတိပါတ-အဒိန္နာဒါန-ကာမေသုမိစ္ဆာစာရတည်းဟူသော အသက်မွေးခြင်းအကြောင်းမရှိသော ကာယဒုစရိုက်တို့မှ။ ယာ အာရတိ၊ အကြင်ဝေးစွာကြဉ်ခြင်းသည်။ ယာဝိရတိ၊ အကြင်အထူးသဖြင့် ကြဉ်ခြင်းသည်။ ပ။ ယံမဂ္ဂင်္ဂံ၊ အကြင်မဂ္ဂင်တရားသည်။ ယံမဂ္ဂပရိယာပန္နံ၊ အကြင်မဂ်၌ အကျုံးဝင်သော တရားသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံ သမယေ၊ ထိုလောကုတ္တရာဈာန်ကို ပွါးသောအခါ၌။ အယံသမ္မာကမ္မန္တော၊ ဤသမ္မာကမ္မန္တသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုလောကုတ္တရာ ဈာန်ကို ပွါးသောအခါ၌။ ကတမော၊ အဘယ်မည်သော။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝသည်။ ဟောတိ။ ဖြစ်လေသနည်း။ တသ္မိံ သမယေ၊ ထိုလောကုတ္တရာဈာန်ကိုပွါးသော အခါ၌။ မိစ္ဆာအာဇီဝါ၊ အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက်သုံးပါး-ဝစီဒုစရိုက်လေးပါးတည်းဟူသောမိစ္ဆာအာဇီဝမှ။ ယာ အာရတိ၊ အကြင်ဝေးစွာကြဉ်ခြင်းသည်။ ယာဝိရတိ၊ အကြင်အထူးသဖြင့် ကြဉ်ခြင်းသည်။ ပ။ ယံမဂ္ဂင်္ဂံ၊ အကြင်မဂ္ဂင်တရားသည်။ ယံမဂ္ဂပရိယာပန္နံ၊ အကြင်မဂ်၌ အကျုံးဝင်သောတရားသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံ သမယေ၊ ထိုလောကုတ္တရာ ဈာန်ကို

ပွါးသောအခါ၌။ အယံ သန္တာအာဇီဝေါ၊ ဤသမ္မာအာဇီဝ တရားသည်။ ဟောတိ၊ ၏။ ။(ဤကားအနက်)

ရင်း၏အဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း။ ။အာဇီဝေါ နာမေသ ပါဋိယေက္ကော နတ္ထိ၊ ဝါစာကမ္မန္တေသု ဂဟိတေသု ဂဟိတောဝ ဟောတိ တပ္ပက္ခိကတ္တာ၊ ဓုဝပဋိသေဝနဝသေနပနာယံ တတော နီဟရိတွာ ဒဿိတောတိ။ ဧဝံ သန္တေ သမ္မာအာဇီဝေါ သကိစ္စကော န ဟောတိ။ အဋ္ဌမဂ္ဂင်္ဂါနိ နပရိပူရေန္တိ။ တသ္မာ သမ္မာအာဇီဝေါ သကိစ္စကော ကာတဗ္ဗော၊ အဋ္ဌမဂ္ဂင်္ဂါနိ ပရိပူရေတဗ္ဗာနီတိ။ တတြာယံ အာဇီဝေါ နာမ ဘိဇ္ဇမာနော ကာယဝစီဒွါရေသုယေဝ ဘိဇ္ဇတိ။ မနောဒွါရေ အာဇီဝဘေဒေါ နာမ နတ္ထိ။ ပူရယမာနောပိ တသ္မိံယေဝ ဒွါရဒွယေ ပူရတိ။ မနောဒွါရေ အာဇီဝပူရဏံ နာမ နတ္ထိ။ ကာယဒွါရေပန ဝီတိက္ကမော အာဇီဝဟေတုကောပိ အတ္ထိ။ နအာဇီဝဟေတုကောပိ။ တထာ ဝစီဒွါရေ။ တတ္ထ ယံ ရာဇရာဇမဟာမတ္တာ ခိဍ္ဍာပသုတာ သူရဘာဝံ ဒဿေန္တာ မိဂဝဓံ ဝါ ပန္ထဒုဟနံ ဝါ ပရဒါရ ဝီတိက္ကမံ ဝါ ကရောန္တိ။ ဣဒံ အကုသလံ ကာယကမ္မံ နာမ။ တတော ဝိရတိ သမ္မာကမ္မန္တော နာမ။ ယံပန န အာဇီဝဟေတုကံ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ ဘာသန္တိ။ ဣဒံ အကုသလံ ဝစီကမ္မံ နာမ။ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ၊ ယံပန အာဇီဝဟေတု နေသာဒမစ္ဆဗန္ဓာဒယော ပါဏံ ဟနန္တိ။ အဒိန္နံ အာဒိယန္တိ။ မိစ္ဆာစာရံ စရန္တိ။ အယံ မိစ္ဆာဇီဝေါ နာမ။ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။ ယမ္ပိ လဉ္ဇံ ဂဟေတွာ မုသာ ဘဏန္တိ။ ပေသုညဖရုသသမ္ဖပ္ပလာပေ ပလပန္တိ။ အယမ္ပိ မိစ္ဆာဇီဝေါ နာမ။ တတော ဝိရတိ သမ္မာ အာဇီဝေါ နာမ။ ။ဟူ၍ရင်း။ ။အယမ္ပိ သမ္မာအာဇီဝေါ ပုဗ္ဗဘာဂေ နာနာစိတ္တေသု လဗ္ဘတိ။ အညေနေဝ ဟိ စိတ္တေန ကာယဒွါရဝီတိက္ကမာ ဝိရမတိ။ အညေန ဝစီဒွါရဝီတိက္ကမာ။ လောကုတ္တရမဂ္ဂက္ခဏေ ပန ဧကစိတ္တသ္မိံယေဝ လဗ္ဘတိ၊ ကာယဝစီဒွါရေသု ဟိ သတ္တကမ္မပထဝသေန ဥပ္ပန္နာယ မိစ္ဆာဇီဝသင်္ခါတာယ ဒုဿီလျစေတနာယ ပဒစ္ဆေဒံ ကုရုမာနာ မဂ္ဂင်္ဂံ ပူရယမာနာ ဧကာဝ ဝိရတိ ဥပ္ပဇ္ဇတိ။ ။ဟူ၍ရင်း မိန့်အပ်၏။

ပါဋိယေက္ကော၊ ဝါစာကမ္မန္တတို့၏ဖြစ်ရာ ဒွါရကိစ္စမှ အသီးအခြား တပါးသော ဒွါရကိစ္စ၌ဖြစ်သော။ သေ-ဧသောအာဇီဝေါ နာမ၊ ထိုအာဇီဝမည်သည်။ နတ္ထိ၊ မရှိ။ တပ္ပက္ခိကတ္တာ၊ ထိုဝါစာကမ္မန္တတို့၏အဘို့၌ ဖြစ်သည်၏အဖြစ်ကြောင့်။ ဝါစာကမ္မန္တေသု၊ ဝါစာကမ္မန္တတို့ကို။ ဂဟိတေသု၊ ယူအပ်ကုန်သည်ရှိသော်။ ဂဟိတောဝ၊ ယူအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပန၊ ယင်းသို့ပင် ဝါစာကမ္မန္တတို့ကို ယူအပ်သည် ရှိသော် ယူအပ်သည် ဖြစ်ငြားသော်လည်း။ ဓုဝပဋိ

သေဝန ဝသေန၊ အမြဲ မှီဝဲအပ်သည်၏ အစွမ်းဖြင့်။ အယံ အာဇီဝေါ၊ ဤ အာဇီဝကို။ တတော၊ ထိုဝါစာကမ္မန္တတို့မှ။ နီဟရိတွာ၊ အသီးထုတ်ဆောင်၍။ ဒဿိတော၊ ပြအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝေံသန္တေ၊ ဤသို့ ဖြစ်သည်။ သတိ၊ ရှိသော်။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝသည်။ သကိစ္စကော၊ မိမိ၏ကိစ္စရှိသည်။ နဟောတိ၊ မဖြစ်။ အဋ္ဌမဂ္ဂင်္ဂါနိ၊ ရှစ်ပါးသော မဂ္ဂင်တို့သည်။ နပရိပုရေန္တိ၊ မပြည့်စုံကုန်။ တသ္မာ၊ ထို့ကြောင့်။ သမ္မာအာဇီဝေါ၊ သမ္မာ အာဇီဝကို။ သကိစ္စကော၊ မိမိကိစ္စရှိသည်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ အဋ္ဌ မဂ္ဂင်္ဂါနိ၊ ရှစ်ပါးသော မဂ္ဂင်တို့ကို။ ပူရေတဗ္ဗာနိ၊ ပြည့်စေအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တတြ၊ ထိုသမ္မာအာဇီဝကို မိမိကိစ္စရှိသည်ကို ပြုရာ မဂ္ဂင်ရှစ်ပါးတို့ကို ပြည့်စေရာ၌။ အယံ အာဇီဝေါနာမ၊ ဤအာဇီဝမည်သည်။ ဘိဇ္ဇမာနော၊ ပျက်သည်ရှိသော်။ ကာယဝစီဒွါရေသုယေဝ၊ ကာယ ဒွါရ-ဝစီဒွါရတို့၌ သာလျှင်။ ဘိဇ္ဇတိ၊ ပျက်စီး၏။ မနောဒွါရေ၊ မနောဒွါရ၌။ အာဇီဝဘေဒေါနာမ၊ အာဇီဝ၏ပျက်စီးခြင်း မည်သည်။ နတ္ထိ၊ မရှိ။ ပူရယ မာနောပိ၊ ပြည့်စေအပ်သော်လည်း။ တသ္မိံယေဝဒွါရဒ္ဓယေ၊ ထိုကာယဒွါရ ဝစီဒွါရ နှစ်ပါးအပေါင်း၌သာလျှင်။ ပူရတိ၊ ပြည့်၏။ မနောဒွါရေ၊ မနောဒွါရ ၌။ အာဇီဝပူရဏံနာမ၊ အာဇီဝ၏ပြည့်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ဆက်၍ ဆို ဦးအံ့။ ကာယ ဒွါရေ၊ ကာယဒွါရ၌။ ပဝတ္တော၊ ဖြစ်သော။ ဝီတိက္ကမော၊ လွန်ကျူး ခြင်းသည်။ အာဇီဝဟေတုကောပိ၊ အသက်မွေးခြင်းအကြောင်း ရှိသော လွန် ကျူးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ နအာဇီဝဟေတုကောပိ၊ အသက်မွေးခြင်း အကြောင်းမရှိသော လွန်ကျူးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ ဝစီဒွါရေ၊ ဝစီ ဒွါရ၌။ တထာ၊ ထိုကာယဒွါရအတူ။ အာဇီဝဟေတုကောပိ၊ အသက်မွေးခြင် အကြောင်းရှိသော လွန်ကျူးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ နအာဇီဝဟေတု ကောပိ၊ အသက်မွေးခြင်း အကြောင်း မရှိသော လွန်ကျူးခြင်း သည်လည်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုအသက်မွေးခြင်း အကြောင်းရှိ-မရှိသော လွန်ကျူးခြင်း အပေါင်းတွင်။ ရာဇ ရာဇမဟာမတ္တာ၊ မင်း-မင်း၏အမတ်တို့သည်။ ခိဍ္ဍာ၊ မြူးတူး ပျော်ပါးလိုကုန်သည် ဖြစ်၍။ ပသုတာ၊ ထင်ရှားကျော်စောလိုကုန်သည်ဖြစ်၍။ သူရဘာဝံ၊ ရဲရင့်သည်၏အဖြစ်ကို။ ဒဿေန္တာ၊ ပြလိုကုန်သည်ဖြစ်၍။ မိဂဝဓံဝါ၊ သမင်ကို သတ်ခြင်းကိုရင်း။ ပန္ထဒုဟံဝါ၊ ခရီးလမ်း၌ လုယက်ခြင်းကိုရင်း။ ပရ ဒါရ ဝီတိက္ကမံဝါ၊ သူတပါးတို့၏မယားကို လွန်ကျူးခြင်းကိုရင်း။ ယံကရောန္တိ၊ အကြင်ပြုကုန်၏။ ဣဒံ၊ ဤသို့ လွန်ကျူးခြင်းကို ပြုခြင်းသည်။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ကာယကမ္မံနာမ၊ ကာယကံမည်၏။ တတော၊ ထိုအကုသိုလ် ကာယကံမှ။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာကမ္မန္တောနာမ၊ သမ္မာကမ္မန္တမည်၏။ ပန၊ အဘို့တပါးကို ဆိုဦးအံ့။ နအာဇီဝဟေတုကံ၊ အသက်မွေးခြင်းအကြောင်း

မရှိသော။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကို။ ယံ ဘာသန္တိ၊ အကြင်ပြောဆိုကြကုန်၏။ ဣဒံ၊ ဤအသက်မွေးခြင်းအကြောင်း မရှိသော ဝစီဒုစရိုက်ကို ပြောဆိုခြင်းသည်။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ဝစီ ကမ္မံနာမ၊ ဝစီကံမည်၏။ တတော၊ ထိုအသက်မွေးခြင်းအကြောင်းမရှိသော ဝစီ ဒုစရိုက်မှ။ဝိရတိ၊ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါနာမ၊ သမ္မာအာဇီဝမည်၏။ ပန၊ထိုသို့မဟုတ်။ နေသာဒမဇ္ဈဗန္ဓာဒယော၊ မုဆိုး, တံငါစသော လူတို့သည်။ အာဇီဝဟေတု၊ အသက်မွေးခြင်းဟူသောအကြောင်းကြောင့်။ ပါဏံ၊ သူတပါး တို့၏အသက်ကို။ ယံဟနန္တိ၊ အကြင်သတ်ကုန်၏။ အဒိန္နံ၊ ဥစ္စာရှင်တို့သည် ကိုယ် နှုတ်တို့ဖြင့်မပေးအပ်သောသူတပါးတို့၏ဥစ္စာကို။ယံအာဒိယန္တိ၊အကြင်ခိုးယူကုန် ၏။မိစ္ဆာစာရံ၊ ကာမဂုဏ်တို့၌ မှားသောအကျင့်ကို။ယံစရန္တိ၊အကြင်လွန်ကျူး၍ ကျင့်ကုန်၏။ အယံသဗ္ဗော၊ ဤအလုံးစုံသည်။ မိစ္ဆာဇီဝေါနာမ၊ မိစ္ဆာဇီဝမည်၏။ ဝါ၊ မှားသော အသက်မွေးခြင်းမည်၏။ တတော၊ ထိုမိစ္ဆာဇီဝမှ။ ဝိရတိ၊ ကြဉ် ခြင်းသည်။ သမ္မာအာဇီဝေါနာမ၊ သမ္မာအာဇီဝမည်၏။ ဝါ၊ ကောင်းသော အသက်မွေးခြင်းမည်၏။ လဉ္ဇံ၊ တံစိုးလက်ဆောင်ကို။ ဂဟေတွာ၊ ယူ၍။ မုသာ၊ သိလျက် ချွတ်ယွင်းသောစကားကို။ ယမ္ပိဘဏန္တိ၊ အကြင်ပြောလည်း ပြောဆို ကုန်၏။ ပေသုညဖရုသသမ္ဖပ္ပလာပေ၊ သူနှစ်ယောက်တို့၏ အချစ်ကိုမှုန့်မှုန့်ညက် ညက် ဖျက်ဆီးတတ်သောစကား, လှကဲ့သို့ကြမ်းတန်းသော အတွေ့ရှိသောစကား, သီတာမိဖုရားကို ဆောင်ခြင်း အစရှိသော သရုပတ္ထမှ ကင်းသော ပြိန်းဖျင်း သော စကားကို ပြောဆိုခြင်း တို့ကို။ယမ္ပိပဝတ္တေန္တိ၊ အကြင်ဖြစ်လည်း ဖြစ်စေ ကုန်၏။ အယမ္ပိသဗ္ဗော၊ ဤအလုံးစုံသည်လည်း။ မိစ္ဆာဇီဝေါနာမ၊ မိစ္ဆာဇီဝ မည်၏။ တတော၊ ထိုမိစ္ဆာဇီဝမှ။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာ အာဇီဝေါ နာမ၊ သမ္မာအာဇီဝ မည်၏။ ။(ဤကားရှေ့ အဋ္ဌကထာပါဌ်၏ အနက်)

အယမ္ပိ သမ္မာအာဇီဝေါ၊ ဤသမ္မာအာဇီဝကိုလည်း။ ပုဗ္ဗဘာဂေ၊ မဂ်၏ရှေး အဘို့၌။ နာနာစိတ္တေသု၊ အသီးအသီးသော စိတ်တို့၌။လဗ္ဘတိ၊ရအပ်၏။ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ အညေနေဝ၊ တပါးသာလျှင် ဖြစ်သော။ စိတ္တေန၊ စိတ် ဖြင့်။ ကာယ ဒွါရဝီတိက္ကမာ၊ ကာယ ဒွါရ၌ဖြစ်သော လွန်ကျူးခြင်းမှ။ ဝိရမတိ၊ ကြဉ်ရှောင်၏။ အညေန၊ တပါးသော။ စိတ္တေန၊ စိတ်ဖြင့်။ ဝစီဒွါရဝီတိက္ကမာ၊ ဝစီဒွါရ၌ ဖြစ်သော လွန်ကျူးခြင်းမှ။ ဝိရမတိ၊ ကြဉ်ရှောင်၏။ လောကုတ္တရ မဂ္ဂက္ခဏေပန၊ လောကုတ္တရာ မဂ်ခဏ၌ကား။ ဧကစိတ္တသ္မိံ ယေဝ၊ တခု တည်း သောစိတ်၌သာလျှင်။ လဗ္ဘတိ၊ရအပ်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ကာယ ဝစီဒွါရေသု၊ ကာယဒွါရ- ဝစီဒွါရတို့၌။ သတ္တကမ္မပထဝသေန၊ ခုနစ်ပါးသော ကမ္မပထ၏အစွမ်းဖြင့်။ ဥပ္ပန္နာယ၊ ဖြစ်သော။ မိစ္ဆာဇီဝ သင်္ခါတာယ၊ မိစ္ဆာဇီဝ

ဟု ဆိုအပ်သော။ ဒုဿီလျ စေတနာဃ၊ ဒုဿီလျ စေတနာ၏။ ပဒစ္ဆေဒံ၊ အကြောင်းကို ဖြတ်ခြင်းကို။ ကုရုမာနာ၊ ပြုသည်ဖြစ်၍။ မဂ္ဂံ၊ မဂ္ဂင်ကို။ ပူရယမာနာ၊ ပြည့်စေတတ်သည်ဖြစ်၍။ ဧကာဝ၊ တပြိုင်နက်သာလျှင်။ ဝိရတိ၊ဝိရတိသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။(ဤကား နောက်အဋ္ဌကထာပါဌ်၏ အနက်)

အဓိပ္ပါယ်ကား—အာဇီဝသည် ဝါစာကမ္မန္တတို့နှင့် မုသားဆိုခြင်းစသောကိစ္စအားဖြင့် တူငြားသော်လည်း ဝါစာ ကမ္မန္တတို့သည် အသက်မွေး ခြင်းကို မငဲ့သည်ဖြစ်၍ အသက် မွေးခြင်း အကြောင်း မရှိဘဲ ရံခါသာ ပြုအပ်သော ဒုစရိုက်မျိုးဖြစ်သည်။ အာဇီဝကား အသက်မွေးခြင်းကို ငဲ့သည်ဖြစ်၍ အသက်မွေးခြင်းဟူသော အကြောင်းကြောင့်အမြဲမှီဝဲအပ်သော ဒုစရိုက်မျိုး ဖြစ်သည်။ သို့ဖြစ်၍ အသက်မွေးခြင်းကို ငဲ့သည်၏ အဖြစ် ဖြင့် အမြဲ မှီဝဲ လွန်ကျူးအပ်သည်၏ အဖြစ်အားဖြင့် ဝါစာ ကမ္မန္တတို့မှ ထူးသည် ဟူလိုသည်။ ။အကြွင်းကား သိလွယ်၏။ ။အာဇီဝေါနာမ- စသော အဋ္ဌ ကထာဖြင့် သမ္မာဝါစာ, သမ္မာ ကမ္မန္တဝိရတိတို့သည် ကြဉ်ရှောင် ပယ်ခွါအပ်သော အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒွါရဝစီဒွါရတို့၌ ခုနစ်ပါးသော ကမ္မပထ၏အစွမ်းဖြင့် ဖြစ်သော မိစ္ဆာအာဇီဝ ဒုဿီလျစေတနာကို ကြဉ်ရှောင်သော အခါ၌သာ သမ္မာအာဇီဝ ဝိရတိအစစ် ဖြစ်ကြောင်း ကြွင်းသော အသက်မွေးခြင်းလျှင် အကြောင်းရှိသော ဒုစရိုက်တို့ကို ကြဉ်ရာ၌ကား သမ္မာ အာဇီဝ ဝိရတိအစစ်မဖြစ်ကြောင်းကို အဋ္ဌကထာ ဆရာပြတော်မူသည်။ ထို့ကြောင့် ယခင်ကမ္မပထ ဒုဿီလျစေတနာခုနစ်ပါးတို့မှ ကြွင်းသော ကာယဒွါရဝစီဒွါတို့၌ ဖြစ်သော ဒုစရိုက်တို့တွင် အသက်မွေးခြင်းလျှင် အကြောင်း မရှိသော ကြီးသော သူတို့အား ကိုယ်ဖြင့် တိုက်ခြင်းစသော ကာယဒုစရိုက် ဟူသမျှသည် ပရိယာယ်အားဖြင့် မိစ္ဆာကမ္မန္တမည်၏။ ထိုပရိယာယ မိစ္ဆာကမ္မန္တမှ အားထုတ်၍ ကြဉ်ခြင်း ဟူသော ဝီရိယစေတသိက်သည် ပရိယာယ်အားဖြင့် သမ္မာကမ္မန္တမည်၏။ အသက်မွေးခြင်းလျှင် အကြောင်း မရှိသော ကြီးသော သူတို့အား မရိုမသေ ပြောဆိုခြင်းစသော ဝစီဒုစရိုက်ဟူသမျှသည် ပရိယာယ်အားဖြင့် မိစ္ဆာဝါစာမည်၏။ ထိုပရိယာယ မိစ္ဆာဝါစာမှ အားထုတ်၍ ကြဉ်ခြင်းဟူသော ဝီရိယ စေတသိက်သည် ပရိယာယ်အားဖြင့် သမ္မာဝါစာ မည်၏။ အသက် မွေးခြင်းလျှင် အကြောင်းရှိသော ကြီးသောသူတို့အား ကိုယ်ဖြင့် မရိုမသေပြောဆိုခြင်း၊ အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ် တို့ကို လွန်ကျူးခြင်း၊ သုံးပါးသော ကုဟန ဝတ္ထုတို့ကိုဖြစ်စေခြင်းစသော ကာယ ဒုစရိုက် ဝစီဒုစရိုက် ဟူသမျှသည် ပရိယာယ်အားဖြင့် မိစ္ဆာဇီဝမည်၏။ ထိုပရိယာယ မိစ္ဆာအာဇီဝမှ အားထုတ်၍ ကြဉ်းခြင်းဟူ

သော ဝိရိယ စေတသိက်သည် ပရိယာယ် အားဖြင့် သမ္မာ အာဇီဝမည်၏။ ၎င်းပရိယာယ သမ္မာအာဇီဝ အပေါင်းတွင် သုံးပါးသော ကုဟနဝတ္ထုတို့တို ဖြစ်စေခြင်းသည် မိစ္ဆာဇီဝအစစ်မည်၏။ ထိုသုံးပါးသော ကုဟန ဝတ္ထုဟု ဆို အပ်သော မိစ္ဆာဇီဝမှ ကြဉ်ခြင်းသည် သမ္မာအာဇီဝ အစစ်မည်၏ ဟူ၍ မဟာ သိဝမထေရ်ဆိုတော်မူ၏။ ။ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ လော ကုတ္တရာ စိတ်အဘွင့်၌။ ။မဟာသိဝ တ္ထေရောပနာဟ ကာယဝစီ ဒွါရေသုပိ ဝီတိက္ကမော အာဇီဝဟေတုကော ဝါ ဟောတု နောအာဇီဝ ဟေတုကော, အကု သလံ ကာယကမ္မံ ဝစီကမ္မန္တေဝ သင်္ချံ ဂစ္ဆတိ၊ တဒေတာ ဝိရတိပိ သမ္မာ ကမ္မန္တော သမ္မာဝါစာတေွ ဝုစ္စတိတ်၊ အာဇီဝေါ ကုဟိန္တိ ဝုတ္တေပန တီဏိ ကုဟနဝတ္ထူနိ နိဿာယ စတ္တာရောပစ္စယေ ဥပ္ပါဒေတွာ တေသံ ပရိဘောဂေါတိ အာဟ၊ အယံပန ကောဋိပ္ပတ္တော မိစ္ဆာအာဇီဝေါ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။ ။ဟူ၍ မိန့်အပ်၏။

ပန၊ ဝါဒ့တပါးကို ဆိုဦးအံ့။ မဟာ သိဝတ္ထေရော၊ မဟာသိဝ မထေရ် သည်။ အာဟ၊ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ ဆိုသနည်းဟူမူကား။ ကာယ ဝစီဒွါရေသုပိ၊ ကာယဒွါရ ဝစီဒွါရတို့၌လည်း။ ပဝတ္တော၊ ဖြစ်သော။ ဝီတိက္က မော၊ လွန်ကျူးခြင်းသည်။ အာဇီဝဟေတုကော ဝါ၊ အသက် မွေးခြင်းလျှင် အကြောင်းရှိသော လွန်ကျူးခြင်းသည်လည်း။ ဟောတု၊ ဖြစ်စေ၊ နောအာဇီဝ ဟေတုကော ဝါ၊ အသက်မွေးခြင်းလျှင် အကြောင်းမရှိသော လွန်ကျူးခြင်း သည်လည်း။ ဟောတု၊ ဖြစ်စေ။ သဗ္ဗံ၊ အလုံးစုံသည်။ အကုသလံ၊ အကုသိုလ် ဖြစ်သော။ ကာယကမ္မံ ဝစီကမ္မန္တေဝ၊ ကာယကံ- ဝစီကံ ဟူ၍ သာလျှင်။ သင်္ချံ၊ ရေတွက်ခြင်းသို့။ ဝါ၊ ရေတွက်အပ်သည်၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက် ၏။ တတော၊ ထိုအကုသိုလ်ကာယကံ ဝစီကံမှ။ ဝိရတိပိ၊ ကြဉ်ခြင်းကိုလည်း။ သမ္မာကမ္မန္တော သမ္မာဝါစာတေွဝ၊ သမ္မာကမ္မန္တ သမ္မာဝါစာ ဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အထ၊ ထိုသို့ဆိုသောအခါ၌။ အာဇီဝေါ၊ အာဇီဝသည်။ ကုဟိံ၊ အဘယ်၌။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ဝုတ္တေပန၊ မေးလျှောက်အပ်သည်ရှိသော်ကား။ အာဇီဝေါ၊ အာဇီဝ သည်။ တီဏိ၊ သုံးပါးကုန်သော။ ကုဟနဝတ္ထူနိ၊ ကုဟနဝတ္ထုတို့ကို။ နိဿာယ၊ အမှီပြု၍။ စတ္တာရော၊ လေးပါးကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တေသံ၊ ထိုလေးပါးသော ပစ္စည်းတို့ကို။ ပရိဘောဂေါ၊ သုံးဆောင် ခြင်းတည်း။ ဣတိ၊ ဤသို့၊ အာဟ၊ ဆို၏။ ပန၊ ဆက်၍ဆိုဦးအံ့။ အာဇီဝေါ၊ အာဇီဝသည်။ ကောဋိပ္ပတ္တော၊ အထွတ်အထိပ်သို့ ရောက်သော။ မိစ္ဆာအာဇီ ဝေါ၊ မိစ္ဆာအာဇီဝတည်း။ တတော၊ ထိုအထွတ်အထိပ်သို့ ရောက်သော မိစ္ဆာ

အာဇီဝမှ။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာ အာဇီဝေါနာမ၊ သမ္မာ အာဇီဝ မည်၏။ ။(ဤကားအနက်)

ဤသို့မဟာသီဝမ္ဒထေရ်ဆိုတော်မူသော စကားကို အဋ္ဌကထာ ဆရာသည် နှစ်သက်ရိပ် မရှိ။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်သီလနိဒ္ဒေသ၌။ ။ယာ တသ္မာ သဗ္ဗပကာရာပိ မိစ္ဆာအာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ၊ တတြာယံ ဝစနတ္ထော၊ တံ အာဂမ္မ ဇီဝန္တိတိ အာဇီဝေါ၊ ကောသော ပစ္စယပရိယေသန ဝါယာမော။ ။ဟုမိန့်အပ်ပြီ။ ။သဗ္ဗပကာရာ၊ ခပ်သိမ်းသော အပြားရှိသော။ တသ္မာမိစ္ဆာအာဇီဝါ၊ ထို တိရစ္ဆာနဝိဇ္ဇာဖြင့် အသက် မွေးခြင်း ဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသောသိက္ခာ ပုဒ်တို့ကို လွန်ကျူးခြင်း၊ သုံးပါးသော ကုဟနဝတ္ထုတို့ကို လွန်ကျူးခြင်းဟု ဆိုအပ်သော မိစ္ဆာအာဇီဝ အပေါင်းမှ။ ယာဝိရတိ၊ အကြင် ကြဉ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံသဗ္ဗံ၊ ဤအလုံးစုံသည်။ အာဇီဝပါရိသုဒ္ဓိသီလံ၊ အာဇီဝ ပါရိသုဒ္ဓိ သီလမည်၏။ တတြ၊ ဝစနေ၊ ထိုအာဇီဝေါ-ဟူသော စကားရပ်၌။ အယံ၊ ဤ ဆိုအပ်လတ္တံ့သည်ကား။ ဝစနတ္ထော၊ ဝစနတ္ထတည်း။ တံမ္မဇာတံ၊ ထိုတရား သဘောကို။ အာဂမ္မ၊ စွဲ၍။ ဇီဝန္တိ၊ အသက်မွေးကုန်၏။ ဣတိတသ္မာ၊ ထိုသို့ အသက် မွေးအပ်သော သတ္တိကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရား သည်။ အာဇီဝေါ၊ အာဇီဝမည်၏။ သောအာဇီဝေါ၊ ထိုအာဇီဝဟူသည်။ကော၊ အဘယ်တရားနည်း။ ပစ္စယ ပရိယေသန ဝါယာမော၊ ပစ္စည်းလေးပါးကို ရှာမှီး တတ်သော ဝီရိယတရားပင်တည်း။ ။(ဤကားအနက်)

ဤအဋ္ဌကထာ၌ အားထုတ်၍ ကြဉ်တတ်ရကား ဝီရိယ စေတသိက်ကို ပရိ ယာယ်အားဖြင့် ဝိရတိဟုဆိုသည်။ ထို့ကြောင့် နောက်၌ ပစ္စယ ပရိယေသန ဝါယာမော-ဟု အရကြွားသည်။ ။ထို့ကြောင့် မဏိသာရမဉ္ဇူသာဋီကာ၌ လည်း။ ။ယံပန ဝုတ္တံ ယာတသ္မာ သဗ္ဗပကာရာ မိစ္ဆ.ဇီဝါဝိရတိ၊ ဣဒံအာဇီဝ ပါရိသုဒ္ဓိသီလန္တိ၊ တံ အာဇီဝ ပါရိသုဒ္ဓိသီလဿ ပရိယာယေန ဝိရတိ ဘာဝံ သန္ဓာယ ဝုတ္တံ၊ နနိပ္ပရိယာယေန၊ အညထာ ယထာဝုတ္တ ပါဠိအဋ္ဌကထာ ဝိရော ဓော သိယာတိ။ ။ဟုမိန့်အပ်၏။ ။ပန၊ မုချမှတပါး ပရိယာယကို ဆိုဦး အံ့။ ယာတသ္မာ။ ပ။ သီလန္တိ၊ သီလံ-ဟူသော။ ယံဝစနံ၊ အကြင် စကားကို။ အဋ္ဌကထာယံ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ တံဝစနံ၊ ထိုစကားကို။ အာဇီဝပါရိသုဒ္ဓိသီလဿ၊ အာဇီဝ ပါရိသုဒ္ဓိသီလ၏။ ပရိယာယေန၊ ပရိယာယ် အားဖြင့်။ ဝိရတိဘာဝံ၊ ဝိရတိ၏အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ နိပ္ပရိယာယေန၊ မုချအားဖြင့်။ ဝိရတိဘာဝံ၊ ဝိရတိ၏ အဖြစ်ကို။ သန္ဓာယ၊

ရည်၍။ နဝုတ္တံ၊ မဆိုအပ်။ အညထာ၊ အာဇီဝပါရိသုဒ္ဓိသီလ၏ မှချဝိရတီ၏ အဖြစ်ကိုရည်၍ ဆိုအပ်သည်ရှိသော်။ ယထာဝုတ္တပါဠိအဋ္ဌကထာ ဝိရောဓော၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော ပါဠိ, အဋ္ဌကထာတို့နှင့် ဆန့်ကျင်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။(ဤကားအနက်)

ဋီကာကျော် ဆရာသည်လည်း ဝိသုဒ္ဓိမဂ်၌ ယာ တဿ- စသည်ဖြင့် ပရိယာယ်အားဖြင့် ဆိုအပ်သောစကားမျိုးကိုယူ၍။ ။ကုဟနလပနာဒိ မိစ္ဆာဇီဝ ဝိရမဏဝသေန ဗဟုဝိဓော ဝါ— ဟူသော စကားကို ဆိုသည်။ မှချဝိရတီကို ရည်၍ မဆိုဟု မှတ်ယူသင့်သည်။ ။ထို့ကြောင့် ၎င်းမဏိမဉ္ဇူသာ ဋီကာ၌ ပင်။ ။အာစရိယေန ပန ယာ တဿ။ ပ။ ဝိရတီတိ ဝစနမတ္တံ ဂဟေတွာ ကုဟန။ ပ။ ဗဟုဝိဓောတိ ဝုတ္တံ သိယာ။ ၊ဟုမိန့်၏။ ။ကုဟန လပနာ ဒိမိစ္ဆာဇီဝ ဝိရမဏဝသေန၊ ကုဟန လပန- အစရှိသော မိစ္ဆာဇီဝမှ ကြဉ်သည်၏ အစွမ်းဖြင့်။ သမ္မာအာဇီဝေါ၊ သည်။ အနေကဝိဓော ဝါ၊ များသောအပြားရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ။(ဤကားဋီကာကျော်ပါဌ်၏အနက်)။ ။ပန၊ ဆက်၍ဆိုဦးအံ့။ အာစရိယေန၊ ဋီကာကျော်ဆရာသည်။ ယာ တဿ။ ပ။ ဝိရတီတိ၊ ဝိရတီ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်သော။ ဝစနမတ္တံ၊ စကားမျှကို။ ဂဟေတွာ၊ ယူ၍။ ကုဟန။ ပ။ ဗဟုဝိဓောတိ၊ ဗဟုဝိဓော-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ။(ဤကား မဏိသာရမဉ္ဇူသာဋီကာပါဌ်၏ အနက်)။ ။အဋ္ဌသာလိနီ၌ လာသော ယခင်ပြအပ်ခဲ့ပြီးသော မဟာသိဝထေရဝါဒကို ယူ၍ ဆိုသည်ဟူ၍လည်း မှတ်ယူသင့်၏။ ။ခဲရပ်။

၎င်းပြဆိုအပ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာ ဋီကာတို့ကိုထောက်၍ရဟန်းဖြစ်အံ့၊ အသက်မွေးခြင်းလျှင် အကြောင်းရှိသော ခုနစ်ပါးသော ကမ္မပထ ဒုဿီလ စေတနာတို့ကို လွန်ကျူး၍ ထိုဒုစရိုက်တို့ကို မကြဉ်သမျှကာလပတ်လုံး ၎င်းဖြင့် ရအပ်သောပစ္စည်းကိုစားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ မိစ္ဆာဇီဝအစစ်ဖြစ်၏။ ကြဉ်သောအခါ သမ္မာအာဇီဝအစစ်ဖြစ်၏။ ၎င်းမိစ္ဆာဇီဝဖြင့်ရအပ်သောပစ္စည်းကို သိက္ခာပုဒ်ကို သိလျက်စား၍ မကြဉ်သမျှကာလပတ်လုံး ပရိယာယ မိစ္ဆာဇီဝဖြစ်၏။ ကြဉ်သောအခါ ပရိယာယ သမ္မာအာဇီဝဖြစ်၏။ ခုနစ်ပါးသော ကမ္မပထ ဒုဿီလစေတနာမှတပါး အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက်- ဝစီဒုစရိုက်တို့ကို လွန်ကျူး၍ ထိုဒုစရိုက်တို့ကို မကြဉ်သမျှကာလ ပတ်လုံး ၎င်းဒုစရိုက်ဖြင့် ရအပ်သော ပစ္စည်းကို စားသည်ဖြစ်စေ မစားသည် ဖြစ်စေ ပရိယာယမိစ္ဆာဇီဝဖြစ်၏။ ထိုဒုစရိုက်တို့ကို ကြဉ်သောအခါ ပရိယာယ သမ္မာအာဇီဝဖြစ်၏။ ၎င်းမိစ္ဆာဇီဝဖြင့်ရအပ်သော ပစ္စည်းကို သိက္ခာပုဒ်ကို သိလျက် စား၍ မကြဉ်သမျှ ကာလပတ်လုံး ၎င်းစားခြင်းမှ ကြဉ်သောအခါ၌ ၎င်း

နည်းပင် ပရိယာယ မိစ္ဆာဇီဝ- ပရိယာယ သမ္မာ အာဇီဝတို့သည် ဖြစ်ကြကုန်၏။ မသင့်သောအားဖြင့်ရှာ၍ သူဘပါးကိုပေးသော ရဟန်းအား ပစ္စည်းမရှိငြားသော်လည်း စိတ်ကြမကို မကြည်သမျှကာလပတ်လုံး မိစ္ဆာဇီဝဖြစ်သည့်ပင်၊ ထို့ကြောင့် လှန်ကျူးခြင်း စားခြင်း၏အစွမ်းဖြင့် ရဟန်းဘို့အား မိစ္ဆာဇီဝနှစ်ဌာနဖြစ်သည်။ အချို့ကား လှန်ကျူးခြင်း၌မဖြစ် စားခြင်း၌သာဖြစ်၏-ဟု ဆိုကြကုန်၏။ယခင်အဋ္ဌကထာတို့နှင့် ဆန့်ရကားဆင်ခြင်။ လူဖြစ်အံ့၊ ရှေးအတူလှန်ကျူး၍ မကြည်သမျှကာလပတ်လုံး ၎င်းဖြင့်ရအပ်သော ပစ္စည်းကိုစားသည်ဖြစ်စေ၊ မစားသည် ဖြစ်စေ မိစ္ဆာဇီဝဖြစ်၏။ ၎င်းဒုဿီလျစေတနာတို့ကို မပြုတော့ပြီဟု ကြည်သောအခါ သမ္မာအာဇီဝ ဖြစ်၏။ ထိုမိစ္ဆာဇီဝဖြင့် ရအပ်သော ပစ္စည်းတို့ကို စားခြင်း၌ကား ရဟန်းတို့ကဲ့သို့ ပညတ်အပ်သော သိက္ခာပုဒ် မရှိသောကြောင့် မိစ္ဆာဇီဝ ဒုဿီလျ စေတနာ မဖြစ်-ဟု သန္နိဋ္ဌာန်ကျ မှတ်ယူရာ၏။ လူတို့အားသာ မဟုတ်၊ ပဏ္ဏတ္တိဝဇ္ဇဖြစ်ရကား သိက္ခာပုဒ်ကို မသိ၍စားသော ရဟန်းတို့အားလည်း မိစ္ဆာဇီဝဒုဿီလျ စေတနာမဖြစ်။ သို့ပါလျက် ဝေးခြင်းကြီးဝေးအောင် စားခြင်းကိုလည်း ကြည်စေခြင်းငှါ ရဟန်းတို့အား သိက္ခာပုဒ် ပညတ်တော်မူသည်ကို ထောက်၍ရင်း။ ။အဋ္ဌသာလိနီ အဋ္ဌကထာ ကာမ ကုသလနိဒ္ဒေသအဘွင့်၌။ ။အပရာပိ ဣမသ္မိံ ဌာနေ စတဿော ဒက္ခိဏာ ဝိသုဒ္ဓိယော ဂဟိတာ၊ ပစ္စယာနံ ဓမ္မိကတာ စေတနာ မဟတ္တံ၊ ဝတ္ထုသမ္ပတ္တိ ဂုဏာတိရေကတာတိ၊ တတ္ထ ဓမ္မေန သမေန ဉပ္ပန္နာ ပစ္စယာ ဓမ္မိကာနာမ။ သဒ္ဓာဟိတွာ ဩက္ကပ္ပေတွာ ဒဒတောပန စေတနာ မဟတ္တံနာမဟောတိ။ ခီဏာသဝ ဘာဝေါ ဝတ္ထုသမ္ပတ္တိ နာမ။ ခီဏာသဝဿေဝ နိရောဓာ ဝုဋ္ဌိတ ဘာဝေါ ဂုဏာတိရေကတာနာမ။ ဣမာနိစတ္တာရိ သမောဓာနေတွာ ဒါတုံ သက္ကောန္တဿ ကာမာဝစရကုသလံ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။ ။ဟုလာ သည်ကို ထောက်၍ရင်း။ ။ဒုဿီလျ စေတနာကို မလှန်ကျူး ရအောင် ကြည်ရှောင်သော ပုဂ္ဂိုလ်အား ဒုစရိုက်မှ စင်ကြယ်သည်ဖြစ်၍ သုဒ္ဓ ဖြစ်သည်။ ၎င်းမိစ္ဆာဇီဝဖြင့် ရအပ်သော ပစ္စည်းတို့ကိုမစားမသုံးဘဲ ကြည်ရှောင်သော ပုဂ္ဂိုလ်အား ဒုစရိုက်တို့မှ စင်ကြယ်သည်ထက် အထူးသဖြင့် စင်ကြယ်သည်ဖြစ်၍ သုဒ္ဓတရ ဖြစ်သည်ဟု မှတ်ရာ၏။

ဣမသ္မိံ ဌာနေ၊ ဤကံတို့ကိုဝေဘန်ရာ၌။ အပရာပိ၊ တပါးလည်းဖြစ်ကုန်သော။ ဒက္ခိဏာ ဝိသုဒ္ဓိယော၊ အလှူ၏ စင်ကြယ်ကြောင်း ဖြစ်ကုန်သော။ စတဿော၊ လေးပါးသော အင်္ဂါတို့ကို။ ဂဟိတာ၊ ယူအပ်ကုန်၏။ ကတမေ စတဿော၊ အဘယ်လေးပါးသော အင်္ဂါတို့ကို။ ဂဟိတာ၊ ယူအပ်ကုန်သနည်း။ ပစ္စယာနံ၊ အလှူဝတ္ထုပစ္စည်းတို့၏။ ဓမ္မိကတာ၊ တရားနှင့် လျော်စွာ ဖြစ်သည်

(ပြည်ကြီးမဏ္ဍိုင်)

၏အဖြစ်ငှင်း။ စေတနာမဟတ္တံ၊ အလှူပေးဒါယကာ၏ စေတနာ၏ အားကြီးစွာ ထက်သည်၏ အဖြစ်ငှင်း။ ဝတ္ထုသမ္ပတ္တိ၊ အာသဝေါ ကင်းပြီးသော အလှူခံ ပုဂ္ဂိုလ်နှင့် ပြည့်စုံခြင်းငှင်း။ ဂုဏာတိရေကတာ၊ အလှူခံဖြစ်သော အာသဝေါ တရား ကင်းပြီးသော အရှင်မြတ်၏ နိရောဓသမာပတ်မှ ထခါစဖြစ်၍ လွန်ကဲသော ဂုဏ်ရှိသည်၏ အဖြစ်ငှင်း။ ဣတိ ဣမံ စတဿော၊ ဤလေးပါးသောအင်္ဂါတို့ကို။ ဂဟိတာ၊ ယူအပ်ကုန်၏။ တတ္ထ၊ ထိုလေးပါးသောအင်္ဂါတို့တွင်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီညွတ်သဖြင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ပစ္စယာ၊ပစ္စည်းတို့သည်။ဓမ္မိကာနာမ၊ တရားနှင့် လျော်သော ပစ္စည်းတို့ မည်ကုန်၏။ ပန၊ အဘို့တပါးကို ဆိုဦးအံ့။ သဒ္ဒှိတွာ၊ မြေကြီးအဟုင်း၌ ရေရှိ၏ဟု အမှန် ယုံကြည်၍ ရေတွင်းကို တူးသော ယောကျ်ားကဲ့သို့ ဒါနသည် မုချအကျိုးရှိ၏ဟု အမှန် ယုံကြည်၍။ ဩက္ကပ္ပေတွာ၊ အထူးသဖြင့် သက်ဝင်ယုံကြည်၍။ ဒဒတော၊ ပေးလှူသောပုဂ္ဂိုလ်၏။ စေတနာ၊ စေဘနာသည်။ မဟတ္တံနာမ၊ အားကြီးစွာထက်သည်မည်၏။ ခီဏာသဝဘာဝေါ၊ အလှူခံပုဂ္ဂိုလ်၏ ကုန်ပြီးသော အာသဝေါ ရှိသော ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်သည်၊ ဝတ္ထုသမ္ပတ္တိနာမ၊ အလှူခံပုဂ္ဂိုလ်နှင့် ပြည့်စုံသည်မည်၏။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်၏သာလျှင်။ နိရောဓာ၊ နိရောဓသမာပတ်မှ။ဝုဋ္ဌိတဘာဝေါ၊ ထ၍ပြီးခါစ၏ အဖြစ်သည်။ ဂုဏာတိရေကတာနာမ၊ အလှူခံပုဂ္ဂိုလ်၏ လွန်ကဲသော ဂုဏ်ရှိသည်၏ အဖြစ်မည်၏။ ဣမာနိ စတ္တာရိ၊ ဤလေးပါးသော အင်္ဂါတို့ကို။ သမောဓာနေတွာ၊ ပေါင်းဆုံ၍။ ဝါ၊ ပေါင်းဆုံညီညွတ်အောင်။ ဒါတုံ၊ပေးလှူခြင်းငှါ။ သက္ကောန္တဿ၊ တတ်နိုင်သော ပုဂ္ဂိုလ်၏။ကာမာဝစရကုသလံ၊ ကာမာဝစရကုသိုလ်သည်။ ဣမသ္မိံ ယေဝ အတ္တဘာဝေ၊ ဤယခုမျက်မှောက်ဖြစ်သော အတ္တဘော၌သာလျှင်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ ။(ဤကားအနက်)

ယခင် ပါဠိအဋ္ဌကထာတို့ကိုထောက်၍ပင် သူ၏အသက်ကို သတ်အံ့စသည်ဖြင့် ကြံပြီး၍ ငှင်းကြံစည် အပ်ပြီးသော ကမ္မပထ ဒုသီလျစေတနာ ခုနစ်ပါးတို့မှ မသတ်တော့အံ့ စသည်ဖြင့် ကြဉ်ဖဲသောသူအား ဝိရတိ ဖြစ်သောကြောင့်ငှင်း၊ အရိယာ ပုဂ္ဂိုလ်တို့အား သတ်အံ့ စသော စိတ်ပင် မဖြစ်သောကြောင့်ငှင်း၊ ငှင်း အရိယာပုဂ္ဂိုလ်တို့အား မဂ်ဟူသော သမုစ္ဆေဒ ဝိရတိမှတပါးသော ကာမာဝစရ ဝိရတီအစရှိမဖြစ်တော့ပြီ၊ အပါယ ဂမနီယ မဟုတ်သော ဒုစရိုက်တို့မှ အားထုတ်၍ကြဉ်ခြင်း သမ္မာဝ ါယာမ ဝီရိယ စေတသိက်တည်း ဟူသော ပရိယာယ ဝိရတီသာ ဖြစ်တော့သည်။ ။ထို့ကြောင့် မဏိမဉ္ဇူသာဋီကာ၌။ ။အရိယ မဂ္ဂသမ္ပယုတ္တာပန ဝိရတိ သမုစ္ဆေဒဝိရတီတိ ဝေဒိတဗ္ဗာ။ ယဿာ ဥပ္ပတ္တိတော ပဘုတိ ပါဏံ ဃာတေဿာမီတိ အရိယပုဂ္ဂလာနံ စိတ္တမ္ပိ နဉပ္ပဇ္ဇတိ။ ။ဟုမိန့်

အပ်၏။ ။မဂ္ဂသမ္ပယုတ္တာယ၊ မဂ်နှင့်ယှဉ်သော။ ယဿာဝိရတိယာ၊ အကြင်ဝိရတီ၏။ ဥပ္ပတ္တိတော၊ ဖြစ်သည်မှ။ ပဘုတိ၊ အစပြု၍။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့အား။ ပါဏံ၊ သတ္တဝါကို။ ဃာတေဿာမိ၊ သတ်တော့အံ့။ ဣတိ၊ ဤသို့။ စိတ္တမ္ပိ၊စိတ်သည်လည်း။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ အရိယမဂ္ဂသမ္ပယုတ္တာ၊အရိယာမဂ်နှင့် ယှဉ်သော။ သာပနဝိရတိ၊ ထိုဝိရတီ ကိုကား။ သမုစ္ဆေဒ ဝိရတီတိ၊ သမုစ္ဆေဒဝိရတီဟူ၍။ ဝါ၊ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်တတ်သော ဝိရတီဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ။(ဤကား အနက်)။

မိစ္ဆာဇီဝ အဆုံးအဖြတ်ပြီး၏။

(၄) ပဉ္စာနန္တရိယကံ ငါးပါးတို့တွင် သံဃဘေဒကကံမှ တပါးကြွင်းလေးပါးတို့သည် အဘယ်ရဲမှာ အမြဲခံရသည်၊ အဇာတသတ်မင်းသားသည် ပိတုဃာတကကံကြောင့် လောဟကုမ္ဘီရဲမှာခံရသည်၊ ၎င်းလောဟကုမ္ဘီရဲသည် အဝီစိငရဲကြီး၌ ပါဝင်သည် မပါဝင်သည်ကို သိလိုပါသည်လျှောက် ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

ပဉ္စာနန္တရိယကံ ငါးပါးတို့တွင် ဒုဗ္ဗလဖြစ်သော မာတုဃာတက ပိတုဃာတက ကံနှစ်ပါးသည် များသောအားဖြင့် အဝီစိငရဲကြီးထောင်မ၌ ပဋိသန္ဓေကို ဖြစ်စေ၏။ ရံခါ အဇာတသတ်မင်းကဲ့သို့ ပြုအပ်သော ကုသိုလ်အထူး ရှိသော် အဝီစိငရဲကြီးထောင်မ၌ ပဋိသန္ဓေကို မဖြစ်စေမူ၍ လောဟကုမ္ဘီ၌ ဖြစ်စေ၏။ ကြွင်းသော ကံသုံးပါးသည် ပြုအပ်သောကုသိုလ်ကံ အထူးရှိငြားရှိသော်လည်း လွန်စွာအားကြီးရကား အဝီစိငရဲကြီး ထောင်မ၌သာ ပဋိသန္ဓေကို ဖြစ်စေ၏။ လောဟကုမ္ဘီ၌ မဖြစ်စေဟု မှတ်ယူသင့်သည်။ ။ထို့ကြောင့် မဏိဒီပ၌။ ။ မာတုဃာတကာဒီသု ပဉ္စသု ကမ္မေသု ဒုဗ္ဗလာနံ ပဌမဒုတိယာနမေဝ ကမ္မာနံ သတိ ကဒါစိ အစ္စယဒေသနာယ ကာရဏေ လောဟကုမ္ဘိယံ ပဋိသန္ဓိဒါနံ ဘဝေယျ။ တတိယ စတုတ္ထပဉ္စမာနံ ပန သတိပိ အစ္စယဒေသနာယ ကာရဏေ အဝဿံ အဝီစိမ္ဟိယေဝ ပဋိသန္ဓိဒါနံ ဘဝေယျ။ န လောဟကုမ္ဘိယံ ဗလဝတရတ္တာ။ ။ဟု မိန့်အပ်၏။

မာတုဃာတကာဒီသု၊ မာတုဃာတကကံ အစရှိကုန်သော။ ပဉ္စသု၊ ငါးပါးကုန်သော။ကမ္မေသု၊ ကံတို့တွင်။ဒုဗ္ဗလာနံ၊ အားနည်းကုန်သော။ပဌမဒုတိယာနံ၊ ပဌမ-ဒုတိယ ဖြစ်ကုန်သော။ ကမ္မာနမေဝ၊ မာတုဃာတက, ပိတုဃာတကကံ တို့၏သာလျှင်။ ကဒါစိ၊ ရံခါ။ အစ္စယဒေသနာယ၊ အပြစ်ကိုထင်စွာ ပြုခြင်းဟု

ဆိုအပ်သော။ ကာရဏော၊ အကြောင်းသည်။ သတိ၊ ရှိခဲ့သော်။ လောဟကုမ္ဘိယံ၊ လောဟကုမ္ဘိ၌။ ပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကိုပေးခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ပန၊ ဒုဗ္ဗလကံမှတပါး ဗလဝကံကို ဆိုဦးအံ့။ တတိယ-စတုတ္ထ ပဉ္စမာနံ၊ တတိယ စတုတ္ထ ပဉ္စမဖြစ်ကုန်သော။ ကမ္မာနံ၊ သံဃဘေဒက-အရဟန္တ ဃာတက-လောဟိတုပ္ပါဒကကံတို့၏။ အစ္စယဒေသနာယ၊ အပြစ်ကိုထင်စွာပြုခြင်းဟု ဆိုအပ်သော။ ကာရဏော၊ အကြောင်းသည်။ သတိပိ၊ ရှိသော်လည်း။ အဝသံ၊ မချွတ်။ အဝီစိမှိယေဝ၊ အဝီစိငရဲ၌သာလျှင်။ ပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကို ပေးခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ လောဟကုမ္ဘိယံ၊ လောဟကုမ္ဘီငရဲ၌။ ပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကို ပေးခြင်းသည်။ နဘဝေယျ၊ မဖြစ်ရာ။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဗလဝ တရတ္တာ၊ အားကြီးသည်၏အဖြစ်ကြောင့်တည်း။ ။(ဤကားအနက်)

အဘကိုသတ်သော အဇာတသတ်မင်း၏ ကုသိုလ် အထူးကြောင့် အဝီစိငရဲ၌မဖြစ်မူ၍ လောဟကုမ္ဘီ၌သာ ဖြစ်ကြောင်းကိုလည်း။ ။ဣဒံ ဝုတ္တံ ဟောတိ၊ သစေ ဣမိနာ ပိတာ ဃာတိတော နာဘဝိဿ။ ဣဒါနိ ဣမေဝါသနေ နိသိန္နော သောတာပတ္တိမဂ္ဂံ ပတ္တော အဘဝိဿ။ ပါပမိတ္တသံသဂ္ဂေန ပနဿ အန္တရာယော ဇာတော၊ ဧဝံ သန္တေပိ ယသ္မာ အယံ တထာဂတံ ဥပသင်္ကမိတွာ ရတနတ္တယံ သရဏံ ဂတော။ တသ္မာ မမ သာသနမဟန္တတာယ ယထာနာမ ကောစိ ပုရိသော ဝဓံ ကတွာ ပုပ္ဖမုဋ္ဌိမတ္တေန ဒဏ္ဍေန မုစ္စေယျ၊ ဧဝ မေဝ လောဟကုမ္ဘိယံ နိဗ္ဗတ္တိတွာ တိံသဝဿသဟဿာနိ အဓောပတန္တော ဟေဋ္ဌိမတလံ ပတွာ တိံသဝဿ သဟဿာနိ ဥဒ္ဓံ ဂစ္ဆန္တော ပုနပိ ဥပရိမတလံ ပါပုဏိတွာ မုစ္စိဿတီတိ၊ ဣဒမ္ပိကိရ ဝစနံ ဘဂဝတာ ဝုတ္တမေဝ၊ ပါဠိယံပန အနာရုဠှံ။ ။ ဟူ၍ မိန့်အပ်သော သီလက္ခန် အဋ္ဌကထာ သာမညဖလသုတ်အဘွင့်ကိုထောက်၍ သိအပ်၏။ ။ဣဒံ-အယံအဓိပ္ပါယော၊ ဤအဓိပ္ပါယ်သည်။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ကိံ-ကော အဓိပ္ပါယော၊ အဘယ် အဓိပ္ပါယ်သည်။ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်လေသနည်း။ ဣမိနာ၊ ဤအဇာ တသတ်မင်းသည်။ ပိတာ၊ အဘကို။ ဃာတိတော၊ သတ်အပ်သည်။ သစေနာ ဘဝိဿ၊ အကယ်၍ မဖြစ်ငြားအံ့။ ဣဒါနိ၊ ယခုအခါ၌။ ဣမေဝါသနေ၊ ဤသာမည ဖလသုတ်ကို နာသောနေရာ၌သာလျှင်။ နိသိန္နော၊ နေလျက်။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်သို့။ ပတ္တော၊ ရောက်သည်။ အဘဝိဿ၊ ဖြစ်ရာပြီ။ ပန၊ ယင်းသို့ပင်ဖြစ်ရာ သော်လည်း။ အဿ၊ ထိုအဇာ တသတ်မင်းအား။ ပါပမိတ္တ သံသဂ္ဂေန၊ ယုတ်မာသော အဆွေ ခင်ပွန်း တည်းဟူသော ဒေဝဒတ်နှင့် ပေါင်းဘော်ခြင်းကြောင့်။ အန္တရာယော၊ မဂ်ကိုတားမြစ်ခြင်း အန္တရာယ်သည်။ ဇာတော၊ ဖြစ်၏။ ဧဝံသန္တေပိ၊ ဤသို့ပင် မဂ်၏အန္တရာယ်ဖြစ်ငြားသော်လည်း။ ယ

သွာ၊ အကြင်ကြောင့်။ အယံရာဇာ၊ ဤအဇာတသတ်မင်းသည်။ တထာဂတံ၊ မြတ်စွာဘုရားသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ရတနတ္တယံ၊ ရတနာ တို့၏ သုံးပါးတို့၏ အပေါင်းကို။ သရဏံ၊ ဆည်းကပ် ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်၏။ တသ္မာ၊ ထိုသို့ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ခြင်းသို့ ရောက်လေသောကြောင့်။ မမ၊ ငါဘုရား၏။ သာသန မဟန္တတာယ၊ သာသနာတော်၏ မြတ်သည်၏ အဖြစ်ကြောင့်။ယထာနာမ၊ ဥပမာမည်သည်ကား။ ကောစိ၊ တစုံတယောက်သော သူသည်။ ပုရိသဿ၊ ယောကျ်ားတယောက်ကို။ ဝဓံ၊သတ်ခြင်းကို။ ကတွာ၊ ပြုပြီး၍။ ပုပ္ဖမုဋ္ဌိမတ္တေန၊ ပန်းတဆုပ်မျှ အတိုင်း အရှည် ရှိသော လက်ဆောင်ပဏ္ဏာဖြင့်။ ဒဏ္ဍေန၊ မင်းပြစ် မင်းဒဏ်မှ။ မုစ္စေယျ ယထာ၊ လွတ်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ လောဟကုမ္ဘိယံ၊ ကြေးပူသံရည် အပြည့်တည်သော လောဟကုမ္ဘီ ငရဲ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်ပြီး၍။ တိံသ ဝဿသဟဿာနိ၊ အနှစ်သုံးသောင်းတို့ပတ်လုံး။ အဓော၊အောက်သို့။ပတန္တော၊ ငုပ်နစ်သက်ဆင်းသည် ဖြစ်၍။ ဟေဋ္ဌိမတလံ၊ အောက်အပြင်သို့။ ပတွာ၊ ရောက်လေ၍။ တိံသဝဿသဟဿာနိ၊ အနှစ်သုံးသောင်းတို့ ပတ်လုံး။ ဥဒ္ဓံ၊ အထက်သို့။ ဂစ္ဆန္တော၊ တက်ပြီး၍။ ပုနပိ၊ တဘန်အနှစ် သုံးသောင်းပတ်လုံးငုပ်နစ်ပြီး၍လည်း။ ဥပရိမတလံ၊ အထက်အပြင်သို့။ ဂန္တွာ၊ အနှစ် သုံးသောင်း ပတ်လုံး တတ်လာ၍။ ပါပုဏိတွာ၊ အထက်အပြင်သို့ ရောက်သည် ရှိသော်။ မုစ္စိဿတိ၊ ငရဲမှ လွတ်လတ္တံ့။ ဣဒံ- အယံ အဓိပ္ပါယော၊ ဤအဓိပ္ပါယ်သည်။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဣဒမ္ပိဝစနံ၊ ဤဆိုအပ်ခဲ့ပြီးသောစကားကိုလည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တမေဝ၊ ဟောတော်မူအပ်သည်သာလျှင်။ ဟောတိကိရ၊ ဖြစ်သတတ်။ ပန၊ ယင်းသို့ပင် မြတ်စွာဘုရားသည် ဟောတော်မူအပ် ငြားလည်း။ ပါဠိယံ၊ သင်္ဂါယနာတင် ပါဠိ အစဉ်၌။ အနာရုဠှံ၊ တင်၍ မထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)

အဝီစိငရဲသည် ယူဇနာ တသောင်း ကျယ်၏။ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ လောကဝိဒူအဘွင့်၌။ ။တာဝတိံသ ဘဝနံ ဒသသဟဿ ယောဇနံ၊ တထာ အသုရဘဝနံ၊ အဝီစိ မဟာနိရယော ဇမ္ဗူဒီပေါစ။ ။ဟူ၍ မိန့်အပ်ပြီ။ ။တာဝတိံသဘဝနံ၊ တာဝတိံသာ နတ်ပြည်သည်။ ဒသ သဟဿယောဇနံ၊ ယူဇနာတသောင်းကျယ်သည်။ ဟောတိ၊ ၏။ အသုရဘဝနဉ္စ၊ အသုရာ ပြည်သည်ရင်း။ အဝီစိမဟာနိရယောစ၊ အဝီစိငရဲကြီးသည်ရင်း။ ဇမ္ဗူဒီပေါစ၊ ဇမ္ဗူဒိပ်ကျွန်း သည်ရင်း။ တထာ၊ ထို့အတူ ယူဇနာ တသောင်း-တသောင်းစီကျယ်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ထိုတသောင်း ကျယ်သော အဝီစိ ငရဲတွင်း ငရဲကြီး ထောင်၏ အတွင်းကား ယူဇနာတရာ ကျယ်၏။ ထိုငရဲကြီးထောင်မကို လေးမျက်နှာ၌ ရံကာ၍

တည်သော သံတံတိုင်းကား ထု-ကိုးယူဇနာထူ၏။ ၎င်းရေကြီးသည် တံတိုင်းနှင့် တကွ တောင်- မြောက်— အရှေ့- အနောက်အားဖြင့် ထုတ်ခြင်းပေါက်အတာမှာ ယူဇနာ တရာ့ တဆဲ့ရှစ်ယူဇနာ ကျယ်၏။ အထက်က သံအမိုးလည်း ထု ကိုးယူဇနာ ထူ၏။ အောက်က အခင်းသံမြေလည်း ထုကိုးယူဇနာပင် ထူ၏။ အရှေ့တံတိုင်းမှ တောက်သော မီးလျှံသည် အနောက် တံတိုင်းကို ဘောက်ထွင်း၍ ယူဇနာတရာတိုင်တိုင် ပြင်ပသို့ ထွက်သွား၏။ အနောက်တံတိုင်း-တောင်တံတိုင်း- မြောက်တံတိုင်း- အထက်အမိုး- အောက်သံမြေတို့မှ တောက်ပသော မီးလျှံတို့ သည်လည်း ထို့အတူ ပြင်ပသို့ ယူဇနာ တရာ တရာစီ ပြေးသွား၍ မီးလျှံတည်ရာနှင့်တကွ အလုံးစုံအတာမှာ ယူဇနာသုံးရာ့တဆဲ့ရှစ် ယူဇနာ ရှိ၏။ ထက်ဝန်းကျင်အဝန်းအားဖြင့် ယူဇနာသုံးရာ့ ငါးဆဲ့ လေးယူဇနာရှိ၏။ ထက်ဝန်းကျင် ဥဿဒရက် ငရဲတို့နှင့်တကွ ယူဇနာတသောင်းကျယ်၏။ ၎င်းရေကြီးထောင်မ၌ လေးမျက်နှာမှ တံခါးလေးပေါက်ရှိ၏။ ၎င်း တံခါးလေးမျက်နှာ၌ စပ်လျက်ပင် မစင်ရေဖြင့်ပြည့်သော လောဟကုမ္ဘီငရဲလေးလုံးရှိ၏။ ယူဇနာတရာအပြောကျယ်၏။ ၎င်းငရဲ၌ ဆင်လည်ပင်းပမာဏရှိသော အပ်ကဲ့သို့ထက်သောသွားရှိသော ပိုးလောက်တို့ဖြင့်ပြည့်၏။ ၎င်း၏ပြင်၌ ပြာပူငရဲ၊ ၎င်း၏ပြင်၌ လက်ပံတောငရဲ၊ ၎င်း၏ပြင်၌သန်လျက်အရွက်ရှိသောသစ်တောငရဲ၊ ၎င်း၏ပြင်၌ ငန်သောရေရှိသော ကမ်းနှစ်ဘက်တို့၌ တက်သောဆူးရှိသော ကြိမ်နွယ် သမန်းမြက်တို့ဖြင့် ဖုံးလွှမ်း၍တည်သော ဝေတ္တရဏီမည်သော ကြိမ်ပိုက်ချောင်းငရဲ၊ ၎င်း၏ပြင်၌သံပူရေဖြင့်ပြည့်သော လောဟကုမ္ဘီငရဲ၊ ၎င်း၏ပြင်၌ သံတောင်ငရဲ၊ ၎င်း၏ပြင်၌ သံမြေငရဲ၊ ပဲခွပ်ငရဲ၊ ခေးမငရဲ၊ ပဋ္ဋိဝိဗဒ္ဓနငရဲစုကား ကျုံးရံလျက်တည်သော မန္တလေးမြို့ရိုးကဲ့သို့ အချင်းချင်းစပ်ကာတည်၏။ ဤကဲ့သို့ အချင်းချင်း စပ်ကာတည်သော ငရဲတို့၌ ကံမကုန်သမျှကာလပတ်လုံး မစုတေပဲ ပြောင်း၍ပြောင်း၍ခံရ၏။ ၎င်းပဋ္ဋိဝိ ဗဒ္ဓနငရဲပြင် အဝီစိငရဲ၏ ခေတ်ယူဇနာတသောင်း၏အတွင်း၌ မိမိတို့ကံနှင့်တူစွာ ကဟန်, သီဟန် စသည်ကိုပြု၍ ခံရာဖြစ်သော ပဟာသ စသည်မည်သော ဥဿဒရက်ငရဲကား များလှ၏။ [ဤအကြောင်းကို သုတ္တသင်္ဂဟ ဒေဝဒူတသုတ် ပါဠိ အဋ္ဌကထာ၊ နည်းတူလာသော ဥပရိပဏ္ဏာသ ဒေဝဒူတသုတ်၊ တိကင်္ဂုတ္တရဒေဝဒူတသုတ်ပါဠိ အဋ္ဌကထာတို့မှာယူ]။ မဏိဒီပ၌ အဝီစိမှ- ဟူသော ပါဌ်ဖြင့်ပြအပ်သော ဆိုအပ်ခဲ့ပြီးသော ငရဲကြီးထောင်မအစ- ပဋ္ဋိဝိဗဒ္ဓနငရဲအဆုံးရှိသော ကံမကုန်လျှင် မစုတေပဲ ပြောင်းလဲ၍ခံရာဖြစ်သော ငရဲတို့တွင်။ ထောင်မမှပြင်၌ ဖြစ်သော အဝီစိငရဲ၏ တစိတ်တဒေသ ဖြစ်သော လောဟကုမ္ဘီငရဲကိုသာလျှင် လောဟကုမ္ဘိယံ-ဟူသောပါဌ်ဖြင့်ယူသင့်သည်- ဟု ဆရာတို့ဆိုကြကုန်၏။ အဘဲ့ကြောင့်နည်းဟူမူ။ ။သဗ္ဗာနန္တရိယာနံ အဝီစိဖလတ္တာ။ ။သဗ္ဗာနန္တရိယာနံ၊အလုံးစုံသောအာနန္တရိယကံတို့၏။အဝီစိဖလတ္တာ၊

အဝိစိငရဲ၌ခံရခြင်းအကျိုးရှိသည်၏အဖြစ်ကြောင့်။ ။ဤသို့ မူလဋီကာ၌ မိန့်ဆို အပ်ရကား မဟာတာပနငရဲ စသည်တို့၌ အကျုံးဝင်သော လောဟ ကုမ္ဘီငရဲကို ယူခြင်းငှါ မသင့်သောကြောင့်ရင်း၊ အားနည်းသော ကံခြင်းစသောကံသည်၊ အဝိစိငရဲ၏ အစိတ် ပဟာသငရဲ၌ ဖြစ်စေ နိုင်လျက် ကုသိုလ် အထူးကြောင့် အားနည်း၏ပင် ဆိုသော်လည်း သေသည်၏အခြားမဲ့၌ မချွတ်ငရဲ၌ဖြစ်စေခြင်း ငှါ စွမ်းနိုင်သော စွမ်းအားဗလ ရှိသောကံကို အဝီစိ၌ မဖြစ်စေဟု ဆိုခြင်းငှါ မသင့်သောကြောင့် ရင်းတည်း ဟူ၏။ ။ထို့ကြောင့် သံယုတ်အဋ္ဌကထာ၌။ ။ ဝိသုံ ပဟာသနာမကော နိရယော နာမ နတ္ထိ၊ အဝီစိဿေဝ ပန ကေသ္မိံ ကော ဋ္ဌာသေ နစ္စန္တာဝိယ ဂါယန္တာဝိယစ နဋ္ဌဝေသံ ဂဟေတွာဝ ပစ္စန္တိ၊ တံသန္ဓာယေတံ ဝုတ္တံ။ ။ဟုမိန့်အပ်ပြီ။ ။ဝိသုံ၊ အသီးအခြားတပါးသော။ ပဟာသနာမကော၊ ပဟာသမည်သော။ နိရယော နာမ၊ ငရဲမည်သည်။ နတ္ထိ၊ မရှိ။ ပန၊ စင်စစ်သော် ကား။ အဝီစိဿေဝ၊ အဝီစိငရဲ၏သာလျှင်။ ကေသ္မိံ၊ တဘက်သော။ ဝါ၊ တစိတ်သော။ ကောဋ္ဌာသေ၊ အစုအဘို့၌။ နစ္စန္တာဝိယစ၊ ကခုန်သကဲ့သို့ရင်း။ ဂါယန္တာဝိယစ၊သီကုန်သကဲ့သို့ရင်း၊နဋ္ဌဝေသံ၊ကချေသည်အသွင်ကို။ဂဟေတွာဝ ယူကုန်၍သာလျှင်။ ပစ္စန္တိ၊ ကျက်ရကုန်၏။ တံ၊ ထိုပဟာသငရဲကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဧတံဝစနံ၊ ပဟာသနာမကော နိရယော နာမ အတ္ထိ- စသော စကားတော်ကို။ ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ် ၏။ ။(ဤကားအနက်)

ယောစ ပဗ္ဗဇိတံ ဟန္တိ၊ ကတကိစ္စံ မဟေသိနံ။
သကာဋ္ဌသုတ္တေ နိရယေ၊ စိရရတ္တာယ ပစ္စတိ။ ။ဟူ၍ရင်း၊
ယော လောဘာ ပိတရံ ဟန္တိ၊ ဒေါသာဝါ ပုရိသာဓမ္မော။
သကာဋ္ဌသုတ္တေ နိရယေ၊ စိရရတ္တာယ ပစ္စတိ-

ဟူ၍ရင်း လာသောသံကိစ္စဇာတ်ပါဠိတော်တို့၌။ ။ယောစ၊ အကြင်သူ သည်ကား။ ကတကိစ္စံ၊ ပြုအပ်ပြီးသော ကိစ္စရှိသော၊ မဟေသိနံ၊ မြတ်သော သီလက္ခန္ဓစသည်ကို ရှာမှီးလေ့ရှိသော။ ပဗ္ဗဇိတံ၊ ရဟန်းကို။ ဟန္တိ၊ ညှဉ်းဆဲ၏။ သော၊ ထိုသူသည်။ ကာဋ္ဌသုတ္တေ၊ ကာဋ္ဌသုတ်အမည်ရှိသော။ နိရယေ၊ ငရဲ၌။ စိရရတ္တာယ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ပစ္စတိ၊ ကျက်ရ၏။ ။ပုရိသ ဓမ္မော၊ ယောကျ်ားယုတ်ဖြစ်သော။ ယော၊ အကြင်သားသည်။ လောဘာဝါ၊ စည်းစိမ်ကို လိုချင်တပ်မက်မောသောကြောင့်ရင်း။ ဒေါသာဝါ၊ အမျက်ထွက် သောကြောင့်ရင်း။ ပိတရံ၊ အဘကို။ ဟန္တိ၊ ညှဉ်းဆဲ၏။ သ-သော၊ ထိုအဘကို ညှဉ်းဆဲသော ယောကျ်ားယုတ်သည်။ ကာဋ္ဌသုတ္တေ၊ ကာဋ္ဌသုတ်အမည်ရှိသော။

နိရယေ၊ ငရဲ၌။ စိရရတ္တာယ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ပစ္စတိ၊ ကျက်ရ၏။ ။ဤသို့သမ္ဗန်၍ ဂုဏ်ကျေးဇူးရှိသော ရဟန်း, မိဘတို့ကို အထူး ထုတ်၍ ဟောတော်မူအပ်ရကား ဂုဏ်ကျေးဇူး ရှိသော ရဟန်းမိဘတို့ကို ညှဉ်းဆဲရုံမျှဖြင့် ကာဠသုတ်ငရဲ၌ ကျက်ရ၏ဟု ယူသင့်သည်။ ဤသို့ဆရာတို့ ဆိုကြသည့် အတိုင်း လောဟကုမ္ဘီငရဲသည် အဝီစိ၏ အစိတ်ပင်ဟု မှတ်ယူသင့်သည်။

လျှောက်ထားအပ်သည်ဖြစ်၍ ရေးသားအပ်သော အဇာတသတ်မင်း ခံရသော လောဟကုမ္ဘီငရဲသည် အဝီစိ၌ အပါအဝင်ဖြစ်ကြောင်း ဝိနိစ္ဆယကား ပြီး၏။

---

(၅) အခမ္မိကဒါန၏ အကြောင်းကို သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

နစအခမ္မိကဒါနာနိ၊ နစ အခမ္မိက ပဋိဂ္ဂဟာ၊ နစအခမ္မိကာ ပရိဘောဂါ။ ။ပရိဝါပါဠိတော်။ ။နစ၊ ကိုးပါးကုန်သော။ အခမ္မိကဒါနာနိစ၊ တရားနှင့် မလျော်သော ဒါနတို့ကိုရင်း။ နစ၊ ကုန်သော။ အခမ္မိက ပဋိဂ္ဂဟာစ၊တရားနှင့် မလျော်သော ခံခြင်း ဘို့ကိုရင်း။ နစ၊ ကုန်သော။ အခမ္မိကာ၊ တရားနှင့် မလျော်ကုန်သော။ ပရိဘောဂါစ၊ သုံးဆောင်ခြင်းတို့ကိုရင်း။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ။(ဤကားအနက်)

နစအခမ္မိကဒါနာနီတိ သံဃဿ ပရိဏတံ အညသံဃဿဝါ စေတိယဿဝါ ပုဂ္ဂလဿ ဝါ ပရိဏာ မေတိ၊ စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာ မေတိ၊ ပုဂ္ဂလဿ ပရိဏတံ အညပုဂ္ဂလဿဝါ သံဃဿဝါ စေတိယဿဝါ ပရိဏာမေတီတိ ဧဝံ ဝုတ္တာနိ နဝပဋိဂ္ဂဟာ ပရိဘောဂါတိ ဧတေသံဒါနာနံ ပဋိဂ္ဂဟာစ ပရိဘောဂါစ။ ။ပရိဝါ အဋ္ဌကထာ။ ။နစအခမ္မိက ဒါနာနီတိ၊ ဟူသည်ကား။ သံဃဿ၊ သံဃာအား။ ဝါ၊ သံဃာသို့။ ပရိဏတံ၊ ဥစ္စာရှင်၏ ဒါယာမ-ကရိယာမ-စသော။ ဝါ၊ လှူကုန်အံ့ ပြုလုပ်ကုန်အံ့စသော ဝစီဘေဒဖြင့် နှုတ်မြွက်၍ ညွှတ်ပြီးသောလာဘ်ကို။ ပရေ၊ ဥစ္စာရှင်မဟုတ်သော သူတပါးသည်။ အညသံဃဿဝါ၊ ဥစ္စာရှင်ညွှတ်ပြီးသော သံဃာမှ တပါးသောသံဃာအားရင်း။ ဝါ၊ သို့ရင်း။စေတိယဿ၊ စေတီအားရင်း။ ဝါ၊ သို့ရင်း။ ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်အားရင်း။ ဝါ၊ သို့ရင်း။ ပရိဏာမေတိ၊ ညွှတ်စေ၏။ စေတိယဿ၊ အား။ ပရိဏတံ၊ ကို။ အညစေတိယဿဝါ၊ အားရင်း။ ဝါ၊ သို့ရင်း။ သံဃဿဝါ၊ အားရင်း။ ဝါ၊ သို့ရင်း။ ပုဂ္ဂလဿဝါ၊

အားရင်း။ ဝါ၊ သို့ရင်း။ ပရော၊ သည်။ ပရိဏာမေတိ၊ ၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ် အား။ ဝါ၊ သို့။ ပရိဏတံ၊ ကို။ အညပုဂ္ဂလဿဝါ၊ အားရင်း။ ဝါ၊ သို့ရင်း။ သံဃဿဝါ၊ အားရင်း။ ဝါ၊သို့ရင်း။ စေတိယဿဝါ၊ အားရင်း။ ဝါ၊ သို့ရင်း။ ပရော၊ သည်။ ပရိဏာမေတိ၊ ၏။ ဣတိဝေ၊ ဤသို့။ ဝုတ္တာနိ၊ ပရိဏတသိက္ခာ ပုဒ်၌ ဟောတော်မူအပ်ကုန်သော။နဝ၊ ကိုးပါးတို့ ပင်တည်း။ နဝပဋိဂ္ဂဟာ ပရိ ဘောဂါတိ၊ ဟူသည်ကား။ ဧတေသံ ဒါနာနံ၊ ထိုကိုးပါးသော အဓမ္မိက ဒါန တို့ကို။ပဋိဂ္ဂဟာစ၊ ခံယူခြင်းတို့သည်ရင်း။ ပရိဘောဂါစ၊သုံးဆောင်ခြင်း တို့သည် ရင်းတည်း။ ။(ဤကား အနက်)

ရင်းပါဠိ အဋ္ဌကထာတို့ဖြင့် ဥစ္စာရှင်သည် သံဃာစသည်သို့ လှူအံ့-ပြုလုပ် အံ့ စသည်ဖြင့် နှုတ်မြွက်၍ ညွတ်လေပြီးသော လာဘ်ကို ဥစ္စာရှင် မဟုတ်သော သူသည် သံဃာစသည့်သို့ ညွတ်ပြီးမှန်း သိလျက် လာဘ်၏ အန္တရာယ်ကို ပြု၍ တပါးသော သံဃာစသည်သို့ ညွတ်စေခြင်းကိုစွဲ၍ အဓမ္မိကဒါန မည်ကြောင်း၊ ယင်းသို့ ညွတ်စေသည်ကို သိလျက် ခံယူခြင်း- သုံးဆောင်ခြင်းကို စွဲ၍ အဓမ္မိက ပဋိဂ္ဂဟ-ပရိဘောဂမည်ကြောင်းကို ပြတော်မူသည်။ ထို့ကြောင့် ဥစ္စာရှင်သည် ဒုဿီလပုဂ္ဂိုလ်၌ ညွတ်ပြီးသောလာဘ်ကို အကျိုးများစေခြင်းငှါ နိုရောဓသမာ ပတ်မှ ထသော ပုဂ္ဂိုလ်-သံဃာသို့ ဥစ္စာရှင် မဟုတ်သော သူတပါးက ညွတ်စေ ရာ၌ ဥစ္စာရှင်အား အကျိုး များလျက် အဓမ္မိကဒါန မည်ကြောင်းကို ရင်း၊ ယင်းသို့ ညွတ်စေသော လာဘ်ကို သိလျက် နိုရောဓ သမာပတ်မှ ထသော ပုဂ္ဂိုလ်- သံဃာတို့သည် ခံယူ သုံးဆောင်ရာ၌ ဥစ္စာရှင်အား အကျိုးများပါ လျက် အဓမ္မိက ပဋိဂ္ဂဟ ပရိဘောဂ မည်ကြောင်းကိုရင်း၊ ဥစ္စာရှင် မဟုတ်ဘဲ ညွတ်ပြီးဟု သိလျက် လာဘ်၏ အန္တရာယ်ကို ပြု၍ ညွတ်စေသော ပုဂ္ဂိုလ်၌ ရင်း၊ ခံယူသုံးဆောင်သော ပုဂ္ဂိုလ်တို့၌ရင်း ပြစ်တင် ကဲ့ရဲ့ခြင်းစသော ဘေးရန် ဖြစ် ဘွယ်ရှိသောကြောင့် ဆိုသည်ဟုမှတ်ရာ၏။ ထို့ကြောင့် ယင်းသို့သော ဘေး ရန်ဖြစ်ဘွယ်မရှိသော မိမိသို့ ညွတ်ပြီးသော လာဘ်ကို တပါးသော သံဃာ-စ သည်သို့ ညွတ်စေရာ၌ ဓမ္မိက ဒါန မည်သောကြောင့် စေတနာ ရွှေ့ပြောင်း- ဆုတ်နစ်-တွန့်တို ရန်ရှိငြားသော်လည်း ဘုရားမြတ်စွာမင် သံဃေ တွံ ဂေါတ မီ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ။ ။ဟု ကိုယ်တော်သို့ သုံးကြိမ် တိုင်တိုင် ညွတ်သည်ကို ပယ်တော်မူ၍ ပုဆိုး အစုံကို သံဃာအားလှူစေတော်မူ၏။ ထို့ကြောင့် ဒါယကာ၏ စေတနာ ဆုတ်နစ်- ရွှေ့ ပြောင်းခြင်းကို စွဲ၍ အဓမ္မိကဒါနဟု မခေါ်သင့်။ သံဃာ-စေတီ-ပုဂ္ဂိုလ် တို့တွင် စေတီကို ညွတ်စေရာ၌ အဓမ္မိက ပဋိဂ္ဂဟ- ပရိဘောဂဟု ဆိုသည်ကို ပစ္စည်း ရောက်ရကား ခံယူသုံးဆောင်သကဲ့သို့ တင်စား၍ ဆိုသည်ဟု မှတ်ရာ၏။

တိကံ မမ္ဗိကာနိ ဒါနာနိ၊ တယော မမ္ဗိကာ ပဋိဂ္ဂဟာ။ တယော မမ္ဗိကာ ပရိဘောဂါ။ ။ရင်းပါဠိတော်။ ။တိကံ၊ သုံးပါးကုန်သော။ မမ္ဗိကာနိ၊ တရားနှင့်လျော်ကုန်သော။ ဒါနာနိ၊ အလှူတို့ကိုရင်း။ တယော၊ သုံးပါးကုန်သော။ မမ္ဗိကာ၊ တရားနှင့်လျော်ကုန်သော။ ပဋိဂ္ဂဟာ၊ ခံယူခြင်းတို့ကိုရင်း။ တယော၊ သုံးပါးကုန်သော။ မမ္ဗိကာ၊ တရားနှင့်လျော်ကုန်သော။ ပရိဘောဂါ၊ သုံးဆောင်ခြင်းတို့ကိုရင်း။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ။(ဤကားအနက်)။ ။တိကံ မမ္ဗိကာနိ ဒါနာနီတိ သံဃဿ နိန္နံ သံဃဿ ဒေတိ။ စေတိယဿ နိန္နံ စေတိယဿ ဒေတိ။ ပုဂ္ဂလဿ နိန္နံ ပုဂ္ဂလဿ ဒေတီတိ ဣမာနိ တိဏိ ပဋိဂ္ဂဟာ ပရိဘောဂါပိ တေသံယေဝ ပဋိဂ္ဂဟာစ ပရိဘောဂါစ။ ။(ရင်း အဋ္ဌကထာ)။ ။ရှေးပါဠိ အဋ္ဌကထာတို့၌ တပါးသို့ ညွတ်ပြီးသည်ကို တပါးသို့ ညွတ်စေ ခြင်းကို စွဲ၍ အမမ္ဗိကဒါန ဆိုသည်ကို ထောက်၍ ဤပါဠိ အဋ္ဌကထာတို့၌လည်း။ ။တိကံ၊ သုံးပါးကုန်သော။ မမ္ဗိကဒါနာနီတိ၊ ဟူသည်ကား။ သာမိကော၊ ဥစ္စာရှင် သည်။ သံဃဿ၊ သံဃာ အား။ ဝါ၊ သို့။ နိန္နံ၊ ညွတ်သောလာဘ်ကို။ သံဃဿ၊ သံဃာအားသာလျှင်။ ဒေတိ၊ အလိုအလျောက် လှူ၏။ သာမိကော၊ ဥစ္စာရှင် သည်။ စေတိယဿ၊ စေတီအား။ ဝါ၊ သို့။ နိန္နံ၊ ညွတ်သော လာဘ်ကို။ စေတိယဿ၊ စေတီအားသာလျှင်။ ဒေတိ၊ အလိုအလျောက်လှူ၏။ သာမိကော၊ သည်။ ပုဂ္ဂလဿ၊ အား။ ဝါ၊ သို့။ နိန္နံ၊ ညွတ်သောလာဘ်ကို။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အားသာလျှင်။ ဒေတိ၊ အလိုအလျောက် လှူ၏။ ။(ဤသို့အနက်သမ္ဗန်)

အဓိပ္ပါယ်ကား—ဥစ္စာရှင်သည် တပါးသူ၏အစွမ်းဖြင့် တပါးသော သံဃာအား မလှူမူ၍ ညွတ်ရင်း သံဃာအားသာ လှူရကား မမ္ဗိကဒါန မည်သည် ဟူလို။ (တနည်းကား) သာမိကော၊ သည်။ သံဃဿ၊ သံဃာအား။ နိန္နံ၊ ညွတ်သောလာဘ်ကို။ သံဃဿ၊ သံဃာအားသာလျှင်။ ဒေတိ၊ သူတပါးတိုက်တွန်းသောကြောင့် လှူ၏။ ။(ဤသို့ အနက်သမ္ဗန်)။ ။အဓိပ္ပါယ်ကား—ဥစ္စာရှင်သည် ညွတ်ခြတိုင်းသော သံဃာအား သူတပါးတိုက်တွန်းသောကြောင့် လှူရကား မမ္ဗိကဒါနမည်၏ဟူလိုသည်။ ။(တနည်းကား) ပရော၊ ဥစ္စာရှင်မှ တပါးသောသူသည်။ သံဃဿ၊ အား။ ဝါ၊ သို့။ နိန္နံ၊ ညွတ်သော လာဘ်ကို။ သံဃဿ၊ သံဃာအားသာလျှင်။ ဒေတိ၊ လှူ၏။ ။(ဤသို့အနက်သမ္ဗန်)။ ။အဓိပ္ပါယ်ကား— ဥစ္စာရှင်ညွတ်သည်အတိုင်း လှူစေရကား မမ္ဗိကဒါန မည်၏ ဟူလိုသည်။ ။ဤသို့ အနက်သမ္ဗန်၍ အဓိပ္ပါယ်ကိုမှတ်ယူသင့်သည်။ ။အချို့ကား·အမမ္ဗိကဒါနမှပြန်၍ မမ္ဗိကဒါနကိုဟောသည်ကို မဆင်ခြင်မူ၍ ယထာရုတ အတိုင်း။ ။"သံဃဿ၊ အား။ ,နိန္နံ၊ ညွတ်သောလာဘ်ကို။ သံဃဿ၊ အား

သာလျှင်။ ဒေတိ၊ လှူ၏။” ဤသို့အနက်သမ္ဗန်၍ ဒါယကာ အလိုအလျောက် တပါးသို့ညွှတ်ပြီးမှ တပါးသို့လှူလျှင် အဓမ္မိကဒါနဖြစ်သည်ဟု ဆိုကြကုန်၏။ ။ မိမိ၏အစိုးပိုင်ဥစ္စာကို မိမိအလိုရှိတိုင်း ပြုထိုက်သောကြောင့်ရှင်း၊ ယခင် ပါဠိ အဋ္ဌကထာတို့၌ ညွှတ်စေခြင်းသည်သာ လာသောကြောင့်ရှင်း၊ ပရိဏာတသိက္ခာ ပုဒ်၌။ ။ဇာနံ သံဃိကံ လာဘံ ပရိဏတံ ပုဂ္ဂလဿ ပရိဏာမေယျ။ ။ဟူ၍- တပါးသူ ညွှတ်စေရာ၌သာ အဓမ္မိကဒါနကို ဟောတော်မူသောကြောင့်ရှင်း၊ ဒါယကာအလိုအလျောက် သံဃာသို့ညွှတ်ပြီးသော လာဘ်ကို ပုဂ္ဂိုလ်အား လှူ သင့်ကြောင်း၊ ရှင်းကိုလည်း ခံယူသုံးဆောင်သင့်ကြောင်းကို။ ။စီဝရက္ခန္ဓက- အဋ္ဌကထာ၌။ ။ဘိက္ခူ သံဃဿ ဟရာတိ ဝုတ္တေပိ ဟရိတဗ္ဗံ။ သစေပန အဟံ ပိဏ္ဍာယ စရာမိ။ အာသနသာလာယ ဘိက္ခူ အတ္ထိ။ တေ ဟရိဿန္တီတိ ဝုတ္တေ ဘန္တေ တုယှံယေဝ ဒမ္မိတိ ဝဒတိ ဘုဉ္ဇိတုံ ဝဋ္ဋတိ။ ။ဟူ၍တိုက်ရိုက်လာသောကြောင့် ရှင်း ထိုစကားကို အမြွက်အားဖြင့် မယုံကြည်အပ်, မမှတ်အပ်။ ။ပရိဏတံ၊ သံဃာသို့ညွှတ်လေပြီးသော။ သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ လာဘံ၊ လာဘ် ကို။ ဇာနံ-ဇာနန္တော၊ သိလျက်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပရိဏာမေယျ၊ ညွှတ် စေငြားအံ့။ ။(ဤကား ပါဠိတော်၏ အနက်)။ ။ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ ဣဒံဘိက္ခံ၊ ဤဆွမ်းကို။ သံဃဿ၊ သံဃာအား။ ဝါ၊ သံဃာတို့၊ ဟရ၊ ဆောင်သွားတော်မူလိုက်ပါလော့။ ဣတိ၊ ဤသို့။ ဝုတ္တေပိ၊ ဒါယကာတို့ လျှောက်အပ်သော်လည်း။ ဟရိတဗ္ဗံ၊ သံဃာ့ထံသို့ ရောက်အောင် ဆောင် ယူသွားအပ်၏။ ပန၊ ထိုသို့မဟုတ်။ အာဝုသော၊ ဒါယကာ။ အဟံ၊ ငါသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရာမိ၊ လှည့်လည်ရ၏။ ဝါ၊ လှည့်လည်၍ နေခိုက်ဖြစ်၏။ အာသနသာလာယ၊ ဆွမ်းစားစရပ်၌။ ဘိက္ခူ၊ အားလပ်သော ရဟန်းတို့သည်။ အတ္ထိ၊ ရှိပါကုန်သေး၏။ တေဘိက္ခူ၊ ထိုအားလပ်ကုန်သော ရဟန်းတို့သည်။ တဝ၊ သင်၏။ ဣဒံဘတ္တံ၊ ဤဆွမ်းကို။ (ထည့်)။ ဟရိဿန္တိ၊ ဆောင်ကြပါကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ သော၊ ထိုဥစ္စာရှင်ဒါယကာသည်။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံဘတ္တံ၊ ဤဆွမ်းကို။ တုယှံ ယေဝ၊ အရှင်ဘုရားအားသာလျှင်။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ သစေဝဒတိ၊ အကယ်၍ဆိုသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဆိုသည်ရှိသော်။ ဘုဉ္ဇိတုံ၊ သုံးဆောင် ခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)

အဓိပ္ပါယ်ကား– သံဃာတော်တို့ ဆောင်သွားလိုက်ပါလောဟု ဆိုသဖြင့် သံဃာသို့ညွှတ်သောဆွမ်းကို ငါဆွမ်းခံ၍နေသဖြင့် ဆောင်ခွင့်မရ။ ဆွမ်းစား စရပ်၌ အားလပ်သော ရဟန်းတို့သည် ရှိကုန်သေး၏။ ထိုရဟန်းတို့၏ အထံသို့ သင်၏ဆွမ်းကို ပို့လိုက်လော၊ ထိုရဟန်းတို့သည် သံဃာ့ထံသို့ ဆောင်ယူကြ

ကုန်လတ္တံ့-ဟု ဆိုသော် ဒါယကာသည် ဆွမ်းစားစရပ်၌ ရဟန်းတို့ထံသို့ 'မပို့လို၍ ဤဆွမ်းကို အရှင်ဘုရားအားပင် လှူပါ၏'ဟု ဒါယကာ အလိုအလျောက် ပုဂ္ဂိုလ်သို့ညွတ်၍ လှူအပ်သည်ကို ခံယူသုံးဆောင်ခြင်းငှါအပ်၏။ သံဃပရိဏတမျှ သာဖြစ်၍ သံဃသန္တက မဖြစ်သေးရကား သံဃာ၏ ပစ္စည်း၏ အဖြစ်နှင့်လည်း အပြစ်မရှိ၊ ရဟန်းညွတ်စေခြင်းမရှိ၊ ဒါယကာဥစ္စာရှင် အလိုအလျောက် ညွတ်၍ လှူအပ်ရကား အဓမ္မိကဒါန-အဓမ္မိက ပဋိဂ္ဂဟ-အဓမ္မိက ပရိဘောဂလည်းမဖြစ်၊ ပရိဏတ သိက္ခာပုဒ်တို့ဖြင့်လည်း အာပတ်မသင့် ဟူလိုသည်။ ။လှူချင်းညွတ်စေရာ၌လည်း နည်းတူပင် မှတ်ရာ၏။

အဓမ္မိကဒါန ဝိနိစ္ဆယပြီး၏။

---

(၆) ဝိဝဋ္ဋနိဿိတ ကုသိုလ် ပဋိသန္ဓေကို ပေး,မပေးလျှောက်ထားရာ၌ ဝိနိစ္ဆယကား ဤသို့ သိမှတ်ရာ၏။

အပြစ်ကို မမြင်သဖြင့် ဘဝသမ္ပတ္တိကိုတောင့်တ၍ ပြုအပ်သော- ဝဋ္ဋနိဿိတ ကုသိုလ်၊ အဝိဇ္ဇာကိုပယ်ခြင်းငှါ ပြုအပ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်၊ ယင်းကုသိုလ် နှစ်ပါးတို့အားပင် အဝိဇ္ဇာသည် ပကတူပနိဿယ သတ္တိ အားဖြင့် ကျေးဇူးပြုသည်။ ယင်းနှစ်ပါးတို့တွင် ဝိဝဋ္ဋ နိဿိတ ကုသိုလ်သည်သာ ဘဝ၏ အပြစ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ၊ ဘဝသမ္ပတ္တိကို တောင့်တ တတ်သော တဏှာတို့သည် ခြံရံအပ်သည်ဖြစ်၍ ပဋိသန္ဓေ, ပဝတ္တိ အကျိုးကိုဖြစ်စေနိုင်သည် မဟုတ်၊ ယခုဘဝပင် မဂ်ဖိုလ်ကိုဖြစ်စေအံ့ဟု ဝိပဿနာကို အားထုတ်စဉ် စုတေသောပုဂ္ဂိုလ်၏ ဝိပဿနာကုသိုလ်သည်လည်း အစမထင် သံသရာမှစ၍ အတိတ်ဘဝ၌ ၎င်း၊ ထိုဘဝ၌ပင် ဝိပဿနာကို အားမထုတ်မီ ရှေးအဘို့၌ ၎င်း၊ အာရုံ၏ အပြစ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ၊ အာရုံကို တပ်တတ်သော တဏှာတို့သည် အဘန်တလဲလဲ မှီဝဲအပ် ထုံအပ် ကိန်းအပ်သော ခန္ဓာအစဉ်၌ ယခုပင် ဖြစ်၏ ဟု ဆိုစလောက်သော အားရှိသော အရဟတ္တမဂ်ဖြင့် မပယ်အပ် သေးသော အဝိဇ္ဇာနုသယ တဏှာနုသယတို့သည် ခြံရံအပ်သည်ဖြစ်၍ ပဝတ္တိအကျိုး,ပဋိသန္ဓေ အကျိုးကိုဖြစ်စေနိုင်သည်။ ။ထို့ကြောင့် သစ္စသံခိပ်၌-

အပ္ပဟီနေဟိ သေသာနံ၊ ဆာဒနံ နာမနမ္ပိစ။
ခိပဏ္ဏာပန သင်္ခါရာ၊ ကုသလာ ဘဝဋ္ဌိဟ-' ဟူ၍၎င်း၊

အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟူသော ပုဒ်၌ သင်္ခါရ အရကိုပြရာ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၌လည်း ဝိဝဋ္ဋနိဿိတကုသိုလ်ကို ပြခြင်းငှါ။ ။အဝိဇ္ဇာ

သမတိက္ကမ နတ္ထာယ ဒါနာဒီနိစေဝ ကာမာဝစရပုညကြိယ ဝတ္ထုနိ ပူရေန္တဿ ရူပါဝစရ ဈာနာနိစ ဥပ္ပါဒေန္တဿ ဒွိန္နမ္ပိ တေသံ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ဟူ၍ရင်း မိန့်အပ်ပြီ။

သေသာနံ၊ အပါယ်၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်မှကြွင်းကုန်သော သုဂတိဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ် တို့၏။ အပ္ပဟီနေဟိ၊ အရဟတ္တမဂ်ဖြင့် မပယ်အပ်ကုန်သေးသော အဝိဇ္ဇာနုသယ တဏှာနုသယတို့သည်။ ဆာဒနမ္ပိစ၊ ကံ စသော အာရုံ၏ အပြစ်ကိုဖုံးလွှမ်းခြင်းသည်ရင်း။ ဝိညာဏံ၊ ဝိပါက်ဝိညာဉ်ကို။ တတ္ထ၊ ထိုကံစသော အာရုံ၌။(ထည့်) နာမနမ္ပိစ၊ ညွတ်စေခြင်း သည်ရင်း။ ဟောတိ၊ ၏။ ဣဟ၊ ဤသုဂတိဘုံသို့ လားလတ္တံ့သော ပုဂ္ဂိုလ်၏ အရာ၌။ ဝိညာဏံ၊ ဝိပါက်ဝိညာဉ်ကို။(ထည့်) ခိပကာ၊ ဘဝသစ်သို့ ပစ်ချတတ်ကုန်သော။ သင်္ခါရာပန၊ သင်္ခါရတို့ သည်ကား။ ကုသလာဝ၊ ကုသိုလ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ။(ဤကား သစ္စသံခိပ်ပါဠိ၏အနက်)။ ။အဝိဇ္ဇာ သမတိက္ကမနတ္ထာယ၊ အဝိဇ္ဇာကို လွန်ခြင်းငှါ။ ဒါနာဒီနိ၊အလှူပေးခြင်းအစရှိကုန်သော။ ကာမာဝစရပုညကြိယဝတ္ထုနိ၊ ကာမာဝစရ ပုညကြိယာဝတ္ထုတို့ကို။ ပူရေန္တဿစ၊ ဖြည့်ကျင့်သော သူ၏ရင်း။ ရူပါဝစရဈာနာနိ၊ ရူပါဝစရဈာန်တို့ကို။ ဥပ္ပါဒေန္တဿစ၊ဖြစ်စေသောသူ၏ရင်း။ဒွိန္နမ္ပိ၊နှစ်ယောက်လည်းဖြစ်ကုန်သော။တေသံ၊ ထိုကာမ ကုသိုလ်, ရူပကုသိုလ် တို့အား။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ (ထည့်) ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ၏။ ။(ဤကား သမ္မောဟဝိနောဒနီအဋ္ဌကထာ၏အနက်)

ကြားဘူးသော အားဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို ညွတ်ကိုင်းသည်၏ အစွမ်းဖြင့်ဖြစ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်၏ ပဝတ္တိအကျိုး, ပဋိသန္ဓေ အကျိုး ကိုသာ ပေးသည်မဟုတ်သေး၊ စင်စစ်သော်ကား မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ဂေါတြဘူ- ဝေါဒါန်- ပစ္စဝေက္ခဏာ ကိစ္စတပ်သော ကာမ ကုသိုလ်သည်ပင် ပဝတ္တိအကျိုး, ပဋိသန္ဓေ အကျိုးကို ပေးစေသေးသည်။ ထို့ကြောင့် တိက ပဋ္ဌာန်း ပရိတ္တာရမ္မဏ တိက်၌။ ။အပ္ပမာ ဏာရမ္မဏော ဓမ္မော ပရိတ္တာရမ္မဏဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ အပ္ပမာဏာ ရမ္မဏာ စေတနာ ပရိတ္တာရမ္မဏာနံ ဝိပါကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။ ။ ဟုဟောတော်မူအပ်ပြီ။ ။အပ္ပမာဏာ ရမ္မဏော၊ မဂ်ဖိုလ်နိဗ္ဗာန်လျှင် အာရုံရှိသော။ ဓမ္မော၊ ဂေါတြဘူ ဝေါဒါန် ပစ္စဝေက္ခဏာ ကိစ္စ တပ်သော ကာမ ကုသိုလ်သည်။ ပရိတ္တာ ရမ္မဏဿ၊ ကာမတရားလျှင် အာရုံရှိသော။ ဓမ္မဿ၊ကာမ ဝိပါက်အား။ ကမ္မပစ္စယေန၊ နာနာက္ခဏိက, ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော၊

ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ နာနာက္ခဏိကာ၊ ပစ္စယုပ္ပန်တရား၏ဖြစ်ရာ ကာလမှ အသီးသောဖြစ်ရာ ကာလရှိကုန်သော။ အပ္ပမာဏာရမ္မဏာ၊ မဂ်ဖိုလ် နိဗ္ဗာန်လျှင် အာရုံရှိသော။ စေတနာ၊ ဝေါဒြဘူ ဝေါဒါန် ပစ္စဝေက္ခဏာ ကိစ္စ တပ်သော ကာမကုသိုလ် စေတနာသည်။ ပရိတ္တာရမ္မဏာနံ၊ ကာမတရားလျှင် အာရုံ ရှိကုန်သော။ ဝိပါကာနံ ခန္ဓာနံ၊ ဝိပါက်ခန္ဓာတို့အား။ ကမ္မပစ္စယေန၊ ကမ္မပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ (ဤကား အနက်)။ ။ဤသို့ပါဠိ၊ အဋ္ဌကထာလာရှိသည်ဖြစ်၍ ဝိဝဋ္ဋနိဿိတကုသိုလ်၏ ပဝတ္တိ ပဋိသန္ဓေအကျိုးကိုပေးသည်၏အဖြစ်ကို စင်စစ်မှတ်ယူရာ၏။

ဝိဝဋ္ဋနိဿိတကုသိုလ်သည် ပဝတ္တိ ပဋိသန္ဓေအကျိုးကိုပေး မပေး အဆုံးအဖြတ်ပြီး၏။

---

(၇) အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောကံသုံးပါ သည် ကာယဒွါရ ဝစီဒွါရတို့၌ဖြစ်သော အခြင်းအရာများကို သေချာ စွာ သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

ဤအရာ၌ ပါဏာတိပါတကိုရင်း၊ အဒိန္နာဒါန်ကိုရင်း ရှေးဦးစွာသိရာ၏၊ ကိုယ်တိုင်သွား၍ရင်း၊ သူတပါးကိုစေခိုင်း၍ရင်း မိမိပယောဂဖြင့် ကာယရောက် ပြု၍ ပစ်ခတ်သောအခါ သတ္တဝါသေလျှင် ပါဏာတိပါတ ကာယကံ မည်၏။ မသေလျှင် ကာယ ဒုစရိုက်မျှသာ ဖြစ်သည်၊ ကာယကံမမည်။ ။ထို့ကြောင့် အဋ္ဌသာလိနီ ဒွါရကထာ၌။ ။ယော မိဂဝံ ဂမိဿာမီတိ ဓနုံ သဇ္ဇေတိ၊ ဇိယံ ဝဋ္ဋေတိ၊ သတ္တိံ နိသေတိ၊ ဘတ္တံ ဘုဉ္ဇတိ၊ ဝတ္ထံ ပရိဒဟတိ၊ ဧတ္တာဝတာ ကာယ ဒွါရေ စောပနပတ္တံ ဟောတိ၊ သော အရညေ ဒိဝသံ ဝိစရိတွာ အန္တမသော သသဗိဠာရမတ္တမ္ပိ နလဘတိ။ ဣဒံ အကုသလံ ကာယကမ္မံနာမ ဟောတိ နဟော တီတိ၊ ကသ္မာ၊ကမ္မပထံ အပတ္တတာယ၊ ကေဝလံပန ကာယဒုစ္စရိတံနာမ ဟော တီတိ ဝေဒိတဗ္ဗံ။ ။ဟုမိန့်အပ်၏။ ။ယော၊ အကြင်သူသည်။ မိဂဝံ၊ သမင်ရှိရာ တောသို့။ ဂမိဿာမီတိ၊ သွားအံ့ဟူ၍။ ဓနုံ၊ လေးကို။ သဇ္ဇေတိ၊ စီရင်၏။ ဇိယံ၊ ညှို့ကြိုးကို။ ဝဋ္ဋေတိ၊ ကျစ်၏။ သတ္တိံ၊ လက်နက်ကို။ နိသေတိ၊ သွေး၏။ ဘတ္တံ၊ ထမင်းကို။ဘုဉ္ဇတိ၊ စား၏။ ဝတ္ထံ၊ အဝတ်ကို။ ပရိဒဟတိ၊ လဲလှယ်၍ဝတ်၏။ဧတ္တာ ဝတာ၊ဤမျှတည်းဖြင့်။ ကာယဒွါရေ၊ ကာယဒွါရ၌။ စောပနပတ္တံ၊ လှုပ်ရှားခြင်း သို့ရောက်သည်။ ဟောတိ၊ဖြစ်၏။ သော၊ ထိုသူသည်။ အရညေ၊တော၌။ ဒိဝသံ၊ တနေ့ပတ်လုံး။ ဝိစရိတွာ၊ လှည့်လည်၍။ အန္တမသော၊ ယုတ်သောအပိုင်းအခြား အားဖြင့်။ သသဗိဠာရမတ္တမ္ပိ၊ ယုန်-ကြောင်မျှကိုလည်း။ နလဘတိ၊ မရ။ ဣဒံ၊ ဤသို့ကာယဒွါရ၌ လှုပ်ရှားခြင်းသို့ ရောက်ခြင်းသည်။ အကုသလံ၊ အကုသိုလ်

ဖြစ်သော။ ကာယကမ္မံနာမ၊ ကာယကံမည်သည်။ ဟောတိ၊ ဖြစ်လေသလော။ နဟောတိ၊ မဖြစ်လေသလော။ ဣတိ၊ ဤကားအမေးတည်း။ နဟောတိ၊မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်။ နဟောတိ၊ မဖြစ်သနည်း။ ကမ္မပထံ၊ ကမ္မပထသို့။ အပတ္တတာယ၊ မရောက်သည်၏ အဖြစ်ကြောင့်။ နဟောတိ၊ မဖြစ်။ ပန၊ စင်စစ်သော်ကား။ ကေဝလံ၊ သက်သက်။ ကာယဒုစ္စရိတံနာမ၊ ကာယဒုစရိုက်မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့၊ ဝေဒိတဗ္ဗံ၊ အပ်၏။ ။(ဤကားအနက်)။ ။ ဤအဋ္ဌကထာ၌ မတွေ့ရ၍ငင်း၊မပစ်ရ၍ငင်း၊ ပစ်ရလျက်ချွတ်ယွင်း၍ငင်း မရသည်ကို နလဘတိ-ဟု ဆိုအပ်၏။ ထိုကြောင့် ချွတ်ယွင်း၍သတ္တဝါ မသေလျှင်လည်း ကာယဒုစရိုက်မျှသာဟု အဋ္ဌကထာ ဆရာပြတော်မူ၏။ အချို့သော ပုဂ္ဂိုလ်တို့ကား ချွတ်ယွင်း၍ သတ္တဝါမသေလျှင် ဗျာပါဒမနောကံဟု ဆိုကြကုန်၏။ ကာယရောက်ပြုရာ၌ မနောကံဝင်ခဲ့လျှင် ကံချင်းရောရှက်ရာသောကြောင့်ငင်း၊ ယခင်အဋ္ဌကထာနှင့် ဆန့်သောကြောင့်ငင်း ထိုစကား မသင့်သည်သာ။ ။ထို့ကြောင့် ကာယရောက်ပြုသောအရာတို့၌ မနောကံမဝင်ဟု မှတ်ရာ၏။ ကိုယ်တိုင်သွား၍သော်ငင်း၊ သူတပါးကိုစေခိုင်း၍ငင်း မိမိပယောဂဖြင့် ကာယရောက်ပြု၍ သူတပါးတို့၏ ပစ္စည်းကို ယူရာ၌ ရလျှင် အဒိန္နာဒါန် ကာယကံမည်၏။ မရလျှင် ကာယဒုစရိုက်မျှသာဖြစ်၏။ဤအဒိန္နာဒါန်အရာ၌လည်း မတွေ့၍ငင်း၊ မယူရ၍ငင်း၊ ယူရလျက် ချွတ်ယွင်းသည်ဖြစ်၍ငင်း မရသော် ကာယဒုစရိုက်မျှသာ ဖြစ်သည်။ အချို့ကားယူလျက် ချွတ်ယွင်း၍မရသော် အဘိဇ္ဈာမနောကံ ဖြစ်သောဟူ၏။ ရှေး၌ကဲ့သို့ပင် ထိုစကားကို မသင့်ဟု မှတ်အပ်၏။

ဤသို့ ပါဏာတိပါတ အဒိန္နာဒါန်တို့၏ဖြစ်သော အခြင်းအရာကို သိးသန့်မှတ်သားပြီးမှ မနောကံသုံးပါးတို့၏ ကာယဒွါရ ဝစီဒွါရ၌ဖြစ်သော အခြင်းအရာကို ဤသို့မှတ်ရာ၏။ ကိုယ်တိုင်သွား၍ငင်း၊ သူတပါးကိုစေခိုင်း၍ငင်း၊ မိမိပယောဂဖြင့် ကာယရောက်ပြု၍ ယူမည်ဟုကြံစည်ပိုင်းခြားခြင်းမရှိ၊ ဤသူတပါး၏ ပစ္စည်းသည် ငါ၏ပစ္စည်းဖြစ်ပါမူကား ကောင်းလေစွဟူ၍သာ စိတ်ဖြင့်ကြံ၍ သူတပါးပစ္စည်းကို လက်ဖြင့်ကိုင်သောအခါ အဘိဇ္ဈာမနောကံသည် ကာယဒွါရ၌ဖြစ်၏။ ကိုယ်တိုင်သွား၍ငင်း၊ သူတပါးကိုစေခိုင်း၍ငင်း မိမိ၏ ပယောဂဖြင့် သတ်မည်ဟု ကြံစည်အားထုတ်ခြင်းမရှိ။ သေစေလိုသော စိတ်ရှိသည်ဖြစ်၍ ဤသတ္တဝါတို့သည် ရိုက်နှက်ခြင်းစသော သူတပါးတို့၏ ပယောဂဖြင့် သေစေကုန်သတည်းဟု စိတ်ဖြင့်သာကြံ၍ လှံတံကိုကိုင်ခြင်း စသည်ကို ပြုသောအခါ ဗျာပါဒမနောကံသည် ကာယဒွါရ၌ဖြစ်၏။ ဗိဿကိုး ပရမိဿ စသော နတ်တို့သည် ဝဋ်မှထုတ်ဆောင်တတ်သော ဂုဏ်ရှိသည် ဖြစ်၍ မြတ်ကုန်၏ဟု မိစ္ဆာအယူဖြင့် ကြံ၍ ရှိခိုးခြင်းစသည်ကို ပြုသောအခါ မိစ္ဆာဒိဋ္ဌိမနောကံသည် ကာယ

ဒွါရ၌ဖြစ်၏။ ထိုသို့ကြံစည်၍ ပြုသောစိတ်တို့၌ပါသော စေတနာကို အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ပြဋ္ဌာန်းရကား ကာယကံဟု မခေါ်သင့်။ ။ထို့ကြောင့် အဋ္ဌသာလိနီ ဒွါရကထာ၌။ ။ယဒါပန အဘိဇ္ဈာသဟဂတေန စေတသာ ကာယင်္ဂံ စောပေန္တော ဟတ္ထဂ္ဂါဟာဒီနိ ကရောတိ။ ဗျာပါဒ သဟဂတေန စေတသာဒဏ္ဍပရာမာသာဒီနိ၊မိစ္ဆာဒိဋ္ဌိသဟဂတေန စေတသာ ခန္ဓသိဝါဒယော သေဋ္ဌာတိ တေသံ အဘိဝါဒန အဉ္ဇလိကမ္မဘူတ ပိဋ္ဌိကပရိဘဏ္ဍာဒီနိ ကရောတိ။ တဒါကမ္မံ မနောကမ္မံ ဟောတိ။ ဒွါရံ ပန ကာယဒွါရံ။ ဧဝံအကုသလံ မနောကမ္မံ ကာယဒွါရေ သမုဋ္ဌာတိ။ စေတနာပနေတ္ထ အဗ္ဗောဟာရိကာ။ ။ဟုမိန့်အပ်၏။ ။ ယဒါပန၊ အကြင် အခါ၌ကား။ အဘိဇ္ဈာသဟဂတေန၊ သူတပါး ဥစ္စာသည် ငါ၏ ဥစ္စာဖြစ်ပါမူ ကောင်းလေစွ–ဟု ရှေးရှုတတ်သော အားဖြင့် ကြံသော အဘိဇ္ဈာနှင့်တကွဖြစ်သော။စေတသာ၊စိတ်ဖြင့်။ ကာယင်္ဂံ၊ ကိုယ်အင်္ဂါကို။ စောပေန္တော၊ လှုပ်ရှားစေလျက်။ ဟတ္ထဂ္ဂါဟာဒီနိ၊ လက်ဖြင့် သူတပါးတို့၏ ဥစ္စာကို ကိုင်ခြင်း စသည်တို့ကို။ ကရောတ်၊ ပြုအံ့။ ဗျာပါဒသဟဂတေန၊ ဤ သတ္တဝါ သည်သေစေသတည်း-ဟု ပြစ်မှားသော ဒေါသနှင့် တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဒဏ္ဍပရာမာသာ ဒီနိ၊ လှံတံကိုကိုင်ခြင်း အစရှိသည် တို့ကို။ ကရောတိ၊ ပြု၏။ မိစ္ဆာဒိဋ္ဌိသဟဂတေန၊ မှားသောအားဖြင့် ရှုတတ်သော မိစ္ဆာဒိဋ္ဌိနှင့်တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ခန္ဓသိဝါဒယော၊ ဗိဿကြိုး,ပရမိဿွ စသော နတ်တို့သည်။ သေဋ္ဌာ၊မြတ်ကုန်၏။ ဣတိ၊ဤသို့။ တေသံ၊ထိုဗိဿကြိုး,ပရမိဿွ စသော နတ်တို့အား။ အဘိဝါဒန၊ ရှိခိုးခြင်း။ အဉ္ဇလိကမ္မ၊ လက်အုပ်ချီခြင်း။ ဘူတပိဋ္ဌိက၊မှုံ့ညက်ဖြင့် ပြုအပ်သော ဘုတ်ရုပ်ထားခြင်း။ ဝါ၊ နတ်တို့၏ နေရန် အင်းပျဉ်ထားခြင်း။ ပရိဘဏ္ဍာဒီနိ၊နတ်ကွန်း၌ အကျည်မြင့်ခြင်း စသည်တို့ကို။ ကရောတိ၊ ပြု၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ ကံသည်။ မနောကမ္မံ၊ မနောကံ သည်။ ဟောတိ၊ ဖြစ်၏။ ဒွါရံပန၊ ဒွါရသည်ကား။ ကာယဒွါရံ၊ ကာယဒွါရ တည်း။ ဧဝံ၊ ဤသို့။အကုသလံ၊ အကုသိုလ် ဖြစ်သော။ မနောကမ္မံ၊ မနောကံ သည်။ကာယဒွါရေ၊ကာယဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤအရာ၌။ စေ တနာပန၊ စေတနာသည်ကား။ အဗ္ဗော ဟာရိကာ၊ ကာယကံဟု မခေါ်ဝေါ် လောက်။ ။(ဤကားအနက်)

ယခင်နည်းကာယရောက်ပြုအံ့-ဟု မကြံမူ၍ ဤသူတပါး၏ ဥစ္စာသည် ငါ ၏ဥစ္စာဖြစ်ပါမူ ကောင်းလေစွ-ဟု စိတ်ဖြင့်ကြံလျက် ဤသူတပါး၏ ဥစ္စာသည် ငါ၏ဥစ္စာဖြစ်ပါမူ ကောင်းလေစွဟူ၍ နှုတ်ဖြင့် မြွက်ဆိုသောအခါ အဘိဇ္ဈာ မနောကံသည် ဝစီဒွါရ၌ဖြစ်၏။ ယခင်နည်း ကာယ ရောက်ပြုအံ့-ဟု မကြံမူ၍ သေစေလိုသော စိတ်ဖြင့် ဤသတ္တဝါ တို့သည် သူတပါးတို့၏ ပယောဂဖြင့်

သေစေသတည်း- ဟု စိတ်ဖြင့် ကြံလျက် ဤသတ္တဝါတို့ကို သတ်အပ်စေကုန်၊ နှောင်ဖွဲ့အပ်စေကုန်၊ သေစေကုန်-ဟူ၍ နှုတ်မြွက်၍ ဆိုသောအခါ ဗျာပါဒ မနောကံသည် ဝစီဒွါရ၌ ဖြစ်၏။ မိစ္ဆာအယူနှင့် တကွဖြစ်သော စိတ်ဖြင့် ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးမရှိ၊ ပူဇော်ခြင်းသည် အကျိုးမရှိ- စသည်ဖြင့် နှုတ်မြွက်၍ ဆိုသောအခါ မိစ္ဆာဒိဋ္ဌိ မနောကံသည် ဝစီဒွါရ၌ဖြစ်၏။ ထိုသို့ကြံစည်၍ဆိုသော စိတ်တို့၌ ပါသော စေတနာကို အဘိဇ္ဈာ- ဗျာပါဒ- မိစ္ဆာဒိဋ္ဌိ ပြဋ္ဌာန်းရကား ဝစီကံဟူ၍ မခေါ်သင့်။ ။ထို့ကြောင့် ရင်းအဋ္ဌကထာ၌။ ။ ယဒါပန အဘိဇ္ဈာသဟဂတေန စေတသာ ဝါစင်္ဂံ စောပေန္တော အဟောဝတ ယံ ပရဿ၊ တံ မမဿာတိ ပရဝိတ္တူပကရဏံ အဘိဇ္ဈာယတိ။ ဗျာပါဒသဟဂတေန စေတသာ ဣမေ သတ္တာ ဟညန္တု ဝါ ဗဇ္ဈန္တု ဝါ ဥစ္ဆိဇ္ဇန္တု ဝါ မာဝါ အဟေသုန္တိ ဝဒတိ။ မိစ္ဆာဒိဋ္ဌိသဟဂတေန စေတသာ နတ္ထိဒိန္နံ နတ္ထိယိဋ္ဌန္တိ အာဒီနိ ဝဒတိ။ တဒါကမ္မံ မနောကမ္မံ ဟောတိ။ ဒွါရံပန ဝစီဒွါရံ။ ဧဝံ အကုသလံ မနောကမ္မံ ဝစီဒွါရေ သမုဋ္ဌာတိ။ စေတနာပနအဗ္ဗောဟာရိကာ။ ။ဟုမိန့်အပ်ပြီ။ ။ယဒါပန၊ အကြင်အခါ၌ကား။ အဘိဇ္ဈာသဟဂတေန၊ သူတပါးတို့၏ စည်းစိမ်ကို ရှေးရှုတတ်သော အားဖြင့် ကြံစည်တတ်သော အဘိဇ္ဈာနှင့် တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဝါစင်္ဂံ၊နှုတ်အင်္ဂါကို။ စောပေန္တော၊လှုပ်ရှားစေသည်ဖြစ်၍။ ပရဿ၊ သူတပါး၏။ ယံသန္တကံ၊ အကြင် ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံသန္တကံ၊ထိုသူတပါး၏ဥစ္စာသည်။မမ၊ ငါ့အား။ အဿ၊ ဖြစ်ပါမူကား။ အဟောဝတ၊ ကြည်တောင်းလေစွ။ ဣတိ၊ ဤသို့။ ပရဝိတ္တူပကရဏံ၊ သူတပါး၏ ဥစ္စာ အဆောက်အဦကို။ အဘိဇ္ဈာယတိ၊ ရှေးရှုတပ်သော အားဖြင့် ကြံ၏။ ဗျာပါဒသဟဂတေန၊ စီးပွါးချမ်းသာကို ပျက်စီးစေတတ်သောဒေါသနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဣမေသတ္တာ၊ ဤသတ္တဝါတို့ကို။ ဟညန္တုဝါ၊ သတ်မူလည်း သတ်အပ်စေကုန်။ ဗဇ္ဈန္တုဝါ၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့ အပ်စေကုန်။ ဥစ္ဆိဇ္ဇန္တုဝါ၊ ဖြတ်မူလည်း ဖြတ်အပ်စေကုန်။ မာဝါအဟေသုံ၊ မရှိသည်မူလည်း ဖြစ်စေကုန်။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ မိစ္ဆာဒိဋ္ဌိသဟဂတေန၊မိစ္ဆာဒိဋ္ဌိနှင့်တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဒိန္နံ၊ လှူကြောင်း စေတနာ၏အကျိုးသည်။ နတ္ထိ၊ မရှိ။ ယိဋ္ဌံ၊ ပူဇော်ကြောင်းစေတနာ၏ အကျိုးသည်။နတ္ထိ၊ မရှိ။ဣတိအာဒီနိ၊ ဤသို့ အစရှိသည်တို့ကို။ ဝဒတိ၊ ဆို၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ ကံသည်။ မနောကမ္မံ၊ မနောကံသည်။ ဟောတိ၊ ဖြစ်၏။ ဒွါရံပန၊ ဒွါရသည်ကား။ ဝစီဒွါရံ၊ ဝစီဒွါရသည်။ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ မနောကမ္မံ၊ မနောကံသည်။ဝစီဒွါရေ၊ ဝစီဒွါရ၌။သမုဋ္ဌာတိ၊ ၏။ ထွေ၊ ဤသို့ကြံစည်၍ ဆိုရာ၌။ စေတနာပန၊ စေတနာ သည်ကား။ အဗ္ဗောဟာရိကာ၊ ဝစီကံဟု မခေါ်ဝေါ်လောက်။ ။(ဤကားအနက်)

(ဖြည်ကြီးမဖျိုင်)

ကိုယ်အင်္ဂါ-နှုတ်အင်္ဂါတို့ကို မလှုပ်ရှားစေမူ၍ သူတပါး၏ ဥစ္စာသည် ငါ၏ ဥစ္စာဖြစ်ပါမူ ကောင်းလေစွ-ဟူ၍ငင်း၊သေစေလိုသောစိတ်ဖြင့် ဤသူသည် သေပါစေသတည်း ဟူ၍ငင်း၊ ပေးကမ်းခြင်း လှူဒါန်းခြင်း၏အကျိုး မရှိဟူ၍ငင်း စိတ်ဖြင့်သာ ကြံသောအခါ မနောကံသည် မနောဒွါရ၌ဖြစ်၏။ ။ထို့ကြောင့် ဌင်းအဋ္ဌကထာ၌။ ။ယဒါပန ကာယင်္ဂဝါစင်္ဂါနိ အစာလေတွာ ရဟော နိသိန္နော အဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိ သဟဂတာနိ စိတ္တာနိ ဥပ္ပါဒေတိ။ တဒါ ကံမ္မံ မနောကမ္မံ၊ ဒွါရံပိ မနောဒွါရမေဝ။ ။ဟု မိန့်အပ်၏။ ။ယဒါပန၊ အကြင်အခါ၌ကား။ကာယင်္ဂ ဝါစင်္ဂါနိ၊ ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့ကို။အစာလေတွာ၊ မလှုပ်ရှားစေမူ၍။ ရဟော၊ ဆိတ်ငြိမ်ရာအရပ်၌။ နိသိန္နော၊ နေလျက်။ အဘိဇ္ဈာ ဗျာပါဒမိစ္ဆာဒိဋ္ဌိသဟဂတာနိ၊ အဘိဇ္ဈာ-ဗျာပါဒ-မိစ္ဆာဒိဋ္ဌိနှင့် တကွ ဖြစ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ကံသည်။ မနောကမ္မံ၊ မနော ကံသည်။ ဟောတိ၊ ဖြစ်၏။ ဒွါရံပိ၊ ဒွါရ သည်လည်း။ မနောဒွါရမေဝ၊ မနောဒွါရသာတည်း။ ။(ဤကားအနက်)။ ။ သေစေလိုသောစိတ်ဖြင့် သေစေသတည်းဟု-ဆိုသောအခါ ဗျာပါဒ' မနောကံ သည် ဝစီဒွါရ၌ဖြစ်၏။ သေစေလိုသောစိတ်မရှိဘဲ ဒေါသအလျောက် သေစေ သတည်း–ဟုဆိုသော အခါ ဖရုသဝါစာမည်၏။ ။ထို့ကြောင့် အနုဋီကာ၌။ ။ဒုဋ္ဌစိတ္တဿ နမရဏာဓိပ္ပါယဿ ဖရုသကာယဝါစာ သမုဋ္ဌာပိကာ စေတနာ ဖရုသဝါစာနာမ၊ မရဏာဓိပ္ပါယေပန သတိ အတ္ထသိဒ္ဓိ တဒဘာဝေသု ပါဏာတိပါတာ ဗျာပါဒစ ဟောန္တိ။ ။ဟု မိန့်အပ်၏။ ။ဒုဋ္ဌစိတ္တဿ၊ ပြစ်မှားသောစိတ်ရှိသော။ နမရဏာ မိပ္ပါယဿ၊ သေစေခြင်းငှါ အလို မရှိသော သူ၏။ ဖရုသကာယဝါစာ သမုဋ္ဌာပိကာ၊ ကြမ်းကြုတ်သော ကိုယ်,နှုတ်ကို ဖြစ်စေတတ်သော။ စေတနာ၊ စေတနာသည်။ ဖရုသ ဝါစာနာမ၊ ဖရုသဝါစာ မည်၏။ မရဏာဓိပ္ပါယေ၊ သေစေခြင်းငှါအလိုရှိသည်။သတိပန၊ ရှိသော်ကား။ အတ္ထသိဒ္ဓိတဒဘာဝေသု၊ သတ္တဝါသေခြင်းဟူသော အကျိုးပြီးခြင်း၊ သတ္တဝါ မသေခြင်းဟူသောအကျိုးမပြီးခြင်းတို့၌။ ယထာက္ကမံ၊ အစဉ်အတိုင်း၊ပါဏာတိ ပါတာဗျာပါဒါစ၊ ပါဏာတိပါတ ဗျာပါဒတို့ သည်လည်း။ ဟောန္တိ၊ဖြစ်ကုန် ၏။ ။(ဤကားအနက်)

ဤသို့အနုဋီကာတွင် သတ္တဝါသေသော် ပါဏာတိပါတဟူရာ၌ သတ်လော ဟုစေခိုင်း၍ သတ္တဝါသေသည်ကိုယူ၊ မသေသော် ဗျာပါဒဟူရာ၌ သေစေလို သောစိတ်ဖြင့် သေစေ သတည်းဟု ဆိုသောအခါ သတ္တဝါမူကား မသေ၊ ဗျာပါဒဖြစ်၏ဟုယူ။ သတ်လောဟု–ကာယရောက်ပြုစေလို၍ စေခိုင်းရာ၌ ချွတ် ယွင်းသောကြောင့် မသေသည့်လို မယူသင့်။ အဘဲ့ကြောင့်နည်းဟူမူ ကာယ

ရောက်ပြုစေ၍ ချွတ်ယွင်းရာ၌ ဗျာပါဒ မမည်။ ဝစီဒုစရိုက်မျှသာ ဖြစ်သော ကြောင့်တည်းဟူပေ။ ။ပွါးစီးစေခြင်းငှါ ဆုံးမသည်ကို နားမထောင်၍ မိဘ စသည်တို့သည် ကျွဲခတ်၍သေစေသတည်း-ဟု ဆဲရေးသော်လည်း ဖရုသ ဝါစာ မဖြစ်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဝေံ မ မဇ္ဇေဒကောပိ ပယောဂေါ စိတ္တသဏှတာယ ဖရုသဝါစာ နဟောတိ။ ။ဟုမိန့်အပ်၏။ ။ဝေံ၊ ဤသို့ ဆို အပ်ပြီးသော နည်းဖြင့်။ ပယောဂေါ၊ ကာယပယောဂ ဝစီပယောဂသည်။ မမစ္ဆေဒကောပိ၊ ချစ်ခြင်းကို ဖျက်ဆီးတတ်သည်ဖြစ်၍ ကြမ်းကြုတ်ငြား သော် လည်း။ စိတ္တသဏှတာယ၊ စိတ်နူးညံ့သည်၏အဖြစ်ကြောင့်။ဖရုသဝါစာ၊ ဖရုသ ဝါစာသည်။ နဟောတိ၊ မဖြစ်။ ။(ဤကားအနက်)

မနောကံ ဒွါရသုံးပါးတို့၌ ဖြစ်သည်ကို ပြကြောင်း ဝိနိစ္ဆယပြီး၏။

---

(၈) တဏှာ ဒုဝိဓာ ကုသလာပိ အကုသလာပီတိ။ တာသု အကု သလာ သံသာရဂါမိနီ ဟောတိ၊ကုသလာ အပစယဂါမိနီဟောတိ၊သာ ပဟာနတဏှာ။ ။(နေတ္တိပါဠိတော်ဝိစယာဟာရသမ္ပါတဝိဘင်း)။ ။ ၎င်းပါဠိတော်၌ တဏှာကုသိုလ်မည်ခြင်း၏ အကြောင်း ၎င်းတဏှာကို သမုဒယသစ္စာဟူသင့် မဟူသင့်ကြောင်းကို သိလိုပါသည် လျှောက်ထား ရာ၌--အဆုံးအဖြတ်ကို ဤသို့သိမှတ်ရာ၏။

တဏှာ၊ တဏှာသည်။ ကုသလာပိ၊ အပြစ်ကင်းသော ကောင်းသောတရား ကို ရည်ရော်၍ဖြစ်ခြင်းကြောင့် ကုသလမည်သော တဏှာ၎င်း။ အကုသလာပိ၊ အပြစ်နှင့်တကွဖြစ်သော မကောင်းသော တရားကို ရည်ရော်၍ဖြစ်ခြင်းကြောင့် အကုသလမည်သော တဏှာ၎င်း။ ဣတိ ဣမိနာ ဝဘေဒေန၊ ဤသို့သောအပြား အားဖြင့်။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တာသု၊ ထိုနှစ်ပါး သော တဏှာတို့တွင်။ အကုသလာ၊ အကုသလမည်သော တဏှာသည်။ သံသာရ ဂါမိနီ၊စုတိ ပဋိသန္ဓေ တည်းဟူသော ဘဝစကြာ သံသရာသို့ ရောက်စေ တတ် သည်။ ဟောတိ၊ ဖြစ်၏။ ကုသလာ၊ ကုသလမည်သော တဏှာသည်။ အပစယ ဂါမိနီ၊ စုတိ ပဋိသန္ဓေတည်းဟူသော ဘဝစကြာ သံသရာမှ ကင်းရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သည်။ဟောတိ၊ ဖြစ်၏။ သာတဏှာ၊ ထိုကုသလ မည် သော နိဗ္ဗာန်သို့ ရောက်စေတတ်သော တဏှာဟူသည်။ ကတမာ၊ အဘယ်နည်း။ (ထည့်) ပဟာနတဏှာ၊ အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန် စသော အား ဖြင့် ပယ်တတ်သော ကုသိုလ်ကံတရား၏ အကြောင်းဖြစ်သော တဏှာတည်း။ ။ (ဤသို့အနက်သမ္ဗန်)

ဤပါဠိတော်၌ အနဝဇ္ဇဖြစ်သော မဂ်ဖိုလ်ကို နာမလေသာ အရိပ် အယောင် အတုအားဖြင့် အာရုံပြု၍ဖြစ်ရကား ပရိယာယ်အားဖြင့် တဏှာကို ကုသလဟု ဆိုသည်။ အပစယဂါမိဖြစ်သော မဂ်၏အကြောင်း ဖြစ်ရကား တဏှာကို ပရိယာယ်အားဖြင့် အပစယ ဂါမိ ဟု ဆိုသည်။ သေဝိတဗ္ဗ ဖြစ်သော မဂ်, ဖိုလ်၏ အကြောင်းဖြစ်ရကား တဏှာကို ပရိယာယ်အားဖြင့် သေဝိတဗ္ဗဟု ဆိုသည်။ ။ ထို့ကြောင့် ဋီကာအဋ္ဌကထာ၌။ ။တတ္ထ ကုသလာတိ ကုသလာရမ္မဏာ။ ။ဟူ၍ငင်း။ ။အပစယံ နိဗ္ဗာနံ ဂမေတီတိ အပစယဂါမိနီ။ ကထံပန တဏှာ အပစယ ဂါမိနီတိ အာဟ ပဟာနတဏှာတိ။ တဒင်္ဂါဒိပဟာနဿ ဟေတုဘူတာ တဏှာ။ ကထံပန ဧကန္တသာဝဇ္ဇာယ တဏှာယ ကုသလဘာဝေါတိ သေဝိတဗ္ဗဘာဝေါတာ။ ။ဟူ၍ငင်း။ ။ထို၏ အဘွင့် ဋီကာ ဟောင်း၌။ ။ကုသလာ ရမ္မဏာတိ ကုသလေ ဓမ္မေ ဥဒ္ဒိဿ ပဝတ္တိမတ္တံ သန္ဓာယ ဝုတ္တံ၊န တေသံ အာရမ္မဏပစ္စယတံ။ ဣဓ ကုသလာဓမ္မာတိ လောကုတ္တရဓမ္မာနံ အဓိပ္ပေတတ္တာ၊ နဟိ ကဒါစိ အနုပါဒါနိယာ ဓမ္မာ ဥပါဒါနာရမ္မဏာ။ ။ဟူ၍ငင်း မိန့်အပ်၏။ ။တတ္ထ၊ ထိုကုသလာ-စသော စကားရပ်၌။ ကုသလာတိ၊ ကုသလာဟူသည်ကား။ ကုသလာရမ္မဏာ၊ အနဝဇ္ဇဖြစ်သော မဂ်,ဖိုလ်, နိဗ္ဗာန် ရည်သန်ရှေးရှုလျက် အတုအယောင်ဖြစ်သော အခြင်းအရာကို အာရုံပြု၍ ဖြစ်သော တဏှာတည်း။ ။ယာတဏှာ၊ အကြင်တဏှာသည်။ အပစယံ၊ စုတိ ပဋိသန္ဓေ ဟုဆိုအပ်သော သံသရာစက်ကို ဖျက်ဆီးတတ်သော။ ဝါ၊ ဖျက်ဆီးကြောင်း ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂမေတိ၊ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ရောက်စေတတ်သော သတ္တိကြောင့်။ သာတဏှာ၊ ထိုဘဏှာသည်။ အပစယဂါမိနီ၊ အပစယဂါမိနီ မည်၏။ ကထံပန၊ အဘယ်သို့လျှင်။ တဏှာ၊ တဏှာသည်။ အပစယ ဂါမိနီ၊ စုတိ, ပဋိသန္ဓေဟု ဆိုအပ်သော သံသရာကို ဖျက်ဆီး တတ်သော ဖျက်ဆီးကြောင်း ဖြစ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သည်။ ဟောတိ၊ ဖြစ်လေသနည်း။၊ ဣတိ စောဒနံ၊ ဤသို့သော စောဒနာစကားကို။ မနသိကရိတွာ၊ နှလုံးသွင်းတော်မူ၍။ ပဟာန တဏှာတိ၊ ပဟာန တဏှာဟူ၍။ထေရော၊ အရှင်မဟာကစ္စည်း မထေရ်သည်။ အာဟ၊ မိန့်ဆိုတော်မူ၏။ တဒင်္ဂါဒိပဟာနဿ၊ တဒင်္ဂပဟာန် အစရှိသောအားဖြင့် အကုသိုလ်တရားကို ပယ်တတ်သော ကုသိုလ်တရား၏။ ဟေတုဘူကာ၊ ပကတူပနိဿယ အကြောင်းဖြစ်၍ ဖြစ်သော။ တဏှာ၊ တဏှာသည်။ ပဟာနတဏှာ၊ ပဟာန တဏှာမည်၏။ ပန၊ ပုစ္ဆာကို ဆိုဦးအံ့။ ကထံ၊ အဘယ်သို့လျှင်။ ဝါ၊ အဘယ် အကြောင်းကြောင့်။ ဧကန္တသာဝဇ္ဇာယ၊ စင်စစ်အပြစ်နှင့်တကွ ဖြစ်သော မကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာရှိသော။ တဏှာယ၊ တဏှာ၏။ ကုသလဘာဝေါ၊ အပြစ်မရှိ စင်ကြယ်သော ကုသလမည်သည်။ ဟောတိ၊ ဖြစ်လေသနည်း။ဣတိအယံ၊ ဤသည်

တဿ၊ ထိုမိတ္တာဉာဏ်ဟု ဆိုအပ်သောတရား၏။ ဉာဏတ္တံ၊ ဉာဏ်၏အဖြစ်ကို။ ပဋိက္ခိပိတုံ၊ ပယ်ခြင်းငှါ။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တာ၊ မိန့်ဆိုတော်မူအပ်၏။ ။(ဤကား ဂဏ္ဌိပုဒ်၏အနက်)။ ။မိတ္တာဉာဏီ တိတ္တေ၊ မိတ္တာဉာဏီ- ဟူသော ဤပါဠိ၌။ မိတ္တာဉာဏန္တိ၊ မိတ္တာဉာဏ် ဟူသည်ကား။ ပါပကိရိယာသု၊ မကောင်းမှုကိုပြုခြင်းတို့၌။ ဥပါယစိန္တာဝသေန၊ အကြောင်းကိုကြံစည် သည်၏အစွမ်းဖြင့်ဝင်း။ ပါပံ၊ မကောင်းမှုကို။ ကတွာ၊ ပြုပြီး၍။ မယာ ငါသည်။ သုကတံ၊ ကောင်းစွာပြုအပ်ပြီ။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခဏာ ကာရေနေန၊ ဆင်ခြင်သော အခြင်းအရာအားဖြင့်ဝင်း။ ဥပ္ပန္နော၊ ဖြစ်သော။ မောဟော၊ မောဟတည်း။ ဝါ၊ မောဟသည်၊ မိတ္တာဉာဏန္တိ- မိတ္တာဉာဏံနာမ၊ မိတ္တာဉာဏ်မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တေန၊ ထိုမိတ္တာဉာဏ်နှင့်။ သမန္နာဂတော ပြည့်စုံသောသူသည်။ မိတ္တာဉာဏီ၊ မိတ္တာဉာဏီမည်၏။ ။(ဤကား မူလပဏ္ဏာသအဋ္ဌကထာ၏အနက်)

သမ္မောဟဝိနောဒနီ အဋ္ဌကထာ ခုဒ္ဒကဝတ္ထုက ဝိဘင်း ဒသကဲနိဒ္ဒေသ၏ အဘွင့်၌လည်း နည်းတူပင်လာ၏။ ။ယခုအခါ ဇာတ်ပုံရေးသားသောသူကို ပညာရှိဟု ခေါ်ဆိုရာ၌လည်း နည်းတူပင် မှတ်ရမည်။ ။ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ ခုဒ္ဒကဝတ္ထုကဝိဘင်း ဧကကအဘွင့်၌။ ။ပါပကံ ပဋိဘာနံနာမ ဒုဗ္ဘာသိတယုတ္တံ ကဗ္ဗနာဋကဝိလပ္ပနာဒိ ပဋိဘာနံ။ ။ဟူ၍ မိန့်အပ်ပြီ။ ။ပါပကံ၊ ယုတ်မာသော။ ဝါ၊ မကောင်းသော။ ပဋိဘာနံနာမ၊ ဉာဏ်ပညာမည်သည်ကား။ ဒုဗ္ဘာသိတယုတ္တံ၊ မကောင်းသဖြင့်ဆိုအပ်သောစကားနှင့်ယှဉ်သော။ ဝါ၊ မကောင်းမှုဖြစ်သော စကားနှင့် ယှဉ်သော။ ကဗ္ဗနာဋကဝိလပ္ပနာဒိ ပဋိဘာနံ၊ မိန်းမယောကျ်ားတို့၏ သင့်တင့်လျောက်ပတ်ကောင်းမြတ်သောမြတ်နိုးခြင်း၊ မသင့်တင့် မလျောက်ပတ်သောမြတ်နိုးခြင်း စသည်ကို ပြဆိုကြောင်းဖြစ်သော ပျို့-ကဗျာ-လင်္ကာစီကုံးခြင်း ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ကို ပြဆိုရာဖြစ်သော ဇာတ်ပုံရေးသားခြင်းတို့၌ အထူးသဖြင့် သင့်တင့်ညီညွတ်လွတ်လွတ်သန့်ရှင်းစွာ ဆိုနိုင်ခြင်း စသည်ကို ပြီးစေတတ်သော ပညာဟု ဆိုအပ်သောမောဟတည်း။ ဝါ၊ သည်။ပါပကံ၊ မကောင်းသော။ ပဋိဘာနံနာမ၊ ပဋိဘာန်မည်၏။ ။(ဤကားအနက်)။ ။"သူ့သက်အပှန်၊ သေကြောင်းကြံ၊ ဉာဏ်ဟု ဘယ်ကြောင့်ခေါ်သနည်း"ဟူသော ပုစ္ဆာကို ဖြေဆိုသော စွယ်စုံကျော်ထင် ဆရာတော်ကား– သတ်သောခဏ၌ အကုသိုလ်စိတ် ဖြစ်သော်လည်း ရှေးအဘို့ ကြံစည်သော အခါ၌ ဉာဏ်ဖြစ်သည်ကိုရည်၍ ပဏ္ဍိတော-ဟု ချီးမွမ်းသည်ဟူ၏။ သေကြောင်းကြံစည်ခြင်းသည် မသင့်သောနှလုံးသွင်းခြင်းဖြစ်၍ အကုသိုလ်စိတ် မဖြစ်နိုင်ရကား။ ။ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ

ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။ ။စသော ပါဠိတော်နှင့် ဆန့်သကဲ့သို့ ရှိသောကြောင့် သင့်ရိပ်မထင်။

သူ့အသက်ကိုသတ်လျက် ဉာဏ်ဟုဆိုသည်ကိုပြကြောင်း

ဝိနိစ္ဆယကားပြီး၏။

---

(၁၀) ဒုစရိုက်ကို ပြုသောအခါ၌ သိခြင်းသည် သညာ-ဝိညာဉ်-ပညာတို့တွင် အဘယ်ဖြင့် သိသနည်း၊ အဆုံးအဖြတ်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ဒုစရိုက်ပြုရာ၌သိခြင်းသည် အဖြူ,အနီ စသည်ကိုသိခြင်း၊ မည်းကဲ့သို့ သတ်မှ ဤသတ္တဝါသေမည် စသည်ဖြင့် သေကြောင်းအမှတ် စသည်ကို သိခြင်းဟူ၍ သိပုံအခြင်းအရာနှစ်မျိုးရှိသည်။ ၎င်းနှစ်မျိုးတို့တွင် သေကြောင်းအမှတ်စသည်ကို သိသောအခါ သညာဖြင့်သိသည်။ ၎င်းအမှတ်ကိုသိခြင်းမှ ကြွင်းသော အဖြူ, အနီ စသည်ကို သိသောအခါ ဝိညာဉ်ဖြင့်သိသည်ဟုမှတ်ရာ၏။ ။ဉာဏဝိပ္ပယုတ္တ သညာယစေတ္တ အာကာရဂ္ဂဟဏဝသေန ဥပ္ပဇ္ဇနကာလေ ဝိညာဏံ အဗ္ဗောဟာရိကံ၊ သေသကာလေ ဗလဝံ၊ ဉာဏသမ္ပယုတ္တာပန ဥဘောပိ တဒနုဂတိကာ ဟောန္တိ။ ။ဟူ၍ မိန့်အပ်သော ဋီကာကျော်ကိုထောက်ပါ။ ။စ၊ ဆက်၍ဆိုဦးအံ့။ တွေ၊ ဤသညာ-ဝိညာဉ်-ပညာ တရားသုံးပါးတို့တွင်။ ဉာဏဝိပ္ပယုတ္တ သညာယ၊ ဉာဏဝိပ္ပယုတ် ဖြစ်သော သညာ၏။ အာကာရဂ္ဂဟဏဝသေန၊ သိကြောင်း မှတ်ကြောင်းဖြစ်သော အခြင်းအရာကိုယူသည်၏ အစွမ်းဖြင့်။ ဥပ္ပဇ္ဇနကာလေ၊ ဖြစ်သောအခါ၌။ ဝိညာဏံ၊ ဝိညာဉ်သည်။ အဗ္ဗောဟာရိကံ၊ သိသည်ဟူ၍ မခေါ်ဝေါ်လောက်သည်။ ဟောတိ၊ ဖြစ်၏။ သေသကာလေ၊ သိကြောင်းမှတ်ကြောင်းဖြစ်သော အခြင်းအရာကိုယူ၍ သိသည်မှကြွင်းသော အဖြူ, အနီစသည်ကို သိသောအခါ၌။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဗလဝံ၊ အားရှိသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ သညာဝိညာဉ်တို့၏ အသီးအသီး ပြဋ္ဌာန်း၍ ဖြစ်သော အခါမှတပါး မပြဋ္ဌာန်းဘဲဖြစ်သည်ကို ဆိုဦးအံ့။ ဉာဏသမ္ပယုတ္တာ၊ ဉာဏ်နှင့် ယှဉ်ကုန်သည်ရှိသော်။ ဥဘောပိ၊ နှစ်ပါးကုန်သော သညာ-ဝိညာဉ်တို့သည်လည်း။ တဒနုဂတိကာ၊ ထိုဉာဏ်သို့ အတုလိုက်ကြကုန်သည်ဖြစ်၍ ဉာဏ်၏အသွား ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ (ဤကားအနက်)

ဒုစရိုက်ကိုပြုသောအခါ၌ ဉာဏ်ဖြင့်သိခြင်းကို အလျဉ်းပင်မယူအပ်။ ဉာဏ်ထိုလျှင် ထိုးထွင်း၍ကြံနိုင်၏။ [ဣဏ္ဍလကေသိဝတ္ထုနည်းပင်မှတ်လေ။] ဣဋ္ဌာရုံဖြစ်

သော်လည်း အလှူပေးအံ့- ဟူ၍ မှတ်ခြင်း စိတ်ညွတ်ခြင်း အဘန်ဘန်ဖြစ်ခြင်း၏ အစွမ်းဖြင့် ကုသိုလ်သာဖြစ်ကြောင်း၊ လောဘကားမဖြစ်ကြောင်းကိုပြသော။ ။ ဣဋ္ဌာရမ္မဏံ လောဘဿ ဝတ္ထု၊ ကထံ တေ စိတ္တံ ကုသလံနာမ ဇာတန္တိ။ နိယမိတဝသေန ပရိဏာမိတဝသေန သမုဒါစာရဝသေန အာဘုဇိတ ဝသေနာတိ။ ။ စသော အဋ္ဌသာလိနီကို ထောက်၍ အကုသိုလ်ကို ပြုအံ့-ဟူ၍ အားထုတ်ရာ၌ အကုသိုလ်ပြုအံ့ဟူ၍မှတ်ခြင်း စိတ်ညွတ်ခြင်း အဘန်ဘန်ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဘယ်ဝတ္ထုကိုပင် အာရုံပြုသည်ဖြစ်စေ အကုသိုလ်ဇောချည့်ပင် ဖြစ်သည်ဟု မှတ်ရမည်။ ။ဣဋ္ဌာရမ္မဏံ၊ ဣဋ္ဌာရုံသည်။ လောဘဿ၊ လောဘ၏။ ဝတ္ထု၊ အကြောင်းတည်း။ ကထံ၊ အဘယ်သို့လျှင်။ ဝါ၊ အဘယ်သို့သော အကြောင်းဖြင့်။ တေစိတ္တံ၊ ထိုဣဋ္ဌာရုံကို အာရုံပြုသောစိတ်သည်။ ကုသလံနာမ၊ ကုသိုလ်မည်သည်။ ဇာတံ၊ ဖြစ်လေသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ နိယမိတဝသေန၊ ကုသိုလ်ကိုပြုအံ့ဟူ၍ မှတ်သည်၏ အစွမ်းဖြင့်ငင်း။ ပရိဏာမိတဝသေန၊ ကုသိုလ်ကိုပြုခြင်းငှါ စိတ်ညွတ်သည်၏ အစွမ်းဖြင့်ငင်း။ သမုဒါစာရဝသေန၊ အဘန်ဘန် အထပ်ထပ် မပြတ်ဖြစ်သည်၏ အစွမ်းဖြင့်ငင်း။ အာဘုဇိတဝသေန၊ နှလုံးသွင်းသည်၏ အစွမ်းဖြင့်ငင်း။ ဣတိဣမိနာ ကာရဏေန၊ ဤသို့သောအကြောင်းကြောင့်။ ကုသလံနာမ၊ ကုသိုလ်မည်သည်။ ဇာတံ၊ ဖြစ်၏။ ဣတိအယံ၊ ကား။ ဝိဿဇ္ဇနာ၊ အဖြေတည်း။ (ဤကားအနက်)

အကုသိုလ်ကိုပြုသောအခါ သိခြင်းကိုပြကြောင်း

ဝိနိစ္ဆယကားပြီး၏။

---

(၁၁) ခိုးသူလက်သို့ ရောက်သောဝတ္ထုကို စောရဿ ဒေမ-ဟု ဆိုသော် ဒါနဖြစ်မည်,မဖြစ်မည်ကို သိလိုပါသည်လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ခိုးသူခိုးရာ၌ ဥစ္စာရှင်သည် ငါသည် ဤခိုးသူတို့ယူသွားသော ပစ္စည်းများကို ထောက်လှမ်းစုံစမ်းရှာဖွေ၍ ယူဦးမည်ဟူ၍ အာလယရှိသေးလျှင် ငင်းပစ္စည်းများသည် ခိုးသူ၏ လက်သို့ ရောက်၍ပင် နေငြားသော်လည်း ဥစ္စာရှင်က ငါမရှာ- မယူတော့ပြီဟူ၍ ဝန်မချသေး။ ရှာဦးမည်- ယူဦးမည်ဟူ၍အာလယ ရှိသေးရကား ဥစ္စာရှင်၏ ပစ္စည်း၏ အဖြစ်မှ မလွတ်သေး၊ ဥစ္စာရှင်၏ ပစ္စည်းပင် ဖြစ်တုံးရှိသေးသည်။ဥစ္စာရှင်က ငင်းခိုးသူတို့ ယူသွားသော ပစ္စည်းများကို လိုက်လံရှာဖွေ၍ မယူလိုပြီဟု ဝန်ချသောအခါမှ ဥစ္စာရှင်၏ ပစ္စည်း၏အဖြစ်မှ လွတ်၍

(ဖြည့်ကြီးမဏ္ဍိုင်)

ခိုးသူ၏ ပစ္စည်းသက်သက် ဖြစ်နိုင်သည်။ ထိုဖြစ်၍ ဥစ္စာရှင် ဖြစ်သော မိမိက အာလယ မပြတ်သေးသော ခိုးသူ ယူသွားသောပစ္စည်းများကို စောရဿ ဒေမ-ဟုဆို၍ လှူလျှင် ဒါနမြောက်ကြောင်း၊ အာလယကင်းပြတ်ပြီးသော နိရာလယ ပစ္စည်းများကို ဤကဲ့သို့ဆို၍လှူလျှင် ဒါနမမြောက်ကြောင်းကို မှတ်ရာ၏။ ။ အထောက်ကား ဥစ္စာရှင်တို့က အာလယ မပြတ်သေးသော ခိုးသူ တို့ကလည်း ထွက်ပြေးရာ၌ စွန့်ပစ်၍ ထားခဲ့သော ပစ္စည်းများကို ရဟန်းခိုးလျှင် ပါရာဇိက ကျကြောင်း လာသော။ ။သတ္တသု အမ္ဗစောရကာဒိဝတ္ထူသု ပံသုကူလ သညာယ ဂဟဏေ အနာပတ္တိ။ အာဟရာပေန္တေသု ဘဏ္ဍဒေယျံ။ ထေယျ စိတ္တေန ပရိဘောဂေ ပါရာဇိကံ။ တတြာယံ ဝိနိစ္ဆယော၊ သာမိကာပိ သာလ ယာ၊ စောရာပိ သာလယာ၊ ပံသုကူလသညာယ ခါဒန္တဿ ဘဏ္ဍဒေယျံ။ ထေ ယျစိတ္တေန ဂဏှတော ဥဒ္ဓါရေယေဝ အဝဟာရော။ ဘဏ္ဍံ အဂ္ဃါပေတဗ္ဗာ ကာ ရေတဗ္ဗော၊ သာမိကာ သာလယာ၊ စောရာ နိရာလယာ၊ ဧသေဝ နယော။ သာမိကာနိရာလယာ၊ စောရာ သာလယာ၊ ပုန ဂဏှိဿာမာတိ ကိသ္မိဉ္စိဒေဝ ဂဟနဋ္ဌာနေ ခိပိတ္ဗာ ဂတာ၊ ဧသေဝ နယော။ ဥဘောပိ နိရာလယာ၊ ပံသုကူလ သညာယ ခါဒတော အနာပတ္တိ၊ ထေယျ စိတ္တေန ဒုက္ကဋံ။ ။ဟူ၍ မိန့်အပ် သော ပါရာဇိကအဋ္ဌကထာ။ ။ဘဏ္ဍဒေယျန္တိ ဥဘိန္နံ သာလယဘာဝေ သတိ စောရဿဝါ သာမိကဿဝါ သမ္ပတ္တဿ ကဿစိ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တိ။ ။ဟူ၍ မိန့်အပ်သော သာရတ္ထဒီပနီ။ ။ဘဏ္ဍဒေယျန္တိ ဥဘိန္နံ သာလ ယ ဘာဝေပိ စောရဿ အဒတွာ သာမိကဿေဝ ဒါတဗ္ဗံ၊ စောရာပိ တဿေဝ ဒါတဗ္ဗတော။ ။ဟူ၍ မိန့်အပ်သော ဝိမတိဝိနောဒနီ ဋီကာတို့ကိုထောက်ပါ။

သတ္တသု၊ ခုနစ်ပါး ကုန်သော။ အမ္ဗစောရကာဒိဝတ္ထူသု၊ သရက်သီးကို ခိုးသော ဝတ္ထုစသည်တို့၌။ ပံသုလကူသညာယ၊ ပံသုကူပစ္စည်းဟူသောအမှတ် ဖြင့်။ ဂဟဏေ၊ ယူခြင်း၌။ အနာပတ္တိ၊ အာပတ်မသင့်။ အာဟရာ ပေန္တေသု၊ ဥစ္စာရှင်တို့က ဆောင်စေအပ်ကုန်သည်ရှိသော်။ ဘဏ္ဍဒေယျံ၊ ဘဏ္ဍာစား ပေး ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ထေယျစိတ္တေန၊ ခိုးလိုသော စိတ်ဖြင့်။ ပရိဘော ဂေ၊ သုံးဆောင်ခဲ့သည်။ သတိ၊ ရှိသော်။ ပါရာဇိကံ၊ သာသနာတော်မှ ရှုံးခြင်း သို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ တတြ၊ ထိုစကားရပ်၌။ အယံ၊ ဤဆိုအပ် လတ္တံ့သည်ကား။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်တည်း။ သာမိကာပိ၊ ဥစ္စာရှင် တို့ သည်လည်း။ သာလယာ၊ လိုက်၍ယူဦးမည်ဟူ၍ အာလယရှိကုန်သည်။ စောရာ ပိ၊ ခိုးသူတို့သည်လည်း။ သာလယာ၊ ပြန်၍ယူဦးမည်ဟူ၍ အာလယရှိကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ငြားအံ့။ တေ၊ ထိုဥစ္စာရှင်-ခိုးသူ-နှစ်ဦးသောလူတို့ အာလယ မပြတ်သေးသော သရက်သီးစသည်တို့ကို။(ထည့်) ပံသုကူလ သညာယ၊ ပံသု

ကူ ပစ္စည်းဟူသော အမှတ်ဖြင့်။ ခါဒန္တဿ၊ ခဲသောရဟန်းအား။ ဘတ္တုဒ္ဒေယျံ၊ ဘတ္တာစားပေးထိုက်သည်။ ဟောတိ၊ ၏။ ထေယျ စိတ္တေန၊ ခိုးလိုသော စိတ်ဖြင့်။ ဂဏှတော၊ ယူသော ရဟန်းအား။ ဥဒ္ဒါရေယော၊ မြောက်သော ခဏ္ဍသာလျှင်။ အဝဟာရော၊ ခိုးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘတ္တုံ၊ ဥစ္စာကို။ အဋ္ဌါပေတွာ၊ အဘိုးဖြတ်စေ၍။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ သာမိကာ၊ ဥစ္စာရှင်တို့သည်။ သာလယာ၊ အာလယ မပြတ်သေးရှိကုန်သည်။ စောရာ၊ ခိုးသူတို့သည်။ နိရာလယာ၊ အာလယပြတ်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ငြားအံ။ တေသုစ၊ ထိုဥစ္စာရှင်တို့က အာလယ မပြတ်သေး၊ ခိုးသူတို့ကသာ အာလယပြတ်သော ပစ္စည်းတို့၌လည်း။(ထည့်) သေဝ နယော၊ဤနည်းသာလျှင်နည်းရှိ၏။ သာမိကာ၊ ဥစ္စာရှင်တို့သည်။ နိရာလယာ၊ရှာယူခြင်း၌ အာလယပြတ်ကုန်သည်။ စောရာ၊ ခိုးသူတို့သည်။ သာလယာ၊ ပြန်၍ ယူဦးမည်ဟူ၍ အာလယ ရှိကုန်သည် ဖြစ်၍။ ပုန၊ တဘန်။ ဂဏှိဿာမ၊ ပြန်၍ယူကုန်အံ့။ ဣတိ မနသိ ကတွာ၊ ဤသို့ နှလုံးပိုက်ကြကုန်၍။ ကိသ္မိဉ္စိဒေဝ၊ တစုံတခုသောလျှင် ဖြစ်သော။ ဂဟဏဋ္ဌာနေ၊ တောချုံအရပ်၌။ခိပိတွာ၊ ပစ်ထားခဲ့ကြကုန်၍။ ဂတာ၊ သွားကြ ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ငြားအံ့။ တေသုစ၊ ထိုဥစ္စာရှင် တို့ကသာ အာလယပြတ်၍ ခိုးသူတို့က အာလယ မပြတ်သေးသော ပစ္စည်းတို့၌လည်း။ သေဝ နယော၊ ဤနည်းသာလျှင် နည်းရှိ၏။ ဥဘော၊ ဥစ္စာရှင်- ခိုးသူ နှစ်ဦးသော လူတို့သည်။ နိရာလယာ၊ အာလယကင်းပြတ်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ငြားအံ့။ ဘော၊ ထိုဥစ္စာရှင်-ခိုးသူနှစ်ဦးသောလူတို့ အာလယပြတ်ပြီးသောပစ္စည်းတို့ကို။ပံသုကူလသညာယ၊ ပံသုကူပစ္စည်းဟူသော အမှတ်ဖြင့်။ ခါဒတော၊ခဲသောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ထေယျစိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ခါဒတော၊ ခဲသောရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ။(ဤကား ပါရာဇိကဏ် အဋ္ဌကထာပါဠိ၏ အနက်)

ဘတ္တုဒေယျန္တိ၊ ဟူသည်ကား။ ဥဘိန္နံ၊ ဥစ္စာရှင်-ခိုးသူ နှစ်ဦးသော လူတို့၏။ သာလယဘာဝေ၊ အာလယ ရှိသောသူ၏ အဖြစ်သည်။ သတိ၊ ရှိခဲ့သော်။ စောရဿဝါ၊ ခိုးသူအားရင်း။ သာမိကဿဝါ၊ ဥစ္စာရှင်အားရင်း။သမ္ပတ္တဿ၊ ရောက်လာသော။ ကဿစိ၊ အမှတ်မရှိ တစုံတယောက်သောသူအား။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။(ဤကား သာရတ္ထဋီကာပါဠိ၏အနက်)။ ။ဘတ္တုဒေယျန္တိ၊ ဟူသည်ကား။ ဥဘိန္နံ၊ ဥစ္စာရှင်-ခိုးသူ နှစ်ယောက်ကုန်သော လူတို့၏။ သာလယဘာဝေ၊ အာလယရှိသည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်သည်း။ စောရဿ၊ ခိုးသူအား။ အဒတွာ၊ မပေးမူ၍။ သာမိကဿေဝ၊ ဥစ္စာရှင်အားသာလျှင်။ ဒါတဗ္ဗံ၊ ပေး

အပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ စောရောပိ၊ ခိုးသူသည်လည်း။ တဿေဝ၊ ထိုဥစ္စာရှင် အားသာလျှင်။ ဒါတဗ္ဗတော၊ ပေးထိုက်သောကြောင့်တည်း။ ။(ဤကား ဝိမတိဝိနောဒနီ ဋီကာ၏ အနက်)။ ။ခိုးသူ လက်သို့ရောက်သောပစ္စည်းကို စောရဿဒေမ-ဟုဆို၍လှူရာ၌ဒါနပင်မြောက်သော်လည်း လှူမည့်ဟူ၍ ကြံစည်ရင်း မရှိသောကြောင့် အကျိုးမူကားနည်း၏။ အချို့ကား ဝိဇ္ဇမာနဝတ္ထုံ အာရဗ္ဘ-စသည်ဖြင့် အဋ္ဌသာလိနီ၌ လာသောကြောင့် မိမိလက်၌ ထင်ရှားရှိသောဝတ္ထုကို လှူမှသာလျှင် ဒါနမြောက်သည်ဟု ဆိုကြကုန်၏။ သာလယ ပစ္စည်းသည် မိမိ၏ ပစ္စည်း၏ အဖြစ်မှ မစွန့်သေးသည်ဖြစ်၍ ဝိဇ္ဇမာနဝတ္ထုမည်သောကြောင့်ရင်း၊ယခင်ဝိနည်းပါဠိ အဋ္ဌကထာဋီကာတို့နှင့် ဆန့်ကျင်သောကြောင့်ရင်း မသင့်ဟု မှတ်ယူလေ။

ခိုးသူယူပြီးသော ပစ္စည်းကိုလှူရာ၌ ဒါနမြောက်သည်ကို ပြကြောင်း

ဝိနိစ္ဆယကား ဤတွင်ရှေ့ပြီး၏။

(၁၂) တဆူသော ပစ္စုပ္ပန် ဘုရားရှင်သည် အတိတ်- အနာဂတ် နှစ်ရပ်သော ဘုရားတို့ကိုရည်၍ ရှိခိုးသောအရာ ကျမ်းဂန်တို့၌ ရှိ-မရှိကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့သိမှတ်ရာ၏။

ရတနာသုံးပါးအား အထူးရိုသေခြင်းသည် ဝန္ဒနာ,အဥ္ဇလိကမ္မဟူ၍ နှစ်ပါး ရှိသည်။ ထိုနှစ်ပါးတို့တွင် နှိမ့်ချသည်၏ အစွမ်းဖြင့် ကိုယ်အင်္ဂါကို ရတနာ သုံးပါးသို့ ရှေးရှုညွတ်ကိုင်း၍ ပူဇော်ခြင်းသည် ဝန္ဒနာမည်၏။ ။ထို့ကြောင့် ကင်္ခါဋီကာ၌။ ။သဒေဝကေန လောကေန အရဟတာဒိဟိ ဂုဏေဟိ သဒ္ဓါ ဘာဝေန ကိရိယမာနာ ပဏာမော ဝန္ဒနာ။ ။ဟူ၍ မိန့်အပ်၏။ ။သဒေဝကေန၊ နတ်နှင့် တကွဖြစ်သော။ လောကေန၊ လူအပေါင်းသည်။ အရဟတာဒီဟိ၊ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသည်၏ အဖြစ် အစရှိကုန်သော။ ဂုဏေဟိ၊ ဂုဏ်တော်တို့ကြောင့်။ သဒ္ဓါဘာဝေန၊ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သည်၏အဖြစ်ဖြင့်။ ကိရိယမာနာ၊ ပြုအပ်သော။ ပဏာမော၊ ကိုယ်အင်္ဂါကို ရှေးရှုညွတ်ကိုင်း၍ ပူဇော်ခြင်းသည်။ ဝန္ဒနာ၊ ဝန္ဒနာမည်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ။ ။ဝိနည်းပါဠိတော်။ ။ဥက္ကုဋိကံ၊ဆောင့်ကြောင့်။နိသီဒိတွာ၊ ထိုင်နေ၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ပဂ္ဂဟေတွာ၊

ချီမြှောက်၍။ ။(ဤကားအနက်)။ ။ဥဘော ဟတ္ထေ သိရသ္မိံ ပတိဋ္ဌပေတွာ သဗ္ဗလောကေန ကိရိယမာနံ အဉ္ဇလိကမ္မံ အရဟတီတိ အဉ္ဇလိကရဏီယော။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ဥဘော၊ နှစ်ဘက်ကုန်သော။ ဟတ္ထေ၊ လက်တို့ကို။ သိရသ္မိံ၊ ဦးခေါင်းထက်၌။ပတိဋ္ဌပေတွာ၊ တင်ထား၍။သဗ္ဗလောကေန၊ အလုံးစုံသော လူအပေါင်းသည်။ ကိရိယမာနံ၊ ပြုအပ်သော။ အဉ္ဇလိကမ္မံ၊ လက်အုပ်ချီခြင်းအမှုကို။ အရဟတိ၊ ခံတော်မူထိုက်၏။ ဣတိတသ္မာ၊ ထိုသို့ခံတော်မူထိုက်သော သတ္တိကြောင့်။ အဉ္ဇလိ ကရဏီယော၊ အဉ္ဇလိကရဏီယမည်တော်မူ၏။ ။(ဤကားအနက်)

ဤသို့ပါဠိအဋ္ဌကထာတို့၌ လာရကား ကိုယ်ကိုမညွတ်စေမူ၍ လက်အုပ် ချီလျက် ဦးခေါင်းထက်၌ တင်ထားခြင်းသည် အဉ္ဇလိကမ္မမည်၏။ ကိုယ်အင်္ဂါကို ညွတ်စေလျက် လက်အုပ်ချီခြင်း သည်ကား ညွတ်ခြင်း ပြဋ္ဌာန်းသောကြောင့် အဉ္ဇလိကမ္မမည် ဝန္ဒနာသာမည်၏။ တနည်းကား-လက်အုပ်မချီမူ၍ ကိုယ်အင်္ဂါကို ညွတ်ခြင်းသည် ဝန္ဒနာမည်၏။ ကိုယ်အင်္ဂါကိုမညွတ်စေမူ၍ လက်အုပ်ချီခြင်းသည် အဉ္ဇလိကမ္မမည်၏။ ၎င်းကိုယ်အင်္ဂါကိုညွတ်ခြင်း, လက်အုပ်ချီခြင်း နှစ်ပါးစုံကို ပြုခြင်းသည် ဝန္ဒနာ အဉ္ဇလိကမ္မမည်၏-ဟူ၍လည်း ဆိုသင့်၏။ ထိုနှစ်ပါးတို့တွင် ရှိခိုးခြင်းသည် ရပ်လျက် ရှိခိုးခြင်း, ထိုင်လျက်ရှိခိုးခြင်း, ရင်ဖြင့်ဝပ်လျက် ရှိခိုးခြင်း, ရှိခိုးသည်ကိုသိကြောင်း အမှတ်ကိုပြု၍ ရှိခိုးခြင်းအားဖြင့် လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင် ရပ်လျက်ကိုယ်ကိုညွတ်ကိုင်း၍ ရတနာသုံးပါးတို့အား ရှိခိုးခြင်းသည် ရပ်လျက် ရှိခိုးသည်မည်၏။ ။ထို့ကြောင့် တေရသကဏ္ဍဋီကာ ဘိက္ခုနောဝါဒက သိက္ခာပုဒ်အဘွင့်၌။ ။အဋ္ဌောဂါမေဝါတိ အာဒိသု ယတ္ထ ပဉ္စအင်္ဂါနိ ဘူမိယံ ပတိဋ္ဌပေတွာ ဝန္ဒိတုံ နသက္ကာ ဟောတိ။ တတ္ထ ဌိတာယဝေ ကာယံ ပုရတော နာမေတွာ ဝန္ဒာမိ အယျေတိ အဉ္ဇလိံ ပဂ္ဂယှ ဂန္တုံ ဝဋ္ဋတိ။ ။ဟူ၍ မိန့်အပ်၏။ ။အဋ္ဌောဂါမေဝါတိအာဒိသု၊ အဋ္ဌောဂါမေဝါ-စသည်တို့၌။ ဘိက္ခုနီ၊ ရဟန်း မိန်းမသည်။ ဘိက္ခုနံ၊ ရဟန်း ယောကျ်ားတို့အား။ ယတ္ထ၊ အကြင်ရွာတွင်း စသောအရပ်၌။ ပဉ္စအင်္ဂါနိ၊ ဒူး နှစ်ဘက်,လက်နှစ်ဘက်, ဦးခေါင်း-ဟု ဆိုအပ်သော ငါးပါးသော အင်္ဂါတို့ကို။ ဘူမိယံ၊ မြေကြီး၌။ ပတိဋ္ဌပေတွာ၊ တည်ထား၍။ ဝန္ဒိတုံ၊ရှိခိုးခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုရွာတွင်း စသောအရပ်၌။ ကာယံ၊ ကိုယ်ကို။ ပုရတော၊ ရှေ့သို့။ နာမေတွာ၊ ညွတ်ကိုင်းစေ၍။ အယျေ၊ အရှင်ဘုရား။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုပြီး၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ ဂန္တုံ၊ သွားခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်၏။ ။(ဤကားအနက်)။ ။ထိုင်လျက်ရှိခိုးခြင်းသည်ကေပတိဋ္ဌိတရှိခိုးခြင်း,ဒွိပတိဋ္ဌိတ

ရှိခိုးခြင်း,စတုပတိဋ္ဌိတရှိခိုးခြင်း,ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါး တို့တွင် ဒူးတဘက်ကို တုပ်လျက် မြေထက်၌ထား၍ ရှိခိုးခြင်းသည် ကေပတိဋ္ဌိတ ရှိခိုးခြင်းမည်၏။ ထို ကေပတိဋ္ဌိတရှိခိုးခြင်းကို။ ။အထခေါ ဗြဟ္မာ သဟံပတိ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဒက္ခိဏဇာဏုမဏ္ဍလံ ပထဝိယံ နိဟန္တွာ ယေနဘဂဝါ၊တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ။ ။ဟူသောမဟာ ဝါစသည်ဖြင့် သိအပ်၏။ ။အထခေါ၊ ထိုအခါ၌။ သဟံပတိ၊ သဟံပတိ အမည် ရှိသော။ ဗြဟ္မာ၊ ဗြဟ္မာကြီးသည်။ ဧကံသံ၊လက်ဝဲတဘက် ပခုံးထက်၌။ ဥတ္တရာ သင်္ဂံ၊ ကိုယ်ဝတ် စပယ်တင်သည်ကို။ ကရိတွာ၊ ပြု၍။ ဒက္ခိဏဇာဏုမဏ္ဍလံ၊ လကျာပဆစ်ဒူးဝန်းကို။ ပထဝိယံ၊ မြေ၌။ နိဟန္တွာ၊ တုပ်၍။ ယေန-ယတ္ထ၊ အကြင် အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိ၏။တေန-တတ္ထ၊ထိုဘုရားရှိတော် မူရာအရပ်သို့။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဏာမေတွာ၊ ညွတ်စေ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ထိုစကားကို။ အဝေါစ၊ လျှောက်လေ၏။ ။ (ဤကားအနက်)

ဒူးနှစ်ဘက်,လက်နှစ်ဘက် ဦးခေါင်း-ဟုဆိုအပ်သော ငါးပါးသော အင်္ဂါ တို့ကို မြေ၌ထားလျက် ရှိခိုးခြင်းသည် ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းမည်၏။ ထို ပဉ္စ ပတိဋ္ဌိတ ရှိခိုးခြင်းကို။ ။ဣဓေကစ္စော ကတသုဓောကမ္မံ ဟရိတာလမနောသိ လာဒိဝဏ္ဏဝိစိတ္တံ ပဂ္ဂဟိတနာနပ္ပကာရ ဓဇပဋာကံ မာလာဒါမဝိနဒ္ဓံ ဒီပမာလာ ပရိက္ခိတ္တံ အတိမနောရမာယ သိရိယာ ဝိရောစမာနံ အလင်္ကတ ပရိယတ္တံ မဟာ စေတိယံ ပဒက္ခိဏံ ကတွာ သောဠသသု ပါဒပိဋ္ဌိကာသု ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ အဉ္ဇလိံ ပဂ္ဂယှ ဥလ္လောကေန္တော ဗုဒ္ဓါရမ္မဏံ ပိတိံ ဂဟေတွာ တိဋ္ဌတိ။ ။ ဟူသော အဋ္ဌသာလိနီ ဒွါရကထာ။ ။ပဉ္စအင်္ဂါနိ ဘူမိယံ ပတိဋ္ဌပေတွာ။ ။ဟူ သော တေရသကဏ် ဋီကာပါဠိတို့ဖြင့် သိအပ်၏။ ။ဣဓ၊ ဤသာသနာတော် ၌။ ဧကစ္စော၊ အချို့သော အမျိုးကောင်းသားသည်။ ကတသုဓာကမ္မံ၊ ပြုအပ် ပြီးသော အင်္ဂတေအမှုလည်းရှိထသော။ ဟရိတာလမနောသိလာဒိဝဏ္ဏ ဝိစိတ္တံ၊ ဆေးဒန်းမြင်းသီလာ စသော အဆင်းတို့ဖြင့်လည်း ဆန်းကြယ်စွာ ထသော။ ပဂ္ဂဟိတနာနပ္ပကာရ ဓဇပဋာကံ၊ ချီးမြှောက်အပ်သော အထူးထူးအပြားပြား သော တန်းခွန်လုံး,တန်းခွန်ပြားလည်း ရှိထသော။ မာလာဒါမဝိနဒ္ဓံ၊ ပန်းကုံး, ပန်းဆိုင်းတို့ဖြင့် မြှေးယှက်အပ်ထသော။ ဒီပမာလာ ပရိက္ခိတ္တံ၊ ဆီမီး တည်းဟူ သော ပန်းတို့ဖြင့် ခြံရံအပ်ထသော။ အတိမနောရမာယ၊ အလွန် နှလုံးမွေ့ လျော်ဘွယ်ရှိသော။ သိရိယာ၊ အသရေဖြင့်။ ဝိရောစမာနံ၊ တင့်တယ်ထသော။ အလင်္ကတပရိယတ္တံ၊ တန်းဆာဆင်ခြင်းနှင့် စပ်ယှဉ်ထသော။ မဟာစေတိယံ၊ မဟာစေတီကို။ ပဒက္ခိဏံ၊ လက်ျာရစ်လှည့်သည်ကို။ ကတွာ၊ပြုပြီး၍။ သောဠသ

သု၊ တဆဲ့ ခြောက်ပါးကုန်သော။ ပါဒပိဋ္ဌိကာသု၊ ဘိနုပ်တော် အပြင်တို့၌။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော အင်္ဂါတို့ဖြင့် မြေ၌တည်ရှိသော ရှိခိုးခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီးမြှောက်၍။ ဥလ္လောကေန္တော၊ မော်ကြည့်လျက်။ ဗုဒ္ဓါရမ္မဏံ၊ ဘုရားလျှင်အာရုံရှိသော။ ပီတိံ၊ နှစ်သက်ခြင်း ပီတိကို။ ဂဟေတွာ၊ ယူ၍။ တိဋ္ဌတိ၊ တည်၏။ ။(ဤကား အဋ္ဌသာလိနီပါဌ်၏ အနက်)။ ။ပဉ္စအင်္ဂါနိ၊ ဒူးနှစ်ဘက်,လက်နှစ်ဘက်, ဦးခေါင်းဟု ဆိုအပ်ကုန်သော ငါးပါးသော အင်္ဂါတို့ကို။ ဘူမိယံ၊ မြေ၌။ ပတိဋ္ဌပေတွာ၊ တည်ထား၍။ ။(ဤကား တေရသကဏ္ဍဋီကာ၏အနက်)

ယင်းသို့ပြဆိုအပ်ခဲ့ပြီးသော ဧကပတိဋ္ဌိတ ရှိခိုးခြင်း, ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်း နှစ်ရပ်ကိုထောက်၍ ယခုကာလ ပုဆစ်တုပ်လျက် ရှိခိုးသောအခါ ဒွိပတိဋ္ဌိတ ရှိခိုးခြင်းကိုရင်း၊ ပုဆစ်တုပ်လျက် လက်နှစ်ဘက်ကို ထောက်၍ ရှိခိုးသောအခါ စတုပတိဋ္ဌိတ ရှိခိုးခြင်းကိုရင်း သိအပ်၏။ ထိုလေးပါးတို့တွင် ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းကို ဆိုရာ၌ အထူးပြု၍ တည်ခြင်းကိုသာ အလိုရှိအပ်ရကား ပုဆစ်ဒူးဝန်း နှစ်ဘက်-လက်နှစ်ဘက်-ဦးခေါင်း ငါးပါးသောအင်္ဂါတို့ကိုမြေ၌ထား၍ ရှိခိုးခြင်းသည်သာ ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းမည်၏။ ခြေနှစ်ဘက်ကို မြေ၌ထားခြင်းသည် ပြကတေ့ဖြစ်၍ ပဉ္စပတိဋ္ဌိတသို့ မဝင်။ ဧကပတိဋ္ဌိတ စသည်တို့၌လည်း အတူပင်၊ ခြေနှစ်ဘက်၏ မြေ၌တည်ခြင်းကို မယူအပ်။ ။ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်၌။ ။ပဉ္စပတိဋ္ဌိတေနာတိ ဒွိဇာဏု ဒွိဟတ္ထ နဠာတတလေဟိ ပဉ္စပတိဋ္ဌိတံ ဟုတွာ။ ။ဟုမိန့်အပ်၏။ ။ပဉ္စပတိဋ္ဌိတေနာတိ၊ ဟူသည်ကား။ ဒွိဇာဏု ဒွိဟတ္ထနဠာတတလေဟိ၊ ပုဆစ်ဒူးဝန်းနှစ်ဘက်-လက်နှစ်ဘက်-နဖူးပြင်ဟု ဆိုအပ်ကုန်သော။ ပဉ္စဟိ၊ ငါးပါးသောအင်္ဂါတို့ဖြင့်။ ပတိဋ္ဌိတံ၊ မြေ၌တည်သည်။ ဟုတွာ၊ ဖြစ်၍။ ။(ဤကား ဂဏ္ဌိပုဒ်၏အနက်)။ ။ထို့ကြောင့် ရပ်လျက်ရှိခိုးရာ၌ ဒူးဝန်းနှစ်ဘက်--လက်နှစ်ဘက်-ဦးခေါင်း ငါးအင်္ဂါ ငါးပါးတို့၏ ရှေးရှုညွတ်ခြင်းပရိယာယမျှကိုသာ ရအပ်၏။ တည်ခြင်း ငါးပါးတို့တွင် တပါးကိုမျှ မရဟု မှတ်ရာ၏။ ။ဤမှတပါး ဝိနယာလင်္ကာရ စသည်တို့၌ ပဉ္စပတိဋ္ဌိတ သရုပ်ကို ဆိုအပ်သေး၏။ သာရအားဖြင့် မှတ်အပ်သည်မထင်။

ရင်ဖြင့် ဝပ်လျက် ရှိခိုးခြင်းကို။ ။ရာဇာ သုသုမာရပတိတေန ထေရံ ဝန္ဒန္တော နာဟံ အယျဿ အရဟတ္တံ ဝန္ဒာမိ။ ပုထုဇ္ဇနဘူမိယံပန ဌတွာ ရက္ခိတသီလမေဝ ဝန္ဒာမီတိ အာဟ။ ။ဟူသော သီလက္ခန်အဋ္ဌကထာ သောဏဒန္တ အဘွင့်ဖြင့် ရင်း။ ။ဥပါသိကာ ပသီဒိတွာ ပုတ္တေန ဂဏ္ဌိဒိသာဘိမုခါ ဥရေန နိပဇ္ဇိတွာ နမဿမာနာ အာဟ မယှံ ပုတ္တဿဗ္ဗိသံ ဝတ မုဉ္စေ ဘိက္ခုံ ကာယသက္ခိံ

ကတွာ ဘဂဝါ ရထဝိနီတပဋိပဒံ နာဠကပဋိပဒံ စတုပစ္စယသန္တောသ ဘာဝနာ ရာမတာ ဒီပကံ မဟာအရိယဝံသ ပဋိပဒဉ္စ ဒေသေသိ၊ ဝိဇာတမာတုယာ နာမ ဂေဟေ တေမာသံ ဘုဉ္ဇမာနောပိ အဟံ ပုတ္တော တွံ မာတာတိ နဝက္ခ တိ အဟောအစ္ဆရိယမနုဿောတိ။ ။ဟူသော ကမ္ဗောဇနဂ္ဂဟဏ နိဒ္ဒေသ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာဖြင့်ရင်း သိအပ်၏။ ။ရာဇာ၊ တိဿမင်းကြီးသည်။ ထေရံ၊ ကဏ္ဍရသယပရိဝုဏ်၌ နေတော်မူသော အဝါခြောက်ဆယ်ရသော မဟထေရ်ကြီး ကို။ သုသုမာရပတိတေန၊ မိကျောင်းသဖွယ် မြေ့ဝယ်ပြားပြား ရင်ဝမ်းလျား ဖြင့်။ ဝန္ဒိတွာ၊ ရှိခိုးလျက်။ အဟံ၊ ငါသည်။ အယျဿ၊ အရှင်ဘုရား၏။ အရ ဟတ္တံ၊ ကိလေသာတဏှာမှ ဝေးကွာတော်မူသည်ဖြစ်၍ လူ,နတ်,ဗြဟ္မာ, သတ္တ ဝါတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော ရဟန္တာ၏ အဖြစ်ကို။ နဝန္ဒာမိ၊ ရှိမခိုးပါ။ ပန၊ စင်စစ်သော်ကား။ ပုထုဇ္ဇနဘူမိယံ၊ ပုထုဇန်တို့၏ဘုံ၌။ ဌတွာ၊ တည်၍။ ရက္ခိတ သီလမေဝ၊ အဝါခြောက်ဆယ် ပြည့်ဖြိုးကြွယ်သော ကာလ တိုင်အောင် ကျိုးပေါက်ပြောက်ကြားခြင်း မရှိ ပကတိစင်ကြယ်စွာ စောင့်သုံး တော်မူအပ်သော သီလကိုသာလျှင်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဣတိ၊ဤသို့။ အာဟ၊ ဆိုလေ၏။ ။(ဤကား သီလက္ခန် အဋ္ဌကထာပါဠ်၏ အနက်)။ ။ဥပါသိကာ၊ ဒါယိကာမကြီးသည်။ ပသီဒိတွာ၊ ကြည်ညိုရ၍။ ပုတ္တေန၊ သားရဟန်းသည်။ ဂတ ဒိသာဘိမုခါ၊ သွားလေသောအရပ်သို့ရှေးရှူ။ ဥရေန၊ ရင်ဖြင့်။ နိပ္ပဇ္ဇိတွာ၊ မိကျောင်းအလား ပြားပြားဝပ်၍။နမဿမာနာ၊ ရှိခိုးလျက်။ အာဟ၊ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ ဆိုသနည်း ဟူမူကား။ ဝတ-ဧကန္တေန၊ စင်စစ်သဖြင့်။ မယှံ၊ ငါ၏။ ပုတ္တသဒိသံ၊ သားရဟန်းနှင့် တူသော။ ဘိက္ခုံ၊ ရဟန်းကို။ ကာယ သက္ခိံ၊ ကိုယ်တော်၏ မျက်မှောက်၌ဖြစ်သော သက်သေကို။ ကတွာ၊ ပြုတော် မူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ရထဝိနီတ ပဋိပဒံ၊ ရထားပမာ ထင်စွာပြ၍ ဟောပြောတော်မူအပ်သော အကျင့်ကိုရင်း။ နာဠက ပဋိပဒံ၊ နာဠက ရဟန်း ၏ အကျင့်ကိုရင်း။ စတုပစ္စယ သန္တောသ ဘာဝနာရာမတာဒီပကံ၊ ပစ္စည်းလေး ပါးတို့၌ ရောင့်ရဲ တတ်သော သူ၏ အဖြစ်, ဘာဝနာ၌ မွေ့လျော်သော သူ၏ အဖြစ်ကို ပြတတ်သော။ မဟာအရိယဝံသ ပဋိပဒဉ္စ၊ မြတ်သော အရိယာတို့၏ အနွယ်ဖြစ်သော အကျင့်ကိုရင်း။ ဒေသေသိ၊ ဟောတော်မူပြီ။ ဝိဇာတ မာတု ယာ၊ မွေးသောအမိ၏။ ဂေဟေ၊ အိမ်၌။ တေမာသံ၊ ဝါတွင်းသုံးလ ပတ်လုံး။ ဘုဉ္ဇမာနောပိ၊ ဆွမ်းသုံးဆောင်ပါသော်လည်း။ အဟံ၊ ငါသည်။ပုတ္တော၊ သား တည်း။ တွံ၊ သင်သည်။ မာတာ၊ အမိတည်း။ ဣတိ၊ ဤသို့။ နဝက္ခတိ နာမ၊ အမည်ကိုမျှစကားမဆို။ အဟောအစ္ဆရိယ မနုဿော၊ ဩော် အံ့ဘွယ် ရှိသော လူမြတ်ယောကျာ်းပေတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုလေ၏။ ။(ဤကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠ်၏ အနက်)

ရှိခိုးသည်ကို သိကြောင်းအမှတ်ကိုပြု၍ ရှိခိုးခြင်းကို။ ။အဟဉ္စေဝ ခေါပန ဘော ဂေါတမ ပရိသဂတော သမာနော ဝေဒ္ဓနံ ဩမုဉ္စေယျံ။ သိရသာ မေ တံ ဘဝံဂေါတမော အဘိဝါဒနံ ဓာရေတု။ ။အဟဉ္စေဝ ခေါပန ဘော ဂေါတမ ယာနဂတော သမာနော ဆတ္တံ အပနာမေယျံ၊ သိရသာ မေတံ အဘိဝါဒနံ ဘဝံဂေါတမော ဓာရေတု။ ။ဟူသောသီလက္ခန် သောဏဒဏ္ဍ သုတ်လာ ပါဠိတော်ဖြင့်သိအပ်၏။ ။ဘောဂေါတမ၊ အရှင်ဂေါတမ။ ခေါပန၊ စင်စစ်။ အဟဉ္စေဝ၊ တပည့်တော်သည် လျှင်။ ပရိသဂတော၊ ပရိသတ်၌ တည်သည်။ သမာနော၊ ဖြစ်သည်ဖြစ်၍။ ဝေဒ္ဓနံ၊ ဦးရစ်ကို။ ဩမုဉ္စေယျံ၊ ချွတ်လိုက်ပါငြားအံ့။ တံ၊ ထိုဦးရစ်ကို ချွတ်လိုက်ခြင်းကို။ မေ၊ အကျွန်ုပ်၏။ သိရသာ၊ ဦးခေါင်းဖြင့်။ အဘိဝါဒနံ၊ ညွတ်ကိုင်းတုပ်ပပ်၍ ရှိခိုးခြင်း ဟူ၍။ ဘဝံဂေါတမော၊ အရှင်ဂေါတမသည်။ ဓာရေတု၊ မှတ်တော် မူပါလော။ ။ဘောဂေါတမ၊ အရှင်ဂေါတမ။ ခေါပန၊ စင်စစ်။ အဟဉ္စေဝ၊ တပည့်တော်သည်လျှင်။ ယာနဂတော၊ ယာဉ်ထက်၌ဘည်နေသည်။ သမာနော၊ ဖြစ်သည် ဖြစ်၍။ ဆတ္တံ၊ ထီးကို။ အပနာမေယျံ၊ သိမ်းရုပ်၍ ညွတ်ကိုင်းလိုက်ပါအံ့။ တံ၊ ထိုထီးကိုသိမ်းရုပ်၍ညွတ်ကိုင်းလိုက်ခြင်းကို။ မေ၊ အကျွန်ုပ်၏။ သိရသာ၊ ဦးခေါင်းဖြင့်။ အဘိဝါဒနံ၊ ညွတ်ကိုင်းရိုကျိုး၍ ရှိခိုးခြင်းပင်တည်း ဟူ၍။ ဘဝံဂေါတမော၊ အရှင်ဂေါတမသည်။ ဓာရေတု၊ မှတ်တော်မူပါလော။ ။(ဤကားအနက်)

ပစ္စုပ္ပန်ဖြစ်သော တဆူသော ဘုရားရှင်သည် ယခင်ပြဆိုအပ် ခဲ့ပြီးသော ရှိခိုးခြင်းဖြင့်ငှင်း၊ လက်အုပ်ချီခြင်း ဖြင့်ငှင်း အတိတ်-အနာဂတ်-နှစ်ရပ်သော ဘုရားရှင်တို့ကို ရှိခိုးကြောင်းကျမ်းဂန်တို့၌ မလာမရှိ။ စင်စစ်မူကား- နေယျတ္ထ အားဖြင့် ရှိခိုးကြောင်းသာ လာရှိသည်ဟူ၍ မှတ်အပ်၏။ ထိုစကားသင့်စွ၊ ဘုရားရှင်တို့သည် ပစ္စုပ္ပန်- အတိတ်- အနာဂတ် သုံးရပ်သော ကာလ၌ တည်သော ဆယ်ပါးသောတရားတော်မြတ်ကို ယခင် ပြဆိုအပ်ခဲ့ပြီးသော ရှိခိုးခြင်း, လက်အုပ်ချီခြင်းတို့ဖြင့် ရှိခိုးတော်မမူကုန်။ တရားတော်ကို ရှိမခိုးသော် တရားတော်၏ တည်ရာဟု သမုတ်အပ်သော ခန္ဓာအစဉ်တော်ကို အဘယ်မှာ ရှိခိုးတော့အံ့နည်း။ ရှိခိုးတော် မမူသည်သာ-ဟု မှတ်အပ်၏။ တရား တော်ကို ရှိမခိုးကြောင်းကို ကား။ ။ဗုဒ္ဓပဏာမဘိတံ။ ။ဟု မဆိုမူ၍။ ။ဗုဒ္ဓနိဿဝိတံ။ ။ဟု မိန့်ဆိုအပ်သော ပါရာဇိကဏ် အဋ္ဌကထာ ပဏာမ၌ လာသောပါဠ်ကိုငှင်း။ ။ တေန ဧဝံ နိရူပမဘာဝေန ဗုဒ္ဓေန နိဿေဝိတံ ဂေါစရသေဝနာ ဘာဝနာ သေဝနာဟိ ယထာရဟံ နိဿေဝိတံ အနုဘူတန္တိ အတ္ထော။ ။ဟူ၍မိန့်အပ်သော ငှင်း၏အဘွင့် သာရတ္ထဒီပနီဋီကာပါဠ်ကိုငှင်း။ ။သမ္ဗုဒ္ဓပူဇိတံ။ ။ဟူ၍မိန့်ဆိုအပ်သော ဋီကာကျော်ပါဠ်ကိုငှင်း။ ။သမ္ဗုဒ္ဓပူဇာစနာမ ယထာ သမ္မာသမ္ဗောဓိ

သမဓိဂမေနေဝ သဗ္ဗဗုဒ္ဓဂုဏာ ပါပုဏိဿန္တိ။ ဧဝံ သမ္မဒေဝ အာသေဝနာ ဘာဝနာ ဗဟုလီကိရိယာသင်္ခါတာ သမ္မာပဋိပတ္တိ သမ္မဒေဝ ပစ္စဝေက္ခဏာ။ သက္ကစ္စံ ဝေနေယျာနံ ဓမ္မဒေသနာ။ ။ဟူသော မဏိမဉ္ဇူကိုရင်း ထောက်၍ သိအပ်၏။ ။ဝေဝဏ္ဏမိနာ ဝုတ္တနယေန၊ ဤသို့ ဆိုအပ် ခဲ့ပြီးသော နည်းအား ဖြင့်။ နိရူပမဘာဝေန၊ မနှိုင်းရှဉ်အပ်သည်၏ အဖြစ် ရှိတော်မူသော။ တေန ဗုဒ္ဓေန၊ ထိုမြတ်စွာဘုရားသည်။ နိသေဝိတံ၊ အမြဲမှီဝဲအပ်ထသော။ ဂေါစရာ သေဝနာ ဘာဝနာသေဝနာဟိ၊ ဂေါစရာသေဝန ဘာဝနာသေဝနတို့ဖြင့်။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ နိသေဝိတံ၊ အမြဲ မှီဝဲအပ်ထသော။ အနုဘူတံ၊ ခံစားအပ်ထသော။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက် တည်း။ ။(ဤကား သာရတ္ထဒီပနီ ဋီကာပါဌ်၏အနက်တည်း)။ ။ စ၊ ဆက်၍ ဆိုဦးအံ့။ သမ္ဗုဒ္ဓပူဇံနာမ၊ မြတ်စွာဘုရားရှင်တို့၏ တရားတော်ကို ပူဇော်ခြင်း မည်သည်ကား။ ယထာ၊ အကြင်အခြင်းဖြင့်။ ပဋိပတ္တိယမာနေ၊ ကျင့်အပ်သည် ရှိသော်။ ပစ္စဝေက္ခိယမာနေ၊ ဆင်ခြင်အပ်သည်ရှိသော်။ သမ္မာသမ္ဗောဓိ သမဓိ ဂမေ နေဝ၊ အရဟတ္တမဂ်ဉာဏ်- သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်းဖြင့်သာ လျှင်။သဗ္ဗဗုဒ္ဓဂုဏာ၊ အလုံးစုံသော မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည်။ ပါပု ဏိဿန္တိ၊ရောက်လာကုန်လတ္တံ့။ ။ဧဝံ-တထာ၊ ထိုအခြင်းဖြင့်။ သမ္မဒေဝ၊ ကောင်း စွာသာလျှင်။ အာသေဝနာဘာဝနာ ဗဟုလီ ကိရိယာသင်္ခါတာ၊ မှီဝဲခြင်း-ပွါး ခြင်း- အကြိမ်များစွာ ပြုခြင်းဟု ဆိုအပ်သော။ သမ္မာ၊ ကောင်းစွာ။ ပဋိပတ္တိ၊ ကျင့်တော်မူခြင်းတည်း။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ ပစ္စဝေက္ခဏာ၊ ဆင် ခြင်တော်မူခြင်းတည်း။ သက္ကစ္စံ၊ ရိုသေစွာ။ ဝေနေယျာနံ၊ ကျွတ်ထိုက်ကုန်သော သတ္တဝါတို့အား။ ဓမ္မဒေသနာ၊ တရားတော်ကို ဟောတော်မူခြင်းတည်း။ ။ (ဤကား မဏိမဉ္ဇူဋီကာပါဌ်၏အနက်)

ပစ္စုပ္ပန်ဖြစ်သော တဆူသော ဘုရားရှင်သည် အတိတ်- အနာဂတ်- နှစ်ရပ် သောဘုရားတို့ကိုရင်း၊ တရားတော်ကိုရင်း အဘယ်ကြောင့် ရှိမခိုးသနည်း ဟူ ငြားအံ့၊ ဂုဏ်အားဖြင့် သဒိသဖြစ်သောကြောင့် ဘုရားတို့ကို ရှိမခိုး၊ ဂုဏ်အား ဖြင့် သဒိသဖြစ်သော ကြောင့်ရင်း၊ ဓမ္မသာမိ ဖြစ်တော်မူသော ကြောင့်ရင်း တရားတော်ကို ရှိမခိုးဟူ၍ ဖြေအပ်၏။ ထိုစကားသင့်စွ၊ မိမိနှင့်သဒိသဖြစ်သော သူ၊ မိမိအောက် ယုတ်သော်သူတို့သည် ရှိခိုးခြင်းငှါ မထိုက်ကုန်။ မထိုက်သော သူတို့၌ ပြုအပ်သောရှိခိုးခြင်းသည် မိစ္ဆာပဋိပတ္တိဖြစ်၍ လိုအပ်သော အကျိုးကို မပြီးစေနိုင်။ စင်စစ်မူကား ဂုဏ်အားဖြင့် ကြီးမြတ်သော သူတို့သည်သာ သမ္မာ ပဋိပတ္တိဖြစ်၍ လိုအပ်သော အကျိုးကိုပြီးစေနိုင်၏။ ။ထို့ကြောင့် သာရတ္ထ ဋီကာ၌။ ။ဝိသိဋ္ဌဂုဏာ ယောဂေန ဟိ ဝန္ဒနာရဟဘာဝေါ၊ ဝန္ဒနာရဟောစ ကတာ ဝန္ဒနာ ယထာဓိပ္ပေတမတ္ထံ သာဓေတိ။ ။ဟူ၍ရင်း။ ။ဝိနည်း၊

မဟာဝဂ်ပါဠိတော် သေနာသနက္ခန္ဓက စေနိပါတ် တိတ္တိရဇာတ် ပါဠိတော်တို့၌။ ။ယေ ဝုဍ္ဎ အပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။ ဒိဋ္ဌေ ဓမ္မေ စ ပါသံသာ၊ သမ္ပရာယေစ သုဂ္ဂတိ။ ။ဟူ၍ရှင်း မိန့်ဆိုဟောကြားတော် မူအပ်ပြီ။ ။ ဟိသတ္ထံ၊ ထိုစကားသည် မှန်၏။ ဝိလိဋ္ဌဂုဏာဒယောဂေန၊ ထူးသောဂုဏ်နှင့် ယှဉ်ခြင်းကြောင့်။ ဝန္ဒနာရဟာဘာဝေါ၊ ရှိခိုးခြင်းငှါ ထိုက်သည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ဝန္ဒနာရဟော၊ ရှိခိုးခြင်းငှါထိုက်သော ရတနာ သုံးပါးတို့၏ အပေါင်း၌။ ကတာ၊ ပြုအပ်သော။ ဝန္ဒနာ၊ ရှိခိုးခြင်းသည်။ ယထာဓိပ္ပေတံ၊ အကြင်အကြင် အလိုရှိအပ်သော။ အတ္ထံ၊ အကျိုးကို။ သာဓေတိ၊ ပြီးစေနိုင်၏။ ။(ဤကား သာရတ္ထ ဋီကာ၏အနက်)။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဿ၊ ကြီးသောသူတို့အား ပူဇော်သောတရား၌။ ကောဝိဒါ၊ လိမ္မာကုန်သော။ ယေနရာ၊ အကြင် လူတို့သည်။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌လျှင်။ ပါသံသာ၊ ချီးမွမ်းထိုက်ကုန်၏။ သမ္ပရာယေစ၊ တမလွန် ဘဝ၌လည်း။ သုဂ္ဂတိ၊ သု တိဘဝသို့။ ယန္တိ၊ ရောက်ကုန်၏။ ။(ဤကား ပါဠိတော်၏အနက်)

သဒိသဖြစ်သောကြောင့် ရှိမခိုးကောင်း-ဟုဆိုသော် နဝကဖြစ်သော ရဟန္တာသည် ထေရဖြစ်သော ရဟန္တာအား ဂုဏ်အားဖြင့် တူသောကြောင့် ရှိမခိုးကောင်းပါသလော ဟူငြားအံ့၊ ဂုဏ်အားဖြင့် တူသော်လည်း သိက္ခာ ဟူသော တရားတော်သည် ရဟန္တာပုဂ္ဂိုလ်တို့အား ရှိခိုးခြင်းငှါထိုက်သည်။ ၎င်းရှိခိုးခြင်းငှါ ထိုက်သော သိက္ခာဟူသော တရားတော်၏ ရှေးဦးစွာ တည်ရာဖြစ်သော ထေရ ရဟန္တာအား နဝက ရဟန္တာသည် ရှိခိုးကောင်း၏ ဟူပေ။ ။ပစ္စုပ္ပန်ဖြစ်သော တဆူသောဘုရားရှင်သည်ကား တရားတော်ကို ရှိမခိုးထိုက်သည်ဖြစ်၍ ၎င်းတရားတော်၏ ရှေးဦးစွာတည်ရာဖြစ်သော အတိတ်ဘုရားရှင်ကိုလည်း ရှိမခိုးထိုက်ဟု မှတ်အပ်၏။ တဆူသောဘုရားရှင်သည် တဆူသောဘုရားရှင်ကို ရှိခိုးခဲ့သော် ဦးခေါင်းပြတ်၍ ကျရာသလော ဟု မေးလျှောက်ရာ၌ ဤကဲ့သို့တဆူသော ဘုရားရှင်ကို ရှိမခိုးထိုက်သည်ဖြစ်၍ ရှိခိုးခြင်းကို မပြုရာ၌ ရှိခိုးခြင်းကို ပြုသော် ဦးခေါင်းပြတ်၍ ကျရာသလော မပြတ်ရာသလော-ဟု တွေးတောသံသယဖြစ်ဘွယ်မရှိပြီ။ ဟိနဖြစ်သော သူတို့၏ ဦးခေါင်းပြတ်၍ ကျရာ၏- ဟူ၍သာလာရကား ရှိခိုးသော်လည်း သဒိသဖြစ်သော ဘုရားရှင်၏ ဦးခေါင်းသော်ကား ပြတ်၍ မကျရာ။ ရှိမခိုးခြင်းသာ မိစ္ဆာပဋိပတ္တိဖြစ်ရာ၏-ဟု ယူသင့်သည်။

ဒီပင်္ကရာ ဘုရားရှင်သည် သုမေဓာရသေ့ကို ပန်းရှစ်ဆုပ်ဖြင့် ပူဇော်၍ လကျာ်လှည့်သွားတော်မူရာ၌ ရှိသေရာရောက်,မရောက်ကို မေးလျှောက်ရာ၌ ပူဇာနုဂ္ဂဟကာမတာယ-စသော ဋီကာကျော်စကား၌ ဂုဏ်ကိုစွဲ၍ ပေးကမ်းခြင်းသည် ပူဇာ

မည်၏။ ပူဇာစ ပူဇနီယာနံ- စသည်ကိုထောက်။ ။ပူဇနီယာနံ၊ ပူဇော်ခြင်းငှါ ထိုက်ကုန်သော ဆရာမိဘစသောသူတို့အား။ ပူဇာစ၊ ပူဇော်ရခြင်းသည်လည်း။ မင်္ဂလံ၊ မင်္ဂလာတပါးတည်း။ ။(ဤကားအနက်)။ ။ဂုဏ်ကိုမစွဲမူ၍ ပေးကမ်း ခြင်းသည် အနုဂ္ဂဟမည်၏။ ။ပုတ္တဒါရဿ သင်္ဂဟော-စသည်ကိုထောက်။ ။ ပုတ္တ ဒါရဿ၊ သားမယားအား။ သင်္ဂဟောစ၊ သင်္ဂြိုဟ်ထောက်ပံ့ ရခြင်းသည် လည်း။ မင်္ဂလံ၊ မင်္ဂလာတပါးတည်း။ ။(ဤကား အနက်)။ ။ငင်းနှစ်ပါး တို့တွင် ဂုဏ်ကိုစွဲ၍ ပူဇော်ခြင်းသည်၊ ကိုယ်ကိုညွှတ်၍ ပူဇော်ခြင်း၊ မညွှတ်မူ၍ ပူဇော်ခြင်းအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါး တို့တွင် ကိုယ်ကို ညွှတ်၍ ပူဇော်ခြင်းကို သာမဏေငယ်သည် မထေရ်ကြီးအား ပူဇော်သကဲ့သို့ ပူဇော်ရာ၌ ရအပ်၏။ ကိုယ်ကိုမညွှတ်မူ၍ ပူဇော်ခြင်းကိုမထေရ်ကြီးသည် ဂုဏ်ရှိသော သာ မဏေငယ်အား ကိုယ်ကိုမညွှတ်ဘဲ ဂုဏ်ကိုစွဲ၍ ဆုပေးပူဇော်သကဲ့သို့ ပူဇော်သော အရာ၌ ရအပ်၏။ ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့အား ပန်းရှစ်ဆုပ် တို့ဖြင့် ပူဇော်သည်ဟူရာ၌ မထေရ်ကြီးသည် ဂုဏ်ရှိသော သာမဏေငယ် အား ဂုဏ်ကိုစွဲ၍ ကိုယ်ကိုမညွှတ်ဘဲ ဆုပေးပူဇော်သကဲ့သို့ ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့အား ဘုရားမျိုးစေ့ဖြစ်လောက်သော ဂုဏ်ကိုစွဲ၍ ကိုယ်ကိုမညွှတ် စေဘဲ ဆုပေးပူဇော်ခြင်းကို ပြုတော်မူသည်ဟု မှတ်ရာ၏။ ။ရိုသေခြင်းသည် အထူးအလေးပြု၍ ရိုသေခြင်း၊ မထေမဲ့မြင်မပြုမူ၍ ရိုသေခြင်းဟူ၍နှစ်ပါးရှိသည်။ ယင်းနှစ်ပါးတို့တွင် ဂုဏ်ရှိသောသူတို့အား ဂုဏ်ကိုစွဲ၍ ရိုသေခြင်းသည် အထူး အလေးပြု၍ ရိုသေခြင်းမည်၏။ ဂုဏ်မဲ့သော သီတင်းငယ်အား မထေမဲ့မြင် မပြု ခြင်းသည်ပင် ရိုသေခြင်းမည်၏။ ထိုနှစ်ပါးတို့တွင် ဂုဏ်ကိုစွဲ၍ ရိုသေခြင်းသည် ကိုယ်ကို ညွှတ်စေ၍ ရိုသေခြင်း၊ မညွှတ်စေမူ၍ ရိုသေခြင်းဟူ၍ နှစ်ပါး အပြား ရှိ၏။ထိုနှစ်ပါးတို့တွင် ကိုယ်ကိုညွှတ်၍ ရိုသေခြင်းကို သာမဏေငယ်သည် မထေရ် ကြီးအား ကိုယ်ကို ညွှတ်၍ရိုသေသကဲ့သို့ ရိုသေခြင်းကို ပြုသောအရာ၌ ရအပ် ၏။ ကိုယ်ကို မညွှတ်စေမူ၍ ရိုသေခြင်းကို မထေရ်ကြီးသည် ဂုဏ်ရှိသော သာမ ဏေငယ်အား ကိုယ်ကိုမညွှတ်ဘဲ ဂုဏ်ကိုစွဲ၍ အထူးချီးမြှောက်ခြင်းကိုပြုသဖြင့် ရိုသေခြင်းကို ပြုသကဲ့သို့ပြုသော အရာ၌ရအပ်၏။ ဒီပင်္ကရာ မြတ်စွာဘုရားသည် မထေရ်ကြီးသည် သာမဏေငယ်အား ရိုသေသကဲ့သို့ သုမေဓာရသေ့အား ရိုသေ ခြင်းကို ပြုတော်မူ၏။ဝန္ဒနာမျိုး ဖြစ်အောင် ရိုသေခြင်းကို ပြုတော်မမူဟု မှတ် ရာ၏။ သာဓကကိုအောက်၌ပြအပ်ပြီ။

တဆူသော ဘုရားရှင်သည် တဆူသော ဘုရားရှင်ကို ရှိခိုးထိုက်၊ မခိုးထိုက် စသည်ကိုပြကြောင်း ဝိနိစ္ဆယကား ဤတွင်ပြီး၏။

(၁၃) စတုက္ကတောတိ စေတ္ထ အတ္ထိ ဒုက္ခံ န အရိယသစ္စံ။ အတ္ထိ အရိယသစ္စံ နဒုက္ခံ၊ အတ္ထိ ဒုက္ခဉ္စေဝ အရိယသစ္စဉ္စ၊ အတ္ထိ နေဝဒုက္ခံ နအရိယသစ္စံ၊ သေ နယော သမုဒယာဒီသု။ ။စသည်ဖြင့် သစ္စဝိဘင်း အဋ္ဌကထာ၌လာသော သစ္စာတို့၏သရုပ်ကို သိလိုပါသည် လျှောက်ထား ရာ၌အဆုံးအဖြတ်ကို ဤသို့ သိရ၏။

အတ္ထိ ဒုက္ခံ နအရိယသစ္စံ- စသည်ဖြင့်လာသော အဋ္ဌကထာတွင် အတ္ထိ ဒုက္ခံ-နအရိယသစ္စံ- ဟူသောပါဌ်ဖြင့် သင်္ခါရဒုက္ခဖြစ်၍ ဒုက္ခသာ မည်သော စင်စစ်ဒုက္ခမဟုတ်သည်ဖြစ်၍ အရိယသစ္စာမမည်သော မဂ္ဂင်ရှစ်ပါး ကြဉ်သော မဂ်စိတ္တုပ္ပါဒ်, အလုံးစုံသော ဖိုလ်စိတ္တုပ္ပါဒ်တို့ကိုယူ။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။တတ္ထ မဂ္ဂသမ္ပယုတ္တာ ဓမ္မာ သာမညဖလာနိစ ယဒနိစ္စံ၊ တံ ဒုက္ခန္တိ ဝစနတော သင်္ခါရဒုက္ခတာယ ဒုက္ခံ၊ န အရိယသစ္စံ။ ။ဟု မိန့်အပ်၏။ ။ တတ္ထ၊ ထိုလေးပါးတို့တွင်။ မဂ္ဂသမ္ပယုတ္တာ၊ မဂ်နှင့် ယှဉ်ကုန်သော။ ဓမ္မာစ၊ မဂ်စိတ္တုပ္ပါဒ် ၂၈-ခုတို့သည်၎င်း။ သာမညဖလာနိစ၊ အရိယဖိုလ်စိတ္တုပ္ပါဒ်အလုံးစုံ တို့သည်၎င်း။ ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ အနိစ္စံ၊ အမြဲမရှိ။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ဣတိဝစနတော၊ ဤသို့ မြတ်စွာဘုရားသည် ဟောတော်မူသောကြောင့်။သင်္ခါရ ဒုက္ခတာယ၊ သင်္ခါရ ဒုက္ခ၏အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ နအရိယသစ္စံ၊ အရိယသစ္စာမမည်။ ။ (ဤကားအနက်)

အတ္ထိအရိယသစ္စံ နဒုက္ခံ—ဟူသောပါဌ်ဖြင့် အရိယသစ္စာသာ ဖြစ်၍ပရိယာယ် အားဖြင့်သော်လည်း ဒုက္ခ မမည်သောနိရောဓသစ္စာကို ယူ။ ။ ထို့ကြောင့် အဋ္ဌကထာ၌။ ။နိရောဓော အရိယသစ္စံ၊ နဒုက္ခံ။ ။ဟု မိန့်အပ်၏။ ။ နိရောဓော၊ နိဗ္ဗာန် တည်းဟူသော နိရောဓသစ္စာသည်။ အရိယသစ္စံ၊ အရိယ သစ္စာသော်ကား မည်၏။ နဒုက္ခံ၊ ဒုက္ခကား မမည်။ ။ (ဤကားအနက်)

ပရိယာယအားဖြင့် ဒုက္ခမည်ရကား ကြွင်းသော မဂ္ဂသစ္စာ, သမုဒယသစ္စာ နှစ်ပါးကို ဤ၌မယူသင့်။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ဣတရံ ပန သစ္စ ဒွယံ သိယာ ဒုက္ခံ အနိစ္စတော။ ။ဟုမိန့်အပ်၏။ , ။ပန၊ ဗျတိရေကကို ဆိုဦး အံ့။ ဣတရံ၊ နိရောဓသစ္စာမှ တပါးသော။ အရိယသစ္စဒွယံ၊ မဂ္ဂ-သမုဒယ တည်း ဟူသော သစ္စာနှစ်ပါးတို့၏အပေါင်းသည်။ အနိစ္စတော၊အမြဲမရှိသော်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်သည်။ သိယာ၊ ဖြစ်ရာ၏။ ။(ဤကားအနက်)

အတ္ထိ ဒုက္ခဉ္စေဝ အရိယသစ္စဉ္စ — ဟူသော ပါဌ်ဖြင့် တဏှာ ကြဉ်သော ဥပါဒါနက္ခန္ဓာ ငါးပါးကိုယူ။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။သဗ္ဗာကာရေန

ပန ဥပါဒါနက္ခန္ဓ ပဉ္စကံ ဒုက္ခဋ္ဌေ၀ အရိယသစ္စဋ္ဌ အညတြ တဏှာယ-ဟုမိန့်အပ် ၏။ ။ပန၊ အဘိုဘပါးကို ဆိုဦးအံ့။ တဏှာယ၊ တဏှာကို။ အညတြ၊ ကြဉ်၍။ သမ္ဘာကာရေန၊ ချပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဥပါဒါနက္ခန္ဓ ပဉ္စကံ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏အပေါင်းသည်။ ဒုက္ခဋ္ဌေ၀၊ ဒုက္ခသစ္စာလည်းမည်၏။ အရိယသစ္စဋ္ဌ၊ အရိယ သစ္စာလည်းမည်၏။ ။အတ္ထိ နေ၀ ဒုက္ခံ နအရိယသစ္စံ—ဟူသောပါဠ်ဖြင့် မဂ္ဂင်ရှစ်ပါးကြဉ်သော မဂ်စိတ္တုပ္ပါဒ်၊ အလုံးစုံသော ဖိုလ်စိတ္တုပ္ပါဒ်ကိုယူ။ ။ထို့ကြောင့်အဋ္ဌကထာ၌။ ။မဂ္ဂသမ္ပယုတ္တာ ဓမ္မာ သာမညဖလာနိစ ယသ္မာ ပရိညတ္တံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ တထဋ္ဌေန၊ နေ၀ ဒုက္ခံ နအရိယသစ္စံ။ ။ဟု မိန့်အပ်၏။ ။မဂ္ဂသမ္ပယုတ္တာ၊ မဂ္ဂင်ရှစ်ပါးနှင့်ယှဉ်ကုန်သော။ ဓမ္မာစ၊ မဂ်စိတ္တုပ္ပါဒ်တရားတို့သည်၎င်း။ သာမညဖလာနိစ၊ အရိယဖိုလ်စိတ္တုပ္ပါဒ် တို့သည်၎င်း။ တသတ္တေန၊ မဖောက်မပြန် ဟုတ်မှန်သော အနက် သဘော အား ဖြင့်။ ယဿဒုက္ခဿ၊ အကြင်ဒုက္ခသစ္စာ တရားကို။ ပရိညတ္တံ၊ ပိုင်းခြား၍သိခြင်း ငှါ။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ၊ ကျင့်သုံး၏။ ဣတိ၀စနတော၊ ဤသို့ဟောတော် မူသောကြောင့်။ တထတ္တေန၊ ဟုတ်မှန်သော အနက်သဘောအားဖြင့်။ တံဒုက္ခံ၊ ထိုဒုက္ခသည်။ နေ၀ဟောတိ၊ ဖြစ်လည်းမဖြစ်။ နအရိယသစ္စံ၊ အရိယ သစ္စာလည်း မမည်။ ။(ဤကား အနက်)

၎င်း မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ် တရားတို့၏ သင်္ခါရ ဒုက္ခ ဖြစ်သည့်ကို ရည်၍ ၎င်း တရားတို့။ ။အတ္ထိ ဒုက္ခံ နအရိယ သစ္စံ—ဟူသော ပဌမပုဒ်၌ ထည့်သွင်းသင်္ဂြိုဟ်၍ ယူအပ်ကုန်၏။ ထိုမဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တရား တို့၏ စင်စစ် ဒုက္ခ မဟုတ်သည်ကို ရည်၍ ၎င်းတရားတို့ကို။ ။အတ္ထိ နေ၀ဒုက္ခံ နအရိယသစ္စံ - ဟူသော စတုတ္ထပုဒ်၌ ထည့်သွင်းသင်္ဂြိုဟ်၍ ယူအပ် ကုန်၏။ ။ ထို့ကြောင့် မူလဋီကာ၌။ ။အရိယသဒ္ဒါ နပေက္ခံ ဒုက္ခသဒ္ဒံ သန္ဓာယ မဂ္ဂသမ္ပယုတ္တာသာမညဖလာနံ အာဒိပဒသင်္ဂဟော ဝုတ္တော။ တဒပေက္ခံ သန္ဓာယ စတုတ္ထ ပဒသင်္ဂဟော။ ။ဟု မိန့်အပ်၏။ ။အရိယသဒ္ဒါ နပေက္ခံ၊ အရိယ သဒ္ဒါကို မငဲ့သော။ ဒုက္ခသဒ္ဒံ၊ ဒုက္ခသဒ္ဒါကို။ သန္ဓာယ၊ ရည်၍။ မဂ္ဂသမ္ပယုတ္တ သာမည ဖလာနံ၊ မဂ်နှင့် ယှဉ်ကုန်သော မဂ်စိတ္တုပ္ပါဒ်, အရိယာ ဖိုလ်စိတ္တုပ္ပါဒ်တရားတို့ကို။ အာဒိပဒသင်္ဂဟော၊ အတ္ထိ ဒုက္ခံ နအရိယသစ္စံ-ဟူသော ပဌမပုဒ်၌ သင်္ဂြိုဟ်ခြင်း ကို။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တော၊ ဆိုတော် မူအပ်၏။ တဒ ပေက္ခံ၊ ထိုအရိယ သဒ္ဒါကို ငဲ့သော။ ဒုက္ခသဒ္ဒံ၊ ဒုက္ခသဒ္ဒါကို။ သန္ဓာယ၊ ရည်၍။ စတုတ္ထပဒသင်္ဂဟော၊ အတ္ထိ နေ၀ဒုက္ခံ၊ နအရိယသစ္စံ- ဟူသော စတုတ္ထပုဒ်၌

သင့်ဂိုဟ်ခြင်းကို။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တော၊ မိန့်ဆိုတော်မူအပ်၏။ ။(ဤကားအနက်)

သေနယော သမုဒယာဒီသု–ဟူသော ပါဠိဖြင့်။ ။အတ္ထိ သမုဒယော နအရိယသစ္စံ၊ အတ္ထိ အရိယသစ္စံ နစသမုဒယော။ အတ္ထိ သမုဒယောစေဝ အရိယသစ္စဉ္စ။ အတ္ထိ နေဝသမုဒယော နအရိယသစ္စံ။ ။အတ္ထိ နိရောဓော နအရိယသစ္စံ၊ အတ္ထိ အရိယသစ္စံ နစနိရောဓော။ အတ္ထိ နိရောဓောစေဝ အရိယသစ္စဉ္စ။ အတ္ထိ နေဝနိရောဓော နအရိယသစ္စံ။ ။အတ္ထိ မဂ္ဂေါ နအရိယသစ္စံ။ အတ္ထိ သစ္စံ နစအရိယမဂ္ဂေါ။ အတ္ထိ မဂ္ဂေါစေဝ အရိယသစ္စဉ္စ။ အတ္ထိနေဝ မဂ္ဂေါ နအရိယသစ္စံ။ ။ဟူသော စတုက္ကသုံးပါးကိုပြတော်မူ၏။ ။သမုဒယော၊ သမုဒယသာမည်၍။ နအရိယသစ္စံ၊ အရိယသစ္စာမမည်သော တရားသည်။ အတ္ထိ၊ ရှိ၏။ အရိယသစ္စံ၊ အရိယ သစ္စာသာမည်၍။ နစ သမုဒယော၊ သမုဒယ မမည်သော။ ဓမ္မော၊ တရားသည်။ အတ္ထိ၊ ရှိ၏။ သမုဒယောစေဝ၊ သမုဒယလည်းမည်သော။ အရိယသစ္စဉ္စ၊ အရိယသစ္စာလည်း မည်သော။ ဓမ္မော၊ သည်။ အတ္ထိ၊ ၏။ နေဝ သမုဒယော၊ သမုဒယလည်း မမည်သော။ နစအရိယသစ္စံ၊ အရိယ သစ္စာလည်း မမည်သော။ ဓမ္မော၊ တရားသည်။ အတ္ထိ၊ ၏။ နိရောဓော၊ နိရောဓသာမည်၍။ နအရိယသစ္စံ၊ အရိယသစ္စာ မမည်သော။ ဓမ္မော၊ သည်။ အတ္ထိ၊ ၏။ ။အရိယသစ္စံ၊ အရိယသစ္စာသာမည်၍။ နစနိရောဓော၊ နိရောဓကား မမည်သော။ ဓမ္မော၊ သည်။ အတ္ထိ၊ ၏။ နိရောဓောစေဝ၊ နိရောဓလည်း မည်သော။ အရိယသစ္စဉ္စ၊ အရိယသစ္စာလည်းမည်သော။ ဓမ္မော၊ သည်။ အတ္ထိ၊ ၏။နေဝနိရောဓော၊နိရောဓလည်းမမည်သော။နအရိယသစ္စံ၊ အရိယသစ္စာလည်းမမည်သော။ ဓမ္မော၊သည်။ အတ္ထိ၊ ၏။ ။မဂ္ဂေါ၊ မဂ္ဂသာမည်၍။ နအရိယသစ္စံ၊ အရိယသစ္စာ မမည်သော။ ဓမ္မော၊ တရားသည်။ အတ္ထိ၊ ၏။ အရိယသစ္စံ၊ အရိယသစ္စာသာမည်၍။ နမဂ္ဂေါ၊ မဂ္ဂကား မမည်သော။ ဓမ္မော၊ သည်။ အတ္ထိ၊ ၏။ မဂ္ဂေါစေဝ၊ မဂ္ဂလည်း မည်သော။ အရိယသစ္စဉ္စ၊ အရိယသစ္စာလည်းမည်သော။ ဓမ္မော၊ သည်။ အတ္ထိ၊ ၏။ နေဝမဂ္ဂေါ၊ မဂ္ဂလည်း မမည်သော။ နအရိယသစ္စံ၊ အရိယသစ္စာလည်း မမည်သော။ ဓမ္မော၊ သည်။ အတ္ထိ၊ ၏။ ။(ဤကားအနက်)

ယင်းတွင် သမုဒယသစ္စာစတုက္က၌။ ။အတ္ထိ သမုဒယော နအရိယသစ္စံ–ဟူသော ပဌမပုဒ်ဖြင့် အကြောင်းသာမန်ဖြစ်၍ သမုဒယသာ မည်သော စင်စစ်အကြောင်းမဟုတ်သည်ဖြစ်၍ သမုဒယ အရိယသစ္စာမမည်သော တဏှာမှ ကြွင်းသော ကိလေသာ ကိုးပါး, ထိုကိလေသာ ကိုးပါးတို့နှင့် သမ္ပယုတ် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်,လောကီကုသိုလ် စိတ္တုပ္ပါဒ်တို့ကိုယူ။ ။ထို့ကြောင့် မူလ

ဋ္ဌိကာ၌။ ။သမုဒယာဒီသု အဝသေသကိလေသာဒယော သမုဒယော နအရိယ
သစ္စံ။ ။ဟူ၍ရင်း။ ။အနုဋ္ဌိကာ၌။ ။အဝသေသာ ကိလေသာဒယောတိ တဏှာ
ဝဇ္ဇကိလေသာ အဝသေသာ အကုသလာ သာသဝါနိ ကုသလမူလာနိ သာသ
ဝါစ ကုသလာ ဓမ္မာ။ ။ဟု မိန့်အပ်၏။ ။သမုဒယာဒီသု၊ သမုဒယသစ္စာ
စတုက္ကစသည်တို့တွင်။ ဝါ၊ တို့၌။ အဝသေသ ကိလေသာဒယော၊ တဏှာမှ
ကြွင်းသော ကိလေသာစသည်တို့သည်။သမုဒယော၊ သမုဒယသော်ကားမည်၏။
နအရိယသစ္စံ၊ အရိယသစ္စာကားမမည်။ ။(ဤကား မူလဋီကာ၏အနက်)။ ။
အဝသေသာ ကိလေသာဒယောတိ၊ ဟူသည်ကား။ အဝသေသာ၊ တဏှာမှ
ကြွင်းကုန်သော။ တဏှာဝဇ္ဇကိလေသာစ၊ တဏှာသည် ကြဉ်အပ်သော ကိလေ
သာတို့သည်ရင်း။ အကုသလာ၊ ထိုကိလေသာတို့နှင့် သမ္ပယုတ် ဖြစ်ကုန်သော
အကုသိုလ်တရားတို့သည်ရင်း။ သာသဝါနိ၊ အာသဝေါတရားတို့၏ အာရုံဖြစ်
ကုန်သော။ ကုသလမူလာနိစ၊ ကုသိုလ်မူလဘရား သုံးပါးတို့သည်ရင်း။ သာသ
ဝါ၊ အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော။ ကုသလာ ဓမ္မာစ၊ ကုသိုလ်
တရားတို့သည်ရင်းတည်း။ ။(ဤကား အနုဋ္ဌိကာပါဌ်၏ အနက်)

ဝိပါက်,ကြိယာ,ရုပ်ကို ထိုက်သည်အားလျော်စွာ အကြောင်းဖြစ်ငြားသော်
လည်း ကုသိုလ်-အကုသိုလ်တို့ကဲ့သို့ အားမရှိရကား သမုဒယ အရိယသစ္စာ၏
အဖြစ်ဖြင့် မယူအပ်။ ။အတ္ထိ အရိယသစ္စံ နသမုဒယော။ ။ဟူသော ဒုတိယ
ပုဒ်ဖြင့် ပရိယာယ်အားဖြင့်သော်လည်း သမုဒယ မမည်သော နိရောဓ သစ္စာကို
ယူ။ ။ထို့ကြောင့် အနုဋ္ဌိကာ၌။ ။နိရောဓော အရိယသစ္စံ နသမုဒယော။ ။
ဟု မိန့်အပ်ပြီ။ ။နိရောဓော၊ နိရောဓသစ္စာ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်
သည်။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ နသမုဒယော၊ သမုဒယ မမည်။ ။
(ဤကားအနက်)။ ။ကြွင်းသော ဒုက္ခသစ္စာ-မဂ္ဂသစ္စာ နှစ်ပါးတို့၏ အပေါင်း
ကို ပရိယာယ်အားဖြင့် သမုဒယ မည်သင့်သောကြောင့် ဤဒုတိယပုဒ်၌ မယူ
အပ်။ ။အတ္ထိ သမုဒယောစေဝ အရိယသစ္စဥ္စ—ဟူသော တတိယ ပုဒ်ဖြင့်
တဏှာကိုယူ။ ။ထို့ကြောင့် အနုဋ္ဌိကာ၌။ ။တဏှာသမုဒယောစေဝ အရိယ
သစ္စဥ္စ။ ။တဏှာ၊ တဏှာသည်။ သမုဒယောစေဝ၊ သမုဒယလည်း မည်၏။
အရိယသစ္စဥ္စ၊ အရိယသစ္စာလည်းမည်၏။ ။(ဤကားအနက်)။ ။အတ္ထိ နေဝ
သမုဒယော နအရိယသစ္စံ— ဟူသော စတုတ္ထပုဒ်ဖြင့် မဂ်နှင့် ယှဉ်သော မဂ်
စိတ္တုပ္ပါဒ်, အလုံးစုံသော ဖိုလ်စိတ္တုပ္ပါဒ်တို့ကို ယူမြဲ။ ။နိရောဓ စတုက္က၌၊ ။
အတ္ထိ နိရောဓော နအရိယသစ္စံ—ဟူသော ပဌမပုဒ်ဖြင့် ချုပ်ခြင်းသာမန် ဖြစ်၍
နိရောဓသာမည်သော စင်စစ်ဝဋ္ဋတရားတို့၏ ချုပ်ရာမဟုတ်သည် ဖြစ်၍ အရိယ
သစ္စာ မမည်သော သင်္ခါရတရားတို့၏ဘင်ကိုယူ။ ။ထို့ကြောင့် မူလဋီကာ၌။ ။

သင်္ခါရနိရောဓော နိရောဓော နအရိယသစ္စံ။ ။ဟုမိန့်အပ်၏။ ။သင်္ခါရနိရောဓော၊ သင်္ခါရတရားတို့၏ချုပ်ခြင်း ဘင်ခဏသည်။ နိရောဓော၊ နိရောဓသော မည်၏။ နအရိယသစ္စံ၊ အရိယသစ္စာမမည်။ ။(ဤကား အနက်)။ ။အတ္ထိ အရိယသစ္စံ နစ နိရောဓော– ဟူသော ဒုတိယ ပုဒ်ဖြင့် နိရောဓ သစ္စာနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သော သမုဒယသစ္စာကိုယူ။ ။ထို့ကြောင့် အနုဋီကာ၌။ ။သေသေသု သမုဒယော အရိယသစ္စံ နနိရောဓော။ ။ဟု မိန့်အပ်၏။ ။သေသေသု၊ ပဌမပုဒ်မှကြွင်းသောသုံးပုဒ်တို့တွင်။ သမုဒယော၊ သမုဒယသစ္စာသည်။ အရိယသစ္စံ၊ အရိယသစ္စာ သော်ကား မည်၏။ နနိရောဓော၊ နိရောဓ မမည်။ ။(ဤကား အနက်)။ ။ကြွင်းသော ဒုက္ခသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့၏ အပေါင်းကိုကား နိရောဓသစ္စာနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် မဟုတ်သောကြောင့် ဤဒုတိယပုဒ်၌ မယူအပ်။ ။အတ္ထိ နိရောဓောစေဝ အရိယသစ္စဉ္စ– ဟူသော တတိယပုဒ်ဖြင့် နိရောဓသစ္စာကိုယူ။ ။ထို့ကြောင့် မူလဋီကာ၌။ ။အသင်္ခတဓာတု နိရောဓောစေဝ အရိယသစ္စဉ္စ။ ။ဟုမိန့်အပ်၏။ ။အသင်္ခတဓာတု၊ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်သည်။ နိရောဓောစေဝ၊ နိရောဓလည်းမည်၏။ အရိယသစ္စဉ္စ၊ အရိယသစ္စာလည်း မည်၏။ ။(ဤကား အနက်)။ ။အတ္ထိ နေဝ နိရောဓော နအရိယသစ္စံ– ဟူသော စတုတ္ထပုဒ်ဖြင့် မဂ်နှင့် ယှဉ်သော မဂ်စိတ္တုပ္ပါဒ်, အလုံးစုံသောဖိုလ်စိတ္တုပ္ပါဒ်တို့ကိုယူ။ ။ထို့ကြောင့် အနုဋီကာ၌။ ။မဂ္ဂသမ္ပယုတ္တာ ဓမ္မာ သာမညဖလာနိစ ယသ္မာ သစ္စိကိရိယာယ ဘာဂဝတိ ဗြဟ္မစရိယံ ဝုဿတိ တထတ္တေန၊ နေဝနိရောဓော နအရိယသစ္စံ။ ။ဟု မိန့်အပ်၏။ ။မဂ္ဂသမ္ပယုတ္တာ၊ မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာစ၊ မဂ်စိတ္တုပ္ပါဒ်တို့သည်ငှင်း။ သာမညဖလာနိ၊ အရိယဖိုလ်စိတ္တုပ္ပါဒ်တို့သည်ငှင်း။ တထတ္တေန၊ မဖေါက် မပြန် မှန်သော အနက်သဘော အားဖြင့်။ ယဿ၊ အကြင် နိရောဓသစ္စာကို။ သစ္စိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ဘာဂဝတိ၊ မြတ်စွာဘုရား၌။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ ဝုဿတိ၊ ကျင့်သုံး၍နေ၏။ ဣတိဝစနတော၊ ဤသို့ ဟောတော်မူသောကြောင့်။ သောနိရောဓော၊ ထိုမဖေါက်မပြန်မှန်သော နိရောဓသည်။ နေဝဇဟာတိ၊ ဖြစ်လည်း မဖြစ်။ နအရိယသစ္စံ၊ အရိယသစ္စာလည်း မမည်။ ။(ဤကား အနက်)

မဂ္ဂစတုက္က၌။ ။အတ္ထိ မဂ္ဂေါ နအရိယသစ္စံ– ဟူသော ပဌမပုဒ်ဖြင့် မဂ်သာမန်သာဖြစ်၍ စင်စစ်အရိယ သစ္စာ မမည်သော ဖိုလ်၌ရှိသော မဂ္ဂင်ရှစ်ပါးကိုယူ။ ။ထို့ကြောင့် မူလဋီကာ၌။ ။အရိယမဂ္ဂတော အညာနိ မဂ္ဂင်္ဂါနိ မဂ္ဂေါ၊ နအရိယသစ္စံ။ ။ဟူ၍ငှင်း၊ အနုဋီကာ၌။ ။အညာနိ မဂ္ဂင်္ဂါနီတိ ဖလသမ္ပာ

ဒိဋ္ဌိအာဒယော။ ။ဟူ၍ရင်း မိန့်အပ်၏။ ။အရိယမဂ္ဂ ဓာတာ၊ အရိယမဂ်မှ။ အညာနိ၊ တပါးကုန်သော။ မဂ္ဂင်္ဂါနိ၊ ဖိုလ်၌ယှဉ်သော မဂ္ဂင်တို့သည်။ မဂ္ဂေါ၊ မဂ္ဂသာမည်၏။ နအရိယသစ္စံ၊ အရိယာသစ္စာကား မမည်။ ။ဤကား မူလဋီကာပါဌ်၏အနက်)။ ။အညာနိ မဂ္ဂင်္ဂါနီတိ၊ ဟူသည်ကား။ ဖလသမ္မာဒိဋ္ဌိအာဒယော၊ ဖိုလ်နှင့်ယှဉ်သောသမ္မာဒိဋ္ဌိမဂ္ဂင်စသော မဂ္ဂင်တရားတို့ပင်တည်း။ ။(ဤကား အနုဋီကာပါဌ်၏အနက်)။ ။ကာမကုသိုလ် စသည်တို့၌ရှိသော မဂ္ဂင်ကိုကား မိမိတို့၏ ဒုက္ခသဘောအားဖြင့်စင်စစ် အရိယာသစ္စာ ဖြစ်သောကြောင့် ဤ၌မယူအပ်။ ။အတ္ထိ သစ္စံ နစအရိယမဂ္ဂေါ— ဟူသော ဒုတိယ ပုဒ်ဖြင့် ပရိယာယ်အားဖြင့် သော်လည်း မဂ္ဂမမည်သော နိရောဓသစ္စာကိုယူ။ ။ထို့ကြောင့် အနုဋီကာ၌။ ။တထာ နိရောဓော အရိယသစ္စံ နမဂ္ဂေါ။ ။ဟုမိန့်အပ်၏။ ။တထာ၊ ထိုမှတပါး။ နိရောဓော၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်။ အရိယသစ္စံ၊ အရိယသစ္စာ သော်ကား မည်၏။ နမဂ္ဂေါ၊ မဂ်ကား မမည်။ ။(ဤကားအနက်)။ ။အတ္ထိ မဂ္ဂေါစေဝ အရိယသစ္စဉ္စ— ဟူသော တတိယပုဒ်ဖြင့် မဂ္ဂသစ္စာကိုယူ။ ။ထို့ကြောင့် အနုဋီကာ၌။ ။အရိယမဂ္ဂေါ မဂ္ဂေါစေဝ အရိယသစ္စဉ္စ။ ။ဟုမိန့်အပ်၏။ ။အရိယမဂ္ဂေါ၊ အရိယမဂ်နှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါး တရားအပေါင်းသည်။ မဂ္ဂေါစေဝ၊ မဂ္ဂလည်းမည်၏။ အရိယသစ္စဉ္စ၊ အရိယသစ္စာလည်း မည်၏။ ။(ဤကား အနက်)။ ။အတ္ထိ နေဝမဂ္ဂေါ နအရိယသစ္စံ—ဟူသော စတုတ္ထပုဒ်ဖြင့် ပရိယာယအားဖြင့်သော်လည်း မဂ္ဂမမည်။ အရိယာသစ္စာလည်း မမည်သော မဂ်နှင့် ယှဉ်သော မဂ်စိတ္တုပ္ပါဒ်,အလုံးစုံသော ဖိုလ်စိတ္တုပ္ပါဒ်တို့ကိုယူမြဲ။ ။ထို့ကြောင့် အနုဋီကာ၌။ ။မဂ္ဂသမ္ပယုတ္တာ ဓမ္မာ သာမညဖလာနိစ ယဿ ဘာဝနာယ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ တထာဂတေ၊ နေဝမဂ္ဂေါ နအရိယသစ္စံ။ ။ဟုမိန့်အပ်၏။ ။မဂ္ဂသမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာစ၊ တို့သည်ရင်း။ သာမညဖလာနိစ၊ တို့သည်ရင်း။ တထာဂတေ၊ မဖောက်မပြန်ဟုတ်မှန်သောသဘောအားဖြင့်။ယဿမဂ္ဂဿ၊ အကြင်မဂ္ဂသစ္စာကို။ ဘာဝနာယ၊ ပွါးခြင်းငှါ။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ၊ ကျင့်သုံး၍နေ၏။ ဣတိဝစနတော၊ ဤသို့ ဟောတော်မူသောကြောင့်။ မဂ္ဂေါ၊ မဂ္ဂမည်သည်။ နေဝဟောတိ၊ ဖြစ်လည်းမဖြစ်။ နအရိယသစ္စံ၊ အရိယသစ္စာလည်းမမည်။ ။(ဤကားအနက်)။ နိရောဓသစ္စာ မဂ္ဂသစ္စာမှတပါးသော ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့၏ အပေါင်းကို ဥပပတ္တိ ဘဝ၏ အကြောင်းဖြစ်၍ မဂ္ဂသာမည မည်ရကား ဤစတုတ္ထပုဒ်၌ မယူအပ်။ ။ထို့ကြောင့် အနုဋီကာ၌။ ။ဣတရသစ္စ ဒွယံ သိယာ မဂ္ဂေါ ဥပပတ္တိ မဂ္ဂဘာဝတော။ ။ဟုမိန့်အပ်၏။ ။ဣတရသစ္စဒွယံ၊

နိရောဓသစ္စာ မဂ္ဂသစ္စာမှ တပါးသော။ ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့၏ အပေါင်းသည်။ ဥပပတ္တိမဂ္ဂဘာဝတော၊ ဥပပတ္တိဘဝ၏ အကြောင်း၏ အဖြစ်ကြောင့်။ မဂ္ဂေါ၊ မဂ်မည်သည်။ သိယာ၊ ဖြစ်ရာ၏။ ။(ဤကား အနက်)

သစ္စာစတုက္က ဝိနိစ္ဆယပြီး၏။

---

(၁၄) အနောဓိသ, ဩဓိသ မေတ္တာ နှစ်ပါးတို့တွင် အနောဓိသ မေတ္တာ၌ သဗ္ဗေသတ္တာ- စသော ငါးပါးသော ပုဒ်တို့၏ ပဒတ္ထ ဝိဂ္ဂဟ-အဘိဓေယျ-နာမသရူပ-စသည်များကို သိလိုပါသည် လျှောက်ထား ရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်အပ်၏။

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ။ ။ငါးပါးပုဒ်တွင်....သတ္တာ— ဟူသောပုဒ်ကို....ရူပါဒီသု ခန္ဓေသု ဆန္ဒရာဂေန ဝိဝိဓေန သတ္တာတိ သတ္တာ။ ။ဟူ၍ သ-ပဒဝိဂ္ဂဟပြု။ ။တနည်း။ ။ ရူပါဒီသု ခန္ဓေသု ဆန္ဒရာဂေန ဝိဝိဓေန သဋ္ဌတ္တိ ရဋ္ဌတ္တိတိ သတ္တာ။ ။ဟူ၍အသပဒ ဝိဂ္ဂဟပြု။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။သတ္တာတိ ရူပါဒီသု ခန္ဓေသု ဆန္ဒရာဂေန သတ္တာ ဝိသတ္တာတိ သတ္တာ။ ။ဟုမိန့်အပ်၏။ ။ယေပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ရူပါဒီသု၊ ရူပက္ခန္ဓာ အစရှိကုန်သော။ ခန္ဓေသု၊ ခန္ဓာတို့၌။ ဆန္ဒရာဂေန၊ ဆန္ဒရာဂဖြင့်။ ဝိဝိဓေန၊ အထူးထူး အပြားပြား အားဖြင့်။ သတ္တာ တပ်ဘတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ တပ်တတ် ကုန်သော သတ္တိကြောင့်။ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ သတ္တာ၊ သတ္တ မည်ကုန်၏။ ။ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ရူပါဒီသု၊ ရူပက္ခန္ဓာ အစရှိကုန်သော။ ခန္ဓေသု၊ ခန္ဓာတို့၌။ ဆန္ဒရာဂေန၊ ဆန္ဒရာဂဖြင့်။ ဝိဝိဓေန၊ အထူးထူး အပြားပြား အားဖြင့်။ သဋ္ဌတ္တိ ရဋ္ဌတ္တိ၊ တပ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ တပ်တတ်ကုန်သော သတ္တိကြောင့်။ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ သတ္တာ၊ သတ္တ မည်ကုန်၏။ ။(ဤကား ဝိဂ္ဂဟ၏ အနက်)။ ။သတ္တာတိ၊ ဟူသည်ကား။ ယေပုဂ္ဂလာ၊ တို့သည်။ ရူပါဒီသု၊ ရူပက္ခန္ဓာ အစကုန်သော။ ခန္ဓေသု၊ ခန္ဓာတို့၌။ ဆန္ဒရာဂေန၊ ဆန္ဒရာဂဖြင့်။ သတ္တာ၊တပ်တတ်ကုန်၏။ ဝိသတ္တာ၊ အထူးထူး အပြားပြား အားဖြင့်တပ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေပုဂ္ဂလာ၊ တို့သည်။ သတ္တာ၊ သတ္တမည်ကုန်၏။ ။(ဤကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဌ်၏ အနက်)။ ။ထို့ကြောင့်....သတ္တာ၊ ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂဖြင့် အထူးထူးအပြားပြား တပ်တတ်ကုန်သော သတ္တဝါတို့သည်-ဟု အနက်သမ္ဗန်။ ။အရကား သ, ဆန္ဒရာဂ ဖြစ်သော သတ္တဝါကို မှုချအားဖြင့်ရအပ်၏။ အနောဓိသမေတ္တာ အရာဖြစ်၍

အလုံးစုံကို ယူသင့်ရကား နိစ္စန္တရာဂဖြစ်သော ရဟန္တာသတ္တဝါ ကိုလည်း ရှင်ဖို့ အားဖြင့် ရအပ်၏။ ။ထို့ကြောင့် ဋင်းအဋ္ဌကထာ၌။ ။ရှင့်ဖိ့သဒ္ဒေန ပန ဝီတရာဂေသုပိ အယံဝေါဟာရော ဝိယ။ ။ဟု မိန့်အပ်၏။ ။ပန၊ ယင်းသို့ပင်ဝစ နတ္ထာဝိဂ္ဂိုဟ် ဆိုအပ်သော်လည်း။ ရှင့်ဖိ့သဒ္ဒေန၊ ရှင့်ဖိ့သဒ္ဒါအားဖြင့်။ ဝိဘရာဂေသုပိ၊ ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌လည်း။ အယံ ဝေါဟာရော၊ ဤသတ္တာ ဟုခေါ်ဝေါ်ခြင်းသည်။ ပဝတ္တတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ကောဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝိလိဝမယေပိ၊ နှီးဖြင့် ပြီးသည်လည်း ဖြစ်သော။ ဗီဇနီဝိသေသေ၊ ယပ်အထူး၌။ တာလဝဏ္ဋ ဝေါဟာရော၊ ထန်းရွက်ယပ် ဟူ၍ ခေါ်ဝေါ်ခြင်းသည်။ ပဝတ္တတိ ဝိယ၊ ဖြစ်သကဲ့သို့ တည်း။ ။(ဤကား အနက်)

ဤ၌ ရှင့်ဖိ့ဟူသည်ကို သ,ဆန္ဒရာဂ ပုဂ္ဂိုလ်နှင့် ဣန္ဒြိယဗဒ္ဓ ခန္ဓာ အစဉ်အားဖြင့် တူရကား သဒိသူပစာ ဟူသော အတင် ရှင့်ဖိ့ကိုယူ။ ။တနည်းကား၊ တပ်ခြင်း ဟူသော သကတ်ပျောက်သော်လည်း သတ္တဝါဟူသော အမည် မပျောက် ရကား အတွင်ရှင့်ဖိ့ကိုယူ။ ။တနည်းကား၊ ရှေး၌ တပ်ဘူးသည်ကို စွဲ၍ တပ်ခြင်းကင်း သော ရဟန္တာ ပုဂ္ဂိုလ်ကို သတ္တဝါ-ဟု ခေါ်အပ်ရကား ဘူတပုဗ္ဗဝေါဟာရဂတိ နည်းကိုယူ။ ။ထို့ကြောင့် ဋင်း၏အဘွင့် မဟာဋီကာ၌။ ။အဝီဘရာဂေသု ရှင့်ဖိယာ အဝီတရာဂေသု ဝါပဝတ္တိတွာ ဣန္ဒြိယဗဒ္ဓ ခန္ဓသန္တာနတာယ တံသဒိ သေသု ဝီတရာဂေသု ရှင့်ဖိယာ သဒ္ဒေန။ အထဝါ ကိဉ္စိ နိမိတ္တံ ဂဟေတွာ သတိပိ အညသ္မိံ တန္နိမိတ္တ ယုတ္တေ ကတ္ထစိ ဝိသယေ သမ္မုတိယာ စိရကာလတာယ နိမိတ္တဝိရဟေပိ ပဝတ္တိရှင့်ဖိနာမ။ ယထာ ဂစ္ဆန္တီတိ ဂါဝေါတိ၊ ဧဝံ သတ္တာသဒ္ဒဿာ ပိ ရှင့်ဖိဘာဝေါ ဒဋ္ဌဗ္ဗော။ ဘူတပုဗ္ဗဂတိယာ ဝါ ဝီတရာဂေသု သတ္တဝေါဟာ ရော ဒဋ္ဌဗ္ဗော။ ။ဟု မိန့်အပ်၏။ ။အဝီတရာဂေသု၊ ရာဂ မကင်းသောသတ္တ ဝါတို့၌။ ရှင့်ဖိယာ၊ ထင်သော။ သဒ္ဒေန၊ သဒ္ဒါဖြင့်။ ဝါ၊ တနည်းကား။ အဝီ တရာဂေသု၊ ရာဂမကင်းသေးသော သတ္တဝါတို့၌။ ပဝတ္တိတွာ၊ ဖြစ်ပြီး၍။ ဣန္ဒြိ ယဗဒ္ဓ ခန္ဓသန္တာနတာယ၊ ဣန္ဒြိယဗဒ္ဓ ခန္ဓာအစဉ် ရှိသည်၏ အဖြစ်ကြောင့်။ တံသဒိသေသု၊ ထိုရာဂ မကင်းသေးသော သတ္တဝါတို့နှင့် တူကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့၌။ ရှင့်ဖိယာ၊ ထင်သော။ သဒ္ဒေန၊ သဒ္ဒါဖြင့်။ အထဝါ၊ တနည်းကား။ အညသ္မိံ၊ တပါးသော စားခြင်း အိပ်ခြင်း အစရှိသော သကတ်နိမိတ်သည်။ သတိပိ၊ ရှိပါလျက်လည်း။ ကိဉ္စိ၊ တစုံတခုသော။ နိမိတ္တံ၊ သွားခြင်းစသော သကတ်နိမိတ်ကို။ ဂဟေတွာ၊ ယူပြီး၍။ တန္နိမိတ္တယုတ္တေ၊ ထိုသွားခြင်း စသော သကတ်နိမိတ်နှင့်ယှဉ်သော။ ကတ္ထစိ၊ တစုံတခုသော။ ဝိသယေ၊ အရပ်ဖြစ်သော ဝိသယ၌။ သမ္မုတိယာ၊ ခေါ်ဝေါ် သမုတ်ခြင်း၏။ စိရကာလတာယ၊ ကြာ

သောကာလရှိသည်၏ အဖြစ်ကြောင့်။ နိမိတ္တ ဝိရဟေပိ၊ သွားခြင်း စသော နိမိတ်ကင်းသော်လည်း။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ရုဠ္ဟီနာမ၊ ရုဠ္ဟီမည်၏။ ကောဝိယ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ ယေသတ္တာ၊ အကြင် သတ္တဝါတို့သည်။ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သွားတတ်ကုန်သော သတ္တဝါကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ဂါဝေါ၊ ဂါဝေါ မည်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တော ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သဒ္ဒာသဒ္ဒဿာပိ၊ သတ္တာသဒ္ဒါ၏လည်း။ ရုဠ္ဟီဘာဝေါ၊ ရုဠ္ဟီသဒ္ဒါ၏ အဖြစ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဝါ၊ တနည်းကား။ ဘူတပုဗ္ဗဂတိယာ၊ ဘူဟာပုဗ္ဗဝေါဟာရဂတိ နည်းအားဖြင့်။ ဝါ၊ ရှေး၌ဖြစ်ဘူးသောအလားဖြင့်။ ဝီတရာဂေသု၊ ရာဂကင်းကုန်ပြီးသော ရဟန္တာတို့၌။ သတ္တဝေါဟာရော၊ သတ္တဝါဟူ၍ ခေါ်ဝေါ်ခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ။(ဤကားအနက်)။ ။[ရှေးအကြောင်းကို မစွဲမူ၍ အမည်တွင်သောအားဖြင့်ခေါ်ဝေါ်အပ်သည်ကားအတွင်ရုဠ္ဟီ၊ရှေးအကြောင်းကိုစွဲ၍အကြောင်းကင်းသော သန္တာန်၌လည်း ခေါ်ဝေါ်အပ်သည်ကား ဘူတပုဗ္ဗဝေါဟာရဂတိ နည်းတည်း။ ဤကားအထူး။]

ပါဏာ-ဟူသောပုဒ်ကို ပါဏံ ဧတေသံ အတ္ထီတိ ပါဏာ-ဟု ဝစနတ္ထပြု။ ။ ဧတေသံ၊ ထိုသတ္တဝါတို့အား။ ပါဏံ၊ ထွက်သက်ဝင်သက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ပါဏာ၊ ပါဏ မည်ကုန်၏။ ။(ဤကားအနက်)။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။ ။ပါဏနတာယ ပါဏာ အဿာသ ပဿာသာယတ္တ ဝုတ္တိတာယာတိ အတ္ထော။ ။ဟူ၍ဋီကာ၌။ ။ပဏန္တိ ဧတေနာတိ ပါဏံ၊ အဿာသပဿာသာ။ တဿ ကမ္မံ ပါဏတာ၊ တာယ အဿာသ ပဿာသ ယောဂေနာတိ အတ္ထော။ ။ဟူ၍ ဋီကာမိန့်အပ်၏။ ။အဿာသ ပဿာသာယတ္တ ဝုတ္တိတာယ၊ ထွက်သက်,ဝင်သက်နှင့်စပ်၍ ဖြစ်ခြင်းရှိသည် ဖြစ်၍။ ဝါ၊ ကြောင့်။ ပါဏနတာယ၊ ထွက်သက်ရှူကြောင်း, ဝင်သက်ရှိုက်ကြောင်း အမှုရှိသည်၏ အဖြစ်ကြောင့်။ ပါဏာ၊ ပါဏ မည်ကုန်၏။ ။(ဤကား အဋ္ဌကထာပါဠိ၏အနက်)။ ။ဧတေန၊ ထိုထွက်သက်, ဝင်သက်လေဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ပဏန္တိ၊ ရှူတတ် ရှိုက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ရှူကြောင်း,ရှိုက်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုထွက်သက်, ဝင်သက်လေသည်။ ပါဏံ၊ ပါဏမည်၏။ အဿာသ ပဿာသာ၊ ထွက်သက်,ဝင်သက်လေတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ တဿ၊ ထိုထွက်သက် ရှိုက်ကြောင်း,ဝင်သက် ရှူကြောင်း၏။ ကမ္မံ၊ အမှုတည်း။ ပါဏတာ၊ ထွက်သက် ရှိုက်ကြောင်း,ဝင်သက်ရှူကြောင်း၏အမှု။ တာယ အဿာသ ပဿာသ ယောဂေန၊ ထိုထွက်သက်ရှူကြောင်း, ဝင်သက်ရှိုက်ကြောင်းအမှုနှင့် ယှဉ်ခြင်းကြောင့်။ ဣတိ

အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။(ဤကား ဋီကာပါဠိ၏ အနက်)။ ။ထို့ကြောင့်....ပါဏာ၊ ထွက်သက်ဝင်သက်ရှိကုန်သော သတ္တဝါတို့သည်·ဟု အနက်သမ္ဗန်။ ။ပါဏာနတာယ-ဟူသော အဿတ္ထိအတွင်းငုပ်သော ဟိတ်ပါဠိဖြင့် ပါဏန္တိ အဿာသပဿာသေ ပဝတ္တေန္တီတိ ပါဏာ—ဟူသော ကတ္တုသာဓ်ကိုပြတော်မူ၏။ ။(နေ့ာတက္ကော)။ ။ယေသတ္တာ၊ အကြင်သတ္တဝါ တို့သည်။ အဿာသပဿာသေ၊ ထွက်သက်,ဝင်သက်တို့ကို။ ပါဏန္တိ·ပဝတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ထွက်သက်, ဝင်သက်တို့ကို ဖြစ်စေတတ်ကုန်သော သတ္တိကြောင့်။ တေသတ္တာ၊ တို့သည်။ ပါဏာ၊ မည်ကုန်၏။ ။(ဤကားအနက်)

ဤကတ္တုသာဓ်ဝစနတ္ထအလိုဖြင့်·ပါဏာ၊ ထွက်သက်,ဝင်သက်ကိုဖြစ်စေတတ် ကုန်သော သတ္တဝါတို့သည်—ဤသို့ အနက်သမ္ဗန်။ ။အရကား ထွက်သက်,ဝင် သက်ရှိသော သတ္တဝါ ကို မုချအားဖြင့် ရအပ်၏။ အနေ့ာမိသမေဘ္ဘာအရာဖြစ်၍ အလုံးစုံကို ယူသင့်ရကား ထွက်သက်,ဝင်သက်မရှိသော စတုတ္ထစျာန်ကို ဝင်စား သော ကာမပုဂ္ဂိုလ်, နိရောဓသမာပတ်ကို ဝင်စားသော ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ် စသော သတ္တဝါတို့ကို ရုဠှီအားဖြင့် ရအပ်ကုန်၏။

ဘူတာ-ဟူသောပုဒ်ကို ကမ္မကိလေသေဟိ ဘဝန္တီတိ ဘူတာ။ ။ကတ္တုသာဓန ဝိဂ္ဂိုဟ်ပြု။ ။ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ကမ္မကိလေသေဟိ၊ ကံ ကိလေသာတို့ကြောင့်။ ဘဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကံကိလေ သာတို့ကြောင့် ဖြစ်တတ်ကုန်သော သတ္တိကြောင့်။ တေသတ္တာ၊ ထိုသတ္တဝါတို့ သည်။ ဘူတာ၊ ဘူတာမည်ကုန်၏။ ။(ဤကား အနက်)။ ။ထို့ကြောင့် ရှင်း အဋ္ဌကထာ၌။ ။ဘူတတ္တာ ဘူတာ၊ သမ္ဘူတတ္တာ အဘိနိဗ္ဗတ္တတ္တာတိ အတ္ထော။ ။ ဟူ၍ရှင်း၊ ဋီကာ၌။ ။ဘူတတ္တာတိ ကမ္မကိလေသေဟိ ဇာတတ္တာ။ ။ဟူ၍ ရှင်း မိန့်အပ်ပြီ။ ။ဘူတတ္တာ၊ ကံကိလေသာ တို့ကြောင့် ဖြစ်တတ်သည်၏ အဖြစ်ကြောင့်။ ဘူတာ၊ ဘူတ မည်ကုန်၏။ သမ္ဘူတတ္တာ၊ ကံကိလေသာတို့ ကြောင့် ကောင်းစွာ ဖြစ်တတ်သည်၏ အဖြစ်ကြောင့်။ အဘိနိဗ္ဗတ္တတ္တာ၊ ကံ ကိလေသာတို့ကြောင့် ထိုထိုဘဝတို့၌ အဘန်ဘန် အထပ်ထပ် ဖြစ်တတ်သည်၏ အဖြစ်ကြောင့်။ ။(ဤကားအဋ္ဌကထာပါဠိ၏အနက်)။ ။ဘူတတ္တာတိ၊ဘူတတ္တာ-ဟူသည်ကား။ ကမ္မကိလေသေဟိ၊ ကံကိလေသာ တို့ကြောင့်။ ဇာတတ္တာ၊ ဖြစ် တတ်သည်၏ အဖြစ်ကြောင့်။ ။(ဤကားဋီကာပါဠိ၏အနက်တည်း)။ ။ထို့ ကြောင့် ရှင်းဘူတာ-ဟူသောပုဒ်ကို....ဘူတာ၊ ကံကိလေသာတို့ကြောင့် ဖြစ်တတ် ကုန်သော သတ္တဝါတို့သည်-ဟု အနက်သမ္ဗန်။ ။အရကား သတ္တဝါ ဟူက ကံ

ကိလေသာ တို့ကြောင့် ဖြစ်သည်ချည်း ဖြစ်ရကား အလုံးစုံသော သတ္တဝါကိုပင် မုချအားဖြင့် ရအပ်၏။

ပုဂ္ဂလာ-ဟူသောပုဒ်ကို ပုံ-နိရယေ ဂလန္တိ ဂစ္ဆန္တီတိ ပုဂ္ဂလာ ဟု ကတ္တုသာဓနဝိဂ္ဂိုဟ်ပြု။ ။ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ပုံ-နိရယေ၊ ငရဲ၌။ ဂလန္တိ-ဂစ္ဆန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ငရဲ၌ ဖြစ်တတ်ကုန်သော သတ္တိကြောင့်။ တေသတ္တာ၊ထိုသတ္တဝါတို့သည်။ ပုဂ္ဂလာ၊ပုဂ္ဂလမည်ကုန်၏။ ။(ဤကား အနက်)။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။ပုံ ဂစ္ဆတိ နိရယံ ယာ၊ တသ္မိံ ဂလန္တိ-ဂစ္ဆန္တီတိ အတ္ထော။ ။ဟုမိန့်အပ်ပြီ။ ။နိရယော၊ ငရဲကို။ ပုံ၊ ပုံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မိံ၊ ထိုငရဲ၌။ ဂလန္တိ-ဂစ္ဆန္တိ၊ ဖြစ်တတ်ကုန်၏၊ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ပုဂ္ဂလာ-ဟူသောပုဒ်၏ အနက်တည်း။ ။(ဤကားအနက်)။ ။ ထို့ကြောင့် ၎င်းပုဒ်ကို....ပုဂ္ဂလာ၊ ငရဲ၌ ဖြစ်တတ်ကုန်သော သတ္တဝါတို့သည်-ဟူ၍အနက်သခွန်။ ။အရကား ငရဲ၌ဖြစ်တတ်သော ပုထုဇန် သတ္တဝါတို့ကို မုချအားဖြင့် ရအပ်၏။ အနေ၁ဗိသ မေတ္တာအရာဖြစ်၍ အလုံးစုံကို ယူသင့်ရကား ငရဲ၌မဖြစ်တတ်သော အရိယာသတ္တဝါတို့ကိုလည်း ရုဠီအားဖြင့် ရအပ်၏။

အတ္တဘာဝပရိယာပန္နာ—ဟူသောပုဒ်ကို သရီရသင်္ခါတေ ခန္ဓပဉ္စကေ သင်္ခါတေ ဝါ အတ္တဘာဝေ ပရိယာပန္နာ အန္တောဂဓာတိ အတ္တဘာဝ ပရိယာပန္နာ-ဟု တပ္ပုရိသ် သမာသ်ဝစနတ္ထပြု။ ။သရီရသင်္ခါတေ၊ ကိုယ်ဟု ဆိုအပ်သော။ ဝါ၊ တနည်းကား။ ခန္ဓပဉ္စကသင်္ခါတေ၊ ခန္ဓာငါးပါးတို့၏ အပေါင်းဟုဆိုအပ်သော၊ အတ္တဘာဝေ၊ အတ္တဘော၌။ ပရိယာပန္နာ-အန္တောဂဓာ၊ အကျုံးဝင်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အတ္တဘာဝပရိယာပန္နာ၊ အတ္တဘာဝ ပရိယာပန္န မည်ကုန်၏။ ။(ဤကားအနက်)။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။ အတ္တဘာဝေါ ဝုစ္စတိ သရီရံ။ ခန္ဓပဉ္စကမေဝ ဝါ။ တမုပါဒါယ ပညတ္တိမတ္တ သမ္ဘဝတော။ တသ္မိံ အတ္တဘာဝေ ပရိယာပန္နာတိ အတ္တဘာဝ ပရိယာပန္နာ။ ပရိယာပန္နာတိ ပရိစ္ဆိန္နာ အန္တောဂဓာတိ အတ္ထော-ဟု မိန့်အပ်ပြီ။ ။သရီရံ၊ ကိုယ်ကို။ အတ္တဘာဝေါ၊ အတ္တဘာဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ တနည်းကား။ ခန္ဓပဉ္စကမေဝ၊ ခန္ဓာငါးပါးတို့၏ အပေါင်းကိုသာလျှင်။ အတ္တဘာဝေါ၊ အတ္တဘာဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်လေသနည်း။ တံ၊ ထိုကိုယ်ကို။ ဝါ၊ ထိုခန္ဓာငါးပါးတို့၏ အပေါင်းကို။ ဥပါဒါယ၊ စွဲ၍။ ပညတ္တိမတ္တ သမ္ဘဝတော၊ အတ္တဘာဝ-ဟူသော ပညတ်မျှ၏ ဖြစ်သင့်သောကြောင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မိံ အတ္တဘာဝေ၊ ထိုကိုယ်ဟုဆိုအပ်သော အတ္တဘော၌။ ဝါ၊ ခန္ဓာငါးပါး၏ အပေါင်းဖြစ်သော အတ္တဘော၌။

ပရိယာပန္နာ၊ အကျုံးဝင်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အတ္တဘာဝ ပရိယာပန္နာ၊ အတ္တဘာဝပရိယာပန္န မည်ကုန်၏။ ပရိယာပန္နာတိ၊ ဟူသည်ကား။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်ကုန်၏။ အန္တောဂဓာ၊ အကျုံးဝင်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ပရိယာပန္နာ-ဟူသောပုဒ်၏အနက်တည်း။ ။(ဤကား အနက်)။ ။ထို့ကြောင့် ၎င်းပုဒ်ကို....အတ္တဘာဝ ပရိယာပန္နာ၊ ကိုယ်သဏ္ဌာန် ဟူသော အတ္တဘော၌ အကျုံးဝင်ကုန်သော သတ္တဝါတို့သည်။ ဝါ၊ ခန္ဓာ ငါးပါးတို့၏ အပေါင်း၌ အကျုံးဝင်ကုန်သော သတ္တဝါတို့သည်- ဟု အနက် သမ္ဗန်။ ။အရကား ကိုယ်သဏ္ဌာန် ခန္ဓာငါးပါးရှိသောသတ္တဝါတို့ကို မုချအား ဖြင့် ရအပ်ကုန်၏။ ကိုယ်သဏ္ဌာန်ခန္ဓာငါးပါးမရှိသော အရူပသတ္တဝါတို့ကို ရုဋ္ဌီ အားဖြင့် ရအပ်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာ၌။ ။ယထာစ သတ္တာတိ ဝစနံ ဝေ‌ံ သေသာနိပိ ရုဠှီဝသေန အာရောပေတွာ သဗ္ဗာနေတာနိ သဗ္ဗသတ္တဝေဝစနာ နီတိ ဝေဒိတဗ္ဗာနိ။ ။ဟုမိန့်အပ်ပြီ။ ။စ၊ ဆက်၍ဆိုဦးအံ့။ သတ္တာတိဝစနံ၊ သတ္တာဟူသောသဒ္ဒါကို။ ရုဠှီဝသေန၊ ရုဠှီအစွမ်းဖြင့်။ အာရောပေတွာ၊ တင်၍။ သဗ္ဗသတ္တဝေ ဝစနာနီတိ၊ အလုံးစုံသော သတ္တဝါတို့၏ ဝေဝုစ် ပရိယာယ် စကား လှယ်တို့ဟူ၍။ဝုစ္စတိယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သေသာနိ၊ ဆိုအပ်ခဲ့ပြီးသည်တို့မှ ကြွင်းကုန်သော။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ဧတာနိ ပဒါနိ၊ ထိုပါဏစသောပုဒ်တို့ကို။သဗ္ဗသတ္တဝေဝစနာနီတိ၊ အလုံးစုံသောသတ္တဝါ တို့၏ ဝေဝုစ်ပရိယာယ် စကားလှယ်တို့ဟူ၍။ ဝေဒိ တဗ္ဗာနိ၊ သိအပ်ကုန်၏။ ။ (ဤကားအနက်)

သတ္တဝါ-ဟူသော အနက်ကို ပြတတ်သော ဇန္တု-ဇီဝ-စသော များစွာသော သဒ္ဒါရှိပါလျက် သတ္တစသော ငါးပါးသော သဒ္ဒါတို့ကိုသာ ဟောတော်မူခြင်း သည်ကား အထူးထင်ရှားသောကြောင့် ဟောတော်မူသည် ဟုမှတ်ရာ၏။ ။ ထို့ကြောင့် အဋ္ဌကထာ၌။ ။ကာမဉ္စ အညာနိပိ သဗ္ဗေ ဇန္တု သဗ္ဗေ ဇီဝါတိ အာဒီနိ သဗ္ဗသတ္တဝေဝစနာနိ အတ္ထိ။ ပါကဋဝသေန ဣမာနေဝပဉ္စ ဂဟေ တွာ ပဉ္စဟာကာရေဟိ အနောဓိသော ဖရဏာ မေတ္တာစေတောဝိမုတ္တီတိ ဝုတ္တံ။ ။ဟု မိန့်အပ်ပြီ။ ။အညာနိပိ၊ တပါးလည်းဖြစ်ကုန်သော။ သဗ္ဗေ ဇန္တု သဗ္ဗေ ဇီဝါတိ အာဒီနိ၊ သဗ္ဗေ ဇန္တု သဗ္ဗေ ဇီဝါ- ဤသို့အစရှိကုန်သော။ သဗ္ဗသတ္တဝေဝစနာနိ၊ အလုံးစုံသော သတ္တဝါတို့၏ ဝေဝုစ် ဖြစ်ကုန်သော သဒ္ဒါတို့သည်။ ကာမဉ္စအတ္ထိ၊ အကယ်၍ကား ထင်ရှားရှိကုန်၏။ တထာပိ၊ ထိုသို့ပင် ထင်ရှားရှိကုန်သော်လည်း။ ပါကဋဝသေန၊ ထင်ရှားသည်၏ အစွမ်း ဖြင့်။ ဣမာနေဝ ပဉ္စ၊ ဤငါးပါးတို့ကိုသာလျှင်။ ဂဟေတွာ ပဉ္စဟာကာရေ ဟိ အနောဓိသော ဖရဏာ မေတ္တာစေတော ဝိမုတ္တီတိ၊ စေတောဝိမုတ္တိ- ဟူ၍။

ဝုတ္တံ။ ဟောတော်မူအပ်၏။ ။ဋင်းငါးပါးတို့တွင် တပါးပါးကို ဟောကပြီး ပါလျက် ငါးပါးလုံးကို ဟောရခြင်းသည်ကား အချို့သော ဝေနေယျ သည်ကား သတ္တာ–ဟု ဟောလျှင် အနက်ကို သိစွမ်းနိုင်သည်။ပ။ အချို့သော ဝေနေယျသည်ကား အတ္တဘာဝ ပရိယာပန္နာ-ဟုဟောလျှင် အနက်ကို သိစွမ်းနိုင်သည်ဖြစ်၍ ဝေနေယျဇ္ဈာသယ အားဖြင့် ဟောတော်မူသည် ဟုမှတ်။ ။ သဗ္ဗေသတ္တာ-စသော ပုဒ်တို့၏ ပဒတ္ထ စသည်ကို အဋ္ဌကထာ ဋီကာ လာတိုင်း ယခင်ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိမှတ်ရာ၏။ ။{ထို့ထက်အကျယ်ကိုလိုမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာတို့မှာယူ။ ကျယ်အံ့စိုး၍ မရေးပြီ။}

သတ္တာဒိပဋ္ဌက သရူပ ဝိနိစ္ဆယပြီး၏။

---

(၁၄) နစ္စ အစရှိသော သိက္ခာပုဒ်တို့တွင် တပါးကို လွန်ကျူးအံ့၊ ကေသိက္ခာပဒ၏ အဖြစ်ဖြင့် တပေါင်းတည်း ခံယူသောကြောင့် အကုန်ပျက်မည်၊ အသီးအသီး သမုဋ္ဌာန်ရှိသောကြောင့် လွန်ကျူးအပ်သော သိက္ခာပုဒ်သာ ပျက်မည်ကို သိလိုပါသည်။ ဋင်းသိက္ခာပုဒ် အများကို အဘယ့်ကြောင့် သာမဏေဘို့အား ခွဲ၍ လူဘို့အား ပေါင်း၍ဆောက်တည်ရသည်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

နစ္စ ဂီတ စသည်ဖြင့် သဒ္ဒါ သမုဋ္ဌာန် အသီး အသီး ဖြစ်ငြား သော်လည်း ဝေရမဏီ· စေတနာ တချက်ထည်း ဖြစ်၍ ပဉ္စသီလံ သမာဒိယာမိ– စသည်ဖြင့် ဆောက်တည်ရာ၌ တပါးပျက်လျှင် အကုန် ပျက်သကဲ့သို့ တပါး ပျက်လျှင် အကုန်ပျက်သည်ဟုမှတ်ရမည်။ ။နစ္စ· ဂီတ စသော သိက္ခာပုဒ်တို့ကို သာမဏေတို့အား ခွဲ၍ လူတို့အား ပေါင်း၍ ဆောက်တည်သော အရာကို ကျမ်းဂန်တို့မှာ စီစစ်ခြင်းပင် မရှိ။ ငါတို့ကျေးဇူးရှင် ဖြစ်တော်မူသော မဟာဇီဝိတာရာမ စလင်းဆရာတော် ဘုရားကြီးကား သာမဏေ အဖြစ် ဟူသော ဘုံအထူးကို ငဲ့သဖြင့် ရှက်ကြောက်ခြင်း ရှိရကား သတိလစ်၍ ကခြင်း စသည်ကို ပြုငြား သော်လည်း ပန်းပန်ခြင်းစသည်ကို မပြုတဲ့ဝံ့ကုန်၊ သတိလစ်၍ ပန်းပန်ခြင်းစသည်ကိုပြုငြားသော်လည်း ကခြင်းစသည်ကို မပြုတဲ့ဝံ့ကုန်၊ လူတို့သည်ကား ငဲ့ကွက်ရန်ဘုံ အထူးမရှိသည် ဖြစ်၍ ကခြင်းသည်ကို ပြုဝံ့လျှင် ပန်းပန်ခြင်းစသည်ကို ရှောင်ကြဉ်တော့မည် မဟုတ်ကုန်။ ပန်းပန်ခြင်း စသည်ကို ပြုဝံ့လျှင် ကခြင်းစသည်ကို ရှောင်ကြဉ်တော့မည် မဟုတ်ကုန်။ ဤကဲ့သို့ လွန်ကျူးခြင်း မစပ်ရကား သာမဏေတို့အားခွဲ၍ ဆောက်တည်ရသည်။ လွန်ကျူးခြင်း စပ်ရကား

လူတို့အား ပေါင်း၍ ဆောက်တည်ရသည်--ဟု အမိန့်တော်ရှိ၏။ ၎င်းစကားကို ကျော်လွန်ခြင်း နည်းစပ်သော နစ္စ စသော သိက္ခာပုဒ်တရပ်၊မာလာဂန္ဓစသော သိက္ခာပုဒ်တရပ်ကို ပညတ်ခွင့်ပြုတော်မူသော မြတ်စွာဘုရား၏ အလိုတော်နှင့် သင့်လျော် ညီညွတ်သည် ဖြစ်၍ အလွန်ပင် သင့်မြတ်သည် ဟု မှတ်ရာသတည်း။

နစ္စာဒိ သိက္ခာပဒ ဘေဒါဘေဒရက္ခဏာ ဝိနိစ္ဆယပြီး၏။

---

(၁၆) ဝိရတီ သုံးပါးတို့တွင် သမာဒါန ဝိရတီအရာ၌ အချို့ကား သီလဆောက်တည်ဆဲကာလ၌ပင်ဝိရတီဖြစ်သည်-ဟု အယူရှိကြပါသည်။ အချို့ကား နောင် ရှောင်ကြဉ်သောအခါမှ ဝိရတီဖြစ်သည်—ဟု အယူ ရှိကြပါသည်။ သီလကို ပေါင်း၍ ဆောက်တည်ရာ၌ ဝိရတီဘချက်၊ စေ တနာတချက် ခွဲ၍ဆောက်တည်ရာ၌ ဝိရတီ အသီး စေတနာအသီးဖြစ် သည် ဆိုသည်ကိုထောက်လျှင် ဆောက်တည်သော ခဏ၌ပင် ဖြစ်သကဲ့ သို့ ရှိပါသည်။ မည်ကဲ့သို့ မှတ်ရမည်ကို သိလိုပါသည် လျှောက်ထား ရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

လောကီ ဝိရတီ မည်သည် ဝီတိက္ကမိတဗ္ဗ ဝတ္ထုကို အာရုံပြု၍ လွန်ကျူးလို သော စေတနာကို ပယ်ခွါကြဉ်ရှောင်သော ကာလ၌သာ ဖြစ်သည်၊ ဝီတိက္ကမ စေတနာ ရှေ့သွားမရှိ။ နောင်တွေ့ဘိမူ ကြဉ်အံ့-ဟု ကြံစည်ကာမျှဖြင့် စင်စစ် မဖြစ်။ ။ထို့ကြောင့် အဋ္ဌသာလိနီဒွါရကထာ၌။ ။ဇင္ဂနော တေန သဒ္ဒေန ဂန္တွာ တံ ဂဟေတွာ စိန္တေသိ မာတု ဘေသဇ္ဇံ ကရောမီတိ။ ပုန စိန္တေသိ နမေတံ ပတိရူပံ ယွာဟံ မာတုဇီဝိတ ကာရဏာ ပရံ ဇီဝိတာ ဝေါရောပေယျန္တိ၊ အထ နံ ဂစ္ဆ အရညေ သသေဟိ သဒ္ဓိံ တိဏောဒကံ ဘုဥ္ဇာတိ မုဥ္စိ။ ။ဟူ၍ ၎င်း။ ။တတြ နံ မဟာသပ္ပေါ အဂ္ဂဟေသိ။ သော စိန္တေသိ ဣမာယ တိခိဏာ ဝါသိယာ သီသံ ဆိန္ဒိဿာမီတိ။ ပုန စိန္တေသိ နမေတံ ပတိရူပံ ယွာဟံ ဘာဝနိယဿ ဂရုနော သန္တိကေ သိက္ခာပဒါနိ ဂဟေတွာ ဘိန္ဒေယျန္တိ။ ဧဝံ ယာဝတတိယံ စိန္တေတွာ ဇီဝိတံ ပရိစ္စဇာမိ။ န သိက္ခာပဒန္တိ။ အံသေ ဌပိတံ တိခိဏာ ဒဏ္ဍ ဝါသိံ အရညေ ဆဍ္ဍေသိ။ ။ဟူ၍၎င်း မိန့်အပ်ပြီ။ ။ဇင္ဂနော၊ ဇင်္ဂနသည်။ တေန သဒ္ဒေန၊ ထိုယုန်၏ ကိရိ ကိရိ-ဟူသော အသံကြောင့်။ ဂန္တွာ၊ သွား၍။တံ၊ ထိုယုန်ကို။ ဂဟေတွာ၊ ဘမ်း၍။ မာတု၊အမိအား။ ဘေသဇ္ဇံ၊ ဆေးကို။ ကရောမိ၊ ပြုအံ့။ဣတိ၊ ဤသို့။စိန္တေသိ၊ကြံ၏။ ပုန၊တဘန်။ စိန္တေသိ၊ကြံပြန်၏။ ကိံ စိန္တေသိ၊ အဘယ်သို့ ကြံသနည်းဟူမူကား။ ယွာဟံ-ယောအဟံ၊ အကြင်ငါသည်။ မာတု၊ အမိ၏။ဇီဝိတ ကာရဏာ၊ အသက် ဟူသော အကြောင်းကြောင့်။ ပရံ၊ တပါး

သောသတ္တဝါကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေယျ၊ ချဉ်ြားအံ့။ မေ၊ ငါ့အား။ ဝါ၊ ငါ၏။ တေ၊ ဝေါရောပနံ၊ ထိုအမိ၏ အသက်ဟူသော အကြောင်းကြောင့် တပါးသောသတ္တဝါကို ဇီဝိတိန္ဒြေမှချခြင်းသည်။ နပတိရူပံ၊ မသင့်တင့် မလျောက်ပတ်။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။ အထပစ္ဆာ၊ ထိုကြံပြီးသည်မှနောက်၌။ နံ၊ ထိုယုန်ငယ်ကို။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလေတော့။ အရညေ၊ တော၌။ သသေဟိ၊ ယုန်တို့နှင့်။ သဒ္ဓိံ၊ တကွ။ တိဏောဒကံ၊ မြက်ရေကို။ ဘုဉ္ဇ၊ စားလေတော့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ မုဉ္စိ၊ လွှတ်လိုက်၏။ ။(ဤကား ရှေ့အဋ္ဌကထာပါဠ်၏အနက်)။ ။တတြ၊ ထိုဥတ္တရဝစနမာနတောင်၌။ နံ၊ ထိုဥပါသကာကို။ မဟာသဓပ္ပေါ၊ စပါးကြီးမြွေကြီးသည်။ အဂ္ဂဟေသိ၊ ဘမ်းယူလေ၏။ အထ၊ ထိုအခါ၌။ သော၊ ထိုဥပါသကာသည်။ ဥမာယ တိခိဏာ ဝါသိယာ၊ ဤထက်သော အသွားရှိသော ပဲခွပ်ဖြင့်။ အဿ၊ ထိုစပါးကြီးမြွေ၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိဿာမိ ဖြတ်အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံလေ၏။စိန္တေတွာ၊ ကြံပြီး၍။ ပုန၊ တဘန်။ စိန္တေသိ၊ ကြံပြန်၏။ ကိံ စိန္တေသိ၊ အဘယ်သို့ ကြံသနည်းဟူမူကား။ယွာဟံ-ယောအဟံ၊အကြင်ငါသည်။ဘာဝနိယဿ၊ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း အမှု၌ ယှဉ်သော။ ဝါ၊ ချီးမွမ်းထိုက်သော။ ဂရုနော၊ ဆရာ၏။ သန္တိကေ၊ အထံ၌။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဂဟေတွာ၊ ခံယူပြီး၍။ ဘိန္ဒေယျံ၊ဖျက်ငြားအံ့။တေ၊ထိုခံယူပြီးသောသိက္ခာပုဒ်ကို ဖျက်ခြင်းသည်။ မေ၊ ငါ့အား။ နပတိရူပံ၊ မသင့်တင့် မလျောက်ပတ်။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံပြန်၏။ ဝေ၊ ဤနည်းအတူ။ ယာဝတတိယံ၊ သုံးကြိမ် တိုင်အောင်။ စိန္တေတွာ၊ ကြံပြီး၍။ အဟံ၊ ငါသည်။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ စွန့်အံ့။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ နပရိစ္စဇာမိ၊ မစွန့်အံ့။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးပိုက်၍။ အံသေ၊ ပခုန်း၌။ ဌပိတံ၊ ထားအပ်သော။ တိခိဏဒဏ္ဍဝါသိံ၊ ထက်သောအသွားရှိသော အရိုးတပ်သော ပဲခွပ်ကို။ အရညေ၊ တော၌။ ဆဍ္ဍေသိ၊ စွန့်လွှတ်လိုက်၏။ ။(ဤကား နောက်အဋ္ဌကထာပါဠ်၏ အနက်)

ဤသို့ ဝီတိက္ကမစေတနာ ရှေ့သွားသောအရာ၌သာ ထိုစေဘနာကိုကြဉ်တတ်သော ဝိရတီဖြစ်ကြောင်း အဋ္ဌကထာ၌ လာသည်။ ။ကေဇ္ဇာ သမာဒိယတော ဃောယေဝ ဝိရတိ ကောဝ စေတနာ ဟောတိ။ ။ကေဇ္ဇာ၊ တပေါင်းတည်း။ သမာဒိယတော၊ ဆောက်တည်သော သူအား။ ဃောယေဝ၊ တခုတည်းသာလျှင် ဖြစ်သော။ ဝိရတိ၊ ဝိရတီသည်ရင်း။ ကောဝ၊ တချက်ထည်းသာလျှင်ဖြစ်သော။ စေတနာစ၊ စေတနာသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ။(ဤကား အနက်)။ ။ဤအဋ္ဌကထာပါဠ်၌ ကောယေဝ ဝိရတိ-ဟူသောပါဠ်ဖြင့် ယခုကာလကဲ့သို့ ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ လွန်ကျူးလိုသော စေတနာ မရှိ၊

နောင်တွေ့ဘိမူ ရှောင်ကြဉ်အံ့-ဟု သီလကိုခံယူသောအခါ၌ တွေ့ရှိက ကြဉ်အံ့-ဟု အားထုတ်ခြင်း ဝီရိယစေတသိက်ကို ပရိယာယ်အားဖြင့်ယူ။ အဘယ်ကဲ့သို့ နည်းဟူမူ ရဟန်းတို့အား ပစ္စယပဋိသေဝနံ, သာမန္တဇပ္ပနံ, ဣရိယာပထ သဏ္ဌာပနံတည်းဟူသော ကုဟနဝတ္ထုသုံးပါးကို ကြဉ်ရာ၌ မိစ္ဆာဇီဝါ ဝိရတိ-ဟူသောပါဠ်ဖြင့် အားထုတ်၍ကြဉ်ခြင်း ဝီရိယ စေတသိက်ကိုသာ ပရိယာယ်အားဖြင့် ယူအပ်သကဲ့သို့တည်း။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။ယာ တသ္မာ သဗ္ဗပကာရာပိ မိစ္ဆာဇီဝါ ဝိရတိ ဣဓ အာဇီဝပါရိသုဒ္ဓိသီလံ၊တတြာယံ ဝစနတ္ထော၊ တံ အာဂမ္မ ဇီဝန္တိ အာဇီဝေါ။ကော သော။ ပစ္စယ ပရိယေသန ဝါယာမော။ ။ဟူ၍ရှင်း၊ မဏိသာရမဉ္ဇူသာဋီကာ၌။ ။ယံ ပန ဝုတ္တံ ယာ တသ္မာ သဗ္ဗပကာရာ မိစ္ဆာဇီဝါ ဝိရတိ။ ဣဓံ အာဇီဝပါရိသုဒ္ဓိသီလန္တိ။ တံ အာဇီဝပါရိသုဒ္ဓိသီလဿ ပရိယာယေန ဝိရတိဘာဝံ သန္ဓာယ ဝုတ္တံ။ န နိပ္ပရိယာယေန။ အညထာ ယထာဝုတ္တအဋ္ဌကထာဝိရောဓော သိယာတိ။ ။ဟူ၍ရှင်း မိန့်အပ်၏။ ။ သဗ္ဗ ပကာရာပိ၊ အလုံးစုံသော အပြားရှိသည်လည်း ဖြစ်သော။ မိစ္ဆာဇီဝါ၊ မိစ္ဆာဇီဝမှ။ ယာဝိရတိ၊ အကြင် ကြဉ်ရှောင် ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဓံ၊ ဤမိစ္ဆာဇီဝမှ ကြဉ်ရှောင်ခြင်းသည်။ အာဇီဝပါရိသုဒ္ဓိသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလမည်၏။ တတြ၊ ထိုအာဇီဝ ပါရိသုဒ္ဓိသီလ၌။ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ ဝစနတ္ထော၊ ဝစနတ္ထတည်း။ တံသီလံ၊ ထိုသီလကို။ အာဂမ္မ၊ စွဲ၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဇီဝန္တိ၊ အသက်မွေး တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ရဟန်း တို့သည် မှီ၍ အသက်မွေးတတ်သော သတ္တိကြောင့်။ သော၊ ထို သီလသည်။ အာဇီဝေါ၊ အာဇီဝမည်၏။ သော၊ ထိုအာဇီဝ ဟူသည်။ ကော၊ အဘယ်နည်း။ ပစ္စယပရိယေသန ဝါယာမော၊ ပစ္စည်းလေးပါးကို ရှာမှီး တတ်သော ဝီရိယပင်တည်း။ ။(ဤကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠ်၏အနက်)။ ။ ယာ တသ္မာ။ပ။ သီလန္တိ၊သီလံ-ဟူသော။ ယံပနဝစနံ၊ အကြင်စကားကိုကား။ အဋ္ဌကထာယံ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ တံဝစနံ၊ ထိုစကား ကို။ အာဇီဝပါရိသုဒ္ဓိသီလဿ၊ အာဇီဝ ပါရိသုဒ္ဓိသီလ၏။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ ဝိရတိဘာဝံ၊ ဝိရတီ၏အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာသည် ဆိုတော်မူအပ်၏။ နိပ္ပရိယာယေန၊ မုချအားဖြင့်။ ဝိရတိဘာဝံ၊ ဝိရတီ၏ အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ နဝုတ္တံ၊ ဆိုတော်မမူအပ်။ အညထာ၊ ပရိယာယ ဝိရတီကိုရည်၍ ဆိုအပ်၏ ဟူသော အနက်မှ တပါးသော မုချဝိရတီကိုရည်၍ ဆိုအပ်၏ ဟူသော အနက်ကို။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ ယထာဝုတ္တ အဋ္ဌကထာ ဝိရောဓော၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာနှင့် ဆန့်ကျင်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။ ။ (ဤကား မဏိသာရမဉ္ဇူသာဋီကာပါဠ်၏အနက်)

သတ်၍အသက်မွေးအံ့၊ နက်ဖြန်ခါ၌ ကြက်ဝက်တို့ကိုယူ၍ လာခဲ့လော-ဟု အဆွေခင်ပွန်း တယောက်ကို မှာခဲ့၍ ၎င်းကြက်ဝက်တို့သည် အိမ်သို့ရောက်လာသောအခါ တခုသောကိစ္စဖြင့် ကျောင်းတွင်းသို့ သွားလေ၍ ၎င်းဒါယကာကို မထေရ်သည် သူတပါးတို့၏အသက်ကိုသတ်ရာ၌ အပြစ်ကိုပြ၍ သီလကိုခံစေ၏။ ဒါယကာလည်း နက်ဖြန်ခါ သတ်လတ္တံ့သော ကြက်ဝက်တို့ကို မသတ်ပါတော့အံ့-ဟု ငါးပါးသီလကို တပေါင်းတည်း ခံယူဆောက်တည်၏။ ဤကဲ့သို့ ခံယူသောကာလ၌ မုချအားဖြင့် သမ္မာအာဇီဝ ဝိရတီအစစ်ကိုယူ။ ၎င်းဝိရတီသည် ကား အနာဂတ်ကာလ၌ သတ်လတ္တံ့သော ကြက်ဝက်ဟူသော ဝီတိက္ကမိတဗ္ဗ ဝတ္ထုကို အာရုံပြု၍ဖြစ်၏။ အနာဂတာရမ္မဏာ ဓမ္မာ- ဟူသောပုဒ်၌ ဝိရတီကို ကောက်သည်ကိုထောက်။ ကြွင်းသောအဒိန္နာဒါန် စသောအင်္ဂါတို့သည် ယခင်ဆောက်တည်သောအခါ၌ အပ္ပဓာနအားဖြင့် ပါဝင်လေကုန်သတည်း။ ယခင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အာဇီဝဟောတုကိုမထား၊ ရမ်းကားနှိပ်စက်လိုသဖြင့် သူ့အသက်ကို သတ်လတ္တံ့သည်မှ ကြဉ်သောအခါ သမ္မာ ကမ္မန္တ၊ မုသား ဆိုလတ္တံ့သည်မှ ကြဉ်သောအခါ သမ္မာဝါစာတို့ကိုလည်း နည်းတူပင်ယူလေ။ [သီလကိုခံယူဆောက်တည်ခြင်းမရှိဘဲ သတ်ထိုက်သောဝတ္ထုကို တွေ့သောအခါမှ မိမိအလျောက်ကြဉ်မှု သမ္ပတ္တဝိရတီဖြစ်၏။ ဆောက်တည်ခြင်း အရင်းခံရှိ၍ ၎င်းဝတ္ထုကိုကြဉ်မှု သမာဒါနဝိရတီဖြစ်၏။ ဤကား အထူး]။ ။သီလဆောက်တည်သောအခါ သမာဒါန ဝိရတီ ဖြစ်, မဖြစ်ကို အဋ္ဌကထာဋီကာ လာတိုင်း ယခင်ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မှတ်ရမည်။

သီလဆောက်တည်သောအခါ ဝိရတီ ဖြစ်,မဖြစ်အဆုံးအဖြတ်ပြီး၏။

---

(၁၇) ကုသိုလ်ကိုအားထုတ်ရာ၌ ပုဗ္ဗစေတနာ, အပရစေတနာတို့သည် ပဋိသန္ဓေအကျိုးကို ပေးကုန်သကဲ့သို့ ပါဏာတိပါတ စသောအကုသိုလ်ကို အားထုတ်ရာ၌ ပုဗ္ဗစေတနာ, အပရစေတနာတို့သည် ပဋိသန္ဓေအကျိုးကိုပေးမည်,မပေးမည်ကို သိလိုပါသည်ဟု လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ဒါနစသောကုသိုလ်ကို အားထုတ်သောသူ၏ ပုဗ္ဗစေတနာတို့သည် ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သကဲ့သို့ ပါဏာတိပါတ စသော အကုသိုလ်ကို အားထုတ်သောသူ၏ ပုဗ္ဗစေတနာတို့သည်လည်း ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်ကုန်၏။ ပေးစွမ်းနိုင်ကြောင်းကို ဗာရာဏသီပြည်၌ ကျောက်စရစ်ပစ်အတတ်၌ အပြီးသို့ရောက်သော ငဆွံ့၏တပည့်ဖြစ်သော တဦးသောယောကျ်ားသည် မိမိ၏အတတ်

ကို စူးစမ်းခြင်းငှါ ပစ်အပ်သောသူကိုရှာလျက် လှည့်သည်သည်ရှိသော် သုဒနတ္တ အမည်ရှိသော ပစ္စေကဗုဒ္ဓါကိုမြင်၍ ထိုအရှင်၏ လကျ်ာနားကိုရွယ်၍ ကျောက် စရစ်ဖြင့်ပစ်၏။ ထိုကျောက်စရစ်သည် လကျ်ာနားဖြင့် ဝင်၍ လက်ဝဲနားဖြင့် ထွက်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုအနာဖြင့်ပင် ပရိနိဗ္ဗာန်စံတော်မူ၏။ ။ ကိုးကွယ်သူ လူအပေါင်းတို့သည် ထိုအကြောင်းကိုသိ၍ ထိုပစ်သောယောကျ်ား ကို ဒုတ်လှံ ကန် စသည်တို့ဖြင့် ပုတ်ခတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေကြ ကုန်၏။ ဤကဲ့သို့ ပစ္စေကဗုဒ္ဓါကို သတ်သော ယောကျ်ားသည် သူတပါးတို့၏ ပယောဂကြောင့် အသက်သေခြင်းသို့ရောက်ပြီးလျှင် တကြိမ်တည်းသာ ပစ္စေက ဗုဒ္ဓါကိုသတ်သော မကောင်းမှုကံကြောင့် အဝီစိငရဲ၌ဖြစ်၍ အကြင်မျှလောက် မဟာပထဝီမြေကြီးသည် အထက်သို့ တယူဇနာ မြင့်အောင် ပွါးစီး၍ တက်၏။ ထိုမျှလောက် ငရဲ၌ကျက်၍ ထိုကံ၏အကျိုးကြွင်း၏အစွမ်းဖြင့် ဂိဇ္ဈကုဋ်တောင်၌ ပြိတ္တာဖြစ်လာသည်ကိုးထောက်၍ သိအပ်၏။ ။ထို့ကြောင့် ဓမ္မပဒ အဋ္ဌကထာ သဋ္ဌိကူဋပေတဝတ္ထု၌ ဘုရား။ ။သော အဝီစိမှိ နိဗ္ဗတ္တိတွာ ယာဝ ါယံမဟာပထဝီ ယောဇနမတ္တံ ဉဿန္နာ၊ တာဝ ပစ္စိတွာ ဝိပါကာ ဝသေသေန ဂိဇ္ဈကူဋမတ္ထကေ ပေတော ဟုတွာ နိဗ္ဗတ္တိ။ ။ဟူ၍ရှင်း။ ။ပေတဝတ္ထု အဋ္ဌကထာ ရှင်းဝတ္ထု အဘွင့်၌။ ။သော ကာလံကတော အဝီစိ မဟာနိရယေ နိဗ္ဗတ္တိတွာ ဗဟူနိ ဝဿသဟဿာနိ နိရယေ ပစ္စိတွာ တဿေဝ ကမ္မဿ ဝိပါကာဝသေသေန ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ရာဇဂဟနဂရဿ အဝိဒူရေ ပေတော ဟုတွာ နိဗ္ဗတ္တိ။ ။ဟူ၍ရှင်း မိန့်အပ်၏။ ။သော၊ ထိုငဆွံ၏ တပည့်ဖြစ်သော ယောကျ်ားသည်။ အဝီစိမှိ၊ အဝီစိငရဲ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်လေ၍။ ယာဝ၊ အကြင်မျှလောက်။ အယံ မဟာ ပထဝီ၊ ဤမဟာပထဝီ မြေကြီးသည်။ ယောဇနမတ္တံ၊ တယူဇနာ အတိုင်းအရှည် မြင့်အောင်။ ဉဿန္နာ၊ များသည်။ ဝါ၊ ပွါးစီး၍တက်သည်။ ဟောတိ၊ ဖြစ်၏။ တာဝ၊ ထိုမျှလောက်။ ပစ္စိတွာ၊ ကျက်ပြီး၍။ ဝိပါကာဝသေသေန၊ အကျိုး ကြွင်း၏အစွမ်းဖြင့်။ ဂိဇ္ဈကူဋမတ္ထကေ၊ ဂိဇ္ဈကုဋ်တောင်၏ အထက်၌။ ပေတော၊ ပြိတ္တာသည်။ ဟုတွာ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။ ။(ဤကား ဓမ္မပဒ အဋ္ဌကထာ ပါဠ်၏အနက်)။ ။သော၊ ထိုငဆွံ၏ တပည့်ဖြစ်သော ပစ္စေကဗုဒ္ဓါကို ကျောက် စရစ်ဖြင့် ပစ်၍သတ်သောယောကျ်ားသည်။ ကာလံကတော၊ သေသည်ရှိသော်။ အဝီစိ မဟာနိရယေ၊ အဝီစိ ငရဲကြီး၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်လေ၍။ ဗဟူနိ၊ များစွာ ကုန်သော။ ဝဿသဟဿာနိ၊ နှစ်အထောင်တို့ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်ပြီး၍။ တဿေဝကမ္မဿ၊ ထိုအရှင် ပစ္စေကဗုဒ္ဓါကို သတ်သောကံ၏ သာ လျှင်။ ဝိပါကာဝသေသေန၊ အကျိုးကြွင်း၏ အစွမ်းဖြင့်။ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ဤငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌။ ရာဇဂဟ နဂရဿ၊ ရာဇဂြိုဟ်

မြို့၏။ 'အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ပေတော၊ ပြိတ္တာသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။ ။(ဤကား ပေတဝတ္ထုအဋ္ဌကထာပါဌ်၏အနက်)

ဤသို့ အကုသိုလ်ကို အားထုတ်သော သူ၏ သန္နိဋ္ဌာပကစေတနာ ခုနစ်ချက်တို့၌ ပဌမဇောမှ တပါးသော ခြောက်ချက်သော ဇောတို့တွင် တချက်ချက်သော ဇောသည် ပဋိသန္ဓေကို ပေးအံ့၊ ကြွင်းသော ငါးချက်သော ဇောတို့သည် ပဋိသန္ဓေအကျိုးကို မပေးကုန်ဟုမှတ်ရမည်။ ။ထို့ကြောင့် အဋ္ဌသာလိနီ ဝိပါကုဒ္ဒါရကထာ၌။ ။သာကေတပဉှေကိရ ဥပါသကာ သာလာယံ နိသီဒိတွာ ကိန္နုခေါ ဧကာယ စေတနာယ ကမ္မေ အာယူဟိတေ ဧကာပဋိသန္ဓိ ဟောတိ၊ ဥဒါဟု နာနာတိ ပဉှံ နာမ သမုဋ္ဌာပေတွာ နိစ္ဆေတုံ အသက္ကောန္တာ အာဘိဓမ္မိကတ္ထေရေ ဥပသင်္ကမိတွာ ပုစ္ဆိံသု။ ထေရာ ယထာ ဧကသ္မာ အမ္ဗဗီဇာ ဧကောဝ အင်္ကုရော နိက္ခမတိ၊ ဧဝံ ဧကာဝ ပဋိသန္ဓိ ဟောတီတိ သညာပေသုံ။ ဧကဒိဝသံ ကိန္နုခေါ နာနာစေတနာဟိ ကမ္မေ အာယူဟိတေ ပဋိသန္ဓိယော နာနာ ဟောန္တိ။ ဥဒါဟု ဧကာတိ ပဉှံ သမုဋ္ဌာပေတွာ နိစ္ဆေတုံ အသက္ကောန္တာ ထေရေ ပုစ္ဆိံသု။ ထေရာ ယထာ ဗဟူသု ဗီဇေသု ရောပိတေသု ဗဟူနိ အင်္ကုရာနိ နိက္ခမန္တိ။ ဧဝံ ဗဟုကာဝ ပဋိသန္ဓိယော ဟောန္တီတိ သညာပေသုံ။ ။ဟူ၍ရင်း။ ။နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာလက္ခဏသံယုတ်အဘွင့်၌။ ။တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ တဿေဝ နာနာစေတနာဟိ အာယူဟိတဿ အပရာပရိယကမ္မဿ။ ။ဟူ၍ရင်း မိန့်အပ်၏။ ။ကိရ၊ တဆင့်စကားကြားဘူးသည်ကား။ သာကေတေ၊ သာကေတ မြို့၌။ ဥပါသကာ၊ ဒါယကာတို့သည်။သာလာယံ၊စရပ်၌။နိသီဒိတွာ၊ နေထိုင်ကြကုန်၍။ကိံ၊ အသို့နည်း။ဧကာယ၊ တခုသော။ စေတနာယ၊ စေတနာဖြင့်။ကမ္မေ၊ ကံကို။အာယူဟိတေ၊အားထုတ်အပ်သည်ရှိသော်။ဧကာ၊တကြိမ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟောတိနုခေါ၊ ဖြစ်လေသလော။ ဥဒါဟု၊ ယင်းသို့မဟုတ်။ နာနာ၊ အသီးသီးသော အကြိမ်ကြိမ် အခါခါ များစွာသော။ပဋိသန္ဓိ၊ပဋိသန္ဓေ သည်။ ဟောတိနုခေါ၊ ဖြစ်လေသလော။ ဣတိ၊ ဤသို့။ ပဉှံနာမ၊အမေးပုစ္ဆာ ပြဿနာမည်သည်ကို။ သမုဋ္ဌာပေတွာ၊ ဖြစ်ကြစေကုန်၍။ နိစ္ဆေတုံ၊ ဆုံးဖြတ် ခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကြကုန်သည်ဖြစ်၍။ အာဘိဓမ္မိကတ္ထေရေ၊ အဘိဓမ္မာကိုဆောင်သော မထေရ်တို့ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ကြကုန်၍။ ပုစ္ဆိံသု၊ မေးလျှောက်ကြကုန်၏။ အထ၊ ထိုအခါ၌။ ထေရာ၊ မထေရ်တို့သည်။ ဧကသ္မာ၊ တစေ့သော။ အမ္ဗဗီဇာ၊ သရက်မျိုးစေ့မှ။ ဧကောဝ၊ တခုသာလျှင် ဖြစ်သော။ အင်္ကုရော၊ အညွန့်သည်။ နိက္ခမတိယထာ၊ ထွက်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဧကာဝ၊ တကြိမ်သာလျှင်ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သညာပေသုံ၊ သိစေကြကုန်၏။ ဧကဒိဝသံ၊ တနေ့သ၌။

ကိံ၊ အဿိနည်း။ နာနာစေတနာဟိ၊အထူးထူးအပြားပြားများစွာသော စေတနာတို့ဖြင့်။ ကမ္မံ၊ ကံကို။ အာယူဟိတေ၊အားထုတ်အပ်သည်ရှိသော်။ ပဋိသန္ဓိယော၊ ပဋိသန္ဓေတို့သည်။ နာနာ၊ အထူးထူးအပြားပြား များစွာတို့သည်။ ဟောန္တိနုခေါ၊ ဖြစ်လေကုန်သလော။ ဥဒါဟု၊ ယင်းသို့မဟုတ်။ ဧကာ၊ တခါ တကြိမ်သော၊ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟောတိနုခေါ၊ ဖြစ်လေသလော။ ဣတိ၊ ဤသို့။ ပဉှံ၊ အမေးပုစ္ဆာ-ပြဿနာကို။ သမုဋ္ဌာပေတွာ၊ ဖြစ်စေကြကုန်၍။ နိစ္ဆေတုံ၊ ဆုံးဖြတ်ခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင် ကြကုန်သည်ဖြစ်၍။ ထေရေ၊ မထေရ်တို့ကို။ ပုစ္ဆိံသု၊ မေးလျှောက်ကြလေကုန်၏။ ထေရာ၊ မထေရ်တို့သည်။ ဗဟူသု၊ များစွာကုန်သော။ ဗီဇေသု၊ မျိုးစေ့တို့ကို။ ရောပိတေသု၊ စိုက်ပျိုးအပ်ကုန်သည်ရှိသော်။ ဗဟူနိ၊ များစွာကုန်သော။ အင်္ကုရာနိ၊ အညွန့်တို့သည်။ နိက္ခမန္တိယထာ၊ ထွက်လာကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ဗဟုကာဝ၊ များစွာသာလျှင် ဖြစ်ကုန်သော။ ပဋိသန္ဓိယော။ ပဋိသန္ဓေတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့၊ သညာပေသုံ၊ သိစေကြကုန်၏။ ။(ဤကား အဋ္ဌသာလိနီပါဠိ၏ အနက်)။ ။တသောဝ ကမ္မဿ ဝိပါကာဝသေသေနာတိ၊ ဟူသည်ကား။ နာနာစေတနာဟိ၊အထူးထူးအပြားပြား များစွာ သောစေတနာတို့ဖြင့်။ အာယူဟိတဿ၊ အားထုတ်၍ ပြုအပ်သော။ တသောဝ အပရာပရိယကမ္မဿ၊ ထိုအပရာ ပရိယကံ၏။ ။(ဤကား သံယုတ်အဋ္ဌကထာပါဠိ၏အနက်)

ဤအဋ္ဌကထာပါဠိ၌ ....ဧကာယ စေတနာယ ကမ္မေ အာယူဟိတေ— ဟူသောပါဠိဖြင့် တကြိမ်ကံကို အားထုတ်ခြင်းကို ပြတော်မူသည်။ ။နာနာ စေတနာဟိ အာယူဟိတေ— ဟူသောပါဠိ၊ နာနာစေတနာဟိ အာယူဟိတဿ— ဟူသော ပါဠိတို့ဖြင့် အကြိမ်ကြိမ်ကံကို အားထုတ်ခြင်းကို ပြတော်မူသည်။ ။အဓိပ္ပါယ်ကား— တကြိမ် အားထုတ်အပ်သော ကံသည် တကြိမ်သော ပဋိသန္ဓေကိုသာ ပေးနိုင်၏။ များစွာသော ပဋိသန္ဓေတို့ကို မပေးနိုင်။ အကြိမ်ကြိမ် အားထုတ်အပ်သော များစွာသော ကံတို့သည် များစွာသော ပဋိသန္ဓေ တို့ကို ဖြစ်စေကုန်၏။ ပေါင်းစည်းလုံးစု၍ တခုသောပဋိသန္ဓေကိုဖြစ်စေသည်မဟုတ်ကုန် ဟူလိုသည်။ တကြိမ်အားထုတ်အပ်သောကံသည် တကြိမ်ပဋိသန္ဓေကိုပေး၏ ဟူရာ၌လည်း သန္နိဋ္ဌာပက ဇောဝါရကိုသာယူ။ ပုဗ္ဗစေတနာနှင့်တကွသော သန္နိဋ္ဌာပက ဇောဝါရကိုမယူလင့်။ ယူသော် ပုဗ္ဗစေတနာ, အပရစေတနာတို့၏အကျိုး ပေးခြင်းကိုဆိုသော ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်ရာ၏။ ဤသို့ တကြိမ်ကံကို ပြုရာ၌ သန္နိဋ္ဌာပကဇော ခုနစ်ချက်တို့တွင် တချက်ချက် သော ဇောသည် ပဋိသန္ဓေ အကျိုး ကို ပေး လျှင် ကြွင်း သော ငါး ချက် သော ဇော တို့ သည် ပဋိသန္ဓေအကျိုးကို မပေးလေ သောကြောင့် ယခင် ပစ္စေက ဗုဒ္ဓါကို သတ်သော

ယောကျ်ားသည် သန္ဓိဋ္ဌာပက ဇောစေတနာဖြင့် အစီစိုင်ရဲ၍ဖြစ်၏။ ပုဗ္ဗစေတနာ, အပရစေတနာတို့တွင် တပါးပါးဖြင့်ပြိတ္တာဘုံ၌ဖြစ်၏ဟုမှတ်ယူရမည်။ ။ ဂေါ်သာဘာ ဝတ္ထုပ္ပါဌ်၏အဘွင့်ဖြစ်သော တဿေဝ ကမ္မဿ– စသော ယခင်သံယုတ် အဋ္ဌကထာ၏ အဓိပ္ပါယ်ကား တကောင်သော နွားကိုသတ်ခြင်း ဟူသော မကောင်းမှုကံကြောင့် ငရဲ၌ဖြစ်၏။ ထိုမှတပါးသော တကောင်သော နွားကို သတ်ခြင်း ဟူသော မကောင်းမှုကံကြောင့် ပြိတ္တာဘုံ၌ ဖြစ်၏ဟူလိုသည်။

ဤသို့ ဖြစ်စေတတ်သော ကံအသီးအသီး၊ အာရုံအသီးအသီး ဖြစ်ငြားသော်လည်း တ မေဝ ဩသမံ ဒေဟိ-ကဲ့သို့ နွား သတ် ကံ ချင်း သဘော တူသောကြောင့်ရင်း၊ သတ်ကြောင်းဖြစ်သော လက်နက်, သတ်အပ်သော နွားဟူသော အာရုံချင်း သဘောတူသောကြောင့်ရင်း။ ။တဿေဝ ကမ္မဿ ဝိပါကာဝသေသေန။ ။ဟု ဟောတော်မူအပ်သည်။ ထို့ကြောင့် အဋ္ဌကထာ၌။ ။တတြ ဟိ ယာယ စေတနာယ နရကေ ပဋိသန္ဓိ ဇနိတာ။ တဿ ဝိပါကေ ပရိက္ခီဏေ အဝသေသာ ကမ္မံဝါ ကမ္မနိမိတ္တံဝါ အာရမ္မဏံကတွာ ပုန ပေတာဒီသု ပဋိသန္ဓိံ နိဗ္ဗတ္တေတိ။ တသ္မာ သာပဋိသန္ဓိ ကမ္မသဘာဂတာယဝါ အာရမ္မဏ သဘာဂတာယဝါ တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ ဝုစ္စတိ။ ။ဟူ၍ရင်း။ ။ ရင်း၏အဘွင့်ဋီကာ၌။ ။ကမ္မသဘာဂတာယာတို့ ကမ္မသဒိသဘာဝေန။ ။ အာရမ္မဏ သဘာဂတာယာတိ အာရမ္မဏသဘာဂ ဘာဝေန။ ယာဒိသေဟိ အာရမ္မဏေ ပုဗ္ဗေ တံ ကမ္မံ တဿ ဝိပါကော ပဝတ္တော။ တာဒိသေဝ အာရမ္မဏေ ဣဒံကမ္မံ တဿစ ဝိပါကော ပဝတ္တောတိ ကတွာ ဝုတ္တံ တဿေဝ ကမ္မဿ ဝိပါကာဝသေသေနာတိ။ ဘဝဂ္ဂီ ဟိ တံသဒိသေ တဗ္ဗော ဟာရော။ ယထာ သောဝေ တိတ္တိရော။ တာနိယေဝ ဩသဓာနီတိ။ ။ဟူ၍ရင်း မိန့်အပ်၏။ ။ တတြ၊ ထိုအထူးထူးသော စေတနာတို့ဖြင့် အားထုတ်အပ်သောကံတို့တွင်။ ယာယ စေတနာယ၊ အကြင်စေတနာသည်။ နရကေ၊ ငရဲဘုံ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဇနိတာ၊ ဖြစ်စေအပ်၏။ တဿ ကမ္မဿ၊ ထိုပဋိသန္ဓေကို ဖြစ်စေတတ်သောကံ၏။ ဝိပါကေ၊ အကျိုးသည်။ ပရိက္ခီဏေ၊ ကုန်သည် ရှိသော်။ အဝသေသာ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံမှ ကြွင်းကုန်သော ကံတို့သည်။ ကမ္မံဝါ၊ ကံကိုရင်း။ ကမ္မနိမိတ္တံဝါ၊ ကမ္မနိမိတ်ကိုရင်း။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ပုန၊ တဖန်။ ပေတာဒီသု၊ ပြိတ္တာဘုံ စသည်တို့၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ တသ္မာ၊ ထို့ကြောင့်။ သာပဋိသန္ဓိ၊ ထိုပြိတ္တာဘုံ၌ ဖြစ်သော ပဋိသန္ဓေကို။ ကမ္မသဘာဂတာယဝါ၊ နွားသတ် ကံချင်း သဘောတူသည်၏ အဖြစ်ကြောင့်ရင်း။ အာရမ္မဏ သဘာဂတာယဝါ၊ အာရုံချင်းသဘောတူသည်၏ အဖြစ်ကြောင့်ရင်း။ တဿေဝကမ္မဿ ဝိပါကာဝသေသေနာတိ၊ တဿေဝ

ကမ္မသ ဝိပါကာဝသေသေန—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအဋ္ဌကထာ ပါဠိ၏အနက်)။ ။ကမ္မသဘာဂတာယာ'တိ၊ ဟူသည်ကား။ ကမ္မ သဒိသ ဘာဝေန၊ နွားသတ်ကံချင်း သဘောတူသည်၏ အဖြစ်ကြောင့်။ အာရမ္မဏ သဘာဂတာယာတိ၊ ဟူသည်ကား။ အာရမ္မဏသဘာဂဘာဝေန၊ ကံ-ကမ္မနိမိတ် ဟူသော အာရုံချင်းသဘောတူသည်၏ အဖြစ်ကြောင့်ရင်း။ ဟိသစ္စံ၊ ထိုစကား သည်မှန်၏။ ယာဒိသေ၊ အကြင်သို့ သဘောရှိသော။ ပုဗ္ဗေ၊ ရှေး အဘို့၌။ အာရမ္မဏေ၊ ကံ-ကမ္မနိမိတ်ဟူသောအာရုံ၌။ တံကမ္မဥ္စ ထိုနွားသတ်ကံသည်ရင်း။ တဿ၊ ထိုကံ၏။ ဝိပါကော စ၊ ဝိပါက်စိတ်သည်ရင်း။ ပဝတ္တော၊ ဖြစ်၏။ တာဒိ သေ ဝ၊ ထိုသို့သဘော ရှိသည်သာလျှင်ဖြစ်သော။ အာရမ္မဏေ၊ ကံ-ကမ္မ နိမိတ် ဟူသော အာရုံ၌။ ဣဒံကမ္မဥ္စ၊ ဤပြိတ္တာဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံသည်ရင်း။ တဿ၊ ထိုပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏။ ဝိပါကော စ၊ ဝိပါက်စိတ်သည်ရင်း။ ပဝတ္တော၊ ဖြစ်၏။ ဣတိကတ္ဝာ-ဣတိတသ္မာ၊ထိုကြောင့်။ တသော ဝ ကမ္မသ ဝိပါကာဝသေသေနာတိ၊ ဟူ၍။ ဝုတ္တံ၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တံသဒိသေ၊ ထိုဝတ္ထုနှင့် တူသော တပါးသောဝတ္ထု၌။ တဗ္ဗောဟာရော၊ ထိုဝတ္ထုဟူ၍ ခေါ်ဝေါ်ခြင်း သည်။ အတ္ထိ၊ ရှိ၏။ ယထာ၊ ဥပမာအဘယ်ကဲ့သို့နည်း ဟူမူကား။ သောဧဝ တိတ္တိရောတိ၊ ထိုခါပင်တည်း—ဟူ၍။ ဝုတ္တောယထာ၊ ဆိုအပ်သကဲ့သို့ရင်း။ တာနိ ယေဝ ဩသဓာနီတိ၊ ထိုဆေးတို့ကိုသာလျှင် ဟူ၍။ ဝုတ္တာနိယထာ၊ ဆိုအပ်ကုန် သကဲ့သို့ရင်းတည်း။ ။(ဤကား ဋီကာပါဠိအနက်)

နာနာစေတနာဟိ အာယူဟိတဿ=ဟူသောပါဠိဖြင့် အလယ်ဇောငါးချက်, သတ္တမဇောထချက်ကိုယူ၍ တကောင်သော နွားကိုသတ်ရာ၌ သတ္တမ ဇောဖြင့် ငရဲ၌ဖြစ်သည်။ အလယ်ဇောဖြင့် ပြိတ္တာဘုံ၌ဖြစ်သည်ဟု ဆရာမြတ်တို့ဆိုကုန်၏။ ယခင် အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ဆန့်ကျင်ရာသော ကြောင့်ရင်း၊ပဟာယက ဗလဝဖြစ်သော ကုသိုလ်ဇောခြောက်ချက်တို့တွင် တချက် ပဋိသန္ဓေကိုပေးလျှင် ကြွင်းသော ဇောငါးချက်တို့သည် ပဋိသန္ဓေကို မပေးနိုင်ကုန်ရကား ပဟာတဗ္ဗ ဒုဗ္ဗလဖြစ်သော အကုသိုလ်ဇောခြောက်ချက်တို့၌ တချက် ပဋိသန္ဓေကိုပေးလျှင် ကြွင်းသော ငါးချက်သော ဇောတို့သည် ပဋိသန္ဓေကို ပေးရာ၌ ဆိုဘွယ်ရာ မရှိ သောကြောင့်ရင်း၊ ကံကို အားထုတ်ရာ၌ ဇောဟူက ခုနစ်ကြိမ်ချည်း ဖြစ်၍။ ။ နာနာစေတနာဟိ အာယူဟိတဿ—ဟူ၍ အထူးဆိုဘွယ် မရှိသောကြောင့်ရင်း၊ သတ္တမဇောသည် ငရဲ၌ဖြစ်စေ၍ အလယ်ဇောငါးချက်သည် ပြိတ္တာဘုံ၌ ဖြစ်စေ ရာ၌ အာရုံတခုတည်းသာဖြစ်၍ အဋ္ဌကထာ၌။ ။အာရမ္မဏ သဘာဂဘာယ— ဟူသောပါဠိဖြင့် ငရဲ၌ဖြစ်စေဘတ်သော ကံ၏ အာရုံမဟုတ်၊ ထိုကံ၏ အာရုံနှင့်

တူသော အာရုံသာဟူ၍ မဆိုသင့် သောကြောင့်၎င်း၊ အကြိမ်ကြိမ် အားထုတ်သည်ကို နာနာစေတနာ အာယူဟိတော—ဟူ၍ ဆိုအပ်သကဲ့သို့ အကြိမ်ကြိမ် အားထုတ်သည်ကိုသာ နာနာစေတနာဟိ အာယူဟိတာယ· ဟု ဆိုသည် ဟူ၍ ယူသင့်သောကြောင့်၎င်း ထိုစကားကို စူးစမ်းဆင်ခြင်၍ မှတ်ယူ သင့်၏။ ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ကမ္မပထ မမြောက်သော သင်္ကာယ ဒိဋ္ဌိမျှ သည်လည်း အပါယ်ပဋိသန္ဓေကို ပေးကြောင်း၊ ပဋ္ဌာန်းဝတ္ထာရမ္မဏာပစ္စည်းအရာ၌ မိမိကိုယ်ကို ပြင်းစွာတပ်၍၎င်း၊ ပြစ်မှား၍၎င်း မရဏာသန္နဇောဖြစ်ကြောင်း၊ ထိုထိုသတ္တန် တို့၌ ပစ္စည်းကို ပြင်းစွာတပ်၍၎င်း၊ မယားကို ပြင်းစွာ တပ်၍၎င်း ပြိတ္တာဖြစ် ကြောင်းဆိုသည်ကိုထောက်၍ ကမ္မပထ မမြောက်သောအကုသိုလ်ကံ၏ အပါယ် ပဋိသန္ဓေကို ပေးစွမ်းနိုင်သည်ကိုသိရာ၏။ ။အကုသိုလ်ကို အားထုတ်ရာ၌ ပုဗ္ဗ အပရစေတနာတို့၏ အပါယ် ပဋိသန္ဓေကို ပေး, မပေးကို အဋ္ဌကထာ လာတိုင်း ယခင်ပြအပ်ခဲ့ပြီးသောနည်းဖြင့် မှတ်ယူရမည်။

အကုသလ ပုဗ္ဗအပရစေတနာ ဒါနဝိနိစ္ဆယကား ဤတွင်ပြီး၏။

---

(၁၈) သဒ္ဓါတရားထင်ရှားရှိခြင်း၊ လှူဘွယ် ဝတ္ထုထင်ရှားရှိခြင်း၊ အလှူခံ ပုဂ္ဂိုလ် ထင်ရှား ရှိခြင်း၊ ဤအင်္ဂါ သုံးပါးနှင့် ပြည့်စုံမှ ဒါန မြောက်သည်ဖြစ်၍ မာတုစေတီ, ပရိဘောဂစေတီ, ပဋိမာစေတီတို့ကို မျက်မှောက်၌ထား၍ လှူမှသာလျှင် ဒါနမြောက်သည်။ ၎င်စေတီတို့ မျက်မှောက်၌မရှိ၊ ပရိနိဗ္ဗာန် စံလွန်တော်မူသော ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့ကို ရည်ရေ၍လှူဒါန်းက ဒါနမမြောက်ဟူသောဝါဒ၊ ၎င်း စေတီတော်တို့ မျက်မှောက်၌ မရှိသော်လည်း ပရိနိဗ္ဗာန် စံလွန်တော် မူသော ပစ္စေကဗုဒ္ဓါ,ရဟန္တာ အရှင်မြတ်တို့ကို ရည်ရေ၍ ပူဇော် လှူ ဒါန်းကပင် ဒါနမြောက်၏-ဟူသော ဝါဒ၊ ဤနှစ်ရပ်တို့တွင် မည်သည့် ဝါဒကို အသင့်မှတ်ရမည်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံး အဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ယင်း နှစ်ဝါဒတို့တွင် ပဌမဝါဒ စကားရပ်ကို။ ။တိဏ္ဏံ ဘိက္ခဝေ သမ္မု ခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ။ ကတမေသံ တိဏ္ဏံ၊ သဒ္ဓါယ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ၊ ဒေယျဓမ္မဿ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ၊ ဒက္ခိဏေယျာနံ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ။ဣမေသံဘိက္ခဝေ တိဏ္ဏံ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ။ ။ဟူသော တိကင်္ဂုတ္တရပါဠိတော် စူဠဝဂ် ပဌမသုတ်လာ ပါဠိတော်ကိုမှီ၍ ဆိုဟန်ရှိသည်။

ဇင်းပါဠိသည် ဤကဲ့သို့ မျက်မှောက်၌ ဝတ္ထု, အလှူခံ ပုဂ္ဂိုလ် ဒြဗ်ထင်ရှားရှိမှ ဒါနမြောက်သည်။ မရှိလျှင် မမြောက်ဟူသော အနက်ကိုပြသည်မဟုတ်၊ပါဠိ၏ အဓိပ္ပါယ်တခြား၊အယူတပါးဖြစ်၍ ဇင်းပဋ္ဌမဝါဒကို မသင့်ဟု မှတ်ရမည်။ ။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော ငါ၏ချစ်သား ရဟန်းများတို့။ တိဏ္ဏံ၊ သုံးပါးကုန်သော တရားတို့၏။ သမ္မုခီဘာဝါ၊ မျက်မှောက်၌ ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုံ၊ များစွာသော။ပုညံ၊ ကောင်းမှု ကံကို။ ပသဝတိ-ပဋိလဘတိ၊ ရ၏။ ကတမေသံ တိဏ္ဏံ၊ အဘယ်သုံးပါးသောတရားတို့၏။သမ္မုခီဘာဝါ၊ မျက်မှောက်၌ ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကောင်းမှုကံကို။ ပသဝတိ-ပဋိလဘတိ၊ရလေသနည်းဟူမူကား။ ဘိက္ခဝေ၊တို့။ သဒ္ဓါယ၊သဒ္ဓါတရား၏။ သမ္မုခီဘာဝါ၊ မျက်မှောက်၌ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ကုလပုတ္တော၊ သည်။ ဗဟုံ၊ သော။ ပုညံ၊ ကို။ ပသဝတိ- ပဋိလဘတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဒေယျဓမ္မဿ၊ လှူဘွယ်ဝတ္ထု၏။ သမ္မုခီဘာဝါ၊ မျက်မှောက်၌ ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ သော။ ကုလပုတ္တော၊ သည်။ ဗဟုံ၊ သော။ ပုညံ၊ ကို။ ပသဝတိ-ပဋိလဘတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဒက္ခိဏေယျာနံ၊ အလှူခံ ပုဂ္ဂိုလ်တို့၏။ သမ္မုခီဘာဝါ၊ ကြောင့်။ သဒ္ဓေါ၊ သော။ ကုလပုတ္တော၊ သည်။ ဗဟုံ၊ သော။ ပုညံ၊ ကို။ ပသဝတိ-ပဋိလဘတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣမေသံ တိဏ္ဏံ၊ ဤသုံးပါးကုန်သော တရားတို့၏။ သမ္မုခီဘာဝါ၊ ကြောင့်။ သဒ္ဓေါ၊ သော။ ကုလပုတ္တော၊ သည်။ ဗဟုံ၊ သော။ ပုညံ၊ ကို။ ပသဝတိ-ပဋိလဘတိ၊ ရ၏။ ။(ဤကားအနက်)

ဤပါဠိတော်၏ ယထာဘူတအဓိပ္ပါယ်ကို ဤသို့သိမှတ်ရာ၏။ သဒ္ဓါတရား မရှိမူ၍ မျက်မှောက်ရှေ့၌ အလှူဝတ္ထု-အလှူခံပုဂ္ဂိုလ်သာရှိလျှင် သူတပါးသို့ အတုလိုက်၍ လှူသည်လည်းရှိရာ၏။ မလှူဖြစ်သည်လည်း ရှိရာ၏။ မျက်မှောက်၌သဒ္ဓါတရား—အလှူဝတ္ထုသာရှိ၍ အလှူခံပုဂ္ဂိုလ် မရှိသော်ငြား၊ မျက်မှောက်၌ သဒ္ဓါတရား- အလှူခံပုဂ္ဂိုလ်သာရှိ၏။ အလှူဝတ္ထု အရပ်ဘပါး၌ တည်သော်ငြား၊ မျက်မှောက် သဒ္ဓါတရားသာရှိ၍ အရပ်တပါး၌ အလှူဝတ္ထု-အလှူခံပုဂ္ဂိုလ် တည်သော်ငြား လှူဖြစ်သည်လည်းရှိရာ၏။ မလှူဖြစ်သည်လည်းရှိရာ၏။မျက်မှောက်၌သုံးပါး လုံးမရှိလျှင် မလှူဖြစ်တော့ သည်သာ၊ မျက်မှောက်ရှေ့၌ သဒ္ဓါတရား-အလှူဝတ္ထု- အလှူခံပုဂ္ဂိုလ်တို့ရှိ၍ လှူခွင့်ကိုရလျှင် မျက်မှောက်ထင်ထင် မြင်ရသဖြင့် ဝမ်းမြောက် ဝမ်းသာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်း သားသည် များစွာသော ဒါနမယကုသိုလ်ကို မချွတ်စင်စစ် ဖြစ်စေ၏-ဟူလိုသတည်း။ ထို့

ကြောင့် ၎င်း၏အဘွင့် အဋ္ဌကထာ၌။ ။သမ္မုခိဘာဝါတိ သမ္မုခိဘာဝေန ဝိဇ္ဇမာနတာယာတိ အတ္ထော။ ပသဝတီတိ ပဋိလဘတိ၊ သဒ္ဓါယ သမ္မုခိဘာဝါ တိ ယဒိဟိ သဒ္ဓါ နဘဝေယျ၊ ဒေယျဓမ္မော နဘဝေယျ။ ဒက္ခိဏေယျသမ်ါတာ ပဋိဂ္ဂါဟကပုဂ္ဂလာ နဘဝေယျုံ၊ ကထံ ပုညကမ္မံ ကရေယျ။ တေသံ သမ္မုခိ ဘာဝေန သက္ကာ ကာတုန္တိ တသ္မာ သဒ္ဓါယ သမ္မုခိဘာဝါတိအာဒိမာဟ။ ။ ဟူ၍၎င်း၊ ဋီကာ၌။ ။သမ္မုခေါ ဘဝတိ ယေန၊ သော သမ္မုခိဘာဝေါ၊ ပုရတော ဝိဇ္ဇမာနတာ၊ တသ္မာ သမ္မုခိဘာဝါ။ ။ဟူ၍၎င်း မိန့်အပ်သည်။ ။ သမ္မုခိဘာဝါတိ၊ ဟူသည်ကား၊ သမ္မုခိဘာဝေန၊ မျက်မှောက်၏ အဖြစ်ဖြင့်။ ဝိဇ္ဇမာနတာယ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ သမ္မုခိဘာဝါ-ဟူသောပုဒ်၏အနက်တည်း။ ပသဝတီတိ၊ဟူသည်ကား။ ပဋိလဘတိ၊ ရ၏။ သဒ္ဓါယ သမ္မုခိဘာဝါတိဣတ္ထ၊ သဒ္ဓါယ သမ္မုခိဘာဝါ-အစ ရှိသောစကားရပ်၌။ ဟိ၊ ဗျတိရေကနှင့်တကွ အန္ဝယကိုဆိုဦးအံ့။ သဒ္ဓါ၊ သဒ္ဓါ တရားသည်။ ယဒိနဘဝေယျ၊ အကယ်၍မရှိငြားအံ့။ ဒေယျဓမ္မော၊ လှူဘွယ် ဝတ္ထု သည်။ယဒိ နဘဝေယျ၊ အကယ်၍မရှိငြားအံ့။ ဒက္ခိဏေယျသမ်ါတာ၊ မြတ်သော အလှူခံဟုဆိုအပ်ကုန်သော။ပဋိဂ္ဂါဟကပုဂ္ဂလာ၊ခံတတ်သောပုဂ္ဂိုလ်တို့သည်။ယဒိ နဘဝေယျုံ၊ အကယ်၍မရှိကုန်ငြားအံ့။ ကထံ၊ အဘယ်မှာလျှင်။ ပုညံ၊ ကောင်းမှု ကံကို။ ကရေယျ၊ ပြုရနိုင်အံ့နည်း။ တေသံ၊ ထိုသဒ္ဓါတရား- အလှူဝတ္ထု- အလှူခံ ပုဂ္ဂိုလ်တို့၏။ သမ္မုခိဘာဝေန၊မျက်မှောက်၌ရှိသည်၏အဖြစ်ဖြင့်။ ပုညံ၊ကောင်းမှု ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဒ္ဓါယ သမ္မုခိဘာဝါတိအာဒိံ၊ သဒ္ဓါယ သမ္မုခိဘာဝါ-ဤသို့ အစရှိသော စကားတော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ။ (ဤကားအဋ္ဌကထာပါဠ်၏အနက် ။ ။ယေန၊ အကြင်သဒ္ဓါတရား စသည်ဖြင့်။ သမ္မုခေါ၊ မျက်မှောက်သည်။ ဘဝတိ၊ ဖြစ်တတ်၏။ သော၊ ထိုမျက်မှောက် ဖြစ်ကြောင်း ဖြစ်သောသဒ္ဓါတရား စသည်သည်။ သမ္မုခိဘာဝေါ၊ သမ္မုခိဘာဝံ မည်၏။ ပုရတော၊ ရှေ့၌။ ဝိဇ္ဇမာနတာ၊ ထင်ရှားရှိသည်၏ အဖြစ်ကို။ လဗ္ဘတိ၊ ရအပ်၏။ တသ္မာသမ္မုခိဘာဝါ၊ ထိုသဒ္ဓါတရားစသည် မျက်မှောက်၌ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့်။ ။(ဤကား ဋီကာပါဠ်၏အနက်)

ယင်းတွင်။ ။တေသံ သမ္မုခိဘာဝေန သက္ကာ ကာတုံ။ ။ဟူသောအဋ္ဌ ကထာပါဠ်ဖြင့် သုံးပါးလုံးပင် မျက်မှောက်ရှေ့၌ ရှိသော်လည်း လှူခွင့်ကိုမရလျှင် မလှူဖြစ်သည့်ရှိရာသေး၏ဟူသော အနက်ကိုပြတော်မူသည်။၎င်းပါဠိ၏အဓိပ္ပါယ် ကိုထောက်၍ပင် ဝိနည်းအဋ္ဌကထာ စီဝရက္ခန္ဓက အဘွင့်၌လည်း။ ။တေရဟိပန ပဏ္ဍိတမနုဿာ သဓာတုကံ ပဋိမံဝါ စေတိယံဝါ ဌပေတွာ ဗုဒ္ဓပ္ပမုခဿ ဥဘတော

သံဃဿ ဒါနံ ဒေန္တိ။ ပဋိမာယဝါ စေတိယဿဝါ ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဒက္ခိဏောဒကံ ဒတွာ ဗုဒ္ဓါနံ ဒေမာတိ။ ။ဟုမိန့်အပ်သည်။ ။တေ ရဟိပန၊ ဤယခုအခါ၌ကား။ ပဏ္ဍိတမနုဿာ၊ ပညာရှိသောလူတို့သည်။ သဓာ တုကံ၊ ဓာတ်တော်နှင့် တကွဖြစ်သော။ ဝါ၊ ဓာတ်တော် ရှိသော။ ပဋိမံဝါ၊ ဆင်းတုတော်ကိုဝင်း။ စေတိယံဝါ၊ စေတီတော်ကိုဝင်း။ ဌပေတွာ၊ ထားပြီး၍။ ဗုဒ္ဓပ္ပမုခဿ၊ ဘုရားအမှူးရှိသော။ ဉဘတောသံဃဿ၊ ဉဘတောသံဃာအား။ ဒါနံ၊ အလှူကို။ ဒေန္တိ၊ လှူကြကုန်၏။ ပဋိမာယဝါ၊ ဆင်းတုတော် ၏ဝင်း။ စေတိယဿဝါ၊ စေတီတော်၏ဝင်း။ ပုရတော၊ ရှေ့၌။ အာဓာရကေ၊ သပိတ် ခြေ၌။ ပတ္တံ၊ သပိတ်ကို။ ဌပေတွာ၊ ထားပြီး၍။ ဒက္ခိဏောဒကံ၊ အလှူရေစက် ကို။ ဒတွာ၊ ပေး၍။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ ဤသို့။ ဝတွာ၊ ဆိုကြကုန်၍။ ဒေန္တိ၊ လှူကြကုန်၏။ ။(ဤကားအနက်)

ဝင်းပါဠိအဋ္ဌကထာ ဋီကာတို့၌ ဒေသအားဖြင့်ဝင်း၊ ကာလ အားဖြင့်ဝင်း ခြားရာတို့၌ တည်သောအလှူခံတို့အား လှူဒါန်းရာ၌ ဒါနမမြောက်သည်ကို ပြ တော်မူသည် မဟုတ်၊ ယခင် ဆိုအပ်ခဲ့ ပြီးသော နည်းအားဖြင့် အင်္ဂါသုံးပါး ညီညွတ်၍ အခွင့်ရလျှင် မချွတ်ပြည့်စုံကြောင်း၊ မညီလျှင် အချို့သာ ပြည့်စုံရာ သော အကြောင်းကိုသာ ပြသည်ဟုမှတ်ရမည်။ ယခင်ပြဆိုအပ်ခဲ့ပြီးသောစေတီ သုံးပါးတို့တွင် ဓာတုစေတီအား လှူဒါန်းရာ၌ ပရိနိဗ္ဗာန် စံယူတော် မူပြီးသော မြတ်စွာဘုရားကို ရည်ရော်ခြင်းမရှိသော်လည်း စင်စစ်ဒါနမြောက်၏။ပရိဘောဂ စေတီ,ပဋိမာစေတီတို့အား လှူဒါန်းရာ၌ မြတ်စွာ ဘုရား၏ ကိုယ်စားတော်ဟူ၍ ဝင်း၊ အသုံးအဆောင်တော်ဟူ၍ဝင်း ရည်ရော်၍ပူဇော်လှူဒါန်းမှသာလျှင် ဒါန မြောက်၏။ သက်တော် ထင်ရှားရှိသော မြတ်စွာဘုရားကို ရည်ရော်ခြင်းမရှိ၊ ပကတိဝတ္ထုကိုသာ လှူဒါန်း ခြင်းကို ပြုက ဒါန မမြောက်၊ ဆင်းတုတော်ကို ကြေးငွေဖြင့် ပူဇော်ရာ၌ဝင်း၊ ဆွမ်းသင်္ကန်းစသည်တို့ဖြင့် လှူဒါန်းရာ၌ဝင်း သက် တော်ထင်ရှားရှိသော မြတ်စွာဘုရားသည်သာ အလှူခံစင်စစ်ဖြစ်၏။ ဆင်းတု တော်သည် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားသို့ ဒါနစေတနာ ပဏာမ စေတနာတို့၏ အထူးအားဖြင့်ရောက်နိုင်ခြင်း၏ အကြောင်းဖြစ်သော ဘုရား၏ အသွင်ကိုပြလျက် ဒါနဝတ္ထု ပဏာမကြိယာတို့၏ တည်ရာသာဖြစ်သည်။ ဒါန စေတနာ,ပဏာမစေတနာတို့၏ အကျိုး၏ ပွါးများခြင်းကို သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားသည်သာ ပြုနိုင်၏။ ။ထို့ကြောင့် ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာ၌။ ။အနာဂတေ ကာသာဝကဏ္ဌသံဃဿ ဒိန္နဒက္ခိဏံ ပန ကော သောဓေတိ။ သာရိပုတ္တမောဂ္ဂလ္လာနာဒယော အသီတိ မဟာထေရာ သောဓေန္တိ။ အပိစ ထေရာ စိရပရိနိဗ္ဗုတာ ထေရေ အာဒိံ ကတွာ ယာဝဇ္ဇ ဓရ

မာနာ ခီဏာသဝါ သောဓေန္တိယေဝ။ ။ဟုမိန့်အပ်သည်။ ။အနာဂတေ၊ နောင်သော အခါ၌။ ကာသာဝကဏ္ဌာ သံဃာ၊ သံဃာကား အစစ်မဟုတ်၊ သင်္ကန်းကို လည်ဝယ်ရစ်လျက် သင်္ဃာ၏ အနွယ်အဆက်ကိုသာ ပြတတ်သော ကာသာဝ ကဏ္ဌာသံဃာအား။ ဒိန္နဒက္ခိဏံ ပန၊ လှူဒါန်းကြောင်း ဖြစ်သော ဒါနစေတနာတည်းဟူသော အလှူကိုကား။ ကော၊ အဘယ်သူသည်။ သောဓေတိ၊ အကျိုးများသည်၏ အဖြစ်ကို ပြုသဖြင့် သုတ်သင်လေသနည်း။ သာရိပုတ္တမောဂ္ဂလ္လာနာ ဒယော၊ အရှင်သာရိပုတ္တရာ-အရှင် မဟာမောဂ္ဂလ္လာန် အစရှိကုန်သော။အသီတိ မဟာထေရာ၊ ရှစ်ကျိပ်သော မဟာထေရ်တို့သည်။ သောဓေန္တိ၊ သုတ်သင်ကုန်၏။ အပိစ၊ တနည်းသော်ကား။ ထေရာ၊ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် အစရှိကုန်သော ရှစ်ကျိပ်သော မဟာထေရ် တို့သည်။ စိရပရိနိဗ္ဗုတာ၊ ပရိနိဗ္ဗာန်စံ၍ကြာမြင့်လှကုန်ပြီ။ ထေရေ၊ ရှစ်ကျိပ်သော မဟာထေရ်တို့ကို၊ အာဒိံ ကတွာ၊ အစပြု၍။ ယာဝဇ္ဇ၊ ယနေ့ထက် တိုင်အောင်။ ဓရမာနာ၊ ထင်ရှားရှိကုန်သော။ ခီဏာသဝါ၊ ရဟန္တာ အရှင်မြတ် တို့သည်။ သောဓေန္တိယေဝ၊ သုတ်သင်ကုန်သည် သာလျှင်တည်း။ ။(ဤကားအနက်)

ဤအဋ္ဌကထာကို ထောက်သဖြင့်လည်း စေတီသုံးပါး မျက်မှောက်၌ ထင်ရှားမရှိသော်လည်း သက်တော် ထင်ရှားရှိတော်မူသော ဘုရား-ပစ္စေကဗုဒ္ဓါ-ရဟန္တာအရှင်မြတ်တို့ကို ရည်မှတ်ထောက်ရှု အာရုံပြု၍ လှူဒါန်း ပူဇော်ခြင်းသာ ပမာဏဟု သိရာ၏။ ဤသို့ ဟုတ်မှန်တိုင်းသော ပါဠိ အဋ္ဌကထာ ဋီကာတို့၏ အနက်အဓိပ္ပါယ်ကို ထောက်သဖြင့် မြတ်စွာဘုရား၏ သဏ္ဌာန်တော် ဂုဏ်တော်နှင့် စပ်သော စကားကို ကြားဘူးသည်ကိုရင်း၊ ရုပ်ပွါးတော် မြတ်ကို မြင်ဘူးသည်ကိုရင်း အစဉ်လျှောက်သဖြင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှတ်၍ လှူဒါန်းခြင်းသည် ဒါနမြောက်၏ ဟူသော ဝါဒသာ သင့်မြတ်၏ ဟုမှတ်ရာ၏။ မြင်ဘူးသည်၏ အစွမ်းဖြင့်ရင်း၊ ကြားဘူးသည်၏အစွမ်းဖြင့် ရင်း၊ မြင်ဘူးခြင်း-ကြားဘူးခြင်းနှစ်ပါးနှင့် စပ်သဖြင့်ရင်း၊ အတိတ်, အနာဂတ် ဖြစ်သော ဘုရား,ပစ္စေကဲ ဗုဒ္ဓါ,ရဟန္တာ အရှင်မြတ်တို့ကို အာရုံပြု၍ မဟာကုသိုလ် ဖြစ်ကြောင်းကိုလည်း။ ။တတ္ထ ဒိဋ္ဌာဒိဝသေန တာဝ အာပါတဂမနံ ဟေဋ္ဌာ ပဋ္ဌဟိ နယေဟိ ဝုတ္တမေဝ။ ကေစ္စော ပန သုဏာတိ ဘဂဝတော ပုညာတိသယ ဗလနိဗ္ဗတ္တံ ဝေဠုပံနာမ ရူပံ အတိမနောရမံ အတိမဓုရော သဒ္ဒေါ၊ ပ။ တဿ စက္ခုဒ္ဒွါရာဒိဿဋ္ဌနံ ဝိနာ သုတမတ္တာနိ ရူပါဒီနိ မနောဒွါရေ အာပါတံ အာဂစ္ဆန္တိ။ အထဿေတံ စိတ္တံ တသ္မိံ ရူပေဝါ သဒ္ဒေဝါ။ ပ။ ပဝတ္တတိ၊ အပရေပန ယထာဝုတ္တာနိ ရူပါဒီနိ ဒိဋ္ဌာနိဝါ သုတာနိဝါ ဟောန္တိ၊ တဿ ဤဒိသံရူပံ အာ ယတိံ ဥပ္ပန္နေ့ကဗုဒ္ဓဿပိ ဘဝိဿတီတိ အာဒိနာ နယေန စက္ခု ပသာဒါဒိ

ဃဋ္ဋနံ ဝိနာ ဒိဋ္ဌ သုတ သမ္ဗန္ဓေနေဝ တေသု အညတြာရမ္မဏံ ဣဒံမဟာစိတ္တံ ပဝတ္တတိ။ ။ဟူသော အဋ္ဌသာလိနီ ဒွါရကထာကိုထောက်၍လည်းသိရာ၏။ ။
တတ္ထ၊ ထိုဒိဋ္ဌသုတစသည်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ ဒိဋ္ဌာဒိဝသေန၊ မြင်ဘူးသော ဒိဋ္ဌအစရှိသည်တို့၏ အစွမ်းဖြင့်။ အာပါတာဂမနံ၊ ထင်ခြင်းသို့ ရောက်ခြင်းကို။ ဟေဋ္ဌာ၊ အောက်၌။ ပဉ္စဟိ၊ ငါးပါးကုန်သော။ နယေဟိ၊ နည်းတို့ဖြင့်။ ဝုတ္တမေဝ၊ ဆိုအပ်ပြီးသည် သာလျှင်တည်း။ ပန၊ ဒိဋ္ဌမှ တပါး သုဘကို ဆိုဦးအံ့။ ကေစ္စော၊အချို့သော ပုဂ္ဂိုလ်သည်။ဘဂဝတော၊ မြတ်စွာဘုရား၏။ပုညာတိသယ ဗလနိဗ္ဗတ္တံ၊ လွန်ကဲသော ကောင်းမှုတော်၏ အစွမ်းကြောင့် ဖြစ်သော။ ရူပံ၊ အဆင်းတော်သည်။ ရူပံနာမ၊ ဤသို့သဘောရှိသည် မည်၏။ အတိမနောရမံ၊ အလွန် နှလုံးမွေ့လျော်ဘွယ် ရှိ၏။ သဒ္ဒေါ၊ အသံတော်သည်။ အတိမဓုရော၊ အလွန် ချိုမြိန်သာယာ၏။ ဣတိ၊ ဤသို့။ သုဏာတိ၊ ကြားဘူး၏။ ပ။ တဿ၊ ထိုကြားဘူးသော ပုဂ္ဂိုလ်အား။ စက္ခုဒွါရာဒိဃဋ္ဋနံ၊ စက္ခုဒွါရစသည်၌ ထိပါးခြင်းကို။ ဝိနာ၊ ကြဉ်၍။ သုတမတ္တာနံ၊ ကြားဘူးကာမျှ ဖြစ်ကုန်သော။ ရူပါဒီနိ၊ ရူပါရုံစသည်တို့သည်။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါတံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ အထ၊ ထိုအခါ၌။ အဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဓော် စိတ္တံ၊ ထိုစိတ်သည်။ တသ္မိံ ရူပေဝါ၊ ထိုကြားဘူးသော ရူပါရုံ၌ ၎င်း။ တသ္မိံ သဒ္ဒေဝါ၊ ထိုကြားဘူးသော သဒ္ဒါရုံ၌၎င်း။ ပ။ ပဝတ္တတိ၊ ဖြစ်၏။ အပရေပန၊ တပါးသော ပုဂ္ဂိုလ်တို့သည်ကား။ ယထာဝုတ္တာနိ၊ အကြင် အကြင် ဆိုအပ်ခဲ့ကုန်ပြီးသော။ ရူပါဒီနိ၊ ရူပါရုံ စသည်တို့သည်။ ဒိဋ္ဌာနိဝါ၊ မြင်ဘူးကုန်သည် တို့၎င်း။သုတာနိဝါ၊ ကြားဘူး ကုန်သည်တို့၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဿ၊ ထိုမြင်ဘူး ကြားဘူးသော ပုဂ္ဂိုလ်အား။ အာယတိံ၊ နောင်အခါ၌။ ဥပ္ပဇ္ဇနက ဗုဒ္ဓဿပိ၊ ပွင့်တော်မူလတ္တံ့သော မြတ်စွာ ဘုရားအားလည်း။ ဤဒိသံ၊ ဤသို့ သဘောရှိသော။ ရူပံ၊ အဆင်းတော်သည်။ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိအာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊နည်းဖြင့်။စက္ခုပသာဒါဒိဃဋ္ဋနံ၊ စက္ခုပသာဒ စသည်၌ ထိပါးခြင်းကို။ ဝိနာ၊ ကြဉ်၍။ ဒိဋ္ဌသုတ သမ္ဗန္ဓေနေဝ၊ ဒိဋ္ဌသုတ နှင့် စပ်သဖြင့် သာလျှင်။ အညတြာရမ္မဏံ၊ ရူပါရုံစသောတပါးပါးသော အာရုံလျှင် အာရုံရှိသော။ ဣဒံ မဟာစိတ္တံ၊ ဤမဟာကုသိုလ်စိတ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ ။
(ဤကားအနက်)

• စေတီသုံးပါးမျက်မှောက်၌ထင်ရှားမရှိငြားသော်လည်း
ရှေးသက်တော်ထင်ရှားရှိသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ကို
ရည်မှတ်၍ လှူဒါန်းခြင်း စသည်ကို ပြုရာ၌
ကုသိုလ်ဖြစ်ကြောင်း ဝိနိစ္ဆယပြီး၏။

(၁၉-၂၀) အတီတေ သဗ္ဗဗုဒ္ဓေစ၊ သသံဃေ လောကနာယ ကေ-စသော အပဒါန်ပါဠိ။ ။ယထာပန မဟာရာဇ အတ္ထိ အဂ္ဂိနာမ။ နတ္ထိ တဿ သန္နိဟိတောကာသော-စသော မိလိန္ဒပဉှာပါဠိ။ ။မာပေသိ နဂရံ သဇ္ဇာ၊သဒ္ဒမ္မပူရမုဘ္ဘမံ-ဟူသောဗုဒ္ဓဝင်ပါဠိ။ ။ပဋိဝိဒ္ဓမမှသဘာ ဝါနံ-စသောဗုဒ္ဓဝင်အဋ္ဌကထာပါဠိတို့၏ ယထာဘူတအနက် အဓိပ္ပါယ် ကိုသိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကိုဤသို့ သိမှတ်ရာ၏။

အလောင်းတော် တိလောက စကြာမင်းသည် ပြာသာဒ်ကြီးကို ဘန်ဆင်း စီရင်တော်မမူမီ ရှေးအဘို့၌ ပဒုမ ဒေဝီမိဖုရား၏ သားတော် ပစ္စေကဗုဒ္ဓါငါးရာ တို့ကဲ့သို့ သော များစွာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ဆွမ်း သင်္ကန်းစသည် တို့ဖြင့် ပူဇော်ကိုးကွယ်တော်မူ၏။ ဤမျှတည်းဖြင့် ရောင့်ရဲတော် မမူနိုင်သည် ဖြစ်၍ ပြာသာဒ်ကိုစီရင်၍ ထိုပြာသာဒ်ထက်၌ ပွင့်တော်မူပြီးသော ဘုရား-ပစ္စေ ကဗုဒ္ဓါ-ရဟန္တာ အရှင်မြတ်တို့၏ ကိုယ်စား ရုပ်ရှင်တော်မြတ်တို့ကို ထိုပြာသာဒ် ထက်၌ သီတင်းသုံး နေစေတော်မူ၍ သင်္ကန်းအစ ရှိသော ပစ္စည်းတို့ဖြင့် လှူရ သော် ကောင်း၏-ဟုအကြံတော်ပြု၍ ထိုအကြံတော်ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့အား လျှောက်ထား၍ ယုဂန္ဓိုရ်တောင်နှင့် အမျှ ပမာဏရှိသော အထူးထူး သော ရတနာမျိုးတို့ဖြင့် ဆန်းကြယ်သော ပြာသာဒ်ကြီးကိုဘန်တီး စီရင်တော် မူပြီးသော် ပြာသာဒ်ပြီးကြောင်းကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လျှောက် ကြား၍ ပင့်တော်မူ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သည်လည်း မင်းကြီးအား များမြတ်သော ကုသိုလ် ပွါးစီးအံ့သည် ကိုရည်၍ မင်းကြီး လျှောက်ထားသည် အတိုင်း ပွင့်တော် မူပြီးသော ဘုရား-ပစ္စေက ဗုဒ္ဓါ -ရဟန္တာအရှင်မြတ် တို့၏ ကိုယ်စား ရုပ်ရှင်တော်မြတ်တို့ကို ဘန်ဆင်းတော်မူ၍ ထိုနိမ္မိတဖြစ်သော ဘုရား- ပစ္စေက ဗုဒ္ဓါ-ရဟန္တာ အရှင်မြတ်တို့နှင့် တကွ ကြွလာတော် မူပြီး၍ ဘန်ဆင်း စီရင်တော် မူအပ်သော ပြာသာဒ်ထက်၌ ခင်းထားအပ်သော ရွှေအင်းပျဉ်ထက် ၌ သီတင်းသုံးနေတော်မူကြကုန်သတည်း။ ။ဤအကြောင်းကို ပြတော်မူလို သော ဘုရားမြတ်စွာသည်-

အတီတေ သဗ္ဗဗုဒ္ဓေစ၊ သ-သံဃေ လောကနာယကေ။
ပကတိဝဏ္ဏရူပေန၊ နိမ္မိနိတွာ သ-သာဝကေ။
တေနဒွါရေန် ပဝိသိတွာ၊ သဗ္ဗေ ဗုဒ္ဓါ သ-သာဝကာ။
သဗ္ဗ သောဝဏ္ဏမယေ ပီဌေ၊ နိသိန္နာ အရိယမဏ္ဍလာ-

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ ။တေရဟိ၊ ယခု ပစ္စုပ္ပန်ကာလ၌။ ဉပ္ပဇ္ဇမာနာ၊ ပွင့်တော် မူဆဲဖြစ်ကုန်သော။ ယေပစ္စေကဗုဒ္ဓါ၊

(ဖြည်ကြီးမဏ္ဍိုင်

အကြြင်ပစ္စေက ဗုဒ္ဓါအရှင်တို့သည်။ အတီတေ၊ လွန်လေပြီးသော အခါ၌။ ဇာတေ၊ ပွင့်တော်မူကုန်ပြီးသော။ လောကနာယကေ၊ လူသုံးပါးတို့၏ကိုးကွယ်ရာ ဖြစ်တော် မူကုန်သော။သ—သံဃေ၊ တပည့်သား အပေါင်းနှင့် တကွ ဖြစ်တော်မူကုန်သော။ သဗ္ဗဗုဒ္ဓေစ၊ များစွာသော ဘုရားရှင် တို့ကိုရင်း။ သ-သာဝကေ၊ တပည့်သားပစ္စေကဗုဒ္ဓါနှင့် တကွဖြစ်တော်မူကုန်သော။သဗ္ဗပစ္စေကဗုဒ္ဓေစ၊ များစွာသော ပစ္စေကဗုဒ္ဓါအရှင် တို့ကိုရင်း။ ပကတိဝဏ္ဏရူပေန၊ ပြာကတေ့သော သဏ္ဍာန်တော်အဆင်းတော်ဖြင့်။ နိဗ္ဗုနိတ္ထာန၊ ဘန်ဆင်းဘော်မူကုန်၍။ အရိယမဏ္ဍလာ၊ အရိယာတို့၏အပေါင်း ဖြစ်တော်မူကုန်သော။သ—သာဝကာ၊ တပည့်သား ပစ္စေက ဗုဒ္ဓါတို့နှင့် တကွဖြစ်တော်မူကုန်သော။သဗ္ဗေ၊ အလုံးစုံကုန်သော။ တေပစ္စေကဗုဒ္ဓါ၊ ထိုပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့သည်။ နိမ္မိတေဟိ၊ ဘန်ဆင်းတော်မူအပ်သော ဘုရား- ပစ္စေကဗုဒ္ဓါ-ရဟန္တာ အရှင် မြတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ယေန ဒွါရေန၊ အကြြင်တံခါးဖြင့်။ပါသာဒေါ၊ ပြာသာဒ်သည်။ ပဝိသိဘဗ္ဗော၊ ဝင်သင့် ဝင်ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တေနဒွါရေန၊ ထိုတံခါးဖြင့်။ ပဝိသိတွာ၊ ဝင်တော်မူကုန်၍။ သဗ္ဗ သောဝဏ္ဏမယေ၊ အသုံးစုံ ရွှေဖြင့်ပြီးသော။ ပီဌေ၊ မြတ်သောအင်းပျဉ်ထက်၌။ နိသိန္နာ၊သီဘင်းသုံးနေတော်မူကြကုန်၏။ ။ (ဤကားအနက်)

ဤသို့ အနက်ယောဇနာရာ၌....တေရဟိ ဥပ္ပန္နမာနာ-ဟု ဝိဝသေသနထည့် သင့်ကြောင်းကို ဆိုလတ္တံ့သော....ယေစ တေရဟိ အတ္ထိ၊ ဗုဒ္ဓါလောကေ အနုတ္တရာ—ဟူသော ပါဠိကိုထောက်၍ သိအပ်၏။ တဝါကျတည်း ဖြစ်သော်လည်း တ္ဘာပစ္စည်းခြားရာ၌ ယေ—ဟူသော သဒ္ဒါထည့်သင့်ကြောင်းကို။ ။ယာပန ဘိက္ခုနီ ဘိက္ခုနိယာ သဒ္ဓိံ စီဝရံ ပရိဝတ္တေတွာ သာပစ္ဆာ ဧဝံ ဝဒေယျ။ ။ ဟူသော ဘိက္ခုနီပါဠိကို ထောက်၍ သိအပ်၏။ ။ယာပန ဘိက္ခုနီ၊ အကြြင် ရဟန်း မိန်းမသည်ကား။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမနှင့်။ သဒ္ဓိံ၊ တကွ။ စီဝရံ၊ သင်္ကန်းကို။ ပရိဝတ္တေတွာ၊ လဲလှယ်ပြီး၍။ သာဘိက္ခုနီ၊ ထိုရဟန်းမိန်းမသည်။ ပစ္ဆာ၊နောက်မှ။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ ။(ဤကားအနက်)။ ။ ပစ္စေက ဗုဒ္ဓါ-ဟု ကတ္တားထည့်သင့်ကြောင်းကိုလည်း နောက် နိယမ ဝါကျ၌ သဗ္ဗေဗုဒ္ဓါ-ဟူသော သံဝဏ္ဏေဘဗ္ဗပုဒ်တို့၏ အဘွင့်ဖြစ်သော သဗ္ဗေ ပစ္စေကဗုဒ္ဓါ-ဟူသော အဋ္ဌကထာပါဠိကိုထောက်၍သိအပ်၏။ ထိုစကားသင့်စွ၊ ယေ-ဟူသော အနိယမ သဒ္ဒါသည် တေ-ဟူသော နိယမသဒ္ဒါနှင့် အနက်အားဖြင့် စင်စစ် တူမြဲ။ထို့ကြောင့် နောက် နိယမဝါကျ၌ သဗ္ဗေဗုဒ္ဓါ-ဟူသော သံဝဏ္ဏေဘဗ္ဗ ပုဒ်တို့ကို ပစ္စေကဗုဒ္ဓါ-ဟု ဘွင့်ဘော်မူသော အဋ္ဌကထာ ဆရာသည် နောက်နိယမ ဝါကျ၌ တေသမ္ဗာသမ္ဗုဒ္ဓါ-ဟူသော ကတ္တား၊ ရှေ့အနိယမ ဝါကျ၌ ယေ သမ္မာ

သမ္ဗုဒ္ဓါ-ဟူသော ကတ္တားတို့ကို ပယ်တော်မူ၏ဟု မှတ်အပ်၏။ ထိုစကားသင့်စွ၊ သမ္ဗုဒ္ဓါ-ဟု သာမန်ဟောတော်မူအပ်လျက် သမ္ဗုပစ္စေကဗုဒ္ဓါ-ဟု ဝိသေသ အားဖြင့် ဘွင့်သော အဋ္ဌကထာဆရာသည် ဘုရား၏ ကတ္တား၏ အဖြစ်ကို နှစ်စေတော်မူ၏။ ပွင့်တော်မူပြီးသော ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်တို့ကို ကံအရာ၌ ထား၍ ဟောတော်မူအပ်သော အတီတေ သမ္ဗုဒ္ဓေ- အစရှိသော ဒေသနာတော်ဖြင့်လည်း ၎င်းပွင့်တော်မူပြီးသောအရှင်တို့သည် ကတ္တားမဖြစ်ဟုသိသင့်၏။ ထို့ကြောင့် ၎င်းပါဠိအဋ္ဌကထာသည် ပရိနိဗ္ဗာန် ပြုတော် မူသော နာမ် ဝိသေသ-ရုပ်ဝိသေသ ဘုရား-ပစ္စေကဗုဒ္ဓါ ရဟန္တာရှိ၏ ဟူရာ၌ သာဓက မဖြစ် သင့်။ နာမ်ဝိသေသ-ရုပ်ဝိသေသ- ဘုရားရှိကြောင်းလာသော ဤမှတပါးသော အရာလည်းမထင်၊ ထို့ကြောင့် နာမ်ဝိသေသ- ရုပ်ဝိသေသ ဘုရားမရှိဟု မှတ်အပ်၏။ ထိုစကားသင့်စွ၊ နာမ်ဝိသေသ ဘုရားသည် အသင်္ခတာ ဓမ္မာ- ဟူသော ပုဒ်၏အရ နိဗ္ဗာန်မှတပါး အကြောင်းတရားတို့သည် မပြုပြင် မစီရင် အပ် သော ပရမတ္ထ တရားမရှိခြင်းကြောင့် အသင်္ခတာ ဓမ္မာ-ဟူသော ပုဒ်၏ အရ သင်္ခတ တရားပင် ဖြစ်ခဲ့ရာ၏။ သင်္ခတ တရားမှန်ကလည်း ဓမ္မပဒ စသည်၌ သင်္ခါ ရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ-စသည်ဖြင့် အမြဲမရှိကြောင်း ဟော တော်မူအပ်ရကား ထိုနာမ်ဝိသေသ-ရုပ်ဝိသေသ ဘုရားတို့သည် ဇာတိ-ဇရာ- မရဏဒုက္ခမှ မကင်းသေး ဖြစ်ကုန်ရာ၏။ စင်စစ်မူကား ထိုပရိနိဗ္ဗာန် ပြုတော်မူ သော ဘုရားရှင်တို့သည် သင်္ခါရာဝသေသ ဒုက္ခမရှိ၊ ပကတိ ချုပ်ငြိမ်း ချမ်းအေး ခြင်းသို့ ရောက်တော်မူကြကုန်၏။' ။ထို့ကြောင့် အပဒါန် အဋ္ဌကထာ၌။ ။ လောကနာထေ ပဋ္ဌာနဘူတေ သတ္ထရိ ကိလေသခန္ဓ ပရိနိဗ္ဗာန သင်္ခါတေဟိ ပရိနိဗ္ဗာနေဟိ ပရိနိဗ္ဗုတေ ဒီပသိခါဝိယ အဒဿနံ ဂတာတိ အတ္ထော။ ။ဟူ ၍၎င်း၊ ရတနသုတ်ပရိတ်တော်၌။ ။နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။ ။ဟူ၍၎င်း ဟောတော်မူအပ်၏။ ။လောကနာထေ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ် တော်မူသော။ ပဋ္ဌာနဘူတေ၊ လူသုံးပါးတို့၏ အကြီးအမှူးဖြစ်၍ ပြဋ္ဌာန်း တော်မူသော။ သတ္ထရိ၊ မြတ်စွာ ဘုရားသည်။ ကိလေသခန္ဓ ပရိနိဗ္ဗာန သင်္ခါ တေဟိ၊ ကိလေသာတို့၏ အလုံးစုံ အားဖြင့် ချုပ်ငြိမ်းခြင်း၊ ခန္ဓာတော်၏ အလုံး စုံအားဖြင့် ချုပ်ငြိမ်းခြင်းဟု ဆိုအပ်ကုန်သော။ ပရိနိဗ္ဗာနေဟိ၊ အလုံးစုံအား ဖြင့် ချုပ်ငြိမ်းခြင်းတို့ဖြင့်။ ပရိနိဗ္ဗုတေ၊ အလုံးစုံအားဖြင့် ချုပ်ငြိမ်းတော် မူပြီး သည် ရှိသော်။ ဒီပသိခါ၊ ဆီမီးအလျှံသည်။ နိဗ္ဗုတာ၊ ချုပ်ငြိမ်းသည် ရှိသော်။ အဒဿနံ၊ ကြွင်းမဲ့ကုန်ပြတ် မမြင်အပ်သည်၏ အဖြစ်သို့။ ဂဘာဝိယ၊ ရောက်သ ကဲ့သို့။ တထာ၊ ထို့အတူ။ သော၊ ထိုပရိနိဗ္ဗာန် စံလွန်တော် မူသော မြတ်စွာ ဘုရားသည်။ အဒဿနံ၊ ကြွင်းမဲ့ကုန်ပြတ် မမြင်အပ်သည်၏ အဖြစ်သို့။ ဂတော၊ ရောက်တော်မူ၏။ ။(ဤကား ပဌမပါဌ်၏အနက်)။ ။အယံပဒီပေါ၊ ဤ

ဆီမီးသည်။ နိဗ္ဗာတိယထာ၊ ချုပ်ငြိမ်းလေသကဲ့သို့။ တထာ၊ ထို့အတူ။ ဓီရာ၊ ပညာရှိတော်မူကုန်သော။ တေခီဏာသဝါ၊ ထိုရဟန္တာ အရှင်မြတ်တို့သည်။ နိဗ္ဗန္တိ၊ ချုပ်ငြိမ်းတော်မူကုန်၏။ ။(ဤကား ဒုတိယပါဠိ၏ အနက်)။ ။ အဓိပ္ပါယ်ကား ဆီမီးလျှံသည် စိုးစဉ်းမျှအကြွင်းမရှိ ချုပ်ငြိမ်းသကဲ့သို့ ပရိနိဗ္ဗာန်စံလွန်တော်မူကုန်သော ဘုရား-ပစ္စေကဗုဒ္ဓါ-ရဟန္တာအရှင်မြတ်တို့သည် စိုးစဉ်းမျှ သင်္ခါရဝဋ်သံသရာဒုက္ခအကြွင်းမရှိ ပကတိချုပ်ငြိမ်းချမ်းနေတော်မူ၏ဟူလို။ ။ ဤကား အတီတေ သမ္ဗုဒ္ဓစ-အစရှိသောပါဠိ၏ဝိနိစ္ဆယ။

ဒုင်းနောက်သက်န်းစသည်တို့ဖြင့်ပြတော်မူရာ-ယေစ တေရဟိ အတ္ထိ-စသောပါဠိရပ်မှ နိမ္မိတအရှင်တို့ကို ထိုက်သည်အားလျော်စွာ နံ့သာ၊ပန်း၊ဆီမီးစသည်တို့ဖြင့်ပူဇော်တော်မူ၏။ ။ပွင့်တော်မူဆဲဖြစ်၍သက်တော်ထင်ရှားရှိသောပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကိုသာ သင်္ကန်း-ခံဘွယ်-ဘောဇဉ်-လျက်ဘွယ်-သောက်ဘွယ် အစရှိသည်တို့ဖြင့် ပူဇော်တော်မူ၏ဟု မှတ်အပ်၏။ ။ထို့ကြောင့်ပူဇော်ခြင်းကို ပြတော်မူရာ ပါဠိ၏ အဘွင့်ဖြစ်သော အဋ္ဌကထာ၌။ ။တေစ ပစ္စေကဗုဒ္ဓေ အနေကသတေ။ ပ။ သန္တပ္ပေသေန္တိ အတ္ထော။ ။ဟူ၍ဒုင်း။ ။တေစ ပစ္စေကဗုဒ္ဓေ တိစီဝရေဟိ အစ္ဆာဒေမီတိ အတ္ထော။ စတံ တိစီဝရေဟိ အစ္ဆာဒေတွာ ပါရုပါပေတွာ တေသံ နိသိန္နာနံ ပစ္စေကဗုဒ္ဓါနံ သမ္ပန္နံ မဓုရခဇ္ဇံ ခါဒိတဗ္ဗံ ပုဝါဒိကဥ္စ။ ပ။ ပတ္တေ သံသုဋ္ဌုံ ပူရေတွာ အဒါသိ။ ။ဟူ၍ဒုင်း ပစ္စေကဗုဒ္ဓါတို့အားသာ လှူဒါန်းကြောင်းလာ၏။ ။အနေကသတေ၊ အရာမက များစွာကုန်သော။ တေစပစ္စေကဗုဒ္ဓေ၊ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုလည်း။သန္တပ္ပေသံ၊ ရောင့်ရဲ စေအံ့။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ တေစ ပစ္စေကဗုဒ္ဓေ၊ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့ကိုလည်း။ တိစီဝရေဟိ၊ သင်္ကန်း သုံးထည်တို့ဖြင့်။ အစ္ဆာဒေမိ၊ ဖုံးလွှမ်းအံ့။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ စတံ၊ ဤသို့။ တိစီဝရေဟိ၊ သင်္ကန်းသုံးထည်တို့ဖြင့်။ အစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ ပါရုပါပေတွာ၊ ရုံစေ၍။ နိသိန္နာနံ၊ ထိုင်နေတော် မူကုန်သော။ တေသံ ပစ္စေကဗုဒ္ဓါနံ၊ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား။ သမ္ပန္နံ၊ ပြည့်စုံစွာ သော။ မဓုရခဇ္ဇဥ္စ၊ ချိုမြိန်ကောင်းမြတ်သော ခဲဘွယ်ကိုဒုင်း။ ခါဒိတဗ္ဗံ၊ ခဲအပ်သော။ပုဝါဒိကဥ္စ၊ မုံ့စသည်ကိုဒုင်း။ ပ။ ပတ္တေ၊ သပိတ်၌။ သံသုဋ္ဌုံ၊ကောင်းစွာ။ ပူရေတွာ၊ ပြည့်စေ၍။ အဒါသိ၊ ပေးလှူ၏။ ။(ဤကားအနက်)

အရှင်တို့သည် ကိန်းစက်ခြင်း စသည်ကို ပြရာပါဠိ၏ အဘွင့်ဖြစ်သော အဋ္ဌကထာ၌ ပစ္စေကဗုဒ္ဓါတို့ကိုသာ ပြတော်မူ၏။ ။ထို့ကြောင့် ဘုရားဟောခြင်းကို ပြရာပါဠိ၏အဘွင့်ဖြစ်သော အဋ္ဌကထာ၌။ ။အညေ ဗမ္မာ ဒေဝသေန္တီတိ တေသု

ပစ္စေကဗုဒ္ဓေသု အညေ ကေစေ့ ဓမ္မေ ဒေသေန္တိ။ အညေကေစေ့ ဣဒ္ဓိယာ ပဌမာ
ဒိဗျာနုကီဠာယ ကီဠန္တိ။ ။ဟူ၍၎င်း၊ ပြဿနာကို မေးရာ ပါဠိ၏ အဘွင့်
၌။ ။ဗုဒ္ဓါပိ ဗုဒ္ဓေဟိ ဧဝံ သန္နိပတိတေ တေသု ပစ္စေကဗုဒ္ဓေသု သဗ္ဗညုတ
ဉာဏဿ ဝိသယံ အာရမ္မဏဘူတံ ပဉှံ ဗုဒ္ဓါပိ ဗုဒ္ဓေ ပုစ္ဆန္တိတိ အတ္ထော။ ။ဟူ၍
၎င်းလာ၏။ ။အညေဓမ္မာ ဒေသေန္တီတိ၊ ဟူသည်ကား။ တေသု ပစ္စေကဗုဒ္ဓေသု၊
ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့တွင်။ အညေ၊ တပါးကုန်သော။ ကေစေ့၊ အချို့
ကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်။ ဓမ္မေ၊ တရားတို့ကို။ ဒေသေန္တိ၊ ဟော
တော်မူကြကုန်၏။ အညေ၊ တပါးကုန်သော။ ကေစေ့၊ အချို့ကုန်သော ပစ္စေက
ဗုဒ္ဓါ အရှင်မြတ်တို့သည်။ ဣဒ္ဓိယာ၊ တန်ခိုးအားဖြင့်။ ပဌမာဒိဗျာနုကီဠာယ၊
ပဌမဈာန် အစရှိသောဈာန်ကိုဝင်စား၍ ပျော်ပါးမွေ့လျော်ခြင်းဖြင့်။ ကီဠန္တိ၊
မွေ့လျော် ပျော်ပါးတော်မူကြကုန်၏။ ။ဗုဒ္ဓါပိ ဗုဒ္ဓေတိ၊ ဟူသည်ကား။ ဧဝံ
သန္နိပတိတေ၊ ဤသို့အညီအညွတ် စည်းဝေးတော်မူကုန်ပြီးသော။ တေသုပစ္စေက
ဗုဒ္ဓေသု၊ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့တွင်။ ဗုဒ္ဓါပိ၊ ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ
အရှင်မြတ်တို့သည်လည်း။ ဗုဒ္ဓေ၊ ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်တို့ကို။ သဗ္ဗ
ညုတ ဉာဏဿ၊ သဗ္ဗညုတ ဉာဏ်၏။ ဝိသယံ-အာရမ္မဏဘူတံ၊ အာရုံဖြစ်၍
ဖြစ်သော။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆန္တိ၊ မေးတော်မူကုန်၏။ ။(ဤသို့ အနက်
သမ္ဗန်)။ ။ဆရာဟူသောအနက်ကို။ ။သာဝကာ ဗုဒ္ဓေ ပုစ္ဆန္တိ၊ ဗုဒ္ဓါ ပုစ္ဆန္တိ
သာဝကေ။ ။ဟု ဆိုအပ်လတ္တံ့သောစကားကိုထောက်၍သိအပ်၏။ ဤဥပိသဒ္ဒါ
ဖြင့်၎င်းဆိုအပ်လတ္တံ့သောတပည့်ကဆရာကိုမေးခြင်း၊ဆရာကတပည့်ကိုမေးခြင်း
ကိုပင် ဆည်း၏ဟု မှတ်အပ်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌။ ။တဒါ မမ
ပါသာဒေ ရာသိဘူတေသု သာဝကေသု သာဝကာ သိဿာပိ။ဗုဒ္ဓေ ပဉှံ ပုစ္ဆန္တိ။
ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါပိ သာဝကေ သိဿေ ပဉှံ ပုစ္ဆန္တိ-ဟု ပိသဒ္ဒါဖြင့် ဘွင့်လတ္တံ့။ ။
တဒါ၊ ထိုအခါ၌။ မမ၊ ငါဘုရားဖြစ်တော်မူသော တိလောကစကြာမင်း၏။
ပါသာဒေ၊ ပြာသာဒ်၌။ သာဝကေသု၊ တပည့် ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါ
တို့သည်။ ရာသိဘူတေသု၊ ပေါင်းစည်းစုဝေးကုန်ပြီးသည်ဖြစ်လတ်သော်။သာဝ
ကာသိဿာပိ၊ တပည့်ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း။ ဗုဒ္ဓေ၊
ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို။ ပဉှေ၊ ပြဿနာတို့ကို။ ပုစ္ဆန္တိ၊
မေးတော်မူကြကုန်၏။ ဗုဒ္ဓါပစ္စေကဗုဒ္ဓါပိ၊ ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်
မြတ်တို့သည်လည်း။ သာဝကေသိဿေ၊ တပည့်ဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်
တို့ကို။ ပဉှေ၊ ပြဿနာတို့ကို။ ပုစ္ဆန္တိ၊ မေးတော် မူကြကုန်၏။ ။(ဤကား
အနက်)။ ။ထို့ကြောင့် နောက်ဖြစ်သော ဝါကျ၌လည်း။ ။သာဝကာပိ၊
တပည့်ဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ ဗုဒ္ဓေ၊ ဆရာဖြစ်သော
ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့ကို။ ပုစ္ဆန္တိ၊ မေးတော် မူကြကုန်၏။ ဗုဒ္ဓါပိ၊ ဆရာ

ဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ သာဝကေ၊ တပည့်ဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို။ ပုစ္ဆန္တိ၊ မေးတော်မူကြကုန်၏။ ။ (ဤသို့ အနက်သမ္ဗန်)

ဤသို့ အတီတေ သမ္ဗုဒ္ဓ – စသည်တို့ဖြင့် အရှင်တို့၏ ပြာသာဒ်ထက်၌ သီတင်းသုံးတော်မူခြင်း၊ အရှင်တို့အားပူဇော်ခြင်း၊ အရှင်တို့သည် ပြုအပ်သော ကိစ္စအလုံးစုံကိုပြတော်မူပြီး၍ နိဂုံးချုပ်သောအားဖြင့် ပြာသာဒ်ထက်၌ သီတင်းသုံးခြင်းကို တဖန်ပြတော်မူပြန်လိုသည်ဖြစ်၍—

ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ သာဝကာ ပရိစာရကာ။
ဧဝံ သဗ္ဗာယ ရတိယာ၊ ပါသာဒေ အဘိရမန္တိ တေ။—

ဟု ဟောတော်မူ၏။ ။ဤကဲ့သို့ ဆိုသင့်သည်ကို....ပုန တေ သဗ္ဗေ ကေတော ဒဿေန္တော ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါတိ အာဒိမာဟ.... ဟူသော အဋ္ဌကထာ ကို ထောက်၍ သိအပ်၏။ ။ဧဝံလ္လမိနာ ဝုတ္တနယေန၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည်၎င်း။ ပစ္စေကဗုဒ္ဓါစ၊ ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်တို့သည်၎င်း။ သာဝကာစ၊ တပည့်ဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်တို့သည် ၎င်း။ ပရိစာရကာစ၊ အလုပ်အကျွေးဖြစ်သော တပည့်သံဃာ ရဟန္တာတို့သည် ၎င်း။တေသဗ္ဗေ၊ ထိုအလုံးစုံသောအရှင်တို့သည်။သကာယ၊ မိမိ၏ဥစ္စာဖြစ်သော။ ရတိယာ၊ မွေ့လျော်တော် မူခြင်းဖြင့်။ ရမမာနာ၊ နှစ်သက်တော် မူကုန်သည် ဖြစ်၍။ပါသာဒေ၊အလောင်းတော်ဖြစ်သော ငါ၏ကြာမင်း၏ပြာသာဒ်၌။အဘိရမန္တိ၊ အလွန် မွေ့လျော်တော် မူကုန်၏။ ။(ဤကား အနက်)။ ။ဤသို့ ပူဇော်ခြင်းစသည်ကိုပြရာ ပါဠိ၊ အဋ္ဌကထာတို့၌ သက်န်းဝတ်ခြင်း၊ သက်န်း ရုံခြင်း အာဟာရကိုသုံးဆောင်ခြင်း စသည်ကိုပြုဘွယ် ကိစ္စမရှိရကား နိမ္မိတ ဘုရားရှင်စသည်တို့ကိုမပြအပ်၊ ဤနိဂုံး ဂါထာ၌သာ အောက်၌ကဲ့သို့ ပြာသာဒ် ထက်၌ သီတင်းသုံးနေခြင်းကို ပြသောအရာဖြစ်၍ အလုံးစုံကိုပင် ပေါင်း၍ ပြတော်မူအပ်၏ဟု မှတ်အပ်၏။ ။ဤနိဂုံးဂါထာ၌ နိမ္မိတအရှင်တို့ကို အစစ် အားဖြင့် မွေ့လျော်တတ်သော အဖြစ်မရှိငြားသော်လည်း မွေ့လျော်သောအရှင် တို့၏ အတွင်း၌ တည်ခြင်းကြောင့် အဘိရမန္တိ-ဟု ဟောတော် မူအပ်ကုန်၏။ ဥပမာကား အဓိပ္ပါက ဒါနအရာ၌ စေတီတော် ရုပ်ရှင်တော် တို့အား အစစ် အားဖြင့် သုံးဆောင်တတ် သော အဖြစ် မရှိငြား သော်လည်း သုံးဆောင် တတ် သော သံဃာ-ပုဂ္ဂိုလ်တို့အတွင်း၌ တည်ခြင်းကြောင့် နဝအဓိပ္ပါက ပရိဘောဂါ- ဟု ဟောတော်မူအပ်သကဲ့သို့တည်း။ ယင်း၏ အတောင် မျှလောက်သာ အထု ထူသောအရေပါးကိုမျှ ဖေါက်ထွင်း၍မြင်ခြင်းငှါမစွမ်းနိုင်သော ပညာမရှိသော

ဗာလ ပုထုဇဉ်တို့သည် အကြွင်းမဲ့လောက်သော ကာလပတ်လုံး လူ၏အသွင်ပြု၍ သုတ်လိမ်းအပ်သော နှံသာ-ပန်း အဝတ်တန်းဆာ ရှိသော မစင်တုံး လူရုပ်ကဲ့သို့ စက်ဆုပ်ဘွယ်သော သလိပ်-သည်းခြေ- ပြည်-သွေး- ကျင်ကြီးအစရှိသော မစင်တို့ဖြင့်ပြည့်သော ငရဲမီး, ပြိတ္တာမီးတို့၏လောင်စာ များစွာသော အနိဋ္ဌာရုံတို့နှင့် ပေါင်းဘက်၍ နှိပ်စက်တတ်သော ရန်သူကြီး အကောင်ပုပ်ကို ရွှေရုပ်၌ အသွင် ထင်မှတ်စွဲလမ်းကြကုန်၏။ ထိုမျှလောက်သောကာလပတ်လုံး နိဗ္ဗာန်တရားတော် မြတ်၏ချမ်းသာကို မမြင်ရ မသိရကြကုန်လတ္တံ့။ အကြင်အခါ ပညာတည်းဟူသောလက်နက်ဖြင့် အရေပါးကိုခွါ၍ ခွါ၍ အဘန်ဘန်ရှုခြင်းဖြင့် မစင်အိုး-အိုင်းအမာ- နူနာကြီးတို့ထက် စက်ဆုပ် ရွံရှာဘွယ်၏ အဖြစ်ကိုရင်း၊ အရှည် မြော်မြင်၍ ဆင်ခြင်တတ်သော ပညာဖြင့် ပြိတ္တာမီး, ငရဲမီးတို့၏ လောင်စာ များစွာသော အနိဋ္ဌာရုံတို့နှင့် ပေါင်းဘက်၍ နှိပ်စက် တတ်သော ရန်သူကြီး၏ အဖြစ်ကိုရင်း စင်စင်မြင်ကြရကုန်လတ္တံ့။ ထိုအခါ နိဗ္ဗာန်တရားတော် မြတ်၏ ချမ်းသာကို သိမြင်ရကြကုန်လတ္တံ့။ ငါးမျှားချိတ်၏ထိပ်၌ ထိုးလျှိုး၍ထားအပ်သော တီကောင်၏ အနံ့ကို မက်မောမှား၍ ငါးမျှားချိတ်ကိုမျိုသော ငါးကဲ့သို့ မဖြစ်ကြစေဘဲ အရှည်ကို ထောက်ထား၍ တရားကို အားထုတ် သင့်ကြသည်။ [ဤပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အတီတေ သမ္ဗဟုဒ္ဓေစ- အစရှိသော အပဒါန် ပါဠိတော်၏ ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပါယ်ကို သိမှတ်အပ်၏။]

ပရိနိဗ္ဗာန်ပြုတော်မူပြီးသော နာမ်ဝိသေသ-ရုပ်ဝိသေသ ဘုရားမရှိကြောင်း ဝိနိစ္ဆယပြီး၏။

---

(၁၂) လျှောက်ထားချက် အရ နိဗ္ဗာန်သည် ထာဝရ မည်သည်၊ ထာဝရတည်သည်ကို ထိုထို ကျမ်းဂန်တို့နှင့် အညီ စီရင်ဆုံးဖြတ်ချက် အတိုင်း ဤသို့သိမှတ်ရာ၏။

နိဗ္ဗာန်၏ တည်ရာဌာနသည် အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာ တို့တွင် အဘယ်အရပ်၌ ရှိပါသနည်းဟု မိလိန္ဒမင်းကြီးသည် မေးလျှောက် အပ်သော အရှင်နာဂသိန်သည် မြတ်သောမင်းကြီး....နိဗ္ဗာန်၏ တည်ရာဌာနသည် တစုံတခု သော အရပ်၌မရှိဟု ဆိုသော် အရှင်ဘုရား နာဂသိန်....လောက၌ သစ်သီး သည်ရှိ၏။ သစ်သီး၏ တည်ရာသစ်ပင်လည်းရှိ၏။ အကယ်၍တည်ရာ သစ်ပင် မရှိခဲ့သော် သစ်သီး သည်လည်း မရှိခဲ့ရာ။ ထိုအတူ နိဗ္ဗာန်၏ တည်ရာဌာနမရှိခဲ့ သော် နိဗ္ဗာန်လည်း မရှိခဲ့ရာ၊ ထိုသို့မရှိခဲ့သော် နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူ သောစကားသည် မှားခဲ့ရာ၏-ဟု လျှောက်သော် မင်းကြီးအား နိဗ္ဗာန်၏ ထင်

ရှားရှိသည်၏ အဖြစ်ကိုဥပမာနှင့် တကွ ပြတော်မူလိုသော အရှင်နာဂသိန်မထေရ်သည်။ ။ယထာပန မဟာရာဇ အတ္ထိ အဂ္ဂိနာမ။ နတ္ထိ တဿ သန္နိဟိတောကာသော။ ဒွေကဋ္ဌာနိ သံဃဋ္ဋေန္တော အဂ္ဂိံ အဓိဂစ္ဆတိ။ ဧဝမေဝခေါ မဟာရာဇ အတ္ထိ နိဗ္ဗာနံ။ နတ္ထိ တဿ သန္နိဟိတော ကာသော။ သမ္မာပဋိပန္နော ယောနိသော မနသိကာရေန နိဗ္ဗာနံ သစ္ဆိကရောတိ။ ။ဟု မိန့်တော်မူအပ်၏။ ။(မိလိန္ဒပဉှာပါဠိတော်)။ ။ပန၊ နိဗ္ဗာန်ရှိကြောင်းကို ဥပမာ ဆောင်၍ ထင်အောင်ပြဦးအံ့။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဂ္ဂိနာမ၊ မီးမည်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုမီး၏။ သန္နိဟိတောကာသော၊ စုဝေး၍ တည်ရာ အရပ်သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့ပင် မရှိသော်လည်း။ ပုရိသော၊ မီးကိုအလိုရှိသော ယောကျ်ားသည်။ ဒွေကဋ္ဌာနိ၊ နှစ်ချောင်းသောသစ်သားတို့ကို။ သံဃဋ္ဋေန္တော၊ ပွတ်တိုက်သည်ရှိသော်။ အဂ္ဂိံ၊ မီးကို။ အဓိဂစ္ဆတိ ယထာ၊ ရသကဲ့သို့။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုနိဗ္ဗာန်၏။ သန္နိဟိတောကာသော၊ စုဝေး၍တည်ရာ အရပ်သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့ပင်မရှိသော်လည်း။ သမ္မာ၊ ကောင်းစွာ။ ပဋိပန္နော၊ ကျင့်သောယောဂီပုဂ္ဂိုလ်သည်။ ယောနိသော၊ အသင့်အားဖြင့်။ မနသိကာရေန၊ နှလုံးသွင်းခြင်းဟု ဆိုအပ်သော ကောင်းသောအကျင့်ဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ထင်ထင်မြင်ရ၏။ ။(ဤကားအနက်)

အဓိပ္ပါယ်ကား— မီးသည် စုဝေး၍ တည်ရာအရပ်မရှိသော်လည်း အလိုရှိ၍ သစ်သားနှစ်ချောင်းတို့ကို ပွတ်တိုက်သော သူအား မီးသည်ထင်ရှားဖြစ်လာသကဲ့သို့ ထို့အတူ၊နိဗ္ဗာန်သည် စုဝေး၍တည်ရာ မရှိသော်လည်း ကောင်းစွာ ကျင့်သော ယောဂီ ပုဂ္ဂိုလ်အား ထင်ရှားပေါ်လာ၏ ဟူလို။ ။ဤသို့ ဟုတ်မှန်တိုင်းသော အဓိပ္ပါယ်ကို ယူအပ်၏။ အစ အမှန် မီးလည်းမရှိ၊ တည်ရာလည်းမရှိ၊ သစ်သားနှစ်ချောင်းကို တိုက်ပွတ်သည်ရှိသော် သစ်သားဟူသော ဇနကအကြောင်းကိုစွဲ၍ မီးသည်ထင်ရှား ဖြစ်လာသကဲ့သို့ ထို့အတူ၊အစအမှန်နိဗ္ဗာန်လည်းမရှိ၊ နိဗ္ဗာန်၏တည်ရာလည်းမရှိ၊ ကောင်းစွာကျင့်သည်ရှိသော် အကျင့် ဟူသော ဇနက အကြောင်းကိုစွဲ၍ နိဗ္ဗာန်သည် ထင်ရှားဖြစ်လာ၏ဟူသော·မဟုတ်မမှန် ဘောက်ပြန် ချွတ်ယွင်းလော အဓိပ္ပါယ်ကို မယူအပ်။ ထိုစကားသင့်စွ၊ လေသည်ဖုံးလွှမ်း၍ တည်သော- မြူတိမ်ကို ဖျက်ဆီး ပယ်ရှားခြင်းဖြင့် နေ့ လတို့၏ ထင်ရှားပေါ်လာခြင်း၏အကြောင်းသာဖြစ်၏။ နေ့လတို့ကိုဖြစ်စေတတ်သော ဇနကအကြောင်း မဖြစ်သကဲ့သို့ ထို့အတူ၊ ကောင်းသော အကျင့်သည် ဖုံးလွှမ်း၍တည်သော ကိလေသာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီး ခြင်းဖြင့်နိဗ္ဗာန်၏ထင်ရှားပေါ်လာခြင်း၏အကြောင်းသာဖြစ်လာ၏။နိဗ္ဗာန်ကိုဖြစ်စေ

တတ်သော ဇနက အကြောင်းမဖြစ်၊ နိဗ္ဗာန်သည် တစုံ တခုသော အကြောင်း ကြောင့်လည်း မဖြစ်၊ အလို အလျောက်လည်း မဖြစ်—ဟု မှတ်အပ်၏။ ။ထို့ ကြောင့်ဥဒါန်း ပါဠိတော် ပါဋလိဂါမဝဂ်၌။ ။အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နောစေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာ ယေထ။ ယသ္မာစ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ တသ္မာ ဇာတဿ ဘူတဿ ကတဿ အသင်္ခတဿ နိဿရဏံ ပညာ ယတီတိ-ဟူ၍ရှင်း၊ ထို၏ အဘွင့် အဋ္ဌကထာ၌။ ။ဝေဒနာဒယော ဝိယ ဟေတုပစ္စယ သမဝါယသင်္ခါတာယ ကာရဏသာမဂ္ဂိယာ နဇာတံ နနိဗ္ဗတ္တန္တိ အဇာတံ ကာရဏေန ဝိနာ သယမေဝ နဘူတံ နပါတုဘူတံ နဥပ္ပန္နန္တိ အပါတုဘူတံ။ဧဝံ အဇာတတ္တာစ ယေနကေနစိ ကာရဏေန နကတန္တိ အကတံ။ ။ဟူ၍ရှင်း ဟော မိန့်တော်မူ အပ်၏။ ။ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော ငါ၏ချစ်သားရဟန်း များတို့။ အဇာတံ၊ ဝေဒနာစသော တရားတို့ကဲ့သို့ မူလအကြောင်း အထောက် အပံ့ဖြစ်သော အကြောင်း တို့၏ ညီညွတ်ခြင်းကြောင့်လည်း မဖြစ်ထသော။ အဘူတံ၊ အကြောင်းတရား မရှိ မိမိ၏ အလိုအလျောက်လည်း မဖြစ်ထသော။ အကတံ၊ အမှတ်မရှိသော တစုံတခုသော အကြောင်းတရားသည် မပြုပြင်အပ် ထသော။ အသင်္ခတံ၊ ကံစသော အကြောင်းတရားတို့သည် မပြုပြင် မစီရင်အပ် သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ ဝေဒနာ စ သောတရားတို့ကဲ့သို့မူလအကြောင်း၊ အထောက်အပံ့ဖြစ်သောအကြောင်းတရား တို့၏ ပေါင်းဆုံညီညွတ်ခြင်းကြောင့်လည်းမဖြစ်ထသော။ အဘူတံ၊ အကြောင်း တရားမရှိ မိမိ၏ အလို အလျောက်လည်း မဖြစ်ထသော။ အကတံ၊ အမှတ်မရှိ သော တစုံတခုသော အကြောင်းတရားသည် မပြုပြင်အပ် ထသော။ တေံ အ-သင်္ခတံ၊ကံစသောအကြောင်းတရားတို့သည်မပြုပြင်မစီရင်အပ်သော ထိုအသင်္ခတ ဓာတ်ဟု ဆိုအပ်သောနိဗ္ဗာန်သည်။ နောစ အဘဝိဿ၊ အကယ်၍ မရှိငြားအံ့။ ဧဝံသတိ၊ ဤသို့မရှိသည်ရှိသော်။ ဣဓ၊ ဤလောက၌။ ဇာတဿ၊ အကြောင်း တရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ဖြစ်ထသော။ ဘူတဿ၊ ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့် ထင်ရှားဖြစ်ထသော။ ကတဿ၊ အကြောင်းတရားသည် ပြုပြင် အပ်ထသော။ သင်္ခတဿ၊ ကံစသောအကြောင်းတရားတို့သည် ပြုပြင် စီရင်အပ်သော သင်္ခတ တရား၏။ နိဿရဏံ၊ ထွက်မြောက်ရာသည်။ နပညာယေထ၊ မထင်ရာ။ ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်ကေန်အမှန်လျှင်။ ယသ္မာစ၊ အကြင့်ကြောင့်လည်း။ အဇာတံ၊ ဝေဒနာ စသောဘရားတို့ကဲ့သို့ အကြောင်းတရား တို့၏ ညီညွတ်ခြင်း ကြောင့် လည်း မဖြစ်ထသော။ အဘူတံ၊ အကြောင်းမရှိ မိမိအလို အလျောက်သည်း မဖြစ်ထသော။ အကတံ၊ အမှတ်မရှိ တစုံတခုသော အကြောင်းသည် မပြုပြင်

အပ်ထသော။ အသင်္ခတံ၊ ကံ စသော အကြောင်းတရားတို့သည် မပြုပြင် မစီရင်အပ်သော အသင်္ခတ ဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုသို့ရှိလေသောကြောင့်။ ဇာတဿ၊ အကြောင်းတရားတို့၏ ညီညွတ် ခြင်းကြောင့်ဖြစ်ထသော။ ဘူတဿ၊ ဥပါဒ်-ဌီ-ဘင်အားဖြင့် ထင်ရှားစွာဖြစ်ထ သော။ ကတဿ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်ထသော။ အသင်္ခတဿ၊ ကံ စသော အကြောင်းတရား တို့သည် ပြုပြင် စီရင်အပ်သော သင်္ခတ တရား အပေါင်း၏။ နိဿရဏံ၊ ထွက်မြောက်ရာသည်။ ပညာယတိ၊ ထင်၏။ ဣတိ ဣမံ ဥဒါနံ၊ ဤဥဒါန်းကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဒါနေသိ၊ ကျူးရင့်တော် မူ၏။ ။(ဤကား ပါဠိတော်၏အနက်)

ဝေဒနာဒယော၊ နိဗ္ဗာန်နှင့်နာမ်၏ အဖြစ်အားဖြင့်တူသော ဝေဒနာက္ခန္ဓာ အစရှိသော လေးပါးသော နာမက္ခန္ဓာတို့သည်။ ဝါ၊ ဝေဒနာက္ခန္ဓာ အစရှိသော ငါးပါးသော ခန္ဓာတို့သည်။ ဟေတုပစ္စယ သမဝါယသင်္ခါတာယ၊ ဖြစ်စေတတ် သော ဇနက မူလအကြောင်း, ထောက်ပံ့တတ်သော ဥပထမ္ဘက အကြောင်း တို့၏ ပေါင်းစည်းစုဝေးခြင်းဟုဆိုအပ်သော။ ကာရဏသာမဂ္ဂိယာ၊ အကြောင်း တရားတို့၏ ညီညွတ်ခြင်းဖြင့်။ ဝါ၊ ကြောင့်။ ဇာယတိယာသာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ယံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ ဟေတုပစ္စယ သမဝါယ သင်္ခါတာယ၊ ဖြစ်စေတတ်သော ဇနက မူလအကြောင်း, ထောက်ပံ့တတ်သော ဥပထမ္ဘက အကြောင်းတရားတို့၏ ပေါင်းစည်း စုဝေးခြင်းဟု ဆိုအပ်သော။ ကာရဏသာမဂ္ဂိယာ၊ အကြောင်းတရားတို့၏ ညီညွတ်ခြင်းဖြင့်လည်း။ ဝါ၊ ညီ ညွတ်ခြင်းကြောင့်လည်း။ နဇာတံ နနိဗ္ဗတ္တံ၊ မဖြစ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ အဇာတံ၊ အဇာတမည်၏။ ကာရဏေန၊ အလုံးစုံသော အကြောင်းနှင့်။ ဝိနာ၊ ကင်း၍။ သယမေဝ၊ အလိုအလျောက်သာလျှင်လည်း။ နဘူတံ နပါတုဘူတံ နဥပ္ပန္နံ၊ မဖြစ်။ ဣတိတသ္မာ၊ ထိုကြောင့်။ တံနိဗ္ဗာနံ၊ ထို နိဗ္ဗာန်သည်။ အဘူတံ၊ အဘူတမည်၏။ ဧဝံ၊ ဤသို့။ အဇာတတ္တာစ၊ မဖြစ်သည်၏ အဖြစ်ကြောင့်လည်း။ ယေနကေနစိ၊ အမှတ်မရှိ တစုံတခုသော။ ကာရဏေန၊ အကြောင်းတရားသည်။ နကတံ၊ မပြုအပ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ အကတံ၊ အကတမည်၏။ ။(ဤကားအဋ္ဌကထာပါဠိ၏အနက်)

နိဗ္ဗာန်သည် တပါးသော အကြောင်းကြောင့်ရင်း၊ အလိုအလျောက်ရင်း မဖြစ် ဟူသော•အနက်ကိုပြသဖြင့် အကြောင်းတရားတို့၏• ညီညွတ်သော အခါ၌သာ ရင်းအကြောင်းတရားတို့ကိုစွဲ၍ ဥပါဒ်သည်၏အစွမ်းဖြင့် ဖြစ်သာ ပေါ်လာသည် မဟုတ်ဟူသော အနက်ကို ပြတတ်သော ရင်းပါဠိ, အဋ္ဌကထာတို့ဖြင့် နေ့, လ တို့သည် မြူတိမ် ဖုံးလွှမ်း အပ်ကုန်သည်ဖြစ်၍ မထင်မမြင် အပ်ကုန်သော်လည်း

ထင်ရှား ရှိကုန်သကဲ့သို့ ထို့အတူ၊ နိဗ္ဗာန် တရားသည်လည်း ကိလေသာတည်း ဟူသော အမိုက်မှောင်သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ မထင်မမြင်အပ်သော်လည်း ထင်ရှားရှိ၏ဟူသောအနက်၊ လေသည် မြူတိမ်ကို ဖျက်ဆီးသည်ရှိသော် နေ,လ တို့သည် ထင်ရှားပေါ်လာကုန်သကဲ့သို့ ထို့အတူ၊ ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့သည် ကိလေသာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီး သည် ရှိသော် နိဗ္ဗာန်သည် ထင်ရှားပေါ်လာ၏ဟူသော အနက်၊ အမြဲထာဝရ တည်၏ဟူသောအနက်၊ဖြစ်ခြင်းပျက်ခြင်းသဘောရှိသောဘုံနန်းမဟုတ် ဟူသော အနက်ကိုပြတော်မူ၏ဟု မှတ်အပ်၏။ ။{ဘုံနန်းမဟုတ် ကြောင်း နောက်၌လည်း ထင်ရှားလတ္တံ့။} ဤကဲ့သို့ နိဗ္ဗာန်၏ စုဝေး၍ တည်ရာအရပ်မရှိ၊ နိဗ္ဗာန်ကား ထင်ရှားရှိ၏ဟူ၍ ပါဠိအဋ္ဌကထာ သာစကေတိုက်ရိုက်ရှိပြီးဖြစ်ရကား အခြားယုတ္တိ ကြံဘွယ်မရှိသောအရာ၌ ဇေဝံအစိန္တိယာ- အစရှိသော ဒေသနာအရ အစိန္တိယ သဘောကို မမှတ်ယူအပ်။ ဤကဲ့သို့မဟုတ် သာစကပါဠိ အဋ္ဌကထာလည်း မရှိ၊ အခြားသော ပါဠိအဋ္ဌကထာတို့နှင့်လည်း ဆန့်ကျင်သည်ဖြစ်က ကြံဆ၍ယူသော အရာတို့၌သာ ၎င်းဇေဝံအစိန္တိယာ-အစရှိသော ဒေသနာသည် သာဓက ဖြစ်၏ဟု မှတ်အပ်၏။ ။ဤပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ယထာပနမဟာရာဇ-အစရှိသော ပါဠိ၏ ဟုတ်မှန်တိုင်းသောအဓိပ္ပါယ်ကို မှတ်အပ်၏။

နိဗ္ဗာန်သည် ထာဝရအမြဲတည်ကြောင်း ဝိနိစ္ဆယကား ဤတွင်ပြီး၏။

---

(၂၂) နိဗ္ဗာန်သည် နဂရ မည်သည်၊ မမည်သည်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်အပ်၏။

မာပေဃိ နဂရံ သတ္ထာ၊ သဒ္ဓမ္မပူရ မုတ္တမံ—ဟူသော ဗုဒ္ဓဝင် ပါဠိတော်၌ ဝတ်စားတန်းဆာတို့၏တည်ရာ အိမ်တို့၏အပေါင်းဖြစ်သော မြို့ကြီးသည် လူတို့၏ ဣရိယာပုထ် လေးပါးတို့ဖြင့် သွားလာနေထိုင်ရာ ဖြစ်သကဲ့သို့ ထို့အတူ၊ အရိယာ ပုဂ္ဂိုလ်တို့၏ ဣရိယာပုထ် လေးပါးတို့ဖြင့် သွားလာ နေထိုင်ရာ ဖြစ်သော ကြောင့် နိဗ္ဗာန်ကို နဂရဟူ၍ ဟောတော်မူအပ်သည် မဟုတ်။ စင်စစ်သော်ကား အိမ်တို့၏အပေါင်းဖြစ်သော မြို့ကြီးသည် ဝတ်စားတန်းဆာတို့နှင့် ပြည့်စုံသဖြင့် ချမ်းသာခြင်း၏အကြောင်း ဖြစ်၍ လူတို့၏မှီတင်း လည်းလျောင်းရာ ဖြစ်သကဲ့ သို့ ထို့အတူ၊ချမ်းအေးခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံသဖြင့် ချမ်းသာဖြစ်ခြင်း ၏အကြောင်းဖြစ်၍ အရိယာ ပုဂ္ဂိုလ်တို့၏ မှီတင်း လည်းလျောင်းရာ ဖြစ်သော ကြောင့်၎င်း၊ မြို့ကြီးသည် လူတို့၏ ဣရိယာပုထ် လေးပါးတို့ဖြင့် သွားလာ နေ ထိုင်ရာဖြစ်သကဲ့သို့ အရိယာ ပုဂ္ဂိုလ်တို့၏ အာရုံပြုသော အားဖြင့် နေရာ ဖြစ်

သောကြောင့်ရင်း မြို့ကြီးနှင့်တူရကား နိဗ္ဗာန်ကို နဂရ- ဟူ၍ ဟောတော်မူလို သော အဋ္ဌကထာဆရာ သည်။ ။ပဋိဝိဒ္ဓခမ္မသဘာဝါနံ သေခါသေခါနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာနဂေါစရ နိဝါသ ဋ္ဌာနတ္တေန နိဗ္ဗာနံ နဂရန္တိ ဝုတ္တံ။ ။ ဟု မိန့်တော်မူအပ်၏။ ။ပဋိဝိဒ္ဓဓမ္မသဘာဝါနံ၊ ထိုးထွင်း၍ သိအပ်သော သစ္စာလေးပါး တရားတို့၏ သဘောရှိကုန်သော။ သေခါသေခါနံ၊ သေက္ခ ပုဂ္ဂိုလ်-အသေက္ခပုဂ္ဂိုလ်ဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာ ပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာန ဂေါစရ နိဝါသဋ္ဌာနတ္တေန၊ မှီတင်း လည်းလျောင်းရာ ဟူသော အနက်, အာရုံပြုသောအားဖြင့် နေထိုင်ရာ ဟူသော အနက်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ နဂရန္တိ၊ နဂရဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ။(ဤကားအနက်)

ဤအဋ္ဌကထာ၌ ပတိဋ္ဌာန-သဒ္ဒါ၏ အထက်အောက် ဖြစ်သော တည်ရာ ဟူသောအနက်ကို မယူအပ်။ အာယတနဝိဘင်း အဋ္ဌကထာ၏ အဘွင့်ဖြစ်သော။ ။ အဓိပတိပစ္စယဘူတေစ တမှိ ပရမဿာသဘာဝေန ဝိနိမုတ္တသင်္ခါရဿစ ဂတိဘာဝေန ပတိဋ္ဌာနဘူတေ ပတိဋ္ဌာယ ခယသင်္ခါတေ မဂ္ဂေါ ရာဂါဒယော ခေပေတိ။ ။ဟူသောမူလဋီကာ၌ ပတိဋ္ဌာန-သဒ္ဒါ၏အနက်ကဲ့သို့မှီတင်းလည်းလျောင်း ရာ ဟူသောအနက်ကို ယူအပ်၏။ ။အဓိပတိ ပစ္စယဘူတေစ၊ အာရမ္မဏာ ဓိပတိ ပစ္စည်းဖြစ်၍လည်း ဖြစ်ထသော။ ဝိနိမုတ္တ သင်္ခါရဿ၊ သမုစ္ဆေဒ ပဟာန်, ပဋိပ္ပဿဒ္ဓိပဟာန်တို့ဖြင့် ထိုသင်္ခါရ တရားနှင့် စပ်သော ဆန္ဒရာဂကို ပယ်ခြင်း ကြောင့် သင်္ခါရ တရားတို့မှ လွတ်သော ရဟန္တာပုဂ္ဂိုလ်၏။ ပရမဿာသ ဘာဝေ နစ၊ လွန်စွာ သက်သာရာ၏ အဖြစ်ဖြင့်ရင်း။ ဂတိဘာဝေနစ၊ လည်းလျောင်း ရာ၏ အဖြစ်ဖြင့်ရင်း။ပတိဋ္ဌာနဘူတေစ၊ မှီတင်း လည်းလျောင်းရာလည်း ဖြစ်ထ သော။ တမှိ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်၌။ ပတိဋ္ဌာယ၊ အာရုံ ပြုသော အားဖြင့် တည်၍။ ခယသင်္ခါတေ၊ ကိလေသာတို့ကို ကုန်စေတတ်, ချုပ်စေတတ်သည်ဟု ဆိုအပ်သော။ မဂ္ဂေါ၊ မဂ်သည်။ ရာဂါဒယော၊ ရာဂ အစရှိသော ကိလေသာ တို့ကို။ ခေပေတိ၊ ကုန်စေ၏။ ။(ဤကားအနက်)

အဓိပ္ပါယ်ကား-မြို့ကြီးသည် ဝတ်စားတန်းဆာနှင့် ပြည့်စုံသဖြင့် ချမ်းသာ ခြင်း၏ အကြောင်းဖြစ်၍ လူတို့၏ မှီတင်းလည်းလျောင်းရာ ဒြပ်ထင်ရှားရှိသဖြင့် လူတို့၏ ဣရိယာ ပုထ်လေးပါး တို့ဖြင့် သွားလာ နေထိုင်ရာ ဖြစ်သကဲ့သို့ ထို့ အတူ၊ နိဗ္ဗာန်သည် ချမ်းအေးခြင်းစသောဂုဏ်တို့နှင့် ပြည့်စုံသဖြင့် ချမ်းသာခြင်း ၏အကြောင်းဖြစ်၍ အရိယာပုဂ္ဂိုလ်တို့၏ မှီတင်း လည်းလျောင်းရာ ဟူသော အနက်ကြောင့်ရင်း၊ ဒြပ်ထင်ရှားမရှိ၍ ဣရိယာ ပုထ်တို့ဖြင့် နေထိုင်ရာ မဟုတ် သော်လည်း မရောင့်ရဲနိုင်စရာကောင်းသော အေးကြည်သောဂုဏ်နှင့် ပြည့်စုံသည်

ဖြစ်၍ မပြတ်အာရုံပြုသောအားဖြင့် နေရာဖြစ်သော အနက်ကြောင့်ရင်း မြို့ကြီးနှင့်တူရကား နိဗ္ဗာန်ကို နဂရ-ဟုဆိုအပ်၏။ ဒြဗ်ထင်ရှား ရှိသော မြို့ကြီး ကဲ့သို့ ဣရိယာ ပုထ်လေးပါးတို့ဖြင့် သွားလာနေထိုင်ရာဖြစ်သော အနက်ကြောင့် နဂရ ဟုဆိုအပ်သည် မဟုတ်ဟူလို။ ဤသို့ဟုတ်မှန်သော အနက် အဓိပ္ပါယ်ကိုယူအပ်၏။ ပတိဋ္ဌာနဂေါစရ နိဝါသနဋ္ဌာနတ္ထေန၊ တည်ရာဟူသော အနက်, အာရုံပြုရာ ဟူသော အနက်, နေရာဟူသော အနက်ကြောင့် ဟု မသင့်သော အနက်ကိုသမ္ဗန်၍ နိဗ္ဗာန်သည် မြို့ကြီးကဲ့သို့ အံ့ဩစဘွယ် တင့်တယ်ထူးဆန်း ဘုံနန်းပြာသာဒ်ကြီး ဟူ၍ ဖြစ်တတ်ပျက်တတ်သော သင်္ခါရသဘော မှုလည်းမကင်း သွားလာခြင်း စသော သင်္ခါရဒုက္ခတို့၏လည်း တည်ရာဟု အနက်ရောက်သော မသင့်သော အဓိပ္ပါယ်ကို မယူအပ်။ အကျဉ်း သခင်္ေပ အဓိပ္ပါယ်ကား....ဂေါစရ ကရဏေန နိဝါသနံ ဂေါစရနိဝါသနံ။ ပတိဋ္ဌာနဉ္စ ဂေါစရနိဝါသနဉ္စ ပတိဋ္ဌာနဂေါစရ နိဝါသနံ။ တမေဝဌာနံ၊ ပတိဋ္ဌာနဂေါစရ နိဝါသနဋ္ဌာနံ—ဟု ပြု၍ ဂေါစရ ကရဏေန၊ အာရုံပြုသော အားဖြင့်။ နိဝါသနံ၊ နေရာတည်း။ ဂေါစရ နိဝါသနံ၊ အာရုံပြုသောအားဖြင့် နေရာ။ ပတိဋ္ဌာနဉ္စ၊ မှီတင်း လည်းလျောင်းရာလည်း။ ဂေါစရနိဝါသနဉ္စ၊ အာရုံပြုသော အားဖြင့် နေရာလည်း။ ပတိဋ္ဌာန ဂေါစရ နိဝါသနံ၊ မှီတင်းလည်းလျောင်းရာ အာရုံပြုသောအားဖြင့် နေထိုင်ရာ။ တမေဝ၊ ထိုမှီတင်းလည်းလျောင်းရာ, အာရုံပြုသောအားဖြင့် နေထိုင်ရာသည် ပင်လျှင်။ ဌာနံ၊ ဌာနမည်သည်တည်း။ ပတိဋ္ဌာနဂေါစရ နိဝါသနဋ္ဌာနံ၊ မှီတင်း လည်းလျောင်းရာ အာရုံပြုသောအားဖြင့် နေထိုင်ရာသည်ပင်လျှင် ဌာန မည်သည်။ ။ ဤသို့အနက်သမ္ဗန်၍ သေခါသေခါနံ-နှစ်ပုဒ်ကို ပတိဋ္ဌာန နိဝါသန နှစ်ပုဒ်နှင့် စပ်၍ သင့်မြတ်သောအဓိပ္ပါယ်ကို ယူအပ်၏။ ပတိဋ္ဌာန,ဂေါစရ,နိဝါသနသုံးပုဒ် လုံးကိုဒွန်ပြု၍ သေခါနံ-ပုဒ်ကို ပတိဋ္ဌာန ဂေါစရ ၂-ပုဒ်တို့နှင့်စပ်၍ အသေခါနံ-ပုဒ်ကို သုံးပုဒ်လုံးနှင့်စပ်၍ ဤသို့ ယထာလာဘနည်း စပ်၍ သေခပုဂ္ဂိုလ် တို့၏ မှီတင်းရာ,အာရုံပြုရာ၊ ရဟန္တာပုဂ္ဂိုလ်တို့၏မှီတင်းရာ, အာရုံပြုရာ၊ ဣရိယာပုထ် လေးပါးတို့ဖြင့် နေရာဟူသော မသင့်သော အနက်ကို မယူအပ် ဟူလိုသည်။ ဤသို့ ပြအပ်ပြီးသောနည်းဖြင့် မာပေသိ နဂရံသတ္ထာ- စသော ဗုဒ္ဓဝင်ပါဠိ အဋ္ဌကထာတို့၏ ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပါယ်ကို ယူအပ်၏။

နိဗ္ဗာန်၏ နဂရမည်ကြောင်း ဝိနိစ္ဆယပြီး၏။

---

(၂၃) ဒက္ခိဏေန ဟတ္ထေန ပရမနိသိတမသိဉ္စ ဂဟေတွာ ဝါမ ဟတ္ထေန မောဠိယာ သဒ္ဓိံ စူဠံ ဂဟေတွာ ဆိန္ဒိ၊ ကေသာ ဒွင်္ဂုလမတ္တာ

ဟုတွာ ဒက္ခိဏတော အာဝဋ္ဋမာနာ သီသံ အလ္လီယိံသု၊ တေသံ ပန ယာဝဇီဝံ တဒေဝ ပမာဏံ အဟောသိ မဿု တဒနုရူပံ၊ ပုန ကေသမဿု ဩဟာရဏကိစ္စံ ပိ ယာ နာဟောသိ။ ။(မဓုရတ္ထဝိလာသိနီအဋ္ဌကထာ)။ ။ ပစ္စေက ဗုဒ္ဓါနာမ ဒွင်္ဂုလကေသမဿု အဋ္ဌပရိက္ခာရယုတ္တာ ဘဝန္တိ။ ။ (အပဒါန်အဋ္ဌကထာ)။ ။ဤအဋ္ဌကထာ တို့၌ ဘုရားပစ္စေကဗုဒ္ဓါတို့၌ ဆံမုတ်ဆိတ် လက်နှစ်သစ်ရှိကြောင်း လာသည်ကို နီတတ္ထအားဖြင့် မှတ်ရမည်။ နေယျတ္ထအားဖြင့် မှတ်ရမည်ကိုသိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အမျိုးအနွယ်တို့၏ အလေ့အားလျော်စွာ သညာအသီးအသီးဖြစ်ကြ၍ အဝဝ တင့်တယ်သည်ဟူ၍ မှတ်ထင်သောကြောင့် အချို့သော သူသည် ဆံကိုဖြတ်၏။ အချို့သောသူသည် မုတ်ဆိတ်ကိုဖြတ်၏။ အချို့သော သူသည် ဆံမုတ်ဆိတ် ကြင်စွယ်ကိုဖြတ်၏။ အချို့သောသူသည် မုတ်ဆိတ်ကြင်စွယ် မပါက မိန်းမ၏ မျက်နှာနှင့်တူသည်ဟူ၍ ကဲ့ရဲ့ခြင်းကို ပြု၍ ဆံ မုတ်ဆိတ် ကြင်စွယ် သုံးရပ်လုံး ကိုပင်ထား၏။ ထိုသူ အပေါင်းတို့တွင် မျက်တောင်မွေး မျက်ခုံးမွေးတို့သည် ရှေးကံအားလျော်စွာ တန်းဆာအထူးဖြစ်သကဲ့သို့ မုတ်ဆိတ် ကြင်စွယ်တို့သည် လည်း တန်းဆာအထူးပင်ဖြစ်၍ ဆံ မုတ်ဆိတ် ကြင်စွယ်ရှိမှ လှပတင့်တယ်သည် ဟူ၍ ထင်မှတ်၍ မဖြတ်မရိတ်ဘဲ ထားသောသူတို့၏ အမူအရာသည် သာလျှင် စဉ်လာထုံးစံ ကျမ်းဂန်နှင့်ညီရကား သင့်တင့်လျောက်ပတ်၏။ ထိုစကားသင့်စွ၊ မုတ်ဆိတ်ကြင်စွယ်သည် ယောကျ်ားတို့၏ အင်္ဂါလက္ခဏာ အထူးဖြစ်၏။ မုတ်ဆိတ် ကြင်စွယ် မရှိခြင်းသည် မိန်းမတို့၏ အထူး လက္ခဏာဖြစ်၏။ မိန်းမ ဖြစ်လျက် မုတ်ဆိတ်ကြင်စွယ်ပါက ယောကျ်ား၏မျက်နှာနှင့်တူကြောင်း ဝိနည်းပါဠိတော် ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌။ ။ဝေပုရိသိကာ–ဟူ၍ဤ၊ အဋ္ဌကထာ၌။ ။ဝေ ပုရိသိကာတိ သမဿုဒါဌိကာ ပုရိသရူပါ ဣတ္ထီ–ဟူ၍ဤ လာ၏။ ။ဝေပုရိ သိကာ၊ မိန်းမ ယောကျ်ားယောင်သည်။ ဝါ၊ ယောကျ်ားနှင့်တူသော မိန်းမ သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားပါဠိတော်၏အနက်)။ ။ဝေပုရိသိကာတိ၊ ဟူသည်ကား။ သ မဿုဒါဌိကာ၊ မုတ်ဆိတ်ကြင်စွယ် ရှိသော။ ပုရိသရူပါ၊ ယောကျ်ားနှင့် တူသော၊ ဝါ၊ ယောကျ်ား၏ အသွင်ကိုဆောင်သော။ ဣတ္ထီ၊ မိန်းမတည်း။ ။(ဤကားအဋ္ဌကထာပါဌ်၏အနက်)။ ။ယောကျ်ားဖြစ်လျက် မုတ်ဆိတ်ကြင်စွယ် မပါက များစွာ ကဲ့ရဲ့ကြသည် ဖြစ်၍ မုတ်ဆိတ်ကြင်စွယ် မရှိသောသူကို သာမဏေလည်းမပြုထိုက်၊ ရဟန်းလည်းမပြုထိုက် ကြောင်းကို ပဗ္ဗဇ္ဇဒေါသကိုပြရာ မဟာဝါအဋ္ဌကထာ၌။ ။နိမ္မဿုဒါဌိကောဝါ၊ ဘိက္ခုနီ သဒိသမုခေါ။ ။ဟူ၍လာ၏။ ။နိမ္မဿုဒါဌိကော၊ မုတ်ဆိတ် ကြင်စွယ်

မရှိသည်ဖြစ်၍။ ဘိက္ခုနီသဒိသမုခေါဝါ၊ ရဟန်းမိန်းမနှင့်တူသော မျက်နှာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ဆံပင်နှင့်အမျှ လ,အားဖြင့် နှစ်လ၊ အတိုင်းအရှည် ပမာဏအားဖြင့် လက်နှစ်သစ်၊ မုတ်ဆိတ်ကြင်စွယ်ထား၍ အာပတ် မသင့်ကြောင်း၊ လ,အားဖြင့်ရင်း၊ ပမာဏ အားဖြင့် ဆံပင်ထက် ပိုလွန်၍ မုတ်ဆိတ်ကြင်စွယ်ကို ထားလျှင်သာ အာပတ်သင့်ကြောင်း။ ။မဿုံ ဝဍ္ဎာပေန္တီတိ မဿုံ ဒီဃံ ကာရေန္တိ။ ။ဟူသောစူဠဝါ ခုဒ္ဒကဝတ္ထုခန္ဓက အဋ္ဌကထာ၏ အဘွင့်ဖြစ်သော ဝိမတိ ဝိနောဒနီဋီကာ၌။ ။ဒီဃံ ကာရေန္တီတိ ကေသေဟိ သဒ္ဓိံ အစ္ဆိန္ဒိတွာ ဌပေန္တိ။ ။ဟုလာ၏။ ။မဿုံ ဝဍ္ဎာပေန္တီတိ၊ဟူသည်ကား။မဿုံ၊မုတ်ဆိတ်ကို။ဒီဃံ၊ရှည်သည်ကို။ ကာရေန္တိ၊ ပြုကြကုန်၏။ ။(ဤကား အဋ္ဌကထာပါဠိ၏ အနက်)။ ။ဒီဃံ ကာရေန္တီတိ၊ ဟူသည်ကား။ မဿုံ၊မုတ်ဆိတ်ကို။ ကေသေဟိ၊ဆံပင်တို့နှင့်။သဒ္ဓိံ၊ တကွ။ အစ္ဆိန္ဒိတွာ၊မရိတ်မူ၍။ ဌပေန္တိ၊ ထားကြကုန်၏။ ။(ဤကားဋီကာပါဠိ၏ အနက်)။ ။ဤသို့ လောကတန္တိ ဓမ္မတန္တိကိုထောက်၍ ပလိဗောဓဖြစ်လောက်သော မုတ်ဆိတ်ကိုပယ်လျှင် ကဲ့ရဲ့ဘွယ် မဖြစ်စေခြင်းငှါ ပမာဏ လက်နှစ်သစ်မျှ ပုရိသလက္ခဏာဖြစ်သော ဆံမုတ်ဆိတ် ကြင်စွယ်တို့သည် ဘုရား ပစ္စေကဗုဒ္ဓါအရှင်တို့အား အသားကိုကပ်၍ တည်ကုန်၏–ဟု သိအပ်ရကား ၎င်းအဋ္ဌကထာ တို့၌လာတိုင်းပင် ဆံမုတ်ဆိတ် တို့၏ ပမာဏကို မှတ်အပ်၏။ ။အပဒါန် အဋ္ဌကထာ, သုတ္တနိပါတ် အဋ္ဌကထာတို့၌လည်း နည်းတူပင်လာ၏။ ထိုသို့ပင် လာသော်လည်း သမဏသာရုပ္ပဖြစ်သော အရာ သတ္တဝါတို့ အားလည်း များစွာကုသိုလ်ဖြစ်ရန်ရှိက ရူပစိအန္တေယျ ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်မြတ်သည် ပရိသတ်အားလျော်စွာ ဖြစ်မြဲ-ဟု ကျမ်းဂန် တို့၌ လာရကား မြန်မာတို့ ကိုးကွယ် အပ်သော ရုပ်ရှင်တော် မြတ်၌ မုတ်ဆိတ်ကြင်စွယ် စီရင်ဘွယ်မရှိ။ ထိုစကားသင့်စွ၊ မုတ်ဆိတ်ကြင်စွယ်ကို အကယ်၍ စီရင်ပါအံ့၊ မြန်မာ အမျိုးသားတို့ ရယ်ဘွယ်ဖြစ်၍ စင်စစ် အကုသိုလ်ဖြစ်ခဲ့ရာ၏။ ယင်းသို့ဖြစ်ကလည်း သာရုပ္ပဖြစ်သောအရာ သတ္တဝါတို့အားလည်း များစွာကုသိုလ် ဖြစ်ရန်ရှိက ဝေနေယျတို့ အလိုအားလျော်စွာ ဖြစ်မြဲ-ဟူသော ရူပအစိန္တေယျဂုဏ်တော်သည် ပျက်ခဲ့ရာ၏။ ထို့ကြောင့် မုတ်ဆိတ်ကြင်စွယ်ကို စီရင်ဘွယ် မရှိဟု မှတ်အပ်၏။

ဘုရားပစ္စေက ဗုဒ္ဓါတို့၏ မဿုပမာဏ ဝိနိစ္ဆယကား
ဤတွင် ပြီး၏။

(၂၄) ပဥ္စာနန္တရိယကံ ငါးပါးလုံးကိုပြုရာ၌ ဗလဝဖြစ်သော သံဃဘေဒကကံသည် အပါယ်၌ပဋိသန္ဓေအကျိုးကို ပေးသည် ရှိသော် ကြွင်းသော ကံလေးပါးတို့သည် အာပာယရိယ၏ အဖြစ်သို့ရောက်၍ တတိယဘဝ စသည်တို့၌ပဋိသန္ဓေအကျိုးကိုပေး-မပေးကို သိလိုပါသည်လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ငါးပါးသော အာနန္တရိယကံသည်။ ။မိစ္ဆတ္တနိယတာ ဓမ္မာ၊ သမ္မတ္တနိယတာ ဓမ္မာ၊ အနိယတာ ဓမ္မာ။ ။ဟူ၍ ဓမ္မသင်္ဂဏီ ပါဠိတော်၌ လာသော သုံးပါးသော ဓမ္မ တို့တွင် မိစ္ဆတ္တနိယတဓမ္မပင်တည်း။ ထိုအာနန္တရိယကံသည် တပါးသော ကံတို့ကဲ့သို့ တတိယဘဝ စသည်တို့၌ အကျိုး မပေးမူ၍ သေသည် အခြားမဲ့၌သာလျှင် အကျိုးကိုပေးသည်ဖြစ်၍ မြဲသော အကျိုးပေးရာ ကာလရှိရကား မိစ္ဆတ္တနိယတ-ဟူသောအမည်ကိုရသည်။ များစွာသော အာနန္တရိယကံတို့ကိုပြုရာ၌ ဗလဝကံသည် ပဋိသန္ဓေ အကျိုးကို ပေးသည်ရှိသော် ဒုဗ္ဗလကံသည် အကျိုးပေးခွင့်မရှိသည်ဖြစ်၍ ပဋိသန္ဓေ ဟူသော အကျိုးကို ပေးသည် လည်းရှိသေးသည်။ သို့ဖြစ်၍ အကျိုးပေးခြင်း မမြဲရကား အကျိုး ပေးခြင်း မြဲသည်ကို စွဲ၍ မိစ္ဆတ္တနိယတဟူသော အမည်ကိုရသည်မဟုတ်-ဟုမှတ်အပ်၏။ ။ ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။ဝိပါကဒါနေ သတိ ခန္ဓဘေဒါ နန္တရမေဝ ဝိပါကဒါနတော နိယတာ။ ။ဟု မိန့် အပ်၏။ ။ဝိပါကဒါနေ၊ အကျိုးကိုပေးသည်။ သတိ၊ရှိသော်။ ခန္ဓဘေဒါ နန္တရမေဝ၊ စုတိစိတ်ချုပ်သည်၏ အခြားမဲ့၌သာလျှင်။ ဝိပါကဒါနတော၊ အကျိုးကိုပေးခြင်းကြောင့်။ နိယတာ၊ နိယတာမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကား အနက်)။ ။ အဓိပ္ပါယ်ကား....များစွာသော အာနန္တရိယ ကံကိုပြုရာ၌ ဗလဝဖြစ်သော တခုသောကံသည် အကျိုးပေးသည် ရှိသော် ကြွင်းသောကံသည် အကျိုးမပေး သည်လည်းရှိသေး၏။ အကျိုးပေးသည်ဖြစ်က တပါးသော ကံတို့ကဲ့သို့ တတိယဘဝ စသည်တို့၌ အကျိုးမပေးမူ၍ သေသည်၏ အခြားမဲ့၌ သာလျှင် အကျိုး ပေးသည်ဖြစ်၍ မြဲသောအကျိုးပေးရာ ကာလရှိရကား ငါးပါးသောအာနန္တရိယ ကံသည် နိယတမည်၏-ဟူလိုသည်။ ထို့ကြောင့် မူလဋီကာ၌။ ။အနေကေသု အာနန္တရိယေသု ကတေသု ယံ တတ္ထ ဗလဝံ၊ တံ ဝိပစ္စတိ။နဣတရာနီတိ ကေန္တိ ဝိပါကနေကာတာ နိယတတာ နသက္ကာ ဝတ္တုန္တိ ဝိပါကဒါနေ သတီတိအာဒိ မာဟ။ တတ္ထ ခန္ဓဘေဒါနန္တရန္တိ စုတိအနန္တရံ။ စုတိဟိ မရဏာနိဒ္ဒေသေ ခန္ဓာနံ ဘေဒေါတိ ဝုတ္တာတိ။ ဧတေန ဝစနေနဟိ သတိဖလဒါနေ စုတိအနန္တရမေဝ။ နအညော ဧတေသံ ဖလကာလော့တိ ဖလကာလ နိယမေနေဝ နိယတတာ

ဝုတ္တာ ဟောတိ၊ န ဖလဒါနနိယမေန။ ။ဟုမိန့်အပ်၏။ ။အနေကေသု၊ များ
စွာကုန်သော။ အာနန္တရိယေသု၊ အာနန္တရိယကံတို့ကို။ ကတေသု၊ ပြုအပ်ကုန်
သည်ရှိသော်။ တေသု၊ထိုကံတို့တွင်။ ယံကမ္မံ၊ အကြင်ကံသည်။ ဗလဝံ၊ အားရှိ
သည်။ဟောတိ၊ ဖြစ်၏။ တံကမ္မံ၊ ထိုကံသည်။ ဝိပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။
ဣတရာနိ၊ ဗလဝကံမှတပါး ကုန်သော ဒုဗ္ဗလကံတို့သည်။ နဝိပစ္စန္တိ၊ အကျိုးကို
မဖြစ်စေကုန်။ ဣတိတသ္မာ၊ထို့ကြောင့်။ ကေန္တဝိပါကဇနကဘာ၊ စင်စစ်အကျိုး
ကိုဖြစ်စေတတ်သည်၏ အဖြစ်ကို။ နိယတတာ၊ မြဲသည်၏အဖြစ်ဟူ၍။ ဝတ္တုံ၊
ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိဘသ္မာ၊ထို့ကြောင့်။ ဝိပါကဒါနေ
သတိတိ အာဒိံ၊ ဝိပါကဒါနေသတိ -ဤသို့အစရှိသောစကားကို။ အာစရိယော၊
အဋ္ဌကထာဆရာသည်။ အာဟ၊ ဆိုတော်မူ၏။ တတ္ထဝစနေ၊ ထိုစကားရပ်၌။
ခန္ဓဘေဒါနန္တရန္တိ၊ ဟူသည်ကား။ စုတိအနန္တရံ၊ စုတိစိတ်၏ အခြားမဲ့ ဖြစ်သော
ကာလတည်း။ ဟိသစ္စံ၊ထိုစကားသည်မှန်၏။ စုတိ၊စုတိကို။ မရဏနိဒ္ဒေသေ၊ မရ
ဏာသံတိနိဒ္ဒေသ၌။ ခန္ဓာနံ ဘေဒေါတိ၊ ခန္ဓာနံ ဘေဒေါ- ဟူ၍။ ဝုတ္တာ၊ ဟော
တော်မူအပ်၏။ တေန ဝစနေန၊ ထိုဝိပါကဒါနေ သတိ—ဟူသောသဒ္ဒါဖြင့်သာ
လျှင်။ ဖလဒါနေ၊ အကျိုးကို ပေးသည်။ သတိ၊ ရှိသော်။ စုတိအနန္တရေဝ၊ စု
တိ၏ အခြားမဲ့သာလျှင်ဖြစ်သော။ ကာလော၊ ကာလသည်။ ဟောတိ၊ ဖြစ်၏။
အညော၊ တပါးသော။ ကာလော၊ ကာလသည်။တေသံ၊ ထိုအာနန္တရိယကံတို့
၏။ ဖလကာလော၊ အကျိုးပေးရာ ကာလသည်။ ဟိယသ္မာ၊ အကြင့်ကြောင့်။
နဟောတိ၊ မဖြစ်။ ဣတိဘသ္မာ၊ ထို့ကြောင့်။ ဖလကာလနိယမေနေဝ၊ အကျိုး
ပေးရာကာလ၏ မြဲသောကြောင့်သာလျှင်။ နိယတတာ၊ မြဲသည်၏ အဖြစ်သည်။
ဝုတ္တာ၊ ဆိုအပ်သည်။ဟောတိ၊ ဖြစ်၏။ ဖလဒါနနိယမေန၊ အကျိုးပေး မြဲခြင်း
ဖြင့်။ နဝုတ္တာ၊ အဟ်။ ။(ဤကားအနက်)။ ။ဤသို့ အဋ္ဌကထာ ဋီကာ လာ
သည်ကိုထောက်၍ များစွာသော အာနန္တရိယကံကိုပြုရာ၌ ဗလဝကံ ပဋိသန္ဓေ
အကျိုးကို ပေးသည်ရှိသော် ကြွင်းသောကံတို့သည် အပရာပရိယ အဖြစ်သို့
မရောက်ကြောင်းကို မှတ်အပ်၏။ အပရာ ပရိယ၏အဖြစ်သို့ မရောက် ဟူရာ၌
ပဋိသန္ဓေအကျိုးကို ဖြစ်စေသောအားဖြင့်သာ မရောက်သည်။ ပဝတ္တိ အကျိုးကို
ဖြစ်စေသော အားဖြင့်ကား အပရာပရိယ၏ အဖြစ်သို့ ရောက်သေး၏။ အရှင်
မဟာမောဂ္ဂလ္လာန်၏ ခိုးသားရိုက်၍ ပရိနိဗ္ဗာန် စံတော်မူရသော ဝတ္ထု များကို
ထောက်။

အပရာပရိယဖြစ်သော အာနန္တရိယကံ မရှိကြောင်း
ဝိနိစ္ဆယကား ပြီး၏။

---

(ဖြည်ကြီးမရှိ၊ငှ)

(၂၅) အချို့သော ပုဂ္ဂိုလ်တို့က သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, မဟာဋီကာတို့ကို ထောက်၍ အနတ္တ လက္ခဏာမှ သာလျှင် မဂ်ဖိုလ်ကို သိစွမ်းနိုင်ကြောင်း၊ အချို့သော ပုဂ္ဂိုလ်တို့က ဓမ္မပဒအဋ္ဌကထာကိုထောက်၍ အနိစ္စဖြင့်ရင်း၊ ဒုက္ခဖြင့်ရင်း၊ အနတ္တဖြင့်ရင်း သိစွမ်းနိုင်ကြောင်းပြောဆိုကြပါသည်။ ကျမ်းဂန်နှစ်ရပ်ကို စေ့စပ် ညီညွတ်အောင် အဘယ်သို့ မှတ်သားပါရမည်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ၊ ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ အာယတန ဝိဘင်းပါဠိတော်။ ။စက္ခု၊ စက္ခုသည်။ အနိစ္စံ၊ ဖြစ်ပြီး၍ ပျက်စီး တတ်သော သဘောကြောင့်အမြဲမရှိ။ ဒုက္ခံ၊ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အဘန်ဘန်အထပ်ထပ် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ဆင်းရဲ၏။ အနတ္တာ၊ အစိုးရခြင်း အလိုသို့ လိုက်ခြင်းစသော အတ္တသာရမှ ကင်းသည်၏ အဖြစ်ကြောင့် အစိုးမရ။ ဝါ၊ အလိုသို့မလိုက်။ ရူပါ၊ ရူပါရုံတို့သည်။ အနိစ္စာ၊ ဖြစ်ပြီး၍ ပျက်စီး တတ်သော အနက်ကြောင့် အမြဲမရှိကုန်။ ဒုက္ခာ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် အဘန်ဘန် အထပ်ထပ် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးရခြင်း အလိုသို့လိုက်ခြင်း စသောအတ္တသာရမှ ကင်းသည်၏ အဖြစ်ကြောင့် အစိုးမရကုန်။ ဝါ၊ အလိုသို့မလိုက်ကုန်။ ။(ဤကားအနက်)

အဋ္ဌကထာဆရာ....သရဘင်္ဂစသော ပညာရှိ ပုဂ္ဂိုလ်တို့အားလည်း အလွန်သိမ်မွေ့သည်ဖြစ်၍ မထင်ရှားရကား စက္ခုအနတ္တာ—ဟူ၍ သင်္ခါရ တရားတို့၏ အနတ္တလက္ခဏာကို ပြတော်မူတန်ပေ။ မပြဘဲပင် ခပ်သိမ်းသောသူတို့အား ထင်ရှားသော သင်္ခါရတရားတို့ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာကို ပဋ္ဌာန အားထုတ်၍ စက္ခုအနိစ္စံ—ဒုက္ခံ—ဟု ပြတော်မူခြင်းသည်။ အကျိုးမရှိသည် မဟုတ်တုံလော ဟု—စောဒနာရန်ရှိရကား။ ။ဣမသ္မိံ သုတ္တန္တ ဘာဇနီယေ တထာဂတေန ကိံ ဒဿိတန္တိ ဒွါဒသန္နံ အာယတနာနံ အနတ္တလက္ခဏံ၊ သမ္မာသမ္ဗုဒ္ဓေါဟိ အနတ္တလက္ခဏံ ဒဿေန္တော အနိစ္စေနဝါ ဒဿေတိ။ ဒုက္ခေနဝါ၊ အနိစ္စဒုက္ခေဟိဝါ။ ။ ဟူသောပါဠိကို မိန့်အပ်သတည်း။ ။(ရင်းအာယတန ဝိဘင်းအဋ္ဌကထာ)။ ။ဣမသ္မိံ သုတ္တန္တဘာဇနီယေ၊ ဤသုတ္တန္တဘာဇနီနည်း၌။ တထာဂတေန၊ မြတ်စွာဘုရားသည်။ ကိံ၊ အဘယ်ကို။ ဒဿိတံ၊ ပြတော်မူအပ်လေသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဒွါဒသန္နံ၊ တဆဲ့နှစ်ပါးကုန်သော။အာယတနာနံ၊ အာယတနတို့၏။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို။ ဒဿေတိ၊ ပြတော်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာ ဘုရား

သည်။ အနတ္တလက္ခဏံ၊ အနတ္တ လက္ခဏာကို။ ဒဿေန္တော၊ ပြတော် မူသည်ရှိသော်။အနိစ္စေနဝါ၊ အနိစ္စလက္ခဏာ ဖြင့်၎င်း။ ဒုက္ခေနဝါ၊ ဒုက္ခ လက္ခဏာဖြင့်၎င်း။ အနိစ္စဒုက္ခေဟိဝါ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ တို့ဖြင့်၎င်း။ ဒဿေတိ၊ ပြတော်မူ၏။ ။(ဤကားအနက်)။ ။ဤကဲ့သို့ စောဒနာအပ်သည်ကို။ ။ ကသ္မာ အနိစ္စဒုက္ခာနံ ပါကဋတ္တာ။ ။စသော ပါဌ်ကိုထောက်၍သိအပ်၏။ ။ ကသ္မာ၊ အဘယ့်ကြောင့်။ တထာဂတေန၊ မြတ်စွာဘုရားသည်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို။ အနိစ္စေနဝါ၊ ဖြင့်၎င်း။ ဒုက္ခေနဝါ၊ ဖြင့်၎င်း။ အနိစ္စဒုက္ခေဟိဝါ၊တို့ဖြင့်၎င်း။ ဒဿေတိ၊ ပြတော်မူလေသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အနိစ္စဒုက္ခာနံ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့၏။ ပါကဋတ္တာ၊ ထင်ရှားသည်၏အဖြစ်ကြောင့်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို။ အနိစ္စေနဝါ၊ ဖြင့်၎င်း။ ဒုက္ခေနဝါ၊ ဖြင့်၎င်း။ အနိစ္စ ဒုက္ခေဟိဝါ၊ တို့ဖြင့်၎င်း။ ဒဿေတိ၊ ပြတော်မူ၏။ ။(ဤကားအနက်)

အဓိပ္ပါယ်ကား—အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာကို သိခြင်းဖြင့် မဂ်ဖိုလ်ကို မရနိုင်သေး၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ သုံးပါးလုံးကို သိမှသာလျှင် မဂ်ဖိုလ်ကို ရနိုင်သည်။ အနတ္တလက္ခဏာ ကိုလည်း အလိုမရှိဘဲ ပျက်စီးခြင်းဆင်းရဲခြင်းသဘောဖြစ်ရသည်။မပျက်စီးစေသတည်း မဆင်းရဲစေသတည်းဟု တောင့်တ၍ မရအပ်ရကား အစိုးမရ-ဟူ၍ ထင်ရှားသော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ကို အစဉ်လျှောက်သဖြင့် သာလျှင် သိအပ်၏။ မပြဘဲပင် ထင်ရှားသည်ဖြစ်၍ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ကိုသာ ပဋ္ဌာန အားဖြင့် ပြတော်မူခြင်းငှါ မဟောသင့် သော်လည်း မထင်ရှားသော အနတ္တ လက္ခဏာကို ပဋ္ဌာနပြခြင်းငှါ ပြတော်မူသင့်ရကား၊ စက္ခုံ အနိစ္စံ ဒုက္ခံ–ဟု ဟောတော်မူခြင်းသည် အကျိုးရှိ၏ ဟူလိုသည်။ ။သင်္ခါရာနံ အနိစ္စ ဒုက္ခာကာရဒိ ပရိဂ္ဂဏှနဝသေန ပဝတ္တံပိ သင်္ခါရနုပဿနာဉာဏံ ဝိသေသတော အနတ္တာကာရ ပရိဂ္ဂဏှပ္ပဋ္ဌာနန္တိ ဝုတ္တံ သဗ္ဗေ သင်္ခါရာ သုညာတိ ဂဟေတဗ္ဗာတိ။ တသ္မိံ ဟိ သတိ သစ္စပဋိဝေဓော ဣဇ္ဈတိ။ နာသတိ။ အတ္တသုညတာယ ဒုဝိညေယျဘာဝတော ဟိ အနိစ္စဒုက္ခလက္ခဏာ သညာပကံပိ သရဘင်္ဂသတ္တာရာဒီနံ သာသနံ အနိယျာနိကမေဝ ဇာတံ။ ။ဟူသောဝိသုဒ္ဓိမဂ်ဋီကာ၌လည်း အဓိပ္ပါယ်ကို နည်းတူပင်မှတ်အပ်၏။ ။သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ အနိစ္စဒုက္ခာကာရဒိပရိဂ္ဂဏှနဝသေန၊ မမြဲသော အခြင်းအရာ ဆင်းရဲသော အခြင်းအရာ စသည်ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့်။ ပဝတ္တံပိ၊ ဖြစ်သည်လည်းဖြစ်သော။ သင်္ခါရာနုပဿနာဉာဏံ၊ သင်္ခါရာနုပဿနာ ဉာဏ်သည်။ ဝိသေသတော၊ အထူး အားဖြင့်။ အနတ္တာကာရ ပရိဂ္ဂဏှပ္ပဋ္ဌာနံ၊ အနတ္တအခြင်းအရာကို သိမ်းဆည်း ဆင်ခြင်ခြင်း

လျှင် ပြဋ္ဌာန်းခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇုတိတသ္မာ၊ ထို့ကြောင့်။ သမ္ဗေ့ သင်္ခါရာ သုညာတိ ဂဟေတွာတိ၊ ဂဟေတွာ-ဟူ၍။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ ဆိုတော် မူအပ်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ တာသ္မိံ၊ ထိုအနတ္တလက္ခဏာကိုသိမ်းဆည်း၍ဆင်ခြင်ခြင်းသည်။ သတိ၊ ရှိခဲ့သော်။ သစ္စပဋိ ဝေဓော၊ သစ္စာလေးပါးတရားတို့ကိုထိုးထွင်း၍သိခြင်းသည်။ ဇုတ္တော၊ ပြည့်စုံ၏။ တသ္မိံ၊ ထိုအနတ္တလက္ခဏာကို သိမ်းဆည်းဆင်ခြင်ခြင်းသည်။ 'အသတိ၊ မရှိသည် ရှိသော်။ နဇုတ္တော၊ မပြည့်စုံ။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အတ္တ သုညတာယ၊ အစိုးရခြင်း အလိုသို့လိုက်ခြင်းစသော အတ္တသာရမှ ဆိတ်သည်၏ အဖြစ်၏။ ဒု ဝိညေယျ ဘာဝတော၊ သိနိုင်ခဲသည်၏ အဖြစ်ကြောင့်။ အနိစ္စ ဒုက္ခ လက္ခဏာ သညာပကံပိ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာကို သိစေတတ်သော်လည်း။ သရ ဘင်္ဂသတ္ထာရာဒီနံ၊ သရဘင်္ဂ ဆရာ စသည်တို့၏။ သာသနံ၊ အဆုံးအမသည်။ အနိယျာနိက မေဝ၊ ဝဋ်တရားမှ မထုတ်ဆောင်တတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ထို့ကြောင့် အဋ္ဌကထာ ဋီကာပါဠ်ဖြင့် အနိစ္စလက္ခဏာ, ဒုက္ခ လက္ခဏာ ကိုသိခြင်းဖြင့်သာ မဂ်ဖိုလ်ကို မရအပ်သေး။ သုံးပါးလုံးကို သိမှသာလျှင် မဂ်ဖိုလ်ကို ရအပ်၏-ဟူသော အနက်ကိုပြတော်မူ၏။ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာသည် အနတ္တလက္ခဏာ၏ အခြေသာဖြစ်၏။ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာဖြင့် မဂ်ဖိုလ်ကိုမရအပ်။ အနတ္တာ နုပဿနာ ဖြင့်သာ မဂ်ဖိုလ်ကို ရအပ်၏-ဟူသော အနက်ကိုပြတော်မမူ။ ထိုစကား သင့်စွ၊ သိအပ်ပြီးသော သုံးပါးသော လက္ခဏာ တို့တွင် ရံခါ အနိစ္စ လက္ခဏာကို၊ ရံခါ ဒုက္ခ လက္ခဏာကို၊ ရံခါ အနတ္တလက္ခဏာကို လှည့်၍ စီးဖြန်းဘန်များသည်ရှိသော် ရှေးအဓိကာရ ပရိစယ အားလျော်စွာ အချို့သော ပုဂ္ဂိုလ်သည် အနိစ္စ–ဟုစီးဖြန်းသော အကြိမ်၌ အနိစ္စာနုပဿနာဖြင့် မဂ်ဖိုလ်ကိုရနိုင်သည်။ အချို့သော ပုဂ္ဂိုလ်သည်။ ဒုက္ခ-ဟု စီးဖြန်းသော အကြိမ်၌ ဒုက္ခာနုပဿနာဖြင့် မဂ်ဖိုလ်ကို ရနိုင်သည်။ အချို့သော ပုဂ္ဂိုလ်သည် အနတ္တ-ဟု စီးဖြန်းသော အကြိမ်၌ အနတ္တာနုပဿနာ ဖြင့် မဂ်ကို ရနိုင်သည်။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။ဝုတ္တံ ဟောတံ အနိစ္စတော မနသိကရောန္တော အဓိမောက္ခဗဟုလော အနိမိတ္တံ ဝိမောက္ခံ ပဋိလဘတိ။ ဒုက္ခ တော မနသိကရောန္တော ပဿဒ္ဓိဗဟုလော အပ္ပဏိဟိတံ ဝိမောက္ခံ ပဋိလဘတိ။ အနတ္တတော မနသိကရောန္တော ဝေဒဗဟုလော သုညတဝိမောက္ခံ ပဋိလဘတိ တိ။ ။ဟုမိန့်အပ်၏။ ။ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အနိစ္စတော၊ အနိစ္စ လက္ခဏာအားဖြင့်။ 'မနသိကရောန္တော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်သည်။ အဓိ

မောက္ခဗဟုလော၊ အမြဲရရှိ၏-ဟု များသောအားဖြင့် ဆုံးဖြတ်ခြင်းရှိသည် ဖြစ်၍။ အနိမိတ္တံ၊ အနိမိတ္တမည်သော နိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ် ကိလေသာတို့မှဆိတ်သည်၏ အဖြစ်ကြောင့် အနိမိတ္တမည်သော။ ဝိမောက္ခံ၊ မဂ်ဖိုလ်ကို။ ပဋိလဘတိ၊ ရ၏။ ဒုက္ခတော၊ ဒုက္ခလက္ခဏာအားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းသောပုဂ္ဂိုလ်သည်။ ပဿဒ္ဓိ ဗဟုလော၊ များသောကိုယ်စိတ်၏ ငြိမ်းခြင်းရှိသည်ဖြစ်၍။ အပ္ပဏိဟိတံ၊ အပ္ပဏိဟိတမည်သော နိဗ္ဗာန်ကို အာရုံ ပြုသည်၏ အဖြစ်, ကိလေသာတို့မှ လွတ်သည်၏အဖြစ်ကြောင့် အပ္ပဏိဟိတ မည်သော။ ဝိမောက္ခံ၊မဂ်ဖိုလ်ကို။ ပဋိလဘတိ၊ရ၏။ အနတ္တတော၊ အနတ္တလက္ခဏာအားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်သည်။ ဝေဒဗဟုလော၊ များသော သိခြင်းရှိသည်ဖြစ်၍။ သုညတံ၊ သုညတဝိမောက္ခမည်သော နိဗ္ဗာန်ကို အာရုံပြုသည်၏အဖြစ်,ကိလေသာတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် သုညတ အမည်ရှိသော။ ဝိမောက္ခံ၊ မဂ်ဖိုလ်ကို။ ပဋိလဘတိ၊ ရ၏။ ဣတိဣတံ ဝစနံ၊ ထိုစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။(ဤကားအနက်)

တဦးသော ရဟန်းငါးရာသည် အနိစ္စာ နုပဿနာဖြင့် မဂ်ဖိုလ်ကို ရကြောင်း၊ တဦးသော ရဟန်းငါးရာသည် ဒုက္ခာနုပဿနာဖြင့် မဂ်ဖိုလ်ကို ရကြောင်း၊တဦးသော ရဟန်းငါးရာသည် အနတ္တာ နုပဿနာဖြင့် မဂ်ဖိုလ်ကို ရကြောင်းကို ပြသော။ ။သဗ္ဗေသင်္ခါရာ အနိစ္စာတိ။ ။သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ။ ။သဗ္ဗေ သင်္ခါရာ အနတ္တာတိ။ ။ဓမ္မပဒပါဠိတော်, ၎င်း အဋ္ဌကထာတို့၌လည်း ကြွင်းသောနှစ်ပါး, နှစ်ပါးသော လက္ခဏာကို မသိမူ၍ အနိစ္စ စသော တပါး တပါးသော လက္ခဏာကိုသိခြင်းဖြင့်ပင် မဂ်ဖိုလ်ကို ရကုန်၏ဟူသောအနက် အဓိပ္ပါယ်ကို မမှတ်အပ်။ သိအပ်ပြီးသောလက္ခဏာသုံးပါး ရှိသော ငါးရာသော ရဟန်းတို့တွင် ရှေးအဓိကာရ ပရိစယ အားလျော်စွာ လက္ခဏာသုံးပါးကို အသီးတသီးအကျယ်ဟောတော်မူခြင်းဖြင့်တဦးသောရဟန်းငါးရာသည်အဓိကဖြစ်သောအနိစ္စာနုပဿနာဖြင့်၊တဦးသောရဟန်းငါးရာသည် အဓိကဖြစ်သောဒုက္ခာနုပဿနာဖြင့်၊ တဦးသော ရဟန်း ငါးရာသည် အဓိကဖြစ်သော အနတ္တာ နုပဿနာဖြင့် မဂ်ဖိုလ်ကို ရကုန်၏ ဟူသော အနက်ကို မှတ်အပ်၏။ မှတ်အပ်ကြောင်း ကိုလည်း ယခင် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာကိုထောက်၍ရင်း၊ မန္ဒဗုဒ္ဓိတို့ပင် သိမြင်အပ်သော အနိစ္စလက္ခဏာကို ပစ္ဆိမဘဝိက ပညာဝန္တဖြစ်သော ပုဂ္ဂိုလ်သည် မသိဟူ၍ဆိုခြင်းငှါ မသင့်သော ယုတ္တိကိုရင်း ထောက်၍ သိအပ်၏။ ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် မဟာဋီကာ, ဓမ္မပဒပါဠိ, အဋ္ဌကထာတို့၏ ဂင်္ဂါရေနှင့် ယမုနာ ရေတို့

သည် နှိုးနှောရောရှက်သကဲ့သို့ နှိုးနှောရောစပ် သင့်မြတ်သော အနက်အဓိပ္ပါယ်ကို မှတ်အပ်၏။

လက္ခဏာ သုံးပါးလုံးကို သိမှသာလျှင် မဂ်ဖိုလ်ကို ရကြောင်း ဝိနိစ္ဆယပြီး၏။

---

(၂၆) ပဌမံ သကလက္ခဏာ မေကပဒံ- စသော ဂါထာ၏ အနက်အဓိပ္ပါယ်ကို သိလိုပါသည်ဟု လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ပဌမံ သကလက္ခဏံ မေကပဒံ၊ ဒုတိယာ ပဒဿ နိဒဿနတော။
သ-မ-နိ-ဒု-နိ-မာ-သ-မ-ဒူ-သ-နိ-ဒူ၊ ဝိဘဇေ ကမတော ပဌမေန ဝိနာ။

တပါဒ-တပါဒ၌ ဂိုဏ်းလေးခုစီရှိသော "တောဋက" ဂါထာဖြစ်၏။ နိ-မာ-ဒူ,ဒူ-ဟုဒီဃနှင့် ရွတ်။ တတိယပါဒကား သမုဒယသစ္စာ စသည်ကို သ-အက္ခရာစသည်ဖြင့် မှတ်ရကား အာဒိသင်္ကေတပါဒတည်း။ ပဒဿ-ကို ပဒံ+အဿ–ဟု ပုဒ်ဖြတ်။

အဿ၊ ထိုဒုက္ခသစ္စာ၏။ သကလက္ခဏံ၊ မိမိ၏ လက္ခဏာဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ ဧကပဒံ၊ ပိဠနတ္ထဟူသော တဘို့ကိုရင်း။ ပဌမေန၊ ရှေးဦးစွာသော ပိဠနတ္ထနှင့်။ဝါ၊ ပိဠနတ္ထကို။ ဝိနာ၊ ကင်း၍။ ဝါ၊ ကြဉ်၍။ ကမတော၊ အစဉ်အတိုင်း၊ သ-မ-နိ၊ သမုဒယသစ္စာ, မဂ္ဂသစ္စာ, နိရောဓသစ္စာတို့ကို။ နိဒဿနတော၊ မြင်ခြင်းကြောင့်။ ဒုတိယာဒိပဒံ၊ နှစ်ခုမြောက်သော သင်္ခတတ္ထ စသော အဘို့ကိုရင်း။ ဝါ၊ နှစ်ခုမြောက်သော သင်္ခတတ္ထ, သုံးခု မြောက်သော သံယောဂတ္ထ,လေးခုမြောက်သော ပလိဗောဓတ္ထဟူသော အဘို့ကိုရင်း။ ဝိဘဇေ၊ ဝေဘန်ရာ၏။ ။(ဒုက္ခသစ္စာဘို့)။ ။အဿ၊ ထိုသမုဒယ သစ္စာ၏။ သကလက္ခဏံ၊ မိမိ၏ လက္ခဏာဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ ဧကပဒံ၊ အာယူဟနတ္ထ ဟူသော တဘို့ကိုရင်း။ ပဌမေန၊ ရှေးဦးစွာသော အာယူဟနတ္ထနှင့်။ ဝါ၊ အာယူဟနတ္ထကို။ ဝိနာ၊ ကင်း၍။ ဝါ၊ ကြဉ်၍။ ကမတော၊ အစဉ်အတိုင်း။ ဒု-နိ-မာ၊ ဒုက္ခသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကို။ နိဒဿနတော၊ မြင်ခြင်းကြောင့်။ ဒုတိယာဒိပဒံ၊ နှစ်ခုမြောက်သော နိဒါနတ္ထစသော အဘို့ကိုရင်း။ ဝါ၊ နှစ်ခုမြောက်သော နိဒါနတ္ထ, သုံးခုမြောက်သော သံယောဂတ္ထ,လေးခုမြောက်သော ပလိဗောဓတ္ထ ဟူသော အဘို့ကိုရင်း။ ဝိဘဇေ၊ ဝေဘန်ရာ၏။ ။သမုဒယ သစ္စာဘို့)။ ။အဿ၊ ထိုနိရောဓသစ္စာ၏။ သကလက္ခဏံ၊ မိမိ၏လက္ခဏာ ဖြစ်သော။

ပဌမံ၊ ရှေးဦးစွာသော။ ကောပဒံ၊ နိဿရဏတ္ထ ဟူသော တဘို့ကိုရင်း။ ပဌမေန၊ ရှေးဦးစွာသော နိဿရဏတ္ထနှင့်။ ဝါ၊ နိဿရဏတ္ထကို။ ဝိနာ၊ ကင်း၍။ ဝါ၊ ကြဉ်၍။ ကမတော၊ အစဉ်အတိုင်း။ သ-မ-ဒု၊ သမုဒယသစ္စာ, မဂ္ဂသစ္စာ, ဒုက္ခသစ္စာတို့ကို။ နိဒဿနတော၊ မြင်ခြင်းကြောင့်။ ဒုတိယာဒိပဒံ၊ နှစ်ခုမြောက်သော ဝိဝေကတ္ထ စသော အဘို့ကိုရင်း။ ဝါ၊ နှစ်ခုမြောက်သော ဝိဝေကတ္ထ, သုံးခုမြောက်သောအသင်္ခတတ္ထ,လေးခုမြောက်သော အမတတ္ထ ဟူသောအဘို့ကိုရင်း။ ဝိဘဇေ၊ ဝေဘန်ရာ၏။ ။(နိရောဓ သစ္စာဘို့)။ ။အဿ၊ ထိုမဂ္ဂသစ္စာ၏။ သကလက္ခဏံ၊ မိမိ၏လက္ခဏာဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ ကော်ပဒံ၊ နိယျာနတ္ထဟူသော တဘို့ကိုရင်း။ ပဌမေန၊ ရှေးဦးစွာသော နိယျာနတ္ထနှင့်။ ဝါ၊နိယျာနတ္ထကို။ ဝိနာ၊ ကင်း၍။ ဝါ၊ကြဉ်၍။ ကမတော၊အစဉ်အတိုင်း။ သ-နိ ဒု။သမုဒယသစ္စာ- နိရောဓသစ္စာ—ဒုက္ခသစ္စာ တို့ကို။ နိဒဿနတော၊ မြင်ခြင်းကြောင့်။ဒုတိယာဒိပဒံ၊ နှစ်ခုမြောက်သော ဟေတွတ္ထ စသော အဘို့ကိုရင်း။ ဝါ၊ နှစ်ခုမြောက်သော ဟေတွတ္ထ, သုံးခုမြောက်သော ဒဿနတ္ထ, လေးခုမြောက်သော အဓိပတေယျတ္ထ ဟူသော အဘို့ကိုရင်း။ ဝိဘဇေ၊ ဝေဘန်ရာ၏။ ။(မဂ္ဂသစ္စာဘို့)

အဓိပ္ပါယ်ကား—ဒုက္ခသစ္စာ၏ ပီဠနတ္ထ—သင်္ခတတ္ထ-သန္တာပတ္ထ- ဝိပရိဏာမတ္ထ ဟူသော လေးနက်တို့တွင် ပီဠနတ္ထသည် မိမိဟူသော ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်း ကိစ္စအားဖြင့် ထင်ရှားသည်။ သင်္ခတတ္ထသည် ပြုပြင်စီရင် တတ်သော သမုဒယ သစ္စာကို ထောက်၍ ထိုမှပြန်သော ပြုပြင် စီရင်အပ်သော အားဖြင့် ထင်ရှား သည်။ သန္တာပတ္ထသည် မပူပန်စေတတ်သော မဂ္ဂသစ္စာကိုထောက်၍ ထိုမှ ပြန် သော ပူပန် စေတတ်သော အားဖြင့် ထင်ရှားသည်။ ဝိပရိဏာမတ္ထ သည် ဘောက်ပြန်ခြင်းမရှိသော နိရောဓသစ္စာကိုထောက်၍ ဘောက်ပြန်ခြင်း ရှိသော အားဖြင့် ထင်းရှားသည်။ ။သမုဒယသစ္စာ၏ အာယူဟနတ္ထ- နိဒါနတ္ထ- သံယောဂတ္ထ-ပလိဗောဓတ္ထ ဟူသော လေးပါးတို့တွင် အာယူဟနတ္ထသည် မိမိ ဟူ သော သမုဒယသစ္စာ၏ ဒုက္ခသစ္စာကို ပေါင်းစု၍ဖြစ်စေခြင်း ကိစ္စအားဖြင့် ထင် ရှားသည်။ နိဒါနတ္ထသည် အကျိုးဖြစ်သော ဒုက္ခသစ္စာ ကိုထောက်၍ ထိုမှ ပြန် သော အကြောင်းသဘောအားဖြင့် ထင်ရှားသည်။ သံယောဂတ္ထသည် ဝဋ်၌ မယှဉ်သော နိရောဓသစ္စာကိုထောက်၍ ထိုမှပြန်သော ဝဋ်၌ယှဉ်စေခြင်းသဘော အားဖြင့် ထင်ရှားသည်။ ပလိဗောဓတ္ထသည် တားမြစ် ပိတ်ပင်အပ်သော မဂ္ဂ သစ္စာကို ထောက်၍ ထိုမှ ပြန်သော တားမြစ် ပိတ်ပင်တတ်သော သဘော အားဖြင့် ထင်ရှားသည်။ ။နိရောဓသစ္စာ၏ နိဿရဏတ္ထ-ဝိဝေကတ္ထ- အသင်္ခတတ္ထ-အမတတ္ထ ဟူသော လေးနက် တို့တွင် နိဿရဏတ္ထသည် မိမိဟူသော နိရောဓ

သစ္စာ၏ ခပ်သိမ်းသော သခင်တ တရားတို့မှ ထွက်ခြင်း ကိစ္စ အားဖြင့် ထင်ရှားသည်။ ဝိဝေကတ္တသည် သမုဒယ သစ္စာကို ထောက်၍ ၎င်းသမုဒယ သစ္စာ၏ ကင်းရာ ဆိတ်ရာ သဘော အားဖြင့် ထင်ရှားသည်။ အသခံ တတ္တသည် အကြောင်းတရား တို့သည် ပြုပြင် စီရင်အပ်သော မဂ္ဂသစ္စာကိုထောက်၍ ထိုမှပြန်သော အကြောင်းတရားတို့သည် မပြုပြင် မစီရင်အပ်သော သဘော အားဖြင့် ထင်ရှားသည်။ အမတတ္တသည် ဘောက်ပြန်တတ်သော ဒုက္ခသစ္စာကို ထောက်၍ မဘောက်ပြန်သော သဘော အားဖြင့် ထင်ရှားသည်။ ။ မဂ္ဂသစ္စာ၏ နိယျာနတ္ထ-ဟေတွတ္ထ-ဒဿနတ္ထ- အဓိပတေယျတ္ထ ဟူသော လေးနက် တို့တွင် နိယျာနတ္ထသည် မိမိဟူသော မဂ္ဂသစ္စာ၏ သံသရာမှ ထွက်မြောက်ခြင်း ကိစ္စ အားဖြင့် ထင်ရှားသည်။ ဟေတွတ္ထသည် ဝဋ်၏အကြောင်း ဖြစ်သော သမုဒယ သစ္စာကိုထောက်၍ ထိုမှ ပြန်သော ဝဋ်ကင်းခြင်း၏ အကြောင်း သဘော အားဖြင့် ထင်ရှားသည်။ ဒဿနတ္ထသည် မြင်အပ်သော နိရောဓ သစ္စာကို ထောက်၍ ထိုမှပြန်သော မြင်တတ်သော သဘော အားဖြင့် ထင်ရှားသည်။ အဓိပတေယျတ္ထသည် ပူပန်စေတတ်သော ဒုက္ခသစ္စာကိုထောက်၍ ထိုမှ ပြန်သော မပူပန်စေတတ်သော ချမ်းအေး စေတတ်သော သဘောရှိသည်ဖြစ်၍ သမ္ပယုတ်တရားတို့၏ အကြီးအမှူးဖြစ်သော သဘောအားဖြင့် ထင်ရှားသည် ဟူလို။ ။[ထိုထက်အကျယ်ကိုလိုမူ ဝိဘင်းပါဠိ အဋ္ဌကထာတို့မှယူ။]

သစ္စာအနက် တဆဲ့ခြောက်ချက်တို့၏အနက် အဓိပ္ပါယ် အကျဉ်းကား ဤတွင်ပြီး၏။

(၂၇) လွန်ကျူး၍ ကျင့်လာသောအခါ မသိသည် ဖြစ်၍ မိမိလင် မှတ်၍သွားယှာသော မာတုဂါမအား ကာမေသုမိစ္ဆာစာရကံ ထိုက်မည်၊ မထိုက်မည်ကို သိလိုပါသည်ဟု လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ကာမေသု မိစ္ဆာ စာရ၏ အင်္ဂါကို ပြရာ။ ။တဿ စတ္တာရော သမ္ဘာရာ၊ အဂမနီယ ဝတ္ထု၊ တသ္မိံ သေဝနစိတ္တံ၊ သေဝနပယောဂေါ၊ မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိ၊ အဓိဝါသနန္တိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာစကား၌ အဂမနီယ ဝတ္ထု-သေဝနစိတ္တံ-ဟူ၍သာ သာမည မဆိုမူ၍ တသ္မိံ သေဝန စိတ္တံ-ဟူ၍ အထူးဆိုခြင်းဖြင့် သညာအားဖြင့် အဂမနီယဝတ္ထုမှ တပါးသော မိမိလင်၌ မှီဝဲလိုသော စိတ်ဖြစ်ခဲ့သော် ဒြဗ်အားဖြင့် အဂမနီယ ဝတ္ထု မှန်သော်လည်း သညာ ချွတ်ယွင်းသည်

ဖြစ်၍ ဝီတိက္ကမ စိတ်မရှိရကား ကာမေသု မိစ္ဆာစာရကံ မထိုက်ကြောင်းကို ပြသောကြောင့်ရှင်း၊ ညဉ့်မိုက်သောအခါ လင်အသွင်ဖြင့်လာ၍ တပါးသူ လွန်ကျူးသည်ကို မိမိလင် ထင်မှတ်သော သုဒ္ဓစိတ်ဖြင့် သာယာသော သောတာ တာပန် မာတုဂါမအား ကာမေသု မိစ္ဆာ စာရကံ မဖြစ်သင့် သောကြောင့်ရှင်း မထိုက်ဟု မှတ်ယူသင့်သည်။ အဋ္ဌကထာ-ဋီကာ စသောကျမ်းဆရာတို့သည် အာဂုံဖြင့်ရှင်း၊ ယုတ္တိဖြင့်ရှင်း သင့်မသင့်ကို ဆုံးဖြတ်ကြသည် အတိုင်း ယခင် အာဂုံ ယုတ္တိကိုရှင်း၊ဝီတိက္ကမစိတ်မရှိ သုဒ္ဓစိတ်ဖြစ်သည်ကိုရှင်း၊ ဝီတိက္ကမ စေတနာကုံ သာ။ ။မနသာစေ ပဒုဋ္ဌေန၊ဘာသတိဝါ ကရောတိဝါ။ တတော နံ ဒုက္ခ မန္ဝေတိ၊စက္ကံဝ ဝဟတော ပဒံ။ ။စသည်ဖြင့် ဆင်းရဲကြောင်း ဖြစ်သည်ဟု ဟောတော်မူသည်ကိုရှင်း ထောက်၍ ကာမေသု မိစ္ဆာစာရကံထိုက်၏ ဟူသော စကားကို မျှားစွဲဆင်ခြင်သင့်သည်။ ။တဿ၊ထိုကာမေသု မိစ္ဆာစာရ ကံ၏။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ အဂမနီယဝတ္ထု၊ မသွားလာ ထိုက်သော ဝတ္ထုသည် လည်း။ဟောတု၊ ဖြစ်စေ။တသ္မိံ၊ထိုမသွားမလာထိုက်သော ဝတ္ထု၌။သေဝနစိတ္တံ၊ မှီဝဲလိုသောစိတ်ရှိသည်ဖြစ်၍။ သေဝနပယောဂေါ၊ မှီဝဲခြင်းငှါ အားထုတ်သော လုံ့လရှိသည်လည်း။ ဟောတု၊ ဖြစ်စေ။ မဂ္ဂေန၊ မိမိ မင်္ဂဖြင့်။ မဂ္ဂပ္ပဋိပတ္တိ၊ သူ တပါးတို့၏မင်္ဂသို့သွင်းသည်လည်း။ ဟောတု၊ဖြစ်စေ။ အဓိဝါသနံ၊ သာယာသည် လည်း။ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကားအဋ္ဌသာလိနီ အဋ္ဌကထာပါဠိ၏အနက်)။ ။ပဒုဋ္ဌေန၊ ပြစ်မှားလိုသော။မနသာ၊ စိတ်ဖြင့်။ စေဘာသတိဝါ၊ အကယ်၍ နှုတ်ဖြင့်မူလည်း ဆိုမိအံ့။ စေကရောတိဝါ၊ အကယ်၍ ကိုယ်ဖြင့်မူလည်းပြုမိအံ့။ ဇဝံသတိ၊ ဤသို့ ဆိုမိ ပြုမိသည်ရှိသော်။ စက္ကံ၊ လှည်းဘီးစက်သည်။ ဝဟတော၊ ရှေးကဆွဲသွား ဝန်ကိုဆောင်သော နွား၏။ ပဒံ၊ ခြေရာအစဉ်သို့။ အန္ဝေတိဣဝ၊ အစဉ်တစိုက် လိုက်လေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ တတော၊ ထိုပြစ်မှားလိုသော စိတ်ဖြင့် ဆိုမိ-ပြုမိခြင်းကြောင့်။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဒုက္ခံ၊ သံသရာ ဝဋ်ဆင်းရဲသည်။ အန္ဝေတိ၊ အစဉ်တစိုက် လိုက်လေ၏။ ။ (ဤကား ပါဠိတော်၏အနက်)

မိမိလင်မဟုတ်သည်ကို မသိ၍ လွန်ကျူးရာ၌ ကာမေသုမိစ္ဆာစာရကံ မထိုက်ကြောင်းဝိနိစ္ဆယကား ဤတွင်ပြီး၏။

---

(၂၈) ခဏေန သီလံ ရက္ခေယျ- စသောစကားကို ထောက်၍ နေလွဲ အခါမရှောင်ကြဉ်ဘဲ နံနက်အခါ၌သာ ရှစ်ပါးသီလကို ဆောက်တည်သင့်

မဆောက်တည်သင့်ကိုသိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ဝိကာလ ဘောဇနေ သိက္ခာပုဒ်သည် နေလွဲ အခါမှစ၍ ဒုတိယနေ့ အရုဏ် မတက်မီအတွင်း စားခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ဖြစ်၍ နေလွဲအခါ စားခြင်းမှ ကြဉ်အံ့ဟု ရှောင်ကြဉ်လိုသော အာယတိံ သံဝရစိတ်ကို ဖြစ်စေ၍ ဆောက်တည်သော် နံနက် ကာလကပင်စ၍ သီလပြည့်စုံ၏။ ၎င်း သိက္ခာပုဒ်သည် အရုဏ်ဘက်သည်မှစ၍ မွန်းတည့်တိုင်အောင်သောကာလ၏အတွင်း၌ စားခြင်းမှ ကြဉ်ကြောင်း သိက္ခာပုဒ်မဟုတ်သည်ဖြစ်၍ နံနက်အခါစားခြင်းမှ မကြဉ်သော် လည်း မပျက်။ နေလွဲအခါ၌စားအံ့၊ နံနက်အခါ၌သာကြဉ်အံ့ဟု ဆောက်တည် သော်လည်း မပြည့်စုံဟု မှတ်ရာ၏။ ဤအကြောင်းကို ဝိသာခု ပေါသထသုတ်၌ အင်္ဂါကိုပြရာ။ ။အဟံ ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ဧကဘတ္တိကော ရတ္တူပရ တော ဝိရတော ဝိကာလဘောဇနာ။ ။ဟူသော ပါဠိကိုထောက်၍သိအပ်၏။ ။ အဟံပိ၊ ငါသည်လည်း။ အဇ္ဇ၊ ယနေ့။ ဣမဉ္စရတ္တိံ၊ ဤညဉ့်ပတ်လုံးငင်း။ ဣမဉ္စ ဒိဝသံ၊ ဤနေ့ပတ်လုံးငင်း။ ရတ္တူပရတော၊ ညဉ့်၌စားခြင်းမှ ကြဉ်သည်ဖြစ်၍။ ဝိကာလဘောဇနာ၊ နေလွဲသောအခါ၌ စားခြင်းမှ။ ဝိရတော၊ကြဉ်သည်ဖြစ်၍။ ဧကဘတ္တိကော၊ နံနက်စာ စားခြင်းတည်းဟူသော တထပ်သော အစာရှိသည် ဖြစ်၍။ ဝိဟရာမိ၊ နေအံ့။ ။(ဤကားအနက်)

ထို့ကြောင့် နေလွဲအခါစားခြင်းမှ ရှောင်ကြဉ်လိုသော အာယတိံ သံဝရ စိတ်ကို မဖြစ်စေမူ၍ နံနက်အခါ၌သာ ဆောက်တည်အံ့ ဟူ၍ ပါဏာတိပါတာ ဝေရမဏီ-စသည်ဖြင့် အသီးအသီး ဆောက်တည်အံ့၊ ဝိကာလဘောဇနသိက္ခာပုဒ် ပျက်၏။ကြွင်းသောသိက္ခာပုဒ်သာတည်၏။အဋ္ဌင်္ဂသမန္နာဂတံသီလံသမာဒိယာမိ- ဟု ပေါင်း၍ဆောက်တည်ရာ၌ စေတနာ တခုတည်းသာဖြစ်၍ ဝိကာလဘောဇန သိက္ခာပုဒ်တခု ပျက်ရကား အလုံးစုံပင် ပျက်၏ဟု မှတ်ရမည်။ ။ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ၌။ ။ယော ပဉ္စသိက္ခာပဒါနိ ဧကတော ဂဏှာတိ၊ တဿ ဧကသ္မိံ ဘိန္နေ သဗ္ဗာနိ ဘိန္နာနိ ဟောန္တိ၊ ယော ဧကေကံ ဂဏှာတိ၊ ယော ယံ ဝီတိက္ကမတိ၊ တဒေဝ ဘိဇ္ဇတိ။ ။ဟု မိန့်အပ်၏။ ။ယော၊ အကြင်သူသည်။ ပဉ္စသိက္ခာ ပဒါနိ၊ ငါးပါးသောသိက္ခာပုဒ်တို့ကို။ ဧကတော၊ တပေါင်းတည်း။ ဂဏှာတိ၊ ခံယူဆောက်တည်၏။ တဿ၊ ထိုသူအား။ ဧကသ္မိံ၊ တပါးသော သိက္ခာပုဒ်သည်။ ဘိန္နေ၊ ပျက်သည်ရှိသော်။ သဗ္ဗာနိ၊ အလုံးစုံသော သိက္ခာပုဒ် တို့သည်။ ဘိန္နာနိ၊ ပျက်စီးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယော၊ အကြင် သူသည်။ ဧကေကံ၊ တပါးတပါးစီ။ ဂဏှာတိ၊ ခံယူဆောက်တည်၏။ ယော၊

ထိုသူသည်။ ယံသိက္ခာပဒံ၊ အကြင် သိက္ခာပုဒ်ကို။ ဝီတိက္ကမတိ၊ လွန်ကျူး၏။ တဒေဝသိက္ခာပဒံ၊ ထို လွန်ကျူးအပ်သော သိက္ခာပုဒ်သည်သာလျှင်။ ဘိဇ္ဇတိ၊ ပျက်စီး၏။ ။(ဤကားအနက်)

နေလွဲအခါရှောင်ကြဉ်လိုသော စိတ်ရှိမှ ဝိကာလဘောဇနသိက္ခာပုဒ် ပြည့်စုံကြောင်း ဝိနိစ္ဆယကားပြီး၏။

---

(၂၉) ယံမှားခြင်းတဲဆဲ့ခြောက်ပါးကိုသိလိုပါသည် လျှောက်ထား ရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အဟောသိ နုခေါ အဟံ အတီတမဒ္ဓါနံ၊ နနုခေါအဟောသိ အတီတမဒ္ဓါနံ၊ ကိံနုခေါ အဟောသိ အတီတမဒ္ဓါနံ၊ ကထံနုခေါ အဟောသိ အတီတမဒ္ဓါနံ၊ ကိံ ဟုတွာ ကိံအဟောသိ နုခေါ အဟံ အတီတမဒ္ဓါနံ။ ။ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ၊ နနုခေါ ဘဝိဿာမိ အနာဂတ မဒ္ဓါနံ၊ ကိံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကထံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကိံ ဟုတွာ ကိံဘဝိဿာမိနုခေါ အဟံ အနာဂတမဒ္ဓါနံ။ ။ဧတရဟိ ဝါ ပစ္စုပ္ပန္နမဒ္ဓါနံ မဇ္ဈတ္တံ ကထံကထီ ဟောတိ၊ အဟံနုခေါသ္မိ၊ နောနုခေါသ္မိ၊ ကိံနုခေါသ္မိ၊ အယံ နုခေါ သတ္တော ကုတော အာဂတော။ သော ကုဟိံ ဂါမီ ဘဝိဿတီတိ။ ။ (မူလပဏ္ဏာသ ပါဠိတော် သဗ္ဗာသဝသုတ်၌လာသည်။)

အဟံ၊ ငါသည်။ အတီတံ၊ လွန်လေပြီးသော။ အဒ္ဓါနံ၊ အတိတ်ကာလ၌။ အဟောသိ နုခေါ၊ ဖြစ်ခဲ့ဘူးလေပြီးလော။ အဟံ၊ ငါသည်။ အတီတံ၊ လွန်လေ ပြီးသော။ အဒ္ဓါနံ၊ ကာလ၌။ နအဟောသိ နုခေါ၊ မဖြစ်ခဲ့ ဘူးလေပြီးလော။ အဟံ၊ ငါသည်။ အတီတံ၊ လွန်လေပြီးသော။ အဒ္ဓါနံ၊ ကာလ၌။ ကိံ၊ မင်းမျိုး စသည်တို့တွင် အဘယ်အမျိုးသည်။ အဟောသိ နုခေါ၊ ဖြစ်ခဲ့ဘူးလေသနည်း။ အဟံ၊ ငါသည်။ အတီတံ၊ လွန်လေပြီးသော။ အဒ္ဓါနံ၊ ကာသ၌။ ကထံ၊ အနိမ့် အမြင့် စသည်တို့တွင် အဘယ်အခြင်းအရာ အဘယ်သဏ္ဌာန် အားဖြင့်။ အ ဟောသိ နုခေါ၊ ဖြစ်ခဲ့ဘူးလေသနည်း။ အဟံ၊ ငါသည်။ အတီတံ၊ လွန်လေပြီး သော။ အဒ္ဓါနံ၊ ကာလ၌။ ကိံ၊ မင်းမျိုးစသည်တို့တွင် အဘယ် အမျိုးသည်။ ဟုတွာ၊ ဖြစ်ခဲ့ပြီး၍။ ကိံ၊ အဘယ် အမျိုးသည်။ အဟောသိ နုခေါ၊ ဖြစ်ဘူး လေသနည်း။(အတိတ်အဘို့)။ ။အဟံ၊ ငါသည်။ အနာဂတံ၊ လာလတ္တံ့ အ နာဂတ်ဖြစ်သော။ အဒ္ဓါနံ၊ ကာလ၌။ ဘဝိဿာမိနုခေါ၊ ဖြစ်လတ္တံ့လေလော။ အဟံ၊ ငါသည်။ အနာဂတံ၊ လာလတ္တံ့ အနာဂတ်ဖြစ်သော။ အဒ္ဓါနံ၊ ကာလ၌။

နဘဝိဿာမိနုခေါ၊ မဖြစ်လတ္တံ့လေလော။ အဟံ၊ ငါသည်။ အနာဂတံ၊ လာလတ္တံ့အနာဂတ်ဖြစ်သော။ အဒ္ဓါနံ၊ကာလ၌။ ကိံ၊ မင်းမျိုး စသည် တို့တွင် အဘယ်အမျိုးသည်။ ဘဝိဿာမိနုခေါ၊ ဖြစ်လတ္တံ့သေသနည်း။ အဟံ၊ငါသည်။ အနာဂတံ၊ လာလတ္တံ့ အနာဂတ်ဖြစ်သော။ အဒ္ဓါနံ၊ ကာလ၌။ ကထံ၊ အနိမ့်အမြင့်စသည်တို့တွင် အဘယ်အခြင်းအရာ အဘယ်သဏ္ဍာန်အားဖြင့်။ ဘဝိဿာမိနုခေါ၊ ဖြစ်လတ္တံ့လေသနည်း။ အဟံ၊ငါသည်။ အနာဂတံ၊ လာလတ္တံ့ အနာဂတ်ဖြစ်သော။ အဒ္ဓါနံ၊ ကာလ၌၊ ကိံ၊ မင်းမျိုး စသည်တို့တွင် အဘယ် အမျိုးသည်။ ဟုတွာ၊ ဖြစ်၍။ ကိံ၊ အဘယ် အမျိုးသည်။ ဘဝိဿာမိနုခေါ၊ဖြစ်လတ္တံ့လေသနည်း။ ဣတိ၊ ဤသို့။ အဒ္ဓါနံ၊ ယောနိသော၊ မသင့်မဘင့်သောအားဖြင့်။ မနသိကရောတိ၊ နှလုံးသွင်း၏။ (အနာဂတ်အဘို့)။ ။ဝါ၊ သည်းသာမကသေး။ တေရဟိ၊ ယခုဘဝ၌။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ကာလံ၊ ကာလ၌။ အဇ္ဈတ္တံ၊ မိမိ၏ခန္ဓာ၌။ ကထံကထီ၊ သို့လော သို့လောဟု တွေးတော ယုံမှားရှိသည်။ ဟောတိ၊ ၏။ ။ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ အဟံ၊ ငါသည်။ အသ္မိနုခေါ၊ ဟုတ်လေသလော။ ။(ရှေးအခါ၌ မိထွေးသား, မိကြီးသား နှစ်ယောက်တို့တွင် မိထွေးသားကား ဦးပြည်းရိတ်သည်။ မိကြီးသားကားဦးပြည်းမရိတ် ဆံဦးစွန်းရှိသည်။ နောက်အခါ ၎င်းမိကြီးသားကို အိပ်ပျော် နေတုံးအခါ၌ တပါးသူတို့က ဦးပြည်းရိတ်၍ ထားကြကုန်၏။ အိပ်ပျော်ရာမှ နိုးလာသောအခါ ၎င်းမိကြီးသားသည် မိမိဦးခေါင်းကို စမ်း၍ ဦးစွန်းကို ရှာလျှင် မတွေ့၊ ဦးပြည်း ဖြစ်လေရကား ငါသည် ငါမှ ဟုတ်ပါလေ၏ လော၊ မိထွေးသားလေလောဟု တွေးတော ယုံမှားဖြစ်သကဲ့သို့ မိမိကိုယ်ကိုပင် ယုံမှားဖြစ်၏ ဟူလို)။ ။အဟံ၊ ငါသည်။ နောအသ္မိနုခေါ၊ မဖြစ်လေသလော။ ။(ရှေးအခါ၌ လယ်စောင့်သော လူတယောက်သည် သုသာန်၏အနီး၌ အလွန်ကြောက်သော စိတ်ရှိသည်ဖြစ်၍ ကွေးလျက်အိပ်၏။နိုးသောအခါလွန်စွာချမ်းသဖြင့် ထုန်ကျင်၍နေသောကြောင့် မိမိ၏ဒူးကို လက်ဖြင့်စမ်းသပ်၍ ကိုင်ငြားသော်လည်း မိမိ၏ ဒူးမှန်းကိုမသိရကား တစ္ဆေမှတ်ထင်သဖြင့် ရိုက်ပုတ်၍ တစ္ဆေလေလော၊ ငါမဟုတ်လေ၏လောဟု တွေးတော ယုံမှား ဖြစ်သကဲ့သို့ မိမိ ကိုယ်ကိုပင် ယုံမှားဖြစ်၏ ဟူလို)။ ။အဟံ၊ ငါသည်။ ကိံ၊ မင်းမျိုး စသည်တို့တွင် အဘယ် အမျိုးသည်။ အသ္မိနုခေါ၊ ဖြစ်လေသနည်း။ အဟံ၊ငါသည်။ ဝါ၊ ငါ၏ အတ္တသည်။ ကထံ၊ အနိမ့်-အမြင့်စသည်တို့တွင် အဘယ်သို့သော အခြင်းအရာသဏ္ဍာန်အားဖြင့်။ အသ္မိနုခေါ၊ ဖြစ်လေသနည်း။ ။(ဤလောက၌ မိမိ၏ အနိမ့် အမြင့် အနီ အဖြူ စသည်ကို စွဲ၍ ယုံမှားဖြစ်သောသူမရှိ။ စင်စစ်သော်ကား ကိုယ်၏ အတွင်း၌ အတ္တရှိ၏ဟု ယူလေ့ရှိသောသူတို့အား ငါ၏ကိုယ်တွင်း၌ တည်သော အတ္တသည် အနိမ့်-အမြင့် စသည်တို့တွင် အဘယ်သို့သော အခြင်းအရာအားဖြင့်

ဖြစ်လေ သနည်းဟု ယုံမှားဖြစ်သည်ဟူလို)။ ။အယံ သတ္တော၊ ဤငါ ဟူသော သတ္တဝါသည်။ ကုတော၊ အဘယ်ဘဝမှ။ အာဂတော နုခေါ၊ လာခဲ့ပါလေသနည်း။သောအဟံ၊ ထိုငါသည်။ ကုဟိံ၊ အဘယ်ဘဝသို့။ ဂမိ၊ လားလတ္တံ့သည်။ ဘဝိဿာမိနုခေါ၊ ဖြစ်လတ္တံ့ လေသနည်း။ ဣတိ၊ ဤသို့။ ကထံ ကထိ၊ သို့လော သို့လောဟု တွေးတော ယုံမှားရှိသည်။ ဟောတိ၊ ၏။ ။(ဤကား အနက်)။ ။(ပစ္စုပ္ပန်အဘို့)

ယုံမှားခြင်းတဆဲ့ခြောက်ချက်အဆုံးအဖြတ်ကားပြီး၏။

---

(၃၀) ယဥ္စဿ ဥဒယဗ္ဗယဒဿနန္တိ ယံ အဿ ယောဂိနော ပစ္စယတော ခဏတော စ ဥဒယဗ္ဗယာနံ ဒဿနံ။ တတ္ထ အသမ္မောဟော တပ္ပဋ္ဌာနော ဝါ ဝိတက္ကာဒိဓမ္မပုဉ္ဇော။ မဂ္ဂေါ ဝါယံ လောကိကောတိ နိယျာနာနုလောမတော လောကိယမဂ္ဂေါ ဝေါယံ။ ဣတိတသ္မာ မဂ္ဂသစ္စံ ပါကဋံ ဟောတိ သဘာဝါဝဗောဓတော။ တေနာဟ တတြ သမ္မောဟ ဝိဃာတတောတိ၊ တဒင်္ဂဝသေနာတိ အတ္ထော၊ အထဝါ ယထာ ဝုတ္တော သမ္မာဒိဋ္ဌိသင်္ခါတော မဂ္ဂေါ၊ အရိယမဂ္ဂဿ ဥပါယဘူတတော အသမ္မောဟသဘာဝေါ အတ္တာနမ္ပိ ပကာသေတိ ပဒီပေါ ဝိယာတိ မဂ္ဂသစ္စံ ပါကဋံ ဟောတိ၊ သွာယံ ပါကဋဘာဝေါ မောဟန္ဓကာရ ဝိဓမနေနာတိ အာဟ တတြ သမ္မောဟ ဝိဃာတတောတိ။ ။(ဝိသုဒ္ဓိမဂ်ဋီကာ မဂ္ဂါ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ။)

သင်္ခါရာနံ အနိစ္စဒုက္ခာကာရာဒိ ပရိဂ္ဂဏှနဝသေန ပဝတ္တမ္ပိ ပဋိသင်္ခါနုပဿနာဉာဏံ ဝိသေသတော အနတ္တာကာရပရိဂ္ဂဏှနပဋ္ဌာနန္တိ ဝုတ္တံ သဗ္ဗေသင်္ခါရာ သုညာတိ ပရိဂ္ဂဟေတွာတိ အာဒိ၊တသ္မိဉှိ သတိ သစ္စသမ္ပဋိဝေဓော ဣစ္ဆတိ၊ န အသတိ။ တဒဘာဝတောဟိ သရာဘင်္ဂ သတ္တာရာဒီနံ သာသနံ အနိယျာနိကမေဝ ဇာတံ။ ။(၎င်း ဋီကာ ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိနိဒ္ဒေသ သင်္ခါရုပေက္ခာ ဉာဏ်အဘွင့်။))

တဒတ္ထာနေဝါတိ သမုစ္ဆေဒပဟာနတ္ထာနေဝ။ တေန တဒင်္ဂဝိက္ခမ္ဘန ပဟာနာနံ မဂ္ဂသမ္ဘာရတမာဟ တေဟိ ဝိနာ အသိဇ္ဈနတော။ အထ ဝါ တဒတ္ထာနေဝါတိ မဂ္ဂတ္ထာနေဝ။ တေန တဒတ္ထတာယ တေသံ တံကိစ္စတံ ဒဿေတိ။ တေနာဟ တသ္မာတိ အာဒိ။ တမေဝတ္ထံ ဥပမာယ ဒဿေတုံ ပဋိရာဇာနံ ဝဓိတွာတိ အာဒိ ဝုတ္တံ။ယမ္ပိ တဇေတာ ပုဗ္ဗေကတန္တိ

ယံ တတော ရဇ္ဇပ္ပတ္တိတော ပုဗ္ဗေကာ။ ပစ္စန္တသာမန္တေဒုဂ္ဂဝိဒ္ဓံသနာဒိယထာဘူတဉ္စိဒဉ္စ ရညာ ကတန္တိ ဝုစ္စတိ။ ဧဝံ လောကိယဉာဏေန သာဓိတာနိပိ တဒင်္ဂ ဝိက္ခမ္ဘနပ္ပဟာနာနိ သမုစ္ဆေဒပ္ပဟာနဝသေန ပဝတ္တာယ ကိစ္စဘာဝေန ဝုစ္စန္တိ တဒတ္ထ တာယ၊ တေသံ တံသန္တတိ ပတိတတာယ စ မဂ္ဂဿာတိ ဝေဒိတဗ္ဗာ။ ။(ဝုင်းဋီကာ ဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသ အဆုံးနား)။ ။ဝုင်းဋီကာ၏အနက် အဓိပ္ပါယ်ကို ကျွန် သေချာစွာ သိလိုပါသည် လျှောက်ထားရာ၌ အဆုံး အဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ယဉ္စဿ ဥဒယဗ္ဗယ ဒဿနန္တိ၊ ဟူသည်ကား။ အဿ ယောဂိနော၊ ထိုကမ္မဋ္ဌာန်းကို အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်အား။ ပစ္စယတောစ၊ အကြောင်းအားဖြင့်၎င်း။ခဏတောစ၊ ခဏအားဖြင့်၎င်း။ ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို။ ယံဒဿနံ၊ အကြင်မြင်ခြင်းသည်။ ဝါ၊ မြင်သော ဝိပဿနာဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဖြစ်ခြင်း, ပျက်ခြင်း၌။ ယော အသမ္မောဟော၊ အကြင်ပြင်းစွာ မတွေဝေခြင်းသည်။ ဝါ၊ တနည်းကား။ တပ္ပဋ္ဌာနော၊ထိုအသမ္မောဟဟု ဆိုအပ်သော ပညာလျှင် ပြဋ္ဌာန်းခြင်းရှိသော။ ယောဝိတက္ကာဒိ ဓမ္မပုဉ္ဇော၊ အကြင်ဝိတက်စသော တရားအစုသည်။ အတ္ထိ၊ ရှိ၏။ ။(ဤ၌ အသမ္မောဟ စသည်ဖြင့် ဒဿနံ-ကို ဘွင့်သည်)။ ။မဂ္ဂေါ ဝါယံ လောကိကောတိ၊ ဟူသည်ကား။ နိယျာနာနုလောမတော၊ ဝဋ်မှ ထုတ်ဆောင်တတ်သော လောကုတ္တရာ မဂ်အား လျော်ခြင်းကြောင့်။ အယံ၊ ဤဖြစ်ခြင်း-ပျက်ခြင်းကို မြင်တတ်သောဝိပဿနာဉာဏ်သည်။ ဝါ၊ ဝိပဿနာဉာဏ်ပြဋ္ဌာန်းခြင်းရှိသော ဝိတက်အစရှိသော တရားအစုသည်။လောကိယမဂ္ဂေါဝ၊ လောကီမဂ် မည်သည်သာတည်း။ ဣတိတသ္မာ၊ ထိုသို့မဂ်အား လျော်သည်ဖြစ်၍ ဖြစ်ခြင်းကို မြင်တတ်သော ဝိပဿနာဉာဏ်၏ မဂ်မည်သည်၏ အဖြစ်ကြောင့်။ သဘာဝါဝဗောဓတော၊ ဖြစ်ခြင်း, ပျက်ခြင်း သဘောကို ထိုးထွင်း၍သိသည်ဖြစ်၍ မဂ္ဂသစ္စာ၌ တွေဝေသော မောဟကိုပယ်သောအားဖြင့်။ မဂ္ဂသစ္စံ၊ လောကီဖြစ်သောမဂ္ဂသစ္စာသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ဖြစ်၏။ တေန၊ ထိုဖြစ်ခြင်း, ပျက်ခြင်းသဘောကို ထိုးထွင်း၍ သိသည်ဖြစ်၍ မဂ္ဂသစ္စာ၌ တွေဝေသော မောဟကို ပယ်သောအားဖြင့် မဂ္ဂသစ္စာ၏ထင်ရှားခြင်းကြောင့်၊ တတြာသမ္မောဟ ဝိဃာတတောတိ၊ ဟူ၍။ အာစရိယော၊ အငွဲကထာဆရာသည်။ အာဟ၊ ဆိုတော်မူ၏။ တဒင်္ဂဝသေန၊ တဒင်္ဂ ပဟာန်၏အစွမ်းဖြင့်။ တတြ၊ ထိုမဂ္ဂသစ္စာ၌။ သမ္မောဟ ဝိဃာတတော၊ပြင်းစွာ တွေဝေတတ်သော မောဟကို ပယ်သောအားဖြင့်။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ အထဝါ၊ တနည်းကား။ ယထာဝုတ္တော၊ အကြင်ဥဒ

ယဗ္ဗယဒ်သာနံ-စသည်ဖြင့် အဋ္ဌကထာ၌ဆိုအပ်ပြီးသော။ သမ္မာဒိဋ္ဌိသခ်ါတော၊ သမ္မာဒိဋ္ဌိဟု ဆိုအပ်သော။ အရိယမဂ္ဂဿ၊ အရိယမဂ်၏။ ဥပါယ ဘူတော၊ အကြောင်းဖြစ်၍ဖြစ်သော။ အသမ္မောဟ သဘာဝေါ၊ မတွေဝေခြင်းသဘော ဟုဆိုအပ်သော။ မဂ္ဂေါ၊ ဝိပဿနာဉာဏ်ဘည်းဟူသော မဂ်သည်။ အတ္တာနမ္ပိ၊ မိမိကိုယ်ကိုလည်း။ ပကာသေတိ၊ ပြ၏။ ကောဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ပဒီပေါ၊ ဆီမီးသည်။ အတ္တာနမ္ပိ၊ မိမိကိုယ်ကိုလည်း။ ပကာသေတိဝိယ၊ ပြသကဲ့သို့တည်း။ ဣတိတသ္မာ၊ ထိုသို့ သမ္မာဒိဋ္ဌိ ဟုဆိုအပ်သော ဝိပဿနာဉာဏ်၏ဆီမီး ကဲ့သို့ မိမိကိုယ်ကို ပြတတ်သည်၏အဖြစ်ကြောင့်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာသည်။ ပါက ဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သ္မာယံ ပါကဋဘာဝေါ၊ ထိုမဂ္ဂသစ္စာ၏ ထင်ရှားသည်၏ အဖြစ်သည်။ မောဟန္ဓကာရ ဝိဓမနေန၊ မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းဖြင့်။ ဟောတိ၊ ဖြစ်၏။ ဣတိကတွာ၊ ဤသို့ နှလုံးပိုက်၍။ တတြသမ္မောဟဝိဃာတတောတိ၊ ဟူ၍။ အာစရိယော၊ အဋ္ဌကထာ ဆရာသည်။ အာဟ၊ ဆိုတော်မူ၏။

ဥဒယဗ္ဗယ ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အကြောင်းနှင့် မကင်းသော ကြောင့် ဖြစ်ရ-ပျက်ရသည်ဟု ရှုသောအခါ အကြောင်းကိုသိသည်ဖြစ်၍ သမု ဒယသစ္စာ ထင်ရှားသည်။ ဥပါဒ်-ဌီ-ဘင်နှင့် မကင်းသောကြောင့် ဖြစ်ရ ပျက်ရ သည်ဟု ရှုသောအခါ မမြဲသော ခဏကို သိသည်ဖြစ်၍ ဒုက္ခသစ္စာထင်ရှားသည်။ အကြောင်းနှင့် မကင်းသောကြောင့် ပျက်ရသည်-ဟု ရှုသောအခါ အကြောင်း ကင်းသော် ပျက်ခြင်းမရှိ ဟု နိဗ္ဗာန်သို့ညွတ်သောအားဖြင့် နိရောဓ သစ္စာထင်ရှား သည်။ အာရုံ၏အဖြစ်ဖြင့် ဥဒယဗ္ဗယဉာဏ်၌ ရှိသည်ဖြစ်၍ ၎င်းသစ္စာ သုံးပါးတို့ သည်သာ ထင်ရှားသလော စုဒ်ရှိရကား....မဂ္ဂေါဝါယံ။ ပ။ ဟောတိ–ဟူသော ပါဠ်ကို မိန့်သည်။ ။အဓိပ္ပါယ်ကား– ထိုခဏ်၌ လောကုတ္တရာမဂ် မရှိငြား သော်လည်း ဥဒယဗ္ဗယဉာဏ်သည်ပင် မဂ်အားကျေးဇူးပြုသောကြောင့်လောကီ မဂ် မည်ရကား ၎င်းဥဒယဗ္ဗယဉာဏ်ဟုဆိုအပ်သော မဂ္ဂသစ္စာလည်း ထင်ရှား၏ ဟူလို။ ၎င်းဥဒယဗ္ဗယဉာဏ်ဟု ဆိုအပ်သော မဂ္ဂသစ္စာသည် ကြွင်းသော သစ္စာ သုံးပါးတို့ကဲ့သို့ အာရုံပြု၍ သိအပ်သောအားဖြင့် ထင်ရှား လေသလော စုဒ်ရှိရ ကား....သဘာဝေါဝ ဗောဓတော။ ပ။ ဟောတိ-ဟူသောပါဠ်ကို မိန့်သတည်း။ ။ အဓိပ္ပါယ်ကား– မဂ်ဉာဏ်သည် သစ္စာလေးပါးကို သိ၏ဟူရာ၌ နိရောဓသစ္စာ ကိုသာ အာရုံပြုသောအားဖြင့် သိသည်။ ကြွင်းသောသစ္စာသုံးပါး တို့ကိုကား ဖုံးလွှမ်းတတ်သောမောဟကို ပယ်သောအားဖြင့်သာ သိသည်။ ထို့အတူ ဥဒ ယဗ္ဗယ ဉာဏ်ဟုဆိုအပ်သော မဂ္ဂသစ္စာသည် မိမိကိုယ်ကို မိမိအာရုံ ပြုသော အားဖြင့် မသိနိုင်၊ ဖုံးလွှမ်းတတ်သော မောဟကို ပယ်သောအားဖြင့်သာ သိသည်

ဖြစ်၍ ထင်ရှားသည်။ ဖုံးလွှမ်းတတ်သော မောဟကို ပယ်ခြင်းသည်ပင်သိအပ် သည်လည်းမည်၏။ ထင်ရှားသည်လည်းမည်၏ဟူလို။ ။အကြွင်းကားအဓိပ္ပါယ် လွယ်၏။ ။ဤကား ပဌမဋီကာပါဌ်၏ အဓိပ္ပါယ်တည်း။

ပဋိသင်္ခါ နုပဿာနာဉာဏံ၊ ပဋိသင်္ခါနုပဿနာဉာဏ်သည်။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ အနိစ္စ ဒုက္ခာကာရာဒိ ပရိဂ္ဂဏှနဝသေန၊ မမြဲသောအခြင်း အရာ အစရှိသည်ကို သိမ်းဆည်းသည်၏ အစွမ်းအားဖြင့်။ ပဝတ္တမ္ပိ၊ ဖြစ်ငြား သော်လည်း။ ဝိသေသတော၊ အထူးအားဖြင့်။ အနတ္တာကာရပရိဂ္ဂဏှနပ္ပဋ္ဌာနံ၊ အလိုသို့မလိုက်သောအခြင်းအရာကိုသိမ်းဆည်းခြင်းလျှင်ပြဋ္ဌာန်းခြင်းရှိ၏။ ဣတိ ကတွာ၊ ဤသို့နှလုံးပိုက်၍။ သဗ္ဗေ။ ပ။ ကတွာတိ၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ဟိယုတ္တံ၊ ထိုစကားသည် သင့်၏။ တသ္မိံ၊ ထို သင်္ခါရတို့၏ အလိုသို့မလိုက်သော အခြင်းအရာကို သိမ်းဆည်း ဆင်ခြင်ခြင်းသည်။ သတိဝေ၊ ရှိသော်သာလျှင်။ သစ္စပ္ပဋိဝေဓော၊ သစ္စာကိုထိုးထွင်း၍ သိခြင်းသည်။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ အသတိ၊ မရှိသည်ရှိသော်။ နဣဇ္ဈတိ၊ မပြည့်စုံ။ ဟိယုတ္တံ၊ သင့်၏။ အတ္တသုညတာယ၊ အတ္တမှဆိတ်သည်၏အဖြစ်၏။ ဒုဝိညေယျဘာဝတော၊ သိနိုင် ခဲသည်၏အဖြစ်ကြောင့်။ သရဘင်္ဂသတ္ထာရာဒီနံ၊ဘုရားအလောင်းတော်ဖြစ်သော သရဘင်္ဂ ဆရာ အစရှိသည်တို့၏။ သာသနံ၊ သာသနာသည်။ အနိစ္စဒုက္ခလက္ခဏာ သညာပကမ္ပိ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ကို သိစေတတ် သော်လည်း။ အနိယျာနိကမေဝ၊ သစ္စာကိုထိုးထွင်း၍ သိစေသောအားဖြင့် ဝဋ်မှမထုတ်ဆောင် တတ်သည်သာလျှင်။ ဇာတံ၊ ဖြစ်၏။ ။(ဤကား ဒုတိယဋီကာပါဌ်၏အနက်)

ဤဋီကာ၌ ပဌမဝိကပ်အလိုဖြင့် အဋ္ဌကထာ၌—သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သုညာ၊ အတ္တမှဆိတ်ကုန်၏။ (ဤသို့သမ္ဗန်) ထို့ကြောင့် ပဋိသင်္ခါနုပဿနာဉာဏေန သဗ္ဗေသင်္ခါရာ သုညာတိ ပရိဂ္ဂဟေတွာ— ဟူသော အဋ္ဌကထာပါဌ်ဖြင့် ပဋိသင်္ခါနုပဿနာဉာဏ်သည် သင်္ခါရတို့ကို အနတ္တ ဟူ၍သာရှုသည်။ အနိစ္စ-ဒုက္ခ-ဟု မရှုဟူ၍ ယူအံ့စိုးရကား....သင်္ခါရာနံ။ ပ။ ပရိဂ္ဂ ဟေတွာတိ- ဟူသောစကားကို ဋီကာဆရာ ဆိုတော်မူသည်။ ။အဓိပ္ပါယ် ကား-ပဋိသင်္ခါနုပဿနာဉာဏ်၏ အနတ္တဟူ၍ ပြဋ္ဌာန်း သောကြောင့်....သဗ္ဗေ သင်္ခါရာ သုညာတိ ပရိဂ္ဂဟေတွာ—ဟု အဋ္ဌကထာဆရာ ဆိုတော်မူသည်။ အနိစ္စ ဒုက္ခဟူ၍ မရှုခြင်းကြောင့် ဆိုသည်မဟုတ်ဟူလို။ အနတ္တဟူ၍ ရှုခြင်း မရှိသော် လည်း သစ္စပ္ပဋိဝေဓ ပြည်စုံခဲ့သော် အနတ္တဟူ၍ ရှုခြင်းပြဋ္ဌာန်း၏ဟု ဆိုခြင်းသည် မသင့်တန်ရာ စုဒ်ရှိရကား....တသ္မိံ ပန။ ပ။ နအသတိ—ဟုမိန့်အပ်သည်။ ။ အဓိပ္ပါယ်ကားလွယ်၏။ ။အနတ္တဟူ၍ ရှုခြင်းမရှိသော် သစ္စပ္ပဋိဝေဓ မပြည့်စုံ

ဟူရာ၌ ဉာပကယုတ္တိကို ပြလိုရကား....အတ္တ။ ပ။ ဇာတံ–ဟု မိန့်အပ်သည်။ အဓိပ္ပါယ်ကား–သရဘင်္ဂဆရာစသည်တို့၏ သာသနာသည် အနိစ္စ,ဒုက္ခလက္ခဏာကို သိစေတတ်ငြားသော်လည်း အနတ္တလက္ခဏာကို မသိစေနိုင်၍ နိယျာနိက မဖြစ်သည်ကိုထောက်၍ အနတ္တလက္ခဏာကို မသိသော် သစ္စပ္ပဋိဝေဓ မပြည့်စုံဟု သိရသည်ဟူလို။ ။အနိစ္စ-ဒုက္ခာနုပဿနာသည် အနတ္တာနုပဿနာအား ကျေးဇူး ပြုတတ်သောအနိစ္စဒုက္ခာနုပဿနာ၊ကျေးဇူးမပြုတတ်သော အနိစ္စဒုက္ခာနုပဿနာ ဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် အနတ္တာ နုပဿနာအား ကျေးဇူးပြုတတ် သော အနိစ္စ ဒုက္ခာ နုပဿနာသည် အနတ္တာ နုပဿနာ ကဲ့သို့ပင် သိနိုင်ခဲသည်။ ထို့ကြောင့် မူလဋီကာ အာယတန ဝိဘင်းအဘွင့်၌။ ။အနတ္တလက္ခဏ ပညာပနဿ အဉေယျံ အဝိသယတ္တာ အနတ္တလက္ခဏဒီပကာနံ အနိစ္စ ဒုက္ခ လက္ခဏာနဉ္စ ပညာပနဿ အဝိသယဘာ ဒဿိဘာ ဟောတိ။ ။ဟုမိန့်အပ်၏။ ။ အနတ္တ လက္ခဏာပညာပနဿ။ အနတ္တလက္ခဏာကို သူတပါးတို့အား သိစေခြင်း ၏။ အဉေယျံ၊ ဘုရားမှတပါးကုန်သော သူတို့၏။ အဝိသယတ္တာ၊ အရာမဟုတ် သည်၏အဖြစ်ကြောင့်။ အနတ္တလက္ခဏဒီပကာနံ၊ အနတ္တလက္ခဏာကို ပြတတ် ကုန်သော။ အနိစ္စ-ဒုက္ခ လက္ခဏာနဉ္စ၊ အနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာတို့ကိုလည်း။ ပညာပနဿ၊သူတပါးတို့အား သိစေခြင်း၏။ အဝိသယတ္တာ၊ဘုရားမှတပါးသော သူတို့၏အရာမဟုတ်သည်၏ အဖြစ်သည်။ ဒဿိဘာ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။ထိုအနတ္တလက္ခဏာကို ပြတတ် သော အနိစ္စ–ဒုက္ခာနုပဿနာတို့ကြောင့် အနတ္တာနုပဿနာဖြစ်သည်။ အနတ္တာနုပဿနာဖြင့် သုညတမဂ် ဖြစ်သည်။ ၎င်း အနတ္တာနုပဿနာ၏ တဘန်အနိစ္စာနုပဿနာအား ကျေးဇူးပြုပြန်သောကြောင့် အနိစ္စာ နုပဿနာဖြင့် အနိမိတ္တမဂ်၊ ဒုက္ခာနုပဿနာအား ကျေးဇူးပြု ပြန်သော ကြောင့် ဒုက္ခာနုပဿနာဖြင့် အပ္ပဏိဟိတမဂ်ဖြစ်သည်။ဤသို့ တပါးသည်တပါး အားကျေးဇူးပြုသော်လည်း အနတ္တာ နုပဿနာ ဖြစ်လျှင် မဂ်ဖြစ်ခြင်း ကြောင့် ၎င်း၊ အနိစ္စ–ဒုက္ခာနုပဿနာ ဖြစ်တိုင်း မဂ် မဖြစ်ခြင်းကြောင့်၎င်း အနတ္တာ နုပဿနာပြဋ္ဌာန်းသည်ကို ဋီကာဆရာ ပြတော် မူသည်။ ။(ဤကား ဒုတိယ ဋီကာပါဌ်၏ အဓိပ္ပါယ်တည်း။)

တဒတ္ထာနေဝ ါတိ၊ ဟူသည်ကား။ သမုစ္ဆေဒပဟာနတ္ထာနေဝ၊ သမုစ္ဆေဒ ပဟာန်ဟူသော အကျိုးရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေန၊ ထို တဒတ္ထာနေဝ- ဟူသော ပါဌ်ဖြင့်။ တဒင်္ဂ ဝိက္ခမ္ဘန ပဟာနာနံ၊ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်တို့၏။ မဂ္ဂသမ္ဘာရတံ၊ မဂ်၏အကြောင်း၏ အဖြစ်ကို။ အာဟ၊ အဋ္ဌကထာ ဆရာဆိုတော်မူ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တေဟိ၊ ထိုတဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်တို့နှင့်။ ဝိနာ၊ကင်း၍။ မဂ္ဂဿ၊ မဂ်၏။ အသိဇ္ဈန

တော၊ မပြီးခြင်းကြောင့်တည်း။ အထဝ၊ တနည်းကား။ တဒတ္ထာနေဝ ါတိ၊ ဟူသည်ကား။ မဂ္ဂတ္ထာနေဝ၊ မဂ်ဟူသော အကျိုးရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေန၊ ထိုဘဒတ္ထာနေဝ-ဟူသောပါဌ်ဖြင့်။ တေသံ၊ ထိုဘဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့၏။ တဒတ္ထတာယ၊ ထိုမဂ်ဟူသော အကျိုး ရှိသည်၏ အဖြစ်ကြောင့်။ တံကိစ္စတံ၊ ထိုမဂ်၏ ကိစ္စ၏အဖြစ်ကို။ ဒဿေတိ၊ ပြတော်မူ၏။တေန၊ ထိုတဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန် တို့၏ မဂ်၏ကိစ္စ၏အဖြစ်ကို ပြခြင်းကြောင့်။ တသ္မာတိအာဒိံ၊ ကို။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။ တမေဝတ္ထံ၊ ထို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့၏ မဂ်၏ကိစ္စ၏ အဖြစ်ဟူသော အနက်ကိုသာလျှင်။ ဥပမာယ၊ ဥပမာဖြင့်။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ ပဋ္ဌိရာဇာနံ ဝဓိတွာတိ အာဒိံ၊ ပဋ္ဌိရာဇာနံ ဝဓိတွာ—အစရှိသောစကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာဆိုတော်မူအပ်၏။ယမ္ပိတတော ပုဗ္ဗေကတန္တိ၊ဟူသည်ကား။ဘတောရဇ္ဇပ္ပတ္တိတော၊ ထိုမင်း၏ အဖြစ်သို့ရောက်သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ အစ္စန္တသာမနေဒုဂ္ဂဝိဒ္ဓံသနာဒိံ၊ မိမိ၏အပိုင်းအခြားကို လွန်သော အစွန်အနား မြို့ရွာကို သိမ်းယူခြင်း, ဆင်ခလုတ် မြင်းခလုဘ် စသည်ရှိသော် ခဲခက်သော မြို့ကို သိမ်းယူခြင်း အစရှိသော။ ယမ္ပိကမ္မံ၊ အကြင်အမှုကိုလည်း။ ကတံ၊ ပြုအပ်၏။ သဗ္ဗံ၊ အလုံးစုံသော။ တံကမ္မံ၊ ထိုမင်းမဖြစ်မီ ပြုအပ်သောအမှုကို။ ဠဒဥ္ဓိဒဥ္ဓ၊ ဤမည်ဤမည်သော မြို့ရွာကို ဖျက်ဆီးခြင်းစသော အမှုကိုလည်း။ ရညာ၊ မင်းသည်။ ကတံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ တဒင်္ဂ ဝိက္ခမ္ဘန ပဟာနာနိ၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့ကို။ လောကိယဉာဏေန၊ လောကီဖြစ်သော သမထဉာဏ်, ဝိပဿနာဉာဏ်သည်။ သာဓိတာနိပိ၊ ပြီးစေအပ်ကုန်သော်လည်း။ သမုစ္ဆေဒပဟာနဝသေန၊ အကြွင်းမဲ့ ပယ်သော သမုစ္ဆေဒပဟာန်အားဖြင့်။ ပဝတ္တဿ၊ ဖြစ်သော။ မဂ္ဂဿ၊ မဂ်၏။ ကိစ္စဘာဝေန၊ ကိစ္စ၏ အဖြစ်ဖြင့်။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ကသ္မာ၊ အဘဲ့ကြောင့်နည်း ဟူမူကား။ တေသံ၊ ထိုတဒင်္ဂပဟာန်, ဝိက္ခမ္ဘန ပဟာန်တို့၏။ တဒတ္ထတာယစ၊ ထိုမဂ် ဟူသော အကျိုးရှိသည်၏ အဖြစ်ကြောင့်ရင်း။ မဂ္ဂဿ၊ မဂ်၏။ တံသန္တတိ ပတိတာယစ၊ ထိုသမထဘာဝနာ, ဝိပဿနာဘာဝနာ အစဉ်၌ ကျသည်၏ အဖြစ်ကြောင့်ရင်းတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။(ဤကားတတိယ ဋီကာပါဌ်၏အနက်)

ယထာ—စသော ပါဌ်၏အဓိပ္ပါယ်ကား ...မုချအားဖြင့် မြို့ကို သိမ်းယူခြင်း ဆင်ခလုတ်- မြင်းခလုတ် ရှိသော ခဲခက်သောမြို့ကို ဖျက်ဆီးခြင်း စသည်ကို မင်းမဖြစ်မီ ရှေးအဘို့၌ ပြုအပ်သော်လည်း မင်း၏ အဖြစ်ဟူသော အကြောင်း ရှိသည်သာပြုအပ်သည်။ မင်း၏ အဖြစ်ကိုသာရည်၍ ပြုအပ်သည်ဖြစ်၍ . မင်း

သည် မြို့ရွာကို သိမ်းယူခြင်းကိုပြုအပ်၏ဟု မင်း၌တင်စား၍ ဆိုအပ်သကဲ့သို့ ထို့အတူ၊ မုချအားဖြင့် ဝိက္ခမ္ဘနပဟာန်သည် သမထ ဘာဝနာ၏ ကိစ္စ၊ တဒင်္ဂပဟာန်သည် ဝိပဿနာ၏ ကိစ္စ ဖြစ်ငြား သော်လည်း ၎င်းပဟာန် နှစ်ပါးကို မဂ်ဟူသော အကျိုးရှိသော်သာပြုအပ်သည်။ မဂ်ဟူသော အကျိုးကိုသာရည်၍ ပြုအပ်သည်ဖြစ်၍ မဂ်၏ကိစ္စဟူ၍ မဂ်၌တင်စား၍ဆိုအပ်သည်။ မဂ်အား တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်,သမုစ္ဆေဒ ပဟာန် သုံးပါးရှိသည် ဟူ၍ ဆိုအပ်သည် ဟူလို။ ။အကြွင်းကားလွယ်၏။ ။အနုတ္တာ နုပဿနာကဲ့သို့ပင် အနုတ္တာနုပဿနာအား စင်စစ် ကျေးဇူးပြုတတ်သော ခဏိကအနိစ္စ- ဒုက္ခာ နုပဿနာသည်လည်း ခဲယဉ်းကြောင်း၊ ဥဒယဗ္ဗယဉာဏ်သည် သာ တဒင်္ဂမည်ကြောင်း အဆုံးအဖြတ်ပြီး၏။

---

(၃၁) အာဒိဗြဟ္မစရိယက သီလ, အာဘိသမာ စာရိကသီလ တို့၏ သရုပ်ကိုသိလိုပါသည်ဟု လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အာဇီဝလျှင် ရှစ်ခုမြောက်ရှိသော သီလသည် မဂ်တည်းဟူသောမြတ်သော အကျင့်၏ အစအမွန်ဖြစ်၍ အာဒိဗြဟ္မ စရိယက သီလမည်၏။ ။ထို့ကြောင့် ဝိသုဒ္ဓိ မဂ်၌။ ။ မဂ္ဂဗြဟ္မစရိယဿ အာဒိဘာဝ ဘူတန္တိ အာဒိဗြဟ္မစရိယကံ။ အာဇီဝဋ္ဌမကဿေတံ အဓိဝစနံ။ တဥ္ဟိ မဂ္ဂဿ အာဒိဘာဝဘူတံ။ ပုဗ္ဗဘာဂေ ယေဝ ပရိသောဓေ တဗ္ဗတော။ ။ဟုမိန့်အပ်၏။ ။ယံသီလံ၊ အကြင်အာဇီဝဋ္ဌမက သီလသည်။ မဂ္ဂဗြဟ္မစရိယဿ၊ မဂ်ဟူသော မြတ်သောအကျင့်၏။ အာဒိဘာဝဘူတံ၊ အစဖြစ်၍ ဖြစ်၏။ ဝါ၊ အစ၌ ပွါးစေအပ် ပြီးစေ အပ်သည်၏ အဖြစ်သို့ ရောက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံသီလံ၊ ထိုအာဇီဝ ဋ္ဌမက သီလသည်။ အာဒိဗြဟ္မစရိယကံ၊ အာဒိဗြဟ္မစရိယက သီလမည်၏။ ဧတံနာမံ၊ ထိုအာဒိ ဗြဟ္မစရိယက ဟူသော အမည်သည်။ အာဇီဝဋ္ဌမကသီလဿ၊ အာဇီဝလျှင် ရှစ်ခုမြောက်ရှိသော သီလ၏။ အဓိဝစနံ၊ အမည်တည်း။ ဟိ၊ ထိုစကား သင့်စွ။ တံ၊ ထိုအာဇီဝဋ္ဌမက သီလသည်။ မဂ္ဂဿ၊ မဂ်၏။ အာဒိဘာဝဘူတံ၊ အစဖြစ်၍ ဖြစ်၏။ ဝါ၊ အစ၌ ပွါးစေအပ် ပြီးစေအပ်သည်၏ အဖြစ်သို့ ရောက်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပုဗ္ဗဘာဂေယေဝ၊ ရှေးဦးစွာသော အဘို့၌သာလျှင်။ ပရိသောဓေတဗ္ဗတော၊ သုတ်သင် စင်ကြယ်စေအပ် သည်၏ အဖြစ်ကြောင့်တည်း။ ။(ဤကားအနက်)

ဤ၌ အသက်မွေးခြင်းလျှင် အကြောင်းမရှိသော ကာမေသု မိစ္ဆာစာရမှ ကြဉ်ကြောင်းဖြစ်သော ပါရာဇိက ပဌမသိက္ခာပုဒ်သည်၎င်း၊ အဒိန္နာဒါန်မှကြဉ်ကြောင်းဖြစ်သော ဒုတိယ သိက္ခာပုဒ်သည်၎င်း၊ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ကြောင်းဖြစ်သော တတိယသိက္ခာပုဒ်သည်၎င်း သမ္မာကမ္မန္တ ဝိရတီမည်၏။ ။သမ္ပဇာန မုသာဝါဒေ ပါစိတ္တိယံ။ ။ဟူသော သိက္ခာပုဒ်၌။ ။ သမ္ပဇာန မုသာဝါဒေ- ဟူသောပါဌ်ဖြင့် ချွတ်ယွင်းစေလို၍ မဟုတ်မမှန် ပြောဆိုခြင်းဟူသော မုသာဝါဒကမ္မပထ ချွတ်ယွင်းစေလိုခြင်း မရှိ၊ ချီးမွမ်းအံ့အဲ ရယ်ဘွယ်ဖြစ်စေခြင်းငှါ မဟုတ်မမှန် ပြောဆိုခြင်းဟူသော သမ္ဖပ္ပလာပကမ္မပထ နှစ်ပါးကို ယူအပ်၏။ ထို့ကြောင့် အသက်မွေးခြင်းလျှင် အကြောင်းမရှိသော မုသာဝါဒ-သမ္ဖပ္ပလာပမှကြဉ်ကြောင်းဖြစ်သော သမ္ပဇာန မုသာဝါဒ သိက္ခာပုဒ် သီလသည်၎င်း၊ ကြမ်းတန်းသော စကားကိုပြောဆိုခြင်းမှ ကြဉ်ကြောင်းဖြစ်သော ဩမသဝါဒ သိက္ခာပုဒ်သည်၎င်း၊ ဂုန်းချောခြင်းမှ ကြဉ်ကြောင်းဖြစ်သော ဘိက္ခုပေသုညသိက္ခာပုဒ်သည်၎င်း သမ္မာဝါစာဝိရတီလေးပါးမည်၏။ အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက် ဝစီ ဒုစရိုက်တို့မှ ကြဉ်ကြောင်းဖြစ်သော ယခင်ပြအပ်ခဲ့ပြီးသော သိက္ခာပုဒ် သီလတို့သည် သမ္မာအာဇီဝဝိရတီ မည်၏။ အသက်မွေးခြင်းလျှင် အကြောင်းရှိသော သေသောက်ခြင်း၊ အသက်မွေးခြင်းလျှင် အကြောင်း မရှိသော သေသောက်ခြင်းနှစ်ပါးမှ ကြဉ်ကြောင်းဖြစ်သော သုရာပါန သိက္ခာပုဒ် သီလသည် ဝိရတီ အစစ်မဟုတ်သော်လည်း ပရိယာယ်အားဖြင့် သမ္မာအာဇီဝ,သမ္မာကမ္မန္တမည်၏။ယုတ်မာသော အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော မိစ္ဆာအာဇီဝမှ ကြဉ်ကြောင်းဖြစ်သော စတုတ္ထပါရာဇိက သိက္ခာပုဒ်သီလ၊ သဉ္စရိတ္တ သိက္ခာပုဒ်သီလ၊ အကြင်ရဟန်းသည် သင်ဒါယကာ၏ ကျောင်း၌နေ၏။ ထိုရဟန်းသည် ရဟန္တာတည်းဟု မိမိကိုယ်ကို သူတပါးကဲ့သို့ ညွှန်း၍ ပြောသော ရဟန်းအား ဒါယကာသိသော် ထုလ္လစ္စဉ်း အာပတ်သင့်၏ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ် သီလ၊ ပဏီတဘောဇန သိက္ခာပုဒ်သီလ၊ ဘိက္ခုနီမတို့၏ ပါဋိဒေသနီသိက္ခာပုဒ်သီလ၊ သေခိယ-သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်သီလ၊ ကုဟန,လပနစသည်မှ ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ် သီလ တို့သည် ဝိရတီ အစစ်မဟုတ်သော်လည်း ပရိယာယ်အားဖြင့် သမ္မာအာဇီဝမည်၏ဟု မှတ်ရာ၏။ ၎င်း အာဇီဝဋ္ဌမကသီလ သိက္ခာပုဒ်တို့မှ ကြွင်းသော ဥဘတောဝိဘင်း၊ ခန္ဓကတို့၌လာသော အလုံးစုံသောသိက္ခာပုဒ်သီလသည် အဓိသီလသိက္ခာပုဒ်သီလ၌အကျုံးဝင်သည်ဖြစ်၍။ ဝါ၊ ယခင် အာဇီဝဋ္ဌမက သီလထက် သိမ်မွေ့သည် ဖြစ်၍ မြတ်သောကြောင့်၎င်း၊ မဂ်ဖိုလ်ဟူသော လွန်ကဲသော အကျင့်ဟု ဆိုအပ်သော အကျိုးကိုရည်၍ ပညတ်အပ်သောကြောင့်၎င်း၊ မဂ်ဖိုလ် ဟူသော လွန်ကဲသော

အကျင့် ဟုဆိုအပ်သော အကျိုး၌ ယှဉ်သောကြောင့်ရင်း မဂ်ဖိုလ် ဟူသော လွန်ကဲသော အကျင့်ဟု ဆိုအပ်သော အကျိုးရှိသောကြောင့်ရင်းအာဘိ သမာစာရိကသီလမည်၏။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။ ။အာဘိသမာစာရောတိဥတ္တမ သမာစာရော၊အာဘိသမာစာရောဝေအာဘိသမာစာရိကံ။အာဘိသမာစာရံဝါ အာရဗ္ဘ ပညတ္တံ အာဘိသမာစာရိကံ။ အာဇီဝဋ္ဌမကတော အဝသေသသီလဿေတံ အဓိဝစနံ။ ။ဟူ၍ရင်း၊ဋီကာ၌။ ။အဓိကော သမာစာရောအာဘိ သမာစာရော၊ အတိသမာစာရော။ တတ္ထ နိယုတ္တံ၊သောဝါ ပယောဇနံ ဧတဿာ တိ အာဘိသမာ စာရိကံ။ ။ဟူ၍ရင်း မိန့်အပ်၏။

အာဘိသမာ စာရောတိ၊ ဟူသည်ကား။ ဥတ္တမ သမာစာရော၊ အဓိသီလ၌ အကျုံးဝင်သည် ဖြစ်၍။ ဝါ၊ အာဇီဝဋ္ဌမက သီလထက် သိမ်မွေ့သည် ဖြစ်၍ မြတ်သောအကျင့်တည်း။ အာဘိသမာ စာရောဝ၊ မြတ်သောအကျင့်သည်ပင် လျှင်။ အာဘိသမာစာရိကံ၊ အာဘိသမာစာရိကံမည်၏။ ဝါ၊ တနည်းကား။ ယံ သီလံ၊ အကြင်အာဇီဝဋ္ဌမက သိက္ခာပုဒ်မှကြွင်းသော သိက္ခာပဒသီလကို။ အာဘိ သမာစာရံ၊ မဂ်ဖိုလ်ဟူသော လွန်ကဲသောအကျင့်ဟု ဆိုအပ်သော အကျိုးကို။ အာရဗ္ဘ၊ စွဲ၍။ ဝါ၊ ရည်၍။ ပညတ္တံ၊ ပညတ်တော်မူအပ်၏။ ဣတိတသ္မာ၊ ထို ကြောင့်။တံသီလံ၊ ထိုသိက္ခာပဒ သီလသည်။ အာဘိသမာစာရိကံ၊ အာဘိသမာ စာရိကမည်၏။ ဧတံနာမံ၊ ထိုအာဘိသမာ စာရိက ဟူသော အမည်သည်။ အာဇီ ဝဋ္ဌမကတော၊ အာဇီဝဋ္ဌမကသီလမှ။ အဝသေသသီလဿ၊ ကြွင်းသောသိက္ခာပုဒ် သီလ၏။ အဓိဝစနံ၊ အမည်တည်း။ ။(ဤကား အဋ္ဌကထာပါဠိ၏အနက်)

အဓိကော၊ လွန်ကဲသော။ သမာစာရော၊ မဂ်ဖိုလ်တည်းဟူသော ကောင်း သော အကျင့်တည်း။ အာဘိသမာ စာရော၊ လွန်ကဲသော မဂ်ဖိုလ် ဟူသော ကောင်းသောအကျင့်။ အတိသမာစာရော၊ လွန်ကဲသော မဂ်ဖိုလ်တည်းဟူသော ကောင်းသော အကျင့်ကို။ လဗ္ဘတိ၊ ရအပ်၏။ ယံသီလံ၊ အကြင် အာဇီဝဋ္ဌမက သီလမှကြွင်းသော သိက္ခာပုဒ်သီလသည်။ တတ္ထ၊ ထိုလွန်ကဲသောမဂ်ဖိုလ် တည်း ဟူသော ကောင်းသောအကျင့်ဟု ဆိုအပ်သောအကျိုး၌။ နိယုတ္တံ၊ ယှဉ်တတ်၏။ ဝါ၊ တနည်းကား။ ဧတဿ၊ ထိုအာဇီဝဋ္ဌမက သီလမှ ကြွင်းသော သိက္ခာပဒသီလ အား။ သော၊ ထိုလွန်ကဲသောမဂ်ဖိုလ်တည်းဟူသော ကောင်းသောအကျင့်ဟု ဆိုအပ်သော။ ပယောဇနံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံသီလံ၊ ထိုအာဇီဝဋ္ဌမကသီလမှကြွင်းသော သိက္ခာပုဒ်သီလသည်။ အာဘိသမာ စာရိကံ၊ အာဘိသမာစာရိကမည်၏။ ။(ဤကားဋီကာပါဠိ၏အနက်)

တနည်းကား-ခုဒ္ဒါနုခုဒ္ဒကဖြစ်သော-ဒုက္ကဋ်-ဒုဗ္ဘာသိတသိက္ခာပုဒ်တို့သည်အာဘိသမာစာရိကသီလမည်၏။ကြွင်းသောသိက္ခာပုဒ်သီလတို့သည်အာဒိဗြဟ္မစရိယကသီလမည်၏။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။ ။ယာနိဝါ သိက္ခာပဒါနိ ခုဒ္ဒါနုခုဒ္ဒကာနီတိ ဝုတ္တာနိ။ ဣဒံ အာဘိသမာစာရိကံ။ ။ဟု မိန့်အပ်၏။ ။ဝါ၊ တနည်းကား။ ယာနိ၊သိက္ခာပဒါနိ၊ အကြင်သိက္ခာပုဒ်တို့ကို။ ခုဒ္ဒါနုခုဒ္ဒကာနီတိ၊ ငယ်ကုန်သည်တို့အောက် ငယ်ကုန်သော သိက္ခာပုဒ်တို့ဟူ၍။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဣဒံသိက္ခာပဒံ၊ဤသိက္ခာပုဒ်သည်။အာဘိသမာစာရိကံ၊အာဘိသမာစာရိကသီလမည်၏။ ။(ဤကားအနက်)။ ။တနည်းကား- ဥဘတောဝိဘင်း၌ အကျုံးဝင်သောသိက္ခာပုဒ်သီလသည် အာဒိဗြဟ္မစရိယက သီလမည်၏။ မြစ်အပ်သော ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ကို စောင့်ရှောက်ကြောင်းဖြစ်၍ ဝါရိတ္တသီလလည်းမည်၏။ခန္ဓကဝတ်၌အကျုံးဝင်သောသိက္ခာပုဒ်သီလသည်အာဘိသမာစာရိကသီလမည်၏။ ဖြည့်ကျင့်သောအားဖြင့် ရဟန်းတို့၏တည်ရာဖြစ်၍ စာရိတ္တသီလမည်၏။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။ ။ဥဘတောဝိဘင်္ဂ ပရိယာပန္နံ ဝါ အာဒိဗြဟ္မစရိယကံ၊ ခန္ဓကဝတ္တပရိယာပန္နံ အာဘိသမာစာရိကံ။ ။ဟူ၍ငင်း။ ။စရန္တိတသ္မိံ သီလေသု ပရိပူရကာရိတာယ ပဝတ္တန္တီတိ စာရိတ္တံ၊ ဝါရိတံ တာယန္တိ ရက္ခန္တီတိ ဝါရိတ္တံ။ ။ဟူ၍ငင်း မိန့်အပ်၏။ ။ဝါ၊ တနည်းကား။ ဥဘတောဝိဘင်္ဂပရိယာပန္နံ၊ ဥဘတော ဝိဘင်း၌ အကျုံးဝင်သော သိက္ခာပုဒ်သီလသည်။ အာဒိဗြဟ္မစရိယကံ၊မည်၏။ ခန္ဓကဝတ္တပရိယာပန္နံ၊ခန္ဓကဝတ်၌ အကျုံးဝင်သော သိက္ခာပုဒ်သီလသည်။အာဘိသမာစာရိကံ၊ မည်၏။ ။တသ္မိံ သီလေ၊ ထိုခန္ဓကဝတ်၌အကျုံးဝင်သော သီလ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သီလေသု၊ သီလတို့၌။ ပရိပူရကာရိတာယ၊ ဖြည့်ခြင်းကို ပြုလေ့ရှိသည်၏ အဖြစ်ဖြင့်။ စရန္တိ-ပဝတ္တန္တိ၊ တည်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့တည်ရာဖြစ်သော သတ္တိကြောင့်။ တံသီလံ၊ ထိုသီလသည်။ စာရိတ္တံ၊ စာရိတ္တမည်၏။ တေန၊ ထိုဥဘတောဝိဘင်း၌ အကျုံးဝင်သောသီလဖြင့်။ ဝါရိတံ၊ မြစ်အပ်သောကာယဒုစရိုက်, ဝစီဒုစရိုက်ကို။ တာယန္တိ-ရက္ခန္တိ၊ စောင့်ရှောက် တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ စောင့်ရှောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံသီလံ၊ ထိုဥဘတောဝိဘင်း၌ အကျုံးဝင်သော သိက္ခာပုဒ်သီလသည်။ ဝါရိတ္တံ၊ မည်၏။ ။(ဤကားအနက်)

ရဟန်းတို့၏ အာဒိဗြဟ္မစရိယကသီလ,အာဘိသမာစာရိကသီလတို့၏သရုပ်ကို အမှီပြု၍ ထိုရဟန်းတို့၏ သီလနှင့် အမြွက်အားဖြင့် တူသော လူသာမဏေ တို့၏ အာဒိဗြဟ္မစရိယကသီလ, အာဘိသမာစာရိကသီလတို့၏ သရုပ်ကိုလည်း သိအပ်၏။ ထိုစကားကိုချဲ့၍, ဆိုဦးအံ့၊ လူတို့၏အမြဲ ဆောက်တည် အပ်သော ငါးပါးသီလသည်ငင်း၊ ရွှေ-ငွေကိုကြဉ်ခြင်းဟူသော အားထုတ် နိုင်ခြင်း ရှိလတ်သော်

အမြဲ ဆောက်တည်အပ်သော ဆယ်ပါးသီလ, သုံးအင်သော အင်္ဂါ၏ အစွမ်းအားဖြင့် ရံခါဆောက်တည် အပ်သော ရှစ်ပါးသီလ, သာမဏေ တို့၏ အမြဲဆောက်တည်အပ်သော ဆယ်ပါးသီလ, ၎င်းသီလ သုံးမျိုးတို့တွင် ရှေ့ါးပါးသည် ၎င်းအာဇီဝဋ္ဌမကသီလပင်ဖြစ်၍ အမြွက်အားဖြင့် အာဒိဗြဟ္မစရိယကသီလမည်၏။ ထိုစကားသင့်စွ၊ အာဇီဝဋ္ဌမကသီလကို ဆောက်တည်သောအခါ၌ အဘိဓမ္မတ္ထဝိဘာဝနီ မည်သော ဋီကာကျော်ကျမ်း၌ သုရာပါနကို ကာမချင်း တူသည်၏ အဖြစ်ဖြင့် ကာမေသုမိစ္ဆာစာရ၌ သင်္ဂြိုဟ်အပ်၏ဟု မိန့်အပ် သည်နှင့်အညီ၊ မဆောက်တည်မီ ရှေးအဘို့၌ သုရာပါနကို ကာမေသု မိစ္ဆာ စာရ၌သွင်း၍ ဆောက်တည်အံ့ဟုစိတ်ဖြင့် ပိုင်းခြားဆုံးဖြတ်ပြီးမှ ကာမေသု မိစ္ဆာစာရာ ဝေမဏီ–ဟု ဆောက်တည်ရာ၏။ ဤအတူ ငါးပါးသီလကို ဆောက်တည်ရာ၌လည်း ဝစီဒုစရိုက် ချင်းတူသောကြောင့် မဆောက်တည်မီ ရှေးအဘို့၌ ပိသုဏာဝါစာ–ဖရုသဝါစာ–သမ္ဖပ္ပလာပ တို့ကို မုသာဝါဒ၌ သွင်း၍ ဆောက်တည်အံ့ဟု–စိတ်ဖြင့်ပိုင်းခြားဆုံးဖြတ်ပြီးမှ မုသာဝါဒါ ဝေရမဏီ - ဟု ဆောက်တည်ရာ၏။ ထိုရှစ်ပါးတို့တွင် အာဇီဝဋ္ဌမကသီလ၏ အရာ၌ ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ- ဟူသော ပါဌ်တို့ဖြင့် အသက် မွေးခြင်းလျှင် အကြောင်းမရှိသော ကာယဒုစရိုက်သုံးပါးမှ ကြဉ်ကြောင်း ဝိရတီကိုယူအပ်၏။ မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ-ဟူသော ပါဌ်တို့ ဖြင့် အသက် မွေးခြင်းလျှင် အကြောင်းမရှိသော ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ကြောင်း သမ္မာဝါစာ ဝိရတီလေးပါးကို ယူအပ်၏။ မိစ္ဆာဇီဝါ ဝေရမဏီ-ဟူသော ပါဌ် ဖြင့် အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက်လေးပါးတို့မှ ကြဉ်ကြောင်း သမ္မာအာဇီဝ ဝိရတီကို ယူအပ်၏။

ငါးပါးသီလအရာ၌ ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ-ဟူသော ပါဌ်တို့ဖြင့် အသက်မွေးခြင်း လျှင် အကြောင်း မရှိသော ကာယ ဒုစရိုက် သုံးပါးမှ ကြဉ်ကြောင်း သမ္မာကမ္မန္တ ဝိရတီ သုံးပါးကိုရင်း၊ အသက် မွေးခြင်းလျှင် အကြောင်းရှိသော ကာယ ဒုစရိုက် သုံးပါးတို့မှ ကြဉ်ကြောင်းသမ္မာအာဇီဝ ဝိရတီကိုရင်း ယူအပ်၏။ မုသာဝါဒါ ဝေရမဏီ- ဟူသော ပါဌ်ဖြင့် အသက်မွေးခြင်းလျှင် အကြောင်းမရှိသော ဝစီဒုစရိုက် လေပါးတို့မှ ကြဉ်ကြောင်း သမ္မာဝါစာ ဝိရတီလေးပါး တို့ကိုရင်း အသက်မွေးခြင်းလျှင် အကြောင်း ရှိသော ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ကြောင်းဖြစ်သော သမ္မာအာဇီဝ ဝိရတီကိုရင်းယူအပ်၏။ ပိသုဏာဝါစာ- ဖရုသဝါစာ-သမ္ဖပ္ပလာပ ဒုစရိုက်တို့ကို မုသာဝါဒ၌ သွင်း၍ ဆောက်တည်အပ်သည်

ကိုလည်း ရှစ်ပါးသီလ-ဆယ်ပါး သီလတို့ကို ဆောက်တည်ရာ၌ ဝင်းပိသုဏာဝါစာ အစရှိသော ဒုစရိုက်တို့ကို သရုပ်အားဖြင့်ထုတ်၍ ဟောတော်မမူပဲ ဝင်းမူလ ငါးပါးတို့ကိုသာလျှင် ထပ်၍ ဟောတော်မူသည်ကို ထောက်၍ သိအပ်၏။ ထိုစကားသင့်စွ၊ အကယ်၍ ဝင်းဝစီ ဒုစရိုက်သုံးပါးတို့ကို မုသာဝါဒ၌ မသွင်းအပ်သည် ဖြစ်အံ့၊ပဏ္ဏတ္တိ ဝဇ္ဇဖြစ်၍ လူတို့အား အပြစ် မရှိသော အားထုတ်၍ ကျင့်ဘိမူ အကျိုးအထူးသာရှိသော နေလွဲညစာ စားခြင်းမှ ကြဉ်ရှောင်ခြင်းစသော နောက်သိက္ခာပုဒ် ငါးပါးတို့ကို သော်လည်း အားထုတ်၍ ကျင့်သုံးသော အမျိုးကောင်းသား အမျိုးကောင်းသမီး သာမဏေတို့သည် လောကဝဇ္ဇ ဖြစ်သော ဝင်းပိသုဏာဝါစာ စသော ဝစီဒုစရိုက် သုံးပါးတို့ကိုစင်စစ် ကြဉ်သင့်ကြဉ်ထိုက် ကြဉ်ရမည်ဖြစ်၍ အဋ္ဌင်္ဂသီလ ဒသင်္ဂသီလ အရာ၌ ဝင်းပိသုဏာဝါစာ-ဖရုသဝါစာ- သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် သုံးပါးကို စင်စစ် သရုပ်အားဖြင့်ထင်ရှားအောင် ထုတ်ဘော်၍ ဟောတော် မူရာ၏။ ဟောကား မဟော။ ထိုသို့မဟောလေသောကြောင့် အဋ္ဌင်္ဂ သီလ ဒသင်္ဂသီလကို ဆောက်တည်ရာ၌ ဝင်းပိသုဏာဝါစာ စသော ဝစီဒုစရိုက် သုံးပါးကို မုသာဝါဒ၌ဝစီဒုစရိုက်ချင်းတူသည်ဖြစ်၍ ထည့်သွင်း သင်္ဂြိုဟ်လျက် ဟောတော်မူအပ်၏။ ဟောတော်မူတိုင်းလည်း ဆောက်တည်အပ်၏။ ဆောက်တည်တိုင်းလည်း ကြဉ်ရှောင်အပ်၏ဟု မှတ်ရာ၏၊ ဤအတူ ငါးပါးသီလကို ဆောက်တည်ရာ၌ ဝင်းပိသုဏာဝါစာစသော ဝစီ ဒုစရိုက်သုံးပါးကို မုသာဝါဒ၌ ထည့်သွင်း၍ ဟောတော်မူအပ်၏။ ဟောတော်မူတိုင်းလည်း ဆောက်တည်အပ်၏။ ဆောက်တည် တိုင်းလည်းကြဉ်ရှောင်အပ်၏ဟုမှတ်ရာ၏။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် ငါးပါးသီလနှင့် အာဇီဝဋ္ဌမက သီလသည် အရေအတွက် အားဖြင့်သာ ထူးသည်။ အနက်သဘော သရုပ်တရားကိုယ်အားဖြင့် မထူးဟု မှတ်ရာ၏။ ။ပဋ္ဌမာ ဘိက္ခဝေ ဝါဏိဇာ ဥပါသကေန အကရဏီယာ၊ ကတမာ ပဉ္စ၊ သတ္ထဝါဏိဇာ—သတ္တဝါဏိဇာ—မံသဝါဏိဇာ-မဇ္ဇဝါဏိဇာ-ဝိသဝါဏိဇာတိ။ ။ပဉ္စအင်္ဂုတ္တိုရ်ပါဠိတော်။ ။ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ ဥပါသကေန၊ ဒါယကာသည်။ အကရဏီယာ၊မပြုကျင့်အပ် ကုန်သော။ ယာဝါဏိဇာ၊ အကြင်ကုန်သွယ်ခြင်း တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣမာဝါဏိဇာ၊ဤကုန်သွယ်ခြင်းတို့သည်။ပဉ္စ၊ ငါးပါးတို့တည်း။ကတမာပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ သတ္ထဝါဏိဇာ၊ လက်နက်ကိုရောင်းခြင်းသည်ဝင်း။ သတ္တဝါဏိဇာ၊ ကျွန်ဖြစ်စေလို၍ လူကိုရောင်းခြင်းဝင်း။ မံသဝါဏိဇာ၊ သတ္တဝါကိုသတ်၍ အသားကိုရောင်းခြင်းဝင်း။ မဇ္ဇဝါဏိဇာ၊သေကိုရောင်းခြင်းဝင်း။ ဝိသဝါဏိဇာ၊ အဆိပ်ကို ရောင်းခြင်းဝင်း။ ဣတိ—ဣမာပဉ္စ၊ ဤငါးပါး တို့တည်း။ ။(ဤကား အနက်)•

ထိုငါးပါးတို့တွင် သတ္တဝါပျက်စီးကြောင်းဖြစ်သော သတ္တဝါဃာတ- မံသဝါဏိဇ္ဇာ- ဝိသဝါဏိဇ္ဇာ- ဟူသောမိစ္ဆာဇီဝ သုံးပါးတို့ကို ပါဏာတိပါတာ ဝေရမဏီ-ဟူသော သိက္ခာပုဒ်ကိုဆောက်တည်ခြင်းဖြင့်ကြဉ်အပ်သည်မည်၏။မဇ္ဇဝါဏိဇ္ဇာ ဟူသောမိစ္ဆာဇီဝကို အာဇီဝဋ္ဌမကသီလကိုဆောက်တည်ရာ၌ကာမေသု မိစ္ဆာစာရာ ဝေရမဏီ-ဟူသော သိက္ခာပုဒ်ကိုရင်း၊ ငါးပါးသီလကိုဆောက်တည်ရာ၌ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ ဟူသော သိက္ခာပုဒ် ကိုရင်း၊ ဆောက်တည်ခြင်းဖြင့် ကြဉ်အပ်သည်မည်၏။လူကိုကျွန်ဖြစ်စေလို၍ရောင်းခြင်းဟု ဆိုအပ်သော သတ္တဝါဏိဇ္ဇာ ဟူသော မိစ္ဆာဇီဝကိုကား အလားတူ အားဖြင့် အသက်မွေးကြောင်း ဒုစရိုက်မှ ကြဉ်ကြောင်းဖြစ်သော ၎င်းသိက္ခာပုဒ် တို့ကို ဆောက်တည်ခြင်း ဖြင့်ပင် ကြဉ်အပ်သည် မည်၏။ ဆယ်ပါးသီလ တို့တွင် ရှေ့ငါးပါးတို့သည် လူတို့သည်ကြဉ်အပ်သော စင်စစ်အကုသိုလ်ဖြစ်သော အပြစ်မှ ကြဉ်ကြောင်းဖြစ်၍ လောကဝဇ္ဇသိက္ခာပုဒ်တို့ မည်ကုန်၏။ နောက် ငါးပါးတို့သည် အကျိုးထူးဖြစ်စေခြင်းငှါ သာမဏေ သိတင်းသည်တို့အား ဘုရားပညတ်တော်မူသည်၏ အစွမ်းဖြင့် ကြဉ်အပ်သော အပြစ်မှ ကြဉ်ကြောင်းဖြစ်၍ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့မည်ကုန်၏။ ။ထို့ကြောင့်ခုဒ္ဒကပါဌအဋ္ဌကထာ၌။ ။ပဌမာနိ ပဉ္စ ဧကန္တကုသလစိတ္တသမုဋ္ဌာနတ္တာ ပါဏာတိပါတာဒီနံ ပကတိဝဇ္ဇဝေရမဏိယော သေသာ ပဏ္ဏတ္တိဝဇ္ဇတော။ ။ဟုမိန့်အပ်၏။ ။ထွေ၊ ဤဆယ်ပါးသော သိက္ခာပုဒ်တို့တွင်။ ပဌမာပဉ္စ၊ ရှေ့သိက္ခာပုဒ်ငါးပါးတို့သည်။ ပါဏာတိပါတာဒီနံ၊ သူ့အသက်ကို သတ်ခြင်းစသည်တို့၏။ ဧကန္တအကုသလစိတ္တသမုဋ္ဌာနတ္တာ၊ စင်စစ်အကုသိုလ် စိတ်လျှင် ဖြစ်ကြောင်း ရှိသည်၏ အဖြစ်ကြောင့်။ ပကတိဝဇ္ဇဝေရမဏိယော၊ ပြကတေ့သဘော၏ အစွမ်းအားဖြင့် ကြဉ်ထိုက်သော ဒုစရိုက်မှ ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေသာ၊ ကြွင်းကုန်သော နောက်သိက္ခာပုဒ်ငါးပါးတို့သည်။ ပဏ္ဏတ္တိဝဇ္ဇတော၊ မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သည်၏အစွမ်းအားဖြင့်ဖြစ်သော ကြဉ်ထိုက်သော အပြစ်မှ။ ဝေရမဏိယော၊ ကြဉ်ကြောင်းသိက္ခာပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကားအနက်)

နောက်ငါးပါးတို့တွင် ဝိကာလဘောဇန ဥစ္စာသယနမဟာသယန ဇာတရူပရဇတ ပဋိဂ္ဂဟဏသိက္ခာပုဒ်တို့၏ ပဏ္ဏတ္တိဝဇ္ဇ၏ အဖြစ်သည် ထင်ရှား၏။ နစ္စဂီတ,စသည်တို့၏ ပဏ္ဏတ္တိ ဝဇ္ဇ၏ အဖြစ်ကို ဤသို့သိရာ၏။ နစ္စ ဂီတ စသည်သည်၎င်း၊မာလာဂန္ဓစသည် သည်၎င်း၊ အကုသိုလ်,ကုသိုလ်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရယ်ရွှင် မြူးထူးလို၍ ကခြင်း ပန်းပန်ခြင်း အစရှိသည်သည် အကုသိုလ်မည်၏။ ထိုအကုသိုလ်ဖြစ်သော ကခြင်း-ပန်းပန်ခြင်း အစရှိသည်သည်

လူတို့သည် ကြဉ်အပ်သည်ဖြစ်၍ လောကဝဇ္ဇမည်၏၊ သဒ္ဓါရှိသွားလျက် ဘုရားစသည်အား ပူဇော်လို၍ ကခြင်း ပန်းပန်ခြင်း စသည်သည် ကုသိုလ် မည်၏။ ထိုကုသိုလ်ဖြစ်သော ကခြင်း,ပန်းပန်ခြင်း အစရှိသည်သည် သာမဏေ သီတင်းသည်တို့အား မအပ်ဟု ဘုရားပညတ်တော်မူသည်၏ အစွမ်းအားဖြင့် ကြဉ်အပ်သောကြောင့် ပဏ္ဏတ္တိဝဇ္ဇမည်၏။ ဤပဏ္ဏတ္တိဝဇ္ဇဖြစ်သော ကခြင်း ပန်းပန်ခြင်း စသည်ကိုရည်၍ အဋ္ဌကထာ၌ သေသာ ပဏ္ဏတ္တိဝဇ္ဇာတော-ဟု မိန့်အပ်၏။ ထို့ကြောင့် သာမဏေတို့၏ အထူးအကျိုးဖြစ်စေခြင်းငှါ ကျင့်သုံးအပ်သော ပဏ္ဏတ္တိဝဇ္ဇဖြစ်သော နောက်သိက္ခာပုဒ်ငါးပါး၊ သေခိယ သိက္ခာပုဒ်-စုဒ္ဒသ ခန္ဓကဝတ်စသော သီလတို့သည် မဂ်ဖိုလ်ဟူသော လွန်ကဲသော အကျင့်ဟု ဆိုအပ်သော အကျိုးရှိသောကြောင့် အမြွက်အားဖြင့် အာဘိသမာ စာရိက သီလမည်၏။ လူတို့၏ အထူးအကျိုး ဖြစ်စေခြင်းငှါ အားထုတ်၍ ကျင့်အပ်သော ပဏ္ဏတ္တိဝဇ္ဇဖြစ်သော အင်္ဂါသီလကို ဆောက်တည်ရာ၌ နောက်သုံးပါး၊ ဒသင်္ဂ သီလကိုဆောက်တည်ရာ၌ နောက်ငါးပါးသောသီလသည်၎င်း၊ သိင်္ဂါလောဝါဒသုတ်၌လာသော မိဘတို့အားပြုရသော ကျွေးမွေးခြင်း၊ ကိစ္စကြီးငယ်တို့ကိုရွက်ဆောင်ခြင်း၊ အမျိုးအနွယ်ကို မပျက်မစီးအောင် ကောင်းစွာ ထားခြင်း၊ မိဘ တို့၏ အမွေကို ခံထိုက်အောင်ကျင့်ဆောင်ခြင်း၊ ကွယ်လွန်သောမိဘကိုရည်၍ လှူဒါန်းပြီးလျှင် အမျှဝေခြင်း၊ ကျင့်ဝတ်ငါးပါးစသော ဝတ္တသီလသည်၎င်း၊ မဂ်ဖိုလ်ဟူသော လွန်ကဲသော အကျင့်ဟုဆိုအပ်သော အကျိုးရှိသောကြောင့် အမြွက်အားဖြင့် အာဘိသမာစာရိက သီလမည်၏။ သရဏဂုံကို ဆောက်တည်သည်ထက် သရဏဂုံနှင့် တကွသော ငါးပါး သီလကို ဆောက်တည် ခြင်းသည် လွန်ကဲထူးမြတ်သော အကျိုးရှိသကဲ့သို့ ထို့အတူ၊ ဤပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် လူတို့၏အမြွက်အားဖြင့် အာဒိဗြဟ္မစရိယကသီလမည်သော အာဇီဝဋ္ဌမက သီလ-ငါးပါးသီလတို့ကို ဆောက်တည်သည်ထက် ၎င်းသီလတို့နှင့်တကွ အမြွက်အားဖြင့် အာဘိသမာစာရိက သီလမည်သော အင်္ဂါအရာ၌နောက် သိက္ခာပုဒ်သုံးပါး၊ ဒသင်္ဂအရာ၌ နောက်သိက္ခာပုဒ် ငါးပါးတို့ကို ကျင့်သုံး ဆောက်တည်ရခြင်းသည် သာလွန်ထူးမြတ်သော အကျိုးရှိ၏ဟု မှတ်ရာ၏။

အာဒိဗြဟ္မစရိယက သီလာဒိသရူပဝိနိစ္ဆယကားပြီး၏။

---

• (၃၂) ပါရာဇိကသို့ ရောက်ပြီးသော ရဟန်းသည် ဂရုကံငါးပါးတို့တွင် တပါးပါးကိုပြု၍ လူမထွက်ဘဲသေသော်၊ ထိုသူသည် ပါရာဇိကကံ, ဂရုကကံ နှစ်ပါးတို့တွင် အဘယ်ကံဖြင့် အပါယ်သို့ လားမည်ကိုသိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ပါရာဇိက ဝီတိက္ကမ စေတနာသည်၎င်း၊ စေတနာရှိသည်ဖြစ်၍ ရောက်အပ်သော ဒုက္ခ၎ ဒုဗ္ဘာသိကစေတနာသည်၎င်း၊ အာဏာ ဝီတိက္က မန္တရာယ် ဖြစ်၍ အပါယ်လားကြောင်း အဖြစ်အားဖြင့် မြဲငြားသော်လည်း ဒုဗ္ဗလ အာသန္နကံ, အာစိဏ္ဏကံမျိုးသာဖြစ်၍ ဗလဝ အာနန္တရိယ နိယတ ဖြစ်သော ဂရုကံဖြင့်သာ ပါရာဇိကကျသော သူသည် အပါယ်ဂတိသို့ ရောက်ရမည်ဟု မှတ်ရမည်။ ။ ထို့ကြောင့်ဋီကာကျော်၌။ ။ကုသလံဝါ ဟောတု အကုသလံဝါ၊ ဂရုကာဂရုကေသု ယံဂရုကံ အကုသလပက္ခေ မာတုဃာတကာဒိကမ္မံ ကုသလပက္ခေ မဟဂ္ဂတကမ္မံဝါ၊ တဒေဝ ပဌမံ ဝိပစ္စတိ၊ သတိပိ အာသန္နာဒိကမ္မေ ပရိတ္တံ ဥဒကံ သြတ္ထရိတွာ ဂစ္ဆန္တော မဟောဃောဝိယ။ ။ဟုမိန့်အပ်၏။ ။ကုသလံဝါ၊ ကုသိုလ်ကံသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အကုသလံဝါ၊ အကုသိုလ် ကံသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဂရုကာဂရုကေသု၊ လေးသောကံ, ပေါ့သောကံတို့တွင်။ အကုသလပက္ခေ၊ အကုသိုလ်၏ အဘို့၌။ မာတုဃာတကာဒိ ကမ္မံဝါ၊ မာတုဃာတက စသော ကံလည်းဖြစ်သော။ ကုသလပက္ခေ၊ ကုသိုလ်၏ အဘို့၌။ မဟဂ္ဂတကမ္မံဝါ၊ မဟဂ္ဂုတ်ကံသည်း ဖြစ်သော။ ယံကမ္မံ၊ အကြင်ကံသည်။ ဂရုကံ၊ လေး၏။ တဒေဝကမ္မံ၊ ထိုလေးသော ကံသည်သာလျှင်။ အာသန္နာဒိကမ္မေ၊ အာသန္နကံ စသော ကံသည်။ သတိပိ၊ ရှိသော်လည်း။ ဝိပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။ ကေဝိယ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ ပရိတ္တံ၊ အနည်းငယ်သော။ ဥဒကံ၊ ရေကို။ သြတ္ထရိတွာ၊ လွှမ်းမိုး၍။ ဂစ္ဆန္တော၊ သွားသော။ မဟောဃော ဝိယ၊ ကြီးစွာသော ရေအယဉ်ကဲ့သို့တည်း။ ။(ဤကားအနက်)

အာပတ္တိ စေတနာကံထက် အာနန္တရိယ ဂရုကံသည်သာ ဗလဝဖြစ်ကြောင်း ဝိနိစ္ဆယကား ပြီး၏။

(၃၃) ယခုကာလ သီလခံယူရာ၌ ဝိရတီသုံးပါး ဖြစ်-မဖြစ်ကိုသိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

လောကီ ဝိရတီ, လောကုတ္တရာ ဝိရတီ နှစ်ပါးတို့တွင် လောကီ ဝိရတီသည် ဤသတ္တဝါကို သတ်အံ့ဟု ကြံပြီး၍ ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ ဖြစ်လတ္တံ့သော အသံဝရ ဒုဿီလျစေတနာကို ကြဉ်သောအခါ၌သာ ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်ကဲ့သို့ ဤသတ္တဝါကိုသတ်အံ့ဟု ဝဓကစေတနာ ရှေးသွား မရှိဘဲလျက် သက်သက် သတ္တဝါကို မသတ်ဘဲ ယခုရှောင်ကြဉ်သော အခါ၌ ကြဉ်သင့် ကြဉ်ထိုက်သော ဝီတိက္ကမိတဗ္ဗဝတ္ထုကိုသာအာရုံပြု၍ ဖြစ်လတ္တံ့သောအသံဝရဒုဿီလျ စေတနာ မရှိခြင်းကြောင့် မဖြစ်။ ။ထို့ကြောင့် အဋ္ဌသာလိနီ၌ သတ်အံ့ဟု

ကြံပြီး၍ ရှောင်ကြဉ်သောအခါ၌သာ ဝိရတိဖြစ်ကြောင်းကို။ ။ဇဂ္ဂနော တေန ဂန္တွာ တံ ဂဟေတွာ စိန္တေသိ မာတုဘေသဇ္ဇံ ကရောမီတိ။ ပုန စိန္တေသိ နမေတံ ပတိရူပံ၊ ယွာဟံ မာတုဇီဝိတကာရဏာပရံ ဇီဝိတာ ဝေါရောပေယျန္တိ။ အထ နံ အရညေ သသေဟိ သဒ္ဓိံ တိဏေဒကံ ပရိဘုဉ္ဇာတိ မုဉ္စိ။ ။ဟူသောပါဠိ။ ။ သော စိန္တေသိ ဣမာယ တိခိဏဝါသိယာ သီသံ ဆိန္ဒိဿာမီတိ၊ ပုန စိန္တေသိ နမေတံ ပတိရူပံ၊ ယွာဟံ ဘာဝနီယဿ ဂရုနော သန္တိကေ သိက္ခာပဒါနိ ဂဟေတွာ ဘိန္ဒေယျန္တိ။ ဧဝံ ယာဝတတိယံ စိန္တေတွာ ဇီဝိတံ ပရိစ္စဇာမိ၊ နသိက္ခာပဒန္တိ အံသေ ဌပိတံ တိခိဏဒဏ္ဍဝါသိံ အရညေ ဆဍ္ဍေသိ။ ။ဟူသော ပါဠိတို့ဖြင့်ပြတော်မူ၏။ ။{ရင်းပါဠိတို့၏အနက်ကိုအောက်ဝိရတိ အဆုံးအဖြတ်၌ရေးသားခဲ့ပြီ။}

တာဝတိံသာ စသော အထက်နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ သတ္တဝါတို့ကို သတ်အံ့ဟု ကြံစည်ခြင်းအလျဉ်းပင် မရှိသည်ဖြစ်၍ ကြဉ်သင့် ကြဉ်ထိုက်သော ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ ဖြစ်လတ္တံ့သော အသံဝရ ဒုဿီလျ စေတနာမရှိရကား ၎င်းဘုံတို့၌ သံဝရမည်သော ဝိရတိအစစ် မရှိကြောင်းကို ကထာဝတ္ထုပါဠိတော်၌။ ။နတ္ထိ ဒေဝေသု သံဝရောတိ အာမန္တာ။ ။ဟူသောပါဠိ၊ ၎င်းအဋ္ဌကထာ၌။ ။အဝသာနေ နတ္ထိ ဒေဝေသု သံဝရောတိ ပဥှေ ပါဏာတိ ပါတာဒီနိ ကတ္វာ ပုန တတော သံဝရာဘာဝံ သန္ဓာယပဋိညာ သကဝါဒိဿ။ ။ဟူသော ပါဠိတို့ဖြင့် ပြတော်မူ၏။ ။ဒေဝေသု၊တာဝတိံသာ စသောအထက်နတ် ဗြဟ္မာဘုံတို့၌။ သံဝရော၊ ပါဏာတိပါတစသည်တို့မှ စောင့်ရှောက် ရှောင်ကြဉ်တတ်သော ဝိရတိသည်။ နတ္ထိ၊ မရှိမှတ်ရမည်လော။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်၏ အမေးတည်း။ အာမန္တာ၊ တာဝတိံသာ စသော အထက်နတ်ဘုံ,ဗြဟ္မာ့ဘုံတို့၌ ပါဏာတိပါတစသည်တို့မှ စောင့်ရှောက် ရှောင်ကြဉ် တတ်သော ဝိရတိမရှိဟု မှတ်ရာ၏။ ဣတိအယံ၊ ဤသည်ကား၊ ဝိဿဇ္ဇနာ၊ သကဝါဒီ၏အဖြေတည်း။ ။(ဤကားပါဠိတော်၏အနက်)။ ။အဝသာနေ၊ အဆုံး၌။ နတ္ထိ ဒေဝေသု သံဝရောတိ ပဥှေ၊ နတ္ထိ ဒေဝေသု သံဝရော-ဟူသော ပုစ္ဆာ၌။ ပါဏာတိပါတာဒီနိ၊ သူ၏အသက်ကိုသတ်ခြင်း စသည်တို့ကို။ ကတွာ၊ ပြုပြီး၍။ ဝါ၊ ပြုအံ့ဟုကြံပြီး၍။ ပုန၊ တဘန်၊ တတော၊ ထိုရှေးပါဏာတိပါတ စသည်နှင့် တူသော ဖြစ်လတ္တံ့သော ပါဏာတိပါတ စသည်မှ။ ဝါ၊ သတ်အံ့ စသည်ဖြင့် ကြံအပ်သော ဖြစ်လတ္တံ့သော ပါဏာတိပါတ စသည်မှ။ သံဝရာဘာဝံ၊ စောင့်ရှောက် ရှောင်ကြဉ်တတ်သော ဝိရတိ၏ မရှိခြင်းကို။ သန္ဓာယ၊ ရည်၍။ ပဋိညာ၊ အာမန္တာ- ဟူ၍ ဝန်ခံခြင်းသည်။ သကဝါဒိဿ၊ သကဝါဒီ ပုဂ္ဂိုလ်၏။ ပဋိညာ၊ ဝန်ခံခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (ဤကားအဋ္ဌကထာ ပါဠ်အနက်)

ထိုစကားသင့်စွ၊ ပြုအပ်ပြီးသော ပါဏာတိပါတစသည်တို့နှင့် တူသော ဖြစ်လတ္တံ့သော ပါဏာတိပါတ စသည် ဂိုကိုသာ ဝိရတိ သုံးပါးသည်ကြဉ်၏၊ ဖြစ်ပြီးသော ပါဏာတိပါတ စသည်တို့ကို မကြဉ်ဟုမှတ်ရာ၏။ ။စာတုမဟာရာဇ်ဘုံ၌ သွင်း၍ ရေတွက်အပ်သောအချို့သောနတ်တို့သည် သူ့အသက်ကိုသတ်ခြင်း၊ ထိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကိုပြုရကား စာတုမဟာရာဇ်ဘုံ၌ ပါဏာတိပါတ ဒုဿီလျစေတနာမှကြဉ်တတ်သော ဝိရတိအစစ်ရှိသည်ဖြစ်၍ ဒေဝေသု-ဟုသာမန် ဟောတော်မူအပ်သော်လည်း တာဝတိံသာ စသောအထက်နတ်ဘုံကိုသာ ယူအပ်၏။ စာတုမဟာရာဇ်ဘုံကို မယူအပ်။ ။ထို့ကြောင့် မူလဋီကာ၌။ ။စာတုမဟာရာဇိကာနံ သံဝရာသံဝရသမ္ဘာဝေါ အာဋာနာဋိယသုတ္တေန ပကာသိတော တိ တာဝတိံသေ ဒေဝေ ဥပါဒါယာတိ အာဟ။ ။ဟုမိန့်အပ်၏။ ။စာတုမဟာ ရာဇိကာနံ၊ စာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သောနတ်တို့၏။ သံဝရာ သံဝရသမ္ဘာဝေါ၊ သံဝရ အသံဝရ နှစ်ပါး၏ ထင်ရှားခြင်းသည်။ အာဋာနာဋိယ သုတ္တေန၊ အာဋာနာဋိယသုတ်ဖြင့်။ ပကာသိတော၊ ထင်ရှား၏။ ဣတိကတွာ၊ ဤသို့နှလုံးပိုက်တော်မူ၍၊ အာစရိယော၊ အဋ္ဌကထာဆရာသည်။ တာဝတိံသေ ဒေဝေ ဥပါဒါယာတိ၊ ဟူ၍။ အာဟ၊ ဆိုတော်မူ၏။ ။(ဤကားအနက်)

စာတုမဟာရာဇ်ဘုံ၌သုဂတိအဟိတ်ပုဂ္ဂိုလ်ရှိ၏ဟူသော်လည်းစာတုမဟာရာဇ်ဘုံ၌ သင်္ဂြိုဟ်အပ်သော တပါးသော နတ်ဘုံတို့၌သာ သုဂတိအဟိတ် ပုဂ္ဂိုလ်ရှိသည်။ စာတုမဟာရာဇ်ဘုံ၌မရှိသကဲ့သို့ ထို့အတူ စာတုမဟာရာဇ်ဘုံ၌ သင်္ဂြိုဟ်အပ်သော တပါးသော နတ်ဘုံတို့၌သာ ပါဏာတိပါတ ဝိရတိ ရှိသည်။ စာတုမဟာရာဇ်ဘုံ အပြင်၌ ပါဏာတိပါတ ဝိရတိ မရှိဟု ဆရာတို့ဆိုကုန်၏။ တာဝတိံသာ နတ်ပြည်၌ အဘယ့်ကြောင့် သံဝရ အသံဝရနှစ်ပါး မရှိလေသနည်း။ ရှေးအခါ တာဝတိံသာ နတ်ပြည်၌ ရှေ့နေနှင့်သော အာဝါသိက နတ်တို့၏ သေသောက်ခြင်း ဟူသော အသံဝရ, နောက်လာသော အာဂန္တု ဖြစ်သော သိကြားပရိသတ်၏ သေသောက်ခြင်းမှ ကြဉ်ခြင်းဟုဆိုအပ်သော သံဝရ ဝိရတိ ရှိသည်မဟုတ်လော ဟူငြားအံ့၊ ထိုရှေးအခါ၌ ထင်ရှားရှိသည် မှန်ငြားသော်လည်း သိကြားပရိသတ်တာဝတိံသာ နတ်တို့ ထင်ရှား ဖြစ်လာသည်မှစ၍ ယခုကာလတိုင်အောင် ထိုတာဝတိံသာနတ်တို့မှာ သေသောက်ခြင်းဟူသော အသံဝရ တရားမရှိ။ ထို့ကြောင့် တာဝတိံသာနတ်ပြည်၌ လောကီဝိရတိ ဖြစ်သော သံဝရ, အသံဝရ နှစ်ပါးမရှိဟုဆိုသည်ဟူပေ။ လောကုတ္တရာ ဝိရတိကား တာဝတိံသာ စသောဘုံ၌လည်း ရှိ၏။ ။ထို့ကြောင့် အနုဋီကာ၌။ ။တေ့စ တာဝတိံသာနံ ပါတုဘာဝတော ပဋ္ဌာယ သုရာပါနံပိ ဇတ္ထ နာဟောသိ။ ပဂေဝ ပါဏာတိပါတာ ဒယောတိ ဝီတိက္ကမိတဗ္ဗာဘာဝတောဝေ တာဝတိံသတော

ပဋ္ဌာယ ဥပရိ ဒေဝလောကေသု သမာဒါနသမ္ပတ္တဝိရတိ ဝသေန ပူရေတဗ္ဗာ သံဝရာ နသန္တိ။ လောကုတ္တရာပန သန္တိယေဝ။ ။ဟုမိန့်အပ်၏။ ။၈၊ ဆက်၍ ဆိုဦးအံ့။ ထွေ၊ဤသံဝရရှိမရှိကို ဆိုရာ၌။ တာဝတိံသာနံ၊ တာဝတိံသာ နတ်တို့၏။ ပါတုဘာဝတော၊ ထင်ရှားဖြစ်သည်မှ။ ပဋ္ဌာယ၊ အစပြု၍။ တတ္ထ၊ ထိုတာဝတိံသာနတ်ပြည်၌။ သုရာပါနမ္ပိ၊ သေရည် သောက်ခြင်း သည်လည်း။ န အဟောသိ၊ မဖြစ်ဘူးလေ။ ပါဏာတိပါတာဒယော၊ သူ၏အသက်ကို သတ်ခြင်း စသည်တို့သည်။ ပဂေဝ၊ ရှေးဦးကပင်လျှင်။ နာဟေသုံ၊ မရှိကြလေကုန်။ ဣတိ တသ္မာ ဝိတိက္ကမိတဗ္ဗာဘာဝတောဝေ၊ ဤသို့လွန်ကျူးအပ်သော ဝတ္ထု၏မရှိခြင်း ကြောင့်သာလျှင်။ တာဝတိံသတော၊ တာဝတိံသာနတ်ပြည်မှ။ ပဋ္ဌာယ၊ အစပြု၍။ ဥပရိဒေဝလောကေသု၊ အထက်နတ်ပြည်တို့၌။ သမာဒါနသမ္ပတ္တ ဝိရတိ ဝသေန၊ သမာဒါနဝိရတီ သမ္ပတ္တဝိရတီ့တို့၏အစွမ်းဖြင့်။ ပူရေတဗ္ဗာ၊ ဖြည့်ကျင့်အပ်ကုန်သော။ သံဝရာ၊ သံဝရဘာရားတို့သည်။ နသန္တိ၊ မရှိကုန်။ လောကုတ္တရာပန၊ လောကုတ္တရာ ဖြစ်သော သံဝရမည်သော ဝိရတီတို့သည်ကား။ သန္တိယေဝ၊ ရှိကုန်သည်သာလျှင်တည်း။ ။(ဤကားအနက်)

မြောက်ကျွန်း၌ သတ်အံ့ဟု စိတ်ဖြစ်ခြင်းပင် မရှိရကား ဝိရတီ အစစ်မရှိ။ ရဟန္တာကဲ့သို့သောတာပန် စသည်တို့အားလည်း သတ်အံ့စသည်ဖြင့် စိတ်ဖြစ်ခြင်း မရှိရကား လောကီဝိရတီ မဖြစ်ဟု မှတ်ရာ၏။ ထို့ကြောင့် ယခုကာလ သီလ ဆောက်တည်ခံယူကြသော အရာတို့၌ သတ်အံ့စသည်ဖြင့် စိတ်ဖြစ်ခြင်းပင် မရှိသောကြောင့် ဝီတိက္ကမိတဗ္ဗဝတ္ထုကိုအာရုံပြု၍ ဖြစ်လတ္တံ့သော အသံဝရ ဒုဿီလျ စေတနာကို ကြဉ်တတ်သော ဝိရတီ အစစ် မဖြစ်ဟု မှတ်ရာ၏။ သဒ္ဓါ တရား အလျောက် ဆောက်တည်သောအရာ ဆရာမိဘတို့သည် အနိုင် အထက် ပြုအပ်သည်ဖြစ်၍ ငိုလျက်ဆောက်တည်သော အရာတို့၌ ပြဆိုအပ်ခဲ့ ပြီးသော နည်းဖြင့် ခဏတ္တယ၏အစွမ်းအားဖြင့် သိက္ခာပုဒ် သီလတို့သည် မဖြစ်ငြားသော်လည်း နောင်ဖြည့်ကျင့်ခြင်းငှါ ထိုက်သည်၏ အစွမ်းဖြင့် ထိုဆောက်တည်ဆဲ ခဏ၌ပင် သိက္ခာပုဒ်တို့သည် ပြည့်စုံကုန်၏။ ဥပမာကားသဒ္ဓါတရားအလျောက် ရဟန်းခံသောအရာ၊ ဆရာမိဘတို့သည် အနိုင်အထက်ပြုအပ်သည် ဖြစ်၍ ရဟန်း ခံသောအရာတို့၌ လွန်ကျူးလိုသော စိတ် ရှေ့သွားပြီး၍ ပယ်ရှားရှောင်ကြဉ် ခြင်းမရှိရကား နှစ်ရာ့နှစ်ဆဲ့ ခုနစ်ပါးသော သိက္ခာ ပုဒ်တို့သည် ခဏတ္တယ၏ အစွမ်းအားဖြင့် မဖြစ်ငြား သော်လည်း နောင်ဖြည့်ကျင့်ခြင်းငှါ ထိုက်သည်၏ အစွမ်းအားဖြင့် ကမ္မဝါစာ၏ အဆုံး၌ ပဥ္စင်းသစ် တို့အား ထိုသိက္ခာပုဒ်တို့ သည် ပြည့်စုံသကဲ့သို့တည်း။ ထိုစကားသင့်စွ၊ ခံယူပြီးသောအခါ ကမ္မဝါစာပြီး ဆုံးသော အခါမှစ၍ အယုတ်အားဖြင့် အိပ်ပျော်၍ နေသော်လည်း သီလရှိ

သည်ဟု ဆိုအပ်၏။ စင်စစ်သော်ကား ဝီတိက္ကမစိတ်ရှေသွား၍ ရှောင်ရှား ကျင့်သုံးသော အခါသာ စင်စစ်သီလနှင့် ပြည့်စုံ သတည်း။ ဤသို့ ကုသိုလ်စိတ်ဖြင့်ရင်း၊ ဒေါမနဿ စိတ်ဖြင့်ရင်း သီလခံယူပြီး၍ နောက်သောအခါ သတ္တဝါကိုသတ်အံ့ဟု ကြံ၍ ဆရာထံက ခံယူ အပ်ပြီးသော သီလကို ဖျက်ဆီးခြင်းငှါ မသင့်ဟု တဘန်ကြံပြန်၍ သတ်ခြင်းမှ ရှောင်ကြဉ်၏။ ဤကဲ့သို့ ကုသိုလ်စိတ်ဖြင့် ဆောက်တည်သည်ဖြစ်စေ၊ ဒေါမနဿစိတ်ဖြင့်ဆောက်တည်သည်ဖြစ်စေ ဆောက်တည်ခဲ့ဘူးသည်ကို အကြောင်းပြု၍ သူ့အသက်ကို သတ်ခြင်း အစ ရှိသည်မှ ရှောင်ကြဉ်သော ဝိရတီသည် ရင်း၊ တယောက်သော သူသည် အိမ်၌ရှိသော ဆိတ်ကိုသတ်အံ့ဟုကြံ၍ တစုံတခုသော ကိစ္စဖြင့် ကျောင်းလာ၍ အလိုအလျောက် ရင်း၊ တရားဟောပြ၍ရင်း အပါယ်ဘေးမှ ကြောက်သဖြင့် မသတ်တော့အံ့-ဟု ဆိတ်ဟူသော ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍သီလဆောက်တည်၏။ တယောက်သော သူသည် ဖြစ်လတ္တံ့သော ဆိတ်ငယ်တို့ကို တွင်းချ၍သတ်အံ့-ဟု ကြံ၍ စဉ်းငယ်တွင်းတူး၍ တစုံတခုသော ကိစ္စဖြင့် ကျောင်းသို့ သွား၍ ရှေးအတူ အပါယ်ဘေးမှ ကြောက်သဖြင့် မသတ်တော့အံ့-ဟု ဖြစ်လတ္တံ့သော ဆိတ်ငယ်ဟူသော ဝတ္ထုကို အာရုံပြု၍ သီလ ဆောက်တည်၏။ ဤသို့ သတ်အံ့ဟု ကြံ၍ သီလဆောက်တည်လျက်ပင် ကြဉ်သော ဝိရတီသည်ရင်း သမာဒါန ဝိရတီ မည်၏။ ။ထို့ကြောင့် အဋ္ဌသာလိနီ၌၊ ။သမာဒိန္နသိက္ခာပဒါနံ ပန သိက္ခာပဒသမာဒါနေစ တတုတ္တရိစ အတ္တနော ဇီဝိတမ္ပိ ပရိစ္စဇိတွာ ဝတ္ထုံ အဝီတိက္ကမန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမာဒါနဝိရတီတိ ဝေဒိတဗ္ဗာ။ ။ဟုမိန့်အပ်၏။ ။ ပန၊ အဘိုတပါးကို ဆိုဦးအံ့။ သမာဒိန္နသိက္ခာပဒါနံ၊ ကောင်းစွာ ဆောက်တည်အပ်ပြီးသော သိက္ခာပုဒ် သီလရှိကုန်သော ပုဂ္ဂိုလ် တို့အား။ သိက္ခာပဒသမာဒါနေစ၊ သိက္ခာပုဒ်ကို ဆောက်တည်ဆဲသောအခါ၌ရင်း။ တတုတ္တရိစ၊ ထိုသိက္ခာပုဒ်ကိုဆောက်တည်ပြီးသည်မှ နောက်ဖြစ်သော ကာလ၌ရင်း။ အတ္တနော၊ မိမိ၏။ ဇီဝိတမ္ပိ၊ အသက်ကိုသော်လည်း။ ပရိစ္စဇိတွာ၊ စွန့်၍။ ဝတ္ထုံ၊ ဝီတိက္ကမိတဗ္ဗဝတ္ထုကို။ အဝီတိက္ကမန္တာနံ၊ မလွန်ကျူးကုန်သောသူတို့အား။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သော။ဝိရတိ၊ ဝိရတီကို။ သမာဒါနဝိရတီတိ၊ ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်၏။ ။

(ဤကားအနက်)

ဤ၌ အနာဂတ်ကို အာရုံပြု၍ ဝိရတီ ဖြစ်ကြောင်းကို ဃခင် ပြအပ်ခဲ့ပြီးသော သဘာဝယုတ္တိကိုရင်း၊ အနာဂတာရမ္မဏာ မေ့ာ—ဟူသော ပုဒ်၌ ဝိရတီနှင့် တကွ ကောက်ယူသော ဆရာတို့၏ စကားကိုရင်း ထောက်၍ သိအပ်၏။ သိက္ခာပဒ ဝိဘင်းပါဠိတော်၌။ ။ပဉ္စသိက္ခာပဒါနိ ပစ္စုပ္ပန္နာရမ္မဏာနိ။ ။ ဟုဟောတော်မူအပ်သည်ကို သမ္ပတ္တဝိရတီကိုရည်၍ ဟောအော်မူအပ်၏ ဟု မှတ်

ရာ၏။ ။ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။ယသ္မာ စ သဗ္ဗာနိပိ တောနိ သမ္ပတ္တဝိရတိဝသေနေဝ နိဒ္ဒိဋ္ဌာနိ။ တသ္မာ ပရိတ္တာ ရမ္မဏာတိစ ပစ္စုပ္ပန္နာရမ္မဏာတိစ ဝုတ္တံ။ ။ဟုမိန့်အပ်၏။ ။ပဥ္စသိက္ခာပဒါနိ၊ ငါးပါးသော သိက္ခာပုဒ်တို့သည်။ ပစ္စုပ္ပန္နာ ရမ္မဏာနိ၊ ပစ္စုပ္ပန်ဘာရားလျှင် အာရုံရှိကုန်၏။ ။(ဤကားပါဠိတော်၏ အနက်)။ ။စ၊ ဆက်ရှိဆိုဦးအံ့။ ယသ္မာ၊ အကြင့်ကြောင့်။ သဗ္ဗာနိပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ တောနိ၊ ထိုငါးပါးသော သိက္ခာပုဒ်တို့ကို။ သမ္ပတ္တ ဝိရတိဝသေနေဝ၊ သမ္ပတ္တဝိရတီ၏ အစွမ်းဖြင့်သာလျှင်။ နိဒ္ဒိဋ္ဌာနိ၊ ညွှန်ပြအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပရိတ္တာရမ္မဏာတိစ၊ ပရိတ္တာရမ္မဏာ ဟူ၍၎င်း။ ပစ္စုပ္ပန္နာရမ္မဏာတိစ၊ ပစ္စုပ္ပန္နာရမ္မဏာဟူ၍၎င်း။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။(ဤကား အဋ္ဌကထာ ပါဠိ၏ အနက်)

လောကုတ္တရာ ဝိရတီသည် နိဗ္ဗာန်ကို အာရုံပြု၍ အနုသယ ကိလေသာကို ကြဉ်သောကြောင့် တကွ နက် သုံးပါးလုံး ဖြစ်နိုင်သည်။ လောကီ ဝိရတီသည် အသီးအသီးသော ဝီတိက္ကမိတဗ္ဗ ဝတ္ထုကို အာရုံ ပြု၍ ဖြစ်လတ္တံ့သော အသီး အသီးသော ဝီတိက္ကမကိလေသာကို ကြဉ်သောကြောင့် အသီးအသီးသာ ဖြစ်နိုင်သည်။ ထို့ကြောင့် ယခင်ပြအပ်ခဲ့ပြီးသောနည်းဖြင့် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ တပေါင်းတည်း ဆောက် တည်ရာ၌ အာရုံဖြစ်သော ဝီတိက္ကမိတဗ္ဗ ဝတ္ထု၊ကြဉ်အပ်သော ဝီတိက္ကမကိလေသာတို့ အားလျော်စွာ ကြဉ်တတ်သော ဝိရတီ တပါးပါးသာဖြစ်၏။ နောင်ဖြည့်ကျင့်ထိုက်သည်၏အစွမ်းအားဖြင့် ပြည့်စုံကုန်၏ဟု မှတ်ရာ၏။ ။ဤတွင် ငါးလျက် ဆောက်တည်ခံယူခြင်း သည်လည်း နောင်အစစ်ဖြစ်လတ္တံ့သော သီလ၏အကြောင်းဖြစ်၍ သီလပင် မည်၏။ဥပမာကား- နေတ္တိ ပါဠိတော်၌ အနာဂတ္တဖြစ်သော မဂ်ဖိုလ်ကို နာမလေသ အားဖြင့် အာရုံပြုသော အနဝဇ္ဇတ္တ ကုသလမည်သော မဂ်ဖိုလ်၏ အကြောင်း ဖြစ်သော တဏှာကိုလည်း ကုသလဟုဆိုအပ်သကဲ့သို့တည်း။ သီလကို ဆောက်တည် ခံယူလျက်ပင် ဝိရတီအစစ်ဖြစ်၏ဟူရာ၌ အကြားအကြား၌ အသံကိုရင်း၊ ဝီတိက္ကမိတဗ္ဗ ဖြစ်သော ဆိတ်ဟူသော ဝတ္ထုကိုရင်း အာရုံပြု၏။ ယင်းတွင် အသံကို အာရုံပြုသောအခါ ဝိရတီအစစ် မဟုတ်ငြားသော်လည်း သီလ၌ညွှတ်ကိုင်း ရှေးရှုခြင်း ရှိရကား သီလပင် မည်၏။ ဥပမာကား။ ။အရိယ ဘူမိံ သြက္ကမိတုံ အသက္ကောန္တောပိ တံကိလေသံ ဝိက္ခမ္ဘေတွာ ကမ္မဋ္ဌာနံ မနသိကရောန္တော ဝဋ္ဋတိ။ န ကမ္မဋ္ဌာနဝိယုတ္တေန ပါဒံ ဥဒ္ဓရတိ။ ။ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာ သွား၏ ဟူငြားသော်လည်း ကမ္မဋ္ဌာန်းကိုရင်း၊ အကြားအကြား၌ လမ်းကိုရင်း အာရုံပြုသကဲ့သို့ လမ်းကို

အာရုံပြုခြင်းသည်လည်း ကမ္မဋ္ဌာန်း၌ ညွှတ်ကိုင်းရှေးရှုခြင်းရှိရကား ကမ္မဋ္ဌာန်း ပင် မည်သကဲ့သို့တည်း။ ။အရိယဘူမိံ၊ အရိယာဘုံသို့။ ဩက္ကမိတုံ၊ သက်ခြင်းငှါ။ အသက္ကောန္တောပိ၊ မတတ်ကောင်းသော်လည်း။ တံကိလေသံ၊ ထိုဖြစ်သော ကိလေသာကို။ ဝိက္ခမ္ဘေတွာ၊ ခွါ၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ မနသိကရောန္တောဝ၊ နှလုံးသွင်းလျက်သာလျှင်။ ဂစ္ဆတိ၊ သွား၏။ ကမ္မဋ္ဌာန ဝိယုတ္တေန၊ ကမ္မဋ္ဌာန်းနှင့် ကင်းသော စိတ်ဖြင့်။ ပါဒံ၊ ခြေကို။ နုဒ္ဒရတိ၊ မနုတ်။ ။(ဤကားအနက်)

ရဟန်းက သင်ပြသည့်ကို လိုက်၍ဆိုပြီးလျှင် ဒါနဝတ္ထုကို ဒါယကာ ရေစက်ချရာ၌လည်း သီလခံယူသည်နှင့် အတူပင် မှတ်ရာ၏။ ထိုစကားသင့်စွ၊ ရေစက်ချရာ၌လည်း အသံကိုရင်း၊ အကြား အကြား၌ နှလုံးသွင်းရင်း ဒါန ဝတ္ထုဟူသော အာရုံကိုရင်း အာရုံပြု၍ ပရိစ္စာဂစေတနာ ဖြစ်သတည်း။ သူ့အသက်ကိုသတ်ခြင်းစသည်မှ ကြဉ်ရှောင်ကြောင်း သီလကို ခံယူအံ့ဟု ဆုံးဖြတ် ပြီး၍ အလိုအလျောက် ပါဏာတိပါတာ ဝေရမဏိ· စသော မနသာဝ ဝတ္တာပိတ သဒ္ဒါဟုဆိုအပ်သော စိတ်ဖြင့်မှတ်သား၍ ထားအပ်သော သဒ္ဒါအစဉ်ကို အာရုံပြု၍ခံယူဆောက်တည်ခြင်း၊ ပို့ချသော အသံကို အာရုံပြု၍ ခံယူဆောက်တည်ခြင်း၊ အကြား အကြား၌ အသံကိုရင်း၊ ဤသတ္တဝါတို့ကို မသတ်တော့အံ့ဟု ထင်တိုင်းသော သတ္တဝါစသော အနက်ကိုရင်း အာရုံပြု၍ ခံယူ ဆောက်တည်ခြင်းများသည် ဝိတိက္ကမိတဗ္ဗဝတ္ထု ရှေ့သွားမရှိသည်ဖြစ်၍ ဝိရတီ အစစ်မဖြစ်ငြားသော်လည်း အစစ်ဖြစ်လတ္တံ့သောသီလသို့ရှေးရှုညွှတ်ကိုင်းခြင်းရှိရကား စေတနာသီလလည်းမည်၏။ နောင်တွေ့ဘိမူ ကြဉ်အံ့ဟု အားထုတ်၍ ဆောက်တည်ခြင်းကြောင့် ဝီရိယသီလလည်း မည်၏။ ။ ကေစ္စိ သမာဒိယတော ကောယေဝ ဝိရတိ ကောယေဝ စေတနာ ဟောတိ။ ။(ခုဒ္ဒကပါဌ အဋ္ဌကထာ)။ ။ ကေစ္စိ၊ တပေါင်းတည်း။ သမာဒိယတော၊ ဆောက်တည်သောသူအား။ ကောယေဝ၊ တခုတည်းသာလျှင်ဖြစ်သော။ ဝိရတိ၊ ဝိရတီသည်ရင်း။ ကောယေဝ၊ တခုတည်းသာလျှင် ဖြစ်သော။ စေတနာစ၊ စေတနာသည် ရင်း။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ရင်းအဋ္ဌကထာ၌ ကောယေဝ ဝိရတိ—ဟူသည်ကိုလည်း ယခုကာလ ကဲ့သို့ ဆောက်တည်သော အရာ၌ တွေ့ဘိမူကြဉ်အံ့ဟု အားထုတ်၍ ဆောက်တည်ခြင်း ဝီရိယကိုပင် ယူအပ်၏။ ရဟန်းတို့၏ ကုဟနဝတ္ထု၊ သုံးပါးမှ ကြဉ်ခြင်းကို ပြရာ မိစ္ဆာဇီဝါဝိရတိ—ဟူသောပါဠိဖြင့် အားထုတ်၍ ကြဉ်ခြင်း ဝီရိယကိုသာ ယူအပ်သကဲ့သို့တည်း။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌။ ။ယံ တသ္မာ

သဗ္ဗပကာရာ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝ ပါရိသုဒ္ဓိသီလံ။ တတြာယံဝစနတ္ထော၊ တေ အာဂမ္မ ဇီဝန္တီတိ အာဇီဝေါ။ ကော သော၊ ပစ္စယ ပရိယေသန ဝါယာမော။ ။ဟုမိန့်အပ်၏။ ။[ ၎င်းပါဠိ၏အနက်ကို အောက်ဝိရတိအဆုံးအဖြတ် ကပေးခဲ့ပြီ]။ ။ရှေးအဘို့၌၎င်း၊ ဆောက်တည်သောအခါ၌၎င်း သီလ၏အင်္ဂါကိုမသိမူ၍ သူတပါးသို့အတုလိုက်၍ ခံယူသောသူအား နောက်၌ မချွတ် သီလသည် မပျက်စီးဘဲ တည်လတ္တံ့သည် ဖြစ်အံ့၊ ငိုလျက် ဆောက်တည်သော သူကဲ့သို့ နောင်အခါရှောင်ကြဉ်ကြောင်း၏ အဖြစ်ဖြင့် ထိုဆောက်တည်သော ခဏ၌ပင်ပြည့်စုံ၏။ နောက်အခါ စိုးစဉ်းအနည်းငယ်မျှ မသိဘဲ နေ့အဘို့ကို ကုန်သောသူအား ဆောက်တည်ဆဲ ခဏ၌ မပြည့်စုံဟု မှတ်ရာ၏။ ထိုစကားသင့်စွ၊ ဆောက်တည်ခြင်းကိုအကြောင်းပြု၍ နောင်သီလအင်္ဂါပြည့်စုံသော်သာ သမာဒါနဝိရတိဟု ဆိုသင့်သည်ဟု မှတ်ရာ၏။

သီလကို ဆောက်တည်ဆဲခဏ၌ ဝိရတိသုံးပါး ဖြစ်,မဖြစ်

အဆုံးအဖြတ်ကား ပြီး၏။

---

(၃၄) ဝိကာလဘောဇန စသော အင်္ဂါငါးပါးမှ ရှောင်ကြဉ်ရာ၌ ဝိရတိအစစ် ဖြစ်,မဖြစ်ကိုသိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ဝိရတိဟူသည် အသက် မွေးခြင်းလျှင် အကြောင်းရှိ–မရှိ နှစ်ပါး စုံသော ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ် ရာ၌သာ ဝိရတိသုံးပါးဖြစ်သည်။ ကြွင်းသော အလုံးစုံသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ရာ၌ ဝိရတိသုံးပါး မဖြစ်ဟုမှတ်ရာ၏။ ။ထို့ကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်၌။ ။ယာတသ္မိံ သမယေ စတူဟိ ဝစီ ဒုစ္စရိတေဟိ အာရတိ ဝိရတိ။ ပ။ ယာ တသ္မိံ သမယေ တီဟိကာယဒုစ္စရိတေဟိ အာရတိ ဝိရတိ။ ပ။ ယာတသ္မိံ သမယေ မိစ္ဆာအာဇီဝါ အာရတိ ဝိရတိ။ ။ဟုဟောတော်မူအပ်၏။ ။အဋ္ဌကထာ၌လည်း။ ။အာဇီဝေါ နာမေသ ပါဋိယေက္ကော နတ္ထိ။ ဝါစာကမ္မေ္ဗသု ဂဟိတေသု ဂဟိတောဝ ဟောတိ တပ္ပက္ခိကတ္တာ။ ဓုဝပဋိသေဝန ဝသေနပနာယံ တတော နီဟရိတွာ ဒဿိတောတိ။ ဧဝံ သန္တေ သမ္မာအာဇီဝေါ သကိစ္စကော န ဟောတိ။ အဋ္ဌမဂ္ဂင်္ဂါနိ နပရိပူရေန္တိ။ တသ္မာ အာဇီဝေါ သကိစ္စကော ကာတဗ္ဗော။ အဋ္ဌမဂ္ဂင်္ဂါနိ ပရိပူရေတဗ္ဗာနီတိ။ တတြာယံ နယော။ အာဇီဝေါ နာဘိဇ္ဇမာနော ကာယဝစီဒွါရေသုယေဝ ဘိဇ္ဇတိ။ မနောဒွါရေ အာဇီဝဘေဒေါ နာမ နတ္ထိ။ ကာယဒွါရေပန ဝီတိက္ကမော

အာဇီဝဟေတုကောပိ အတ္ထိ၊ နအာဇီဝ ဟေတုကောပိ။ တထာဝစီဒွါရေ။ တတ္ထ ယံရာဇ ရာဇမဟာမတ္တာ ခိဍ္ဍာ ပသုတာ သူရဘာဝံ ဒဿေန္တာ မိဂဝဓံဝါ ပန္ထဒူ ဟံဝါ ပရဒါရဝီတိက္ကမံဝါ ကရောန္တိ။ ဣဒံအကုသလံ ကာယကမ္မံနာမ။ တတော ဝိရတိပိ သမ္မာကမ္မန္တာနာမ။ ယံပန နအာဇီဝဟေတုကံ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ ဘာသန္တိ။ ဣဒံ အကုသလံ ဝစီကမ္မံနာမ။ တတော ဝိရတိပိ သမ္မာဝါစာနာမ။ ယံပန အာဇီဝဟေတု နေသာဒမစ္ဆ ဗန္ဓာဒယော ပါဏံ ဟနန္တိ။ အဒိန္နံ အာဒိယန္တိ၊ မိစ္ဆာစာရံ စရန္တိ။ အယံ မိစ္ဆာဇီဝေါနာမ၊ တတောဝိရတိ သမ္မာအာဇီဝေါနာမ။ ယမ္ပိလဥ္စံ ဂဟေတွာ မုသာ ဘဏန္တိပေသုညဖရုသသမ္ဖပ္ပလာပေ ပဝတ္တေန္တိ။ အယမ္ပိ မိစ္ဆာဇီ.ဝေါနာမ။ တတောဝိရတိ သမ္မာအာဇီဝေါနာမ။ ။ဟူ၍ငင်း။ ။ အယမ္ပိ သမ္မာအာဇီဝေါ ပုဗ္ဗဘာဂေ နာနာစိတ္တေသု လဗ္ဘတိ။ အညေနေဝဟိ စိတ္တေန ကာယဒွါရဝီတိက္ကမာ ဝိရမတိ။ အညေနဝစီဒွါရ ဝီတိက္ကမာ။ လောကုတ္တရမဂ္ဂက္ခဏေပန ဧကစိတ္တသ္မိံယေဝ လဗ္ဘတိ။ ကာယဝစီဒွါရေသုဟိ ကမ္မပထဝသေန ဥပ္ပန္နာယ မိစ္ဆာဇီဝသင်္ခါတာယ ဒုဿီလျစေတနာယ ပစ္စွေဒံ ကုရုမာနာ မဂ္ဂင်္ဂံ ပူရယမာနာ ဧကာဝိရတိ ဥပ္ပဇ္ဇတိ။ ။ဟူ၍ငင်း မိန့်အပ်၏။ ။[ငင်းပါဠိ-အဋ္ဌကထာတို့၏ အနက်ကို အောက်မိစ္ဆာဇီဝ အဆုံးအဖြတ်က ရေးပြီး ဖြစ်သောကြောင့် ဤ၌မရေးတော့ပြီ။ အလိုရှိပါမူ မိစ္ဆာဇီဝ အဆုံးအဖြတ်မှာ ပြန်၍ကြည့်လေ။]

မိစ္ဆာဇီဝ ကုဟန ဝတ္ထုသုံးပါးမှ ကြဉ်ခြင်းသည်လည်း သမ္မာအာဇီဝ ဝိရတီ မည်၏ ဟု မဟာသိဝမထေရ် အယူတော်ရှိကြောင်း ၎င်းဓမ္မသင်္ဂဏီ အဋ္ဌကထာ လောကုတ္တရာစိတ်၏အဘွင့်၌ပင် လာ၏။ ဋီကာကျော်၌လည်း ၎င်းထေရာ ဝါဒ သို့လိုက်၍။ ။ကုဟန လပနာဒိမိစ္ဆာဇီဝ ဝိရမဏဝသေန ဗဟုဝိဓောဝါ။ ။ဟု လာ၏။ ။၎င်းဝါဒကို အဋ္ဌကထာဆရာ နှစ်သက်ရိပ် မရှိ။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။ ။ယာ ဟသ္မာ သဗ္ဗပကာရာပိ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံအာဇီဝပါရိ သုဒ္ဓိသီလံ၊ တတြာယံ ဝစနတ္ထော။ တေံ အာဂမ္မဇီဝန္တိတိ အာဇီဝေါ။ ကော သော၊ပစ္စယပရိယေသနဝါယာမော။ ။ဟုမိန့်အပ်၏။ ။[၎င်းဋီကာ- အဋ္ဌကထာတို့၏ အနက်ကိုလည်း အလိုရှိပါမူ အောက်မိစ္ဆာဇီဝ အဆုံးအဖြတ်မှာ ကြည့်]။ ။ဤအဋ္ဌကထာ၌ ကုဟန မိစ္ဆာဇီဝမှ ကြဉ်ခြင်း ဟူသည် သမ္မာဝါယာမတည်းဟု ပြတော်မူ၏။ ဤသို့ အဋ္ဌကထာ ဝါဒအားဖြင့် ကာယ' ဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါးမှ ကြဉ်ရာ၌သာ ဝိရတီသုံးပါး ဖြစ်ကြောင်း။ ထေရ ဝါဒအားဖြင့်-၎င်းဒုစရိုက်တို့နှင့်တကွ မိစ္ဆာဇီဝ ကုဟနဝတ္ထုသုံးပါးတို့မှ ကြဉ်ရာ၌သာ ဝိရတီသုံးပါးအစစ် ဖြစ်ကြောင်း လာသောကြောင့် ဝိကာလ

ဘောဇန စသောနောက်အင်္ဂါငါးပါးတို့မှ ကြဉ်ရာ၌ ဝိရတီအစစ်မဖြစ်၊စေတနာ သီလ, စီရိယသီလသာ ဖြစ်သည်ဟု မှတ်ရာ၏။

ဝိကာလဘောဇန စသော နောက်သီလငါးပါးတို့၌ ဝိရတီအစစ် မဖြစ်ကြောင်း ဝိနိစ္ဆယကား ဤတွင်ရှေ့ပြီး၏။

---

(၃၅) အနာထပိဏ်သူဌေးသည်၊ သားငယ်နို့စို့တို့ကို သီလခံယူစေသည်ဟူရာ၌ အဘယ်သို့ သီလ ခံယူစေသည်, အဘယ်သို့ သီလပြည့်စုံသည်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ယဒါပန ဉာတိဇနဿ ပဋိပတ္တိဒဿနေန ဇာတပရိစယာ ဗာလ ဒါရကာ ဘိက္ခူ ဒိသွာ သောမနဿဇာတာ သဟသာ ကိဥ္စိဒေဝ ဟတ္ထဂတံ ဒဒန္တိဝါ ဝန္ဒန္တိဝါ။ တဒါ တေသံ တတိယစိတ္တံ ဥပ္ပဇ္ဇတိ။ ။(ဋီကာကျော်)။ ။ယဒါပန၊ အကြင်အခါ၌ကား။ဉာတိဇနဿ၊အဆွေအမျိုးဖြစ်သောလူအပေါင်း၏။ ပဋိပတ္တိဒဿနေန၊ အကျင့်ကိုမြင်ခြင်းကြောင့်။ ဇာတပရိစယာ၊ဖြစ်သောအလေ့အကျက်ရှိကုန်သော။ ဗာလဒါရကာ၊ နုနယ်လှသေး ကလေးသူငယ် တို့သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဒိသွာ၊မြင်ကုန်သည်ရှိသော်။ သောမနဿဇာတာ၊ ဖြစ်သော ဝမ်းမြောက်ခြင်းရှိကုန်သည်ဖြစ်၍။ သဟသာ၊ အဆောတလျင်။ ကိဥ္စိဒေဝ၊ တစုံတခု သာလျှင်ဖြစ်သော။ ဟတ္ထဂတံ၊ လက်၌ရှိသော ဝတ္ထုကို။ ဒဒန္တိဝါ၊ လှူမူလည်း လှူကုန်၏။ဝန္ဒန္တိဝါ၊ ရှိမူလည်းခိုးကုန်၏။ တဒါ၊ ထိုအခါ၌။ တေသံ၊ ထိုသူငယ်တို့အား။ တတိယစိတ္တံ၊ သုံးခု မြောက်သော ကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။(ဤကားအနက်)။ ။ဤသို့လာသော မိဘဆွေမျိုးတို့၏ အကျင့်အမူအရာကိုမြင်၍ ကြည်လင် နှစ်သက်သောစိတ် ဖြစ်ကောင်းသော သူငယ်တို့ကို ဤအရာ၌နို့စို့သားငယ်ဟု ယူအပ်၏။ ဘာကိုမျှမသိ ပကတိ တွေဝေသော စကော ထက်၌ ပက်လက် အိပ်တတ်သော သူငယ်စသည်ကို မယူလင့်၊ ထိုစကားသင့်စွ၊

မနသာစေ ပသန္နေန၊ ဘာသတိဝါ ကရောတိဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

ဓမ္မပဒပါဠိတော်။ ။ပသန္နေန မနသာ-ပသန္နမနော၊ ကြည်ညိုသော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝါစာယ၊ နှုတ်ဖြင့်။ စေဘာသတိဝါ အကယ်၍မူလည်း

ပြောဆိုငြားအံ့။ ကာယေန၊ ကိုယ်ဖြင့်။ စေကရောတိဝါ၊ အကယ်၍ မူလည်း ပြုလုပ်ငြားအံ့။ တတော၊ ထိုကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ နှုတ်ဖြင့် ပြောဆိုခြင်း, ကိုယ်ဖြင့် ပြုလုပ်ခြင်းကြောင့်။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဆာယာ၊ မိမိ၏ အရိပ်သည်။ အနုပါယိနီဣဝ၊ အစဉ်တစိုက် လိုက်လေဘိ၏သို့။ တထာ၊ ထို့အတူ။ သုခံ၊ ချမ်းသာတရားသည်။ အန္ဝေတိ၊ အစဉ်တစိုက် လိုက်လေ၏။ ။ (ဤကားအနက်)

ဤသို့လာသော ပါဠိတော်နှင့် အညီ၊ မိဘတို့၏ အမူအရာကို မြင်၍ ကြည်လင် နှစ်သက်သော စိတ်ရှိစလောက်သော သူငယ်တို့ကို မိဘတို့ကကြီးကြပ်၍ သီလခံယူစေပြီးမှ နောက်အခါ၌ ဌင်းဆောက်တည် အပ်ပြီးသော သီလကိုပင် အကြောင်းပြု၍ မိဘတို့ကြီးကြပ်၍ ပါဏာတိပါတ စသည်တို့မှ ကြဉ်စေအပ်သော သူငယ်တို့အား ထိုက်သည်အားလျော်စွာ ဝိရတီသီလ, စေတနာသီလ, ဝီရိယသီလတို့သည် ဖြစ်ကုန်၍ ချမ်းသာသုခသည် သွားလေရာရာ ကပ်လျက် ပါသောအရိပ်ကဲ့သို့ အစဉ်တစိုက်လိုက်၍ ဖြစ်လတ္တံ့။ ယုတ်သော အပိုင်း အခြားအားဖြင့် ငိုလျက် ကြဉ်ရှောင်သော သူငယ်စသည်တို့အား ကုသိုလ် မဖြစ်ငြားသော်လည်း။ ။စေတနာသီလံ—စေတသိကံသီလံ-သံဝရောသီလံ-အဝီတိက္ကမောသီလံ။ ။(ပဋိ သမ္ဘိဒါမဂ်ပါဠိတော်)။ ။စေတနာ၊ ပါဏာတိပါတ စသော ဒုစရိုက်တို့မှ ကြဉ်သော ပုဂ္ဂိုလ်၏ရင်း၊ ဝတ်ကြီးဝတ်ငယ်တို့ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်၏ရင်း စေတနာသည်။ သီလံ၊ သီလမည်၏။ စေတသိကံ၊ ပါဏာတိပါတ စသည်တို့မှ ကြဉ်သော ပုဂ္ဂိုလ်၏ ဝိရတီ စေတသိက်သည်။ သီလံ၊ သီလ မည်၏။ တနည်းကား။ စေတသိကံ၊ အနဘိဇ္ဈာ— အဗျာပါဒ—သမ္မာဒိဋ္ဌိ- တည်းဟူသော အလောဘစေတသိက်, အဒေါသ စေတသိက်, ပညာစေတသိက်တရားအပေါင်းသည်။ သီလံ၊ သီလ မည်၏။ သံဝရော၊ ပါတိမောက္ခ သံဝရ, စက္ခု စသော ဣန္ဒြေတို့ကို စောင့်ရှောက်ခြင်း တည်းဟူသော သတိသံဝရ, တဏှာ သောတ စသည်တို့ကို ပိတ်ပင်ခြင်းနှင့်တကွ လေးဝသော ပစ္စည်းတို့၌ ထိုက်သည်အားလျော်စွာ ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးဆောင်ခြင်းတည်းဟူသော ဉာဏသံဝရ၊ အချမ်းအပူ စသည်တို့မှ သည်းခံခြင်း တည်းဟူသော ခန္တီသံဝရ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်တို့ နှိပ်စက်ကျရောက်သောအခါ လျင်စွာ ခဏပျောက်ပ ကင်းစင်အောင် အားထုတ်နိုင်ခြင်း တည်းဟူသော ဝီရိယ, အာဇီဝပါရိသုဒ္ဓိ သီလတည်းဟူသော ဝီရိယ, မိမိထံမှောက် ရောက်လာသော ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါးတို့မှ ကြဉ်ရှောင်ခြင်း ဝိရတီတရားသုံးပါး တည်းဟူသော သံဝရ တရားအပေါင်းသည်။ သီလံ၊ သီလမည်၏။ အဝီတိက္က

မော၊ ဆောက်တည်အပ်ပြီးသော သီလရှိသောပုဂ္ဂိုလ်တို့၏ ကိုယ်နှုတ်တို့၌ ဖြစ်သော မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ ။(ဤကားအနက်)

ဤသို့လာသော လေးပါးသော သီလတို့တွင် အဝိတိက္ကမသီလသို့ အမြွက်အားဖြင့်သွင်း၍ ထိုအဝိတိက္ကမ သီလ၏အစွမ်းအားဖြင့်ကြဉ်အပ်သောပါဏာတိပါတစသော ကံတို့သည် ထိုသီလကိုဆောက်တည်သော သူငယ်တို့ကို အပါယ်၌ မဖြစ်စေကုန်လတ္တံ့ ဟုမှတ်အပ်၏။အချို့ကား ဘိုးဘွားမိဘတို့သည် ပက်လက်အိပ်တတ်ကာမျှသောငါတို့ကိုသီလဆောက်တည်စေ၏ဟု-နောင်အတုလိုက်၍ဆောက်တည်စေခြင်းငှါ ရင်းသူငယ်တို့ကိုလည်း သီလဆောက်တည်၏ ဟူသော အမှတ်ဖြင့် နေလွဲအခါ၌နို့မတိုက်ပဲ စတုမဓုကို တိုက်၍ထားသော် နောင်သီလရကြောင်းအဖြစ်အားဖြင့် သူငယ်တို့အား သီလပြည့်စုံကြောင်း ဟူ၏။ ငိုလျက် ဆောက်တည်သည်ကိုရင်း ဗောဓိ မင်းသားကို မယ်တော်သည် ကိုယ်ဝန် တည်စဉ် ကပင် ဘုရားအထံတော်၌ သရဏဂုံ ဆောက်တည်စေကြောင်း၊ ဖွားပြီးသော အခါ နို့ထိန်းသည် သူငယ်စဉ်ကပင် ဘုရားအထံတော်၌ သရဏဂုံ ခံယူ စေကြောင်း လာသည်ကိုထောက်၍ ထိုစကားလည်း သင့်သည်ပင်။

နို့စို့သားငယ်တို့ကို သီလ ဆောက်တည်စေရာ၌
သီလရကြောင်း ဝိနိစ္ဆယကားပြီး၏။

---

(၃၆) ယုန်-ဖျံ-မြေခွေး-မျောက် လေးယောက်သော ပုဂ္ဂိုလ်တို့ ဥပုသ်ဆောက်တည်ဆဲ ခဏ၌ ကျရောက်သော ဇောဝီထိတွင် ဝိရတီ ယှဉ်,မယှဉ်ကို သိလိုပါသည် လျှောက်ထားရာ၌ ဝိနိစ္ဆယကို ဤသို့ သိမှတ်ရာ၏။

ယုန်-ဖျံ-မြေခွေး-မျောက် ရင်းလေးဦးသားတို့ သီလ ဆောက်တည် ရာ၌ ရှေးလူတို့ ဥပုသ်ဆောက်တည်ရာ၌ ပြဆိုအပ်ခဲ့ပြီးသော ဝိနိစ္ဆယနှင့် အတူတူပင် မှတ်ရာ၏။ ။ထိုစကားသင့်စွ၊ သတ်အံ့ဟု စိတ်ဖြစ်ခြင်းပင်မရှိ၊ နောင် တွေ့ဘိမူ ကြဉ်အံ့ဟု ဆောက်တည်သော် ရင်း တိရစ္ဆာန် လေဦးသားတို့အား ဝိရတီ အစစ်မဖြစ်၊ စေတနာသီလ, ဝီရိယသီလသာ ဖြစ်သည်။ ရှေးလူတို့ကဲ့သို့ပင် ဤသတ္တဝါကို သတ်အံ့ဟုကြံပြီး၍ တဘန်အပါယ်ဘေးမှ ကြောက်သဖြင့် ဆောက်တည်ခံယူအပ်သော သီလဖြစ်အံ့၊ ထိုဆောက်တည်ဆဲခဏ၌ ဝိရတီအစစ်ဖြစ်သည် ဟု ရှေးလူတို့၌ ပြအပ်ခဲ့ပြီးသော နည်းနှင့် အတူပင်မှတ်ရာ၏။ အထူးမရှိပြီ။

ယုန်-ဖျံ-မြေခွေး-မျောက် လေးယောက်သော ပုဂ္ဂိုလ်တို့ ဥပုသ်
ဆောက်တည်ရာ၌ ဝိရတီဖြစ် မဖြစ်အဆုံးအဖြတ် ပြီး၏။

(၃၇) ပါထာတိပါတာ ဝေရမဏိ သီလတပါး၏ ပုဗ္ဗ-မုဉ္စ-ပရ စေတနာ အထူးကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံး အဖြတ် ကို ဤသို့ သိမှတ်ရာ၏။

ဒါနအရာ၌ ဒါနဝတ္ထုကို စီရင်သည်မှစ၍ လှူသည့်တိုင်အောင်ပုဗ္ဗစေတနာ၊ လှူဆဲခဏ၌ မုဉ္စစေတနာ၊ ထိုအလှူကို အာရုံပြု၍ဖြစ်သော နောက်အဘို့၌ ပရစေတနာ၊ သီလအရာ၌ သီလဆောက်တည်အံ့ဟု ကြံစည်၍ ပြင်ဆင်သည်မှစ၍ ဆောက်တည်သောကာလတိုင်အောင် ပုဗ္ဗ စေတနာ၊ ဆောက်တည်ဆဲ ခဏ၌ရင်း၊ ဆောက်တည်သည် အတိုင်း ကြည်ဆဲခဏ၌ရင်း၊ အတ္ထသာလော မဇ္ဈိမစေတနာ, ၎င်းသီလကို အာရုံပြု၍ နောက်အဘို့၌ ဖြစ်သော-ပရစေတနာ ဟူ၍ သုံးဌာန ခွဲသည်တွင် အသီးအခြားဖြစ်ရကား ရှေးအဘို့ဖြစ်သောပုဗ္ဗစေတနာသည်လည်း ချီခြင်း-မချီခြင်းအားပြင့် ဖြစ်ကောင်းသည်။ နောက်အဘို့ ဖြစ်သော ပရစေ တနာသည်လည်း ချီခြင်း မချီခြင်း အားဖြင့် ဖြစ်ကောင်းသည်။ ချီခြင်း— မချီခြင်း အားဖြင့်မဖြစ်ကောင်းသော တကွနက်စပ်၍မပြတ် မချွတ် ဖြစ်သော သက်နီးကို-လှူဒါန်းပါ၏ဟူ၍ လှူဒါန်းသော အခါ၌ ဖြစ်သော ဇောဝါရကို သုံးစုပြု၍ နောက်ဆုံးဇောဝါရသည် သန္နိဋ္ဌာပက ဇောဝါရမည်၏။ ရှေ့အဘို့ သည် ပုဗ္ဗစေတနာမည်၏။ အလယ်အဘို့သည် မဇ္ဈိမ စေတနာမည်၏။ ထိုသုံး ဘို့သော ဇောစေတနာတို့သည်လည်း ပဋိသန္ဓေဟူသောအကျိုး ကိုလည်း ပေး စွမ်းနိုင်သည်ချည်းဖြစ်သည်။ ။ထို့ကြောင့် သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်- ကောသလသံယုတ် အဘင့် အဋ္ဌကထာ၌၊ ။သတ္တက္ခတ္တုန္တိ သတ္တဝါရေ။ ပုဗ္ဗ မဇ္ဈိမ စေတနာဝသေနစေတ္ထ အတ္ထော ဝေဒိတဗ္ဗော။ ကေပိဏ္ဍပါတ ဒါန သိဒ္ဓိ ကောစေတနာ ဒွေပဋိသန္ဓိယော နဒေတိ။ ပုဗ္ဗမဇ္ဈိမ စေတနာနံ ဝသေန ဟိ သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌိကုလေ နိဗ္ဗတ္တော။ ။ဟူ၍ရင်း။ ဋီကာ ၌။ ။ဣမဿသမတ္ထာ ပိဏ္ဍပါတံ ဒေဟီတိ ဝဒတော နကောယဝေ ဇဝန ဝီထိယာဝသေန အတ္ထသိဒ္ဓိ။ အထခေါ တတ္ထ အာဒိတော ပဝတ္တဇဝန ဝါရေပိ အတ္ထိ။ မဇ္ဈေပဝတ္တဇဝနဝါရေပိ။ တံသန္ဓာယာဟ ပုဗ္ဗမဇ္ဈိမစေတနာနံ ဝသေ နာတိ။ ကောစေတနာ ဒွေပဋိသန္ဓိယော နဒေတီတိတ္တေ သာကေတပဉ္စာဝသေန ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ ။ဟူ၍ရင်းမိန့်အပ်၏။

သတ္တက္ခတ္တုန္တိ၊ ဟူသည်ကား။ သတ္တဝါရေ၊ ခုနစ်ကြိမ်တို့ တိုင်တိုင်။ စ၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤသတ္တက္ခတ္တုံ ဟူသောစကားရပ်၌။ပုဗ္ဗမဇ္ဈိမ စေတနာ ဝသေန၊ ရှေး၌ဖြစ်သော ဇောဝါရတို့၌ဖြစ်သောစေတနာ, အလယ်၌ဖြစ်သော ဇောဝါရတို့၌ဖြစ်သော စေတနာတို့၏အစွမ်းဖြင့်။ အတ္ထော၊ နက်ပြည့်၌ခုနစ်ကြိမ်

လူ့ပြည်၌ခုနစ်ကြိမ်ဖြစ်သော အနက်ကို။ ဝေဒိဘာဗ္ဗော၊ သိအပ်၏။ ဟိသ်စွံ၊ ထို စကားသည်မှန်၏။ ကောပိဏ္ဏပါတဒါနသို့၊ တကြိမ်ဘခါသာ လှူအပ်သောဆွမ်း ဒါန၌။ ကော၊ တချက်တည်းသာဖြစ်သော။ စေတနာ၊ သန္နိဋ္ဌာပကဇောဝါရ၌ ဖြစ်သော စေတနာသည်။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ ပဋိသန္ဓိယော၊ ပဋိသန္ဓေ တို့ကို။ နဒေတိ၊ မပေး။ ဟိ၊ စင်စစ်ကေန်အမှန်ပေးနိုင်သည်ကိုဆိုဦးအံ့။ ပုဗ္ဗမဇ္ဈိမ စေတနာနံ၊သန္နိဋ္ဌာပကဇောဝါရမှ ရှေး၌ဖြစ်သောဇောဝါရ, အလယ်၌ဖြစ်သော ဇောဝါရတို့၌ ဖြစ်ကုန်သောစေတနာတို့၏။ ဝသေန၊ အစွမ်းဖြင့်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်တို့တိုင်တိုင်။ သဂ္ဂေ၊နတ်ပြည်၌။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်တို့ တိုင်တိုင်။ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌။နိဗ္ဗတ္တော၊ ဖြစ်ရလေ၏။ ။(ဤကား အဋ္ဌကထာ ပါဠ်၏အနက်)။ ။ဣမဿ သမဿာယာ၊ဤရဟန်းအား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒေဟိ၊ လှူလိုက် ပါလော။ဣတိ၊ ဤသို့။ ဝဒတော၊ ဆိုသောသူအား။ ကောယ၊ တစည်သာဖြစ်သော။ ဇဝန ဝီထိယာ၊ဇောဝီထိ၏။ ဝသေန၊ အစွမ်းဖြင့်။ အတ္ထ သိဒ္ဓိ၊ အကျိုး၏ပြီးခြင်းသည်။ နဟောတိ မဖြစ်။ အထခေါ၊ စင်စစ်သော်ကား။ တတ္ထ၊ ထိုရဟန်းအား ဆွမ်းကို လှူလိုက်ပါလောဟု စေခိုင်းရာ၌။ အာဒိတော၊ အစ၌။ ပဝတ္တဇဝနဝါရေပိ၊ ဖြစ်သော ဇောဝါရသည်လည်း။ အတ္ထိ၊ ရှိ၏။ မဇ္ဈေ၊ အလယ်၌။ ပဝတ္တဇဝန ဝါရေပိ၊ ဖြစ်သော ဇောဝါရ သည်လည်း။ အတ္ထိ၊ ရှိ၏။တံ၊ ထိုအစ၌ ဖြစ်သောဇောဝါရ,အလယ်၌ဖြစ်သော ဇောဝါရကို။ သန္ဓာယ၊ ရည်၍။ ပုဗ္ဗမဇ္ဈိမစေတနာနံဝသေနာတိ၊ ဟူ၍။ အာစရိယော၊ အဋ္ဌ ကထာဆရာသည်။ အာဟ၊ ဆိုတော်မူ၏။ကောစေတနာ ဒွေပဋိ သန္ဓိယော နဒေတီတိ တွေ၊ နဒေတိ-ဟူသောပါဠ်၌။ သာကေတ ပဉ္စာဝသေန၊ သာကေတ ပဉ္စာ၏အစွမ်းဖြင့်။ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ (ဤကား ဋီကာပါဠ် အနက်)

လိုရင်းအဓိပ္ပါယ်ကား—ဤရဟန်းအား ဆွမ်းကို လှူဒါန်းပါလော-ဟုဆိုရာ၌ တကွနက်စပ်၍ မချွတ်ဖြစ်သော ဇောဝီထိတို့ကို သုံးစုပြု၍ ရှေးအဘို့ကား ပုဗ္ဗ စေတနာ၊ အလယ်အဘို့ကား မဇ္ဈိမ စေတနာ၊ နောက်ဆုံး ဖြစ်သော ဇော တဝါရကား ပစ္ဆိမသန္နိဋ္ဌာပက စေတနာ-မုဉ္စစေတနာမည်၏ ဟူလိုသည်။ ။ အချို့သော အဋ္ဌကထာပါဠ်တို့၌ ပုဗ္ဗပစ္ဆိမစေတနာဝသေန ဟုရှိသည်။ ဤအလို အားဖြင့် ဤရဟန်းကို ဆွမ်းလှူလော ဟုဆိုရာ၌ မချွတ်ဖြစ်သော ဇောကို သုံးစု ပြု၍ ရှေ့အဘို့ကား ပုဗ္ဗစေတနာ၊ အလယ်ဇော ဝါရကား မုဉ္စစေတနာ၊ နောက်အဘို့ကား ပရစေတနာ—ဟု ယူလေ။ ဤအတူ သီလ ဆောက်တည်ရာ ၌လည်း ချိုးခြင်း- မချိုးခြင်း အားဖြင့် မဖြစ်စကောင်းသော တကွနက်စပ်၍ မချွတ်ဖြစ်သော ပါဏာတိပါတာ ဝေရမဏီ-ဟုဆိုရာ၌ ဖြစ်သော ဇောဝါရကို

သုံးစု ပြု၍ နောက်ဆုံးဖြစ်သော ဇောဝါရသည် အတ္တသာဓက စေတနာ အစစ်မည်၏။ ရှေ့အဘို့သည် ပုဗ္ဗစေတနာမည်၏။ အလယ် အဘို့သည် မုဉ္စစေတနာမည်၏။ တနည်းကား၊ ၎င်း ဇောဝါရကို သုံးစုပြု၍ ပြဋ္ဌာန်းသော အလယ်ဇောဝါရသည် အတ္တသာဓက အစစ်မည်၏။ ရှေ့အဘို့ကား ပုဗ္ဗစေတနာမည်၏။ နောက်အဘို့ကား ပရစေတနာမည်၏ဟု မှတ်ရာ၏။

သိက္ခာပုဒ်တခုကို ဆောက်တည်ရာ၌ ပုဗ္ဗစေတနာ-စသည်ကို ပြဆိုရာဝိနိစ္ဆယကား ဤတွင်ရွေ့ပြီး၏။

---

(၂၀) ပရိယတ္တိ ကုသိုလ်၏ အာရုံနှင့် ဒါန-သီလ-ဘာဝနာကုသိုလ်၏အာရုံသည် အဘယ်သို့ ထူးသည်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ဒါနဝတ္ထုလည်းမရှိ၊ ပကတိ သဒ္ဒါအနက်ကိုသာ သိလို၍ ပိဏ္ဍပါတံ ဒမ္မိ၊ စသည်ဖြင့် ပို့ချသည်ကို အာရုံပြုလျက် နောက်မှ လိုက်၍ ဆိုခြင်းသည် ပရိယတ္တိကုသိုလ်သက်သက် အနက် သဒ္ဒါကို မှတ်လိုခြင်း အရင်းမရှိ၊ ထင်ရှားရှိသော ဒါန ဝတ္ထုကို လှူလိုခြင်းကို အရင်းမူလပြုသဖြင့် အသံကိုရင်း၊အကြားအကြား၌ ဒါန ဝတ္ထုကိုရင်း အာရုံပြုလျက် လိုက်၍ ဆိုခြင်းသည် ဒါနဝတ္ထုပဋ္ဌာန၊ အသံကို အာရုံပြုသော ဇောစိတ်သည်လည်း ဒါနသို့ ရှေးရှုရင်းရှိရကား ဒါနကုသိုလ်ပင်မည်၏။ သီလကို ဆောက်တည်လိုရင်း မရှိ။ ပကတိ သဒ္ဒါအနက်ကိုသာ သိလို၍ ပါဏာတိပါတာ ဝေရမဏီ—စသည်ဖြင့် ချပို့သည်ကို အာရုံပြုလျက် လိုက်၍ဆိုခြင်းသည် ပရိယတ္တိကုသိုလ်သက်သက်ဖြစ်၏။အနက်သဒ္ဒါကိုမှတ်လိုခြင်း အရင်းမရှိ။ မိမိ၏ သီလ ဆောက်တည်ခြင်းကိုသာ အရင်းမူလ ပဋ္ဌာန ပြုသဖြင့် ချပို့သော အသံကိုရင်း၊ အကြားအကြား၌ ဝိဘင်္ဂမိ တဗ္ဗ ဝတ္ထုကိုရင်း အာရုံပြုလျက် လိုက်၍ ဆိုခြင်းသည် ဝိတိက္ကမိတဗ္ဗအာရုံ သီလ ပဋ္ဌာန ကုသိုလ်မည်၏။ အသံကို အာရုံပြုသော ဇောစိတ် သည်လည်း သီလသို့ ရှေးရှုရင်းရှိရကား သီလပင်မည်၏၊ ဘာဝနာကို ပွါးလိုရင်းမရှိ။ ပကတိသဒ္ဒါ အနက်ကိုသာ သိလို၍ ကေသာ-လောမာ-နခါ-စသည်ဖြင့် ချပို့သည်ကို လိုက်၍ဆိုခြင်းသည် ပရိယတ္တိ ကုသိုလ်သက်သက်မည်၏။ အနက်သဒ္ဒါကို မှတ်လိုခြင်း အရင်းမရှိ။ ပကတိဘာဝနာ ပွါးခြင်းကိုသာ အလိုရှိသည်ဖြင့်၍ ချပို့ သည်ကို လိုက်၍ ဆိုခြင်းသည် ကေသာစသော ဘာဝနာကုသိုလ် ပဋ္ဌာန မည်၏။ ချပို့သော အသံကို အာရုံပြုသော ဇောဝါရသည်လည်း ဘာဝနာသို့ ရှေးရှုရင်းရှိရကား ဘာဝနာ ကုသိုလ်ပင် မည်၏။ အမ္ဗသေစန- ဂုရုသိနှာန နည်းအား

ဖြင့် အနက်သဒ္ဒါကိုလည်းသင်ယူလိုခြင်း၊ဒါန-သီလ-ဘာဝနာတရားတို့ကိုလည်း အားထုတ်လိုခြင်း တည်းဟူသော နှစ်ပါးသော ကိစ္စတို့ကို ပြီးစေခြင်းငှါ ဆရာတို့ချပို့သည်ကို လိုက်၍ ဆိုမူကား ချပို့သော အသံကို အာရုံပြုသော အခါ ပရိယတ္တိ ကုသိုလ်ဖြစ်၏။ ဒါနဝတ္ထုကို အာရုံပြုသော အခါ ဒါန ကုသိုလ်၊ ဝီတိက္ကမိ တဗ္ဗဝတ္ထုကို အာရုံပြုသောအခါ သီလကုသိုလ်၊ ဆံစသည်ကိုအာရုံ ပြုသော အခါ ဘာဝနာ ကုသိုလ်မည်၏ဟု မှတ်ရာ၏။

ပရိယတ္တိ ကုသိုလ်နှင့် ဒါန-သီလ- ဘာဝနာ ကုသိုလ်
အာရုံအထူးကို ပြခြင်း ဝိနိစ္ဆယကားပြီး၏။

---

(၃၉) သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။—

ဟူသော ဂါထာ၏ အဓိပ္ပါယ်ကို သိလိုပါသည် လျှောက်ထား ရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

သဒ္ဒံ၊ ဂေါ-စသော သဒ္ဒါရုံကို။ ပဌမစိတ္တေန၊ သောတဝိညာဉ် မဌမ ဝီထိ စိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ တီတံ၊ လွန်လေပြီးသော ဂေါ-စသောသဒ္ဒါရုံကို။ ဒုတိယစေတသာ၊ တဒနုဝတ္တက မနောဒွါရိက ဒုတိယ ဝီထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ နာမံ၊ ဂေါ-စသော နာမပညတ်ကို။ တတိယစိတ္တေန၊သဒ္ဒမနောဒွါရိက တတိယ ဝီထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ အတ္ထံ၊ နွားစသော အတ္ထ ပညတ်ကို။ စတုတ္ထစေတသာ၊ သဒ္ဒမနောဒွါရိက စတုတ္ထဝီထိစိတ်ဖြင့်။ ဇာနာတိ၊ ၏။ ။ (ဤကားအနက်)

အဓိပ္ပါယ်ကား—ဂေါ-ဟုတလုံးသောအက္ခရာဖြင့် အနက်ကို ဟောစွမ်း နိုင်သောသဒ္ဒါကို ဝတ္တုပုဂ္ဂိုလ်က ရွတ်ဆို လိုက်သောအခါ သုဏန္တ ပုဂ္ဂိုလ်အား ဂေါ-ဟူသော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရ တဝီထိ၊ ထို့နောင် အတိတ်ဖြစ်သော ၎င်းဂေါ-သဒ္ဒါကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဘဝီထိ၊ ထို့နောင် ဂေါ-ဟူသော နာမပညတ်ကိုအာရုံပြု၍ သဒ္ဒမနောဒွါရ တဝီထိ၊ ထို နောင် နွား-ဟူသောအနက်ကိုအာရုံပြု၍ တဝီထိဖြစ်၍ နွား-ဟူသော အနက်ကို သိ၏ဟူလို။ ဤအတူ ပါဏာတိပါတာ ဝေရမဏိဟူ၍ ဝတ္တုပုဂ္ဂိုလ်ကရွတ်ဆိုသော အခါ သုဏန္တပုဂ္ဂိုလ်အား ပါ- ကိုအာရုံပြု၍ သောဘဒွါရ တဝီထိ၊တဒနုဝတ္တက မနောဒွါရတဝီတိ၊ ဏာ-ဟူသော သဒ္ဒါရုံကို အာရုံပြု၍ နည်းတူပင် နှစ်ဝီထိ၊ ပါဏာ- ဟူသော အက္ခရာတို့၏အပေါင်း နာမပညတ်ကို အာရုံပြု၍ တဝီထိ-ပေါင်းငါး ဝီထိ။ ထို့နောင် ခြောက်ဝီထိမြောက်ဖြစ်သော သဒ္ဒမနောဒွါရိက ဝီထိစိတ်ဖြင့်

သတ္တဝါဟူသော အနက်ကိုသိ၏။ အတိ·ပါတာ· ဟူရှတ်ရာ၌ နှစ်ဝီထိ နှစ်ဝီထိ။ အတိ ဟူသော နာမပညတ်ကို အာရုံပြု၍ တဝီထိ။ ၎င်းငါးဝီထိနောင် အလွန်လျင်စွာဟူသောအနက်ကိုအာရုံပြု၍ တဝီထိဖြစ်၍ အလွန်လျင်စွာဟူသောအနက်ကိုသိ၏။ ပါ-တာ-ဟူသော နှစ်လုံးတို့တွင်လည်း ပါ-ကိုအာရုံပြု၍ နှစ်ဝီထိ။တာ-ကို အာရုံပြု၍ နှစ်ဝီထိ။ အက္ခရာနှစ်လုံးတို့၏အပေါင်းဖြစ်သော ပါတာ ဟူသော နာမပညတ်ကို အာရုံပြု၍ တဝီထိ၊ ၎င်းငါးဝီထိနောင် သတ်ခြင်းဟူသောအနက်ကို အာရုံပြု၍ တဝီထိဖြစ်၍ သတ်ခြင်းဟူသော အနက်ကိုသိ၏။ ဝေရမဏီ-ဟူရှတ်ရာ၌လည်း ရှေးနည်းတူ အက္ခရာ တလုံးတလုံးလျှင် နှစ်ဝီထိ နှစ်ဝီထိစိတ်ဖြစ်၍ ကိုးဝီထိမြောက်မှ ကြဉ်ရှောင်ခြင်းဟူသောအနက်ကို ပြတတ်သော နာမပညတ်ကို အာရုံပြု၍သိ၏။ ထိုနောင်ကြဉ်ရှောင်၏ဟူသောအနက်ကို အာရုံပြု၍ ဆယ်ဝီထိမြောက်မှ ကြဉ်ရှောင်၏ဟူသောအနက်ကိုသိ၏။ ။ထို့ကြောင့် သာရတ္ထ ဒီပနီဋီကာ ပဌမပါရာဇိကအဘွင့်၌။ ။အညသ္မိံ ခဏေ သောတဝိညာဏဝီထိယာ သဒ္ဒဂ္ဂဟဏံ။ အညသ္မိံ ယေဝ မနောဝိညာဏဝီထိယာ တဒတ္ထဝိဇာနနန္တိ အာဟ တင်္ကာံယေဝါန အပုဗ္ဗအစရိမံ ဒုဇ္ဇာနန္တိ။ နဟိ ကေသ္မိံ ယေဝ ခဏေ သဒ္ဒသဝနံ တံဒတ္ထ ဝိဇာနနဥ္စ သမ္ဘဝတိ။ ဟထာဟိ ဃဋ္ဋောတိဝါ ပဋ္ဋောတိဝါ ကေနစိ ဝုတ္တေ တတ္ထ ဃသဒ္ဒံ ပစ္စုပ္ပန္နံ ဂဟေတွာ ဧကာ သောတဝိညာဏဝီထိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။တဒနန္တရံ ဧကာမနောဝိညာဏဝီထိ တမေဝ အတီတံ ဂဟေတွာ ဥပ္ပဇ္ဇတိ၊ ဧဝံ တေန ဝုတ္တာဝစနေ ယတ္တကာနိ အက္ခရာနိ ဟောန္တိ။တေသု ဧကမေကံ အက္ခရံ ပစ္စုပ္ပန္နံ မတီတဥ္စ ဂဟေတွာ သောတဝိညာဏဝီထိယာ မနောဝိညာဏ ဝီထိယာစ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါယ အဝသာနေ တာနိအက္ခရာနိ သမ္ပိဏ္ဍေတွာ အက္ခရသမူဟံ ဂဟေတွာ ဧကာမနောဝိညာဏဝီတိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တဒနန္တရံ အယမက္ခရသမူဟော ဧတဿ နာမန္တိ နာမပညတ္တိဂ္ဂဟဏဝသေန အပရာယ မနောဝိညာဏ ဝီထိယာ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါယ တဒနန္တရံ ဥပ္ပန္နာယ မနောဝိညာဏဝီထိယာ အယမေတဿ အတ္ထောတိ ပကတိယာ တဒတ္ထဝိဇာနနံ သမ္ဘဝတိ။ ။ဟူ၍မိန့်အပ်၏။

အညသ္မိံ ခဏေ၊ တပါးသော ခဏ၌။ သောတဝိညာဏဝီထိယာ၊ သောတဝိညာဏဝီထိစိတ်ဖြင့်။ သဒ္ဒဂ္ဂဟဏံ၊ ပစ္စုပ္ပန်သဒ္ဒါရုံကို ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အညသ္မိံ ယေဝ ခဏေ၊ တပါးသော ခဏ၌သာလျှင်။ မနော ဝိညာဏဝီထိယာ၊ မနောဝိညာဏဝီထိဖြင့်။ တဒတ္ထဝိဇာနနံ၊ ထိုသဒ္ဒါသည်ဟောအပ်သော အနက်ကိုသိခြင်းသည်။ ဟောတိ၊ ၏။ ဣတိကတွာ၊ ဤသို့ နှလုံးပိုက်တော်မူ၍။ တင်္ကာံ။ ပ။ ဒုဇ္ဇာနန္တိ၊ ဟူ၍။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ အာဟ၊ ဆိုတော်မူ၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဧကသ္မိံ ယေဝ ခဏေ၊ တပြိုင်နက်တချက်ထည်းသည်လျှင်ဖြစ်သောခဏ၌။ သဒ္ဒသဝနဥ္စ၊ သဒ္ဒါရုံကိုကြားခြင်းသည်

ၒင်း။ တဒတ္ထဝိဇာနနည္ဍ၊ ထိုသဒ္ဒါ၏အနက်ကိုသိခြင်းသည်ၒင်း။ နသမ္ဘဝတိ၊မဖြစ်နိုင်။ တထာတံဝစနံ၊ ထိုစကားကို။ ဟိဝိတ္ထာရေမိ၊ ချဲ့၍ဆိုဦးအံ့။ ဃဋဒ္ဓောတိဝါ၊ ဃဋဒ္ဓောဟူ၍ၒင်း။ ပဋ္ဌောဘိဝါ၊ ပဋ္ဌောဟူ၍ၒင်း။ ကေနစိ၊ တစုံတယောက်သော သူသည်။ ဝုတ္တမာနေ၊ ဆိုအပ်သည်ရှိသော်။ တတ္ထ၊ ထိုသဒ္ဒါတို့တွင်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ဃဋသဒ္ဒံ၊ ဃဋသဒ္ဒါကို။ ဂဟေတွာ၊ ယူ၍။ ဧကာ၊ တစဉ်သော။ သောတဝိညာဏဝီထိ၊ သောတဝိညာဏဝီထိသည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တဒနန္တရံ၊ ထိုသောတဝိညာဏဝီထိ၏အခြားမဲ့၌။ ဧကာ၊ တစဉ်သော။ မနောဝိညာဏဝီထိ၊ မနောဝိညာဏဝီထိသည်။ အတီတံ၊ လွန်လေပြီးသော။ တမေဝဃဋသဒ္ဒံ၊ ထိုဃဋသဒ္ဒါကိုပင်လျှင်။ ဂဟေတွာ၊ ယူ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝံ၊ ဤအတူ။ တေန၊ ထိုဝဒန္တပုဂ္ဂိုလ်သည်။ ဝုတ္တဝစနေ၊ ဆိုအပ်သော စကား၌။ ယတ္တကာနိ၊ အကြင်မျှလောက်ကုန်သော။ အက္ခရာနိ၊ အက္ခရာတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တေသု၊ ထိုအက္ခရာတို့တွင်။ ဧကမေကံ၊ တလုံးတလုံးသော။ အက္ခရံ၊ အက္ခရာကို။ ဝါ၊ အက္ခရာ၏။ ပစ္စုပ္ပန္နဉ္စ၊ ပစ္စုပ္ပန် အာရုံကိုၒင်း။ အတီတဉ္စ၊ အတိတ်အာရုံကိုၒင်း။ ဂဟေတွာ၊ ယူ၍။ သောတဝိညာဏ ဝီထိယာစ၊ သောတဝိညာဏဝီထိ၏ၒင်း။ မနောဝိညာဏ ဝီထိယာစ၊ မနောဝိညာဏ ဝီထိ၏ၒင်း။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဒ္ဓါယ၊ ချုပ်သည်၏။ အဝသာနေ၊ အဆုံး၌။ တာနိ အက္ခရာနိ၊ ထိုအက္ခရာတို့ကို။ သမ္ပိဏ္ဍေတွာ၊ ပေါင်း၍။ အက္ခရသမူဟံ၊ အက္ခရာတို့၏ အပေါင်းကို။ ဂဟေတွာ၊ ယူ၍။ ဧကာ၊ တစဉ်သော။ မနောဝိညာဏဝီထိ၊ မနောဝိညာဏဝီထိသည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တဒနန္တရံ၊ ထိုအက္ခရာတို့၏ အပေါင်းကို ယူသော မနောဝိညာဏ ဝီထိ၏ အခြားမဲ့၌။ အယံ အက္ခရသမူဟော၊ ဤအက္ခရာတို့၏ အပေါင်းသည်။ တေသံ၊ ထိုအိုး စသော အနက်၏။ နာမံ၊ ဃဋ-စသော အမည်နာမပညတ်တည်း။ ဣတိ၊ ဤသို့။ နာမပညတ္တိဂ္ဂဟဏဝသေန၊ နာမ ပညတ်ကို ယူသည်၏အစွမ်းဖြင့်။ အပရာယ၊ တပါးသော။ မနောဝိညာဏဝီထိယာ၊ မနောဝိညာဏဝီထိ၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဒ္ဓါယ၊ ချုပ်ပြီးသည်ရှိသော်။ တဒနန္တရံ၊ ထိုနာမပညတ်ကို ယူသော မနောဝိညာဏ ဝီထိ၏အခြားမဲ့၌။ ဥပ္ပန္နာယ၊ ဖြစ်သော။ မနောဝိညာဏ ဝီထိယာ၊ မနောဝိညာဏ ဝီထိဖြင့်။ အယံ၊ ဤသည်ကား။ တေသံ၊ ထိုဃဋသဒ္ဒါ၏။ အတ္ထော၊ အနက်တည်း။ ဣတိ၊ ဤသို့။ ပကတိယာ၊ သဘော အားဖြင့်။ တဒတ္ထ ဇာနနံ၊ ထိုဃဋ-စသော သဒ္ဒါ၏ အနက်ကို သိခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ။ (ဤကားအနက်)

ဤဋီကာ၌ အက္ခရာ အပေါင်းကို အာရုံပြု၍ တဝီထိချ၏။ ငါတို့ကား အက္ခရာအပေါင်းကို အာရုံပြု၍ တဝီထိအသီးမချ။ ဤမျှသာ ငါတို့နှင့် ထူး၏။ ။

ဤ၌ ငါးဝိထိ၌ရှင်း၊ ကိုးဝိထိ၌ရှင်း အနက်ကိုသိ၏ဟူသော်လည်း သဒ္ဒါရုံလည်း သောတ ဝိညာဉ်၏ အာရုံ၏ အဖြစ်သို့ရောက်ခြင်း၊ ဤသဒ္ဒါသည် ဤအနက်ကို ဟောသတည်းဟု-ရှေး၌ မှတ်သား အပ်ဘူးသော သင်္ကေတ ရှိခြင်း၊ ဤ အကြောင်း နှစ်ပါးရှိသော်သာ သိသည်။ ဤအကြောင်းနှစ်ပါးမရှိသော် မသိဟု မှတ်ရာ၏။ ။ထို့ကြောင့် သဒ္ဒတ္ထ ဘေဒစိန္တာ၌-

သောတာလမ္ဗဏ မာပန္နော၊ သင်္ကေတေန ဝဝတ္ထိတော။
အတ္ထဿ ဉာပကော သဒ္ဒေါ၊ န သန္တေ့ ကာရဏဒ္ဒယေ။-

ဟုမိန့်အပ်၏။ ။သဒ္ဒေါ၊ သဒ္ဒါ ရုံသည်။ သောတာ လမ္ဗဏ မာပန္နော၊ သောတ ဝိညာဉ်၏ အာရုံ၏အဖြစ်သို့ ရောက်သည်လည်း။ ဟောတု၊ ဖြစ်စေ။ သင်္ကေတေန၊ ဤသဒ္ဒါသည် ဤအနက်ကို ဟောသတည်းဟု သင်္ကေတ ပညတ် ဖြင့်။ ဝဝတ္ထိတော၊ သီးသန့်ပိုင်းခြား မှတ်သား အပ်ဘူး သည်လည်း။ ဟောတု၊ ဖြစ်စေ၊ ဣတိ၊ ဤသို့။ ကာရဏဒ္ဒယေ၊ အကြောင်း နှစ်ပါးတို့၏ အပေါင်း သည်။ သန္တေ၊ ထင်ရှားရှိလတ်သော်။ သော သဒ္ဒေါ၊ ထိုသဒ္ဒါသည်။ အတ္ထဿ၊ အနက်ကို။ ဉာပကော၊ သိစေတတ်သည်။ ဟောတိ၊ ဖြစ်၏။ အသန္တေ၊ အကြောင်း နှစ်ပါး ထင်ရှားမရှိလတ်သော်။ အတ္ထဿ၊ အနက်ကို။ ဉာပကော၊ သိစေတတ် သည်။ နဟောတိ၊ မဖြစ်။ ။(ဤကားအနက်)။ ။ဤသို့ ပြဆို အပ်ခဲ့ ပြီး သောနည်းဖြင့် အကြားအကြား၌ ချပို့သော ပုဂ္ဂိုလ်၏အသံကိုရှင်း၊ အနက်ကို ရှင်းအာရုံပြု၍ ဒုစရိုက်မှ ရှောင်ကြဉ်သောအခါ စသည်တို့၌ ထိုက်သည် အား လျော်စွာ စေတနာ ဝီရိယ-ဝိရတီ သီလတို့သည် ဖြစ်ကုန်၏။

သဒ္ဒံပဋိစ္စ စိတ္တေန စသော ဂါထာ၏ အဓိပ္ပါယ်ကိုပြဆိုရာ
ဝိနိစ္ဆယကား ပြီး၏။

---

(၄၀) ကမ္ဘာ တည်ဦး စ အခါ၌ သိလက္ခနိပါဠိ, ပါထေယျ ပါဠိတော်များဝယ် အညတရော သတ္တောဟု လူ့ပြည်၌ တယောက် သာဖြစ်လေသကဲ့သို့ လာရှိပါသည်။ ရှေးဆရာတို့ ရေးသား ကြသော လင်္ကာများတွင် 'ကိုးယောက် ဗြဟ္မာ-သက်ဆင်း လာသော်'-ဟု ကိုး ယောက်ဖြစ်ကြောင်းကို ဆိုပါသည်။ တယောက်ဖြစ်မည်, ကိုးယောက် ဖြစ်မည်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

ပါဠိ-အဋ္ဌကထာ-ဋီကာ စသော ကျမ်းတို့၌ ကမ္ဘာတည်ဦးစ၌ လူ့ပြည်မှာ ဗြဟ္မာ-ကိုးယောက် ဖြစ်လာကြောင်း အရေအတွက် သချာနှင့် လာရှိ သည်ကို

မထင်။ ပါထေယျဝဂ် အဂ္ဂညသုတ်၌။ ။ဝိဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရာ ကာယာ စဝိတွာ အာဂစ္ဆန္တိ။ ။ဟူ၍ သတ္တဝါအများပင် အာဘဿရဘုံမှ စုတေ၍ လူ့ပြည်သို့ လာကြောင်းရှိသည်ကိုသာ ထင်မြင် မိသည်။ ။လောကေ၊ ဩကာသလောကသည်။ ဝိဝဋ္ဋမာနေ၊ ပွါးစီး၍ ပြီးသည် ရှိသော်။ ဝါ၊ လူတို့၏ တည်နေရာ ဩကာသလောက တည်းဟူသော မြေကြီး တည်၍ ပြီးသည်ရှိသော်။ ယေဘုယျေန၊ များသောအားဖြင့်။သတ္တာ၊ သတ္တဝါ တို့သည်။အာဘဿရာကာယာ၊ အာဘဿရ ဗြဟ္မာ့ဘုံမှ။ စဝိတွာ၊ စုတေကြကုန် ၍။ အာဂစ္ဆန္တိ၊ ဤလူ့ဘုံသို့ လာကြကုန်၏။ ။(ဤကား အနက်)။ ။ ကမ္ဘာတည်ဦးအစ၌ ရှေ့နောက် ကမ္ဘာ တသိန်းစီ-မြင်စွမ်းနိုင်သော ဈာန်အဘိ ညာဉ်ရှိသော လောကာဘိဝိဒူ မည်သော ရှင်ရသေ့သည် စီရင် ရေးသားအပ် သော ဩကာသလောက, သတ္တလောကတည်ဟန်ကို အသေအချာ ကျယ်ဝန်း စွာဆိုသော အာဒိကပ္ပကျမ်း၌ ကမ္ဘာတည်ဦးစ အခါ စကြဝဠာ ကုဋေတသိန်း တို့၌ ဗြဟ္မာကိုးယောက်- ကိုးယောက်စီ စု၍ စု၍ လူ့ပြည်စသည်တို့၌ ဖြစ်လာ ကြောင်းလာရှိသည်။ [ဤအကြောင်းကို သိလိုမူ ယခုအခါ ၎င်း အာဒိကပ္ပ ပါဠိဘာသာကျမ်းကို မြန်မာပြန်၍ ရေးသားအပ်သော အာဒိကပ္ပ ကျမ်းမှာ ယူလေ။]

## ဗြဟ္မာ ကိုးယောက် ဖြစ်လာကြောင်း ဝိနိစ္ဆယကားပြီး၏။

---

(၄၁) တာ သဗ္ဗာပိ မဂ္ဂါဝရဏာ၊ နမဂ္ဂါဝရဏာ ပဌမမဂ္ဂဝဇ္ဈာတိ ဝေဒိတဗ္ဗာ။ ။(အဋ္ဌသာလိနီ နိက္ခေပကဏ္ဍ ဒဿနေန ပဟာတဗ္ဗတိက် အဘွင့်)။ ။မိစ္ဆာဒိဋ္ဌိယာဘိက္ခဝေ သမ္ပန္နာဂတာတိ ဝစနတော။ ပ။ အန္တိမသော ဝီသတိ ဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ။ ကေန္တံ နိရယသ္မိံယေဝ နိမုဇ္ဇာပေတီတိ ဝုတ္တံ။ ။ကေနိပါတ်အင်္ဂုတ္တိုရ်၊ ကေဓမ္မဝဂ် အဘွင့်အဋ္ဌကထာ။ ။၎င်း အဋ္ဌကထာနှစ်ရပ်၏ အဓိပ္ပါယ်ကိုသိလိုပါသည်လျှောက်ထားရာ၌ အဆုံး အဖြတ်ကို ဤသို့ သိမှတ်ရာ၏။

သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တာ၊ ထိုသက္ကာယဒိဋ္ဌိတို့သည်။ မဂ္ဂါ ဝရဏာ၊ မဂ်ကိုတားမြစ်တတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဂ္ဂါဝရဏာ၊ နတ်ရွာကို တားမြစ်တတ်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ပဌမ မဂ္ဂဝဇ္ဈာ၊သော တာပတ္တိမဂ်သည် ဖျယ်အပ်သော တရားတို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ။(ဤကား အဋ္ဌသာလိနီ ပါဌ်၏

အနက်)။ ။မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမ္ပန္နာဂတာတိ၊ ဟူ၍။ ဝစနဘော၊ မြတ်စွာဘုရားသည် ဟောကြားတော် မူအပ်သောကြောင့်။ ပ။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ဝိသတိဂတ္တုကံ၊ နှစ်ဆယ်သော အကြောင်းရှိသော။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ဥပါဒါယ၊ အစပြု၍။ဒိဋ္ဌိနာမ၊ ဒိဋ္ဌိမည်သည်။ သဂ္ဂံ၊ နတ်ရွာသို့။ ဥပနေတုံ၊ ဆောင်ခြင်းငှါ။ သမတ္ထာနာမ၊ စွမ်းနိုင်သည် မည်သည်။ နတ္ထိ၊ မရှိ။ ကေန္တံ၊ စင်စစ်။ နိရယသ္မိံယေဝ၊ ငရဲ၌သာလျှင်။ နိမုဇ္ဇာပေတိ၊ နစ်စေ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မဟာအဋ္ဌကထာ၌ ဆိုအပ်၏။ ။ (ဤကား အင်္ဂုတ္တိုရ် အဋ္ဌကထာပါဠိ၏အနက်တည်း။)

ယင်းတွင် ရှေးအဋ္ဌကထာပါဠိ၏ အဓိပ္ပါယ်ကား အလုံးစုံသော သက္ကာယ ဒိဋ္ဌိတို့သည် မြဲသောအားဖြင့် မဂ်တရားကို ပိတ်ပင်တတ်ကုန် သည်ဖြစ်၍ မဂ္ဂါဝရဏ မည်ကုန်၏။ မြဲသောအားဖြင့် နတ်ရွာကို မပိတ်ပင် တတ်ကုန်သည်ဖြစ်၍ သဂ္ဂါဝရဏ မမည်ကုန်ဟူလိုသည်။ထိုစကားသင့်စွ၊ ပါဏာတိပါတ စသော အကုသလကမ္မပထ၏ အကြောင်းဖြစ်သော အချို့သော သက္ကာယဒိဋ္ဌိသည် အကုသလကမ္မပထ၏ ပုဗ္ဗစေတနာတို့သည် ခြံရံအပ်သည်ဖြစ်၍ အားရှိသောကြောင့် အပါယ်ပဋိသန္ဓေကို ဖြစ်စေ၏။ များစွာထုံအပ် ပွါးစေအပ် ပြုအပ်သော အချို့သော သက္ကာယဒိဋ္ဌိသည်လည်း မိမိတို့ချင်း ခြံရံအပ်သည် ဖြစ်၍ အားရှိ သောကြောင့် အပါယ်ပဋိသန္ဓေကို ဖြစ်စေ၏။ ဤကဲ့သို့ မခြံရံအပ်သည့်ဖြစ်၍ ဒုဗ္ဗလဖြစ်သော အချို့သော သက္ကာယဒိဋ္ဌိသည် အပါယ်ပဋိသန္ဓေကို မဖြစ်စေ။ ဤသို့အပါယ်ပဋိသန္ဓေကို အချို့ဖြစ်စေ အချို့မဖြစ်စေရကား နတ်ရွာကိုပိတ်ပင်ခြင်းမမြဲသောကြောင့်သာ နသဂ္ဂါဝရဏာ ဟု အဋ္ဌကထာဆရာ ဆိုတော်မူ၏။ သက်သက် အပါယ်ကိုမပေးသောကြောင့်ဆိုသည် မဟုတ်ဟု မှတ်ရာ၏။ငင်း၏အကြောင်းကို ဆိုလတ္တံ့သော အင်္ဂုတ္တိုရ်အဋ္ဌကထာကိုပင် ထောက်၍ သိအပ်၏။ ။နောက် အဋ္ဌကထာပါဠိ၌ ကေန္တံနိရယသ္မိံယေဝ နိမုဇ္ဇာပေတိ ဟူသောပါဠိဖြင့် အလုံးစုံသော သက္ကာယဒိဋ္ဌိတို့သည် စင်စစ် ငရဲ၌သာ နစ်စေတတ်၏ ဟူသော အနက်ကို ပြတော်မမူ။ သက္ကာယဒိဋ္ဌိဟူသည် အကုသိုလ်ဖြစ်သည်။ ထိုအကုသိုလ်ဖြစ်သော သက္ကာယဒိဋ္ဌိသည် အကျိုးပေးခဲ့သော် သာဝဇ္ဇဒုက္ခဝိပါကမ္မဖြစ်၍ စင်စစ် ငရဲ၌သာ ငုပ်နစ်စေတတ်၏။နတ်ရွာသို့ မဆောင်တတ်ဟူသောအနက်ကိုသာပြတော်မူ၏။ ထို့ကြောင့်ပင် အဋ္ဌကထာ၌။ ။သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ။ ။ ဟု ဝေတ္ထဖလကို ပြတော်မူ၏။ ထို့ကြောင့် နိရယသ္မိံယေဝ၌ ဝေ-သဒ္ဒါဖြင့် သက္ကာယဒိဋ္ဌိတိုင်းပင် အပါယ်၌သာ ဖြစ်စေ၏ဟူသော သန္နိဋ္ဌာန် အနက်ကိုမယူအပ်။ ဤသို့ ရှေးအဋ္ဌကထာ၌ ဒုဗ္ဗလ ဖြစ်သော သက္ကာယဒိဋ္ဌိကိုရည်၍ နသဂ္ဂါဝရဏာ-ဟူသော စကားကို နောက်အဋ္ဌကထာ၌ ဗလဝဖြစ်သော သက္ကာယဒိဋ္ဌိကို

ရည်၍ ကေန္တံ နိရယသ္မိံ ယေဝ နိမုဇ္ဇာပေတိ၊ ဟူသောစကားကို ဆိုအပ်ရကား အဋ္ဌကထာနှစ်ရပ်သည် ရောစပ်ညီညွတ်၏။ မဆန့်ကျင်ဟု မှတ်ရာ၏။

အချို့ကားသက္ကာယဒိဋ္ဌိ အပါယ်ပဋိသန္ဓေကိုပေးကြောင်း
အဆုံးအဖြတ်ပြီး၏။

(၄၂) ပဋိသန္ဓိဇနကာယေဝ ကုသလာ ကုသလာ ကမ္မပထာတိ ဝုတ္တာ။ ဝုတ္တာဝသေသာ ပဋိသန္ဓိဇနနေ အနေကန္တတ္တာ ကမ္မပထာတိ နဝုတ္တာ။ ။ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၏ အဓိပ္ပါယ်ကိုသိလိုပါသည်လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။ ။ပဋိသန္ဓိဇနကာယေဝ၊ ပဋိသန္ဓေ အကျိုးကို ဖြစ်စေတတ်သည်သာလျှင် ဖြစ်ကုန်သော။ ကုသလာကုသလာ၊ ကုသိုလ်, အကုသိုလ် တရားတို့ကို။ ကမ္မပထာတိ၊ ကမ္မပထတို့ ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဝုတ္တာဝသေသာ၊ ဆိုအပ်ခဲ့ပြီးသော ပဋိသန္ဓေအကျိုးဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်တို့မှကြွင်းကုန်သော ကုသိုလ်,အကုသိုလ်တရားတို့ကို။ ပဋိသန္ဓိ ဇနနေ၊ ပဋိသန္ဓေကို ဖြစ်စေရာ၌။ အနေကန္တတ္တာ၊ ဧကန္တမဟုတ်သည်၏ အဖြစ်ကြောင့်။ ကမ္မပထာတိ၊ ကမ္မပထတို့ဟူ၍။ နဝုတ္တာ၊ မဆိုအပ်ကုန်။ ။(ဤကားအနက်)။ ။ အဓိပ္ပါယ်ကား—အခွင့်ရသော်မိမိပြဋ္ဌာန်းသည်ဖြစ်၍ အပါယ်ပဋိသန္ဓေကိုဖြစ်စေ တတ်သော ပါဏာတိပါတ စသောအကုသိုလ်၊ အခွင့်ရသော် မိမိပြဋ္ဌာန်းသည် ဖြစ်၍ သုဂတိ ပဋိသန္ဓေကို ဖြစ်စေတတ်သော ပါဏာတိပါတ ဝိရတီစသော ကုသိုလ်ကိုသာ ကမ္မပထဟူ၍ ပါဠိတော်၌ဟောတော်မူအပ်ကုန်၏။အခွင့်ရသော် ပါဏာတိပါတစသော အကုသလကမ္မပထ၏ အကြောင်းဖြစ်သော သေသောက် ခြင်းသည် အကုသလ ကမ္မပထ၏ ပုဗ္ဗ နေတနာတို့သည် ခြံရံအပ်သည် ဖြစ်၍ အားရှိသောကြောင့် အပါယ် ပဋိသန္ဓေကိုဖြစ်စေ၏။ ဤကဲ့သို့ မခြံရံအပ်သော သေသောက်ခြင်းသည် အခွင့်ရသော်လည်း ဒုဗ္ဗလဖြစ်၍ အပါယ် ပဋိသန္ဓေကို မဖြစ်စေ။ အခွင့်ရသော် ပါဏာတိပါတ ဝိရတီစသော ကုသလ ကမ္မပထ၏ အကြောင်းဖြစ်သော သေသောက်ခြင်းမှ ကြဉ်ခြင်းသည် ကုသလကမ္မပထ၏ ပုဗ္ဗ စေတနာတို့သည် ခြံရံအပ်သည်ဖြစ်၍ အားရှိသောကြောင့် သုဂတိ ပဋိသန္ဓေကို ဖြစ်စေ၏။ မခြံရံအပ်သော သေသောက်ခြင်းမှကြဉ်ခြင်းသည် အခွင့်ရသော်လည်း ဒုဗ္ဗလဖြစ်၍ သုဂတိပဋိသန္ဓေကို မဖြစ်စေ။ ဤသို့ မိမိ၏အစွမ်းဖြင့် ပဋိသန္ဓေကို စင်စစ်ဖြစ်စေတတ်သော ပါဏာတိပါတ စသော အကုသိုလ်၊ ပါဏာတိပါတ ဝိရတီစသော ကုသိုလ်တို့မှကြွင်းကုန်သော သေသောက်ခြင်းစသော အကုသိုလ်၊ ထိုသေသောက်ခြင်းမှ ကြဉ်ခြင်းစသော ကုသိုလ်တို့ကို ပဋိသန္ဓေကို ဖြစ်စေရာ၌ မမြဲသောကြောင့် ကမ္မပထဟူ၍ မဆိုအပ်ကုန်ဟူလိုသည်။ ထိုစကားသင့်စွ၊ သေ

သောက်ခြင်းသည် မူးယစ်ခြင်း၏အကြောင်းတည်း။ မူးယစ်ခြင်းသည် ပါဏာတိပါတ စသော အကုသလကမ္မပထ၏ အကြောင်းတည်း။ သေသောက် ခြင်းမှ ကြဉ်ခြင်းသည် မမူးယစ်ခြင်း၏အကြောင်းတည်း။မမူးမယစ်ခြင်းသည် ပါဏာတိပါတ ဝိရတီ စသော ကုသလကမ္မပထ၏ အကြောင်းတည်း။ ဤသို့ ကမ္မပထ၏ အားကြီးစွာသော အကြောင်းဖြစ်ကုန်သော ထိုသေသောက်ခြင်းစသော အကုသိုလ်၊ ထိုသေသောက်ခြင်းမှ ကြဉ်ခြင်းစသော ကုသိုလ်တို့သည် အနီးဖြစ်သော ပါဏာတိပါတ စသော အကုသိုလ်ကံ၊ ပါဏာတိပါတဝိရတီ စသော ကုသိုလ်ကံတို့သည် ခြံရံအပ်သည့်၏အစွမ်းအားဖြင့် ပဋိသန္ဓေကို ဖြစ်စေခြင်းငှါ စွမ်းနိုင်ကုန်၏။ ၎င်းကံတို့အခြံအရံမရှိကုန်သည်ရှိသော် ပဋိသန္ဓေကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်ကုန်။ ။ထို့ကြောင့် ပဋ္ဌာနမူလဋီကာ ပုဒ်မဝိဘင်္ဂ ဂဏ္ဍိပုဒ်မမှနာနတ္တဉာဏနိဒ္ဒေသအဘွင့်၌။ ။ဝုတ္တာဝသေသာတိ ဝုတ္တံ ကမ္မပထတော အဝသေသာ သုရာပါနာဒယော တပ္ပိရမ္မဏာ ဒယောစ။ သုရာပါနံဟိ မဒဿ ပစ္စယော၊ မဒေါ အပုည ပထဿ။ တပ္ပိရတီပိ နိမ္မဒတာယ။ သာ ပုညပထဿာတိ ကမ္မပထူပနိဿယာနိ တာနိ တဒါ သန္နကမ္မဝသေန ပဋိသန္ဓိဇနိကာနိပိ ဟောန္တိ။ ကမ္မပထာ ပုဗ္ဗာ ပရေစတနာယော ပေတ္တ အဒန်ကန္တိက ပက္ခမေဝ ဘဇာပေဘာဗ္ဗာ။ တသ္မိံ သန္တေ သန္ဓိအပစ္စယတ္တာ၊ တဿပန ဝိပက္ကဝိပါကတ္တေ တာပိစ နတံပက္ခံ ဘဇန္တိ။ ကမ္မပထ အဟေတုဘူတာ ပန ပုဗ္ဗစေတနာ။ သာ ကေန္တမေဝ တံပက္ခံ ဘဇိတာ။ ။ဟု မိန့်အပ်၏။

ဝုတ္တာဝ သေသာတိ၊ ဟူသည်ကား။ ဝုတ္တကမ္မပထတော၊ ဆိုအပ်ခဲ့ပြီးသော ကမ္မပထတရားတို့မှ ကြွင်းကုန်သော။ သုရာပါနာ ဒယောစ၊ သေသောက်ခြင်း စသော အကုသိုလ်တို့သည်၎င်း။ တပ္ပိရမဏာဒယောစ၊ ကိုသေသောက် ခြင်းမှ ကြဉ်ခြင်းစသော အကုသိုလ် တို့သည်၎င်းတည်း။ ဝါ၊ တို့သည်။ ဝုတ္တာဝသေသာတိ—ဝုတ္တာဝသေသာနာမ၊ ဝုတ္တာဝသေသတို့မည်ကုန်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သုရာပါနံ၊ သေကို သောက်ခြင်းသည်။ မဒဿ၊ ယစ်မူးခြင်း၏။ ပစ္စယော၊ အကြောင်းတည်း။ မဒေါ၊ ယစ်မူးခြင်းသည်။ အပုညပထဿ၊ အကုသလ ကမ္မပထတရားကို ပြုလုပ်ခြင်း၏။ ပစ္စယော၊ အကြောင်းတည်း။ တပ္ပိရတီပိ၊ ထိုသေသောက်ခြင်းမှ ကြဉ်ရှောင်ခြင်းသည်လည်း။ နိမ္မဒတာယ၊ ယစ်မူးခြင်း မရှိသည်၏ အဖြစ်၏။ ပစ္စယော၊ အကြောင်းတည်း။ သာ၊ ထိုယစ်မူးခြင်း မရှိသည်၏ အဖြစ်သည်။ ပုညပထဿ၊ ကုသလကမ္မပထတရားကို ပြုလုပ်ခြင်း၏။ ပစ္စယော၊ အကြောင်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကမ္မပထူပနိဿယာနိ၊ ကမ္မပထ၏ အားကြီးသော အကြောင်း ဖြစ်၍ ဖြစ်ကုန်သော။ တာနိ၊ ထို သေသောက်ခြင်းဟူသော အကုသိုလ်၊ ထိုသေသောက်ခြင်းမှ ကြဉ်ရှောင်ခြင်း ဟူသော ကုသိုလ်တို့သည်။ တဒါသန္န ကမ္မဝသေန၊ ထို သေသောက်ခြင်း အကု

သိုလ်၏ အနီးဖြစ်သော ပါဏာတိပါတ စသော အကုသလကမ္မပထ၊ ထို သေ သောက်ခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော ကုသိုလ်၏အနီး၌ ဖြစ်သော ပါဏာတိပါတ ဝိရတိစသော ကုသလကမ္မပထတို့၏ အစွမ်းဖြင့်။ ပဋိသန္ဓိဇနိကာနိပိ၊ ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တ္ထေ၊ ဤကမ္မပထသန္နိဋ္ဌာပက မုဉ္စစေတနာ၊ ထိုကမ္မပထမုဉ္စစေတနာ၏ ရှေ့နောက်ဖြစ်ကုန်သော စေတနာတို့တွင်။ ကမ္မပထပုဗ္ဗာပရစေတနာယောပိ၊ ကမ္မပထသန္နိဋ္ဌာပက မုဉ္စစေတနာ၏ ရှေ့စေတနာ, နောက်စေတနာ တို့ကိုလည်း။ အနေကန္တိက ပက္ခေ၀၊ ပဋိသန္ဓေအကျိုးကို စင်စစ်မပေးတတ်သော အဘို့သို့သာလျှင်။ ဘဇာပေတဗ္ဗာ၊ သွင်းအပ်ကုန်၏။ ဝါ၊ ဝင်စေအပ်ကုန်၏။ ကသ္မာ၊ အဘဲ့ကြောင့်။ ဘဇာပေတဗ္ဗာ၊ သွင်းအပ်ကုန်သနည်းဟူမူကား။ တသ္မိံ၊ ထိုကမ္မပထ စေတနာသည်။ သတိ၊ ရှိလသော်။ တာသံ၊ ထိုရှေ့စေတနာ, နောက်စေတနာတို့၏။ သန္ဓိ အပစ္စယတ္တာ၊ ပဋိသန္ဓေ၏ အကြောင်းမဟုတ်သည်၏ အဖြစ်ကြောင့်။ ဘဇာပေတဗ္ဗာ၊ သွင်းအပ်ကုန်၏။ တဿပန၊ ထိုကမ္မပထမုဉ္စစေတနာ၏ကား။ ဝိပက္ကဝိပါကတ္တော၊ ပဋိသန္ဓေအကျိုးကိုပေးရှုပြီးသည်။ သတိ၊ ရှိသသော်။ တာပိစ၊ ထိုကမ္မပထ မုဉ္စစေတနာ၏ ရှေ့နောက်ဖြစ်ကုန်သော စေတနာတို့သည်လည်း။ တံပက္ခံ၊ ထိုစင်စစ် ပဋိသန္ဓေ အကျိုးကိုမပေးသော အဘို့သို့။ နဘဇန္တိ၊ မဝင်ကုန်။ ပန၊ ဗျတိရေကကိုဆိုဦးအံ့။ ကမ္မပထ အဟေတုဘူတာ၊ ကမ္မပထ၏အကြောင်း မဟုတ်သော။ ယာပုဗ္ဗစေတနာ၊ အကြင် ပုဗ္ဗစေတနာသည်။ အတ္ထိ၊ ရှိ၏။ သာပုဗ္ဗစေတနာ၊ ထိုကမ္မပထ၏ အကြောင်း မဟုတ်သော ပုဗ္ဗစေတနာကို။ ကေန္တမေ၀၊ စင်စစ်သာလျှင်။ တံပက္ခံ၊ ထိုပဋိသန္ဓေကို မဖြစ်စေတတ်သော ကုသိုလ်,အကုသိုလ်တို့၏ အဘို့သို့။ ဘဇိတာ၊ ထည့်သွင်းအပ်၏။ ။(ဤကားအနက်)

အနီးဖြစ်သော တပါးသော ကံတို့သည် ခြံရံအပ်သည်ဖြစ်၍ အားရှိသော သေသောက်ခြင်း အကုသိုလ်ကံ၊ ထိုသေသောက်ခြင်းမှ ကြဉ်ရှောင်ခြင်းကုသိုလ်ကံတို့သည် ပဋိသန္ဓေကို ပေးစွမ်းနိုင်သကဲ့သို့ ထို့အတူ၊ အကြိမ် များစွာ မှိုဲအပ် ပွါးများအပ် အကြိမ်များစွာ ပြုလုပ်အပ်သော သေသောက်ခြင်း အကုသိုလ်ကံ၊ ထိုသေသောက်ခြင်းမှ ကြဉ်ရှောင်ခြင်း ကုသိုလ်ကံ တို့ သည်လည်း အချင်းချင်း ခြံရံ အပ်သည်ဖြစ်၍ အားရှိသောကြောင့် ပဋိသန္ဓေ အကျိုးကို ပေးစွမ်းနိုင်ကုန်၏။ ။ထို့ကြောင့် အဋ္ဌက အင်္ဂုတ္တရပါဠိတော် ဒါနဝဂ်၌။ ။ သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ ပေတ္တိဝိသယသံဝတ္တနိကံ၊ ယော သဗ္ဗလဟု၊ သော သုရာမေရယပါနဿ ဝိပါကော မနုဿ ဘူတဿ ဥမ္မတ္တက သံဝတ္တနိကော ဟောတိ။ ။ဟုဟောတော် မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အာသေဝိတံ၊ အဘန်

ဘန်မှိဝဲအပ်သော။ ဘာဝိတံ၊ အကြိမ်ကြိမ် အထပ်ထပ် ပွါးများစေအပ်သော။ ဗဟုလီကတံ၊အကြိမ်ကြိမ်အခါခါ များစွာ ပြုလုပ်အပ်သော။ သုရာမေရယပါနံ၊ သေကိုသောက်ခြင်း အကုသိုလ်ကံသည်။ နိရယသံဝတ္တနိကံ၊ ချမ်းသာမရှိ ဆင်းရဲ အတိသာ ဖြစ်သော ငရဲ၌လည်းဖြစ်စေတတ်၏။ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ တိရစ္ဆာန်တို့၏ ပဋိသန္ဓေကိုလည်း ဖြစ်စေတတ်၏။ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ပြိတ္တာဘုံ၌လည်း ဖြစ်စေတတ်၏။ သုရာမေရယပါနဿ၊ သေသောက်ခြင်းအကုသိုလ်ကံ၏။ ယောဝိပါကော၊ အကြင် အကျိုးသည်။ သဗ္ဗလဟု၊ အလုံးစုံတို့ အောက်ပေ၏။ သောဝိပါကော၊ ထိုအကျိုးသည်။ မနုဿဘူတဿ၊ လူဖြစ်သောသူ၏။ ဝါ၊ လူဖြစ်သောသူကို။ ဥမ္မတ္တက သံဝတ္တနိကော၊ ရူးသွပ်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)

ကမ္မပထာ ဝေါတိ အသဗ္ဗသာဓာရဏောသု ဈာနာဒိကောဋ္ဌာသေသု ကမ္မပထကောဋ္ဌာသိကာ ဝေါတိ အတ္ထော။ သုရာပါနမ္ပိ သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ။ ပ။နိရယသံဝတ္တနိကန္တိ ဝိသုံ ကမ္မပထဘာဝေန အာဂတန္တိ ဝဒန္တိ။ ဝေံသတိ ကောဒသ္သကမ္မပထာ သိယျုံ။ တသ္မာဿ ယထာဝုတ္တေသွေဝ ကမ္မပထေသု ဥပကာရကတ္တ သဘာဂတ္တဝသေန အနုပဝေသော ဒဋ္ဌဗ္ဗော။ ။(မူလဋီကာ သိက္ခာပဒ ဝိဘင်း အဋ္ဌကထာအဘွင့်)။ ။ကမ္မပထာ ဝေါတိ၊ ဟူသည်ကား။ အသဗ္ဗ သာဓာရဏေသု၊ အလုံးစုံတို့နှင့် မဆက်ဆံကုန်သော။ ဈာနာဒိကောဋ္ဌာသေသု၊ ဈာန် အစရှိသော အဘို့အစုတို့တွင်။ ကမ္မပထကောဋ္ဌာသိကာဝေ၊ ကမ္မပထ၏ အဘို့၌ ဖြစ်ကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ကမ္မပထာဝေ—ဟူသော ပါဠိ၏ အနက်တည်း။ သုရာမေရယ ပါနံ ဘိက္ခဝေ အာသေဝိတံ။ ပ။ နိရယသံဝတ္တနိကန္တိ၊ ဟူ၍။သုရာပါနမ္ပိ၊ သေသောက်ခြင်းအကုသိုလ်သည်လည်း။ ဝိသုံ၊ အသီးအခြား။ ကမ္မပထဘာဝေန၊ ကမ္မပထ၏ အဖြစ်ဖြင့်။ အာဂတံ၊ လာ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဝေံသတိ၊ ဤသို့ သုရာပါန အကုသိုလ်၏ အသီးအခြား တပါးသော ကမ္မပထ ဖြစ်ခဲ့သည်ရှိသော်။ ကောဒသ၊ တဆဲ့တပါး ကုန်သော။ ကမ္မပထာ၊ ကမ္မပထတို့သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ တသ္မာ၊ ထိုသို့ ကမ္မပထ တဆဲ့တပါး ပြားရသောကြောင့်။ အဿသုရာပါနဿ၊ထိုသုရာပါန အကုသိုလ်၏။ ဝါ၊ ကို။ ကမ္မပထေသု၊ အလုံးစုံသော ကမ္မပထတို့၌။ ဝါ၊ တို့တွင်။ ဥပကာရကတ္တ သဘာဂတ္တဝသေန၊ ကျေးဇူးပြုတတ်သည်၏အဖြစ်၊ ကာမေသုမိစ္ဆာစာရနှင့် သဘောတူသည်၏ အဖြစ်၏ အစွမ်းဖြင့်။ အနုပဝေသော၊ အလျော်အားဖြင့် သွတ်သွင်းခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ။(ဤကားအနက်)

အချို့ကား ဤသို့သုရာပါနကံ၏ ကမ္မပထမဟုတ်ကြောင်းလာသောကြောင့် ၎င်းသုရာပါနကံသည် ပဝတ္တိအကျိုးကိုသာ ဖြစ်စေတတ်၏။ ပဋိသန္ဓေကိုမဖြစ်စေတတ်။ သုရာမေရယပါနံဘိက္ခဝေ စသော ဒေသနာတော်ကိုလည်း သုရာပါနကံသည် ငရဲ၌ဖြစ်စေတတ်သော ပါဏာတိပါတ စသော ကံ၏အကြောင်းဖြစ်သော အားဖြင့်။ ဝါ၊ အကြောင်း ဖြစ်သည်ကိုပင် ငရဲ၌ ဖြစ်စေတတ်၏ ဟု ဟောတော်မူအပ်၏။ ကိုယ်တိုင်ငရဲ၌ ဖြစ်စေတတ်သောကြောင့် ဟောတော်မူအပ်သည် မဟုတ်ရကား နီတတ္ထ ဒေသနာမဟုတ်၊ နေယျတ္ထ ဒေသနာ ဟူ၍ မှတ်အပ်၏ဟု ဆိုကြကုန်၏။ ၎င်းမူလ ဋီကာ၌ သုရာပါနကံသည် ကမ္မပထအသီး တခုမဟုတ်ကြောင်းသာ လာ၏။ ပဋိသန္ဓေကို မဖြစ်စေကြောင်း မလာ။ ကမ္မပထ မဟုတ်သော်လည်း သက္ကာယဒိဋ္ဌိမျှသည်ပင် အပါယ် ပဋိသန္ဓေကို ပေးကြောင်း။ ။အန္တမသော ဝိသတိ ဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာမ သင်္ဂံ ဥပနေတုံ အမတ္တာနာမ နတ္ထိ။ ။ကေန္တံ နိရယသ္မိံ ယေဝ နိမုဇ္ဇာ ပေတီတိ ဝုတ္တံ။ ။ဟူ၍ ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ ကေဓမ္မဝဂ်အဘွင့်၌လာရှိသည်။ အနက် အောက်က ပေးခဲ့ပြီး။ ။သုရာပါနကံကြောင့် အပါယ်၌ဖြစ်ကြောင်း ကျမ်းဂန်တို့၌ ဝတ္ထုသာမက တိုက်ရိုက်မရသည်ဖြစ်စေဟူ၍ယူခဲ့သော် ကျမ်းဂန်တို့၌ သုဂတိဘုံ၌ ဖြစ်စေကြောင်း ဝတ္ထုပါဠိ ထင်ရှားစွာမလာမှုရှိသော များစွာသော ကုသိုလ်ကံ၊ အကုသိုလ်ကံ တို့သည်လည်း ပဋိသန္ဓေအကျိုးကို မဖြစ်စေတတ် ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ။ယောသဗ္ဗလဟုသော သုရာမေရယ ပါနဿ ဝိပါကော။ ။စသောပါဠိဖြင့် အလုံးစုံတို့အောက် ပေါ့သော ညံ့သော ဒုဗ္ဗလဖြစ်သော သေကိုသောက်ခြင်း သုရာပါနကံသည်ပင် ရူးသွပ်ခြင်း ဟူသော ပဝတ္တိအကျိုးကို ဖြစ်စေတတ်၏ဟု ပြတော်မူသည်ကို ထောက်လျှင်။ ။သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလိကတံ။ ။ဟူသောပါဠိဖြင့် အဘန်ဘန် အထပ်ထပ် မှီဝဲအပ် အကြိမ်များစွာ အခါခါ ပွါးစေအပ် အကြိမ်များစွာ အခါခါ အားထုတ်၍ ပြုအပ်သော သုရာပါနကံသည် တပါးသော ဒုစရိုက်အဘော် သဟဲမရှိဘဲ မိမိကိုယ်တိုင်ပင် ငရဲစသည်တို့၌ ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်၏ ဟူသော နီတတ္ထ အနက်ကိုပင် ပြတော်မူ၏ ဟူ၍ စင်စစ် မှတ်ယူသင့်သည်။ သို့ဖြစ်၍။ ။သုရာမေရယပါနံဘိက္ခဝေ။ ။စသောအင်္ဂုတ္တိုရ်ပါဠိကို နေယျတ္ထဒေသနာမဟုတ် နီတတ္ထဒေသနာဟူ၍ပင် မှတ်ယူရမည်။ ထို့ကြောင့်ထို ဆရာတို့၏ နေယျတ္ထဒေသနာ ဟူ၍ဆိုကြသောစကားကို စဉ်းစားဆင်ခြင်အပ်၏။

သုရာပါနအကုသိုလ်ကံ၊ သုရာပါန ဝိရတီ ကုသိုလ်ကံတို့သည်<br>ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်ကြောင်းကို ပြဆိုရာ<br>အဆုံးအဖြတ်ကား ပြီး၏။

## (၄၃) သောဠသပုစ္ဆာဝိသဇ္ဇနာ

(၁) ဘုံသုံးပါးမူ၊ နှောင်အိမ်ပြူ၊ ဘယ်သူဆောက်၍ဖြစ်သနည်း။
(၂) တေဘူမက၊ သခ်ါရ၊ ဘယ်က မျိုးစေ့ဖြစ်သနည်း။
(၃) လူနတ်ထိုထို၊ ဖြစ်ကြောင်းဆို၊ ကုသိုလ်လား, အကုသိုလ်လား။
(၄) ကုသိုလ်မှန်က၊ သာဝဇ္ဇ၊ သုခဝေပလား, ဒုက္ခဝေပလား။
(၅) လူနတ်ချမ်းသာ၊ ဆိုသည်မှာ၊ မှန်စွာမုချ ရှိသလား။
(၆) ငရဲမှာခံ၊ နတ်ပြည်စံ၊ အမှန်ပုဂ္ဂိုလ် ရှိသလား။
(၇) ခံသူ, စံသူ၊ နှစ်ပါးမူ၊ ဘယ်သူမုချ ဖြစ်သနည်း။
(၈) သူ့သက်သတ်က၊ ငရဲကျ၊ မုချအမှန် ရှိသလား။
(၉) သတ်တတ်သောသူ၊ သေသောသူ၊ ဘယ်သူ မှတ်ပါရမည်နည်း။
(၁၀) သတ်သူ-သေသူ၊ ရှိ၏ယူ၊ ဤသူ သမ္မာဒိဋ္ဌိလား။
(၁၁) သတ်သူ-သေသူ၊ မရှိယူ၊ ဤသူ မိစ္ဆာဒိဋ္ဌိလား။
(၁၂) မိစ္ဆာ-သမ္မာ၊ ထိုနှစ်ဖြာ၊ သမ္မာအယူ ဘယ်သူဖြစ်သနည်း။
(၁၃) ပညတ်, ပရမတ်၊ ထိုနှစ်ရပ်၊ ဆတ်ဆတ် ဘယ်ကမှန်သနည်း။
(၁၄) ပညတ်မျှပင်၊ မှတ်ယူမြင်၊ သူလျှင် မဂ်ဖိုလ်ရမည်လား။
(၁၅) ပရမတ်ဉာဏ်၊ အမြင်သန်၊ ကေန် နိဗ္ဗာန်ရမည်လား။
(၁၆) ပရမတ်ဉာဏ်သွား၊ မဝင်စား၊ ဆယ်ပါးပါရမီ ပြည့်မည်လား။

ဉင်းတဆဲ့ခြောက်ပါးသော ပုစ္ဆာတို့၏အဖြေကို သိလိုပါသည်လျှောက်ထားရာ၌ အဖြေ ဝိသဇ္ဇနာ ဤသို့ကို သိမှတ်ရာ၏။

(၁) ဘုံသုံးပါးမူ၊နှောင်အိမ်ပြူ၊ဘယ်သူဆောက်၍ဖြစ်သနည်း။ ။ ဟူသော ပဌမပုစ္ဆာ၌။ ။ဘုံသုံးပါမူ၊ နှောင်အိမ်ပြူသည် တဏှာ ဟူသား၊ လက်သမား၊ ယောကျ်ားဆောက်၍ ဖြစ်သတည်း။ ။ဟူသော အဖြေဝိသဇ္ဇနာကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား—သရုပ်တရားကိုယ်အားဖြင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟုဆိုအပ်သော တရားအပေါင်းသည် ဘဝ နှောင်အိမ်မည်၏။ ထို ဘဝနှောင်အိမ်သည် တဏှာဟူသား၊ လက်သမား ဆောက်လုပ်၍ တည်၏ ဟူလိုသည်။ ဤကား အကျဉ်းတည်း။ အကျယ်ကား၊ ကာမ ဝိပါက်

တေဝီသ၊ ဝိရတီအပ္ပမညာ ကြဉ်သော စေတသိက် ၁တွတိံသ၊ ကမ္မဇရုပ်ဝီသသည် ကာမဘဝ မည်၏။ ရူပဝိပါက် ငါးခု၊ စက္ခုဝိညာဉ်ဒွေ့၊ သောတဝိညာဉ်ဒွေ့၊ သမ္ပဋိစ္ဆိုင်းဒွေ့၊ သန္တီရဏသုံးခု၊ ဝိရတီကြဉ်သော စေတသိက်ပဉ္စတိံသ၊ ဃာနဒိ ဘော၊ ပုမ္ဘော၊ ဃာန၊ ဇိဝှါ၊ ကာယကြဉ်သော ကမ္မဇရုပ်ပန္နရသသည် ရူပဘဝ မည်၏။ အရူပဝိပါက်လေးခု စေတသိက် တိံသသည် အရူပဘဝမည်၏။ ၎င်းဘဝ သုံးပါးအပေါင်းကို သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်တွဲဘွဲ့ချည်ရာ နှောင်အိမ်နှင့် မခြား အလားတူသောကြောင့် နှောင်အိမ်ဟူ၍ ခေါ်ပေါ်ပညတ် သမုတ်အပ်၏။ ။ထို့ကြောင့် ဗုဒ္ဓဝင်ပါဠိတော်၌—

ယထာ အန္ဒုဃရေ ပုရိသော၊ စိရဝုဋ္ဌော ဒုခဋ္ဋိတော။
နတတ္ထ ရာဂံ ဇနေတိ၊ မုတ္တိမေဝ ဂဝေသတိ။

တထေဝ တွံ့ သဗ္ဗဘဝေ၊ မဿ အန္ဒုဃရေဝိယ။
နေက္ခမ္မာဘိမုခေါ ဟောဟိ၊ ဘဝတော ပရိမုတ္တိယာ။—

ဟူ၍ဟောတော်မူအပ်၏။ ။အန္ဒုဃရေ၊ နှောင်အိမ်၌။ ဒုခဋ္ဋိတော၊ ဆင်းရဲခြင်းဖြင့် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍။ စိရဝုဋ္ဌော၊ နေ့ရက်များစွာ ကာလ ကြာအောင် နေရသော။ ပုရိသော၊ ယောကျ်ားသည်။ တတ္ထ၊ ထိုနှောင်အိမ် ၌။ ရာဂံ၊ တပ်နှစ်သက်ခြင်းကို။ နဇနေတိယထာ၊ မဖြစ်စေသကဲ့သို့။ မုတ္တိမေဝ၊ နှောင်အိမ်မှ ပြင်ဘက် ထွက်မြောက် လွတ်ကင်း၍ ချမ်းသာစွာနေရ ခြင်းကို သာလျှင်။ ဂဝေသတိ ယထာ၊ ရှာမှီးသကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ တွံ၊သင်သုမေဓာသည်။ သဗ္ဗဘဝေ၊ ကာမ-ရူပ-အရူပတည်း ဟူသော သုံးပါး သော ဘဝတို့ကို။ အန္ဒုဃရေဝိယ၊ နှောင်အိမ်တို့ကဲ့သို့။ ပဿ၊ ရှုပါလော၊ ပဿိတွာ၊ ရှုပြီး၍။ ဘဝတော၊ သုံးပါးသောဘဝ နှောင်အိမ်မှ။ ပရိမုတ္တိယာ၊ လွတ်ခြင်းငှါ။ နေက္ခမ္မာဘိ မုခေါ၊ တောထွက်ခြင်းသို့ ရှေးရှုသည်။ ဝါ၊ ဝဋ်တရားမှ ထွက်မြောက် လွတ်ကင်းခြင်းသို့ ရှေးရှုသည်။ ဟောဟိ၊ ဖြစ်ပါ လော။ ။(ဤကား အနက်)

ထိုဘဝ သုံးပါးတည်းဟူသော နှောင်အိမ်သည် သမုဒယသစ္စာ တဏှာလျှင် အကြောင်းရှိ၏။ တဏှာဟူသော အကြောင်းကြောင့် ဖြစ်၏။ ။ထို့ကြောင့် ဓမ္မပဒ၌—

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖါသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။—

ဟူ၍ရင်း။ ။ဝိဘင်းပါဠိတော်၌။ ။ကတမဥ္စ ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ၊ ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြ တတြာဘိနန္ဒိနီ။ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ။ ဟူ၍ရင်း။ ။အဋ္ဌကထာ၌။ ။ယာယံတဏှာတိ ယာအယံ တဏှာ။ ပေါ နောဗ္ဘဝိကာတိ ပုနဘဝကရဏံ ပုနောဗ္ဘဝေါ။ ပုနောဗ္ဘဝေါ သီလံ အဿာတိ ပေါနောဗ္ဘဝိကာ။ အပိစ ပုန ဘဝံ ဒေတိ ပုနဗ္ဘဝါယ သံဝတ္တတိ ပုနပ္ပုနံ ဘဝေ နိဗ္ဗတ္တေတီတိ ပေါနောဗ္ဘဝိကာ။ ။ဟူ၍ရင်း ဟောတော်မူအပ်၏။

ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေ တည်နေရခြင်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ၏။ သာစဇာတိ၊ထိုဇာတိသည်လည်း။ တသ္မိံ၊ ထိုတဏှာ ယောကျ်ား ပဲခွပ်သမားကို။ အဒိဋ္ဌေ၊ မမြင်အပ်သည်ရှိသော်။ယသ္မာ၊ အကြင်ကြောင့်။ နနိဝတ္တတိ၊ မဆုတ်နစ်။ တသ္မာ၊ ထို့ကြောင့်။ ဂဟကာရံ၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဘန်ဘန် အားထုတ်၍ ပြုလုပ်တတ်သော တဏှာယောကျ်ား ပဲခွပ် သမားကို။ ဂဝေသန္တော၊ ရှာမှီး သောငါသည်။ ယေန ဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်ဖြင့်။ သော၊ ထိုတဏှာ ယောကျ်ား ပဲခွပ်သမားကို။ ဒိဋ္ဌော၊ မြင်အပ်၏။ တံဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်ကို။ အနိဗ္ဗိသံ=အပ္ပဋိဝိဇ္ဈန္တော၊ ထိုထွင်း၍ မသိသည် ဖြစ်၍။ ဝါ၊ အနိဗ္ဗိသံ—အဝိန္ဒန္တော၊ မရသည်ဖြစ်၍။ ဝါ၊ မရသောကြောင့်။ အနေကဇာတိ သံသာရံ၊ ဘဝ အသိန်းမက များပြားတာရှည်လှစွာသော သံသရာကာလပတ်လုံး။သန္ဓာဝိဿံ- သံသရိံ၊ တပြောင်းပြန်ပြန် ကျင်လည်ရလေပြီ။ ဂဟကာရက၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဘန်ဘန် အားထုတ်၍ ပြုလုပ်တတ်သော တဏှာယောကျ်ား ပဲခွပ်သမား။ ဒါနိဣဒါနိ၊ ဤယခုအခါ၌။ မယာ၊ ငါဘုရားသည်။ တံသဗ္ဗညုတညာဏံ၊ ထို သဗ္ဗညုတ ဉာဏ်ကို။ ပဋိဝိဇ္ဈန္တေန၊ ထိုးထွင်း၍ သိသည်ဖြစ်၍။ ဝါ၊ ရသည်ဖြစ်၍။ ဝါ၊ ရသောကြောင့်။ တွံ၊ သင် တဏှာယောကျ်ား ပဲခွပ်သွားကို။ ဝါ၊ သင်တဏှာ ယောကျ်ား ပဲခွပ်သမား သည်။ တေနဉာဏေန၊ ထိုသဗ္ဗညုတ ဉာဏ်တော်ဖြင့်။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ တွံ၊သင်တဏှာယောကျ်ား ပဲခွပ်သွားသည်။ ပုန၊ တဘန်။ ဂေဟံ၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို။ နကာဟသိ၊ မပြုရတော့လတ္တံ့။ တေ၊ သင်တဏှာယောကျ်ား ပဲခွပ်သွား၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဖါသုကာ၊

အတ္တဘောတည်းဟူသော ခန္ဓာအိမ်၏ ကိလေသာတည်းဟူသော နံရိုးတို့ကို။ ဘဂ္ဂါ၊ ငါချိုးဖဲ့ ဖျက်ဆီးအပ်ကုန်ပြီ။ ဂဟကူဋံ၊ အတ္တဘော တည်းဟူသော ခန္ဓာအိမ်၏ အဝိဇ္ဇာတည်းဟူသော အထွဋ်ကို။ ဝိသင်္ခတံ၊ ငါ ဖျက်ဆီးအပ်ပြီ။ မေ၊ ငါဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရတို့၏ ကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ ပဒတ္တာ၊ ရောက်တော်မူပြီ။ ။(ဤကား ဓမ္မပဒ ပါဠိတော်၏ အနက်)။ ။ဘိက္ခဝေ၊ တို့။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ အကြောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမဥ္စ၊ အဘယ်နည်းဟူမူကား။ နန္ဒီရာဂ သဟဂတာ၊ သာယာတတ် နှစ်သက်တတ်သော ရာဂနှင့် တကွဖြစ်သော။ တတြ တတြ၊ ထိုထို ဘဝတို့၌။ အဘိနန္ဒိနီ၊ အလွန် တပ်နှစ်သက်တတ်သော။ ယာယံတဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဘန် ဘဝသစ်ကို ဖြစ်စေတတ်သော အလေ့ရှိ၏။ ဣဒံ အယံ တဏှာ၊ ဤတဏှာ ဟူသည်။ သေယျထာ ကတမာ၊ အဘယ်နည်းဟူမူကား။ ကာမတဏှာ၊ ကာမဘဏှာရင်း။ ဘဝတဏှာ၊ ဘဝတဏှာရင်း။ ဝါ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာရင်း။ ဝိဘဝတဏှာ၊ ဝိဘဝတဏှာရင်း။ ဝါ၊ ဉစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာရင်း။ ဣတိဣမာ၊ ဤသည်တည်း။ သာအယံ တဏှာ၊ ထိုတဏှာသည်။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာ မည်သည်။ ဟောတိ၊ ၏။ ။(ဤကားဝိဘင်းပါဠိတော်၏အနက်)။ ။ယာယံ တဏှာတိ၊ ဟူသည်ကား။ ယာအယံဘဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာတိ၊ ဟူသည်ကား။ ပုန ဘဝကရဏံ၊ တဘန်ဘဝသစ်ကို ပြုခြင်းသည်။ ပုနောဗ္ဘဝေါ၊ ပုနောဗ္ဘဝမည်၏။ တဿာ၊ ထိုတဏှာအား။ ပုနောဗ္ဘဝေါ၊ ဘဝသစ်ကိုပြုခြင်းဟု ဆိုအပ်သော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုတဏှာသည်။ ပေါနောဗ္ဘဝိကာ၊ ပေါနောဗ္ဘဝိကာမည်၏။ အပိစ အပရော နယော၊ နည်းတပါးကို။ မယာ၊ ငါအဋ္ဌကထာဆရာသည်။ ဝုစ္စတေ၊ မိန့်ဦးအံ့။ ယာဘဏှာ၊ အကြင်တဏှာသည်။ ပုနဘဝံ၊ တဘန်ဘဝ သစ်ကို။ ဒေတိ၊ ပေးတတ်၏။ ပုနဗ္ဘဝါယ၊ တဘန်ဘဝ သစ်အကျိုးငှါ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်တတ်၏။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဘဝေ၊ ဘဝတို့ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်စေတတ်သော သတ္တိကြောင့်။ သာဘဏှာ၊ ထိုတဏှာသည်။ ပေါနောဗ္ဘဝိကာ၊ ပေါနောဗ္ဘဝိကာ မည်၏။ ။(ဤကား အဋ္ဌကထာပါဠိ၏ အနက်တည်း)။ ။ဤဒေသနာတော်၌ အနာဂတ် အကျိုး-ပစ္စုပ္ပန် အာသန္န ဖြစ်သော နီးသောအကြောင်းကို ပြသောအရာဖြစ်၍ အာသန္နဖြစ်သော နီးသော အကြောင်း အရာ၌ ပြဋ္ဌာန်းသော တဏှာ ကိုသာ အကြောင်း မူလ ထား၍ ဟောကြားတော်မူ၏။ ။ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ ပစ္စုပ္ပန်အကျိုး,အတိတ်

မူလအကြောင်းကို ပြသောအရာဖြစ်၍ ပြဋ္ဌာန်းသော အဝိဇ္ဇာကိုသာ အကြောင်းမူလထား၍ ဟောကြားတော်မူ၏။ ဤအကြောင်းကား ဒုတိယပုစ္ဆာ၏ အဖြေ၌ ထင်ရှားလတ္တံ့။

ပဌမပုစ္ဆာ၏အဖြေ ဝိသဇ္ဇနာကား ဤတွင်ပြီး၏။

(၂) တောဘူမက၊ သင်္ခါရ၊ ဘယ်ကမျိုးစေ့ဖြစ်သနည်း။ ။ဟူသော ဒုတိယပုစ္ဆာ၌။ ။တောဘူမက၊ သင်္ခါရ၊ အဝိဇ္ဇာအစ၊ ပဌမမျိုးစေ့ ဖြစ်သတည်း။ ဟူသော အဖြေဝိသဇ္ဇနာကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား။ ။အာသဝသမုဒယော အဝိဇ္ဇာသမုဒ္ဒတော။ ။အာသဝသမုဒယော၊ အာသဝေါ တရားတို့၏ ပွါးစီးခြင်းဟူသော အကြောင်းကြောင့်။ အဝိဇ္ဇာသမုဒယော၊ အဝိဇ္ဇာမောဟတရား၏ပွါးစီးခြင်းသည်။ ဟောတိ၊ဖြစ်၏။ ။ ဤသို့ မြတ်စွာဘုရားသည် ဟောတော်မူခြင်းကြောင့် အဝိဇ္ဇာသည် ရှေး၌တစုံတခုသော အကြောင်းကိုမစွဲမူ၍ အလိုအလျောက် သံသရာဝဋ်၏အစစ္စာမဖြစ်။ ယင်းသို့ မဖြစ်သော်လည်း အဝိဇ္ဇာသည် ဖုံးလွှမ်းအပ်သော အပြစ်ရှိသော ဘဝ သုံးပါးတို့၌ တပ်သောတဏှာ၊ ထိုတဏှာ၏အစွမ်းအားဖြင့် ပြုအပ်သောကံတို့သည် ဒုက္ခကို ဖြစ်စေသည်ဖြစ်၍ တဏှာ, ကံတို့၏လည်း အကြောင်းဖြစ်ခြင်းကြောင့်၎င်း၊ အဝိဇ္ဇာကိုကြည့်၍ တဏှာမဖြစ်။ တဏှာကိုကြည့်၍ အဝိဇ္ဇာမဖြစ်ခြင်းကြောင့်၎င်း၊ ဝဋ္ဋမူလနှစ်ပါးတို့တွင် အဝိဇ္ဇာသည် ဝဋ္ဋကထာ၌ သံသရာဝဋ်၏ အစစ္စာဖြစ်၏ဟူ၍ ဆိုစလောက်သော သဘောရှိသည်။ ထို့ကြောင့် ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်လာတိုင်း တောဘူမက သင်္ခါရတို့၏အကြောင်း မျိုးစေ့ကား အဝိဇ္ဇာ တည်းဟူသော အဖြေကိုသိရာ၏။ ။ထို့ကြောင့်ဝိဘင်းအဋ္ဌကထာ၌။ ။ကသ္မာပနေတ္ထ အာဒိတော ဝုတ္တာ။ ကိံ ပကတိဝါဒီနံ ပကတိဝိယ အဝိဇ္ဇာပိ မူလ ကာရဏံ လောကဿာတိ၊ န အကာရဏာ။ အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယောတိဟိ အဝိဇ္ဇာယ ကာရဏံ ဝုတ္တံ၊ အတ္ထိပန ပရိယာယော ယေန မူလကာရဏံ သိယာ၊ ကောပနေသောတိ၊ ဝဋ္ဋကထာ သီသဘာဝေါ။ ။ဟူ၍၎င်း။ ။မူလ ဋီကာ၌။ ။ဝဋ္ဋကထာသီသဘာဝေါ ဝဋ္ဋဟေတုနော ကမ္မဿာပိ ဟေတုဘာဝေါ။ တတ္ထ ဘဝတဏှာယပိ ဟေတုဘူတာ အဝိဇ္ဇာ။ တာယ ပဋိစ္ဆာဒီနဝေ ဘဝေ တဏှုပ္ပတ္တိတောတိ အဝိဇ္ဇာ ဝိသေသေန သီသဘူတ မူလကာရဏန္တိ ဝုတ္တာ။ ။ ဟူ၍၎င်း မိန့်အပ်၏။

တတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ ကသ္မာ၊ အဘယ့်ကြောင့်။ အဝိဇ္ဇာ၊ ကို။ အာဒိတော၊ အစ၌။ ဝုတ္တာ၊ ဟောတော်မူအပ်ပါလေသနည်း။ ပကတိဝါဒီနံ၊ ပကတိ

အယူရှိကုန်သော ပုဂ္ဂိုလ်တို့၏။ ပကတိဝိယ၊ ပကတိမည်သောအကြောင်းကဲ့သို့။ အဝိဇ္ဇာပိ၊ အဝိဇ္ဇာသည်လည်း။ လောကဿ၊ သတ္တလောက၏။ မူလကာရဏံ၊ မူလ အကြောင်းသည်။ ဟောတိကိံ၊ ဖြစ်လေသလော။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ အကာရဏာ၊ အကြောင်း မရှိသည်။ န၊ မဟုတ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယောတိ။ အာသဝ။ ပ။ ဒယောဟူ၍။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ ကာရဏံ၊ အကြောင်းကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ပန၊ ယင်းသို့ပင်အစရှိ ဖြစ်သင့်ငြား သော်လည်း။ ယေနပရိယာယေန၊ အကြင်အကြောင်းဖြင့်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ ၏။ မူလကာရဏံ၊ မူလအကြောင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ယောပရိယာယော၊ အကြင်အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ သောပရိယာယော၊ ထို အကြောင်း သည်။ ကောပန၊ အဘယ်နည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊အမေးတည်း။ ဝဋ္ဋကထာ သီသဘာဝေါ၊ ဝဋ္ဋကထာ၏ အစအဦးဖြစ်သော အကြောင်းမူလ၏ အဖြစ်တည်း။ ။(ဤကား ဝိဘင်း အဋ္ဌကထာပါဠိ၏အနက်)။ ။ဝဋ္ဋကထာ သီသဘာဝေါဝ၊ ဝဋ္ဋကထာ၏ အကြောင်းမူလ၏ အဖြစ်သည်ပင်လျှင်။ ဝဋ္ဋဟေတုနော၊ ဝဋ္ဋအကြောင်းဖြစ်၍ဖြစ်သော။ ကမ္မဿပိ၊ ကံ၏လည်း။ ဟေတုဘာဝေါ၊ အကြောင်း၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုကံ၏အကြောင်းဖြစ်သော အရာ၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ဘဝတဏှာယပိ၊ ဘဝ၌တပ်တတ်သောတဏှာ ၏လည်း။ ဟေတု ဘူတာ၊ အကြောင်းဖြစ်၍ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တာယ၊ ထိုအဝိဇ္ဇာသည်။ ပဋိစ္ဆာဒီနဝေ၊ ဖုံးလွှမ်းအပ်သော အပြစ်ရှိသော။ ဘဝေ၊ ဘဝ၌။ တဏှုပ္ပတ္တိတော၊ တဏှာ၏ ဖြစ်ခြင်းကြောင့်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ဝိသေ သေန၊ အထူးအားဖြင့်။ သီသ ဘူတမူလကာရဏံ၊ အစအဦးဖြစ်၍ဖြစ်သော မူလ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သာ၊ ထိုအဝိဇ္ဇာ ကို။ အာဒိမှိ၊ အစ၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဝုတ္တာ၊ဟောတော်မူအပ် ၏။ ။(ဤကား မူလဋီကာပါဠိ၏ အနက်တည်း။)

အဓိပ္ပါယ်ကား—အဝိဇ္ဇာသည် ဖုံးလွှမ်း အပ်သော အပြစ်ရှိသော ဘဝ၌ တပ်တတ်သော တဏှာ၏အစွမ်းဖြင့် ပြုအပ်သော ကံကြောင့် ဘဝ ဖြစ်ရကား အဝိဇ္ဇာသည် ဝဋ္ဋအစကဲ့သို့ဖြစ်၍ မူလအကြောင်း,ဒူရအကြောင်း အရာ၌ပြဋ္ဌာန်း သည်။ ထို့ကြောင့် ပစ္စုပ္ပန် အကျိုး, အတိတ် မူလ အကြောင်းကိုပြရာ ပဋိစ္စ သမုပ္ပါဒ် ဒေသနာ၌ မူလ အကြောင်း အရာ၌ ပြဋ္ဌာန်းသော အဝိဇ္ဇာကိုသာ ပဌာနဟောတော်မူသည် ဟူလိုသည်။ ထိုစကားသင့်စွ၊ ရှေးဖြစ်သော အဝိဇ္ဇာ ကိုသာ မူလအကြောင်း, ဒူရအကြောင်း ဆိုခြင်းငှါ သင့်သည်ကို မဆိုထားဘိ

တဏှာနှင့်တကွဖြစ်သော အဝိဇ္ဇာကိုသော်လည်း အကြောင်းဖြစ်၍ ရှေး၌ဖြစ် သကဲ့သို့ မူလအကြောင်း, ဒူရအကြောင်းဆိုခြင်းငှါသင့်၏။ ။ထို့ကြောင့် မူလဋီကာ၌။ ။သမာနကာလတ္တေပိ ကာရဏကိရိယာ ပုဗ္ဗကာလာဝိယ ဝတ္တုံ ယုတ္တာ၊ဖလကိရိယာစ အပရကာလာဝိယ၊ ယသ္မာစ စေတနာယ စေတယိတ္ဝာ ကာယဝါစာဟိ စောပနကိရိယံ မနသာစ အဘိဇ္ဈာဒိ ကိရိယံ ကရောတိ၊တသ္မာ တဿာကိရိယာယ ကိရိယံစေတနံ အဟံ ကမ္မံ ဝဒါမီတိ အတ္ထော။ ။ဟုမိန့်အပ်၏။ ။သမာန ကာလတ္တေ၊ အကြောင်း ကိရိယာ-အကျိုး ကိရိယာတို့၏ တူသော ကာလ၌ ဖြစ်သည်။ သတိပိ၊ ရှိငြား သော်လည်း။ ကာရဏ ကိရိယာ၊ အကြောင်းဖြစ်သော ကိရိယာကို။ ပုဗ္ဗကာလာဝိယ၊ ရှေးကာလ၌ဖြစ်ဘိ သကဲ့သို့။ ဖလကိရိယာစ၊ အကျိုးကိရိယာကိုလည်း။ အပရ ကာလာဝိယ၊ နောက်ကာလ၌ ဖြစ်ဘိ သကဲ့သို့။ ဝတ္တုံ၊ ဟောတော် မူခြင်းငှါ။ ယုတ္တာ၊ သင့်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ယသ္မာ၊ အကြင် ကြောင့်။ စေတနာယ၊ စေတနာဖြင့်။ စေတယိတ္ဝာ၊ စေ့ဆော်၍။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ စောပန ကိရိယံ၊ လှုပ်ရှားခြင်း ကိရိယာကို။ မနသာစ၊ စိတ်ဖြင့်လည်း။ အဘိဇ္ဈာဒိကိရိယံ၊ အဘိဇ္ဈာ အစရှိသော ကိရိယာကို။ ကရောတိ၊ ပြု၏။ တသ္မာ၊ ထို့ကြောင့်။ တဿာကိရိ ယာယ၊ ထိုကာယ—ဝစီ-မနောဟူသော သုံးပါးသော ကိရိယာ၏။ ကာရိယံ၊ အကျိုးဖြစ်သော။ စေတနံ၊ စေတနာကို။ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။ (ဤကား အနက်)။ ။အဝိဇ္ဇာသည် ဖုံးလွှမ်းအပ်တိုင်းသော အာရုံကို တဏှာ မတပ်၊ မတပ်သော် ကံမဖြစ်ခြင်းကြောင့် ဘဝလည်းမဖြစ်။ အဝိဇ္ဇာသည် ဖုံး လွှမ်းအပ်သော အချို့သော အာရုံကို တပ်သော တဏှာ၏ အစွမ်း ဖြင့်သော ပြုအပ်သော ကံကြောင့် ဘဝဖြစ်ရကား တဏှာသည် အနာဂတ် ကာလ၌ ဘဝကို ဖြစ်စေတတ်သော နီးသော အာသန္နအကြောင်းအရာ၌ ပြဋ္ဌာန်းသည်။ ထိုသို့ ပြဋ္ဌာန်းသောကြောင့် အနာဂတ်အကျိုး ပစ္စုပ္ပန်အာသန္န ဖြစ်သော နီး သော အကြောင်းကိုပြရာ ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ အာသန္န ဖြစ်သော အ ကြောင်း၏ အရာ၌ ပြဋ္ဌာန်းသော တဏှာကိုသာ မူလအကြောင်းရင်းထား၍ ဟောကြားတော် မူသည်။ ။ဤကား ဒုတိယပုစ္ဆာ၏ အဖြေတည်း။

(၃) လူနတ်ထိုထို၊ ဖြစ်ကြောင်းဆို၊ ကုသိုလ်လား, အကုသိုလ် လား။ ။ဟူသော တတိယပုစ္ဆာ၌။ လူနတ်မှန်ဘိ၊ သုဂတိ၊ ဖြစ်သည့် အကြောင်း ကုသိုလ်ကံဟုထား။ ။အပါယ်မှန်ဘိ၊ ဒုဂ္ဂတိ၊ ဖြစ်သည့် အကြောင်း အကုသိုလ်ကံဟုထား။ ။ဟူသော အဖြေ ဝိသဇ္ဇနာကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား–အကြောင်းသည်ဇနကအကြောင်း, ဥပထမ္ဘကအကြောင်း ဟူ၍ နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် မိမိကိုယ်တိုင်ပင် အကျိုးကို ဖြစ်စေတတ်သောအကြောင်းသည် ဇနကအကြောင်းမည်၏။ မိမိကားအကျိုးကို မဖြစ်စေတတ်၊ အကျိုးကို ဖြစ်စေတတ်သော တပါးသောအကြောင်း၏ အထောက် အပံ့ဖြစ်သော အကြောင်းသည် ဥပထမ္ဘက အကြောင်းမည်၏။ ထိုနှစ်ပါးတို့တွင် မျိုးစေ့သည် အညွန့်အညှောက်ကို ဖြစ်စေတတ်သောကြောင့် ဇနက အကြောင်းမည်သကဲ့သို့ ထို့အတူ ကုသိုလ်ကံသည်လည်း လူနတ်ပြဟ္မာဟုသမုတ်အပ်သော သုဂတိဘဝကို ဖြစ်စေတတ်သောကြောင့် ထိုသုဂတိဘဝ၏ ဇနက အကြောင်း မည်၏။ အကုသိုလ် ကံသည် ငရဲ- တိရစ္ဆာန်- ပြိတ္တာ– အသုရကာယ်ဟု ဆိုအပ်သော ဒုဂ္ဂတိဘဝကို ဖြစ်စေ တတ်သောကြောင့် ထိုဒုဂ္ဂတိဘဝ၏ဇနကအကြောင်းမည်၏။ မျိုးစေ့သည် အညွန့်အညှောက်ကိုဖြစ်စေတတ်၏ဟုဆိုသော်လည်း မြေ-ရေ ဟူသော အထောက်အပံ့နှင့်ကင်း၍ မဖြစ်စေနိုင်။ မြေ-ရေ ဟူသော အထောက်အပံ့ကို ရသော်သာ ဖြစ်စေနိုင်သည်။ ထို့ကြောင့် မြေ့ရေသည် အထောက်အပံ့ ဥပထမ္ဘက အကြောင်း မည်သကဲ့သို့ ထို့အတူ ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် သုဂတိဘဝ, ဒုဂ္ဂတိဘဝကို ဖြစ်စေတတ်၏ ဟု ဆိုသော်လည်း အဝိဇ္ဇာတဏှာ-ဟူသော ဝဋ္ဋမူလ နှစ်ပါးမရှိသော် မဖြစ်စေနိုင်။ ၎င်း အဝိဇ္ဇာတဏှာဟူသော အထောက်အပံ့ အကြောင်းနှစ်ပါးကို ရသော်သာ လျှင် ဖြစ်စေနိုင်သည်။ ထို့ကြောင့် အဝိဇ္ဇာတဏှာဟူသော ဝဋ္ဋမူလ နှစ်ပါးသည် လူ-နတ်-ပြဟ္မာဟု သမုတ်အပ်သော သုဂတိဘဝ, ငရဲ- တိရစ္ဆာန်- ပြိတ္တာ- အသုရကာယ်ဟု သမုတ်အပ်သော ဒုဂ္ဂတိဘဝ၏အထောက်အပံ့ ဥပထမ္ဘကအကြောင်း မည်၏။ ။ထို့ကြောင့် ဇနက အကြောင်းအားဖြင့် ကုသိုလ်ကံ ကြောင့်သာ လူ-နတ်-ပြဟ္မာဖြစ်၏။ အကုသိုလ်ကြောင့် မဖြစ်။ အကုသိုလ် ကြောင့်သာငရဲ- တိရစ္ဆာန်- ပြိတ္တာ- အသုရကာယ် ဖြစ်၏။ ကုသိုလ် ကြောင့် မဖြစ် ဟူလို။ ။ ထို့ကြောင့် သဠှနိပါတ် သံကိစ္စဇာတ်၌–

ဓမ္မော ပထော မဟာရာဇ၊ အဓမ္မော ပန ဥပ္ပထော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။–

ဟူ၍ ဟောတော်မူအပ်၏။ ။မဟာရာဇ၊ မင်းမြတ်။ ဓမ္မော၊ ကုသိုလ်ကမ္မပထ တရားဆယ်ပါးသည်။ ပထော၊ ကောင်းမှုကိုပြုသော သူတို့၏ သွားရာဖြစ်သော ဘေးမရှိသော မြတ်သောခရီးမတည်း။ အဓမ္မောပန၊ အကုသိုလ် ကမ္မပထတရား ဆယ်ပါး သည်ကား။ ဥပ္ပထော၊ မကောင်းမှုကိုပြုသောသူတို့၏သွားရာဖြစ်သော ဘေးနှင့်တကွဖြစ်သောခရီးတည်း။ အဓမ္မော၊ ကျေးဇူးမရှိသောအကုသိုလ်တရား

သည်။နိရယံ၊ ငရဲသို့။ နေတိ၊ ဆောင်တတ်၏။ ဓမ္မော၊ ကျေးဇူးရှိသောကုသိုလ်တရားသည်။ သုဂတိံ၊ကောင်းရာပြုသောသူတို့၏လားရာ လူ့ရွာ-နတ်ဌာန် နိဗ္ဗာန်-ဖိုလ်မဂ်သို့။ ပါပေတိ၊ ရောက်စေတတ်၏။ ။(ဤကားအနက်)။ ။အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန်-ကမ္မဘဝ ဟူသော အကြောင်းငါးပါးတို့တွင် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တရားတို့၏ အထောက်အပံ့အကြောင်းဖြစ်၍ အကျိုး ငါးပါးတို့၏ အကြောင်း၏အဖြစ်ကို ပြတော်မူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ထောက်၍ ဥပထမ္ဘက, အကြောင်းအားဖြင့် အကုသိုလ်ကြောင့်လည်း လူ-နတ်-ဗြဟ္မာဖြစ်၏ ဟူသော အဖြေကိုလည်းသိရာ၏။ဤသို့ဇနကအကြောင်း,ဥပထမ္ဘက အကြောင်းကို ဝေဘန်၍ ဉာဏ်နုသောသူတို့ နားလည်အောင် ဟောပြောရာ၏။ ထိုသို့မဟုတ် ဉာဏ်နုသောသူတို့ ယုံမှားခြင်းဖြစ်စရာ ဥပထမ္ဘက အကြောင်းမျှဖြစ်သည်ကို ဇနကအကြောင်းဖြစ်လေယောင် စကားထူးတခုပြုလုပ်၍ အကုသိုလ်ကြောင့် လူ နတ်-ဗြဟ္မာ ဖြစ်၏ဟူသော သန္ဓာယဘာသိတ သံသယ ဖြစ်ဘွယ်ရာ သိုဝှက်သောစကားကို မပြောရာ။ မာတုဂါမသည် သိမ်မွေ့နူးညံ့ သိပ်သဲသင့်သော သဘောရှိသည်ဖြစ်၍ ဖုံးလွှမ်းကျစ်လစ်သော ကိုယ်အမူအရာ နှုတ်အမူအရာ ရှိသော်သာ ကဲ့ရဲ့ခြင်းမှလွတ်၏။ ပုဏ္ဏားတို့၏မန္တာန်သည် အနက်အားဖြင့် အနှစ်မရှိရကား တီးတိုးဖုံးလွှမ်း၍ ရွတ်အပ်သော်သာ ကဲ့ရဲ့ခြင်းမှလွတ်၏။မိစ္ဆာဒိဋ္ဌိသည် အနှစ်မရှိရကား မထင်မရှား ဝိုးဝါးဖုံးလွှမ်း ပြောဆိုအပ်သော်သာ ကဲ့ရဲ့ခြင်းမှလွတ်၏။၎င်းသုံးပါးသည် ထင်ရှားပေါ်လွင်သော်ကဲ့ရဲ့ဘွယ်ဖြစ်၏။လ,ဝန်းသည် ဆီးနှင်း, မြူတိမ်, သူရိန်, မီးခိုး တည်းဟူသော် အညစ်မျိုး ငါးပါးတို့မှ ကင်း၍ ပွင့်လင်းထင်ရှားသော်သာ တင့်တယ်၏။ ဤအတူ နေဝန်း သည်လည်း ၎င်းအညစ်မျိုး ငါးပါးတို့မှကင်း၍ ပွင့်လင်းထင်ရှားသော်သာ တင့်တယ်၏။ဖုံးလွှမ်းအပ်သော် မတင့်တယ်။ ဤ လ,ဝန်း-နေဝန်းအတူ မြတ်စွာဘုရား၏သုတ်, အဘိဓမ္မာ, ဝိနည်းတရားသည်လည်း သိသာခြားနားအောင် ထင်ရှားစွာ ဝေဘန်၍ ဟောအပ် ပြောအပ်သော်သာ တင့်တယ်၏။ အသိဉာဏ်ရှုပ်ထွေးအောင် တိမ်မြှုပ်သိုဖွက်လျှက် ကွယ်ဝှက်ဖုံးအုပ်၍ ပြောဟောအပ်သော် မတင့်တယ်။ ။ထိုကြောင့် ပရိဝါပါဠိတော် ကေတ္တရိယတ္ထိကဲ၌။ ။တီဏိပဋိစ္ဆန္နာနိ ဝဟန္တိ၊ နောဝိဝဋာနိ။ မာတုဂါမော ပဋိစ္ဆန္နော ဝဟတိ၊ နော ဝိဝဋော။ ဗြာဟ္မဏာနံ မန္တာ ပဋိစ္ဆန္နာ ဝဟန္တိ၊ နောဝိဝဋာ။ မိစ္ဆာဒိဋ္ဌိ ပဋိစ္ဆန္နာ ဝဟတိ နောဝိဝဋာ။ တီဏိ ဝိဝဋာ ဝိရောစန္တိ၊ နောဝိဝဋာ။ စန္ဒမဏ္ဍလံ ဝိဝဋံ ဝိရောစတိ၊ နောပဋိစ္ဆန္နံ။ သူရိယမဏ္ဍလံ ဝိဝဋံ ဝိရောစတိ၊ နောပဋိစ္ဆန္နံ။ ဘထာဂတပ္ပဝေဒိတော ဓမ္မဝိနယော ဝိဝဋော ဝိရောစတိ၊ နောပဋိစ္ဆန္နော။ ။ဟူ၍၎င်း။ ။အင်္ဂုတ္တရ၌။ ။ဓမ္မဝိနယောပို ဝိဝရိတွာ ဝိဘဇိတွာ ဒေသိယမာနော ဝ ဝိရောစတိ၊နောပဋိစ္ဆန္နော။ ။ဟူ၍၎င်း ဟောတော်မူအပ်၏။

တိကာ၊ သုံးခုသော ဝတ္ထုတို့ကို။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်း သိုဝှက် အပ်ကုန်သည် ဖြစ်၍။ ဝဟန္တိ၊ ဆောင်အပ်ကုန်၏။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့ကို။ ပဋိစ္ဆန္နာနိ၊ ဖုံးလွှမ်း သိုဝှက် အပ်ကုန်သည် ဖြစ်၍။ ဝဟန္တိ၊ ဆောင်အပ် ကုန်သနည်း။ မာတုဂါမော၊ မာတုဂါမကို။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းအပ်သည် ဖြစ်၍။ ဝဟတိ၊ဆောင်အပ်ထိန်းအပ်၏။ ဝိဝဋော၊ ပေါ်လွင်ထင်ရှားသည်ကိုပြု၍။ နော ဝဟတိ၊ မဆောင်အပ် မထိန်းအပ်။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားတို့၏။ မန္တာ၊ မန္တရား မန္တာန်တို့ကို။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းသိုဝှက် ကုန်သည်ဖြစ်၍။ ဝဟန္တိ၊ ဆောင်အပ် ကုန်၏။ ဝိဝဋာ၊ ဖွင့်လှစ်ကုန်သည်ဖြစ်၍။ နောဝဟန္တိ၊ မဆောင်အပ်ကုန်။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူသည်။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်သည် ရှိသော်သာ။ ဝဟတိ၊ ကဲ့ရဲ့ခြင်းမှ လွတ်နိုင်၏။ ဝိဝဋာ၊ ဖွင့်လှစ်အပ်သည်ရှိသော်။ နောဝဟတိ၊ ကဲ့ရဲ့ခြင်းမှ မလွတ်နိုင်ရာ။ ဣမာနိ တီဏိ၊ ဤသုံးခုသော ဝတ္ထုတို့ကို။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍။ ဝဟန္တိ၊ ဆောင်အပ်ကုန်၏။ ။တီဏိ၊သုံးပါးသော တရားတို့သည်။ ဝိဝဋာ၊ ပွင့်လင်း ထင်ရှားကုန်သည် ရှိသော်။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ကုန်သည် ရှိသော်။ နောဝိရောစန္တိ၊ မတင့်တယ်ကုန်။ ကတမာနိ တီဏိ၊ တို့သည်။ ဝိဝဋာ၊ ပွင့်လင်း ထင်ရှားကုန်သည် ရှိသော်။ဝိရောစန္တိ၊ တင့်တယ်ကုန်သနည်း။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ကုန်သည် ရှိသော်။ နောဝိရောစန္တိ၊ မတင့်တယ်ကုန်သနည်း။ စန္ဒမဏ္ဍလံ၊လ,ဝန်းသည်။ ဝိဝဋံ၊ ပွင့်လင်းထင်ရှားသည်ရှိသော်။ ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်သည်ရှိသော်။ နောဝိရောစတိ၊ မတင့်တယ်။ သူရိယမဏ္ဍလံ၊ နေဝန်းသည်။ ဝိဝဋံ၊ သော်။ ဝိရောစတိ၊ ၏။ ပဋိစ္ဆန္နံ၊ သော်။ နောဝိရောစတိ၊ မတင့်တယ်။ တထာဂတပ္ပဝေဒိတော၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော။ ဓမ္မဝိနယော၊ သုတ်, အဘိဓမ္မာ, ဝိနည်းသည်။ ဝိဝဋော၊ သော်။ ဝိရောစတိ၊ ၏။ ပဋိစ္ဆန္နော၊ သော်။ နောဝိရောစတိ၊ မတင့်တယ်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့သည်။ ဝိဝဋာနိ၊ ပွင့်လင်းထင်ရှားကုန်သည်ရှိသော်။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ပဋိစ္ဆန္နာနိ၊ ဖုံးလွှမ်းအပ်ကုန်သည် ရှိသော်။ နော ဝိရောစန္တိ၊ မတင့်တယ်ကုန်။ ။(ဤကား ပါဠိတော်၏ အနက်)။ ။ဓမ္မဝိနယောပိ၊ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်သည်လည်း။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ ဝိဘဇိတွာ၊ ခွဲခြမ်းဝေဘန်၍။ ဒေသိယမာနော၊ ဟောအပ်သည်ရှိသော်။ ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းသိုဝှက်၍။ ဒေသိယမာနော၊ ဟောအပ်သည်ရှိသော်။ နောဝိရောစတိ၊ မတင့်တယ်။ ။(ဤကား အဋ္ဌကထာပါဠိ၏အနက်)။ ။ထို့ကြောင့် ပညာရှိတို့သည် သံသရာဝယ် အပါယ်လား၍ ယုံမှား ထိုင်းမှိုင်းခြင်း မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း သိုဝှက်သော စကား၊ နိတတ္ထ-နေယျတ္ထ-စာပေ

မရှိ မိမိတို့ ထင်ရာ အကြြင်းအခုံ ဝိဝါဒတရား ဖြစ်ဘွယ်ရှိသော စကားများကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကုန်ရာ၏။ ။တတိယပုစ္ဆာ၏ အဖြေပြီး၏။

(၄) ကုသိုလ်မှန်က၊သာဝဇ္ဇ၊ သုခပေလော၊ ဒုက္ခပေလော။ ။ဟူသော စတုတ္ထပုစ္ဆာ၌။ ။ကုသိုလ်မှန်က၊ နဝဇ္ဇ၊ သုခပ ဟုစွဲ။ ။ ကုသိုလ်မှန်က၊ သာဝဇ္ဇ၊ ဒုက္ခမဟုတ် ကေန်ဘဲ။ ။ဟူသော အဖြေ ဝိသဇ္ဇနာကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား—ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌။ ။သာမညံ ါ သဘာဝေါ ဝါ လက္ခဏံနာမ။ ။ဟူ၍ ဓမ္မတို့၏လက္ခဏာသည် သာမည လက္ခဏာ, ဝိသေသ လက္ခဏာဟူ၍ နှစ်ပါးလာသည်။ ။သာမညံ ါ၊ အနိစ္စ, အစရှိသော အလုံးစုံ သော တရားတို့နှင့် ဆက်ဆံသော သဘောသည်ရင်း။ သဘာဝေါ ါ ဖုသန- ကက္ခဠ စသောမိမိ မိမိတို့၏ သဘောသည်ရင်း။ လက္ခဏံနာမ၊ လက္ခဏာမည် ၏။ ။(ဤကားအနက်)။ ။ထိုနှစ်ပါးသော လက္ခဏာတို့တွင် သခ်တတရား တို့၏ အလုံးစုံတို့နှင့် ဆက်ဆံသော အနိစ္စ-ဒုက္ခ—အနတ္တ-သဘော၊ ပြုပြင်စီရင် တတ်သော် သဘော၊ ပြုပြင်စီရင်အပ်သော သဘော၊ ဖြစ်ခြင်း ရင့်ခြင်း ပျက် ခြင်း သဘောသည် သာမည လက္ခဏာမည်၏။ အလုံးစုံတို့နှင့် မဆက်ဆံသော အသီး အသီးသော ဝိညာဉ်၏ အာရမ္မဏ ဝိဇာနန သဘော၊ ဖဿ၏ ဖုသန သဘော၊ပထဝီ၏ ကက္ခဠ သဘောစသည်သည် ဝိသေသလက္ခဏာမည်၏။ ။ဋ္ဌဒဠ် ဒုက္ခံ နာမ အနေကံ နာပ္ပပ္ပကာရံ။ သေယျထိဒံ၊ ဒုက္ခဒုက္ခံ ၊ ဝိပရိဏာမ ဒုက္ခံ၊ သခ်ါရဒုက္ခံ၊ ပဋိစ္ဆန္နဒုက္ခံ၊ အပ္ပဋိစ္ဆန္နဒုက္ခံ၊ ပရိယာယဒုက္ခံ၊ နိပ္ပရိယာယ ဒုက္ခန္တိ၊ တတ္ထ ကာယိက စေတသိက ဒုက္ခာ ဝေဒနာ သဘာဝတော စ နာမတော စ ဒုက္ခတ္တာ ဒုက္ခ ဒုက္ခံနာမ။ သုခဝေဒနာ ဝိပရိဏာမေန ဒုက္ခုပ္ပတ္တိ ဟေတုတော ပရိဏာမ ဒုက္ခံနာမ။ ဥပေက္ခာ ဝေဒနာစေဝ အဝသေသာ စ တေဘူမကာ သခ်ါရာ ဥဒယဗ္ဗယပီဠိတတ္တာ သခ်ါရ ဒုက္ခံနာမ။ တထာ ပိဋ္ဌနံပန မဂ္ဂဖလာနမ္ပိ အတ္ထိ၊ တသ္မာ ဧတေဓမ္မာ ဒုက္ခ သစ္စပရိယာပန္နတ္တေန သခ်ါရဒုက္ခံ နာမာတိ ဝေဒိတဗ္ဗာ။ ကဏ္ဏသူလ ဒန္တသူလ ရာဂဇ ပရိဠာဟ ဒေါသဇ ပရိဠာဟာဒိကာယိ ကစေတသိကော အာဗာဓော ပုစ္ဆိတွာ ဇာနိတဗ္ဗတော ဥပက္ကမဿ စ အပါကဋ ဘာဝတော ပဋိစ္ဆန္နဒုက္ခံနာမ။ အပါကဋ ဒုက္ခန္တိပိ ဝုစ္စတိ။ ဒွတ္တိံသ ကမ္မကရ ဏာဒိသမုဋ္ဌာနော အာဗာဓော အပုစ္ဆိတွာ ဇာနိတဗ္ဗတော ဥပက္ကမဿ စ ပါကဋ ဘာဝတော အပ္ပဋိစ္ဆန္နဒုက္ခံနာမ။ ပါကဋ ဒုက္ခန္တိပိ ဝုစ္စတိ။ ဌပေတွာ ဒုက္ခဒုက္ခံ သေသံ ဒုက္ခသစ္စဝိဘင်္ဂေ အာဂတံ ဇာတိအာဒိသဗ္ဗမ္ပိ တဿတဿ ဒုက္ခဿ ဝတ္ထု ဘာဝတော ပရိယာယ ဒုက္ခံနာမ။ ဒုက္ခဒုက္ခံ နိပ္ပရိယာယ ဒုက္ခံနာမ။ ။(သစ္စ ဝိဘင်္ဂအဋ္ဌကထာ)

ဟိ၊ ခွဲချ၍ဆိုဦးအံ့။ ဣဒံဒုက္ခံနာမ၊ ဤဒုက္ခမည်သည်။ အနေကာ၊ တပါးမကများ ၏။ နာနပ္ပကာရံ၊ အထူးထူးအပြားပြားများသော အပြားရှိ၏။ ဣဒံအယံဒုက္ခံ၊ ဤများသောအပြားရှိသောဒုက္ခဟူသည်။ သေယျထာ ကတမံ၊ အဘယ်နည်းဟူမူကား။ ဒုက္ခဒုက္ခံ၊ ၎င်း။ ပရိဏာမဒုက္ခံ၊ ၎င်း။ သင်္ခါရဒုက္ခံ၊ ၎င်း။ ပဋိစ္ဆန္နဒုက္ခံ၊ ဖုံးကွယ်သော ဒုက္ခ၎င်း။ အပဋိစ္ဆန္နဒုက္ခံ၊ မဖုံးမကွယ် ထင်ရှားသော ဒုက္ခ၎င်း။ ပရိယာယဒုက္ခံ၊ မုချမဟုတ်သော ဒုက္ခ၎င်း။ နိပ္ပရိယာယ ဒုက္ခံ၊ မုချဖြစ်သော ဒုက္ခ၎င်း။ ဣတိဣဒံသဗ္ဗံ၊ ဤအလုံးစုံတည်း။ တတ္ထ၊ ထိုဒုက္ခအပေါင်းတို့တွင်။ ကာယိက စေတသိကဒုက္ခာ၊ ကိုယ်၌ဖြစ်သောဒုက္ခ, စိတ်၌ဖြစ်သော ဒုက္ခဟု ဆိုအပ်ကုန်သော။ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ သဘာဝ တောစ၊ သဘောအားဖြင့်၎င်း။ နာမတောစ၊ အမည်အားဖြင့်၎င်း။ ဒုက္ခတ္တာ၊ ဒုက္ခ၏အဖြစ်ကြောင့်။ ဒုက္ခ ဒုက္ခံနာမ၊ ဒုက္ခ ဒုက္ခမည်၏။ သုခဝေဒနာ၊ သုခ ဝေဒနာသည်။ ဝိပရိဏာမေန၊ ဖောက်ပြန်သောအားဖြင့်။ ဒုက္ခုပ္ပတ္တိ ဟေတုတော၊ ဒုက္ခ ဖြစ်ခြင်း၏အကြောင်း၏အဖြစ်ကြောင့်။ ဝိပရိဏာမ ဒုက္ခံနာမ၊ မည်၏။ ဥပေက္ခာဝေဒနာစေဝ၊ ဥပေက္ခာဝေဒနာသည်၎င်း။ အဝသေသာ၊ သုခ-ဒုက္ခ- ဥပေက္ခာ ဝေဒနာမှကြွင်းကုန်သော။ တေဘူမကာ၊ ဘုံသုံးပါး၌ဖြစ်ကုန်သော။ သင်္ခါရာစ၊ သင်္ခါရတရားတို့သည်၎င်း။ ဥဒယဗ္ဗယ ပီဠိတတ္တာ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ သင်္ခါရဒုက္ခံနာမ၊ မည်၏။ ပန၊ သည်သာ မကသေး။ တထာပီဠနံ၊ ထိုသို့ နှိပ်စက်ခြင်းသည်။ မဂ္ဂဖလာနမ္ပိ၊ မဂ်ဖိုလ်တို့ အားလည်း။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဧတေဓမ္မာ၊ ထိုမဂ်ဖိုလ်တရားတို့ကို။ ဒုက္ခသစ္စ ပရိယာ ပန္နတ္တေန၊ ဒုက္ခသစ္စာ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ သင်္ခါရဒုက္ခံနာမ၊ သင်္ခါရဒုက္ခမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ကဏ္ဏသူလ ဒန္တသူလ ရာဂဇ ပရိဠာဟဒေါသဇ ပရိဠာဟာဒိ၊ နား၌ ထိုးကျင့်သော အနာ, သွား၌ ထိုးကျင့်သော အနာ, ရာဂကြောင့် ပူပန်ခြင်း, ဒေါသကြောင့် ပူပန်ခြင်း အစရှိသော။ ကာယိက စေတသိကော၊ ကိုယ်-စိတ်၌ဖြစ်သော။ အာဗာဓော၊ အနာသည်။ ပုစ္ဆိတွာ၊ မေး၍။ ဇာနိတဗ္ဗတော၊ သိအပ်သော သဘောရှိသောကြောင့်၎င်း။ ဥပက္ကမဿ၊ လုံ့လပယောဂ၏။ အပါကဋဘာဝတောစ၊ မထင်ရှားသည်၏ အဖြစ်ကြောင့်၎င်း။ ပဋိစ္ဆန္နဒုက္ခံနာမ၊ ဖုံးကွယ်သော ဒုက္ခမည်၏။ အပါကဋဒုက္ခန္တိပိ၊ မထင်ရှားသော ဒုက္ခဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒွတ္တိံသ ကမ္မကရဏာဒိသမုဋ္ဌာနော၊ သုံးဆဲ့နှစ်ပါးသော ကမ္မ ကရဏတို့ကြောင့်ဖြစ်သော။ အာဗာဓော၊ အနာသည်။ အပုစ္ဆိတွာ၊ မမေးပဲ။ ဇာနိတဗ္ဗတောစ၊ သိအပ်သောကြောင့်၎င်း။ ဥပက္ကမဿ၊ လုံ့လ ပယောဂ၏။ ပါကဋဘာဝတောစ၊ ထင်ရှားသည်၏ အဖြစ်ကြောင့်၎င်း။ အပဋိစ္ဆန္နဒုက္ခံနာမ၊ မဖုံးမကွယ်သော ဒုက္ခမည်၏။ ပါကဋ ဒုက္ခန္တိပိ၊ ထင်ရှားသော ဒုက္ခ ဟူ၍လည်း။

ဝုစ္စတိ၊ ဆိုအပ်၏။ ဒုက္ခဒုက္ခံ၊ ဒုက္ခ ဒုက္ခကို။ ဌပေတွာ၊ ချန်ထား၍။ သေသံ၊ ကြွင်းသော။ ဒုက္ခသစ္စဝိဘင်္ဂေ၊ ဒုက္ခသစ္စာ၏ ဝိဘင်း၌။ အာဂတံ၊ လာသော။ ဇာတိအာဒိ၊ဇာတ်ဒုက္ခ အစရှိသော။ သဗ္ဗမ္ပိ၊ အလုံးစုံသော ဒုက္ခသည်လည်း။ တဿ တဿဒုက္ခဿ၊ ထိုထိုဒုက္ခ၏။ ဝတ္ထုဘာဝတော၊ အကြောင်း၏ အဖြစ်ကြောင့်။ ပရိယာယ ဒုက္ခံနာမ၊ ပရိယာယ ဒုက္ခမည်၏။ ဝါ၊ မုချမဟုတ်သော ဒုက္ခမည်၏။ ဒုက္ခဒုက္ခံ၊ ဒုက္ခဒုက္ခသည်။ နိပ္ပရိယာယဒုက္ခံ၊ မုချဖြစ်သော ဒုက္ခ မည်၏။ ။(ဤကားအနက်)

ဤသို့လာသောကြောင့် ဒုက္ခသည် ဒုက္ခဒုက္ခ-ဝိပရိဏာမ ဒုက္ခ—သင်္ခါရ ဒုက္ခ စသော အားဖြင့် များသောအပြားရှိ၏။ ထိုတွင် ဒုက္ခဝေဒနာသည် သဘော အားဖြင့်ရင်း၊ အမည်အားဖြင့်ရင်း ဒုက္ခ၏ အဖြစ်ကြောင့် ဒုက္ခဒုက္ခ မည်၏။ သုခဝေဒနာသည် ဘောက်ပြန်ခြင်းဖြင့် ဒုက္ခဖြစ်ခြင်း၏ အကြောင်း၏အဖြစ် ကြောင့် ဝိပရိဏာမ ဒုက္ခမည်၏။ ဥပေက္ခာဝေဒနာသည်ရင်း၊ ဝေဒနာ သုံးပါး တို့မှကြွင်းသော တေဘူမက သင်္ခါရတရားတို့သည်ရင်း ဖြစ်ခြင်း-ပျက်ခြင်းစသည် သည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် သင်္ခါရ ဒုက္ခမည်၏။ ထိုတွင် ကုသိုလ် သည် ဝိသေသ လက္ခဏာ အားဖြင့် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေ တတ်သော အပြစ်စသော အပြစ်၏ မရှိခြင်းကြောင့် အပြစ် မရှိသော အနဝဇ္ဇ တရားမည်၏။ အပြစ်နှင့်တကွဖြစ်သော သာဝဇ္ဇတရားကား မမည်။ အလိုရှိအပ် သောအကျိုး ချမ်းသာသောအကျိုးကို ဖြစ်စေတတ်သောကြောင့် ချမ်းသာ သောအကျိုးရှိသော သုခဝိပါက တရားမည်၏။ ဆင်းရဲသော အကျိုးရှိသော ဒုက္ခဝိပါက တရားမမည်။ သုခဝိပါက၏ အကြောင်း ဖြစ်သောကြောင့် သုခ မည်၏။ ဒုက္ခ မမည်။ အကုသိုလ်တရားသာ ဝိသေသ လက္ခဏာအားဖြင့် အပြစ် နှင့်တကွဖြစ်ခြင်းကြောင့် သာဝဇ္ဇမမည်၏။ ဒုက္ခဝိပါက် တရားလည်းမည်၏။ ထိုဒုက္ခဝိပါက၏ အကြောင်းဖြစ်သောကြောင့် ဒုက္ခလည်းမည်၏။ ။ဤစကား ရပ်တွင် သုခ ဝိပါက သဒ္ဒါ၌ သုခ သဒ္ဒါသည် အလိုရှိအပ်သော အနက်ကို ဟောသည်။ ထို့ကြောင့် သုခသဒ္ဒါဖြင့် ကုသိုလ်အကျိုးဖြစ်၍ အလိုရှိအပ်သော ဝိပါက် ခန္ဓာလေးပါးလုံးကိုပင် ယူအပ်၏။ သုခဝေဒနာကိုသာ မယူအပ်။ ။ ထို့ကြောင့် မူလဋီကာ၌။ ။ဧတ္ထစ သုခဝိပါကသဒ္ဒေ သုခ သဒ္ဒေါ ဣဋ္ဌ ပရိ ယာယဝစနန္တိ ဒဋ္ဌဗ္ဗော၊ ဣဋ္ဌစတုခန္ဓဝိပါကာဟိ ကုသလာ၊ န်သုခဝေဒနာ ဝိပါ ကာဝ။ ။ဟုမိန့်အပ်၏။ ။ဇ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ သုခ ဝိပါက သဒ္ဒေ၊ သုခ ဝိပါကသဒ္ဒါ၌။ သုခသဒ္ဒေါ၊ သုခသဒ္ဒါသည်။ ဣဋ္ဌပရိယာယ ဝစနံ၊ ဣဋ္ဌသဒ္ဒါ၏ဝေဝုစ် ပရိယာယ် စကားလှယ်ဖြစ်သော သဒ္ဒါတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ကုသလာ၊ ကုသိုလ်တရား

(ဖြည်ကြီးမျှော်ပြိုင်)

တို့သည်။ ဣဋ္ဌစတုခန္ဓဝိပါကာ၊ အလိုရှိအပ်သော ခန္ဓစလေးပါးဟူသော အကျိုး ရှိကုန်၏။ သုခဝေဒနာ ဝိပါကာဝ၊ သုခဝေဒနာဟူသော အကျိုး ရှိသည်သာ လျှင်။ နှ မဟုတ်ကုန်။ ။(ဤကားအနက်)

ဤအတူ ဒုက္ခဝိပါကသဒ္ဒါ၌ ဒုက္ခသဒ္ဒါဖြင့် အကုသိုလ်၏အကျိုးဖြစ်၍ အလိုမရှိ အပ်သော ဝိပါက်နာမက္ခန္ဓာလေးပါးလုံးကိုပင်ယူအပ်၏။ ဒုက္ခဝေဒနာ ကိုသာ မယူအပ်။ ။ဤအတူ လူ့နတ်ချမ်းသာ ဟူရာ၌လည်း ကုသလဝိပါက် ခန္ဓာ လေးပါးလုံးကိုပင် ယူအပ်၏။ သုခဝေဒနာကိုသာ မယူအပ်။ အပါယ် ဆင်းရဲ ဟူရာ၌လည်း အကုသလဝိပါက် ခန္ဓာလေးပါးလုံးကိုပင်ယူအပ်၏။ ဒုက္ခဝေဒနာ ကိုသာ မယူအပ်။ ။ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်ကုန်သော အလုံးစုံ သော တေဘူမတရားတို့သည်ပင် ပြုပြင်စီရင်တတ်သည်၏အဖြစ်၊ ပြုပြင်စီရင်အပ် သည်၏အဖြစ်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် နှိပ်စက်အပ်သည်၏ အဖြစ်၊ ဒုက္ခံ တေ ဘူမကံ ဝဋ္ဋံ။ ။ဟူ၍ရှင်း။ ။ဝေမေတဿ ဒုက္ခက္ခန္ဓဿ။ ။ဟူ၍ရှင်း။ ။ မိန့်အပ်သော ဝဋ္ဋဒုက္ခ၏အကြောင်း၏အဖြစ်ဟုဆိုအပ်သော သာမညလက္ခဏာ အားဖြင့် ဒုက္ခမည်၏။ ထိုဒုက္ခဟူသောအဖြစ်နှင့်တကွ ဖြစ်သောကြောင့် သာဝဇ္ဇ မည်၏။ ထိုစကားသင့်စွ၊ နိဗ္ဗာန်သည်သာ စင်စစ်အားဖြင့် သုခ-အနဝဇ္ဇမည်၏။ နိဗ္ဗာန်မှတပါး မဂ်ဖိုလ်တို့သည်လည်း ပြုပြင်စီရင်တတ် ပြုပြင်စီရင် အပ်သည်၏ အဖြစ်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ဒုက္ခသာ မည်ကုန်၏။ ။ထို့ကြောင့်ဝိဘင်းအဋ္ဌကထာ၌။ ။တထာပိဋ္ဌနံပန မဂ္ဂဖလာ နမ္ပိ အတ္ထိ။ တသ္မာ ဧတေမ္ပာ ဒုက္ခသစ္စ ပရိယာပန္နတ္တေန သင်္ခါရဒုက္ခံ နာမာတိ ဝေဒိတဗ္ဗာ။ ။ဟုမိန့်အပ်၏။ ။ဤသို့ဝေဘန်ပိုင်းခြား၍အဖြေကိုမှတ်သားရာ၏ ဟူလိုသည်။ ထိုသို့မဟုတ် ကုသိုလ်၏သင်္ခါရ ဒုက္ခဟူသော အပြစ်နှင့်တကွ ဖြစ်၍ သာဝဇ္ဇဟု ဆိုသင့်သည်အဖြစ်မျှကိုစွဲ၍ အကုသိုလ်, ဒုက္ခဝေဒနာတို့ကဲ့သို့ သာဝဇ္ဇ ဒုက္ခဖြစ်လေယောင် ကုသိုလ်သည် သာဝဇ္ဇဒုက္ခတရားဟု စကားထူး တခု ပြုလုပ် သိဝှက်သော စကားကို မပြောဆိုရာ။ ။စတုတ္ထပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကား ပြီး၏။

(၅) လူနတ်ချမ်းသား၊ ဆိုသည်မှာ၊ မှန်စွာမုချ ရှိသလား။ ။ ဟူသောပဥ္စမပုစ္ဆာ၌။ ။လူ-နတ် ချမ်းသာ၊ ဆိုသည်မှာ၊ မှန်စွာမုချ အရှိ ထား။ ။ဟူသောအဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား—ကုသိုလ်၏ အကျိုးဖြစ်၍ အလိုရှိအပ်သော သုခ ဝိပါက ဝိသေသ လက္ခဏာအားဖြင့် လူ-နတ် ချမ်းသာသည် မှန်စွာမုချရှိ၏။အကုသိုလ် ၏ အကျိုးဖြစ်၍ အလိုမရှိအပ်သော ဒုက္ခဝိပါက ဝိသေသ လက္ခဏာ အားဖြင့်

အချို့သော လူ–နတ်-အပါယ်ပုဂ္ဂိုလ်တို့၏ ဆင်းရဲခြင်းသည် မှန်စွာမုချရှိ၏။ ဖြစ်ခြင်း ပျက်ခြင်းကင်းသော တောဘူမကတရားမည်သည် မရှိသောကြောင့် နိဗ္ဗာန်ကဲ့သို့ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မနှိပ်စက်အပ်သော လူ–နတ် ချမ်းသာ မူကားမရှိ။ ဖြစ်ခြင်း ပျက်ခြင်းမျှ သည်လည်း မနှိပ်စက်အပ်သည် ဖြစ်၍ နိဗ္ဗာန်သည်သာ စင်စစ်အားဖြင့် ချမ်းသာ၏။ ဤသို့ ဝေဘန် ပိုင်းခြား၍ အဖြေကို မှတ်သားရာ၏ဟူလို။ ။ထိုသို့ မဟုတ် ကုသိုလ်၏ အကျိုး ဖြစ်သော သုခဝိပါကတရားတို့၏ သင်္ခါရ ဒုက္ခ, ဝိပရိဏာမ ဒုက္ခမျှကိုစွဲ၍ အကုသိုလ်၏ အကျိုးကဲ့သို့ ဒုက္ခဝိပါက ဖြစ်လေ့ယောင် လူ–နတ်–ချမ်းသာ မရှိဟု စကားထူး တခုပြုလုပ်၍ သိဂ္ဂုက်သော စကားကို မပြောမဆိုရာ။ ။ပဉ္စမပုစ္ဆာ၏အဖြေ ဝိသဇ္ဇနာကား ပြီး၏။

(၆) ငရဲမှာခံ၊ နတ်ပြည်စံ၊ အမှန်ပုဂ္ဂိုလ် ရှိသလား။ ။ဟူသော ဆဋ္ဌပုစ္ဆာ၌။ ။ငရဲမှာခံ၊ နတ်ပြည်စံ၊ အမှန်ပုဂ္ဂိုလ် မရှိထား။ ။ မညတ်မျှပင်၊ ခေါ်ဝေါ်တွင်၊ လူရှင် အသိသား။ ။ဟူသော အဖြေကို သိမှတ်ရာ၏။

**အဓိပ္ပါယ်ကား**—ပဋ္ဌာန်းနည်းအားဖြင့် နာမ်ရုပ်လျှင် မှီရာရှိသော အတိတ်ဘဝ၌ ဖြစ်သော လောကီကုသိုလ်, အကုသိုလ်ကံကြောင့် ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ် ဟူသော ခန္ဓာငါးပါး၊ ပဋိစ္စ သမုပ္ပါဒ် နည်းအားဖြင့် အဝိဇ္ဇာ-သင်္ခါရ–တဏှာ–ဥပါဒါန်- ကမ္မဘဝဟူသော အကြောင်းကြောင့် ဝိညာဉ်–နာမ်ရုပ်-သဠာယတန–ဖဿ–ဝေဒနာ– ဟူသော အကျိုးငါးပါးတို့ဖြစ်ရာ၌ ပုရိသော ဩဒနံ ဘုဉ္ဇတိ၊ ဟူ၍၊ ယောကျ်ားသည် ထမင်းကိုစား၏ဟု ပြောဆိုရာ၌ စားအပ်သောထမင်းမှ တပါးသော စားတတ်သော ကတ္တားဟူသောယောကျ်ား ဒြပ် အသီးရှိသကဲ့သို့ ထို့အတူ၊ ၎င်းအကျိုးငါးပါးကို ခံစား တတ်သော ထိုအကျိုးငါးပါးမှ တပါးသော တရားဖြစ်သော လူ–နတ်–ဟူသော ကတ္တားဒြပ် အသီးအခြားမရှိ။ ထိုအကျိုး ငါးပါးတို့တွင် အစိတ်ဖြစ်သော အကျိုးကို စည်းစိမ် ချမ်းသာ-သုခဖလ၊ ဆင်းရဲခြင်း-ဒုက္ခဖလဟူသောအမည်ဖြင့် ကံ အရာ၌ထား၍ အပေါင်းဖြစ်သော အကျိုးကိုလူ–နတ်-ဗြဟ္မာ-အပါယ်ပုဂ္ဂိုလ် ဟူသော သမုတိပညတ်ဖြင့် ကတ္တား၏ အရာ၌ထား၍ လူသည်–နတ်သည်–ဗြဟ္မာသည်–အပါယ်ပုဂ္ဂိုလ်သည် ချမ်းသာကိုခံစား၏။ ဆင်းရဲကို ခံစား၏ဟု ပညာရှိ တို့သည် ခေါ်ဝေါ်ပြောဆိုအပ်ကုန်၏ဟူလိုသည်။ ။ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌။ ။ယထာဟိရုက္ခသင်္ခာတာနံ ဓမ္မာနံ ဧကဒေသဘူတဿ ရုက္ခဖလဿ ဥပ္ပတ္တိတော ဖလိတောတိ ဝါ၊ ဘုစ္စတို့၊ တထာဒေဝမနုဿ သင်္ခါတာနံ ခန္ဓာနံ ဧကဒေသဘူတဿ ဥပဘောဂ

သခ်ိတသ သုခဒုက္ခ ဖလဿ ဥပ္ပါဒေနေ၀ ဒေ၀ေါ၀ါ မနုဿော၀ါ ဥပဘုဥ္ဇတိတိ ၀ါ၊သုခိတောဒုက္ခိတောတိ၀ါ ၀ုစ္စတိ။ ။ဟုမိန့်အပ်၏။ ။ဟိတ်ပါကြဋ္ဌ ကရော မိ၊ ထိုစကားကို ဥပမာဖြင့်ထင်စွာပြဦးအံ့။ရုက္ခသခ်ိါတာနံ၊သစ်ပင်ဟု သမုတ်အပ် ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ဧကဒေသဘူတဿ၊ အစိတ်ဖြစ်၍ဖြစ်သော။ ရုက္ခဖလဿ၊ သစ်သီး၏။ ဥပ္ပတ္တိယာဝေ၊ ဖြစ်ခြင်းကြောင့်သာလျှင်။ ရုက္ခော၊ သစ်ပင်သည်။ ဖလတိ၊ သီး၏။ ဣတိ၀ါ၊ ဤသို့ရင်း။ ဖလိတော၊ သီးပြီ။ ဣတိ၀ါ၊ ဤသို့ရင်း။ ၀ုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဒေ၀ မနုဿသခ်ိါတာနံ၊ လူ့နတ်ဟု ဆိုအပ်ကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ဧက ဒေသ ဘူတဿ၊ အစိတ်ဖြစ်၍ ဖြစ်သော။ ဥပဘောဂ သခ်ိါတဿ၊ စည်းစိမ်ဟု ဆို အပ်သော။သုခဒုက္ခဖလဿ၊သုခ-ဒုက္ခဟူသော အကျိုး၏။ဥပ္ပါဒေနေ၀၊ဖြစ်ခြင်း ဖြင့်သာလျှင်။ ဒေ၀ေါ၀ါ၊ နတ်သည်ရင်း။ မနုဿော၀ါ၊ လူသည်ရင်း။ ဥပ ဘုဥ္ဇတိ၊ သုံးဆောင်ခံစား၏။ ဣတိ၀ါ၊ ဤသို့ရင်း။ သုခိတော၊ ချမ်းသာခြင်းသို့ ရောက်၏။ ဒုက္ခိတော၊ ဆင်းရဲခြင်းသို့ရောက်၏။ ဣတိ၀ါ၊ ဤသို့ရင်း။ ၀ုစ္စတိ၊ ဆိုအပ်၏။ ။(ဤကားအနက်)။ ။ဆဋ္ဌပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကား ပြီး၏။

(၇) ခံသူ-စံသူ၊ နှစ်ပါးမူ၊ ဘယ်သူမှုချ ဖြစ်သနည်း။ ။ဟူ သော သတ္တမပုစ္ဆာ၌။ ။ခံသူ-စံသူ၊ နှစ်ပါးမူ၊အတူ မှုချဖြစ်သတည်း။ ။ ဟူသောအဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား—ကုသလဝိပါက်ကိုထောက်၍ လူနတ်ဟု သမုတ်အပ်သော စံသူခန္ဓာလည်း မှုချပင်ရှိ၏။ အကုသလဝိပါက်ကိုထောက်၍ စံသူမရှိ· ခံသူသာ ရှိ၏ဟု ဤသို့ဝေဘန်ပိုင်းခြား၍အဖြေကို မှတ်သားရာ၏ ဟူလို။ မှဲ့ယဉ်း။ ။ သတ္တမပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကားပြီး၏။

(၈) သူ့သက်သတ်က၊ ငရဲကျ၊ မှုချအမှန် ရှိသလား။ ။ဟူသော အဋ္ဌမပုစ္ဆာ၌။ ။သူ့သက်သတ်က၊ ငရဲကျ၊ မှုချမှန်၏ အရှိထား။ ။ ခန္ဓာငါး၀၊ အစဉ်မျှ၊ မြွက်ဟ မိန့်တော်ကြား။ ။ဟူသောအဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား— သူ့အသက်ကို သတ်တတ်သောသူဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ခန္ဓာငါးပါးလည်းထင်ရှားရှိ၏။ ထိုသူ၏အသက်ကို သတ်တတ် သောသူဟု သမုတ်အပ်သောခန္ဓာနှင့်စပ်၍ အစဉ်မပြတ်ဖြစ်သော ငရဲ၌ကျ၍ခံရ သည်ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ခန္ဓာငါးပါးအစဉ်လည်း ထင်ရှား ရှိ၏။ထိုခန္ဓာငါးပါးကိုလွှတ်၍သတ်တတ်သောသူ့သတ်သောကြောင့်ငရဲ၌ကျ၍

ခံရသောသူ့ဟု အသီးအခြား တပါးမရှိတော့ပြီဟူလိုသည်။ ။ဤအဋ္ဌမနည်း အစ-တေရသမနည်း အဆုံးရှိသော ပုစ္ဆာတို့၌ ဝေဘန်ပိုင်းခြား၍ ထင်ရှားစွာ သိနိုင်ရန် ဝိဘင်းအဋ္ဌကထာ၌ လာသော "ကေတ္တနည်း-နန္ဒနတ္တနည်း-အဗျာပါရနည်း-ဝေံမမ္မတာနည်း"-ဟူသောနည်းလေးပါးတို့ကို ရှေးဖျားမဆွ သိသာ ခြားနားအောင် မှတ်သားရာ၏။ ထိုလေးပါးတို့တွင်–

ကေတ္တနည်းဟူသည်ကား၊ မျိုးစေ့မှအညွန့် အညှောက် ပေါ်ပေါက်ဖြစ်ပွါး ကြီးမားသော သစ်ပင်၏ အဖြစ်သို့ ရောက်သကဲ့သို့ ထို့အတူ၊ အဝိဇ္ဇာ စသော အကြောင်း,သင်္ခါရစသော အကျိုးတရားတို့၏ အစဉ်မပြတ် စပ်၍ဖြစ်ခြင်းသည် အစဉ်တူသောကြောင့် တခုတည်းကဲ့သို့ ဖြစ်ရကား၊ ကေတ္တနည်းမည်၏။ ။ ထို့ကြောင့်ပဋိစ္စသမုပ္ပါဒ ဝိဘင်းအဋ္ဌကထာ၌။ ။တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏန္တိ ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိ ဝိယ အဝိဇ္ဇာဒိသင်္ခါရာဒီနံ သန္တာနာနု ပစ္ဆေဒေါ ကေတ္တနယောနာမ။ ။ဟူ၍ ရှင်း၊ မူလဋီကာ၌။ ။သန္တာနာနုပစ္ဆေဒေန ဗီဇံ ရုက္ခဘာဝံ ပတ္တံ ရုက္ခဘာဝေန ပဝတ္တန္တိ ကေတ္တေန ဝုစ္စတီတိ သန္တာနာနု ပစ္ဆေဒေါ ကေတ္တံ။ ဧဝမိ ဓာပိ အဝိဇ္ဇာဒီနံ သန္တာနာနုပစ္ဆေဒေါ ကေတ္တန္တိ ဒဿေတိ။ ။ဟူ၍ရှင်း၊ အနုဋီကာ၌။ ။ပုရိမ ပစ္ဆိမာနံ့မွာနံ နိရောဓုပ္ပါဒ နိရန္တရတာယ နာမကာယသမ္ဗန္ဓ ဝုတ္တိတာယ ရူပကာဒယဿ ဥဘယဿစ အညမညသန္နိဿယတာယ ဒုဝိညေယျ နာနတော ဧကီဘူတဿဝိယ ဃနဘာဝပ္ပဗန္ဓော ဟေတုဖလဘာဝေနသမ္ဗန္ဓော သမ္ဗာတာနေ့ာတိ သန္တာနော။ တဿ အန္နုပစ္ဆေဒေါတထာ ပဝတ္တိ ကေတ္တန္တိအာဟ သန္တာနာနုပစ္ဆေဒေါ ကေတ္တန္တိ။ ။ဟူ၍ရှင်း မိန့်အပ်၏။

တတ္ထ၊ ထိုလေးပါးသော နည်းတို့တွင်။ အဝိဇ္ဇာ ပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝါ၊ ကာမကုသိုလ်, ရူပကုသိုလ်တည်းဟူသော ပုညာဘိ သင်္ခါရ-အကုသိုလ်တည်းဟူသော အပုညာဘိ သင်္ခါရ-အရူပ ကုသိုလ်တည်းဟူသော အနေဉ္ဇာဘိ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ဝိညာဏံ၊ ဝိညာဉ်သည်။ ဝါ၊ ပဋိသန္ဓေစိတ် ကျေနစိသဟုဆိုအပ်သော ဝိညာဉ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ဤသို့။ ဗီဇဿ၊ မျိုးစေ့၏။ အင်္ကုရာဒိ ဘာဝေန၊ အညွန့်အညှောက် စသည်တို့၏ အဖြစ်ဖြင့်။ ရုက္ခဘာဝ ပ္ပတ္တိဝိယ၊ သစ်ပင်၏ အဖြစ်သို့ရောက်ခြင်းကဲ့သို့။ အဝိဇ္ဇာ-သင်္ခါရာဒီနံ၊ အဝိဇ္ဇာ သင်္ခါရ စသောတရားတို့၏။ သန္တာနာနု ပစ္ဆေဒေါ၊ အစဉ်မပြတ် စပ်၍ ဖြစ်ခြင်းသည်။ ကေတ္တနယောနာမ၊ ကေတ္တနည်းမည်၏။ ။(ဤကား အဋ္ဌကထာပါဠ်၏အနက်,။ ။

သန္တာနာနုပစ္ဆေဒေန၊ အစဉ်၏ မပြတ် ခြင်းကြောင့်။ ဗီဇံ၊ မျိုးစေ့ သည်။ ရုက္ခဘာဝံ၊ သစ်ပင်၏အဖြစ်သို့။ ပတ္တံ၊ ရောက်၏။ ရုက္ခဘာဝေန၊ သစ်ပင်၏အဖြစ်ဖြင့်။ ပဝတ္တံ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကေတ္တေန၊ တခုတည်း၏အဖြစ်ဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သန္တာနာနုပစ္ဆေဒေ ါ။ တပေါင်းတည်း တယောက်တည်း အစဉ်မပြတ် စပ်၍ဖြစ်ခြင်းသည်။ ကေတ္တံ၊ တခုတည်း၏အဖြစ်မည်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဣဓာပိ၊ ဤပဋိစ္စသမုပ္ပါဒ်၏ အရာ၌လည်း။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာ အစရှိကုန်သော တရားအဆက်ဆက်တို့၏။ သန္တာနာနုပစ္ဆေဒေ ါ၊ အစဉ်မပြတ် စပ်၍ ဖြစ်ခြင်းသည်။ ကေတ္တံ၊တခုတည်း၏အဖြစ်မည်၏။ ဣတိဣမံအတ္ထံ၊ဤသို့သောအနက်ကို။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ ဒဿေတိ၊ ပြတော်မူ၏။ ။ ဤကားမူလဋီကာပါဌ်၏အနက်)။ ။ပုရိမပစ္ဆိမာနံ၊ရှေ့နောက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ အကြောင်း, အကျိုးတရားတို့၏။ နိရောဓုပ္ပါဒနိရန္တရတာယ၊ ချုပ်ခြင်း·ဖြစ်ခြင်းတို့၏ အခြားမရှိသည်၏အဖြစ်ကြောင့်။ နာမကာယဿစ၊ နာမ်တရားအပေါင်း၏ရင်း။ သမ္ဗန္ဓဝုတ္တိတာယစ၊ နာမ်တရားနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်ရင်း။ ရူပကာယဿ၊ ရုပ်တရားအပေါင်း၏ရင်း။ အညမညံ သန္နိဿယတာယ၊ အချင်းချင်း တပါးသည် တပါးအား ငြိတွယ် မှီခို၍ တည်နေရသည်၏အဖြစ်ကြောင့်။ ဥဘယဿစ၊ နာမ်ရုပ်တရားနှစ်ပါတို့၏ အပေါင်း၏ရင်း။ဒုဝိညေယျနာနတော၊သိနိုင်ခဲသော အထူးအခြားရှိသည်၏ အဖြစ်ကြောင့်။ ဧကီဘူတဿဝိယ၊ တလုံးတခဲတည်းဖြစ်သကဲ့သို့။ ဃနဘာဝပ္ပဗန္ဓော၊ တခဲနက်၏အဖြစ်ဖြင့် အစဉ်မပြတ်စပ်၍ ဖြစ်သော။ ဟေတုဖလဘာဝေန၊ အကြောင်းအကျိုး၏ အဖြစ်ဖြင့်။ သမ္ဗန္ဓော၊ စပ်၍ဖြစ်သောအစဉ်သည်။ သမ္မာ၊ကောင်းစွာ။ တာနော၊ စပ်၍ဖြစ်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။သန္တာနော၊ သန္တာနမည်၏။ တဿ၊ ထိုကောင်းစွာ အစဉ်မပြတ်စပ်၍ဖြစ်သောအကြောင်းအကျိုးတရားအပေါင်း၏။အနုပစ္ဆေဒေ ါ၊ မပြတ်ခြင်းသည်။ တထာပဝတ္တိ၊ ထိုတပေါင်းတယောက်တည်းရောနှော ပေါင်းစပ်၍ အစဉ်မပြတ်စပ်၍ တခုတည်းကဲ့သို့ဖြစ်ခြင်းသည်။ ကေတ္တံ၊ တခုတည်း၏အဖြစ်မည်၏။ ဝါ၊ ကေတ္တနည်းမည်၏။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ သန္တာနာနုပစ္ဆေဒေ ါကေတ္တန္တိ၊ ကေတ္တံ-ဟူ၍။ အာစရိယော၊ မူလဋီကာဆရာသည်။ အာဟ၊ ဆိုတော်မူ၏။ ။(ဤကားအနုဋီကာပါဌ်၏အနက်)

ဤကေတ္တနည်းအလိုအားဖြင့် သုမေဓာရှင်ရသေ့ ဖြစ်သည်မှစ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သစ္စာလေးပါး တရားကို သိတော်မူ၍ လူတွင်ထင်ရှား ဘုရား ဖြစ်တော်မူသည့်တိုင်အောင် ခန္ဓာငါးပါးတရားတို့သည် အကြောင်းအကျိုးအားဖြင့်

အစဉ်မပြတ် စပ်၍ဖြစ်ခြင်းကြောင့် တခုတည်းကဲ့သို့ဖြစ်ရကား သုမေဓာရှင်ရသေ့သည်ပင် ဘုရား၏အဖြစ်သို့ ရောက်တော်မူ၏ဟုဆိုအပ်၏။ ။ဤကေတ္တနည်းကို ကောင်းစွာ သိမြင်သောသူသည် အကြောင်း, အကျိုးအားဖြင့်စပ်၍ ဖြစ်သော အစဉ်၏မပြတ်ခြင်းကိုသိခြင်းကြောင့် သုမေဓာရှင်ရသေ့သည် သုမေဓာရှင်ရသေ့၏ ဘဝတွင်သာ ခန္ဓာအဆုံးသတ် ချုပ်ငြိမ်း ပြတ်စဲခြင်းသို့ ရောက်၏။ ဘုရား၏ခန္ဓာနှင့် မဆက်စပ် ပြတ်၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိကိုစွန့်နိုင်၏။ ၎င်းကေတ္တနည်းကိုမှားသောအားဖြင့် ရှုမြင်သော သူသည် ဤသို့အကြောင်း, အကျိုးအားဖြင့် အစဉ်မပြတ် စပ်၍ ဖြစ်သည်ကို မသိမမြင်ရကား တလုံးတခဲ တခုတည်း သာဟု ယူခြင်းကြောင့် သုမေဓာ ရှင်ရသေ့သည် ချုပ်ငြိမ်း ပြတ်စဲခြင်းမရှိ။ ပကတိကိုယ်တိုင်ပင် သစ္စာလေးပါး တရားကိုသိ၍ ဘုရား၏အဖြစ်သို့ ရောက်လာ၏ဟု ယူလျှင် သဿတဒိဋ္ဌိဖြစ်၏။ ။ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌။ ။ယံသမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ။မိစ္ဆာပဿန္တောဟေတုဖလသမ္ဗန္ဓေနပဝတ္တမာနဿ သန္တာနာနုပစ္ဆေဒဿ ကေတ္တဂဟဏတော သဿတဒိဋ္ဌိံ ဥပါဒိယတိ။ ။ဟူ၍ မိန့်အပ်၏။ ။ယံ၊ အကြင်ကေတ္တနည်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿန္တော၊ သိမြင်သောသူသည်။ ဟေတုဖလ သမ္ဗန္ဓေန၊ အကြောင်း,အကျိုးတို့၏ အစဉ်မပြတ် စပ်ဖွဲ့သော အားဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနဿ၊ ခန္ဓာအစဉ်၏။ အနုပစ္ဆေဒါဝဗောဓတော၊ အစဉ်မပြတ်သည်ကို ထိုးထွင်း၍ သိနိုင်ခြင်းကြောင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဘဝသည် လူသေလျှင်ပြတ်၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ ယံ၊ အကြင်ကေတ္တ နည်းကို။ မိစ္ဆာ၊ မှားသောအားဖြင့်။ ပဿန္တော၊ ရှုမြင်သောသူသည်။ ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်း, အကျိုးတို့၏ စဉ်သောအားဖြင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ သန္တာနာနုပစ္ဆေဒဿ၊ အစဉ်မပြတ်စပ်၍ဖြစ်သော ခန္ဓာငါးပါးတို့၏ အကြောင်းအကျိုးအစဉ်ကို။ ကေတ္တ ဂဟဏတော၊ တလုံးတခဲ တခုတည်း၏ အဖြစ်ကို ယူခြင်းကြောင့်။ သဿတဒိဋ္ဌိံ၊ သဿတဒိဋ္ဌိ အယူကို။ ဝါ၊ ခန္ဓာငါးပါးတရားသည် မချုပ်မပျက်ဘဲ အမြဲတည်၏ဟူသော အယူကို။ ဥပါဒိယတိ၊ မြဲစွာယူတတ်၏။ ။(ဤကား အနက်)။ ။ကေတ္တနည်းပြီး၏။

အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏ အကြင်မိမိ- မိမိတို့၏ သဘောလက္ခဏာကို သီးသန့်ပိုင်းခြား မှတ်သားခြင်းသည်၊ နာနတ္တနည်းမည်၏။ ။ထို့ကြောင့်ဝိဘင်းအဋ္ဌကထာ၌။ ။အဝိဇ္ဇာဒီနံပန ယထာသကံ လက္ခဏဝဝတ္ထာနံ နာနတ္တနယောနာမ။ ။ဟုမိန့်အပ်၏။ ။ပန၊ အဘိုတပါးကိုဆိုဦးအံ့။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာအစရှိကုန်သော အကြောင်း, အကျိုးတရားတို့၏။ ယထာသကံ၊

အကြောင်မိမိ မိမိ တို့၏ ဥစ္စာဖြစ်သော။ လက္ခဏာဝဝတ္ထာနံ၊ လက္ခဏာကို သီးသန့်ပိုင်းခြား မှတ်သားခြင်းသည်။ နာနတ္တနယောနာမ၊ နာနတ္တ နည်းမည်၏။ ။(ဤကားအနက်)။ ။အဓိပ္ပါယ်ကား-အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်,နာမ်, ရုပ် စသောတရားတို့၌ အဝိဇ္ဇာလည်း သဘောလက္ခဏာအားဖြင့် အသီးအခြား တပါးပင်၊ သင်္ခါရလည်း သဘောလက္ခဏာအားဖြင့် အသီးအခြား တပါးပင်၊ ဤသို့စသည်ဖြင့် အသီးအသီး မိမိ- မိမိတို့၏ သဘော လက္ခဏာတို့ကို သီးသန့်ပိုင်းခြား၍ မှတ်သားခြင်းသည် နာနတ္တ နည်းမည်၏ ဟူလို သည်။ ။ငင်း နာနတ္တနည်းကို ကောင်းစွာမြင်သိသော သူသည် နောက်နောက်၌ စပ်ဆက်၍ ဖြစ်သော အသစ်အသစ်သော တရားတို့၏ ဖြစ်ခြင်းကိုမြင်ခြင်းကြောင့် ရှေး၌ပြဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် ဖြစ်သော သဿတဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ မှားသော အားဖြင့် ရှုမြင်သော သူသည် တခုသော ခန္ဓာအစဉ်၌ ကျရောက်သော တရားအပေါင်းကို ခန္ဓာအစဉ် ပြားရာ၌ ဖြစ်သော တရားတို့ကဲ့သို့ သုမေဓာ ရှင်ရသေ့၏ ခန္ဓာသည် ဘုရား၏ခန္ဓာနှင့်မစပ်။ သုမေဓာ ရှင်ရသေ့ ဘဝတွင်သာ ပြတ်၏စသည်ဖြင့် ယူသော် ဥစ္ဆေဒဒိဋ္ဌိကိုယူဘတ်၏။ ။ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌။ ။ယံ သမ္မာ ပဿန္တော နဝနဝါနံ ဥပ္ပါဒဒဿနတော သဿတဒိဋ္ဌိံ ပဇဟတိ။ မိစ္ဆာ ပဿန္တော ဧကသန္တာန ပတိတဿ ဘိန္နသန္တာနဿေဝ နာနတ္တဂဟဏတော ဥစ္ဆေဒဒိဋ္ဌိံ ဥပါဒိယတိ။ ။ဟူ၍ ငင်း။ ။ဘိန္နသန္တာနဿေဝါတိ သမ္ဗန္ဓရဟိတဿ နာနတ္တဿ ဂဟဏတော သတ္တန္တရေ ဥစ္ဆိန္နေ သတ္တန္တရေ ဥပ္ပန္နေတိ ဂဏှန္တော ဥစ္ဆေဒဒိဋ္ဌိမုပါဒိယတိ။ ။ဟူ၍ ငင်း မိန့်အပ်၏။ ။ယံနယံ၊ အကြောင်နာ နတ္တနည်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿန္တော၊ သိမြင်သော သူသည်။ နဝနဝါနံ၊ အသစ်အသစ် ကုန်သော တရားတို့၏။ ဥပ္ပါဒဒဿနတော၊ ဖြစ်ခြင်းကို မြင်သောကြောင့်။ သဿဒိဋ္ဌိံ၊ သတ္တဝါသင်္ခါရ တရားအပေါင်းသည် ချုပ်ခြင်း ပျက်စီးခြင်း မရှိဘဲ အမြဲတည်၏ ဟူ၍ယူသော သဿတဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ မိစ္ဆာ၊ မှားသောအားဖြင့်။ ပဿန္တော၊ ရှုမြင်သော သူသည်။ ဧကသန္တာနပတိတဿ၊ တခုသော အစဉ်၌ ကျရောက်ဖြစ်ပွါးသော တရားအပေါင်းတို့၏ အဆက်ဆက်ကို။ ဘိန္နသန္တာနဿေဝ၊ ပြားသောခန္ဓာအစဉ်၌ဖြစ်သောတရားအစုကဲ့သို့။ နာနတ္တဿ၊ အသီးအခြား တပါး၏အဖြစ်ကို။ ဂဟဏတော၊ ယူခြင်းကြောင့်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဥစ္ဆေဒဒိဋ္ဌိအယူကို။ ဥပါဒိယတိ၊ မြဲစွာယူတတ်၏။ ။(ဤကား အဋ္ဌကထာပါဌ်၏ အနက်)။ ။ဘိန္နသန္တာနဿေဝါတိ၊ ဟူသည်ကား။ သမ္ဗန္ဓရဟိတဿ၊ စပ်ဆက်ခြင်းမှ ကင်းသော။ နာနတ္တဿ၊ အသီးအခြား တပါး၏ အဖြစ်ကို။ ဂဟဏတော၊ ယူခြင်းကြောင့်။ သတ္တန္တရေ၊ သတ္တဝါတပါးသည်။ ဥစ္ဆိန္နေ၊ ပြတ်၏။ သတ္တန္တရေ၊ သတ္တဝါတပါးသည်။ ဥပ္ပန္နေ၊ အသစ် ဖြစ်လာ၏။ ဣတိ ဤသို့။

ဂဏှန္တော၊ ယူသည်ဖြစ်ခဲ့သော်။ ဥစ္ဆေဒဒိဋ္ဌိ၊ သတ္တဝါ သင်္ခါရသည် ပြတ်၏ ဟူသောအယူကို။ ဥပါဒိယတိ၊ မြဲစွာယူတတ်၏။ ။(ဤကား ဋီကာပါဌ်၏ အနက်)။ ။နာနတ္တနည်းပြီး၏။

အဝိဇ္ဇာ- သင်္ခါရ စသော တရားတို့၌ အဝိဇ္ဇာ၏ ငါသည် သင်္ခါရ တရားတို့ကို ဖြစ်စေအပ်ကုန်၏ ဟူ၍၎င်း၊ သင်္ခါရ တို့၏လည်း ငါတို့သည် ဝိညာဉ်ကို ဖြစ်စေအပ်၏-ဟူ၍၎င်း၊ ဤသို့စသည်ဖြင့် အဝိဇ္ဇာ- သင်္ခါရစသော တရားတို့၏ အားထုတ်၍ ပြုလုပ်ခြင်း ဗျာပါရမရှိသော နည်းသည် အဗျာပါရ နည်းမည်၏။ ။ထို့ကြောင့် ဝိဘင်း အဋ္ဌကထာ၌။ ။အဝိဇ္ဇာယ သင်္ခါရာ မယာ ဥပ္ပါဒေတဗ္ဗာ။ သင်္ခါရာနံဝါ ဝိညာဏံ အမှေဟီတိ ဝေမာဒိ ဗျာပါရာဘာဝေါ အဗျာပါရ နယောနာမ။ ။ဟူ၍ မိန့်အပ်၏။ ။အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ မယာ၊ ငါသည်။ သင်္ခါရာ၊ သင်္ခါရတရားတို့ကို။ ဥပ္ပါဒေတဗ္ဗာ၊ဖြစ်စေအပ်ကုန်၏။ သင်္ခါရာနံဝါ၊ သင်္ခါရတို့၏လည်း။ အမှေဟိ၊ ငါတို့သည်။ ဝိညာဏံ၊ဝိညာဉ်ကို။ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဣတိဝေမာဒိ ဗျာပါရာဘာဝေါ၊ ဤသို့ အစ ရှိသော အားထုတ်ခြင်း ဗျာပါရ၏မရှိခြင်းသည်။ အဗျာပါရနယော၊ အဗျာပါရနည်း မည်၏။ ။(ဤကား အနက်)။ ။အဓိပ္ပါယ်ကား-အစွမ်းသတ္တိ အထူး ရှိကလည်း အကြောင်းတရား- တပါးကို မှီတွယ်၍ ဖြစ်ဘွယ် မရှိ။ အကြောင်း တရား တပါးကို မှီတွယ်၍ ဖြစ်ရကလည်း ဗျာပါရသတ္တိ၊ အားထုတ်၍ ပြုလုပ်တတ်သော သဘောရှိ၏ဟု ဆိုဘွယ်မရှိ။ အာသဝ ဟူသော အကြောင်းရှိမှ ဖြစ်ခါမျှ ဖြစ်သော အဝိဇ္ဇာ၌၎င်း၊ အဝိဇ္ဇာဟူသော အကြောင်းရှိမှ ဖြစ်ခါမျှ ဖြစ်သော သင်္ခါရတို့၌၎င်း အလိုအလျောက် တပါးသော တရားတို့နှင့် မရော မဘက် သက်သက်သော အစွမ်းသတ္တိ ရှိသော်သာ ရ စကောင်းသော ငါသည် ဖြစ်စေအံ့၊ ငါသည် အားထုတ်၍ ပြုလုပ်အံ့ စသော ဗျာပါရသည် အဘယ်မှာ ရှိချေအံ့နည်း။ ဤအတူ အကြောင်းကိုစွဲ၍ဖြစ်သော ပရမတ္ထတရား ဟူသမျှတို့၌ ဗျာပါရ မရှိ သည်သာ ဟူလိုသည်။ ထိုစကားသင့်စွ၊ အကြင် အကြင်သူသည် ငါ၌ သတ်အံ့ဟူသော အားထုတ်၍ ပြုလုပ်တတ်သော ဗျာပါရရှိ၏ စသည်ဖြင့် ထင်မှတ် ပြောဆို၏။ ထိုထိုသူ ဟူသမျှသည် အကြောင်းကို စွဲ၍ ဖြစ်ခါမျှဖြစ်သော နာမ်- ရုပ်တရား၊ ထိုနာမ်-ရုပ်တရားတို့၏ အကြောင်းကို မမြင် သညာ၏ ဘောက်ပြန် ခြင်း တည်းဟူသော သညာ ဝိပလ္လာသ,စိတ်၏ ဘောက်ပြန်ခြင်းတည်းဟူသော စိတ္တဝိပလ္လာသ၊ အယူ၏ဘောက်ပြန်ခြင်း တည်း ဟူသော ဒိဋ္ဌိဝိပလ္လာသအားဖြင့်၊ ပုဂ္ဂိုလ်- သတ္တဝါ- ယောကျ်ား- မိန်းမ စသည် တို့၌ ငါသတ်အံ့- ငါလှူအံ့- ငါသွားအံ့- ငါစားအံ့စသော အထူး အားထုတ်၍ ပြုလုပ်သော ဗျာပါရသတ္တိ အစွမ်းရှိ၏ဟု သမုတိပညတ်အားဖြင့် များစွာ ပြော

ဆိုလေ့ ပြုကြကုန်သတည်း။ ။ထိုအဗျာပါရနည်းကို ကောင်းစွာသိမြင်သော သူသည် အဝိဇ္ဇာအစရှိသော တရားတို့၌ ငါသည်အကျိုးတရားကို ဖြစ်ပွါးအောင် အားထုတ်၍ ပြုလုပ်မည်ဟု အထူးအားထုတ်၍ ပြုလုပ်တတ်သော ဗျာပါရမရှိ၊ အဝိဇ္ဇာစသော မိမိတို့၏အကြောင်းကိုရ၍ သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ပွါးခြင်းမျှသာဖြစ်သည်ဟု ထိုးထွင်း၍သိသောကြောင့် အစွမ်းသတ္တိ-ဗျာပါရ ရှိ၏ ဟူ၍ငှင်း၊အစိုးရ၏ အလိုသို့ လိုက်စေဘတတ်၏ ဟူ၍ငှင်း ယူမှားသော အတ္တဒိဋ္ဌိကို စွန့်နိုင်၏။ အဝိဇ္ဇာ၌ သင်္ခါရကို ဖြစ်စေအံ့ဟု ဗျာပါရမရှိ၊ အဝိဇ္ဇာက သင်္ခါရကို အားထုတ်၍ မပြုတတ်၊ အဝိဇ္ဇာဖြစ်သည်ကိုမှတ်၍ အလိုအလျောက် သင်္ခါရသည်ဖြစ်၏ဟု ဘောက်ပြန်၍ မြင်သောသူအား အကိရိယ ဒိဋ္ဌိဖြစ်၏။ တနည်း၊ အဝိဇ္ဇာကိုစွဲ၍ ဖြစ်ငြားသော်လည်း အဝိဇ္ဇာ၌ ငါပြုအံ့ဟု အားထုတ်သော ဗျာပါရမရှိခြင်းကြောင့် အဝိဇ္ဇာသည် အကြောင်းမဟုတ်ဟု မြင်သော သူအား အကိရိယဒိဋ္ဌိဖြစ်၏။ ။ထို့ကြောင့်ဝိဘင်းအဋ္ဌကထာ၌။ ။ယံသမ္မာ ပဿန္တော ကာရကဿ အဘာဝါဝဗောဓတော အတ္တဒိဋ္ဌိံ ပဇဟတိ၊ မိစ္ဆာ ပဿန္တော ယော အသတိပိ ဗျာပါရေ အဝိဇ္ဇာဒီနံ သဘာဝ နိယမသိဒ္ဓေါ ဟေတုဘာဝေါ၊ တဿ အဂ္ဂဟဏတော အကိရိယဒိဋ္ဌိံ ဥပါဒိယတိ။ ။ဟူ၍မိန့်အပ်၏။ ။ယံနယံ၊ အကြင်အဗျာပါရနည်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿန္တော၊ သိမြင်သောသူသည်။ ကာရကဿ၊ အထူးအားထုတ်၍ပြုလုပ်တတ်သောတရား၏။ အဘာဝါဝဗောဓတော၊ မရှိသည်ကို ထိုးထွင်း၍သိသောကြောင့်။ အတ္တဒိဋ္ဌိံ၊ အားထုတ်၍ ပြုလုပ်တတ်သော အစွမ်းသတ္တိ ဗျာပါရရှိ၏ အစိုးရ၏ အလိုသို့ လိုက်စေတတ်၏ဟူ၍ ဘောက်ပြန်သော အတ္တဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ မိစ္ဆာ၊ မှားယွင်း ဘောက်ပြန်သောအားဖြင့်။ ပဿန္တော၊ ရှုမြင်သောသူသည်။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာအစရှိကုန်သော တရားတို့၏။ ဗျာပါရေ၊ အားထုတ်၍ပြုလုပ်တတ်သော ဗျာပါရသည်။ အသတိ၊ မရှိသည်ရှိသော်။ ယော၊ ထိုအဝိဇ္ဇာ အစရှိသောတရားတို့၏။ သဘာဝနိယမသိဒ္ဓေါ၊ အကျိုးကိုဖြစ်စေရာ၌ သဘာဝနိယမ အားဖြင့်ပြီးသော။ ယောဟေတုဘာဝေါ၊ အကြင်အကြောင်း၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုသဘာဝနိယမအားဖြင့်ပြီးသော အကြောင်း၏ အဖြစ် ကို။ အဂ္ဂဟဏတော၊ မယူခြင်းကြောင့်။ အကိရိယဒိဋ္ဌိံ၊ ကုသိုလ်ကံကို ပြုဘွယ် ကိစ္စမရှိ၊ ကုသိုလ်ကံကိုပြုသော်လည်း အကျိုးမရှိ မပြုအပ်-ဟူ၍ဘောက်ပြန်သော အကိရိယဒိဋ္ဌိကို။ ဥပါဒိယတိ၊ မြဲစွာ ယူတတ်၏။ ။(ဤကား အနက်)။ ။ အဗျာပါရနည်းပြီး၏။

နို့ရည် စသည်တို့မှ နို့ခန်းစသည်တို့ ဖြစ်ခြင်းကဲ့သို့ တပါးသော ဝတ္ထုတို့၏ မဖြစ်ခြင်း ကဲ့သို့ငှင်း၊ သရက်မျိုးစေ့ စသည်မှ သရက်ပင်, စသည်တို့၏ သာ

P.G.M, 493. D—72

ပေါက်ခြင်းကဲ့သို့၊ တပါးသောအုန်းပင်,ထန်းပင်စသည်တို့၏ မပေါက်ခြင်းကဲ့သို့ ၎င်း၊ထို့အတူ အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့်အကြောင်းအားလျော်စွာ သင်္ခါရစသော အကျိုးတရားတို့၏သာ ဖြစ်ခြင်းသည် တပါးသောတရားတို့၏ မဖြစ်ခြင်းသည် ဧဝံဓမ္မတာနည်းမည်၏။ ။ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌။ ။ အဝိဇ္ဇာဒီဟိပန ကာရဏေဟိ သင်္ခါရာဒီနံယေဝ သမ္ဘဝေါ ခီရာဒီဟိ ဒဓိအာဒီနံ ဝိယ၊ နအညေသန္တိ အယံ ဧဝံဓမ္မတာ နယောနာမ။ ။ဟူ၍မိန့်အပ်၏။ ။ ပန၊အဘိုတပါးကို ဆိုဦးအံ့။ ခီရာဒီဟိ၊ နို့ရည် စသည်တို့မှ။ ဒဓိအာဒီနံ၊ နို့ခန်း စသည်တို့၏။ သမ္ဘဝေါ ဝိယ၊ ကောင်းစွာဖြစ်ခြင်းကဲ့သို့။ အညေသံ၊ တပါးသော ဝတ္ထုတို့၏။ နသမ္ဘဝေါ ဝိယ၊ မဖြစ်ခြင်းကဲ့သို့။ တထာ၊ ထို့အတူ။ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်း တို့ကြောင့်။ သင်္ခါရာဒီနံ ယေဝ၊ သင်္ခါရ အစရှိသော အကျိုးတရားတို့၏သာလျှင်။ သမ္ဘဝေါ၊ ကောင်းစွာ ဖြစ်ခြင်းသည်။ အညေသံ၊ တပါးသော တရားတို့၏။ နသမ္ဘဝေါ၊ မဖြစ်ခြင်း သည်။ ဧဝံဓမ္မတာနယော၊ ဧဝံဓမ္မတာနည်းမည်၏။ ။(ဤကားအနက်)

ဤဧဝံဓမ္မတာ နည်းကို ကောင်းစွာ သိမြင်သော သူသည် အဝိဇ္ဇာစသော အကြောင်း အားလျော်စွာ သင်္ခါရ စသော အကျိုးတရား တို့၏ ဖြစ်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့် သတ္တဖြစ်ခြင်း၏ အကြောင်းမရှိဟူ၍ ဘောက်ပြန်သော အဟေတုကဒိဋ္ဌိ။ ၎င်းကံကိုပြုသော်လည်း ကုသိုလ်, အကုသိုလ်ကံ မဖြစ်, အကျိုးမရှိ၊ ပြုအပ်သည်မမည်ဟူ၍ ဘောက်ပြန်သော အကိရိယဒိဋ္ဌိကို၎င်း ပယ်စွန့်နိုင်၏။ မှားသောအားဖြင့်ယူသောသူသည် အဝိဇ္ဇာစသော အကြောင်းအား လျော်စွာ သင်္ခါရစသောအကျိုးတရားတို့၏ ဖြစ်ခြင်းကို မယူမူ၍ အဝိဇ္ဇာ အစ ရှိသော တစုံတခုသောအကြောင်းမှ သင်္ခါရစသောဘစုံတခုသောအကျိုးတို့သည် မဖြစ်ကုန်ဟု ယူခြင်းကြောင့် သတ္တဝါဖြစ်ခြင်း၏ အကြောင်းမရှိဟူ၍ ဘောက် ပြန်သော အဟေတုကဒိဋ္ဌိကို၎င်း၊ တစုံတခုသော အကြောင်းကြောင့် တစုံတခု သော အကျိုးမရှိသော်လည်း ကြိုးဖြင့်သီအပ် ကုံးအပ်သော ရွဲကုံး, ပုလဲကုံးတို့ ကဲ့သို့ အဝိဇ္ဇာ စသည်ဖြစ်လျှင် အမြဲညွတ်၍ သင်္ခါရ စသည်တို့သည် ဖြစ်ကြ ကုန်၏ဟူ၍ ဘောက်ပြန်သော နိယတ မိစ္ဆာဒိဋ္ဌိကို၎င်း ယူတတ်၏။ ။ထို့ ကြောင့် ဝိဘင်း အဋ္ဌကထာ၌။ ။ယံ သမ္မာ ပဿန္တော ပစ္စယာနုရူပတော ဖလာဝဗောဓတော အဟေတုကဒိဋ္ဌိဉ္စ အကိရိယ ဒိဋ္ဌိဉ္စ ပဇဟာတိ။ မိစ္ဆာပဿန္တော ပစ္စယာနုရူပံ ဖလပ္ပဝတ္တိံ အဂ္ဂဟေတွာ ယတော ကုတောစိ ယဿ ကဿစိ အသမ္ဘဝဂ္ဂဟဏတော အဟေတုကဒိဋ္ဌိံစ နိယတဝါဒဉ္စ ဥပါဒိယတိ။ ။ဟူ၍ မိန့်အပ်၏။ ။ယံနယံ၊ အကြင် ဧဝံဓမ္မတာနည်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿန္တော၊ သိမြင်သော သူသည်။ ပစ္စယာနုရူပံ၊ အဝိဇ္ဇာအစရှိသော အကြောင်း

အားလျော်စွာ။ ဖလာဝဗောဓတော၊ သင်္ခါရစသော အကျိုး တရားတို့၏ ဖြစ်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်။ အဟေတုက ဒိဋ္ဌိဉ္စ၊ သတ္တဝါ ဖြစ်ခြင်း၏ အကြောင်းမရှိဟူ၍ ဘောက်ပြန်၍ ယူသော အဟေတုကဒိဋ္ဌိကိုရင်း။ အကိရိယ ဒိဋ္ဌိဉ္စ၊ ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုသော်လည်း ကံမဖြစ်၊ အကျိုးမရှိ၊ ပြုအပ်သည်မမည်ဟူ၍ ဘောက်ပြန်သော အကိရိယ ဒိဋ္ဌိကိုရင်း။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ မိစ္ဆာ၊ မှားသောအားဖြင့်။ ပဿန္တော၊ ရှုမြင်သောသူသည်။ ပစ္စယာနုရူပံ၊ အဝိဇ္ဇာ စသော အကြောင်းအားလျော်စွာ။ ဖလပ္ပဝတ္တိံ၊ သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ခြင်းကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ယဒ္ဒါကုဒ္ဒတာစိ၊ အမှတ်မရှိ တစုံတခုသောအကြောင်းမှ၊ ယဿ ကဿစိ၊ တစုံတခုသော အကျိုး၏။ အသမ္ဘဝဂ္ဂဟဏတော၊ မဖြစ်ခြင်းကို ယူခြင်းကြောင့်။ အဟေတုက ဒိဋ္ဌိဉ္စ၊ သတ္တဝါဖြစ်ခြင်း၏ အကြောင်းမရှိဟူ၍ ဘောက်ပြန်သော အဟေတုက ဒိဋ္ဌိကိုရင်း။ နိယတဝါဒဉ္စ၊ အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့် သင်္ခါရစသော အကျိုးမဖြစ်၊ ယင်းသို့ မဖြစ်သော်လည်း ကြိုးဖြင့်သီအပ်သော ရွဲကိုး ပုလဲကိုး စသည်တို့ကဲ့သို့ အမြဲညွတ်၍ အဝိဇ္ဇာစသည်ဖြစ်လျှင် သင်္ခါရစသည်တို့သည် အမြဲဖြစ်ကုန်၏ဟူ၍ ဘောက်ပြန်သော နိယတမိစ္ဆာဒိဋ္ဌိကိုရင်း။ ဥပါဒိယတိ၊ မြဲစွာယူတတ်၏။ ။(ဤကားအနက်)

အဟေတုကဒိဋ္ဌိ, နိယတဒိဋ္ဌိတို့၏ အဓိပ္ပါယ်ကား—သင်္ခါရစသော အကျိုးတရားဖြစ်ခြင်း၏ အဝိဇ္ဇာစသော တစုံတခုသော အကြောင်းမရှိ။ အကယ်၍ တပါးသောအကြောင်းကြောင့် တပါးသော အကျိုးဖြစ်ခဲ့လျှင် သဲကို ကြိတ်လျှင် ဆီထွက်ရာ၏။ ကြံချောင်းကို ညှစ်လျှင်လည်း နို့ရည် ထွက်ခဲ့ ရာ၏။ သဲမှလည်းဆီမထွက်၊ ကြံချောင်းမှလည်း နို့ရည်မထွက်၊ မထွက်ခြင်းကြောင့် သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ကြောင်း တစုံ တခုမျှ မရှိ—ဟု ယူခြင်းသည် အဟေတုက ဒိဋ္ဌိမည်၏။ တစုံ တခုသော အကျိုးဖြစ်ခြင်း၏ တစုံ တခုသော အကြောင်းမရှိ။ မရှိသော်လည်း နှမ်းစေ့မှဆီ—နွားမမှ နို့ရည်၊ မိဘနှစ်ပါးတို့၏ သုက်သွေးတို့မှ သူငယ်စသည်တို့သည် အမြဲညွတ်၍ ကြိုးဖြင့် သီစွပ် ကုံးသွယ်၍ ထားအပ်သော ရွဲကိုး, ပုလဲကိုးစသည်တို့ကဲ့သို့ အမြဲဖြစ်ကုန်၏။ ဟူ၍ယူခြင်းသည် နိယတမိစ္ဆာဒိဋ္ဌိမည်၏။ ။ထို့ကြောင့် မူလဋီကာ၌။ ။ယတော ကုတောစိတိ ယဒိအညသ္မာ အညဿ ဥပ္ပတ္တိ သိယာ၊ ဝါလိကတော တေလဿ ဥစ္ဆုတော ခီရဿ ကသ္မာ ဥပ္ပတ္တိ နသိယာ။ တသ္မာ နကောစိ ကဿစိ ဟေတုအတ္ထိတိ အဟေတုကဒိဋ္ဌိံ။ အဝိဇ္ဇမာနေပိ ဟေတုမှိ နိယတတာယ တိလဂါဝီသုက္ကသောဏိတာဒိဟိ တေလခီရသရီရာဒီနိ ပဝတ္တန္တီတိ နိယတိဝါဒဉ္စ ဥပါဒိယတီတိ ဝိညာတဗ္ဗံ ယထာရဟံ။ ။ဟူ၍ မိန့်အပ်၏။ ။ယတောကုတော စိတိ၊ ဟူသည်ကား။ အည

သွာ၊ တပါးသောအကြောင်းတရားမှ။ အညသ္မာ၊ တပါးသော အကျိုးတရား၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဝါလိကာတော၊ သဲလုံးမှ။ တေလဿ၊ ဆီ၏ရင်း။ ဥစ္ဆုတော၊ ကြံချောင်းမှ။ ခီရဿ၊ နို့ရည်၏ရင်း။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ကသ္မာ၊ အဘဲ့ကြောင့်။ နသိယာ၊ မဖြစ်လေသနည်း။ ယသ္မာ၊ အကြင့်ကြောင့်။ ဝါလိကတော၊ သဲလုံးမှ။ တေလံဝါ၊ ဆီသည်ရင်း။ ဥစ္ဆုတော၊ ကြံချောင်းမှ။ ခီရံဝါ၊ နို့ရည်သည်ရင်း။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုသို့ မဖြစ်လေသောကြောင့်။ ကဿစိ၊ တစုံတခုသော အကျိုးတရား၏။ ကောစိ၊ တစုံတခုသော။ ဟေတု၊ အကြောင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အဟေတုကဒိဋ္ဌိ စ၊ အဟေတုကဒိဋ္ဌိကိုရင်း။ ဟေတုမှိ၊ အကြောင်းသည်။ အဝိဇ္ဇမာနေပိ၊ မရှိသည်ရှိသော်လည်း။ နိယတတာယ၊ အမြဲသတ်သည်၏ အစွမ်းဖြင့်။ တိလ–ဂါဝီ သုက္ကသော ဏိတာဒီဟိ၊ နှမ်း- နွားမ-မိဘတို့၏ သုက်သွေးစသည် တို့မှ။ တေလခီရသရီရာ ဒီနိ၊ ဆီ-နို့ရည်၊ သူငယ်၏ ကိုယ်စသည်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ နိယတိဝါဒဉ္စ၊ နိယတမိစ္ဆာ အယူကိုလည်း။ ဥပါဒိယတိ၊ ယူတတ်၏။ ဣတိ၊ ဤသို့။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဝိညာတဗ္ဗံ၊ သိအပ်၏။ ။ (ဤကားအနက်)။ ။ဧဝံ ဓမ္မတာနည်းပြီး၏။ ။[ဤနည်းလေးပါးတို့သည် နက်နဲ ခက်ခဲလေစွ၊ ပညာရှိတို့သည် ဉာဏ်၌ထင်မြင်အောင် ဆင်ခြင်စဉ်းစား၍ ကြည့်ရှုမှတ်သားရာ၏။]

ဤအရာ၌ အလိုရှိအပ်သော ပရမတ္ထတရား, သမ္မုတိ ပညတ် တရားတို့၏ အထူးကိုလည်း အမြွက် အားဖြင့် သိရာ၏။ အဘယ်သို့ သိရာ သနည်း ဟူမူ၊ ဥပါဒ်ခဏ- ဌီခဏ- ဘင်ခဏ တို့ဖြင့် မှတ်အပ်သော အစိတ်အစိတ် ဖြစ်သော ခန္ဓာ- အာယတန- ဓာတ်စသော တရားတို့သည် ပရမတ္ထတရား မည်ကုန်၏။ တခုသော ဘဝဖြင့် ပိုင်းခြားအပ်သော ပဋိသန္ဓေဟု ခေါ်ဝေါ်အပ်သော နာမ်,ရုပ် တရားတို့၏ ထင်ရှားဖြစ်ခြင်းဟူသော ဥပါဒ်,စုတိဟုခေါ်ဝေါ်အပ်သော နာမ်, ရုပ် တရားတို့၏ ချုပ်ခြင်းဟူသော ဘင်,ထိုပဋိသန္ဓေ စိတ် ဥပါဒ်သည်မှ အစပြု၍ စုတိဘင်ကျွဏတိုင်အောင် အကြား၌ များစွာသော နာမ်ရုပ်တရားတို့၏ အစဉ် မပြတ် စပ်၍ဖြစ်သော သန္တာန်ဌီဖြင့် တခုတည်းကဲ့သို့မှတ်၍ ပုဂ္ဂိုလ်- သတ္တဝါ- ယောကျ်ား–မိန်းမ စသည်ဖြင့် သမုတ်ပညတ်၍ ခေါ်ဝေါ် အပ်သော ခန္ဓာ စသည်တို့၏ အပေါင်းအစည်းသည် သမ္မုတိပညတ်မည်၏။ ထိုပရမတ်- သမ္မုတိ ပညတ် နှစ်ပါးတို့တွင် ခန္ဓာ,စသော ပရမတ္ထတရားသည်သာ သရုပ် တရားကိုယ် အားဖြင့်ထင်ရှားရှိ၏။ သမ္မုတိပညတ်တရားသည်ကား သရုပ်တရားကိုယ်အားဖြင့် ထင်ရှားမရှိဟုမှတ်ရာ၏။ ထိုသမ္မုတိပညတ် တရားသည်လည်း ပရမတ္ထ တရားမှ

လွတ်သော သမ္မုတိပညတ်, ပရမတ္ထ တရားမှမလွတ်သော သမ္မုတိ ပညတ် ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ကသိုဏ်း ပဋိဘာဂနိမိတ်စသောပညတ်သည် သရုပ်အားဖြင့်ရှာသော်လည်း တင်စားရာဝတ္ထုအထည်ကို မရစကောင်းသောကြောင့် ပရမတ္ထမှ လွတ်သော သမ္မုတိပညတ်မည်၏။ ပုဂ္ဂိုလ်-သတ္တဝါ-ယောကျ်ား-မိန်းမ စသောပညတ်သည် သရုပ်အားဖြင့်ရှာသော် ရူပက္ခန္ဓာ, စသည်ဖြင့် တင်စားရာ ဝတ္ထု အထည်ကိုထင်ရှား ရစကောင်းသောကြောင့် ပရမတ္ထမှ မလွတ်သော် သမ္မုတိပညတ်မည်၏။ ဤသို့ ပရမတ္ထသဘော, သမ္မုတိပညတ်တို့၏ သဘောကို သိရာ၏။ ဤသို့ပြဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် သမ္မုတိပညတ် တရားသည် သရုပ်တရားကိုယ်အားဖြင့် ထင်ရှားမရှိ။ ယင်းသို့ မရှိပါဘဲလျက် ဘယ်အတွက်ကြောင့် ဘုရားမြတ်စွာသည် ပညတ္တိဒေသနာတော်ကို ဟောတော်မူအပ်ပါလေသနည်းဟူမူ ကျေးဇူးရှိသောအမိ၊ မိကြီး-မိထွေး စသည်ဟူ၍ မကောင်းမှုကိုပြုခြင်းမှရှက်ခြင်း-ကြောက်ခြင်းတည်းဟူသော ဟိရိဩတ္တပ္ပတရားနှစ်ပါးကို ပြခြင်းငှါလည်း၊ ကံလျှင် မိမိ၏ဥစ္စာရှိသည်၏အဖြစ်ကို ပြခြင်းအကျိုးငှါလည်း၊ ကျောင်းဆောက်ခြင်းစသော အသီးသောယောကျ်ားသည် ပြုလုပ်အပ်သော ပုညကြိယာ ဝတ္ထုတရားကို ပိုင်းခြား၍ ပြတော်မူခြင်းငှါလည်း၊ အမိကိုသတ်ခြင်း၊ အဘကို သတ်ခြင်း၊ရဟန္တာကိုသတ်ခြင်း၊မြတ်စွာဘုရားခန္ဓာကိုယ်၌ သွေးစိမ်းတည်အောင် ပြုခြင်း၊ သံဃာကို သင်းခွဲခြင်းတို့ဖြင့် အာနန္တရိယကံ ထိုက်၏ဟု အာနန္တရိယ ကံတရားကို ပိုင်းခြား၍ပြတော်မူခြင်းငှါလည်း၊ဤသူတော်ကောင်းသည် အသက်ရှည်ပါစေသတည်း စသည်ဖြင့် မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရ တရားကို ဟောကြားတော် မူခြင်းငှါလည်း၊ ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို ထင်ရှားစွာ မြင်သိနိုင်ကြောင်းဖြစ်သော ပုဗ္ဗေနိဝါသာ နုဿတိ တရားကို ဟောကြားတော်မူခြင်းငှါလည်း၊ အလှူ၏စင်ကြယ်ကြောင်း ဖြစ်သော ဒက္ခိဏာဝိသုဒ္ဓိ တရားကို ထင်ရှားစွာပြတော်မူခြင်းငှါလည်း၊ လူတို့ခေါ်ဝေါ်သုံးစွဲကြသော သမ္မုတိ ပညတ်တရားကို မပယ်ရှားတော်မူခြင်းငှါလည်း မြတ်စွာဘုရားသည် ဤရှစ်ပါးသော အကြောင်း တရားတို့ကြောင့် သမ္မုတိကထာ ပညတ္တိ ဒေသနာတော်ကို ကောင်းစွာ ဟောတော်မူအပ်၏ ဟူလိုသည်။ ။ထို့ကြောင့် ကောနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ ကေပုဂ္ဂလဝဂ်အဖွင့်၌၊–

အပိစ အဋ္ဌဟိ ကာရဏေဟိ ဘဂဝါ ပုဂ္ဂလကထံ ကထေသိ။ ဟိရောတ္တပ္ပဒီပနတ္ထံ။ ကမ္မဿကတာဒီပနတ္ထံ–ပစ္စတ္တပုရိသကာရဒီပနတ္ထံ–အာနန္တရိယဒီပနတ္ထံ–ဗြဟ္မဝိဟာရဒီပနတ္ထံ- ပုဗ္ဗေနိဝါသဒီပနတ္ထံ– ဒက္ခိဏာဝိသုဒ္ဓိ ဒီပနတ္ထံ– လောကသမ္မုတိယာ အပဟာနတ္ထဉ္စာတိ။ ။ဟူ၍လည်း၊ ဋီကာ၌။ ။ဟိရောတ္တပ္ပ ဒီပနတ္ထန္တိ လောကပါလန ကိစ္စေ ဟိရောတ္တပ္ပဓမ္မေ ကိစ္စတော ပကာသေတုံ။ တေသံ ကိစ္စံ

သတ္တ–န္တာနေဝေ ပါကဋံ ဟောတီတိ ပုဂ္ဂလာဓိဋ္ဌာနာယ ကထာယ ဝတ္တဗ္ဗံ၊ ဧသောဝနယော သေသေသုပိ။ ယသ္မိံ ဟိ စိတ္တုပ္ပါဒေ ကမ္မံ ဥပ္ပန္နံ။ တံ သန္တာနေဝေ တဿဖလဥပ္ပတ္တိကမ္မဿကတာ။ ဧဝံဟိ ကတဝိညာဏနာသော အကာဘာဂမော စ နတ္ထီတိ သာပုဂ္ဂလာဓိဋ္ဌာနာယဝေ ဒေသနာယ ဒီပေတဗ္ဗာ။ တေဟိ သတ္တေဟိ ကာဘဗ္ဗပုညကြိယာ ပစ္စတ္တပုရိသကာရော။ သောပိ သန္တာနဝသေန နိဋ္ဌပေတဗ္ဗ တော ပုဂ္ဂလာဓိဋ္ဌာနာယဝေ ကထာယ ဒီပေတဗ္ဗော။ အာနန္တရိယဒီပနတ္ထန္တိ စုတိအနန္တရံ ဖလံအနန္တရံနာမ။ တသ္မိံ အနန္တရေ နိယုတ္တာနိ တံနိဗ္ဗတ္တနေန အနန္တရ ကရဏသီလာနီတိ အာနန္တရိယာနိ။ မာတု ဃာတကာဒီနိ။ တေသံ ဒီပနတ္ထံ။ တာနိပိဟိ သန္တာနဝသေန နိဋ္ဌပေတဗ္ဗတော မာတရံ ဇီဝိတာ ဝေါရောပေတီ တိအာဒိနာ ပုဂ္ဂလာ ဓိဋ္ဌာနာယဝေ ကထာယ ဒီပေတဗ္ဗာနိ။ တထာ သော မေတ္တာသဟဂတေန စေတသာ ဧကံဒိသံ ဖရိတွာ ဝိဟရတီတိ အာဒိနာ၊ သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ ဧကမ္ပိဇာတိန္တိအာဒိနာ၊ အတ္တိ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ၊ နော ပဋိဂ္ဂါဟကတောတိ အာဒိနာ စ ပဝတ္တာ ဗြဟ္မဝိဟာရ–ပုဗ္ဗေနိဝါသဒက္ခိဏာ ဝိသုဒ္ဓိကထာ ပုဂ္ဂလာဓိဋ္ဌာနာဝ ကတွာ ဒီပေ တဗ္ဗာ သတ္တသန္တာနဝိသယတ္တာ၊ အဋ္ဌပုရိသပုဂ္ဂလာနသမယဝိမုတ္တော၊ ပုဂ္ဂလောတိ အာဒိနာ ပရမတ္ထကထံ ကထေန္တော ပိ လောကသမ္မုတိယာ အပဟာနတ္ထံ ပုဂ္ဂလ ကထံ ကထေသိ။ တေန ဝုတ္တာဝသေသာယ ကထာယ ပုဂ္ဂလာဓိဋ္ဌာနဘာဝေ ပယောဇနံ သာမညဝသေန သင်္ဂဟိတန္တိ ဒဋ္ဌဗ္ဗံ။ ကာမံ စေတံ သဗ္ဗံ အပရိညာတ ဝတ္ထုကာနံ ဝသေန ဝုတ္တံ။ ပရိညာတ ဝတ္ထုကာနမ္ပိ ပန ဧဝံ ဒေသနာ သုခါဝ ဟာ ဟောတိ။ ။ဟူ၍ရှင်း မိန့်အပ်၏။

အပိစ အပရောနယော။ နည်းတပါးကို။ မယော၊ ငါအဋ္ဌကထာ ဆရာသည်။ ဝုစ္စတေ၊ မိန့်အပ်၏။ ဝါ၊ မိန့်ဦးအံ့။ အဋ္ဌဟိ၊ ရှစ်ပါး ကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ပုဂ္ဂလ ကထံ၊ ပုဂ္ဂလ ကထာကို။ ကထေသိ၊ ဟောတော်မူ၏။ ကတမေဟိ အဋ္ဌဟိ၊ အဘယ် ရှစ်ပါး သော အကြောင်းတို့ကြောင့်။ ဘဂဝါ၊ သည်။ ပုဂ္ဂလကထံ၊ပုဂ္ဂလကထာ ဒေသ နာကို။ ကထေသိ၊ ဟောတော်မူသနည်း ဟူမူကား။ ဟိရောတ္တပ္ပဒီပနတ္ထံ၊ ဟိရီ ဩတ္တပ္ပတရားတို့ကို ရှက်ခြင်းကိစ္စ, ကြောက်ခြင်းကိစ္စအားဖြင့် ပြခြင်းငှါ ၎င်း။ ကမ္မဿကတာဒီပနတ္ထံ၊ ကံသာလျှင် မိမိ၏ ဥစ္စာရှိသည်၏ အဖြစ်ကို ပြခြင်းငှါ ၎င်း။ ပစ္စတ္တ ပုရိသကာရဒီပနတ္ထံ၊ အသီးသော ထိုသတ္တဝါတို့သည် ပြုအပ်သော ပုညကြိယာ တရားကို ဟောကြားပြသတော် မူခြင်းငှါ ၎င်း။ အာနန္တရိယ ဒီပ နတ္ထံ၊ မာတုဃာတက, စသော အာနန္တရိယကံ တရားကို ဟောကြား ပြသတော် မူခြင်းငှါ ၎င်း။ ဗြဟ္မ ဝိဟာရဒီပနတ္ထံ၊ ဗြဟ္မဝိဟာရတရားကို ပြတော် မူခြင်းငှါ

ရင်း။ ပုဗ္ဗေနိဝါသဒီပနတ္ထံ၊ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ နိုင်ကြောင်း ပုဗ္ဗေနိဝါသာ နုဿတိတရားကို ဟောကြားပြသတော်မူခြင်းငှါရင်း။ ဒက္ခိဏာဝိသုဒ္ဓိ ဒီပနတ္ထံ၊ အလှူ၏ စင်ကြယ်ကြောင်း ဒက္ခိဏာ ဝိသုဒ္ဓိ တရားကို ဟောကြားပြသတော်မူခြင်းငှါရင်း။ လောကသမ္မုတိယာ၊ လူတို့သည် ခေါ်ဝေါ်ပညတ်အပ်သော သမ္မုတိကထာကို။ အပဟာနတ္ထဉ္စ၊ ပယ်ဘော်မမူခြင်းငှါရင်း။ ဣတိ၊ ဤသို့။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတရားတို့ကြောင့်။ ဘဂဝါ၊ သည်။ ပုဂ္ဂလကထံ၊ ပုဂ္ဂလကထာ ဒေသနာတော်ကို။ ကထေသိ၊ ဟောတော်မူ၏။ ။(ဤကား အဋ္ဌကထာပါဠ်၏အနက်)

ဟိရောတ္တပ္ပဒီပနတ္ထန္တိ၊ ဟူသည်ကား။ လောကပါလန ကိစ္စေ၊ လူတို့သည် စောင့်ရှောက်ထိုက်သော အမိ- မိကြီး- မိထွေး စသည်တို့၌ ဒုစ္စရိုက် တရားကို ရှောင်ရှား စောင့်ရှောက်ခြင်း ကိစ္စရှိကုန်သော။ ဟိရောတ္တပ္ပဓမ္မေ၊ ဟိရီဘရား, ဩတ္တပ္ပတရားတို့ကို။ ကိစ္စတော၊ ရှက်ခြင်းအမှုကိစ္စ, ကြောက်ခြင်းဟူသော အမှုကိစ္စအားဖြင့်။ ပကာသေတုံ၊ ပြုတော် မူခြင်းငှါ။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ တေသံ၊ ထိုဟိရီဩတ္တပ္ပတရားတို့၏။ ကိစ္စံ၊ ရှက်ခြင်း, ကြောက်ခြင်း ဟူသော အမှုကိစ္စသည်။ သတ္တသန္တာနေဝေ၊ သတ္တဝါဟု, သမုတ်အပ်သော ခန္ဓာအစဉ်၌သာလျှင်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုဟိရီ ဩတ္တပ္ပ တရားနှစ်ပါးတို့၏ ကိစ္စကို။ ပုဂ္ဂလာဓိဋ္ဌာနာယ၊ ပုဂ္ဂိုလ်လျှင် တည်ရာရှိသော။ ကထာယ၊ ဒေသနာတော်ဖြင့်။ ဝတ္တဗ္ဗံ၊ ဟောတော်မူအပ်၏။ သေသေသုပိ၊ ကြွင်းသော အကြောင်းတရား ခုနစ်ပါးတို့၌လည်း။ ဧသေဝနယော၊ ဤနည်းသာလျှင် နည်းရှိ၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ယသ္မိံ စိတ္တုပ္ပါဒေ၊ အကြင်စိတ္တုပ္ပါဒ်၌။ ကမ္မံ၊ ကုသိုလ်ကံ, အကုသိုလ်ကံသည်။ ဥပန္နံ၊ ဖြစ်၏။ တံသန္တာနေဝ၊ ထိုစိတ္တုပ္ပါဒ်နှင့်စပ်သော ခန္ဓာ အစဉ်၌သာလျှင်။ ဖလဿ၊ အကျိုး၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ကမ္မဿကတာ၊ ကံသာလျှင် မိမိ၏ဥစ္စာရှိသည်၏ အဖြစ်မည်၏။ ဟိ၊ အကျိုးဆိုဦးအံ့။ ဝေံသတိ၊ ဤသို့ကံဖြစ်သော စိတ္တုပ္ပါဒ်နှင့် စပ်သော ခန္ဓာအစဉ်၌ အကျိုးတရား ဖြစ်ပွါးသည် ရှိသော်။ ကတ ဝိညာဏ နာသေသာစ၊ မိမိသည်ပြုအပ်သော ကမ္မ-ဝိညာဉ်၏ပျက်စီးခြင်းသည်ရင်း။ အကတာ ဂမောစ၊ မိမိသည်မပြုအပ်ဘဲလျက် သက်သက်သော အကျိုးတရား၏ မိမိ၏ ခန္ဓာအစဉ်ဝယ် ဖြစ်ပွါးလာရောက်ခြင်းသည်ရင်း။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုကံသာလျှင် မိမိ၏ဥစ္စာရှိသည်၏ အဖြစ်ကို။ ပုဂ္ဂလာဓိဋ္ဌာနာယဝေ၊ ပုဂ္ဂိုလ်လျှင်တည်ရာ ရှိသည်သာလျှင် ဖြစ်သော။ ဒေသနာယ၊ ဒေသနာတော်ဖြင့်။ ဒီပေတဗ္ဗာ၊ ပြတော်မူအပ်၏။ တေဟိ သတ္တေဟိ၊ ထိုသတ္တဝါတို့သည်။ ကာတဗ္ဗပုညကြိယာ၊ ပြုအပ်သော ပုညကြိယာ၊ ဝတ္တု

သည်။ ပစ္စတ္တ ပုရိသကာရော၊ အသီးသော သတ္တဝါတို့သည် ပြုအပ်သော ပုညကြိယာ ဝတ္ထုမည်၏။ သောပိ၊ ထိုပုညကြိယာဝတ္ထုကိုလည်း။ သန္တာနဝသေန၊ ခန္ဓာအစဉ်၏ အစွမ်းဖြင့်။ ဒီပေတဗ္ဗတော၊ ပြထိုက်သောကြောင့်။ ပုဂ္ဂလာ ဓိဋ္ဌာနာယဝေ၊ ပုဂ္ဂိုလ်လျှင်တည်ရာ ရှိသည်သာလျှင်ဖြစ်သော။ ကထာယ၊ ဒေသနာတော်ဖြင့်။ ဒီပေတဗ္ဗော၊ ပြတော်မူအပ်၏။ အာနန္တရိယဒီပနတ္တန္တိ၊ဟူသည်ကား။ စုတိအနန္တရံ၊ စုတိ၏အခြားမဲ့၌ ဖြစ်သော။ ဖလံ၊ အကျိုးတရားသည်။ အနန္တရံ နာမ၊ အနန္တရမည်၏။ တသ္မိံ အနန္တရေ၊ ထိုစုတိ၏အခြားမဲ့၌ ဖြစ်သောအကျိုး၌။ နိယုတ္တာနိ၊ ကုန်၏။ တံနိဗ္ဗတ္တနေန၊ ထိုစုတိ၏ အခြားမဲ့၌ ဖြစ်သော အကျိုးကို ဖြစ်စေခြင်းဖြင့်။ အနန္တရ ကရဏသီလာနိ၊ စုတိ၏အခြားမဲ့၌ အကျိုးကိုပြုလေ့ ရှိကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာနန္တရိယာနိ၊ အာနန္တရိယ မည်ကုန်၏။ မာတုဃာတကာဒီနိ၊ အမိကိုသတ်သောကံ စသည်တို့ကို။ လဒ္ဓန္တိ၊ ရအပ်ကုန်၏။ တေသံ၊ ထိုအမိကို သတ်ခြင်းစသော အာနန္တရိယကံတို့ကို။ ဒီပနတ္တံ ပြတော်မူခြင်းငှါ။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တာနိပိ၊ ထိုအာနန္တရိယကံတို့ကိုလည်း။ သန္တာနဝသေန၊ အစဉ်၏ အစွမ်းဖြင့်။ နိဒ္ဒေသေတဗ္ဗတော၊ ပြီဆုံး စေအပ်သောကြောင့်။ မာတရံ၊ အမိကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချ၏။ ဣတိ အာဒိနာ၊ဤသို့အစရှိသော။ ပုဂ္ဂလာဓိဋ္ဌာနာယ၊ ပုဂ္ဂိုလ်လျှင်တည်ရာရှိသည်သာ လျှင်ဖြစ်သော။ ကထာယ၊ ဒေသနာတော်ဖြင့်။ ဒီပေတဗ္ဗာနိ၊ ပြတော် မူအပ်ကုန်၏။တထာ၊ ထို့အတူ။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဧကံ၊ တခုသော။ ဒိသံ၊အရပ်မျက်နှာကို။ ဖရိတွာ၊ နှံ့စေ၍။ ဝိဟရတိ၊ နေ၏။ ဣတိအာဒိနာစ၊ ဤသို့စသည်ဖြင့်ရင်း။ သောဘိက္ခု၊ ထိုရဟန်းသည်။ အနေကဝိဟိတံ၊ တပါးမက များသော အပြားရှိသော။ ပုဗ္ဗေနိဝါသံ၊ ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို။ အနုဿရတိ၊ အစဉ်အောက်မေ့နိုင်၏။ ဧကမ္ပိဇာတိံ၊ တခုသောဘဝကိုရင်း။ အနုဿရတိ ၏။ ဣတိအာဒိနာစ၊ ဤသို့ စသည်ဖြင့်ရင်း။ ယာဒက္ခိဏာ၊ အကြင် အလှူသည်။ ဒါယကတော၊ အလှူပေးဒါယကာမှ။ ဝါ၊ ကြောင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ပဋိဂ္ဂါဟကတော၊ အလှူခံပုဂ္ဂိုလ်မှ။ ဝါ၊ ကြောင့်။ နောဝိသုဇ္ဈတိ၊ မစင်ကြယ်။ သာဒက္ခိဏာ၊ ထိုအလှူသည်။ အတ္ထိ၊ ရှိ၏။ ဣတိအာဒိနာစ၊ ဤသို့စသည်ဖြင့်ရင်း။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ဗြဟ္မဝိဟာရ ပုဗ္ဗေနိဝါသ ဒက္ခိဏာဝိသုဒ္ဓိကထာ၊ ဗြဟ္မဝိဟာရဒေသနာ, ပုဗ္ဗေနိဝါသာနုဿတိဒေသနာတို့ကို။ သတ္တသန္တာန ဝိသယတ္တာ၊ သတ္တဝါတို့၏ ခန္ဓာအစဉ်လျှင် မှီရာရှိသည်၏ အဖြစ်ကြောင့်။ ပုဂ္ဂလာဓိဋ္ဌာနာဝေ၊ ပုဂ္ဂိုလ်လျှင် တည်ရာရှိသည်ကိုသာလျှင်။ ကတွာ၊ ပြု၍။ ဒီပေတဗ္ဗာ၊ ပြတော်မူအပ်ကုန်၏။ အဋ္ဌ ပုရိသပုဂ္ဂလာ န သမယ ဝိမုတ္တောတိ အာဒိနာစ၊ နသမယ ဝိမုတ္တော စသည်ဖြင့်လည်း။ ပရမတ္ထ ကထံ၊ ပရမတ္ထဒေသနာတော်ကို။

(ပြည်ကြီးမဏ္ဍိုင်)

တထေန္တောပိ၊ ဟောတော် မူသော်လည်း။ လောက သမ္မုတိယာ၊ လူတို့သည် ခေါ်ဝေါ် သမုတ်အပ်သော ပညတ်တရားကို။ အပ္ပဟာနတ္ထံ၊ ပယ်တော်မမူခြင်း အကျိုးငှါ။ ပုဂ္ဂလကထံ၊ပုဂ္ဂလကထာ ဒေသနာတော်ကို။ ကထေတိ၊ ဟောတော် မူ၏။ တေန၊ ထိုလောကသမ္မုတိ အပ္ပဟာနတ္ထံ၊ ဟူသောပါဠိဖြင့်။ ဝုတ္တာဝသေသာယ၊ ဆိုအပ်ခဲ့ပြီးသော အကြောင်းရှိသည့်မှကြွင်းသော။ ကထာယ၊ ဒေသနာ တော်၏။ ပုဂ္ဂလာဓိဋ္ဌာနဘာဓေ၊ ပုဂ္ဂိုလ်လျှင် တည်ရာရှိသည့် အဖြစ်၌။ ပယော ဇနံ၊ အကျိုးကို။ သာမညဝသေန၊ ဆက်ဆံသည်၏ အစွမ်းဖြင့်။ သင်္ဂဟိတံ၊ သင်္ဂြိုဟ်တော်မူအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ တေသဗ္ဗံ၊ ထိုအလုံးစုံသော ပုဂ္ဂလကထာ ဒေသနာတော်ကို။ အပရိညာဝတ္ထုကာ နံ၊ပိုင်းခြား၍ သိအပ်သော နာမ်ရုပ်တရား တည်းဟူသော သရုပ်တရားကိုယ် မရှိ ကုန်သော ပုဂ္ဂိုလ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ကာမံဝုတ္တံ၊ အကယ်၍ကား ဟော တော် မူအပ်၏။ ပနတထာပိ၊ ထိုသို့ပင် ဖြစ်သော်လည်း။ပရိညာဝတ္ထုကာနမ္ပိ၊ ပိုင်းခြား၍ သိအပ်ပြီးသော နာမ်ရုပ် တရားတည်းဟူသော သရုပ်တရားကိုယ် ရှိကုန်သော ပုဂ္ဂိုလ်တို့အားလည်း။ ဧဝံ၊ ဤသို့။ ဒေသနာ၊ ပုဂ္ဂလကထာ အားဖြင့် ဟောတော်မူခြင်းသည်။ သုခါ၊ လွယ်သည်။ ဟောတိ၊ ၏။ ။(ဤကား ဋီကာ ပါဠိ၏အနက်)။ ။အဋ္ဌမပုစ္ဆာ၏ အဖြေဝိသဇ္ဇနာစာအပြီး၏။

(၉) သတ်တတ်သောသူ၊ သေသောသူ၊ ဘယ်သူ မှတ်ပါရမည် နည်း။ ။ဟူသော နဝမပုစ္ဆာ၌။ ။သတ်တတ်သောသူ၊ သေသော သူ၊ ယူလေ ရုပ်နာမ်စဉ်ကိုတည်း။ ။ရှေးကဖွင့်ပြ၊ နည်းနယ၊ မှတ်ကြ ဤ၌လည်း။ ။ဟူသောအဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား၊ ရှေး၌သတ်အံ့ဟု စေ့ဆော်၍ ဝဓက စေတနာနှင့်တကွ ဖြစ် သော သတ်ခြင်းပယောဂကို ဖြစ်စေတတ်သော သတ္တဝါ စသည်ဖြင့် သမုတ်အပ် သော သင်္ခါရဖြစ်သော နာမ်ရုပ်တရားတို့၏ အပေါင်းအစဉ်သည် သတ်တတ် သော သူမည်၏။ ရှေး၌သတ်အံ့ဟု စေ့ဆော်၍ သတ်ခြင်းပယောဂကို မပြီးစေ နိုင်သော သက်သက်သော အစိတ်အစိတ် တခုတခုစီ ဖြစ်သော နာမ်, ရုပ်ခန္ဓာ တည်းဟူသော ပရမတ္ထအစစ် တရားသည်ရင်း သရုပ်တရားကိုယ် ထင်ရှားမရှိ သော သမုတိပညတ် အစစ် တရားသည်ရင်း သတ်တတ်သောသူ မမည်။ ဤ အတူ လက်နက် မထိပါးလျှင် နှောင်အရှည်စဉ်ဆက်၍ အသက် တည်ခြင်းငှါ ထိုက်သောလက်နက် ထိပါးခြင်းကြောင့် အရှည်စဉ်ဆက်၍ အသက်မတည်နိုင်ဘဲ စုတိမရဏ သေခြင်းသို့ ကျရောက်သော သတ္တာစသည်ဖြင့် သမုတ်အပ်သော နာမ်ရုပ်အပေါင်းတို့ဖြင့်မှတ်အပ်သော ခန္ဓာအစဉ်သည် သတ်အပ်သောသူမည်၏။

P.G.M. 493. D—73

အသက်ရှည့်တို မရှိစကောင်းသော အလိုအလျောက် ဖြစ်ပြီး၍ ပျက်စီးခြင်း ဘင်္ဂက္ခဏသို့ ကျရောက်တတ်သော ခဏငယ် သုံးချက်နှင့် ယှဉ်သော သက်သက်သော ပရမတ်, ခဏတ္တယနှင့် မယှဉ်သော သက်သက်သော ပညတ် တရားတို့သည် သတ်အပ်သောသူ မမည်ဟူလို။ ။ထို့ကြောင့် သာရတ္ထ ဒီပနီ ဋီကာ၌။ ။ဝဓကစေတနာ သဟိတော သင်္ခါရာနံ ပုဉ္ဇော သတ္တသင်္ခါတော ပဟရဏ္ဏော။ ပဝတ္တိတ ဝဓပ္ပယောဂ နိမိတ္တ အပဂတုသ္မာ ဝိညာဏ ဇီဝိတိန္ဒြိယော မတဝေါဟာရ ပဝတ္တိနိဗန္ဓနော ယထာဝုတ္တ ဝဓပ္ပယောဂ ကရဏော ဥပ္ပဇ္ဇနာ ရဟော ရူပါရူပဓမ္မသမူဟော ဟညတိ။ ။ဟုမိန့်အပ်၏။ ။ဝဓက စေတနာ သဟိတော၊ သတ်တတ်သော စေတနာနှင့်တကွ ဖြစ်သော။ သတ္တသင်္ခါတော၊ သတ္တဝါဟု သမုတ်အပ်သော။ သင်္ခါရာနံ၊ သင်္ခါရ တရားတို့၏။ ပုဉ္ဇော၊ အစုသည်။ ပဟရဏ္ဏော၊ ရိုက်နှက် ပုတ်ခတ်၍ သတ်ဖြတ်တတ်၏။ တေန၊ ထိုသင်္ခါရ တရားတို့၏ အစုဖြစ်သော သတ္တဝါဟု ခေါ်ဝေါ်အပ်သော သူသည်။ ပဝတ္တိတ ဝဓပ္ပယောဂ နိမိတ္တ အပဂတုသ္မာ ဝိညာဏဇီဝိတိန္ဒြိယော၊ ဖြစ်စေအပ်သော သတ်ခြင်း ပယောဂလျှင် အကြောင်းရှိသော ကင်းသော အပူ တေဇောဓာတ်, ဝိညာဉ်, ဇီဝိတိန္ဒြေရှိသော။ မဘဝေါဟာရ ပဝတ္တိနိဗန္ဓနော၊ သေ၏ ဟူသော ဝေါဟာရ–ပဝတ္တိနိမိတ်နှင့် စပ်သော။ ဝဓပ္ပယောဂ ကရဏော၊ သတ်ခြင်း ပယောဂကို ပြုခြင်း၌။ ဥပ္ပဇ္ဇနာရဟော၊ ဖြစ်ခြင်းငှါ ထိုက်သော။ ရူပါ ရူပဓမ္မ သမူဟော၊ နာမ်-ရုပ် တရားတို့၏ အပေါင်းကို။ ဟညတိ၊ သတ်အပ်၏။ ။(ဤကား အနက်)။ ။နဝမပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကားပြီး၏။

(၁၀) သတ်သူသေသူ၊ ရှိ၏ယူ၊ ဤသူ သမ္မာဒိဋ္ဌိလား။ ။ဟူသော ဒသမပုစ္ဆာ။ ။(၁၁) သတ်သူ-သေသူ၊ မရှိယူ၊ ဤသူသမ္မာဒိဋ္ဌိသား။ ။ ဟူသော ဧကာဒသမ ပုစ္ဆာတို့၌။ ။နာမ်ရုပ်စဉ်မူ၊ ရှိ၏ယူ၊ ဤသူ သမ္မာ ဒိဋ္ဌိထား။ ။နာမ်ရုပ်အပြင်၊ ပညတ်စဉ်မူ၊ ရှိ၏ယူ၊ ဤသူ မိစ္ဆာ ဒိဋ္ဌိထား။ ။ဟူသော အဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား-ဟူးဟူးတိုက်သော ဝါယောဓာတ်တည်း ဟူသော လေ၌ ဤသစ်ပင်ကို ငါလည်းစေအံ့ဟု ဗျာပါရမရှိ။ ယင်းသို့မရှိ သော်လည်း သစ်ပင်ကိုလေသည် ဝှေ့တိုက်ခြင်းဟူသော အကြောင်းကြောင့် သစ်ပင် လည်းခြင်းဟူသော အကျိုးတရားသည်ရှင်း၊သစ်ပင်၌လည်း ငါသည် သတ္တဝါကိုဖိ၍ သတ်အံ့ ဟူသော အဗျာပါရ တရားမရှိ။ သို့မရှိသော်လည်း သစ်ပင်သည်လည်း ဖိသတ်ခြင်းဟူသော အကြောင်းကြောင့် သတ္တဝါသေခြင်း ဟူသော အကျိုး တရား သည်ရှင်း ထင်ရှားရှိသကဲ့သို့ ထို့အတူ၊ ပရမတ္ထတရားတို့၌ ငါသည် သတ်အံ့

စသော ဗျာပါရမရှိ။ မရှိသော်လည်း သတ်တတ်သောသူဟု သမုတ် အပ်သော နာမ်ရုပ်အစဉ် ဟူသော အကြောင်းကြောင့် သတ်အပ်သော သူဟု သမုတ်အပ်သော အစဉ်မပြတ်သော နာမ်ရုပ် တို့ဖြင့် မှတ်အပ်သော ခန္ဓာအစဉ်သည် ထင်ရှားရှိ၏။ ရှေး၌ နှလုံးသွင်းအားလျော်စွာ စေ့ဆော်၍ ဖြစ်သော အခါ ထိုနာမ်ရုပ် အစဉ်၌ရှိသော စေတနာသည် ကံမည်၏။ မစေ့ဆော်မူ၍ ဖြစ်သော အခါ ထိုနာမ်ရုပ်အစဉ်၌ဖြစ်သော စေတနာသည်ကံမမည်။စေ့ဆော်၍ဖြစ်သော ပါဏာတိပါတ စသောကံကြောင့် အပါယ်၌ဖြစ်၏။ ထိုပါဏာတိပါတ စသည်တို့မှ ရှောင်ကြဉ်ခြင်းကြောင့် သုဂတိဘုံ၌ဖြစ်၏။ ထို့ကြောင့် သတ်တတ်သော သူ ဟု သမုတ်အပ်သော ခန္ဓာအစဉ်ရှိ၏ ဟု ယူသော် သမ္မာ အယူဖြစ်၏။ ၎င်း နာမ်ရုပ်အစဉ်မျှ မရှိယူသော် မိစ္ဆာအယူဖြစ်၏။ တနည်းကား၊ သတ်တတ်သော သူဟု သမုတ်အပ်သော ပရမတ္ထ တရားတို့၏ အစဉ်ကို လွတ်၍ သက်သက်သော ပညတ် အတုံးအခဲ ဖြစ်သော တရားသည် ထင်ရှားရှိ၏ ဟု ယူသော် မိစ္ဆာအယူ ဖြစ်၏။မရှိယူသော် သမ္မာအယူဖြစ်၏။{ဤကား သတ်တတ်သောသူကိုစွဲ၍ သမ္မာအယူ,မိစ္ဆာအယူပြားပုံတည်း}။ ။သေသော သူဟု သမုတ်အပ်သော နာမ်ရုပ် အစဉ်ရှိ၏ယူသော် သမ္မာအယူဖြစ်၏။ နာမ်ရုပ်အစဉ်မျှ မရှိယူသော် မိစ္ဆာ အယူ ဖြစ်၏။ တနည်းကား သေသောသူ ဟု သမုတ်အပ်သော နာမ်ရုပ် တရားတို့၏ အစဉ်ကိုလွတ်၍ သက်သက်သောပညတ် အတုံးအခဲဖြစ်သော တရားသည်ထင်ရှား ရှိ၏ဟု ယူသော် မိစ္ဆာအယူဖြစ်၏။ မရှိယူသော် သမ္မာအယူ ဖြစ်၏ဟူလို။ ။ ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဘိက္ခုနီသံယုတ်၌–

ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရ ပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

ယထာ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။–

ဟူ၍ ဟောတော်မူအပ်၏။ ။မာရ၊ မာရ်နတ်သား။ တွံ၊ သင်နတ်သားသည်။ ကိံ၊ အဘယ်တရားကို။ သတ္တောတိ၊ သတ္တဝါ ဟူ၍။ ပစ္စေသိနု၊ ယုံကြည်ဘိသနည်း။ တေ၊ သင်မာရ်နတ်အား။ ဒိဋ္ဌိဂတံ၊ မိစ္ဆာ အယူသည်။ ဟောတိနု၊ ဖြစ်ယောင်တကား။ အယံ၊ ဤသတ္တဝါဟု ခေါ်ဝေါ် အပ်သော တရားအစုသည်။ သုဒ္ဓသင်္ခါရ ပုဉ္ဇော၊ သက်သက်သော သင်္ခါရတရားတို့၏ အစု အပုံသာ တည်း။ ဣဓ၊ ဤသက်သက်သော သင်္ခါရတရားအစု၌။ သတ္တော၊ သတ္တဝါကို။ နုဥပလဗ္ဘတိ၊ ပရမတ္ထတရားကဲ့သို့ ဆတ်ဆတ် မှချအားဖြင့် မရအပ်။ ။ အင်္ဂသမ္ဘာရာ၊ လှည်းဘီး-ဝင်ရိုး-လှည်းသန်-စသော အင်္ဂါတို့၏ ပေါင်းဆုံစုဝေး

မိခြင်းကြောင့်။ ရထောတိ၊ ရထားဟူ၍။ သဒ္ဒေါ၊ သဝိညာဏကဖြစ်သော ဝစီဘေဒသဒ္ဒါရှိသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဝေဝံဏထာ၊ ဤအတူ။ ခန္ဓသု၊ ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ အစဉ်မပြတ်ဖြစ်၍ ထင်ရှားရှိကုန်လတ်သော်။ သတ္တောတိ၊ သတ္တဝါဟူ၍။ သမ္မုတိ၊ ဝေါဟာရအားဖြင့် ခေါ်ဝေါ် ပညတ်၍ သမုတ်အပ်သောအမည်မျှသည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကားအနက်)။ ။ ဒသမ၊ကောဒသမပုစ္ဆာ ဘို၏ ဝိသဇ္ဇနာကား ပြီး၏။

(၁၂) မိစ္ဆာသမ္မာ၊ ထိုနှစ်ဖြာ၊ သမ္မာအယူ၊ ဘယ်သူ ဖြစ်သနည်း။ ။ဟူသော ဒွါဒသမ ပုစ္ဆာ၌။ ။မှောင်မြူ မိစ္ဆာ၊ ကင်းလွတ်ကွာ၊ သမ္မာအယူ၊ ထိုသူဖြစ်သတည်း။ ။ကမ်-ဈာ-ဝိ-မဂ်-ဖိုလ်၊ ငါးယောက်ကို၊ ပုဂ္ဂိုလ်အပြား မှတ်ယူတည်း။ ။ဟူသော အဖြေ ဝိသဇ္ဇနာကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား၊ တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် တပါး၊ သာမညအားဖြင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှစ်ပါး၊ ဝိသေသအားဖြင့် ခြောက်ဆဲ့နှစ်ပါးကုန်သော မိစ္ဆာဒိဋ္ဌိတရားတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန် အားဖြင့် ယထာရဟပယ်ရှား၍ ဒိဋ္ဌိတရားကင်းသော ပုဂ္ဂိုလ်သည် သမ္မာအယူဖြစ်၏ ဟူလိုသည်။ ထိုသမ္မာအယူရှိသောပုဂ္ဂိုလ်သည်လည်း လူ့ကြောင်းစေတနာသည် အကျိုးရှိ၏။ စသည်ဖြင့်ယူသော ကမ္မဿကတာ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်, ဈာန်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိရှိသော ဈာနသမ္မာဒိဋ္ဌိပုဂ္ဂိုလ်, သစ္စာလေးပါးကိုထိုးထွင်း၍ သိခြင်းအား ကျေးဇူးပြုတတ်သော နာမ်ရုပ်တရားကို ပိုင်းခြား၍ သိတတ်သော ဝိပဿနာဉာဏ်ရှိသော ဝိပဿနာသမ္မာဒိဋ္ဌိပုဂ္ဂိုလ်, မဂ်ဉာဏ်ရှိသော မဂ္ဂသမ္မာဒိဋ္ဌိပုဂ္ဂိုလ်, ဖိုလ်ဉာဏ်ရှိသော ဖလသမ္မာဒိဋ္ဌိပုဂ္ဂိုလ်ဟူ၍ ငါးယောက်အပြားရှိ၏ ဟူလိုသည်။ ။ထို့ကြောင့် ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ ကေဓမ္မဝဂ်အဘွင့်၌။ ။သမ္မာဒိဋ္ဌိယာ သမန္နာဂတာတိတ္တေ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိတိ ပဉ္စဝိဓာ သမ္မာဒိဋ္ဌိ။ ။ဟူ၍ရင်း၊ ဋီကာ၌။ ။တတ္ထ ဈာန စိတ္တုပရိယာပန္နံ ဉာဏံ ဈာနသမ္မာဒိဋ္ဌိ။ ဝိပဿနာဉာဏံ ဝိပဿနာသမ္မာဒိဋ္ဌိ။ ။ဟူ၍ရင်း မိန့်အပ်၏။ ။သမ္မာဒိဋ္ဌိယာ သမန္နာဂတာတိတ္တေ၊ ဟူသောပါဌ်၌။ ကမ္မဿကတာ သမ္မာဒိဋ္ဌိစ၊ ကံသာလျှင် မိမိဥစ္စာရှိ၏ဟူ၍ယူသော ကမ္မဿကတာသမ္မာဒိဋ္ဌိရင်း။ ဈာနသမ္မာဒိဋ္ဌိစ၊ ဈာန်စိတ်နှင့်ယှဉ်သောဉာဏ်တည်းဟူသော ဈာနသမ္မာဒိဋ္ဌိရင်း။ ဝိပဿနာသမ္မာဒိဋ္ဌိစ၊ ဝိပဿနာဉာဏ် တည်းဟူသော သမ္မာဒိဋ္ဌိရင်း။ မဂ္ဂသမ္မာဒိဋ္ဌိစ၊ မဂ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိရင်း။ ဖလသမ္မာဒိဋ္ဌိစ၊ ဖိုလ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိရင်း။ ဣတိဣမိနာ

ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ ပဉ္စဝိဓာ၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ (ဤကား အဋ္ဌကထာ ပါဠိ၏ အနက်)။ ။တတ္ထ၊ ထိုငါးပါးတို့တွင်။ ဈာနစိတ္တုပရိယာပန္နံ၊ ဈာန်စိတ်၌အကျုံး ဝင်သော။ ဉာဏံ၊ ဉာဏ်သည်။ ဈာနသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိမည်၏။ ဝိပဿနာ ဉာဏံ၊ ဝိပဿနာဉာဏ်သည်။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိမည်၏။ ။ (ဤကားဋီကာပါဠိ၏အနက်)။ ။ဓမ္မသင်္ဂဏီ ၂ ဋ္ဌကထာ နိက္ခေပကဏ္ဍ သုတ္တန္တိက ဒုက်အဘွင့်၌ကား။ ။တတ္ထ ကတမာ ဒိဋ္ဌိဝိသုဒ္ဓိ ကမ္မဿကတာ ဉာဏံ၊ သစ္စာ နုလောမိကဉာဏံ၊ မဂ္ဂသမင်္ဂိဿဉာဏံ။ ။ဟူ၍ လေးပါး လာ၏။ ။တတ္ထ၊ ထိုသီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ နှစ်ပါးတို့တွင်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိသည်။ ကတမာ၊ အဘယ်နည်းဟူမူကား။ ကမ္မဿကတာဉာဏံ၊ ကံသာလျှင် မိမိ၏ ဥစ္စာရှိသည်၏ အဖြစ်ကို သိတတ်သော ဉာဏ်သည်ရင်း။ သစ္စာလောမိက ဉာဏံ၊ သစ္စာလေးပါး တို့ကိုထိုထွင်း၍သိခြင်းအားလျော်သော ဝိပဿနာဉာဏ်သည်ရင်း။ မဂ္ဂသမင်္ဂိဿ၊ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။ ဉာဏံ၊ ဉာဏ်သည်ရင်း။ ဖလသမင်္ဂိဿ၊ ဖိုလ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။ ဉာဏံ၊ ဉာဏ်သည်ရင်းတည်း။ ဝါ၊ ဉာဏ်သည်ရင်း။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ မည်၏။ ။(ဤသို့အနက်သဒ္ဒန်)

ဤ၌ ကမ္မဿကတာ သမ္မာဒိဋ္ဌိဟူသည် အတ္ထိဒိန္နံ-အတ္ထိယိဋ္ဌံ စသည်ဖြင့်ဟော တော်မူအပ်သော သမ္မာဒိဋ္ဌိပင်တည်း။ ။ထို့ကြောင့် မူလပဏ္ဏာသ သလ္လေခိယ သုတ် အဋ္ဌကထာ၌။ ။ကမ္မပထ ပရိယာပန္နာယ အတ္ထိ ဒိန္နန္တိ အာဒိကာယ ကမ္မဿကတာသမ္မာဒိဋ္ဌိယာ သမ္မတ္တပရိယာပန္နာယ မဂ္ဂဒိဋ္ဌိယာစ သမန္နာဂတတာတိ အတ္ထော။ ။ဟူ၍မိန့်အပ်၏။ ။ကမ္မပထ ပရိယာပန္နာယ၊ ကမ္မပထ၌အကျုံး ဝင်သော။ အတ္ထိဒိန္နန္တိအာဒိကာယ၊ အတ္ထိဒိန္နံဤသို့အစရှိသော။ ကမ္မဿကတာ သမ္မာဒိဋ္ဌိယာစ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်ရင်း။ သမ္မတ္တပရိယာပန္နာယ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်အစွမ်းဖြင့်မြဲသော သမ္မတ္တနိယာမတရား၌ အကျုံးဝင် သော။ မဂ္ဂဒိဋ္ဌိယာစ၊ မဂ္ဂဒိဋ္ဌိနှင့်ရင်း။ သမန္နာဂတတာ၊ ပြည့်စုံကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။(ဤကား အနက်)။ ။တနည်း ကား၊ သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာ သမ္မာဒိဋ္ဌိဟူ၍ နှစ်ပါး လည်း အပြားရှိသေး၏။ ထိုတွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ, သစ္စာနုလောမိကာ သမ္မာဒိဋ္ဌိနှစ်ပါးသည် လောကီသမ္မာဒိဋ္ဌိမည်၏။တနည်း၊အလုံးစုံသောအာသဝေါ တရားတို့၏ အာရုံဖြစ်သော ပညာသည် လောကီ သမ္မာဒိဋ္ဌိမည်၏။ မဂ်-ဖိုလ်နှင့် ယှဉ်သော ပညာသည် လောကုတ္တရာ သမ္မာဒိဋ္ဌိမည်၏။ ပုဂ္ဂိုလ် အပြားအားဖြင့် ကား ပုထုဇန်သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်, သေခသမ္မာဒိဋ္ဌိပုဂ္ဂိုလ်, ရဟန္တာသမ္မာဒိဋ္ဌိ ပုဂ္ဂိုလ် ဟူ၍ သုံးယောက် အပြားရှိ၏။ ထိုသုံးယောက် တို့တွင် ပုထုဇ္ဇန သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်

သည် သာသနာတော်မှ အပ၌ဖြစ်သော သမ္မာဒိဋ္ဌိပုဂ္ဂိုလ်, သာသနာတွင်း၌ ဖြစ်သော သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ဟူ၍နှစ်ယောက် အပြားရှိ၏။ ထိုတွင် သာသနာပ၌ ဖြစ်သော သမ္မာဒိဋ္ဌိပုဂ္ဂိုလ်သည်ကမ္မဿကတာ သမ္မာဒိဋ္ဌိမျှဖြင့် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်မည်၏။ အတ္တဒိဋ္ဌိရှိသောကြောင့် သစ္စာနုလောမိက သမ္မာဒိဋ္ဌိဖြင့်သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်မမည်။ သာသနာတွင်း၌ဖြစ်သော သမ္မာဒိဋ္ဌိပုဂ္ဂိုလ်သည်ကား ထိုနှစ်ပါးစုံသော သမ္မာဒိဋ္ဌိတို့ဖြင့် သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်မည်၏။ သေခသမ္မာဒိဋ္ဌိပုဂ္ဂိုလ်ကား အထက်မဂ်အကျိုးငှါ မြဲသော မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်မည်၏။ အသေခ သမ္မာဒိဋ္ဌိကား အရဟတ္တဖိုလ်နှင့် ယှဉ်သောဉာဏ်ဖြင့် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်မည်၏။ ထို့ကြောင့် မူလပဏ္ဏာသ အဋ္ဌကထာ သမ္မာဒိဋ္ဌိသုတ် အဖွင့်၌။ ။သာစာယံ သမ္မာဒိဋ္ဌိ ဒုဝိဓာ ဟောတိ လောကိယာ လောကုတ္တရာတိ၊ တတ္ထ ကမ္မဿကတာ ဉာဏံ သစ္စာနုလောမိက ဉာဏံစ လောကိယာ သမ္မာဒိဋ္ဌိ။ သင်္ခေပတော ဝါ သဗ္ဗာပိသာသဝါ ပညာ။ အရိယမဂ္ဂဖလ သမ္ပယုတ္တာ လောကုတ္တရာ သမ္မာဒိဋ္ဌိ။ ပုဂ္ဂလော ပန တိဝိဓော ဟောတိ။ ပုထုဇ္ဇနော သေခေါ အသေခေါစ၊ တတ္ထ ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာဟိရကော သာသနိကောစ။ တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတာ ဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ။ နော သစ္စာနုလောမိကာယ။ အတ္တဒိဋ္ဌိပရာမာသတ္တာ။ သာသနိကော ဒွီဟိပိ။ သေခေါ နိယတာယ သမ္မာဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ။ အသေခေါ အသေခါယ။ ။ဟူ၍ မိန့်အပ်၏။

စ၊ ဆက်၍ဆိုဦးအံ့။ သာအယံသမ္မာဒိဋ္ဌိ၊ ထိုသမ္မာဒိဋ္ဌိသည်။ လောကိယာ၊ လောကီဖြစ်သော။ သမ္မာဒိဋ္ဌိ၊ ၎င်း။ လောကုတ္တရာ၊ လောကုတ္တရာ ဖြစ်သော။ သမ္မာဒိဋ္ဌိ၊ ၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ကမ္မဿကတာဉာဏဉ္စ၊ ကံသာလျှင် မိမိ၏ ဥစ္စာရှိသည်၏ အဖြစ်ကိုသိသော အတ္တဒိဋ္ဌိနှင့်, စသည် အပြားရှိသော ကမ္မဿ ကတာ ဉာဏ်သည်၎င်း။ သစ္စာနုလောမိကဉာဏဉ္စ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းအားလျော်သော ဝိပဿနာဉာဏ်သည်၎င်း။ လောကိယာ၊ လောကီဖြစ်သော။ သမ္မာဒိဋ္ဌိ၊ မည်၏။ ဝါ၊တနည်းကား။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ သဗ္ဗာပိ၊အလုံးစုံလည်းဖြစ်သော။ သာသဝါ၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော။ ပညာ၊ ပညာသည်။ လောကိယာ၊ သော။ သမ္မာဒိဋ္ဌိ၊ ၏။ အရိယမဂ္ဂဖလ သမ္ပယုတ္တာ၊ အရိယမဂ်, အရိယဖိုလ်နှင့်ယှဉ်သော။ ပညာ၊ သည်။ လောကုတ္တရာ၊ သော။ သမ္မာဒိဋ္ဌိ၊ ၏။ ပန၊ ဒိဋ္ဌိ အပြားမှတပါး ပုဂ္ဂိုလ်အပြားကိုဆိုဦးအံ့။ ပုဂ္ဂလော၊ သည်။ ပုထုဇ္ဇနော၊ ပုထုဇန်သမ္မာ ဒိဋ္ဌိပုဂ္ဂိုလ်၎င်း။ သေခေါ၊ သေခ ဖြစ်သော သမ္မာဒိဋ္ဌိပုဂ္ဂိုလ်၎င်း။ အသေခေါ၊ရဟန္တာဖြစ်သော သမ္မာဒိဋ္ဌိပုဂ္ဂိုလ် ၎င်း။ ဣတိ၊ ဤသို့။ တိဝိဓော၊ သုံးယောက် အပြားရှိသည်။ ဟောတိ၊ ၏။ တတ္ထ၊

ထိုသုံးယောက်သော ပုဂ္ဂိုလ်တို့တွင်။ ပုထုဇ္ဇနော၊ သည်။ ဗာဟိရကောစ၊ သာသနာပဉ္စ ဖြစ်သော ပုထုဇန်သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်ရင်း။ သာသနိကောစ၊ သာသနာတွင်း၌ ဖြစ်သော ပုထုဇန်သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်ရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ယောက် အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုနှစ်ယောက်တို့တွင်။ ဗာဟိရကော၊ သာသနာပဉ္စဖြစ်သော ပုထုဇန်သမ္မာဒိဋ္ဌိပုဂ္ဂိုလ်သည်။ ကမ္မဝါဒိကမ္မဿကတာ သမ္မာဒိဋ္ဌိယာ၊ ကုသိုလ်ကံ, အကုသိုလ်ကံရှိ၏ဟု ပြောဆိုလေ့ ရှိသော ကမ္မဿကတာသမ္မာဒိဋ္ဌိဖြင့် သာလျှင်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိပုဂ္ဂိုလ် မည်သည်။ ဟောတိ၊ ၏။ သစ္စာနုလောမိကာယ၊ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိခြင်းအားလျော်သော ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်မည်သည်။ နေဝဟောတိ၊ မဖြစ်။ ကသ္မာ၊ ကြောင့်နည်း။ အတ္တဒိဋ္ဌိပရာမာသတ္တာ၊ အတ္တဟူသောအယူကိုစွဲယူ သုံးသပ်နေသေးသောကြောင့်တည်း။ သာသနိကော၊ သာသနာတော်တွင်း၌ ဖြစ်သော ပုထုဇန်သမ္မာဒိဋ္ဌိပုဂ္ဂိုလ်သည်။ ဒွိဟိပိ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ, သစ္စာ နုလောမိက သမ္မာဒိဋ္ဌိ နှစ်ပါးတို့ဖြင့်လည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ၏။ သေခေါ၊ သေခပုဂ္ဂိုလ်သည်။နိယတာယ၊ အထက်ခဂ်-အထက်ဖိုလ် အကျိုးငှါ မြဲသော။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိဖြင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ၏။ အသေခေါ၊ ရဟန္တာပုဂ္ဂိုလ်သည်။ အသေခါယ၊ အရဟတ္တဖိုလ်နှင့်ယှဉ်သော။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိဖြင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ၏။ ။ ဤ၌လည်း သေခ ပုဂ္ဂိုလ်ကို ခုနစ်ယောက်ခွဲ၊ အသေခ ပုဂ္ဂိုလ်ကို သမ္မာသမ္ဗုဒ္ဓ သမ္မာဒိဋ္ဌိ-ပစ္စေကဗုဒ္ဓသမ္မာဒိဋ္ဌိ,သာဝက သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်ဟူ၍ သုံးဦး ခွဲလေ။ ။ မခဲယဉ်း။ ။ဤအရာ၌ လက်သန်းအင်္ဂုလိကထာသင်္ဂြိုဟ်, ဝိသုဒ္ဓိမဂ်တို့၌ လာသော နာမ်, ရုပ်ကိုပိုင်းခြား၍ သိနိုင်သော ဒိဋ္ဌိဝိသုဒ္ဓိအစ- ဂေါတြဘူဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ် အလုံးစုံကို သစ္စာနုလောမိက သမ္မာဒိဋ္ဌိဟူ၍ချည်း ခေါ်သည်ဟူ၍ မှတ်လေ။ ။ ဒွါဒသမပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကားပြီး၏။

(၁၃) ပညတ်, ပရမတ်၊ ထိုနှစ်ရပ်၊ ဆတ်ဆတ် ဘယ်ကမှန်သနည်း။ ။ဟူသော တေရသမပုစ္ဆာ၌။ ။ပညတ် ပရမတ်၊ ထိုနှစ်ရပ်၊ ပရမတ်သာ အမှန်ဖြစ်သတည်း။ ။ပညတ်မှာ၊ အနေကာ၊ သေချာ မိန့်တော် မြွက်သတည်း။ ။ဟူသော အဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား—ပရမတ္ထတရား- ပညတ်တရား-နှစ်ပါးတို့တွင် ပရမတ္ထတရားသာလျှင် မုချဆတ်ဆတ်အားဖြင့် အမှန် သရုပ်တရားကိုယ်ကို ရကောင်းသော တရားဖြစ်၍မှန်သည်။ ပညတ် တရားမှာကား အချို့သော ပညတ်တို့ား သရုပ်

တရားကိုယ်ကို ရကောင်းသော ပညတ်, မရကောင်းသော ပညတ်ဟူ၍ နှစ်ပါး ရှိခြင်းကြောင့် ကေန္တ မုချ ဆတ်ဆတ် မှန်သည်ဟူ၍ မဆိုအပ်။ ထိုနှစ်ပါးတို့တွင် ပရမတ္ထတရားတို့၏မုချဆတ်ဆတ်အမှန်ဖြစ်ရာ၌ ထင်ရှားသိသာ၏။ ပညတ်တရားအရာ၌ကား ခန္ဓပညတ်,အာယတနပညတ် စသော ပညာသည်၎င်း၊ ဖဿ-ဝေဒနာစသောပညတ်သည်၎င်း မုချဆတ်ဆတ် အမှန်ရသော ပညတ်မည်၏။ ပုဂ္ဂိုလ်-ယောကျ်ား-မိန်းမ စသော ပညတ်သည် မုချဆတ်ဆတ်အမှန် မရကောင်းသော ပညတ်မည်၏။ ထို့ကြောင့် ပညတ်တရားမှာ ကေန္တအားဖြင့် အမှန်မရနိုင် ဟူလိုသည်။ ။ထို့ကြောင့် ပုဂ္ဂလပညတ် ပါဠိတော်၌။ ။ဆ ပညတ္တိယော ခန္ဓပညတ္တိ အာယတန ပညတ္တိ ဓာတုပညတ္တိ သစ္စပညတ္တိ ဣန္ဒြိယပညတ္တိ ပုဂ္ဂလ ပညတ္တိတိ။ ။ဟူ၍၎င်း။ ။အဋ္ဌကထာ၌။ ပါဠိမုတ္တကေနပန အဋ္ဌကထာနယေန အပရာပိဆပညတ္တိယော ဝိဇ္ဇမာနပညတ္တိ အဝိဇ္ဇမာနပညတ္တိ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ။အဝိဇ္ဇာမာနေ ဝိဇ္ဇမာန ပညတ္တိ။ ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ္တိ၊ အဝိဇ္ဇမာနေန အဝိဇ္ဇာမာန ပညတ္တိတိ။ တတ္ထ ကုသလာကုသလယောဝ သစ္စိကဋ္ဌ ပရမတ္ထဝသေန ဝိဇ္ဇမာနဿ သတော သမ္ဘူတဿ ဓမ္မဿ ပညာပနာ ဝိဇ္ဇမာနပညတ္တိနာမ။ တထာ အဝိဇ္ဇမာနဿ လောက နိရုတ္တိမတ္တသိဒ္ဓဿ ဣတ္ထိပုရိသာဒိကဿ ပညာပနာ အဝိဇ္ဇမာန ပညတ္တိနာမ။ ။ဟူ၍၎င်း ဟောတော်မူအပ်၏။

ပညတ္တိယော၊ ပညတ်တို့သည်။ ခန္ဓပညတ္တိ၊ ရူပက္ခန္ဓော စသော ခန္ဓပညတ်၎င်း။ အာယတနပညတ္တိ၊ စက္ခာယတနံ,စသော အာယတန ပညတ်၎င်း။ ဓာတုပညတ္တိ၊ စက္ခုဓာတု, စသော ဓာတုပညတ်၎င်း။ သစ္စပညတ္တိ၊ ဒုက္ခသစ္စံ, စသော သစ္စပညတ်၎င်း။ ဣန္ဒြိယ ပညတ္တိ၊ စက္ခုန္ဒြိယံ, စသော ဣန္ဒြိယပညတ်၎င်း။ ပုဂ္ဂလ ပညတ္တိ၊ဣတ္ထိ, ပုရိသ, စသော ပုဂ္ဂလ ပညတ်၎င်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ ဆ၊ ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤကား ပါဠိတော်၏အနက်)။ ။ပန၊ ပါဠိတော်နည်းမှတပါး အဋ္ဌကထာနည်းကို ဆိုဦးအံ့။ ပါဠိမုတ္တကေန၊ ပါဠိတော်မှ လွတ်သော။ အဋ္ဌကထာနယေန၊ အဋ္ဌကထာနည်းအားဖြင့်။ ပညတ္တိယော၊ ပညတ်တရားတို့သည်။ ဝိဇ္ဇမာနပညတ္တိ၊ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ပညတ်၎င်း။ အဝိဇ္ဇမာနပညတ္တိ၊ ပရမတ္ထ အားဖြင့်ထင်ရှားမရှိသော ပညတ်၎င်း။ ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ္တိ၊ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ဝတ္ထုဖြင့် ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ဝတ္ထုကို သိကြောင်း ဖြစ်သော ပညတ်၎င်း။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဝတ္ထုဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝတ္ထုကို သိကြောင်းဖြစ်သော ပညတ်၎င်း။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ၊ပရမတ္ထ

(ဖြည့်ကြီးမည်း၊၄)

အားဖြင့် ထင်ရှားရှိသော ဝတ္ထုဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝတ္ထုကို သိကြောင်းဖြစ်သော ပညတ်ရင်း။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ၊ ပရမတ္ထအားဖြင့်ထင်မှားမရှိသော ဝတ္ထုဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောဝတ္ထုကို သိကြောင်းဖြစ်သော ပညတ်ရင်း။ ဣတိ၊ ဤသို့။ ဆ၊ ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုခြောက်ပါးတို့တွင်။ ကုသလာ ကုသလဘေဝ၊ ကုသိုလ်, အကုသိုလ် တရားကဲ့သို့။ သစ္စိကဋ္ဌ ပရမတ္ထဝသေန၊ မဖောက် မပြန်မှန်သောအနက် မဖောက်မပြန်သောကြောင့် မြတ်သောအနက်၏ အစွမ်းဖြင့်။ ဝိဇ္ဇမာနဿ၊ ထင်ရှား ရှိသည်။ သတော၊ ဖြစ်၍။ သမ္ဘူတဿ၊ ကောင်းစွာဖြစ်သော။ ခန္ဓဿ၊ ဖဿ-ဝေဒနာ စသောတရားကို။ ပညာပနာ၊ သိစေခြင်းသည်။ ဝိဇ္ဇမာနပညတ္တိနာမ၊ မည်၏။ တထာ၊ ထို့အတူ။ အဝိဇ္ဇမာနဿ၊ထင်ရှားမရှိသော။ လောကနိရုတ္တိ မတ္တသိဒ္ဓဿ၊ ကမ္ဘာဦးသူ လူ့ပညာရှိတို့သည်ခေါ်ဝေါ်အပ်သော သဒ္ဒါမျှဖြင့်ပြီးသော။ ဣတ္ထိပုရိသာ ဒိကဿ၊ ဣတ္ထိ ပုရိသ အစရှိသည်ကို။ ပညာပနာ၊ သိစေခြင်းသည်။ အဝိဇ္ဇမာနပညတ္တိနာမ၊ အဝိဇ္ဇမာနပညတ်မည်၏။ ။(ဤကားအဋ္ဌကထာပါဠိ၏အနက်)။ ။တေရသမပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကားပြီး၏။

(၁၄) ပညတ်မျှပင်၊ မှတ်သူမြင်၊ သူလျှင် မဂ်ဖိုလ်ရမည်လား။ ။ ဟူသော စုဒ္ဒသမပုစ္ဆာ၌။ ။ ပညတ်မျှပင်၊ မှတ်ယူမြင်၊ သူလျှင် မဂ်ဖိုလ် မရထား။ ။ဟူသော အဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား—ပရမတ္ထ တရားကို ဉာဏ်အားဖြင့် ထင်မြင်အောင် နှလုံးမသွင်းနိုင်၊ ပညတ်သဘောကိုသာ နှလုံးသွင်းနိုင်သော သူသည် မဂ်ဖိုလ်ကို မရနိုင်သေးဟူလိုသည်။ ။ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်းအဘွင့်၌—

ယံ ပဿတိ နတံ ဒိဋ္ဌံ၊ ဒိဋ္ဌံ တံ နပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော နမုစ္စတိ။—

ဟူ၍ မိန့်အပ်၏။ ။ ယံ၊ အကြင် ဣတ္ထိ-ပုရိသ စသော ပညတ်ကို။ ပဿတိ၊ မနောဒွါရဖြင့်ရှု၏။ တံ၊ ထိုမနောဒွါရဖြင့်ရှုအပ်သော ဣတ္ထိ, ပုရိသ စသော ပညတ်ကို။ နဒိဋ္ဌံ၊ စက္ခုဝိညာဉ်ဖြင့် မမြင်အပ်။ ထုနည်းကား။ တံ၊ ထိုမနောဒွါရဖြင့် ရှုအပ်သော ဣတ္ထိ, ပုရိသ စသော ပညတ်သည်။ နဒိဋ္ဌံ၊ ရူပါရုံမဟုတ်။ ယံ၊ အကြင် ရူပါရုံကို စက္ခုဝိညာဉ်ဖြင့်မြင်အပ်၏။ တံ၊ ထိုစက္ခု ဝိညာဉ်ဖြင့် မြင်အပ်သော ရူပါရုံကို။ နပဿတိ၊ မနောဒွါရဖြင့်မရှု။ အပဿံ၊ စက္ခုဝိညာဉ်ဖြင့်မမြင်

အပ်သော ဣတ္ထိ, ပုရိသ စသော ပညတ်တရားကို။ မူဋ္ဌော၊ တွေဝေသော သူသည်။ ဗဇ္ဈတေ၊ တဏှာဖြင့်ဖွဲ့၏။ အပဿံ၊ စက္ခု ဝိညာဉ်ဖြင့် မမြင်အပ်သော ဣတ္ထိ, ပုရိသ စသောပညတ်တရားကို။ ဗဇ္ဈမာနော၊ ဖွဲ့သော။ သောမူဋ္ဌော၊ ထိုတွေဝေမိုက်မည်း မောဟကြီးသောသူသည်။ နမုစ္စတိ၊ သံသရာမှ မလွတ်နိုင်။ ဝါ၊ သံသရာမှ ထွက်မြောက်ရာ မဟာအသင်္ခတဓာတ် နိဗ္ဗာန် ရွှေပြည်မြတ်သို့ မရောက်မရနိုင်။ ။(ဤကားအနက်)၊ ။စုဒ္ဒသမ ပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကားပြီး၏။

(၁၅) ပရမတ်ဉာဏ်၊ အမြင်သန်၊ ကေန်နိဗ္ဗာန် ရမည်လား။ ။ဟူသော ပန္နရသမပုစ္ဆာ၌။ ။ပရမတ်ဉာဏ်၊ အမြင်သန်လည်း၊ ငါးတန်ခမ္မ၊ ချို့တဲ့က မရနိဗ္ဗာန်ထား။ ။သဒ္ဓါ, အရောဂ၊ ဥဇုက၊ ဝီရိယ-ပညာပြား။ ။အင်္ဂါငါးဖြာ၊ ပြည့်စုံခါ၊ လျင်စွာ နိဗ္ဗာန်သွား။ ။ဟူသော အဖြေကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား--ပရမတ္ထတရားကို သိခြင်းသည် ခန္ဓာ--ဓာတ်--အာတနယ--ပဋိစ္စသမုပ္ပါဒ်စသည်တို့ကိုသင်ကြားခြင်း၊ ပညာရှိတို့အားမေးမြန်းလျှောက်ထားခြင်းကြောင့်သိသောသုတမယဉာဏ်အားဖြင့်သိခြင်း၊ ၎င်းသုတမယဉာဏ်အားဖြင့် သိကြား လိမ္မာသည်အတိုင်း ဝိပဿနာတရားကို အားထုတ်ခြင်းကြောင့် ပရမတ္ထတရားတို့ကို ထင်ရှားစွာ ဘာဝနာမယဉာဏ်အားဖြင့် သိခြင်းဟူ၍ နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် ဘာဝနာမယ ဉာဏ်အားဖြင့် မသိဘဲ အကြားအမြင် ဟူသော သုတမယဉာဏ်ဖြင့်သာ ပရမတ္ထတရားတို့ကိုသိ၍ ပဓာနိယအင်္ဂါနှင့် မပြည့်စုံသော သူသည် နိဗ္ဗာန်ကို မရနိုင်သေး၊ ရတနာသုံးပါးတို့၏ ဂုဏ်ကို သက်ဝင်၍ယုံကြည်သော သဒ္ဓါတရားရှိခြင်း (၁)။ အနာရောဂါကင်းလျက် ပူလွန်း, အေးလွန်းခြင်း မရှိ၊ မျှတစွာကြေကျက်ခြင်းရှိသော ဝမ်းမီးနှင့်ပြည့်စုံခြင်း (၂)။ ကောက်ကျစ်စဉ်းလဲမရှိ လွန်စွာဖြောင့်စင်းသော စိတ်နှလုံးရှိခြင်း (၃)။ ပျင်းရိသော ကောသဇ္ဇ တရားမရှိဘဲ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကိုမရလျှင် ဝိပဿနာတရားကို အားထုတ်ခြင်းဟု ဆိုအပ်သော ဝန်ကိုမစွန့်အံ့ဟု မြဲမြံစွာ အားထုတ်ခြင်းဟု ဆိုအပ်သော ဝီရိယရှိခြင်း (၄)။ သင်္ခါရတရားတို့၏ သဘောလက္ခဏာနှင့် တကွ ထိုသင်္ခါရတရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို ထင်လင်းစွာသိပြီးလျှင် လောဘအစု, ဒေါသအစု, မောဟအစုကို ဖေါက်ထွင်းလျက် နိဗ္ဗာန် တည်းဟူသော ထိုမှဘက်သို့ ထွက်မြောက်နိုင်လောက်အောင် ရင့်သန်သောဉာဏ်ခံ ပါရမီရှိခြင်း (၅)။ ဤ ၅-ပါးသော ပဓာနိယအင်္ဂါနှင့် ပြည့်စုံမှ နိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်သည် ဟူလိုသည်။

ဇ္ဈာနဝိနိစ္ဆယနိဿ ဂင်းပမာဒနိယအင်္ဂါနှင့် ပြည့်စုံသောသူသည် ဘုရားအစရှိသော ဆရာကောင်းကို ရ၍ ဆုံးမသည်အတိုင်း လုံ့လကြိုးကုတ်၍ အားထုတ်ခဲ့ပါလျှင် ခုနစ်နှစ် အားထုတ်လျှင် နိဗ္ဗာန်ကို ရနိုင်ကြောင်း၊ ခုနစ်နှစ်ကား ကြာသေး၏။ ခြောက်နှစ်၊ ခြောက်နှစ်ကား ကြာသေး၏။ ငါးနှစ်၊ ငါးနှစ်ကား ကြာသေး၏။ လေးနှစ်၊ လေးနှစ်ကားကြာသေး၏။ သုံးနှစ်၊ သုံးနှစ်ကားကြာသေး၏။ နှစ်နှစ်၊ နှစ်နှစ်ကား ကြာသေး၏။ တနှစ်၊ တနှစ်ကားကြာသေး၏။ ၇-လ၊ ၇-လကားကြာသေး၏။ ၆-လ၊ ၆-လကား ကြာသေး၏။ ၅-လ၊ ၅-လကားကြာသေး၏။ ၄-လ၊ ၄-လကား ကြာသေး၏။ ၃-လ၊ ၃-လကားကြာသေး၏။ ၂-လ၊ ၂-လကားကြာသေး၏။ ၁-လ၊ ၁-လကားကြာသေး၏။ ၇-ရက်၊ ၇-ရက်ကားကြာသေး၏။ ၆-ရက်၊ ၆-ရက်ကား ကြာသေး၏။ ၅-ရက်၊ ၅-ရက်ကား ကြာသေး၏။ ၄-ရက်၊ ၄-ရက်ကား ကြာသေး၏။ ၃ ရက်၊ ၃-ရက်ကား ကြာသေး၏။ ၂-ရက်၊ ၂-ရက်ကား ကြာသေး၏။ ၁-ရက်၊ ၁-ရက်ကား ကြာသေး၏။ ထိုပမာဒနိယ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဆုံးမဘတ်သော ဘုရားစသော ဆရာကောင်းကို ရ၍ ဆုံးမလိုက်လျှင် ညချမ်းအခါဆုံးမလျှင် နံက်၊ နံက်ဆုံးမလျှင် ညချမ်းအခါ၌ပင် လျှင် မဂ်-ဖိုလ်-နိဗ္ဗာန် အဆုံးရှိသော တရားကို လျင်လျားစွာ ရနိုင်ကြောင်း မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရသုတ်-ပဉ္စင်္ဂုတ္တရပါဠိတော် နီဝရဏဝဂ် တတိယသုတ်တို့၌ ဟောတော်မူသည်။ ။[အကျယ်ကို လိုလျှင် ထိုပါဠိ, အဋ္ဌကထာတို့ မှာယူလေ]။ ။သုတမယဉာဏ်နှင့်သာ သိ၍ ဘာဝနာမယ ဉာဏ်နှင့် မသိခြင်းကြောင့် နိဗ္ဗာန်ကို မရနိုင်ကြောင်းကို ဘုရားခုနစ်ဆူတို့၏ သာသနာ၌ ရဟန်းငါးရာ-ငါးရာတို့အား ပိဋကတ်သုံးပုံကို ပို့ချသောဆရာကြီး ဖြစ်လျက် မဂ်ဖိုလ် အကျိုးငှါ အားထုတ်သော ဝိပဿနာမရှိခြင်းကြောင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုမရ။ ငါတို့ဘုရားလက်ထက်တော်သို့ကျမှ မဂ်ဖိုလ်နိဗ္ဗာန်ကို အားထုတ်၍ ရသော ပေါဋ္ဌိလ မထေရ်ကြီး၏ ဝတ္ထုကို ထောက်ရှု၍ သိအပ်၏။ ထို့ကြောင့် ဓမ္မပဒ ပါဠိတော် မဂ္ဂဝဂ် ပေါဋ္ဌိလဝတ္ထု၌—

ယောဂါ ဝေ ဇာယတီ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယစ။
တထတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဎတိ။—

ဟူ၍ ဟောတော်မူအပ်၏။ ။ဝေ၊ စင်စစ်။ ယောဂါ၊ သမထဘာဝနာ-ဝိပဿနာတရားကို အားထုတ် ခြင်းကြောင့်။ ဘူရိ၊ မြေကြီးသဘွယ် ကြီးကျယ်သော ပညာသည်။ ဇာယတိ၊ ဖြစ်၏။ အယောဂါ၊ သမထ-ဝိပဿနာ-ဘာဝနာ တရားကို အားမထုတ်ခြင်းကြောင့်။ ဘူရိသင်္ခယော၊ ပညာဉာဏ်၏ မပွါးမကြီး

ပျက်စီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝါယစ၊ ပညာဉာဏ် ပွါးစီးခြင်း၏ရင်း။ ဝိဘဝါယစ၊ ပညာဉာဏ်ပျက်စီးခြင်း၏ရင်း။ ဧတံဒွေဓာပထံ၊ ထို နှစ်ပါးသော အကြောင်းတရားကို။ ဉတွာ၊ သိ၍။ ယထာ၊ အကြင်အခြင်းဖြင့်။ နိဝေသိယမာနေ၊ စိတ်ကို သမထ-ဝိပဿနာ၏အာရုံသို့ သွတ်သွင်းအပ်သည်ရှိသော်။ ဘူရိ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည်။ ပဝဍ္ဎတိ၊ ပွါးစီး၏။ တထာ၊ ထိုအခြင်းဖြင့်။ အတ္တာနံ၊ မိမိ၏စိတ်ကို။ နိဝေသေယျ၊ သမထ ဝိပဿနာ-ဘာဝနာဉာဏ်၏ အာရုံသို့သွတ်သွင်းရာ၏။ ။(ဤကားအနက်)။ ။ပန္နရသမ ပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကားပြီး၏။

(၁၆) ပရမတ်ဉာဏ်သွား၊ မဝင်စား၊ ဆယ်ပါးပါရမီ ပြည့်မည်လား။ ။ဟူသော သောဠသမပုစ္ဆာ၌။ ။ပရမတ် ဉာဏ်သွား၊ လွန်ဝင်စားလည်း၊ ဆယ်ပါး ပါရမီ မပြည့်ထား။ ။ပါရမီ ပြည့်ကြောင်း၊ ဘုရားလောင်းတို၊ ထုံးဟောင်းဓမ္မ၊ ကျင့်နိုင်မှ၊ ပြည့်ကြအမှန်ထား။ ။ဟူသော အဖြေဝိသဇ္ဇနာကို သိမှတ်ရာ၏။

အဓိပ္ပါယ်ကား—နာမ်တရား ရုပ်တရားတို့ကို ပိုင်းခြား၍ သိနိုင်သောနာမရူပပရိစ္ဆေဒဉာဏ် အလွန်ပင်သန်သော်လည်း ဆယ်တန်သောပါရမီ မပြည့်နိုင်သေး။ စင်စစ်မှာမူကား၊ ရှေးဘုရား အလောင်း သူတော်ကောင်းတို့၏ ထုံးဟောင်းဓမ္မတာ ဆယ်ဖြာသော ပါရမီ ငါးလီသော စာဂ, စရိယ သုံးပါး, မြတ်တရားကို ကြိုးစားမယုတ် အားထုတ်၍ ဖြည့်ကျင့်ပါမှ ပါရမီဆယ်ပါး တရားတို့၏ ပြည့်စုံကြောင်း၊ မဖြည့် မကျင့်လျှင် မပြည့်စုံကြောင်းကို မှတ်ယူရာ၏ ဟူလိုသည်။ ။ထိုစကားသည်မှန်၏။ ပါရမီ ပြည့်ခြင်း၏ အကြောင်းအင်္ဂါသည် ၄-ပါးရှိ၏။ လေးပါးဟူသည်ကား သဗ္ဗညုတဉာဏ်ကို ရည်သန်တောင့်တ၍ အားထုတ်လုံ့လဝီရိယဖြင့် အလုံးစုံသော ဒါနပါရမီ,စသော သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သောတရားကို ကြွင်းကျန်ချို့တဲ့ခြင်းမရှိရအောင် ပြုတတ်သောသူ၏ အဖြစ်လည်းတပါး၊ ထိုပြုခြင်းအမှု၌ ရိုရိုသေသေ မြတ်မြတ်နိုးနိုး စုံစုံမက်မက်ကောင်းမွန်စွာ ပြုတတ်သောသူ၏အဖြစ်လည်းတပါး၊ မခြားမလပ်အောင် အားထုတ်၍ မပြတ်ပြုလေ့ရှိသောသူ၏ အဖြစ်လည်း တပါး၊ ပါရမီတရားကို အားထုတ်စဉ် ဘုရား မဖြစ်မီ အကြား၌ အားထုတ်ခြင်း အမှု၏ အဆုံးသို့ မရောက် စေဘဲ လေးသင်္ချေနှင့် ကမ္ဘာ တသိန်းစသော ကြာမြင့်စွာသော ကာလနှင့် ယှဉ်ခြင်း တပါး၊ ဤလေးပါး တို့တည်း။ ဤလေးပါး တို့သည် ပါရမီ ပြည့်စုံခြင်း၏ အကြောင်း အင်္ဂါတို့ မည်ကုန်၏။ ။ထို့ကြောင့် သီလာနိဒ္ဒေသ ဋီကာ၌။ ။သကလဿပိဟိ ပုညာဒိသမ္ဘာရဿ သမ္မာသမ္ဗောဓိ ဥဒ္ဒိဿ အနဝသေသ သမ္ဘ

ရဏံ အဝေကလ္လကာရိတာ ယောဂေန။ တတ္ထ သက္ကစ္စကာရိတာ အာဒရ ဗဟုမာနနယောဂေန။ သာတစ္စကာရိတာ နိရန္တရ ယောဂေန၊ စိရကာလာဒိယောဂေါစ အန္တရာ အဝေါသာနာပဇ္ဇနေန။ ဣတိ စတုရင်္ဂယောဂေါ တောသံ ပါရမိနံ သမ္ပာဒနုပါယော။ ။ဟူ၍ မိန့်အပ်၏။ ။ဟိဝိတ္ထာရေမိ၊ ထိုစကားကို အကျယ်ချဲ့၍ ဆိုဦးအံ့။ သမ္မာ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ ဥဒ္ဒိဿ၊ ရည်၍။ သကလဿပိ၊ အလုံးစုံလည်း ဖြစ်သော။ ပုညာဒိသမ္ဘာရဿ၊ ဒါန ကုသိုလ် အစရှိသော ဗောဓိဉာဏ်၏ အဆောက်အဦ ဖြစ်သော တရားအပေါင်းကို။ ယောဂေန၊ အားထုတ်လုံ့လ ဥဿာဟဖြင့်။ အနဝသေသ သမ္ဘရဏံ၊ အကြွင်းအကျန်မရှိရအောင် စုဆောင်းခြင်းဟု ဆိုအပ်သော။ အဝေကလ္လကာရိတာ၊ ချို့တဲ့ခြင်းမရှိ ရအောင် ပြုတတ်သောသူ၏ အဖြစ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ တတ္ထ၊ ထိုဒါနကုသိုလ်စသော ဉာဏ်၏ အဆောက်အဦ ဖြစ်သော တရားကို အားထုတ်ရာ၌။ အာဒရ–ဗဟုမာနနယောဂေန၊ ရိုသေခြင်း-များစွာမြတ်နိုးခြင်းနှင့်ယှဉ်သော အားဖြင့်။ သက္ကစ္စ ကာရိတာ၊ ကောင်းမွန်စွာ ပြုတတ်သောသူ၏ အဖြစ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ နိရန္တရယောဂေန၊ မပြတ်မလပ် အားထုတ်သော အားဖြင့်။ သာတစ္စကာရိတာ၊ မပြတ်မစဲ ပြုတတ်သော သူ၏ အဖြစ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ စိရကာလယောဂေါ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း, စသော ရှည်စွာသောကာလနှင့် ယှဉ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ စတုရင်္ဂယောဂေါ၊ အင်္ဂါလေးပါးနှင့် ယှဉ်ခြင်းသည်။ တောသံ၊ ထိုပါရမီဆယ်ပါးတရားတို့၏။ သမ္ပာဒနုပါယော၊ ပြည့်စုံခြင်း၏ အကြောင်းမည်၏။ ။(ဤကားအနက်)

ဤအင်္ဂါကိုပြဆိုရာ၌ အဓိပ္ပါယ်ကား– ဘုရားအလောင်းတော် တို့၏ ပါရမီဆယ်ပါး ပြည့်ခြင်းမှာ ပရမတ္ထ တရားတို့၏ သဘော လက္ခဏာတို့ကို သိခြင်း တခုတည်းသာလျှင် အကြောင်းမဟုတ်၊ စင်စစ်မှာမူကား ဆယ်ပါးသော ပါရမီ အညီမယုတ် အားထုတ်၍ ဖြည့်နိုင်မှ ပါရမီဆယ်ပါး တရားတို့ ပြည့်နိုင်သည်။ ပရမတ္ထတရားတို့၏ သဘောလက္ခဏာကို သိခြင်းသည်ကား ပညာပါရမီ တမျိုးသာ တိုက်ရိုက် မုချအားဖြင့် ပြည့်ခြင်း၏အကြောင်း ဖြစ်နိုင်သည်။ အကယ်၍ ပရမတ္ထတရားတို့၏ သဘောလက္ခဏာကိုသိခြင်းကြောင့် ပါရမီဆယ်ပါးပြည့်ခဲ့ပါလျှင်, ငါတို့ဘုရားအလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူရာ ကမ္ဘာမှ နောက်- ကမ္ဘာတသင်္ချေအလွန်ဖြစ်သော ကမ္ဘာ၌ ကောဏ္ဍည မြတ်စွာဘုရား လက်ထက်တော်မှာ ဝိဇိတာဝီ စကြာမင်း၏ အဖြစ်ကို စွန့်၍ တကြိမ်၊ ထို့နောက် သုံးသင်္ချေ အလွန် မင်္ဂလမြတ်စွာဘုရား၏ လက်ထက်တော်မှာ သုရုစိ ပုဏ္ဏားဖြစ်၍ တကြိမ်၊ထို့နောက် နှစ်သင်္ချေနှင့် ကမ္ဘာသုံးသောင်းအလွန် သုမေ

ခ၁ မြတ်စွာဘုရား လက်ထက်တော်မှာ ဥတ္တရလုလင်ဖြစ်၍ တကြိမ်၊ ထို့နောက် ၎င်းအသင်္ချေ- ၎င်းကမ္ဘာ၌ပင် သုဇာတာ မြတ်စွာဘုရား လက်ထက်တော်မှာ စက္ကဝတ္တိမင်းအဖြစ်ကိုစွန့်၍ တကြိမ်၊ ထို့နောက် ဤကမ္ဘာမှပြန်၍ ရေသည် ရှိသော် ကိုးဆဲ့နှစ်ကမ္ဘာ ထက်၌ ဖုဿမြတ်စွာဘုရား၏ လက်ထက်တော်မှာ ဝိဇိတာဝီမင်း၏ အဖြစ်ကိုစွန့်၍တကြိမ်၊ ဤကမ္ဘာဝယ် ကောဏာဂုံမြတ်စွာဘုရား၏ လက်ထက်တော်မှာ ပဗ္ဗတလုလင်ဖြစ်၍ တကြိမ်၊ ကဿပမြတ်စွာဘုရား၏လက်ထက်တော်မှာ ဇောတိပါလ လုလင်ဖြစ်၍ တကြိမ်၊ ဤသို့ ခုနစ်ကြိမ် တိုင်တိုင် ရဟန်းပြု၍ ပိဋကတ်သုံးပုံတို့ကို နှုတ်ငုံဆောင်ရွက်ပြီးလျှင် ခုတင်တေရသ, ဂတပစ္စာဂတဝတ်, သမထ ဘာဝနာတရားတို့ကိုအားထုတ်ပြီး ဈာန်အဘိညာဉ်တို့ကို ဖြစ်စေပြီး၍ ခန္ဓာ—အာယတန—ဓာတ်စသော ပရမတ္ထတရားတို့ကို ပိုင်းခြား၍ သိနိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ်မျှမက သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် အဆုံးတိုင်အောင် စီးဖြန်းပြီးမှ ဝိပဿနာဉာဏ်ကိုပေါက်အောင် မစီးဖြန်းဘဲ တန့်ရပ်၍မထားရာ။ ဝိပဿနာဉာဏ်ကိုပေါက်အောင်စီးဖြန်းလိုက်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်လျှင်လည်း ထိုထိုဘုရားတို့လက်ထက်မှာ သာဝကသာ ဖြစ်နိုင်သည်။ ပါရမီ မပြည့်သေးသည့် အတွက်ကြောင့် ဘုရားသဗ္ဗညု၏အဖြစ်သို့ စင်စစ် မရောက်နိုင်ရာ။ မရောက်နိုင် သောကြောင့် ဘုရားအလောင်းတော်တို့သည် သာသနာတော်ထမ်း ရဟန်း ပြုသော ဘဝတို့၌ သင်္ခါရုပေက္ခာဉာဏ်အဆုံး အနုလောမဉာဏ်အထိ ဝိပဿနာတရားကို ပွါးပြီးလျှင် တန့်နား၍ ထားတော်မူကြကြောင်း အဋ္ဌကထာ, ဋီကာတို့၌လာရကား ပရမတ်ဉာဏ်သွား လွန်ဝင်စားရုံမျှနှင့် ပါရမီဆယ်ပါး ပြည့်စုံ၍ ဘုရားဖြစ်တော်မူခြင်း၏ အကြောင်းမဟုတ် ဟူလိုသည်။ ထိုကြောင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဃဋီကာရသုတ်အဘွင့်၌။ ။အလတ္တခေါ အာနန္ဒ ပဗ္ဗဇ္ဇံ,အလတ္ထ ဥပသမ္ပဒန္တိ ပဗ္ဗဇိတွာ ကိံ အကာသိ။ ယံ ဗောဓိသတ္တေဟိ ကတ္တဗ္ဗံ။ ဗောဓိသတ္တာဟိ ဗုဒ္ဓါနံ သမ္မုခေ ပဗ္ဗဇန္တိ၊ ပဗ္ဗဇိတွာစပန ဣတ္တရ သတ္တာဝိယ ပတိဘာ သိဂ်ါနိ နဟောန္တိ၊ စတုပါရိသုဒ္ဓိသီလေပန သုပတိဋ္ဌာယ တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တေရသ ဓုတင်္ဂါနိ သမာဒါယ အရညံ ပဝိသိတွာ ဂတပစ္စာဂတဝတ္တံ ပူရယမာနာ သမဏဓမ္မံ ကရောန္တော ဝိပဿနံ ဝဍ္ဎေတွာ ယာဝ အနုလောမဉာဏံ အာဟစ္စ တိဋ္ဌန္တိ။ မဂ္ဂဖလတ္ထံ ဝါယာမံ နကရောန္တိ။ ဇောတိပါလောပိ တထေဝ အကာသိ။ ။ဟူ၍၎င်း၊ ဋီကာ၌။ ။ဝိပဿနံ ဗြူဟန္တော သိခပ္ပတ္တဝိပဿနာ ဟောန္တီတိ ဝုတ္တံ ယာဝအနုလောမဉာဏံ အာဟစ္စ တိဋ္ဌန္တီတိ။ အနုလောမဉာဏာ တော ဩရိမေ ဝိပဿနံ ဌပေန္တီတိ အတ္ထော။ မဂ္ဂဖလတ္ထံ ဝါယာမံ နကရောန္တီ။

ပညာပါရမိတာယ သဗ္ဗညုတညာဏဂ္ဂဿ အပရိပုဏ္ဏတ္တာ အပရိပက္ကတ္တာ၀။ ။ ဟူ၍ငင်း မိန့်အပ်၏။

အလတ္တခေါ် အာနန္ဒ ပဗ္ဗဇ္ဇံ အလတ္ထ ဥပသမ္ပဒန္တိ၊ ဟူသည်ကား။ ပဗ္ဗဇိတွာ၊ ရှင်ရဟန်းပြုပြီး၍။ ကိံကမ္မံ၊ အဘယ်အမှုကို။ ဇောတိပါလော၊ ဇောတိပါလ လုလင်သည်။ အကာသိ၊ ပြုလေသနည်းဟူမူကား။ ပဗ္ဗဇိတွာ၊ ရှင်ရဟန်းပြုပြီး၍။ ယံကမ္မံ၊ အကြင်အမှုကို။ ဗောဓိသတ္တောဟိ၊ ဘုရားအလောင်းတော် တို့သည်။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ တံကမ္မံ၊ ထိုအမှုကို။ ဇောတိပါလော၊ ဇောတိပါလလုလင် သည်။ အကာသိ၊ ပြုလေ၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဗောဓိသတ္တာ၊ ဘုရားအလောင်းတော်တို့သည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သမ္မုခေ၊ မျက်မှောက်တော်၌။ ပဗ္ဗဇန္တိ၊ ရှင်ရဟန်းပြုကြကုန်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ ပဗ္ဗဇိတွာ စ၊ ရှင်ရဟန်းပြုကြကုန်ပြီး၍လည်း။ ဣတ္တရ သတ္တာဝိယ၊ ဘုန်းပညာ နည်းပါးသော ဟူးဟူးညားညားသော သတ္တ၀ါတို့ကဲ့သို့။ ပတိတသိင်္ဂါနိ၊ နိမ့်ကျသော ပညာတည်းဟူသော ချိုရှိကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ပန၊ စင်စစ်သော်ကား။ စတုပါရိသုဒ္ဓိသီလေ၊ လေးပါးသော ပါရိသုဒ္ဓိသီလ၌။ သုပတိဋ္ဌာယ၊ ကောင်းစွာတည်ကြကုန်၍။ တေပိဋကံ၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော။ ဗုဒ္ဓ ၀စနံ၊ မြတ်စွာဘုရား၏စကားတော်ကို။ ဥဂ္ဂဏှိတွာ၊ သင်ယူကြကုန်ပြီး၍။ တေ ရသ၊ တဆဲ့သုံးပါးကုန်သော။ ဓုတင်္ဂါနိ၊ ကိလေသာကို ခွါတွက်တတ်ကုန်သော ဓုတင်အင်္ဂါတို့ကို။ သမာဒါယ၊ ကောင်းစွာဆောက်တည်ကြကုန်၍။ အရညံ၊ တော ကျောင်းသို့။ ပဝိသိတွာန၊ ၀င်ကြကုန်၍။ ဂတပစ္စာဂတဝတ္တံ၊ဆွမ်းခံသွားလာရာ ခရီးလမ်း၀ယ် အသွားအပြန်နှစ်ဌာနတို့၌ ကျင့်ရာသော၀တ္တရားကို။ ပူရယမာနာ၊ ဖြည့်ကျင့်ကြကုန်၍။ သမဏဓမ္မံ၊ ရဟန်းတို့၏တရားကို။ ကရောန္တော၊ ပြုကြကုန် လျက်။ ဝိပဿနံ၊ ဝိပဿနာကို။ ၀ဍ္ဎေတွာ၊ ပွါးကြစေကုန်၍။ ယာ၀အနုလောမ ဉာဏံ၊ အနုလောမဉာဏ်တိုင်အောင်။ အာဟစ္စ၊ ထိစေ၍။ တိဋ္ဌန္တိ၊ တည်ကြကုန် ၏။ မဂ္ဂဖလတ္ထံ၊ မဂ်ဖိုလ်အကျိုးငှါ။ ဝါယာမံ၊ အားထုတ်ခြင်းကို။ နကရောန္တိ၊ ပြုတော်မမူကုန်။ ဇောတိပါလောပိ၊ ဇောတိပါလလုလင်သည်လည်း။ တထေ၀၊ ထို့အတူသာလျှင်။ အကာသိ၊ ပြုလေ၏။ ။(ဤကား အဋ္ဌကထာပါဌ်၏ အနက်)

ဝိပဿနံ၊ ဝိပဿနာကို။ ဗြူဟန္တော၊ ပွါးစေကြကုန်သည် ရှိသော်။ သိခပ္ပတ္တာ ဝိပဿနာ၊ အထွဋ်အထိပ်သို့ရောက်သော ဝိပဿနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန် ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ယာ၀အနုလောမဉာဏံ အာဟစ္စတိဋ္ဌန္တိတိ၊ တိဋ္ဌန္တိဟူ၍။ အဋ္ဌစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။

အနုလောမ ဉာဏံတော၊ အနုလောမဉာဏ်မှ။ ဩရိမေ၊ အောက် ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်၌။ ဝိပဿနံ၊ ဝိပဿနာဉာဏ်ကို။ ဌပေန္တိ၊ ထားကြကုန်၏။ မဂ္ဂဖလတ္ထံ၊ မဂ်ဖိုလ်အကျိုးငှါ။ ဝါယာမံ၊ အားထုတ်ခြင်းကို။ နကရောန္တိ၊ မပြုကြကုန်။ ကသ္မာ၊ အဘဲ့ကြောင့်။ နကရောန္တိ၊မပြုကုန်သနည်း ဟူမူကား။ ပညာပါရမိတာယ၊ ပညာပါရမီ၏ အဖြစ်ဖြင့်။ သဗ္ဗညုဘာ ဉာဏဂဗ္ဘဿ၊ သဗ္ဗညုတဉာဏ် တည်းဟူသော ကိုယ်ဝန်၏။ အပရိပုဏ္ဏတ္တာဝ၊ မပြည့်စုံသေးသည်၏ အဖြစ်ကြောင့် သာလျှင်ရင်း။ အပရိပက္ကတ္တာဝ၊ မရင့်သေးသည်၏ အဖြစ်ကြောင့်သာလျှင်ရင်း။ မဂ္ဂဖလတ္ထံ၊ မဂ်ဖိုလ် အကျိုးငှါ။ ဝါယာမံ၊ အားထုတ်ခြင်းကို။ နကရောန္တိ၊ မပြုကြကုန်။ ။(ဤကား ဋီကာပါဠိ၏အနက်)။ ။ပြဆိုအပ်ခဲ့ပြီးသော စကားရပ်၌ ဘုရားအလောင်းတော်တို့သည် နာမ်-ရုပ်တရားတို့ကို ပိုင်းခြား၍ သိရုံမက သမ္မသနဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ် အဆုံးရှိသော ဝိပဿနာတရားကို အားထုတ်တော် မူကြကြောင်းဆိုသည်မှာ ဘုရား သာသနာတော်တွင်းနှင့် ကြုံသောကြောင့် ဘုရား ရှင်တို့၏ အဆုံး အမတော် ဖြင့်သာ စီးဖြန်းနိုင်ကြကုန်သည်။ သာသနာပသောအခါတို့၌ကား လက္ခဏာရေး သုံးပါးကို ပညတ်ရာ၌ ဘုရားမှ တပါးသော ပုဂ္ဂိုလ်တို့၏ အရာမဟုတ်သောကြောင့် လက္ခဏာရေး သုံးပါးကို ထိုးထွင်း၍သိသော သစ္စာ နုလောမိက ဉာဏ်ကို မရနိုင်ကြကုန်။ လူသော် အကျိုးရှိ၏ စသည်ဖြင့် သိသော ကမ္မဿကတာ သမ္မာဒိဋ္ဌိကိုကား ရနိုင်ကြကုန်သည်ဖြစ်၍ ကမ္မဿကတာဉာဏ်ဖြင့်ပင် မိမိလည်းပါရမီပြည့်ကြောင်းဖြစ်သော ဒါန-သီလစသော ကုသိုလ်တရားကို အားထုတ်ကြကုန်၍ သူတပါးတို့ကိုလည်း ဒါနစသော ကုသိုလ်တရားကို ဟောကြားတော် မူကြကုန်သည်ဟူ၍ မှတ်အပ်၏။ ။ထို့ကြောင့် ဗုဒ္ဓဝင် ပါဠိတော်၌။ ။မိစ္ဆာဒိဋ္ဌိံ နသေဝန္တိ၊ ကမ္မကြိယ ဒဿနာ။ ။ဟူ၍ရင်း၊ မူလပဏ္ဏာသ အဋ္ဌကထာ သမ္မာဒိဋ္ဌိသုတ် အဘွင့်၌။ ။တတ္ထ ဗာဟိရကော ကမ္မဿကတာ သမ္မာဒိဋ္ဌိထယာ သမ္မာဒိဋ္ဌိ ဟောတိ။ နော သစ္စာနုလောမိကာယ။ ။ဟူ၍ရင်း။ ပါရာဇိကဏ် အဋ္ဌကထာ၌။ ။အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌန္တိ အာဒိ နယပ္ပဝတ္တံပန ကမ္မဿကတာဉာဏံ ပညာ။ သာဟိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ၊ ဥပ္ပန္နေ ဗုဒ္ဓေ တဿာပညာယ ဗုဒ္ဓါပိ ဗုဒ္ဓသာဝကာပိ မဟာဇနံ သမာဒပေန္တိ။ ။အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါစ ကမ္မဝါဒိနောစ ဓမ္မိကာ သမဏ ဗြာဟ္မဏာ စက္ကဝတ္တိစ မဟာရာဇာနော မဟာဗောဓိသတ္တာစ သမာ ဒပေန္တိ။ သာမမ္ပိ ပဏ္ဍိတာ သတ္တာ သမာဒိ ယန္တိ။ တထာဟိ အင်္ကုရော ဒသဝဿသဟဿာနိ မဟာဒါနံ အဒါသိ။ ဝေလာမော ဝေဿန္တရောစ အညေစ ဗဟူပဏ္ဍိတမနုဿာ မဟာဒါနာနိ အဒံသု။ ။ဟူ၍ရင်း။ ။တိလက္ခဏာကာရ ပရိစ္ဆေဒကံပန ဝိပဿနာဉာဏံ အဓိပညာတိ ဝုစ္စတိ။ သာဟိ အဓိသီလ အဓိစိတ္တာနိပိယ သီလစိတ္တာနံ

(ဖြည်ကြီးမဏ္ဍိုင်)

သဗ္ဗလောကိယပညာနံ အဓိကာစေဝ ဥတ္တမာစ။ နစဝိနာ ဗုဒ္ဓုပ္ပါဒါ လောကေ ပဝတ္တတိ။ ။ဟူ၍ရင်း ဟောတော်မူအပ်၏။

ဗောဓိနိယတာ၊ သဗ္ဗညုတဉာဏ်၌ မြဲစွာ စွဲသော စိတ်ရှိကုန်သော။ နရာ၊ ဘုရားအလောင်း သူတော်ကောင်းတို့သည်။ ကမ္မကြိယ ဒဿနာ၊ ကံကို ပြုအပ်၏ဟု အယူရှိကြကုန်သည်ဖြစ်၍။ မိစ္ဆာဒိဋ္ဌိံ၊ ကမ္မပထမြောက်သော မိစ္ဆာ အယူရှိသော ပုဂ္ဂိုလ်ကို။ နသေဝန္တိ၊ မမှီဝဲကြကုန်။ ။(ဤကား ဗုဒ္ဓဝင်ပါဠိတော်၏အနက်)။ ။[ပဏ္ဏာသအဋ္ဌကထာ၏ အနက်ကို အောက်သမ္မာဒိဋ္ဌိပုစ္ဆာ အဖြေမှာရေးခဲ့ပြီး]။ ။ပန၊ ဆက်၍ဆိုဦးအံ့။ အတ္ထိဒိန္နံ အတ္ထိ ယိဋ္ဌန္တိ အာဒိနယပ္ပဝတ္တံ၊ အတ္ထိဒိန္နံ အတ္ထိယိဋ္ဌံ—ဤသို့ အစရှိသော နည်းအားဖြင့် ဖြစ်သော။ ကမ္မဿကတဉာဏံ၊ ကမ္မဿကတ ဉာဏ်သည်။ ပညာ၊ ပညာမည်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သာပညာ၊ ထိုကမ္မဿကတဉာဏ်ပညာသည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နေပိ၊ ပွင့်သော်ရင်း။ အနုပ္ပန္နေပိ၊ မပွင့်သော်ရင်း။ လောကေ၊ သတ္တလောက၌။ ပဝတ္တတိ၊ တည်၏။ ဝါ၊ ဖြစ်၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နေ၊ ပွင့်တော်မူသည်ရှိသော်။ ဗုဒ္ဓါပိ၊ မြတ်စွာဘုရား တို့သည်ရင်း။ ဗုဒ္ဓသာဝကာပိ၊ မြတ်စွာဘုရား၏ တပည့် သားတော်တို့သည်ရင်း။ တဿာ ပညာယ၊ ထိုကမ္မဿကတဉာဏ်တည်းဟူသော ပညာကို။ မဟာဇနံ၊ လူများ အပေါင်းကို။ သမာဒပေန္တိ၊ ဆောက်တည်ကြစေကုန်၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ အနုပ္ပန္နေ၊ ပွင့်တော်မမူသည်ရှိသော်။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါ ဘုရားရှင် တို့သည်ရင်း။ ကမ္မဝါဒိနော၊ ကံကိုပြုအပ်၏ဟု ပြောဟောလေ့ရှိကုန်သော။ ဓမ္မိကာ၊ တရားကို စောင့်ကုန်သော။ သမဏဗြာဟ္မဏာစ၊ ရဟန်းပုဏ္ဏားတို့သည်ရင်း။ စက္ကဝတ္တိစ မဟာရာဇာနော၊ စကြဝတေးမင်းတို့သည်ရင်း။ ဗောဓိသတ္တာစ၊ ဘုရား အလောင်းတော် တို့သည်ရင်း။ သမာဒပေန္တိ၊ ကောင်းစွာဆောက်တည်စေကြကုန်၏။ သာမမ္ပိ၊ ကိုယ်တိုင်လည်း။ ပဏ္ဍိတာ၊ ပညာရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သမာဒိယန္တိ၊ ကောင်းစွာ ဆောက်တည်ကြကုန်၏။ တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ အင်္ကုရော၊ အင်္ကုရ အမည်ရှိသော ကုန်သည်သည်။ ဒသဝဿ သဟဿာနိ၊ အနှစ် တသောင်းတို့ ပတ်လုံး။ မဟာဒါနံ၊ ကြီးစွာသောအလှူကို။ အဒါသိ၊ ပေးပြီ။ ဝေလာမော၊ ဝေလာမ ပုဏ္ဏားသည်ရင်း။ ဝေဿန္တရော၊ ဝေဿန္တရာ မင်းသည်ရင်း။ အညော၊ တပါးကုန်သော။ ပဏ္ဍိတမနုဿာစ၊ ပညာရှိသော လူတို့သည်ရင်း။ မဟာဒါနာနိ၊ များစွာသော အလှူတို့ကို။ အဒံသု၊ လှူကြကုန်ပြီ။ ။ပန၊ ဆက်၍ ဆိုဦးအံ့။ တိလက္ခဏာ ကာရပရိစ္ဆေဒကံ၊ အနိစ္စ အစရှိသော သုံးပါးသော လက္ခဏာတို့၏ အခြင်းအရာကို ပိုင်းခြား၍သိအပ်သော။ ဝိပဿနာဉာဏံ၊ ဝိပဿနာ ဉာဏ်ကို။ အဓိပညာတိ၊

အဓိပညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သာပညာ၊ ထိုအနိစ္စစသော-သုံးပါးသော လက္ခဏာတို့၏ အခြင်းအရာကို ပိုင်းခြား၍ သိတတ်သောပညာသည်။ အဓိသီလ- အဓိစိတ္တာနိ၊ပါတိမောက္ခသံဝရသီလ,မဂ်စိတ် ဖိုလ်စိတ်တို့သည်။ သီလ-စိတ္တာနံ၊ ငါးပါးသီလ,ဆယ်ပါးသီလ, လောကီ စိတ်တို့ထက်၊ အဓိကာနိစ၊ လွန်ကဲကုန်သည်ရင်း။ ဥတ္တမာနိစ· မြတ်ကုန်သည်ရင်း။ ဟောန္တိဝိယ၊ ဖြစ်ကုန်သကဲ့သို့။ လောကိယ ပညာနံ၊ လောကီ ပညာ တို့ထက်။ အဓိကာစ၊ လွန်ကဲသည်ရင်း။ ဥတ္တမာစ၊ မြတ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓုပ္ပါဒါ၊ မြတ်စွာဘုရား၏ ပွင့်တော်မူခြင်းကို။ ဝိနာ၊ ကြဉ်၍။ လောဒကာ၊ လောကဥ္စ။ နုပ္ပဝတ္တတိ၊ ဖြစ်လည်း မဖြစ်။ ။(ဤကား ပါရာဇိကကဏ် အဋ္ဌကထာပါဠိ၏အနက်)

ဤသို့ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ပါရမီကုသိုလ်ကို ပြုရာ၌ ခန္ဓာ,အာယတန-ဓာတ်စသည်တို့၌ အထူးမလိမ္မာသော်လည်း ဇာတိစသော သံသရာကို စက်ဆုပ်သောစိတ်၊ ဘုရား- ပစ္စေကဗုဒ္ဓါ-ရဟန္တာ အရှင်မြတ်တို့ကို ကြည်ညို၍ ဤအရှင်တို့လို ဖြစ်ချင်သော စိတ်တို့ဖြင့် ပြုအပ်သော ကုသိုလ်တို့၏ ပါရမီ ဖြစ်ကြောင်း အလွန်ပင်ထင်ရှား၏။ သို့ဖြစ်၍ သမ္မာဉာဏ် ရှေ့သွား၍ ဝဋ္ဋတရားမှ ထွက်မြောက်လိုသော စိတ်သည်သာ ပါရမီ ကုသိုလ်ဖြစ်ရာ၌ အကြောင်းရင်းဖြစ်သည်ဟု မှတ်ရာ။ ထို့ကြောင့် သီလက္ခန် ဋီကာ၌—

တဏှာ မာနာဒိမညတြ၊ ဥပါယ ကုသလေ နယာ။
ညာဏေန ပရိဂ္ဂဟိတာ၊ ပါရမီ သာ ဝိဘာဝိတာ။

တဏှာမာနာဒီဟိ အနုပဟတာ ကရုဏူပါယ ကောသလ္လ ပရိဂ္ဂဟိတာ ဒါနာဒယောဂုဏာသမ်ါတာ တောကြိယာ ပါရမီတိ ဝိဘာဝိတာ။ ။ဟူ၍ရင်း။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကနိပါတ် အဘွင့်၌။ ။ဝေမေတံ အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တဒါနံ ကုသလံဝါ ဟောတု။ မဟန္တံ ဝေလာမဒါနာဒိကုသလံဝါ၊ သစေဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာ ပဏိဟိတံ ဟောတိ။ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နောဝိဝဋ္ဋံ။ ဟူဒံမေ ဒါနံ အာသဝက္ခယံဟောတူတိ ဧဝံပန ဝိဝဋ္ဋံ ပဋ္ဌေန္တော နဝိဝဋ္ဋဝသေန သမ္မာပဏိဟိတံ အရဟတ္တံပိ ပစ္စေကဗောဓိဉာဏံပိ သဗ္ဗညုဗောဓိဉာဏံပိ ဒါတုံ သက္ကောတိယေဝ။ ။ဝုတ္တာဥ္စေတံ။ ။ ပဋ္ဌိသမ္ဘိဒါ ဝိမောက္ခာစ၊ ယာစ သာဝကပါရမီ။ ပစ္စေကဗောဓိဗုဒ္ဓဘူမိ၊ သဗ္ဗမေတေန လဗ္ဘတီတိ။ ။ဟူ၍ရင်း မိန့်အပ်၏။

ယာကြိယာ၊ အကြင်ဒါန အစရှိသော အမှုအရာတို့ကို။ တဏှာမာနဇာဒီဟိ၊
တဏှာမာန စသည်တို့ကို။ အညတြ၊ ကြဉ်၍။ ဥပါယကုသလေန၊ အကြောင်း၌
လိမ္မာသော။ ဉာဏေန၊ ကရုဏာနှင့် တကွဖြစ်သော ဉာဏ်သည်။ ပရိဂ္ဂဟိတာ၊
သိမ်းဆည်းအပ်ကုန်၏။ သာကြိယာ၊ ထိုဒါနစသော အမှုအရာတို့ကို။ ပါရမိ
တ်၊ ပါရမီကုသိုလ်ဟူ၍။ ဝိဘာဝိတာ၊ ထင်စွာပြအပ်ကုန်၏။ ။တဏှာ မာနာ
ဒီဟိ၊ တဏှာမာနစသည်တို့သည်။ အနုပဟတာ၊ မနှိပ်စက်အပ်ကုန်သော။ ကရု
ဏူပါယကောသလ္လ ပရိဂ္ဂဟိတာ၊ သတ္တဝါတပါးကို သနားတတ်သော ကရု
ဏာ, အကြောင်း၌ လိမ္မာသောပညာသည် သိမ်းဆည်းအပ်ကုန်သော။ ဒါနာ
ဒဓယာ၊ အလှူပေးခြင်း အစရှိကုန်သော။ ဂုဏာသမ်ါတာ၊ ကျေးဇူးဟု ဆိုအပ်
ကုန်သော။ တောကြိယာ၊ ထိုအမှုအရာတို့ကို။ ပါရမိတိ၊ ပါရမီတို့ဟူ၍။ ဝိဘာ
ဝိတာ၊ထင်စွာပြအပ်ကုန်၏။ ။(ဤကား သီလက္ခန် ဋီကာပါဌ်၏အနက်)

ဧဝံ၊ ဤသို့။ တေံကုသလံ၊ ထိုကုသိုလ်သည်။ အပ္ပမတ္တကံ၊ အနည်းငယ်မျှသာ
ဖြစ်သော။ တိဏာမုဋ္ဌိမတ္တဒါနံ၊ မြက်တဆုပ်မျှ ဖြစ်သော အလှူဟုဆိုအပ်သော။
ကုသလံဝါ၊ ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်သော။
ဝေလာမဒါနာဒိ ကုသလံဝါ၊ ဝေလာမပုဏ္ဏားအ၏ အလှူစသော ကုသိုလ်သည်
မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်၌ဖြစ်သော စည်းစိမ် ချမ်းသာကို။
ပတ္ထေတွာ၊ တောင့်တ၍။ ဝဋ္ဋသန္နိဿိတ ဝသေန၊ ဝဋ်၌မှီသည်၏ အစွမ်းဖြင့်။
မိစ္ဆာပဏိဟိတံ၊ မှားသောအားဖြင့် တောင့်တအပ်သည်။ ဝါ၊ မှားသောအား
ဖြင့် ဆုတောင်းပတ္တနာအမှုကို ပြုအပ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။
ဧဝံသတိ၊ ဤသို့မှားသောအားဖြင့် ဆုတောင်းပတ္တနာ အမှုကို ပြုအပ်သည်ရှိ
သော်။ ဝဋ္ဋမေဝ၊ ဝဋ်ဆင်းရဲသို့ သာလျှင်။ အာဟရိတုံ၊ ပို့ဆောင်ခြင်းငှါ၊
သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်၏ကင်းရာဖြစ်သောနိဗ္ဗာန်သို့။ အာဟရိတုံ၊ပို့
ဆောင်ခြင်းငှါ။နေ၀သက္ကောတိ၊မစွမ်းနိုင်။ ပန၊ ပို့ဆောင်သည်ကိုဆိုဦးအံ့။မေ
ငါ၏။ ဣဒံဒါနံ၊ ဤအလှူသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရားတို့၏
ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။
ဣတိ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်တရား၏ကင်းရာဖြစ်သောနိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင့်
တသဖြင့်။ဝိဝဋ္ဋူပနိဿယဝသေန၊ ဝဋ်တရားမှကင်းလိုသည်၏အစွမ်းဖြင့်။ သမ္မာ၊ ကောင်း
စွာ။ပဏိဟိတံ၊ ထားအပ်သောကုသိုလ်သည်။ အရဟတ္တံပိ၊ အရဟတ္တဖိုလ်ကိုရင်း။
ဝါ၊ ရဟန္တာ၏အဖြစ်ကိုရင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း။
သဗ္ဗညုတညာဏမ္ပိ၊သဗ္ဗညုတဉာဏ်ကိုရင်း။ ဒါတုံ၊ပေးခြင်းငှါ။ သက္ကောတိယေဝ၊
တတ်နိုင်သည်သာလျှင်တည်း။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ပဋိသမ္ဘိဒါ။ ပ။
လဗ္ဘတီတိ၊ လဗ္ဘ(ေ)ဟူသော။ တေံဝစနံ၊ ထိုစကားတော်ကို။ဘာဂဝတာ၊ မြတ်စွာ

ဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။ယာပဋိသမ္ဘိဒါစ၊ အကြင်လေးပါး ကုန်သော ပဋိသမ္ဘိဒါဉာဏ်တို့သည်ရှင်း။ယာဝိမောက္ခာစ၊ အကြင်သုံးပါးသော ဝိမောက္ခတို့သည်ရှင်း။ ယာစ သာဝကပါရမီ၊ အကြင်သာဝကတို့၏ ပါရမီသည် ရှင်း။ ယာစ ပစ္စေကဗောဓိ၊ အကြင်ပစ္စေကဗုဒ္ဓါ, ဘုရားရှင်တို့၏ဉာဏ်သည်ရှင်း။ ယာစ ဗုဒ္ဓဘူမိ၊ အကြင် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်တို့၏ ပါရမီသည်ရှင်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံကို။ တေန၊ ထိုဒါနစသော ကုသိုလ်ဖြင့်။ လဗ္ဘတိ၊ ရအပ်၏။ ။(ဤကား အင်္ဂုတ္တိုရ် အဋ္ဌကထာ ပါဠ်၏ အနက်)။ ။သောဠသ ပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကားပြီး၏။

တဆဲ့ခြောက်ပါးသော ပုစ္ဆာတို့၏ အဖြေကား

ဤတွင် အပြီးသတ်၏။

(၄၅) ဤဇာတိခေတ် တသောင်းသော လောကဓာတ်မှ တပါး၊ အခြားသော လောကဓာတ်တို့၌ ဘုရားပွင့်- မပွင့်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော။ ယ ဧကိဿာလောကဓာတုယာ ဒွေအရဟန္တော သမ္မာ သမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ၊ နေတံဌာနံ ဝိဇ္ဇတိ။ ။ဉာဏဝိဘင်းပါဠိတော်။ ။[ရှင်းပါဠိတော်၏သိမ်မွေ့နက်နဲ ခက်ခဲသော မြတ်စွာဘုရား၏ အလိုတော် အဓိပ္ပါယ်ရှိရကား ပညာရှိတို့သည် စိန္တာမယဉာဏ် ရှေ့သွားသဖြင့် စဉ်းစား၍ မှတ်ယူကြစေကုန်သတည်း]။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ယံယေန ဌာနေန၊ အကြင်အကြောင်းဖြင့်။ ယံယေန သြကာသေန၊ အကြင် အရာဖြင့်။ ဧကိဿာ၊ တခုသော။ လောကဓာတုယာ၊ လောကဓာတ်၌။ ဒွေ၊ နှစ်ဆူကုန်သော။ အရဟန္တော၊ လူနတ်ပြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူ ထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အပုဗ္ဗံ အစရိမံ၊ မရှေး မနှောင်း။ ဝါ၊ တပြိုင်နက်။ ဥပ္ပဇ္ဇေယျုံ၊ ပွင့်ကုန်ရာ၏။ တံဌာနံ၊ ထိုအကြောင်း သည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ သြကာသော၊ ထိုအရာသည်။ အနဝကာသော၊ အရာမဟုတ်။ တံဌာနံ၊ ထိုတခုသောလောကဓာတ်၌ ဘုရားနှစ်ဆူ တပြိုင်နက် တချက်ထည်း ပွင့်ခြင်း၏ အကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ။ (ဤကား အနက်)

တောင်ကျွန်း၌ စကြာမင်းပြိုင်၍ မဖြစ်ဟုဆိုလျှင် အရှေ့ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်းတို့၌ကား ဖြစ်၏ဟု အနက်ရောက်သော အဓိပ္ပါယ်တရစ်၊ ဤစကြာဝဠာ၌ ပြိုင်၍ စကြာမင်း နှစ်ယောက် ဖြစ်သည် ရှိ၏လောဟု မေးရာ၌ တောင်ကျွန်း၌စကြာမင်းနှစ်ယောက်ပြိုင်၍ဖြစ်ပါလျှင် ရှိ၏။ ဤသို့တောင်ကျွန်း၌ စကြာမင်းနှစ်ယောက်ပြိုင်၍ ဖြစ်သည်လည်းမရှိ။ ထိုသို့မရှိသောကြောင့် ဤစကြာဝဠာ၌ စကြာမင်း နှစ်ယောက်ပြိုင်၍ ဖြစ်သည်မရှိဟု ဖြေဆိုလျှင် အရှေ့ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်းတို့သည် စကြာမင်း ဖြစ်ရာ ခေတ်မဟုတ်။ မဟုတ်သောကြောင့် ၎င်းအရှေ့ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်းတို့၌ စကြာမင်းဖြစ်လေသလောဟု တွေးတောယုံမှားဘွယ်ပင် မရှိဟု အနက်ရောက်သော အဓိပ္ပါယ်တရပ်။ ယင်းနှစ်ရပ်တို့တွင် ပဌမ အနက် ရောက်သော အဓိပ္ပါယ်သည် မသင့်သကဲ့သို့၊ ဒုတိယအနက် ရောက်သော အဓိပ္ပါယ် သည်သာ သင့်သကဲ့သို့ ထို့အတူ၊ တခုတည်းသော ဇာတိခေတ် တသောင်းသော လောကခေတ်၏အတွင်း၌ နှစ်ဆူသော ဘုရားရှင်တို့သည်ပြိုင်၍မပွင့်ကုန်ဟုဆိုလျှင် တပါးသော လောကခေတ်တို့၌ကား ဘုရားရှင်တို့သည် ပွင့်ကုန်၏ဟု အနက်ရောက်သော အဓိပ္ပါယ်တရပ်။ ယခုပစ္စုပ္ပန်၌ ငါတို့ဘုရားနှင့်တူသော တပါးသောဘုရား ရှိသေးသလော-ဟု မေးရာ၌ တခုသော ဇာတိခေတ် တသောင်းသော လောကခေတ်၌ နှစ်ဆူသော ဘုရားရှင်တို့ ပြိုင်၍ ပွင့်တော်မူလျှင် ရှိ၏။ ဤသို့ပြိုင်၍ ပွင့်တော်မူခြင်းလည်းမရှိ။မရှိသောကြောင့် ယခုပစ္စုပ္ပန်၌ငါတို့ဘုရားနှင့်တူသော တပါးသော ဘုရားမရှိဟု ဖြေဆိုလျှင် တပါးသောအနန္တ လောကခေတ်တို့သည် ဘုရားပွင့်ရာခေတ်မဟုတ်၊ အချည်းစီးသာဖြစ်၍ ၎င်းတပါးသော လောကခေတ်တို့၌ ငါတို့ဘုရားနှင့်တူသော တပါးသောဘုရား ရှိလိမ့်မည်ဟု မြော်ခေါ်ကိုးစား ယုံမှားဘွယ်ပင်မရှိဟု အနက်ရောက်သောအဓိပ္ပါယ်တရပ်။ ယင်းနှစ်ရပ်တို့တွင် ပဌမအနက်ရောက်သော အဓိပ္ပါယ်မသင့်။ ။ဤဒုတိယအနက်ရောက်သော ဤလောကခေတ်မှ တပါးသော အနန္တ လောကခေတ် တို့သည် ဘုရားပွင့်ရာခေတ်ပင်မဟုတ်၊ အချည်းစီးသာဖြစ်ကုန်၍ ၎င်းတပါးသော လောကခေတ်တို့၌ ငါတို့ဘုရားနှင့်တူသော တပါးသောဘုရားရှိလိမ့်မည်ဟုမြော်ခေါ်ကိုးစား ယုံမှားဘွယ်ပင် မရှိရာဟူသော အနက်သာ သင့်မြတ်ကြောင်း မှတ်ယူရာ၏။ ထို့ကြောင့် မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်,ဝိနည်းမဟာ ပါဠိတို့၌၊–

နမေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။
အဟံဟိ အရဟာ လောကေ၊ အဟံ သတ္ထာ အနုတ္တရော။
ဧကောမှိ သမ္မာသမ္ဗုဒ္ဓေါ၊ သီတိဘူတော သ္မိ နိဗ္ဗုတော။–

ဟူ၍ ဟောတော်မူအပ်၏။ ။မေ၊ ငါဘုရားအား။ အာစရိယော၊ ဆရာသည်။ နတ္ထိ၊ မရှိ။ သဒေဝကသ္မိံ၊ နတ်ပြည်, ဗြဟ္မာ့ပြည်နှင့် တကွ ဖြစ်သော။ လောကသ္မိံ၊ အနန္တလောကဓာတ်၌။ မေ၊ ငါဘုရားအား။ ဝါ၊ ငါဘုရားနှင့်။ သဒိသော၊ ပြိုင်လျက်စံယူ အတူပွင့်သော တပါးသော ဘုရားသည်။ နဝိဇ္ဇတိ၊ မရှိ။ မေ၊ ငါဘုရားအား။ဝါ၊ ငါဘုရားနှင့်။ ပဋိပုဂ္ဂလော၊ ယှဉ်ပြိုင်စံယူ အတူဖြစ်သောပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ။ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ လောကေ၊ ဆုံးဆမရှိ တိုင်းမသိသော အနန္တလောကဓာတ်၌။ အဟံ၊ ငါဘုရားသည်။ အရဟာ၊ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော် မူထိုက်သော ဘုရားဖြစ်တော်မူ၏။ အဟံ၊ ငါဘုရားသည်။ အနုတ္တရော၊ အတုမရှိ မြတ်တော်မူသော။သတ္ထာ၊ လူနတ် ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူ၏။ ကော၊ အဖေါ်မမှီး တဆူတည်းသာလျှင်။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ထိုးထွင်း၍ သိမြင်တော်မူသည်။ အမှုဖြစ်တော်မူ၏။ အဟံ၊ငါဘုရားသည်။ နိဗ္ဗုတော၊ ကိလေသာမီး ငြိမ်းလေပြီးသည် ဖြစ်၍။ သီတိဘူတော၊ ချမ်းအေးသည်ဖြစ်၍ ဖြစ်သည်။ အသ္မိ၊ ဖြစ်တော်မူ၏။ ။(ဤကားအနက်)

အဓိပ္ပါယ်ကား—ဤစကြဝဠာ, ဤလောကဓာတ်ကိုချန်ထား၍ အဆုံးအပိုင်းအခြားမရှိသော အနန္တ— အပရိမာဏဖြစ်သော တပါးသော လောကဓာတ်တို့၌ အဆုံးအပိုင်းအခြားမရှိ သိမြင်တော်မူနိုင်သော သဗ္ဗညုတဉာဏ်တော်ဖြင့် မြော်၍ကြည့်သော်လည်း ငါဘုရားနှင့်တူသော တစုံတယောက်သော လူကိုရင်း၊ နတ်ကိုရင်း။ဗြဟ္မာကိုရင်း မြင်တော်မမူ။ငါဘုရားနှင့်ပြိုင်ဘက်စံယူ အတူပြု၍ပွင့်သောဘုရားသည် မရှိဟူလိုသည်။ ထိုစကားသည်မှန်၏။ ဤစကြဝဠာကိုထား၍ တပါးသော စကြဝဠာတို့၌ ဘုရားမပွင့်ဟူသော အနက်ကို ပြတတ်သော။ ။ အင်္ဂုတ္တိုရ်မေတံ အနဝကာသော—စသောပါဠိ။ ။သစေပန မံ ဘန္တေ ဧဝံ ပုစ္ဆေယျုံ ကိံ နုခေါ အာဝုသော သာရိပုတ္တ အတ္ထိ ဧတရဟိ အညော သမဏော ဝါ ဗြာဟ္မဏော ဝါ ဘဂဝတာ သမသမော သမ္ဗောဓိယန္တိ၊ ဧဝံ ပုဋ္ဌော အဟံ ဘန္တေ ဧဝန္တိ ဝဒေယျံ၊ ကိံ ပနာဝုသော သာရိပုတ္တ ဘဝိဿန္တိ အနာဂတ မဒ္ဓါနံ အညေ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဘဂဝတာ သမသမာ သမ္ဗောဓိယန္တိ။ ဧဝံ ပုဋ္ဌော အဟံ ဘန္တေ ဧဝန္တိ ဝဒေယျံ။ ကိံ ပနာဝုသော သာရိပုတ္တ အတ္ထေတရဟိ အညော သမဏော ဝါ ဗြာဟ္မဏော ဝါ ဘဂဝတာ သမသမော သမ္ဗောဓိယန္တိ။ ဧဝံ ပုဋ္ဌော အဟံ ဘန္တေ နောတိ ဝဒေယျံ။ သစေပန မံ ဘန္တေ ဧဝံ ပုစ္ဆေယျုံ၊ ကိံ ပနာယသ္မာ သာရိပုတ္တော ဧကစ္စံ၊ အဗ္ဘနုဇာနာတိ၊ ဧကစ္စံ နအဗ္ဘနုဇာနာတီတိ။ ဧဝံ ပုဋ္ဌော အဟံ ဘန္တေ ဧဝံ ဗျာကရေယျံ။သမ္မုခါ မေတံ အာဝုသော ဘဂဝတော သုတံ၊ သမ္မုခါ ပဋိဂ္ဂဟိတံ။ အဋ္ဌာနမေတံ အနဝကာသော ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော

သမ္မာသမ္ဗုဒ္ဓါ မယာ သမသမာ သမ္ဗောဓိယန္တိ၊ သမ္ဗုဒ္ဓါမေတံ အာဝုသော ဘဂဝတော သုတံ။ သမ္ဗုဒ္ဓါ ပဋိဂ္ဂဟိတံ။ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ မယာ သမသမာ သမ္ဗောဓိယန္တိ။ သမ္ဗုဒ္ဓါမေတံ အာဝုသော ဘဂဝတော သုတံ။ သမ္ဗုဒ္ဓါ ပဋိဂ္ဂဟိတံ။ အဋ္ဌာနမေတံ အနဝကာသော။ ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ နေတံ ဌာနံ ဝိဇ္ဇတီတိ။ ။ဟူသော ပါဠိယေဝ သမ္ပသာဒနီယ သုတ်ပါဠိ။ ။နမေ အာစရိယော အတ္ထိ စသော ပါဠိထင်ရှားရှိသည်ကို ရည်၍ ဉာဏဝိဘင်း အဋ္ဌကထာ၌။ ။ဣမေသုပန တီသုခေတ္တေသု ဌပေတွာ ဣမံ စက္ကဝါဠံ အညသ္မိံ စက္ကဝါဠေ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တီတိ သုတ္တံ နတ္ထိ။ နဥပ္ပဇ္ဇန္တီတိ ပန အတ္ထိ။ ။ဟူ၍ရှင်း၊ တိုက်ရိုက်ပင် ၎င်း၏အဘွင့်မူလဋီကာ၌။ ။နဥပ္ပဇ္ဇန္တီတိ ပန အတ္ထီတိ နမေ အာစရိယော အတ္ထိ။ သဒိသော မေ နဝိဇ္ဇတီတိ အာဒိံ ဣမိဿာ လောကဓာတုယာ ဌတွာ ဝဒန္တေန ဘဂဝတာ၊ ကိံ ပနာဝုသော သာရိပုတ္တ အတ္ထေတရဟိ အညော သမဏော ဝါ ဗြာဟ္မဏော ဝါ ဘဂဝတာ သမသမာ သမ္ဗောဓိယန္တိ၊ ဧဝံ ပုဋ္ဌော အဟံ ဘန္တေ နောတိ ဝဒေယျန္တိ ဝတွာ တဿ ကာရဏံ ဒဿေတုံ အဋ္ဌာနမေတံ အနဝကာသော၊ ယံ ဧကိဿာ လောကဓာတုယာ ဒွေအရဟန္တော သမ္မာသမ္ဗုဒ္ဓါတိ ဣဒံသုတ္တံ ဒဿေန္တေန ဓမ္မသေနာပတိနာ ဗုဒ္ဓခေတ္တဘူတံ ဣမံ လောကဓာတုံ ဌပေတွာ အညတ္ထ အနုပ္ပတ္တိဝုတ္တာ ဟောတီတိ ဒဿိတာတိ အဓိပ္ပါယော။ ။ဟူ၍ရှင်း မိန့်အပ်၏။ ။ဤကားအာဂုံ ပါဠိအားဖြင့် တပါးသော လောကဓာတ် တို့၌ ဘုရားပွင့်တော် မမူသည်ကို ပြခြင်းတည်း။

ဘန္တေ၊ အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ အညော၊ တပါးသောရဟန်းသည်။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ကိံ နုခေါ၊ အဘယ်နည်း။ အတီတမဒ္ဓါနံ၊ လွန်လေပြီးသောကာလ၌။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သမ္ဗောဓိယံ၊ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိတော်မူခြင်း၌။ သမသမာ၊ အတူအမျှ ဖြစ်ကုန်သော။ အညေ၊ မြတ်စွာဘုရားမှ တပါးကုန်သော။ သမဏာဝါ၊ ရဟန်းတို့သည်၎င်း။ ဗြာဟ္မဏာဝါ၊ ပုဏ္ဏားတို့သည်၎င်း။ အဟေသုံ၊ ရှိသည်ဖြစ်လေကုန်သလော။ ဣတိဧဝံ၊ ဤသို့။ သစေပုစ္ဆေယျ၊ အကယ်၍ မေးလာငြားအံ့။ ဘန္တေ၊ ရား။ ဧဝံ၊ ဤသို့။ ပုဋ္ဌော၊ မေးအပ်သည် ရှိသော်။ အဟံ၊ တပည့် တော်သည်။ ဝေန္တိ၊ ဝေံဟူ၍။ ဝါ၊ သင်မေးတိုင်း မှန်စွာရှိပါကုန်၏ဟူ၍။ ဝဒေယျံ၊ ဖြေဆိုပါအံ့။ အာဝုသောသာရိပုတ္တ၊ ရာ။ ကိံပန၊ အဘယ်နည်း။ အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ဘဂဝတာ၊ နှင့်။ သမ္ဗောဓိယံ၊ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိတော်မူခြင်း၌။ သမသမာ၊ ကုန်သော။ အညေ၊ ကုန်သော။ သမဏာဝါ၊

တို့သည်ရင်း။ ဗြာဟ္မဏာ၀ါ၊ တို့သည်ရင်း။ ဘဝိဿန္တိ၊ ရှိသည်ဖြစ်ကုန်လတ္တံ့လော။ ဣတိဝေံ၊ ဤသို့။ သစေပုစ္ဆေယျ၊ အကယ်၍မေးလာငြားအံ့။ ဘန္တေ၊ ရား။ ဧဝံ၊ သို့။ ပုဋ္ဌော၊ သော်။ အဟံ၊ သည်။ ဝေန္တိ၊ ဝေံဟူ၍။ ဝါ၊ သင်မေးလာသည်အတိုင်း မှန်စွာဖြစ်ကုန်လတ္တံ့ဟူ၍။ ဣတိဝေံ၊ ဤသို့။ ဝဒေယျံ၊ ဖြေဆိုပါအံ့။ အာဝုသော သာရိပုတ္တ၊ ရာ။ ကိံပန၊ အသို့နည်း။ တေရဟိ၊ ယခုပစ္စုပ္ပန်ကာလ၌။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သမ္မာဝိယံ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍သိတော်မူခြင်း၌။ သမသမာ၊ အတူအမျှဖြစ်သော။ အညေ၊ မြတ်စွာဘုရားမှ တပါးသော။ သမဏာ၀ါ၊ သည်ရင်း။ ဗြာဟ္မဏာ၀ါ၊ သည်ရင်း။ အတ္ထိ၊ ရှိပါသေး၏လော။ ဣတိဝေံ၊ ဤသို့။ သစေပုစ္ဆေယျ၊ အံ့။ ဘန္တေ၊ ရား။ အဟံ၊ သည်။ ဧဝံ၊ သို့။ ပုဋ္ဌော၊ သော်။ နောတိ၊ နောဟူ၍။ ဝါ၊ ယခုပစ္စုပ္ပန်ကာလ၌ မြတ်စွာဘုရားနှင့် သစ္စာလေးပါး တရားကို ထိုးထွင်း၍သိခြင်း၌ တူကုန်သော မြတ်စွာဘုရားမှ တပါးသော ရဟန်းပုဏ္ဏားတို့သည် မရှိပါကုန်ဟူ၍။ ဝဒေယျံ၊ ဖြေဆိုပါအံ့။ ပန၊ ထိုမှတပါး။ ဘန္တေ၊ ရား။ ကိံပန၊ အဘယ့်ကြောင့်။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာသည်။ ဧကစ္စံ၊ အချို့သော ပုဂ္ဂလကို။ အဗ္ဘနုဇာနာတိ၊ ခွင့်ပြုလေသနည်း။ ဧကစ္စံ၊ အချို့သောပုဂ္ဂလကို။ နအဗ္ဘနုဇာနာတိ၊ ခွင့်မပြုလေသနည်း။ ဣတိဝေံ၊ ဤသို့။ မံ၊ တပည့်တော်ကို။ သစေပုစ္ဆေယျံ၊ အကယ်၍ မေးလာငြားအံ့။ ဘန္တေ၊ ရား။ ဧဝံ၊ သို့။ ပုဋ္ဌော၊ သော်။ အဟံ၊ သည်။ ဧဝံ၊ သို့။ ဗျာကရေယျံ၊ ဖြေဆိုပါအံ့။ ကိံ၊ အဘယ်သို့။ ဗျာကရေယျံ၊ ဖြေဆိုအံ့နည်း ဟူမူကား။ အာဝုသော၊ ငါ့ရှင်။ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ မယာ သမသမာ သမ္ဗောဓိယန္တိ၊ အဟေသုံ။ ပ။ သမ္ဗောဓိယံ ဟူသော။ တော်ဝစနံ၊ ထိုစကားတော်ကို။ မေမယာ၊ ငါသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ သုတံ၊ ကြားနာခဲ့အပ်၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ပဋိဂ္ဂဟိတံ၊ ခံယူခဲ့အပ်၏။ အာဝုသော၊ ငါ့ရှင်။ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ မယာ သမသမာ သမ္ဗောဓိယန္တိ၊ သမ္ဗောဓိယံ ဟူသော။ တော်ဝစနံ၊ ထိုစကားတော်ကို။ မေမယာ၊ ငါသည်။ ဘဂဝတော၊ ၏။ သမ္မုခါ၊ မှ။ သုတံ၊ ကြားနာခဲ့အပ်၏။ ဘဂဝတော၊ ၏။ သမ္မုခါ၊ မှ။ ပဋိဂ္ဂဟိတံ၊ ခံယူခဲ့အပ်၏။ အာဝုသော။ ငါ့ရှင်။ အဋ္ဌာနမေတံ အနဝကာသော ယံဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ။ နေတံဌာနံ ဝိဇ္ဇတီတိ၊ ဝိဇ္ဇတိ ဟူသော။ တော်ဝစနံ၊ ထိုစကားတော်ကို။ မေမယာ၊ သည်။ ဘဂဝတော၊ ၏။ သမ္မုခါ၊ မှ။ သုတံ၊ အပ်၏။ ဘဂဝတော၊ ၏။ သမ္မုခါ၊ မှ။ ပဋိဂ္ဂဟိတံ၊ အပ်၏။ ဣတိဝေံ၊ ဤသို့။ ဗျာကရေယျံ၊ ဖြေဆိုပါအံ့။ ဣတိ၊ ဤသို့။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။

အာယသ္မာ သာရိပုတ္တော၊ သည်။ အဝေါစ၊ နားတော် လျှောက်လေ၏။ ။ (ဤကား သမ္ပသာဒနိယသုတ် ပါဠိတော်၏အနက်)

ပန၊ ဆက်၍ဆိုဦးအံ့။ တီသု၊ သုံးပါးကုန်သော။ ဣမေသု ခေတ္တေသု၊ စကြဝဠာ တသောင်းအရေအတွက်ရှိကုန်သော ဇာတိခေတ်, စကြဝဠာကုဋေတသိန်း အရေအတွက်ရှိကုန်သော အာဏာခေတ်, စကြဝဠာ အရေအတွက် အပိုင်းအခြား မရှိကုန်သော ဝိသယခေတ်တို့တွင်။ ဣမံစက္ကဝါဠံ၊ ငါတို့ဘုရား ပွင့်တော်မူရာ ဖြစ်သော ဤစကြဝဠာကို။ ဌပေတွာ၊ ချန်ထား၍။ အညသ္မိံ၊ တပါးသော။ စက္ကဝါဠေ၊ စကြဝဠာ၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ပွင့်တော်မူကုန် သေး၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ သုတ္တံ၊ သုတ်သည်။ ဝါ၊ ဘုရားဟောမှန်၊ မုက္ခမံလာ ဒေသနာပါဠိသည်။ နတ္ထိ၊ မရှိ။ ဣမံစက္ကဝါဠံ၊ ငါတို့ ဘုရားပွင့်တော်မူရာ ဤစကြဝဠာကို။ ဌပေတွာ၊ ချန်ထား၍။ အညသ္မိံ၊ တပါးသော။ စက္ကဝါဠေ၊ စကြဝဠာ၌။ ဗုဒ္ဓါ၊ မြတ်ဘုရားတို့သည်။ နဥပ္ပဇ္ဇန္တိ၊ ပွင့်တော်မမူကုန်။ ဣတိပန၊ ဤသို့ကား။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ သုတ္တံ၊ သည်။ ဝါ၊ ဘုရားဟောမှန် မုက္ခမံလာ ဒေသနာပါဠိသည်။ အတ္ထိ၊ တိုက်ရိုက် ပင် လာရှိ၏။ ။(ဤကား သမ္မောအဋ္ဌကထာပါဠိ၏အနက်)

နဥပ္ပဇ္ဇန္တီတိပန အတ္ထိတိ၊ ဟူသည်ကား။ နမေ အာစရိယော အတ္ထိ၊ သဒိသော မေ နဝိဇ္ဇတီတိ အာဒိံ၊ နဝိဇ္ဇတိ အစရှိသော ဒေသနာ တော်ကို။ ဣမိဿာ လောကဓာတုယာ၊ ဤလောကဓာတ်၌။ ဌတွာ၊ တည်တော်မူ၍။ ဝဒန္တေန၊ ဟော တော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်ရင်း။ ကိံပနာဝုသော သာရိ ပုတ္တ အတ္တေတရဟိ အညေ သမဏာဝါ ဗြာဟ္မဏာဝါ ဘဂဝတာ သမသမာ သမ္ဗောဓိယန္တိ၊ ဧဝံ ပုဋ္ဌော အဟံ ဘန္တေ နောတိ ဝဒေယျန္တိ၊ ဝဒေယျံ ဟူ၍။ ဝတ္ဂွာ၊ နားတော်လျှောက်ပြီး၍။ တဿ၊ ထိုလျှောက်ထားအပ်ပြီးသော ယခု ပစ္စုပ္ပန်၌ မြတ်စွာဘုရားနှင့်တူသော မြတ်စွာဘုရားမှတပါး အခြားသော ဘုရား မရှိဟူသော စကားရပ်၏။ ကာရဏံ၊ တိုက်ရိုက် ဟောလာ ဒေသနာတော်တည်း ဟူသော ဉာပက အကြောင်းကို။ ဒဿေတုံ၊ ပြတော် မူခြင်းငှါ။ ။အဋ္ဌာန မေတံ အနဝကာသော။ ယံ ဧကိဿာ လောကဓာတုယာ ဒွေ့ အရဟန္တော သမ္မာသမ္ဗုဒ္ဓါတိ၊ သမ္မာသမ္ဗုဒ္ဓါ—ဤသို့အစရှိသော။ ဣဒံသုတ္တံ၊ ဤသုတ်ကို။ ဒဿေန္တေန၊ ထုတ်ဆောင်၍ ပြတော်မူသော။ ဓမ္မ သေနာပတိနာစ၊ တရား စစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည်ရင်း။ ဗုဒ္ဓခေတ္တာဘူတံ၊ဘုရား ရှင်တို့၏ ပွင့်တော်မူရာခေတ်ဖြစ်၍ ဖြစ်သော။ ဣမံလောကဓာတုံ၊ ဤလော ကဓာတ်ကို။ ဌပေတွာ၊ ချန်ထား၍။ အညတ္ထ၊တပါးသော လောကဓာတ်တို့၌။

အနုပ္ပတ္တိ၊ ဘုရားရှင်တို့၏ပွင့်တော်မမူခြင်းသည်။ ဝုတ္တာ၊ ဟောတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဿိတာ၊ ပြတော်မူအပ်၏။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။ ။(ဤကား မူလဋီကာပါဠ်၏အနက်)

တပါးသော လောကဓာတ်တို့၌ ဘုရား မပွင့်ကြောင်း ပါဠိသာဓကကို ပြပြီး၍ တပါးသော လောကဓာတ် တို့၌ ဘုရားပွင့်သည်ဟု ပြောဆို ကြသော စကား၏ ယုတ္တိမရှိကြောင်းကိုလည်း ပြဦးအံ့။ ။ကောက်ကျစ် စဉ်းလဲသော စိတ်မရှိ ပကတိဖြောင့်မတ်သော စိတ်ရှိသော ပစ္စေကဗုဒ္ဓါ, ရဟန္တာ, သာဝက တို့ထက် အထူးသဖြင့် ဖြောင့်မတ်သော စိတ် ရှိတော်မူသော သဗ္ဗညု မြတ်စွာ ဘုရားသည် လောက၌ လာဘ်–ပူဇော်သက္ကာ- အခြံအရံ အကျော် အစောကို အလိုရှိသော ယုတ်မာသော ပုဂ္ဂိုလ်တို့သည် ချီးမွမ်းအံ့အဲ စေခြင်းငှါ ကောက်ကျစ်စဉ်းလဲသောစကားကို ဆိုကြကုန်သကဲ့သို့ ထို့အတူ၊ မဇ္ဈိမဒေသမှ တပါး အစွန်အနားဖြစ်သော ဇနပုဒ်တို့၌ ကိုယ်တော်နှင့်တူသော တပါးသောသူ ရှိပါလျက် ချီးမွမ်းအံ့အဲ စေခြင်းငှါ မဇ္ဈိမဒေသ၌ မရှိသည်ကို ရည်တော်မူ၍ ငါ ဘုရားနှင့်တူသောသူ မရှိဟူ၍ဝင်း၊ အရှေ့ကျွန်း စသည်တို့၌ ကိုယ်တော်နှင့် တူသော တပါးသောသူ ရှိပါလျက် ချီးမွမ်းအံ့အဲ စေခြင်းငှါ ဤတောင်ကျွန်း၌ မရှိသည်ကို ရည်တော်မူ၍ ငါဘုရားနှင့်တူသောသူ မရှိဟူ၍ဝင်း၊ နတ်ပြည်ဗြဟ္မာ့ ပြည်တို့၌ ကိုယ်တော်နှင့်တူသော တပါးသောသူရှိပါလျက် ချီးမွမ်းအံ့အဲစေခြင်း ငှါ ဤလူ့ပြည်၌ မရှိသည်ကို ရည်၍ ငါဘုရားနှင့် တူသောသူ မရှိဟူ၍ ဝင်း၊ အဆုံးအပိုင်း အခြားမရှိသော အနန္တ- အပရိမာဏဖြစ်သော ဤစကြဝဠာမှ တပါးသော လောကဓာတ်- အရပ်ဆယ်မျက်နှာတို့၌ တည်ကုန်သော လူ, နတ်, သတ္တဝါ, ပရိသတ်၌ ကိုယ်တော်နှင့်တူသော တပါးသောသူ ရှိပါလျက် ချီးမွမ်းအံ့အဲစေခြင်းငှါ ဤစကြဝဠာ၌ မရှိသည်ကို ရည်တော်မူ၍ ငါဘုရားနှင့် တူသောသူ မရှိဟူ၍ဝင်း၊ ကောက်ကျစ် စဉ်းလဲသော စကားကို ဆိုခြင်းငှါ ထိုက်တော်မမူ။ စင်စစ်သော်ကား အဆုံးအပိုင်း အခြားမရှိသော အနန္တ-အပရိမာဏ ဖြစ်သောလောကဓာတ် အရပ် ဆယ်မျက်နှာတို့၌ပင် အပိုင်းအခြားမရှိ သိမြင်တော် မူနိုင်သော သဗ္ဗညုတဉာဏ်တော်ဖြင့်သော်လည်း ကိုယ်တော်နှင့် တူသော တပါးသော ဘုရားရှိသည်ကို မြင်တော်မမူသောကြောင့် ငါဘုရားနှင့် တူသော သူ မရှိဟူ၍ ဟောတော် မူသည်။ ထိုစကားသင့်စွ၊ အကယ်၍ တပါးသော စကြဝဠာ- တပါးသော လောကဓာတ်တို့၌ ကိုယ်တော်နှင့် တူသော တပါး သော ဘုရားရှိငြားအံ့၊ အတိတ်ကာလ, အနာဂတ်ကာလတို့၌ ကိုယ်တော်နှင့်တူ သော တပါးသော ဘုရားရှိ၏ဟု ဟောတော်မူသကဲ့သို့ ထို့အတူ၊ အဆုံးအပိုင်း

အခြားမရှိသော အနန္တ အပရိမာဏဖြစ်သော လောကဓာတ်တို့တွင် မည်သည့် လောကဓာတ်၊ မည်သည့် စကြဝဠာ ၌ ငါးဘုရား ကဲ့သို့ တရားအလုံးစုံကို သိတော်မူသော ဘုရားရှိသေး၏ဟူ၍ ဟောတော်မူရာ၏။ ဟောလည်း ဟောတော်မမူ၊ အချို့ကား တခုသော လောကဓာတ်၌ နှစ်ဆူသော ဘုရားရှင်တို့သည် ပြိုင်၍ မပွင့်ကုန်ဟုဆိုလျှင် တပါးသော လောကဓာတ်၌ကား ပွင့်၏ဟု အနက်ရောက်သော အဓိပ္ပါယ်ကိုယူ၍ တပါးသော စကြဝဠာတို့၌လည်း ဇာတိဘေး၊ အိုးဘေး၊ နာဘေး၊ သေဘေး၊ စသည်တို့သည် ထင်ရှား ရှိသည်ပင်မဟုတ်ပါလား၊ ထိုဘေးတို့သည် ထင်ရှား လေသောကြောင့် ထိုဇာတိ စသော ဘေးတို့မှ ထုတ်ဆောင်တတ်သော မြတ်စွာ ဘုရားသည် ရှိ၏ဟူသော စကားကို ဆိုကြကုန်၏။ ထိုစကားသည် အလျဉ်းပင် မသင့်။ အဘဲ့ကြောင့် မသင့်သနည်းဟူမူ၊ ဤမှ တပါးသော အရှေ့ကျွန်း စသည်တို့၌ရင်း၊ ဇာတိခေတ် တသောင်းသော လောကဓာတ်တို့တွင် ဤစကြဝဠာမှ တပါးသော စကြဝဠာတို့၌ရင်း၊ ဇာတိဘေး၊ အိုဘေး၊ နာဘေး စသည် တို့သည် ရှိပါကုန်လျက် ဘုရားမပွင့်ကြောင်း မျက်စိဖြင့် မြင်သကဲ့သို့ အထင်အရှားဖြစ်သောကြောင့်ရင်း ဤကျွန်းမှတပါးသော အနန္တ-အပရိမာဏဖြစ်သော လောကဓာတ် တပါးတို့၌ ကျွတ်ထိုက်သော လူဇာတ်သတ္တဝါရှိငြားအံ့၊ ဘုရားရှင်အဆူဆူ ပွင့်တော်မူဘွယ်ကိစ္စမရှိ။ ငါတို့ မဟာကာရုဏိက အနန္တ ဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်ပင် ဤကျွန်းနှင့်မခြား ကိုယ်တော်တိုင်ကြွသွားတော်မူ၍ သော်ရင်း၊ များစွာသော နိမ္မိတဘုရားရှင်တို့ကို စေလွှတ်တော်မူ၍ သော်ရင်း၊ လူ၊ ရှင်၊ ရဟန်းတို့အား တရားရေး တိုက်ကြွေး ဟောချတ်တော်မူရာ၏။ များစွာသောလူ၊ ရှင်၊ ရဟန်းတို့အားလည်း တရားထူးရကြကုန်၍ ဤကျွန်းမှာကဲ့သို့ သာသနာ ပြန့်ပွါးလျက် ယခုထက်တိုင် တည်ထွန်းရာ၏။ ဤကဲ့သို့လည်း ဖြစ်ခြင်းမရှိကြောင်း မျက်စိဖြင့်မြင်သကဲ့သို့ အထင်အရှား ဖြစ်သောကြောင့်ရင်း၊ ထိုအချို့သောဆရာတို့ပြောဆိုကြသော ယုတ္တိအကြောင်းစကားသည် အလျဉ်းပင် မသင့်ဟု မှတ်ရာ၏။ ။ဤကား အသင့်ယုတ္တိ အားဖြင့် တပါးသော လောကဓာတ် တို့၌ ဘုရား ပွင့်တော်မမူသည်ကိုပြခြင်းတည်း။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသော အာဂုံသာဓကပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ ပြဆိုအပ်သော အသင့်ယုတ္တိတည်းဟူသော နှစ်ရပ်အားဖြင့် တပါးသော လောကဓာတ်တို့၌ ဘုရားမပွင့်ကြောင်းကိုသာ သက်ဝင် ယုံကြည်မှတ်သားရာ၏။ ။ဤကဲ့သို့ ပါဠိ—အဋ္ဌကထာ—ဋီကာ - သာဓကလည်းမရှိ၊ အသင့်ယုတ္တိလည်း မရှိဘဲ မိမိတို့ စိတ်ထင်ရာ ရေးသား ပြောဆိုကြသော ဆရာတို့၏ စကားကို လေးစားတမူ ပြုလုပ်၍ မှတ်သား နာယူခြင်းကိုမပြုအပ်။ ။ တပါးသော လောကဓာတ်တို့၌ ဘုရားမပွင့်ကြောင်း အဆုံးအဖြတ်ပြီး၏။

(၄၅) ပစ္စုပ္ပန်—အနာဂတ်- ပကတူပနိဿယ ပစ္စည်းရှိမရှိကို မေးလျှောက်ရာ၌ အဆုံးအဖြတ်ကို ဤသို့ သိမှတ်ရာ၏။

စေ့ဆော်အားထုတ်သကဲ့သို့ ပြုတတ်သော နာမ်တရားအား ကျေးဇူးပြုတတ်သော နာမ်တရားသည် ပစ္စယုပ္ပန်တရားကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သကဲ့သို့ ပြီးစေအပ်သော သဒ္ဓါအစရှိသောတရားသည်ငှင်း၊စေ့ဆော် အားထုတ်၍ မှီဝဲသကဲ့သို့ မှီဝဲတတ်သော နာမ်ကရားအားကျေးဇူးပြုတတ်သော နာမ်တရားသည် အကျိုးကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သည်ကို ပြု၍ မှီဝဲအပ်သကဲသို့ မှီဝဲအပ်သော ဥတု-ဘောဇဉ်-ကျောင်းစသည်ဖြင့် သမုတ်အပ်သော တရားသည်ငှင်း၊ ပကတူပနိဿယ ပစ္စည်းမည်၏။ ထို့ကြောင့် စေ့ဆော် အားထုတ် သကဲ့သို့ မပြုတတ်-မမှီဝဲတတ်သော ရုပ်တရားသည် ပကတူပ နိဿယပစ္စည်းကို မရအပ်။ ။တနည်းကား၊ အသီးတိုင်အောင်သော သစ်ပင်ကို ဖြစ်စေတတ်သော ရင့်သန်အားရှိသော မျိုးစေ့ကဲ့သို့ နာမ်တရားအား ဗလဝသတ္တိဖြင့် ကျေးဇူးပြုတတ်သော သဒ္ဓါစသော ဥတုစသော တရားသည် ပကတူပ နိဿယပစ္စည်း မည်၏။ ထို့ကြောင့် နုံသော အားမရှိသော မျိုးစေ့သည် အသီးတိုင်အောင် မပြုအပ်၊ ပင်စည်မျှသာပြုအပ်သော သစ်ပင်ကဲ့သို့ အားရှိသော ကံအစရှိသည်လည်း လဝသတ္တိဖြင့် မပြုအပ်သော ဗလဝ ဒုဗ္ဗလမဟူ ကံစသည်လျှင် ဖြစ်ကြောင်း ရှိသော ရုပ်တရားသည် ပကတူပနိဿယ ပစ္စည်းကိုမရ။ ။ထို့ကြောင့် မူလဋီကာ၌။ ။ပုရိမာ ပုရိမာ ကုသလာ။ပ။အဗျာကတာနံ ဓမ္မာနန္တိ ယေသံ ဥပနိဿယေနဘာဝိတဗ္ဗံ။ တေသံ အဗျာကတာနံ ပစ္ဆိမာနန္တိ ဒဋ္ဌဗ္ဗံ။ နဟိ ရူပါဗျာကတံ ဥပနိဿယံ လဘတီတိ။ ကထံ အာရမ္မဏာနန္တရူပနိဿယေန လဘတိ အနာရမ္မဏတ္တာ ပုဗ္ဗာပရနိယာမေန အပ္ပဝတ္တိတောစ။ ပကတူပနိဿယဥ္စ နလဘတိ အစေတနေန ရူပသန္တာနေန ပကတဿ အဘာဝတော။ ယထာဟိ အရူပသန္တာနေန သဒ္ဓါဒယော နိပ္ဖါဒိတာ ဥတုဘောဇနာဒယောစ ဥပသေဝိတာ။ နဧဝံ ရူပသန္တာနေန။ ယသ္မိဥ္စ ဥတု ဗီဇာဒိကေ ကမ္မာဒိကေစ သတိ ရူပံ ပဝတ္တတိ။ နတံ တေန ကတံ ဟောတိ။ သစေတနဿေဝဟိ ဥပ္ပါဒနုပတ္ထမ္ဘနုပယောဂ ါဒိဝသေန စေတနံ ပကမ္မနံ ပကရဏံ။ ရူပဥ္စ အစေတနန္တိ။ ယထာစ နိရိဟကေသု ပစ္စယာယတ္တေသု ဓမ္မေသု ကေသဥ္စိ သာရမ္မဏသဘာဝတာ ဟောတိ ကေသဥ္စိန၊ ဧဝံ သပ္ပကရဏသဘာဝတာ နိပ္ပကရဏ သဘာဝတာစ ဒဋ္ဌဗ္ဗာ။ ဥတုဗီဇာဒယော်ပန အကုံရာဒီနံ တေသု အသန္တေသု သဘာဝတောဧဝ ပစ္စယာ။နဥပနိဿယ်ာဒိဘာဝတောတိ။ ။ဟု မိန့်အပ်၏။

ပုရိမာပုရိမာ ကုသလာ။ပ။ အဗျာကတာနံ ဓမ္မာနန္တိ၊ ဟူသည်ကား။ယေသံ အဗျာကတာနံ၊ အကြင်ဝိပါက်, ကြိယာဟု ဆိုအပ်ကုန်သော နာမ်အဗျာကတ

တရားတို့အား။ ဥပနိဿယေန၊ ဥပနိဿယ ပစ္စည်းသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပစ္ဆိမာနံ၊ နောက်၌ ဖြစ်ကုန်သော။ တေသံ အဗျာကတာနံ၊ ထိုဝိပါက်, ကြိယာဟုဆိုအပ်ကုန်သော နာမ်အဗျာကတ တရားတို့အား။ ဣတိဣမံ အတ္ထံ၊ ဤသို့သောအနက်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ကသ္မာ၊ အဘဲ့ကြောင့်။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သနည်းဟူမူကား။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ရူပါဗျာကတံ၊ ရုပ်အဗျာကတ တရားသည်။ ဥပနိဿယံ၊ ဥပနိဿယ ပစ္စည်းကို။ နလဘတိ၊ မရ။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ကထံ၊ အဘယ်သို့လျှင်။ ရူပါဗျာကတံ၊ ရုပ်အဗျာကတ တရားသည်။ ဥပနိဿယံ၊ ဥပနိဿယ ပစ္စည်းကို။ နလဘတိ၊ မရလေသနည်း။ရူပါဗျာကတံ၊ ရုပ်အဗျာကတ တရားသည်။ အနာရမ္မဏတ္တာစ၊ အာရုံကို မယူတတ်သည်၏ အဖြစ်ကြောင့်ရင်း။ ပုဗ္ဗာပရနိယာမေန၊ ရှေ့နောက်ဖြစ်သော အမှတ်အားဖြင့်။ အပ္ပဝတ္တိတောစ၊ မဖြစ်ခြင်းကြောင့်ရင်း။ အာရမ္မဏာနန္တရူပ နိဿယော၊ အာရမ္မဏူပနိဿယ ပစ္စည်း, အနန္တရူပ နိဿယ ပစ္စည်းတို့ကို။ နလဘတိ၊ မရ။ အစေတနေန၊ စိတ်မရှိသော။ ရူပသန္တာနေန၊ ရုပ်အစဉ်သည်။ ပကတဿ၊ ပြီးစေအပ်သည်၏ အဖြစ်၏။ ဝါ၊ ထုံအပ့်သည်၏ အဖြစ်၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ပကတူပ နိဿယဥ္စ၊ ပကတူပ နိဿယ ပစ္စည်းကိုလည်း။ နလဘတိ၊ မရ။ ဟိ-ဘံပါဌ်ငှါ ကရောမိ၊ ထိုစကားကို ဥပမာအားဖြင့် ထင်စွာပြုဦးအံ့။ အရူပသန္တာနေန၊ နာမ်တရားအစဉ်သည်။ သဒ္ဓါဒယော၊ သဒ္ဓါစသည်တို့ကို။ နိပ္ဖါဒိတာယထာ၊ ပြီးစေအပ်ကုန် သကဲ့သို့ရင်း။ ဥတုဘောဇနာဒယော၊ ဥတု,ဘောဇဉ်စသည်တို့ကို။ ဥပသေဝိတာယထာစ၊ မှီဝဲအပ်ကုန်သကဲ့သို့ရင်း။ ဧဝံတထာ၊ ထို့အတူ။ ရူပသန္တာနေန၊ ရုပ်တရားအစဉ်သည်။ သဒ္ဓါဒယောစ၊ သဒ္ဓါစသည်တို့လည်း။ ననိပ္ဖါဒိတာ၊ မပြီးစေအပ်ကုန်။ ဥတုဘောဇနာဒယောစ၊ ဥတု, ဘောဇဉ် စသည်တို့ကိုလည်း။ နဥပသေဝိတာ၊ မမှီဝဲအပ်ကုန်။ စ၊ ဆက်၍ဆိုဦးအံ့။ ယသ္မိံ ဥတုဗီဇာဒိကေစ၊ အကြင်ဥတုမျိုးစေ့သည်ရင်း။ယသ္မိံ ကမ္မာဒိကေစ၊ အကြင်ကံစသည်သည်ရင်း။ သတိ၊ ရှိသော်။ ရူပံ၊ ရုပ်သည်။ပဝတ္တတိ၊ ဖြစ်၏။ တံရူပံ၊ ထိုရုပ်ကို၊ ဝါ၊ ထိုရုပ်သည်။ တေန၊ ထို ဥတုဗီဇစသည် ကံစသည် ပြုအပ်သည်။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သစေတနဿဝ၊ စိတ်ရှိသောတရားအားသာလျှင်။ဝါ၊ စေ့ဆော်အားထုတ်၍ ပြုလုပ်တတ်သော တရားအားသာလျှင်။ ဥပ္ပါဒနုပတ္ထမ္ဘနုပယောဂါဒိဝသေန၊ ဖြစ်စေခြင်း·ထောက်ပံ့ခြင်း·ကပ်၍ယှဉ်စေခြင်း စသည်တို့၏အစွမ်းဖြင့်။ စေတနံ၊ စေ့ဆော်ခြင်းသည်ရင်း။ပကပ္ပနံ၊ စီရင်ခြင်းသည်ရင်း။ ပကံရဏံ၊ တည်ခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ ရူပဥ္စ၊ ရုပ်အဗျာကတ တရား သည်လည်း။ အစေတနံ၊ စိတ်မရှိသည်။ ဝါ၊ စေ့ဆော်အားထုတ်၍ ပြုလုပ်တတ်သည်။ န

ဟောတိ၊ မှဖြစ်။ စ၊ သည်သာမကသေး။ နိရီဟကေသု၊ အားမထုတ်တတ်ကုန်သော။ ပစ္စယာယတ္တေသု၊ အကြောင်းနှင့်စပ်၍ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ကေသဉ္စိ၊ အချို့သော နာမ်တရားတို့အား။ သာရမ္မဏ သဘာဝတာ၊ အာရုံကိုယူတတ်သော သဘောရှိသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ကေသဉ္စိ၊ အချို့သော ရုပ်တရားတို့အား။ သာရမ္မဏ သဘာဝတာ၊ အာရုံကိုယူတတ်သော သဘောရှိသည်။ နဟောတိယထာ၊ မဖြစ်သကဲ့သို့။ ဧဝံဘာထာ၊ ထို့အတူ။ အရူပါနံ၊ နာမ်တရားတို့၏။ သပ္ပကရဏ သဘာဝတာစ၊ ရှေးဖြစ်သောတရားကိုစွဲ၍ တည်တတ်သည်၏ အဖြစ်ကိုရင်း။ ရူပဿ၊ ရုပ်တရား၏။ နိပ္ပကရဏသဘာဝတာစ၊ ရှေ့ဖြစ်သောတရားကိုစွဲ၍ မတည်တတ်သည်၏အဖြစ်ကိုရင်း။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ ဥတုဗီဇာဒယော၊ ဥတု မျိုးစေ့ စသည်တို့သည်။ အင်္ကုရာဒီနံ၊ အညွန့်စသည်တို့အား။ တေသု၊ ထိုဥတု-မျိုးစေ့ စသည်တို့သည်။ အသန္တေသု၊ ထင်ရှားမရှိကုန်လတ်သော်။ အဘာဝတောဧဝ၊ မရှိခြင်းဖြင့် သာလျှင်။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပနိဿယာဒိဘာဝတော၊ အားကြီးသောအကြောင်းစသည်ရှိသည်၏အဖြစ်ကြောင့်။ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ။(ဤကားအနက်)။ ။ ရှေးရှေးဖြစ်သော တရားတို့၏ ပကတူပနိဿယပစ္စည်း၏ အဖြစ်ကိုများသည်၏အစွမ်းအားဖြင့်ရင်း၊ ထင်ရှားသည်၏ အစွမ်းအားဖြင့်ရင်း ဟောတော်မူအပ်၏။ စင်စစ်သော်ကား အနာဂတ်တရား, ပစ္စုပ္ပန်တရားတို့၏ ပကတူပနိဿယပစ္စည်း၏ အဖြစ်ကိုလည်း ပုရိမာပုရိမာ ဟူသောပါဠိ၌ သင်္ဂြိုဟ်အပ်၏။ ။ထိုကြောင့် မူလဋီကာ၌။ ။ပုရိမာနံ ပုရိမာနံယေဝ ပနေတ္ထ ဥပနိဿယပစ္စယ ဘာဝေါ ဗာဟုလ္လဝသေန ပါကဋ္ဌဝသေနစ ဝုတ္တော။ အနာဂတေ ခန္ဓေ ပတ္ထယမာနော ဒါနံဒေတီတိ အာဒိဝစနတော ပန အနာဂတာပိ ဥပနိဿယပစ္စယာ ဟောန္တိ။ တေပုရိမေဟိ အာရမ္မဏ ပကတူပနိဿယေဟိ တံ သမာနလက္ခဏတာယ ဣဓ သင်္ဂယှန္တီတိ ဒဋ္ဌဗ္ဗာ။ ။ဟူ၍ရင်း။ ။ပစ္စုပ္ပန္နာပိ အာရမ္မဏပကတူပနိဿယာ ပစ္စုပ္ပန္နတာယ သေနာသန သမာနလက္ခဏတ္တာ ဧတ္ထေဝ သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗာ။ ဝက္ခတိဟိ ပစ္စုပ္ပန္နံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ ဈာနံ ဥပ္ပါဒေတီတိ အာဒိနာ သေနာသနဿ ပစ္စုပ္ပန္နဘာဝံဝိယ ပစ္စုပ္ပန္နာနံ ဥတုအာဒီနံ ပကတူပနိဿယဘာဝံ၊ ပစ္စုပ္ပန္နံ ဧကျုံ။ ပ။ ဝတ္ထုံ ပစ္စုပ္ပန္နေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတီတိ အာဒိနာ စက္ခာဒီနံ နအာရမ္မဏူပနိဿယ ဘာဝဥ္စာတိ။ ။ဟူ၍ရင်း မိန့်အပ်၏။ ။ပန၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤ ဥပနိဿယပစ္စည်း၏ အရာ၌။ ပုရိမာနံ ပုရိမာနံယေဝ၊ ရှေးရှေးသော တရားတို့၏သာလျှင်။ ဥပနိဿယပစ္စယ ဘာဝေါ၊ ဥပနိဿယပစ္စည်း၏အဖြစ်ကို။ ဗာဟုလ္လဝသေနစ၊ များသည်၏အစွမ်းဖြင့်ရင်း။ ပါကဋ္ဌဝသေနစ၊ ထင်ရှားသည်၏အစွမ်းဖြင့်ရင်း။ ဝုတ္တော၊ ဟောတော်

မူအပ်၏။ ပန၊ စင်စစ်သော်ကား။ အနာဂတေ ခန္ဓ ပတ္ထယမာနော ဒါနံ ဒေတိတိ အာဒိဝစနတော၊ အနာဂတေ ခန္ဓ ပတ္ထယမာနော ဒါနံ ဒေတိ-ဤသို့အစရှိသည်ကို ဟောတော်မူသောကြောင့်။ အနာဂတာပိ၊ အနာဂတ်တရားတို့သည်လည်း။ ဥပနိဿယာ၊ ဥပနိဿယ ပစ္စည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထို အနာဂတ်တရားတို့ကို။ ပုရိမေဟိ၊ ရှေးဖြစ်ကုန်သော။ အာရမ္မဏပကတူပနိဿယေဟိ၊ အာရမ္မဏူပနိဿယ ပစ္စည်း, ပကတူပနိဿယ ပစ္စည်းတို့နှင့်။ တံသမာန လက္ခဏဘာဝယ၊ ထိုပစ္စည်းတို့နှင့် တူသော လက္ခဏာ ရှိသည်၏ အဖြစ်ကြောင့်။ ဣဓ၊ ဤပစ္စယနိဒ္ဒေသ၌။ သင်္ဂယှန္တိ၊ အကျဉ်းရေတွက်၍ ယူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ။ပစ္စုပ္ပန္နာပိ၊ ပစ္စုပ္ပန်လည်းဖြစ်ကုန်သော။ အာရမ္မဏ ပကတူပနိဿယာ၊ အာရမ္မဏူပနိဿယပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ကို။ ပစ္စုပ္ပန္နတာယ၊ ပစ္စုပ္ပန်၏အဖြစ်ဖြင့်။ သေနာသနသမာနလက္ခဏတ္တာ၊ ကျောင်းနှင့်တူသော လက္ခဏာရှိသည်၏ အဖြစ်ကြောင့်။ ဧတ္ထဝ၊ ဤကျောင်း၌သာလျှင်။ သင်္ဂဟိတာ၊ သင်္ဂြိုဟ်ရေတွက်အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ပစ္စုပ္ပန္နံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ ဈာနံ ဥပ္ပါဒေတိတိအာဒိနာ၊ ဥပ္ပါဒေတိ ဤသို့အစရှိသည်ဖြင့်။ သေနာသနဿ၊ ကျောင်း၏။ ပစ္စုပ္ပန္နဘာဝဝိယ၊ ပစ္စုပ္ပန်၏ အဖြစ်ကဲ့သို့။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော။ ဥတုအာဒီနံ၊ ဥတုစသည်တို့၏။ ပကတူပနိဿယဘာဝဥ္စ၊ ပကတူပ နိဿယ ပစ္စည်း၏ အဖြစ်ကိုရင်း။ ပစ္စုပ္ပန္နံ စက္ခုံ။ပ။ ဝတ္ထုံ ပစ္စုပ္ပန္နေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိတိအာဒိနာ၊ အဿာဒေတိ ဤသို့အစရှိသည်ဖြင့်။ စက္ခာဒီနံ၊ စက္ခုအစရှိသည်တို့၏။ အာရမ္မဏူပနိဿယဘာဝဥ္စ၊ အာရမ္မဏူပနိဿယပစ္စည်း၏ အဖြစ်ကိုရင်း။ ဝက္ခတိ၊ ပဋ္ဌာနပါဠိ၌ ဟောတော်မူလတ္တံ့။ ။(ဤကားအနက်)။ ။ပစ္စုပ္ပန် အနာဂတ်-ပကတူပနိဿယရှိကြောင်း ဝိနိစ္ဆယပြီး၏။

ပကိဏ္ဏက ကဏ္ဍပြီး၏။

## နိဂုံး

(၁) သာသနဿ ဝေပုလ္လာယ၊ ဝိနယံဝ ပဓာနတော။
ဇောတယိတ္វာန ဂုဠ္ဌတ္ထေ၊ ဒီပယန္တိ တဟိံ တဟိံ။
နိဋ္ဌိတောဝ အယံဂန္ထော၊ သက္ကရာဇေ ဂ-ဆ-က္ခ-ကေ။

(၂) ယထာ သဇ္ဈတိ မမေသော၊ ဂုဠှဋ္ဌာန ဝိနိစ္ဆယော။
တထာ သိဇ္ဈန္တု သတ္တာနံ၊ သဗ္ဗသော သိဝ နိဿိတာ။

(၃) သဒ္ဓမ္မဋ္ဌိတိကာမေန၊ ကရောန္တေန မယာ ဣမံ။
ယံ လဒ္ဓံ ကုသလံ သေဋ္ဌံ၊ အပရဇ္ဈ သမာစိတံ။

(၄) တဿ ပုညဿာနုဘာဝေန၊ ကလျာဏမနိဿိတာ။
အစိရံ သဗ္ဗသတ္တာနံ၊ နိဋ္ဌံ ယန္တု မနောရထာ။

(၅) ရာဇာနော စာပိ ရက္ခန္တု၊ ဓမ္မေန သာသနံ ပဇံ။
သဗ္ဗတ္ထာပိ ဝဿကာလေ၊ သမ္မာ ဒေဝေါ ပဝဿတု။

(၁) သာသနဿ၊ ပရိယတ်နှင့် ပဋိပတ်, ပဋိဝေဓ၊ သုံးဝသာ်ချာ၊ သာသနာ၏။ ဝေပုလ္လာယ၊ တနေ့တခြား တိုးပွါးပြန့်ပြောစေခြင်းငှါ။ ဝိနယံ၊ သာသနာတော်၏အသက် ခဲခက်သိပ်သည်း၊ ဝိနည်းနှင့် စပ်၊ တောင်းပန် အပ်စွာ၊ ပုစ္ဆာပဟ္ဂသမျှကို။ ပဓာနတော-ပဓာနဘာဝေန၊ အစအဦး၊ အထူးပြုလိုသည်၏ အဖြစ်ဖြင့်။ဇောတယိတ္វာန၊ ဉာဏရောင်လျှံ၊ ဘန်ဘန်ထွန်းကာ၊ ကောင်းစွာ ပြလျက်။ တဟိံ တဟိံ၊ ရှစ်သောင်းလေးထောင်၊ များမြောင်ခန္ဓာ၊သုံးဖြာပြည့်လျှမ်း၊ ထိုထိုကျမ်း၌။ ဂုဠ္ဌတ္ထေ၊ မပေါ် တိမ်မြုပ်၊ ဖုံးအုပ်ကွယ်ဝှက်၊ ခဲခက်သော အနက်တို့ကို။ ဒီပယန္တိ၊ ကောင်းစွာ ပြလျက်။ ဂ-ဆ-က္ခ-ကေ၊ ၁၂၇၃-ခု, ဟုဆိုအပ်သော။ သက္ကရာဇေ၊ သက္ကရာဇ်ဝေါဟာ၊ နှစ်ကောဇာ၌။ အယံဂန္ထော၊ ဤတိပိဋကပကိဏ္ဏကဒီပနီ၊ သိင်္ဂီရောင်လျှမ်း၊ ဤသည့် ကျမ်းသည်။ နိဋ္ဌိတောဝ၊ ဆုံးခန်းတိုင်မြောက်၊ ပြီးခြင်းသို့ ရောက်သည်သာတည်း။

(၂) မမ၊ ငါ၏။ဂုဠှဋ္ဌာနဝိနိစ္ဆယော၊ ကွယ်ဝှက် တိမ်မြုပ်၊ ဖုံးအုပ်ရာကို၊ ဆုံးဖြတ်ရာဖြစ်သော။ ဧသော ဂန္ထော၊ တိပိဋကပကိဏ္ဏက ဒီပနီ ဤသည် ကျမ်းသည်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နိရုပဒ္ဒဝေါ၊ ဥပဒ္ဒဝေါ မရှိသည် ဖြစ်၍။ (ထည့်ပါ)သိဇ္ဈတိယထာ၊ ပြီးသကဲ့သို့။ တထာ၊ ထို့အတူ။ သတ္တာနံ၊ သတ္တဝါ

တို့အား။ သိဝနိဿိတာ၊ ချမ်းမြေ့ေးကြည်၊ နိဗ္ဗာန်ကို မှီကုန်သော။ သဗ္ဗတ္ထာ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံသော အကျိုးတို့သည်။ သိဇ္ဈန္တု၊ လွယ်ခါခဏ၊ ပြီးကြပါ စေကုန်သတည်း။

(၃-၄) သဒ္ဓမ္မဋ္ဌိတိကာမေန၊ သာသနာ သုံးပါးတည်း ဟူသော သူတော်ကောင်းတရား၏ ရှည်မြင့်စွာ တည်ခြင်းကို အလိုရှိသဖြင့်။ ဣမံပကရဏံ၊ တိပိဋက ပကိဏ္ဏကဒီပနီ အမည်ရှိသော ဤကျမ်းကို။ ကရောန္တေန၊ ပြုသော။ မယာ၊ ဆရာသခင်၊ ကျေးဇူးရှင်တို့က ဇယန္တဟူ၊ ဘွဲ့ယူသညာ၊ မထေရ်ငါသည်။ သေဋ္ဌံ၊ အထူးသဖြင့်မြတ်သော။ ယံကုသလဥ္စ၊ အကြင်ကုသိုလ်ကိုရင်း။ အပရံ၊ ထိုကုသိုလ်မှတပါးသော။ ်သမာစိတံ၊ ကောင်းစွာ ဆည်းပူးအပ်သော။ ယံကုသလံပိ စ၊ အကြင်ကုသိုလ်ကိုရင်း။ လဒ္ဓံ၊ ရအပ်ပြီ။ သဗ္ဗဿ၊ အလုံးစုံသော။ တဿကုသလဿ၊ ထိုကုသိုလ်၏။ အာနုဘာဝေန၊ အစွမ်းဖြင့်။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါတို့အား။ ဝါ၊ ခပ်သိမ်းကုန်သောသတ္တဝါတို့၏။ ကလျာဏာ၊ ကောင်းကုန်သော။ ဓမ္မနိဿိတာ၊ တရားကိုမှီကုန်သော။ မနောရထာ၊ နှလုံး၏အလိုတို့သည်။ အစိရံ၊ မမြင့်မကြာ၊ ဆောလျင်စွာလျှင်။ နိဋ္ဌံ၊ ပြီးခြင်းသို့။ ယန္တု၊ ရောက်ပါစေကုန်သတည်း။

(၅) ရာဇာနောပိစ၊ မင်းတို့သည်လည်း။ ဓမ္မေန၊ တရားသဖြင့်။ သာသနံစ၊ သာသနာတော်ကိုရင်း။ ပဇံစ၊ သတ္တဝါအပေါင်းကိုရင်း။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ ဒေဝေါ၊မိုးသည်။ ဝဿကာလေ၊ မိုးကာလ၌။ သဗ္ဗတ္ထာပိ၊ ခပ်သိမ်းသော အရပ်တို့၌လည်း။ သမ္မာ၊ အညီအညွတ်။ ပဝဿတု၊ ရွာပါစေသတည်း။ ။နိဗ္ဗာနပစ္စယော ဟောတု။ ။သာဓု သာဓု ခေါ်စေသောဝ်။

ဤသည်လျှင် ၉—ပိုင်း၊ ၉-၅၁နတို့ဖြင့် တန်းဆာဆင်အပ်သော

တိပိဋက-ပကိဏ္ဏကဒီပနီ သညီကြိုင်လျှမ်း ဤမိုးနံကုန်း

ဆရာတော်ဘုရား၏ အဆုံးအဖြတ် ဝိနိစ္ဆယ

ကျမ်းသည် ဆုံးခန်းတိုင်မြောက်

အပြီးသို့ ရောက်သတည်း။

# ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်တွင်

## ရနိုင်သော ကျမ်းများ

၁။ တိပိဋက ပကိဏ္ဏကဒီပနီကျမ်း (မိုးနံကုန်း ဆရာတော်)
၂။ အဘိဓာန် စာကိုယ်နှင့် ဋီကာပေါင်း (စတုရင်္ဂဗလအမတ်ကြီး)
၃။ ပါတိမောက္ခဝိနိစ္ဆယကျမ်းကြီး (ပန်းတနော်ဆရာတော်)
၄။ အက္ခရဝိသောဓနီ (မောင်းထောင်ဆရာတော်)
၅။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်(မန်လည်ဆရာတော်)
၆။ သပြေကန်သဒ္ဒါကြီးနိဿယသစ် (ပ·ဒု·တ)
၇။ အဘိဓမ္မတ္ထဒီပကကျမ်း (ပ-ဒု) (ဗိုလ်ကုန်းဆရာတော်)
၈။ မောင်းထောင် သဒ္ဒါရှစ်စောင် သုတ်နက်
၉။ ကဝိမျက်မှန် သတ်ပုံကျမ်း (ဦးကျော်ထွန်း)
၁၀။ အက္ခရာစဉ်ဓာတုရသကျမ်း (ဦးဆိုင်)
၁၁။ ဓမ္မစကြာပေါင်း နိဿယသစ်-ဆယ်စောင်တွဲ(ဘဒ္ဒန္တဇောတ)
၁၂။ ဝိနယသင်္ဂဟ အဋ္ဌကထာပေါင်း
၁၃။ ပရိတ်ကြီးပါဠိတော် (တုံတေးဆရာတော်)
၁၄။ ပရိတ်ကြီးပါဠိတော်နိဿယ (၎င်း)
၁၅။ ပရိတ်ကြီး ခုနစ်စောင်တွဲ (၎င်း)
၁၆။ ကစ္စာနသံခိပ်ပေါင်း (၎င်း)
၁၇။ ဒုလ္လဘရဟန်း မြန်မာပြန် ဝိနည်းကျမ်း(ကျိုက္ကစံ-ဦးအာစရ)
၁၈။ ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက် (နှုတ်ငုံဆောင်)
၁၉။ ရှိမ်းမကားတရားစာ
၂၀။ သာရတ္ထဒီပနီ ဋီကာပေါင်း (ပထမတွဲ)
၂၁။ သီလက္ခန် ဋီကာသစ်ပေါင်း (ပထမတွဲ)
၂၂။ ဝိနည်းငယ်လေးစောင်ပေါင်း (ပဉ္စမသင်္ဂါယနာတင်မူ)
၂၃။ သောတုဇနလက်ဆောင်နှင့် ဓာတွာဒိဝိဘာဂကျမ်း
၂၄။ သုတသန္နိစယကျမ်း (သဲကုန်းဆရာတော်)
၂၅။ ပရမတ္ထသရူပအနုဝဏ္ဏနာ (အရှင်သဒ္ဓမ္မဇောတိပါလ)
၂၆။ ဆိဒ္ဒပိဓာနနီကျမ်း (ဝိသုဒ္ဓါရုံ ဆရာတော်)

---

## ထွက်ဆဲ ကျမ်းများ

၁။ သဒ္ဒတ္ထဘေဒစိန္တာနိဿယ ဂဏ္ဌိသစ် (အရှင်သဒ္ဓမ္မဇောတိပါလ)
၂။ ကစ္စာယနသံခိပ်နိဿယ ရှပ်တွက်ပုံ (သပြေကန် ဆရာတော်)
၃။ သုတ္တသင်္ဂဟပါဠိ နိဿယ (သပြေကန်ဆရာတော်)

---


တိပိဋကပကိဏ္ဏကဒီပနီကျမ်း

ပုံနှိပ်ခြင်းအကြိမ်

| | | |
|---|---|---|
| ၁။ | ၁၂၈၈ ခု ဝါဆိုလ | အုပ် ၂၀၀၀ |
| ၂။ | ၁၂၉၀ ခု တပေါင်းလ | အုပ် ၁၀၀၀ |
| ၃။ | ၁၂၉၉ ခု တပို့တွဲလ | အုပ် ၁၀၀၀ |
| ၄။ | ၁၃၃၁ ခု ပဌမ ဝါဆိုလ | အုပ် ၁၀၀၀ |